PYI ZONE PUBLISHING HOUSE

# နယ်လှည့်ရာဇဝင်

## သန်းထွန်း

M.A., B.L., Ph.D., D.Lit.,(London)

မြန်မာသမိုင်းကို အသစ်ပြန်ရေးချင်လို့ နယ်အနှံ့ထွက်ရာက

တွေ့သမျှတင်ပြချက်




သုံးတွဲပေါင်း-ပထမအကြိမ်

မြန်မာ့သမိုင်းဆိုင်ရာစာအုပ်

# နယ်လှည့်ရာဇဝင်

## သန်းထွန်း

BA (Hons)., M.A., B.L., Ph.D., D.lit

အငြိမ်းစား သမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်

(ဂုဏ်ထူးဆောင် ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)

၂၀၀၀-ပြည့်နှစ်၊ ဖုကုအိုက အာရှယဉ်ကျေးမှုဆု ပညာရေး ကဏ္ဍဆုရှင်

မြန်မာ့သမိုင်းကို အသစ်ပြန်ရေးချင်လို့
နယ်အနှံ့ထွက်ရာက တွေ့သမျှ တင်ပြချက်

(သုံးတွဲပေါင်း – ပထမအကြိမ်)

ပြည့်စုံစာအုပ်တိုက်
အမှတ် (၇၈)၊ မြေညီထပ်နှင့် ပထမထပ်
လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၀၈၂၊ ၂၂၄၃၇၅

# နယ်လှည့်ရာဇဝင်

## မာတိကာ

**ပထမတွဲ**

၁။ ဒါကို အရင်ဖတ်လိုက်စမ်းပါ ... ၃
၂။ ကျိုင်းတုံ ရာဇဝင် ... ၂၁
(က) ကျိုင်းတုံ – မြန်မာဆက်ဆံရေး ... ၂၂
(ခ) ရာဇဝင်ကြောင်း ... ၃၂
(ဂ) ယခုခေတ် ကျိုင်းတုံ ... ၅၆
၃။ ရက်စွဲပါ ဗုဒ္ဓရုပ်ပွားတော် (၁၅၅၀–၁၉၂၃) ... ၆၅
၄။ ကျောက်ဆည်နယ် ... ၁၅၇
(က) ရှေးကျောက်ဆည်နှင့် မြန်မာများ ဝင်လာပုံ (ဂျီအိပ်ချ်လုစ် တင်ပြချက်) ... ၁၆၀
(ခ) တကောင်းက ... ၁၈၃
(ဂ) မကွရာမြို့ စစ်တမ်း ... ၁၉၄
(ဃ) မြစ်သာမြို့ စစ်တမ်း ... ၂၀၀

**ဒုတိယတွဲ**

၅။ မန္တလေး ... ၂၁၁
(က) မန္တလေး ရက်စဉ်သမိုင်း (၁၈၅၃–၁၉၆၇) ... ၂၁၂
(ခ) မန္တလေးကို ဘာကြောင့်တည်သလဲ ... ၂၄၀
(ဂ) နန်းတွင် အလေ့အလာ ... ၂၇၉
(ဃ) အမိန့်တော်မှတ် စာချွန် ... ၃၀၈
(င) မန္တလေးခေတ်ဦး နိုင်ငံခြားဆက်ဆံရေး ... ၃၁၃

**တတိယတွဲ**

၆။ မန္တလေး (အတွဲ–၂၊ က အဆက်) ... ၃၆၁
၇။ ကရင်နီအရေး ... ၃၈၈
၈။ သီပေါမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေး ... ၃၉၂
၉။ ရှုရတီဗလိမှ သချိုင်းစာ ... ၃၉၉
၁၀။ ဂျာမန်နိုင်ငံနှင့် မြန်မာနိုင်ငံ မဟာမိတ်စာချုပ် ... ၄၃၂
၁၁။ မတိုက်လိုက်ရတဲ့ စစ် ... ၄၃၅

# နယ်လှည့် ရာဇဝင်

## ၂၀၀၃–ခုနှစ်၊ သုံးတွဲပေါင်း ထုတ်ဝေခြင်းအတွက် အမှာစာ

မင်းမိန့်နဲ့ မြန်မာရာဇဝင်ကို ရေးသားပြုစုရမယ်၊ ရဟန်းပညာရှိ၊ လူပညာရှိတွေ နန်းတော်ရဲ့ မှန်နန်းဆောင်မှာ တွေ့ဆုံညှိနှိုင်းပြီး ရေးပါလို့ ရှင်ဘုရင်က ခိုင်းတယ်။ ၁၇၂၀–ခုနှစ်လောက်က ပေါ်တဲ့ ဦးကုလား ရာဇဝင်ဆိုတာ ရှိတယ်။ ရာဇဝံသ (ရာဇဝင်) ဆိုတဲ့အတိုင်း အဘ–သား၊ အဘ–သား၊ စဉ်ဆက်မပြတ်၊ မျိုးရိုးစဉ်ဆက် မှန်တယ် ဆိုတာကို ပဓာနထားပြီး ရေးတယ်။ အမျိုး၊ ဘာသာ၊ သာသနာ အစဉ်အဆက်ကို အဆက်မပြတ် အားပေးချီးမြှောက်တယ်ဆိုတာကို ထိပ်တန်းထားပြီး မရေးပါ။ ပြည်ရေး ပြည်ရာကို လျစ်လျူပြုတဲ့သဘော သက်ဝင်နေတယ်။ ကျမ်းတတ်၊ ပေတတ် ပုဂ္ဂိုလ် အကျော်အမော်တွေ စာမျက်နှာ အများကြီးသုံးပြီး ရေးပေးတဲ့ ရာဇဝင်ကျမ်း နိဒါန်းတွေကို ဖတ်ရဖူးပါတယ်။ ရာဇဝင်စာအုပ် နိဒါန်းမဟုတ်ဘဲ ကိုယ်ရည်သွေး ငါနဲ့ငါသာ နှိုင်းစရာ ဖြစ်နေပါတယ်။ အမှန်တကယ်က–

> "ဒီကျမ်းကို ရေးမယ့်လူဟာ ဘယ်လို လူမှုအဆင့်၊ ပညာအဆင့် ရှိတယ် ပြောပြသင့်တယ်။ ဒါမှ ရာဇဝင်ကျမ်းကို နိုင်နိုင်နင်းနင်း ပေါ်ပေါက်လာပုံကို ပြောနိုင်မယ်။ ကျမ်းမှာ မင်းထက် ပြည်သူ့အနေအထားကို ဝေဖန်နိုင်ရဲ့လား၊ ကိုယ့်ဒေသမှ အပြင်၊ ပြည်ပဆက်ဆံရေးမှာ ကိုယ့်ဗိုလ်ကျန်အောင် ဆောင်ရွက် နိုင်သလား၊ မင်းမျိုးတွေ၊ သားစဉ်မြေးဆက် အခွန့်ရှည်စွာ နိုင်ငံကို အုပ်စိုးပြီး သူတို့ကိုယ်ကျိုးအတွက် မပျောက်မပျက်ရအောင် ဆက်လက်ဆောင်ရွက်ပါရဲ့လား ဆိုတာတွေထက် အများပြည်သူ့အကျိုးကို ထက်မြက်ရှင်သန်အောင် ဘာလုပ် ပေးနိုင်သလဲ။ အထူးသဖြင့် မင်းကျင့်တရား ဆယ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါးတွေကို ပါးစပ်ပြောမဟုတ်ဘဲ တကယ်လုပ်ပေးလိုစိတ် ရှိရဲ့လား၊ စိတ် ဆန္ဒသာ ရှိတယ်၊ ဖြစ်မြောက်အောင် လုပ်ပေးနိုင်တဲ့ အစွမ်းရှိရဲ့လား၊ မင်း

(ရှင်ဘုရင်)ဆိုတဲ့ လူတွေ လုပ်ပေးလို့ တိုင်းပြည်နဲ့ လူမျိုးမှာ အကြာအရှည် ကောင်းကျိုးရှိရဲ့လား၊ သူတို့ မဘော်လောဘတွေကြောင့် စစ်ဖြစ်ပြီး ပြည်သူမှာ ကပ်ကြီးသုံးပါး ဆိုက်တာမျိုးပဲ တွေ့ရသလား၊ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းကို ဘယ်လိုတိုင်းသလဲ၊ အဲဒီလိုတိုင်းတာ စစ်ဆေးပါမှ အရင်က ကျရောက်တဲ့ ဒုက္ခမျိုး နောင်မကျရောက်အောင်၊ အရင်က အောင်မြင်တာမျိုး ဆက်အောင်မြင်အောင်၊ အောင်မြင်တဲ့ အကျိုးဆက်ကို အကြာအရှည်ခံစားခွင့်ရအောင် ဘာတွေ စီမံဆောင်ရွက်ပေးသလဲဆိုတာမျိုးတွေ စစ်ဆေးဆောင်ရွက်သင့်တယ်။ ဆောင်ရွက်တယ်ဆိုရင်လဲ ကောင်းကျိုးကို ခံစားခွင့် ရကြရဲ့လား၊ အခု အမှားကို ပြင်မှ နောင် မမှားအောင် နေတတ်မှာ၊ အခု အောင်မြင်တယ် ဆိုရင်လည်း ဆက်ပြီး အောင်မြင်အောင်၊ အောင်မြင်မှုရဲ့ ရလဒ်ကို ပြည့်ပြည့်ဝဝ သုံးစားခွင့် ရအောင် ဘာတွေ စီမံပေးသလဲ၊ စီမံချက်ကိုလည်း ဆွေးနွေးခွင့်ရပါသလား၊ ထုံးစံထက် ပိုပြီး အလေးအနက်ထားပြီး ဆောင်ရွက်ရမယ့်ကိစ္စကို ပေါ့ပေါ့တန်တန်လုပ်ပြီး တာဝန်မခံဘဲ ရှောင်လွှဲနေသလားဆိုတာတွေကို စစ်ဆေးရမယ်။ အဲဒါမှ သမိုင်း သင်ရ၊ လေ့လာရတာ အကျိုးရှိမယ်။ အဲဒီလို မသိ၊ မလေ့လာရင် တစ်မင်းတက်၊ တစ်မင်းဆင်း မင်းဆက် ဇယားကို အလွတ်ရတာက လွဲလို့ ဘာအကျိုးမှ ရှိမှာမဟုတ်ပါ။

ကျမ်းအမည် "နယ်လှည့်ရာဇဝင်" ဆိုတာရဲ့ သဘောကို ဆက်ပြီး သုံးသပ်ကြည့်ပါ။ သမိုင်းဆိုတာ အထောက်အထားရှိမှ လေ့လာလို့ ရတယ်။ အထောက်အထားဆိုတာလည်း ကျောက်တုံး၊ ပေရွက်ဆိုတာတွေကို အက္ခရာ တင်ပြီးထားမှ ဖြစ်တယ်။ အက္ခရာတင်ထားလို့ အဖြူပေါ်မှာ အမည်းထင်တိုင်း မှန်ရောလားလို့ မေးရင်လည်း မှန်ချင်မှ မှန်မယ်။ တမင်ရာကြံပြီး လုပ်ဇာတ် လည်း ရှိနိုင်တယ်။ အဲဒီလိုဆိုရင် သမိုင်းလေ့လာသူဟာ အထောက်အထားကို အားကိုးလောက်တဲ့ အထောက်အထား ဟုတ်ပါ့မလားလို့ စစ်ဆေးနိုင်ရမယ်။ ဒီအရည်အချင်းကို ရအောင် ကိုယ့်ဘာသာ ကြိုးစားယူရတယ်။ ကျောင်းဖွင့် သင်ပေးလို့ မတတ်ပါ။ ဒီလူဟာ နဂိုကတည်းက သမိုင်းအထုံ ပါလာတယ် ဆိုတာမျိုး ရှိတတ်ပါတယ်။ ဒါပေမယ့် အထုံဆိုတာ အမှန်ကတော့ လူလုပ်ယူလို့ ရလာတဲ့ အရည်အချင်းပါ။ အထောက်အထားမရှိရင် ဘယ်သူ ဘာပြောပြော မယုံဘူးဆိုတဲ့ အခြေခံသဘောက စ,ပြီး အလုပ် လုပ်ကြရပါတယ်။ ဒီအထောက် အထားကို ဘယ်သူရေးတာလဲ၊ ဘယ်တုန်းက ရေးတာလဲ၊ ဘာကို လိုလို့ ရေးတာလဲ၊ (Who, Whom and Why)၊ ဒီလို သိရင် အထောက်အထားဟာ

"စွံ မစွံ" သိနိုင်ပါတယ်။ လူကြီးသူမ ပြောတာ ကြားရဖူးပါတယ်ဆိုရုံနဲ့ သမိုင်းမဖြစ်ပါ။ ပြည့်စုံအောင် အထောက်အထား မရရင် ကောက်ချက်ချတာ လွဲနိုင်တယ်။

အဲဒါကြောင့် သမိုင်းသုတေသနမှာ မှတ်တမ်း၊ မှတ်စု ပြည့်စုံအောင် ရှာပါးရတဲ့ မှတ်တမ်းကို အဓိပ္ပာယ်ပေါ်အောင် အလေးအနက်ထားပြီး စစ်ဆေးပါ။ အဲဒါကို လုပ်လို့ သိလာတဲ့ အဖြေကို "အားမနာပါနဲ့"၊ သိတဲ့အတိုင်း ပြောပါ။ ထိမ်ချန်ရင် သူများအပြစ်ဟာ ကိုယ့်အပြစ် ဖြစ်လာနိုင်တယ်။ အခုပြောခဲ့တာတွေနဲ့ ပြည့်စုံမှ သမိုင်းကောင်းတစ်ခု ထွက်လာမယ်။ အဲဒီလို မလုပ်ရင် "မောင်ကုလားနောက် မောင်ကုလားပဲ" ဖြစ်မယ်။

သန်းထွန်း

၉၊ ဇူလိုင်၊ ၂၀၀၃

ဒေါက်တာ သန်းထွန်း

၏

# နယ်လှည့်ရာဇဝင်

ပထမတွဲ

# ဒါကို အရင်ဖတ်လိုက်စမ်းပါ

## အကန်းတောင်သွားဖြစ်တဲ့ခရီး

ရန်ကုန် မန္တလေး ရထားအသွားအလာကို ၁၉၄၂ ခု မေလဆန်းမှာ ဂျပန်က ပြန်ဖွင့်တယ်။ ရထားလမ်းဖွင့်လို့ ရက်ပိုင်းအတွင်းမှာ ဦးလေး်နဲ့ ကျွန်တော် မန္တလေးကို ရောက်ပါတယ်။ ကိစ္စက မန္တလေး စိုက်ပျိုးရေး ကောလိပ်မှာ နောက်ဆုံးနှစ်သင်တန်း တက်နေတဲ့ အစ်ကို (ဦးသန်းညွှန့်) အိမ်ပြန် မရောက်လို့ ရှာဖို့ပါ။ သူလည်း အဲဒီလမ်း အဖွင့်ကို စောင့်ပြီး အိမ်ပြန်တာပေါ့။ အိမ်ဆိုတာက ပုသိမ်၊ ဟသ်ာတကြား ငဝန်မြစ်ရိုးပေါ်က ငသိုင်းချောင်းတစ်ဘက် ဒေါင့်ကြီးရွာပါ။ သူနဲ့ကျွန်တော်လမ်းမှာလွဲတယ်။ သူ့ကို စစ်အတွင်း ကူညီပြီးထားသူတွေက အခုမန္တလေး ရှမ်းပွဲရပ်ကျောက်ကုန်းတန်း ၈၂လမ်း၊ အိမ်အမှတ် ၆၁၈ က ဒေါ်အုံးစိန်နဲ့သားများပါ။ တရုတ်တပ်တွေ မန္တလေးကိုမီးရှို့တော့ သူတို့ပထမတော့ မဟာမုနိဘုရားတွင်းမှာ ခိုနေရတယ်၊ နောက်အခြေ အနေဆိုးလာလို့ အာနန္ဒာဘုရားတွင်း ပြောင်းနေရသေးသတဲ့။ ဂျပန်ဝင်လာတော့ သူတို့ စားသောက်ရေး အဆင်ပြေအောင်လို့ လက်ဖက်ရည်ဆိုင် ဖွင့်လိုက်ကြသေးတယ်။ ရန်ကုန်လမ်း ပွင့်ပြီဆိုမှ သူလည်း လွယ်အိတ် တစ်လုံးနဲ့ သူငယ်ချင်း ဘီ အိုင် အေ ဗိုလ်တစ်ယောက်ရှိတဲ့ ကျောက်ဆည်က တစ်ဆင့် ရထား စီးခွင့်ရပြီး ရန်ကုန်ပြန်သွားတယ်။ သူ့စာအုပ်တွေ အိပ်ရာလိပ်၊ သေတ္တာအားလုံး ဒေါ်အုံးစိန် အိမ်မှာ ကျန်ရစ်တယ်။ ဒါတွေသိမ်းပြီး ကျွန်တော်တို့ ပြန်မယ်။ ပြန်ဖို့ ဂျပန်လက်မှတ်ရမှ ရထားစီးရမှာမို့ခက်နေပြန်တယ်။ မရဖို့များတယ်။ ဒီလိုပြန်ဖို့ လမ်းစရှာနေတုန်း ငါးသိုင်း ချောင်း ဘုရားကြီးတိုက်က မန္တလေးကို စာသင်ရောက်နေတဲ့ ရဟန်း လေးငါးဝါရ ရဟန်းပျို ခြောက်ပါးနဲ့ ဒကာကြီး ဦးရွှေကြိုး၊ ဦးချိန်ကြီးတို့ကို သွားတွေ့တယ်။ ကျွန်တော့် ဦးလေး ဦးတင်နဲ့ ဦးရွှေကြိုးတို့ နှစ်ယောက်ပေါင်း ဘဏ်ထုတ်လိုက်ကြတာနောက်ဆုံး မန္တလေး ချော်ဆိပ်က လှေအလတ်တစ်စင်း ကြိုးရွက်မပါ ၃၅ဝ နဲ့ ဝယ်ပြီး ဧရာဝတီက ဆန်မယ်၊ ကြာလှဆယ်ရက်ပေါ့လို့ ဆိုတယ်။ တရုတ်မော်က သူကြီးသားအဖကလည်း လိုက်ချင်တယ်။ ဆင်ဖြူကျွန်းက လှေသမားတစ်ယောက်က သူလိုက်ပို့မယ်လို့ ဆိုတာကို လက်ခံလိုက်တယ်။ အဲဒီ လှေသမားကလွဲလို့ ကျန်လူတွေက လှေနဲ့ခရီးသွားဖူးကြတာ မဟုတ်ဘူး။ လှေအကြောင်းနားမလည်။ ဒါ့ကြောင့် ဦးရွှေကြိုးက ကျွန်တော် ကြားဖူးသမျှမှာ အကောင်းဆုံး စိတ်ဓာတ်မြင့်တင်တဲ့ စကားကို ပြောပါတယ်။ "ဟေ့ မောင်သန်းထွန်း၊ မင်းတို့ သင်ရတဲ့ ရာဇဝင်ထဲမှာ စုဠသမ္ဘဝ၊ မဟာ သမ္ဘဝဆိုတာပါတယ် မဟုတ်လား၊ အေး သူတို့ ဘယ်ကနေ ဘယ်ကို စုန်သတဲ့လဲကွ" လို့ သိရက်နဲ့ မေးတယ်။ "ဧရာဝတီ

မြစ်ရိုးတစ်လျှောက် တကောင်းက ပြည်အရောက် ဖောင်နဲ့ မျှောတာပဲ ဘကြီး” လို့ ပြန်ပြောတော့ အေး **အကန်းတောင် သွားဖြစ်တဲ့ ခရီးပါကွာ** လို့ သူက ပြောလိုက်တယ်။ တောင်လေပြင်းပြင်းတိုက်ရင် လှေကအောက်ကိုမမျောဘဲနေတယ်။ ဝဲတွေ့ရင် ချာချာလည်တယ်။ ရွက်ဖွေးဖွေးနဲ့ အပြင်းဆန်လာတဲ့လှေများတွေ့ရင် လှေဦးက ထွက်ပြီး ကျွန်တော်တို့ကို ရှောင်ပါဗျို့လို့ အော်ရတယ်။ တက်မစင်ပေါ်က ဦးတင်က လက်ညှိုးထိုးပြီး ဟိုဘက်ဖြတ် ခတ်ပါလား၊ ဒီဘက်ဖြတ်ဆွဲပါလားနဲ့ အမိန့်ပေးရင် “လက်ညှိုးထိုးတိုင်း မသွားဘူး အလောင်းစည်သူရေ့” လို့ ဦးရွှေကြိုးက ခတ်တက်ဆွဲရင်း အခြေအနေမှန်ကို သတိပေးတယ်။ သူကြီးက ထမင်းချက်တယ်။ ဘုန်းကြီးလေးတွေက ခတ်တက် တစ်လှည့်စီ ဝင်တယ်။ ကျွန်တော်က ရေပက်ရတယ်။ ဒီလိုနဲ့ သူများတွေ သတင်းတစ်ပတ် အများဆုံး ကြာမယ့် ခရီးကို ကျွန်တော်တို့ တစ်ဆယ့်ခြောက်ရက်မြောက်နေ့မှာ ရောက်ပါတယ်။ လေနဲ့ပြင်းပြီး တွန်းမရ ခွာမရလို့ ရွာမဟုတ်၊ သင်္ဘောဆိပ် မဟုတ်တဲ့ နေရာမှာလည်း အိပ်ခဲ့ရတယ်။ ဒီနေရာမျိုး အိပ်ရင် ဓားပြတိုက်ခံရတယ်လို့တော့ လှေသမားက ပြောသားပဲ။ လေတိုက်လွန်းလို့ ထမင်းချက်တာမရလို့ မစားရတဲ့ရက်လည်းရှိတယ်။ အမဲဆီတွေ မဖယ်ဘဲ ချက်ထားတဲ့ အမဲသားဟင်းဟာ စားနေရင်း ခဲသွားလို့ ဆက်မစားရတာလည်း ရှိတယ်။ ကျွန်တော့်အဖို့ ဘာမှကြိုတင်ပြင်ဆင်မှု မရှိဘဲ ရက်ရှည်ခရီး စပြီး သွားဖူးတဲ့ အခါပါပဲ။ ကျွန်တော့် အသက် ၂၀ ပါ။ ကြောင့်ကြစိုးရိမ်စိတ်လည်း မရှိဘူး။ အဆင်းရဲလည်း ခံနိုင်တယ်။ ဝေလင်တန်နဲ့ နပိုလီယန်တို့ ဝါတာလူးစစ်ပွဲ စခါနီးမှာ ဝေလင်တန်က “တိုက်ပွဲအစီအစဉ်ကို နပိုလီယန်က ပြောပါလိမ့်မယ်” ဆိုတဲ့ အချိုးပဲ။ သူတိုက်လာတဲ့ ဘက်က ခံချဖို့ပဲ ရှိတယ်ဆိုတဲ့ ဝါဒပေါ့။ အခုလည်း ကျွန်တော် ခရီးသွားရင်–

၁။ အကန်းတောင်သွားဖြစ်တဲ့ခရီးပဲ။

၂။ တိုက်ပွဲအစီအစဉ်ကိုတော့ နပိုလီယန်က ပြောပါလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နှစ်ခုနဲ့ ခရီးထွက်ပါတယ်။ နောက်တစ်ခုက ကျွန်တော်မှာအားမနာတတ်တဲ့ အကျင့်ကောင်းကလေးတစ်ခုရှိပါတယ်။ ကူညီသူကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အားနာလို့ အကူအညီမယူဘူး၊ မတောင်းဘူးလို့ မရှိပါ။ မြန်မာရာဇဝင် ဗဟုသုတကို ငါစုမယ်။ ပြီးတော့ အရှည်အရှည် မှတ်သား ကျန်ရစ်အောင်လုပ်မယ်။ အများသိအောင် ဖြန့်မယ်။ ဒီလိုပဲ ရည်ရွယ်တာမှန်တော့ အကူအညီ ယူရဲတယ်။ ဧည့်သည်အဖြစ် ကျွေးလာတဲ့ ထမင်းကို တိုင်းပြည်နဲ့ လူမျိုးအတွက် ဆိုပြီး အားပါးတရ အဝအချိစားပါတယ်။ သခင်ကိုယ်တော်မှိုင်း နယ်လှည့်တဲ့အခါ ပြောလေ့ရှိတာက“ငါတို့မှ ဒို့ဗမာ အစစ်ကွ၊ ဒို့ဗမာသီချင်းထဲမှာ “ဗမာတပြည်လုံးကို ဒို့အိမ်မှတ်ပါ၊ ဒို့ယာ မှတ်ပါ၊ အဲဒါ ဒို့ဗမာ” လို့ ဆိုမဟုတ်လား” တဲ့။ အဲဒီစကားကို ကျွန်တော် နှစ်သက်လိုက်နာပါတယ်။

မြန်မာရာဇဝင်ကို အသစ်ပြန်ရေးချင်တဲ့ ကျွန်တော့်မှာ မရေးခင် အချက်အလက်ကို နှံ့စပ်အောင် ရှာရမယ်ဆိုတဲ့ တာဝန်ကို ဦးထိပ်ထက် ဆင်ရွက်ပြီးတော့ ၁၉၅၆ ခုနှစ်က စပြီး

၁။ မှတ်တမ်းမှတ်စု ရသလောက်ရှာပြီး လေ့လာရတယ်။

၂။ အရပ်ပတ်ပြီး ပြောသမျှ ဇာတ်ပုံတွက်ကို မှတ်ရတယ်။

၃။ အကြိုအကြား၊ မြွေမကြောက် ကင်းမကြောက်၊ ပေပုရပိုက် လောကီစာနဲ့ ရှေးလက်ရာရှာပါတယ်။ ငှားမရရင် ထိုင်ကူးပါတယ်။ တွေ့ရှိရာ အရပ်က လူကို စရိတ်ပေးပါမယ် ကူးပို့ပါလို့ မှာရတယ်။

၄။ ရာဇဝင်မှာပါတဲ့ ထင်ရှားတဲ့နေရာကို ကိုယ်တိုင်ရောက်ပြီး ရာဇဝင်နဲ့ ပထဝီဝင်ကိုဆက်စပ်တဲ့အလုပ် လုပ်ပါတယ်။ ဥပမာ၊ ဒီနေရာကို ရာဇဝင်က ခံမြို့လို့ဆိုတယ်၊ ပထဝီဝင် အနေအထားအရ ခံမြို့ ဖြစ်ထိုက်သလား၊ ကိုယ်တိုင်လေ့လာပြီး မှတ်ချက်ချနိုင်ဖို့လိုမယ်။

၅။ ကိုယ့်လက်ထဲမှာ ရောက်လာပြီး ဖြစ်တဲ့ ရာဇဝင်မှတ်တမ်းကို လွယ်လွယ်နဲ့ မေးလာသူရှိရင် ထုတ်ပြပါတယ်။ အဲဒီနည်းနဲ့ပဲ ကျွန်တော့်ကို ကူညီသူတွေကို ကျွန်တော် ကျေးဇူးဆပ်နေပါတယ်။ ဒီစာအုပ်ကိုလည်း ကျွန်တော် ခရီးထွက်တဲ့အခါ အမျိုးမျိုး ကူညီတဲ့လူတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရေးပါတယ်။ **ကူညီတဲ့ ပြည်သူဖို့** ပါပဲ။

ပြောခဲ့ပြီးတဲ့ အချက်ငါးချက်ထဲက နောက်ဆုံး တစ်ချက်ကို နည်းနည်းထပ်ပြီး ရှင်းပါရစေ။ အမရပူရ ဗားကရာတိုက် မြသိန်းတန်ဆရာတော်ကြီးဟာ ရှေးပစ္စည်း စုဆောင်းတာ ဝါသနာ အလွန်ပါတယ်။ ဒီတော့ ကျွန်တော်လည်း ဆရာတော်ကိုဝင်ပြီး ဦးခိုက်ရတာပေါ့။ ဆရာတော်က "ဒီပစ္စည်းတွေရအောင် အင်မတန် အပင်ပန်းခံပြီးစုရတယ်။ ငွေကုန်တယ်၊ အချိန်ကုန်တယ်၊ ရှားပါးတဲ့ကျောင်း ဘုန်းကြီးတွေဖို့ ငါက နို့ဆီဝယ်သွား၊ သကြားယူသွား၊ သင်္ကန်း ထုတ်ပေးလုပ်ရတယ်။ ငါ့ဒကာတွေက ကားကြီးကားငယ်နဲ့ သယ်ပေးကြရတယ်။ ငါ ဒုက္ခခံပြီး စုထားတာကို မင်းကို ဘာပြုလို့ အလကားပေးရမှာလဲ" လို့ နိဂုံးချုပ် စကား အပြတ်ပြောပါတယ်။ သူပြောတာ အလွန်မှန်ပါတယ်။ စုဆောင်းတဲ့အခါ ပင်ပန်းပါတယ်။ ငွေကုန်ကြေးကျရှိပါတယ်။ ဒါပေမဲ့ အားလုံး ငါပိုင် လုပ်ထားတာကိုတော့ သူ့ကို မဝေဖန် ပေမယ့် "ငါလိုက်မလုပ်ဘူး" လို့ ဆရာတော်နဲ့ မတွေ့ခင်ကဘဲ ဆုံးဖြတ်ပြီး ဖြစ်ပါတယ်။ စုတာကို စာတမ်းရေးပြီး အစည်းအဝေးမှာ ဖတ်တယ်၊ စာနယ်ဇင်းမှာ ထည့်တယ်၊ အဲဒါဟာ လွယ်လွယ်နဲ့ သိချင်သူရှိရင် လာယူလှည့်လို့ပေးတဲ့ သဘောပါပဲ။ ကျွန်တော့မှာ ရှိသေးတဲ့ စာရွက်စာတမ်း အမှတ်အသား မြေပုံ ရုပ်ပုံ ပန်းချီ ပန်းပု ရုပ်တု ပစ္စည်းတွေကို ကူးယူခွင့် ပေးနေပါတယ်။

## ပေါ့ပေါ့ဖတ်ဖို့ စာတစ်အုပ်

အရပ်ရပ်ခရီးသွားပြီး မှတ်သား စုဆောင်းမိသမျှကို မြန်မာရာဇဝင်ရေးတဲ့ အခါမှာ ငြိမ်ငြိမ်ပြီးတော့ ထည့်သင့်တာ ထည့်မယ်ပေါ့။ အရှုးလွယ်အိတ်လို ကောက်ထည့်ခဲ့သမျှ အကုန်ပြန်ပြီး ဘယ်မှာရေးထည့်နိုင်မလဲ။ ဒီလိုဆိုရင် အပျင်းလည်းပြေစေ၊ ဗဟုသုတလည်း ရသင့် ရသလောက်ရစေတော့ဆိုပြီး စာအုပ် တစ်အုပ်လောက် ရေးရင်ကောင်းမယ်လို့တွေးမိတယ်။ မြောက်မှာ မေခမေလိခမြစ်ဆုံ၊ အရှေ့တာချီလိတ်၊ တောင်မှာမြိတ်၊ အနောက် ဘူးသီးတောင် တောင်တောအတွင်း ရောက်ချင်ရာ ရောက်ခဲ့တဲ့ခရီးကို ရေးချင်သလို ရေးမယ်၊ ဖတ်ချင်သလို ဖတ်ပြီး မြင်ချင်သလို မြင်ကြရော့လို့ ဆိုမှ သဘာဝကျမယ် ထင်တယ်။ မဏိစည်သူက

ဖောင်စကြာနဲ့ တောကိုလည်းဖြတ်တယ်၊ တောင်ကိုလည်း ဖောက်တယ်။ ကျွန်တော်က သူ့ခရီးကို ကုန်းကြောင်း လိုက်ရတဲ့လူပါ။ ဒီတော့ ကျွန်တော်မရောက်ရသေးတဲ့ နေရာလည်း များများပဲ ကျန်အုံးမယ်။ သီရိခေမ္မာသောကရဲ့ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ မုဋ္ဌော ရှစ်သောင်းလေးထောင်ထဲကလည်း နည်းနည်းပဲ ပြန်တွေ့ပါသေးတယ်ဆိုပါတော့။ ဒါကြောင့် လုပ်စရာတွေ များသေးတယ်။ ဝေသန္တရာမင်းကြီး ဝင်္ကပါတောင်ကိုအထွက်၊ ရထားကိုလှူလိုက်တော့နံရံ ဆေးရေးကားရဲ့ အောက်မှာ "သွားရမည့် ခရီးကားဝေးသေး၏၊ ခြေသာလျှင် ယာဉ်ရှိကုန်၏" လို့ ရေးထားတယ်။ အဲဒီ စာအတိုင်းပဲပေါ့၊ သွားရမဲ့ ခရီးတွေကလည်း များပါသေးတယ်။ ခရီးသွားဖို့ ကိစ္စတစ်ခုထည်း လုပ်နိုင်တာ မဟုတ်တော့ ခရီးကဖြင့် တွင်လှတယ် မဟုတ်ပါ။ လုပ်စရာကုန်မှ ရေးမယ် ဆိုရင်လည်း သိပ်စောင့်နေရမယ်။ လုပ်စရာတွေမပြီးသေးခင် ကောက်ရေးတဲ့စာအုပ်မို့ သိပ်ပြီး စည်းကြီး ကမ်းကြီးနဲ့ ဟန်ကျပန်ကျလို့ မျှော်လင့်ထားရင် ဖတ်တဲ့ လူမှားမယ်။ ဒီလိုဆိုရင် ဘာပြုလို့ ရေးရသလဲလို့ ကျွန်တော့်ဘက်ကို ရန်လှည့်လာမှာလည်း မြင်ပါတယ်။

၁။ ဒီစာအုပ်ကို ဖတ်မိတဲ့လူဟာ ကျွန်တော် ဘာကိုလိုချင်လို့ ခရီးထွက်နေတယ်ဆိုတာ အကြမ်းသိသွားမယ်။ သူဟာ ကျွန်တော့်အတွက် လမ်းပြသစ် ဖြစ်လာမယ်။ "ခင်ဗျား မတွေ့သေးတဲ့ ဘာတစ်ခုဘယ်မှာရှိတယ်ဗျ၊ လာခဲ့ လိုက်ပို့မယ်" ဆိုတာမျိုး လိုချင်တယ်၊ ရရင်ပေါ့ဗျာ။

၂။ ဟ ချို့က လိုက်ပို့ပြီးပါပြီ။ ကျွန်တော်နဲ့ ရောက်သွားတော့မှ "အိုး ဒီဘုရား အပြိုကြီးထဲမှာ ဒါတွေရှိတာ ခုမှပဲသိတယ်"လို့ ကိုယ့်အရပ်က အံ့သြစရာကို ခုမှလက်ဖျားခါရတယ်။ ရှေးဟောင်းသုတေသနရုံးက ရှေးပစ္စည်းထိန်းဖို့ တာဝန်ယူသင့်သလောက် ယူပါတယ်။ ဒါပေမယ့် အရပ်က ပြည်သူတွေ ကလည်း နိုးကြားလာရင် ရှေးပစ္စည်းတွေကို ဝိုင်းထိန်းကြမယ်။ ဒါမှ မြန်မာ့အမွေအနှစ်တွေ ကြာကြာခံမယ်။

၃။ ကျွန်တော် ရေးမယ်ဆိုတဲ့ ရာဇဝင်စာအုပ်က နှစ်ရှည်စီမံကိန်းပါ။ နောက် ဘယ်နှနှစ်ကြာမှ ထွက်မယ် အာမမခံနိုင်ပါ။ ဒီတော့ ဒီစာအုပ်ရရင် အခု စပြီး နည်းနည်းမြည်းရတာပေါ့။ ကျွန်တော်တို့က ပြည်သူ့လူမှုစီးပွားရေးနဲ့ မြန်မာ့အမွေအနှစ်ကို ထိပ်ကထားပြီး ရေးမယ့်ရာဇဝင်ပါ။

အဲဒီအချက် သုံးချက်ကြောင့် ကျွန်တော် ဒီစာအုပ်ကို ရေးပါတယ်။ ကျွန်တော် မှားတဲ့နေရာကိုလည်း ထောက်ပြပါ၊ ဝေဖန်ပါ၊ ကဲ့ရဲ့ပါ။ ဒါမှ ကျွန်တော် နောက်ရေးမယ့် ရာဇဝင်စာအုပ်ဟာ ကောင်းမယ်။

## ဟိုမေး ဒီမေး ထင်ရာတွေရေး

ရာဇဝင် မဟာဝိဇ္ဇာတန်းကို ၁၉၅၀ ပြည့် ဖေဖော်ဝါရီ ၂၄ ရက်မှာ ကျွန်တော် အောင်တဲ့အခါ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှူး ဖြစ်နေတဲ့ ဦးဘညွန့်က ဒီလိုပြောတယ်–

"မင်း အခုလွတ်လပ်ပြီ၊ ဝါသနာပါရာ တစ်ခုတည်း စူးစိုက်ပြီး သီးသီးသန့်သန့် လေ့လာချိန် အခုကစရပြီ"

ဆိုလိုတာက အရင်က စာမေးပွဲအောင်ဖို့ ရာဇဝင်သင်ရိုးတွေ အများကြီး လုပ်ရတယ်။ အခုကြိုက်ရာ တစ်ခုတည်းရွေးပြီး ဖိလုပ်နိုင်ပြီပေါ့။ "ပဏ္ဍိတ်၊ နင့်စကားမှာ ငါ့ အကျိုးလည်းပါတယ်" လို့ ခန်မင်းကြီးက ဒိသာပါမောက်ကို ခရစ်နှစ် ၁၂၇၅ ခုနှစ်ကုန် လောက်က ပြောသလို သူပြောတဲ့ စကားဟာ ကျွန်တော် အင်မတန် ကျေနပ်တဲ့ စကား ဖြစ်နေပါတယ်။ မြန်မာရာဇဝင်ကို အထူးပြုပြီးဖတ်မယ်၊ လေ့လာမယ်၊ စာရှာမယ်၊ ရာဇဝင်ထဲက နေရာတွေကို လှည့်ကြည့်ဖို့လိုမယ်၊ ဒီတော့လည်း သူကူညီပါတယ်။ တက္ကသိုလ်ဖွင့်ရက်၊ စာသင်ရက်မှာ သင်တန်းနဲ့ တပည့်တွေထားခဲ့ပြီး မြန်မာရာဇဝင်နဲ့ဆိုင်တဲ့ ခရီးထွက်ဖို့ အကြောင်းပေါ်တိုင်း ကျွန်တော် ခရီးထွက်တာကို သူခွင့်ပေးခဲ့တယ်။ အဲဒီနည်းနဲ့ သူ ကူညီတယ်။ သူ့နောက် သမိုင်းဌာန ပါမောက္ခအဖြစ် နောက်ဆက်ခံတဲ့ ဒေါက်တာကျော်သက်လည်း အဲဒီလိုပဲ ကျောင်းပိတ်ရက်ထိအောင် မစောင့်ဘဲ ခရီးထွက်တဲ့ ကျွန်တော့်ကို အလိုလိုက် ခဲ့တယ်။ အခုပေးမယ့် စာရင်းပါ ရက်စွဲတွေကိုကြည့်ရင် ကျောင်းပိတ်ရက်နဲ့ တိုက်ဆိုင်ပြီး ခရီးများများ ထွက်သလို ကျောင်းဖွင့်ရက်မှာလည်း ထွက်တာတွေ့ရပါလိမ့်မယ်။ ဘယ်နေရာမှာ ဘာရှိတယ်၊ လာကြည့်ပါဆိုရင် ကျွန်တော် ချက်ချင်းလိုက်ပါတယ်။ ဒါကြောင့်လည်း တချို့ကိစ္စအောင်မြင်ပါတယ်။ ပေ ပုရပိုက်တွေ အများကြီးလည်း စုမိပါတယ်။ ကျောက်စာ၊ သင်္ချိုင်းစာ၊ အိုးစာ၊ သပိတ်စာ၊ ခေါင်းလောင်းစာ၊ နံရံစာ၊ ခါးပန်းစာ၊ ရွှဲပြားစာ၊ ကြေးပြားစာ၊ ငွေပြားစာ၊ ရွှေပြားစာ ဆိုတာတွေလည်း ကူးရပါတယ်။ နံရံဆေးရေးပန်းချီကား တွေလည်း ကူးသေးတယ်။

> "...သဒ္ဒါကလည်း မတတ်၊ ပရမတ်က ခပ်ချော်ချော်၊ ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ မသင်ကြားဘူးဘဲ၊ ထူးရော့ဟဲ့လို့ ဟိုမေး ဒီမေး၊ ထင်ရာတွေ ရေး တတ်သော ပစပ်ရာဇဝင် ဆရာ မော်ဘီသိန်းကြီးသည် (ဦးထွန်းအေးရေး **နန်းမတော် မယ်နုရာဇဝင် မူမှန်၊** ၁၃၁၈ခု၊ နိဒါန်း စာမျက်နှာ ၁၄ မှ)

ဦးဘိုးသိန်းဟာ ကျွန်တော့် ရှေ့ပြေး၊ ကျွန်တော် စံထားတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ မေးပါများ စကားရဆိုတဲ့ စကားပုံလည်း ရှိနေတယ် မဟုတ်လား။ အမေးအဖြေကြောင့် ပေါ်လာတဲ့ သမိုင်းကြောင်းကို သဘောယုတ္တိ ရှိ မရှိ စစ်ဆေးပြီး လက်ခံနိုင်သလောက် လက်ခံဖို့ပါပဲ။ စစ်ဆေးတယ်ဆိုတာမှာ ပါးစပ်မှတ်၊ စာမှတ်၊ ဝတ္ထုပစ္စည်း လက်ကျန်တွေ ပေါင်းပြီး ညှိတဲ့သဘောပါ။ ဒီနေရာမှာ တစ်ခုပြောချင်ပါသေးတယ်။ ရပ်ရွာအလိုက် သက်ကြီး ရွယ်ရင့်တွေဆီ ချဉ်းကပ်ပြီး သမိုင်းကြောင်း ပြောစမ်းပါ တောင်းပန်လို့၊ ဒို့များ ကြားမိသမျှ သက်ကြီးစကား သက်ငယ်ကြားပြောရသေးတယ်၊ ပြောပြန်တော့လည်း သူတို့က ထည့်ချင်သလိုလို၊ တယ်စော်ကားပါလားလို့တော့ မယူဆကြပါနဲ့။ အဆိုအမိန့်ရှိသမျှမှတ်တမ်း အထောက်အထား ရသမျှနဲ့လိုက်ပြီးညှိရတဲ့အလုပ်ဟာ သမိုင်းသဘော စစ်စစ်ပါပဲ။ တစ်ဆယ့် ရှစ်ရာစု ကုန်ချိန်လောက်က **ရာဇဝင်သစ်** ကို ရေးတဲ့ မဟာစည်သူ့ဘွဲ့ခံ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုက ရာဇဝင်ဆိုတာ ညှိနှိုင်းရစမြဲပဲဆိုတဲ့ သဘောကို ဒီလို ရေးထားခဲ့ပါတယ်။

> " ... ရေးပညာရှိတို့ စီရင်ခဲ့သော ရာဇဝင်ကျမ်းတို့၌ ကျောက်စာ သံပိုင်း စသည်တို့နှင့်မညီ ပျက်စီးယိုယွင်း မသန့်မရှင်း ရှိသည်ကို ငါတို့ ရွေနန်းသခင်

ဆင်ဖြူများရှင် မင်းတရားသည် မြင်တော်မူ၍ ကျောက်စာသံပိုင်း စသည်နှင့် ညီညွတ်အောင် မဟာစည်သူ ရာဇဝင်သစ် ထိုးဘိဟု အမိန့်တော်ရှိ ကျောက်စာ၌ ကျောက်စာသံပိုင်း စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင် ထိုးပေအံ့ ...”။

ဒီနေရာမှာ ကျောက်စာ သံပိုင်းကို အားကိုးစရာ စံအဖြစ် ဘာပြုလို့ ထားသလဲ ဆိုတော့ သူတို့က ခေတ်ပြိုင်မှတ်တမ်းဖြစ်လို့ပါပဲ။ ဦးထွန်းညိုတို့ ခေတ်ပြိုင်မှတ်တမ်းဆိုတဲ့ ကျောက်စာကို တစ်ထောင်နီးပါးရအောင် စုပြီးထားခဲ့တယ်။ နောက်ဆက်စုကြတာ တစ်သောင်းနီးပါးရှိသွားပြီပဲဆိုကြပါစို့။ ဒါကြောင့်ကျွန်တော် ခရီးလှည့်တဲ့အခါ အလုပ်နှစ်ခု လုပ်မြဲပါပဲ။

၁။ သက်ကြီးစကား သက်ငယ်ကြား၊

၂။ ခေတ်ပြိုင် မှတ်တမ်းရှာ လှည့်လည် သွားလာဖူးတဲ့ နေရာတွေကို ရက်စွဲစဉ်ပြီး ဖော်ပြပါ့မယ်။

## ခရီးစဉ်

## ရန်ကုန်ကို ဗဟိုထားပြီး သွားခဲ့ရသည့်ခရီး

| ရက်၊ လ၊ ခု | |
|---|---|
| ၂၁၊ ၁၀၊ ၅၁ | ကျိုင်းတုံ |
| ၂၄၊ ၁၀၊ ၅၁ | တာချီလိတ်၊ မယ်ဆိုင် |
| ၂၀၊ ၁၀၊ ၅၂ | လန်ဒန် |
| ၂၇၊ ၅၊ ၅၆ | ကိုလံဘို |
| ၂၉၊ ၅၊ ၅၆ | ကန္ဒီ စွယ်တော်ကျောင်း |
| ၂၀၊ ၁၁၊ ၅၆ | မန္တလေး |
| ၂၁၊ ၁၁၊ ၅၆ | တံတားဦး |
| ၂၂၊ ၁၁၊ ၅၆ | အင်းဝ |
| ၂၃၊ ၁၁၊ ၅၆ | သဲမောင်းကန် |
| ၂၄၊ ၁၁၊ ၅၆ | ပင်းယ |
| ၂၅၊ ၁၁၊ ၅၆ | စစ်ကိုင်းအစီခံ ခံမြို့ |
| ၂၆၊ ၁၁၊ ၅၆ | အမရပူရ သပြေတန်း ခံမြို့ |
| ၂၈၊ ၁၁၊ ၅၆ | ကျောက်ဆည် |
| ၃၀၊ ၁၁၊ ၅၆ | မြင်စိုင်း |
| ၃၊ ၁၂၊ ၅၆ | စဥ့်ကိုင် |
| ၇၊ ၁၂၊ ၅၆ | ကူမဲ |
| ၉၊ ၁၂၊ ၅၆ | သပြေတောင်း |
| ၁၀၊ ၁၂၊ ၅၆ | မြစ်သား |
| ၁၂၊ ၁၂၊ ၅၆ | မြင်းခုန်တိုင် |
| ၁၄၊ ၁၂၊ ၅၆ | မိတ္ထီလာ |
| ၂၇၊ ၄၊ ၅၇ | ကျိုင်းတုံ |

| | |
|---|---|
| ၆၊ ၅၊ ၅၇ | မိုင်းယမ်း |
| ၉၊ ၅၊ ၅၇ | တာချီလိတ်၊ မယ်ဆိုင် |
| ၂၆၊ ၅၊ ၅၇ | မုံရွာ |
| ၂၇၊ ၅၊ ၅၇ | မုံရွေး |
| ၃၀၊ ၅၊ ၅၇ | ဘုတလင် |
| ၂၊ ၆ ၊၅၇ | အမြင့် |
| ၃၊ ၆၊ ၅၇ | စစ်ကိုင်း |
| ၅၊ ၆၊ ၅၇ | ရွှေဘို |
| ၂၈၊ ၉၊ ၅၇ | ပြည် |
| ၂၉၊ ၉၊ ၅၇ | မှော်ဘီ |
| ၃၊ ၁၀၊ ၅၇ | ပုဂံ |
| ၁၇၊ ၁၀၊ ၅၇ | ပခုက္ကူ |
| ၂၃၊ ၁၂၊ ၅၇ | ကိုင်ရီ |
| ၂၄၊ ၁၂၊ ၅၇ | ဂီဇေပိရမစ် |
| ၂၊ ၁၊ ၅၈ | ဂါဇာဒုက္ခသည်စခန်း |
| ၅၊ ၁၊ ၅၈ | အလက်ဇန္ဒြီယ |
| ၈၊ ၁၊ ၅၈ | ဒမာ့စကပ်စ် |
| ၁၃ ၊ ၁၊ ၅၈ | ဘေရွတ် |
| ၁၄ ၊ ၁၊ ၅၈ | ကရာချိ |
| ၁၈ ၊ ၁၊ ၅၈ | မန္တလေး |
| ၁၉ ၊ ၁၊ ၅၈ | စစ်ကိုင်း၊ ရွာသစ်ကြီး |
| ၂၀၊ ၁၊ ၅၈ | လယ်ကြီး၊ ညောင်ပင်ဝန်း |
| ၂၁၊ ၁၊ ၅၈ | မြင်းမူ |
| ၂၂၊ ၁၊ ၅၈ | ရွှေယင်းမာ၊ အလ္လကပ္ပ |
| ၂၃၊ ၁၊ ၅၈ | မြောင် |
| ၂၄ ၊ ၁၊ ၅၈ | ဆီမီးခုံ၊ကျောက်ရစ်၊သာဒွန်းအေး |
| ၂၅ ၊ ၁၊ ၅၈ | နဘက်၊အုံးနဲ့ဘုတ်၊ ပရိမ္မ |
| ၂၆ ၊ ၁၊ ၅၈ | ချောင်းဦး |
| ၂၇၊ ၁၊ ၅၈ | လုံးတင်၊ မန်ကြို |
| ၂၈၊ ၁၊ ၅၈ | ခင်မွန်၊မုံရွေး |
| ၂၉၊ ၁၊ ၅၈ | မုံရွာ |
| ၃၀၊ ၁၊ ၅၈ | အလုံ၊ သာစည် |
| ၃၁၊ ၂၊ ၅၈ | အမြင့် |
| ၃၊ ၂၊ ၅၈ | နဂိုဘို |
| ၅၊ ၂၊ ၅၈ | အနိမ့် |
| ၆၊ ၂၊ ၅၈ | တောကျောင်း |
| ၉၊ ၂၊ ၅၈ | ခွန်သာ |

| | |
|---|---|
| ၁၀၊ ၂၊ ၅၈ | ဆားလင်းကြီး |
| ၁၂၊ ၂၊ ၅၈ | ကျွတက်၊ပလဲ၊မင်းတိုင်ပင်၊ဆင်ရှင် |
| ၁၃၊ ၂၊ ၅၈ | လက်တောင်း၊ယင်းမာပင်၊ပျောင်းပျ၊မြို့ကြီး |
| ၁၄၊ ၂၊ ၅၈ | ဖိုးဝန်းတောင်၊ညောင်ပင်ကြီးဆိပ်၊ |
| ၁၅၊ ၂၊ ၅၈ | ဘုတလင်၊ ညောင်ကန်၊ ငပယင်း၊ စိုင်းပြင်၊ တပယင်း |
| ၁၆၊ ၂၊ ၅၈ | ရေဦး၊ခင်ဦး၊ရွှေဘို၊ |
| ၁၇၊ ၂၊ ၅၈ | နိဗ္ဗာန်ဆိပ်ဦး၊အောင်ချမ်းသာ |
| ၁၈၊ ၂၊ ၅၈ | လှတော |
| ၁၉၊ ၂၊ ၅၈ | ညောင်ပင်သာ၊မြင်စီ၊ |
| ၂၀၊ ၂၊ ၅၈ | ဟန်လင်း |
| ၂၁၊ ၂၊ ၅၈ | ဝက်လက် |
| ၂၂၊ ၂၊ ၅၈ | သလိုင် |
| ၂၃၊ ၂၊ ၅၈ | မင်းကုန်း၊သစ်ဆိမ့်၊ |
| ၂၅၊ ၂၊ ၅၈ | ရှိန်းမကား |
| ၂၈၊ ၂၊ ၅၈ | စစ်ကိုင်း၊ မန္တလေး၊ |
| ၁၊ ၃၊၅၈ | မြစ်ကြီးနား |
| ၃၊ ၃၊၅၈ | မြစ်ဆုံ |
| ၅၊ ၃၊ ၅၈ | ဗန်းမော် |
| ၅၊ ၃၊ ၅၈ | ငဆောင်ချမ်း၊ကောင်းစင်၊ |
| ၈၊ ၃၊ ၅၈ | လားရှိုး |
| ၁၀၊၃၊ ၅၈ | မန္တလေး |
| ၁၁၊၃၊ ၅၈ | မင်းကွန်း |
| ၁၂၊၃၊ ၅၈ | တံတားဦး၊ ရွှေစာရံ၊ |
| ၁၆၊၃၊ ၅၈ | ပဲခူး |
| ၇၊၄၊ ၅၈ | မြစ်ကြီးနား |
| ၈၊၄၊ ၅၈ | ဖားကန့် |
| ၉၊၄၊ ၅၈ | ဇော့ခ |
| ၁၀၊၄၊ ၅၈ | ဇော့လုံ |
| ၁၁၊၄၊ ၅၈ | အင်းတော်ကြီးအနီး မနောမယဂူ |
| ၁၂၊၄၊ ၅၈ | ဇော့ခ |
| ၁၃၊၄၊ ၅၈ | ဖားကန့်၊ မြစ်ကြီးနား |
| ၆၊၅၊ ၅၈ | ဟသ်ာတ |
| ၇၊၅၊ ၅၈ | ဇလွန် |
| ၉၊၅၊ ၅၈ | မြန်အောင် |
| ၁၀၊၅၊ ၅၈ | ပြည် |
| ၁၁၊၅၊ ၅၈ | ဖိုးဦးတောင် |
| ၁၄၊၅၊ ၅၈ | ပုသိမ် |
| ၁၅၊၅၊ ၅၈ | ပုသိမ်အနောက် တိုက်ကြီးကုန်း |

| | |
|---|---|
| ၂၈၊၅၊ ၅၈ | မန္တလေး |
| ၃၁၊၅၊ ၅၈ | ပြင်ဦးလွင် |
| ၂၊၆၊ ၅၈ | စစ်ကိုင်း |
| ၅၊၁၀၊ ၅၈ | မန္တလေး |
| ၆၊၁၀၊ ၅၈ | ရွှေဘို |
| ၇၊၁၀၊ ၅၈ | ကာဘို၊ ဟန်လင်း၊ |
| ၁၀၊၁၀၊၅၈ | ဝက်လက် |
| ၁၁၊၁၀၊၆၈ | မန်ကျီးထုံ |
| ၁၂၊၁၁၊၅၈ | သစ်ဆိမ့် |
| ၁၃၊၁၀၊၅၈ | ရှိမ်းမကား၊ မန္တလေး၊ |
| ၂၂၊၂၊ ၅၉ | ပဲခူး |
| ၁၆၊၅၊၅၉ | ဟသ်ာတ |
| ၁၀၊၈၊၅၉ | တော့ာင်တွင်းကြီး |
| ၁၁၊၈၊၅၉ | ဗိသနိုးမြို့ဟောင်း |
| ၃၊၉၊၅၉ | တောင်တွင်းကြီး |
| ၃၁၊၁၀၊၅၉ | တွံတေး၊ ကွမ်းခြံကုန်း၊ |
| ၄၊၁၁၊၅၉ | မန္တလေး |
| ၉၊၁၁၊၅၉ | စစ်ကိုင်း |
| ၅၊၁၊၆၀ | ပခုက္ကူ၊ ပုဂံ |
| ၃၊၅၊ ၆၀ | ဟသ်ာတ |
| ၄၊၅၊ ၆၀ | သေိုင်းချောင်း |
| ၂၃၊၅၊ ၆၀ | သထုံ |
| ၂၄၊၁၂၊ ၆၀ | မြင်းခြံ၊ ပုဂံ |
| ၂၆၊၁၂၊၆၀ | ပုပ္ပား |
| ၁၊၁၊၆၁ | မိတ္ထီလာ |
| ၂၊၁၊ ၆၁ | သာစည် |
| ၃၊၁၊ ၆၁ | မန္တလေး |
| ၄၊၁၊ ၆၁ | စစ်ကိုင်း |
| ၉၊၄၊ ၆၁ | ဟသ်ာတ |
| ၂၃၊၂၊ ၆၂ | ပဲခူး |
| ၇၊၄၊ ၆၂ | ဟသ်ာတ |
| ၁၃၊၄၊ ၆၂ | သေိုင်းချောင်း |
| ၁၅၊၄၊ ၆၂ | မနေဖြူ |
| ၁၄၊၁၀၊ ၆၂ | ပြည်၊ တောင်တွင်းကြီး၊ |
| ၁၅၊၁၀၊၆၂ | ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပုဂံ၊ |
| ၁၈၊၁၀၊၆၂ | မြင်းခြံ |
| ၂၃၊၁၂၊၆၂ | ပြည်၊ မော်ဇာ |

| | |
|---|---|
| ၂၄၊၁၂၊၆၂ | တောင်တွင်းကြီး |
| ၂၈၊၁၂၊၆၂ | ကျောက်ပန်းတောင်း၊ |
| ၂၉၊၁၂၊၆၂ | မြင်းခြံ |
| ၂၊၁၊ ၆၃ | မကွေး |
| ၁၆၊၂၊ ၆၃ | ဖားအံ |
| ၁၂၊၄၊ ၆၃ | မော်လမြိုင် |
| ၁၃၊၄၊ ၆၃ | ဖားအံ |
| ၁၅၊၄၊၆၆ | ဆဒ္ဒန်ဂူ |
| ၁၆၊၄၊ ၆၃ | ရေတံခွန် |
| ၁၇၊၄၊ ၆၃ | ကျောက်ကလပ် |
| ၁၉၊၄၊ ၆၃ | ဘရင်ဂျီဂူ |
| ၂၈၊၉၊ ၆၃ | မန္တလေး |
| ၃၀၊၉၊ ၆၃ | ပင်းယ |
| ၁၊၁၀၊ ၆၃ | စစ်ကိုင်း |
| ၂၊၁၀၊၆၃ | မင်းကွန်း |
| ၅၊၁၀၊ ၆၃ | ပြင်ဦးလွင် |
| ၁၃၊၁၀၊၆၃ | မြင်းခြံ |
| ၁၆၊၁၀၊၆၃ | စလေ |
| ၁၈၊၁၀၊၆၃ | ပုခန်းငယ် |
| ၁၉၊၁၀၊၆၃ | ဆင်ဖြူကျွန်း |
| ၂၀၊၁၀၊၆၃ | ကျပင်း |
| ၂၁၊၁၀၊၆၃ | စလင်း၊ ကျောင်းတော်ရာ၊ |
| ၂၂၊၁၀၊၆၃ | မင်းဘူး၊ မကွေး၊ |
| ၂၃၊၁၀၊၆၃ | မြင်ကွန်း |
| ၂၄၊၁၀၊၆၃ | မြင်းခြံ |
| ၂၅၊၁၀၊၆၃ | ဆီမီးခုံ |
| ၁၇၊၁၊ ၆၄ | မန္တလေး |
| ၁၉၊၁၊၆၄ | ဂုတ်ထိပ် |
| ၂၀၊၃၊၆၄ | စစ်တွေ |
| ၁၁၊၄၊၆၄ | ဘူးသီးတောင်၊ မောင်းတော၊ |
| ၁၆၊၄၊၆၄ | မြောက်ဦး |
| ၁၈၊၄၊၆၄ | ဝေသာလီ |
| ၁၉၊၄၊ ၆၄ | လောင်းကြက်၊ ပရိန် |
| ၂၀၊၄၊ ၆၄ | ဘောင်းတွတ် (မြောက်ဦး၏ ရှေးနိုင်ငံခြားသားများ ရပ်ကွက်) |
| ၂၂၊၄၊ ၆၄ | ကျောက်ဖြူ |
| ၂၄၊၄၊ ၆၄ | သံတွဲ၊ ငပလီ |

| | |
|---|---|
| ၆၊၈၊၆၄ | ပုဂံ |
| ၁၀၊၈၊၆၄ | ပခုက္ကူ |
| ၁၁၊၈၊၆၄ | ပုခန်းကြီး |
| ၃၀၊၈၊၆၄ | သာယာဝတီ |
| ၁၂၊၉၊၆၄ | မိတ္ထီလာ |
| ၁၃၊၉၊၆၄ | မြင်းခြံ |
| ၁၄၊၉၊၆၄ | ပုပ္ပါး၊ မုန်တိုင်၊ ဝဲလှောင်၊ |
| ၁၅၊၉၊၆၄ | မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ |
| ၁၃၊၁၀၊၆၄ | မော်လမြိုင်၊ |
| ၁၄၊၁၀၊၆၄ | ကျိုက်မရော၊ |
| ၁၆၊၁၀၊၆၄ | ကတိုး၊ ကော့နှပ် |
| ၁၇၊၁၀၊၆၄ | မုဒုံ |
| ၁၈၊၁၀၊၆၄ | ကျိုက္ခမိ |
| ၂၆၊၁၀၊၆၄ | ကလော |
| ၃၀၊၁၀၊၆၄ | အောင်ပန်း၊ ပင်းတယ၊ |
| ၃၁၊၁၀၊၆၄ | ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ |
| ၂၅၊၁၂၊၆၄ | မြိတ် |
| ၂၆၊၁၂၊၆၄ | မော်တုံး |
| ၂၇၊၁၅၊၆၄ | တနင်္သာရီ၊ ပျို့အိုင်၊ ညောင်ပင်ကွင်း၊ သဘော့လိပ်၊ |
| ၂၈၊၁၂၊၆၄ | ကြိမ်ချောင်း(မိုင်း)ကျောက်ခေတ်နှောင်း လက်နက်တွေ့ရာအရပ်၊ |
| ၂၉၊၁၂၊၆၄ | မော်တုံး |
| ၃၀၊၁၂၊၆၄ | ကောသမ္ဘိမြို့ဟောင်း၊ မြိတ် |
| ၁၊၁၊၆၄ | ထားဝယ် |
| ၂၊၁ ၆၅ | မောင်းမကန် |
| ၃၊၁၊ ၆၅ | မော်လမြိုင် |
| ၆၊၁၊ ၆၅ | မုဒုံ |
| ၃၁၊၁၊ ၆၅ | သံလျင်၊ ကျောက်တန်း |
| ၁၉၊၂၊ ၆၅ | ပြည် |
| ၂၀၊၂၊ ၆၅ | မှော်ဇာ |
| ၂၆၊၃၊ ၆၅ | ထားဝယ် |
| ၂၈၊၃၊ ၆၅ | သာဂရမြို့ဟောင်း၊ မောင်းမကန် |
| ၁၀၊၄၊ ၆၅ | ထားဝယ် အနီး ဇလွန် |
| ၁၁၊၄၊ ၆၅ | မော်လမြိုင် |
| ၁၂၊၄၊ ၆၅ | ကျိုက်မရော |
| ၁၄၊၄၊၆၅ | ခရုံဂူ |
| ၁၆၊၄၊၆၅ | ကတိုး၊ ကော့နှပ် |

၁၉၊၄၊၆၅ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမီ၊ ဆင်ပုံး၊ စက်စဲ၊
၂၀၊၄၊၆၅ သထုံ
၇၊၅၊၆၅ သာစည်၊ မိတ္ထီလာ၊ မှန်တိုင်
၈၊၅၊၆၅ မန္တလေး
၁၁၊၅၊၆၅ မြင်းခြံ
၃၊၆၊၆၅ တောင်ငူ
၂၅၊၆၊၆၅ မော်လမြိုင်
၂၇၊၆၊၆၅ ရွာလွတ်
၂၈၊၆၊၆၅ ချောင်းဆုံ
၁၇၊၇၊၆၅ ပြည်
၁၈၊၇၊၆၅ တောင်တွင်းကြီး
၁၃၊၈၊၆၅ ကလော
၁၅၊၈၊၆၅ ပင်းတယ
၁၉၊၈၊၆၅ မန္တလေး
၂၀၊၈၊၆၅ စစ်ကိုင်း
၃၀၊၉၊၆၅ မန္တလေး

## မန္တလေးကို ဗဟိုထားပြီး သွားရတဲ့ခရီး

၂၊၁၀၊၆၅ စစ်ကိုင်း
၅၊၁၀၊၆၅ မြင်းခြံ
၆၊၁၀၊၆၅ ရန်ကုန်
၁၄၊၁၀၊၆၅ မြင်းခြံ
၁၅၊၁၀၊၆၅ အမရပူရ
၁၇၊၁၀၊၆၅ ရန်ကုန်
၂၄၊၁၀၊၆၅ ရန်ကုန်
၁၇၊၁၁၊၆၅ ရန်ကုန်
၂၃၊၁၁၊၆၅ မကွေး
၂၄၊၁၁၊၆၅ ဗိဿနိုးမြို့ဟောင်း
၂၅၊၁၁၊၆၅ ပြည်၊ မှော်ဇာ
၂၆၊၁၁၊၆၅ မကွေး၊မြင်ကွန်း
၂၇၊၁၁၊၆၅ မြင်းခြံ
၄၊၁၊ ၆၆ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ပုဂံ၊
၆၊၁၊ ၆၆ ရန်ကုန်
၁၂၊၁၊ ၆၆ တောင်ငူ
၁၆၊၁၊ ၆၆ မုံရွာ၊ မိုးညှင်းသမ္ဗုဒ္ဓေ
၂၀၊၁၊ ၆၆ ရန်ကုန်

| | |
|---|---|
| ၂၃၊၂၊ ၆၆ | တောင်တွင်းကြီး |
| ၂၄၊၁၊ ၆၆ | မကွေး |
| ၂၅၊၁၊ ၆၆ | မင်းဘူး၊ စကု၊ အိုင်းမ၊ စက်တော်ရာ၊ |
| ၂၆၊၁၊ ၆၆ | စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ |
| ၂၇၊၁၊ ၆၆ | မဲဇလီဆည်၊ ကျောင်းတော်ရာ၊ ငဖဲ၊ |
| ၂၈၊၁၊ ၆၆ | ဝက်ပါ၊ မင်းဘူး၊ မကွေး၊ |
| ၂၉၊၁၊ ၆၆ | မင်းကွန်း |
| ၃၀၊၁၊ ၆၆ | ရေနံချောင်း၊ မြင်းခြံ၊ |
| ၂၊၂၊ ၆၆ | ရန်ကုန် |
| ၆၊၂၊ ၆၆ | မင်းကွန်း |
| ၂၆၊၂၊၆၆ | စစ်ကိုင်း |
| ၃၊၃၊၆၆ | ပြင်ဦးလွင် |
| ၆၊၃၊၆၆ | စစ်ကိုင်း |
| ၁၈၊၃၊၆၆ | ရန်ကုန် |
| ၂၊၄၊၆၆ | ရန်ကုန် |
| ၂၄၊၄၊၆၆ | ရန်ကုန် |
| ၇၊၅၊ ၆၆ | စစ်ကိုင်း |
| ၈၊၅၊ ၆၆ | ပြင်ဦးလွင် |
| ၁၃၊၅၊ ၆၆ | မြင်းခြံ |
| ၁၄၊၅၊ ၆၆ | ချောင်းနှောင်း၊ ခင်မကန်၊ ပလုံ၊ |
| ၁၅၊၅၊၆၆ | တောင်သာ၊ ထန်းတော၊ ကျောက်ရင်း၊ |
| ၁၆၊၅၊၆၆ | အမရပူရ၊ ဗားကရာကျောင်း၊ |
| ၂၃၊၅၊၆၆ | မုံရွာ၊ ကြေးမုံ၊ |
| ၂၄၊၅၊၆၆ | အလုံ၊ မောင်းထောင်၊ ဘုတလင်၊ |
| ၂၉၊၅၊၆၆ | နွားထိုးကြီး |
| ၅၊၆၊ ၆၆ | ပြင်ဦးလွင် အနီးစခန်း |
| ၈၊၆၊၆၆ | စစ်ကိုင်း |
| ၁၂၊၆၊၆၆ | ရွှေစာရံ |
| ၁၇၊၆၊၆၆ | မုံရွာ |
| ၁၈၊၆၊၆၆ | ပုလဲ၊ချင်ပြစ်ကြင်း၊မင်းတိုင်းပင်၊ဆင်ရှင်၊ |
| ၁၉၊၆၊၆၆ | ယင်းမာပင်၊ဖိုးဝန်းတောင်၊ |
| ၂၀၊၆၊၆၆ | ဆားလင်းကြီး၊ ဆထုံး၊ ပိုင်းတောင်းကြီးရွာအနီး ထန်းမကုန်း ခေါ် ကျောက်ခေတ်နှောင်း လက်နက်တွေ့ရာအရပ်၊ |
| ၂၁၊၆၊ ၆၆ | မုံရွေး |
| ၂၆၊၆၊၆၆ | အမရပူရ |
| ၂၈၊၆၊၆၆ | အမရပူရ |

| | |
|---|---|
| ၂၉၊၆၊၆၆ | စစ်ကိုင်း |
| ၁၊၇၊ ၆၆ | ရန်ကုန် |
| ၃၊၇၊ ၆၆ | မော်လမြိုင် |
| ၄၊၇၊ ၆၆ | ရန်ကုန် |
| ၁၅၊၇၊၆၆ | စစ်ကိုင်း |
| ၂၃၊ ၇၊၆၆ | အမရပူရ၊ တောင်သမန်၊ |
| ၂၇၊၇၊၆၆ | စစ်ကိုင်း |
| ၁၇၊၈၊၆၆ | မြစ်ငယ် |
| ၂၁၊၈၊၆၆ | ရန်ကုန် |
| ၂၈၊၈၊၆၆ | ပြင်ဦးလွင် |
| ၇၊၉၊ ၆၆ | ပလိပ်မြို့ |
| ၁၂၊၉၊၆၆ | အမရပူရ၊ ရတနာ့ဂူ၊ |
| ၁၅၊၉၊၆၆ | ရန်ကုန် |
| ၂၄၊၉၊ ၆၆ | မြင်းခြံ |
| ၂၉၊၉၊ ၆၆ | ရန်ကုန် |
| ၉၊၁၀၊၆၆ | ရန်ကုန် |
| ၁၂၊၁၁၊၆၆ | အမရပူရ၊ ဗားဂရာ၊ |
| ၁၃၊၁၁၊၆၆ | တောင်ကြီး |
| ၁၅၊၁၁၊၆၆ | ဗထူးမြို့ |
| ၁၇၊၁၀၊၆၆ | လောက်ဆောက် |
| ၈၊၁၂၊၆၆ | ခင်ဦး |
| ၉၊၁၂၊၆၆ | စည်ပုတ္တရာ |
| ၁၀၊၁၂၊၆၇ | ရေဦး၊ စိမ်းစား၊ ကံကြီးကုန်း၊ |
| ၁၁၊၁၂၊၆၆၆၇ | ဘအုံ |
| ၁၂၊၁၂၊၆၆ | ဖလိခုံ၊ ကာဘိုး၊ ရွှေဘို၊ |
| ၂၈၊၁၂၊၆၆ | အမရပူရ |
| ၈၊၁၊ ၆၇ | ကျောက်ဆည် |
| ၁၅၊၁၊၆၇ | နွားထိုးကြီး |
| ၅၊၂၊ ၆၇ | အင်းဝ၊ ပင်းယ၊ တံတားဦး၊ |
| ၁၄၊၃၊ ၆၇ | ပုဂံ |
| ၁၈၊၃၊၆၇ | ရန်ကုန် |
| ၂၃၊၃၊ ၆၇ | ပုဂံ |
| ၁၊၄၊ ၆၇ | ရန်ကုန် |
| ၁၈၊၄၊၆၇ | ချောင်းဦး |
| ၂၀၊၄၊၆၇ | သစ်ဆိမ့်၊ ညောင်ဖြူပင်၊ မုံရွေး၊ |
| ၂၁၊၄၊၆၇ | ခင်မွန် |
| ၂၂၊၄၊၆၇ | ဆားလင်းကြီး |

| | |
|---|---|
| ၂၃၊၄၊၆၇ | ပေါင်းဝရွာ၊ လက်ပံကျွန်း၊ ဖိုးဝန်းတောင်၊ |
| ၂၄၊၄၊၆၇ | ထန်းပုရွာ |
| ၂၅၊၄၊၆၇ | မုံရွာ |
| ၃၀၊၄၊၆၇ | ရန်ကုန် |
| ၂၊၅၊၆၇ | ကြံခင်း |
| ၄၊၅၊၆၇ | ဟင်္သာတ |
| ၅၊၅၊၆၇ | ရန်ကုန် |
| ၁၄၊၅၊၆၇ | အမရပူရ၊ တောင်သမန်၊ |
| ၂၀၊၅၊၆၇ | အမရပူရ၊ တောင်သမန်၊ |
| ၁၇၊၆၊၆၇ | ရွှေဘို၊ ကာဘိုး၊ |
| ၁၈၊၆၊၆၇ | ရွှေဘို၊ သလုံး၊ |
| ၂၈၊၇၊၆၇ | အမရပူရ၊ ဗဒုံမင်း အရိုးအိုး၊ |
| ၂၉၊၇၊၆၇ | အမရပူရ၊ တောင်လေးလုံးကျောင်း၊ |
| ၃၀၊၇၊၆၇ | ရွှေစာရံ |
| ၅၊၈၊၆၇ | အမရပူရ၊ တောင်လေးလုံးကျောင်း၊ |
| ၁၂၊၈၊၆၇ | အမရပူရ၊ တောင်လေးလုံးကျောင်း၊ |
| ၁၈၊၈၊၆၇ | မုံရွာ |
| ၁၉၊၈၊၆၇ | တွင်းတောင် |
| ၂၀၊၈၊၆၈ | ကျောက်ကာ |
| ၂၇၊၈၊၆၇ | အမရပူရ၊ ရွှေဂူ |
| ၈၊၉၊၆၇ | မုံရွာ |
| ၉၊၉၊၆၇ | တန့်ဆည် |
| ၁၀၊၉၊၆၇ | မရမ်းမိ၊ ကဒူးမ၊ |
| ၁၁၊၉၊၆၇ | ရွာသစ်၊ ရေဦး၊ |
| ၁၂၊၉၊၆၇ | ဒီပဲယင်း၊ မုံရွာ၊ |
| ၁၅၊၉၊၆၇ | ဘုတလင် |
| ၁၆၊၉၊၆၇ | ရေဦး |
| ၁၇၊၉၊၆၇ | ဘုတလင်၊ လွဲတဲ၊ |
| ၂၁၊၉၊၅၇ | မိုးမိတ်ဘုရား၊ မင်းကွန်း၊ |
| ၂၂၊၉၊၆၇ | စလေ |
| ၁၊၁၀၊၆၇ | အမရပူရ |
| ၄၊၁၀၊၆၇ | ရန်ကုန် |
| ၁၈၊၁၀၊၆၇ | ရန်ကုန် |
| ၅၊၁၁၊၄၆ | အမရပူရ |
| ၁၁၊၁၁၊၆၇ | ဓိးကုန်း၊ ကာဘိုး၊ |
| ၁၆၊၁၁၊၆၇ | ရန်ကုန် |
| ၂၆၊၁၁၊၆၇ | မင်းကွန်း |

| | |
|---|---|
| ၂၉၊၁၁၊၆၇ | ဘုတလင်၊ လွှဲတဲ၊ စီပါ၊ |
| ၂၊၁၂၊၆၇ | စစ်ကိုင်း |
| ၃၊၁၂၊၆၇ | တံခွန်တိုင် |
| ၇၊၁၂၊၆၇ | ပုဂံ |
| ၁၇၊၁၂၊၆၇ | စစ်ကိုင်း |
| ၃၊၂၊၆၈ | ရွှေဘို၊ ကာဘိုး၊ |
| ၄၊၁၊၆၈ | ကျောက်မြောင်း၊ မလှာ၊ ရွှေခွန်၊ရွှေကုန်း၊ နွယ်ငြိမ်း၊ မရွေး၊ |
| ၈၊၂၊၆၈ | ရွှေဘို၊ ကျောက်မြောင်း၊ |
| ၁၀၊၂၊၆၈ | မြင်းခြံ၊ ပုပ္ပား၊ ပုဂံ၊ |
| ၁၆၊၂၊၆၈ | မြစ်ကြီးနား |

အဲဒီခရီးစဉ်ထဲမှာ ငပလီ၊ မောင်းမကန်၊ စက်စဲ၊ ကာဘိုး၊ ပြင်ဦးလွင်၊ တောင်သမန်အင်း ဆိုတာတွေက အနားယူဖို့၊ ပျော်စရာကောင်းလို့၊ ရောက်သွားတာပါ။ မြင်းခြံနဲ့ မော်လမြိုင်ကတော့ချစ်တဲ့ညီ၊ ညီမရှိလို့ လမ်းကြုံတိုင်းလှည့်ဝင်တာ။ ပုဂံကတော့ တစ်ဆယ့်ငါးမိနစ်ပဲ အချိန်ရပါစေ၊ ဝင်လိုက်အုံးမယ် ဆိုပြီး ရောက်တာပါ။ ကျန်ခရီးတွေကတော့ ကြည့်စရာ၊ ကြားစရာ၊ မှတ်စရာ၊ ယူစရာရှိလို့ ရောက်သွားတာပါပဲ။


ဘယ်နေ့သွားတယ်ဆိုတာ အပေါ်ကစာရင်းမှာပါပြီ။ ဘယ်လိုသွားရတယ် ဆိုတာလည်း ရေးရင် ပိုမယ်ထင်တယ်။ လေယာဉ်ပျံစီးတာကနေပြီး ဂူထဲ လိုဏ်ထဲမှာ လေးဖက်တွားတာအထိ ပုံစံစုံပါတယ်။ တည်းခိုတဲ့ နေရာမှာလည်း အိမ်သာထဲမှာ ကောဇောခင်းထားတဲ့ နေရာကစပြီး လူအလစ်ခင်တန်းမှာ ထိုင်ရတဲ့အထိ ပုံစံစုံပါတယ်။ ဒါကြောင့် ဘယ်မှာတည်းခိုတယ် ဘယ်သူတွေက အန္တရာယ် ကင်းရှင်းအောင် လိုက်ပို့တယ် ဆိုတာတွေ မရေးလိုပါ။ ပေးတဲ့ ကြွေးတဲ့ ကူတဲ့ လူတွေကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဘာတွေ မြင်တွေ့ခဲ့ရတယ်ဆိုတာကို အသားပေးပြီး ရေးချင်လို့ အဲ့ဒါတွေ ဖြုတ်ခဲ့ပါတယ်။

**သန်းထွန်း**

၂၁၊ ၂၊ ၆၈

ကွန်သာယာ

မန္တလေး တက္ကသိုလ်မြေ



ကျိုင်းတုံမြို့ မြေပုံ

## ကျိုင်းတုံ

**ရာဇဝင်** ဗဟုသုတအတွက် ခရီးထွက်တဲ့အခါ ကျိုင်းတုံဟာ အစ ပထမ ဖြစ်တယ်။ ဒါ့ကြောင့် ကျိုင်းတုံရာဇဝင်က စပြီးရေးပါရစေ။

ကျိုင်းတုံရာဇဝင်ကို ကျွန်တော် လေ့လာခဲ့တာ ၁၉၅၀ပြည့်နှစ်ကပဲ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လေ့လာရာမှာလည်း တစ်ရှိန်ထည်း မလေ့လာဖြစ်ဘူး။ ပရိသတ်က ဝေဖန်ဖို့၊ ဖြည့်စွက်ဖို့ စာတမ်းရေးပြီး ၆–၁၂–၆၁ မှာ တစ်ကြိမ်၊ ၁၀–၁၂–၆၁မှာ တစ်ကြိမ် ဖတ်ပါသေးတယ်။ စာတမ်းတွေကို ပုံမနှိပ်ဖြစ်ပါ။ ဘာပြုလို့လဲဆိုတော့ အခု ရထားတာ တွေထက်ပိုပြီး ပြည့်စုံအောင်လုပ်ချင်တာနဲ့ မကြာသင့်ဘဲ ကြာရတယ်။ ဒါပေမဲ့ ဆက်လက်ပြီး ရှာဖွေဖို့ကလည်း စိတ်ကူးသာရှိတယ်၊ မလုပ်ဖြစ်ပါဘူး။ ဒါနဲ့ အခုတော့ စိတ်လျှော့ပြီး သိသမျှပဲ ရေးပါတော့တယ်။

ကျိုင်းတုံ ရာဇဝင်ကို ဂုံစာနဲ့ ရေးထားတဲ့ မူနှစ်ခု ရဖူးပါတယ်။ တစ်မူက လွှတ်တော်အမတ်ဟောင်း ဗယသိဃ်ပိုင်တယ်၊ တစ်မူက စော်ဘွားရဲ့ ဦးလေး စဝ်ယော့တ် မောန်ဂ် ပိုင်တယ်။ ကျွန်တော်က ဂုံစာကို မဖတ်တတ်တော့ ဆရာရှာရတယ်။ စိုင်လဲက် ဆိုတဲ့ ငွေတိုက်အရာရှိ မိတ်ဆွေက ဖတ်ပေးပါတယ်။ အရင်က ဆာဂျော့စကော့ ရေးတဲ့ **ရှမ်းနယ်များနဲ့ အထက်မြန်မာနိုင်ငံ ဂေဇက်** ထဲမှာလည်းကျိုင်းတုံရာဇဝင်ပါတော့ တိုက်ဆိုင် ကြည့်ခွင့်ရပါတယ်။

အခု ရေးမှာတွေက စောစောကပြောတဲ့ ရာဇဝင် နှစ်မူရယ်၊ စမ္ဗူဒီပ **ဦးဆောင်း လောကဗျူဟာ၊ သျှမ်းကိုးပြည်ထောင် စာရင်းချုပ် အေဒီ ၁၈၂၇** (အမျိုးသားစာကြည့်တိုက်၊ ကင်းပု၊ ၄၅၂)၊ **မှန်နန်း၊ ကုန်းဘောင်ဆက်၊ လွှတ်တော် အမှတ်အသား၊ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၊** ကျောက်စာ ဧချင်း၊ **ရှမ်းနယ်များနဲ့ အထက်မြန်မာနိုင်ငံဂေဇက်၊** ပါလီမန် စာတန်းများ အမည်နှင့် ၁၀၊၈၊၁၈၆၉ ခု ပုံနှိပ်ခဲ့တဲ့ ဒေါက်တာ ဒီရစ်ချတ်ဆန်နဲ့ ကက်ပတိန် ဒဗလျူစီမက်ကလုတ်တို့ရဲ့ **ခရီးသွားမှတ်တမ်း**တွေကယူပြီး ရေးမှာပါ။

## ကျိုင်းတုံ မြန်မာ ဆက်ဆံရေး

ဒီနေရာမှာ ဂုံစာနဲ့ ရေးထားတဲ့ ကျိုင်းတုံ ရာဇဝင်ကျမ်းတွေဟာ နည်းနည်းပါးပါး အပိုပါတာကလွဲလို့ မှန်တယ်လို့ပဲ အကဲဖြတ်လို့ရပါတယ်။ ဒါပေမဲ့ ရေးသူတွေဟာ ကျိုင်းတုံ အပေါ်မှာ ယိုးဒယားဘက်က မကျေမနပ်ဖြစ်မသွားအောင် ထိန်းပြီးရေးတယ်လို့တော့ ထင်မိတယ်။ နမူနာပြရရင် ခရစ်နှစ် ၁၅၅၇ ခုမှာ ဟံသာဝတီဆင်ဖြူများရှင်က ယိုးဒယားကို ဝင်တိုက်တဲ့အခါ ကျိုင်းတုံတပ်တွေလည်း ပါရတယ်ဆိုတာကို ထည့်မရေးဘဲနဲ့ အဲဒီအချိန်မှာ ယိုးဒယား ကျိုင်းတုံ ဆက်ဆံရေး ပြေပြစ်တယ်။ ယိုးဒယားရဲ့ ယဉ်ကျေးမှု စံနမူနာတွေကို လေ့လာ နှစ်သက်ကြတယ်လို့ ရေးထားတယ်။ မြန်မာနဲ့ ဆက်ဆံရေးမှာလည်း ထည့်မပြောဘဲ ချန်ထားတာတွေ ရှိတယ်။ ဥပမာ မြန်မာမင်းက သမီးကညာ မဆက်ကောင်းလားလို့ ခရစ်နှစ် ၁၇၀၈ ခုမှာ စဝ်ဆမ်ဖီကို ကွပ်မျက်တယ် (မှန်နန်း၊ တ၃၄၉)။ အဲဒါ သူတို့ ရာဇဝင်ထဲမှာ ထည့်ရေးမသွားဘူး။ ပြီးတော့ တစ်ခါ၊ ၁၈၈၁ခုမှာ စဝ်ကွန်ထိုင်က မြန်မာ ဗိုလ်ချုပ်နဲ့ အပေါင်းပါ သုံးဆယ်ကို သတ်ပစ်ခဲ့တာကို (**ရှမ်းနဲ့အထက်၊ ဂေ ဇက်**၊ ပ၊ ၁၊ စာမျက်နှာ၂၉၁) လည်း မဖော်ပြဘူး။ အဆင်မပြေဖြစ်ခဲ့တာတွေကို ပြည်ဖုံးကားချထားတဲ့ သဘောပဲလို့ ထင်ပါတယ်။

**စမ္ဗူဒီပဥဆောင်း** (စာမျက်နှာ ၂၃) အရ အေဒီ ၉၉၁ (ခရစ်နှစ် ၃၅၃) ကပဲ ကျိုင်းတုံ ရွှေနန်းရှင်ဟာ သားတော် တစ်ဆယ့်တစ်ပါးကို နယ်မြေပိုင်းဝေလို့ အမွေပေးပြီး ဖြစ်တယ်တဲ့။ ဒီစကားကို ထောက်ခံမယ့် သက်သေတစ်ခုမှ ရှာမတွေ့ပါဘူး။ ဒါပေမဲ့ ဒီပါးစပ်ရာဇဝင်ကိုယူပြီး ကျိုင်းတုံဟာ အေဒီဆယ်ရာစုကပဲ ရှိနေပြီလို့ ယူဆရမယ့်ပုံ ပေါ်ပါတယ်။ ပုဂံပျက်ပြီး လက်အောက်ခံပဒေသရာဇ်တွေ လွတ်လပ်သွားကြတယ်လို့ ဖော်ပြတဲ့ စာရင်းထဲမှာ ကျိုင်းတုံလည်းပါတယ် (**မှန်နန်း၊**ပ၊ မိတ္တီလာ၊ ၁၉၃၆၊ စာမျက်နှာ၃၉၆)။ ဒါပေမဲ့ ဒီစကားကို မကြိုက်နိုင်ပါဘူး။ ပုဂံပိုင်တဲ့နယ်ဟာ အရှေ့ဘက်မှာ နယ်နိမိတ် အဖြစ်နဲ့ သံလွင်မြစ်ဖြစ်တယ်လို့ ကျောက်စာစကား ရှိနေပါတယ်။ သံလွင်ရဲ့ အရှေ့ဘက် ကမ်းကို ကူးပြီးမှရောက်တဲ့ ကျိုင်းတုံဟာ ပုဂံပိုင်နက်ထဲမှာပါဖို့ ခက်ပါတယ်။ ကျိုင်းတုံ ရာဇဝင်ကတော့ သူတို့မြေနေရာတွေမှာ ခရစ်နှစ် ၁၁၃၄ က ၁၂၂၉ အထိ 'ဝ'ခေါ်တဲ့ 'လဝ'တွေ ကြီးစိုးနေပြီး ဂုံလူမျိုးလက်ထဲကို ဒီမြေနေရာဟာ အေဒီ ၁၂၄၃ ခုနှစ်မှ ရောက်လာတယ်။ အခုလက်ရှိ အုပ်စိုးနေတဲ့ စော်ဘွားဆက်ဟာလည်း အေဒီ ၁၂၅၃ ခုနှစ်ကမှ စတယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျိုင်းတုံလို့ နောင်တွင်မယ့် ချိုင့်ဝှမ်းမှာအေဒီ တစ်ဆယ် ရာစုကုန်လောက်ကပဲ လူနေပြီး အစပထမ (ဝ)တွေ ရှိမယ်၊ သူတို့ဟာ အေဒီ တစ်ဆယ့် သုံးရာစုမှာ ဂုံ(ခွန်လို့လည်း ခေါ်ကြပါတယ်) လူမျိုးတွေ တစိမ့်စိမ့် ဝင်လာတဲ့ အချိန်အထိ အဲဒီချိုင့်ဝှမ်းမှာပဲ ကြီးစိုးနေကြတယ်။ ဒီဒေသဟာ ဂုံနိုင်ငံရယ်လို့ ပုဂံပျက်ချိန်လောက်ကစပြီး တွင်မယ်လို့ ထင်တယ်။ ပြီးတော့ မြန်မာ့လက်အောက်ကိုတော့ အေဒီ ၁၅၅၇ ခု မှာမှ ရောက်တယ်လို့လည်း ဆိုရမယ်။

ကျိုင်းတုံကို မြန်မာမှတ်တမ်းတွေမှာ ဂုံ (**မှန်နန်း၊** ဒု၊၃၃၆။ **မင်းရဲနရာ ချေင်း၊** အပိုဒ် ၉။ စမ္ဘူ၊၈၊၁၃။ **ကုန်းဘောင်ဆက်** (၁၀၀၊ ၄၂၅၊ ၁၁၄၃)။ ဦးသြော၊ **ကဝိလက္ခဏာသတ်ပုံ၊** အပိုဒ်(၁၄၇)၊ **ဂုမ်** (မှန်၊ တ၊၁၉၁၊ ၁၉၃)၊ **ဂုဏ်** (မှန်၊ တ၊၂၁၉။ **စမ်** ၄၈)၊ **ဂုန်** (စမ်၄၉) ရယ်လို့ အသံထွက်ရရင် ပြီးရောဆိုပြီး ရေးကြတယ်။ **ကုံ (စမ် ၁၄)၊ ခုံ (သခင်ကြီး ချေင်း** အပိုဒ် ၃၃။ မှန်၊ တ၊ ၇၅။ မုံရွေးဆရာတော်၊ **ပဋ္ဌဝုဓမ္မို့** အပိုဒ် ၅၈)၊ ခုန် **(လောကဗျူဟာ၊** ရန်ကုန်၊ ၁၉၆၈၊၂၇၇) လို့ ရေးတာလည်း တွေ့ဘူးပါတယ်။ ပြီးတော့ **ကျိုင်းတုံ** (မှန်၊ပ၊ ၃၉၆။ မှန်၊ဒု၊ ၃၃၆၊ ၃၆၃။ မှန်၊တ၊ ၂၂၆။ **လောက** ၂၅။ **ကုန်း** ၁၁၉၃၊ **ကုန်း၊** တ၊၄။ **စမ** ၂၂။ **စာရင်း** ၁၁၂၈/၂၀။ မုံရွေး တိလောက ကျောက်စာမျက်နှာ/၂၃၊ **စာရင်း** ၁၁၂၇/ ၄၂။ **ဇင်းမယ်နိုင်မော်ကွန်း** အပိုဒ် ၄၅၊ ၆၀၊ ၆၁၊ ၆၅၊ ၆၉၊ ၇၂၊ ၇၃။ **ကဝိ** အပိုဒ် ၁၄၆)၊ ကျိုင်းတုမ် (စာရင်း၊ ၁၁၆၃၆/၂၂)၊ **ခေမာရဋ္ဌ** (မှန်၊ တ၊ ၂၃၇။ ကုန်း၊ ၄၆၉)နဲ့ ခေမာဝရ (မှန်၊ ဒု၊ ၃၃၉။ **မှန်၊** တ၊ ၃၄၈။ **စာရင်း** ၁၁၂၈/၅၆၊ မုံရွေးတိလောက ကျောက်စာမျက်နှာ/ ၂၂။ **စာရင်း** ၁၁၃၇/၄၂။ **ဇင်းမယ်နိုင်** အပိုဒ်၅၂) ရယ်လို့လည်း ဒီနေရာကို ခေါ်ပါသေးတယ်။ အခမ့်ခေါ်ကတော့ **ခေမရဋ္ဌ ဇယဇောတိတုံကရပူ (ရှမ်းနဲ့ အထက်ဂေဇက်၊** ဒု၊၁၊ စာမျက်နှာ ၃၇၅) ဖြစ်တယ်။ ဒီအမည်မှာ **တုံက၊** တစ်ခါတစ်လေ **တုန်င်က (မြန်မာသုတေသနဂျာနယ်၊** ၂၇၊ ၂၊စာမျက်နှာ၉၁) ဆိုတာကတော့ ဒီနေရာမှာ လဝတွေ မရောက်ခင် အဦးဆုံး လာနေသွားတဲ့ တရုတ်ရသေ့ရဲ့ အမည်ပဲတဲ့။ ကျိုင်းတုံဆိုတာ အဲဒီတုံရဲ့ နေရာ၊ တုံခရိုင်လို့ အဓိပ္ပာယ်ပေါက်ပါတယ်။ ကျိုင်းကိုလည်း သူတို့လူမျိုး အသံထွက်က "ဇိန်း" ဖြစ်တယ်။ အဲဒီကျိုင်းတုံခေါ် တုံခရိုင်ဟာ သံလွင်မြစ်နဲ့မဲခေါင်မြစ်ကြားက နယ်ဖြစ်တယ်။ ၂၀ ၃၀'က ၂၂ မြောက်လတ္တီတွဒ် ၉၈ ၃၀'၊ ၁၀၁ ၁၅'ရှေ့လောင်ဂျီတွဒ် အတွင်းမှာရှိတယ်။ သာလွန်မင်းလက်ထက် အမှတ်အသား (အေဒီ၁၆၃၅၊ ခရစ်နှစ် ၉၉၇ စစ်တမ်း) ကတော့

> "ဂုံမြို့နယ်ကား အရှေ့ကိုလားသော် **ကျောက်ကသည်း** မြေနှင့်အစပ်။ တောင်ကိုလားသော် ပင်လယ်၊ အနောက်ကိုလားသော် ဆင်တသန့်ရှင် တည်သော လင်းဇင်းမြေနှင့် ကျောခိုင်း။ မြောက်ကို လားသော် လူး ၁၂ ဖနားနှင့် ကျောခိုင်း၊ ၎င်းအတွင်း မြို့ပေါင်း၆၀၊ ရွာကြီး ၆၀၊ ရွာငယ် ၆၀၀(စမ်၄၈)..."

လို့တွေ့ရပါတယ်။ အရေအတွက် ၆၀ တွေ ၆၀၀ တွေကတော့ ယုံရမယ်မထင်ဘူး။ ဘာပြုလို့လဲဆိုတော့ မြို့၃၂ အိမ်ခြေ ၁၇၀၄ လို့ပြတဲ့ စာရင်းတစ်မျိုး တွေ့ရပြီး အဲဒီ ၂ မြို့က အင်္ဂလိပ်မင်းတက်စက စစ်ဆေးတဲ့အခါ အရေအတွက် ၃၂တော့ ရသေးတယ်လို့ တွေ့ရပါတယ်။

**ကျိုင်းတုံ ၃၂ မြို့ (သျှမ်းကိုး၊** အမျိုးသားစာကြည့်၊ ကင်း၊ ပု/၄၅၂။ **ရှမ်းနဲ့ အထက်ဂေဇက်၊** ဒု၊ ၁၊ ၃၇၄-၅)

| | | |
|---|---|---|
| ၁။ | မိုင်းပျည် | (အိမ် ၂၀၀) |
| ၂။ | မိုင်းခါး | (၄၀) |
| ၃။ | မိုင်းဘူး | (၁၀၀) |
| ၄။ | မိုင်းမိုင်း | (၅၀) |
| ၅။ | မိုင်းလိတ် | (၂၀) |

| | | |
|---|---|---|
| ၆။ | မိုင်းဆင် | (၅၀) |
| ၇။ | မိုင်းပန် | (၃၀) |
| ၈။ | မိုင်းကာ | (၁၀) |
| ၉။ | မိုင်းလင်း | (၁၀) |
| ၁၀။ | မိုင်းတုံ | (၁၅) |
| ၁၁။ | မိုင်းမင်း | (၇) |
| ၁၂။ | မိုင်းဘီ | (၁၀) |
| ၁၃။ | မိုင်းအုန်း | (၁၂) |
| ၁၄။ | မိုင်းဆင် | (၂၀) |
| ၁၅။ | မိုင်းအင်း | (၂၀) |
| ၁၆။ | မိုင်းငင် | (၈) |
| ၁၇။ | မိုင်းခွန် | (၃၀) |
| ၁၈။ | မိုင်းပုံ | (၂၀) |
| ၁၉။ | မိုင်းစည် | (၃၀) |
| ၂၀။ | မိုင်းလတ် | (၄၀) |
| ၂၁။ | မိုင်းကွီ | (၃) |
| ၂၂။ | မိုင်းခတ် | (၁၀) |
| ၂၃။ | မိုင်းလင်း | (၅၀) |
| ၂၄။ | မိုင်းဝက် | (၄၀) |
| ၂၅။ | မိုင်းရုံ | (၄၀) |
| ၂၆။ | မိုင်းလယ် | (၄) |
| ၂၇။ | မိုင်းငွန် | (၁၅) |
| ၂၈။ | မိုင်းညှင်း | (၅၀၀) |
| ၂၉။ | မိုင်းလွေ | (၁၀၀) |
| ၃၀။ | မိုင်းခက် | (၁၆၀) |
| ၃၁။ | မိုင်းကာ | (၅၀) |
| ၃၂။ | မိုင်းခါး | (၅၀) |
| | ပေါင်း အိမ်ခြေ | ၁၇၀၄ |

အဲဒီစာရင်းထဲမှာ ကျိုင်းတုံမြို့နဲ့ အိမ်ခြေမပါလို့ ဟိုအရင် အနှစ် တစ်ရာကျော်က ကျိုင်းတုံရဲ့ လူနေအကျယ်အဝန်းကို မသိနိုင်ဘူး။ သိပ်တော့ မများ နိုင်ပါဘူး။ ကျိုင်းတုံမြို့မှာ ၅၅၀၈ ယောက်၊ နယ်တစ်ခုလုံး ၁၂၀၀၀ စတုရန်း မိုင်အတွင်းမှာ လူနေ ၂၂၅၈၉၄ ရှိတယ်လို့ ၁၉၄၄ ခု က ဆိုတယ် (**မြန်မာ လက်စွဲ၊** ဆင်မလား၊ ၁၉၄၄၊ စာမျက်နှာ ၁၇၊ ၈၅)။ အင်္ဂလိပ်မင်း တက်စက ရှမ်း ၁၀၀၀၀၀၊ တောင်ပေါ်သား ၅၀၀၀၊ နှစ်ရပ်ပေါင်း ၁၅၀၀၀၀လို့ ဆိုတယ် (**ရှမ်းနဲ့အထက် ဂေဇက်၊** ဒု၊၁၊ ၄၁၆)။ အဲဒါက မှန်းခြေ၊ နောက် ၁၈၉၇–၈မှာ စာရင်းယူခိုင်းတော့၊ အဝှမ်းမြေနိမ့်နေသူ လူ ၁၁၆၀၀၀၊ အမြင့် တောင်ကုန်းနေ

လူ ၅၆၅၆၀၊ နှစ်ရပ်ပေါင်း ၁၇၂၅၆၀ (**ဂေဇက်** ဒု၊ ၁၊ ၄၁၆၊ ၄၁၈) လို့ ဆိုပြန်တယ်။ ပြီးတော့ ၁၃၃၄၀၀ က ဗုဒ္ဓဘာသာဝင်၊ ၃၉၁၆၀ က နတ်ကိုးတယ်လို့ သိရတယ် (**ဂေဇက်၊** ဒု၊ ၁၊ ၄၂၇)ရနိုင်ပေမယ့် အုပ်ချုပ်စ ပြေပြစ်အောင် လျှော့ပေါ့ရလို့ ငွေ ၂၈၃၅၅ပဲ ရတယ် (**ဂေဇက်**၊ ဒု၊ပ၊၄၂၆)လို့ ဆိုပါတယ်။

ကျိုင်းတုံကို မြန်မာများက **အလံဦးကင်းဖျား(စမ်** ၁၃) လို့လည်း ခေါ်တယ်။ **ကင်းဦးလံဖျား(စမ်** ၄၈၊ ၄၉)လို့လည်းခေါ်တယ်။ မြန်မာ့အလံကို အသိအမှတ်ပြုရာ အရပ်ရဲ့ နယ်ကုန်လို့ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျိုင်းတုံတာ **နိုင်ငံတော်အဝင်** (**မှန်**၊ ဒု၊ ၃၆၃။ မှန်၊ တ၊ ၆၅၊ ၁၁၂)လို့ အသေအချာ ဖော်ပြလေ့ရှိတယ်။

သံလွင် အရှေ့ဘက် မြန်မာကင်းစာရင်း (**ရှမ်းကိုး**၊ ၂၀) ဆိုတာ ရှိတယ်။

**သံလွင်အရှေ့ဘက် ကင်းစာရင်း**

(အေဒီ၁၈၂၇) ကျိုင်းတုံမှ

၁။ ဘယက်ကင်း၊ ၂ ညခရီး၊ လူ ၁၀၀ သေနတ် ၅၀

၂။ မိုင်းဟဲကင်း၊ ၂ ညခရီး၊ လူ ၅၀ သေနတ် ၂၅

၃။ ဝင်းလုဝင်ကပ်ကင်း၊ ၃ ညခရီး၊ လူ ၂၀၀ သေနတ် ၁၀၀

၄။ မိုင်းဘတ်ကင်း၊ ၃ ညခရီး၊ လူ ၂၀၀ သေနတ် ၁၀၀

၅။ မိုင်းချစ်ကင်း၊ ၄ ညခရီး၊ လူ ၅၀ သေနတ် ၂၅

၆။ ချည်လိပ်၊ ၈ ညခရီး၊ လူ၅၀ သေနတ် ၂၅

၇။ ကျိုင်းသေသည်၊ ၈ ညခရီး၊ လူ ၅၀ သေနတ် ၂၅

ပေါင်း လူ ၇၀၀၊ သေနတ် ၃၅၀

ဒီကင်းတွေကို **လမ်းပေါက်လမ်းဝ** ခရီးလမ်းဆုံရှိတဲ့ အရပ်တွေမှာချထားမြဲ ဖြစ်တယ်လို့ယူဆနိုင်တယ်။ ကျိုင်းတုံမြို့ပေါ်မှာချထားတဲ့မြန်မာနယ် စောင့်တပ်ဟာ လမ်းပေါက်လမ်းပေါက်ဝ အစောင့်တပ်တွေထက် ပိုပြီးများမယ်လို့ ဆိုရမယ်။ ပြည်မြို့အောက် ဒလ၊ သံလျင် စတဲ့နေရာတွေက ကျိုင်းတုံကင်းအတွက် ၁၈၅၀ပြည့်က တပ်သား ၁၀၀၀ စုဆောင်းရတယ်လို့ (**ကုန်း**၊ ၁၂၇၁။ **ကုန်း**၊ တ၊ ၈၄) တွေ့ရတယ်။ ဆိုလိုတာက ကျိုင်းတုံကင်းမှာ လူ ၁၀၀၀ ရှိမယ်ပေါ့။ ရှမ်းနယ်ပယ်အစုံမှာ မြန်မာကင်း လူ ၁၀၀၀၀ ရှိတယ်။ ဒေါက်တာ ဒီရစ်ချပ်ဆန်က ၈၊ ၃၊ ၁၈၃၇ ခုနှစ်မှာ မိုးနဲတပ်ရုံးနာခံကို မေးလို့ သိခဲ့ရပါတယ်တဲ့။ (**ပါလီမန်စာတန်း**၊ ၁၀၊ ၈၊ ၁၈၆၉၊ စာမျက်နှာ ၁၂၅)။ မြို့ပေါ်မှာ စစ်ကဲ နှစ်ကွပ်ကဲတဲ့ တပ်ကိုထားပါတယ် (**ကုန်း**၊ ၃၅၉။ **ကုန်း**၊ ပ၊ ၃၆၂)။ လိုအပ်တဲ့ အခါ ရာဇဌာနီက လိုသလောက် အလျင်အမြန် နောက်ထပ် အားဖြည့်ပေးပါတယ်။ ဥပမာ ကျိုင်းတုံကို တရုတ်က ဝင်ရောက်ပြီး ၁၇၆၅ ခုမှာ တိုက်တော့ စော်ဘွား မောင်ဆာဟာ မြန်မာမင်းထံ ရောက်နေတုံးမို့ စစ်ကဲရွှေတောင်တက်ကပဲ မြို့ကို ကွပ်ကဲပြီး ခုခံရတယ်။ မြန်မာဘုရင်က ဆင် ၂၀၀၊ မြင်း ၂၀၀၀၊ လူ ၂၀၀၀၀ ကို လက်ဝဲဝင်းမှူး နေမျိုးစည်သူကို အမှူး၊ ဥဒိန်ပုညနဲ့ စံလှကြီးတို့ကို အကဲခန့်ပြီး တပ်ပေါင်း ၁၁ တပ်ပို့ ပေးလို့ ရန်သူကို ကောင်းစွာ နိုင်လိုက်တယ်လို့ သိရတယ် (**ကုန်း**၊ ၄၂၈-၃၀၊ **ကုန်း**၊ ပ၊ ၄၃၁)။

သံလွင်မြစ် အရှေ့ဘက်မှာ ၅၇ ခရိုင် ရှိတယ်။ အဲဒီနေရာတွေကို ငြိမ်ဝပ်အောင် ၁၇၈၇ ခုက မြင်း ၄၀၀၀၊ လူ ၄၅၀၀၀ ပါတဲ့ တပ်ဖွဲ့တပ်ကို ဝန်ကြီး မဟာဇေယသူရကို အမှူး၊ နေမျိုးကျော်ထင် သခ်ယာနဲ့ နေမျိုးကျော်ထင်တို့ကို အကဲခန့်ပြီး လွှတ်ရတယ်လို့လည်း တွေ့ရဖူးတယ်။ (**ကုန်း**၊၆၂၃–၄။ **ကုန်း**၊ ဒ၊ ၄၉–၅၀)။ ဒီလိုပဲ ၁၈၄၄ ခု (**ကုန်း**၊ ၁၂၃၁။ **ကုန်း**၊ တ၊ ၄၂–၃)က တစ်ကြိမ်၊ ၁၈၅၃ ခု(**ကုန်း**၊ ၁၃၄၀။ **ကုန်** တ၊ ၁၅၃–၄)က တစ်ကြိမ်၊ ၁၈၅၄ ခု (**ကုန်း**၊ ၁၃၇၂။ **ကုန်း**၊ တ၊ ၁၉၇)က တစ်ကြိမ် စေလွှတ်ရသေးတယ်လို့လည်း သိရတယ်။ ဒါပေမဲ့ မတော်တဆ ပုန်စားပုန်ကန်ပြုတဲ့အထဲမှာ စော်ဘွားကိုယ်တိုင် ပါဝင်နေရင်ခက်မယ်။ ဘာပြုလို့လဲဆိုတော့ မြို့ပေါ်မှာ မြန်မာတပ် ၁၀၀၀၊ စော်ဘွားက ၂၅၀၀ အထိ လူစုလို့ ရနိုင်တယ်တဲ့ (သျှမ်းကိုး၊ ၆) ဒီတော့ ရှမ်းနယ်တွေမှာ ဆူပူတယ်လို့ ရာဇဋ္ဌာနီက သတင်း မရခင်မှာပဲ မြန်မာတပ်တွေဟာ အရေးရှုံးပြီးဖြစ်သွားနိုင်တယ်။ သီပေါမင်းကို ၁၈၈၂ ခုမှာ ကျိုင်းတုံ စော်ဘွားစဝ်ကွန်တိုင် ခြားနားတဲ့အခါ ဒီအတိုင်းပဲ ဖြစ်သွားတာကို တွေ့ရပါတယ်။

> "...ပုန်ကန်ကြတဲ့အထဲမှာ ကျိုင်းတုံစော်ဘွားက အစဖြစ်တယ်...မြို့ပေါ်နေ မြန်မာ အရာရှိ၊ နောက်လိုက်ငယ်သားနဲ့ အစောင့်တပ်သား အများပဲအသတ်ခံကြရ တယ်... ကျိုင်းတုံရဲ့ နမူနာအောင်ပွဲကိုတွေ့တော့ (မိုးနဲစော်ဘွားလည်း) သူ့မြို့က မြန်မာအစောင့်တပ်ကို သုတ်သင်လိုက်ပါတယ်။ (ဂဇက်၊ ပ၊ ၁၊ ၂၉၁–၂။ မိုးနဲက ၁၆၁၄ ခု၊ ၁၆၂၁ ခုနှစ်များကလည်း ပုန်ကန်ပြီး အခု ၁၈၈၁–၂ ခုနှစ်မှာလိုပဲ ကျိုင်းတုံစော်ဘွားနဲ့ သွားပေါင်းပါတယ်၊ **မှန်**၊ တ၊ ၁၈၃၊ ၁၈၈။ **ကုန်း**၊ တ၊ ၆၁၀၊ ၆၁၇။ **လွှတ်တော်မှတ်**၊ နံပါတ် ၈၊ ၁၄၊ ၁၅)"

ဒီလို ကျိုင်းတုံစော်ဘွားခြားနားတာကို **ကုန်းဘောင်ရာဇဝင်**မှာ မှတ်သား မသွား ဘူး။ မြန်မာစာရေးကြီးနဲ့ ကျိုင်းတုံစော်ဘွားတို့ဟာ ၁၈၈၁ ဖေဖော်ဝါရီလထဲမှာ သဘော ကွဲလွဲကြတယ်လို့ပဲ သာမည ရေးထားတယ် **ကုန်း**၊ ၁၅၅၉)။ အဲဒါလောက်ကို ၁၉၀၅ ခုနှစ် ပုံနှိပ်တဲ့ စာအုပ်မှာသာပါတယ်။ ၁၉၂၃ ခုနှစ် စာအုပ်ကျတော့ ဖြုတ်ပစ်ခဲ့သေးတယ်။ ဒါပေမဲ့ မိုးနဲပုန်ကန်တာတော့ပါတယ်။

> "... မိုးနဲစော်ဘွားသည် (၁၈၈၁ ခု စက်တင်ဘာလတွင်) မိုးနဲမြို့က လက်နက်ကိုင် လူ၊ မိုင်းနောင်မြို့က လက်နက်ကိုင် လူနှစ်ထောင် ကျော် သုံးထောင်တို့နှင့် ရုတ်တရက် စုရုံးတိုက်ခိုက် ဝန်းဝိုင်း ဖမ်းဆီးပြီးလျှင် ... အမှုထမ်းလူလေးရာကျော် တို့ကို သတ်ဖြတ်လေသည်။" (**ကုန်း**၊ ၁၅၅၀။ **ကုန်း**၊ တ ၆၁၄)

အဲဒါမျိုးတွေကို ရှာပြီးပြရတာတော့ ဆက်ဆံရေး မပြေပြစ်တဲ့အခါ နှစ်ဖက်စလုံး မကောင်းဘူးဆိုတာ အထောက်အထားနဲ့ သိကြရပြီး ရှေ့အရှည် ပြေပြစ်ဖို့ လုံ့လ ထုတ်စေ ဖို့ပါပဲ။ ပြေပြစ်ခဲ့တာတွေလည်း သာဓကပြလိုပါတယ်။ မြန်မာတို့မှာ ရန်သူပေါ်ရင် ကျိုင်းတုံစော်ဘွားဟာ ကူညီဖို့ တပ်သားစုပြီးပေးလေ့ရှိပါတယ်။ ဘုရင့်နောင်က ဇင်းမယ်ကို ၁၅၄၆ ခုမှာချီတက်တော့ ကျိုင်းတုံက ဆင် ၁၀၀၊ မြင်း ၁၀၀၀၊ လူ ၁၀၀၀၀ ပါတယ် (**မှန်**၊ ဒ၊ ၃၈၂–၃) ။ ယိုးဒယားကို ၁၅၆၈ ခုနှစ်မှာ သွားတိုက်တော့ စောစောက အင်အားအတိုင်းပဲ ကျိုင်းတုံက ပေးပြန်တယ် (**မှန်**၊ ဒ၊ ၄၂၁)။ သီဟိုဠ်မင်း ဓမ္မပါလကို ၁၅၇၆ ခုနှစ်မှာ မြန်မာက စစ်ကူပို့တော့ ကျိုင်းတုံက လူ ၁၀၀ ပါတယ် (**မှန်**၊ တ၊ ၃၇။ **စူဠဝင်**၊ ကိုလံဘို၊ အစိုးရ

ပုံနှိပ်၊ ၁၉၅၃၊ စာမျက်နှာ၂၂၄၊ ၂၂၇၊ ၂၂၉၊ ဟာဗေး၊ **မြန်မာရာဇဝင်**၊ လန်ဒန်၊ လောင်းမင်းပုံနှိပ်၊ ၁၉၂၆၊ ၁၇၃-၄) လို့သိရပါတယ်။ ယိုးဒယားကို ၁၇၈၅ခုနှစ်က ချီတက်တိုက်ခိုက်တဲ့အခါမှာလည်း ကျိုင်းတုံ တပ်တွေပါကြပါတယ် (**ကုန်း**၊ ၅၉၅။ **ကုန်း**၊ ဒု၊ ၂၂)။ ဒါပေမဲ့ ရှမ်းမြန်မာတို့ ၁၇၉၀၊ ၁၈၁၆၊ ၁၈၂၀ နဲ့ ၁၈၂၇ ခုနှစ်များမှာ တွေ့ဆုံဆွေးနွေးပြီး သဘောတူကြတာကတော့ ရှမ်းတပ်သားဟာ(၁) "အဝေးထမ်း" ဆိုပြီး ရှမ်းနယ်ပယ်လွန်တဲ့အထိလိုက်ပြီး ကူညီတာရယ် (၂) "အနီးထမ်း"ဆိုပြီး ကိုယ့်နယ်ပယ်တွင်းက အရေးအခင်းသာ လိုက်ကူညီတာရယ်လို့ အမျိုးအစား ခွဲတယ် (**သျှမ်းကိုး**၊ ၃-၆)။ ပြီးတော့ သံလွင် အရှေ့ဘက်ဒေသတွေက လူတွေဟာ "အဝေးထမ်း" မလိုက်ရလို့ သတ်မှတ်ပြီး ဖြစ်ပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၃၂)။ ဒါ့ကြောင့် သံလွင် အနောက်က အဝေးထမ်း လူ ၆၅၅၀၊ အနီးထမ်း လူ ၁၃၁၀၀ ပေးမယ်၊ သံလွင်အရှေ့က အနီးထမ်းသူ ၆၃၀၀ ပဲပေးမယ်၊ အဲဒီအထဲမှာ လူ ၂၅၀၀ဟာ ကျိုင်းတုံရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ (လိုရင် လက်နက်ကိုင် ၅၀၀၀ အထိ ကျိုင်းတုံက ပေးဖို့ရှိပါတယ် (**ဂေဇက်**၊ ဒု၊၁၊ ၄၃၂)။ လက်နက်ကိုင်ပေးတယ်ဆိုတာ လူစေ့ သေနတ်ကိုင် မပေးနိုင်ပါ၊ လူတစ်ဝက်ပဲ သေနတ်ရမယ်။ သေနတ်ကိုင် လူတစ်ယောက်အတွက်အသုံးငွေ ၅ဝိ' ယမ်းချိ ၁၊ ခဲလုံး၁၊ မီးခတ်၄ ယူခဲ့ရမြဲဖြစ်ပါတယ်။

မြန်မာတို့နဲ့ ဆက်ဆံရာမှာ အဆင်ပြေအောင်လို့ စော်ဘွားရဲ့ ညီ၊ တူ၊ သား၊ သမီးတွေကို ရာဇဌာနီဆိုတဲ့ မြန်မာနန်းမြို့ကိုပဲ ဖြစ်ဖြစ်၊ မြန်မာနယ်ထဲမှာပဲဖြစ်ဖြစ် ပို့လွှတ်ထားလေ့ ရှိပါတယ်။ စဝ်ကွန်တိုင်နဲ့ ငယ်သား ငါးဆယ်ဟာ ၁၇၅၆ ခုနှစ်က ကျင်သီနယ်မှာနေတယ် (**ကုန်း**၊ ၂၇၆)။ အဖ စဝ်မောင်ဆာမ် ဆုံးတဲ့ ၁၇၈၇ ခုနှစ်ကျမှ အဖ အရိုက်အရာကို ဆက်ခံဖို့ ကျိုင်းတုံကို ပြန်ပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၇) မြန်မာနန်းမှာ စဝ်ဆဲန်ကို ၁၈၃၄ခုက စေလွှတ်ထားခဲ့တယ် (**ကုန်း** ၁၂၅၂။ **ကုန်း**၊ တ၊ ၁၆၅)။ ဒီလို မြန်မာနဲ့လာပြီး နီးကပ်အောင်နေတော့ နောင်ဒီစော်ဘွားရဲ့သားဟာ သူကိုယ်တိုင် စော်ဘွား ဖြစ်လာတော့ မြန်မာအကြောင်းကို သိရှိသူမို့ အစစဆက်ဆံရေး ပြေပြစ်လို့ ဒီအစီအစဉ်ဟာ အင်မတန် သင့်မြတ်တယ်လို့ ယူဆပါတယ်။ အင်္ဂလိပ်မင်းလက်ထက်ကျတော့ ဒီနမူနာကို ယူပြီး ဘိလတ်လွှတ်ထားဖို့ တိုက်တွန်းပါတယ် (**ဂေဇက်**၊ပ၊၁၊၂၈၁)။ "သမီးကညာဆက်" ဆိုတာကိုလည်း ပဒေသရာဇ်ခေတ်ရဲ့ နိုင်ငံရေးသဘော၊ ဆက်ဆံရေး အစီအမံတစ်ခုပဲ ဖြစ်တယ်လို့ ယူဆရမယ်။ မင်းက အထူးအရေးပေးတဲ့ မင်းတုန်းမင်းရဲ့ မိုးနဲ့မိဖုရားကို စံပြုရမယ် (**ဂေဇက်**၊ပ၊ ၂၈၉)။ ကျိုင်းတုံက သမီးကညာနဲ့ ပတ်သတ်ပြီး ဝတ္ထုနှစ်ပုဒ် ပြောကျန်ရစ်ပါတယ်။ ပထမဝတ္ထုက မင်းရဲဒိဗ္ဗဟာ ၁၆၂၉ ခုနှစ်က ခမည်းတော် အနောက်ဘက်လွန်မင်းကို လုပ်ကြံတာဟာ ကျိုင်းတုံ မင်းသမီး နှင်းခန်းပေါ်နဲ့ ချစ်ခင်ကြတာကို မင်းကြီးက မလိုက်လျောလို့ ဖြစ်တယ် (**မှန်**၊ တ၊ ၁၉၁)။ နောက်ဝတ္ထုကတော့ ၁၇၀၉ ခုနှစ်မှာ ကျိုင်းတုံ စော်ဘွား စဝ်ဆမ်ဖီက သမီးကညာ မဆက်လို့ မြန်မာမင်းနဲ့ မသင့်မတင့် ဖြစ်ရတယ် (**မှန်**၊ တ၊ ၃၄၉)။ မြန်မာမင်းကလည်း ကျိုင်းတုံ စော်ဘွားဆီကို သမီးကညာ ပေးပို့ပါ တယ်။ မင်းတုန်းမင်းက နှမတော် ရတနာဒေဝီကို ကျိုင်းတုံစော်ဘွား စဝ်ဆိုင်ထံ ၁၈၅၃ ခုနှစ်မှာ ပို့ပေးတယ်လို့ ဆိုပါတယ်။

ကျိုင်းတုံက မြန်မာမင်းကို အခွန်ငွေ ဆက်ရတယ်လို့ အလေ့အလာ မရှိပါ။ (**ဂေဇက်**၊ ဒု၊ ၁၊ ၄၃၂) "ဝါကျွတ် ကန်တော့လက်ဆောင်" ဟာပဲ လုံလောက်တယ်။

စော်ဘွားက လက်ဆောင်ပို့တဲ့အခါ မင်းအတွက် တစ်ဖို့၊ အိမ်ရှေ့အတွက် တစ်ဖို့ဆိုပြီး နှစ်ဖို့ ပို့ရမြဲ ဖြစ်တယ်။ ပစ္စည်းကို သံတော်ဦး တင်စာနဲ့အတူ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ငါးရက်အရောက် အရာရှိနှစ်ယောက် ကြပ်မတ်ပြီး ပို့ရတယ် (**လောကဗျူဟာ၊** ၃၉– ၅၀၊ ၂၈၀–၁၀။ **နန်းသုံး ဝေါဟာရ**၊ အပိုဒ် ၆၈)။ အိမ်ရှေ့ပေး အခမ်းအနားမှာလည်း ကျိုင်းတုံက လက်ဆောင် ပို့ရတယ် (**လောက**၊ ၂၃– ၅)။ ကျိုင်းတုံက ၃၀ ဇန်နဝါရီ ၁၈၇၈ ခုနှစ် ရက်စွဲပါ ကန်တော့ဆက် စာကတော့

"...ဘုရားကျွန်တော် ကျိုင်းတုံစော်ဘွား၊ ခေမာရဋ္ဌမဟာသီဟ ပဝရဗြဟ္မသီရိ သုဓမ္မရာဇာနှင့် ဒေါ်ဘယားအမတ်တို့ ရှိခိုး အစီရင်တော်ခံပါသည်။ အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်မင်းကြီး ၄ ပါး၊ ရွှေလွှတ်တော်အရာရှိမင်းတို့ဘုရား။ ။ ဒီဃကာလ ပဝေဏီထုံးစံမပျက်၊ ရှိခိုးကန်တော့ လက်ဆောင်တော် ဆက်သချိန်တိုင် ရောက်ရှိပါသည့်အတိုင်း သုဝဏ္ဏရဇကပုပ္ဖ၊ ရွှေပန်းခိုင်ငွေပန်းခိုင်၊ အသယတိုရ် မင်္ဂလာမြင်း၊ ရွှေကြယ်ငွေကြယ်၊ ရွှေတန်ဆောင် ငွေတန်ဆောင်များကို လုပ်ဆောင် ပြင်ဆင်မြီးလျှင်၊ ကျိုင်းတုံမြို့ အမတ် ဘယားခွန်၊ မြို့ စာရေး သေည်ပန်းအော့ တို့ကို ပေးအပ်ဆက်သပါကြောင်း၊ အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်မင်းကြီး ၄ပါး၊ ရွှေလွှတ်တော် အရာရှိမင်းများက အရှင်ဥယျာဉ် ( ? ဥယျောဂ/အားထုတ်ခြင်း) ခေတ်မပျက်မပြား၊ ဝရဗုဒ္ဓသာသနာ၊ သမဏ၊ ဗြဟ္မဏ၊ စရိယ၊ သတ္တိံ နိကာယ၊ ဂါမဝါသီမြို့နေ၊ ရဟန်းရှင်လူတို့ ငြိမ်းချမ်းသာသနာတော် စည်ပင် ထွန်းလင်း ရှိပါအောင်၊ ရွှေနားတော်သင့် တင်လျှောက် မစတော်မူပါမည့်အကြောင်း၊ ရှိခိုး စီရင် တော်ခံပါသည်၊ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် စစ်သူကြီးမင်း ၄ ပါး ရွှေလွှတ်တော်အရာရှိမင်းတို့ ဘုရား (**လွှတ်မှတ်** ၁၈၁–၂)

လက်ဆောင်စာရင်းထဲမှာပါတဲ့ အသယတိုရ်မြင်းဆိုတာ မြည်းကို ဆိုလိုတာပါပဲ။ မြည်းကောင်ရေ တစ်ဆယ့်ရှစ်ကို ၁၈၅၅ ခုက ဆက်သတယ်လို့ သိရပါတယ် (**ကုန်း**၊ တ၊ ၂၃၀)။

မြန်မာမင်းက လက်ဆောင်ပြန်ရမြဲ ဖြစ်တယ်။ ပြန်ပေးတဲ့ ပစ္စည်းဟာ လက်ခံရရှိတဲ့ ပစ္စည်းထက် ကောင်းရမယ် များရမယ်လို့ ထုံးရှိပါတယ် (**ဂေဇက်**၊ ဒ၊ ၁၊ ၄၃၂)။ အပြန် လက်ဆောင်စာရင်း (၁၈၇၈ ခု၊ လွှတ်မှတ်၊ ၁၄၁) ကတော့

**စော်ဘွားဖို့**

| | |
|---|---|
| ဘဲဘလာပုဆိုး | – ၁ |
| ပုစွန်ထုပ်ခေါင်းပေါင်းအုပ် | – ၁ |
| ခါသာအုပ် | – ၁ |
| သက္ကလပ်နီ အင်္ကျီလက်ကျယ် ဘဲရံရွှေဖျင်ကပ်ချွန်း ၃ ဆင့်ကွပ် | – ၁ |
| ပတ္တမြားတင်လက်စွပ် | – ၁ |
| နီလာတင်လက်စွပ် | – ၁ |
| တဘက် မှန်တောင်ပြည့် | – ၁ |
| နှင်းရည်ဘူး | |

| | |
|---|---|
| နံ့သာဖြူချိန် ၁ အိတ်နှင့် | – ၁ |
| နံ့သာနီချိန် ၁ အိတ်နှင့် | – ၁ |
| ငရုတ်ကောင်းချိန် ၁ အိတ်နှင့် | – ၁ |
| သကြားချိန် ၁ အိတ်နှင့် | – ၁ |
| မုတ်ချိန် ၁ အိတ်နှင့် | – ၁ |
| ပေါင်း | ၁၃ |

**မဟာဒေဝီဖို့**

| | |
|---|---|
| ဘဲထဘီအနားစုံ | – ၁ |
| ဘဲဘလာအနားစုံ | – ၁ |
| ပုစွန်ထုပ်ခေါင်းပေါင်းအုပ် | – ၁ |
| ခါသာအုပ် | – ၁ |
| တဘက်ဖြူ ပေါက်ပေါက်ဖြိုး | – ၁ |
| တဘက် မှန်တောင်ပြည့် | – ၁ |
| ထုံသင်းထုပ် | – ၁ |
| နှင်းရည်ဘူး | – ၁ |
| နံ့သာဖြူချိန် ၅၀ အိတ်နှင့် | – ၁ |
| နံ့သာနီချိန် ၅၀ အိတ်နှင့် | – ၁ |
| ရှိန်းခိုချိန် ၅၀ အိတ်နှင့် | – ၁ |
| မုတ်ချိန် ၅၀ အိတ်နှင့် | – ၁ |
| ငရုတ်ကောင်းချိန် ၅၀ အိတ်နှင့် | – ၁ |
| သကြားချိန် ၅၀ အိတ်နှင့် | – ၁ |
| ပေါင်း | ၁၄ |

**အမတ် ၄ အတွက်**

| | |
|---|---|
| ပိုးဘလာပုဆိုး | – ၄ |
| ခါသာအုပ် | – ၄ |
| နှင်းရည်ဘူး | – ၄ |
| နံ့သာဖြူချိန် ၁ အိတ်နှင့် | – ၁ |
| နံ့သာနီချိန် ၁ အိတ်နှင့် | – ၁ |
| ရှိန်းခိုချိန် ၁ အိတ်နှင့် | – ၁ |
| ငရုတ်ကောင်းချိန် ၁ အိတ်နှင့် | – ၁ |
| သကြားချိန် ၁ အိတ်နှင့် | – ၁ |
| မုတ်ချိန် ၁ အိတ်နှင့် | – ၁ |
| ပေါင်း | ၁၈ |

ဒီလက်ဆောင်တွေကို လက်ခံယူတဲ့လူဟာ ရာဇဒွာနီဘက်ကို ဦးညွှတ်ပြီးမှ ယူရတယ်။ စော်ဘွား မဟာခနန်က အမရပူရကို ၁၈၁၃ ခုနှစ်က ဆင် တစ်ဆယ့်နှစ်စီး လက်ဆောင်အဖြစ် ဆက်သဖူးပါတယ် (**ဂဇက်**၊ ૩၊ ၁၊ ၄၀၇)။ ဒါပေမဲ့ ထုံးစံကိုပြောရရင် မြန်မာမင်းကသာ ကျိုင်းထုံစော်ဘွားကို ဆင်ပေးလေ့ရှိပါတယ် (**ဂဇက်**၊ ૩၊ ၁၊ ၄၀၅)။

ကျိုင်းတုံက တရုတ်ကို တစ်ကြိမ်တစ်ခါမျှသာ လက်ဆောင်ပို့ဆက်ဖူးတယ်လို့ တွေ့ရတယ်။ စဝ်ယီခမ်ခဟာ ၁၄၁၆ ခုနှစ်က ပို့ပေးပါတယ် (**ဂဇက်**၊ ૩၊ ၁၊ ၄၀၃)။ နောက်တစ်ခါ ၁၆၄၈ ခုမှာ ပို့ဆက်ပါတယ်လို့ တရုတ်က တောင်းပြန်တဲ့အခါ စဝ်အုန်က ငြင်းဆိုတဲ့အပြင် ဒီကိစ္စကို မြန်မာမင်းဆီ အရေးယူဖို့ အကြောင်းကြားပါတယ် (**မှန်**၊ တ၊ ၂၅၉)။

မြန်မာနဲ့ဆက်ဆံရေးမှာ တခြားဆန်းကျယ်တဲ့အချက်ကတော့ မြန်မာမင်း နတ်ရွာစံပြီးတဲ့အခါ တိုင်းနေပြည်သူတို့ အထိတ်အလန့်မရှိစေရလို့ အမိန့်စာများပို့စေရတယ်။ ကျိုင်းတုံနဲ့ ကျိုင်းရုံးကြီးကို မပို့ပါဘူး (**လောက** ၅၇)။ ဒါပေမဲ့ ထီးမွေကို မည်သည့် သားတော်က ဆက်ခံပြီးပြီ၊ သစ္စာတော်ပေးစေလိုတော့ အကြောင်းကြားစာပို့ပါတယ် (**လောက** ၆၀)။

စော်ဘွားဟောင်း ကွယ်လွန်လို့ စော်ဘွားသစ် ခန့်ထားတဲ့အခါမှာတော့ လုပ်နည်းလုပ်ဟန်တွေဟာ ရှမ်းနယ်အားလုံးမှာတူပါတယ်။ စဝ်မဟာခနန် ကွယ်လွန်တဲ့အခါ (၁၈၅၉ ခုနှစ်) မဟာဒေဝီနဲ့ ကျမိုင်းက မြန်မာမင်းဆီမှာလာပြီး စော်ဘွားပစ္စည်း အခမ်းအနားကို အပ်ပါတယ်။ အဲဒါကို "အမွေသွင်း"လို့ ခေါ်ပါတယ် (**လောက** ၁၇၅)။ မြန်မာမင်းက သင်္ဂြိုဟ်ရန် "အကူတော်" ပို့ရပါတယ်။ ပစ္စည်းများကတော့

| | |
|---|---|
| ခါသာအုပ် | ၁၀ |
| ဖျင် | ၂၀ |
| ပုဆိုးဖြူ | ၁၀ |
| နီပါးထည် | ၅ |
| ရွှေဆိုင်း | ၈ |

အိမ်ရှေ့မင်းရဲ့"အကူတော်"က

| | |
|---|---|
| ခါသာအုပ် | ၅ |
| ဖျင် | ၁၀ |
| ပုဆိုး | ၁၀ |
| နီပါးထည် | ၅ |
| ရွှေဆိုင်း | ၄ |

ဖြစ်ပါတယ်။ သင်္ဂြိုလ်ပုံကတော့ ထုံးစံရှိရာ သင်္ဂြိုလ်ရပါတယ်။ စနေမင်း (၁၆၉၈–၁၇၁၄) လက်ထက်ကစပြီး သင်္ဂြိုဟ်ပြီးမှ လွန်ကြောင်း၊ အမွေကို ဆက်ကြောင်း သံတော်ဦးတင်စာပို့ပါတယ် (**လောက** ၂၈၄)။ စော်ဘွားသစ် မေ့သွားတဲ့အခါ "မြို့အပ်"အမိန့်စာကို အရင်ပေးပါတယ်(**လောက** ၁၇၂)။ ကုန်းဘောင်ခေတ်မှာတော့ "စော်ဘွားခန့်"လို့ပဲ ခေါ်ပါတယ် (**လွှတ်မှတ်**၊ အေဒီ ၁၈၈၀၊ ၂၂)။ ပြီးတော့မှ "သစ္စာပေး" (**လွှတ်မှတ်** ၂၃–၅)။

(**လောက** ၁၇၄)။"အဆောင်အယောင်ပေး" (**လောက** ၁၇၇)။"ဘွဲ့ပေး"(**ကုန်း** ၁၁၄၃-၄၊ ၁၃၅၂၊ ၁၆၆၆။ **ကုန်း၊** တ၊ ၁၆၅၊ ၇၅၈)ဆိုတာတွေ ပြုလုပ်ပါတယ်။ ဘွဲ့တွေဟာ ရှည်လျားပြီး အဓိပ္ပာယ်ကြီးကျယ်လှပါတယ်။ ဥပမာ ၁၈၉၆ခုနှစ်မှာ စော်ဘွားဖြစ်တဲ့ ကျိုင်းတုံစော်ဘွား စဝ်ကွန်ကျောက်အင်တလိုင်ရဲ့ဘွဲ့ဟာ "ဇောတိဇေဋ္ဌပရမဒိပဒိန္ဒဘောပိတ္တ မဟာရတနဇောတိ သိရိသုဓမ္မ ပဝရဇယ သီဟဠခေမ မဏိပဝရ ဘူမိန္ဒနရိန္ဒခေမာဓိပတိရာဇာဒိရာဇ" ဖြစ်ပါတယ်။ အဆောင်အယောင်ခင်းကျင်းတဲ့နေရာမှာ တခြားစော်ဘွားတွေထက် ကျိုင်းတုံ၊ ကျိုင်းရုံက ပိုပါတယ်။

> ခေမာရဋ္ဌတိုင်း ခုန်ပြည်၊ ကျိုင်းတုံမြို့၊ ဇောတိနဂရတိုင်းဝယ် ကျိုင်းရုံးမြို့မှာ ရေးအစဉ်အဆက်ဆက်၍ နန်းအိမ်ဦးတွင် ရာဇပလ္လင်တည်သည်။ ထီးဖြူ ၄ စင်း ဆောင်ကြဉ်းသည်။ ယပ်မား သံလျှက်ကျင်းသည်။ (**လောက** ၂၂၄)။

လို့ တွေ့ရပါတယ်။ အမှန်သဘောက အိမ်ရှေ့မင်းကိုတောင် ထီးဖြူပေးရိုး မရှိပါဘူး (**လောက** ၂၂၃)။

ကျိုင်းတုံ မြန်မာ ဆက်ဆံရေးမှာ နောက်တစ်ချက် ထူးခြားတာ ရှိပါသေးတယ်။ ကျိုင်းတုံဟာ တစ်ဖက်က ယိုးဒယားနဲ့ နယ်နိမိတ်ချင်းယှက်တင်နေလို့ ယိုးဒယားဘက်က သာသနာပြုအရောက်အပေါက်များတယ်။ အဲဒါကို မြန်မာတို့က ကာကွယ်လိုတဲ့အတွက် မြန်မာမင်းတွေဟာ ကျိုင်းတုံကို သာသနာပြု စေလွှတ်လေ့ ရှိပါတယ်။ ကျိုင်းတုံရာဇဝင်အရ စဝ်ယီခမ်ခ (၁၄၁၀-၁၆) လက်ထက် ကျိုင်းတုံကို ယိုးဒယားဘက်က စတင်သာသနာပြုတယ်လို့ သိရပါတယ်။ တဝ်ခပ်ဖု (ဘယားကျောက် ယော့ဖနရိန္ဒ) ဟာ မြန်မာမင်းဆီကို ၁၅၅၉ ခုနှစ်က ရောက်လာတော့ ပိဋကတ်သုံးပုံ တစ်စုံပေးအပ်ခြင်းခံရတယ်လို့လည်း တွေ့ပါတယ်။ နောက်ထပ်ပိဋကတ်သုံးပုံကို ၁၅၈၀ပြည့်နှစ်မှာ ပေးပို့သေးတယ်လို့လည်း သိရပါတယ် (**မှန်**၊ တ၊ ၅၉)။ ပဒုံမင်းက ၁၇၈၃ ခုနှစ်မှာ ကျိုင်းတုံမှာ ဘုရားတည်စေတယ် (**ကုန်း**၊ ၅၆၇)။ ပြီးတော့ သိရိသဒ္ဓမ္မဝဇ မဟာရာဇဂုရု မဟာထေရ်နဲ့ ခေသရံဒါးပါးကိုလည်း ၁၇၈၅ ခုနှစ်မှာ ကျိုင်းတုံကို သာသနာပြု စေလွှတ်ဖူးပါတယ်(**ကုန်း၊** ၅၉၂။ **ကုန်း၊** ၃၊ ၂၀)။ စဝ်မဟာခနန် (၁၈၁၃-၅၈) ကိုယ်တိုင်ကလည်း ၁၈၁၉ ခုနှစ်မှာ ပိဋကတ်သုံးပုံကို ရေးကူးစေတယ်လို့လည်း သိရပါတယ်။ ပြီးတော့ ကျိုင်းတုံမှာ ရှိတဲ့ ဘုရားအဟောင်းအပျက်တွေကို မြန်မာမင်းက စရိတ်ငွေတော် ထုတ်ပေးပြီး ပြင်ဆင်ခိုင်းတယ်လို့ သိရပါတယ် (**သျှမ်းကိုး**)။

အခု ပြောပြီးတာတွေကို နည်းနည်းပြန်ပြီးအကျဉ်းပြောရရင် ကျိုင်းတုံနေရာကို [illegible]ရသေ့ တစ်ပါးကစပြီးနေလာတယ်။ နောက် လဝတွေဟာ အေဒီ တစ်ဆယ်ကနေ [illegible]ဆယ့်နှစ်အထိ ကြီးစိုးနေတယ်။ ဂုံလူမျိုးက တစ်ဆယ့်သုံးရာစုမှာ ဝင်လာပြီး နေတယ်။ အခု စော်ဘွားဆက်ဟာ အေဒီ ၁၂၅၃ ခုနှစ်ကပဲ စတယ်လို့ သိရတယ်။ မြန်မာများဟာ [illegible]ဘက်ကို ၁၅၅၇ ခုနှစ်အလွန်မှ တိုးချဲ့ပါတယ်။ ကျိုင်းတုံဟာ မြန်မာပိုင်နက်ထဲမှာ [illegible] ခုနှစ်ကျမှ ပါလာပါတယ်။ ကျိုင်းတုံက ၁၇၀၉ ခုနှစ်မှာ သူပုန်ထဖူးပါတယ်။ နောက် သီပေါမင်းလက်ထက် ၁၈၈၂ခုနှစ်မှာ မြန်မာမင်းနဲ့ လုံးဝ အဆက်ပြတ်တဲ့အထိ [illegible]သွားပါတယ်။ ကိုယ့်ဒေသမှာ စော်ဘွားဟာ မင်းနဲ့မခြား အုပ်စိုးခွင့်ရပါတယ်။

မြန်မာက နိုင်ငံရေးအရ အကဲဖြတ်ဖို့ မိုလ်ချုပ်ဆိုတဲ့ အရာရှိ တစ်ယောက် လွှတ်ထားပါတယ်။ အဲဒီမိုလ်ချုပ်ဟာ စော်ဘွားရဲ့အုပ်ချုပ်ရေးမှာ ဘာမှဝင်ပြီး မစွက်ဖက်ပါဘူး။ စော်ဘွားအများစုတွေဟာ ငယ်ငယ်က မြန်မာမြို့တော်မှာ ကြီးပြင်းခဲ့ရလို့ မြန်မာဆန်ပါတယ်။

## ရာဇဝင်ကြောင်း

အခု ဂုံစာနဲ့ရေးတဲ့ ကျိုင်းတုံရာဇဝင်ထဲမှာပါတဲ့ အဖြစ်အပျက်တွေကို ပြောချင်ပါတယ်။

ဗယသိဃ်ပိုင် ရာဇဝင်ကျမ်းရဲ့ အစမှာ

> " ... ကျိုင်းတုံ အကြောင်းကို ရေးအကျဆုံး ဗယဂဟမ် ကနေပြီး စဝ်ကောင်ကျောက်အင်တလိုင်(၁၈၉၆–၁၉၃၇) အထိ နောင်အစဉ်အလာ မှတ်သားကြရအောင် စုပေါင်းရေးသားတဲ့သူဟာ ကျိုင်းတုံမြို့ ဗိုင်းဗုန်ရပ်နေ ဗယဇာရဲတောင်းပန်လို့ ၁၉၃၀ပြည့်မှာ ရေးပေးပြီး ဖြစ်ပါတယ်။

လို့ တွေ့ပါတယ်။ ရေးသူ ပညာရှင်ရဲ့ အမည်ကို မသိရပါ။ တစ်နည်းဖြစ်နိုင်တာကတော့ ရှေးက ရေးထားတာကို ဗလဇာရဲက လူငှားပြီး ၁၉၃၀ ပြည့်မှာ ကူးယူတယ်လို့လည်း တွက်နိုင်ပါသေးတယ်။

ဒီရာဇဝင်ကို ဖတ်ကြည့်ရင်အစတော့ ပုံပြင်ဆန်ဆန်ပါပဲ။ မြန်မာ ရာဇဝင်ဆိုတာတွေထဲက နတ်နဲ့နဂါး ညားလို့ လူမွေးတယ်ဆိုတာမျိုးလိုပါပဲ။ ဒါပေမဲ့ အဲဒီပုံပြင်ထဲက သမိုင်းအချက် သုံးချက် ထွက်လာပါတယ်။

(၁) ရှေးက ကျိုင်းတုံဖြစ်ပေါ်မယ့်နေရာဟာ စိမ့်စမ်းအားကြီးလို့ လူမနေသင့်။

(၂) နောက် ဝ လူမျိုးတွေ ရောက်လာပြီး မြောင်းသွယ်လို့ ရေတွေ ခန်းခြောက်စေတော့မှ လူနေလို့ရတယ်။ သူတို့လက်ထဲက ဂုံနဲ့ယွန်းက တိုက်ခိုက်ယူတယ်လို့ ဆိုနိုင်တယ်။ ပြီးတော့မှ ယိုးဒယားဘက်ကနေပြီး ခရစ်နှစ် တစ်ဆယ့်ငါးရာစုမှာ ဗုဒ္ဓသာသနာ ရောက်လာတယ်။ ဒါပေမဲ့ နတ်ကိုးကွယ်တာကတော့ လုံးဝတိမ်ကောသွားတယ်လို့ မရှိပါ။ သုံးနှစ်တစ်ကြိမ် ဇူလိုင်လလောက်မှာ မြို့လယ် နောင်တုန်ရေကန် နတ်စစ်ကန်ကို ဂုံအပျိုလေးယောက် ဆက်ရတယ်။ ဆက်သရာမှာ အမတ်ချုပ်ကြီးကိုယ်တိုင် စီမံရတယ်။ အပျိုလေးယောက်ကို တစ်ရက် နှစ်ရက်ကြိုပြီး အိမ်သီးသန့် ခေါ်ထားရတယ်။ ဒီအတွင်း အပျိုတစ်ယောက်ယောက်ဖြစ်ဖြစ် အားလုံးပဲဖြစ်ဖြစ် သေဆုံးရင် နတ်ကကျေနပ်လို့ ခေါ်ယူသွားပြီလို့ ယူဆမယ်။ မသေလို့ ကျန်သူတွေကတော့ နောင်လိုလားသူတွေ့ရင် လက်ထပ်ယူနိုင်ပါတယ်။ ပြီးတော့ မြန်မာနှစ်သစ်ကူး ရက်ထဲမှာ နမ်ခေါင်မြစ်ကမ်းမှာ မိုးများများရွာအောင်ဆိုပြီး ဘားနတ်လဟုကို ပူဇော်ပွဲလုပ်ပါတယ်။ အဲဒါကတော့ လိင်တိုင် ရှိခိုးတဲ့ အယူအဆရှိတယ်လို့ ဆိုနိုင်ပါတယ်။ ကျိုင်းတုံမှာ ခရစ်နှစ် တစ်ဆယ့်သုံးရာစုကစပြီး အနီးအစပ် နယ်ပယ်ကိုပါပေါင်းပြီး စော်ဘွားတစ်ဦးတည်း အုပ်စိုးလာဟန်ရှိတယ်။ အဲဒီစော်ဘွားရဲ့ နန်းသိမ်းပွဲလုပ်ပုံဟာ ဆန်းတယ်။ (ဒဗလျူအေအာဝုဒ်၊ **ယိုးဒယား ရာဇဝင်၊** ဗန်ကောက်၊ ၁၉၅၀ ထပ်နှိပ်၊ စာမျက်နှာ ၄၁၊ မှတ်ချက် ၂)။ ပထမ ဝနှစ်ယောက်ကို နန်းတွင်းမှာခေါ်ပြီး ကောင်းကောင်း ဧည့်ခံကျွေးမွေးရတယ်။ စားသောက်နေဆဲ ဂုံအမျိုးသား

တွေက အတင်းဝင်လာပြီး ဝတွေကို ခြောက်လှန့်ပြီး မောင်းထုတ်ရပါတယ်။ ပြီးတော့မှ နန်းအိမ်နဲ့တကွ တိုင်းပြည်ကို ရဟန်းတော်များကို ပေးအပ်ကြပါတယ်။ ဘုန်းကြီးတွေက တစ်ဆင့် အုပ်ချုပ်ရေးကို ဒကာတစ်ဦးကို လွှဲလိုကြောင်းပြောပြီး စော်ဘွားဖြစ်မယ့် လူကို အုပ်ချုပ်ရေးတာဝန် ပေးအပ်လိုက်ပါတယ်။ ဒီတော့ ပိုင်ရှင်အစစ်က ဝတွေ သူတို့လက်ထဲက ရဟန်းများက ရပြန်တယ်။ ရဟန်းက တစ်ဆင့် စော်ဘွားကို အုပ်ချုပ်ခိုင်းလို့ စော်ဘွားဟာ ကိုယ်စားလှယ်ပဲဖြစ်မယ်။ တစ်နည်းပြောတော့ နိုင်ငံအုပ်ချုပ်ရေးဟာ သာသနာ့ အထိန်းသိမ်း အစောင့်ရှောက်ခံ ဖြစ်တယ်ပေါ့။

(၃) ရာဇဝင်ထဲမှာ ကျိုင်းတုံဘက်ကို တရုတ်က ကျူးကျော် တိုက်ခိုက်လာဖူးတယ်လို့တွေ့ရသေးတယ်။ တရုတ်နယ်ဘက်က နေထိုင်သူ တချို့ဟာ မြေသြဇာကောင်းတဲ့ ကျိုင်းတုံချိုင့်ဝှမ်းကို မက်မောတယ်လို့ သိရပါတယ်။

ရှေးအခါက ဗာရာဏသီမှာ သူဆင်းရဲ ဂေါပါလဆိုတာရှိတယ်တဲ့။ သူ့အလုပ်ကတော့ နွားထိန်းပါပဲ။ သူက စားစရာယူလာပြီး တစ်နေကုန် နွားကျောင်းနေတုန်း "ခါ" တွေကိုလည်း သူ့မှာပါတဲ့ စားစရာတွေကို မျှတပြီးကျွေးပါတယ်။ "ခါ"ဆိုတာ တောင်ပေါ်သားလို့ အဓိပ္ပာယ်ယူရင်လည်းရတယ်။ ကျီးကန်းလို့ ယူရင်လည်းရတယ်။ ဝတ္ထုရဲ့ရှေ့ပိုင်းကတော့ ပုံပြင်ဖြစ်လို့ ဝေဖန်ချက် မပြောတာက ပိုပြီး ကောင်းပါတယ်။ "ခါ"တွေက ကျေးဇူးတင်လို့ ကျေးဇူး တုံ့ပြန်တဲ့အနေနဲ့ နောင်ကျိုင်းတုံဖြစ်လာမယ့်ပေါင်း အောင်ပု ခေါ် တမ္ဗိလလို့လည်းခေါ်တဲ့ ဒေသမှာ အုပ်ချုပ်သူ ဗယဇန္တဝသိရ နတ်ရွာ စံပြီး အမွေဆက် မရှိ၊ ဒို့များကို ကောင်းကောင်း အစားအစာ ကျွေးမယ် အာမဝန္တာခံရင် အဲဒီကို မင်းလုပ်ရအောင် ဒို့များ ပို့ပေးမယ်လို့ပြောပါတယ်။ သူကလည်း အခုထက် အများကြီး ပိုလို့ကျွေးမှာပါလို့ အာမခံတယ်။ ဒီတော့ သူ့ကို ဝါးနဲ့လုပ်တဲ့ တင်းတောင်းကြီးထဲ ဝင်နေခိုင်းပြီး တမ္ဗိလအရောက် သယ်သွားကြသတဲ့။ ညအခါ နန်းတော်ပလ္လင်ပေါ်မှာ တောင်းကြီးကို တင်ခဲ့လို့ မနက်လင်းတော့ အမတ်တွေကို ဘယ်လိုရောက်လာပါသလဲ မေးပါတယ်။ သိကြားမင်းပို့တယ်လို့ဖြေတော့ သိပ်များများဆက်မမေးကြဘဲ သူ့ကပဲ မင်းမရှိခိုက်မို့ မင်းမြှောက်ထားကြတယ်။ သူကလည်း ကတိစကားအတိုင်းနေ့စဉ် နွားတွေသတ်ပြီး "ခါ"တွေကို ကျွေးပါတယ်။ နောက် ကျွေးစရာ နွားကုန်ရော။ ဂတိပျက်ရပါမလား လို့ "ခါ" တွေက စိတ်ဆိုးပြီး အကောက်ဥာဏ်နဲ့ တမ္ဗိလထက် သာယာကြီးကျယ်တဲ့ တိုင်းပြည်ကို ပို့ပေးအုံးမယ် စကားသွင်းပြီး လူသူမပေါက်ရောက်တဲ့ နိုင်ငံကျွန်းပေါ်မှာ သွားထားလိုက်ကြတယ်။ အဲဒီကျွန်းပေါ်မှာပဲ ဓာတ်သိမ်းရရှာတာပေါ့။ ဒီအချိန်မှာ ခုနစ်နေ့ ခုနစ်ည မိုးကြီး အကြီးအကျယ် ရွာပြီး ရေလွှမ်းလာလို့ တမ္ဗိလက လူတွေဟာ တောင်ပေါ်ကို တက်ပြေးကြရတယ်။ ရေလွှမ်းနေပြီဖြစ်တဲ့ တမ္ဗိလမှာ ဂေါပါလဟာလည်း ကဏန်းကြီးလာဖြစ်တယ်။ ဒီရေပြင်ကြီးကို တရုတ်နိုင်ငံဘက်က ရသေ့တုံ့က ရောက်လာပြီး တောင်ဝှေးနဲ့ အဓိဋ္ဌာန်ပြုလို့ ခြစ်ကြောင်းဆွဲရာက ရေတွေ စီးဆင်းသွားလို့ လူနေနိုင်လောက်တဲ့နေရာ ဖြစ်လာပြန်တယ်တဲ့။ ဒီလိုရေလွှမ်းနေတဲ့ အချိန်ဟာ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိချိန်ပဲ ဖြစ်မယ်လို့ ဆိုတယ်။ ဘာပြုလို့လဲဆိုတော့ ဒေသစာရီ ကြွချီလာတဲ့ ကိုယ်တော်မြတ်ဟာ ကျိုင်းတုံနေရာ ရောက်တော့ ရေလွှမ်းနေတာတွေ့တယ်တဲ့။ ဘုရားသခင် ကြွလာပြီး ညီတော် အာနန္ဒာနဲ့

အချီအချပြောပြီး ဗျာဒိတ်ပေးတယ်ဆိုတဲ့ ဝတ္ထုကတော့ သမိုင်းထုံးစံ ပါနေကျ ဖြစ်ပါတယ်။ ဘုရားသခင် ရောက်လာခိုက် ရေမပြုပ်ဘဲရှိတဲ့ နေရာ ခုနစ်နေရာရှိတယ်။

၁။ လွမ်လုံ
၂။ မောင်းဖဆာတ်
၃။ ဆွမ်ဆာက်
၄။ ဆရိမုနိင်
၅။ မောင်းတုနိင်
၆။ ယန်းဂ်ဖတိန်နဲ့
၇။ ကဲန်းက

တို့ဖြစ်တယ်။ ဘုရားသခင်ဟာ စုပစုဒဲဖဆိုတဲ့နေရာမှာ ခေတ္တရပ်နားပြီး အစဉ်အလာ ကိုးကွယ်ဖို့ ဆံတော် ရှစ်ဆူထားခဲ့ပါတယ်။ ပြီးမှ ဆွမ်ဒွိုင်အရပ်ကို ပြောင်းကြွလာပြီး ကနိုင်အုန်နေရာမှာ ပျားဆွမ်းကို လက်ခံ ဘုဉ်းပေးတော်မူတယ်။ ပြီးသော် ဆွမ်တက်ဆိုတဲ့ အခု ကျိုင်းတုံမြို့လယ်က ရေကန်ကြီးရှိရာ အရပ်ကို ကြွလာတယ်။ ဆံတော်ရှစ်ဆူထားခဲ့ပြီး နောင်အခါ ဤနေရာကို မုနိင်လနိင်တွင်ရစ်မယ်လို့ ဗျာဒိတ်ထားတယ်။ မြတ်စွာဘုရားရှင် ခေတ္တထိုင်တော်မူရာ အရပ်ဟာ ဆွမ်ဒွိုင်လို့ခေါ်ပါတယ်။ နောင် စေတီတစ်ဆူ တည်ထားပါတယ်။ အာနန္ဒာက တောင်ဝှေးတော်ကို ဆွမ်ဆောက်နေရာမှာ စိုက်ခဲ့ပြီး ရေကန်တွင်းကို ဆင်းပါတယ်။ ရေကန်ထဲမှာ အရောင်အဆင်းအလိုက် ငှက်တွေဟာ အမည်းတစ်စု အဖြူတစ်စု၊ မဖြူမမည်း တစ်စုရယ်လို့ သုံးစုတွေ့သွားပါတယ်။ ဒါကို ဘုရားသခင်မှာ ပန်ကြားတဲ့အခါ ဒီအရပ်ကို တရုတ်များလာ၍ နယ်တည်ထောင်တဲ့အခါ လူကောင်း၊ လူဆိုးနှင့် လူညာဟူ၍ သုံးစုရှိမယ်လို့ ဗျာဒိတ်ထားခဲ့ပါတယ်။ နောင် အနှစ် ၆၂၉ လွန်ရင် ဗုဒ္ဓသာသနာပြု မင်းတရားပေါ်လို့ သာသနာထွန်းပမယ်လို့လည်း ဗျာဒိတ်ရှိပါတယ်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်လွန်လို့ အနှစ် ၁၅၀ ရှိတဲ့အခါ ဒီနေရာကို တိုင်းပြည်တည်မယ့် လူများရောက်လာပါတယ်။ ရောက်လာသူတွေက တရုတ်နိုင်ငံမှာ တန်ခိုးကြီးတဲ့ ဖဝေါင် (ဝေါင်တိဖနိင်) မင်းရဲ့မိဖုရား ၁၀၀၄ က မွေးတဲ့သားတော် ၁၀၀၄ မှာ ရသေ့လုပ်ကြတဲ့ သားတော်လေးပါး ဖြစ်ပါတယ်။ ဒီမင်းသားလေးပါးဟာ တစ်ခြားမင်းသားတွေလို အမူအကျင့်မရှိလို့ ခမည်းတော်က ထောင်သွင်းပြီး အကျဉ်းထားပေမယ့် ဆိတ်ငြိမ်ရာကိုရတာနဲ့ သူတို့ဈာန်အသိဉာဏ်ရဖို့ ကူညီသလိုဖြစ်သွားတယ်။ ဒီတော့မှ ခမည်းတော်ကလည်း သူတို့ကို ရသေ့အဖြစ်သဘောတူလိုက်ရတယ်။ ဒါပေမဲ့ တန်ခိုးရှင်များဖြစ်လို့ လှည့်လည်သွားရင်း နယ်သစ်ပယ်သစ် ဖြစ်ထွန်းမဲ့နေရာကောင်း တွေ့ရင် အသိပေးပါလို့ပန်ကြားလိုက်ပါတယ်။ ရသေ့လေးပါးဟာ တရုတ်နိုင်ငံက အနောက်ဘက်ကို ကောင်းကင်က ကြွလာကြပြီး ပထမ စိုင်တိုင် ဆိုတဲ့နေရာမှာ စန္ဒကူးနီတောကိုမြင်လို့ မြေကိုသက်ပြီး သတင်းသုံးဖို့ နေရာယူကြတယ်။ နတ်များက ကျောင်းသင်္ခမ်း ဆောက်ပေးပါတယ်။ ဇန္ဒစိုက်ကဘောင်လို့ အဲဒီကျောင်းအရပ်ဟာ တွင်လာပါတယ်။

ကြွလာတဲ့ ညီအစ်ကို လေးယောက်မှာ အကြီးဆုံးက ဒီမှာပဲ သတင်းသုံးတော့ ကျန်သုံးပါးက အနောက်ကို ခရီးဆက်ကြပြန်တယ်။ ဒုတိယ ရသေ့က ဗဖဆိုတဲ့အရပ်မှာ ဂူတွေ့လို့ အဲဒီဂူကိုပဲ ကျောင်းသင်္ခမ်းလုပ်လိုက်ပါတယ်။ တတိယရသေ့က အနောက်ဘက်ကို

ဆက်ပြန်တော့ စန္ဒာကူးဖြူတောကိုရောက်လို့ နေရစ်ပြန်တယ်။ စတုတ္ထရသေ့ဟာ တပါးတည်း ဆက်လာလို့ ကျောက်ဖလိခ်အရပ်ကို ရောက်တဲ့အခါမှာ ကျောင်းတည်ပါတယ်။ ညီနောင်လေးပါးဟာ လပြည့်နေ့တိုင်း အကြီးဆုံး ရသေ့ကျောင်းမှာ ပြန်ဆုံလေ့ရှိပါတယ်။ ပြီးတော့ ဆောင်းလတွေ ရောက်လာတဲ့အခါ အအေးသက်သာတဲ့ ချိုင့်ဝှမ်း အရပ်ကို ဆင်းကြွလာကြတယ်။ သူတို့လာတဲ့ ချိုင့်ဝှမ်းက ကျိုင်းတုံနေရာပဲ ဖြစ်ပါတယ်။ သူတို့ကြွလာတဲ့အခါ နေအရဏ် မတက်မီဖြစ်လို့ ရောင်နီလာတဲ့အခါ သူတို့ရောက်တဲ့ အရပ်ဟာ ကျိုင်းရုံး၊ လင်းမှရောက်တဲ့ အရပ်ဟာ ဆွမ်ဆောက်ဖြစ်တယ်။ (ဆွမ်ဆောက်ဟာ အခု ကျိုင်းတုံရဲ့ ရှိမန်ကက်သလစ်ကျောင်းရှိတဲ့ နေရာဖြစ်ပါတယ်။) ဒီတော့ အာနန္ဒာ စိုက်ထူပစ်ခဲ့တဲ့ တောင်ဝှေးကို တွေ့ကြလို့ အငယ်ဆုံး ရသေ့တုံကက ဒီတောင်ဝှေးနဲ့ ခြစ်ကြောင်းဆွဲပြီး ရေတွေဖောက်ထုတ်လိုက်ပါတယ်။ ရေစီးဆင်းတဲ့နေရာကို စုန်ဇင်မ်လို့ခေါ်ပါတယ်။ ရေတွေစီးသွားပေမယ့် လူနေဖို့ကောင်းအောင် သုံးနှစ်စောင့် ရပါတယ်။ ပြီးတော့မှ စပါးစိုက်နိုင်တဲ့ မြေနေရာကို ရကြပါတယ်။ ရေကတော့ အခုကျိုင်းတုံမြို့မှာရှိနေတဲ့ ရေကန်မှာပဲ ကျန်ပါတော့တယ်။ ရသေ့များကို နဂါးလာပြီးဖူးတယ်။ အဲဒီနဂါးဟာ ရေကန်ကို အပိုင်စားရတယ်။ ဒွိုင်ဖယုန်င် အရပ်မှာ နဂါးနေလေ့ရှိပြီး ရေကန်ထဲမှာ ရေချိုးနေတာကို တစ်ခါတစ်ရံတွေ့နိုင်ပါတယ်။ ရသေ့တွေက ခုနစ်နှစ်ကြာပြီးမှ မြို့တည်ဖို့ နေရာကောင်း တွေ့ထားပြီလို့ သူတို့ ခမည်းတော်ကို အကြောင်းကြားပါတယ်။ ခမည်းတော်က မြို့တည်ဖို့ ကွန်ဒိုနီး (ကွန်လူ)နဲ့အိမ်ထောင်စု ၅၀၀ကို လွှတ်လိုက်ပါတယ်။ ဒီလိုလာနေတဲ့ လူတွေကို နတ်တွေက မလိုလားဘူးတဲ့။ ဒါကြောင့် လာနေလို့ နှစ်နည်းနည်းရတော့ ရောဂါနဲ့ တိုက်တယ်ဆိုပဲ။ မသေလို့ကျန်တဲ့ လူတွေကလည်း ဆက်မနေဝံ့ပဲ ထွက်ပြေးကြလို့ ဒီချိုင့်ဝှမ်းဟာ တောပြန်ဖြစ်ပြန်တယ်။ ဒီတောထဲကပဲ သိပ်ပြီးကြီးမားတဲ့ ဘူးသီးကြီးသီးပြီး အသီးထဲက ဝလူမျိုးတွေ ထွက်လာတော့တယ်။ သူတို့အထဲမှာ အရည်အချင်းရှိလို့ ခေါင်းဆောင်ဖြစ်လာတဲ့လူက မာန်းယွိုင်လို့ ခေါ်ပါတယ်။ ကဲန်းတာန်၊ ကဲန်းလက်၊ ပုယ၊ နွန်တုန်င်၊ မန်လုန်း၊ ဖဆော၊ ပက်ကာန်နဲ့ ပက်ကာန်နဲ့ ပက်မန် ဆိုတဲ့ အရပ်ခုနစ်ရပ်မှာ နေကြပါတယ်။ ခုနနှစ်ကြာမှ စည်ကားတဲ့တိုင်းပြည် ဖြစ်လာပါတယ်။

ဒီလူတွေဟာ အများစုက ဇော်ဂျီဗယတုမ်ကို ကိုးကွယ်ကြတယ်။ ကျန်တစ်စုကတော့ သိကြားကိုပဲ အားကိုးတယ်။ သိကြားက သူတို့အတွက် လူသာမန်တွေလို မမွေးဖွားရဘဲ လူဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရရင် မင်းမြှောက်ပေးမယ်လို့ ကတိပြုထားပါတယ်။ ကတိအတိုင်း နတ်မောင်နှံတစ်စုံ လာပြီးအုပ်ချုပ်ရာက သားတော်တစ်ပါးရလို့ အဲဒီသားပဲ သူတို့ရဲ့ ဘုရင် ဖြစ်လာပါတယ်။ အမည်က ဗယမာန်ရဲ ဖြစ်ပါတယ်။ ခွန်အားကြီးတယ်။ ဉာဏ်ပညာ ထက်မြက်တယ်။

တစ်နေ့တော့ ဗယမာန်ရဲဟာ အမဲလိုက်သွားတယ်။ သားကောင် တစ်ကောင်မှ မရရှာဘူး။ မောမောနဲ့ သစ်ပင်တစ်ပင်ရင်းမှာနားပြီး ပါသွားတဲ့ အစာကိုပဲ စားရတယ်။ ပြီးတော့ ကျင်ကြီးစွန့်ထားခဲ့တယ်။ အဲဒီကျင်ကြီးကို ဝက်ဝံမကြီးတစ်ကောင်က စားရလို့ သန္ဓေတည်ပြီး နေ့လစေ့တော့ သားယောကျ်ားလေးမွေးတယ်။ အရွယ်ရောက်တော့ အမေကမင်းဖခင်ဟာ ဗယမိန်ရဲဖြစ်တယ်လို့ ပြောတာနဲ့ အဖေရှာထွက်ပါတယ်။ တွေ့တဲ့အခါ သားကို အဖေက ကွန်ဒိုင် (ဝက်ဝံမင်းသား) အမည်နဲ့ မြှောက်စားထားပါတယ်။ အဖေနဲ့

တော်တော်ကြာနေပြီးတော့ အမေကို လွမ်းတာနဲ့ ပြန်သွားတော့ လမ်းမှာ လူယောင်ဖန်ဆင်းထားတဲ့ နဂါးမနဲ့တွေ့ပြီး ချစ်ကြိုက်ကြတယ်။ နဂါးမက မင်းသားကို ထွက်မပြေးနိုင်အောင် သူမရှိတဲ့အခါ ပိုက်ကွန်နဲ့ အုပ်ထားခဲ့လေ့ရှိပါတယ်။ မင်းသားက ပိုက်ကွန်ကို ဖြတ်တောက်ပြီး ထွက်လာတဲ့အခါ သူ့မယားဟာ နဂါးမရဲ့ ပကတိကိုယ်နဲ့ ရေမှာ ကစားနေတာ တွေ့ရပါတယ်။ ဒီလိုတွေ့ပြီးမှတော့ မင်းသားဟာ ဒီနဂါးမနဲ့ဆက်ပြီး လင်မယားအဖြစ် မနေနိုင်တော့ပါလို့ပြောတော့ နဂါးမလည်း မင်းသားနဲ့ရထားတဲ့ သန္ဓေကို တန်ခိုးနဲ့ ချက်ချင်းမွေးဖွားအောင်လုပ်ပြီး မင်းသားကို ကြီးပြင်းအောင် ကျွေးမွေးတော့လို့ ပေးလိုက်ပါတယ်။ သားအတွက် နို့ကိုညှစ်ပြီး မဲနိုင်ရွက်ထဲ ထည့်ထားမယ်၊ ခဏခဏလာယူပြီး သားကို တိုက်လို့လည်း မှာလိုက်တယ်။ အဲဒီသား ကြီးလာတော့ အမိဟာ နဂါးမ ဖြစ်တယ်လို့သိတော့ အမိဆီကို လာလည်တယ်။ အဘိုးနဂါးကြီးကတွေ့တော့ မြေးကို ချစ်တာနဲ့ အခက်အခဲရှိရင် ဖြေရှင်းပေးနိုင်မယ့် ကြေးအိုးတစ်လုံး ယူသွားလို့ ပေးလိုက်ပါတယ်။ အပြန်မှာ ဆူးတောကြီးကို ဖြတ်ရတယ်။ အသွားခက်လွန်းလို့ ကြေးအိုးနဲ့ ရှေ့ကို ဝှေ့ရမ်းမိတယ်။ ဆူးတောပျောက်ပြီး မြို့တစ်မြို့ကို အံ့သြဖွယ်တွေ့ရတယ်။ အဲဒီမြို့ကို မိုင်ဝိုင်းလို့ခေါ်တယ်။

ဗယမိန်ရဲကို တစ်ဆယ့်ငါးနှစ်သားမှာ လပုန်မင်းရဲ့သမီးနဲ့ ပေးစားလို့ သားနှစ်ယောက်ရပါတယ်။ ခွန်ကောင်နဲ့ ခွန်လန်လို့ ခေါ်ကြတယ်။ အဲဒီအခါက ဇင်းမယ်မှာ မင်းမဲ့တိုင်းပြည်ဖြစ်နေတယ်။ ရသေ့နှစ်ပါးက အုပ်ချုပ်မည့်သူ ရှာပေးပြီး အဲဒီပုဂ္ဂိုလ်ရဲ့ အကူအညီနဲ့ ဗုဒ္ဓသာသနာပြုရင် ကောင်းမယ်လို့ အကြံရကြတယ်။ အကြံအတိုင်း ရှာကြတဲ့အခါ မုန်အရဝေါင်ဘုရင် ဗယအရမဂိန်ရဲ့သမီး နာန်င်သာမဒေဝီကို တွေ့ပါတယ်။ ဒီမင်းသမီးရဲ့ ခင်ပွန်း သုဗြဟ္မရာဇာဟာ တောထွက်သွားလို့ မင်းသမီးတစ်ပါးတည်း နေနေရတဲ့အခါလည်းကြုံတယ်။ ရသေ့တွေက အကျိုးအကြောင်းပြောပြတဲ့အခါ မင်းသမီးက အုပ်ချုပ်ရေး ပြဿနာ ကြီးကြီးကျယ်ကျယ်ပေါ်တဲ့အခါ ရသေ့တွေက လာပြီး ကူညီမယ်လို့ ကတိပေးပါ၊ ကတိရရင် ခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်လို့ အာမခံလိုက်တယ်။ ဇင်းမယ်ဘုရင်မ ဖြစ်ပြီးတဲ့နောက်မှ မိဖုရားမှာ သားနှစ်ယောက်ထွန်းကားပါတယ်။ မဟာနန္ဒရာဇာနဲ့ နန္ဒရာဇလို့ ခေါ်တယ်။ တစ်နေ့ မိဖုရားဟာ နေစာလှုံ့တုန်း ကျီးကန်းတစ်ကောင်က မိဖုရားကို လာပြီး နှုတ်သီးနဲ့ထိုးဆိတ်ပါတယ်။ ဒီနေရာမှာ "ခါ" က ရန်ပြုတယ်လို့ဆိုတာကို ကျီးကန်းကို ဘာသာမပြန်ဘဲ တောင်ပေါ်သားတစ်ဦးလို့ ဘာသာပြန်ရင်လည်းရပါတယ် (**ဂေဇက်**၊ ဒု၊၁၊ ၃၉၄)။ ဒီလိုတိုက်ခိုက် ခံရတာဟာ အကြောင်းထူးတစ်ခုရှိရမယ်လို့ ပညာရှိ သက်ကြီးရွယ်ကြီးများကို ခေါ်ပြီးမေးပါတယ်။ ဒီတော့မှ မိဖုရားကြီး နေစာလှုံ့တဲ့ မြေအောက်ထဲမှာ မြတ်စွာဘုရားသခင်ရဲ့ သရီရဓာတ် ရှိနေတယ်။ စိုင်ယောန်ဆိုတဲ့ နတ်ကစောင့်နေပါတယ်။ ဒီလိုသိရလို့ မိဖုရားက ဓာတ်တော်ကို တူးဖော်ယူဖို့ မှော်ဆရာတစ်ဦးကို ခေါ်ပြီးခိုင်းတယ်။ ဆရာက အစောင့်နတ်ဟာ ကြမ်းတယ်၊ တူးတာနဲ့ သူ့ကို ရန်လုပ်မှာပဲ။ သုံးကြိမ် ကြိုးစားမှ အောင်မြင်မယ်။ ဒီသုံးကြိမ်မှာ တစ်ကြိမ်ကြိမ်တော့ ရန်သူလက်ချက်ဦးလို့ သူသေသွားနိုင်တယ်။ ဒါပေမဲ့ စေခိုင်းတာကို မငြင်းဝံ့ပါ။ ဒါကြောင့် အစောင့်နတ်က သူ့ခေါင်းကို ခုတ်ပိုင်းပြီး ဖြတ်ချလိုက်ရင် ခေါင်းပြတ် အငုတ်တိုမှာ ခေါင်းကို ပြန်ဆက်ပြီး ဆေးစီရင်ထားတဲ့ ရေကိုဖျန်းပေးရင် ခေါင်းပြန်ဆက်မယ်လို့ မှာထားပြီး ဆေးရေကို စီရင်ပေးပါတယ်။ သူပြောတဲ့အတိုင်း မြေကိုတူးဆဲမှာ သူ့ခေါင်းကိုဖြတ်ချတာ ခံရပါတယ်။ မှာထားတဲ့အတိုင်း

ရေဖျန်းပြီး ပြန်ဆက်ပေး၊ ဆက်တူး၊ အဖြတ်ခံရ၊ ပြန်ဆက်နဲ့ သုံးကြိမ်ကျတဲ့အခါ အစောင့်နတ်က ရေခွက်ကို ခြေနဲ့ခတ်ပစ်လို့ ဖျန်းစရာ ရေမရှိတော့တာနဲ့ ဆရာ့ခေါင်းကို ပြန်ဆက်မရဘဲ ဆရာ သေပါတယ်။ ဒါပေမဲ့ မိဖုရားကတော့ လိုချင်တဲ့ ဓာတ်တော်ကိုရပါတယ်။ ဓာတ်တော်ကိုဌာပနာပြီး ဘုရားတည်တယ်။ အဲဒီဘုရားအာနိသင်နဲ့ သူအုပ်ချုပ်တဲ့ တိုင်းပြည်ကလည်း အင်မတန်ကိုပဲ စည်ကားတိုးတက်လာပါတယ်။ ဒီလိုတိုးတက်ပုံမျိုး အရင်က မကြုံဘူးပါ။ အဲဒီအခါမှာ ဝလူမျိုး အကြီးအကဲ လုနိင်ဂေါ်ဆိုတဲ့လူက မိဖုရားကို လက်ထပ်ပါရစေလို့ စာရေးတယ်။ တန်ခိုးရှင်ဖြစ်လို့ စာကိုလှံမှာဆွဲပြီး မိဖုရားဆီရောက်အောင် လှံကို ပစ်လွှတ်နိုင်တဲ့လူဖြစ်တော့ မိဖုရားလည်း မနှစ်သက်ပေမဲ့ ပြောင်ပြောင်မငြင်းရဲဘူး။ ဒီတော့ ပရိယာယ် ဆင်ရပါတယ်။ အခု အခိုက်အတန့်မှာ သားတော်တွေ အင်မတန်ငယ်ပါသေးတယ်။ သူတို့တစ်တွေ နည်းနည်းကြီးမှ အိမ်ထောင်ပြုသင့်မယ်၊ ဒါကြောင့် ဆိုင်းငံ့ပါဆိုတဲ့စကားပြောရတယ်။ ပြန်ကြားစာနဲ့ လက်ဆောင်ပေးဖို့ စီစဉ်ထားတာကတော့ မိဖုရားရဲ့ အတွင်းခံ ထဘီကိုဖျက်ပြီး ချုပ်လုပ်ထားတဲ့ ခေါင်းစွပ် ဖြစ်ပါတယ်။ ဒီခေါင်းစွပ်ဟာ ဝ အကြီးအကဲ ဆောင်းမိရင် သူ့မှာ ရထားတဲ့ တန်ခိုးတွေ ပျက်ပြယ်ဖို့ ရည်ရွယ်ပါတယ်။ ပြန်စာနဲ့လက်ဆောင်ကို လှံမှာဆွဲလိုက်တယ်။ လှံဟာသူ့ဘာသာပြန်သွားတယ်။ ခေါင်းစွပ်ကို အချစ်လက်ဆောင်အစစ်ရယ်လို့ ယူဆပြီး ဆောင်းမိတဲ့အတွက် သူ့မှာရှိတဲ့ တန်ခိုးများလည်း ပျက်ပြယ်သွားပါပြီ။ အဲဒီနောက် တစ်နှစ်အကြာမှာ မိဖုရားက သူ့သားတော်နှစ်ပါး အုပ်ချုပ်ကွပ်ကဲစေပြီး အခုပြောတဲ့ ဝ အကြီးအကဲကို စစ်ပြုစေပါတယ်။ ဝ အကြီးအကဲကလည်း စစ်ရှုံးလို့ သူ့ပိုင်နက်အသိမ်းခံရတယ်။ အဲဒီနယ်မြေကို ဝင်လဝပုနင်လို့ ခေါ်တယ်။ ကာလရွေ့လျောတော့ လပုန်လို့ပဲ ခေါ်နေကြပါပြီ။ ဒီမိဖုရားကြီးဟာ နန်းသက် ငါးဆယ့်သုံး၊ သက်တော် ကိုးဆယ့်နှစ်နှစ်ရှိမှ နတ်ရွာစံပါတယ်။ သားတော်ကြီး မဟာနန္ဒရာဇက ထီးမွေဆက်ခံပါတယ်။ သားတော်ငယ် နန္ဒရာဇက မုန်ကေလ နကွန်မှာသွားပြီး တသီးတခြား အုပ်စိုးပါတယ်။ မဟာနန္ဒာရာဇဟာ နန်းသက် နှစ်ဆယ့်ခုနစ်နှစ် ရှိတယ်။ ထီးမွေဆက်ခံတဲ့ သားတော် ဘွန်ရာဇဘွတ်က အနှစ်သုံးဆယ် အုပ်စိုးပါတယ်။

ခုချိန်ထိ ကျိုင်းကုံချိုင့်ဝှမ်းကို ဝတွေပဲ လွှမ်းမိုးတုန်းပါဘဲ။ ဒီနေရာကို ဗုဒ္ဓသာသနာ ထွန်းကားတဲ့ နိုင်ငံဖြစ်အောင် နတ်တွေက ပြုလုပ်ပေးစေချင်တယ်။ ဒီတော့ တစ်နေ့ ဗယမာန်ရဲ အမဲလိုက်ထွက်တဲ့အခါ နတ်တွေက လှည့်စားလို့ ရွှေသမင် လိုက်ဖမ်းရင်း လမ်းမှားပြီး ကျိုင်းတုံနေရာနားကို ချဉ်းကပ်မိတယ်။ ရွှေသမင်ကို မရပေမဲ့ မြို့တော်ကြီး တည်ဆောက်ဖို့ကောင်းတဲ့ သာယာတဲ့ မြေအပြင်ကိုမြင်သွားရပါတယ်။ မှတ်သားပြီး နန်းတော်ကို ပြန်ရောက်တဲ့အခါ သားတော် ခွန်ကောင်ကို စစ်တပ်နဲ့သွားတိုက်သွားတိုက်ချေလို့ လွှတ်ပါတယ်။ ဒီအတောအတွင်းမှာ အယုဒ္ဓယမြို့က မဟာလိငေါ ဦးစီးတဲ့ ရဟန်းတော် ရှစ်ပါးဟာ ဗုဒ္ဓသာသနာပြုရန် ဇင်းမယ်ကို ရောက်လာပါတယ်။ ပြီးတော့ ဗယမာန်ရဲရဲ့ နိုင်ငံကိုလည်း ရောက်လာပါတယ်။ ခွန်ကောင်က သူ့တပ်နဲ့ ရန်သူ ဝ တွေကို လွိုင်ဆာနင် (ဆင်တောင်)မှာ ရင်ဆိုင်တိုက်ခိုက်ပြီး အနိုင်ရပါတယ်။ ဒါပေမဲ့ အခါအခွင့်သင့်တုံး ရန်သူကို အပြီးတိုင် ပျက်စီးသွားအောင် ဖိမတိုက်ဘဲ စစ်ကို ရပ်နားမိတယ်။ ဘာပြုလို့လဲဆိုတော့ စစ်မြေပြင်ကို ပါလာတဲ့ သူ့မယားက သားငယ်ကို မျက်နှာမြင်နေလို့ပါပဲ။ ဒီသားကို စဝ်နန်ဇယယုဒ္ဓလို့ အမည်ပေးလိုက်တယ်။ သူတို့ဟာ မောင်းပေါက်အရပ်မှာ စခန်းချပြီး တစ်လလောက်နေကြ

ပါတယ်။ ညီ ခွန်လန်ကလည်း အစ်ကိုကို အင်အားဖြည့်ဖို့ဆိုပြီး စစ်တပ်နဲ့လိုက်ပါလာတယ်။ ညီနောင် နှစ်ယောက်ပေါင်းအားကို ဝ တွေဟာ ကြာရှည်ခုခံနိုင်ပုံ မရပါ။ ဒါပေမဲ့ မကြာခင် ညီနောင်နှစ်ပါးဟာ စိတ်ဝမ်းကွဲတယ်။ အတူ ပူးတွဲပြီး မဆောင်ရွက်ကြဘူး။ ဒါကြောင့်မို့ သူတို့ ခမည်းတော်က ညီနောင်နှစ်ပါး စလုံးကိုပဲ ပြန်ခေါ်တယ်။ ပြီးတော့မှ သူလျှိုသဘောနဲ့ ဝ အမျိုးသားနှစ်ယောက်ကို လွှတ်တယ်။ မာန်ကုမ်နဲ့ မာန်ကျိန်လို့ခေါ်တဲ့ လူတွေပဲ။ ဝ အကြီးအကဲဖြစ်တဲ့ မောင်ယွိုင်ဆီမှာ သူတို့နှစ်ယောက်က ဗယမာန်ရဲ နှိပ်စက်လို့ ပြေးလာရပါတယ်။ အကာအကွယ်ပေးပါလို့ တောင်းပန်ပြီး ခိုဝင်တယ်။ သူတို့ ပြောသမျှ ဝ အကြီးအကဲက ယုံတယ်။ မကြာခင် သူတို့ဟာ ဝ ထဲမှာ လူယုံတွေဖြစ်လာပြီး အခွင့်အရေး သိပ်ရနေတယ်။ အရေးကြီးတဲ့ သတင်းတွေလည်း သိလာတယ်။ ဝ အမျိုးသားတွေရဲ့ အခြေအနေကို သိကြတော့မှ တိုက်ရေးခိုက်ရေး အစီအစဉ်လုပ်နိုင်တယ်။ အဲဒီလို သုံးနှစ် စုံစမ်းပြီးမှ စစ်ခင်းမယ်ဆိုရင် သင့်မြတ်ပါပြီလို့ ဗယမာန်ရဲကို သတင်းပို့ပါတယ်။ ရန်သူတွေ ချီတက်လာပြီဆိုတော့ မာန်ယွိုင်က အဲဒီသူလျှိုနှစ်ယောက်ကိုပဲ လူယုံထားပြီး ရန်သူရဲ့ စစ်အင်အားကို စုံစမ်းခိုင်းတယ်။ သူတို့ကလည်း ရန်သူအင်အား အင်မတန်ကြီးတယ်လို့ချဲ့ထွင်ပြီးပြောတယ်။ ထွက်ပြေးဖို့ တိုက်တွန်းတယ်။ အစောင့်အရှောက် နည်းနည်းနဲ့ ထွက်ပြေးတော့ ရန်သူလက်ထဲ လွယ်လွယ်ရောက်သွားအောင်လုပ်ပြီး မာန်ယွိုင်ကို ဖမ်းလိုက်ပါတယ်။ ပြီးမှ ဗယမာန်ရဲက ဝ အားလုံးကိုဖမ်းပြီး ဒွိုင်မွန်းမုန်င် (ရွှေသမင်ရပ်) ကို ပို့ပစ်လိုက်ပါတယ်။ သူတို့နယ်နှင်ခံရတဲ့ အဲဒီနေရာကို ခုတော့ ဝမ်ခမ်လို့ခေါ်ပါတယ်။ ပြီးတော့ မင်းတို့ မိုးရာသီမှာ မြေပြန့်ကို ဆင်းလာရင် အနာရောဂါကျရောက်စေလို့ ကျိန်စာတိုက်ထားလို့ ဝမှန်ရင် ခုအထိ မိုးရာသီမှာ တောင်ပေါ်က တောင်အောက်ကို လုံးဝဆင်းမလာဝံ့ပါဘူး။ ဗယမာန်ရဲက မာန်ကုန်ကို အခုကျိုင်းတုံဖြစ်မယ့်နေရာမှာ သူ့ကိုယ်စား အုပ်ချုပ်ဖို့ အရာရှိ ခန့်ပါတယ်။ မာန်ကုန်သေတော့ မာန်ကျိန်ကို ဆက်ခံခိုင်းပါတယ်။ မာန်ကျိန်သေပြန်တော့ သားတော်ထဲက စဝ်နမ်တောန်ကို စေလွှတ်အုပ်ချုပ်စေတယ်။

ဗယမာန်ရဲဟာ ဇင်းမယ်မှာသွားပြီး သူလျှိုလုပ်ဖို့ နောက် ဝအမျိုးသား တစ်ဦးဖြစ်တဲ့ ဒွိုင်ဒုန်င်သား မာန်ဖကို လွှတ်ပါတယ်။ သူလည်းပဲ မကြာခင် ဇင်းမယ်ရဲ့ လူယုံဖြစ်လာလို့ မင်းနာမည်ကို အလွဲသုံးစားလုပ်ပြီး မတရားတာတွေ မကောင်းတာတွေကို ရမ်းရမ်းကားကားလုပ်လို့ မင်းလည်း နာမည်ပျက်တယ်။ ပြည်သူကသိပ်ပြီး မုန်းလာတယ်။ ဒီတော့မှ ဘယမာန်ရဲကို တိုက်ခိုက်ဖို့ စစ်တပ်လွှတ်ပေတော့လို့ သတင်းပို့တယ်။ ရန်သူတပ် ချဉ်းကပ်လာတော့ မင်းဟာ ထိတ်လန့်ပြီး ညီတော်ဗယဗောန်ကိန်ဂဲမ်တိုင်ဆီကို သွားပေါင်းပြီး နှစ်ယောက်ပေါင်းအားနဲ့ ခုခံတယ်၊ ဒါပေမဲ့ ရှုံးတာပဲ။ အသတ်ခံကြရတယ်။ အဲဒီကစပြီး နန်သာမဒေဝိ မင်းဆက်ဟာ ဇင်းမယ်မှာ ပြတ်သွားပါတယ်။

ကျိုင်းတုံမှာ မင်းနေပြည်လုပ်မယ်လို့ ကြံပြီးတော့ နန်းတော်ဆောက်ဖို့ သင့်မြတ်တဲ့နေရာရွေးပါလို့ ဟူးရားတတ်တွေကို ခိုင်းပါတယ်။ မြို့ရဲ့အကျယ် နယ်နိမိတ်ကိုလည်း ကန့်သတ်ခိုင်းပါတယ်။ မာန်ယွိုင်နေသွားဖူးတဲ့ ကဲန်င်ကျောက် အရပ်ဟာ အကောင်းဆုံး ဖြစ်တယ်လို့ ဟောကိန်းထွက်ပါတယ်။ နက္ခတ်ဗေဒင်ပညာရှိတွေက ဒီနေရာဟာ မင်းဆက် ငါးဆယ်ထိ ကောင်းမယ့်နေရာ ဖြစ်တယ်လို့ ဟောတယ်။ အဲဒါထက်ပိုပြီး စည်ကားချင်ရင် မြို့စောင့်နဂါးမကို ယဇ်ပူဇော်ပွဲကြီး အင်မတန်ကြီးကျယ်အောင် လုပ်ပါလို့ ဟောတယ်။

ဗယမာန်ရဲက ပထမအသုတ် အိုးအိမ်တည်ပြီး နေထိုင်ကြဖို့ လွှတ်လိုက်ကြတဲ့ လူတွေဟာ အရာရာကြီးပွားကြပါတယ်။ မြို့ကို ရသေ့က စတင်တွေ့ရှိပြီး လူနေ ထူထောင်တာဖြစ်လို့ လူအုပ်ချုပ်တာထက် ရသေ့ရဟန်း အုပ်ချုပ်ဖို့ ပိုပြီးသင့်တယ်လို့ ယူဆပြီး အုပ်ချုပ်သူအဖြစ် ရဟန်းတစ်ပါးကို ခန့်ထားပြီးမှ ရဟန်းကိုယ်စား မင်းတစ်ပါး လာပြီးအုပ်ချုပ်တဲ့ အစဉ်အလာ ဖြစ်ရပြန်တယ်။ မင်းကမှ ပြစ်မှုရှိသူကို ဒဏ်ပေးနိုင်လို့ပါပဲ။ ဝ အကြီးအကဲ နေသွားတဲ့ နေရာမှာနန်းတော် ဆောက်ပြီး ဝမ်ခမ်က ဝ ကို ဖိတ်ပြီးနန်းတော်ကို အပ်တယ်။ စားသောက်ပွဲကြီး တည်ခင်းရတယ်။ စားသောက်ဆဲ ဝကို ခြိမ်းခြောက်ပြီး မောင်းရတယ်။ ပြီးမှ စော်ဘွားသစ်ဟာ နန်းသိမ်းပါတယ်။ အခုတိုင် ဒီအလေ့ကို စော်ဘွားသစ်တိုင်း လိုက်နာ နေသေးတယ်။ အမျိုးအဆက်အရ ဗယမာန်ရဲ့ဟာ ယွန်းတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျိုင်းတုံဟာ ဂုံ(ခုန်)အမျိုးသားတွေအတွက် ဖြစ်နေလို့ ဗေဒင်ပညာရှိတွေက တွက်ချက်တယ်လို့ရတယ်။ ဂုံဆိုတာ အမည်းထည်မှာ အဖြူအနားသတ်ပါတဲ့ အဝတ် ဝတ်သူတွေပါ။ ဒါ့ကြောင့် စော်ဘွားက ဂုံအဝတ်ကို ဝတ်ပြီး ဂုံအိမ်ထောင် ကိုးဆယ့်ခြောက် အိမ်ထောင်ကို ကျိုင်းတုံမှာလာပြီး နေစေတယ်။ အဲဒါကြောင့် ကျိုင်းတုံဟာ "ဂုံတို့ပြည်"လို့ ဖြစ်လာရတာပါ။

ကျိုင်းတုံဟာ စည်ကားနေပြီလို့ တရုတ်မင်းက ကြားတော့ မူရင်း တရုတ်နယ် ဖြစ်လို့ နှစ်စဉ် ကန်တော့လက်ဆောင် ဆက်စေလို့ တောင်းခံလာပါတယ်။ ဗယနာမ်တောန် ဆီကို ရောက်လာတဲ့ တရုတ်သံက ယုဝေယလို့ ခေါ်တယ်။ အခု ကျိုင်းတုံမှာ နေထိုင် သူများဟာ တရုတ်မဟုတ်တဲ့အတွက် တရုတ် တောင်းဆိုချက်ဟာ မမှန်ဘူးလို့ အကြောင်းပြန် လိုက်တယ်။ ဒီလို ပြောင်ပြောင်ငြင်းတော့ တရုတ်တပ်တွေ ရောက်လာဖို့ ဖိတ်ခေါ်တာနဲ့ တူနေပါတယ်။ ဖိတ်တဲ့အတိုင်းလည်း ရောက်လာပါတယ်။ ဆီးဆို့ တိုက်ခိုက်ပေမယ့် မရလို့ နောက်ဆုံးမြို့တွင်းကပဲ ခံစစ်လုပ်နေရတယ်။ တရုတ်တွေက မြို့ကိုရံထားပြီး မြေအောက်ဥမင်နဲ့ မြို့တွင်းကို ဖောက်ဝင်ဖို့ ကြံစည်တယ်။ ဥမင်အတွက် အနေအထား ရှာဖို့ မြို့ရိုးနား ရောက်လာတဲ့ ဗိုလ်မှူးကို ဗယနမ်တောန် ကိုယ်တိုင် ပစ်သတ်လိုက်နိုင်လို့ ကျူးကျော်သူတွေ စိတ်ဓာတ်ကျဆင်းပြီး ပြန်သွားကြပါတယ်။ (ရာသီဥတုဒဏ်ကြောင့် ဖျားနာတဲ့လူများတာလည်း ပြန်ရတဲ့အကြောင်းထဲမှာ တစ်ကြောင်းဖြစ်နိုင်တယ်ပေါ့၊ **ဂေဇက်၊** ၃၊ ၁၊ ၃၉၇)။ [ဒီနေရာမှာ ကျိုင်းတုံရာဇဝင်ရဲ့ ဒဏ္ဍာရီပိုင်းပြီးပါတယ်။]

ကျိုင်းတုံ ရာဇဝင်မှာ စော်ဘွား အဆက်ဆက်ကို ဇယားအင်းစောက်နဲ့ ပြပါရစေ၊ ဒါမှ ကြည့်ရ မှတ်ရတာ ရှင်းမယ်။

## ကျိုင်းတုံစော်ဘွားဆက်

မာန်ကုမ်(မာန်ရဲ သူလျှို ဝလူမျိုး) အေဒီ ၁၂၄၃-၇
မာန်ကိုန်(မာန်ရဲ သူလျှို ဝလူမျိုး) အေဒီ ၁၂၄၇-၅၃

၁။ စဝ်နမ်တောန်(မာန်ရဲသား၊ စော်ဘွားဆက်ခံသူ) အေဒီ ၁၂၅၃-၆၄
၂။ စဝ်နမ်နာမ်၊ အေဒီ ၁၂၆၄-၁၃၁၇
၃။ စဝ်ဆာမ်မုန်ဝှေ၊ ၁၃၁၇၊၂၄

၄။ စဝ်လာက်၊ ၁၃၂၄-၄၂
၅။ စဝ်ဆဲနာန်၊ ၁၃၄၂-၆၀
၆။ စဝ်ဖယု၊ ၁၃၆၀-၇၀
၇။ စဝ်စိတ်ပန်တု(လုပ်ကြံခံရ)၊ ၁၃၇၀-၇
၈။ စဝ်အိုင်အောန်(၇ရဲ့သား၊ နယ်နှင်ခံရ) ၁၃၇၇-၉၆
၉။ ဆောင်နှ်လာက်ဆဲန်ပိုင်၊ ၁၃၉၆-၁၄၁၀
၁၀။ စဝ်အိုင်ဝှန်ဆု(၈ ရဲ့ညီ) ၁၄၁၀
၁၁။ စဝ်ဟီခမ်[မတု](၁၀ ရဲ့ ညီ) ၁၄၁၀
၁၂။ စဝ်ဆာမ်(၁၁ ရဲ့ ညီ) ၁၄၁၆-၄၁
၁၃။ စဝ်ဆာမ်ဆီလိ(၁၂ ရဲ့ သား) ၁၄၄၁-၅၆
၁၄။ ဗယအိုင်လောင်ခမ်၊ ၁၄၅၆-၇၄
၁၅။ ဗယအိုင်လောင်(၁၄ ရဲ့ သား)၊ ၁၄၇၄-၁၅၀၁
၁၆။ စဝ်နောကျောက်(၁၅ ရဲ့ ညီ၊ အတင်း ရဟန်းဝတ်ပေးတာခံရတယ်) ၁၅၀၁-၂၀
၁၇။ စဝ်ဆဲကော(၁၆ ရဲ့ ညီ၊ အသတ်ခံရတယ်) ၁၅၂၀-၃
၁၈။ စဝ်ဆဲပေါမ်(၁၇ ရဲ့ ညီ) ၁၅၂၃-၄
၁၉။ စဝ်ဆမ်(၁၈ ရဲ့ ညီ) ၁၅၂၄
၂၀။ စဝ်ခမ်မု(၁၉ ရဲ့ ညီ၊ နယ်နှင်ခဲ့ရတယ်) ၁၅၂၄
၂၁။ ဗယကျောက်ယွန်ဖနရိန္ဒ(၁၄ ရဲ့သား၊ရဟန်းလူထွက်) ၁၅၂၄-၆၀
၂၂။ စဝ်မောန်ခ(၂၁ ရဲ့ သား) ၁၅၆၀-၉၈
၂၃။ စဝ်ခမ်တော(၂၂ ရဲ့ သား) ၁၅၉၈-၁၆၂၀
၂၄။ စဝ်မောန်ခန်(၂၂ ရဲ့ ညီ) ၁၆၂၀-၃၇
၂၅။ စဝ်အုန်(၂၄ ရဲ့ သား) ၁၆၃၇-၅၂
၂၆။ စဝ်အိန်ခမ်၊ ၁၆၅၂-၇၈
၂၇။ စဝ်အောက်၊ ၁၆၇၈-၈၅
၂၈။ စဝ်မောန်လိက်(၂၄ ရဲ့ သား) ၁၆၅၈-၁၇၀၂
၂၉။ စဝ်ဆမ်ဖိ၊ ၁၇၀၂-၈
၃၀။ စဝ်မောန်မြို့၊ ၁၇၃၀-၄၀
၃၁။ စဝ်မောန်ဆာမ်၊ ၁၇၄၀-၈၆
၃၂။ စဝ်ကောန်တိုင်၊ ၁၇၆၈-၁၈၀၂
၃၃။ စဝ်မဟာခနန်၊ ၁၈၀၂-၅၇
၃၄။ စဝ်မဟာပေါမ်(၃၃ ရဲ့ သား) ၁၈၅၇-၇၆
၃၅။ စဝ်ဆဲန်(မိုးမိတ်စော်ဘွား) (၃၃ ရဲ့ သား) ၁၈၈၆-၈၁
၃၆။ စဝ်ကောန်တိုင်(၃၃ ရဲ့ သား) ၁၈၈၁-၆
၃၇။ စဝ်ခမ်ဖု(၃၆ ရဲ့ သား) ၁၈၈၆-၉၆
၃၈။ စဝ်ကောင်ကျောက် အင်တလိုင်(၃၇ ရဲ့ ညီ) ၁၈၉၆-၁၉၃၅

၃၉။ စဝ်ကောင်တိုင်(၃၈ ရဲ့သား၊လုပ်ကြံခံရတယ်) ၁၉၃၇
၄၀။ စဝ်ဆိုင်လုံ(၃၉ ရဲ့ သား) ၁၉၄၇

ဒီစော်ဘွားဆက်ကို ကြည့်ရင် အစပထမ ဗယမာန်ရဲခိုင်းစေတဲ့ ဝလူမျိုး သူလျှို မာန်ကုမ်က အေဒီ ၁၂၄၃ မှာ ကျိုင်းတုံစော်ဘွားစဖြစ်ပါတယ်။ သူ့ကိုဆက်ခံတဲ့ မာန်ကျိန်လည်း ဝလူမျိုးပဲ။ ပြီးတော့မှ ယွန်းစော်ဘွား ဗယမာန်ရဲရဲ့သား စဝ်နမ်တောန်ဟာ အေဒီ ၁၂၅၃မှာ ကျိုင်းတုံစော်ဘွားဖြစ်လာပြီး အခုအထိ ကျိုင်းတုံမှာ စော်ဘွားဖြစ်ကြတဲ့ အဆက်အနွယ်ကို စတဲ့လူဖြစ်တယ်။ ဒီအဆက်ဟာ အနှစ်တစ်ရာကျော် ရှိသွားတော့ အေဒီ ၁၃၆၀ခန့်မှာ မင်းမဲ့ တိုင်းပြည်လို ခဏဖြစ်သွားပြီးမှ အဆက်အနွယ်ရင်းထဲကပဲ ဖယုဟာ စော်ဘွားဖြစ်လာပြီး ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်ပြန်တယ်။ ဟော်နန်းသစ် ဆောက်တယ်။ မြို့ရိုးအသစ်ဖို့ပြီး ခိုင်ခံ့အောင်လုပ်တယ်။ မြို့ကိုလည်း ရှေးထုံးစံအတိုင်း သံဃာကို အပ်ပြီးမှ စော်ဘွားက ကိုယ်စားလှယ်အဖြစ် အုပ်ချုပ်တယ်။ မြို့ဟာ ပြန်ပြီး စည်ကားလာတယ်။ သူ့ကိုဆက်ခံတဲ့ စဝ်စိတ်ပန်တု (၁၃၇၀၇) ကတော့ ဇင်းမယ်ကလာတဲ့ တေပါးမင်းဖြစ်တယ်။ ရတနာသုံးပါး သိပ်ပြီးကြည်ညိုတယ်။ ကျောင်းဘုရား အများကြီးဆောက်လုပ် ကိုးကွယ်တယ်။ အစေအပါး ထဲက သူ့အပေါ်မှာ စိတ်နာနေတဲ့ လောယုံဆိုတဲ့ လူက လုပ်ကြံလို့သေရတယ်။ စဝ်အိုင်အောန် (၁၃၇၇–၉၆)က ဆက်ခံတယ်။ စော်ဘွားဖြစ်စက တစ်ဆယ့် ငါးနှစ်သားပဲ ရှိသေးတယ်။ မတရားနှိပ်စက်တာတွေများလို့စော်ဘွားဖြစ်လို့ တစ်ဆယ့်ကိုးနှစ် အကြာမှာ နယ်နှင်ခံရတယ်။ နောက်ဆက်ခံတဲ့ ဆောန်လာက် ဆဲန်ပိုင်(၁၃၉၆–၁၄၁၀) လက်ထက်မှာ ကျိုင်းတုံမကြုံ ဘူးအောင် စည်ကား တိုးတက်လာပြန်တယ်။ နောက် ဗယကျော်မတုလို့ အများခေါ်လေ့ရှိတဲ့ စဝ်ယီခမ်(၁၄၁၀–၁၆) လက်ထက်မှာ မှတ်သားဖွယ် သုံးမျိုးကြုံတွေ့ရတယ်။ ပထမ အချက်က မိုးခေါင်လို့ လူတွေဟာ ကြံရာမရဖြစ်ပြီး နောက်ဆုံး နမ်ခေါင်မြစ် ကမ်းမှာ လဟု ဖားနတ်ပူဇော်ပွဲလုပ်မှ မိုးအကြီးအကျယ်ရွာလို့နှစ်စဉ် ဖားပွဲရယ်လို့ ဖြစ်ခဲ့ရတယ်။ ဒုတိယအချက်ကတော့ တရုတ်နိုင်ငံက ကန်တော့လက်ဆောင် တောင်းခံလာတယ်။ မငြင်း သင့်လို့ ယူဆတာနဲ့ ပေးပို့ရတယ်။ စဝ်ဆဲကော (၁၅၂၀–၃) ဆိုတဲ့ စော်ဘွားဟာ ခလေ့ သုံးစံနဲ့ သာသနာကို မလေးစား၊ ဖောက်လွှဲဖောက်ပြန်တွေ ပြုမှုလို့ ဈေးရပ်မှာ ကားစင် တင်ပြီး အသတ်ခံရရှာတယ်။ နောက်တက်တဲ့ စဝ်ဆဲပေါမ် (၁၅၂၄–၄)လက်ထက်မှာ ဇင်းမယ်က ဝင်တိုက်လို့ တရုတ်နယ်ထဲ ထွက်ပြေးသွားရတယ်။ တော်ခမ်ဖုဟာ ဗယ ကျောက်ယွတ်ဖနရိန္ဒ (၁၅၂၄–၆၀)ဘွဲ့နဲ့ စော်ဘွားဖြစ်လာတဲ့အခါမှာ ပြည်ရွာငြိမ်သက်ပြီး စည်ကားလာပြန်တယ်။ ယိုးဒယားနဲ့ တရုတ်ဘက်က ယဉ်ကျေးမှု ကူးလူးပျံ့နှံ့လာတဲ့ အခါလည်း ဖြစ်တယ်။ မြန်မာနဲ့လည်း ပိုပြီး ရင်းနှီးလာတယ်။ ဟံသာဝတီ ဆင်ဖြူများရှင် (၁၅၅၁–၈၁)ဟာ ဒီအချိန် (၁၅၅၈)မှာ အရှေ့ဘက်တစ်လွှားကို သိမ်းသွင်းလို့ ဇင်းမယ်ထိ ပေါက်ရောက်ပါတယ်။ ကျိုင်းတုံက ၁၅၅၇ ခုနှစ်ကပဲ မြန်မာနဲ့ ပူးပေါင်းပြီး ဖြစ်ခဲ့တယ်။ (**မှန်** ၃၊ ၃၃၆၊ ၃၆၃၊ ၃၈၂–၃၊ ၄၂၁။ **မှန်၊** တ၊ ၃၂၊ ၄၉၊ ၅၆၊ ၆၅၊ ၇၅၊ ၁၁၂)။ စော်ဘွား ကိုယ်တိုင် မြန်မာမင်းနန်းတော်ကို ၁၅၅၉ ခုနှစ်က ရောက်သွားတော့ အရေးတယူ ဧည့်ခံပြုစု လိုက်ပြီး ပိဋကတ်သုံးပုံ တစ်စုံ လက်ဆောင် ရခဲ့ပါတယ်(**ဇေဇက်**၊ ၃၊ ၁၊ ၄၁၄)။ သူ့ကို ကျောက်ဘွန်နမ်ခေါ် စဝ်မောန်ခ (၁၅၆၀–၉၈) က ဆက်ခံပါတယ်။ သူ့လက်ထက်မှာ ဇင်းမယ် ယိုးဒယားဆိုတဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရေး အလွန်ပြေပြစ်တယ်လို့ ရာဇဝင်ဆရာက

ရေးသွားတယ်။ မြန်မာရာဇဝင်နဲ့ တိုက်ဆိုင်ကြည့်တော့ အဖြစ်အပျက်နဲ့ အဓိပ္ပာယ်အသားဟာ ပြောင်းပြန်ဖြစ်နေတာ တွေ့ပါတယ်။ ဒီနေရာမှာ ဖောက်ပြီး အဖြစ်အပျက်မှန်ကို တင်ပြလိုပါတယ်။ မြန်မာတို့က ခရစ်နှစ် ၁၅၅၇ခုနှစ်အကျော်မှာ အရှေ့ဘက်ကို သံလွင်မြစ်ဖြတ်ပြီး တိုက်ခိုက်သိမ်းသွင်းတဲ့အခါ ဖြစ်နေပါတယ် (**မှန်**၊ ဒု၊ ၃၃၆)။ ဒီအခါမျိုးမှာ ကျိုင်းတုံက မြန်မာနဲ့ပူးတွဲတာပဲ အဖြေရှိတယ်လို့ သဘောပေါက်ပြီး ဖြစ်ပါတယ်။ ဒီတော့ မြန်မာက ဇင်းမယ်ချီတဲ့အခါ ကျိုင်းတုံရဲ့ အကူအညီလည်း ပါပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၄-၅)။ မိုင်းမယ်နဲ့ဇင်းမယ်ကို မြန်မာက ၁၅၅၈ ခုနှစ်မှာ ရတယ်။ ကျိုင်းတုံစော်ဘွားဟာ မြန်မာမြို့တော်ကိုပဲ လာရောက်သွားပါသေးတယ် (ဂျီအီဟာဗေ၊ **မြန်မာ ရာဇဝင်**၊ လန်ဒန်၊ လောင်းမင်း၊ ၁၉၂၆၊ စာမျက်နှာ ၁၆၅)။ ဒီတစ်ခါကစပြီး ကျိုင်းတုံကို မြန်မာနယ်လို့ သတ်မှတ်ခဲ့ရတယ် (မှန်၊ ဒု၊ ၃၆၃)။ နောက်မြန်မာနဲ့ ယိုးဒယားအရေးအခင်း ပေါ်လို့ ၁၅၆၄ ခုနှစ်မှာ တိုက်ပွဲတွေပေါ်ပေါက်လာတဲ့အခါ မြန်မာကို ကူဖို့ ဆင် ၁၀၀၊ မြင်း ၁,၀၀၀၊ လူ ၁၀,၀၀၀ ပေးတယ်လို့ သိရတယ် (မှန်၊ ဒု၊ ၃၈၂-၃)။ ဒီလိုကူညီလို့ မြန်မာက ကျိုင်းတုံစော်ဘွားကို အများကြီးမြှောက်စားပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၄-၅)။ လင်းဇင်းကို မြန်မာက ၁၅၆၅ ခုနှစ်မှာ သိမ်းယူရတုန်းကလည်း လင်းဇင်းမိဖုရား သီရိမာဟာ ကျိုင်းတုံစော်ဘွားသမီးဖြစ်လို့ အခြွေအရံနဲ့အတူ မြန်မာနန်းကို ပို့ရတယ် (မှန်၊ ဒု၊ ၃၉၁၊ ၃၉၈)။ ဒီအချက်တွေကြောင့် အခုပြောတဲ့ ၁၆ ရာစု အလယ်မှာ ကျိုင်းတုံဟာ ယိုးဒယားထက် မြန်မာနဲ့ ပိုပြီးနီးစပ်တယ်လို့ ဆိုရမယ်။

တရုတ်က ၁၉၆၅ ခုနှစ်မှာ ကျိုင်းတုံအရှေ့ပိုင်းဖြစ်တဲ့ မိုင်းယွိုင်နဲ့ မိုင်းယာန်ကို ဝင်ရောက်တိုက်ခိုက်ပါတယ်။ အမှန်က ၁၅၆၄ ခုနှစ်ကစပြီး ကျိုင်းတုံနယ်ကို မြောက်ဘက် မောင်လဲလမ်ဘက်ကလည်းဝင်ပြီး နှောင့်ယှက်ပါသေးတယ်။ ဒါပေမဲ့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ အဲဒီ ၁၅၆၄ ခုနှစ်ဟာ မြန်မာက ယိုးဒယားမြို့တော် အယုဒ္ဓယကို ရခဲ့တဲ့ နှစ် ဖြစ်ပါတယ်။ နောက် ၁၅၆၇ခုနှစ်မှာ လာန်ဆာနိုင်စော်ဘွားဟာ မောင်းခကို ခေတ္တတိမ်းရှောင်နေပါတယ်။ လောတွေက ကျိုင်းတုံစော်ဘွားရဲ့သမီးတော် နာန်ကျောက်ကုပ်တစ်ကို ရတဲ့အခါ ပြန်ကြတယ်။ မြန်မာက ၁၅၆၈ခုနှစ်မှာ ယိုးဒယားကို စစ်ချီပြန်တော့ ကျိုင်းတုံက ဆင် ၁၀၀၊ မြင်း ၁၀၀၀ နဲ့ လူ ၁၀၀၀၀ ပါပြန်တယ် (မှန်၊ ဒု၊ ၄၂၁)။ မြန်မာတွေက အယုဒ္ဓယကို ၁၅၆၉ ခုနှစ်မှာ ဒုတိယအကြိမ် သိမ်းယူကြပြန်တယ်။ ကျိုင်းတုံစော်ဘွားက ၁၅၇၀ ပြည့်နှစ်မှာ မိုင်းငြိမ်းကို သွားတိုက်တယ်။ ပြီးတော့ မြန်မာတပ်တွေနဲ့အတူ ကျိုင်းတုံတပ်တွေကလည်း ဇင်းမယ်နဲ့ ယိုးဒယားကို ချီတက်ရာမှာ ပါကြတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၅)။ ကျိုင်းတုံရာဇဝင်ထဲမှာတော့ တောင်ဘက်က ရန်သူတွေ ၁၅၇၃ ခုနှစ်မှာ ဝင်လာလို့ စော်ဘွားဟာ မြို့က ခေတ္တရှောင်နေရသေးတယ်လို့ ဆိုတယ် (စာစောက ၁၇၆၇ ခုနှစ် အရေးအခင်းကိုပဲ ထပ်ရေးတာလား မသိဘူး။) ယိုးဒယားအရေးတစ်လျှောက်လုံးမှာ ကျိုင်းတုံက မြန်မာဘက်က ကူညီတဲ့အတွက် မြန်မာမင်းက ကျိုင်းတုံစော်ဘွားကို ၁၅၇၆ ခုနှစ်မှာ ဆင်ဆယ်စီး လက်ဆောင်ပေးပို့ပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၅)။ မြန်မာမင်းကို သီဟိုမင်းက စွယ်တော်ဆက်မယ်၊ အယူလွှတ်ပါဆိုလို့ ၁၅၇၆ခုနှစ်မှာ လူ ၂၄၀၀ လွှတ်တော့ ကျိုင်းတုံက လူ ၁၀၀ ပါသေးတယ် (**မှန်**၊ တ၊ ၃၇၊ **ရှူဠ္ဌဝံသ**၊ ဒု၊ ၂၂၄၊ ဟာဗေး၊ **မြန်မာရာဇဝင်**၊ ၁၇၃-၄)။ ဇင်းမယ်မှာ ထီးမွေနန်းမွေနဲ့ ပတ်သက်ပြီး အပြိုင်အဆိုင်တွေ ၁၅၇၈ ခုနှစ်မှာ

ပေါ်ပေါက်တဲ့အခါ ထီးနန်း လက်ဝယ် ရရှိသွားတဲ့ နော်ရထာစောဟာ ကျိုင်းတုံရဲ့အကူအညီ ရလို့ အောင်မြင်တာပဲ (ဂေဇက်၊ ဒု၊ ၁၊ ၄၈၅)။ မြန်မာနိုင်ငံဘက်ကလည်း ကျိုင်းတုံနဲ့ ရင်းနှီးအောင် အင်မတန် ဂရုစိုက်ပါတယ်။ ပိဋကတ်သုံးပုံကို မြန်မာတွေက ကျိုင်းတုံမှာ ပူဇော်ဖို့ ၁၅၈၀ ပြည့်နှစ်မှာ တစ်စုံပို့ပါသေးတယ် (မှန်၊ တ၊ ၅၉)။ ဟံသာဝတီ ဆင်ဖြူများ ရှင်ရဲ့ ၁၅၈၁ ခုနှစ် ကောက်ယူတဲ့ မိဖုရားစာရင်းမှာ ကျိုင်းတုံ မင်းသမီးတစ်ပါးလို့လည်းပါ ပါတယ် (မှန်၊ တ၊ ၇၅)။ ဇင်းမယ်ကို ၁၅၈၂ ခုနှစ်မှာ တိုက်ခိုက်ဖို့ ကိစ္စပေါ်ပြန်တော့ ကျိုင်းတုံကပဲ ရက်ရက်ရောရော ကူညီပြန်လို့ မြန်မာက လက်ဆောင်တွေ အများကြီး ပို့ တယ်လို့ သိရတယ်။ ကျိအင်ဆဲန်ရောက် မြန်မာဗိုလ်မှူးကို ကျိုင်းတုံက ၁၅၈၈ခုနှစ်မှာ သမီးကညာပေးပို့လို့ ဆင်ဆယ်စီး လက်ဆောင်တုံ့ပြန်တယ်လို့လည်း တွေ့ရပါသေးတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၅)။ အဲဒီလို မြန်မာနဲ့စပြီး ရင်းရင်းနှီးနှီး ဆက်သွယ်သွားလို့ကျိုင်းတုံ စော်စဝ်မောန်ခဟာ အသက် ၆၂၊ ၁၅၉၈ ခုနှစ်မှာ သေဆုံးပါတယ်။ သုထနုရာဇာ ဘွဲ့ခံ စဝ်ခမ်တော (၁၅၉၈) ဆိုတဲ့ သားတော်က စော်ဘွားအဖြစ် ဆက်ခံပါတယ် (**ဂေဇက်**၊ ဒု၊ ၁၊ ၄၀၅)။ သူ့ကို မကျေနပ်တဲ့ ဗြဟ္မရာဇကဲန်ခေါင်နှင်ဆိုတဲ့ လူက ပုန်ကန်ပါသေးတယ်။ ဒါပေမဲ့ အလွယ်တကူပဲ နှိမ်နင်းလိုက်နိုင်တယ်။ ယိုးဒယားဘက်က ၁၆၀၀ ပြည့်နှစ်မှာ ဝင်ရောက် တိုက်ခိုက်လာသေးတယ်။ နရိတ်ဆိုတဲ့ ပုဂ္ဂိုလ် ခေါင်းဆောင်တယ်။ ဒါပေမဲ့ အဲဒီခေါင်းဆောင်ကျဆုံးပြီး ဆင်တွေမှာ အနာရောဂါကျရောက်လို့ ရန်သူတွေ ဆုတ်ခွာသွား ပါတယ်။ အဲဒီလို စော်ဘွားဖြစ်စမှာ အနှောင့်အယှက်တွေ ပေါ်ပေမယ့် နောက်ပိုင်းမှာ သာသာယာယာ ရှိပါတယ်။ မိုးနဲက ၁၆၁၄ခုနှစ်မှာ သူပုန်ထပြီး ကျိုင်းတုံဘက်ကို ခိုဝင်တဲ့ ကိစ္စကလွဲလို့ အနှောင့်အယှက်မရှိပါ (မှန်၊ တ၊ ၁၈၃)။ ကောက်ပဲသီးနှံဖွံ့ဖြိုးပြီး စားသောက်ဖွယ်တွေ အင်မတန်ပေါများတယ်လို့ သိရတယ်။ ဟော်နန်းကိုလည်း အဆန်း တကျယ် ပြန်ပြီးဆောက်တယ်။ နောက်ဆက်ခံတဲ့ စော်ဘွား စဝ်မောန်ခက် (၁၆၂၀-၃၇) လက်ထက်မှာ ပြည်ရေးရွာမှု ဆူပူလာပြန်တယ်။ အစဦးဆုံး ပုန်ကန်မှုတချို့ ပေါ်တယ်။ ပြီးတော့ မိုးနဲနဲ့ မာန်လုံက ၁၆၂၀ ခုနှစ်မှာ ကျိုင်းတုံကို ဝင်တိုက်တယ်။ မြန်မာက ဘယဂါမဏိကို အမှူးခန့်ပြီး ဆင် ၁၅၀၊ မြင်း ၁၅၀၀၀နဲ့ လူ ၄၀၀၀၀ လွှတ်ပြီး အခြေ အနေ ထိန်းပေးပါတယ် (မှန်၊ တ၊ ၁၈၈)။ ဒါ့ကြောင့် ကျိုင်းတုံစော်ဘွားက ၁၆၂၂ ခုနှစ်မှာ သမီးတော် နှင်းခန်းပေါ်ကို အနောက်ဘက်လွန်မင်း (၁၆၀၅-၂၈) ဆီကို ပို့လိုက်ပါတယ်။ ဒီကျိုင်းတုံမင်းသမီးဟာ အနောက်ဘက်လွန်မင်းရဲ့သား မင်းရဲဒိဗ္ဗက နေမျိုးဒတ္တဆိုတဲ့ သားကို ရပါတယ် (မှန်၊ တ၊ ၁၉၁၊ ၁၉၃)။ ကျိုင်းတုံက စုရုံးရှိတဲ့အင်အားနဲ့ မြန်မာတွေက မိုင်းဆဲနဲ့ လူတစ်ဆယ့်နှစ် ပန္နား (ဆိပ်ဆောင်ပန္နား)ကို ၁၆၂၅ ခုနှစ်မှာ သိမ်းသွင်းခဲ့ပါတယ် (**ဂေဇက်**၊ **ဒု**၊ ၁၊ ၄၀၆)။ သာလွန်မင်း (၁၆၂၉၄၈) လက်ထက် စစ်တမ်းတွေယူတဲ့အခါ ကျိုင်းတုံကို "ကင်းဦးလံဖျား"လို့ ဖော်ပြခဲ့တာကြောင့် ကျိုင်းတုံဟာ မြန်မာတို့ရဲ့အရှေ့ဘက် အကျဆုံးနေရာလို့ သတ်မှတ်ရပါတယ် (**စမ်**၊ ၈၊ ၁၃၊ ၁၄၊ ၂၂၊ ၄၈၊ ၄၉)။ ကျိုင်းတုံလို နေရာတွေကို တရုတ်က တစ်ခါတစ်ရံ အခွန်ဘဏ္ဍာ တောင်းတတ်ပါတယ်။ အဲဒီလို တောင်းတဲ့အကြိမ် တစ်ကြိမ်ဟာ စဝ်အုန်လက်ထက် ၁၆၄၈ ခုနှစ်က ဖြစ်တယ် (မှန်၊ တ၊ ၂၅၉)။ စဝ်အိန်ခမ် (၁၆၅၂-၇၈)က မြန်မာနိုင်ငံက ကျိုင်းတုံစော်ဘွားဆက်ထဲက သင့်တော် ရာကို ရွေးကောက်ပြီး ခန့်ထားပေးတဲ့ စော်ဘွားပါပဲ။ စဝ်အောက် (၁၆၇၈-၈၅) စော်ဘွား

ဖြစ်စမှာ လျှောင်အကြီးအကျယ်လှုပ်လို့ ဘုရား ကျောင်းကန် အဆောက်အအုံတွေ အများကြီး ပျက်စီးပါတယ်။ ပွဲဦးထွက် အတိတ်နိမိတ် မကောင်းဘူးလို့ ပြောကြပေမယ့် သူအုပ်စိုးတဲ့ အခါကာလမှာ သူပုန်မရှိ၊ စည်ပင်သာယာဝပြောတယ်။ စဝ်မောန်လိက် (၁၆၈၅–၁၇၀၂) လက်ထက်မှာ ဘာမှာ အထွေအထူး ပြောစရာမရှိပါ။ ဒါပေမဲ့ သူ့ကို ဆက်ခံတဲ့ စဝ်ဆမ်ဖိ (၁၇၀၂–၈) လက်ထက်မှာ ကျိုင်းတုံ မြန်မာဆက်ဆံရေး ပျက်ပြားတာကို ဝမ်းနည်းဖွယ် တွေ့ရပါတယ်။ စနေမင်း (၁၆၉၈–၁၇၁၄)က သမီးကညာ တောင်းတာကို စဝ်ဆမ်ဖိက မပို့လို့ ၁၇၀၈ ခုနှစ်၊ အောက်တိုဘာလမှာ မြန်မာတပ်များ ရောက်လာပြီး တိုက်ခိုက်ကြပါ တယ်။ စဝ်ဆမ်ဖိ အဖမ်းခံရပြီး ကွပ်မျက်ခံရတယ် (မှန်၊ တ၊ ၃၄၇–၉)။ မြန်မာတပ်တွေဟာ ကျိုင်းတုံမှာ သုံးနှစ်ပြည့်အောင် တပ်စွဲပြီးနေခဲ့ကြတယ်။ နောက်လည်း စော်ဘွားသစ် မခန့်ဘဲ အကြာကြီးထားပါတယ်။ ပြီးမှ အဖမျိုးကျိုင်းကုံစော်ဘွားဆက်၊ အမိမျိုး ညောင်ရွှေ စော်ဘွားဆက်က မွေးတဲ့ မောင်မြို့ (စဝ်မေစန်ခေါန် ခေါ် မောင်ညို/ **ဂေဇက်**၊ ၂၊ ၁၊ ၄၀၆ လို့လည်းတွေ့တယ်) ကို စော်ဘွားအဖြစ် မြန်မာက ၁၇၃၀ ပြည့်နှစ်မှာ ခန့်ထားတယ်။ ဒီစော်ဘွားသစ်ဟာ မတရား အုပ်စိုးတယ်။ သားပျို သမီးပျိုကို ဖျက်ဆီးတယ်ဆိုပြီး ဆူပူ ကြလို့ ရှစ်နှစ်အရမှာ ဇင်းမယ်ဘက်ကို ထွက်ပြေးသွားရတယ်။ စော်ဘွားအရာပြန်ရဖို့ ကြိုးစားပေမယ့် မရပဲ ဇင်းမယ်မှာပဲ သေရှာတယ်။ သူ့နေရာကို သူ့ညီ စဝ်မောန်ဆာမ် (၁၇၄၀–၈၆) ကို ခန့်ပြီး ကျိုင်းတုံမှာ ပြန်စည်ကားအောင် လုပ်စေရတယ်။ တာဝန်ပေး လိုက်တဲ့အတိုင်း အောင်မြင်ပုံရပါတယ်။ ပြီးတော့ မကြာခင် မြန်မာနိုင်ငံဘက်မှာ နိုင်ငံရေး အပြောင်းအလဲတွေ ကြုံတွေ့နေရလို့ မြန်မာနဲ့ကျိုင်းတုံ အဆက်ပြတ်သလို ရှိနေပါတယ်။ အလောင်းမင်းတရားဟာ ၁၇၅၃ ခုနှစ်မှာ မြန်မာနိုင်ငံသစ်ကို ထူထောင်တယ်။ အောက် ဘက်ကို မသိမ်းသွင်းရမီ အရှေ့ဘက်တစ်လွှားကို သိမ်းသွင်းပါလို့ ၁၇၅၄ ခုနှစ်မှာ အကြံ ဉာဏ်တွေ ပေးကြပေမယ့် မနာယူဘူး (**ကုန်း**၊ ၁၀၀)။ နောက် မြေဒူးမင်း (၁၇၆၃–၇၆) လက်ထက်ရောက်မှ ၁၇၆၄ ခုနှစ်မှာ ကျိုင်းတုံမှာ တပ်စွဲရပ်နေဖို့ မြန်မာစစ်ကဲနှစ်ဦး ကျိုင်းတုံကို ရောက်လာပါတယ် (**ကုန်း**၊ ၃၅၉)။ နောက် မြန်မာ တရုတ် (၁၇၆၅–၉) စစ်အတွင်းမှာ တရုတ်က ကျိုင်းတုံဘက်ကို စစ်တစ်ကြောင်း ချီတက်တဲ့အတွက် ကျိုင်းတုံကို မြန်မာက ဆင် ၂၀၀၊ မြင်း ၂၀၀၀ လူ ၂၀၀၀၀ ပို့ရပါတယ် (**ကုန်း**၊ ၄၂၅၃၀)။ ကျိုင်းတုံကို တရုတ်တို့ ယာယီ သိမ်းပိုက်မိတဲ့အခါ စဝ်ပိန်ကို စော်ဘွားခန့်တယ်လို့ ဆိုပါတယ် (မြန်မာ အမှတ်အသားမှာ ဒီအကြောင်းမပါ)။ စစ်ကြီးအတွင်းမှာ ကောက်ပဲ သီးနှံ စိုက်ပျိုးခင်းတွေ ပျက်စီးကြရတယ်။ နယ်သူ နယ်သားတွေ အငတ်ဘေး ကြုံရတယ်။ ဒီကိစ္စတွေ ဖြစ်နေတဲ့ အခါမှာ စဝ်မောန်ကာန်ကို လွှတ်ထားတယ်။ အဲဒီလူသာ်ဟာ အခြေအနေကို မထိန်းနိုင်လို့ သုံးနှစ်ကြာတော့ စဝ်မောန်ဆာမ်ကို ပြန်လွှတ်လိုက်တယ်။ ခပ်လွယ်လွယ် မှန်းရရင် ၁၇၇၃ ခုနှစ်လောက်က ဖြစ်နိုင်ပါတယ်။ စုလမဏိ သီရိမေခဘူမိန္ဒနရိန္ဒခေမာဓိပတိရာဇာဆိုတဲ့ ဘွဲ့လည်း ပေးတယ်။ သား ကောန်တိုင်ကို မြန်မာနန်းမှာ ထားရတယ်။ မြန်မာတပ်တွေ ၁၇၈၀ပြည့်နှစ်မှာ ကျိုင်းရုံကြီးကို သွားတိုက်တော့ စဝ်မောန်ဆာမ်လည်း ပါဝင်ပါတယ်။ ဗဒုံမင်း (၁၇၈၂–၁၈၁၉) နန်းတက်ပြီး နိုင်ငံတော်အတွင်း မြို့ကြီးတွေမှာ တစ်ပြိုင်နက် ဘုရားအဆူ ၂၃၀ တည်ခိုင်းတဲ့အခါ ကျိုင်းတုံမှာလည်း တည်ရတယ် (**ကုန်း**၊ ၅၆၇)။ နောက် ၁၇၈၃ ခု စစ်တမ်းယူပါတယ်။ ကျိုင်းတုံ သာသနာပြုပြီး ဆရာတော် သိရိသမ္မေခ

ဇမဟာရာဇဂုရုနဲ့ ဆရာတော် ငါးပါးကို ၁၇၈၅ ခုနှစ်မှာ လွှတ်ပါတယ် (**ကုန်း၊ ၅၉၂**)။ အဲဒီနောက် ၁၇၈၅ ခုနှစ်မှာပဲ ယိုးဒယားကို ချီတက်လုပ်ကြံတဲ့အခါ ကျိုင်းတုံ တပ်များလည်း ပါတယ်။ စော်ဘွားလည်းလိုက်တယ်။ လမ်းမှာ နေမကောင်းလို့ ကျိုင်းတုံ ပြန်လာပြီး ၁၇၈၆ခုမှာ စော်ဘွားကွယ်လွန်ရှာတယ်။ မြန်မာနန်းမှာ ကြီးပြင်းရတဲ့ စဝ်ကောန်တိုင် (၁၇၈၆–၁၈၈၂) စော်ဘွားဖြစ်လာပါတယ်။ သရပျဘူမိန္ဒနရိန္ဒ ခေမာဓိပတိရာဇဆိုတဲ့ ဘွဲ့ရတယ်။ ဇင်းမယ်က ၁၈၀၂ ခုနှစ်မှာ ကျိုင်းတုံကို ဝင်တိုက်ပြီး စော်ဘွားနဲ့အတူ ဆွေမျိုးခြွေရံသင်းပင်း အားလုံးကိုဖမ်းယူသွားတယ်။ မြို့ကိုလည်း ဖျက်ဆီးလုယက်တယ်။ မျိုးရိက္ခာတွေလည်း သယ်ယူသွားတယ်။ အဲဒီလို ဖမ်းယူသွားတဲ့အထဲက စဝ်မဟာခနန် (၁၈၀၂–၅၇)ဟာ ထွက်ပြေးလွတ်မြောက်လာပြီး အစပထမ မိုင်းယန်းနဲ့မိုင်းလွယ်မှာနေပြီး လူစုပါတယ်။ မြန်မာမင်းက သူ့ကို ချက်ချင်း အသိအမှတ်မပြုပါ။ သူ့ကိုဖမ်းဖို့ဆိုပြီး စစ်တပ်တောင် စေလွှတ်ဖူးပါတယ်။ သူက အဖမ်းမခံဘဲ ရှောင်တိမ်းနေပြီး ဆဲန်လမ်ပန်ယန်နဲ့ တဝ်ခမ်ဝမ် ဆိုတဲ့ လူယုံနှစ်ယောက်ကို မြန်မာနဲ့ စေ့စပ်ခိုင်းတယ်။ ပြီးတော့မှ ဆင်ကောင်း တစ်ဆယ့်နှစ်စီးကို ယူပြီး စဝ်မဟာခနန်ကိုယ်တိုင် ၁၈၁၃ ခုနှစ်မှာ မြန်မာမြို့တော်အရောက် သွားပြီး ပဒုံမင်းဆီမှာ အခစားဝင်တယ်။ ကောင်းကောင်းလက်ခံပြီး သူ့ကို စဝ်ဖလုံ ခေမာရဋ္ဌမဟာ သီဟပဝရ သုဓမ္မရာဇာ ဘူမိန္ဒဓိပတိရာဇ ဆိုတဲ့ဘွဲ့ကို ပေးအပ်တယ်။ မိုင်းယန်းမှာပဲ ဆက်နေပြီး ကျိုင်းတုံကို ၁၈၁၇ ခုနှစ်ရောက်မှ ရွှေ့လာပါတယ်။ အုပ်ချုပ်ရေးမှာ ပြုပြင်ချက်တွေ လုပ်တယ်။ မြို့ရွာစည်ပင်အောင် လုပ်တယ်။ လုပ်တဲ့အတိုင်းလည်း အများကြီး တိုးတက်ပါတယ်။ ဆက်လက်ပြီး သူ့လက်ထက်မှာ မှတ်သားစရာ ထင်ရှားတဲ့ အဖြစ်အပျက်တွေကတော့–

၁၈၁၉၊ ကျိုင်းတုံမြို့ရိုးမြို့တာကို ပြုပြင်တိုးချဲ့တယ်၊ သုံးနှစ်ကြာမှ ပြီးတယ်။ နောက်လည်း ပြင်ဆင်သေးတယ်။ ယခုအတိုင်း ပတ်လည် ၄ မိုင် ၁ဖာလုံ ရှိတဲ့ မြို့ရိုးကတော့ ၁၈၃၃ ခုနှစ်မှာမှ ပြီးတယ်။

၁၈၃၅၊ မဟာဒေဝီ သေဆုံးတယ်။

၁၈၃၆၊ ကျိုင်းချိုင်စော်ဘွားသမီးနှင့် လက်ဆက်တယ်။

၁၈၃၇၊ (ဖေဖော်ဝါရီ ၂၂) အင်္ဂလိပ်ကပ္ပတိန် ဒဗလျူစီမက်ကလောက်နှင့် စော်ဘွားတို့ တွေ့ဆုံကြတယ်။ စော်ဘွားကလည်း အဲဒီအချိန်မှာ အသက် ၅၅နှစ်၊ အရပ်ရှည်ရှည်၊ ခံ့ညားတယ်။ ဒါပေမဲ့ မျက်စိအလင်းမရ။ တခြားစော်ဘွားတွေနဲ့ မတူဘဲ အချက်ကတော့ လက်ရှိ မယားတစ်ယောက်သာ ရှိတယ်လို့ ကပ္ပတိန် မက်ကလောက်က မှတ်တမ်းတင်တယ် (**ပါလီမန် မှတ်တမ်း၊** ၁၀ ဩဂုတ် ၁၈၆၉၊ ၅၅–၆)။

၁၈၄၁၊ သာယာဝတီမင်း (၁၈၃၇–၄၆) ကို သမီးငယ် နန်းသုဝဏ္ဏာ ဆက်တယ် (ကုန်း၊ ၁၁၉၃။ **ကုန်း၊ တ၊ ၄**)။

၁၈၄၂၊ မိုင်းယောင်း၊ မိုင်းကဲနယ်များမှာ ဆူပူသောင်းကျန်းကြတယ်။

၁၈၄၇၊ သမီးကြီး သုနန္ဒကို ကျိုင်းရုံးကြီးစော်ဘွား သိန်ဝိဖနဲ့ ထိမ်းမြားပေးတယ်။

၁၈၄၉၊ ယိုးဒယားက ကျူးကျော်တိုက်ခိုက်လာတာကို ကျိုင်းတုံမြို့ပြင် ဆွမ်မ်ဆီလီကုန်းအထိ ရောက်လာပြီးမှ မြို့ကိုအပြီးရအောင် မသိမ်းဘဲပြန်သွားတယ်။ စော်ဘွားအရာ ဆက်ခံမယ့် (ကျမိုင်း) သားကြီးကို မိုးနဲမှာ လွှတ်ထားရတယ် (**ကုန်း**၊ ၁၂၃၀။ **ကုန်း**၊ တ၊ ၄၂-၄)။

၁၈၅၂၊ ယိုးဒယားက နောက်တစ်ကြိမ် ကျူးကျော်လာပြန်တယ်။ ဒါပေမဲ့ တွန်းလှန်နိုင်ပါတယ် (**ကုန်း**၊ ၁၃၄၀။ ကုန်း၊ တ၊ ၁၅၃-၄)။

၁၈၅၄၊ ယိုးဒယားက တတိယအကြိမ် တိုက်ခိုက်လာပြန်တယ်။ မိုးနဲ စစ်ကဲမဟာနော်ရထာက ကျိုင်းတုံကနေပြီး ထွက်ခုခံပါတယ်။ ရန်သူတွေ ဆုတ်ခွာသွားရတယ် (**ကုန်း**၊ ၁၃၇၂-၃။ **ကုန်း**၊ တ၊ ၁၉၆၊ ၂၀၂)။

၁၈၅၅၊ ဟောကောန် ဘုန်းတော်ကြီးကျောင်းကို ဆောက်လုပ် လှူဒါန်းတယ်။

၁၈၅၇၊ စဝ်မဟာခနန်ဟာ အသက် ၇၆ နှစ်မှာ ကွယ်လွန်လို့ ကြီးကြီးကျယ်ကျယ် သင်္ဂြိုဟ်တယ်။ ပထမဇနီးနဲ့ သားသုံးယောက်၊ သမီးနှစ်ယောက်၊ ဒုတိယဇနီးနဲ့ သားနှစ်ယောက်ရှိတယ်။

သားကြီးမဟာပေါမ်(၁၈၅၇-၇၆)ဟာ စောစောက နဆဲန်ကို အုပ်ချုပ် ရာက အခုခေမရဋ္ဌမဟာဝံသရာဇ (**ကုန်း**၊ ၁၁၄၃-၄)ဘွဲ့ခံပြီး ကျိုင်းတုံစော်ဘွား ဖြစ်လာပါတယ်။ တတိယသားက နာလိုက်ကို အုပ်စိုးရတဲ့ စဝ်ခမ်ဆဲန်ဖြစ်တယ်။ သမီးကြီးသုနန္ဒနဲ့ သမီးငယ်သုဝဏ္ဏာအကြောင်းတော့ ပြောခဲ့ပြီးပြီ။ ဒုတိယဇနီးနဲ့ စဝ်တိပိမနိခမ်က ၁၈၅၇ခုမှာ အမေဘက်က အမွေကို ခံယူပြီး ကျိုင်ချိုင် စော်ဘွားဖြစ်သွားပါတယ်။ ဒုတိယ ဇနီးနဲ့ သားငယ် စဝ်ကောန်တိုင် (၁၈၈၁-၆)က ကျိုင်းတုံစော်ဘွားဖြစ်လာပါသေးတယ်။ စဝ်မဟာပေါမ်ရဲ့ လက်ထက် ၁၈၇၂ မှာ မိုင်ဆေကို ကျိုင်းတုံကသွားပြီး တိုက်ခိုက်ပါတယ်။

စဝ်ဆဲန် (၁၈၇၆၊ ၈၁)ဟာ ၁၈၁၈ ခုနှစ်မှာ မွေးဖွားတယ်။ မြန်မာမင်းက ခေါ်ယူလို့ ၁၈၄၃ ခုနှစ်မှာ မြန်မာမြို့တော်မှာ လာနေရတယ်။ မင်းတုန်းမင်းက သူ့နှမတော်တစ်ဦးဖြစ်တဲ့ ရတနာဒေဝီနဲ့ ၁၈၅၃ ခုနှစ်မှာ လက်ထပ်ပေးစားတယ်။ ပြီးတော့ မိုးမိတ်စော်ဘွားခန့်ထားတယ်။ နောက် ၁၈၇၆ ခုနှစ် ကျိုင်းတုံစော်ဘွားဖြစ်တော့ ခေတိဇေဋ္ဌမဟာသီဟပဝရ ဗြဟ္မသီရိသုဓမ္မရာဇာ(**လွှတ်မှတ်**၊ ၈၊ ၁၉၊ **ရွှေနန်းသုံးဝေါဟာရ** အပိုဒ်၆၈)ဘွဲ့ရတယ်။ သူ့လက်ထက်မှာ မြန်မာစစ်ကဲ မောင်မြဟာ ကျိုင်းတုံမှာ တပ်နဲ့လာနေတယ်။ မြန်မာတပ်ရှိတဲ့ အရှေ့အရပ်ကို တပ်မာန်လို့ ခေါ်တယ်။ ဒီစစ်ကဲဟာ ဒုစရိုက်အားကြီးပြီး နယ်သူနယ်သားကို အင်မတန် ညှဉ်းပန်းတယ်။ ဒါကို ရွှေနားတော်ကြား တိုင်တန်းတော့ မောင်မြ ထွက်ပြေးပါတယ်။ ဒါပေမဲ့ သူ မပြေးရခင် နယ်သူနယ်သား အတော်များများပဲ ကြောက်လန့်ပြီး ကျိုင်းဆဲန် နယ်ထဲကို ထွက်ပြေးကြတယ်။ ပြေးသူတွေ ကိုပြန်ခေါ်ဖို့လုပ်တဲ့ အခါ ကျိုင်းတုံ စော်ဘွားနဲ့ ကျိုင်းဆဲန်စော်ဘွားတို့စကားများကြတာ ၁၈၇၉ ခုနှစ်ကျမှပြန်ပြီး မိတ်ဆွေဖြစ်ကြပါတယ်။

စဝ်ကောန်တိုင်(၁၈၈၁-၆)စော်ဘွားဖြစ်တဲ့အခါ ခေတိဇေဋ္ဌပဥ္စလရဋ္ဌ မဟာသီဟပဝရ သိရိသုဓမ္မရာဇဘူမိန္ဒနရိန္ဒ ခေမာဓိပတိ ရာဇာဒိရာဇ (**လွှတ်မှတ်**၊ တစ်၊ ၂၂)ဘွဲ့ ခံယူ

ပါတယ်။ စော်ဘွားဖြစ်ပြီးလို့မကြာခင် လူးတစ်ဆယ်နှစ်ပန္နား ခေါ် ဆိပ်ဆောန်ပန္နာနဲ့ မောန်လိန်နယ်တွေကို သွားပြီး တိုက်ခိုက်အောင်မြင်ခဲ့ပါတယ်။ အဲဒီ ၁၈၈၁ ခုနှစ်မှာပဲ မိုးနဲ စော်ဘွား၊ ရပ်စောက်စော်ဘွား၊ မိုင်းနောင် စော်ဘွားတွေ မြန်မာနဲ့ ခြားနားပြီး ကျိုင်းတုံနယ်ထဲ ဝင်လာကြပါတယ်။ ကျိုင်းတုံကလည်း ကောင်းကောင်းလက်ခံပြီး သူပါ ပုန်ကန်ခြားနားတဲ့ အစုထဲ ဝင်လိုက်ပါတယ် (**ကုန်း**၊ ၁၅၅၉၊ ၁၅၇၅၊ ၁၅၇၈။ **ကုန်း**၊ တ၊ ၆၁၀၊ ၆၂၇။ **လွှတ်မှတ်**၊ ရှစ်၊ ၁၃၊ ၁၄၊ ၁၅–၁၈)။ အမှန်က မြန်မာမင်း(သီပေါမင်း)ကို စတင်အဆက် ဖြတ်တဲ့ ပုဂ္ဂိုလ်ဟာ ကျိုင်းတုံစော်ဘွားပဲ ဖြစ်တယ်။ မင်းတုန်းမင်း လက်ထက်က ကျိုင်းရုံ စော်ဘွားခန့်တာကို မကျေနပ်ခဲ့ဘူး။ ဒါ့ကြောင့် သီပေါမင်း လက်ထက်ရောက်တဲ့အခါ ကျိုင်းတုံမှာ ရှိနေတဲ့ မြန်မာဗိုလ်နဲ့ နောက်လိုက် သုံးဆယ်ကို သတ်တယ်။ ကျိုင်းရုံကိုသွားပြီး လုယက်ဖျက်ဆီးတယ် (**ဂေဇက်**၊ ပ၊ ၁၊၂၉၁)။ သီပေါမင်းကလည်း ထိရောက်အောင် ဘယ်လိုမှ အရေးမယူနိုင်ဘူး။ ရှမ်းစော်ဘွားတွေက သီပေါမင်းကို နန်းချပြီး အစား နန်းတင်ဖို့ လျာထားတဲ့ လင်းပင်မင်းသားဟာ ကျိုင်းတုံကို ၁၈၈၅ ခုနှစ်မှာ ရောက်လာပါ တယ်။ လင်းပင်မင်းသားဆိုတာကတော့ ၁၈၆၆ခုနှစ်တုန်းက မြင်ကွန်းမင်းသား လုပ်ကြံလို့ သေဆုံးတဲ့ အိမ်ရှေ့မင်း ကနောင်မင်းရဲ့ သားဖြစ်တယ်။ အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံ ထဲကို ဝင်ရောက်ခိုလှုံတဲ့အတွက် အင်္ဂလိပ်က မြို့အုပ်ခန့်တယ်။ ခဏပဲကြာတယ်။ နောက် မော်လမြိုင်မှာနေတယ်။ အဲဒီမှာနေတုံး ကျိုင်းတုံမှာ ခိုဝင်နေကြတဲ့ စော်ဘွားအဖွဲ့ရဲ့ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး မြန်မာမင်းသားတစ်ပါး အလိုရှိတယ်ဆိုတာကို ကျေနပ်လို့ လိုက်သွားတာ ဖြစ်တယ်။ (**ဂေဇက်၊ ပ**၊ ၁၊ ၂၉၂)။ ကျိုင်းတုံကို လင်းပင်မင်းသားဟာ ၁၀ ဒီဇင်ဘာ ၁၈၈၅ ခုနှစ်မှာ ရောက်တယ် (ချားလ်စ်ခရော့စဝိတ်၊ **မြန်မာနိုင်ငံ နှိမ်နင်းရေး**၊ လန်ဒန်၊ အက်ဒဝပ်အာနိုး၊ ၁၉၁၂၊ ၁၄၅)။ ဒီအချိန်မှာ အင်္ဂလိပ်က အထက်မြန်မာနိုင်ငံကို စစ်ပြုပြီး ၂၉ နိုဝင်ဘာ ၁၈၈၅ ခုနှစ်မှာ သီပေါမင်းကို ဖမ်းယူပြီးဖြစ်နေပါပြီ။ ဒီတော့ သီပေါမင်းနေရာမှာ နောက်တစ်ယောက်တင်ဖို့ အဆုံးအဖြတ်ကို ရှမ်းစော်ဘွားတွေထက် အင်္ဂလိပ်က အရေးပိုင်နေပါတယ်။ အင်္ဂလိပ်ကလည်း လင်းပင်မင်းသားကို ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူးလို့ ရှမ်းစော်ဘွားတွေရော၊ လင်းပင်မင်းသားကပါ နားလည်ပြီး ဖြစ်မယ်ထင်တယ်။ ဘာပြုလို့လဲဆိုတော့ စောစောက အင်္ဂလိပ်ဟာ ဒီမင်းသားကို ခဏ မြို့အုပ်ခန့်ထားပြီးမှ မကြိုက်လို့ ဖြုတ်ပစ်ထားခဲ့တဲ့ ဂျေဂျီ စကော့ (ဓာတ်ပုံ ၁) က လင်းပင်မင်းသားရှိတဲ့ နေရာကို လိုက်သွားပြီး ၈ ရက်၊ မေလ၊ ၁၈၈၇ ခုနှစ်မှာ ခေါ်ယူ တဲ့အခါ မင်းသားဟာ အသာတကြည်ပဲ လိုက်လာပါတယ်။ (ဂျီအီးမစ်တွန်၊ **ရှမ်းကုန်းမြင့် ကစတော့** လန်ဒန်၊ ဂျွန် စာရေး၊ ၁၉၃၆၊ ၁၀၅)။ နောက်တော့ အဲဒီမင်းသားကို အလ္လဟ ဗတ်ကို ပို့ထားပါတယ်။ (**စကော့**၊ ၁၀၅)။ စဝ်ကောန်တိုင်ကတော့ ၁၈၈၆ ခုနှစ်မှာပဲ သေလို့ ကျိုင်းတုံမြို့လယ် ကာ့တ်ဒွန်းသချိုင်းတော်မှာ မြှုပ်နှံထားပါတယ်။

## အင်္ဂလိပ်နှင့် ဆက်ဆံရေး

ကွယ်လွန်သွားတဲ့ စော်ဘွားရဲ့သား စဝ်ခမ်ဖု(၁၈၈၆–၉၆)က ကျိုင်းတုံ စော်ဘွား ဖြစ်လာပါတယ်။ ဇောတိဇေဋ္ဌမဟာပျကတ် ဇောတိတုံက ပူရိဘူမိ နန္ဒနရိန္ဒခေမာ မိပတိ

ရာဇာဘွဲ့ကို ယူတယ်။ သူ့လက်ထဲမှာ အင်္ဂလိပ်နဲ့ ယိုးဒယား နယ်စပ်ကို သတ်မှတ်ကြတော့ မယ်ဆိုင်မြစ်ရိုးတစ်လျှောက် နယ်နိမိတ်ဖြစ်စေလို့ ၁၈၇၇ ခုနှစ်မှာ သတ်မှတ်တဲ့အခါ ကျိုင်းတုံ စော်ဘွားရဲ့ သဘောတူချက်မပါဘူး။ ကျိုင်းတုံဟာလည်း အင်္ဂလိပ်နဲ့အတည့်အလင်း မိတ်မဖြစ်ကြသေးဘူး။ အင်္ဂလိပ်ပိုင် ဖြစ်တာကတော့ ဂျေဂျီစကော့ ရောက်လာပြီး ကျိုင်းတုံ စော်ဘွားလက်ထဲမှာ ဆာနဒ် (စော်ဘွားခန့်စာ) ပေးပြီးမှလို့ ပြောရမယ်။ ဆာနဒ်ကို ၂၆ ရက်၊ မတ်လ၊ ၁၈၉၀ခုနှစ်မှာ ပေးအပ်တယ်။ ဆာနဒ်ရဲ့မြန်မာပြန်က–

**မြန်မာနိုင်ငံကော်မရှင်နာချုပ်ကကျိုင်းတုံစော်ဘွားကိုပေးအပ်သည့် ဆာနဒ်**

အန္ဒိယဘုရင်ခံချုပ်နှင့် ကောင်စီတို့က သင့်ကို ကျိုင်းတုံစော်ဘွားအဖြစ် အသိအမှတ်ပြုလျက် ကျိုင်းတုံပိုင်နယ်မြေအတွင်း တရား ရာဇဝတ်နှင့် အခွန်ကိစ္စပေါ်သမျှကို စီရင်ဆုံးဖြတ်၍ အုပ်ချုပ်ကာ ကော်မရှင်နာချုပ်က နောက်ဆုံးသဘောတူပါလျှင် ရှမ်းအလေ့အလာ ရှိသည့်အတိုင်း စော်ဘွားအရိုက်အရာ ဆက်ခံနိုင်မည့်သူကို ရွေးချယ် အမည်တင်သွင်း ထားခွင့်ပြု၏။

အိန္ဒိယဘုရင်ခံချုပ် နှင့် ကောင်စီ၏ သဘောတူချက်ကို ရယူလျက် မြန်မာနိုင်ငံ ကော်မရှင်နာချုပ်က အောက်တွင် သတ်မှတ်ထားသည့် အကြောင်းအချက်များအရ သင့်ကို ကျိုင်းတုံစော်ဘွားခန့်ထားပါရန် အမည်ပေးသွင်းခြင်းဖြစ်ရာ ယင်းတို့အနက် ပျက်ကွက်ခြင်း တစ်စုံတစ်ရာ ရှိပါလျှင် သင့်အား ကျိုင်းတုံစော်ဘွားဟု ပေးအပ်ထားသည် တန်ခိုး အာဏာတို့ကို ပြန်လည် ရုပ်သိမ်းခြင်း ခံရလိမ့်မည်။

**လိုက်နာအပ်သော အကြောင်းအချက်များကား**

၁။ မြန်မာမင်းတို့ကို ယခင်ပေးဆက်မြဲဖြစ်သော ကန်တော့ လက်ဆောင် အရေအတွက်နှင့် ပုံစံအတိုင်း ပေးဆက်ရန်။

၂။ ဗြိတိသျှအိန္ဒိယ၏ အပဖြစ်သော နိုင်ငံတို့နှင့် အဆက်အဆံ မပြုရ။ ပြုရန် တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် ရှမ်းပြည်လုံးဆိုင်ရာ ဦးစီးမှ တစ်ဆင့် မြန်မာနိုင်ငံ ကော်မရှင်နာချုပ်သို့ စာတင်ရန်။

၃။ ကျိုင်းတုံနယ်တွင်းရေးဆိုင်ရာ အမှုကိစ္စဖြစ်စေ၊ နယ်ကျော်ကိစ္စဖြစ်စေ မြန်မာနိုင်ငံ ကော်မရှင်နာချုပ်က မည်သို့မည်ပုံ ဆောင်ရွက်တတ်ကြောင်း အကြံဉာဏ်ပေးလာလျှင် လက်ခံလျက် လိုက်နာဆောင်ရွက်ရန်။

၄။ ကျိုင်းတုံနယ်မြေတွင်း အုပ်ချုပ်ရေးကို ဒေသဆိုင်ရာ အလေ့အလာအတိုင်း အုပ်ချုပ်စီမံရန်နှင့် နယ်သူနယ်သားတို့ ရမြဲအခွင့်အရေးမှန်သမျှကို အသိအမှတ်ပြုလျက် ဆက်လက်ခံစားခွင့်ပေးကာ ယင်းတို့ကိုမည် သည့်နည်းနှင့်မျှ ကိုယ်တိုင်ဖိစီးနှိပ်စက်ခြင်းမပြုရန်နှင့် သူတစ်ထူး နှိပ်စက်လာသည်ကိုလည်း လစ်လျူရှုခြင်း မပြုရန်။

၅။ ကျိုင်းတုံနယ်မြေအတွင်း ငြိမ်ဝပ်ပိပြားလေအောင် စီမံအုပ်ချုပ်လျက် ကုန်စည်ကူးသန်းမှု လမ်းခရီးတို့ကို ဖွင့်ထားစေရမည်။ ကုန်သည်ဖြစ်စေ၊ ဝန်သယ်ခရီးသွား

အသင်းအဖွဲ့ဖြစ်စေ၊ အထက်ပါနယ်မြေအတွင်းလုယက် ခြင်းခံရပါလျှင် ရှမ်းပြည်လုံး ဆိုင်ရာဦးစီးက သတ်မှတ်သည့်ဒဏ်ငွေကို သင်ကပင် ပေးလျော်ရန်။

၆။ ရှမ်းပြည်လုံးဆိုင်ရာဦးစီးက အလိုရှိပါလျှင် သင်၏ကိုယ်စားလှယ် တစ်ဦးသည် ဦးစီးရုံး၌နေ၍ ဦးစီးအား ကျိုင်းတုံနယ် အခြေအနေကို ဖော်ပြအစီရင်ခံရန်။

၇။ တခြားရှမ်းပြည်နယ် တစ်စိတ်တစ်ပိုင်း နှင့် ငြင်းခုံဖွယ် အရေးအရာ ပေါ်ပေါက်လာပါက ရှမ်းပြည်လုံးဆိုင်ရာ ဦးစီးထံသို့ တင်ပြလျက် အဆုံးအဖြတ်ကို နာခံရမည်။ အကယ်၍ ကျိုင်းတုံနယ်သားတစ်ဦးက ကျိုင်းတုံနယ်နိမိတ်သတ်မှတ်ချက်၏ အပြင်သို့ ထွက်၍ လုယက် တိုက်ခိုက်ပါလျှင် ရှမ်းပြည်လုံးဆိုင်ရာ ဦးစီးသတ်မှတ်သည့် ငွေဒဏ်ကို သင်ကပင် ပေးလျော်ရန်။

၈။ ပြည်ပိုင်အစိုးရက ကျိုင်းတုံနယ်ကို ဖြတ်၍ မီးရထားလမ်းဖောက်လိုလျှင် လိုသမျှမြေကို သိမ်းယူရာတွင် ထိုမြေပေါ်မှ ထွန်ယက် လုပ်ကိုင်စားသောက်သူကို ပေးရန်ရှိသမျှ လျော်ကြေးမှအပ ထပ်မံ၍ အဖိုးအခ မယူသည့်ပြင် အစိုးရကို အစွမ်းကုန်ကူညီရန်။

၉။ ဘိန်း၊ အရက်၊ စိမ်ရည် စသည့် ယစ်မျိုးခွန် ပေးရမည့် ပစ္စည်းနှင့် အောက်မြန်မာနိုင်ငံသို့ ပင်လယ်မှ တင်သွင်းစဉ်က အကောက်ဆောင်ရသည့်ပစ္စည်းမျိုး၊ သို့မဟုတ် ဘုရင်ခံချုပ်နှင့် ကောင်စီတို့က သတ်မှတ်သည့် ကန့်သတ်ချက်တွင် အကျုံးဝင်သော အထက်မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းမျိုးကို ကျိုင်းတုံမှ အောက်မြန်မာနိုင်ငံအတွင်းသို့လည်း အထက်မြန်မာနိုင်ငံအရပ်ရပ်သို့လည်း၊ အစိုးရသတ်မှတ်သည့်ဥပဒေအရနှင့် အဆိုပါ ဥပဒေများအလိုက် အခွန်အခပေးပြီးမှသာလျှင် တင်ပို့ရန်။

၁၀။ ကျိုင်းတုံနယ်တွင်း ခိုအောင်းလာသည့် ရာဇဝတ်မှုကျူးလွန်ထားသူများကို အစိုးရအရာရှိ တစ်ဦးဦးက တောင်းခံလာလျှင် ဖမ်းဆီးလွှဲအပ်ပေးရန်နှင့် ကျိုင်းတုံနယ်တွင်းသို့ တရားခံဖမ်းလာသည့် အရာရှိကို ကူညီရန်နှင့် ကျိုင်းတုံနယ်မှ တရားခံသည် နယ်လွန်အောင် ပြေးပုန်း သွားသည့်အခါမျိုးတွင် ရှမ်းပြည်လုံးဆိုင်ရာ ဦးစီးကို အသိပေးတိုင်တန်းရန်။

၁၁။ ဥရောပတိုက်သား အင်္ဂလိပ်ကျွန်တော်မျိုးမှန်လျှင် သင်က အမှုမစီရင်ရ၊ ရာဇဝတ်ကျင့်ထုံးအရ အဆိုပါပုဂ္ဂိုလ်မျိုးကို အရေးယူထိုက်သည့် အကြောင်းပေါ်ပေါက်လျှင် ရှမ်းပြည်လုံးဆိုင်ရာ ဦးစီးအား တင်ပြ တိုင်တန်းရန်။

**စီအိပ်ချ်တီ ခရော့စဝိတ်**
**မြန်မာနိုင်ငံ ကော်မရှင်နာချုပ်**

ဒီစော်ဘွား ခန့်အပ်စာကို ကော်မရှင်နာချုပ်ရဲ့ အတွင်းဝန်ငယ် ဒီအိပ်ချ်အာရ်ဘူမယ်က ၁၀ရက်၊ ဖေဖော်ဝါရီလ၊ ၁၈၉၀ ခုနှစ် နေ့စွဲနဲ့ ရှမ်းဦးစီးဆီကို ပို့တယ်။ နှစ်စဉ်ဆက်သွင်းမြဲ ကန်တော့လက်ဆောင် နေရာမှာ မြန်မာခေတ်က ပုံစံနဲ့ ပမာဏကို မေးပြီး စောဖြည့်ထည့်ရန်လည်း မှာလိုက်တယ်။ ကန်တော့လက်ဆောင်တွေကတော့ (ရွှေပန်းခိုင်၊

ဓာတ်ပုံ ၂) ရွှေခွက်၊ ဖယောင်းတိုင်၊ ပိုးအုတ်၊ မြည်းနဲ့ ပန်းထိုးမှီအုံးတွေ ဖြစ်တယ်။ မင်းအပြင် အိမ်ရှေ့မင်းနဲ့ လွှတ်တော်ဝန်ကြီးတွေလည်း လက်ဆောင်ရတယ်၊ အရေးအခင်း ပေါ်လို့ စစ်သားလိုရင် (သေနတ်ကိုင် တစ်ဝက်၊ လှံကိုင်တစ်ဝက်) လူ၂၅၀၀၀ ပေးရတယ်။ ကင်းစခန်းတွေမှာလည်း လူ ၅၀က ၂၀၀ထိ ပို့ပေးရတယ်။ နိုင်းယှဉ်ချက်လုပ်လိုရင် ကျိုင်းတုံက သုံးနှစ်တစ်ခါပို့တဲ့ ပစ္စည်းထက် ကျိုင်းတုံက သုံးဆများရမယ်။ ပြီးတော့ နှစ်စဉ်လည်း ပို့ရမယ် (**နှိမ်နင်းရေး**၊ ၂၁၃)။ ပြောခဲ့ပြီးတဲ့အတိုင်း ဂျေဂျီစကော့ ကိုယ်တိုင် ဒီအမိန့်စာကို ကျိုင်းတုံစော်ဘွားလက်ထဲကို ၂၉ ရက်၊ မတ်လ၊ ၁၈၉၀ ခုနှစ်မှာ ထည့် ပေးလိုက်တယ်။ ဒီတော့ အင်္ဂလိပ်ရောက်စ ကျိုင်းတုံကို ဘယ်လိုတွေ့သလဲဆိုတာ စကော့ မှတ်တမ်းထဲက ထုတ်ပြောဖို့လိုပါတယ်။

ကျိုင်းတုံနယ်ဟာ စတုရန်းမိုင်ပေါင်း ၁၂၄၀၀ ရှိတယ်။ အရှေ့မိုင် နှစ်ဆယ်၊ အကျယ်တစ်ဆယ့်ငါးမိုင်ရှိတဲ့ လွင်ပြင်မှာ ကျိုင်းတုံမြို့ ရှိတယ်။ မြို့ရိုးက တစ်ဆယ့်ငါးပေ မြင့်ပြီး အထက်ပိုင်းမှာ သူရဲတွေလည်း ပါတယ်။ အုတ်တွေဟာ ဟောင်းလို့ ကြေမွစပြုပြီ။ မြို့ရိုးတချို့နေရာတွေမှာ ပြိုနေပြီ။ ကြည့်လှတာပဲ ရှိမယ်၊ မခိုင်ခန့်တော့ဘူး။ ပြီးတော့ မြို့အနောက်တောင်ဘက်က တောင်ကုန်းပေါ်ကနေပြီး လုပ်ဖို့လိုမယ်ဆိုရင် မြို့ထဲကို လွယ်လွယ်နဲ့ အမြောက်ကျည်ဆံ ပစ်သွင်းနိုင်ပါတယ်။ ပတ်လည် လေးမိုင် ခြောက်ဖာလုံ ရှည်တယ်။ အဝင်အထွက် တံခါးပေါက်ဆယ်ပေါက် ရှိတယ်။ မြို့ရိုးအတွင်းမှာ ညီညာပြန့် ပြူးတဲ့ မြေပြင်က သိပ်နည်းတယ်။ လူနေအိမ်ခြေက မြောက်ဘက်ခြမ်းမှာ စုနေတယ်။ အိမ်ခြေကတော့ ခုနစ်ရာကျော် ရှစ်ရာလောက်ပဲ ရှိမယ်။ အုတ်နဲ့ ဆောက်တဲ့အိမ်က ဝါးအိမ်ထက် ပိုများပါတယ်။ အိမ်တွေမှာ အမိုးက အုတ်ကြွပ်ဖြစ်လို့ မီးထင်းကိစ္စ နည်းနည်းစိတ်ချရပါတယ်။ ဘုန်းကြီးကျောင်း ပေါတယ်၊ လှတယ်။ သစ်သားပန်းပုနဲ့ ပန်းချီဆေးရေး လက်ရာကောင်းတယ်။ ဘုံအထွတ် ထည့်ပုံက တရုတ်သိပ်ဆန်တယ်။ ကျိုင်းတုံမြို့ရော ဝန်းကျင်ပါ လူဦးရေဟာ နှစ်သောင်းထက် မပိုနိုင်ပါ။ စတော့တို့ ရောက် သွားတဲ့အခါ စော်ဘွားလုပ်တဲ့ စဝ်ခမ်ဖုဟာ အသက်တစ်ဆယ့်ခြောက်နှစ်လောက်ပဲ ရှိအုံးမယ်။ ဟော်ဆိုတဲ့ စော်ဘွားနန်းတော်ကဖြင့် ပြိုကျတော့မယ့်ပုံပဲ၊ ဟောင်းလှပြီ။ ဒီတော့ အင်္ဂလိပ် ဧည့်သည်အရာရှိတွေကို စည်းဝေးဆောင်ထဲမှာပဲ ဧည့်ခံရတယ်။ စည်းဝေးဆောင်ဆိုတာ ရာဇပလ္လင်ရှိတဲ့ အဆောင်ဖြစ်တယ်။ အပြင်ကကြည့်ရင်တော့ ဂိုဒေါင်ကြီးလိုပဲ တွေ့ရမယ်။ အတွင်းကျတော့မှ ရွှေချပြီး အလှအပတွေ လုပ်ထားတယ်။ ပလ္လင်ရှေ့မှာ ကုလားထိုင်တွေ ချထားပြီးထိုင်ကြရတယ်။ စော်ဘွားနဲ့ညီ ကျမိုင်းက စကားသိပ်မပြောပါ။ ကျန်အရာရှိနဲ့ ကုန်သည်ကြီးတွေက အင်္ဂလိပ်ရောက်လာတဲ့အတွက် မီးရထားလမ်းဖောက်မှာပဲ၊ အရောင်း အဝယ် ပိုစည်ကားမှာပဲနဲ့ ဝမ်းသာစကားတွေ ပြောကြတယ်။ အခု အခိုက်အတန့်မှာတော့ တရုတ်နဲ့ပဲ ကူးသန်းရောင်းဝယ်နေတယ်။ ယိုးဒယားဘက် ဇင်းမယ်ဘက်ကို အရင်ကလို ဝင်ထွက် ရောင်းဝယ်တဲ့ သဘောမရှိ၊ အဆက်ပြတ်နေကြတယ်။ အားလုံးခြုံကြည့်လိုက်ရင် ကုန်သည်ပိုင်းနဲ့ အမတ်တွေက အင်္ဂလိပ်ရောက်လာတာကို မျှော်လင့်ချက်တွေနဲ့ ကျေနပ် ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်နဲ့တွေ့တွေ့ချင်း မပြေပြစ်မယ့် ကိစ္စတစ်ခုပေါ်လာလို့ အင်္ဂလိပ် ဘက်ကလည်း စိုးရိမ်စိတ်ဖြစ်ရတယ်။ ပေါ်လာတဲ့ အကြောင်းကတော့ အင်္ဂလိပ် အရာရှိ ငှားရမ်းခေါ်ဆောင်လာတဲ့ လားဝန်တင် အမှုထမ်း ပန်းသေးတွေထဲက တစ်ယောက်ကို

ဒဏ်ရာရအောင် လုပ်ပြီး၊ တစ်ယောက်ကို အစတုံး ဖျောက်ဖျက်လိုက်တဲ့ကိစ္စပဲ။ အသေအချာ စစ်မေးတော့ စော်ဘွားလူတွေနဲ့ ခိုက်ရန်ဖြစ်လို့ စော်ဘွားကိုယ်တိုင်က သေနတ်နဲ့ ပစ်တယ်လို့ သိရတယ်။ အရေးယူရင် တစ်ခက်၊ မယူဘဲနေရင်လည်း တစ်ခက်။ နောက်တော့ အင်္ဂလိပ်ရဲ့ ဂုဏ်သတင်း မညှိုးဖို့ အရေးကြီးတယ်။ ဒါ့ကြောင့် ဒဏ်ရာရသူအတွက် ငွေ ၅၀၀၊ ပျောက်သူအတွက် ငွေ ၁၅၀၀ လျော်ကြေးပေးစေလို့ တောင်းတယ်။ တောင်းတဲ့အတိုင်း ပေးပါတယ်။ ပြီးတော့ ဆာနဒ်အပ်ပွဲ လုပ်တယ်။ တင်ပြသမျှ အချက်အလက် ဘာမှမငြင်းဘဲ လက်ခံလိုက်တယ်။

ကျိုင်းတုံနဲ့ နယ်နိမိတ်သတ်မှတ်ဖို့ တာဝန်နဲ့ ၁၈၉၄ခုမှာ ဂျီစီဘီစတာ လိန်တို့အဖွဲ့ ကျိုင်းတုံကို ရောက်သွားပြန်တယ်။ စတာလိန်ရဲ့ အစီရင်ခံစာအရ ကျိုင်းတုံမှာ အင်္ဂလိပ်ကိုယ်စားလှယ်သဘောနဲ့ လက်ထောက် နိုင်ငံရေးအရာရှိ မောင်ညိုကို ထားခဲ့လို့လည်း ပါလာတယ်။ နယ်ခြားကိစ္စမှာ ကူညီဖို့ရောက်လာတဲ့ အဖွဲ့ကို ကျွေးမွေးဧည့်ခံဖို့ဆိုတဲ့ တာဝန်တွေကို စော်ဘွားဟာ တယ်ပြီး စိတ်ပါလက်ပါ ကူညီလိုဟန် မတွေ့ရဘူး။ ဒါပေမဲ့ မောင်ညိုကို ထားမယ်ဆိုတာတော့ ကျေနပ်ပုံရတယ်။ ကျိုင်းတုံတစ်နယ်လုံးရဲ့ အခြေအနေကို ခြုံပြီးကြည့်ရင် ကောင်းမွန်တယ်။ မြင်ကွန်းမင်းသားနဲ့ အဆက်အသွယ်ရှိပုံမပေါ်ပါဘူး။ တရုတ်နဲ့လည်း တိတ်တဆိတ် အဆက်အသွယ် မရှိနိုင်ပါဘူး။ ကောက်ပဲသီးနှံ မပျက်စီးလို့ ကျေးရွာလူများ ဝပြောတယ်။ ဒါပေမယ့် တုပ်ကွေးအဖျားရောဂါ ကျရောက်လို့ လူအများ အလုပ်အကိုင်ပျက်တယ်။ သေတဲ့လူလည်း များတယ်။ ဒါ့အပြင် ကျောက်ရောဂါလည်း ကျရောက်လို့ ဒုက္ခတွေ့ကြသေးတယ်။ ကျွဲနွားမှာလည်း ရောဂါကျတယ်။ ဒါပေမဲ့ အရင်နှစ်တွေကထက် သက်သာတယ်လို့ ဆိုပါတယ်။ စီးပွားရေးဘက်ကတော့ ဈေးပုံစံပဲ၊ ဝန်တင်လားတွေ အထမ်းသမားတွေနဲ့ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်က ယူလာတဲ့ ပစ္စည်းတွေကို ရောင်းချတယ်။ ပစ္စည်းတွေဆိုတာက ပိုးထည်၊ ခြည်ထည်၊ ကတ္တီပါ၊ ဆေတင်၊ မတ်စလင် ခေါ်တဲ့ အထည်ချော၊ အထည်ပါး၊ အပ်၊ အပ်ချည်၊ ချည်ခင်၊ မီးခြစ်၊ ရေနံဆီ၊ ဂျာမန်အဝတ်ဆိုးဆေး၊ ငါးပိ၊ အိမ်သုံးသံပစ္စည်းစုံ၊ ယွန်းထည်အမျိုးမျိုး၊ ခဲတန်၊ ကြည့်မှန် ငယ်နဲ့ ရှဖီးဓားများ ဖြစ်ပါတယ်။ ဂုံလူမျိုးတွေ ခေါင်းမှာပေါင်းတဲ့ ခေါင်းပေါင်းဟာ မန်ချက်စတာထွက် အထည်အမျိုးမျိုးပဲ ဖြစ်ပါတယ်။ ပြင်သစ်နဲ့ ဘယ်လဂျီယန်လုပ် သင်္ကလပ်ဦးထုပ်တွေလည်း ဆောင်းကြတယ်။ ထွက်ကုန်အနေနဲ့ ကျိုင်းတုံက အများထွက်တာဟာ ဘိန်းပါပဲ။ ယိုးဒယားဘက်ကို အများဆုံး ထုတ်တယ်။ တခြားရှမ်းနယ်တွေကိုလည်း ပို့ပေးရတယ်။ နယ်တွင်းမှာလည်း အများကြီး စားသုံးကြတယ်။ ဝါကို ပန်းသေးဝန်တင် လားသမားတွေက ဝယ်ပြီးပြန်ကြတာတွေ့ရတယ်။ သံလွင်မြစ် အနောက်ဘက်က နယ်တွေကို ကျိုင်းတုံဘက်က အရင် နွားတွေပို့တယ်။ အခုတော့ဒီလုပ်ငန်း သိပ်တွက်ခြေမကိုက်ဘူးလို့ ဆိုတယ်။ ကျိုင်းတုံနယ်မှာ တွင်းထွက်ပစ္စည်း ဘာမှမရနိုင်ပါ။ သံနဲ့လုပ်ပြီး ပစ္စည်းတွေရော၊ သံနဲ့လုပ်စရာ ပစ္စည်းတွေအတွက် သံချောင်း သံပြားကိုရော၊ မန္တလေးက ဝယ်လာရတယ်လို့ သိရတယ်။ တရုတ်နိုင်ငံသုံး ငွေဒင်္ဂါးတွေကို ကျိုင်းတုံမှာလည်း အသုံးပြုနေကြတယ်။ ကြေးပိုက်ဆံ ငွေပိုက်ဆံလည်း သုံးတယ်။ အကြွေအနုပ်ရှားလို့ တစ်ကျပ်မှာ နှစ်ပဲအလျော့ တွက်နဲ့ လဲရတယ်။ အရှေ့အိန္ဒိယ ကုမ္ပဏီသုံး ဒင်္ဂါးနဲ့ ဝိတိုရိယ ဘုရင်မနဲ့ သရဖူမဆောင်းဘဲ ခပ်နှိပ်တဲ့ဒင်္ဂါးကို မသုံးလိုကြဘူး။ ပစ္စည်းဖလှယ်တဲ့နည်းနဲ့လည်း အရောင်းအဝယ် အများ

ကြီး ဖြစ်ပါတယ်။ ပစ္စည်း အသွင်းနဲ့အထုတ် လုပ်ငန်းကို ပန်းသေးများက လက်ဝါးကြီး အုပ်ထားတယ်။ သူတို့ပဲ အပို့အယူလုပ်တယ်။ သူတို့ကလည်း ရှေးဆန်ဆန်၊ ဝယ်မြဲ ရောင်းမြဲ ပစ္စည်းကိုပဲ ယူလာတတ်လို့ ပစ္စည်းဆန်းဆန်း သူတို့ဆီက မရနိုင်ဘူး။ ဥရောပ လုပ်သေနတ်လည်း ကျိုင်းတုံနယ်ထဲမှာ တော်တော်များများ ပျံ့နှံ့နေတယ်လို့ သိရတယ်။ ကျည်ဆံကိုတော့ သူတို့ဘာသာ တရုတ်ယမ်း၊ တရုတ်ကန့်နဲ့ ဖော်စပ်ယူကြတယ်။

စိုက်ပျိုးရေးနဲ့ပတ်သတ်ပြီး စတာလိန်ရဲ့ အစီရင်ခံစာထဲမှာ စိတ်ဝင်စားစရာ ဖော်ပြထားပါသေးတယ်။ ကျိုင်းတုံမြို့ ပတ်လည်မှာရှိတဲ့ လယ်တွေက စော်ဘွားရယ်၊ သူ့အမျိုးတွေရယ်၊ သူ့အမတ်တွေရယ် ပိုင်ဆိုင်ကြတယ်။ လယ်ရှင်နဲ့ လယ်သားဟာ တစ်နှစ်ထွက်တဲ့စပါးကို တစ်ယောက်တစ်ဝက် ခွဲယူကြလေ့ရှိတယ်။ အောက်တိုဘာလ လောက်မှာ အခွန်ကောက်တယ်။ အခွန် ဘယ်လောက်ရသလဲလို့ အသေအချာသိဖို့ ခက်တယ်။ သံလွင်မြစ် အရှေ့ဘက်မှာရှိတဲ့ အရာရှိတွေဟာ အနောက်ဘက်က အရာရှိတွေထက် ပြောင်ပြောင်လက်လက် ရှိတယ်။ ဝင်ငွေပိုတဲ့ သဘောပဲ ဖြစ်မယ်။ စော်ဘွားက ဆွေမျိုးသားချင်းတွေကို ဖောဖောသီသီ ပေးကမ်းစွန့်ကြဲလေ့ မရှိဘူးတဲ့။ ညီနန်းရုံ (ကျမိုင်း)က အဲဒါကို သိပ်မကျေနပ်ဘူးလို့ သိရတယ်။

စော်ဘွားအကြောင်းကို စတာလိန်က ပြောပြပုံမှာလည်း ပြည့်စုံတယ်လို့ ဆိုရမယ်။ မနှစ်က လက်ထပ်ယူတဲ့ သီပေါစော်ဘွားသမီးနဲ့ စော်ဘွားဟာ အခုရက်မှာ ကွဲနေတယ်တဲ့။ ဘာပြုလို့လဲဆိုတော့ စော်ဘွားဟာ မင်းပျိုမင်းလွင်အနေနဲ့ အပျော်အပါးများလို့ ဒီလိုဖြစ်ရပါတယ်။ ကျိုင်းတုံကို ထုံးစံအတိုင်း လိုက်လာပြီး ခဏကြာတော့ သူ့မိဘတွေဆီကို ပြန်သွားတယ်။ စော်ဘွားက ဒီလိုပြန်သွားတာကိုလည်း မကန့်ကွက်တဲ့အပြင် သီပေါစော်ဘွား အမျိုးအဆွေတွေဟာ သူ့အပေါ်မှာ ထိုက်သင့်သလို အရေးတယူ မလုပ်ဘူးဆိုပြီး မကျေနပ်ဖြစ်နေသေးတယ်တဲ့။ ဒီစော်ဘွားရဲ့ အနေအထိုင်ကို ကဲ့ရဲ့ပြစ်တင်စရာတွေ အများကြီး ကြားရပါတယ်။ ဘယ်တော့မဆို လိုတာရတော့ ခြိုးခြံရတယ်၊ ဆင်ခြင်ရတယ်လို့ သူ ဘယ်နားလည်မလဲ။ လေလွင့်နေတဲ့ အမူအကျင့်ပဲ သူနှစ်သက်တယ်။ မြန်မာနိုင်ငံဘက်ကို တစ်ခေါက်ရောက်ဖူးလို့ နည်းနည်းအမြင်ကျယ်လာတယ်။ ငွေကြေးလုံလောက်ရင် အင်္ဂလန်ကို သွားချင်တယ်လို့ ပြောနေပါတယ်။ လူချင်းဆုံတွေ့တဲ့အခါ အကဲခတ်ကြည့်တော့ ဒီစော်ဘွားလေးဟာ ငယ်ငယ်ကစပြီး အလိုလိုက်ကြလွန်းလို့ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တာပဲ ဖြစ်တယ်။ စကားပြောရင် ဘွင်းဘွင်းနဲ့ ရိုးသားတယ်လို့ သိနိုင်ပါတယ်။ ဉာဏ်ပညာလည်း မခေပါဘူး။ ဖြန်းကနဲ စိတ်ဆိုးပြီး ထင်ရာကောက်လုပ်တာ တစ်ခုပဲ အပြစ်ဆိုစရာပေါ့။ ဒီလိုရာထူးအဆင့်ရှိတဲ့လူဟာ ဒီလို စိတ်မတိုသင့်ဘူး။ စတာလိန်တို့အဖွဲ့ဟာ ၂၂ ရက်၊ ဧပြီလ၊ ၁၈၉၄ ခုနှစ်မှာ ကျိုင်းတုံကထွက်ပြီး ပြန်သွားကြပါတယ်။

ကျိုင်းတုံအစ ရှမ်းနယ်တွေအပေါ်မှာ အင်္ဂလိပ်ရဲ့ သဘောထားကို ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာမင်းဟာ ရှမ်းနယ်တွေအပေါ်မှာ အုပ်စိုးခဲ့သူ ဖြစ်တယ်။ သူ့ကို အင်္ဂလိပ်တို့က ဖမ်းရတဲ့အတွက် သူ့လက်အောက်ခံတွေလည်း အင်္ဂလိပ်တို့ လက်အောက်ကို အလိုလိုရောက်တယ်လို့ ယူဆတယ်။ မြန်မာမင်းကို ရှမ်းစော်ဘွားတွေ (ဓာတ်ပုံ ၃)က ကန်တော့လက်ဆောင်ဆက်သည့်သဘောကို ဆက်ပြီးကျင့်သုံးစေလိုတယ်။ ဒါပေမဲ့ ရှမ်းနယ် အရေးကို အင်္ဂလိပ်ဟာ ချက်ချင်း မကိုင်အားဘူး၊ မြန်မာနိုင်ငံဘက်မှာ နည်းနည်း အလုပ်

ပါးတဲ့ ၁၈၈၇ ခုနှစ်ရောက်မှ ရှမ်းနယ်ကို ဂရုစိုက်ချိန်ရပါတယ်။ ဘယ်လမ်းစဉ်နဲ့ ဘယ်လို စတင် ဆက်ဆံရမယ်ဆိုတာကို ဆာချာလ်စ်ဗာနဒ်က ရေးဆွဲတယ် (**နီမ်နင်းရေး**၊ ၁၄၇)။ စော်ဘွားတွေကို မိမိတို့နယ်တွင်း အရေးအရာများမှာ ကိုယ်စိုးကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေး မယ်လို့ ရှင်းပြစေတယ်။ အင်္ဂလိပ်ကို အထက် အရှင်သခင် ဖြစ်တယ်လို့ တစ်နှစ်တစ်ကြိမ် မြန်မာမင်းကို လက်ဆောင်ပဏ္ဏာသွင်းသလို သွင်းရင်ပြီးတယ်။ ပြီးတော့ အရောင်းအဝယ် ပြန့်ပွားဖို့ လမ်းဖွင့်ပေးရမယ်။ အင်္ဂလိပ်အာဏာတည်အောင် ရှမ်းကုန်းမြေမြင့်ပေါ်မှာ အင်္ဂလိပ်တပ်တစ်ခု စခန်းချထားမယ်။ စော်ဘွားတစ်ဦးစီနဲ့ တွဲဖက်ဖို့ နိုင်ငံရေး အရာရှိ နာမည်နဲ့ အင်္ဂလိပ်ကိုယ်စားလှယ် အရာရှိတစ်ဦးစီ ခန့်ထားပေးမယ်။ ဒါကြောင့် ဆတုန် တောင်ရိုးက အင်းလေးဘက်အဆင်းမှာ စိန့်စတက်မန်ခံတပ် ဆောက်ထားတယ်။ တတိယ ဂေါ်ရခါးတပ်ကို ချထားပြီး ကာနယ်အီးစတက်မန်က အုပ်ချုပ်ရတယ်။ စော်ဘွားတွေနဲ့ တိုက်ရိုက် ဆွေးနွေးဖို့ တာဝန်ကိုတော့ အေအိပ်ချ်ဟိလ်ဒါဗရန်းကို ပေးအပ်ထားတယ်။ သူ့လက်ထောက်ကတော့ ဂျီဂျေစကော့(ရွှေရိုး)ဖြစ်တယ်။ စော်ဘွားတချို့ကို စိန့်စတက်မန်ကို ခေါ်ပြီး သူတို့နဲ့အင်္ဂလိပ် ဘယ်လိုဘယ်ပုံ ဆက်ဆံရမယ်လို့ ရှင်းပြတယ်။ တချို့ စော်ဘွား တွေဆီကိုတော့ ရှင်းလင်း ပြောပြရအောင် စကော့က သွားရတယ်။ စော်ဘွားကြီးတွေကို အသိအမှတ်ပြုတဲ့ အမိန့် ပြန်တမ်းကို ကုလားစကားနဲ့ ဆာနဒ်ခေါ်တယ်။ စော်ဘွားငယ်ငယ်ကို ပေးတဲ့စာကိုတော့ ခန့်စာလို့ပဲခေါ်ပါတယ်။ အဲဒီ ဆာနဒ်ကို ကျိုင်းတုံကို ပေးပုံနဲ့ ဆာနဒ်ပါ အချက်တွေကို အင်္ဂလိပ်က ဝင်မစွက်ဘူး။ ဒါပေမဲ့ ဝင်စွက် ခွင့်ရှိတယ်။ နယ်ပြင်ဆက်ဆံရေး မှာတော့ စော်ဘွားနဲ့ ဘာမှမဆိုင်ဘူးဆိုတဲ့ သတ်မှတ်ပုံပါပဲ။ အင်္ဂလိပ်ကိုစပြီး လက်ခံရတဲ့ ကျိုင်းတုံစော်ဘွားဟာ ပြောပြီးခဲ့တဲ့ စဝ်ခမ်ဖု (၁၈၈၆–၉၆) ဖြစ်တယ်။ အင်္ဂလိပ်ပေးတဲ့ ဆာနဒ်ကို ၂၉ ရက်၊ မတ်လ၊ ၁၈၉၀ ခုနှစ်မှာ ရပါတယ်။ စဝ်ခမ်ဖုဟာ ၁၈၆၄ ခုနှစ်မှာ မွေးတယ်။ သေတော့ ၁၂ ရက်၊ ဧပြီလ၊ ၁၈၉၆ ခုနှစ်နေ့မှာ ဖြစ်တယ်။ သူ့ညီ စဝ်ကောင် ကျောက်အင်တလိုင် (၁၈၉၆–၁၉၃၅)က စော်ဘွားအဖြစ် ဆက်ခံပါတယ်။ (ဓာတ်ပုံ ၄) စော်ဘွားသစ်ကို ၇ ရက်၊ မေလ၊ ၁၈၉၆ ခုနှစ်က ၉ ရက်၊ ဖေဖော်ဝါရီလ၊ ၁၈၇၇ ခုနှစ်အထိ ယာယီ စော်ဘွားအဖြစ် အင်္ဂလိပ်က ခန့်ထားပြီးမှ အတည်ဆက်၍ ခန့်ထားပါတယ်။ သူဟာ စဝ်ကောင်တိုင်နဲ့ မိုင်းလွှေစော်ဘွားသမီး စဝ်နန်းသုဝဏ္ဏာတို့က ၁၈၇၄ ခုနှစ်မှာ မွေးတယ်။ မိုင်ဆင်မြို့စားသမီး စဝ်နန်းပဒုမ္မာနဲ့ ၁၈၉၄ ခုနှစ်မှာ လက်ထပ်တယ် (**ဂေဇက်**၊ ဒ၊ ၁၊ ၃၇၉)။ စော်ဘွားဘွဲ့က ဇောတိဇေဋ္ဌ ပရမဒိပ္ပိန္ဒ ဘောပိတရ မဟာရတနဇောတိသီရိ သုဓမ္မဝရဖေယသိဟဋ္ဌ မေခမဏိပဝရ ဇေဋ္ဌရဇ ဘူမိန္ဒ ရိန္ဒ ခေမာဓိပတိဖေယဓိရာဇ ဖြစ်ပါ တယ်။ တရုတ်နယ်နိမိတ်ကို သတ်မှတ်ဖို့ အင်္ဂလိပ်လွှတ်တဲ့ ၁၈၉၈ ခုနှစ်မှာ စုံစမ်းရေးအဖွဲ့နဲ့ အတူ စော်ဘွားသစ်လည်း လိုက်ပါတယ်။ အိန္ဒိယဒေလီမှာ ဒါဘာပွဲတက်ဖို့ ၁၉၀၃ ခုနှစ်မှာ သွားပါတယ်။ အဲဒီတုန်းက ဒေလီက အိမ်ပုံစံတစ်ခုကို သဘောကျလာတာနဲ့ အခုကျိုင်းတုံ ဟော်ကို ပြန်လာတဲ့အခါ အိန္ဒိယပုံစံအတိုင်း ၁၉၀၆ခုနှစ်မှာ ဆောက်ပါတယ်။ (ဓာတ်ပုံ ၅) အဲဒီနှစ်မှာပဲ ကျိုင်းတုံမှာ မီးကြီးလောင်လို့ ဈေးတစ်ခုလုံး လောင်ကျွမ်းသွားခဲ့တယ်။ အသဒိသဒါနဆိုတဲ့ အတုမဲ့အလှူကို မင်းဝေသန်တို့လို ၁၉၂၉ ခုနှစ်မှာ လှူပါတယ်။ ငွေပေါင်း သောင်းချီပြီး ကုန်ပါတယ်။ ဘုန်းတစ်ခိုးကြီးမား၍ တရားသဖြင့် အုပ်စိုးကာ ၁၉၃၆ ခုနှစ်မှာ ကွယ်လွန်ပါတယ်။

စော်ဘွား စဝ်ကောင်ကျော့က်အင်တလိုင်နဲ့ မဟာဒေဝီစဝ်နန် ပဒုမ္မာတို့က သား တစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားတယ်။ သမီးက အကြီးဖြစ်တယ်။ နာမည်က စဝ်နန်ဟိပကိုင်ဆောင်လို့ ခေါ်တယ်။ တောင်ကြီးက စဝ်နန်တိပ်တိဒရဲ့သား စဝ်တုံကမ်နဲ့ လက်ဆက်လို့ စဝ်သီဟကို မွေးပါတယ်။ သား စဝ်ဖုန်းလူကို ဇင်းမယ်က စဝ်နန်တိပ်ပဝံနဲ့ ထိမ်းမြားပြီး မိုင်းလိုက်စော်ဘွား ခန့်ထားပါတယ်။ စော်ဘွားကြီးရဲ့ ဒုတိယဇနီးက နန်ဖောင်လို့ ခေါ်ပါတယ်။ သားသမီးခြောက်ယောက် ထွန်းကားတယ်။ အကြီးဆုံးသားက စဝ်ကောင်တိုင် ဖြစ်တယ်။ (အဖ စော်ဘွားအရာကို ဆက်ခံပြီး ၁၉၃၇ ခုနှစ်မှာ တူစပ်သီဟ ရဲ့ လုပ်ကြံသတ်ဖြတ်တာကို ခံသွားရရှာတယ်)။ ဒုတိယသားက စဝ်အိန္ဒြာဖြစ်ပြီး သီပေါမှာ သွားသေပါတယ်။ တတိယသား စဝ်ခုန်မိုင်း၊ စတုတ္ထသား စဝ်ခုန်စစ် (ပထမ ကမ္ဘာစစ် ဖြစ်စမွေးလို့ ခုန်စစ်လို့ မှည့်တာ) တို့ဖြစ်ကြပါတယ်။ သမီးကြီးက စဝ်နန်ဗိုစွမ်၊ အငယ်က စဝ်နန်ဖောင်ကျော့က် (လွန်)တို့ ဖြစ်ကြပါတယ်။ တတိယဇနီး စဝ်နန်ဗိုတိပ်လုံနဲ့ ကလေး ငါးယောက်ရတယ်။ အကြီးဆုံးက သမီး စဝ်နန်ဝင်ကျော့က် (ရပ်စောက်စော်ဘွားရဲ့ မဟာဒေဝီ) ဒုတိယသမီး စဝ်နန် သုဝဏ္ဏကန္တ (ဇင်းမယ်စော်ဘွားရဲ့ မဟာဒေဝီ)၊ တတိယ သမီး စဝ်နန်ဝန်တိပ် (သိန္နီစော်ဘွားရဲ့ မဟာဒေဝီ)၊ စတုတ္ထသား စဝ်ဆိန်ဆိုင် (ကျိုင်းတုံရဲချုပ်)၊ ပဉ္စမသား စဝ်ကျော့က်မမိုင်း (ကျိုင်းတုံ တရားဝန်ကြီးချုပ်) တို့ ဖြစ်ပါတယ်။ စတုတ္ထဇနီး စဝ်နန်လျင်နဲ့ကလေးနှစ်ယောက်၊ စဝ်စိုင်မိုင်း (ရှမ်းပြည်နယ် ပညာရေး အရာရှိချုပ်)နဲ့ စဝ်နန်စံဖောင် (ကျိုင်းတုံ အစိုးရကျောင်းအုပ်ဆရာမကြီး)တို့ဖြစ်တယ်။ ပဉ္စမဇနီး စဝ်နန် ဘွန်ယောင်နဲ့ ကလေး နှစ်ယောက်၊ သမီးစဝ်နန် ဖောင်နုံ(ငယ်ကလွန်)နဲ့ သားစဝ်ဘွန်ဝုက် (သံအမတ်) တို့ ဖြစ်ကြပါတယ်။ ဆဋ္ဌမဇနီး စဝ်နန်ဗိုတိတ်န္တိုင်နဲ့ ကလေးနှစ်ယောက်၊ သမီး စဝ်နန်မိုနံနဲ့ သား စဝ်ယွတ်ထိုင်း (ကျိုင်းတုံအမတ်ချုပ်)တို့ ဖြစ်ပါတယ်။

စဝ်ကောင်တိုင် (၁၇ ရက်၊ ဧပြီလ၊ ၁၉၃၇ခုနှစ်)က အဖအရိုက် အရာကို ဆက်ခံ တယ်။ ဒါပေမဲ့ အောက်တိုဘာလ၊ ၁၉၃၇ ခုနှစ်မှာ အသတ်ခံ ရရှာတယ်။ ဒီတော့ နောက် တစ်ယောက် ခန့်ပြန်ရင် ဒီလိုပဲ ရန်ရှာတာ ခံရအုံးမယ်ဆိုပြီး အင်္ဂလိပ်က စော်ဘွားသစ် မခန့်ဘဲ နယ်ခြားဝန်ထောက် ကက်ပတိန် ဗွီဂျီရောဗတ်က အုပ်ချုပ်သွားပါတယ်။ အင်္ဂလိပ် အရာရှိက ကျိုင်းတုံနဲ့ နှစ်ဆယ့်နှစ်မိုင်ကွာ ပင်လယ်ရေ မျက်နှာပြင်ထက် ပေ ၅၀၀၀ မြင့်တဲ့ လွိုင်မွေမှာ ရုံးစိုက်ပါတယ်။ ဂျပန်တွေ မြန်မာနိုင်ငံထဲ ထိုးဝင်လာပြီးတဲ့အခါ ကျိုင်းတုံကို ယိုးဒယားနယ်အဖြစ်နဲ့ ဂျပန်က လွှဲပေးတယ်။ ဒီတစ်ခါ စဝ်ဖုန်းလူက ယိုးဒယား အစိုးရရဲ့ ကျိုင်းတုံ ဘုရင်ခံဖြစ်ခဲ့ပါတယ်။ အင်္ဂလိပ် ၁၉၄၅ ခုနှစ် ပြန်လာတော့ ကျိုင်းတုံဟာ မြန်မာနိုင်ငံထဲမှာ ၁၉၄၆ခုနှစ်ကစပြီး ပြန်ပါလာပြန်ပါတယ်။ လုပ်ကြံခံရတဲ့ စဝ်ကောင်တိုင်ရဲ့ သား စဝ်ဆိုင်လုံ (ဓာတ်ပုံ ၆)ကို ၁ ရက်၊ ဧပြီလ၊ ၁၉၄၇ ခုနှစ်မှာ အဖ အရာကို ဆက်ခံပြီး စော်ဘွားခန့်ပေးခဲ့ပါတယ်။ စဝ်ဆိုင်လုံဟာ စက်တင်ဘာလ၊ ၁၉၂၇ ခုနှစ်မှာမွေးတယ်။ ကျိုင်းတုံအစိုးရကျောင်းမှာ ၁၉၃၇ ခုနှစ်အထိ စာသင်ရပြီး ကလောစိန် အဂ္ဂနီကျောင်းမှာ ၁၉၃၉ ခုနှစ်ခု အထိ နေရတယ်။ ပြီးတော့ ၁၉၄၀ ပြည့်နှစ်မှာ အင်္ဂလန်ကို ပို့ပြီး ကင်တာဗာရီမြို့ ဘုရင့်ကျောင်းမှာ ပညာဆက်သင်ပါတယ်။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ် ဖြစ်လို့ ချက်ချင်းပဲ ပြန်ခေါ်ရပြီး ၁၉၄၁ ခုနှစ်ဦးမှာ ဩစတြေးလျား၊ အဒိလိတ်မြို့ စိန်ပီတာကောလိပ်ကို ပို့လိုက်ပါတယ်။ ကျိုင်းတုံကို ၁၉၄၆ ခုနှစ်၊ မတ်လမှာပြန်လာပြီး

၁၉၄၇ ခုနှစ် ဧပြီလမှာ စော်ဘွားဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ကျိုင်းတုံ အဝင်အပါ အရှေ့ဘက် ရှမ်းပြည်လို့ ဖွဲ့စည်းပြီး နယ်ခြားဝန်ကို ကျိုင်းတုံမှာ ၁ ရက်၊ အောက်တိုဘာလ၊ ၁၉၅၀ ခုနှစ်ကစပြီး ခန့်ထားပေးပါတယ်။ ပထမဆုံး နယ်ခြားဝန်က ခုန်ရှီလီ (ခတ်ပုံ ၇) ဖြစ်တယ်။ နောက် ဦးညို၊ ဦးထွန်းလူတို့ ဖြစ်လာကြပါတယ်။ ပြည်တော်သာ ညီလာခံကို ကျိုင်းတုံမှာ ၁၅ ရက်၊ ဒီဇင်ဘာလ၊ ၁၉၅၂ ခုနှစ်က ကျင်းပတယ်။ ရှမ်းပြည်နယ် စော်ဘွားအားလုံး အာဏာစွန့်လွှတ်ကြတဲ့ ၂၄ ရက်၊ ဧပြီလ၊ ၁၉၅၉ ခုနှစ်မှာ ရှမ်းပြည်နယ် အစိုးရရယ်လို့ ဖြစ်လာတဲ့အခါ တခြားစော်ဘွားတွေ အာဏာစွန့်ကြပေမယ့် ကျိုင်းတုံနယ်အဖို့ လိုသလို မပြင်ဆင်ရသေးတဲ့အတွက် ဆိုပြီး စော်ဘွားပဲ ဆက်ပြီးအုပ်ချုပ်ခိုင်းထားပါတယ်။ တော်လှန်ရေးအစိုးရတက်စမှာ စော်ဘွားကို ထိန်းသိမ်းခဲ့တယ်။ ၂၇ ရက်၊ ဖေဖော်ဝါရီလ၊ ၁၉၆၈ ခုနှစ်မှာ လွတ်လာပါတယ်။

လုပ်ကြံမှု (၂၂ ရက်၊ အောက်တိုဘာလ၊ ၁၉၃၇ ခုနှစ်)ကို နည်းနည်း လေ့လာသင့်ပါတယ်။ ဝါကျွတ်ကန်တော့ပွဲရက် ပွဲခံတယ်။ စော်ဘွားဟာ ပွဲခင်းက ဟော်ကို ပြန်လာတဲ့ အချိန်ဟာ ညရှစ်နာရီခွဲရှိပြီ၊ ဟော်ဝင်းဟာ အပြင်မြေပြင်ထက် နည်းနည်းမြင့်လို့ ဟော်ဝင်း ထဲကိုဝင်တဲ့ အပေါက်ဟာ ကုန်းရိုးလေးလို နည်းနည်းမြင့်တက်သွားရတယ်။ အဲဒီ အဝင် လွန်ရုံပဲရှိမယ်။ မှောင်ရိပ်ထဲက အဝတ်မည်း ဝတ်ထားတဲ့ လူတစ်ယောက်က ထွက်လာပြီး သေနတ်နဲ့ ငါးချက်တိတိ ပစ်သတ်သွားတယ်။ စော်ဘွား စဝ်ကောန်တိုင်ရဲ့ မဟာဒေဝီ (သီပေါစော်ဘွားနှမ) ဟာ ဆဋ္ဌမကျော့ဘုရင်ရဲ့လန်ဒန် ဘိသိက်ပွဲက အပြန်လမ်းမှာပဲ ရှိ သေးတယ်။ အခု စော်ဘွားဟာ သီပေါစော်ဘွားနဲ့အတူ ဗီးလတ် ၁၉၃၂ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေးဆိုင်ရာ မျက်နှာစုံညီ စားပွဲဝိုင်း အစည်းအဝေးကို တက်ဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူ့ကို ၁၆ ရက်၊ ဇွန်လ၊ ၁၉၃၃ ခုနှစ်ကပဲ ကျမိုင်းခန့်ထားခဲ့ပါတယ်။ သူ့ကို ဇန်နဝါရီလ၊ ၁၉၃၈ ခုနှစ်ကျရင် အမြဲတမ်း စော်ဘွားခန့်ဖို့ လျာထားပြီးဖြစ်တယ်။ မြန်မာနယ်ခြား စစ်တပ်မှာ လေးနှစ် အမှုထမ်းဖူးတယ်။ ကက်ပတိန်အဆင့် ရခဲ့တယ်။ သဘောကောင်းပြီး ဖော်ရွေတယ်။ ပစ်သတ်ခံရတုံးက အစောင့်ကိုယ်ရံ ငါးဆယ်ပါတယ်။ သားနှစ်ယောက်၊ သမီးနှစ်ယောက် ကျန်ရစ်တယ်။ မဟာဒေဝီ ကတော့ ၁ ရက်၊ နိုဝင်ဘာလ၊ ၁၉၃၇ ခုနှစ် ညနေ သုံးနာရီမှ **တာလ်မာလ်** သင်္ဘောနဲ့ ရန်ကုန်ကို ရောက်တယ်။ သတ်သူကို ဖမ်းပေး နိုင်ရင် ဆုငွေ ၆၀၀၀ိ/ပေးမယ်လို့ ကြေညာတယ်။ တောင်ကြီးနေ စဝ်ဖုန်းလူကို မသင်္ကာလို့ ရဲက ဖမ်းထားတယ်။ ဗယခုန်ဆိုတဲ့ လူလည်း ဖမ်းတယ်။ အသတ်ခံရပြီး တစ်လကြာတဲ့အခါ သတ်သူဟာ ရန်ကုန်ယူနီဘာစတီကောလိပ် စီနီယာအိုင်အေခေါ် ဒုတိယ ဥပစာကျောင်းသား၊ အဝကျောင်းဆောင်နေ၊ ကွယ်လွန်သူရဲ့တူ စဝ်သီဟဖြစ်တယ်လို့ အသိပေးပါတယ်။ စဝ်ဖုန်း လူက ခိုင်းစေလို့ လုပ်တယ်လို့ဆိုပါတယ်။ အမှုကိုပေါ်အောင် ဂရုတစိုက် စုံစမ်းနေသူတွေက ရှမ်းပြည်မင်းကြီး ပီစီဖောဂါတီ၊ နယ်ခြားဝန်ကက်ပတိန် ဗိုဂျီရောဗတ်၊ နယ်ခြားဝန်ထောက် ဦးစီး ဂျေဂျီဒဗလျူအီဗင်းစ်နဲ့ကျိုင်းတုံရဲချုပ် ဗလသိဃ်တို့ ဖြစ်ပါတယ်။ ဗိုဂျီရောဗတ်ကို ၂၂ ရက်၊ ဒီဇင်ဘာလ၊ ၁၉၃၇ ခုနှစ်မှာ ကျိုင်းတုံ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တယ်။ စော်ဘွားကြီး အလောင်းကို ၂၃ ရက်၊ ဒီဇင်ဘာလ၊ ၁၉၃၇ ခုနှစ်မှာ သင်္ဂြိုဟ်တယ်။ အမှုကို စစ်ဆေးသူက မြောက်ပိုင်း ရှမ်းပြည်နယ်ဦးစီး ဂျေရှော ဖြစ်တယ်။ အမှုကို ၃ ရက်၊ မတ်လ၊ ၁၉၃၈ ခုနှစ်မှာ စီရင်ချက်ချတယ်။ ဗယခုန်ကိုတော့ စောစောကပဲ (၃၁ ရက်၊ ဇန်နဝါရီလ၊

၁၉၃၈ ခုနှစ်) တရားရှင် လွှတ်တယ်။ စဝ်ဖုန်းလူကို တရားသေလွှတ်တယ်။ စပ်သီဟကိုတော့ အိန္ဒိယရာဇသတ်ကြီး ၃၀၂ အရ ပြစ်မှု ထင်ရှားတယ်။ ဒါပေမဲ့ ငယ်ရွယ်သူမို့ တစ်သက်တစ်ကျွန်းကျခံစေလို့ စီရင်တယ်။

## ခုခေတ်ကျိုင်းတုံ

ကျိုင်းတုံကို ကျွန်တော် ၁၉၅၁ ခုနှစ်က တစ်ကြိမ်၊ ၁၉၅၇ ခုနှစ်မှာ တစ်ကြိမ် ရောက်ပါတယ်။ ပြီးတော့ ၁၉၆၁ ခုနှစ်မှာ လူဦးရေ တချို့ အရေအတွက်တွေကို ရပါတယ်။

စတုရန်းမိုင်ပေါင်း ၁၂၄၀၀ ရှိတဲ့ ကျိုင်းတုံနယ်ထဲမှ လူဦးရေဟာ ၃၀၀၀၀၀လောက် ရှိမယ်။ တိုင်းရင်းသား လူမျိုးစုပေါင်း ၃၀ကျော် ရှိလို့ ရှမ်းနယ်တွေထဲမှာ အကြီးဆုံး၊ လူအများဆုံး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရက ကျိုင်းတုံကို အရှေ့ပိုင်းခရိုင်လို့ သတ်မှတ်ပါတယ်။ ကျိုင်းတုံမြို့ဟာ အရှေ့လောင်ဂျီတွဒ် ၉၉.၅' နဲ့ မြောက်လတ်တ္တီတွဒ် ၂၁.၅' မှာ ရှိပြီး ပင်လယ်ပြင်ထက် ပေ ၂၆၂၂ မြင့်တယ်။ ဒါပေမဲ့ ပင်လယ်မှ ပေ ၇၀၀၀ ကျော် တောင်ရိုးတွေ ရှိပါတယ်။ ကျိုင်းတုံမြို့အကျယ်ကတော့ စတုရန်းနှစ်မိုင်ပဲ ရှိတယ်။ ရပ်ကွက်ပေါင်းသုံးဆယ့်သုံး ရပ်ကွက်၊ အိမ်ခြေ ၁၀၀၀ ကျော်၊ လူ ၁၂၀၀၀ ကျော် ရှိမယ်လို့ မှန်းတယ်။ လူများစုက ရှမ်း၊ ဂုံ။ အနည်းစုက တရုတ်၊ ကုလား၊ လော၊ ယိုးဒယားတွေပါပဲ။ တိုင်းရင်းသားရဲ့ တစ်ရာနှုန်းဟာ နိုင်ငံခြားသား ဖြစ်တယ်။ ကျိုင်းတုံမြို့ရိုး ပတ်လည်ဟာ လေးမိုင်ခြောက်ဖာလုံရှိပြီး တံခါးပေါက် တစ်ဆယ့်နှစ်ပေါက်ရှိတယ်။ (မြေပုံကို ကြည့်ပါ)။ မြို့တွင်း ကန်ကြီးတစ်၊ ကန်ငယ်တစ်ရှိတယ်။ မြို့တွင်းမှာ ထင်ရှားတဲ့ ကုန်းမြင့်တွေကတော့ ခွမ်ဆတ်၊ ခွမ်တောင်နဲ့ စွမ်မုန်းပါပဲ။ စွမ်တောင်မှာ စွမ်တောင်ဘုရား ရှိတယ်။ စွမ်တောင်ဘုရား တောင်ဘက် မြို့လယ်လမ်းဆုံမှာ မဟာမြတ်မုနိဘုရားရှိတယ်။ မဟာမြတ်မုနိရဲ့ အနောက်ကပ်ရက် စော်ဘွားရုံးလုပ်ထားတဲ့ ဟော်ကြီးရှိပါတယ်။ ဟော်က ၁၉၀၆ ခုနှစ်တည်၊ မဟာမြတ်မုနိက ၁၉၂၃ ခုနှစ်တည် ဖြစ်တယ်။ ဟော်ရဲ့ တောင်ဘက်က ဘောလုံးကွင်းပါ။ ဟော်ရဲ့နောက်ဘက်က နောင်တုံ ရေကန်ကြီးပါပဲ။ ဘောကွင်းရဲ့ တောင်ဘက်မှာ ရဲဌာန၊ အဲဒီတောင်ဘက်မှာ ငါးရက်တစ်ဈေး စည်ကားတဲ့ ဈေးကွက်၊ ဈေးဝန်းကျင်က ရောင်းဝယ်ရေးဗဟိုနေရာ၊ အိမ်ဆိုင်၊ ရုပ်ရှင်ရုံ ဆိုတာတွေ ရှိပါတယ်။ ဈေးတောင်ဘက် ကုန်းမြင့်မှာ စော်ဘွားအိမ်၊ ခရိုင်ဝန်ရုံး၊ အဲဒီ ကုန်းမြင့်က ဆက်ပြီးသွားရင် တာချီလိတ်လမ်းပါပဲ။ ၁၀၂ မိုင် သွားရင် ယိုးဒယားနယ်ခြား ရောက်ပါတယ်။ ရဲဌာနက အနောက်ဘက်တန်းတန်းသွားရင် ကက်သလစ်ကျောင်းရှိတဲ့ စွမ်ဆတ်ရပ်ကွက်၊ အဲဒီက ဆက်ရင် တောင်ကြီးကိုထွက်တဲ့ လမ်းပါပဲ။ တောင်ကြီးကို ၂၈၂မိုင်၊ မိတ္ထီလာဆိုရင် မိုင် ၄၀၀။ မဟာမြတ်မုနိက အရှေ့ဘက်ဟာ "တပ်မန်" ခေါ်တဲ့ မြန်မာ လေးရပ် ဖြစ်ပါတယ်။ အဲဒီက လွန်ပြီးရင် လေယာဉ်ကွင်းသွားတဲ့ လမ်းရှိပါတယ်။ မြို့နဲ့ကွင်းဟာ စမိုင် ကွာတယ်။ မဟာမြတ်မုနိရဲ့မြောက်ဘက်ကို သွားရင် နှစ်ခြင်းခရစ်ယာန်ဆေးရုံနဲ့ တရုတ်နယ်ထဲဝင်ဖို့ ဝမ်တာပင်းနဲ့ မိုင်းယန်းလမ်းပါပဲ။ ခြောက်ဆယ့်ငါးမိုင်သွားရင် တရုတ်နယ်စပ်ရောက်ပါတယ်။ မြို့လယ်က အရှေ့ကိုသွားရင် ပြည်သူ့ဆေးရုံရယ်၊ တန်းမြင့်ကျောင်းရယ်၊ ပြီးတော့ လွိုင်မွေသွားတဲ့ လမ်းပါပဲ။ နှစ်ဆယ့်နှစ်မိုင် ဝေးတယ်။

အုပ်ချုပ်ရေးကိုတော့ လွိုင်မွေမှာနေတဲ့ နယ်ခြားဝန်နဲ့ စော်ဘွားပေါင်းပြီး တာဝန်ရှိပါတယ်။ ကာကွယ်ရေးအတွက်ကတော့ ကျိုင်းတုံမှာ ကြည်းတပ် တပ်ရင်း (တပ်ရင်း ၈) တစ်ခု ထားတယ်။ ကျိုင်းတုံမှာရှိတဲ့ အကျဉ်းထောင်ဟာ ရှမ်းပြည်နယ်တွေထဲမှာ အကြီးဆုံးဖြစ်တယ်။ ဆေးရုံဟာလည်း ကျိုင်းတုံနယ်မှာတော့ အကြီးဆုံးပါပဲ။ စာသင်ကျောင်းအနေနဲ့ အစိုးရတန်းမြင့်ကျောင်းအပြင် အရင်က ဘရင်ဂျီကျောင်း၊ ဘက်ပတစ်ကျောင်း၊ တရုတ်ကျောင်းဆိုတာ တွေဆိုတာတွေ ရှိခဲ့ပါတယ်။

ကျိုင်းတုံကို မြို့နယ်ငါးခု ခွဲထားပါတယ်။

(၁) အရှေ့မိုင်းယောင်း
(၂) တောင်ဟောင်လိတ် (တာချီလိတ်)
(၃) အနောက်တောင် မိုင်းဆတ်နဲ့
(၄) အနောက် မိုင်းပြင် (တာကော်)
(၅) မြောက် မိုင်းယန်း

တွေပါပဲ။ အရှေ့ဘက် ၁၀၆ မိုင်လောက် သွားရင် မြန်မာ၊ ယိုးဒယား၊ လော သုံးပြည်စပ်တဲ့ နေရာကို ရောက်တယ်။

ကျိုင်းတုံတစ်နယ်လုံးမှာ ဂုံ၊ ဂေါ့၊ လဟူ၊ လီရှော၊ ရှမ်း၊ ကွီး၊ အင်းသား၊ ရှမ်းတရုတ်၊ မြန်မာဆိုပြီး အမျိုးလေးဆယ်ကျော် မှီခိုနေကြတယ်။ ပြောဆိုတဲ့ ဘာသာစကားကလည်း အများစုက ရှမ်းဆိုပေမယ့် ကွဲပြားခြားနားတာတွေ အများကြီးပါပဲ။ ကျိုင်းတုံရဲ့ငါးရက်တစ်ဈေးကို အရောက်များတဲ့သူက ရှမ်းလို ဂုံလို ပြောတတ်နေမယ်။ အများစု အဆက်အသွယ်ခေါင်တဲ့ နေရာတွေကတော့ ဒေသအလိုက်ပြောတဲ့ စကားကလွဲရင် ဘာမှပြောတတ်မှာ မဟုတ်ဘူး။ စာရေးတော့ ရှမ်းစာ၊ ဂုံစာရေးတယ်။ ဂုံစာကို လောစာရေးသလို၊ ယိုးဒယားစာရေးသလို ရေးပါတယ်။ အခုစော်ဘွား ကြိုးစားပေးလို့ ၁၉၄၈ ခုနှစ်မှာ ဂုံပုံနှိပ်စက် ဖြစ်တယ်။ ဆက်ကြိုးစားပြန်တော့ ၁၉၆၀ပြည့် နှစ်မှာ ဂုံလက်နှိပ်စက် ရလာပြန်တယ်။ တောင်ပေါ်သား တချို့အတွက် ခရစ်ယာန် သာသနာပြုတွေက တီထွင်ပေးလို့ ရောမအက္ခရာနဲ့ ကိုယ့်စကားကို စာနဲ့ ရေးလာကြပါတယ်။ အမှန်က စာရေး စာဖတ်တတ်သူ အလွန်ပဲ နည်းပါတယ်။

ကိုးကွယ် ယုံကြည်မှုမှာ ဗုဒ္ဓဝါဒနဲ့ ရိုးရာနတ် တွဲဖက်နေပါတယ်။ ဗုဒ္ဓသာသနာကလည်း ဇင်းမယ်က ပါလာတဲ့ ယွန်းဂိုဏ်းဆိုတာက အထင်ရှား ဆုံးဖြစ်ပါတယ်။ သူတို့အခေါ်နဲ့ "ပိုင်းဆွန်"ဂိုဏ်းလို့ ခေါ်တယ်။ လွယ်လွယ်ပြောတော့ ရှမ်းဘုန်းကြီးဟာ ဗမာဘုန်းကြီးနဲ့ လုပ်ပုံကိုင်ပုံ မတူတာတွေ ရှိပါတယ်။ ခရစ်ယာန်သာသနာပြုက နှစ်ဂိုဏ်းရှိပါတယ်။ နှစ်ခြင်းဂိုဏ်းက အင်္ဂလိပ်နဲ့ အတူရောက်ပြီး ကက်သလစ်ဂိုဏ်းက ၁၉၁၂ခုနှစ်မှ ကျိုင်းတုံကို ရောက်ပါတယ်။ ဘာအယူတွေပဲ နောက်ထပ်ရောက်ပါစေ၊ နတ်ကိုးတာကတော့ ကျန်နေမှာပါပဲ။ ဗမာနိုင်ငံတဝန်းလုံး ဒီအတိုင်းပဲဖြစ်တယ်။ ကျိုင်းတုံမြို့လယ်က မဟာမြတ်မုနိဆိုတဲ့ ရခိုင်ဘုရားကြီးကတော့ ၁၉၂၃ ခုနှစ်ကမှ တည်ထားကိုးကွယ်တဲ့ ဘုရားဖြစ်တယ်။ မြို့မြောက်ဘက် စွန်တောင်ဘုရားကတော့ မြို့တည်သမိုင်းထဲက တုံကရသေ့ အစဦးဆုံးရောက်ရာအရပ်မှာ ဘုရားတည်ထားတာလို့ ဆိုတယ်။ စေတီငယ်ကလေးကို ပြုပြင်ရင်း

ကြီးလာတယ်။ မြေလျောင်ကြီးကြီး ၁၈၉၇ခုနှစ်က လှုပ်လို့ပြိုပျက်ပြီး ၁၉၀၄ ခုနှစ် ရောက်မှ ပြန်ပြင်ဆင်တာဟာ ၁၉၃၅ ခုနှစ်ကျမှ ပြီးစီးတယ်။ မြို့အနောက် မျက်နှာက စွမ်ဆီလီ ဘုရားဟာလည်း ရှေးဘုရားပါပဲ။ တောင်ကို လိုဏ်လုပ်ပြီး ရုပ်ပွားတော် ဌာပနာတယ်။ ပြီးတော့ ဆီမီးငါးခွက် ထွန်းခဲ့တယ်။ သာသနာ တစ်ထောင်စေ့ရောက်တဲ့အခါ တစ်ခွက်စီ ငြိမ်းလိမ့်မယ်လို့ ယုံကြတယ်။ မြေအောက်က ဘုရားအပေါ် နင်းမိမှာစိုးလို့ဆိုပြီး အမျိုးသမီး တွေက မြေပေါ်က ဘုရားတန်ဆောင်းထဲကို မဝင်ကြပါဘူး။ မြို့ရဲ့ အရှေ့ရှစ်မိုင်ကွာမှာ စွမ်လွဲဘုရား ရှိပါတယ်။ တည်တဲ့ ဝအမျိုးသားမောင်နှံက ကျိုင်းတုံစော်ဘွားကို မတရား မင်းလို့ စွပ်စွဲပြီး ကျိန်ခဲ့လို့ ဒီဘုရားကိုစော်ဘွားနဲ့ အမျိုးအဆွေတွေ လာဖူးရင် သေဘေး သင့်မယ် ထင်ကြတယ်။ ဆိုးတဲ့ ပဒေသရာဇ်အတွက် စံပြ တစ်ကွက်အနေနဲ့ ဥဒါန်းတွင်ရစ် ပါတယ်။ ဘုရားက ငါးမျက်နှာဂူဘုရား ဖြစ်တယ်။ နံရံဆေးရေးတွေက လှတယ်။ ပြုပြင် ရေးစတာက ၁၉၃၃ ခုနှစ် ကမှ ဖြစ်ပါတယ်။ ဒါ့ကြောင့် နံရံဆေးရေးတွေဟာ သိပ်ရှေး ကျတဲ့လက်ရာတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ ရန်ကုန်က ငါးမျက်နှာဂူဘုရားဖြစ်တဲ့ ကမ္ဘာအေး ထက်တော့ ရှေးပိုကျပါတယ်။

စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးဟာ ပဓာနလုပ်ငန်းပါပဲ။ တောင်ရိုးတွေက ပေ၅၀၀၀က ၈၀၀၀အထိ မြင့်ပါတယ်။ တောင်ခြေမြေပြန့်မှာ လယ်၊ နည်းနည်းပြေပြစ်တဲ့ ကုန်းလျှောလျှောမှာ ယာစိုက်ပျိုးကြပါတယ်။ အမျိုးအလိုက်ပြောရရင် ရှမ်း၊ ဂုံနဲ့ လုက မြေပြန့်သား။ လားဟူ၊ ကော်၊ ကွိ၊ တိုင်းလွိုင်တွေက တောင်သားဖြစ်တယ်။ မြေပြန့်သားက စပါး၊ ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန်၊ လိမ်မော်နဲ့ ဝါဂွမ်း စိုက်မယ်။ တောင်သားက ပဲ၊ ဘိန်း၊ လက်ဖက်၊ ဖုန်းမသိမ်၊ ဝါဂွမ်းစိုက်မယ်။ ဒီလို စိုက်ပျိုးတဲ့အထဲမှာ စပါးနဲ့ ဘိန်းဟာ အရေးပါဆုံး ထွက်ကုန်ပါပဲ။ အဆက်အသွယ်က ယိုးဒယားဘက်ကို မြန်မာဘက်ထက် ပိုပြီး နီးကပ်လွယ်ကူတယ်။ ဒါ့ကြောင့် ယိုးဒယားဘက်ကို အပို့အထုတ် များကြတယ်။ သုံးစွဲတဲ့ ပိုက်ဆံဟာ မြန်မာ၊ ယိုးဒယား၊ တရုတ်အစုံပါပဲ။ အရပ်ပေါက်ဈေးနဲ့ လဲလှယ်ပြီး သုံးကြတယ်။ သွားလမ်း လာလမ်းဟာ တောင်ခြေ တောင်ရိုးကို လိုက်ပြီး ဖောက်ရတဲ့ လမ်းတွေဖြစ်လို့ အန္တရာယ်များတယ်။ မိုးအခါ လုံးဝသုံးမရနိုင်သလောက် ခက်ခဲတယ်။ ပေါက်ချွန်းပေါက်ပြားယူသွားပြီး တောင်ပြိုလို့ လမ်းပျက်ရင် ကိုယ့်ဘာသာ ရှင်းပြီး သွားရ ပါတယ်။ ပြိုတဲ့အထဲ ကိုယ်ပါ ပါသွားမှာ စိုးလို့ သိပ်စွန့်ပြီး မသွားကြဘူး။ လေကြောင်း လမ်းလည်း မိုးအခါ သိပ်မကောင်းပါ။ တိမ်၊ တောင်ငွေ့နဲ့ မြူတွေများရင် မကောင်းဘူးပေါ့။ ရောင်းဝယ်ရေးလုပ်ငန်းဟာ တရုတ်အမျိုးသားတွေရဲ့လက်ထဲမှာ ရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ဘိန်းကုန် ကူးကြတဲ့အခါ ယိုးဒယားဘက်က ဘိန်းကုန်သည်တရုတ်တွေက ဈေးဖြတ်နိုင်တဲ့ အရည်အချင်း ရနေပါတယ်။ ပိုက်ဆံပေးပြီးဝယ်တာတယ် မတွေ့ရဘူး။ မြန်မာတွေ သိပ်လိုချင်မယ့် နိုင်ငံခြားဖြစ် ခေတ်ပေါ်ပစ္စည်း အသုံးအဆောင်၊ ဒါမှမဟုတ် ရွှေချောင်းနဲ့ လဲယူကြပါတယ်။ တကယ်လို့ ငွေပေးရမယ်ဆိုရင်လည်း မြန်မာ ယိုးဒယား နှစ်နိုင်ငံဆက်ဆံရေးစာချုပ်က သတ်မှတ်တဲ့ ငွေဖလှယ်နှုန်းကို လုံးဝ ဂရုမပြုဘဲ ပေါက်ဈေး နှုန်းအတိုင်းပဲ လဲလှယ်ရတယ်။ တရားဝင်လဲရင် မြန်မာတစ်ကျပ်ကို ယိုးဒယား လေးဘတ် ခွဲရရမယ်။ ခုတော့ တစ်ကျပ်ကို နှစ်ဘတ်ထက် ဘယ်တော့မှ ပိုမရဘူး။

နေ့စဉ် နေထိုင်ကြပုံကိုပြောရရင် အစားအသောက်မှာ ဆန်၊ ဆားနဲ့ ပဲပုပ်ဟာ အရေးပါဆုံး အဟာရပါပဲ။ ဆန်စားတယ်ဆိုတဲ့ နေရာမှာ အများအားဖြင့် ကောက်ညှင်းကို ပေါင်းစားတယ်ဆိုမှ မှန်မယ်။ ပြီးတော့ သားငါးစားကြပေမယ့် အသီးအရွက်ကို ဟင်းအဖြစ် ကျော်ချက်ပြီး စားလေ့မရှိကြပါဘူး။ အိမ်ကို အုတ်နဲ့ဆောက်ကြတာ များတယ်။ အုတ်ဆိုပေမယ့်လည်း မီးဖုတ်အုတ် မဟုတ်ဘူး။ နေလှန်းအုတ်ဖြစ်တယ်။ အမိုးမိုးတဲ့အခါ သူတို့ဆီမှာပဲ လုပ်တဲ့ အုတ်ကြွပ်ပဲ့ပါးပါးလေးတွေကို မိုးပါတယ်။ ဒီအိမ်မျိုးက မီးဘေးသိပ် မစိုးရိမ်ရပါဘူး။ အိမ်တွေမှာ အပေါက်နည်းလို့ အတွင်းမှောင်တယ်။

အဝတ်ဝတ်ပုံကတော့ ရှမ်းပြည်အနှံ့မှာတွေ့ရတဲ့အတိုင်း ယောကျ်ားတွေက ပိတ်စ ခေါင်းပေါင်း၊ ရင်ကွဲအင်္ကျီနဲ့ ရှမ်းဘောင်းဘီ ဝတ်ကြတယ်။ ရှေးက ဆံရှည်ထားတယ်။ ခုတော့ ဘိုကေဖြစ်နေပါပြီ။ အဝတ်ကောင်း အဆင်ဆန်းကတော့ ငွေကြေးပေါများတာကို လိုက်ပြီး ဝယ်ကြ ဝတ်ကြတယ်။ သာမန်ကတော့ အိမ်ယက် အဝတ် ဝတ်ကြရပါတယ်။ အမှန်က ကျိုင်းတုံမြို့ပေါ်မှာ ရှပ်အင်္ကျီနဲ့ဘောင်းဘီဝတ်တဲ့လူက လွှမ်းမိုးနေပါပြီ။ အမျိုးသမီးတွေက ရှေးပုံဆိုရင် ဆံရှည်ထားပြီး ထိပ်မှာ ဆံထုံးကလေးဖြစ်အောင် စုစည်းရမယ်။ ပြီးတော့ ခေါင်းပေါင်း ပေါင်းတယ်။ ခုတော့ ယိုးဒယား အမျိုးသမီးတွေလို ဆံတောက်ဖြတ်ကြပြီ။ ရှေးက အင်္ကျီကို မြန်မာထိုင်မသိမ်းဆန်ဆန် ကတောင်နဲ့ ရင်ဖုံးနဲ့ ချုပ်ဝတ်ကြတယ်။ ထဘီကိုတော့ ဒူးနေရာလောက်ကစပြီး အောက်ပိုင်းကို ပိုးဖဲကတ္တီပါဆက်ပြီး ဝတ်တတ်တယ်။ ခုတော့ အဲဒီအဝတ်မျိုးကို စွန့်ပြီး အခု မြန်မာအမျိုးသမီးဝတ်ပုံကို လိုက်ပြီး ဝတ်ကြမယ်ပေါ့။ ခေတ်အလိုက် ပြောင်းလဲမှုဆိုတာ ဖြစ်နိုင်ပါတယ်။ ချမ်းတဲ့အခါမှာ ဂွမ်းကပ်ပါတဲ့ အင်္ကျီမျိုးကို သုံးတယ်။

ကျိုင်းတုံမှာ နှစ်စဉ်မပျက် ကျင်းပတဲ့ ပွဲနှစ်ပွဲ ရှိတယ်။ ပထမပွဲက နှစ်သစ်ကူးတဲ့အခါ သင်္ကြန်အကျနေ့မှာမိုးမခေါင်အောင်ဆိုပြီး နမ့်ခွန်ချောင်းကမ်းမှာသွားပြီး သဲပုံစေတီပူဇော်ပွဲ လုပ်ရတယ်။ နောက်တစ်ပွဲက သီတင်းကျွတ်တဲ့အခါ ဝက်ပါပွဲ လုပ်ရတယ်။ အနယ်နယ်က စော်ဘွားကို လာပြီးကန်တော့တဲ့အခါ အကအခုန်အတီးအမှုတ်ပါလာတဲ့ သဘောပါပဲ။ ဟော်ရှေ့မှာ သုံးညဆက်ပြီး တီးမှုတ်ပြိုင်ဆိုင်ကြတယ်။ အဲဒီပွဲနှစ်မျိုးအပြင် တပေါင်းလပြည့်ပွဲဟာလည်း စည်ကားပါတယ်။ လူမှုရေး ဆိုဆုံးမတဲ့ သီချင်းစပ်ပြီး ဆိုလေ့ရှိတယ်။

အဖြေအဖျော်နဲ့ပတ်သတ်ပြီး ကျွန်တော် ကျိုင်းတုံကို ပထမရောက်ချိန်ကပဲ စော်ဘွားဦးစီးတဲ့ ခေမရဋ္ဌကလပ်မှာ ရမုံးအကကို တွေ့ခဲ့ရပါတယ်။ ကျား၊ မ အတွဲတွေ အများကြီး ယှဉ်ပြိုင်ပြီးကတဲ့ပွဲ ဖြစ်တယ်။ အနောက်တိုင်းရဲ့ စုံတွဲအက ခြေနင်းပုံမျိုး ဖြစ်ပေမယ့် ကျား၊ မ လက်ချင်းတွဲ မထားပါဘူး။ ယိုးဒယားဘက်က ကူးလာတဲ့ အကမျိုး ဖြစ်တယ်လို့ ပြောပြကြတယ်။ကျိုင်းတုံမှာ ဒီကပွဲမျိုးဖြစ်ဖို့ စော်ဘွားရဲ့ ဖထွေး စဝ်ခုန်စစ်က ၁၉၅၁ ခုနှစ်ဦး လောက်ကမှ စီမံတယ်လို့ ကျွန်တော့်ကို ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ နောက်တစ်မျိုးပြောတာလည်း ကြားဖူးလို့ အခုတစ်ခါတည်း အဲဒီအကအကြောင်း ဆွေးနွေးတင်ပြချင်တယ်။ ရမုံးဆိုတာ ယိုးဒယား အသံထွက် ဖြစ်တယ်။ ရှမ်းတွေက ရမ်းဝုံး လမ်းဝုံးလို့ အသံထွက်မယ်တဲ့။ လုံးကောက် အဓိပ္ပာယ်က လမ်း = တစ်ယောက်နောက်

တစ်ယောက်လိုက် + ့ဝုံး = အဝန်းအဝိုင်း၊ အဲဒီလိုသဘောရှိတော့ ဒီအကဟာ တစ်ယောက်နောက် တစ်ယောက်လိုက်ပြီး ဝန်းဝိုင်းကတဲ့ အကလို့ဆိုမယ်။ ဒါ့အပြင် ဒီအကကို အဓိပ္ပာယ်ဖွင့်တာ တစ်နည်းရှိနေပြန်သေးတယ်။ ရမ်းရုံးလို့ အသံထွက်တဲ့အခါ ထွက်မယ်။ ရမ်းရုံးဟာ စစ်အောင်ပွဲအကလို့ အဓိပ္ပာယ်ရှိတယ်။ အောင်ပွဲပြန် စစ်သည်တွေကို လေးစားဂုဏ်ပြုတဲ့ ရိုးရာကပွဲ ဖြစ်တယ်တဲ့။ ဖိုမတွဲကတယ် ဆိုပေမယ့် မျက်စိရှက်စရာမပါဘူး။ စည်းကမ်းကြီးတယ်လို့ ဆိုတယ်။ ဒီအကဟာ တိမ်မြုပ်သလောက် ရှိနေခဲ့ပြီးခါမှ အခုပြန်ပြီး ရိုးရာအကအနေနဲ့ ရှမ်းပြည်နယ် ယဉ်ကျေးမှုဌာနက ဖော်ထုတ်ခဲ့တယ်။ မန္တလေးမှာကျင်းပတဲ့ ၁၉၆၄ ခုနှစ်က ပြည်ထောင်စုနေ့မှာ ဒီလမ်းဝုံးအကကို ရှမ်းပြည်နယ် ယဉ်ကျေးမှုဌာနက တင်ပြတယ်။ အဲဒီအရင် ကျိုင်းတုံ လက်နက်ချပွဲမှာလည်း တင်ပြပါသေးတယ်။ ဒါကြောင့် ဒီအကဟာ လမ်းရုံးလို့ခေါ်တဲ့ အောင်ပွဲပြန် ရှမ်းရိုးရာအက ဖြစ်တယ်လို့ ဆိုလိုတယ်။ (ယင်းယင်း၊ "လမ်းရုံး၊ ရမ့်းအကသည် ရှမ်းယဉ်ကျေးမှုအက" **ဗိုလ်တထောင်နေ့စဉ်** ၂၇-၂-၆၈)။ အဲဒီ လမ်းဝုံးအကကို မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ရဲ့ ၁၉၆၈ ခုနှစ် ပြည်ထောင်စုနေ့အတွက် ရှမ်းကျောင်းသားတွေ အကကျင့်နေတာ ကျွန်တော်မြင်ရဖူးပါပြီ။ ဒါပေမဲ့ ၁၉၅၁ ခုနှစ်က ကျိုင်းတုံ ခေမရဋ္ဌကလပ်ပေါ်မှာ ကျွန်တော် စမြင်ဘူးခဲ့တဲ့ ရမ့်းဟာတော့ ရိုးရာယဉ်ကျေးမှုသဘောထက် အနောက်တိုင်း စုံတွဲအက သဘောဘက် ပိုပြီး ပါပါတယ်။ ဖြစ်နိုင်တာက ယိုးဒယားက အခုသိပ်ခေတ်ဆန်သွားတော့ ရိုးရာအကကို ပြုပြင်ပြီး ရမ့်းဖြစ်လာတယ်။ ရမ့်းကို မြင်ကြရတော့မှ ရှေးက လမ်းရုံးကို ပြန်အမှတ်ရလို့ ပြန်ပြီး ဖော်ထုတ်ကြတယ်လို့ ဆိုရမှာပါပဲ။ ဒါကြောင့် ရမ့်းနဲ့ လမ်းဝုံးဟာ ဆင်တူပေမယ့် မျိုးကွဲပါတယ်။ လမ်းဝုံးကိုပဲ အားပေးရမယ့် သဘောရှိပါတယ်။

ကျိုင်းတုံနယ်ရဲ့ ပညာရေးကတော့ အများကြီး ပြုပြင်တိုးချဲ့ဖို့ လိုသေးတယ်။ ဘုန်းကြီးကျောင်းရော လူကျောင်းပါ လုံလောက်အောင် မရှိ။ လူထုကလည်း သားသမီးကို ကျောင်းထားရကောင်းတယ်လို့ တယ်ပြီးနားမလည်လှဘူး။ မြေပြန့် မြို့ကြီးသားတွေပဲ စာတတ်ခွင့်ရတယ်။ အထက်တန်းကျတဲ့ လူတွေပဲ ပညာကောင်းကောင်းရတယ်။ အင်္ဂလိပ်မြန်မာစာတတ်တဲ့ ဦးရေဟာ ငါးရာနှုန်းပဲရှိမယ်လို့ မှန်းကြပါတယ်။ တောင်ပေါ်ဒေသတွေအတွက် မူလတန်းကျောင်းတွေ စဖွင့်နေပါပြီလို့ သိရတယ်။ စုစုပေါင်း ဆယ်ကျောင်းလောက်တော့ ဖွင့်ပြီးပြီတဲ့။ မလုံလောက်သေးပါဘူး။ ကျိုင်းတုံမြို့မှာတော့ စော်ဘွားရဲ့ကျောင်းဟာ ခုတော့ အစိုးရတန်းမြင့်ကျောင်း ဖြစ်လာတယ်။ ခရစ်ယာန် သာသနာပြုကျောင်းတွေလည်း အစိုးရကျောင်းဖြစ်လာတယ်။

ကျန်းမာရေးဘက်ကလည်း ဒီလိုပဲ မပြည့်စုံသေးဘူးလို့ ပြောရမယ်။ ကျိုင်းတုံမှာ ဆေးရုံရှိတယ်။ တချို့ရွာတွေမှာ ဆေးပေးခန်းနဲ့ ဝမ်းဆွဲဆရာမ ထားပေးတယ်။ အရေပြားရောဂါဌာနကို အရင် ၁၉၄၁ ခုနှစ်လောက်ကစပြီး ထူထောင်ပြီး ရှိခဲ့တယ်။ ကိုယ်အရေပြားရောဂါအန္တရာယ်ကြီးတဲ့နယ်လို့ ဆိုရမယ်။ ကျိုင်းတုံမြို့ရဲ့ တောင်ဘက် လေးမိုင်ကွာမှာ ရေပူစမ်းရှိတယ်။ ကျန်းမာရေးအတွက် ရေချိုးစခန်းကြီးကြီးဖြစ်လာရင် ကောင်းမယ်။

နိုင်ငံရေးနိုးကြားမှုဘက်က ကြည့်ရင်လည်း မရှိသလောက် ခေါင်းပါးနေသေးတယ်။ လူမှုတိုးတက်ရေး အသင်းအဖွဲ့အနေမျိုးတော့ ရှိပါတယ်။ အရင်လူမျိုးစု လွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ခေတ်က အမတ်ရွေးတဲ့အခါ ပါတီရယ်၊ လုပ်ငန်းစဉ်ရယ်၊ ဝါဒရယ်ဆိုတာ

တွေနဲ့ ရွေးတာမဟုတ်ဘူး။ လူတစ်ဦးချင်း အများကြည်ညိုတဲ့လူကို ရွေးတာပဲဖြစ်တယ်။ တစ်နည်းကတော့ ငွေကုန်ခံနိုင်ပြီး ရွေးကောက်ပွဲချိန်မှာ ကျွေးမွေးနိုင်သူပဲ အရွေးခံရတယ်။ ဟိုတုန်းက စော်ဘွားက လူမျိုးစုလွှတ်တော်မှာပါတယ်။ ပြည်သူ့လွှတ်တော်မှာ ဦးသိဃ်၊ ဦးစန်းလှ၊ ဦးရီတစ်နဲ့ ဦးကြီးမြင့်တို့ပါတယ်။ စော်ဘွားက တစ်လကို လခငွေ ၂၅၀၀ ရတယ်။ အကြံပေး အရာရှိက ငွေ ၅၀၀၊ အမတ်တစ်ဦးစီက ငွေ ၃၀၀ ရကြတယ်။ တစ်နယ်လုံးရဲ့ တနှစ်ဝင်ငွေဟာ ကျပ်တစ်သန်းခွဲဖြစ်ပြီး အဲဒီငွေထဲက လေးဆယ်ရာခိုင်နှုန်းကို ဗဟိုအစိုးရကို ပေးရတယ်လို့ သိရတယ်။ နောက်ဆုံး ပဒေသရာဇ်စနစ်ကို ဖျက်ကြမယ်လို့ စီစဉ်ကြတဲ့အခါမှာ စော်ဘွားတွေဟာ ၂၉ ရက်၊ ဧပြီလ၊ ၁၉၅၉ ခုနှစ်ကစပြီး အာဏာစွန့်လွှတ်ကြတယ်။ အဲဒီအခါ စော်ဘွားတစ်ဦးစီ လျော်ကြေးသဘော ငွေရကြတယ်။ ကျိုင်းတုံစော်ဘွားအတွက် ငွေက ၅၀၆၁၀၃၅ ကျပ် ဖြစ်တယ်။

ကျိုင်းတုံရဲ့ ပြက္ခဒိန်ဟာ ဆန်းတယ်လို့ ထင်မိတယ်။ ပြက္ခဒိန် တွက်တတ်တဲ့ လေယာဉ်ကွင်းအနားက နောင့်ကုန့်ကျောင်း ဆရာတော်ဆီ ရောက်သွားလို့ ဂုံပြက္ခဒိန်အကြောင်း မှတ်ခဲ့ရပါတယ်။ ဂုံတွေမှာ မြန်မာလိုပဲ သင်္ကြန်ကျချိန်ဟာ ဧပြီလ ၁၃ ရက်ပါပဲ။ အကျ၊ အကြပ်၊ အတက်ပြီးတော့ ဧပြီလ၊ ၁၆ ရက်ဟာ နှစ်ဆန်း ဖြစ်တယ်။ အဲဒီနှစ်ဆန်းနေ့ဟာ ဥပမာ ၁၃၁၈ ခုနှစ်ကုန်လို့ ၁၃၁၉ ခုနှစ်ဆန်းတယ်ပေါ့။ ဂုံတွေဟာ ရှေးကပျူတွေလိုပဲ လကိုနာမည်နဲ့ တန်ခူး၊ ကဆုန် ဆိုတာမျိုး မခေါ်ဘဲ တစ်လ၊ နှစ်လ၊ သုံးလလို့ ခေါ်တယ်။ မြန်မာသီတင်းကျွတ်ရောက်မှ ဂုံက တစ်လခေါ်တယ်။ အဲဒါ ဆန်းပါတယ်။ (ပုံ ၈၊ ဂုံပြက္ခဒိန်မှ နမူနာတစ်ရွက် ဓာတ်ပုံကို ကြည့်ပါ)။

စော်ဘွားတွေ အုပ်ချုပ်တဲ့ ရှမ်းပြည်မှာ ဥပဒေပုဒ်မ ဆယ်ခုပဲရှိတယ်။ အဲဒီအထဲက ပုဒ်မ ၁၀ဟာ အဆိုးဆုံးပဲလို့ ပြောလေ့မှတ်လေ့ရှိကြလို့ ဒီဆယ်မျိုးကို ရှမ်းပြည်လက်စွဲ ဥပဒေ (ရန်ကုန် အစိုးရပုံနှိပ်၊ ၁၉၁၀) ထဲကယူပြီး အောက်မှာ မြန်မာပြန် ထည့်လိုက်ပါတယ်။ ဒီဥပဒေက အင်္ဂလိပ်သိမ်းစ လိုက်နာတာပါ။ နောက်တော့ မြန်မာနယ်ဘက်မှာလိုပဲ အိုင်ပီစီ၊ စီပီစီ ဆိုတဲ့ အိန္ဒိယ ရာဇသတ်ကြီးနဲ့ မတရားကျင့်ထုံးတွေကို သုံးပါတယ်လို့တော့ စော်ဘွားစဝ်ဆိုင်းလုံက ပြောပြပါတယ်။

## ပြစ်မှုနှင့် ဒဏ်ဆိုင်ရာဥပဒေများ

၁။ ။ ပေးနိုင်သည့် ဒဏ်များမှာ

၁။ သေဒဏ်

၂။ ထောင်ဒဏ်

၃။ ကြိမ်ဒဏ်

၄။ ငွေဒဏ်

၅။ ပစ္စည်းသိမ်းဒဏ် တို့ ဖြစ်ကြပါသည်။

သေဒဏ်၊ သို့မဟုတ် ပစ္စည်းသိမ်းဒဏ်ကို အင်္ဂလိပ် အစိုးရအား ပုန်ကန်သူဟု ထင်ရှားသဖြင့် စီရင်ခြင်းခံရသူ၊ သို့မဟုတ် စော်ဘွားတွင် အန္တရာယ်ရောက်အောင် လုပ်ကြံသူ၊ သို့မဟုတ် ရည်မှန်းထားချက်အရ လူသတ်မှု ကျူးလွန်သူ တို့ကိုသာ စီရင်ရမည်။

၂။ ။ လူတစ်ဦးက တစ်ဦးကို မလိုမုန်းထားစိတ်အရ ရည်ရွယ် စီစဉ်လျက် သတ်လျှင် လူသတ်မှုဖြစ်၏။ လူသတ်မှုအရ စီရင်ခြင်းခံရသူသည် သေဒဏ်၊ သို့မဟုတ် တစ်သက်ပန် ထောင်ဒဏ်၊ သို့မဟုတ် ထို့ထက် လျော့နည်းသည့် ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ ပေးခြင်းခံရလိမ့်မည်။

လူတစ်ဦးသည် နောက်တစ်ဦးကို ဥပဒေအတွင်းခိုင်လုံအောင် ပြရန် အကြောင်းအချက်မရှိဘဲလျက် စော်ကားလွန်းသည်ကို သည်းမခံနိုင်၍၊ သို့မဟုတ် အနာတရသော်ကား ဖြစ်စေလို၏။ သို့သော် သေစေလို စိတ်ကား မရှိဘဲ သတ်မိလျှင် ထိုပြစ်မှုကား လူသတ်မှု မဟုတ်ချေ။ ယင်းသို့ ကျူးလွန်သူကို ထောင်ဒဏ်ကာလ ပေးလိုသမျှ ပေးစေ၊ သို့မဟုတ် ထောင်ဒဏ် ငွေဒဏ် နှစ်မျိုးလုံးပေးစေ။

၃။ ။ လူသတ်မှုကျူးလွန်ရန် ကြံစည်အားထုတ်သူကို ခုနစ်နှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ငွေဒဏ်၊ သို့မဟုတ် ကြိမ်ဒဏ် ပေးစေ။

၄။ ။ လုယက်ခြင်း၊ သို့မဟုတ် ဓားပြတိုက်ခြင်း၊ သို့မဟုတ် လုသူ၊ ဓားပြ တိုက်သူတို့ကို စောင့်ရှောက်ကာကွယ် ကူညီခြင်းကြောင့် စီရင်ခံရသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ငွေဒဏ်၊ သို့မဟုတ် ကြိမ်ဒဏ်၊ သို့မဟုတ် အဆိုပါဒဏ်တို့မှ နှစ်မျိုး၊ သို့မဟုတ် နှစ်မျိုးထက်ပိုသော ဒဏ်ခတ်စေ။ လုသူ သို့မဟုတ် ဓားပြတိုက်သူသည် လုခြင်း သို့မဟုတ် ဓားပြတိုက်ခြင်းပြုစဉ်က လူသတ်မှုကိုပါ ကျူးလွန်ခဲ့ပါလျှင် အဆိုပါ လုယူမှု သို့မဟုတ် ဓားပြမှုနှင့် ပတ်သတ်သူ အားလုံးကို လူသတ်မှုအရ စီရင်စေ။

၅။ ။ တစ်စုံတစ်ယောက်သော သူကို ရည်ရွယ်ချက်ထား၍ အနာတရဖြစ်အောင် ပြုလုပ်သူကို ငွေ ၂၀၀ အတွင်း အတိုင်းအဆရှိသော ငွေဒဏ်ကို ဖြစ် ပွားသော အနာတရ ခံစားချက်ကို ချင့်တွက်၍ ခတ်စေ။ ဒဏ်ငွေအားလုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဝေဒနာခံစားရသူအား ပေးစေ။

၆။ ။ မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်ခုနစ်နှစ်အထိ၊ သို့မဟုတ် ငွေဒဏ် ကျပ်၃၀၀အထိ။ သို့မဟုတ် ကြိမ်ဒဏ်၊ သို့မဟုတ် အဆိုပါဒဏ်တို့ အနက် နှစ်မျိုးကိုတွဲ၍သော်လည်းကောင်း၊ နှစ်မျိုးထက်ပို၍ တွဲဖက် လျက်သော်လည်းကောင်း ပေးစေ။

၇။ ။ အသေးအဖွဲခိုးမှု၊ သို့မဟုတ် ခိုးရာပါပစ္စည်း လက်ခံမှုကို ခိုးယူသည့် ပစ္စည်းတန်ဖိုး နှစ်ဆအထိ ငွေဒဏ်နှင့်တကွ ကြိမ်ဒဏ် ပေးစေ။ ခိုးယူ သည့်ပစ္စည်း ပြန်မရလျှင် အခိုးခံရသူက ငွေဒဏ် အားလုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို လျော်ကြေးအဖြစ်ရယူစေ။

မယားခိုးကို ဒဏ်ငွေ ၃၀၀ အထိ တပ်စေ။ ဒဏ်ငွေကို နစ်နာသည့် လင်ယောကျာ်းရစေ။

၉။ ။ ပြစ်မှုကျူးလွန်ရန် ကြံရွယ်သည့်သူကို မိသောအခါ အကယ်၍ ပြစ်မှုကျူးလွန်ဖြစ်လျှင် ခံရမည့်ဒဏ်၏ထက်ဝက် ခံစေ။

၁၀။ ။ ယခု ဖော်ပြပါ ဥပဒေများတွင် မပါဝင်သည့် မည်သည့်အမှုမျိုးမဆို၊ ပေါ်ရှိဖမ်းဆီးရမိလျှင် အထက်ဖော်ပြပြီး ဥပဒေများအရသာ ပေးခွင့်ရှိသည့်သေဒဏ်မှလွဲ၍ ရှမ်းပြည်နယ်များတွင် ပြုလုပ်မြဲဓလေ့ထုံးတမ်းအရ အပြစ်ပေး စီရင်စေ။

နောက်ဆုံး ပုဒ်မ–၁၀ဟာ သတ်သာ မပစ်နဲ့၊ စော်ဘွား လုပ်လိုရာ လုပ်တော့လို့ လွှတ်ပေးလိုက်တဲ့ အခွင့်အရေးဖြစ်တယ်။ ဒီအခွင့်အရေးမျိုးကို နှိုင်းနှိုင်းချိန်ချိန် မဟုတ်ဘဲ အလွဲသုံးစားလုပ်လို့ ရှမ်းပြည်ပုဒ်မ–၁၀ကို အများကြောက်တာပါပဲ။ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်တော်လှန်ရေးနဲ့ နိုင်ငံခြားသား မုန်းတီးရေးလုပ်တဲ့လူကို ရဲကဆွဲပြီး အချုပ်ထဲပို့မယ်၊ ဒါမဟုတ်လည်း နယ်နှင်မယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဖဆပလခေတ်က ပုဒ်မ ၅ နဲ့ ဆင်တူတယ်။ ပြည်သူလူထုရဲ့ ငြိမ်းချမ်းရေးကို အနှောင့်အယှက် မဖြစ်ဖို့ ဆူပူမယ့်လူကို ထိန်းသိမ်းရတယ်ဆိုပေမယ့် အာဏာလက်ရှိပါတီက ဆန့်ကျင်ဘက်မှန်သမျှကို ထောင်ထဲဆွဲထည့်တာမျိုး၊ ရှမ်းပြည်ကြတော့ စော်ဘွားတွေက နိုင်ငံရေးစည်းရုံးမယ့်လူနဲ့ သူတို့နဲ့ ပုဂ္ဂိုလ်ရေးရာဆန့်ကျင် သူကိုနှိပ်စက်တဲ့ ပုဒ်မဖြစ်နေတော့တယ်။ "ရှမ်းပြည်နယ်များတွင် ပြုလုပ်မြဲ ဓလေ့ထုံးတမ်းအရ" ဆိုတဲ့ စကားက စော်ဘွားဆိုတဲ့ လူယုံတပည့်ကို အာဏာအများကြီး ပုံပေးလိုက်တဲ့ စကားသာ ဖြစ်နေပါတော့တယ်။

■

# ၂

# ရက်စွဲပါ ဗုဒ္ဓရုပ်ပွားတော်

## ရက်စွဲပါ ဗုဒ္ဓရုပ်ပွားတော်

ရှမ်းပြည် ပင်းဒယကို ၁၉၆၅ခုနှစ်က ရောက်သွားတဲ့အခါ မြို့ပေါ်က ကန်ဒေါင့်ကျောင်း၊ ရန်အောင်ကျောင်း၊ စေတီကြီးကျောင်းစတဲ့ ကျောင်းတွေမှာ ရက်စွဲနဲ့အတူ အလှူရှင်ရဲ့အမည်ပါ ရေးမှတ်ထားတဲ့ (အရပ်ခေါ်'ကိုယ်စားတော်') ဗုဒ္ဓရုပ်ပွားတော်တွေ အံ့သြစရာကောင်းလောက်အောင် အများကြီး၊ တစ်စုကြီး သွားတွေ့ပါတယ်။ ဒီတော့မှ ရုပ်ပွားတော်တွေမှာ စာပါတတ်တယ်လို့ဆိုပြီး စာတွေလည်းကူး၊ စံပြဖြစ်နိုင်မယ့် ရုပ်ပွားတော်တွေကို ရွေးပြီးပင့်၊ ဓာတ်ပုံရိုက် လုပ်ပါတယ်။ ဒီကအစရပြီးနောက် ရောက်ရာအရပ်မှာ ဆင်းတုတော်က စာရှာပြီး ရေးမှတ်ခဲ့ပါတယ်။ အဲဒီတော့ ထင်ရှားတဲ့ အချက်တစ်ခုက တခြားဘုရားတွေထက် မံဘုရားဆိုတာမျိုးမှာ ပိုပြီးစာပါတတ်တယ်။ ပင်းဒယကမံ ဘုရားဟာ ဥပမာ မုံရွာနယ်ထဲမှာတွေ့တဲ့မံဘုရားနဲ့လက်ရာ တယ်မခြားနားလှဘူး။ ပြီးတော့ စာတန်းတဲ့အခါ ရှမ်းစာမဟုတ်ဘဲ မြန်မာစာနဲ့ပဲတန်းတယ်။ ဒီလိုဆိုရင် ပင်းဒယမှာတွေ့တဲ့ မံဘုရားဟာ မြန်မာလုပ်ပဲ ဖြစ်ဖို့များတယ်ဆိုပြီး မံဘုရားလုပ်ရာ အရပ်ကို ရှာမိပါတယ်။ အင်္ဂလိပ်သက်ထက် ၁၉၂၄ ခုနှစ် မှတ်တမ်းတစ်ခုမှာ

> မြန်မာတို့ မံဘုရားခေါ်သည့် ယွန်းကိုင် ဗုဒ္ဓဆင်းတုတော်များကို ရေဦးမြို့အနောက် ရှစ်မိုင်ခန့်ကွာဝေးရာတွင် အစုလိုက်တွေ့ရသည့် မဲအိုး၊ စည်သမြေ၊ မလွယ်နှင့်လိန်တောရွာများ၌လုပ်ပါသည်။ လက်မှုပညာသည်ဟူ၍ အထွေအထူးမရှိ၊ တောင်သူတို့ပင် ရက်အား အလုပ်အားသည့်အခါ မံဘုရား လုပ်ကြသည်။ လုပ်နည်းကား ရွှံ့ကို ကောင်းစွာနှံ၍ အစဦးစွာ ပုံကြမ်းလောင်းရပါသည်။ လက်ဖြင့် အကြမ်းထည်ပြီးသောအခါ ရုပ်ပုံပီသအောင် သေချာရန် လိုအပ်သည့်နေရာတို့၌ သစ်သား၊ သို့မဟုတ် သံဖြင့်လုပ်သော ကိရိယာတစ်ခုကို သုံးရပါသည်။ ယင်းကိရိယာကို **သံလက်**ဟု ခေါ်လေ့ရှိကြသည်။ ရွှံ့မခြောက်မီ ကောက်ရိုးပြာနှင့်ရေကို သမအောင်ဖျော်၍ ရုပ်လုံးကိုနှံ့အောင် သုတ်လိမ်းရပါသည်။ ဤအတွင်းသားပေါ်၌ သစ္စေးနှင့် အလွန်နုသော ကျွန်းသားလွှစာမှုန့်ကို နယ်၍ထားသော အစာဖြင့် တစ်ထပ်လိုက်၍မံရသည်။ ထိုအခါတွင်လည်း သံလက်အားကိုးလျက် မျက်စေ့၊ နား၊ နှာ၊ ပါးစပ်စသည့် နုနယ်သောနေရာများတွင် လိုက်၍ အသေးစိတ်ရုပ်လုံးဖော်ရသည်။ ပြီးလျှင် အတွင်းသားရွှံ့တုံးကို ဖယ်ထုတ်ပစ်ရ၏။ လက်မောင်းနှင့် ခေါင်း စသော အထုတ်ရ ခက်ခဲမည့် နေရာများအဖို့ အပေါ်ခွံကို ခွဲ၍ ထုတ်ရပါသည်။ ကွဲကြောင်းကို သစ္စေးသားရိုးဖြင့်ပင် ဆက်ခြင်း၊ ဖာခြင်း အလွယ်တကူလုပ်နိုင်ပါသည်။ ပြီးလျှင် သစ်စေးကို အရေကြည်ရအောင် စစ်ယူပြီးမှ ဖွဲပြာနှင့်ဖော်စပ်သည့် သားရိုးနုကို လိမ်းကျံရ၏။ ပြီးလျှင် ကျောက်စားလျှော် နှမ်းဆီသုတ်

လိမ်းကာ အခြောက်ခံ၍ထားပါသည်။ သားရိုးခိုင်ပြီဆိုလျှင် ရေဆေးပြီးနောက် ကျောက်တစ်ထပ် စားသေး၏။ ပြီးမှ အစင်ကြယ်ဆုံးစစ်ယူထားသည့် သစ်စေးဖြင့် အရောင်တင်ပါသည်။ ပူဇော်မည့် တကာပေါ်သောအခါ အလိုရှိပါလျှင် ရွှေသင်္ကန်း ကပ်ရန် အသင့်ဖြစ်နေပါပြီ။ ပျိုးရ စိုက်ရသည့် တာဝန်လွတ်သည့်အခါတွင်မှ လုပ်ကြသော်လည်း လူတစ်ကိုယ်လျှင် အဆူသုံးဆယ်မှ သုံးဆယ့်ငါးအထိ ပြီးနိုင်ကြသည်။ ဤလုပ်ငန်းကို စိုက်ပျိုးချိန်မှအပ လုပ်သည်ဆိုရသော်လည်း ရာသီဥတု ပူပြင်းလွန်းသည့်အခါ ရွှံ့အခြောက်မြန်လွန်းသဖြင့် လုပ်မရပါ။ ပူလွန်းလျှင် သစ္စေးလည်း အိပ်ခဲ၏။ မိုးရွာနေပြန်က သစ်စေး အအိပ်မြန်သော်လည်း ရွှံ့ မခြောက်၍ မလုပ်နိုင်ပါ။ မြန်မာတို့က မံဘုရားကို ပူဇော်ခြင်း ပြုခဲ၏။ လုပ်၍ ပြီးနိုင်သမျှ မံဘုရားကို ရှမ်းပြည်သို့ပို့၍ရောင်းကြသည်။ ကျိုင်းတုံကဲ့သို့ အလှမ်း ကွာဝေးသော အရပ်သို့ပင် မံဘုရားများ ရောက်ရှိသွားပါသည်။ ရှမ်းပြည်တွင် ဉာဏ်တော်တစ်တောင်၊ တစ်တောင်လျော့လျော့ရှိသော မံဘုရားကို ပူဇော်သူများ၏။ ပူဇော်ရသည့် အဖိုးနှုန်းမှာလည်း တနှစ်လျှင် ပေါက်စျေး တစ်မျိုးရှိတတ်ပါသည်။ သို့သော် တန်ဖိုးများမှာ အဆူငယ်ငယ်ကို ငွေငါးကျပ်မှ လုံးရပ်သဏ္ဍာန် လူလောက် နည်းနည်းရှိလျှင် ငွေခြောက်ဆယ် ခုနစ်ဆယ် ရသည်။ မံဘုရားရောင်းသူ နိဗ္ဗာန် ကုန်သည်က အထမ်းဗ္ဗားရသည်။ အသွားအပြန် သုံးလေးလ ကြာတတ်၏။ စရိတ် စခ အပြီးအငြိမ်း အလုပ်သမားအတွက် ငွေလေးဆယ့်ငါးကျပ်ဖြစ်ပါသည်။ သယ်ယူသောအခါ ရုပ်ထု အကြီးထဲသို့ အငယ်များ အဆင့်ဆင့်သွတ်၍ ထမ်းပိုးဖြင့် ရှေ့နောက်ထမ်းကာ သွားရသည်။ ခေါင်းပွဖြစ်၍ ပေါ့သောကြောင့် အထမ်း တစ်ထမ်းလျှင် အဆူပေါင်းများစွာပါအောင် ယူငင်သွားနိုင်ပါသည်။

ဒီစာအတိုင်းဆိုရင် မံဘုရားကို ရွှေဘိုခရိုင် ရေဦးမြို့နယ်ထဲမှာလုပ်တယ်။ အခုတော့ စည်သမြေ တစ်နေရာတည်းမှာပဲ နည်းနည်းလုပ်တော့တယ်လို့သိရတယ်။ ပြီးတော့ အများဆုံး ရှမ်းပြည်ဘက်ကို အထမ်းနဲ့ထမ်းပြီး တက်ရောင်းတယ်။ ဒါ့ကြောင့် ပင်းဒယက မံဘုရားဟာ မုံရွာနယ်က မံဘုရားနဲ့ပုံစံ အချိုးတူနေတာပေါ့လို့ သဘောပေါက်လာပါတယ်။ ပြီးတော့ မံဘုရားကို မြန်မာတွေထက် ရှမ်းတွေက ပိုပြီး ပူဇော်လေ့ ရှိတယ်လို့ ဆိုရမလိုဖြစ်နေပါ တယ်။ ပိုတယ်လို့သာ ယူဆနိုင်ပါတယ်။ မြန်မာတွေ ကုသိုလ်ပြုတဲ့ ကျောင်း ဘုရားတွေမှာ မံဘုရားတွေဟာလည်း မနည်းပါဘူး။ ဥပမာ မုံရွာခရိုင်က ဆင်ရှင်ရွာဦးကျောင်းမှာဆိုရင် အုံ့သြစရာကောင်းလောက်အောင် အစုလိုက် မံဘုရားတွေ တွေ့နေရပါတယ်။ ရက်စွဲတွေလည်း တပ်လို့ ရှိပါတယ်။

တရုပ်နိုင်ငံမှာ ဒီလိုမံဘုရားကို တောင်ပိုင်းစုန်မင်းဆက်(အေဒီ ၁၁၂၇–၁၂၇၉) လက်ထက်ကပဲ မြက်ကလုပ်တဲ့ အဝတ်နဲ့ သစ်စေးသရိုးသုံးပြီး လုပ်တယ်။ အင်မတန် ပေါ့ပါးတဲ့အတွက် ဘုရားရုပ်ပွားတော်နဲ့ လမ်းမှာလှည့်ရတဲ့ ဘုရားပွဲတွေမှာ သုံးတယ်။ (**ဂေါတမရုပ်ပွားနဲ့ ပုံတော်ပန်းချီ၊** ပီကင်း၊ တရုတ်ဗုဒ္ဓသာသနာအသင်း၊ ၁၉၅၆)။

ဒီလိုရက်စွဲပါတဲ့ ဆင်းတုတော်ဟာ မြန်မာ့အနုပညာသမိုင်းမှာ သိပ်ပြီး တန်ဖိုးရှိတဲ့ အထောက်အထားဖြစ်လာပါတယ်။ အဲဒါတွေကို အရပ်တကာ လှည့်ပြီးရှာဖို့လိုလာမယ်။ ပြီးတော့ စာတန်းရေးပြီး ဖတ်ရမယ်။ ပုံနှိပ် ဖြန့်ဝေရမယ်။ "ပင်းဒယမှ ရက်စွဲပါ ဗုဒ္ဓ

ကိုယ်စားတော်များ”နာမည်တပ်ပြီး ကျနော် စာတန်း တစ်စောင်ကို ၅၊ ၉၊ ၆၅ နေ့ ကန်သာ စိမ်းလဲ့ တစ်ဆယ့်နှစ်နှစ်မြောက်ပွဲမှာ ဖတ်ခဲ့ပါတယ်။ အခု အဲဒီစာတန်းကို ဖြည့်စွက်ပြီး ၁၉၆၈ ခုနှစ်၊ မတ်လ ကျင်းပတဲ့ သုတေသန ကွန်ဖရင့်၊ ဘာသာစာပေ ယဉ်ကျေးမှုအဖွဲ့မှာ ၁၈၊ ၃၊ ၆၅ နေ့ ဖတ်သေးတယ်။ ပြီးတော့ ဖြည့်စွက် ပြင်ဆင်ပြီး အခုဒီစာအုပ်ထဲမှာ ထည့် လိုက်တယ်။ ဖြစ်နိုင်ရင် ဆင်းတုတော်အကြောင်း သပ်သပ် စာတစ်အုပ်ရေးဖို့ပါပဲ။ ရက်စွဲ အတိအကျသိတဲ့ ရုပ်ပွားတော်တွေနဲ့ယှဉ်ပြီး မှန်းယူနိုင်တဲ့ လက်ရာကောင်းစံပြ ရုပ်ထုပုံတော် တွေကို ဓာတ်ပုံတွေ၊ ရုပ်ပုံတွေနဲ့ စုံအောင်ရေးနိုင်ရင် အနုပညာသမိုင်း လေ့လာရေးမှာ တကယ်တန်ဖိုးရှိမယ်လို့ ယုံကြည်ထားပါတယ်။

ဗုဒ္ဓရုပ်ပွားတော်တွေကို အများသိတဲ့အတိုင်း သံ၊ ကြေး၊ ငွေ၊ ရွှေ ဒါမှမဟုတ်လည်း သတ္တုပေါင်းလောဟာ တစ်မျိုးစပ်ပြီး သွန်းလုပ်တာလည်း ရှိတယ်။ မြတို့ ပယင်းတို့ ကျောက်စိမ်းတို့နဲ့လည်း ရှိတယ်။ ဖန်လည်းရှိတယ်။ သကြားလာပေးတဲ့ သစ်ကနက်သား ဆိုတာကစပြီး သစ်သားအမျိုးမျိုးနဲ့လည်း လုပ်ပါတယ်။ ဘုရားတင်တဲ့ပန်းတွေ အခြောက်လှမ်း၊ ပြာချပြီး သစ်စေးသရိုးကိုင်တဲ့ ပန်းပေါင်းဘုရား၊ ပေစာ အကျိုးအပျက်တွေ ပြာချပြီး သစ်စေးသရိုးကိုင်တဲ့ ပိဋကတ်ပေါင်းဘုရား၊ ကွယ်လွန်သူ အမိ၊ အဖ၊ အဖိုး၊ အဖွား၊ ဆရာတော်၊ သမားတော်ဆိုတဲ့ လေးစားလောက်သူတွေရဲ့အရိုးပြာကို သစ်စေးသရိုးကိုင်တဲ့ အထိမ်းအမှတ်ဘုရား၊ ပြီးတော့ မံဘုရားလို့ အမျိုးမျိုးတွေ့ရပါတယ်။

ရက်စွဲအလိုက် ပြောရရင် အခုအထိ အစောဆုံးလို့ ရက်စွဲတပ်နိုင်တာက မုံရွာ ခရိုင် ဘိုးဝန်းတောင်မှာ ခရစ်နှစ် ၁၅၅ဝပြည့်နှစ်က လျောင်းတော်မူဘုရား တစ်ဆူ တွေ့ ထားပါတယ်။ ဒုတိယ အစောဆုံးက မန္တလေးမှာ အခုရှိနေတဲ့ ဗိုလ်မှူးထွန်းအောင်ကျော် ကိုးကွယ်တဲ့ ၁၈၊၁၁၊၁၅၆၄ ရက်စွဲပါ ကြေးဆင်းတုတော်ကလေး (ပုံ၁၅)ပါပဲ။ ရှေးဟောင်း သုတေသနက တူးဖော်တင်ပြတဲ့ ပျူခေတ် (အေဒီ လေးရာစုက စလို့) မြေပုံဘုရား (အများ အခေါ် အုတ်ခွက်ဘုရား)၊ သတ္တုဘုရား၊ လောဟာဘုရား၊ ပုဂံခေတ်၊ အဝခေတ်၊ ကုန်းဘောင်ခေတ် ဘုရားဆင်းတုတွေ အများအစားပဲ ရှိပါတယ်။ တချို့ဘုရားဆင်းတုကို ရက်ခန့်မှန်းလို့ ရပါတယ်။ ဝချို့ဘုရားက မှန်းဖို့ မလိုဘူး၊ ရုပ်တုမှာ စာမပါပေမယ့် ဉပမာ မန္တလေးကျောက်တော်ကြီးကို ဘယ်သက္ကရာဇ်မှာ ထုလုပ်တယ်လို့ ရာဇဝင်မှာ မှတ်တမ်းတင်ပြီး ရှိနေတယ်။ ဒီတော့ အမှန်းအဆကို တတ်နိုင်သလောက်ချန်ထားပြီး အတိအကျ ပြောနိုင်တဲ့ ရုပ်တုတော်ကိုတော့ အခုထည့်ပြီး ဆွေးနွေးရမှာပဲ။ ချန်တယ်ဆိုတဲ့ သဘောကတော့ ဘယ်လောက်ဘဲ နီးစပ်အောင် မှန်းနိုင်တယ်ဆိုပေမယ့် လွဲနိုင်သေးတယ် ဆိုတဲ့ သဘောပါပဲ။ အခုလို မမှားနိုင်တဲ့ ဆင်းတုတော်တွေကို သက္ကရာဇ်စဉ် မှတ်ပြီး မှတ်တမ်းတင်လိုက်ရင် ရက်စွဲအလိုက် ခေတ်အလိုက်ပုံစံ (Type) နဲ့ ဟန် (Style) ဆိုတာ ပေါ်လာမယ်။ ဒီလို ပုံစံနဲ့ဟန် ပေါ်လာပြီဆိုမှ ကျန်ဆင်းတုတွေကို ဘယ်ခေတ်ကလို့ အကဲ ခတ်သင့်တယ်။ အခုတင်ပြရမယ့် ဆင်းတုတော်တွေဟာ ရှမ်းပြည် ပင်းဒယနယ်၊ ပြီးတော့ မန္တလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်တွေကပါပဲ။ နောက် အခုထက် ပိုပြီး ရှာလို့ရလာတဲ့ စာအုပ်တစ်အုပ် ရေးပါ့မယ်။ အများက ရက်စွဲပါဘုရား ကူရှာပေးမယ်၊

---

၁။ အေဝီလီယမ်ဆင်၊ **ရွှေဘိုဂေဇက်တီးယား**၊ ရန်ကုန်၊ အစိုးရပုံနှိပ်၊ ၁၉၂၉၊ ၁၂၈–၉

ခေတ်ပုံရိုက်ပြီး စာပါ ကူးပို့မယ်၊ အနည်းဆုံး လာကြည့်ပါဆိုပြီး သတင်းပေးမယ်ဆိုရင် အမြန်ဆုံး အားကိုးလောက်တဲ့ စာတစ်အုပ်ဖြစ်သွားမှာပါပဲ။

ဗုဒ္ဓသာသနာထွန်းကားတဲ့ ဗမာနိုင်ငံမှာ အခုလက်ငင်း ကျင့်သုံးတဲ့ ယုံကြည်မှုကို လေ့လာမယ်ဆိုရင် ဗုဒ္ဓရုပ်ပွားတော်အကြောင်းပါလာမှာပဲ။ ရုပ်ပွားတော်ပါ ပါရတဲ့ ယုံကြည်မှု ဖြစ်နေပါတယ်။ ရုပ်ပွားတော်ကို ရှေ့တန်းကထားပြီး ကိုးကွယ်နေကြတယ်။ အဲဒီနည်းဟာ တကယ်တော့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အလိုတော်အတိုင်း ဖြစ်တယ်လို့ ပြောဖို့ ခက်ပါတယ်။ သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ၊ ဝက္ကလိသုတ်မှာ

> အလံ ဝက္ကလိ၊ ကိံ တေ ပူတိကာယေန ဒိဋ္ဌေန၊
> ယော ခေါ ဝက္ကလိ၊ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊
> ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ။
> ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ။ မံ ပဿန္တော ဓမ္မံ ပဿတိ။
>
> အိုဝက္ကလိ၊ ဤသို့ မအောက်မေ့လင့်၊ ဖူးမြင်အပ်သော ဤအပုပ်ကောင်ဖြစ်သော ကိုယ်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ အို ဝက္ကလိ၊ အကြင်သူသည် တရားကို မြင်၏။ ထိုသူသည် ငါဘုရားကိုမြင်၏။ အကြင်သူသည် ငါဘုရားကို မြင်၏။ ထိုသူသည် တရားကို မြင်၏။ အိုဝက္ကလိ စင်စစ် တရားကို မြင်သော သူသည် ငါဘုရားကို မြင်၏။ ငါဘုရားကို မြင်သောသူသည် တရားကို မြင်၏။ (**သံယုတ္တနိကာယ်**၊ ဆဋ္ဌသင်္ဂါယနာမူ၊ ၁၉၅၇၊ စာမျက်နှာ၉၈)။

လို့တွေ့ရပါတယ်။ အချုပ်သဘောကတော့ ဗုဒ္ဓရုပ်ပွားတော်ကို ကိုးကွယ်နေတာထက် ဗုဒ္ဓဆိုဆုံးမတဲ့အတိုင်း လိုက်နာဖို့က ပဓာနဖြစ်တယ်။ ပိုပြီး ရှင်းအောင် ပြောရရင် မဟာပရိနိဗ္ဗာနသုတ်မှာ

> ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းမျှဖြင့် ငါဘုရားအား ပူဇော်သည် မမည်သေး။ တရားကိုကျင့်မှသာ ငါဘုရားအား ပူဇော်သည်မည်၏။ (**ဒီကနိကာယ်**၊ ဆဋ္ဌမူ၊ ၁၉၅၆၊ စာမျက်နှာ ၁၁၄)။

လို့ရှင်းထားပါသေးတယ်။ ဒါတွေဘာပြောပြော ဗုဒ္ဓဘာသာဝင်ဆိုတဲ့ လူတွေရဲ့ နေ့စဉ်အမူအကျင့်မှာ အများအားဖြင့် အလုပ်ရလွယ်တဲ့ ရုပ်ပွားတော်ကို ပူဇော်တဲ့ အလုပ်ပဲ လုပ်ကြလေ့ရှိတယ်။ ရုပ်ပွားတော်တွေကိုလည်း အင်မတန် အလေးအမြတ်လုပ်ပြီး ပူဇော်ဖို့ ထုလုပ်ကြပါတယ်။ အဲဒီလို ထုလုပ်ကိုးကွယ်တဲ့အခါ ထုလုပ်တဲ့ ပန်းပုဆရာတိုင်း၊ ကိုးကွယ်တဲ့ တကာတိုင်း၊ ငါတို့ ရုပ်ထုဟာ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ပုံတော်နဲ့အနီးကပ်ဆုံးတူတယ်လို့ ယုံမယ်ထင်တယ်။ ဒါပေမယ့် အမှန်ကို ပြောကြစို့ဆိုရင် ခေတ်အခါကို လိုက်ပြီးတော့ ပုံစံနဲ့ဟန် ကွဲခြားတယ်။ ခေတ်ချင်းတူအုံးတော့ ရည်ရွယ်ချက်မတူရင် ပုံချင်းလည်း မတူဘဲနေမယ်။ မင်းဝတ်ဘုရား၊ သင်္ကန်းရုံဘုရား၊ ကြာဖက်ဆောင်းဘုရားဆိုပြီး အမျိုးမျိုးကွဲပြားနေအုံးမယ်။ အနည်းဆုံး ဒွတ္တိံသမဟာပုရိသလက္ခဏာ ဆိုတဲ့ ယောကျ်ားမြတ်တို့ လက္ခဏာ သုံးဆယ့်နှစ်ပါးနဲ့ ကိုက်ညီတဲ့ ပုံတော်ကို ထုထားတယ်လို့ပဲ ယုံကြမယ်။ ဒါပေမဲ့ ဇာလကဟတ္ထပါဒဆိုတဲ့ ညီညာတဲ့ လက်ချောင်းခြေချောင်းဆိုတာကိုပဲ အဓိပ္ပာယ်ပြန်တာ ကွဲလွဲကြလို့ တချို့ဆင်းတုမှာ လက်ဖျားတွေ သဘာဝမကျဘဲ တညီတည်း

ဖြစ်ပြီး တချို့ဆင်းတုမှာ ပကတိ တိုရှည် တွေ့ရမယ်။ ဒီလိုကွဲလွဲတာတွေရှိနေပေမယ့် အားလုံးတူတဲ့ အချက်ကတော့ ဘုရားပုံဟာ လူယောကျ်ားပုံနဲ့တော့ မတူတော့ဘူးဆိုတဲ့ အချက်ပါပဲ။ ယောကျ်ားတစ်ယောက်ရဲ့ လုံးရုပ်သဏ္ဌာန်ဆိုရင် အနည်းဆုံး လက်မောင်း ကြွက်သား အဖု အထစ်ရှိမယ်။ အကြောပြိုင်းပြိုင်းထတဲ့ နေရာရှိမယ်။ ဗုဒ္ဓရုပ်ထုမှာတော့ အားလုံး ပြေပြစ် ချောမော ပြည့်ဖြိုးရမယ်လို့ ကြိုးစားပြီး ထုလုပ်ကြလို့ တည့်တည့်ပြောရင် ယောကျ်ားရုပ် မဟုတ်တော့ဘူးလို့ ဆိုနိုင်ပါတယ်။ ဒါ့ကြောင့် ဆင်းတုတော်စနစ်ပုံမှာ

> မေးတော်လည်း ခြင်္သေ့မင်း မေးကဲ့သို့ တိတိဝန်းဝန်း မချွန်းသော မေးတော်လည်း ရှိစေရမည်။ ပါးစောင်တော် နှစ်ဖက်လည်း မေးတော်ကသည် နားရင်းတိုင်အောင် လဆန်း ၁၅ရက် (လ) ကဲ့သို့ တိတိ ဖြိုးဖြိုးရှိစေရမည်။ နဖူး အပြင်ကသည် စာမြုံတော်တိုင်အောင် ရှုံ့ပက် (စုန့်စုန့်) မရှိစေရ၊ နှစ်ဖြိုးသော လက္ခဏာတော်လည်း ရှိစေရမည်။ မေးတော်ကသည် ပါးတော်နှစ်ဖက်၊ စာမြုံတော် နှစ်ဖက်၊ နဖူးတော်တိုင်အောင် စန္ဒိမာမဏ္ဍလ လပြည့်ဝန်းကဲ့သို့ ဖြိုးဖြိုးသော လက္ခဏာရှိစေရမည်။ လည်တော်လည်း မုရိုးစည်ရွှေကြည်သဏ္ဌာန် လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ လည်တော် အကန့် တစ်ခုကို ၃ ခု စ၍ အလျား အရေးသုံးတန့် ဖြိုးဖြိုးသော လက္ခဏာ ရှိစေရမည်။ လည်တော်ကသည် ရင်ရစ်ရင်တိုင်အောင် သီဟဥတရ ခြင်္သေ့မင်း၏ ရင်ပုံကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ရင်ပုံကသည် ရင်ပြင် တော်လည်း ဥသဘမျက်နှာကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ကျောပြင်လည်း ကြမ်းကြမ်း ချပ်ချပ် ဖြိုးဖြိုးရှိစေရမည်။ နို့သီးတော်လည်း နွားလားဥသဘ မျက်နှာလုံးကဲ့သို့ လုံးလုံးဖြိုးဖြိုးရှိစေရမည်။ ငမ်းတော်လည်း နွားလား ဥသဘနှာခေါင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ခါးဆစ်တော် နှစ်ဖက်လည်း နွားလားဥသဘ နှာရောင်ကဲ့သို့ လျောလျောရှိစေရမည်။ ပေါင်တော် နှစ်ဖက်လည်း ဖြောင့်စင်း မရှိစေနှင့်၊ ဖြိုးဖြိုးရှိစေရမည်။ လက်မောင်းတော် နှစ်ဖက်လည်း လက်ကောက်ဝတ် တိုင်အောင် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးဖြိုးဖြိုးရှိစေရမည်။ လက် ဖမိုးတော်နှစ်ဖက်လည်း ဖြိုးဖြိုးရှိစေရမည်။ လက်ဝါးတော် နှစ်ဖက်လည်း (ပြည့်ပြည့်) ကျန်းကျန်းဖြိုးဖြိုး ရှိစေရမည်။ လက်ချောင်းတော် ဆယ်ခုလည်း ညီညီလုံးလုံးရှိစေရမည်။ ခြေချောင်းတော်ဆယ်ခုလည်း ညီညီဖြိုးဖြိုး ရှိစေရမည်။ (**သဏ္ဍာရုပကဝိလာသနီ၊** တည်းဖြတ်သူ ဦးထွန်းမြင့်၊ ရန်ကုန်၊ သုတေသနအသင်း၊ ၁၉၆၁၊ စာမျက်နှာ ၂၈-၉)။

လို့ တွေ့ရပါတယ်။ ဘုရားပုံတော်မှာ ဘယ်နေရာကြည့်ကြည့် ပြည့်ဖြိုးရမယ်လို့ ဆိုပါတယ်။ ဒီလိုပြည့်ဖြိုးဖို့ ပဓာနထားပြီး ထုလုပ်နေကြတယ် ဆိုပေမယ့်လည်း အခြေခံခြားနားချက်ကို ပုံစံ (Type)နဲ့ ဟန်(Style) မှာ တွေ့ကြလို့ ခေတ်အခါအလိုက်၊ ဒေသအလိုက် ကွဲတယ်လို့ သိနိုင်ကြပါတယ်။

ပုံစံဆိုတာမှာ သတိပြုစရာအချက် သုံးချက် ရှိပါတယ်။ ပထမ ကိုယ်ခန္ဓာ တည်ဆောက်ပုံမှာ ခေတ်ချင်းကွဲရင် ပုံစံလည်းကွဲမယ်။ ဒုတိယက အဝတ်ကို ကြည့်ပါ၊ သင်္ကန်းရုံ ကိုယ်တော်တွေမှာ သင်္ကန်းလိပ်ပုံ တွန့်ပုံမှာ ရှေးက ရိုးတယ်၊ နောက်ပိုင်းဆန်းတယ်။ မင်းဝတ်ဘုရားမှာလည်း ရှင်ဘုရင်ရဲ့ မကိုဋ်၊ နကင်း၊ နဆွဲ၊ လည်ဆွဲဆိုတာတွေပဲပါရင်

ခေတ်ဦးပိုင်းကဖြစ်မယ်။ လက်ကောက်၊ လက်ကြပ်၊ ခါးကြိုး၊ ချက်အုပ်၊ ခြေကြင်း၊ ခြေနင်းဆိုတာတွေ ထည့်နေရင် နောက်ပိုင်းလက်ရာဖြစ်မယ်။ တတိယခြားနားပုံကတော့ ကိုယ်အနေအထား၊ လက်အနေအထား၊ ခြေအနေအထားဆိုတာတွေကို ကြည့်ပြီး အကဲခတ်ရမယ်။ "မတ်ရပ်ကိုယ်တော်"မှာ ခြေစုံရပ်တဲ့ ဗျာဒိတ်ပုံနဲ့ ခြေတစ်ဖက်လှမ်းတဲ့ ဒေသစာရီပုံ (ပုံ၊ ၇) လို့ ကွဲမယ်။ "ထိုင်ကိုယ်တော်"တွေမှာတော့ ခြေနှစ်ဖက်ကို အထက်အောက်ထပ်ပြီး ထိုင်သလား (ပဂျင်ကာသန)၊ ခြေနှစ်ဖက်ကို ချိတ်ပြီးထိုင်သလား (ဈာနာသန)၊ ခြေတစ်ချောင်း တွဲလောင်းချသလား (ပုံ၊ ၈။ လာလိတာသန)၊ ခြေနှစ်ချောင်းလုံး တွဲလောင်းချသလား (ဘဒြာသန) ဆိုတာ ကြည့်ရမယ်။ လက်အနေအထားမှာလည်း လက်မြေထိတဲ့ အောင်တော်မူပုံလား (ဘူမိသ္ပဖ္ဂမုဒြာ)၊ လက်နှစ်ဖက်နဲ့ စက်လှည့်ပုံကို ပြတဲ့ ဓမ္မစကြာဟောဟန်လား (ဓမ္မစကြမုဒြာ)၊ မစိုးရိမ်နဲ့လို့ လက်ချောင်းတွေ အပေါ်ထောင်တဲ့ပြီး လက်ဖဝါးအပြင် ဖြန့်ပြတဲ့ အနေအထားလား (အဘယာ မုဒြာ)၊ လက်ညှိုးလက်မထိပြီး အခြေအတင်ပြောဟန်လား (ဝိတက္ကမုဒြာ)၊ လက်ချောင်းအောက်စိုက်ပြီး လက်ဖဝါးအပြင် ဖြန့်ပြတဲ့ ဆုပေးပုံလား (ဝရဒ မုဒြာ) ဆိုတာတွေကို ကြည့်ရမယ်။ ရုပ်ထုတော်အတွက် ပလ္လင်ပေါက်တဲ့အခါမှာလည်း ကြာပလ္လင်(ပဒ္မသန)လား၊ ခြင်္သေ့ပလ္လင် (သိံဟာသန)လား၊ ပြော့ပလ္လင် (ဝဇြာသန)လား ဆိုတာကြည့်ပါ။ အခုတော့ နှစ်မျိုး သုံးမျိုးပေါင်းထားတဲ့ ပလ္လင်တွေ ခေတ်စားနေပါပြီ။ ရှေးကတော့ တစ်မျိုးစီခွဲပြီး လုပ်ကြတယ်။ အရုပ်ကိုလည်း ပီသအောင် လုပ်တယ်။ နမူနာအဖြစ်နဲ့ ဘုရားလောင်း (ပုံ၊၉) ထိုင်ပုံကို ကြည့်ပါ၊ ဒူးတစ်ဖက်ထောင်ပြီး ထိုင်တာကို ရာဇလိလာသန (မင်းထိုင်)လို့ ခေါ်တယ်။ ထိုင်တော့ ခြင်္သေ့ပေါ်မှာထိုင်တယ်။ ဒါ့ကြောင့် သူ့ထိုင်ခုံကို ခြင်္သေ့ပလ္လင် (သိံဟာသန)ခေါ်ပါတယ်။ နောက် နမူနာတစ်ခုကို ပြချင်သေးတယ် (ပုံ၊ ၁၀) အေဒီဆီလ်ဗာဗီဂျီးယားရဲ့ ဗုဒ္ဓဝင် မျက်နှာဖုံးပုံပါ။ အဲဒီရုပ်ပွားတော်မှာ လက်ဟန်က ဓမ္မစကြာဟောနေပုံပါပဲ (ဓမ္မစကြမုဒြာ)၊ ခြေထောက်ချိတ်ထားပုံက တရားအားထုတ်တဲ့အခါ ထားပုံပါပဲ (ဈာနာသန)၊ ပြီးတော့ ကြာပလ္လင်(ပဒ္မသန)ပေါ်မှာ ထိုင်တော်မူတယ်။ အခု ခြေဟန် လက်ဟန်တွေ ပြောပြီးတော့ အနေအထိုင်သက်သာစေတော့ ဆိုတဲ့သဘောနဲ့ လျောင်းတော်မူပုံ၊ မှီတော်မူပုံ (ပုံ၊ ၁၁)။ တစ်ခါက ကောင်းကင်က ပျံတော်မူပုံ(ပုံ၊ ၁၂)ကိုတောင် တွေ့ရဖူးပါတယ်။ ခုပြောပြီးခဲ့တဲ့အတိုင်း ရုပ်တုတော်တွေ့ရင် ပထမ ကိုယ်လုံးသဏ္ဌာန် အနေအထားကို ကြည့်ဖို့ လိုတယ်၊ ဒုတိယ အဝတ်အမျိုးအစားဟာ ဘယ်လိုလဲလို့ ဆန်းစစ်ဖို့လိုတယ်၊ တတိယ လက်ခြေထားဟန်ကို နားလည်ရမယ်။ ဒီသုံးချက်ကိုကြည့်ပြီး ဘယ်ခေတ်က ဘယ်သဘောနဲ့ထုလုပ် ကိုးကွယ်တယ်လို့ နားလည်နိုင်ပါလိမ့်မယ်။ ဒီသုံးချက်ကို ကြည့်ပြီး ဘယ်ခေတ်က ဘယ်သဘောနဲ့ ထုလုပ်ကိုးကွယ်တယ်လို့ နားလည်နိုင်ပါလိမ့်မယ်။

ဟန်ကိုကြည့်ပြီး၊ ဥပမာ ဂုပ္တဟန်၊ ပါလသေနဟန်၊ သီဟိုဠ်ဟန်၊ ပျူဟန်၊ ပုဂံဟန်၊ အဝဟန်ဆိုတာမျိုးလို ခေတ်နဲ့ဒေသလိုက်ပြီး သတ်မှတ်နိုင်ပါလိမ့်မယ်။

တကယ်ကတော့ ပုံစံနဲ့ ဟန်နှစ်မျိုးလုံးတွဲပြီးကြည့်တတ်မှ ရုပ်ပွားတော် တစ်ခုရဲ့ ရက်စွဲကို အကဲဖြတ်လို့ ရနိုင်မယ်။ ဒါပေမယ့် တစ်ခါတလေ ပုံစံ တစ်ခုတည်းကြည့်မိပြီး ရက်စွဲတတ် မှားသွားနိုင်တယ်။ ဒီတော့ ဟန်ကိုပါ သဘောပေါက်ဖို့ ကြိုးစားရမယ်။ သိပ်တော့ မလွယ်ဘူး။ ဒါပေမယ့် ဟန်ကို တော်တော်ပိုင်အောင် သိထားရင် အကဲခတ်တဲ့

အခါ ရက်စွဲဟာ သိပ်မကွာနိုင်ဘူး။ ဒီလိုမှန်းဆရမှာက တကယ်တန်းပြောတော့ ဒုတိယတန်းပါပဲ။ ပထမတန်းကတော့ မှန်းနေဖို့ကို မလိုတဲ့ ရက်စွဲအတိအကျပါပြီး ရုပ်ပွားတော်တွေကို လိုက်ပြီးလေ့လာပါ။ အဲဒီ ရုပ်ပွားတော်တွေကို စံပြထားပါ၊ ပြီးတော့ရက်စွဲ မပါတဲ့ ပုံတော်တွေကိုပြန်ကြည့်ပြီး "ပုံစံနဲ့ဟန်"ကို ခွဲပါ၊ စိစစ်ပါ၊ ရက်စွဲ အလိုလိုထွက်လာပါလိမ့်မယ်။ ဒါ့ကြောင့် ဒီအကောင်းဆုံးနည်းကို ရနိုင်ကြဖို့ ရက်စွဲ စာတန်းနဲ့ရုပ်ပွားတော် ဓာတ်ပုံတွေကို ဖော်ပြပါ့မယ်။ ဝေဖန်ချက် အဆစ်အပိုင်းတွေကိုလည်း ဆက်ပြောပါ့မယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာ ထွန်းကားတဲ့နိုင်ငံမို့ မြန်မာ့အနုပညာဟာ တစ်နည်းခေါ်ရရင် ဗုဒ္ဓအနုပညာပါပဲ။ ဒါ့ကြောင့် ရုပ်ပွားတော် လေ့လာရေးဟာလည်း မြန်မာမှုတစ်ရပ်ကို ယထာဘူတကျအောင် လေ့လာတာပဲ ဖြစ်ပါတယ်။ ရှေးကတော့ အဝလက်ရာကို အသင့်အတင့် မှတ်စရာ ရဖူးတာနဲ့ ဆင်းတုတွေ့ရင် ဒါအဝခေတ် ဘုရားပဲလို့ မှန်းခြေလောက်သာ ပြောနိုင်ကြတယ်။ အခုရက်စွဲပါ ဘုရားတွေကို ရှမ်းနယ် ပင်းဒယမှာ စတွေ့တာနဲ့ အားရှိပြီး အညာဒေသမှာ လိုက်ရှာတော့ ခရစ်နှစ် တစ်ဆယ့်ခြောက် ရာစုလယ်ကစပြီး စံနမူနာတွေ ထွက်လာပါပြီ။ ဒါထက် စောတဲ့ခေတ်တွေအတွက် ဆက်ရှာရင် တွေ့အုံးမှာပဲလို့လဲ မျှော်လင့်ထားပါတယ်။ မြန်မာနယ်တွေမှာ စစ်ဘေးကြုံလို့ ရှေးလက်ရာတွေ ပျောက်ပျက်ခဲ့ရတယ်။ ဒါပေမယ့် မံဘုရားကို ပင်းဒယမှာ အများကြီးသွားတွေ့သလို ရှေးမြန်မာအနုပညာ လက်ရာတွေကို ရှမ်းနယ်တွေမှာ ထပ်ပြီးတွေ့နိုင်ပါလိမ့်အုံးမယ်။

အခုပြောခဲ့တဲ့ မျှော်လင့်ချက်နဲ့ပတ်သတ်ပြီး နမူနာတစ်ခုပြောချင်ပါတယ်။ ခရစ်နှစ်တစ်ဆယ့်ငါးရာစုကုန်မှာ ဟံသာဝတီပျက်တော့ နယ်ပယ်လည်း မုချဆုမှာပဲ။ ဒီတော့ လူတော်တော်များများဟာ မြေလတ်လို့ခေါ်တဲ့ ရှမ်းအနောက်ပိုင်း အင်းလေး ဝန်းကျင်ကို ခိုဝင်လာကြတယ်။ ရွာတည်ကြတယ်။ ပွေးလှအနားက တမဲဟာ အဲဒီလိုရွာမျိုးပဲ။ တမဲကျောင်းနဲ့စေတီလည်း ဒီလူတွေဆောက်တာပဲ။ ဘုရားကျောက်စာက အခုမီးလောင်လို့ ပျက်စီးသွားပြီ။ ဒါပေမဲ့ ကျောက်စာမှာပါတဲ့ အရေးပါတဲ့ အချက်တွေကို ကျောင်းဘုန်းကြီး မှတ်မိပါတယ်။ ခရစ်နှစ် ၁၅၉၇ ခုနှစ်မှာ ပဲခူးက ဝေါမျုးအမည်ခံတဲ့ လူက နောက်လိုက် ၅၀၀ လောက်နဲ့ မြေလတ်ကို ရောက်လာပါတယ်။ သူနဲ့အတူ ဈေးကျောင်းဆရာတော်ဦးနီ၊ ဈေးနားကျောင်းဆရာတော် ဦးစံပွင့်တို့လည်း ပါတယ်။ သူတို့လူစုအတွက် ရွာလေးရွာ တည်ပါတယ်။ မြင်းမှုုရွာ၊ တမဲရွာ၊ မှံတဝရွာနဲ့ မြင်းဝင်းရွာတွေပါပဲ။ တမဲရွာကျောင်းမှာ သူတို့နဲ့အတူပါလာတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ ဆင်စွယ် ယပ်ကြီးကို ထားကြပါတယ်။ ရုပ်တုတော်တွေထဲမှာ စောစောကပြောခဲ့တဲ့ ခြေတစ်ဖက်ချ ရုပ်ပွားတော် (ပုံ၊ ၈/က၊ ခ)လည်း ပါတယ်။ ဒီလိုခြေတစ်ဖက်တည်းချပုံမျိုးကို အရင်က ဘုရားလောင်းပုံတော်တွေမှာပဲ တွေ့ဖူးပါတယ်။ အခု တမဲမှာမှလာပြီး ဗုဒ္ဓခြေတစ်ဖက်ချ တွေ့ဖူးတော့တယ်။ ပြီးတော့ ဒီဘုရားဟာ တစ်ဆယ့်ခြောက်ရာစုတုန်းက ပဲခူးဘက်က ပင့်လာတဲ့ ဘုရားဖြစ်တယ်။

စစ်ပြေးတွေဟာ အနုပညာလက်ရာကို သယ်ယူသွားသလိုပဲ သူတို့ အထက် တစ်ဆယ့်ခြောက်ရာစုလယ်လောက်က အောင်ပွဲရမြန်မာတွေဟာလည်း မြန်မာအနုပညာ လက်ရာတွေကို သူတို့တိုက်ခိုက်အောင်မြင်တဲ့ နိုင်ငံခြားကိုယူသွားမှာပဲ။ သာဓက တစ်ခုက ဟံသာဝတီဆင်ဖြူရှင်လက်ထက် ဇင်းမယ်ရောက် မြန်မာဘုရင်ခံက ဇင်းမယ် အောင်ကျော် ကျောင်းမှာ ကြေးသွန်းဘုရား တစ်ဆူ လှူတယ်။ ပလ္လင်ရှေ့မှာ မြန်မာစာနဲ့ ကမ္ဗည်း၊ ပလ္လင်

နောက်မှာ ရှမ်းစာနဲ့ကမ္ပည်းပါတယ်။ မြန်မာစာထဲမှာ ဘုရားတကာဟာ မြန်မာအမတ်ဖြစ်တယ်လို့ သိရပြီး ရှမ်းစာထဲက ၃၊ ၁၊ ၁၅၆၆ ဆိုတဲ့ ရက်စွဲရပါတယ် (ပုံ၊ ၁၆)။ အဲဒီဆင်းတုတော်ဟာ ကျွန်တော် စောစောကပြောသလို နိုင်ငံခြားရောက် မြန်မာလက်ရာဖြစ်ချင်မှလည်းဖြစ်မယ်။ ဘာပြုလို့လဲဆိုတော့ ဥကင်္ကျောင်းတော်ထိပ်က ကြာဖူးရယ်၊ ဆံပင်ခရုပတ်ရယ်၊ နို့သီးဖော်ထားပုံရယ်က မြန်မာမဆန်ဘူး။ နားရွက်တော်ဟာလည်း ပခုံးထိလောက်အောင် မရှည်ဘူး။ ရင်ကျယ်ပြီး ခါးသိမ်တာကတော့ **သကျသီဟ**ပုံ ဖြစ်တယ်လို့ခေါ်ရမယ်။ လက်ချောင်းကလေးတွေဟာလည်း ပကတိအတိုင်း အတိုအရှည်အလိုက်ရှိနေကြတယ်။ ဘယ်ဘက်ပခုံးကကျလာတဲ့ သင်္ကန်းစဟာလည်း ဘယ်ဘက်နို့အုံစပ်ကိုပဲရောက်တယ် (အေ၊ဘီ၊ ဂရစ်စဝေါ၊ **ယိုးဒယားမြောက်ပိုင်း ရက်စွဲပါ ရုပ်တုများ**၊ အက်စကောနာ့၊ အာတိဘတ်ရေး၊ ၁၉၅၉၊ ဓာတ်ပုံ ၄၆၊ အမှတ် ၈၂)။ ခြေနှစ်ဖက်ချိတ်ပြီး ထိုင်တယ်။ တမဲကို ဝေါမျှူးနဲ့ပါလာတဲ့ ဆင်းတုတော်က သစ်သားနဲ့ထုလုပ်တယ်။ ဥကင်္ကျောင်းတော်ရဲ့ထိပ်မှာ ကြာဖူးပါတယ်။ ဒါပေမဲ့ ဆံတော်ကို ဖော်ပြဖို့ အလုံးအချွန် ဘာမှမပါဘဲ ပြောင်ပြောင်ချောနေတယ်။ နားရွက်တော်ဟာ ရှည်ပေမယ့်လည်း ပခုံးကို မထိဘူး။ ရင်ကျယ်ပြီး ခါးသိမ်လို့ **သကျသီဟ**ပုံမျိုးပဲဖြစ်တယ်။ ညာဖက်ပခုံးကိုလည်း သင်္ကန်းစ ဖုံးထားတယ်။ ဘယ်ဖက်ပခုံးကကျတဲ့ သင်္ကန်းစဟာ ချက်တော်ထိအောင် ဆင်းလာတယ်။ လက်နှစ်ဖက်၊ ခြေနှစ်ဖက် အနေအထားကတော့ ပြောခဲ့ပြီးတဲ့အတိုင်း ဆန်းတယ်။

အခုပြောနေတဲ့ ပုံတော်တွေထက်စောတဲ့ ကြေးဆင်းတုတော်ငယ်ငယ် (ပလ္လင်ပါခြောက်လက်မ အမြင့်ရှိ) ဘုရားတစ်ဆူကို မန္တလေးမှာ တွေ့ရှိထားပါတယ် (ပုံ၊ ၁၅)။ ဒီဆင်းတုမှာ ၁၈၊ ၁၁၊ ၁၅၆၄ (သက္ကရာဇ် ၉၂၆ ခု နတ်တော်လပြည့်ကျော် ၁ရက် စနေနေ့) လို့ စာတန်းပါတယ်။ ကြေးဆင်းတု ဖြစ်လို့လည်း မူလလက်ရာအတိုင်းရှိမယ်လို့ ယူဆတယ်။ ဘာပြုလို့ ဒီလိုပြောရသလဲဆိုရင် ရှေးဘုရားတွေ အများကြီး စုနေတဲ့ ဗားကရာ မြသိန်းတန်ကိုယ်တော်ကြီးက ရှေးဘုရာ က ခါးသိမ်လွန်းတယ်ကွ၊ ဒါ့ကြောင့် ငါ့လက်ထဲကျတော့ ရွှေပြန်မချခင် ခါးမှာ သစ်စေးသရိုး နည်းနည်းဖြည့်ခိုင်းရတယ်လို့ ကျွန်တော့်ကို ပြောဖူးပါတယ်။ သူဒီလို ပြောတဲ့အခါ ရှေးလက်ရာဟာ ပြင်လို့ ပျက်ပါပကောလားဆိုတဲ့ သုတေသီတစ်ဦး ကရုဏာဒေါသောပြောတဲ့ စကားသံကို သွားပြီးကြားယောင်မိတယ်။ အခု ကြေးဆင်းတုကတော့ ပြင်လို့ ပျက်တဲ့သဘော လုံးဝမရှိပါဘူး။ ဒါ့ကြောင့် တစ်ဆယ့်ခြောက်ရာစုဝက်ကလက်ရာဆိုပြီ ဒီဆင်းတုကို စံတင်ဘို့ဖြစ်လာပါတယ်။ ဒါ့ကြောင့်နည်းနည်း ပြည့်စုံအောင်ဆက်ပြီး အဲဒီဆင်းတုရဲ့ပုံစံအကြောင်း ဆက်ပြောပါ့မယ်။ ထိပ်တော်မှာ ကြာဖူးဖြစ်ပေမယ့်မီးလျှံသဘောမရှိတော့ပါဘူး။ ဆံတော်ပုံပါအောင် ပုတီးစေ့များ လုပ်ထားပါတယ်။ ဇင်းမယ်နဲ့ယိုးဒယားဘက်က ဆံတော်ကို ခရုပတ်ဖော်ပုံနဲ့ ကွဲတာကို သတိပြုရမယ်။ ပြီးတော့နောက်ပိုင်းလက်ရာတွေမှာ တွေ့ရတဲ့ဆံတော်ကို ပိန္နဲဆူးနဲ့ဖော်ပုံမျိုးလည်း မဟုတ်ဘူးပေါ့။ ဆံတော်စပ်၊ နဖူးတော် အထက်မှာ နောင် ၁၉ ရာစု လက်ရာတွေမှာ တွေ့ရတတ်တဲ့ နဖူးစီး (ဥဏှီသ) မပါဘူး။ မျက်ခုံးတော်ဟာ ဘေးဖက်ကို ထောင်တက်တဲ့အဟွက် မျက်ခုံးချီတယ်လို့ ဆိုနိုင်တယ်။ မျက်လုံးတော်တွေကတော့ ဗာဒံစေ့ပုံရှိတယ်။ မျက်လွှာချတဲ့ အနေအထားမျိုးပါပဲ။ နှာခေါင်း ပြားပြား၊ နှာသီးတော်ပွပွ၊ နှုတ်ခမ်းစုယောင်ယောင်ရှိပြီး မေးတော်ဝိုင်းဝိုင်းဖြစ်လို့ အိန္ဒိယဟန်ကိုတော့ မကျန်တော့ဘူးလို့ ဆိုရမယ်။ နားရွက်တော်တွေဟာ ရှည်ပေမယ့်

ပုခုံးကို မထိပါဘူး။ လယ်တိုင် တိုတယ်၊ ရင်အုပ် ကျယ်ပြီး ခါးသိမ်တယ်။ ဒါ့ကြောင့် **သကျသီဟ** ပုံဖြစ်တယ်လို့ ဆိုရမယ်။ သင်္ကန်းကိုလည်း အရေးအကြောင်းနဲ့ပဲ ဖော်ပြထားတယ်။ ဘယ်ဘက်ပခုံးကကျတဲ့ သင်္ကန်းစဟာ ခါးအထိ ရောကျလာတယ်။ ဇင်းမယ်ပုံတော်မှာ သင်္ကန်းစဟာ နို့အုံအပေါ်စပ်အထိပဲ ရောက်တယ်။ ပြီးတော့ ဇင်းမယ်ပုံတော်မှာ နို့အုံနဲ့အတူ နို့သီးကိုပါ ပေါ်အောင် ဖော်ပြထားပေမယ့် အခုရုပ်ပွားတော်မှာတော့ ဘာမှထင်ရှားအောင် မဖော်ပြဘူး။ ဆိုလိုတာက မြန်မာဆင်းတုတော်တွေမှာ ညာဘက် ရင်အုံကို သင်္ကန်းအမြဲ လုံအောင်ဖုံးထားတယ်။ စောစောပိုင်း(၁၆ရာစု)က သင်္ကန်းစဟာ ရောကျနေပြီး ရင်အုံပေါ်နေပေမယ့် ဇင်းမယ်ပုံ ယိုးဒယားပုံတွေလို အသီးအဖု မပြဘဲ ချောပြီးနေတယ်။ ရင်အုံကို သိသာအောင် ဖောင်းထားပေမယ့် အသီးတပ် မထားပါဘူး။ လက်ချောင်းတွေကတော့ ပကတိ အတိုအရှည် မဟုတ်တော့ဘူး။ ဒါပေမယ့် ထိပ်ဖျားတွေဟာ လက်သန်းဖက်ကို နည်းနည်းသိမ်းပြီး အဆင့်ဆင့် မသိမသာတိုသွားတာကိုတွေ့ရပါတယ်။ ပုဂံခေတ်ကတော့ ပကတိ အရှည်အတိုအတိုင်း ရှိခဲ့တယ်။ ယိုးဒယားဖက်မှာ တစ်ဆယ့်ခြောက်ရာစုက အတို အရှည်သဘော ကျန်သေးတယ်။ မြန်မာဘက်မှာတော့ အဲဒီ တစ်ဆယ့်ခြောက်ရာစုမှာပဲ တညီတည်းဖြစ်ဖို့ လမ်းစပေါ်နေပြီလို့ဆိုရမယ်။ ဘာပြုလို့လဲဆိုတော့ တစ်ဆယ့်ခုနစ်ရာစုထဲ ဝင်စဆိုရင် လက်ချောင်းတော်တွေဟာ အားလုံး တတိတည်း တတိုင်းတည်း ဖြစ်နေပြီလို့ ရဲရဲပြောနိုင်နေပါပြီ။ (စစ်ကိုင်း ရာဇမဏိစူဠာကောင်းမှုတော်နဲ့ ခေတ်ပြိုင်ဖြစ်တဲ့ ဆင်းတုတော်တွေကို ကြည့်ပါ)။

ရုပ်တုတော်ကို သံရည်ကျိုပြီးသွန်းလောင်းတဲ့အကြောင်းကို နည်းနည်း ပြောချင်ပါသေးတယ်။ သံကိုအရေကျိုပြီး လိုရာပုံကိုသွန်းတဲ့ပညာကို တစ်ဆယ့်ကိုးရာစုဦးရောက်မှ မြန်မာတွေ နိုင်နိုင်နင်းနင်းတတ်တဲ့ပညာဖြစ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ မန္တလေး တက္ကသိုလ် အနုပညာပြတိုက်မှာ စာတန်းရေးထိုးပြီးထားတဲ့ သံအမြောက်တစ်ခုရှိပါတယ်။ စာကတော့

၁။ သကရာဇ် ၁၁၄၅ခု နယုန်လ (မေ၊ ၁၇၈၃)
အမရပူရရွှေပြည်ကြီး
၂။ ချောပြီပွတ်တင် သံစင်ချိန်ဝန်၁၂၈
သပြာကျပ်ပေါင်၁၂၈၀၀(၀၀)
၃။ ပြကတေအရည်ကျို၍ မင်အဆက်ဆက် တရုံတဆစ် မဖြစ်
၄။ ပူမြသမအမြောက်ကြီး သွန်းလုပ်ထားသည်ကား
သကရာဇ် ၁၁၆၃ခု
၅။ ပြာသိုလရတုပေါ်မဆရာစန္ဒရဟာသ
၂၉အံသာန်နက် ၄ချက်တိ
၆။ ကျော်ဖိနာရီ(၁၊၁၊၁၈၀၂)တွင် ၂၀၆ဖို ကျိုချက်စေ၍
တပဟိုကျော်၃နာရီ၃
၇။ ပတ်တွင် ပန်ပဲသမား ၁၆ယောက် သွန်ရစေ၏
တနာရီနှင့် ၂ပတ်

၈။ သော်ဆင်ဖြူများသိခင်လှကံစကြာသိခင် ဘဝရှင်မင်းတြား၏ ရွှေဖုန်
၉။ တော်ကြောင့် နတ်များသောင်သာ စောင်မလှာ၍ အနာအဆာအပေါက်
၁၀။ အပြမဟိရှည်တော်မူတိုင်း သြင်ခြင်းသို့ ရောက်စေရသတည်


ဒီစာအရဆိုရင် သံရည်ကျိုပြီး အမြောက်သွန်းတာကို အရင်မင်းတွေ လက်ထက် "တရံတဆစ် မဖြစ်ဘူးမြဲ"တဲ့၊ အခုစမ်းလုပ်ကြည့်တော့ "အနာအဆာ အပေါက်အပြ မဟိ" အောင်မြင်တယ်။ ဒီလုပ်ငန်းတစ်ရပ် အောင်မြင်တယ်ဆိုတာ အင်မတန်အားတက်စရာကောင်းတဲ့ အချက်ပါပဲ။ ဒီသံရေကျိုပြီး ပုံသွင်းတဲ့လုပ်ငန်းအောင်မြင်တဲ့ ရက်စွဲကတော့ ၁ ရက်၊ ဇန်နဝါရီလ၊ ၁၈၀၂ ခုနှစ် ဖြစ်ပါတယ်။ အမြောက်သွန်းလို့ရတဲ့အခါ ဒီပညာနဲ့ပဲ ဗုဒ္ဓဆင်းတုတော်ကို သွန်းချင်လာမှာပါပဲ။ အမြောက်ကို သံချိန်ပိဿာ ၁၂၈၀၀နဲ့ သွန်းတယ်။ ဘုရားကိုလည်း ဒီအချိန်လောက်ပဲ ပိဿာ ၁၁၃၆၈နဲ့ သွန်းတယ်လို့ သိရပါတယ်။ သံဆင်းတုတော် သွန်းလုပ်အောင်မြင်ချိန်ကတော့ ၁၄၊ ၄၊ ၁၈၀၂ ခု ဖြစ်ပါတယ်။ အမြောက်ကြီးပြီးတာနဲ့ လေးလပဲကွာပါတယ်။ ရှင်ဘုရင်ကလည်း တခြားသတ္တုတွေသာ ဘုရားဆင်းတုသွန်းတယ်၊ သံကို မသွန်းသေးဘူးလို့ သိပ်ကျေနပ်နေပါတယ်။ အမတ်ပေါ်ဦးက နမကာရဘုရားရှိခိုးထဲမှာ "သံဖုတ်တေ" အဠဝိသဋ္ဌ ဆိုတာပါပဲ ဘုရာ့လို့ ဝင်ပြောတော့မှ ရှင်ဘုရင် အကြွားရပ်တော့တယ်လို့ ပစပ်ရာဇဝင် ရှိပါတယ်။ (မော်ပီသိန်း၊ **ပစပ်ရာဇဝင်၂တွဲပေါင်း၊** ရန်ကုန်၊ အေးအေး ပုံနှိပ်တိုက်၊ ၁၉၆၇၊ စာမျက်နှာ၁၅၆)။

စကားတစ်ဆက်တည်း ပဉ္စလောဟာသွန်းဘုရား အကြောင်းလည်း ပြောချင်ပါတယ်။ မဟာသကျသီဟသွန်းဘုရားဟာ ၁၅၊ ၃၊ ၁၈၂၇ နေ့မှာ သွန်းလို့ပြီးတယ်။ ပါဝင်တဲ့ သတ္တုတွေက ကြေးနီ၊ သံ၊ သံလွဲ၊ ရွှေ၊ ငွေ ဖြစ်တယ်။ ကြေးနီ၊ သံ၊ သံလွဲ၊ အတွဲက ပိဿာချိန် ၁၆၀၀၀၊ ငွေပိဿာချိန် ၁၀၀၊ ရွှေပိဿာချိန် ၁၀၊ အစုစု ပိဿာချိန်ဝန် ၁၆၁၁၀ ရှိတယ်။ အဲဒါတွေ ရောကျိုထားတာကို ပဉ္စလောဟာ ခေါ်ပါတယ်။ သဘောက ကြေး ၁၆ ပိဿာဆိုရင် ငွေ .၁ ပါပြီး ရွှေက .၀၁ ပါတယ် ဆိုပါတော့။

မင်းဝတ်တန်ဆာဆင်တဲ့ ရုပ်ထုတွေနဲ့ပတ်သတ်ပြီး ဆွေးနွေးချင်ပါသေးတယ်။ ရက်စွဲအတိအကျထောက်ပြနိုင်တဲ့ မင်းဝတ်ဘုရားကို ဖားအံနယ် ကော့ဂွန်းဂူမှာ မြေပုံဘုရား (အများခေါ်အုတ်ခွက်ဘုရား)အဖြစ်နဲ့ တွေ့ရပါတယ်။ ရက်စွဲ အတိအကျဆိုပေမယ့် မြေပုံဘုရားပေါ်မှာတော့ ရက်စွဲမပါပါဘူး။ မြေပုံဘုရားတွေမှာ နံရံကပ်ပြီး အောက်ကကုသိုလ်ပြုတဲ့ရက်ကို နံရံမှာ စာတန်းခဲ့လို့ သိရပါတယ် (ဦးမြ၊ "ဇမ္ဗုပတိ ရုပ်ပွားဆင်းတုတော်ဖြစ်ပေါ်လာခြင်းအကြောင်း"၊ **ရှေးဟောင်းသုတေသန ၁၉၅၈–၉နှစ်ချုပ်၊** စာမျက်နှာ ၂၈–၃၇)။ ရုပ်ထုတော်မှာ မင်းဝတ်တန်ဆာ ဆင်ယင်ထားရင် **ပထမ**ဆုံး ဒီပုံတော်ဟာ ဘုရားလောင်းပုံတော် မဖြစ်နိုင်ဘူးလားလို့ စဉ်းစားသင့်တယ်။ ကျောက်စာဝန်ဟောင်း ဦးမြက ဒီလိုသွန်သင်ပါတယ်။ ဘုရားလောင်းဆိုရင် မင်းဝတ်တန်ဆာ အပြည့်အစုံ ဝတ်မှာပါပဲ။ ဘုရားလောင်းပုံတွေဟာ မြန်မာနိုင်ငံ အနှံ့အပြားတွေ့ဖူးထားတယ်လို့ ဒီလိုပြောရတာပါပဲ။ ဘုရားလောင်းလို့ ဆိုတာနဲ့ တစ်ပြိုင်နက် မဟာယာနဂိုဏ်းရဲ့သဘော သက်ဝင်လာ



ပုံ–၁။ ။ ကျိုင်းတုံကို အင်္ဂလိပ် လက်အောက် ရောက်အောင် တက်သိမ်းတဲ့ ဂျေးဂျီးစကော့ (ဂျီအီးမစ်တွန်၊ ရှမ်းကုန်းမြင့်ကစကော့ ရှေ့ဆုံးပုံ)




ပုံ–၂။ ။ရှမ်းစော်ဘွားတွေက ဗမာမင်းကို ပေးဆက်မြဲ ရွှေပန်းခိုင်
(ရှမ်းကုန်းမြင့်က စကော့၊ ၂၀၉)




ပုံ–၃။ ။ရှမ်းစော်ဘွားတဦး (ရှေး အဝတ်တန်ဆာနှင့်)
(ဂေဇက်၊ ပ၁၊ ၂၃၆။ ၁၇၉၉ မာတ်ပုံ)



ပုံ–၄။ ။ စဝ်ကောင် ကျောက်အင်တလိုင် (၁၈၆၆–၁၉၃၅)
၁၉၀၃ ခု ဒေလီဗာ ပွဲတက်စဉ်က ရိုက်သည်။
(ရှမ်းကုန်းမြင့်ကစကော့၊ ၃၁၂)




ပုံ-၅။ ။ကျိုင်းတုံဟော် (၁၉၀၆ ခု ဆောက်) (ဓာတ်ပုံ စဝ်ဆိုင်လုံ)




ပုံ–၆က။ ။စဝ်ဆိုင်လုံ (မာတ်ပုံ သန်းထွန်း)
(၁ ပြေ ၁၉၄၇ စော်ဘွားဖြစ်)



ပုံ–၆ ခ။ ။နယ်ခြားဝန် ခုန်ရှီလီ (ဓာတ်ပုံ သန်းထွန်း)



ပုံ–၇။ ။ ဘုရား ဒေသစာရီ
(ယိုးဒယားရှမ်းတွေထုလုပ်
ကိုးကွယ်လေ့ရှိတယ်)




ပုံ–ဂ။ ။ဂုံပြက္ခဒိန်၊ ၁၉၅၇ ဂျန်နဝါရီ။ ၁၃၁၈ ခု၊ ၃–၄ လ
(မြန်မာ နတ်တော်–ပြာသို)

(ဓာတ်ပုံ–နေနွယ်)



ပုံ–၇ က။ ။ပွေးလှအနီး တမဲရွာ ဦးဓမ္မောသထ အုပ်ချုပ်သော တမဲကျောင်းရှိ ခရစ်နှစ် ၁၆၀၀ ခန့်ကဟု ယူဆရသည့် ခြေတဖက်ချဘုရား (ရွှေမြင်)

(မာတ်ပုံ သိန်းသန်းထွန်း)



ပုံ–ဂ ခ။ ။ ခြေတဖက်ချဘုရား (ဘေးမြင်)
(မာတ်ပုံ သိန်းသန်းထွန်း)



ပုံ–၉။ ။ သိံဟာသန (ခြင်္သေ့ပလ္လင်)ပေါ်မှ ဘုရားလောင်း သိမ္ဟနဒ
ထိုင်ဟန်၊ အမရာဝတီ၊ အေဒီ ၈–၉ ရာစု



ပုံ–၁၁။ ။အမရပူရ ဗားကရာတိုက်ရှိ မန္တလေး ခေတ်ဦးလက်ရာဟု ယူဆရတဲ့ သက်သာအောင်မှီပြီး နေတော်မူတဲ့ ရုပ်ပွားတော် (မာတ်ပုံ ရွှေ့သို့ ခင်မောင်ထွေး)



ပုံ–၁၂။ ။ဘုရားပျံ၊ နဂရ်ဇုနကောန္ဒမှ ကျောက်ဖြူရုပ်ကြွ
အေဒီ ၃ ရာစု



ပုံ–၁၃။ ။မင်းဝတ်ဘုရား၊ ပုဂံခေတ်၊ ပုဂံ အာနန္ဒာ



ပုံ–၁၄။ ။ကတုံးဘုရား၊ ပုဂံခေတ်၊ ပုဂံ အာနန္ဒာ (ဓာတ်ပုံ အောင်သန်း)



ပုံ–၁၅။ ။၁၈၊၁၁၊၁၅၆၄ (မာတ်ပုံ မြမောက်)



ပုံ–၁၆။ ။၃၊၁၊၁၅၆၆ (မာတ်ပုံ နေနွယ်)



ပုံ−၁၇။ ။၂၆၊၂၁၇၁၄



ပုံ–၁၈ က/ခ/ဂ။ ။ဒီဇဘ်ာ ၁၇၇၂ (မာတ်ပုံ နေနွယ်)



ဒေါက်တာ သန်းထွန်း M.A., B.L., Ph.D., D.Lit.,(London)

ဤစာအုပ်သည် မြန်မာလူမျိုးအကြောင်းနှင့် မြန်မာပြည်သမိုင်းစဉ်ကို အထူးခြားဆုံး ဆွေးနွေးသွားပေလိမ့်မည်။ ဤစာအုပ်ကို ဖတ်ပြီးလျှင် သင့်၌ရှိရင်းစွဲ သမိုင်းရေးရာအချက်အလက်တို့သည် ပိုမိုခိုင်မာသွားဖွယ် ရှိ၏။ သို့မဟုတ် လုံးဝပြောင်းလဲသွားဖွယ်ရာ အကြောင်းလည်း ရှိပေသည်။

ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသည်။



ပုံ ၁၈ (ခ) (ဘေးမြင်) (ဓာတ်ပုံ နေနွယ်)




ပုံ ၁၈ (ဂ) (နောက်မြင်) (မာတ်ပုံ နေနွယ်)




ပုံ–၁၉ က/ခ/ဂ။ ။အောက်တိုဘာ ၁၇ဂ၁ (မာတ်ပုံ နေနွယ်)



ပုံ–၁၉/ခ။ ။(ဘေးမြင်) (ဓာတ်ပုံ နေနွယ်)



ပုံ–၁၈/၈။ ။ (နောက်မြင်) (မာတ်ပုံ နေနွယ်)



ပုံ–၂၀။ ။ဥ၁၁၁၁၇၉၁ (ဓာတ်ပုံ မြမောက်)



ပုံ-၂၁။ ။ ၁၇၉၃ (ဓာတ်ပုံ စိုးဝင်း)




ပုံ-၂၂/က။ ။၂၇၊၁၀၊၁၇၉၈ (မာတ်ပုံ သောင်းညွှန့်)




ပုံ-၂၂/ခ။ ။ ၂၇၊၁၀၊၁၇၉၈ဂ (ဓာတ်ပုံ သောင်းညွန့်)




ပုံ–၂၃။ ။ဩဂုတ် ၁၈၁၃ (မာတ်ပုံ မြမောက်)





ပုံ-၂၄/က။ ။ ၁၈၂၄ (ဓာတ်ပုံ နေနွယ်)



ပုံ–၂၄/ခ။ ။ ၁၀၂၄ (ခာတ်ပုံ နေနွယ်)



ပုံ-၂၄/ဂ။ ။ ၁ဂ၂၄ (ခာတ်ပုံ နေနွယ်)



ပုံ-၂၅။ ။ ၃၀၊၈၊၁၈၂၅ (မာတ်ပုံ နေနွယ်)




ပုံ–၂၆။ ။ ၁၉၊၁၀၊၁၈၂၇ (ဓာတ်ပုံ နေနွယ်)



ပုံ-၂၇။ ။ ၁၃၊၂၁၁၈၃၄ (ဓာတ်ပုံ နေနွယ်)



ပုံ- ၂၀။ ။ ၂၉၊၄၊၁၀၄၃ (ဓာတ်ပုံ နေနွယ်)




ပုံ– ၂၉။ ။ ၁၅၊၅၊၁၀၄၄ (မာတ်ပုံ နေနွယ်)



ပုံ–၃၀။ ။ ၇၊၄၊၁၀၈၇ (ခါတ်ပုံ နေနွယ်)




ပုံ–၃၁။ ။ ၂၂၊၁၁၊၁၈၄၈ (ဓာတ်ပုံ နေနွယ်)




ပုံ-၃၂။ ။ ၂၃၊၁၁၊၁၈၄၈ (မာတ်ပုံ နေနွယ်)



ပုံ-၃၃။ ။ ၃၊၃၊၁၀၅၅ (မာတ်ပုံ နေနွယ်)





ပုံ-၃၄။ ။ ၂၃၊၇၊၁၀၈၅၈ (ဓာတ်ပုံ နေနွယ်)



ပုံ-၃၅။ ။ ၁၆၊၅၊၁၀၈၅ (ဓာတ်ပုံ နေနွယ်)





ပုံ–၃၆။ ။ ၂၃၊၇၊၁၀၆၉ (ဓာတ်ပုံ နေနွယ်)





ပုံ-၃၇။ ။ ၂၅၊၉၊၁၀၇၀ (ဓာတ်ပုံ နေနွယ်)



ပုံ-၃၈/က။ ။ ၁၅၊၉၊၁၈၇၂ (ဓာတ်ပုံ နေနွယ်)



-၃၀/ခ။ ။ ၁၅၊၉၊၁၀၇၂ (ဓာတ်ပုံ နေနွယ်)



ပုံ–၃၇/၇။ ။ ၁၅၉၁၁၇၇၂ (မာတ်ပုံ နေနွယ်)




–၃၉။ ။ ၅၇၊၁၀၇၅ (မာတ်ပုံ နေနွယ်)




ပုံ–၄၀။ ။ ၁၀၊၂၊၁၇၇၆ (မာတ်ပုံ နေနွယ်)




ပုံ–၄၁။ ။ ၁၈၇၇ (ဓာတ်ပုံ နေနွယ်)


1880

ပါတယ်။ **ဒုတိယအနေနဲ့** သိဒ္ဓတ္ထမင်းသားက ရသေ့ဖြစ်၊ ရသေ့က ဂေါတမဘုရားဖြစ်လာလို့ ရှင်တော်ဘုရားရဲ့ ပုံတော်ကိုထုတဲ့အခါမှာ မူလမင်းဘဝက အနေအထားလည်း ပြချင်တယ်။ ပြီးတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူပြီး သမ္ဗုဒ္ဓဉာဏ်တော်ရချိန်၊ မာရ်စစ်သည်ကို အောင်ချိန်၊ ဖြေကျင့်ခဲ့တဲ့ ပါရမီတော်တွေ အထုအထယ်ရှိလေရဲ့လို့ မြေကြီးသက်သေထူတဲ့မြေကို လက်နဲ့ထိထားတဲ့ပုံနဲ့ သက်န်းရုံထားတဲ့ ဘုရားပုံလည်း ဖြစ်စေချင်တယ်။ သဘောက မူလမင်းဟာ အခုဘုရားဖြစ်လေပြီလို့ ကူးပြောင်းတဲ့အသွင် ပေါ်စေချင်တယ်။ ဒါကြောင့် မကိုဋ်သရဖူဆောင်းပြီး နကင်းနဲ့ လည်ဆွဲတပ်ထားတဲ့ သက်န်းရုံဘုရားပုံ ထုတာပဲ ဖြစ်မှာလားလို့ စဉ်းစားသင့်တယ်။ မင်းဝတ်ဘုရား ဆိုရပေမယ့် မင်းရဲ့ တန်ဆာ တစ်စိတ်တစ်ပိုင်းသာ ဝတ်ထားလို့ မင်းလည်းမဟုတ်၊ ရဟန်းလည်းမဟုတ်။ မင်းအသွင်ပျောက်ဆဲ၊ ရဟန်းအသွင်ရောက်ဆဲလို့ မယူဆဘဲ ငါတို့ မြတ်စွာဘုရားဟာ အလိုတော်ရှိပါမူ စကြာဝတေးမင်းဖြစ်နိုင်တဲ့ ယောကျ်ားမြတ်ဖြစ်တယ်။ တချို့ကလည်း မင်းဆိုတာကိုပဲ လေးစားရတယ်လို့သိထားကြတယ်။ ဒီလိုလူမျိုးတွေမြင်ရုံနဲ့ စပြီး ကြည်ညို လေးစားအောင် အပေါ်ပိုင်းကို မင်းရဲ့ပုံပေါ်အောင် ဖော်ရမယ်လို့ အယူအဆနဲ့ မင်းဝတ်အပိုင်း ဝတ်ပေးတာလည်း ဖြစ်နိုင်ပါသေးတယ်။ လက်တွေ့သိရတဲ့ နောက်တစ်နည်းရှိပါသေးတယ်။ မင်းဝတ်ဘုရားတွေကို ခေတ်အလိုက်စဉ်ပြီး လေ့လာတဲ့အခါ ပုဂံခေတ် တစ်ဆယ့်နှစ်ရာစု အာနန္ဒာဘုရား ပရဝုဏ်အတွင်းက မင်းဝတ်ဘုရား (ပုံ၊ ၁၃)ကစပြီး ၉၊ ၄၊ ၁၆၄၉ ထီးတင်ပြီး၂၃၊ ၅၊ ၁၆၅၀ မှာ ကျောက်စာရေးထိုးပြီးတဲ့ စစ်ကိုင်း ရာဇမဏိစူဠာ ကောင်းမှုတော်ကြီးနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ မင်းဝတ်ဘုရားတွေအထိ မင်းဝတ်တန်ဆာကို အပေါ်ပိုင်းမှာသာ တပါတည်းထည့်ပြီး ထုလုပ်ထားတာကို တွေ့ရတယ်။ ဒီနေရာမှာ ခြွင်းချက်အနေနဲ့ ထည့်ပြချင်တာက ကုန်းဘောင်ခေတ် ဘုရင်တွေဟာ သူတို့ထုလုပ်တဲ့ ဆင်းတုတော်ကို မင်းဝတ်တန်ဆာ ဆင်ယင်ပေးလိုတဲ့ သဘောရှိတယ်။ အလောင်းမင်းတရားရဲ့ ရွှေချက်သိုစေတီက (မင်းဝတ်တပါတည်းထည့်၍ ထုသည်။) ဆင်းတုတော်ကအစ၊ စန္ဒမုနိ၊ သကျရုံသီ၊ သကျသီဟ၊ သကျမာရဇိန်နဲ့ မဟာမုနိဆိုတဲ့ ဆင်းတုတော်တွေဟာ အားလုံး မင်းဝတ်ဘုရားတွေပါပဲ။ ဒါပေမယ့် ရွှေချက်သို ဆင်းတုတော်က လွဲလို့ ကျန်ဆင်းတုတော်တွေဟာ သက်န်းရုံဘုရားကိုထုပြီးမှ မကိုဋ်တွေ၊ နကင်းတွေ၊ စလွယ်တွေ တပ်ဆင်ပေးတာဖြစ်တယ်။ ထုလုပ်တုန်းက တပါတည်း တန်ဆာပါထည့်ပြီး လုပ်ထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် သဘောကတော့ တူပါတယ်။ ဒီဆင်းတုတော်မျိုး ထုလုပ်စေတဲ့ မင်းဟာ သူဝတ်တဲ့ အဝတ်ကို ဘုရားမှာ ဝတ်ဆင်ပေလိုက်ရင် မင်းနဲ့ဘုရား တထပ်တည်းဖြစ်လေတယ်လို့ အနည်းဆုံးပြည်သူ့စိတ်ထဲမှာ ဝင်သွားလေအောင် စိတ်ဆွဲဆောင်မှုကိုလိုလို့ လုပ်တယ်လို့ ထင်စရာဖြစ်လာပါတယ်။ ဒါပေမယ့် ဘာပြုလို့ ဒီလို တန်ဆာဆင်ပေးပါသလဲလို့ မေးခွန်းမေးတဲ့အခါ မြန်မာဘုန်းတော်ကြီးတွေရဲ့ အဖြေကိုလည်း နည်းနည်းဂရုပြုသင့်ပါတယ်။ ဒုတိယ မုံရွေးဇေတဝန်ဆရာတော် (**သမန္တ စက္ခုဒီပနီ**၊ ပ၊ ၄၂၉-၃၂) နဲ့ တောင်ခွင် သာသနာပိုင် (**ဂုဠတ္ထဝိနိစ္ဆယ**၊ ပ၊ ၂၁-၃)က ဒီဃနိကာယ်မဟာဝဂ္ဂပါဠိတော် ပရိနိဗ္ဗာန်သုတ်ကို ကိုးထားပြီး ဘုရားဟာ အချိန်မရွေး ဘုရားအသွင်သာ တည်တယ်။ ဒါပေမယ့် ဘုရားရှေ့တော်မှောက်ကို ဝင်လာပြီး ကြည်ညိုတဲ့လူက မြင်ချင်တဲ့ပုံ၊ ကြားချင်တဲ့အသံနဲ့ ဘုရားကို မြင်ရကြားရတယ်။ ဥပမာ ရုပ်ဆင်းရူပကာဟာ ရှင်ဘုရင်လို တင့်တယ်မယ်၊ စကားပြောတဲ့

အသံဟာ ကရဝိတ်ကြိုးကြာသံလို သာယာမယ်လို့ ထင်ထားတဲ့လူဟာ သူထင်သလိုပဲ မြင်ရကြားရတယ်တဲ့။ အလွယ်ပြောရရင် လာတဲ့လူ အထင်ကြီးတဲ့ပုံမျိုး အသံမျိုးဖြစ်တယ်လို့ ဆိုတယ်။ ဒါကို အခြေခံထားပြီး တချို့က ကိုယ်ကိုးကွယ်တဲ့ ဘုရားကို မင်းရဲ့ တင့်တယ်ခြင်းနဲ့ မြင်ချင်ရင် မင်းဝတ်ဆင်ပေးခွင့်ရှိတယ်လို့ယူဆနိုင်တယ်။ ဒီနေရာမှာ မင်းရဲ့တန်ဆာ တစ်ပိုင်းတစ်စပဲ ဆင်ယင်ပေးတာကတော့ ခေတ်ဦးလက်ရာ ဖြစ်တယ်လို့ ပြနေပါတယ်။ မင်းဝတ်ဘုရားကို ဘာ့ကြောင့် ထုလုပ်ပါသလဲလို့ မေးတဲ့ အမေးကို ဖြေပုံတစ်မျိုးလည်းရှိပါသေးတယ်။ မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ်က အင်မတန်လည်း တန်ခိုးကြီးတယ်၊ တန်ခိုးကြီးလို့လည်း မာနကြီးတယ်ဆိုတဲ့ ဇမ္ဗုပတိမင်းဆိုတာ ရှိသတဲ့။ ဒီမင်းဟာ သူ့ကို မရှိသေ မကျိုးနွံဘူးဆိုပြီး ဗိမ္ဗိသာရမင်းကို ရန်လုပ်တဲ့အခါ ဘုရားက သူ့တကာကို ဝင်ပြီး ကူညီပါတယ်။ ဇမ္ဗုပတိမင်းထက်ပိုပြီး တင့်တယ်တယ်၊ ပိုပြီးတန်ခိုးကြီးတယ်ဆိုတဲ့ မင်းအသွင်ယူပြီး ဟောပြောဆုံးမတဲ့အခါ ဇမ္ဗုပတိမင်းဟာ ဘုရားအဆုံးအမမှာ တည်သွားတော့တယ်။ ဒီစကားကို ရာဇဝင်နဲ့ တိုက်ဆိုင်ကြည့်တော့ ရာဇဝင်ပါကိစ္စ မဟုတ်ဘူးဆိုတာ သိရပါတယ်။ ဂေါတမနဲ့ခေတ်ပြိုင် ဇမ္ဗုပတိနာမည်နဲ့ တန်ခိုးကြီးမင်း မရှိပါဘူး။ ဒါပေမယ့် ဒီဝတ္ထုဟာ လူသိများနေပြန်တယ်။ ဒီပဲယင်း ဆရာတော်က ၁၇၇၂ ခုနှစ်မှာ ဒီဝတ္ထုကိုပဲယူပြီး ဇမ္ဗုပတိဘုရားပုံတော် ပေါ်လာရပုံကို အကျယ်တဝင့် ရေးပါတယ် (**တထာဂတဥဒါနဒီပနီ**၊ အခန်း၁၅၃)။ မြန်မာနိုင်ငံက လက်ခံထားတဲ့ ဗုဒ္ဓဝင်ထဲမှာ ဘုရားရှင်ဟာ ကြီးကျယ်တဲ့ အခက်အခဲကို အောင်မြင်တာ ရှစ်ခါရှိတယ်လို့ စာရင်းတင်ထားပါတယ်။ (၁) မာရ်နတ်၊ (၂)အာဠာဝကဘီလူး၊ (၃) နာဠာဂီရိဆင်၊ (၄) အင်္ဂုလိမာလသူခိုး၊ (၅) စိဉ္စမာန မိန်းမယုတ်၊ (၆) သစ္စကပရိုဗိုဇ်၊ (၇) နန္ဒောပနန္ဒနဂါ်နဲ့ (၈)ဗကဗြဟ္မာ တွေပါပဲ။ ဇမ္ဗုပတိမင်း မပါပါဘူး။ ဒါကြောင့် မင်းဝတ်ဘုရားကို ဇမ္ဗုပတိပုံတော်ခေါ်တာ မှန်မယ် မထင်ပါဘူး။ အချုပ်သဘောက မင်းဝတ်ဘုရားကို

၁။ ဘုရားလောင်းသဘောထုမယ်၊

၂။ မင်းအသွင်ပျောက်ဆဲ ဘုရားအသွင်ရောက်ဆဲ မာရ်နတ်အောင်ပွဲ အထိမ်းအမှတ်ထုမယ်၊ ဒါမှမဟုတ်လည်း

၃။ မင်းလိုတင့်တယ်တာမြင်ချင်တဲ့လူက မင်းဝတ်ဆင်ပေးခွင့် ရှိတယ် ဆိုတဲ့ အယူနဲ့ ထုတာဖြစ်မှာပါပဲ။

အခုအထိ စုဆောင်းရှာဖွေလို့ရတဲ့ မင်းဝတ်ဘုရားတွေထဲမှာ ရက်စွဲ အတိအကျပြောလို့ရတယ်လို့ထင်တဲ့ မင်းဝတ်ဘုရားကတော့ ၂၆၊ ၂၊ ၁၇၁၄ ရက်စွဲရှိတဲ့ ကော့ဂွန်းက မြေပုံဘုရားပါပဲ။ ပြီးတော့ မင်းဝတ်တစ်ဝတ်ပုံတော်ကို ခေတ်ဦးပိုင်းတွေကသာ တွေ့ရပြီး တစ်ဆယ့်ရှစ်ရာစုကုန်ကစပြီး (ရွှေလီမြစ်ထဲကရတဲ့ ကြေးဆင်းတုမင်းဝတ်ဘုရား ကြည့်ပါ၊ ပုံ၊ ၂၀) မင်းဝတ်အပြည့် ပုံတော်တွေ ပေါ်လာပါပြီ။ ဒီအထဲမှာ ခြွင်းချက်အနေနဲ့ ထားရတာကတော့ တစ်ဆယ့်ကိုးရာစုဦးကစပြီး ရိုးရိုးသက်န်းရုံပုံတော်ထုပြီးမှ အပေါ်က မကိုဋ်တွေ၊ ဘယက်တွေ၊ စလွယ်တွေ ဆင်ပေးတဲ့ စန္ဒမုနိ၊ သကျသီဟ၊ သကျရုံသီ၊ သကျမာရဇိန်နဲ့ မဟာမုနိတို့ ဖြစ်ပါတယ်။ ပြီးတော့သက်န်းရုံပုံတော်တွေထဲမှာလည်း ၁၈၁၅ခုနှစ်လောက်ကစပြီး ဆံတော်နဲ့ နဖူးအစပ်မှာ နဖူးစီး (ဥဏှီသ) ဆိုတဲ့ အရေးအကြောင်း ထည့်စပြုလာပါတယ်။ နောက် ၁၈၄၀ပြည့် နှစ်လောက်ရောက်တော့ ဒီနဖူးစီးဟာ အင်မတန် ထင်ရှားပြီး မပါ

ဖြစ်တဲ့ပုံစံ ဖြစ်လာတယ်။ နောက် ၁၈၇၅ ခုနှစ်လောက်ရောက်တော့ သက်န်းရုံ ဘုရားတွေမှာလည်း ဒီနဖူးစီးကို စိန်ကျောက် စီခြယ်လာတယ်။ အဲဒီလို ပြောင်းလဲခဲ့တယ်ဆိုတာကို အကြမ်းမှတ်ထားစေချင်ပါတယ်။ မင်းဝတ်ဘုရားမှာ ပါရှိနေတဲ့ မင်းဝတ်တန်ဆာဟာ ခေတ်ပြိုင်မင်းတွေရဲ့ အဝတ်ဖြစ်ရမယ်လို့ ယူဆနိုင်စရာရှိပါတယ်။ ဒါပေမယ့် ရိုးရိုးသက်န်းရုံဘုရားကို နောက်မှ မင်းဝတ်ဆင်ပေးရင်တော့ ဒီလို အတိအကျပြောလို့ မဖြစ်ပြန်ဘူး။ အခုသက္ကရာဇ်စဉ်ပြီး ဘုရားဆင်းတုတွေအကြောင်းကို ပြောပြတဲ့အခါ စံနမူနာအဖြစ်နဲ့တန်ခိုးကြီးဘုရားတွေကိုထည့်ပြီးပြောတာ သတိထားမိကြပါလိမ့်မယ်။ မန္တလေးက မဟာမုနိကို နောက်ဆုံးလက်ရာ သဘောမျိုးထားတာကတော့ ဒီဘုရားကြီးကို မီးသင့်လောင်လို့ သီပေါမင်းလက်ထက်မှာမှ မျက်နှာတော်အသစ် ပြန်ဖွင့်ပြီး မင်းဝတ်ဆင်ပေးလို့ မဟာမုနိကို ၁၈၈၄ ခုနှစ် သီပေါမင်း ခေတ်လက်ရာလို့ပဲ သတ်မှတ်ပါတယ်။

သက်န်းရုံဘုရား ဆင်းတုတွေနဲ့ပတ်သတ်ပြီး မှတ်သားစရာ အချက်ကလေးတွေ ရှိပါသေးတယ်။ ရှေးဆင်းတုတွေမှာ သက်န်းကိုပြဖို့ လက်၊ ခြေနဲ့လည်မှာ အရေးအစင်းကလေးလောက်သာပါတယ်။ သက်န်းရယ်လို့ ထင်ရှားအောင် အတွန့်အလိပ်တွေ လုပ်မထားပါဘူး။ သက်န်းအတင်နဲ့အရုံကို ဒီလိုအရေးအကြောင်းပဲကြည့်ပြီး ခွဲခြားပြောရတယ်။ သက်န်းတင်ပုံတော်တွေမှာ ဘယ်ဖက်ပခုံးက သက်န်းစချတဲ့အခါ အဲဒီအစရဲ့အဖျားမှာ နှစ်မြွာခွဲတာလောက်ပဲ ဆန်းကြယ်တယ်။ ဒီလိုရိုးတဲ့ပုံစံကို တစ်ဆယ့်ကိုးရာစုအထိ တွေ့နေပြီး နှစ်ဆယ်ရာစုထဲကို ရောက်လာတဲ့အခါကျတော့မှ သဘာဝဆန်တဲ့ အတွန့်အလိပ်တွေမြင်ရပါတယ်။ ဒီအတွန့်တွေဟာ အခုတော့ လိုတာထက် ပိုလာလို့ အရုပ်ဆိုးတဲ့ အစိတ်အပိုင်းတောင် ရောက်သွားပြီလို့ ဆိုချင်ပါတယ်။

ဥကျောင်းတော်ပုံစံကိုလည်း နည်းနည်းခွဲခြားပြီးတင်ပြလိုပါသေးတယ်။ ဆံတော်ယ်စဉ်က လက်လေးသစ်ခန့် အဖျားငုတ်ကျန်တယ်လို့ ဆိုစကား ရှိလေတော့ ဒီကျန်နေတဲ့ ဆံတော်ကို အကြောင်းပြုပြီး ထိပ်တော်ကို သဘာဝထက် နည်းနည်းပိုပြီးမို့မောက်ထားကြပါတယ်။ ကတုံးပုံတော်တွေ့ရင် ရဟန္တာလို့ ပြောလေ့ရှိကြတယ်။ ဒါပေမယ့် ပုဂံအာနန္ဒာဘုရား လိုဏ်ထဲမှာ ဘုရားရုပ်ပွားတွေကို ဂူငယ်ကလေးတွေနဲ့စဉ်ပြီး စကြံနံရံတစ်လျှောက်မှာ တင်ထားတဲ့အခါ လက်ဖျား မြေထိဟန်၊ ဓမ္မစကြာတရားဟောဟန် (ပုံ၊ ၁၄)၊ အခြေအတင်ဆွေးနွေးဟန်ဆိုတဲ့ လက်ဟန်တွေနဲ့ဘုရားဆင်းတုတော် ရှစ်ဆူဟာ ကတုံးတွေပဲဖြစ်ပါတယ်။ အဲဒီဆင်းတုတော်တွေကို ရဟန္တာတွေလို့ ပြောလို့ မရပါ။ ဆံတော်ကို ထင်ရှားအောင် ဒေါ်မအနုပညာလွှမ်းမိုးတဲ့ ရှေးလက်ရာတွေမှာ ခပ်တွန့်တွန့် လှိုင်းသဘောလုပ်ထားတယ်။ ဒီပုံမျိုးမြန်မာနိုင်ငံမှာ မရှိဖူးပါဘူး။ ပုဂံခေတ်က ဆင်းတုတွေရဲ့ထိပ်တော်မှာ အစင်းအကြောင်းဘာမှမရှိဘဲ ပကတိ ပြောင်ချောပြီးနေပါတယ်။ ဆံစပ်နေရာကိုပြဖို့ မျဉ်းတစ်ကြောင်းဆွဲထားမယ်။ ဒီလို ထိပ်ချောဘုရားဟာ ထုံးစံပဲ ဆိုပါတော့။ နောက်ဆံပင်ရှိတဲ့ နေရာအစိတ်အပိုင်းမှာ ပုတီးစေ့ အလုံးကလေးတွေ အပြည့်စီထည့်ထားတာမျိုး တွေ့လာရပြန်တယ်။ ယိုးဒယားဘက်မှာတော့ လက်ျာရစ် ခရုပုံနဲ့တစ်မျိုး၊ ကင်းမီးကောက်အမြီးဖျားက ဆူးပုံနဲ့တစ်မျိုး ဆံတော်ကိုဖော်ပြကြတယ်။ မြန်မာတွေကတော့ ပိန္နဲဆူးနဲ့ဆံတော်ကို ဖော်ပြကြတာဟာ ၁၉ ရာစုရဲ့ ပထမတစ်ဝက်မှာပဲ အတွေ့ရများပြီးနောက် တိမ်ကောသွားတယ်။ အခုတော့ ပြောင်ချော၊ ဒါမှမဟုတ်လည်း ပုတီးစေ့ပဲ တွေ့ရပါတော့တယ်။

ဥကျောင်းတော်မှာ အပေါ်ဆုံးထိပ်ဖျားမှာ သဗ္ဗညုတဉာဏ်တော်ကို ရည်မှတ်ပြီး မီးလျှံပုံဖော်ပါတယ်။ ယိုးဒယားဖက်မှာ မီးလျှံရယ်လို့ အထင်အရှား သိသာလောက်တဲ့ အထွက်ကို တွေ့နိုင်ပေမယ့် မြန်မာဖက်မှာတော့ မီးလျှံ သဘောပျောက်ပြီး ကြာဖူးငုံက်ပျောဖူး အချွန်းကို ပုဂံခေတ်ကစပြီး ၁၉ ရာစုဝက် ကျော်တဲ့အထိ တွေ့လာရပါတယ်။ အချွန်းကိုလည်း ပွတ်စင်တင်ပြီး အဟိုက် အဖောင်းတွေထည့်ပြီး အင်မတန်လှအောင် လုပ်တာလည်းရှိပါတယ်။ သာမန် ပိစပ်ဖူးလည်း ရှိပါတယ်။ တစ်ဆယ့်ကိုးရာစုရဲ့ နောက်ဆုံးနှစ်အစိတ်မှာ ထိပ်ဖူး လုံးဝပျောက်ပါတယ်။

ရုပ်ပွားတော်တွေမှာ ခေါင်းကြာဖက်ဆောင်းတဲ့ ပုံစံလည်း ရှိပါတယ်။ အခုခေတ် ဒက္ခိဏာသာခပုံတော် ဆိုလိုပါတယ်။ ဒါပေမယ့် ခုခေတ်ပုံဟာ သီဟိုဠ်ပုံလို့ သိရပါတယ်။ မြန်မာပုံကို သီဟိုဠ်နဲ့ကွဲပြားအောင် ဗောဓိရိုးပုံလို့ခေါ်တယ်။ အမှန်ကို ပြောရရင် အခုအခါ သီဟိုဠ်ပုံ ခေတ်စားနေပေမယ့် ဗောဓိရိုးပုံက ပိုပြီးသပ္ပာယ်ပါတယ်။ အစောဆုံးရက်စွဲနဲ့ ဗောဓိရိုး ဒက္ခိဏာသာခ ပုံတော်ကို မုံရွာခရိုင်သစ်ဆိမ့်ရွာ ရှင်ပင်ချမ်းသာကြီးဘုရားမှာ သွားတွေ့ပါတယ်(ပုံ၊ ၃၄)။ ရက်စွဲက ၂၃၊ ၇၊ ၁၈၅၈ ဖြစ်တယ်။

တချို့ဆင်းတုတော်တွေမှာ ညာလက် လက်မ လက်ညှိုးညှပ်ပြီး ကိုင်ထားတဲ့ သစ်သီးတစ်လုံးကို တွေ့ရတတ်တယ်။ ဘယ်လက်ပေါ်မှာ သပိတ်နဲ့ သပိတ်ပေါ်မှာ စားသောက်စရာ အတုံးအခဲ သုံးလေးတုံးပါသေးတယ်။ အဲဒီပုံကတော့ သတ္တဋ္ဌာနပုံတွေနဲ့ ဆိုင်တယ်လို့ထင်ပါတယ်။ ခပ်လွယ်လွယ်ပြောရရင် အဲဒီသတ္တဋ္ဌာနဆိုတဲ့ ခုနစ်နေရာဟာ (၁) ဘုရားအဖြစ်ပွင့်တော်မူတဲ့ ဗောဓိပင်နဲ့ ပလ္လင်ပေါ်မှာ ခုနစ်ရက်ဆက်ပြီးနေတော်မူတဲ့ ပလ္လင်၊ (၂) နောက် ပလ္လင်နဲ့ မြောက်ဘက် ဆယ်လံကွာကိုသွားပြီး ပလ္လင်ဘက်ကို ခုနစ်ရက် ကြည့်နေခဲ့တဲ့ နေရာ၊ (၃) နောက်ပလ္လင်နဲ့ နှစ်လံကွာကနေပြီး ခုနစ်ရက်ရှေ့နောက် စင်္ကြံသွားတဲ့ နေရာ၊ (၄)နောက်ပလ္လင်ရဲ့အနောက်မြောက်ထောင့် တစ်ဆယ့် ငါးလံကွာမှာ ခုနစ်ရက်နေဖို့ နတ်တွေဖန်ဆင်းပေးတဲ့ ရွှေအိမ်နေရာ၊ (၅)နောက် ခုနစ်ရက် ရွှေ့နေတဲ့ ဆိတ်ကျောင်းညောင်ပင်နေရာ၊ (၆)မုစ္စလိန္ဒအိုင်ကမ်းမှာ ခုနစ်ရက်နေတုန်း မိုးပြင်းမုန်တိုင်း ကျလို့ နဂါးက ကာကွယ်ပေးတဲ့နေရာ၊ (၇) ပြီးတော့ နောက်ဆုံးပလ္လင်ရဲ့တောင်ဘက်မှာ ခုနစ်ရက်သွားတဲ့နေရာ၊ ဒီလိုနောက်ဆုံးနေတဲ့ ခုနစ်ရက်နေရာကို ရာဇာယတနသတ္တဟလို့ ခေါ်ပါတယ်။ အဲဒီမှာနေတုန်း မြန်မာတွေယုံတဲ့ အကြောင်းအချက်တစ်ခုက မြန်မာနိုင်ငံက သွားတဲ့ကုန်သည် ညီနောင်ဟာ ဘုရားထံမှောက်ကို ဝင်ပြီးဘုရားဖူးကြတယ်။ **ဇိနတ္ထပကာသနီ**မှာ–

ထို့နောက် မဟာဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ်ကွာတွင် လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက် စေ့သော နံနက်၌ မျက်နှာသစ်တော်မူလိုသော အကြံတော် ဖြစ်လေသော် သကြား မင်းသည် ကြဖုသီး၊ ကွမ်းရိုး၊ ဒန်ပူ အနောတတ် ရေများကို ကပ်လှူလာ၍ သုံးဆောင်တော်မူပြီးစ အခါတွင် ရာမညတိုင်း ဥက္ကလာဇနပုဒ်ပေါက္ခရဝတီမြို့မှ တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှင်ရှိရာအရပ်သို့ ရောက်လေသော် မိမိ

> တို့တွင်ပါသော ကြွက်ကျစ် မုံ့ပျား မုံ့ဆုပ်တို့ကို ယူ၍ ကပ်လာ၏။ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ် လေးလုံးကို လှူပြန်၏။ ထိုကျောက်သပိတ်ကို ခံတော်မူလျက် လေးလုံးသော သပိတ်ကို ဓိဋ္ဌာန်၍နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ်တစ်လုံးတည်းဖြစ် သဖြင့် ထိုသပိတ်ဖြင့်ခံတော်မူ၏။ (**ဗိနိတ္ထပကာသနီ**၊ ပ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၁၊ စာမျက်နှာ ၉၈–၉)။

လို့ပါတယ်။ ကုန်သည်ညီနောင်ဟာ မြန်မာနိုင်ငံက ဘုရားပွင့်တဲ့ ဗုဒ္ဓဂါယာကို လှည်းနဲ့သွား လို့ ရောက် မရောက်ဆိုတဲ့ပြဿနာက အခုဒီစာတန်းနဲ့ မဆိုင်ပါဘူး။ ဒါပေမယ့် ရောက် တယ်လို့ ယုံပြီးတော့ ဘယ်ဘက်လက်တော်က နတ်တွေကပ်တဲ့ သပိတ်ရယ်၊ ကုန်သည် ညီအစ်ကိုကပ်တဲ့ စားစရာရယ် ဘုရားက အလှူခံဟန်၊ ညာဘက်လက်တော်မှာ သကြား ကပ်တဲ့ သစ်သီးကို ကိုင်ဟန် ထုလုပ်ကြပါတယ်။ သကြားကပ်တဲ့အသီးဟာ ကြဇသီးဖြစ် နိုင်သက် **ဟရီတက**လို့ဆိုလို့ ဖန်ကားသီးဖြစ်ဖို့များတယ် (**ဓာတကဋ္ဌကထာ**၊ ပ၊ နိဒါနကထာ၊ အဋ္ဌသင်္ဂါယနာမူ၊ ၁၃၂၀၊ ၁၉၅၉ခု ပုံနှိပ်၊ စာမျက်နှာ ၉၂)။

စုဆောင်း ရရှိထားတဲ့ ဆင်းတုတော်ပါ စာတွေထဲက သမိုင်းနဲ့ ပတ်သက်တဲ့ မိတ်ဝင်စားစရာတချို့ကို ပြောလိုပါတယ်။

ကော့ဝွန်းဂူက မြေပုံဘုရားအောက် နံရံစာမှာ မင်းဝတ်ဘုရားကို "ရာဇာဓိရာဇ် ပုံတော်"လို့ ခေါ်တာ တွေ့ရပါတယ်။ ဒါကြောင့် မင်းဝတ်ဘုရားကို ဇမ္ဗုပတိပုံတော် ခေါ်မယ့်အစား ရာဇဓိရာဇ် ပုံတော်ခေါ်ရင် ပိုပြီးဆီလျော်မယ် ထင်ပါတယ်။

ချောင်းဦးရွာမ (အနောက်ချောင်းဦး) ဆုတောင်းပြည့်ဘုရားက စာမှာ ၁၇၁၄ခု ညောင်ကြီးလှူပ်လို့ ကျောင်းဘုရားပြိုပျက်တယ်လို့ သိရပါတယ်။ ဘုရားကို ၁၇၉၈ ခုနှစ်မှာ ပြင်ဆင်တဲ့ တကာက ချောင်းဦးသား ဝန်ကြီးဝရမေဓာ လို့သိရပါတယ်။

အမရပူရတောင် မင်းကြီးဘုရားအနီး ၃၀၊ ၈၊ ၁၈၂၅ နေ့စွဲပါ ကြေးဆင်းတု စာအရ ပဉ္စလောဟာထဲမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဖြူ သံပါတယ်။ ဘုရားဟာ သတ္တု အချိန်ပိဿာ ၂၀၀၀ ရှိပြီး အဖိုးငွေ ၁၆၀၀၀ ကုန်တယ်လို့ သိရတယ်။

မုံရွာခရိုင် ယင်းမာပင်နယ် မံဘုရားရွာကျောင်းက ၂၊ ၁၂၊ ၁၈၇၂ ရက်စွဲပါ ဆင်းတုတော်စာမှာ ကြေးအချိန်ပိဿာ ၁၀၀ရဲ့ အဖိုးမှာ ဒိ သုံး ဒင်္ဂါးပြားရေ ၂၅၀ကျကြောင်း သိရတယ်။

ပင်းဒယ မဟာရန်အောင်ကျောင်းက ဘုရားစာမှာ ၂၈၊ ၅၊ ၁၈၈၇ "ပြည်ပါသည်"လို့ တွေ့ရတယ်။ အဲဒီနေ့ဟာ ပင်းဒယကို အင်္ဂလိပ်သိမ်းတဲ့ နေ့ဖြစ်မယ်လို့ ယူဆနိုင်ပါတယ်။

ဉာဏ်တော်တစ်တောင်ရှိတဲ့ မံဘုရားတစ်ဆူရဲ့ တန်ဖိုးကို မုံရွာခရိုင် မင်းတိုင်ပင် ရွာဦးကျောင်း ခုံမင်းဦးသာမိုး၊ သမီးမောင်နှံက ၁၅၊ ၉၊ ၁၉၅၁ မှာလှူတဲ့ ဘုရားမှာ တွေ့ရ ပါတယ်။ အဖိုးက ငွေ ၂၉ ၃ံ ဖြစ်တယ်။

အခုပြောပြီးတဲ့အချက်တွေကို ပြန်ကြည့်ရင် မြန်မာနိုင်ငံမှာ ဘုရား ရုပ်တု ပြုလုပ် ကိုးကွယ်ပုံကို သမိုင်းကြောင်းအရ သိရတဲ့အပြင် ပုံစံနဲ့ဟန်ပြုပြင် ပြောင်းလဲပုံကိုလည်း

အကဲခတ်နိုင်ပါတယ်။ ရက်စွဲအတိအကျသိတဲ့ ဆင်းတုတော်ကို စံပြအဖြစ် မှတ်စရာသင့်ရင် ဓာတ်ပုံနဲ့ပြပါတယ်။ ဒီဓာတ်ပုံတွေရဲ့ အကူအညီနဲ့ ရက်စွဲ မသိသေးတဲ့ ဆင်းတုတော်တွေကို တွေ့ရင် ရက်စွဲမှန်းနိုင်လာပါလိမ့်မယ်။ အနုပညာသမိုင်းရဲ့ တစ်စိတ်တစ်ပိုင်းကို သိရှိရလို့ အဖိုးတန်ပညာလို့ ဆိုချင်ပါတယ်။ ဒါပေမယ့် ဘုရားတကာက သူအခု ကိုးကွယ်နေတဲ့ ဘုရားဟာ မဏိစည်သူကိုးကွယ်ခဲ့တဲ့ဘုရား ဖြစ်တယ်။ ဒါမှမဟုတ် အလောင်းမင်းတရား ကိုးကွယ်ခဲ့တဲ့ဘုရား ဖြစ်တယ်လို့ပြောပေမယ့် ဆံတော်နေပုံ၊ သင်္ကန်းတော်ကျပုံ၊ လက်တော်ထားပုံကို ကြည့်ပြီး ကိုယ်က မဟုတ်မှန်းသိပေမယ့် ဘုရားတကာ စိတ်ညစ်သွားအောင် ဖွင့်ပြောဖို့မလိုပါ။

ဆင်းတုတော်တွေမှာပါတဲ့ စာကိုဆက်ပြီး ဖတ်ကြည့်ကြပါ။

## သက္ကရာဇ်စဉ် ဘုရားဆင်းတုတော်တို့မှစာ

(*ကြယ်ပြဆင်းတု ဓာတ်ပုံပါတယ်)။

မုံရွာခရိုင်ဖိုးဝန်းတောင်တက်ဘုရားနေရပန် (ကူအရှေ့ ကျောက်ခြသေ့် သုံးကောင်ရှိတယ်)၏ နားရွက်တော် အထက် နံရံမင်စာ (၂၃၊ ၁၊ ၁၅၅၀)

၁။ သကြဇ်၉၁၁ခု တပို့တွဲလဆန်၅ံတဏင်လာနေ့တွင်

၂။ .................သို့မောင်နှံ ကောင်မှု၊ ဒါ၊ ပု၊ အာ

*မန္တလေးအရှေ့ ခင်မကန်ဆရာတော်ထံမှ ဗိုလ်မှူးထွန်းအောင်ကျော် ပင့်ယူကိုးကွယ်ထားတဲ့ ဉာဏ်တော်တစ်မိုက်ရှိ ကြေးဆင်းတု၏ ပလ္လင်နောက်ဘက်မှစာ (ပုံ၊ ၁၅) (၁၈၊ ၁၁၊ ၁၅၆၄)

၁။ သက္ကရာဇ်၉၂၆ခုနတ္တော်လ

၂။ ပြည်ဆုတ်တရက်စနေ

၃။ နေ့။ နေမဝင်မီတွင်ပွင်

၄။ တော်မူ၏။ မွေမိခင်

၅။ ဖခင်ကိုစာ အစက်ဘဝက်

၆။ အောက်အဝိတိုင်အောင်ဝေ

၇။ ၏။ လူနတ်ပြဟ္မာတို့ကို

* ဇင်းမယ် အောင်ကျော်တိုက်မှာ မြန်မာမင်းက ခန့်ထားတဲ့ ဘုရင်ခံက သက္ကရာဇ် ၉၂၇ခု ပြာသိုလဆန်း ၁၃ ရက်တွင် သွန်းလုပ်သည်ဟု ရှမ်းစာပါတဲ့ ကြေးဆင်းတုမှ မြန်မာစာ (ပုံ၊ ၁၆) (**ယိုးဒယားသင်း ဂျာနယ်**၊ ၄၁၊ ၂၊ ပုံ၊ ၁၂)( ၃၊ ၁၊ ၁၅၆၆)

၁။ .................ဟူသော ပြည်ကြီး အလဲနိုက်၊ မင်းတကာထက် အလွန်မြတ်တော်မူသော

၂။ .................ကြီး ရွှေနန်းသိခင် ဆင်ဖြူရှင် အမတ်တော် မင်ဇယျ .....................

၃။ .....................

*ကော့ဝွန်းဂူ (ဖားအံ) တွင် မြေပုံဘုရားတို့ ကပ်ထားတဲ့ နံရံမှာ ဘုရားများအောက်ရှိ မင်စာဥ္ဆ ရာဇဓိရာဇ်ဘုရားသခင်ပုံတော် သက္ကရာဇ် ၁၀၇၅ ခု တပေါင်းလဆုတ် ၁၀ရက် တနင်္ဂနွေနေ့ဟု ပါသည် (ဦးမြ "ဓမ္မပ္ပတိရုပ်ပွားဆင်းတုတော် ဖြစ်ပေါ်လာခြင်းအကြောင်း"၊ ရှေးဟောင်းသုတေသန ၁၉၅၈–၉နှစ်ချုပ်၊ ၃၁) (ပုံ၊၁၇) (၂၆၊၂၊ ၁၇၁၄) မုံရွာခရိုင် ဖိုးဝန်း တောင်တက်ရှင်ပင်ဆုတောင်းပြည့်ခေါ် ချမ်းသာကြီးဘုရား အရှေ့လိုဏ်တွင်းရှိ မင်စာ (၂၇၊ ၄၊ ၁၇၃၂)

ရှင်ပင်ဆုတောင်းပြေဘုရာ

သကြဇ်**၁၀၉၄ကဆုံလပြည်**

၃။ **ကြာသပဒေးနေ့** နေလျင်အ
၄။ နေ့ကဇာတင်၍ ဖုရာအဖြစ်
၅။ သိုရောက်တော်မူသ့်ဘုရာ.........
၆။ ရွာဖရတကာ ရွှေဖြုရတကာ
၇။ မဂ္ဂမ်သာသ္မီမောင်နှံဆော်ပံ၍
၈။ သမာတပ္ပကကောင်မှူဘုရား
၉။ ကောင်မှုအကြိုကို အရှင်မက္ခရာမိဘုရာဂ
၁၀။ စ၍မိဘဘိုးဘွားဆရာသမာ ကြေဇူသခင်တွ
၁၁။ ဂစဘုံမစိ ရက္ခစိအာဂါသစိမိစ္ဆာသိ
၁၂။ ကြာဗြာ နုပ်တကာကစ၍ ကျေတွင်လနေ့ကို
၁၃။ ဂတေရေတွင်လနေဆယ်(ဂတေ).........
၁၄။ သတ္တာသတဝါအပေါင်းဂစ၍ဝသုံခရေ
၁၅။ ကိုဝေပါ၏သက်သေဖြစ်ပါဇေ
၁၆။ ..................

ပင်းဒယစေတီကြီး သိမ်အတွင်းက ကိုယ်စားတော်မှုစာ(၃၀၁၂၊ ၁၇၄၅)
၁။ ကောဇာသကြဲ**၁(၁၀၇)ခုပြာသိုဝ်လ**
၂။ **ပြဉ်ကျော်၄က်နေ့**သံသရကိုရဉ်မှ
၃။ တ်၍ကျောင်တော်ဆောက်လုတ်ပြီမှအောက်ရွှေပု
၄။ ငံပော်ထဲတွင်ဖုရားရှင်ပြီမှ အောက်ရွှေပု
၅။ လင်တက်ကိုကွယ်.........(လက်ယာရံ ရှင်သာရိပုတ္တရာ) လက်ဝဲ
၆။ ရံရှင်မောက္ကလံကအစရှိ‌ေ
၇။ သာရဟန္တာမြတ်တို့ရှိခိုပုဇ္ဇော်လျက်သိကြာ
၈။ မင်ရေဇင်သွန်၍ဗြဟ္မာမင်ပုရပိုက်ယူလျက်
၉။ ဝေနေယျသတ္တဝါအပေါင်အာ ဉဒေါင်
၁၀။ င်မြီယတ်လှူဒါတ်လျက်တရာဟော
၁၁။ တော်မူဟန်ကိုပြုပြီးသောကောင်မှုအ
၁၂။ ကျိုဝ်အာဖြင့် နောင်(ပွင့်လတ်သော မေတ္တေယျ)မြတ်စွာ
၁၃။ ဖြာပဒမြာပလ္လင်ထက်နှိုက်ပွင့်တော်မူ‌ေ
၁၄။ သာအခါတော်ဖြစ်ပါရသောကိုဝ်‌ေ
၁၅။ တ်မြတ်ကြီးအားဖူးတွေ့ရာဘိသကဲ့သိုဝ် ဤ
၁၆။ ကောင်မှုကြောင့်ဖူတွေ့ရပြီမှ အပါယ်ဝှာကင်း
၁၇။ လွပ်၍မက်ဖိုဝ်နိဗ္ဗာန်ကိုဝ်ရပါလို၏ ဤကော
၁၈။ င်မှုအကျိုဝ်ကိုလည် အကျွန်ပ်တိုဝ်သ္မီမောင်
၁၉။ နှံအာ ကျေဇူအထူကြီပေသောအမိအဖ
၂၀။ ဆြာမှစ၍ အနန္တစကြာဝဠာဖိလာထုတ်ချင်မ

၂၁။ ကျွင်ရအောင်သုန်းဆဲတဖုံမ်၌ကြဉ်လဉ်ကု
၂၂။ မ်သောဒုက္ခိတသုခိတဝေနေယျသတ္တဝါ
၂၃။ အပေါင်ကိုဝ်အာမျှဝေပါ၏ အမျှရ
၂၄။ သဉ်ဖြစ်စေသော

အလောင်းမင်းတရား **၁၁၁၅ခု ပထမဝါဆိုအပြည့်ကျော် ၆ရက် ၅နေ့** သွန်းလုပ်တဲ့ ရွှေချက်သိုကြေးသွန်းဆင်းတု (ကုန်း၊ ပ၊ ၆၉ (၂၁၊ ၆၊ ၁၇၅၃)

ပင်းဒယမဟာရန်အောင်ကျောင်းရှိ ဘုရားတစ်ဆူမှစာ (၁၇၅၆)
၁။ သကရဇ်**၁၁၂၈ခုနှစ်**ပြုစုသည်
၂။ ဖြုတကာမတူကောင်မှု

မုံရွာခရိုင်ဖိုးဝန်းတောင် တံခါးအဝက ခြသေ့်လေးစီးရှိသော ဂူတစ်ခု အတွင်း ဆံတော်ပိန္နဲဆူးနှင့် လျောင်းတော်မူ တစ်ဆူမှစာ (၅၊ ၁၀၊ ၁၇၆၁)
၁။ သက္ကဇ်**၁၁၂၃ခု၊ သတင်ကျွတ်လဆန်ရံတဏင်လာနေ့တွင်**
၂။ (သူ)ကြီး........ သို့မောင်နှံကောင်မှုဒိ၊ပု၊အာ။

ဒေါက်တာသိန်းအောင် (ဆိုင်းတန်း) ညောင်ကန်မှ ပင့်ခဲ့သော မံဘုရားက ဓာပုံကို ပြသလိုသဖြင့် ၅၊ ၁၊ ၆၈ နေ့က ဓာတ်ပုံရိုက်ခွင့် တောင်းသည်။ မရ။ (၁၀၊ ၉၊ ၁၇၆၅)

၁။ **သက္ကရဇ်၁၁၂၇ခုတော်သလင်းလပြည့်**
၂။ **ကျော်၁၂ရက်စနေနေ့**တွင် ဘုရားသခင်
၃။ ကိုစားရပ်ပွား ဉဒ္ဓိသစေတီတော်မြတ်
၄။ ကိုရွှေသဃ်န်ကပ်လှူပါသည်ဘုရာဒါယ
၅။ ကာမောင်တက်ထူ၊ဒါယကာမရှင်သီဒါ
၆။ တို့ကောင်းမှုနိဗ္ဗာန်ဆုသာခုနတ်လူခေါ်စေ၆။ ။

မုံရွာခရိုင် ဖိုးဝန်းတောင်တက် ရှစ်မျက်နှာရှိ သမ္ဗုဒ္ဓေကျောက်တိုင် အထက်ပတ်၍ ရေးသားသည့်စာ (၈၊ ၉၊ ၁၇၆၆)
၁။ ဒါနဥဒတ္တာသီလဥ္စရာတုံ
၂။ **သကရာဇ်၁၁၂၈ခုနပ်ငေ**
၃။ **တာ်လဆန် ငါးရက်နေတွင်**
၄။ ပြီသ်မင်ဇူ အရှေ့ရွာ ကျော
၅။ င်တကာရွှေထွန်သို့မော
၆။ င်နှံကောင်မှုနိဗ္ဗာန်ဆု
၇။ သာခုခေါ်ပါကုံဖြာ။

ပင်းဒယ၊ မဟာရန်အောင်ကျောင်းဝင်းရှိ ဘုရားစာ (၂၊ ၁၂၊ ၁၇၇၂)

သကြဲ **၁၁၃၄ ခု နတော်လဆန် ဂရုရ်နေတွင်** အပြီးရောက်သ် ဖြဂ္ဂတကာပန်ဖြဖသ္မီ ခင်ပွန်ကောင်မှု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားစာမှစာ (–၊၁၂၊၁၇၇၂)

၁။ **သက္ကဇ်၁၁၃၄ခုနတော်လတွင်**ပြီသသ်ဖြာ

၂။ ဖြဂ္ဂတကာပွဲစာသာ၊အောင်သ္မီခင်ပွန်ကောင်မှု

ပင်းဒယ မဟာရန်အောင်ကျောင်းရှိ ဘုရားစာမှ(–၊၁၂၊၁၇၇၂)

၁။ **သက္ကဇ်၁၁၃၄ခုနတော်လတွင်**အပြီရောက်သည်

၂။ ဖြဂ္ဂဒါယကာငလုံသ္မီမောင်နံကောင်မှုနိဗ္ဗာန်ဆုရစေ၏

* ပင်းဒယ၊ မဟာရန်အောင်ရှိဘုရားမှစာ (ပုံ၊ ၁၈၊ ကခဂ) (–၊ ၁၂၊ ၁၇၇၂)

၁။ **သက္ကဇ်၁၁၃၄ခုနတော်လတွင်** အသို့

၂။ ရောက်ပါသည်ဖြဂ္ဂတကာသော်မ သ္မီမောင်နံ

၃။ ကောင်မှုနိဗ္ဗာန်ဆု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားစာမှစာ(၁၅၊ ၁၊ ၁၇၇၃)

၁။ သကြဇ်**၁၁၃၄ပြာသိုလပြည့်ကျော်၈ရက်**

၂။ နေပြီသည်ဘုရားတကာဖြခါ……

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှစာ(၁၇၊ ၁၊ ၁၇၇၃)

၁။ သကြဇ်**၁၁၃၄ပြာသိုလပြည့်ကျော်၁၀ရက်နေ**

၂။ တွင် ပြီစီသည် ပုဒိအာနှင့်ပြီ၏ဘုရာ့တကာ

၃။ ရှင်ညိုသမိမောင်နံကောင်မှု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှစာ (–၊ ၁၊ ၁၇၇၃)

၁။ သကြဇ် **၁၁၃၄ ပြာသိုလ**တွင် ပြီသည်

၂။ ဘုရာတကာ သာဒွန်စံသ္မီမောင်နံ ကောင်မှု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှစာ(၁၊ ၂၊ ၁၇၇၃)

၁။ သက္ကန် **၁၁၃၄ တပို့တွဲလဆန်၁၀ရက်**

၂။ တွင် ပြီသည် ရှင်ဖိုလ် သ္မီမောင်နံကောင်မှု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှစာ(၆၊ ၂၊ ၁၇၇၃)

၁။ သက္ကဇ် ၁၁၃၄ တပို့တွဲလပြည့်နေ့တွင်ပြီစီ

၂။ အောင်မြင်သည်ဖြဂ္ဂတကာ မောင်ဂိုမရွှေလှသ္မီ

၃။ မောင်နံကောင်မှုနိဗ္ဗာန်ဆု

ပင်းဒယ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (-၊ ၂၊ ၁၇၇၃)
၁။ **၁၁၃၄တပို့တွဲလ**တွင်ဗြဟ္မတာယကာစံသာ
၂။ ဗြဟ္မတကာမညိမ်ဆုသမိမောင်နှံကောင်မှု
၃။ နိဗ္ဗာန်ဆုကိုပြီဖာလို၏

မုံရွာခရိုင် ဆားလင်းကြီးမြို့ မှန်ကင်းကျောင်းဆင်းတုတော်မှတ (၂၁၊ ၈၊ ၁၇၇၄)
၁။ သက္ကရာဇ်
၂။ **၁၁၀၀၃၆ခု ဝါ**
၃။ **ခေါင်လပြေ့နေ့**
၄။ ကိုဂွယ်သံ့မရံမှန်

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ(၁၊ ၁၁၊ ၁၇၇၇)
၁။ သက္ကရာဇ်**၁၁၃၉ ခု တဆောင်မုန်လဆန်၂ ရက်**
၂။ ပြီသည် မိကတာဝုံတော၌ ပျဉ္စဝင်္ဂါးပါး
၃။ ဇမွေစကြ္ကာတြာဟောဟံ

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှ တ( ၆၊ ၁၂၊ ၁၇၇၇) **သက္ကဇ် ၁၁၃၉ ခု နတော်လဆန် ၇ ရက်**
၂။ ပြီစီပါသည် ကျောင်းတကာမနိန်ကောင်သာအမိကောင်မှု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ(၁၇၊၅၊၁၇၇၈)
၁။ **သက္ကဇ်၁၁၄၀ကဆုန်လပြည်ကျော်၇ရက်နေ့**
၂။ ဧပြီသည်ထွေပြင်သို့မောင်နှံကောင်းမှု နိဗ္ဗာန်ဆုသာစုသာစု

ပင်းဒယ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (၅၊ ၃၊ ၁၇၇၉)
၁။ **သက္ကဇ်၁၁၄၀ပြည့်ပြီး တပေါင်းလပြည့်ကျော်၄ ရက်နေ့တွင်** ပြီးသည် နေမျိုးမဏိမောင်နှံ
၃။ ကောင်(မှု)

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (၂၂၊ ၂၊ ၁၇၈၀)
၁။ **သက္ကဇ်၁၁၄၁ခုတပေါင်းလပြည့်ကျော် ၄ ရက်**
၂။ နေပြီသည်

မုံရွာခရိုင်ဖိုးဝန်းတောင်တက် ဘုရားတစ်ဆူမှတ (၅၊၁၀၊၁၇၈၁)
၁။ **သက္ကဇ်၁၁၄၃ခုတင်ကျွတ်**
၂။ **လပြည့်ကျော်၅ရက်နေ့**ရွှေထဉ့်
၃။ ......**တန်ဆောင်**

၄။ **မုန်တော်သလင်**......
၅။ ......ပုဒိအာနှင့် ပြဥ္စုံပါလို၏

* ပင်းဒယ၊ မဟာရန်အောင်ကျောင်း၊ မင်းဝတ်ဘုရားမှတ (ပုံ ၁၉ က၁၇)
(-၊ ၁၀၊ ၁၇၈၁)

၁။ **သကြာဇ်၁၁၄၀ခု**
၂။ **သတင်ကျွတ်လ**
၃။ ဖြာဒါယကာမ
၄။ ရှင်မိညိန်ကောင်မှု

မုံရွာခရိုင် ဖိုးဝန်းတောင်တက် ဘုရားတစ်ဆူမှတ(၁၃၊၁၂၊၁၇၈၁)
၁။ သကြဇ်၁၁၄၃ခုနတော်ပြေ့ကျော်ဆဲ သုံရက်တနင်ဂနွေနေတွင် ရွှေထဉ်ဆေရေ၍ပြီပြေ
၂။ စုံသည်၊ ခင်ကြီအင်ဆြာတပဉ်တစု ကောင်မှုနိပ္ပန်ဆု သာခုခေါ် ဘာကုံ

* မန္တလေးဂေါဝိန်ဆိပ် ရေဝန်ဦးစိန်မောင်တွင် ရွှေလီမြစ်ထဲက တံငါများ ရ၍ ပေးထားသောကြေးဆင်းတု (ဉာဏ်တော်တစ်ထွာ)၏ ပလ္လင်မှတ (ပုံ၊၂၀) (၃၊ ၁၁၊ ၁၇၈၁)
သကြဂ်**၁၁၅၃ခုတဆောင်မုံးလဆန်းဧရက်**ကိုဝ်လုပ်၍ပြီသိ။

* ချောင်းဦးရွာမ (အနောက်ချောင်းဦး)ထမန်ဲစားဘုရားခေါ် ဆုတောင်း ပြည့် ဂူဘုရားအတွင်း ရုပ်ပွားတော်၏ပလ္လင်တ(ပုံ၊၂၂/က၁)(၂၇၊ ၁၀၊ ၁၇၉၁)
၁။ ဆုတောင်ပ္ပဉ်ဘုရာသခင် ကျောင်တော် ငလျင်လှုတ်၍ **၁၀၆၇** ပျိုပျက်သ်ကို **၁၁၆၀တဆောင်မုံလ္ဆန် (၁၄)ရ(က်)**
၂။ တွင် တပဉ္စသံဃာတကာတကာမတစုတိုကို နိုဆော်၍ ပျင်သ် ကိုကွယ်သော ချောင်ဦသာဝန်
၃။ (ကြီ) ဝရမေဓာ ကောင်မှု နိဗ္ဗာန်ဆု သာခု နတ်လူ ခေါ်စေ သော။ ၊၃

တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် ဘန်းယဉ်မြို့ အနောက် သုံးမိုင်ကွာ နောင်ဗိုရွာ ဘုန်းကြီးကျောင်းမှ အသားဘုရား၏တ (-၊-၊ ၁၈၀၁)
၁။ **ဝ၊သကြာဇ်၁၁၆၃(ခုသာသနာ) တော်၂၃၄၅**ခုတြိ
၂။ သုခအလိုသ်ငှာစိန......ာင်နိဗ္ဗာန်ဆု။

ဗဒုံမင်း **၁၁၆၄ခုတကူးလဆန်း၁၄ရက်**သံချိန် ၁၁၃၆၈ ပိဿာကို သွန်းသည့် စန္ဒာမုနိ သံသွင်းဆင်းတု (**ကုန်း၊** ဒ၊ ၁၃၀) (၁၄၊၄၊၁၈၀၂)ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဒက္ခိဏသာခါ "စောခိရိုးပုံတော်"မှတ(၃၀၊၁၂၊ ၁၈၁၀)
၁။ **၁၁၇၂ ရဲပြဉ်ဝါဆိုလကွယ်နေ့**
၂။ နေကဇာတင်ပါသည်ဖြာတကာတုပ်ဖြူ
၃။ သို့မောင်နံကောင်မှုနိဗ္ဗာန်ဆု သာခုနတ်လူ
၄။ ခေါ်စေသော

ပင်းဒယ၊ ငွေတောင်တောရကျောင်းရှိ ဘုရားမှစာ (၃၀၊ ၃၊ ၁၈၁၃)

၁။ **၁၂၇၄ခုတပေါင်လဆုတ် ၁၄ ရက်နေ့တွင်**

၂။ ခွန်ဖာရွာနေ ဘုရာတကာ ပေါက်မခန်သမိ

၃။ တစုကောင်မှု နတ်လူသာစုခေါ်စေသော

• ဗိုလ်မှူးထွန်းအောင်ကျော် (မန္တလေး)ကို ကသာ ဒု-ဗိုလ်မှူးကြီး မင်းညီ (ကချင်တပ်ရင်း၁)က ပင်လယ်ဘူးမြောက်ဘက်ကရ၍ ပေးထားသည့် ဉာဏ်တော် တစ်ထွာရှိ ကြေးဆင်းတု ပလ္လင်စာ (ပုံ၊ ၂၃) (-၊ ၈၊ ၁၈၁၃)

သက္ကရာဇ် **(၁)(၁၇၅ခုဝါခေါင်လတွင်** သွန်ပြိသ်ဘုရားတကာ လူထွက်အောင်ပု သို့ာခင်ပွန်ကောင်မှု။

မုံရွာခရိုင်ပုလဲအနောက်တောင်ညောင်ကုန်းရွာမှပင့်ခဲ့သည့် မံဘုရားကြီး (ဉာဏ်တော်နှစ်တောင်) မှစာ (၆၊ ၁၂၊ ၁၈၁၅)

၁။ ၏ကေဆယ်ပြ်။အမုံသချ်ာ။ယူရာထွက်ဆ။ရပ်ဂါမတွင်။ မဥ်ကတင်စွာ။ ညောင်ကုံရွာ

၂။ ဥ္ဂ။ သညာနာမ။ မဥ်ရသတင်။ ကောင်ခြ်ယူထောင်။ လူမောင် မြတ်ဇ။ ကြံထွေစိတ်သံ။ မောင်နှံ

၃။ တူကွ။ တိုင်ပင်ကြ၍။ ဘ၀များစွာ။ သံသရာဥ္ဂ။ လေးရွာ ကင်းကွာ။ ကတ်မှာတရိ။ စွဲဘိအရပ်။ လွ

၄။ တ်လပ်အဥ္ဂ။ ငါး၀သောရန်။ အတံတံဘေး။ လွတ်ရေးကင်းကွာ။ ပြည်သာအမ(ဒ)။ နိဗ္ဗန္ဓသို့။ ခဏလျှင်စွာ

၅။ ရော့လေပါအောင်။ ထဲစိတ်ဆောင်၍။ ဘုံခေါင်ထွတ်ထား။ မြတ်ဘုရား၏။ ရုပ်ပွားတော်ကို။ ကြည်ညို

၆။ သဒ္ဓါ။ သတ္တာသတ္တာ။ ကေကော။ ကောဓာရောက်ခါ။ လမှာ မိဂသီ။ ခေါ်ညီမုံလု။ ဆန်ထခြော်ရက်။

၇။ ညသုံးချက်တွင်။ နှစ်သက်စုံစီ။ ရွှေနီဝင်ဝင်။ ထွန်းလင်ဖန်ဝါ။ ဖြူပြာစိန်နက်။ ထင့်လျက်ညီညာ

၈။ ကိုကွယ်ဘာ၏။ မယာကုသလ။ တို့ပုညကို။ ဒေဝနတ်လူ။ ကြည်ဖြူသောင်းသောင်း။ အပေါ

၉။ င်းညီညာ။ သာရာတစု။ တို့ကောင်းမှုကို။ သာဓု သာဓု ခေါ် စေသောင်။ ပုဒိအာ

မုံရွာခရိုင် ဆားလင်းကြီး ကန်စွယ်ကျောင်းဘုရားတန်းရှိ ဆင်းတုတော် မှ စာ (--၊ ၁၈၁၅)

၁။ နိဗ္ဗံဆိပ်ဥ။ ။ **သက္ကရာဇ် ၁၁၇၀၇ခု**

၂။ နှစ်ဘုရာတကာ မောင်နာက်မအောင်

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (၅၊ ၇၊ ၁၈၁၇)

သကြဲဇ်ခုပတ်ထမဝါဆိုဝ်လပြည့်ကျော် ၈ရက်နေ့တွင် ပြီပြည့်စုံ ပါသည် တြိသုခအလိုဝ်ငှာ ဘုရာတကာ မောင်ယွဲသမိမောင်ဏုံ ကောင်မှုနိဗ္ဗာန်ကောင်မှု သာခုနတ်လူခေါ်စေသော

မုံရွာခရိုင် ဖိုးဝန်းတောင်တက် ဆင်းတုတော်တစ်ဆူမှတ (၁၈၊ ၄၊ ၁၈၂၁)

၁။ သက္ကရာဇ် ၁၁(၈၃) (ကဆုန်) လပြည်ကျော် (၃ရက်)ဗုဒ္ဓဟူနေ ဘုရားသခင်ရာစုထောင့်

၂။ ကိုမူပြီသည် မြေတူဖြိုင်ဇာတိ......

မုံရွာခရိုင် ဖိုးဝန်းတောင်တက် တဝဂူတစ်၏ ဆင်းတုတော် တစ်ဆူမှ တ (၂၉၊ ၉၊ ၁၈၂၁)

သက္ကရာဇ်**၁၁(၈၃)သတင်းကျွတ်လွန်၃နေ** ရွှေထည်၍ပြီသည် လက်ပံခြင်းနေမိအော်ကြီ သာသွီတစုကောင်မှု နိဗ္ဗာန ပစ္စယော ဟောတု

မုံရွာခရိုင် ယင်းမာပင် အုတ်ကျောင်းရှိ ဆင်းတုတော်မှတ(၇၊၃၊၁၈၂၂)

၁။ သက္ကရာဇ်**၁၁၃၈ခုတပေါင်လွန်၁၅ရက်၅နေ့တွင်** ရွှေထည်၍ ပြီသည်

၂။ ဘုရာအမ မိမင်ဇံ ကောင်မု

* ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (ပုံ၊၂၄၊/ကခဂ) (– ၊ – ၊ ၁၈၂၄)

၁။ လူနတ်နိဗ္ဗာန်သုံမ်တန်ချမ်သာအလိုဝ်ငှာ ဘုရာတကာ တုပ်နှင့် သွီမောင်

၂။ နံကောင်မှုနိဗ္ဗာန်သာခုနတ်လူခေါ်စေသော **သကြွဇ်၁၁၈၆** ခု

*အမရပူရတောင် မင်းကြီး ရပ်ပွားတော်ကြီး အရှေ့ဘက် စစ်ကိုင်း ကောင်းမှုတော်ပုံ ဂူဘုရားယေ်အတွင်းရှိ ကြေးရုပ်ပွားတော်၏ ယာဘက် ပေါင်တော်မှတ (ပုံ၊ ၂၅) (၃၀၊ ၈၊ ၁၈၂၅)

၁။ ဇေယတု။ ။ယဿပါဒတလေလဂ္ဂံ။ တိလောဂုနံ။ သဋ္ဌရာစရံ။ သပါကာပါမတတံ။ ပါတုံပါတ မပါတထာ။ ။စတုသချေ်ယျ။ သိန်းကမ္ဘာ

၂။ ထက်ဒါနစသော ပါရမီ အပြားတရားအပေါင်းနှင့်တကွ လောက သုံးပါးတို့၏။ အထွဋ်အထိပ် အာဒိစ္စဗဒ္ဓဖြစ်တော်မူ ဂေါမ္မ ဘုရာသွင်

၃။ ကိုယ်စားတော် ရွှေငွေကြေးနီ ကြေးဖြူသံ ပဉ္စလောဟာတင်ပြန် ၃်၁ိ၊ အရပ်၄်၂ိ၊ ကြေးအသပြာ ၂၀၀၀၀၀။ ခမ္မိယာလဒ္ဒရှာရသည် ငွေစင်အသပြာ

၄။ ၁၆၀၀၀အဘိုးတံ ကြေလက္ခပေး၍ ခွမ်မင်သားတ(ဖု)ဟ(မန်) ၎င်းသား မိုင်းမန်ခခံပ၎င်းသားဆဲ နာတုံပ ၎င်းသားပါစရာထော ဘုရားဒါရာကာ ဇေယာရာဇ ကျော်ထင်

၅။ သားမယား ဆွေမျိုးတစုတို့ မဂ်ဖိုလ်နိဗ္ဗာန် အလို့ငှာ။ မဟာ အမရပူရပြည်တွင် အရှင်နှစ်ပါး ကိုယ်တော်သွန်းလုပ် ကိုးကွယ်ပါတယ်။ သက္ကရာဇ် **၁၁၈၇** ခု

၆။ **တော်သလင်းလပြည့်ကျော် ၃ ရက်နေ့** ရေစက်သွန်းချတော်မူ၍ လောကမုနိ တံဆိပ် နာမလှူတော်မူသည်။ အကျိုးသဗ္ဗာသီလ သုတဇာဂ ပညာဟီရိသြတ္တပ္ပ အာရုဝဏ္ဏ

၇။ သုခဗလ ပဋိပ္ပာနတရားနှင့် ပြည့်စုံပါလို၏။ အဆုံးစွန်သော နိဗ္ဗာန်တရားကို ရပါလို၏။ ဤကောင်းမှုအကျိုး မိဘသခင်အရာ အသျှင်ကေရာဇ်မင်းမြတ်ကို

၈။ အစပြု၍ သတ္တဝါအပေါင်းတို့ကို အမျှဝေပါ၏။ ။

စကိုင်းမင်း **၁၁၈၈ခု တပေါင်းလပြည့်ကျော်၃ရက်** တွင် ပဥ္စလောက ဟာချိန် ၁၆၁၁၀ ပိဿာချိန်နှင့် သွန်းလုပ်သည့် မဟာသကျသီဟ ဆင်းတုတော် (**ကုန်း**၊ ၃၊ ၄၅၇–၈) (၁၅၊ ၃၊ ၁၈၂၇)

တဇယ်မြို့အနီး မယ်ရမ်းမိရွာအနောက် သရက်ခါးကျောင်းကြီးမှ ပင့်ခဲ့သည့် ရုပ်ပွားတော်မှစာ (ပုံ၊ ၂၆၊) (၁၉၊ ၁၀၊ ၁၈၂၇)

၁။ **၁၁၈၉ သတင်ကျွ**

၂။ **တ်လကွယ်နေကိုး**

၃။ ကိုကွယ်သည်ဖိုဝ်

၄။ ဥုပ်သို့ခင်မွန်ငေ

၅။ ကာင်မှု

မုံရွာခရိုင် ဆားလင်းကြီး မိုးကောင်းဘုရား အာရုံခံတန်ဆောင်းတွင်းရှိ ဆင်းတုတော်မှစာ (၁၊ ၉၊ ၁၈၂၈)

**ရှေ့ဘက်**

၁။ သကြဖ်**၁၁၉၀ခုနှစ်** .....သာသနာတော်ဝင်ရှိန် တထိန်ထိုန်

၂။ သို့ ...........ည် ရပ်နေ ဘုရာဒါ

၃။ ယကာမောင်ယုန်နှမရှင်ငုံကောင်မှု နတ်လူသာခုခေါ်စေသောဝ်

**ဆားဘက်**

၁။ **တော်သလင်းလပြဉ်ငေ**

၂။ **ကျာ်ဈရက်နေ့** ရွှေသ

၃။ ကန်ကပ်လှူ၍ပြီးသဉ်

* မုံရွာခရိုင် ပုလဲအနောက် ညောင်ကုန်းမှ ပင့်ခဲ့သည့် ဘုရားစာ (ကျွဲဏာသာခါဖော်မိရီး။ ပုံ၊ ၂၇) (၁၃၊ ၂၊ ၁၈၃၅)

**၁၁၉၆–ခု တပိုတွဲလပြေကြော် ၁ ရက်**(နေ့) ရွှေသက်န်းကပ်၍ ပြီသ့်ကံပေါ်...........မောင်သွီးမောင်နံ့ကောင်မှုနိဗ္ဗာန်ဆု

တဇယ်မြို့အနီး ရွှေတုံးရွာကျောင်းရှိ ရုပ်ပွားတော်မှစာ (၁၆၊၄၊၁၈၃၅)

သက္ကရာဇ် **၁၁၉၇ခု တကူလပြည် ၄ ရက်နေ့** ဘုရားတကာ ဦးစိုသ့်မောင်နံ့ သာသ့်တဇုကောင်မှုသာခုနတ်လူ ခေါ်စေသော

ပင်းဒယ၊ ပေါက်တောကျောင်းရှိ ဘုရားမှတ (၁၂၊ ၈၊ ၁၈၃၅)

သကြဇ် **၁၁၉၀၇ခု ဝါခေါင်လပြည်ကျော် ၄ ရက်နေ့တွင် ရွှေ**...........ပြီးပါသည် ဘုရာတကာမမယ်စံကောင်မှု

တဇယ်မြို့အနီး မယ်ရမ်းရွာမိ အနောက်သရက်ခါးကျောင်းကြီးရှိ ရုပ်ပွားတော်မှတ (၂၀၊၁၀၊၁၈၃၅)

၁။ သက္ကရာဇ်**၁၁၉(၇)သတင်ကျွတ်လပြည်ကျော် ၁၄ ရက်နေ့တွင်** ဘုရာအမရှင် မင်နုသားမောင်တုပ်ကြီးသားသမီတစု ကောင်မှုနိပ္ပန်

၂။ ဆုသာဒုနတ်လူခေါစေသော်

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှတ (–၊– ၊၁၈၃၅)

ဖေယတုအောင်ဆုအညီရာသီသ ကြဇ်ကာ **၁၁၉၇ခု** ဖြဲ၁တကာ ကိုဝ်မြတ်မွေးသမီမောင်နံကောင်းနှုနိဗ္ဗာန်ဆုသာစုနတ်လူခေါစေ သော သုာစုသာစု

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှ (–၊–၊ ၁၈၃၆)

သကြဇ်**၁၁၉နှင့်၈**ခုနှစ်တွင် ပွဲစာကျာသမိမောင်နံ ကောင်မှု နိဗ္ဗာန်ဆုနတ် လူသာစုခေါစေ

* တဇယ်မင်းကျောင်းဦးသုမနစါရထံမှ ပင့်ခဲ့သည် မံဘုရားမှတ (ပုံ၊၂၈) (၂၉၊ ၄၊ ၁၈၄၃)

၁။ သက္ကရာဇ်**၁၂၀၅ခုကဆုံမ်လဆမ် ၁ရက်နေ** ဘုရားတကာ

၂။ ခုမ်မင်ကြီးဦပသီသမီမောင်နံသာသကွီးတစုကောင်းမှု။

* ဗိုလ်မှူးထွန်းအောင်ကျော်ထံမှရသော မင်းဝတ်ဘုရားမှတ(ပုံ၊၂၉)

၁။ သက္ကရာဇ်**၁၂၀၆ခု ကဆုံလပြည့်ကျော် ၁၄ရက်**

၂။ **နေဗုဒ္ဓဟူနေတွင်** ရွှေသဃ်န်ကပ်လှူ၍ပြီသည်ဘု

၃။ ရာဒါရကာ ပွေဖျူမိစိုသားမွီးတစုကောင်မှု

၄။ နိဗ္ဗာန်ဆုသာစု နတ်လူခေါစေသော်

ပင်းဒယ၊ မဟာရန်အောင်ရှိ ဘုရားမှတ (–၊ –၊ ၁၈၄၄)

သက္ကဇ်၁၂၀၆ခုတွင်ပြုရသည် တြိသုခအလို၄၁ဖြဲ၁တကာ မောင်သြဇနီးမောင်နံကောင်မှု

မုံရွာခရိုင်မင်းတိုင်ပင်ရွာ၊ ရွာဦးကျောင်းရှိဘုရားမှတ(၁၉၊ ၆၊ ၁၈၄၆)

၁။ သက္ကရာဇ်**၁၂၀၈ခုနယုံလပြည့်ကျော်၁၀ရက် တနင်္လာနေ့တွင်** မင်တိုင်ပင်ရွာနေ ဘုရားတ္တာဖိုးမှုံသမီး

၂။ မောင်နံကောင်းမှုနိဗ္ဗာန်ဆုသာစုနတ်လူခေါ်သော်

* ပုဂံမင်း **၁၂၁၁ခု ကဆုန်လဆန်း ၅ရက်** တည်ထားသည့် မဟာသကျရံသီ ဘောင်သမန်ကျောက်တော်ကြီး (ပုံ၊ ၃၀ **ကုန်း**၊ တ၊ ၇၁) (၇၊ ၄၊ ၁၈၄၈)

၁။ သက္ကရာဇ်**၁၂၁၀ခု တဆောင်မုန်လပြည်ကျော် ၁၂ရက်နေတွင်** ဇာတိချော်တောင်

၂။ ပွတ်တိကျားတက်ရှာနေ။ ဖုရားတကာ။ ဖိုးပေလုံးသား သို့မီတစုတို ကောင်မှုနိဗ္ဗာန်ဆု သဥစုနတ်လူခေါ်စေသောဝ်

* မုံရွာခရိုင် ပုလဲအနောက်ဘက် ညောင်ကုန်းမှ မံဘုရားစာ (ပုံ၊ ၃၂) (၂၃၊ ၁၁၊ ၁၈၄၈)

၁။ မဟါဂေါမ္မေသမ္ဗုဒ္ဓ၏နိမ္မိတပွားကို တော်စါးကို ညွှတ်တွား စေတနာကိုးကွယ် ပါသား

၂။ အကျိုးအကြောင်းဖုရားညီတော် မတွေကြော်လျှင်၊ ပွင့်တော်မူခါ၊ လက်ဦစွာဖြင့် ဖူးပါရ

၃။ လိုတောင်းဆုဆိုသည် ဤသို့တောင်တိုင်ပြည်စေသော်။ ဤသို့ ယခုတို့ ကောင်မှုကို

၄။ ကြီထုဂုံအင် မွေးမိခင်နှင့် ဖခင်ပီတာစုံနှစ်မြွာနှင့် ဆရာက စဝေနေယတိုရလျှင် ပါစေ

၅။ ကျနုပ်ဝေ၏ဝသုန္ဒြေ ဤမြေစောင့်ထနတ်ဒေဝမှ ရလျှင်ပါစေ သမျှဝေ၏ ဝသုန္ဒြေသက်

၆။ သေတည်ထားကာလလျှား၍ ရှိညားသောအခါ ထိုတ္တာတို့ မဟာကေါမ္မဖုရား သာသနာ

၇။ ပွင့်သောခါလျှင် ရှာမွေတုံမြေဝံတပိုင် လေါတွင်ထွန်းတော်ံ သာသနာ ညောဂုံမ်ရှာတွင်

၈။ ဖုရားတ္တာ ဖိုးရွေဖေကလေး ဖုရားအမ ရှင်စိုး ကြည်နူးစိတ်သံ မောင်နှံနှစ်ပါး ခေါ်ညားဘဝကို

၉။ ကွယ်ကျသည် **သုညကောမ္မောကေကေါဇာရတွင် မာသိတလိ ပြိစ္စာရာသီစု ကြော်၄**

၁၀။ **၁၃ ရက် ၄ ချက်တီး**တွင် ဆက်ဆက်တင်းတင် သက်သေသွင်းသည် နတ်မင်းတို့ သိပေ ၁၁။ ၆။

* မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းမှ ပင့်ခဲ့သည့် မံဘုရားစာ (ပုံ၊၃၃) (၃၊ ၃၊ ၁၈၅၅)

**ဘေးဘက်**

၁။ သက္ကရာဇ်**၁၂၁၀၆တပေါင်လပြေကျော် တရက်(နေ့)တ**

၂။ (၃)လံမွံမွံချရုံလယ်ပျူပျင်သည် ဘုရာအမ(မယ်ညက်)

၃။ သို့မီရှင်ဝါညွှင့်ကေါင်းမှုသာခုနတ်လူခေါ်တွင်စေသော ...... သော မောင်ရွှေမောင်

**နောက်ဘက်**

၅။ ဘုရားအမမယ်ညက်သို့ရှင်ဝါညွှန်

၆။ တို့ကောင်မှုနိဗ္ဗာန်ဆုသာဓုသာဓု

၇။ ခေါ်စေသော်

* မုံရွာခရိုင် သစ်စိမ့်ရွာရှင်ပင်ချမ်းသာကြီးဘုရားမှပင့်ခဲ့သည့် ဒက္ခိဏာသာခါဗောဓိရိုး ဘုရားစာ (ပုံ၊၃၄) (၂၃၊၇၊၁၈၅၈)

၁။ သက္ကရဇ်**၁၂၂၀ပြည့်တွဲ့ယဝါ**

၂။ **ဆိုဝ်လ္ဆန်၁၃ရက်နေ့တွင်** ၎

၃။ မါင်တက်စိန်ရှင်မိုင်သ္မီးမေါ

၄။ င်နှံကောင်မှုနိပ္ပံဆုသာဓု

၅။ နတ်လူခေါ်စေသော်

မုံရွာခရိုင် ယင်းမာပင် မံဘုရားကျောင်းရှိ ပြသဒ်ထက် စာတိုက် အောက်ဘောင်မှစာ (၄၊ ၁၁၊ ၁၈၆၁)

။ ။ သက္ကရာဇ် **၁၂၂၂ ခု တံဆောင်မုံလပြည့်ကျော်ရက်နေ့တွင်** မြက်ပါးရွှေနီဖလံတို့ဖြင့် မွန်မံချယ်လှယ်၍ပြီးသည် ယင်မာပင် ရွာနေ မောင်ချင်းဖြူဇနီမောင်နှံသားသ္မီးတစုကောင်းမှု နိဗ္ဗာန်ဆု သာဓုနတ်လူခေါ်စေသော်

မုံရွာခရိုင်သစ်စိမ့်ရွာ ရှင်ပင်ချမ်းသာကြီးဘုရားရှိ ကြေးသွန်းဘုရားမှ စာ (၁၈၊ ၅၊ ၁၈၆၂)

**၁၂၂၄ခု ကဆုံလပြည်ကျော် ၆ရက်နေ့** ဘုရာ့တကာ ဦးဖို ဘုရားအမမဆွယ်သားသ္မီးတစုကောင်းမှု

မုံရွာခရိုင် ညောင်ဖြူပင်ရွာ(လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဇာတိ) ပုဗ္ဗာရုံကျောင်းရှိ မင်းဝတ်ဘုရားမှစာ (၁၅၊ ၇၊ ၁၈၆၂)

၁။ **သက္ကရာဇ်၁၂၂၄ခုဝါဆို**

၂။ **လပြေကျော်၅ရက်နေ့တွင်**

၃။ ကိုကွယ်၍ပြီသည်။ ဘုရာတ

၄။ တ္ကာကိုစိန်မှုံ၊ဇနီရှင်လန်

၅။ သာသ္မီတစုကောင်မှု၊ နိပ္ပံ

၆။ ဆုသာဒုနတ်လူခေါ်စေ

၇။ သော။

* မင်းတုန်းမင်း **၁၂၂၇ခု ကဆုန်လပြည့်ကျော် ၇ ရက်** နေ့က တည်ထားပြီးစီးသည့် မဟာသကျမာရဇိန် မန္တလေး ကျောက်တော်ကြီး(ပုံ၊ ၃၅) (**ကုန်း**၊ တ၊ ၃၁၉-၂၀) (၁၆၊ ၅၊ ၁၈၆၅)

ပင်းဒယစေတီကြီးကျောင်းရှိ ဘုရားမှတ္တာ (၁၅၊ ၁၁၊ ၁၈၆၅)

**၁၂၂၇ခု တန်ဆောင်မုန်းလပြည့်ကျော်၁၃ ရက်နေ့ ၃ချက်တီး အချိန်တွင်** ပြုစုကိုးကွယ်၍ ပြီးပါသည် တြိသုခအလိုဌာ ဘုရာဒါယကာ ကိုမွေးသမီမောင်နှံ ကောင်မှု နိဗ္ဗာန်ဆု သာဓု နတ်လူခေါ်စေသောဝ်

* မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းမှ ပင့်ခဲ့သည့် မံဘုရားစာ(ပုံ၊ ၃၆) (၂၃၊ ၇၊ ၁၈၆၉)

၁။ သက္ကရာဇ်**၁၂၃၁ခု ပထမဝါဆိုလွှန်၁၅ရက်နေ့**
၂။ တွင်ရွှေဆင်မြို့ဘုရာတကာဖိုညင်ဘုရာ
၃။ အမ မယ်မလေးသွီမောင်နှံကောင်မှုသာဓုနတ်လူခေါ်စေသော

*ဘုတလင် ကန်ဖျားတိုက်ဦးဆောင်ရိပ် ကျောင်းပျက်မှ ပင့်ခဲ့သည့် မံဘုရားစာ (ပုံ၊ ၃၇) (၂၅၊ ၉၊ ၁၈၀၇)

၁။ သက္ကရာဇ်**၁၂၃၂ခုသီတင်ကျွတ်**
၂။ **လွှန်၁ရက်**နေ့တွင် တရိသုခ သုံဝသော
၃။ ချမ်းသာကိုရပါစေချင်းအကြိုးငှာ ဘု
၄။ ရာတ္တာ မောင်းရွှေသားသွီမောင်နှံကောဝ်
၅။ မှုနိဗ္ဗာန်ဆု သာဓု နတ်လူခေါ်စေသော်ဝ်

*ပင်းဒယ၊ မဟာရန်အောင်ကျောင်းမှ ပင့်ခဲ့သည့်ဘုရားစာ (ပုံ၊၃၈/က၁၈) (၁၅၊ ၃၊ ၁၈၇၂)

၁။ သက္ကရာဇ် **၁၂၃၄ခုတော်သလင်လွှန်၁၀၃ရက် ၁နွေနေ့**
၂။ နေ့သုံချက်တီအချိန်ကိုဝ်မြတ်စွာဘုရားကို စားတော်မြတ်ကိုဝ်
၃။ ပြုစု၍ ပြီးပါသည် တြိသုခအလို့ငှာ ဘုရာဒါယကာ ကိုဝ်စိန် သွီမောင်
၄။ နှံကောင်မှုနိဗ္ဗာန်ဆုသာဓုနတ်လူခေါ်စေသောဝ်

မုံရွာခရိုင် ယင်းမာပင်၊ မံဘုရားကျောင်းရှိ ဆင်းတုတော်မှတ္တာ (၂၊ ၁၂၊ ၁၈၇၂)

၁။ သက္ကရာဇ်**၁၂၃၄ခုနတ်တော်**၂ရက်ထိုကြိက္ကာဦးကာစီ
၂။ သွီ ခင်ဖွန်တို့ကကြေချိန်၁၀၀လျှင် ဝိသုံးဒင်္ဂါးဖျာရှေ၁၀၅၀
၃။ ကြေမှန် ၂၀၄၅၀ကို ပူဇော်ယသအဖို့ နတ်လူသာဓုသာ
၄။ ဓုခေါ်စေသောဝ်

မုံရွာခရိုင် ဆားလင်းကြီးမြို့ ကွေးပင်ချောင်းဆင်းတုတော်မှ စာ (၇၊ ၁၀၊ ၁၈၇၃)

၁။ ကုံချမ်သာရပ်
၂။ ဓောဆြာတူ
၃။ ကောင်မှု
၄။ သက္ကဇ်**၁၂၃၅ခု**
၅။ **သတင်ကျွတ်လပဉ်**
၆။ ကြော်တရက်။ ။

* မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းမှ ပင့်ခဲ့သည့် မံဘုရားစာ (ပုံ၊ ၃၉) (၅၊ ၇၊ ၁၈၇၅)

၁။ သက္ကရာဇ်**၁၂၃၇ခုဝါဆိုလွှန်၃ရက်နေ့တွင်** ဆင်
၂။ ရှင်မြို့နေကိုကျွဲးရှင်ရင်တူသ္မီးမောင်နံ့
၃။ ကောင်မှုနိဗ္ဗန်ဆု သာဒုနတ်လူခေါ်စေသော

မုံရွာခရိုင် သစ်စိမ့်ရွာရှင်ပင်ချမ်းသာကြီးဘုရားရှိ ကြေးသွန်းဘုရားမှစာ (+၊-၊ ၁၈၇၅)

ဇေယတု **၁၂၃၇ခု** သစ္စိန်ရွာနေ ဘုရာတကာ ဦသိန်ဘုရာအမ မယ်သက်ရှေတို့ကောင်မှု သာခုနတ်လူခေါ်စေသော။

* မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းမှ ပင့်ခဲ့သည့် မံဘုရားစာ (ပုံ၊ ၄၀) (၁၀၊ ၂၊ ၁၈၇၆)

၁။ သက္ကရာဇ်**၁၂၃၇ခုတပိုတွဲလပြည်ကြော်၁ရက်**
၂။ နေ့ဒွင်ဆင်ရှင်မြို့နေ ဘုရာဒါယကာမောင်
၃။ ဆိုင်းသ္မီ၊ မောင်နှန် ကောင်မှု နိဗ္ဗာန်ဆု သာဒုနတ်
၄။ လူခေါ်ဇေသော

မုံရွာခရိုင် ဆင်ရှင်ရွာဆင်ရှင်ဘုရား အရှေ့ဘက် တန်ဆောင်းတွင်း ဆင်းတုတော်မှစာ (၃၁၊၈၊၁၈၇၆)

၁။ **၁၂၃၈ ခုတော်သလင်လွှန်၁၃ရက်နေ့တွင်** ဆင်ရှင်မြို့နေဘုရာတ္တာ
၂။ မောင်ခင်နှမရှင်ဒေါင်းဉသ္မီမောင်နှန်ကောင်မှုနိဗ္ဗာန်ဆုကို သာခု
၃။ နတ်လူခေါ်စေသောဝ်

* မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းမှ ပင့်ခဲ့သည့် မံဘုရားစာ (ပုံ၊ ၄၁) (-၊ -၊ ၁၈၇၇)

၁။ သက္ကရာဇ် **၁၂၃၉ခုနှစ်**တွင် ဆင်ရှင်
၂။ မြို့နေ ဘုရားအမမယ်ရှောင်ကောင်း
၃။ မှုနိဗ္ဗာန်ဆုသာခုနတ်လူခေါ်စေသောဝ်

မုံရွာခရိုင် ဆားလင်းကြီးမိုးကောင်းဘုရား အာရုံခံတန်ဆောင်းတွင်းရှိ ဆင်းတုတော်မှစာ (၈၊ ၁၂၊ ၁၈၇၈)

၁။ သက္ကရာဇ်**၁၂၄၀ခု နတ်လပြည့်**နေ့မြတ်စွာဘုရာ
၂။ ကိုစားရုတ်ပွားတော်မြတ်ကိုဝ်လက္ခကျေငွေပေ
၃။ ၍ပူဇော်ကိုကွယ်သည်။ ကိုသီဆောင်သို့မောင်နှံ
၄။ ကောင်မှုနိဗ္ဗာန်ဆုသာစုနတ်လူခေါ်စေသောဝ်

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ(၂၅၊ ၁၊ ၁၈၇၉)

၁။ **၁၂၄ဝိပြည့် တပိုတွဲလွှန် ၄ရက်နေ့တွင်** ဆင်ရှင်မြို့နေ ဘုရာတ္တာကို ပေါ်ဦ
၂။ ဘုရာအမရှင်ချိုတို့ကောင်မှုနိဗ္ဗာန်ဆုကိုသာစုနတ်လူခေါ်စေ
၃။ သောဝ်

မုံရွာခရိုင် ဆင်ရှင်ရွာရှိ ဆင်းတုတော်မှစာ (၆၊ ၆၊ ၁၈၇၉)

၁။ သက္ကရာဇ်**၁၂၄၁ခုနှစ်နရုံ**
၂။ **လပြည့်ကြော်၃ရက်နေ့တွင်**
၃။ ဘုရားတ္တာနေအောင်ကျော်ဘုရားတကာမ......
၄။ ဆင်တုတော်မြတ်ကို ......

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းဆင်းတုတော်မှစာ(၁၃၊ ၁၁၊ ၁၈၇၉)

၁။ သက္ကရာဇ်**၁၂၄၁ခုတဆောင်မုံလပြည့်ကျော်၁၅**
၂။ **ရက်နေ့တွင်**ဘုရားအမမယ်ပြည်က ရွှေမွှန်မန်
၃။ သည်သာစုအနုမောခနာခေါ်စေသော
၄။ နိပ္ပန်ဆုသာစုအနုမောခနာခေါ်စေသော

မုံရွာခရိုင်မင်းတိုင်ရွာ၊ ရွာဦးကျောင်းရှိ ရုပ်ပွားတော်မှစာ (၂၇၊ ၃၊ ၁၈၈၀)

၁။ သက္ကရာဇ်**၁၂၄၁ခုတံကူလပြည့်ကျော်**
၂။ **၃ရက်နေ့တွင်** ရွှေသင်ကန်ကပ်၍ပြီးသည်
၃။ မင်တိုင်ပင်ဖိုးရွှေမောင်သို့မောင်နှံကောင်
၄။ မှုနိဗ္ဗာန်ဆုသာစုနတ်လူခေါ်စေသော

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ(– ၊– ၊ ၁၈၈၁)

သက္ကရာဇ် **၁၂၄၃** ခုနှစ်တွင် မြေနည်ရွာနေတ္တာမောင်လွင်သို့ မောင်နှံကောင်မှု

မုံရွာခရိုင် ဆားလင်းကြီးမြို့ မုန်ကင်းကျောင်းရှိ ဆင်းတုတော်မှစာ (–၊ –၊ ၁၈၈၁)

၁။ သက္ကရာဇ်**၁၂၃၄ခု**

၂။ နှစ် မြေစွံထောင်ကြီ
၃။ ရပ်နေ ဘုရာအမမယ်ယော
၄။ သူကောင်မှုနိဗ္ဗာန်ဆုသာခုနတ်
၅။ လှူခေါ်စေသောဝ်

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိဆင်းတုတော်မှစာ (၂၄၊ ၁၁၊ ၁၈၈၂)

၁။ သက္ကရာဇ်**၁၂၄၄ခုနတ္တော်လွှန်၁၅ရက်နေ့**
၂။ ရွှေဆင်ရှင်မြို့မနေဘုရားဒါယ္ကာရွှေလှန်
၃။ သွေါကြီးမင်းဖိုးပေါဇ။ဇနီးမယ်အိုတို
၄။ ကာင်းမှုနိဗ္ဗာန်နတ်လှူသာခုယူ။ ။

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ (၁၊ ၂၊ ၁၈၈၃)

၁။ သက္ကရာဇ်**၁၂၄၄ခုတပိုတွဲလပြေကြော်**
၂။ **၁၀ရက်နေ့**တွင် ရွှေဆင်ရှင်မြို့နေ
၃။ ဘုရတ္တာ ဦးစာသို့မောင်နှံသာသို့
၄။ တစုတို့ကောင်မှုနိဗ္ဗာန်ဆုသာ
၅။ ခုနတ်လှူခေါ်စေသော၊

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ (၁၆၊ ၃၊ ၁၈၈၃)

၁။ သက္ကရာဇ် **၁၂၄၄ခုနှစ် တံကူလွှန်၉ရက်**
၂။ နေ့ရွှေရှင်ဆင်မြို့မနေဒါယကာမောင်
၃။ မျိုးကောင်းမှုနိဗ္ဗာန်နုပစ္စယောဟောတု

* မုံရွာခရိုင်ညောင်ဖြူပင်ရွာ (လယ်တီပဏ္ဍိတဦးမောင်ကြီး၏ဇာတိ) ပုဗ္ဗာရုံတိုက်ဟောင်းမှ ပင့်ခဲ့သည့်မံဘုရားစာ (ပုံ ၄၂) (၂၉၊ ၆၊ ၁၈၈၃)

၁။ **၁၂၄၅ခု ပဋ္ဌမဝါဆိုလပြည့်ကျော်**
၂။ **၁၀ရက်နေ့**ဘုရားစာတိုက်မြားကို
၃။ အနေကဇာတင်သည် အထက်ဘဝက်အော်.
၄။ အဝီဇိဖီလာထုပ်ချင်အကျွင်မရှိ၃ဝိဘုံကျင်
၅။ လဉ်တုံသောသတ္တဝါမြားအပေါင်းအမျှဝေပါ၏
၆။ ဤကောင်းမှုကိုဝသုန္ဓြသိပါစေ။မောင်တက်ဖြိုး
၇။ ရှင်သုံတို့ကောင်မှုဘာဂတိသာဝကဆုနှင့်ပြဉ်
၈။ စုံပါလို၏

ဒေါက်တာသိန်းအောင်(ဆိုင်းတန်း) ကိုးကွယ်သည့် ကြေးဆင်းတုတော် တစ်ဆူမှစာ (၃၊ ၉၊ ၁၈၈၄)

၁။ သက္ကရာဇ် **၁၂၄၆ခု တော်သလင်း လွှန်း ၁၄ရက် ဗုဒ္ဓဟူးနေတွင်၊** ဗိုဝရွာနေ ဘုရားတကာကိုသာဝ
၂။ ဘုရာအမမပိုးသို့မောင်နှံကောင်းမှုနိဗ္ဗာန်ဆု။ ။ နတ်လှူသာခု ခေါ်စေသော

ဒေါက်တာသိန်းအောင်(ဆိုင်းတန်း)ကိုးကွယ်သည့် ကြေးဆင်းတုတော် တစ်ဆူမှစာ (၃၊ ၉၊ ၁၈၈၄)

၁။ သက္ကရာဇ် **၁၂၄၆ခု တော်သလင်းလဆန်း၁၄ရက် ဗုဒ္ဓဟူးနေတွင်။** ဇပင်ရွာနေ ဘုရားတကာ ကိုရွှေ

၂။ စုကောင်းမှုနိဗ္ဗာန်ဆု။ ။နတ်လူသာစုခေါ်စေသော။ ။ သီပေါမင်းလက်ထက်**၁၂၄၆ခု နှောင်းတကူးလဆန်း ၁၃ရက်** (၇၊၄၊၁၈၈၄) နေ့ မီးသင့်သည်ကို ပြုပြင်လျက်၊ **၁၂၄၆ ခု ဝါဆိုလဆုတ် ၉ ရက်** ငွေ၃၀၀၀၀၀၀တန် ရွှေမကိုဋ်နှင့် ဒယင်တင်လှူ၍ မျက်နှာတော်ဖွင့်သည့် မဟာမုနိရုပ်ပွားတော် မြတ်၊ (ကုန်း၊ တ၊ ၆၃၃၊ ၆၄၈) (၁၊ ၇၊ ၁၈၈၄)

ပင်းဒယ၊ မဟာရန်အောင်ကျောင်းရှိ ဘုရားမှစာ (ပင်းဒယမြို့ကို အင်္ဂလိပ်သိမ်းသော ရက်စွဲဖြစ်သည်။ (၂၈၊ ၅၊ ၁၈၈၇)

သက္ကရာဇ် **၁၂၄၉ခုနယုံလဆန်၇ယက်နေ့**ပြည်ပါသည် ဘုရား တကာကိုဝ်ဆိန်ကောင်မှုနိဗ္ဗာန်ဆုသာစုနတ်လူသာစုခေါ်စေသော

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ (၁၊၇၊၁၈၉၂)

၁။ သက္ကရာဇ်**၁၂၅၄ခုဝါလွှန်း၈**

၂။ **ရက်နေ** ဆင်ရှင်မြို့နေဘုရားတကာ

၃။ ကိုနဲတာကာမကောင်မှု

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ (၈၊ ၇၊ ၁၈၉၂)

၁။ **၁၂၅၄** ခုနှစ် ဝါဆိုလွှန်း ၁၅ရက်နေ့တွင် ဆင်မြို့နေ ဘုရာတ္တာ ဦးငါး ဘုရားအမယ်

၃။ မိန်းခလေးတို့ ကောင်းမှုနိပ္ပန်ဆုသာစု

၄။ နပ်လူခေါ်စေသော

မုံရွာခရိုင်မင်းတိုင်ပင်ရွာ၊ ရွာဦးကျောင်းရှိ ဘုရားစာ(၃၁၊ ၃၊ ၁၈၉၃)

၁။ သက္ကရာဇ်**၁၂၅၄ခုတကူလွှန်၁၅ရက်နေ့တွင်**အိုးဘိုရွာနေ

၂။ ဘုရားအမမယ်မြတ်ကောင်မှုနိဗ္ဗာန်ဆုသာစုနတ်လူ

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ (–၊ –၊ ၁၈၉၇)

၁။ သက္ကရာဇ်**၁၂၅၉ခု**

၂။ **နှစ်**ဘိုးပြောင်မယ်

၃။ ဘုမကောင်မှုနိဗ္ဗာ

၄။ န်ဆုနတ်လူသာစု၊

၅။ ခေါ်စေသော

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ (၇၊ ၅၊ ၁၈၉၈)

၁။ သက္ကရာဇ် **၁၂၆၀ပြည့် ကဆုန်လပြည့်ကျော် ၃ရက်နေ့** တွင် ရွှေဆင်ရှင်မြို့

၂။ နေဘုရားတ္တာဦးကျံဘက်ဘုရာအမ...သို့မောင်နှန်

၃။ တို့ကောင်မှုနိဗ္ဗာန်ဆုကိုသာခုနတ်လူခေါ်စေသောဝ်

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ(၂၀၊ ၇၊ ၁၈၉၈)

၁။ **၁၂၆၀ပြည့်နှစ် ဝေါခေါင်လွှန်း၃ရက်နေ့တွင်**

၂။ ဆင်ရှင်မြို့နေဘုရားဒါရကာဦးပြားသားသမီး

၃။ တစုကောင်းမှုနိဗ္ဗာန်ဆုကို သာခုနတ်လူ

၄။ ခေါ်စေသောဝ်

မုံရွာခရိုင် ဆင်ရှင်ရွာ ဆင်ရှင်ဘုရားအရှေ့ဘက် တန်ဆောင်းအတွင်း ဆင်းတုတော်မှတ (၂၀၊ ၅၊ ၁၈၉၉)

၁။ သက္ကရာဇ်**၁၂၁၆ခုနရုံလွှန်၁၂ရက်နေ့**တွင်

၂။ ဘုရားအဖြစ်သို့ရောက်တော်မူပြီ

၃။ တကာမမထင်သားမောင်အိုတို့ကောင်းမှု နိမ္ဗန်ဆု သာဒုနတ်လူ ခေါ်စေသော

မုံရွာခရိုင် မင်းတိုင်ပင်ရွာ၊ ရွာဦးကျောင်းရှိ ရုပ်ပွားတော်မှတ (၁၄၊ ၇၊ ၁၈၉၉)

၁။ **၁၂၆၁ခုဝါဆိုလွှန်၈ရက်**

၂။ နေတ္တာဦးရွှေနီကောင်မှု

မုံရွာခရိုင် မင်းတိုင်ပင်ရွာ၊ ရွာဦးကျောင်းရှိ ရုပ်ပွားတော်မှတ (၂၀၊ ၇၊ ၁၈၉၉)

**နောက်ဘက်**

၁။ သက္ကရာဇ်**၁၂၆၁ခု**

၂။ **ဒုတိယဝါဆိုလွှန်**

၃။ **၁၄**ရက်နေ့တွင်မင်း

၄။ တိုင်ပင်ရွာနေဒါရကာ

၅။ မကြီးမယ်တိတ်စာကောင်း

၆။ မှုနိဗ္ဗာန်ဆုသာခုနတ်လူခေါ်

၇။ စေသော

**ညာဘက်အေး**

၁။ သက္ကရာဇ် **၁၂၆၁ ဒုတိယ ဝါဆိုလွှန်**

၂။ **၁၄ ရက်** အနေကစာတင်မင်တိုင်ပင်ရွာနေ

၃။ တ္တာမကြီးတိတ်စာကောင်မှုနိဗ္ဗာန်ဆု

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ (၁၁၊ ၁၁၊ ၁၈၉၉)
၁။ သက္ကရာဇ် **၁၂၆၁ခု တစောင်မုန်**
၂။ **လဆန်း၁၀ရက်နေ့တွင်**ဆင်မြို့နေ
၃။ ဘုရာဒါရကာ မောင်မြတ်သာ
၄။ ဇနီမောင်နှံတို့ကောင်မှုနိပ္ပန်ဆု
၅။ သာဓုနတ်လူခေါ်စေသော

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ (၂၆၊ ၆၊ ၁၉၀၀)
၁။ သက္ကရာဇ်**၁၂၆၂ခုဝါဆိုလဆန် ၁ရက်နေ့**
၂။ ဘုရားတကာဖိုးသက်ရှေသာသ္မီတစုတို့
၃။ ကောင်းမှုနိဗ္ဗာန်ဆု နတ်လူသာဓုခေါ်စေသောဝ်

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ (၃၊ ၇၊၁၉၀၀)
၁။ သက္ကရာဇ်**၁၂၆၂ခုဝါဆိုလွှန်း၈ရက်**
၂။ နေတွင်ဆင်ရှင်မြို့နေ ဘုရာတ္တာ ကိုသာဒွန်
၃။ ဘုရာအမမယ်ကွမ်တို့ကောင်မှုနိဗ္ဗာန်ဆု
၄။ သာဓုနတ်လူခေါ်စေသော် ပစ္စယော
၅။ ဟောတု

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိဆင်းတုတော်မှတ (၉၊ ၅၊ ၁၉၀၁)
၁။ သက္ကရာဇ်**၁၂၆၃ခု ကွံလပြည့်ကျော်၈ရက်နေ့တွင်**
၂။ ရွှေမွန်မံချယ်လယ် အနေကဇာတင် ပြုစုကိုးကွယ်သ်
၃။ ရွှေဆင်ရှင်မြို့နေဘုရားအမမယ်ဘီသာသ္မီတစုကော
၄။ င်းမှုနိဗ္ဗာန်ဆုနတ်လူ သာဓုခေါ်စေသောဝ်

မုံရွာခရိုင် ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှတ (၂၅၊ ၇၊ ၁၉၀၁)
၁။ သက္ကရာဇ်**၁၂၆၃ခုဝါဆိုလွှန် ၁၀ရက်**
၂။ နေ့တွင်ရွှေဆင်မြို့ မြောက်နေအရပ်
၃။ အိန်လူမျိုးကောင်းမှုနိပ္ပာန်ဆုသာဒုနတ်
၄။ လူခေါ်စေသော်

ပင်းဒယစေတီကြီးကျောင်းရှိ ဘုရားမှတ (–၊ –၊ ၁၉၀၁)
သက္ကရာဇ် ၁၂၆၃ခုနှစ်တွင် ပြုစုကိုးကွယ်၍ ပြီးသည်၊ ဘုရာ ဒါယကာမ
အမည်သက်ရင် ကံ့ ရွာနေ မသဲအူကောင်းမှု နိဗ္ဗာန်ဆု

ညောင်ကန်ရွာကျောင်းရှိ ရုပ်ပွားတော်မှတ (–၊ –၊ ၁၉၀၃)
၁။ သက္ကရာဇ်၁၂၆၅ခု ဘုရားတဂါတိုက်သူကြီးမင်း ဇနီးမောင်နှတို့ ကောင်းမှု

ညောင်ကန်ရွာကျောင်းရှိ ရုပ်ပွားတော်မှ စာ(–၊ –၊ ၁၉၀၅)
၁။ **၁၂၆၇ခု။** ဘုရားအမ။မယ်နှင်းအု။သမီးမအိန်မင်းတို့ ကောင်းမှု

ညောင်ကန်ရွာကျောင်းရှိ ရုပ်ပွားတော်မှစာ(–၊ –၊ ၁၉၀၅)
၁။ **၁၂၆၇** ဘုရားအမ မယ်သင် သမီးမလေညို
၂။ ကောင်းမှု

မုံရွာခရိုင်ဆင်ရှင်ရွာကျောင်းရှိ ဆင်းတုတော်မှစာ(၂၁၊ ၄၊ ၁၉၁၀)
၁။ **၁၂၇၂ခု ကဆုန်လဆန်း၁၄ရက်နေ့တွင်** မြတ်စွာဘုရား
၂။ သတင်းသုံးတော်မူရန်ပြဿဒ်နှင့်တကွ အဘိုး၁၀၀တံ
၃။ ကိုဘုံးကြီးဦးဝိစာရကလှူဒါန်းသော ကောင်းမှု
၄။ နိဗ္ဗာန်ဆုသာဓုနတ်လူခေါ်စေသောဝ်

ညောင်ကန်ရွာကျောင်းရှိ ရုပ်ပွားတော်မှစာ (၂၈၊ ၆၊ ၁၉၁၄)
၁။ သက္ကရာဇ်**၁၂၇၆ခုဝါဆိုလဆန်း(၇) ရက်နေ့** ညောင်ကံရွာနေဘုရား အမယ် မယ်ဖွားကောင်းမှု

မုံရွာခရိုင် မင်းတိုင်ပင်ရွာ၊ ရွာဦးကျောင်းရှိ ဆင်းတုတော်မှစာ (ခုံမင်းမှာ ဦးသာမိုးဖြစ်သည်။) (၁၅၊ ၉၊ ၁၉၁၅)
၁။ မင်တိုင်ပင်ရွာနေဘုရားဒါယကါ
၂။ ခုံမင်း၊ဘုရားဒါဟီကာမခုံကတော်
၃။ တိုကလက္ခကံကွေး၊ကျပ်သုံးဒင်္ဂါး
၄။ ပျားရှေဗိုဝ်ပေး၍ မြတ်စွာဘု
၅။ ရားကိုစာတော်မြတ်သက္ကရာဇ်
၆။ **၁၂၇၇ခုနှစ်တော်သလ္လန်၇ရက်နေ့တွင်**
၇။ တည်ထားကိုကွယ်အနေကဇာတင်ပြီလျှင်
၈။ ကျွန်ုပ်တို့နှင့်အတူတကွအဖို့ဘာဂကိုရကျ
၉။ ၍ပြဟ္မာနတ်လူ သာဓုသာဓုခေါ်ကျစေသောဝ်
၁၀။ ခေါ်ပါစေသောဝ်

ပင်းဒယ၊ စေတီကြီးကျောင်းရှိ ဘုရားမှစာ (၅၊ ၂၊ ၁၉၁၂)
ပိဋကပ်ပြာပန်းပေါင်းကိုယ်တော်**သက္ကရာဇ်၁၂၈၂ခုပြာသို လဆုတ် ၁၃ရက်နေ့တွင်** ပြီးစီးအောင်မြင်သည်၊ ပင်းဒယမြို့ ရွာသစ်ရပ်နေ ဘုရားကျွာမင်းဘုရားအမ မအေးသားသမီးသစုတို့ ကောင်းမှုသာဓု နတ်လူခေါ်စေသော
ပင်းဒယ၊ စေတီတော်ကြီးကျောင်းရှိ ဘုရားမှစာ (၁၄၊ ၁၊ ၁၉၂၃)
ပန်းပေါင်းကိုယ်တော် ပိဋကတ်တော်**၁၂၈၄ခု ပြာသိုလပြည့်ကျော် ၁၃ရက်နေ့တွင်** ပြီစီအောင်မြင်သည် ပင်ဒယမြို့ ကန်ရှေတိုက် စေတီကုန်းရပ်နေ ဘုရားဒါယကာ ဦးခေါင်းဇနီမောင်နံ့ ကောင်မှု နတ်လူသာဓုခေါ်စေသော်

# ၇

# ကျောက်ဆည်နယ်

## ကျောက်ဆည်နယ်

ကျောက်ဆည်နယ်ကို လေ့လာရေးသွားတာက ဒီနယ်မှာ အင်မတန် ရှေးကျတဲ့ မြန်မာကျောက်စာတွေရှိတယ်၊ ဒါ့ကြောင့် မြန်မာတွေ မြန်မာ့မြေမှာ စပြီးနေကြတဲ့အခါ ဒီနေရာဟာ အရင်းအစဖြစ်နိုင်တယ်ဆိုတဲ့ အချက်ကို စူးစမ်းချင်လို့ ရောက်သွားတာပါပဲ။ ဒီလိုဆိုရင် ကျောက်ဆည်နယ်မှာ သတိ ထားပြီး ကျောက်စာတွေဖတ်ရမယ်။ ပြီးတော့ ဒီစကားဖြစ်နိုင် မဖြစ်နိုင် ဝေဖန်ရမယ်။ ဒီအလုပ်က အကြီးဆုံးတာဝန်ရယ်လို့ ကျွန်တော် နားလည်ထားပါတယ်။ ဒီလိုအယူအဆကို တင်ပြတဲ့လူက ပါမောက္ခဂျီအိပ်ချ်လုစ် ဖြစ်တယ်။ သူလိုလူဟာ ရာဇဝင်အကြောင်းအချက် တစ်ခုကို တင်ပြတဲ့အခါမှာ အထောက်အထား ပြည့်စုံမှ တင်ပြမယ့်လူ ဖြစ်တယ်လို့ တစ်ဖက်က ယူဆစရာရှိတယ်။ ဒါပေမယ့် သူ့အယူအဆကို ပြင်းပြင်းထန်ထန် အပြစ်ရှာ (AcidTest) ပြီးမှ အစစ်အဆေး ခံနိုင်တယ်ဆိုရင် ယုံကြည်ရဖို့ ရှိပါတယ်။ တစ်နည်းကလည်း အခုထက်ပြည့်စုံအောင် မရှာဖွေနိုင်သေးခင် သူ့တင်ပြထားသမျှကိုပဲ ယာယီလက်ခံထားရအုံးမှာပဲပေါ့ဆိုတဲ့ အယူအဆ ထားရမယ်။ သူ့စကားမဟုတ်နိုင်ဘူးလို့ ပြောတဲ့လူရှိရင် ပြင်းထန်တဲ့ မျိုးချစ်စိတ်ကလွဲလို့ ဘယ်နေရာမှာ ဘယ်လောက်တိကျအောင် သက်သေအထောက်အထားပြနိုင်သလဲလို့ ကြည့်ရမယ်။ မပြနိုင်ရင် "ဖွတ်ကျား"ပဲ ဖြစ်မယ်။ ဒီနေရာမှာ လူတချို့က "အင်္ဂလိပ်သြဇာက တယ်ကြီးတယ် သူတို့က မြန်မာရာဇဝင်ရေးတာ ယုံရရောလားကွာ"လို့ ငေါ့တော့တော့ မဲ့တဲ့တဲ့ ပြောသူတွေ ရှိပါတယ်။ ဟုတ်ပါတယ်။ အင်္ဂလိပ်နောက်လိုက်ဖြစ်ရင် "ကျွန်စိတ်" မကုန်သေး လို့ဆိုတဲ့ သရော်ခံရစရာဖြစ်မယ်။ ဒါပေမယ့် မြန်မာဟာ တစ်ခါက အင်္ဂလိပ်ကျွန်ဖြစ်ခဲ့လို့ အင်္ဂလိပ်ကို စိတ်နာပြီး အင်္ဂလိပ်ပြောသမျှကို ဆန့်ကျင်ပေတော့ဆိုရင်လည်း မှားမှာပဲ မဟုတ်လား။ သူတို့ပြောသွားတာထဲမှာ တမင်ပဲ နောင်အခါ မြန်မာတွေ ပြည်တွင်းရေး ဒုက္ခတွေ့အောင်ဆိုပြီး နောက်တစ်ကြိမ်တစ်ခါမှာ ထပေါက်အောင် ခုကပဲ လှမ်းလှမ်းကနေပြီး စနက်တန်ကို မီးရှို့ခဲ့မယ်ဆိုတဲ့ စကားမျိုးပဲ ဖြစ်မလား၊ ဒါမှ မဟုတ်ရင် ပညာရပ် တစ်ခုအနေနဲ့ ရှာဖွေပြီး တွေ့တဲ့အတိုင်း မှတ်တမ်းတင်ခဲ့တယ်။ မခံနိုင်ရင် လဲသေနိုင်တယ် ဆိုတဲ့ စကားမျိုးလား ဆိုတာ ကျွန်တော်တို့ မြန်မာတွေက စစ်ဆေးကြပါ။ ဒီနေရာမှာ "အင်္ဂလိပ်သြဇာခံ" မဟုတ်ပဲ "တရားသူကြီး" အနေနဲ့ တရားလို တရားခံ အဆိုနှစ်ပြင်ကို ကြားနာပြီး စီရင်ချက်ချဖို့ဟာ ငါ့တာဝန်ပဲလို့ဆိုပြီး၊ အဆိုနှစ်ပြင်ကို လေ့လာပါ။ ဒီလို ဘာပြုလို့ပြောရ သလဲဆိုရင် အဆိုနှစ်ပြင်ကို တစ်ခါမှ စေ့စေ့စပ်စပ် မကြားဘူး၊ မလေ့လာဘူး၊ မဖတ်ဘူးပဲ

သတင်းစကားနဲ့ဝင်ပြီး လက်သီးလက်မောင်းတန်းတဲ့ လူတွေများလွန်းလို့ အခု ဒီအဆို နှစ်ပြင်ကို ကျွန်တော် တင်ပြမယ်။ ကျွန်တော်လည်း တရားသူကြီးလုပ်မယ်၊ ဖတ်တဲ့လူလည်း တရားသူကြီးပေါ့။ *ဒါပေမယ့် တရားသူကြီးအချင်းချင်း သဘောကွဲလွဲတဲ့အခါ ရှိတတ်သေး* တယ်။ ဒီတော့လည်း အချင်းချင်း ရှင်းကြသေးတာပေါ့။ မြန်မာတွေ မြန်မာမြေပြန့်မှာစပြီး ဝင်လာနေထိုင်တဲ့အခါ အစဦးဆုံး ကျောက်ဆည်နယ်ဖြစ်မယ် ထင်မယ်ဆိုတဲ့ စကားကို ပါမောက္ခ ဂျီအိပ်ချ်လုစ်ကစပြီး တင်ပြတဲ့အခါ "ဘယ်ဟုတ်ရမလဲ "မြန်မာအစ တကောင်းက" ဆိုတဲ့ စကားကို ဘယ်သွားလွှင့်ပစ်ရမလဲ"လို့ ပြန်ပြီး ဦးဖိုးလတ်က ချေပပါတယ်။ ဆိုပါ တော့၊ ဒီ"လု-လတ်အမှု"မှာ တရားသူကြီးလုပ်ကြစို့။ ဆရာလုစ်ဟာ သူ့အဆိုကို တရားဝင် ၃၊ ၈၊ ၁၉၅၇၊ ဖြ နေ့ မြန်မာသုတေသနသင်းအစည်းအဝေးမှာ စာတန်းရေးပြီးဖတ်တယ်။ **မြန်မာသုတေသနသင်း ဂျာနယ်** အတွဲ ၄၂၊ အပိုင်း၁၊ ဇွန်၊ ၁၉၅၉၊ စာမျက်နှာ ၇၅-၁၁၂မှာ ပုံနှိပ်တယ်။ အင်္ဂလိပ်ဘာသာရေးဖြစ်လို့ မြန်မာလိုပြန်ပြရမယ်။ အင်္ဂလိပ်လိုရေးထားလို့ မြန်မာတွေဖတ်ရတာ မခက်ပေမယ့် အနှံ့အပြား မဖတ်မိကြဘူး ထင်တယ်။ ဒါ့ကြောင့် မြန်မာလို ပြန်ဖို့လိုမယ်။ ဒီနေရာမှာ ရာဇဝင်စာတန်းကို မြန်မာလိုပြန်ရတာ ဂရုပြုရပါတယ်။ သူညွှန်းတဲ့ ကျောက်စာကို ပြန်ဖတ်ရပါတယ်။ သူက မြန်မာကျောက်စာကို အင်္ဂလိပ်ပြန်၊ နောက်တစ်ယောက်က အင်္ဂလိပ်ကို မြန်မာလိုထပ်ပြန်ဆိုရင် လွဲတတ်တယ်။ ဒီတော့ သူ ကိုးကားတဲ့ ကျောက်စာကို မူလအတိုင်း ဘာသာပြန်တဲ့လူက လိုက်ဖတ်ရတယ်။ မတော်တဆ သူ့ အဓိပ္ပာယ်ကောက်လွဲရင် ဒီနေရာမှာပဲ ဘာသာပြန်တဲ့လူက "လွဲတယ်၊ သဘောမကျ"စတဲ့ မှတ်ချက် ထည့်လိုက်မယ်။ ဒါလည်းအင်မတန် ဖြစ်ခဲပါတယ်။ လုစ်ရဲ့ စာတန်းကို ချေပတဲ့ အခါ ခေါင်းဆောင်တွေက ကွယ်လွန်ပြီးကြတဲ့ သတင်းစာဆရာ ဦးသိန်းမောင်နဲ့ ကျောက်စာ ဝန်လို့ လွယ်လွယ်ခေါ်နေကြတဲ့ ရှေးဟောင်း သုတေသနညွှန်ကြားရေးမှူး ဦးဖိုးလတ်တို့ပါပဲ။ သူတို့ပြောစကားတွေလည်း ပုံနှိပ်ပြီးစာအုပ်တွေနဲ့ရှိပါတယ်။ ဦးဖိုးလတ်ရဲ့ **မြန်မာအစ** တကောင်းကို ဒဂုန် ဦးလှဘောက ၁၅၊ ၆၊ ၁၉၆၆ ရက်စွဲနဲ့ နိဒါန်းရေးပြီး ဦးဖိုးလတ် ကွယ်လွန်ပြီးမှ ထွက်လာပါတယ် (ပုံနှိပ်တိုက် အမည်မပါ။) သတင်းစာဆရာ ဦးသိမ်းမောင်ရဲ့ စာတန်းတွေစုပြီး **ပင်တိုင်ခံနှင့် သူရဲကောင်း** အမည်နဲ့စာတစ်အုပ်ကို ရန်ကုန် ဇွဲပုံနှိပ်တိုက်က ၁၉၆၆ ခုနှစ်ဦးမှာ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

> ပါမောက္ခလုစ်၏ မြန်မာရာဇဝင် ပြင်ဆင်တီထွင်ချက်ကို တပည့် လက်သားများက အတည်ပြု၍ စွယ်စုံကျမ်းနှင့် ကျောင်းသုံး မြန်မာရာဇဝင် သမိုင်းများထဲအထိ ထိုးသွင်း၍ နောင်လာနောင်သားတို့အား သင်ကြားနေသည့်ကိစ္စ (ဒဂုန်ဦးလှဘော၊ ၁၅-၆၁၉၆၆)ကို တရားသူကြီး လုပ်ပြီး နားထောင်ကြပါစို့။

၉၊ ၈၊ ၁၉၅၇

## သုတေသနသင်းတွင် ပါမောက္ခဂျီအိပ်ချ်လုစ် တင်ပြသည့်

## ရှေးကျောက်ဆည်နှင့် မြန်မာများ ဝင်လာပုံ

ယခင်အနှစ်နှစ်ဆယ်၊ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ၊ ၂၇ရက် မြန်မာသုတေသနသင်းမှာ "ပုဂံခေတ် မြန်မာနိုင်ငံပထဝီဝင်"အမည်နှင့် စာတန်းတစ်စောင်ကို ကျွန်တော်ဖတ်ခဲ့ဖူးပါပြီ။ ထိုစာတန်းတွင် မြန်မာနိုင်ငံမြေပြန့်ကို မြန်မာတို့ဝင်ရောက်နေထိုင်သည့်အခါ မူလဒေသသည် တကောင်းမဟုတ်၊ ကျောက်ဆည်ဖြစ်ရာ၏ဟု အထောက်အထားများနှင့်တကွတင်ပြခဲ့ပါသည်။ အဆိုပါ ယူဆချက်များကို ယခုတိုင် (နှစ်နှစ်ဆယ်မျှကာလအတွင်း) ပြောင်းလဲခြင်း မရှိသည့်ပြင် ပို၍ ပို၍ အခိုင်အမာ ယုံကြည်လာမိပါသည်။ ထို့ကြောင့် ယနေ့ အများခွင့်ပြုမည်ဆိုပါက အဆိုပါ ယုံကြည်ချက်ကို အကျယ်တဝင့် ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။

မြန်မာသမိုင်းဆရာ (အချို့)၏ ရှေးအယူအဆမှာ "မြန်မာအစ တကောင်းက" ဖြစ်သော်လည်း ယင်းစကားကို အလေးအနက် ဆွေးနွေးရန် သင့်သည်ဟုပင် မယူဆပါ။ အဘိရာဇာ၊ ဓဇရာဇာပုံပြင်များကို ဂေါတမရှင်တော် ဘုရား၏ သာကီဝင်အမျိုးအဆက်တွင် မြန်မာတို့လည်းအပါအဝင်ဖြစ်လေအောင် တီထွင်ခြင်းပင် ဖြစ်မည်ဟု မှတ်ယူဖွယ် ရှိပါသည်။ သို့သော် မြောက်ပိုင်း အိန္ဒိယတိုင်းသားတစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့ ယှဉ်ပြိုင်၍ နေသည့် အကြားတွင် မြန်မာတစ်ဦးကို ရပ်စေလျှင် မြန်မာ၏အမျိုးဆက်မှာ မည်သည့်ဘက်နှင့်ဆက်စပ်မည်ကို မြင်ရုံနှင့်ပင် သိသာတော့သည်။ မြန်မာစာနှင့် ပါဠိကိုလည်းကောင်း၊ မြန်မာစာနှင့် တိဗက် သို့မဟုတ် ရှေးတရုတ်စာနှင့်လည်းကောင်း၊ တစ်နာရီမျှ ယှဉ်တွဲ၍ လေ့လာမိလျှင် ဘာသာစကားအနေဖြင့်လည်း မည်သည့်ဘက်နှင့် အဆက်အစပ် ဖြစ်မည်ကို သိသာပါသည်။ ထို့ပြင် ရှေးမြန်မာစာများ၌ တကောင်းကို **သင်တွယ်ပြည်**ဟု ဖော်ပြလေ့ရှိလျက် ရှေးကဒူး(ကန်တူ)တို့၏ မြို့တော်ဖြစ်ကြောင်း တရုတ်**ယွန်ရှီ**ကျမ်းတွင် အသေအချာဖော်ပြပြီး ဖြစ်ပါသည်။ (ကျမ်းကိုးအညွှန်းများကို မူရင်းတွင် စာမျက်နှာ စသည်တို့ဖြင့် အတိအကျ ဖော်ပြထားသည်များကို ယခုဘာသာပြန်တွင် မထည့်နိုင်ပါ။ အသေအချာ သိလိုသူများ မူရင်းကို အသုံးပြုပါရန်) အနိရုဒ္ဓတွင် ခေတ္တမျှ အညံ့ခံသည်ဟု ထင်ရ၏။ သို့သော် ယင်းတို့ကို မြန်မာက ပုဂံခေတ်နှောင်း အေဒီ ၁၂၂၈ ခုနှစ်တွင်မှ အပြီးနိုင်သည်။ မြန်မာတို့သည် (ယခုမြန်မာနိုင်ငံခေါ်သည့် မြေဒေသကို) ဧရာဝတီမြစ်ရိုးအလိုက် ဆင်းလာကြသည်မဟုတ်၊ မြန်မာအုပ်စုတွင် အနောက်ဘက်စွန်းကျသည် ဖုန်းတို့သည် ဧရာဝတီကြောင်း ဆင်းသည်မှန်၏။ သို့သော် မြစ်ကြီးနားနှင့် ဗန်းမော်အကြား ပထမမြစ်ကျဉ်းအရပ်ထက် တိုး၍ သွားမရသည်ကို တွေ့ကြရပါသည်။

တရုတ်မှတ်တမ်းများတွင် ၉ ရာစု မြန်မာဒေသအကြောင်းကို အသင့်အတင့် ပြည့်စုံအောင် ရေးသားပါရှိ၏။ (စာတန်းဖတ်စဉ်က ကာနယ်ဗရှင် ပထမဆုံးအကြိမ် စမ်းသပ်ရေးဆွဲပေးသည့် အဖိုးတန် မြေပုံကိုညွှန်းလျက်) ယခုပြထားသည့် နန်ကျောင်မြေပုံမှာ မြန်မာအမည်ငါးဆယ်မျှ ထည့်သွင်းနိုင်ပါသည်။ မည်သည့်နေရာတွင် ထည့်ရမည်ဟု မသိ

သေးသည့် အမည်ငါးဆယ်ကျော်လည်း ရှိပါသေးသည်။ ထင်ရှားသည့် အချက်မှာ ဗြိကွေတြ ဆိုတဲ့ပျူအမည်နှင့် မုတ္တမဆိုသည့် အမည်များမှ လွဲ၍ ကျန်အမည်တို့သည် ပုဂံခေတ်၌ပင် ဆက်လက်မသုံးစွဲကြတော့ကြောင်း တွေ့ရပါသည်။ အဆိုပါအချိန်ကာလ အတွင်း၌ ကြီးကျယ်သည့် အပြောင်းအလဲများဖြစ်ကြောင်း ထင်ရှားလှပါသည်။ ကိုးရာစု အတွက် အခြေခံမှတ်တမ်းကား အေဒီ ၈၆၃ တွင် ဖန်ချောရေးသည့် မန်ရှူခေါ် နန်ကျောင် တို့အကြောင်း စာအုပ်ပင် ဖြစ်ပါသည်။

ထိုစာအုပ်တွင် ဖော်ပြသည့် နှစ်အပိုင်းအခြားကို လွန်ပြီးနောက် အနိရုဒ္ဓက အေဒီ ၁၀၅၀ တွင် သထုံ အောက်မြန်မာနိုင်ငံကို မသိမ်းသွင်းမီ အချိန်အထိ မြန်မာနိုင်ငံ၏ အကြောင်းကို ဘာမျှသေချာအောင် မသိတော့ဟု ဆိုရချေမည်။ ယင်းမှလွန်ပြန်သောအခါ မွန်နှင့်ပါဠိသက္ကတ ကျောက်စာတို့မှလည်း အကြောင်းအချက် အနည်းငယ်မျှသာ သိကြရပါ သည်။ မြန်မာလို ရေးထိုးသည့် မူလထိုးကျောက်စာများကား အေဒီ ၁၁၇၄ ခုနှစ်၊ နရပတိ စည်သူ လက်ထက်တိုင်အောင် အရည်အတွက်အားဖြင့် ဆယ်ခု မကျော်ချေ။ နရပတိ စည်သူကား ပထမဦးဆုံး မြန်မာဘာသာဖြင့် မော်ကွန်းစာတမ်းရေးထိုးသည့် မြန်မာမင်းပင် ဖြစ်ပါသည်။ ထိုအေဒီ ၁၁၇၄ ခုနှစ်မှစ၍ မြန်မာဘာသာကျောက်စာ အရည်အတွက် တဖြည်းဖြည်းများပြားလာသဖြင့် အေဒီ ၁၃၀၀ မတိုင်မီ ကျောက်စာမျက်နှာပေါင်း ၅၆၀ ကျော် အစုစု စုဆောင်းရရှိပါသည်။

ထို့ကြောင့် အခြေခံ ပြဿနာမှာ ၈၆၃ မှ ၁၀၅၀ အတွင်း ရာဇဝင် ကွက်လပ်ကို ဖြည့်၍ ပြောနိုင်ရန် သို့မဟုတ် ဖန်ချောနှင့် နရပတိစည်သူတို့ အကြား ၈၆၃ မှ ၁၁၇၄ အထိ အဖြစ်အပျက်တို့ကို ဖော်ထုတ်ရန်ပင်ဖြစ်တော့သည်။ အစကနဦး အခြေအနေကို ဖန်ချောက အတန်ငယ် ပြည့်စုံအောင် ဖော်ပြသွားသဖြင့် ကံကောင်းလှပါသည်။ မြန်မာ ကျောက်စာတို့ကလည်း အဆုံးအပိုင်း၌ အချက်အလက်ဖော်ပြခြင်း များလှသည်။ ထို့ကြောင့် ကွက်လပ်ကို ပေါင်းကူးတံတားထိုး၍ ဖြစ်နိုင်ပါ့မည်လားဟု ရုတ်တရက် စိုးရိမ်မိသလို စင်စစ်အားလျော့ဖွယ် မဟုတ်ကြောင်း တွေ့ရပါသည်။ အရေးအပါဆုံး ကဏ္ဍမှာ မြန်မာတို့ ဝင်ရောက်လာပုံနှင့် မြန်မာမြေပြန့်ကို အုပ်စီးပုံပင် ဖြစ်ပါတော့သည်။

ယုန်င်ချန်င် (ပဝ်-ရှန်) တစ်ဝိုက်တွင်နေခဲ့သည့် မူလမြန်မာတို့ အကြောင်းကို ဖန်ချောသည် ကောင်းစွာသိ၏။ ထိုဒေသကား "နမောခမှ မြောက်မယ်ခေါင်မှ အရှေ့နှင့် သိန္ဓုမှတောင်"အရပ်ပင်ဖြစ်ပါသည်။ ထိုဒေသတွင် နေထိုင်သူတို့ကို အမျိုးလိုက်ဆိုင်ရာ အကြီးအကဲကို ခေါ်လေ့ရှိသော အမည်ဖြင့်ပင် အမည်ပေး၍ ဖော်ပြသွားပါသည်။ ယုန်င်-ချန်င်၏ တောင်ဘက်တွင်နေသူတို့က **မင်း** သို့မဟုတ် **မင်းစော** ဟုခေါ်ပါသည်။ (ကိုယ့် ဘုရင်ကို မင်း/မင်းစောဟု ခေါ်လေ့ရှိလျှင် ထိုအမျိုးကို မင်း/မင်းစောမျိုးဟု ဖန်ချောက ရေးသားဖော်ပြ၏။) အရှေ့ဘက်ကျသည့် သံလွင်မြစ်နှင့် မဲခေါင်မြစ်ကြားတွင် နေသူတို့ကို ဝန်ကျူ ဟုခေါ်ပြန်၏။ စင်စစ် **ဝန်ကျူ**သည် **မင်းစော** နှင့် ဒေသကြောင့် အသံထွက် ငြိမ်းယိမ်းသော အဓိပ္ပာယ်တူဝေါဟာရပင်ဖြစ်ပါသည်။ **ဝန်ကျူ**မျိုးနှင့် ယင်းတို့နှင့် အလွန် နီးစပ်သည့် ဖုတို့သည် ထင်ယွေ့ဝန်းကျင်တွင် နေကြလျက် ယွန်နန်တွင် အကျော်ကြားဆုံး မြင်းမျိုးကိုမွေးကာ အကောင်းဆုံး မြင်းသည်များ ဖြစ်လာကြလျက် (ပိုးစာပင်သစ်သားဖြင့်) အကောင်းဆုံး လေးတံကို လုပ်နိုင်စွမ်းသူများ ဖြစ်ပါသည်။ ထိုလူမျိုးစုများသည် ပထမတန်း

စစ်သည်များ ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိ။ ဖန်ချောသည် သူ၏ အမှတ်အသားတွင် ယုနင်–ချုန်င်မှ တောင်သို့ ခြောက်စခန်းကွာသော နေရာအထိသာ တောင်ဘက်သို့ ပေါက်ရောက်သည်ဟု သိရ၏။ သို့သော် သူသည် တောင်ဘက်သို့ ကူးပြောင်းရွှေ့ရှား သွားကြသူများ အကြောင်းကို အမြီးပိုင်း အခြေအနေမျှသာ သိလိုက်သည်။ မူရင်း အုပ်စုသည် (ကျွန်တော် မှန်းသလို) ကျောက်ဆည်သို့ မရောက်သေးသည့်တိုင်အောင် အနောက်တောင်သို့ ဦးတိုက်လျက် ဆင်းလာသူတို့သည် မြောက်ပိုင်းရှမ်းပြည်တွင် အနှံ့အပြား ပေါက်ရောက် လျက်ရှိကြမည်ဖြစ်ပါသည်။

မြန်မာတို့ အဘယ်ကြောင့် မြေပြန့်သို့ ဆင်းလာကြပါသနည်း။ အဖြေများမှာ လွယ်ကူပါသည်။ ပဓာနအားဖြင့် နန်ကျောက် ရန်ကိုရှောင်ရှားခြင်း ဖြစ်၏။ အရှေ့ဘက်တွင် သံလွင်နှင့် မဲခေါင်ကြားမှ ဝန်ကျူတိုသည် အေဒီ ၇၁၃ အလွန်တွင် နန်ကျောင်မင်းရှဲန်င်လောဖိ၏ နှိမ်နင်းခြင်းကို ပထမ ခံလိုက်ရ၏။ ထိုရှစ်ရာစုဝက်တွင် နန်ကျောင်မင်းတစ်ပါး ဖြစ်သော ကောလောဖုံန်သည် ဖုထဝ်နှင့် တိဖက်၊ အာသမ်နယ်စပ်များသို့ စစ်ကြောင်းဖြန့်၍ တိုက်ခိုက်သောအခါ မူလမြန်မာတို့တွင် ဒုက္ခကြီးစွာ ရောက်ချေမည်။ ထိုမင်း၏မြေး ဣမိုယုန်သည် မင်းအမျိုးစုကို အေဒီ ၇၉၄ခုတွင် တိုက်ခိုက်သည်ဟု အဆိုရှိပါသည်။ ချဲန်င်တုမှ ဟန္တိုင်အထိ ပေါက်ရောက်အောင် နန်ကျောင်တို့ မပြတ်စစ်ချီရာတွင် အဆိုပါ လူတို့တွင် စစ်သားဆင့်၏။ စုရသမျှ ထိုစစ်သားတို့ကိုလည်း ရှေ့တန်းကထား၍ ချီတက် တိုက်ခိုက်စေလေသည်။ ဖန်ချော၏ မှတ်တမ်းအရ ထိုသူတို့ လိုက်နာရသည့် စစ်စည်းကမ်းမှာ အလွန်ပြင်းထန်ကြောင်း သိရပါသည်။ လေ့ကျင့်ခန်းကောင်းသဖြင့် အဖိုးတန်သော်လည်း ဖိစီးနှိပ်စက်သော နန်ကျောင်ကို ကြောက်လျက်ရှိရှာမည်။

ယင်းဒုက္ခမှ လွတ်မြောက်ရန် လွင်ပြင်မြေပြန့်ကိုဆင်း၍ နေခြင်းသာလျှင် အဖြေရှိ၏။ မြေပြန့်သို့ ဆောင်းအခါဆင်း၍ လုမည်ဖြစ်သော်လည်း နန်ကျောင်တို့အမြဲလိုက်၍ နှိပ်စက်မနေနိုင်ချေ။ သို့သော် လိုက်ဝံ့သလောက် လိုက်လာပါသေးသည်။ ဧရာဝတီလွင်ပြင်ကို အထက်မှမိုးနေသည့် မောလိနင်နှင့် ချိုယိုအင် တောင်များပေါ်တွင် ကောလောဖုံန် သို့မဟုတ် ယင်းကို ဆက်ခံသည့် မင်းများက လာ၍ ခံမြို့တည်ဆောက်ခဲ့သေးတယ်။ ထိုတောင်ရိုး၏ အနောက်စပ်တွင် အစွန်ဆုံးခံတပ်အဖြစ်ဖြင့် ရှုံန်–လုနင်ခံတုပ်ကို တည်ဆောက်ပါသည်။ ထိုနေရာကို မိုးမိတ်နယ်၏မြောက်စွန်း၊ ကသာမှအရှေ့တောင်သို့ တစ်ဆယ့်ငါးမိုင်၊ အနိရုဒ္ဓ အမည်ပါ မြေပုံဘုရားတို့ တွေ့ရှိရာ ဒေသတို့တွင် မြောက်ဘက် အကျဆုံး ဒေသဖြစ်သည့် ငါးအိုအနည်း၊ နွားတလည်ရွာဆိုး ဖြစ်မည်ဟု ယာယီ သတ်မှတ်ရပါသည်။ အနိရုဒ္ဓသည် (နန်ကျောင်ကို ဆိုလိုသော) ဂန္ဓာလရာဇ်ကို တိုက်ခိုက်သည်ဆိုခြင်းမှာ ဧရာဝတီ အညာရပ်ကို အမြဲခြိမ်းခြောက် ရန်မူနေသည့် ထိုခံမြို့ကို ဖျက်စီးခြေမှုန်း၍ အောင်မြင်ချင်းပင် ဖြစ်မည် ထင်ပါသည်။ ထိုဒေသမှ အနောက်သို့ မျှော်၍ကြည့်ပါလျှင် “မည်သည့်ဒေသမျှ ငှက်ဖျား ရောဂါနှင့်မကင်းသည့် အရပ်များကို” အစဉ်တစိုက်တွေ့မည်ဟု ဖန်ချောက ဆိုပါသည်။ မြေမျက်နှာပြင်ကား စားသွေးကျောက်ပမာညီ၏။ ဆောင်းအခါ မြက်သစ်ပင် အရွက်မကြွေ။ နေ့စဉ် နေလုံးသည် (အနောက်အရပ်၌) မြက်ခင်းပြင်တွင်းသို့သာ ဝင်၍သွား၏(ဆိုလိုသည်မှာ ထိုဒေသ၏အနောက်ဘက်၌ တောင်ရိုးတောင်တန်း မရှိ) (နန်ကျောင်)အရာရှိတို့ အားလုံး လိုလိုပင် ငှက်ဖျားနှင့်အိုင်းနာကို ကြောက်ရွံ့ကြသည်။ တချို့ကား တာဝန်ထမ်းရမည့်

နေရာတွင် မနေရဲသဖြင့်တခြားနေရာကနေ၍ အလုပ်ကိစ္စကို စီမံခန့်ခွဲသဖြင့် ကိုယ်တိုင် ကိုယ်ကျ မျက်မြင်ခန့်ခွဲခြင်းမရှိဟု ဆိုချေမည်။ နန်ကျောင်တို့သည် မောလိန်တောင်ရိုးတွင် ခံမြို့ကို အထူးလိုအပ်သဖြင့် ဆောက်ထားခြင်းဖြစ်၍ မြောက်ပိုင်းမြန်မာနိုင်ငံ၏ လူဦးစု တစ်ဆယ်နှင့် ရပ်ဝန်းငါးခုကို အုပ်စီးရန် စိတ်ချယုံကြည်ရဆုံး အရာရှိကိုသာ လွှတ်၍ အုပ်ချုပ်စေခဲ့ပါသည်။

မြန်မာတို့အတွက် အေဒီ ၈၃၂ လွန်လျှင် အခွင့်သာ၍လာပါသည်။ ယခုနယ်နိမိတ် အထိ မြောက်ပိုင်းရှမ်းပြည်သည် ထိုစဉ်အခါက အနည်းဆုံး အမည်ခံမျှသော်လည်း ပျူတို့ လက်အောက်တွင် ရှိနေပါသည်။ ဧရာဝတီနှင့် မူးမြစ်တို့၏အကြား ရေဝေကုန်းလျှော၏ အနိမ့်ပိုင်း၊ ရွှေဘို၏ တောင်ဘက်တွင် ဟန်လင်းကြီးရှိ၏။ ထိုနေရာသို့ ပျူတို့သည် ယင်းတို့၏ တောင်ဘက်မြို့တော် ဂြိတ္တေတြ (ရေးပြည်မြို့) မှ ဆုတ်ခဲ့သည်မှာ အနှစ်တစ်ရာ ခန့် ရှိပါပြီ။ နန်ကျောင်သည် အေဒီ ၈၃၂ တွင် ပျူမြို့တော်ကို တိုက်ခိုက်လုယက်လျှက်၊ သုံ့လူ ၃၀၀၀ မျှယူခါ၊ (ယွန်နန်မှ) ကျေတုန်င်၌ စေပါးရန် ပို့လိုက်၏။ "ထိုသုံ့လူတို့သည် မိမိတို့ဘာသာ ရှာကြံ၍ အသက်မွေးကြရမည်ဖြစ်၏။" ထို့ပြင် ဖန်ချောက ဆက်၍ အေဒီ ၈၆၃ ခုတွင် ပြောပြန်သည်မှာ "ယင်းသုံ့လူတို့မှ ဆင်းသက်သူတို့သည် ယခုအခါ ငါးနှင့် ပိုးမွှားစား၍ အသက်ဆက်လျက် ယခုတိုင်ရှိကြပါသည်။ ဤကား(ပျူ) တို့၏ ဇာတ်သိမ်း တည်း" ဟူ၍ဖြစ်ပါသည်။

နောင်သုံးနှစ်အကြာ အေဒီ၈၃၅ခုတွင် နန်ကျောင်တို့သည် တောင်ပိုင်း မြန်မာနိုင်ငံ၏ ဟသ်ာတောင်ရိုးအရှေ့၊ ရေးပဂိုးဟု ယူဆရသော မွန်တို့၏ (?) အကြီးဆုံးမြို့ **မိချန်**ကို ဖျက်စီးရန် ချီတက်ကြသည်။ "ရွှေငွေကို အရလုသည်။ ထိုအမျိုးသား ၂၀၀၀မှ ၃၀၀၀အထိ ဖမ်းယူသည်။ **လီရွှေ့** (ဧရာဝတီအညာပိုင်း) တွင် ရွှေကျင်ရန် ပို့လိုက်သည်"ဟု ဆို၏။ ပျူတို့ အထုအထနှင့်နေသည်မှာ ဧရာဝတီမြစ်ရိုးနှင့် ယင်းမှ အနောက်သို့ဖြန့်လျက်ရှိကာ မွန်တို့ကား "ရထားလမ်းရိုးတစ်လျှောက်နှင့် ယင်းမှအရှေ့သို့ဖြန့်လျက်တည်ရှိခဲ့၏။ သို့မှသာ ယခုယိုးဒယား နိုင်ငံဘက်ရှိ မွန်တို့၏ အရင်းနီးဆုံး အမျိုးစုနှင့် နီးကပ်ချေမည်။ စင်စစ် ထိုအခါက ယိုးဒယားနိုင်ငံကို မွန်အမျိုးအဆက်များကသာ လွှမ်းမိုးအုပ်ချုပ်လျှက်ရှိပါသည်။ (ယခုမူ နန်ကျောင်၏ရန်စစ်ကြောင့်) မြန်မာနိုင်ငံမြေပြန့်တွင် အုပ်စီးမည့်သူမရှိ၊ နှစ်ဆင့်ထပ် ကွက်လပ်ဖြစ်ရ၏။ (ပျူရော မွန်ပါ ပျက်စီးခိုက်ဖြစ်၍ ယင်းသို့ ဆိုသည်)။ ယင်းကာလမှာ မြန်မာ့သမိုင်းတွင် အရေးပါဆုံးကာလဟု ဆိုချင်ပါသည်။ မြန်မာတို့သည် အစုလိုက် အပ်ချီ၍ ကျောက်ဆည်မြေပြန့်ကို သက်ဆင်းလာကြပါတော့သည်။

အဘယ်ကြောင့် ကျောက်ဆည်ဟု ဆိုရပါသနည်း။ မြောက်ဘက် ယွန်းယွန်းမှ နန္ဒလေး၊ တောင်ဘက်ယွန်းယွန်းရှိ ရမည်းသင်း သို့မဟုတ် ယခုတိုင် ကရင်တောင်သူတို့ သက်ဆင်းရာ လမ်းကျသည့် တောင်ငူ မဖြစ်နိုင်သလောဟု မေးဖွယ်ရှိပါသည်။ ရှေး ကျောက်ဆည်နယ်၏ သမိုင်းပြမြေပုံကိုကြည့်လျှင် အဖြေပေါ်နိုင်၏။ ထိုခရိုင်တွင် ပါမောက္ခ ဒေါ်သင်းကြည်သည် ကြိမ်ဖန်များစွာ ကွင်းဆင်းလေ့လာလျက် ယခုမြေကြီးပုံတစ်ခုရေးဆွဲဆဲ ရှိနေပါသည်။ ကျောက်ဆည် မြေပြန့်ကား စတုရန်း ၅၆၃ မိုင်မျှသာ ရှိ၏။ ကျောက်ဆည် မြေပုံတွင် နေရာရှာ၍ တပ်ရန် ရှေးအမည်များကား ထို ၅၆၃ အရေအတွက်ထက် များစွာ ရှိပါသည်။ သို့သော် မည်မျှပင် ကြိုးစားစေကာမူ ထိုအမည်များ၏ အနည်းငယ်သော

အစိတ်အပိုင်းမျှကိုသာ နေရာမှန်ရှာ၍ ရနိုင်မည်ဟု ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆက်သွယ် မှိုင်ငြိမ်းပြိုသွယ် အဆောက်အအား အလွန်နည်းသည်။ ယခု လူတို့က ရှေးမြို့ရွာ အမည်များကို ခေါ်ဆောင်ကျန်ခဲ့ပြီ။ သို့သော် ယခုရရှိထားသောအမည်အားလုံးပင် တစ်ခါက ကျောက်ဆည်နယ်၏ အမည်များဖြစ်ကြောင်း သေချာ၏။ ဤတွင် သတိပေး စကားညှပ်၍ ပြောခွင့်ပြုပါရန် တောင်းပန်ပါသည်။ မြန်မာတို့သည် ကျောက်ဆည်အရပ်မှ မြန်မာနိုင်ငံ အနှံ့ပြန့်၍ နယ်သစ်ပယ်သစ် တည်ဆောက်ကြသောအခါ မြို့ရွာအမည်များလည်း လူတို့နှင့် အတူ ပျံ့နှံ့သွားပါသည်။ မြန်မာအမည်မှန်လျှင် အဓိပ္ပာယ်တစ်မျိုးမျိုးကောက်ယူ၍ ရကောင်း၏။ များသောအားဖြင့် မြန်မာအမည်များသည် ရက္ခဗေဒဆန်၏။ လက်ပံရွာ၊ ညောင်ပင်ကြီး၊ ပေါက်တောဆိုသည့် အမည်များကို မြေပြန့်အနှံ့ တွေ့ရတတ်ပါသည်။ သို့သော် ကျောက်စာပါ အမည်များကို စာရင်းတင်၍ ကြည့်ပါလျှင် ကျောက်ဆည်သည် မူလအရင်းခံဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ လက်တွေ့ အမှားတွေ အမြောက်အမြားပြုလုပ်ပြီးခါမှ ကျွန်တော် ဤမှတ်ချက်ကို ပြောပြနိုင်ခြင်း ဖြစ်ပါသည်။ ပျဉ်မနား၊ တောင်ငူ၊ မြင်းခြံ၊ တံတားဦး၊ ငန်းဇွန်၊ ညောင်ရမ်း၊ ဝါးရင်းတုတ်စသည်တို့သည်၏ ရှေးနေရာများကား ယခုအလားတူ နေရာအမည်များရှိရာ အရပ်များ မဟုတ်ချေ။ အပင်ပန်းခံ၍ စာရင်းကပ်ပြားများတင်၍ တိုက်ဆိုင် စစ်ဆေးသောအခါတွင်မှ ယင်းအမည်များသည် ကျောက်ဆည်နယ်နှင့် သက်ဆိုင် ကြောင်း တွေ့ရချေမည်။

ကျောက်ဆည်နယ်၏ မူလထိုးကျောက်စာများအနက် ကျောက်မျက်နှာ လေးဆယ့် လေးသည် အေဒီ ၁၂၂၈ ကုန်သည်အထိ ပုဂံခေတ်မှ ဖြစ်၏။ ခုနှစ်ဆယ့်ငါးသည် အဝမြို့ မတည်မီ အေဒီ ၁၂၈၉ မှ ၁၃၆၅အထိ မြင်စိုင်း/ပင်းယခေတ်မှဖြစ်သည်။ ပုဂံမြို့ ဝန်းကျင်နှင့်စာလျှင် ပုဂံခေတ်ကျောက်စာများကို ဒုတိယအများဆုံးတွေ့ရသော နယ်ဖြစ်ပါ သည်။ မြစ်ငယ်ကိုကူး၍ မြောက်ဘက်သို့သွားလျှင် မန္တလေးနယ်၌ ပုဂံခေတ်၏ မူလထိုး ကျောက်စာတစ်ချပ်မျှသာ တွေ့နိုင်၏။ ပင်းယခေတ်မှလည်း တစ်ချပ်မျှသာ တွေ့ပေမည်။ သို့မဟုတ် တောင်အရပ်သို့သွားပါလျှင် မိတ္ထီလာကိုကျော်လျှက် မြိတ်သို့ရောက်သည်အထိ ပဲခူးရိုးမ၏ အရှေ့တွင် ရမည်းသင်း၏မြောက် ဆယ်မိုင်ကွာ၌ ပုဂံခေတ် ကျောက်စာ တစ်ချပ်သာ တွေ့ရဖူးပါသည်။

ဤအရှေ့ဘက်ခြမ်း မြောင်တစ်ခုလုံးသည် ကျွန်တော့်အထင်၊ မွန်တို့သာလျှင် အများအစားနေထိုင်လျှက် နောင်ဖြည့်စွက် ဝင်ရောက်လာသူတို့မှာလည်း ကရင်များသာ ဖြစ်ပါတယ်။ ကျောက်ဆည်နယ်ပင်လျှင် တစ်ခါက မွန်တို့သာလျှင် ကြီးစိုးရာဒေသဖြစ်မည်။ သို့သော် သဲကန္တာရတစ်ပိုင်း၌ နှစ်လိုဖွယ်ရှိသော တောစိမ်း ရေများအရပ်ဖြစ်၍ အပူပိုင်း ရပ်ဝန်း၏ စပါးတွင်းဖြစ်လျက် ဆည်မြောင်းတို့နှင့် နိုင်နင်းအောင် ရေဝေရေပေးပြုနေပြီဖြစ် သောကြောင့် ဝ(**လဝ**)၊ ပလောင်(**ပေါင်လောင်**)နှင့် ကဒူး(**ကန်တု**)တို့လည်း ဝင်ရောက် နေ ထိုင်လျက် သက်(**သက်**) နှင့် စကောကရင် (**စကြဝ်**)တို့လည်း အသင့်အတင့် ရှိနေကြပြီဟု ယူဆဖွယ်ဖြစ်ပါသည်။ နမ္မတူ မြစ်ငယ်လျှိုတို့သည် နန်ကျောင် ရန်ကို ခံရန် သဘာဝ အတားအဆီးများ ဖြစ်၏။ နန်ကျောင်တို့ နောက်ဆုံး ကျူးကျော်လာသည်မှာ ကျန်စစ်သား လက်ထက်နောက်ပိုင်း အေဒီ ၁၁၁၀တွင်ဖြစ်၍ မန္တလေးမြောက် ခြောက်မိုင်ကွာ တောင်ပြုံး (**တောင့်ပွန်**)တွင် နန်ကျောင်တို့ အရေးရှုံးနိမ့်သွားပါသည်။

မြန်မာတို့က ကျောက်ဆည်နယ်ကို သိမ်းယူခြင်းသည် မွန်အများစုကို တောင်အရပ်ကို မောင်းထုတ်ဘိသကဲ့သို့ရှိမည်ဟု ကျွန်တော် မှန်းဆမိပါသည်။ သို့သော် အတန်ငယ်များသည့် မွန်တစ်စုသည် ကျောက်ဆည်နယ်၏ မြောက်နှင့် အရှေ့မြောက်တွင် စုလျက်ကျန်ရစ်ကြောင်း သက်သေအထောက်အထား များစွာတွေ့ရ၏။ **တန်လိုင်ရွာမ** နှင့်တကွ **(မိုန်မုန်) ခရိုန်**တို့ မဟာ (ကျောက်ဆည်နယ်၌ ကျန်ရစ်သည့်) မွန်တို့ကို ရည်ညွှန်းသည်ဟု ကျွန်တော်ယူဆပါသည်။ ကျောက်ဆည်မြို့၌ ရှေးမွန်ကျောက်စာတစ်ခုပင် တွေ့ရ၏။ ယခုကျောက်ဆည်ကို ရှေးက ကျွှေက်(နှင့်)**သယောင်**ဟုခေါ်၍ ထိုအရပ်၌ မွန်မဟာထေရ်ကလာရောက် သတင်းသုံးလျက် ဗုဒ္ဓသိမ် တည်ဆောက်လိုသဖြင့် **ဗုကာမ်**(ပုဂံ)မဟာထေရ်နှင့်မင်း (ကျန်စစ်သား) တို့ထံမှ ခွင့်တောင်းလျက် ဆောက်ရကြောင်း မှတ်တမ်းတင်သည့်ကျောက်စာ ဖြစ်ပါသည်။

ကျောက်ဆည်ဒေသမှာ အဆိုပါ အထောက်အထားအပြင် မွန်ကို အလေးဂရုပြု၍ဆက်ဆံကြောင်းတွေ့ရသောကြောင့် နောင်အခါမြန်မာဟု ခေါ်ဝေါ်ကြရမည့် လူတစ်စုသည်နန်ကျောင်တို့ကို ရှောင်ရှားလိုသဖြင့် မြင်းစီးဆက် (တောင်အရပ်သို့ ရွှေ့ပြောင်း ခိုဝင်လာကြရာတွင် သီပေါ၌ နမ္မတူကိုဖြတ်ခါ မြင်းများ စီးမြဲစီးလျက် ရပ်စောက်နှင့် ရေငန်းလမ်းမှ မြေပြန့်ဘက်သို့ ချဉ်းကပ်ကြပြီးနောက် ရတ်ချည်း နတ်ထိပ်လမ်းကြားက ဆင်း၍ကျောက်ဆည်အရပ်ကို အရှေ့တောင်မှဝင်လျက် အလျင်အမြန် သိမ်းယူကြရာ မွန်အချို့မှာမိမိတို့ အမျိုးသားများရာ တောင်ဘက်သို့ပေါင်းစု မသွားမိပင် တိုက်ခိုက်ပြီးစီးလျက် သွားသည်ဟု ကျွန်တော် နိဂုံးချုပ် ယူဆမိပါတော့သည်။

မြန်မာသမိုင်းကော်မရှင်၏အဖွဲ့တစ်ဖွဲ့သည် မကြာမီကမှ (၂၀၊ ၁၁၊ ၅၆–၁၅၊ ၁၂၊ ၅၆) ထိုနယ်တွင် နယ်လှည့်သုတေသနပြုခဲ့ရာ နတ်ထိပ်တောင်ကြားမှ ဆင်းသက်ရာခန်တောရွာနှင့် ကင်းထားဆည်သို့ ရောက်ခဲ့ကြပါသည်။ ထိုနေရာသည် တောင်ပေါ်မှ ပန်းလောင်မြစ် လွတ်ထွက်ခဲ့ရာလည်း ဖြစ်သည်။ မြောက်ဘက်သို့ ရေသွယ်သည့် ပထမဆုံးမြောင်းဖြစ်သော ငလိုင်ဆင်းမြောင်းစရာ အရပ်လည်းဖြစ်၏။ မြန်မာနိုင်ငံတွင် အကောင်းဆုံး ရှုမျှော်ခင်းနေရာ တစ်ခုအဝင်အပါဖြစ်ခြင်းကြောင့် ရာဇဝင်ဆရာအတွက် ကျေနပ်ဖွယ်နှစ်မျိုးရရှိပါတော့သည်။ အသေအချာ စုံစမ်းကြည့်သောအခါ နတ်ထိပ်တောင်ကြားမှ ယခုတိုင် တောင်ပေါ်သားများဖြစ်ကြသည်။ အများအားဖြင့် ဓနုနှင့် ရှမ်းတို့သည် ဈေးနေ့ကြုံတိုင်း နံနက်စောစော ဆင်းလာကြ၍ ညနေပြန်တက်သွားကြသည်ဟု သိရပါသည်။ လမ်းကြမ်း၏။ သို့သော် တောင်ပေါ်မြင်းနှင့်ဝန်သယ်နွားများ ဆင်းတက်နိုင်သည်။ နေ့ချင်းပေါက် သွားပြန်ခရီးပမ်းအံ့ထင်လျှင် လမ်းခုလပ်တွင် စခန်းသင့် ကင်းလယ်ရွာရှိသဖြင့် တစ်ညအိပ်နား၍ သွားပါလျှင် ငှက်ဖျားလည်း စိုးရိမ်ဖွယ်မရှိ၊ အပမ်းလည်း ပြေနိုင်ပါသည်။

ဤနယ်တစ်ခုလုံးကို ရှေးက ကျောက်ဆည်ဟုမခေါ်၊ မြစ်သား(**မ္လစ်သာ**) ဟုခေါ်၏။ အမည်မှန်ကား **မ္လစ်သာ ၁၁ ခရိုင်** သို့မဟုတ် အလွယ်အားဖြင့် **ဆယ်တရွာ**ဟု ခေါ်မြဲဖြစ်သည်။ ဤမြေပုံပေါ်တွင် ထိုတစ်ဆယ့်တစ်ရွာကို ကြည့်ကြစေလိုပါသည်။ ဤမြေပုံပေါ်တွင် ထိုတစ်ဆယ့်တစ်ရွာကို ကြည့်ကြစေလိုပါသည်။ ဤမြေပုံကို ပထဝီဝင်ဌာန နည်းပြဆရာ ဦးလွန်းမောင်က ဒေါ်သင်းကြည်၏ တောင်းပန်ချက်ဖြင့် အလွန်သေသပ်ကျနစွာ ရေးဆွဲပေးထားခြင်းဖြစ်ပါသည်။

၁။ **ပင်လယ်။** တောင်ဘက်တွင် ရှိ၏။ နတ်ထိပ်တောင်ကြားမှ ပန်းလောင်မြစ် ထွက်ကျလာသည့် နေရာ၏ အနောက်သို့ များစွာကွာလှမ်းရာနေရာတွင် ရှိ၏။

၂။ **ပွည်မနာ။** ကူမဲမြောက် အတန်ငယ်ကွာတွင်ရှိ၍ ပန်းလောင်မြစ် အနောက်ကမ်းပေါ်၌ ရှိ၏။

၃။ **မွစ်သာ။** အမှတ် ၂ ၏ အနောက်မြောက်၊ ဆည်မြောင်းနယ် တိုး၍ ကျယ်ပြန့်ရာအရပ်၊ ပန်းလောင်၏ အရှေ့ ဘက်ကမ်းပေါ်၌ ရှိ၏။

၄။ **ရငုန်။** ယခု ရွာမုန်ကြီးဖြစ်၏။ အမှတ် ၃ ၏ အနောက်မြောက်၊ မြောက်ယွန်းယွန်း၊ ပန်းလောင်၏ တစ်ဖက်သို့ ကျော်၍ ပန်းလောင်နှင့် စမုံမြစ်များ အကြား နယ်မြေ၏အချက်အချာ အရပ် ဖြစ်၏။

၅။ **မြင်ခုန်တိုင်။** အမှတ် ၄ မှ မြောက်သို့ အတန်ငယ် ကွာ၏။ ကျောက်ဆည်၏ တောင်ဘက်၊ အရှေ့ကုန်းမြင့် အစပ်သို့ ရောက်သည်အထိ ကျယ်ပြန့်သွားသော မြေအရပ်ကို အုပ်စီးလျက် ပန်းလောင်မြစ်၏ အရှေ့ကမ်းပေါ်၌ ရှိ၏။

၆။ **ပနန်။** အမှတ် ၅ ၏ မြောက်၊ ကျောက်ဆည်၏ အနောက်၊ ပန်းလောင်၏အရှေ့ကမ်းပေါ်၌ ရှိ၏။

၇။ **တမှတ်။** ပန်းလောင် နှင့် ဇော်ဂျီမြစ်များ၏ အကြား၊ ကျောက်ဆည်၏ အနောက်မြောက်တွင် ရှိ၏။

၈။ **သင်တောင်။** ကျောက်ဆည်၏ မြောက်၊ ဇော်ဂျီမြစ်မှ စွန်ရဲ (**စွန်ရယ်**)ကန်အထိ ကွာလှမ်းသည်နှင့်အမျှ အနောက်သို့ သွားရ၏။

၉။ **မက္ခရာ။** (**မခစ်ရာ** စသဖြင့် အခေါ်များလည်း ရှိ၏။) မြစ်ငယ်၏ အကွေ့၊ မြောက်ဖျား၌ အစောင့် သဘောရှိ၏။ ဇော်ဂျီမြစ်ဝ၏ အနောက်ကမ်းပေါ် ရှိ၏။

၁၀။ **တပ္ပက်သာ။** (တပြက်သာ)အမှတ် ၉ ၏ အနောက်၊ ဆယ်ရွာနှင့် အိုးထိမ်းတောင်ကွေ့တွင် ရှိ၏။

၁၁။ **ခံမူ။** (ခံလူ စသဖြင့် အခြားအမည်များ ရှိ၏။) အမှတ် ၁၀ ၏ အနောက်၊ ကျောက်ဆည်နယ်၏ အနောက် မြောက်ထောင့်၊ **မိုင်** သို့မဟုတ် **မုန်**ခေါ် မွန်တို့ ဒေသဖြစ်မည်ဟု မှန်းရ၏။

အထက်ပါ **ခရိုင်**အမည်များတွင် အလည်အမည်နှစ်ခု ဖြစ်သော ပန်းလောင်မြစ်ကို ရည်ညွှန်းသည့် မွစ်သာ (သာယာသည့်မြစ်)နှင့် ယစ်ပူဇော်ရန် မြင်းကို ချီထားသည့် ခုန်တွင် **အဂ္ဂမေဒ**ကို ရည်ညွှန်းသည့် **မြင်ခုန်တိုင်** တို့သည်သာလျှင် မြန်မာအမည်များဖြစ်ပါသည်။ **ခုန်တိုင်**ဟူသော ဝေါဟာရကို ယစ်ပူဇော်ရာနေရာအဖြစ်ဖြင့် ရခိုင်မြောက်တွင် မြို့၊ အဝနှင့် အရိုင်တို့ သုံးစွဲတုန်းပင်ရှိကြပါသေးသည်။ နရပတိစည်သူ၏ အေဒီ ၁၁၉၈ ခုရက်စွဲပါ ဓမ္မရာဇက ကျောက်စာတွင် ကျောက်ဆည်နယ်၏ **မြင်ခုန်တိုင်ခရိုင်** အပြင် ကျောက်ဆည်နယ်၏

အပဖြစ်ရန်ရှိသည့် **မြင်ခုန်တိုင်တိုက်**ဟု ဖော်ပြပါရှိ၏။ ရှေးမြန်မာတို့သည် **ခရိုင်**နှင့် **တိုက်**ကို မည်သည့်အခါတွင်မှ တစ်သဘောတည်း မသုံးကြချေ။ စင်စစ်အားဖြင့် မြင်းကို ယစ်ပူဇော်ခြင်း စသည့် အလေ့အကျင့်များကား ခေတ်ဦးမြန်မာတို့ လိုက်နာကျင့်သုံးနေသည့် အကျင့်များဖြစ်ကြောင်း ယုံမှားဖွယ်မရှိဟု ယူဆပါသည်။

**ပင်လယ်**ဟူသည့် ဝေါဟာရသည် (နန်ကျောင်အသုံး ဖြစ်နိုင်စရာရှိ၍) မြန်မာ ဝေါဟာရဖြစ်လျက်ရှိသည်မှအပ အခြား**ခရိုင်**အမည်များကား မြန်မာများ ဝင်ရောက်မလာမီ ကပင် ရှိပြီးအမည်များဖြစ်၏။ ဤစကားကို ထင်ရှားအောင် ပြောရလျှင် ထိုအမည်တို့၏ စာလုံးပေါင်းကို အမျိုးမျိုးစမ်းသပ်၍ ပေါင်းကြည့်နေရခြင်းက သက်သေခံပါသည်။ ဥပမာ **ဘလွက်သာ**နှင့် **တပြက်သာ။ မက္ခရာ၊ မခရာ၊ မခဝ်ရာ** စသဖြင့် တွေ့ရ၏။ **ခံမူ**ကို ရှစ်မျိုး ပေါင်းရာတွင် တစ်ကြိမ်၌ မွန်အက္ခရာ ဝကိုပင် သုံးစွဲသည်။ တစ်လက်မ တစ်မိုင်စကေးရှိသည့် မြေပုံပေါ်တွင်ကြည့်လျှင် ကန်လု၏ အရှေ့နှစ်မိုင်ကွာ၌ ကန်ဇုကို တွေ့မည်။ ဤအမည် နှစ်မျိုးစလုံးပင် ပြောမြဲမဟုတ်သည့် မွန်ဝေါဟာရတစ်ခုတည်းကို မြန်မာတို့ စာလုံးပေါင်း မတတ်၍ အမျိုးမျိုးစမ်းသပ်ရာမှ တွင်ကျန်ရစ်သည့် အမွေဖြစ်မည်ဟု ကျွန်တော်ထင်မိပါသည်။ **မိုန်** သို့မဟုတ် (မုန်) **ခရိုန်**တွင် ကန်လု၏ မြောက်ဘက်၌ ရှေးရွာတစ်ရွာဖြစ်သော တပက်ဆွဲ (**တံပက်ဆွယ်**) ရှိပြန်၏။ ဤ**ခရိုင်**ကိုပင် နောက်တစ်မျိုးအားဖြင့် **မိုန်**ဟု ခေါ်ခြင်းမဟုတ်ဟု ဆိုလျှင် **မိုန်**ကို ထိုဒေသ၏ မြောက်ယွန်းယွန်းတွင် ရှိမည်ဟု မှန်းဆ နိုင်သည်။ ယင်းသို့ **မိုန်ခရိုင်** တိုးလာလျှင် **မွစ်သာ**ကို မဖယ်သော် တစ်ဆယ့်တစ်ရွာအစား တစ်ဆယ့်နှစ်ရွာဖြစ်၍ သွားချေမည်။ **ခံမူ**တွင် **တန်လိုင်ရွာမ** မုချပါဝင်ရမည်။ ထို့ကြောင့် **မိုန်** နှင့် **မုန်** ဟူသော ဝေါဟာရများသည် ရှေးမြန်မာတို့က ရှေးမွန်တို့၏ အမည် ဖြစ်သော **မေ့မည်** ကို အက္ခရာတင်ရန် ကျိုးစားရာ၌ မပီမသဖြစ်ရခြင်းသာ ဖြစ်မည်ဟု ကျွန်တော် မှန်းဆ၏။ **တမုတ်** ဟူသည်လည်း မွန်ဝေါဟာရ ရက်ကန်းသည်နှင့် အလွန်ဆင်ပါသည်။

မူလ ဆယ့်တစ်**ခရိုန်**တို့မှာ များသောအားဖြင့် တံတိုင်းဝန်းရံသည့် (ရှေးမြန်မာ အခေါ် **မြို့င်**) ခံတပ်ဖြစ်ပါသည်။ (အထူးသဖြင့် **ပင်လယ်၊ ပွည်မနာ၊ မြင်းခုန်တိုင်**နှင့် **မက္ခရာ**စသည့်) မြို့င်တချို့သည် ယခုအခါ တောဖုံးနေပြီဖြစ်သော်လည်း မြို့ရိုးတံတိုင်း အသင့်အတင့်ကျန်ပါသေးသည်။ ထိုခံတပ်ပုံများကို တပ်မတော်မော်ကွန်းတိုက်မှ ထည့်ပေး လိုက်သော မြေတိုင်းအမှုထမ်းများက အလျင်အမြန်တိုင်းတာ၍ ဆွဲပေးသည့် စနစ်ပုံများကို ယခုပြသထားပါသည်။ ထို့ပြင် ကောင်းကင်မြေတိုင်းဌာနက ပို့ထားသည့် ကောင်းကင်မှ ရိုက်ပုံနှင့် ထိုဓာတ်ပုံများအရ ရေးဆွဲထားပုံများကိုလည်း ယခုပြသထားပါသည်။ ပထဝီဝင် ကျသည်နေရာကိုလိုက်၍ စနစ်ပုံပြုလုပ်ထားကြောင်း သိသာသော်လည်း ယေဘုယျအားဖြင့် အားလုံးလိုပင် သောက်ရေခွက်သဏ္ဍာန်တစ်ဘက်နားဖြောင့်၍ ကျန်သုံးဘက်တွင် ချင်းဝက် သဘော ဝိုက်၍ယူထားကြောင်း တွေ့ရပါသည်။ အဖြောင့်ဘက်တွင် ထွက်ပေါက်တစ်ခုရှိ သလို မျက်နှာချင်းဆိုင် အကောက်ဘက်တွင်လည်း ထွက်ပေါက် တစ်ခုရှိပါသည်။ ဤပုံ များကား ပုဂံ၏ အလျားရှည် စတုဂံ ပုံမျိုးနှင့်လည်းမတူ။ ပုဂံခေတ်အကုန်၊ မောင်ဂိုတို့ ၁၃၀၁ ခုနှစ်က ဝန်းရံလာသည်ကို ခံရန် သုံးထပ်ရစ်ဖွဲ့၍ဆောက်သော **မြင်စိုင်** တံတိုင်း ပုံစံမျိုးလည်း မဟုတ်ချေ။ မြန်မာ မဆန်သည့် အမည်များရှိသော ဤ**ခရိုင်မြို့င်**တို့သည် မြန်မာများ မဝင်လာမီကပင် ရှိအံ့လောဟု တစ်ထစ်ချ သိလိုစိတ် ဖြစ်မိပါသည်။ မွန်များ

တည်ဆောက်သည်ဟု ဆိုရန်ကလည်း ရှေးပဲခူးနှင့် သထုံမြို့ ပန္နက်ပုံမျိုး မဟုတ်ချေ။ ရှေးဦးမြန်မာတို့ ကာကွယ်ရေး အလို့ငှာ ယင်းတို့ကို ဆောက်သည်ဆိုစေ၊ လုံခြုံရေးသဘော တစ်ခုတည်းအတွက် တည်ဆောက်ဟန် မတူ။ ထို့ထက်ရည်ရွယ်ချက် ကြီးဟန်ရှိ၏။

ပွစ်သာ (ကျောက်ဆည်)၏ တစ်ဆယ့်တစ်ခရိုင်ကိုလည်းကောင်း၊ အပ္ပပိုင်းရပ်ဝှမ်း၏ အခြား "စပါးတွင်း"ဖြစ်သော **စကု၊ မပင်စရ၊ လည်ကိုင်၊ စလင်** စသည့် မင်းဘူးခြောက်**ခရိုင်**ကိုလည်းကောင်း၊ မန္တလေးနယ်၏ **တောင့်ပ္လိုန်** ကိုလည်းကောင်း၊ **ခရိုင်** ဟူသော ဝေါဟာရဖြင့် ခေါ်သော်လည်း တခြား ဒေသများကို **ခရိုင်** ဟူ၍ မခေါ်ချေ။ ပုဂံကို **ခရိုန်**ဟု မည်သည့်အခါကမျှ မခေါ်။ ထို့အတူ ရှေးမြန်မာ ကျောက်စာ အများတွေ့ရှိရာ အရပ်ဖြစ်သော ရွှေဘိုနယ်တောင်ပိုင်း ဆည်မြောင်းဒေသကိုလည်း **ခရိုန်**ဟုခေါ်၏။ ယင်းဒေသမျိုး၌ အနည်းဆုံး ကျောက်ဆည်တွင် ကြွယ်ဝသည့် မြေရှင်များ ထွန်းကားလာခါ၊ မြေယာပိုင်ဆိုင်ခြင်း၊ မှတ်ပုံတင်ခြင်း၊ တိုင်းတာခြင်းစသော အစဉ်အမြဲ လိုက်နာရန် စည်းမျဉ်းစနစ်များ ပေါ်ထွန်းလာခဲ့ရပါသည်။ **ခရိုန်**က လွန်၍ **တိုက်** ဒေသများ၌ မြန်မာတို့သည် အခြားလူမျိုးစုများနှင့် အကန့်အသတ်မရှိ၊ လွတ်လပ်စွာရောနှော နေထိုင်ကြဟန်တူ၏။ ထိုဒေသမျိုး၌ မြေယာကို ပယ်ပေါင်း ရာပေါင်း မည်မျှဟု အကျယ်ပမာဏကို ရာလိုက် ထောင်လိုက် ပြောမြဲဖြစ်သော်လည်း **ခရိုန်**အရပ်တွင် **ပယ်**၏ လေးချိုး ရှစ်ချိုး စသည့် အစိတ်အပိုင်းငယ်အထိ လီ၍ဖော်ပြတတ်သည်။ သဘောမှာ လယ်ဖြစ်ထွန်းပြီး မူလဒေသတွင် မြေဈေးကြီးသည်။ စိတ်လီ၍ မှတ်သားရသည်။ **တိုက်**မြေဒေသကို လွန်ပြန်လျှင် မြန်မာပိုင် မဟုတ်သည့် နယ်စွန်သို့ရောက်၏။ နောင်အခါ တိုက်ခိုက်သိမ်းသွင်းပြီးမှ မြန်မာပိုင်ဖြစ်လာခြင်းကြောင့် **နိုင်ငံ** ဟူ၍ ဖြစ်ပေါ်လာဟန်ရှိပါသည်။

တွေ့ရှိသမျှ အထောက်အထားကို သဘောကောက်ယူခြင်း မှန်ပါလျှင် နိဂုံးသတ်ဆုံးဖြတ်ချက် တချို့ချနိုင်ပါပြီ။ ရှေးဦးမြန်မာတို့သည် လူဦးရေပြည့်ကျပ်လာခါမှ နယ်သစ်ရှာမည် ယခုအခိုက်အတန့်ကား ကျောက်ဆည်နယ်တွင်းမှာပင် ရေသာခို၍ နေလိုက်ဦးမည်ဟု ဖင့်နွှဲ့သူများမဟုတ်ချေ။ နန်ကျောင်လက်မှ လွတ်မြောက်ရေးတစ်ခုတည်းကိုသာ ရှေ့ရှုကြသူများလည်း မဟုတ်ချေ။ ပျူမြို့တော်ကိုလည်းကောင်း၊ မိချန်ကိုလည်းကောင်း၊ နန်ကျောင်တပ်များ ဖျက်စီး လုယက်စဉ်က အဆိုပါ ရှေးဦးမြန်မာတချို့သည် နန်ကျောင် တပ်ဦးက ပါဝင်လျက် (မြန်မာနိုင်ငံတွင်းသို့ ရောက်ဖူးပြီးသား ဖြစ်မည်)။ မည်သို့ပင်ဖြစ်စေ ပေါက်ရောက်လာသည့် အရပ်အနေအထားကို သိမြင်ပြီး ဖြစ်မည်။ ထိုရပ်ဝန်းများကို ဝင်ရောက်သွားမိလျှင် မည်သည့်ဘက်မှ မည်သို့သော ရန်များ ဟန့်တားကာဆီးနေမည်ဟု တင်ကြိုနားလည်ပြီးသားဖြစ်မည်။ ကျောက်ဆည်နယ်တွင်းသို့ ဆင်းစကပင် (မြန်မာနိုင်ငံ အားလုံးကို သိမ်းသွင်းနိုင်သော လူအင်အား မရှိသေးသဖြင့် ထိုမျှကြီးကျယ်အောင် မရည်မှန်းသော်လည်း) မြန်မာနိုင်ငံ အလယ်ပိုင်းကိုမူ သိမ်းယူရန် အပြီးအပိုင် တွက်ဆပြီးသား ဖြစ်သည်ဟု ဆိုချင်ပါသည်။ ယင်းသို့သိမ်းယူနိုင်အောင်လည်း စစ်သဘောအစီအမံပြုပြီး ဖြစ်ရမည်။ မြေပြန့်သို့ရောက်ဖူးစ တောင်ပေါ်သားတို့သည် အခြေခံစခန်းဖြစ်သော ကျောက်ဆည်မှ အနောက်တောင်သို့ မိုင် ၁၅၀ ကျော် ထိုးဆင်းခါ ကောင်းစွာ ကာကွယ် စောင့်ရှောက်ထားမည်ဟု မချတွက်ဆနိုင်သော မင်းဘူးခြောက်**ခရိုန်**ကို သိမ်းယူခြင်းကား မိုက်ရူးရဲ ပြုမူခြင်း လုံးဝ မဟုတ်ချေ။ မိုက်ရူးရဲဆိုလျှင်လည်း စနစ်ကျသော အစွမ်းပြခြင်းပင် ဖြစ်ပါသည်။

ကျောက်စာများတွင် တွေ့ရသည့် အထောက်အထားများအရ သိရသည်မှာ ဧရာဝတီ၏အနောက်ဘက်ကမ်းတွင် မင်းဘူးမှစ၍ ချင်းတွင်းမြစ် တိုင်အောင်၊ ယင်းမှ ခရီးများစွာ ကွာလှမ်း ကျော်လွန်သွားသည့်တိုင်အောင် ထိုနယ်ပယ်သည် ပလောင် **(ပေါင်လောင်)** အမျိုးသားများစွာ နေထိုင်ရာ အရပ်ဒေသဖြစ်၏။ မွန်တို့သည် ကျောက်ဆည်နယ်တွင် ဆည်မြောင်းလုပ်ငန်းကို စတင်သည့်နည်းတူ အဆိုပါ ပလောင်တို့က မင်းဘူးနယ်တွင် ဆည်မြောင်းလုပ်ငန်း စတင်ခဲ့သူများ ဖြစ်ပေမည်။ ယာယီအားဖြင့် စကောကရင်ဖြစ်မည်ဟု ယူဆသည်။ **စကြဝ်** တို့သည် အေဒီရှစ်ရာစုတွင် မြန်မာနိုင်ငံကိုဖြတ်၍ ဧရာဝတီကိုကူးခါ မင်းဘူးနယ်သို့ အောင်နိုင်သူ သို့မဟုတ် ပလောင်တို့၏ မဟာမိတ်များအဖြစ်ဖြင့် ရောက်လာကြဟန်တူ၏။ ထိုသူများသည် ထိုနယ်၌ ရွာများစွာတည်၍ အနည်းဆုံး မြောင်းတစ်ခု တူးခဲ့ကြပါသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးသည်ဆိုရာ၌ ယင်းသို့ ဖြတ်ကူးနိုင်ခြင်းမှာ ပျူနယ်ကို ခါးလယ်မှဖြတ်၍ပစ်ခြင်းဖြစ်ရကား ယင်းသည်ပင်လျှင် သရေခေတ္တရာပျက်သည့် "စကောစစ်" ဖြစ်အံ့ဟု ထင်ရပါသည်။ ပုဂံခေတ်၌ကား အဆိုပါ စကြဝ်တို့သည် ပြည်အနောက် စကြဝ်ကျွန်းတွင် အခြေတကျ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် မြန်မာတို့ မြေပြန့်ကို ဖြတ်ကျော်ရာ၌ အကြီးဆုံးအန္တရာယ်မှာ ယင်းသို့ ချီတက်ရာလမ်းကြောင်း၏ မြောက်ဖျားတွင် ရှိနေပါသည်။ ထိုအဖျားဒေသများ၌ ချင်းတို့သည် ချင်းတွင်း မြစ်ဝှမ်းသို့ ဆင်းသက်လျက်ရှိခါ ကဒူးတို့က ဧရာဝတီမြစ်၏ အထက်ပိုင်း၊ တကောင်းအရပ်ကို အုပ်စိုးလျက်ရှိနေပါသည်။ ကဒူးကို ရှေးမြန်မာက **ကန်တူ၊** တရုတ်က **ကျိ-အင်တုထု** ဟုခေါ်ကြ၏။ သူတို့ ဘာသာခေါ်သော အမည်ကား **အသက်** သို့မဟုတ် **သက်**ဟုခေါ်၏။ မြန်မာများ မြန်မာနိုင်ငံအလယ်ပိုင်းသို့ မသက်ဆင်းမီက ထိုအလယ်ပိုင်းတွင် **သက်**တို့ အနှံ့အပြားရှိပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း၌ တိဗက် မြန်မာ ဘာသာစကားပြောသည့် ရှေးအကျဆုံး အုပ်စု၌ ယင်းတို့က တစ်စုအဝင်ဖြစ်လျက် မြေပြန့်တွင်လည်း အနှံ့နေသည်။ ဗုဒ္ဓသာသနာ ဝင်လည်း ဖြစ်လျက်ရှိပါပြီ။ တစ်ခါက ထိုသူများသည် ချင်း တောင်ကိုဖြတ်၍ အနောက်သို့ ချွတ်ခွင်လျက် မဏိပူရချိုင့်ဝှမ်းသို့ပင် ပေါက်ရောက်ခဲ့ဖူး၏။ ထို့ကြောင့် ယခင် အနှစ် ... ရာကအထိ (ဂရီယာဆွန်၏ အိန္ဒိယနိုင်ငံတွင်း ဘာသာစကား စုံစမ်းရေး အစီရင်ခံစာတွင် သက်-လွိ အစုဟု ဖော်ပြပါရှိသည့်) အန္တြာနှင့် ဆဲန်မဲ ဘာသာစကားပြောသည့် အစုကို ... ဒေသ၌ တွေ့ရှိနေရခြင်းဖြစ်ပါသည်။ တမန်၊ မလိန်၊ အင်ဂျယ်စသည့် အထက်ချင်းတွင်းမှ ... မျိုးစုတို့သည် ယခုတိုင်အောင် **သက်**စကား တစ်မျိုးမျိုးကို ပြောဆိုလျက်ရှိကြောင်း သိရ ... သည်။ မြောက်ပိုင်းရခိုင်တွင် သက်နှင့် ဒိုင်နက်ဘာသာ ပြောဆိုသူများ ယခုတိုင် ရှိသေး ... သည်ဟု ထင်မိပါသည်။ ဖန်ချော၏ စာတစ်အုပ်တွင် **သက်**နှင့် **ကန်တူ** အမည်များကို ... တွေ့ရပါ။ သို့သော် "**(တ-အာ့ခေါ်)** တန်းကြီးနိုင်ငံသည်" နန်ကျောင်နှင့် မိတ်သဟာဖြစ် ... ၍ ဟူးကောင်းတောင်ကြားမှ"ဗြဟ္မဏယ်"တို့နှင့် ရင်းနှီးစွာ ဆက်ဆံကြသည် ဟု ... ပြ၏။ ထုပါရုံ စသော ကျောက်စာ အချို့တွင် **ကန်တူနောကြီ** ဟု ဖော်ပြ၏။ **သဝ်** ... မဟုတ် **သဝ်မန်တူ** ဟူ၍ **ထိပေအ်သျင်** (တပယင်း) နှင့် မူးအထက်ပိုင်း လူများကို ပုဂံ ... ကျောက်စာများ၌ မကြာခဏ ဖော်ပြခဲ့ပါသည်။

အနိရုဒ္ဓသည် ကသာကို မိုးလျက်ရှိသော တောင်ပေါ်မှ နန်ကျောင် ခံတပ်ကို ... ရန်လာစဉ်က ထိုမင်းသည် တကောင်းကို သိမ်းပိုက်ပြီးသူ သို့မဟုတ် တကောင်းနှင့်

မဟာမိတ်ဖြစ်သူဟူ၍ ကျဲပြားအောင် မပြောတတ်ပါ။ သို့သော် သာမညဖော်ပြရလျှင် အော်ဦးမြန်မာတို့အကျက် ခြေပြန့်ကို သိမ်းယူစဉ်က **သက်မက်တူ**တို့သည် အန္တရာယ်အများဆုံး ပေးနိုင်သော ရန်ဖက်များ ဖြစ်ပါသည်။ မြစေတီဟုခေါ်လေ့ရှိကြသည့် အေဒီ ၁၁၁၃ ခုမှ ကျောက်စာတွင် ဖော်ပြသော **သက်မုန္နလွန်** ရွာကား ပုဂံ၏ အကြေအရပ်တွင် ရှိကြောင်း သချာ၏။ ပုဂံအနီး တရှင်းတောင်မှ ဒုတိယတောင်ထွတ်ကို **သက်ခိုင်တောင်** ဟု သက်တို့ အပေါ်၌ ကြီးစိုးခြင်းကို အကြောင်းပြု၍ ပုဂံခေတ်က ခေါ်ခဲ့ဟန်တူသည်။ ထို့အတူ **သမတီ**ရွာရှိ ဒမ္မရာဇာကဘုရားဝတ်မြေကို အပိုင်းအခြား ဖော်ပြရာတွင် သက်တွင်းဟူ၍ ပါ၏။ ရှေးမွန်နှင့် သက္ကတ ရောနှောသည့် သတ္တိကြီးသူဟူသော **မဟာသသက်သိတ်**ဟု ဖော်ပြရေးသားခဲ့၏။ ရန်ကုန် အနီးတွင်ရှိသည်ဟု မှန်းဆသော **မနိ**တွင် သက်ကျွန်များရှိကြောင်း တွေ့ရဖူး၏။ မြန်မာတို့ကို တွန်းလှန်ရန် သက်နှင့်ချင်းပေါင်းမိလျှင် မြန်မာတို့ အလယ်ပိုင်း မြေပြန့်ကိုသိမ်းယူရန် ယခုလောက် လွယ်မည်မဟုတ်ချေ။ သို့သော် ချင်းတို့က ဟူးကောင်း တောင်ကြားဒေသမှ ချင်းတွင်းဒေသတို့ ဖြတ်ဆင်းလာခြင်းကြောင့် မြန်မာဘက်က သက်နှင့် မဏိပူရဘက်က သက်တို့ အဆက်ပြတ်ရသဖြင့်လည်းကောင်း၊ ချင်းတွင်းအရပ်ကို သက်တို့ချည်း မပိုင်ဆိုင်ရတော့သဖြင့်လည်းကောင်း၊ သက်များက ချင်းတို့အပေါ်တွင် ရန်သူကဲ့သို့ သဘောထားမည်ဟု မှန်းဆရာ၏။ မြန်မာတို့၏ စစ်ပရိယာယ်မှာ ချင်းနှင့် မိတ်သဟာပြုရန် စေ့စပ်ပေမည်။ ချင်းတွင်း အကြေပိုင်းတွင် မြန်မာတို့က အလုံ မုံရွာထက် ပို၍မသွား၊ မဟာမိတ်ပြုလိုသူတို့ကို **ချင်း**ဟု ခေါ်၍ မိတ်ဖက်ခြင်းပြုကာ ချင်းတွင်းအညာပိုင်းကို ငါတို့လာ၍ မနှောက်ယှက်ဟု နှစ်သိမ့်ခြင်းဖြင့် မိတ်အရဖွဲ့ဟန်တူ၏။ မြန်မာနှင့် ချင်း တိုက်ခိုက်ရသည်ဟု မှတ်တမ်းတစ်စုံတစ်ရာ မတွေ့ဘူးချေ။ ပုဂံခေတ် မြန်မာတို့သည် မကြာမတင် မူးမြစ်ဝှမ်းကို မွှိယ်တု(မြေဒူး)နှင့် **ခက်သင်** အထိလည်းကောင်း၊ **ယဝ်**နှင့် **ကြောဝ်** မြစ်ဝှမ်းများကို **ပုန်တောင်**ရိုးနှင့် **ထိလင်**မျှလောက် ပေါက်ရောက်အောင်လည်းကောင်း တက်ရောက် သိမ်းယူကြသော်လည်း၊ ချင်းတွင်း တစ်လျှောက်တွင် ရှေးမြန်မာ ကျောက်စာ တို့၌ **မုန်ရွာ** နှင့် **ပင်လွှိ ၁၀ တိုက်** မှအပ မည်သည့်နေရာကို ဖော်ပြမထားသဖြင့် ထိုထက် ပို၍ တိုက်ခိုက်သိမ်းယူခြင်းမရှိဟု ဆိုရချေမည်။

ကျောက်ဆည်မှ အနောက် မိုင်တစ်ရာ၊ မင်းဘူးမှ မြောက် မိုင်ရှစ်ဆယ်တွင် ရှိသော ပုဂံမှာ တောင်သို့ချိုး၍ ဆင်းသည့် ဧရာဝတီမြစ်ကွေ့၌ ချင်းတွင်းမြစ်နှင့် ဆုံစည်းရာ ဒေသ၏ တောင်ဘက်ရိုးရိုးတွင်ရှိခြင်းကြောင့် မြန်မာတို့ အခိုင်အမာနေရန်နှင့် ကာကွယ် လုံခြုံရေးသာမက တိုက်ခိုက်ကျူးကျော်ရေး အဖို့အတွက်ပါ စစ်သဘောဖြင့် အကွက်ချ လျာထားရာတွင် အရာရောက်သော နေရာအရပ်ဖြစ်ခဲ့ပါသည်။ **ဓာတာပုံ ရာဇဝင်**အရ ပုဂံ မြို့ရိုးကို တည်သည်မှာ သက္ကရာဇ် ၂၁၁ ခု၊ ပြာသိုလဆန်း၊ ၆ရက်ဟု ဆိုသဖြင့် ခရစ်ရက်စွဲ အားဖြင့် ၆၊ ၁၂၊ ၈၄၉ ဖြစ်၏။ နောက်ပိုင်းမှ ပြုစုသည့် ထိုရာဇဝင်မျိုးကို အားမကိုးရာဟု ဆိုလင့်ကစား မှန်ကန်နိုင်စရာ အကြောင်းရှိ၍ ထိုရက်ကိုပင် လက်ခံရပါမည်။

တောင်ပွလ္လန်ကား နန်ကျောင်နှင့် တကောင်းဘက်သို့ ဆက်စပ်သွားသည့် နယ်ခြား သဘောရှိသဖြင့် မြန်မာတို့၏ မြောက်ဘက်အကျဆုံး ကင်းထားရာ **ခရိုန်**ဖြစ်၏။ ယင်းသို့ အားဖြင့် မန္တလေးကို သာမညသိမ်းထားပြီးမှ မြန်မာ အားရှိသမျှကို ကျောက်ဆည်နှင့် မင်းဘူးမှဖြန့်ထုတ်၍ မြင်းခြံ၊ မိတ္ထီလာနှင့် မကွေးဒေသများတွင် အချိန်ယူလျက် ဖွံ့ဖြိုးရေး

လည်းကောင်း၊ (ထိုမင်းလက်ထက် အေဒီ ၁၀၀၀ ခန့်တွင် မြန်မာတို့ ဗုဒ္ဓသာသနာဝင် ဖြစ်လာကြသည်ဟုယူခြင်း ဖြစ်ပါသည်။) ရေးသထုံ၊ ပဲခူး၊ ကျောက်ဆည် သို့မဟုတ် ပုဂံတွင် ဗုဒ္ဓသာသနာ၏ အောင်ပွဲ (အခြားယုံကြည်မှုမှ ဗုဒ္ဓသာသနာသို့ လူအများ ကူးပြောင်းလာခြင်း) သို့မဟုတ် သာသနာ့အညစ်အကြေးများကိုသုတ်သင်၍ သာသနာပြုခြင်း အထိမ်းအမှတ်ကို **ဗဒ္ဒိသိ**မဆောက်ခြင်းဖြင့် ကျင်းပမြဲတည်း။ **စဝ်ရဟာန်**ဆောက်ခဲ့သော သိမ်မှာ အေဒီ ၁၂၁၂သို့ ရောက်သည့်အထိရှိသေးသည့်ပြင် **နတောင်မျာ**၏ အမိန့်ဖြင့် ပြင်စေရကြောင်း သိရသည်။ သိမ်ကို များစွာခိုင်ခန့်အောင် ဝတ္တုပစ္စည်း တောင့်တောင့်ဖြင့် တည်ဆောက်ဟန်ရှိ၏။ ပုဂံမြို့ရိုးကို ချန်လှပ်၍ ပြောမည်ဆိုလျှင် ပုဂံတွင် အဆိုပါသိမ်သည် အစောဆုံးအဆောက်အဦ ဖြစ်နိုင်စရာရှိ၏။ ထို့ပြင် **စဝ်ရဟာန်** တို့ခေတ်က စွဲမှတ်သည့် ဗုဒ္ဓသာသနာမှာလည်း မူရင်း ရေးပုံစံမှန်သည့် ဗုဒ္ဓသာသနာဖြစ်ကြောင်းကို (သိမ်ဆောက်ခြင်းကြောင့်) ပါသည်။

မင်းဘူးခရိုင်တွင် အနိရုဒ္ဓအမှတ်အသားရှိသည့်မြေပုံဘုရားနှစ်ဆူကို ဖောင်လင်းမှ ရဖူး၏။ စလင်းအနီးအပါးတွင် ပုဂံခေတ် ဂူဘုရားနှင့် နံရံဆေးရေးရှိသော်လည်း အလွန်နည်းပါးပါသည်။ ယခုတိုင်အောင် ရေးမြန်မာကျောက်စာဟူ၍ မင်းဘူးမြို့မြောက်ပိုင်းမှ **စကုကြီး**ကျောက်စာနှင့် လယ်ကိုင်းတွင် ကျောက်စာတစ်ချပ်၊ ပေါင်းနှစ်ချပ်သာ တွေ့ရဖူး၏။ ထိုဒေသသည် စီးပွားရေးအရ စည်ပင်ပုံကိုမူ အထောက်အထား များစွာတွေ့ရပါသည်။ သာသနာရေး နိုးကြားမှုတွင်ကား နောက်ကျသည်ဟု ဆိုရမည်။ (ရှင်မဟာသီလဝံသ၏ **ရာဇဝင်ကျော်**တွင် အထင်အရှားပါရှိသည့်) ဗုဒ္ဓရှင်တော်မြတ် ဒေသစာရီ ကြွချီတော်မူလာ၍ ခြေတော်ရာနှစ်ဆူချသည်ကို အဝခေတ်ရောက်မှ ကြားဖူးလျက် ရွှေစက်တော်ကို ဘုရားဖူးသွားကြပါတော့သည်။ တဆယ့်တစ် **ခရိုင်**နှင့် ခြောက်**ခရိုင်**တို့တွင် ယဉ်ကျေးမှု တိုးတက်ပုံနှုန်းချင်း မတူသည်မှာ မွန်နှင့်တွေ့ဆုံရခြင်းအနည်းအများကိုလိုက်၍ ဖြစ်သည်ဟု ထင်ပါသည်။ ကျောက်ဆည်တွင် မွန်ဦးရေများ၍ မင်းဘူး၌ နည်းပါသည်။

စာပေအရေးအသားနှင့် ပတ်သတ်၍ ပြောရလျှင် ပုဂံသည် မြို့တော် ဖြစ်သည့်အလျောက် ခေါင်းဆောင်ဖြစ်၍လာပါသည်။ သို့သော် ယခုခေတ် စာလုံးပေါင်းသတ်ပုံ၏ ဆင်းသက်ရာမြစ်ဖျားဟု ဆိုရမည့် စံပြုရေးမြန်မာစာကား ပုဂံမှာထက် ကျောက်ဆည်တွင် အစတည်သည်ဟု ယူဆမိပါသည်။ ကျောက်ဆည်တွင် တွေ့ရသည့် ရေးမြန်မာ ကျောက်စာလေးဆယ့်လေးတွင် အစပထမကပင် စာလုံးပေါင်းညီညွတ်၏။ ပုဂံနှင့် အခြားအရပ်များတွင်မူ ကာလကြာမြင့်စွာပင် စာလုံးပေါင်းပုံခြင်း မညီမညွတ်ဖြစ်ကြလျက် ပုံစံမကျ ရှိနေပါသည်။ ဥပမာဆိုသော် မြန်မာတို့၏ ဆန်းကြယ်သည့် သရသံ အော နှင့် အိုက်၊ အိုင် အသံတို့ဖြစ်အောင် အနည်းနည်းကြံဆ၍ ရေးကြသည်။ အိန္ဒိယ အက္ခရာတွင် ယင်းအသံမျိုး မရှိသဖြင့် အိန္ဒိယသရ နှစ်လုံးတွဲ၍ ရေးရပါသည်။ ပုဂံမှ အေဒီ ၁၁၁၃ ရက်စွဲပါ အများခေါ် မြစေတီကျောက်စာတွင် ထိုအသံပေါ်အောင် မို၊ မေိ၊ မိဟူ၍ အထွေးထွေးရေး၏။ ရေးကျသည့် ပုဂံ ကျောက်စာ တချို့၌ –ု ဖြင့်ပင် ရေးသေး၏။ **အဇာဝ်လတ်**၏ ၁၁၆၅ ခု ဓမ္မရံကြီး ကျောက်စာတွင် အသံ အနိမ့်မြင့်ကိုပါ ထည့်သွင်း၍ အဘက်ဘက်က ပြည့်စုံသည့် အသံထွက် ရေးနည်းစနစ်ကို တွေ့ရပေမည်။ ထိုကျောက်စာ၌ မေိနှင့် မိုကို သုံးလေ့ရှိကြောင်းတွေ့ရသည်။ သို့သော် ကျောက်ဆည်၏ ရေးအကျဆုံး အေဒီ ၁၁၅၀ ပြည့်

မြန်မာကျောက်စာ၌ မိစာလုံးပေါင်းအတွဲကို သုံးစွဲလျက် တခြားကျောက်စာတို့ကလည်း ယင်းစနစ်ကိုပင် လိုက်နာကြရကား တွင်၍သွားပါသည်။ **အဓာဝလတ်** စနစ်မှာ ယေဘုယျ အားဖြင့် ပို၍ကောင်းသည်ဟု ဆိုရလင့်ကစား အပယ်ခံရ၏။ ထို့ကြောင့် ယနေ့မြန်မာတို့ သုံးနေသည့် စာလုံးပေါင်းစနစ်မှာ ပုဂံစနစ် မဟုတ်မူ၍ ကျောက်ဆည်စနစ်သာလျှင် ဖြစ်ပါသည်။

ကျောက်ဆည်၏ ရှေးအကျဆုံးကျောက်စာမှာ ကျောက်ဆည်တောင်၏ အနောက် မြောက်ထောင့်တွင်ရှိသော ရှေးမွန်ကျောက်စာ (**ကျောက်စာပေါင်းချုပ်** အမှတ် ၁၁) ဖြစ်ပါသည်။ ထိုကျောက်စာကို ပုဂံနှင့်အောက်မြန်မာနိုင်ငံတို့တွင် မတွေ့နိုင်သည့် ကျောက်ဆည် အနီး ဝေဘူတောင်ကရသည့် ကျောက်နှင့်ထု၍ ထားပါသည်။ ဒေါက်တာသာလှ၏အပြော အရ ထိုကျောက်မှာ လိပ်သဲကျောက်ဖြစ်၍ ယခုစာတန်းကို ကျွန်တော်ဖတ်အပြီးတွင် သုကလည်း ထိုကျောက်အကြောင်းကို အနည်းငယ်မျှ တင်ပြပါလိမ့်မည်။ ကျောက်သား ကြမ်းသည်။ အရောင်မှောင်၍ အညိုသမ်းသည်။ တဖိတ်ဖိတ်တောက်သည့် သဘောပါ၍ အလွှားလွှားရှိခြင်းကြောင့် အလွှားကွာကျတတ်ရကား မျက်နှာပြင် ညီအောင် ချောရန်လည်း ခက်၏။ စာလုံးထွင်းထုရန် သို့မဟုတ် ပန်းအလှ ဖော်ရန်လည်း ခက်မည်ဟု ထင်မိသည်။ ထွင်းထားသည့်စာကို ဖတ်ရာတွင်ကား အထူးခက်လှသည်။ ကျောက်ဆည်သား မြန်မာသည် ကျောက်ဆည်သား မွန်တို့ကို တု၍ ရှေးရှေးအခါက ကျောက်စာထွင်းထုလျှင် ဤကျောက်မျိုး ကိုသာ အသုံးများ၏။ ပုဂံခေတ်ကုန်အထိ ကာလအတွင်း ကျောက်စာ လေးဆယ့် လေးချပ် ရှိရာ နှစ်ဆယ့်ခြောက်မှာ သက္ကရာဇ် ၆၀၀(ခရစ်နှစ်၁၂၃၈)မတိုင်မီက ဖြစ်၍ ဝေဘူကျောက် ပေါ်၌ ထွင်းခဲ့၏။ ကျန်ကျောက်တစ်ဆယ့်ရှစ်မျက်နှာမှာလည်း သက္ကရာဇ် ၆၀၀မှ ၆၅၀ (ခရစ်နှစ် ၁၂၃၈ မှ ၁၂၈၈)အတွင်းဖြစ်၍ သပ်ရပ်ကောင်းမွန်သဖြင့် ပဒုံမင်းလက်ထက် ကျောက်စာစုသူများက နှစ်သက်ကြသောကြောင့် ဝေဘူကျောက် ရှိရင်းသုံးဆယ်မှနှစ်ဆယ်ကို အမရပူရသို့ သယ်ယူခဲ့ကြပါသည်။ သယ်ယူစဉ်က မည်သည့်ကျောင်းဘုရားမှ ဖြစ်သည်ဟု ကျောက်သားပေါ်၌ ရေးခြစ်ခဲ့သဖြင့် တော်ပါသေး၏။ အားလုံးကျောက်ဆည်မှပင်ဖြစ်ကြ၏။ များသောအားဖြင့် တစ်မျက်နှာမျှသာ ရေးထိုးလျက် တြိဂံပုံ ထိပ်ချွန်းရှိ၏။ အချွန်းအောက် စာမစမီ မျဉ်းပစ်၏။ သို့မဟုတ် ပုတီးစေ့ တစ်တန်းတန်း၏၊ စာဆုံးလျှင်လည်း မျဉ်းသားခြင်း၊ ပုတီးစေ့တစ်တန်း တန်း၏၊ စာဆုံးလျှင်လည်း မျဉ်းသားခြင်း၊ ပုတီးစေ့စီခြင်းပြုတတ်ပါ သေးသည်။ တစ်ခါတစ်ရံ စာကိုဝိုက်၍ ကြာရွက် ညောင်ရွက်များ စီတတ်၏၊ လက်ရေးမှာ လေးထောင့်ကြီးကြီးဖြစ်သော်လည်း သာမန်ကုတ်ခြစ်ထားသကဲ့သို့သာ ရှိ၏။ အလွှားကွာ တတ်သေးသဖြင့် စာထွင်းထုရန် ခက်ခဲသည်ဟုဆိုလင့်ကစား ကြိုးစားလျက် ထွင်းထု ထားရစ်သည်ကိုတွေ့ရသဖြင့် အံ့သြဖွယ်ပင်ဖြစ်ပါသည်။

ကျောက်ဆည်မှ ပုဂံသို့ ကူးပြောင်း လေ့လာလျှင် အထွင်းအထု ခက်သော ဝေဘူ ကျောက်အစား အားလုံးလွယ်ကူသည့် သဲကျောက်ကို တွေ့ရပါသည်။ သို့သော် အံ့သြဖွယ် တစ်ရပ်ကား ပုဂံလက်ရာများ၌ လှပတင့်တယ်အောင် တန်ဆာဆင်ခြင်း အလွန်နည်းပါးသည်။ ပုဂံသားမြန်မာသည် ကျောက်ဆည်မှ မွန်စက်ရိပ်လွတ်ခဲ့သဖြင့် မူရင်းသဘော ပြန်ဝင်လျက် ဆေဆာကွန့်မြူးခြင်း နည်းသွားလေသလော။ သို့တည်းမဟုတ် ပုဂံအနုပညာသည် (မွန်မဟုတ် မြန်မာ)တို့သည် သစ်ကိုထွင်းထုရာ၌ များစွာကောင်းမွန်သော်လည်း ကျောက်ကို မနိုင်

သောကြောင့်လောဟု တွေးထင်စရာ ဖြစ်ပါသည်။ အကြောင်းရင်း မည်သို့ပင်ဖြစ်စေ၊ ထင်ရှားသည့် အချက်ကား ပုဂံကျောက်စာတို့သည် ထုံးစံအားဖြင့် သိသိသာသာအဆင်အပြင် ရှိ၏။

ပုဂံမင်းဆက် ကုန်ချိန်နီးသောအခါ နိုင်ငံရေးအာဏာသည် ပုဂံမှ ကျောက်ဆည်သို့ ပြန်၍ရောက်ရှိလာပါသည်။ သို့သော် ကျောက်စာရေးထိုးသောအခါ၌ကား ဝေဘူကျောက်ကို ပြန်၍ သုံးစွဲခြင်း တစခန်းမထတော့ပါ။ သို့သော် ကျောက်ဆည်ထွက် (ဒေါက်တာသာလှက ကျောက်ဖြူဟု အမည်မှည့်သော) ကျောက်များကို အသုံးပြုလာကြပါသည်။ ယင်းကျောက်မျိုးကို မန္တလေး မြောက်ဘက်ရှိ ရွာတစ်ရွာ၏ အရှေ့တွင် အများအပြားရသောကြောင့် ထိုရွာကိုစွဲ၍ "စကျင်ကျောက်"ဟု ခေါ်နေကြပါသည်။ ဆရာယုဒသန်၏ အဘိဓာန်စကားကို စွဲ၍ စကျင်ကျောက်ကို ကျောက်ဖြူဟုခေါ်ရမည့်အစား ကျောက်ဖြူနုဟု တစ်ခါက ကျွန်တော်တို့ အခေါ်မှားမိသဖြင့် ရှက်စရာကြုံရပါသည်။ အဆိုပါ ကျောက်များမှာ ကျောက်ဆည်ထွက် ကျောက်ဖြူဖြစ်သည်။ အဝခေတ်မတိုင်မီနှင့် အဝခေတ်ဦးက ကျောက်ဖြူကို ကျောက်ဆည်ကရသည်။ စကျင်က မယူသေး။ ထိုကျောက်များသည် ထွင်းထုရန် အလွန်သင့်သဖြင့် သဲကျောက်ကို နိုင်နင်းလှပအောင် ထွင်းထုသကဲ့သို့ပင် ယင်းတို့ကိုလည်း ထွင်းထုကြပါမည်။ ကျောက်ဖြူကို ကျောက်ဆည်နယ်အလယ်ပိုင်း အရှေ့ဘက်ခြမ်းတွင် ပုဂံခေတ်ကုန်ပိုင်း၌ အသုံးများ၍လာ၏။ အနှစ်ငါးဆယ်မျှကြာလျှင် ထိုအခါ၏ မြို့တော် ဖြစ်သော ပင်းယက ကျောက်ဖြူကိုလိုက်၍ သုံးစွဲလာရာ အလွန်လက်ရာကောင်းသော ကျောက်တုံးများကိုပင် တွေ့ကြရပါသည်။ ကျောက်ဖြူလက်ရာကောင်းမှာ **တမ္ဗဒိပ** ခေါ် ထိုနိုင်ငံ၏ ထူးခြားချက်၊ ထိုခေတ်၏ ထူးခြားချက်ဟူ၍ပင် ခေါ်နိုင်လောက်ပါသည်။

မြန်မာဟူ၍ စတင်ပေါက်ဖွားရာ အရပ်ဖြစ်သော ရှေးကျောက်ဆည်၏ ဘဝ အခြေအနေကား မည်သို့ရှိပါသနည်း။ ပုဂံတွင် တွေ့ရသည့်အတိုင်း ရှေးအခါ၏ အခြေခံ လူ့အဖွဲ့အစည်းကား ကျွန်စနစ်ပင် ဖြစ်တော့သည်။ သို့သော် ဘုရားကျွန်ဟူ၍ အပယ်ခံ သဘောထားမှာ မကြာမတင်ကမှ ပေါ်လာသည့် အမူအကျင့်ဖြစ်၍ ရှေးက ကျွန်စနစ်သဘော နှင့် များစွာကွာခြားလှပါသည်။ ကျွန်ကို စစ်အတွင်း ဖမ်းဆီးရမိသဖြင့်လည်းကောင်း၊ အိန္ဒိယမှ တင်သွင်းလာသဖြင့်လည်းကောင်း၊ အလုပ်ကြမ်းလုပ်၍လည်းကောင်း၊ ကြွေးမြီ ဆပ်ခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူသဖြင့်လည်းကောင်း၊ အမွေရသဖြင့်လည်းကောင်းရ၏ ဟု သိရသည်။ အမြဲမဟုတ်သော်လည်း ကျွန်သည် တစ်ခါတစ်ရံ မြေနှင့်တတွဲတည်းရှိနေ တတ်၏။ ဘုရားကျွန်ကား မူလက လူလွတ်၊ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို ဘုရားမှာလှူ၍ ဘုရားကျွန်ဖြစ်လာသည် သို့မဟုတ် အစိုးရ အမှုထမ်းလည်း ဘုရားကျွန်ဖြစ်၍ မကြာခဏ ဆိုသလို (သာမန် ကျွန်ထက် အဆင့်ထူးမည်ဖြစ်သော သက်နီးဝတ် ကျွန်ကို တွေ့ရတတ်ပါ သည်။ သူတို့သည် သာမန်ရွာသူတို့လုပ်သော အလုပ်ကို မလုပ်ကြရပါ။

လူချမ်းသာဟူ၍ တစ်တန်းတစ်စား ရှိ၏။ ကျောက်ဆည်၏ ကျောက်စာတို့၌ ထိုသူတို့ကို **သူကြွယ်မ**ဟု ခေါ်၏။ ထိုအမျိုးသမီးတို့သည် လင်ယောကျ်ားနှင့် မပတ်သတ်ဘဲ သူတို့ဖာသာ သီးခြား ဥစ္စာပစ္စည်း မြေယာ ရာဖွေခွင့်၊ ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်ရှိ၏။ တစ်ခါတစ်ရံ ထိုအမျိုးသမီးမျိုးပင် ရွာသူကြီးဖြစ်ကြောင်း တွေ့ရ၏။ တနည်းအားဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးသည် အနိမ့်ခံလူတန်းစား မဟုတ်ချေ။ စင်စစ်အားဖြင့် အမျိုး

သမီးကို တန်းတူ အခွင့်အရေးမပေးလိုချင်းမှာ မြန်မာနိုင်ငံဖြစ် မြန်မာ့စိတ်ကူးမဟုတ်။ ဗုဒ္ဓသာသနာနှင့် ပါလာသော စိတ်ကူးအလေ့အလာဖြစ်ပါသည်။ ဤသို့ဆိုတိုင်အောင်လည်း ဗုဒ္ဓသာသနာတွင် (ပုဂံခေတ်က) အမျိုးသမီးသည် **ဘိက္ခုနီ** ဖြစ်နိုင်၏။ အမျိုးသမီးတစ်ဦးမှာ **သဃ်ထေရီ** အဆင့်သို့ပင် ရောက်ခဲ့၏။ ရှေးမြန်မာတို့တွင် လင်သေမယားဟူ၍ ကြာကြာမရှိ၊ ထို့ကြောင့် ချင်း၊ ကချင်တို့ကဲ့သို့ပင် ထိုအဓိပ္ပာယ်ရှိသော စကားလုံးကို သုံးလိုသည့်အခါ ၌ ခမေရ် ဝေါဟာရကို ငှား၍ သုံးရရှာသည်။

**မင်း** ဟူသော ဝေါဟာရ၊ **သူကြီး** ဟူသော ဝေါဟာရသည် တိဗက် စကား **ဂုဂစ်–ပ** ကဲ့သို့ အသက်အရွယ်ကြီး၍ အဆင့်အတန်း မြင့်သဖြင့် လေးစားထိုက်သည်ဟု အခြေခံသဘောရှိ၏။ ဤဝေါဟာရ နှစ်မျိုးသည် အဓိပ္ပာယ် အလွန်ကွာခြားလှသည်ဟု မဆိုနိုင်၊ မင်းမှုထမ်းကို ရည်ညွှန်းသော မြန်မာစကားစစ်စစ်ကား **မင်စိယ်** (မင်းစေ) ဖြစ်ပါသည်။ ပုဂံခေတ် မိဖုရားမှာ ပုဂံခေတ်ဦးက **မင်းမယား၊ ပယ်မယား** ဖြစ်ပါသည်။ **မင်းသား** ဟူသော ဝေါဟာရမှာလည်း အဓိပ္ပာယ်ထင်ရှားရှိပြီးဖြစ်သည်။ ဤဝေါဟာရတို့သည် ကျောက်ဆည်နယ်ထွက် ကျောက်စာတို့၌ တွေ့ရသော်လည်း ပုဂံသုံးစကားများဖြစ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် ကျောက်ဆည်တွင် ရှေးကနေကြပုံမှာ အလွန် ဒီမိုကရေစီဆန်သည် ဟုဆိုချင်ပါသည်။ ဘုရင်စနစ်နှင့်မင်းဆက်တစ်ခု ဖြစ်ထွန်းအောင် ကျောက်ဆည်ကမလုပ်၊ ပုဂံကသာ လုပ်သည်။ ကျောက်ဆည်တွင် တစ်ဆယ့်တစ် **ခရိုန်** ရှိခဲ့သော်လည်း **မွှစ်သာ** ကပင် အခြား **ခရိုန်**တို့ထက် နိုင်ငံရေးအရ ဩဇာပို၍ကြီးသည်ဟု မတွေ့ရဘူးခဲ့ပါ။ တစ်ခရိုန်ထက် အခြား တစ်ခရိုန်က သာလွန်ခြင်းမရှိ။ **ခရိုန်** ဟူသော စကား ဝေါဟာရကပင် အလယ်ကို ခံ၍ ထောက်ရခြင်းဖြစ်ရာ **ခရိုန်**သည် အလယ် မဏ္ဍိုင်၊ မြို့တော်၊ ဗဟို၊ မဟုတ်ပါ။

ရှေးမြန်မာကျောက်စာတို့၌ အရေးပါသော နောက်လူတန်းစား တစ်မျိုးကို မကြာခဏ ဖော်ပြသည်ကိုတွေ့ရ၏။ ထိုသူတို့ကား မင်းမှုထမ်း မဟုတ်သော မြေပိုင်ရှင် **အသည်** များပင် ဖြစ်ကြ၏။ ကျောက်ဆည်နယ်ထွက် ရှေးကျောက်စာတို့၌ အဆိုပါ ဝေါဟာရကို မတွေ့ပါ။ ဆန်း၏။ **ခရိုန်**ကို လွန်၍နောက်မှ သွားရောက်ခါ အလျဉ်းသင့်သလို တိုးချဲ့ နေထိုင်ကြသော အရပ်များ၌သုံးသည့် ဝေါဟာရဖြစ်မည်လောဟု တွေးမိပါသည်။

ဝေဘူကျောက်တုံးနှင့် ရှေးထိုးသည့် သက္ကရာဇ် ၆၀၀ (ခရစ်နှစ် ၁၂၃၈) မတိုင်မီက ကျောက်စာပါ စကားများအရ ရှေးကျောက်ဆည်နယ်က မြန်မာတို့သည် သူတို့မှတစ်ဆင့် ပေါက်ဖွားဆင်းသက်သည့် ပုဂံ မြန်မာနှင့် တူသယောင်ယောင်ရှိသော်လည်း ထပ်တူထပ်မျှ မဟုတ်ကြောင်း တွေ့ရစေမည်။ ဝေဘူကျောက်တို့သည် အထပ်ကွာတတ်သဖြင့်လည်းကောင်း၊ ရှေးရေးထိုးသူများက အထိုးတိမ်သဖြင့်လည်းကောင်း ဖတ်မရသည့်နေရာ များတတ်သည့်ပြင် စကားရှည်ရှည် ရေးသားသော အလေ့မပေါ်သေးသဖြင့် ကျောက်စာတို့မှသိရသော အကြောင်းအရာများမှာ အလွန်နည်းပါးလှသဖြင့် အားမရစရာ ဖြစ်ပါသည်။ ကောင်းသည့် ကျောက်၊ ကြွယ်ဝသည့် အသုံးအနှုန်းများဖြင့် ရေးခဲ့ရပါမူ မည်မျှကောင်းလေမည်နည်းဟု တမ်းတမိပါသည်။ ပေးထားသည့် အခြေအနေတွင် အမြတ်အများဆုံးထွက်အောင်လုပ်ရန်မှာ ယဉ်ကျေးမှုနှင့် အရေးပါသည့် အချက်အချာ စကားလုံးကို စုဆောင်းလျက် တစ်လုံးစီ စစ်ဆေးရပါမည်။ မြန်မာဝေါဟာရလော၊ နန်ကျောင်၊ ရှမ်းလော၊ မွန်၊ ကရင်၊ ကုလားလောဟု မေး၍ ကုလားဟုဆိုလျှင် ရှေးဦး သက္ကတ သို့မဟုတ် နှောင်းပါဠိဖြစ်အံ့လောဟု ကြည့်ရ

ပါသည်။ ရှေးပုံအတိုင်းမှ ရည်ရွှေ့လျော့ပျက်စီးလာပြီနည်း။ နောက်ဆုံးမှာ ဤဝေါဟာရသည် တောင်ပိုင်း အိန္ဒိယက ရောက်လာခြင်း ဖြစ်မည်လောဟု စူးစမ်းရပါသည်။

ကျေးရွာတွင် အရေးအပါဆုံး အဖွဲ့အစည်းကား လူလွတ်တိုင်းတွင် ပါဝင်သည့် **အသင်**ဖြစ်၏။ လူလွတ်ဟုသိရအောင် အမည်တွင် **သင်** ထည့်၍ မှည့်တတ်သည်။ ပါမောက္ခ ဖေမောင်တင်က ကုလားဝေါဟာရ **သဃ်** ဟူသည် သာသနာ့အဖွဲ့သာမက လူ့အဖွဲ့မှန်လျှင် ခေါ်နိုင်သည့် ဝေါဟာရဖြစ်၍ **သင်**သည် ထိုစကားမှ ရွေ့လျော့လာသည်ဟု ဆို၏။ ထိုအယူအဆကို ကျွန်တော် ကြိုက်ပါသည်။ ရှေးမွန်စကား **သင်** မှာ သာသနာ့အဖွဲ့ဝင် ဗုဒ္ဓဘာသာဘုန်းကြီးကို ရည်ညွှန်းသည်။ သို့သော် ရှေးမွန်၌ပင် **ယင်သင်** ဟူသော အတွဲ၌ (တောင်ဘက်မျိုးတို့ အသုံးတွင် အမည်ရှေ့က **သင်** ဟုတပ်၍ ခေါ်လျှင် လေးစားသမှုပြု ရာရောက်သောကြောင့်) အရာရှိဟု သေချာသည့် **သမ်ဗေင်ကလန်** တို့ အမည်အဆုံးတွင် **ယင်သင်** ဟု တွဲလျက်ပါတတ်ရာ ထိုသူများမှာ လူ **အသင်**၏အကြီးအကဲများ ဖြစ်ပါသည်။ ရှေးမြန်မာစကား၌မူ **သင်၊ သင်ကြီ** (သင်အကြီး) နှင့် **သင်လျင်** (သင်အငယ်) စသည့် ဝေါဟာရတို့ကို အမည်ရှေ့ကတပ်၍ ကြိမ်ဖန်များစွာ ခေါ်ဝေါ်ကြောင်းတွေ့ရသည်။ **သင်လျင်** ဟု ခေါ်လျှင် အမြဲလောကီနှင့်သာ ဆိုင်သည်ဟု မှတ်ရမည်။ တစ်ခါတစ်ရံ အမျိုးသမီး၏ အမည်နှင့်တွဲ၍ တွေ့ရတတ်ပါသည်။ **သင်** သို့မဟုတ် **သင်ကြီ**သည် ရဟန်းလော၊ လူလောဟု ဆုံးဖြတ်ရန်မှာ စကားအသွားအလာကို ကြည့်ရပါသည်။ ကျောင်းထိုင်ဆရာတော်မှာ **သင်ကြီ** ဖြစ်လေ့ရှိသော်လည်း **သင်ကြီ** တွင် သားမယားရှိကြောင်း တွေ့နေရလျှင် ထို **သင်ကြီ**မှာ ရဟန်းမဟုတ်တော့ချေ။ လောကီသဘောတွင် **သင်ကြီ**ကား ဒေသဆိုင်ရာ လူ့အဖွဲ့အစည်း **သင်**၏ဥက္ကဋ္ဌဖြစ်၍ **သန်လျင်** မှာ ဒုတိယ ဥက္ကဋ္ဌဖြစ်သည်ဟု ယာယီသဘော ယူဆနိုင်ပါသည်။

**ခရိန်** ဟူသော ဝေါဟာရသည် နန်ကျောင် ရှမ်းစကားဖြစ်ရာ၏ဟု မှန်းဆမိပါသည်။ ရှေးမြန်မာ ရေးထုံးတွင် နသတ်နှင့် ရေး၏။ ရှမ်းစကား **ကိည်**၊ ယိုဒယားစကား **စကဲန်** မှာ ဗဟို၊ မြို့၊ သစ်တုံး၏ အလယ်အနှစ်၊ ထီး၏ ဘောကွင်းအတန်ဟု အဓိပ္ပာယ်ရှိသည်။ ဗဟိုမှ သြဇာပျံ့နှံ့ရာကို ခေါ် သည်။ **စဝ်** (တရုတ်ရှမ်း စကားအရ ကျောင်)သည် ကျားမ မရွေး မင်းကို ရည်ညွှန်း၏။ ထိုဝေါဟာရလည်း နန်ကျောင်စကားလုံးပင် မုချဖြစ်သည်။

**သမ်ဗေင်ကလန်** တို့မှာ မွန်ဝေါဟာရများ ဖြစ်ကြ၏။ **သမ်ဗေင်** မှာ **ကလန်**ထက် ရာထူးအဆင့်မြင့်သည်။ အမျိုးသမီး **ကလန်** ရှိကြောင်းတွေ့ဖူး၏။ သို့သော် အမျိုးသမီး **သမ်ဗေင်** မတွေ့ဖူးချေ။ ကျောက်ဆည်တွင် သမ်ဗေင် တရားသူကြီးရှိဖူး၏။ သို့သော် များစွာသောအားဖြင့် **တာရင်** ခေါ် လယ်၊ ယာ၊ ဥယျာဉ်တို့၏ပယ် (၁ ၃ ကေ) မည်မျှဟု အတိအကျ မှတ်သားရသူများ ဖြစ်ပါသည်။ တိုင်းတာရာတွင် (ရှေးမွန် **တာလ်**၊ သက္ကတ **တာလ** မှ ရွေ့လျော့သည့်) **တာ**ကို သုံး၍ **ပယ်**၏ ရှစ်စိတ်တစ်စိတ် ဖြစ်သော **စရွတ်** အထိ အနုစိတ်၍ တိုင်းတာလေ့ရှိ၏။ **စရွတ်**ထက် ပိုချင်လည်းပို၍ အနုစိတ်ပေဦးမည်။ **ကလန်** ၏ တာဝန်ကို ကျွန်တော် မသိရသေးပါ။ ချုံ၍ပြောရလျှင် အုပ်ချုပ်ရေးအရာရှိ ဖြစ်ကောင်းသည်ဟု ယူဆပါသည်။ သို့သော် **ကလန် စစ်သာ** (ကျန်စစ်သား)မှာ စစ်သည်သူရဲဖြစ်ပါသည်။ ကျောက်ဆည်၏ မြောက်ဘက်၌ **ကလန်**ကို နေရပ်အမည်များနှင့်တွဲဖက်၍ တွေ့ရတတ်ပါသည်။ လူမျိုးခြားတို့ထံမှ ယူ၍သုံးသည့် အငှားစကားလုံးလုံးများဖြစ်ခြင်းကြောင့် ကျေးရွာ

အဆင့်ထက်မြင့်သည်။ မင်းမှုထမ်းကို **သံပျင်ကလန်၊ ကသန်သံပျင်** ဟု တွဲချင်သလိုတွဲ၍ ခေါ်လေ့ရှိပါသည်။

ရဟန်း (ဘိက္ခုနှင့် ဘိက္ခုနီ) တို့၏ အမည်ရှေ့တွင် (စာလုံးပေါင်းပုံစံ အမျိုးမျိုးနှင့်) သ္မင်တပ်၏ ရှေးကရင်စကား **စခင်** ခေါ် အကြီးအကဲက ရွှေ့လျောလာသည့် စကားပေလောဟု ကြဲဆမိပါသည်။ **လျှ**ဟူသော ပေးကမ်း စွန့်ကြဲခြင်း စကားလုံးမှာလည်း ပူဇော်ပသပွဲဟု သဘောအနက်ရှိသည်။ ကရင်စကားလုံး ဖြစ်မည်ဟုပင် တွေးမိပါသည်။

ကိုးကွယ်ယုံကြည်မှုတွင် အင်ဒိုအရိယမှာ ထုံးစံအတိုင်း ရေသောက်မြစ်ပင် ဖြစ်ပါသည်။ မြန်မာတို့၌ မြန်မာနိုင်ငံ မြေပြန့်သို့ မဝင်လာမီ ရှေးအထက် အနှစ် ၇၀၀ ထက် ခနည်းကပင် ထိုမြေပြန့်၌ ကုလားယုံကြည်မှုများ ရောက်လျက်ရှိပါပြီ။ ဖြစ်လေ့ရှိသည်မှာ ဗုဒ္ဓသာသနာမရောက်မီ ဗြဟ္မဏဝါဒက ရှေ့ပြေးရောက်လာလေ့ ရှိပါသည်။ ထို့ကြောင့် (ယုံကြည်မှုဆိုင်ရာ) ရေးကြသည့် အရိယ အခေါ်အဝေါ်များသည် မြန်မာတို့ထံသို့ ပျူ၊ မွန်နှင့် အခြားကြားလူတို့ထံမှ ရောက်လာရသဖြင့် သရုပ်ပျက်ဖြစ်လိမ့်မည်ဟုပင် မျှော်လင့်ထားနိုင်ပါသည်။ ပါဠိစစ်စစ်မှ ရှေးမြန်မာဝေါဟာရအဖြစ် ဆင်းသက်လာသော၊ ဥပမာ၊ **ဥယျာဉ်**သည် နောက်ကျ၍ ဝင်လာသောစကား ဖြစ်ပါသည်။ မွန်ဘာသာ မဟာကဲ့သို့ပင် မြန်မာ၌လည်း များစွာရှေးကျသော အငှားစကားဖြစ်လျှင် သက္ကတဖြစ်လေ့ရှိ၏။ (သို့သော် မွန်ထက် မြန်မာက သက္ကတကို သုံးစွဲသည့် အခါ မူလစကားလုံးနှင့် များစွာကွဲလွဲနေတတ်ပါသည်။) ထို့ပြင် ထိုအသုံးအနှုန်းမှာ ဗုဒ္ဓသာသနာ မရောက်မီကပင် လက်ခံရရှိထားပုံရ၏။ ဝေဘူကျောက်စာတစ်ခုတွင်ပါသော **အသဝတ်ဓမ္မာ** ဟူသော အမည်တွင် **ဓမ္မ**သည် ဗုဒ္ဓဝါဒနှင့် မည်သို့မျှမပတ်သက်ချေ။ ဟိန္ဒူဝတ္ထုကြီးဖြစ်သော **မဟာဘာရတ**တွင် မြင်း၏ မွန်အားရှိသူဟု အဓိပ္ပာယ်ရသည့် လူစွမ်းကောင်း **အဂ္ဂတ္ထာမ**ကို ရည်ညွှန်း၏။ မြန်မာဝေါဟာရ **ဘုရား** (တရား)သည် ဗုဒ္ဓဝါဒဆိုင်ရာ **ဓမ္မ**မဟုတ်၊ ဟိန္ဒူ ၇ (နတ်ပေးသည့်ဥပဒေ) ဖြစ်ပါသည်။ ရှေးကျောက်ဆည်သုံး ပြက္ခဒိန်သည် မွန်တို့မှာကဲ့သို့ပင် ဗြဟ္မတို့ တွက်ချက်၍ ခေါ်ခြင်းဖြစ်ပါသည်။ ဗေဒင်ပညာရှိကို မြန်မာတို့က **ပုံနာ၊ ဟုရာ** ဟုခေါ်ခြင်းမှာ သက္ကတ ပျက်ဖြစ်၍ မွန်ကတစ်ဆင့်ရသော စကားလုံးဖြစ်၏။ ပြက္ခဒိန်နှင့်စပ်သမျှ အခေါ်အားလုံး ထိုလိုပင် မွန်တို့တွင် သက္ကတက ဆင်းသက်၏။ ရှေးမြန်မာတွင်လည်း တနင်္ဂနွေ၊ တနင်းလာ စသည် တစ်ဆယ့်နှစ်လ အမည်များကို ခြွင်းချန်၍ သက္ကတပျက်များဖြစ်ပါသည်။ ဝေါဟာရတို့၏ အရင်းအမြစ်မှာ ရှုပ်ထွေး၏။ သို့သော် ယခုဆွေးနွေးရန် အချိန်မရပါ။

အဆောက်အအုံတွင် ရှေးကျောက်ဆည်က ပုဂံကိုလိုက်၍ မီနိုင်ဖွယ် မရှိသည်ကား မှန်၏။ သို့သော် ပုဂံရှိ သာသနိက အဆောက်အဦတွင် မူလအားဖြင့် ငါးမျိုးရှိရာ ထိုငါးမျိုး စလုံး ဝေဘူကျောက်စာများ၌ တွေ့ရပါသည်။ ယင်းတို့မှာ **သိမ်(သီမါ)၊ ကူ(ဂုဟ)၊ စာတီ/ ဆေတီ၊ (စဲတျ)၊ ဓမ္မသာ(တြ၊ဂျ အိမ်/ဓမ္မဂါလ)** နှင့် ကျောင်း (ကျောင်း) တို့ ဖြစ်ပါသည်။ ကျောင်းဟူသည့် ဝေါဟာရတစ်ခုတည်းသာ တိုင်းရင်းသားဖြစ်၍ ကျန်ဝေါဟာရတို့မှာ မူလ သက္ကတဖြစ်၏။ ပုဂံအဆောက်အအုံတွင် မူလဖြစ်သော **အုတ်**မှာလည်း သကတ **ဣဋ္ဌကာ** မှရော မီးဖုတ် ရွံ့ပြားဟု အဓိပ္ပာယ်ရှိပါသည်။ ပိသုကာသုံး မွန်စကားလုံးများစွာပင် ကျောက်ဆည် မြန်မာတို့ ယူငင်သုံးစွဲခဲ့ဟန်ရှိ၏။ **စလစ်** ဟူသော အပေါ်ချွန်းထောင်များ၊ **ဘုက်ကြိ** ဟူသော အလယ် နတ်သမီးရုပ်၊ **ကျက်တငိုယ်** ဟူသော မျက်နှာကြက်

အဝိုင်းပန်း၊ **ထဝယ်** ခေါ် တင်ပျဉ်ခွေဆင်းတု၊ **စရပ်** ခေါ် အလှူပေးရာရုံ၊ **တုလိုက်** ခေါ် ခန်းမ၊ **သရွတ်** ခေါ် အင်္ဂတေအစာ၊ **အလွယ်** ခေါ်ကြေးစစ်၊ **တမောအိ** ခေါ် ကျောက်ဆစ်သမား စသည်တို့သည် မွန်ကရသည့် ဝေါဟာရများတည်း။ ထို့ပြင် **ခရိုန်**တို့၌ သုံးစွဲလျက်ရှိသည့် ဆည်မြောင်းစနစ်မရှိခဲ့လျှင် ဆည်ရေသောက်လယ်၊ ကွမ်းသီး ပင်နှင့် ဥယျာဉ်တို့သည်လည်း မရှိနိုင်။ ယင်းတို့ကြောင့် ဖြစ်ပေါ်နေသည့် စည်းစနစ်ရှိသော လူမှုစီးပွားရေးလည်း မရှိနိုင်။ ထို့ကြောင့် ပုဂံအနုပညာနှင့် အဆောက်အအုံလည်း ပေါ်နိုင်ဖွယ်ရာမရှိ။ ပေါ်စေဦးတော့ ကြာရှည်ထိန်းသိမ်း နိုင်လိမ့်မည်မဟုတ်ချေ။

နိဂုံးချုပ်အားဖြင့် ယခု ကျွန်တော် တင်ပြဆွေးနွေးသည့် ပုဂံနှင့်တကွ **ခရိုန်** ရပ်ဝှမ်းများသည် ကျောက်စာတို့၌ **တမ္ဗဒီပ** ခေါ် ဧရာဝတီမြစ်၏ တောင်ဘက်၊ "ကြေးမြေ"ကိုပင် ဆိုလိုပါသည်။ ထိုဒေသ၌ကား ယနေ့မြန်မာနိုင်ငံ တဝန်းလုံး မဟုတ်သော်လည်း ကာလ ကြာမြင့်စွာ မြန်မာတို့၏ဒေသ ဖြစ်ခဲ့ရ၏။ ကျန်စစ်သားသည် ရွှေစည်းခုံ မွန်ကျောက်စာ၌ ငရန်မန်ကန်း၏ ပုန်ကန်ခြင်းကိုရည်လျက် ပုဂံသားတို့ကို "သုံ့ယူ၍ အကြေနှင့် တိုင်း တစ်ပါးသို့ ပို့၏"ဟု ရေးသားသည်မှာ အောက်မြန်မာနိုင်ငံကိုပင် ဆိုလို၏။ ပေကင် (တရုတ်မြို့တော်)ရောက် **သျှင်ဒိသာပြာမုခ်**က ကုဗလိုင်ခန်ကို **မင်းကြီးနိုင်သော ပြည်ကား များစွ၊ ကျယ်လည်း ကျယ်စွ၊ တမ္ဗဒီပကား အငယ်တွဲ** ဟု ထိုခေတ် မြန်မာတို့နေသော မြန်မာနိုင်ငံကိုရည်၍ ငယ်လှပါသည်ဟု ပြောဆိုရာတွင် ယနေ့ တစ်နိုင်ငံလုံးကို မဆို လိုကြောင်း ထင်ရှားပါသည်။ အဝတည်ပြီးသည်၏ နောက်ပိုင်း၌ပင် ခရစ်နှစ် ၁၃၇၄ ခုတွင် ရေးထိုးသော ကျောက်စာ၌ **မှတ်လှဝ် ပိုဝ်ပါ** အစချီ၍ သီဟိုဠ်နှင့် ယှဉ်လျက် မြန်မာ ဒေသကို **ဆယ်တစ်ရွာ** ဟူ၍သာ ဖော်ပြခဲ့ပါသည်။

တမ္ဗဒီပ၏ တစ်ဘက်၊ ဧရာဝတီ မြောက်ဘက်ကမ်းမှာ **သုနာပရန္တ** ဖြစ်၏။ သို့သော် ထိုအမည်ကို အဝတည်ပြီး ကာလအတန်ကြာမှ ကျောက်စာတို့၌ ထည့်၍ရေး သည်ကို တွေ့ရပါသည်။ သို့သော် **သိရိအသခ်ယာ** ဟူသော အမည်နှင့် ခေတ်ပြိုင်လည်း ဖြစ်နိုင်စရာ ရှိပါ၏။ (ကျွန်တော့်လို နိုင်ငံခြားသား တစ်ဦးအနေဖြင့်) မြစ်မျှသာ ခြားလျက် တည့်တည့်မျက်နှာခြင်းဆိုင်၍ ပင်းဒယနှင့် စကိုင်း အပြိုင်မြို့များဖြစ်ရပုံမှာ ဆန်းလှသည်ဟု ထင်မိပါသည်။ လန်ဒန်ကို လမ်ဗေ့သ်နှင့် ဝက်စ့်မင်စတာဟု အပြိုင် နှစ်ပြည်ထောင်တည်လျှင် ဆန်းပါသည်။ သို့သော် ယခုစာတန်းတွင် အဘယ့်ကြောင့် ယခုလိုကွဲရသနည်းဟု ဆက်၍ တွေးဖွယ် သဲလွန်စကို ပေးပြီးဖြစ်ပါသည်။

ရှေးဦးမြန်မာတို့သည် လူဦးရေ အနည်းငယ်မျှနှင့်ပင် မြန်မာနိုင်ငံ မြေပြန့်သို့ ဝင်ရောက်လာကြရာ လိမ်မာပါးနပ်စွာဖြင့် (ခပ်ရိုင်းရိုင်းပြောရလျှင်) ဝါးမျိုနိုင်သလောက်သာ ကိုက်ယူပါသည်။ မြစ်မကြီးကို အကြောင်းအမျိုးမျိုးကြောင့် အုပ်စီးနိုင်ဖို့ အလွန်လိုပါသည်၊ မြစ်၏အညာဒေသကို ထိန်းနိုင်ရန် နောက်ထပ်အချိန်ကာလ များစွာလိုပေလိမ့်ဦးမည်၊ သင့်တော်သော အချိန်ဆိုသည်မှာလည်း အနှစ် ၂၀၀ နီးပါး စောင့်ရသော အချိန်ဖြစ်တော့သည်၊ ထိုကာလအတွင်း၌ တမ္ဗဒီပသာလျှင် မြန်မာ့မြေဖြစ်၏။ နယ်ခွဲ၍ ပိုင်းခြားထားခြင်းကား ထိုအချိန်က ဆီလျော်သော လုပ်ထုံးဖြစ်သည်။ သို့သော် ခွဲခြမ်းလိုသော အကျင့်ပါသွားသဖြင့် ပင်းယ စကိုင်း ကွဲသောအခါ အမွေဆိုးကိုရခြင်းဖြစ်သည်ဟုပင် ဆိုဖွယ်ရှိပါတော့သည်၊ သိရိအသခ်ယာသည် မြစ်မျှကို တစ်ဖက်သို့ ကူးရုံဖြင့် တိုင်းနိုင်ငံ သီးသန့်ထောင်နိုင်ခြင်းမှာ

ဟိုမှာဘက်ကမ်း၌ မကြေမနပ်စိတ်ဖြင့် ခေါင်းဆောင်ကောင်းရဖို့ စောင့်နေသည့် ပုန်ကန်လို သူတို့ အသင့်ရှိနေခြင်းကြောင့်ဖြစ်မည်။ ထိုသို့နှစ်စိတ်ကွဲချိန်မှာ တိုတောင်းသဖြင့် တော်ပေသေး၏။ မဝ်ရှမ်းဟူ၍ မိစ္ဆာဒိဋ္ဌိတို့က ဖိစီးလာသောအခါ မြစ်မျှသာခြားသည့် **ဗုဒ္ဓသာသနာဝင်** ဘို့ပြန်၍ ပေါင်းမိသွားပါတော့သည်။ သို့သော် **ခရိုန်** နှင့် **တိုက်** တို့ကြားမှ ကွာခြားမှုကား အကယ်ပင် ကြီးကျယ်ပါသည်။ တမ္ဗဒီပတွင် ပေါ်ထွန်းသော အနုပညာလက်ရာသည် ပုဂံ အလေ့ကို နွှယ်၍ မူမပျက်သော်လည်း စကိုင်းတွင် သီးခြား အနုပညာလက်ရာတစ်မျိုး ထွန်းကား သွားပါလေတော့သည်။

ပန်းလောင်မြစ် အနောက်ဒေသဖြစ်သော **ပင်ယ၊ တပည်၊ ထောင်ရှစ်** နှင့် **အဝ**တို့ ပေါ်ပေါက်ရာအရပ်တွင် ပုဂံခေတ်ကိုမီသော ကျောက်စာ အပိုင်းကျိုး သုံးပိုင်းမျှသာ တွေ့ရ နိုးပါသည်။ ဤ **စစ်သုမ်ဖြာနိုက်** လယ်ကွက်ကောင်း များစွာရှိသော်လည်း ရေစပ်ကြင်းနှင့် အင်းအရပ် များလျက် ရှိသေးသဖြင့် ပုဂံပျက်စီးမှ ထင်ရှားကြီးကျယ်ခွင့်ရလာပါတော့သည်။

■

## နောက်ဆက် မှတ်ချက်

## ကျန်စစ်သား နှင့် ကျောက်ဆည်

ကျန်စစ်သား၏ ဇစ်မြစ်ကို သိရန် အလွန်ခက်ခဲလှ၏။ **မဟာရာဇဝင်ကြီး**က ပရိမ္မခေါ် တမ္ဗဒီပ၏အပြင် အကြေချင်းတွင်း၏ အရှေ့ဘက်ကမ်းတွင် မွေးသည်ဟုဆို၏။ ယင်းသို့ ဆိုချင်းမှာလည်း ပရိမ္မ ထီးလိုင်ရှင်ကျောက်စာ (စာရင်း ၄၉)၌ **မိမိဖွာရာ ပရိမ် ပြည်နှိုက် မိလိုင်သျှင်မင်ကြီ စေတီတည်၏။** ဟု ပါသောကြောင့် ဆိုသည်။ ကျောက်စာ ရက်စွဲမှာ သက္ကရာဇ် ၄၆၉ ခရစ်နှစ် ၁၁၀၇ ဖြစ်ခြင်းကြောင့် တွေ့ဖူးသမျှ အစောဆုံး မြန်မာ ကျောက်စာတို့ထက် စော၏။ ရေးနည်းရေးဟန်ကို စစ်ဆေးလျှင် အ၀ခေတ်ဦး အရေးအသား ဖြစ်နေပါသဖြင့် အဖြစ်အပျက်ကို အနှစ် ၃၀၀ကြာမှ မှတ်တမ်းတင်ခြင်း ဖြစ်နေပါသည်။

တောင်ပြုး လှည်းထောက်ကျောက်စာ (စာရင်း ၅၀ က) တွင်**မင်တြိ နော်ရထာ သာချစ်တမူလည် ဖွ္လစ်ထသော၊ ထိလိုင်အသျှင် ကလန်သာစစ်သာ** ဟု အနော်ရထာ၏ သားအဖြစ်နှင့် ဖော်ပြပြန်၏။ ထိုကျောက်စာ၌ ဖတ်ရသော ရက်စွဲမှာ သက္ကရာဇ် ၄၂၇၊ ခရစ်နှစ် ၁၁၁၀ ဖြစ်၏။ သို့သော် အလွှာကွာကျလျက်ရှိသော ကျောက်စာအောက်ခြေ၌ **တရက်မ္လွေ**နှင့် **တြျာဖျာ** ဟူသောအမည်များပါလျက် စာလုံးပေါင်းပုံနှင့် ရေးထိုးက အ၀ ခေတ်ဦး ကျောက်စာဖြစ်ကြောင်း ပြလျက်ရှိပါသည်။ ဖော်ပြပါ ကျောက်စာနှစ်ခုစလုံးသည် ကျန်စစ်သား၏ ဇစ်မြစ်ကို ဖော်ပြရန် ခိုင်လုံသည့် အထောက်အထားများဟူ၍ (ကျွန်ုပ်တော် မယူဆပါ။) ထိုကိစ္စအတွက် ကျန်စစ်သားကိုယ်တိုင် ရေးထိုးခဲ့သည့် (၁) ရေးမွန် (နှင့်ပါဠိ အတန်ငယ်ပါသော) ကျောက်စာများနှင့် (၂) ရှေးဦးမြန်မာ ကျောက်စာတချို့မှ ထိုမင်းနှင့် အရိုးဆက်အကြောင်း ဖော်ပြသမျှတို့ကိုသာ ကန့်လျက် ရှာဖွေထုတ်နုတ်ခြင်း ပြုသင့်ပါ တော့သည်။

မွန်/ပါဠိဘာသာဖြင့် မိဘအရိုးအဆက်ကို သူကိုယ်တိုင် နှစ်ကြိမ်ဖော်ထုတ်ခဲ့ဘူး၏။ ဖခင်မှာ နေမျိုး(**အာဒိစ္စဝံသ**) မိခင်မှာ ? ဥသျှစ်သီးအတွင်းမှ ဖြစ်ပေါ်လာ၍ (မွန်ဘာသာရေးပုံ ညှိနေရာ၌မရှင်း) ဥအမျိုးအဆက် (**ကုံဗါယ်**) ဖြစ်သည်။ ဝါးဆစ်တွင်သန္ဓေယူ (**ဝေဠုဗ္ဗဇာတ**) သည်ဟုဆိုပါသည်။ သဘောမှာ အဖေသည် အဆင့်အတန်းမြင့်၍ အမေသည် လူပသော အဆန်းတကြယ် မွေးခဲ့သူဖြစ်ကြောင်းပင်ဖြစ်၏။ သမိုင်းသဘောအရ ကောက်ရလျှင် အနိရုဒ္ဓကို မည်သို့မှ ထည့်သွင်းဖော်ပြခြင်းမရှိသဖြင့်လည်းကောင်း၊ ဧရန်မန်ကန်းသူပုန်တွင် သူပါဝင် ဆောင်ရွက်ပုံကို ဖော်ပြသော်လည်း ထိုအထက်က မင်းမှုထမ်းခဲ့ပုံများရှိလျှင်လည်း လုံးဝဖော်ပြခြင်း မပြုသဖြင့်လည်းကောင်း၊ ခေတ္တမျှသာ ပေါ်ခဲ့သည့် အနိရုဒ္ဓ၏ **ပရ်ဝေဒ** အမျိုးအဆက်နှင့် ကျန်စစ်သားသည် လုံးဝ ဆက်လိုစိတ်မရှိ။ မိမိမင်းဖြစ်ရသည်မှာ ဘုရားရှင်ဗျာဒိတ်တော်အတိုင်းဖြစ်၍ မိမိသည် ဗိဿနိုးနတ်မင်း ဝင်စားသူလည်း ဖြစ်သည်။

ယခင်ဘဝက ပျူမြို့တော်**ဗြဲကျွေးတြ**ကို တည်သည့် ရသေ့ဖြစ်ခဲ့ဖူးသည်။ ထိုကုသိုလ်သမ္ဘာရ ဘဲ့ကြောင့် ယခုမင်းဖြစ်လာရသည်ဟု ဆိုလို၏။ သူ့အထက်က အုပ်စိုးသွားသည့် မင်းကြီး၏ အာဏာကြီးမားလွှမ်းမိုးပုံကို မလိုလားသော သဘောရှိသကဲ့သို့ ဖော်ပြနေသည်ဟု ထင်ရသော စကားများကို တွေ့ရ၏။ (ဥပမာ) "ရှေးရှေးမင်းတို့၏ အနွယ်စဉ် ဆက်ခံခွင့်ကိုလည်း သောက်ထားရမည်"ဟု မှတ်တမ်းတင်ခဲ့ခြင်းက ထင်ရှားပြလျက်ရှိသည်ဟု ထင်မိပါသည်။ သို့မှတစ်ဖန် မှတ်တမ်းတင်လိုသည့်အခါတိုင်း ထိုမင်းသည် မွန်ဘာသာကိုသာ သုံး၍ ယင်းသို့ မှတ်တမ်းရေးသောအခါ၌လည်း ထိုမွန်ဘာသာကို နိုင်နိုင်နင်းနင်း ရေးနိုင်ခြင်း ကြောင့်လည်းကောင်း၊ မွန်ယဉ်ကျေးမှုနှင့် မွန်တို့ ယုံကြည်မြဲသာသနာတို့ အပေါ်တွင် ထိုမင်း သံယောဇဉ်ရှိနေပုံကို သိသိသာသာ တွေ့နေရသောကြောင့်လည်းကောင်း၊ ထို မင်းသည် ကျောက်ဆည်နယ်၌ အနည်းဆုံးနေထိုင်ကြီးပြင်းလာခဲ့ရသူဟု ညွှန်းလျက်ရှိ ပါသည်။

ရှေးမြန်မာ မူလထိုး ကျောက်စာတို့၌ ထိုမင်းကို **ထိလိုင်(မိလိုင်)မင်** ဟု တွေ့ရမြဲ ဖြစ်၏။ အဝခေတ်ကျောက်စာများတွင် စိုးမိုးအုပ်ချုပ်လျက်ရှိသော မင်းရိုးအနွယ် တစ်နွယ် ဘည်းကသာ **မင်** ဟူသော ဝေါဟာရကို သတ်မှတ်သုံးစွဲနေပြီဖြစ်သဖြင့် **ထိလိုင်မင်**ကို အတန်ငယ်လျှော့၍ **ထိလိုင်သျှင်** ဟု ဖော်ပြခဲ့ပါသည်။ ပုဂံခေတ် အနိရုဒ္ဓမှစ၍ **မင်**ဟူသော ဝေါဟာရကို ပုဂံ၏ စိုးမိုးအုပ်ချုပ်သူကိုသာ ရည်ညွှန်း၍ သုံးစွဲခဲ့သည် မှန်သော်လည်း ရှေးကျသော (ရက်စွဲမပါ) ကျောက်စာတစ်ခုတွင် **တောင်တွင်မင်**ဟု ရေးသားသည်ကို ခြွင်းချက်အဖြစ် တွေ့ရှိရဖူးပါသည်။ တောင်တွင်းကြီးမှာ တမ္ဘဒီပ၏ တောင်ဘက်နယ်စွန်း ဖြစ်ခြင်းကြောင့် ထိုဒေသ၏အုပ်ချုပ်သူမှာ အထူးအခွင့်အရေး ရရှိဟန်တူပါသည်။ ထီးလှိုင် အဘယ်မှာရှိသနည်း။

မိတ္ထီလာခရိုင်မြောက်၊ ဝန်တွင်းအနီးမှာရှိသည်ဟု ဂျီစီဟာဗေက ဆိုပါသည်။ ဒွေးရှိုင်ဆယ်က မြင်းခြံခရိုင် ရှိသည်ဟုဆိုသော်လည်း အတိအကျ မပြခဲ့ပါ။ **မြန်မာဂေဇက် တီးယား** (၁၉၄၄)အရ အဆိုပါ (ထီးလှိုင်) အမည်ဖြင့် ရွာသုံးရွာ ထင်ရှားရှိပါသည်။ ဝန်တွင်း အနောက်တောင် နှစ်မိုင်ခွဲမှာ တစ်ရွာ၊ ရမည်းသင်း အရှေ့တောင် ခြောက်မိုင်ကွာမှာ တစ်ရွာ၊ တောင်ငူမြောက်ဘက် အနီးတွင် တစ်ရွာရှိပါသည်။ **အထက်မြန်မာနိုင်ငံ ဂေဇက် တီးယား** (၃၊ ၁၊ ၂၃၇) မှာ ထီးလှိုင်သည် တောင်ပိုင်းရှမ်းပြည်၊ မြေလတ်ခရိုင် မောနယ်၏ အနောက်တွင် ရှိသည်ဟု ဖော်ပြပါသည်။ ဝန်တွင်း ထီးလှိုင်သည် မြစ်သား၏ အနောက် တောင်မှ တောင်သို့ယွန်းယွန်း မိုင် ၃၀-မျှပင် မကွာချေ။ ထို့ပြင် ကျန်စစ်သားခေတ်က ထိုဒေသတွင် လူအများစုသည် မွန်အမျိုးသားများပင် ဖြစ်မည်ဟု ထင်ပါသည်။ သို့သော် ကျောက်ဆည်နယ်တွင်းမှာပင် ရှေး **ထိလိုင်** ရှိဖူးပါသည်။ နေရာ အတိအကျထောက်၍ကား မပြတတ်သေးပါချေ။ ရက်စွဲအားဖြင့် သက္ကရာဇ် ၈၀၀ခန့်ဟု မှန်းနိုင်သည့် ကျောက်ဆည်ခရိုင် အရှေ့ သန်ရွာ၏ တောင်ဘက် သုံးမိုင်ကွာ၊ ပဲကင်းအနီး ရွှေအင်းဘဲဘုရားမှ တွေ့ရှိရသော ကျောက်စာတွင် **ထိလိုင်** အရှေ့၌ စပါးစိုက်လယ်ရှိသည် ဟု တွေ့ရပါသည်။ မြင်စိုင်း၏ မြောက်ဘက် ဇွန်ကျောင်းမှာ တွေ့ရသည့် သက္ကရာဇ် ဖ၈၇-ခုပါ ကျောက်စာဟောင်း တစ်ခု၌ **ထိလိုင်**ကျောင်းကိုလှူကြောင်းပါရှိ၏။ မြင်းခုန်တိုင် လေးမျက်နှာဘုရား ကျောက်စာ (သက္ကရာဇ် ၇၈၉)တွင် **မိလိုင်အသျှင် ဖြစ်သစ် မြင်ခုန်တိုင်မင်**၏ ကောင်းမှုကုသိုလ်တို့ကို

မှတ်တမ်းတင်၍ ထားပါသည်။ ရက်စွဲနှင့်အကြောင်းအရာများကို ချင့်တွက်၍ (အဆိုပါ **မိလိုင်**သည်) ကျန်စစ်သားပေတာ်၊ မိုးညှင်းသတိုး၏သား မင်းလှ ဖြစ်သည်ဟု ယူဆ၏။

ဆက်လက်၍ သုတေသနပြုရလျှင် ယင်းပြဿနာကို အပြီးတိုင် ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်၏။ ယခုလောလောဆယ်အားဖြင့် အထောက်အထား ခိုင်လုံအောင် မပြနိုင်သေးသော်လည်း ကျန်စစ်သားသည် ကျောက်ဆည်နယ်၌ နေထိုင်ခဲ့ဖူးသည်ဟု ပြောနိုင်စရာရှိနေပါသည်။ ထိုမင်း၏သမီး **အိုငြိမ်သင်** သည် **ခင်အုန်**ရွာနှင့် အဆက်အသွယ်ရှိကြောင်းကိုလည်းတွေ့ရပါသည်။ (ဇာတိ သို့မဟုတ် အပိုင်စားရသည့် မြို့ကျေးဖြစ်နိုင်သည်)။ **ခင်အုန်**ကား ကျောက်ဆည်နယ်၏ မြောက်ဘက်တွင်ရှိ၍ **မက္ခရာခရိုင်**၏ တောင်ဘက်တွင် ရှိမည်ဟု မှန်းဆပါသည်။ **အုတ်တွင်**၌လည်း ထိုမင်းသမီးပိုင် လယ်များ ရှိပါသည်။ **အုတ်တွင်**ကား ယခုမြင်းခြံနယ် အရှေ့ဘက် နွားထိုးကြီးနှင့် ပြင်စည်အကြားတွင်ရှိသော အုတ်တွင်းဖြစ်နိုင်သည်ဟု ထင်ပါသည်။ အရွယ်ကြီးရင့်သောအခါ ထိုမင်းသမီးသည် **ဣလယ်ကန်**ရွာ၌ ရွှေမုဋ္ဌောဘုရားတည်သည်။ ထိုရွာကို ယခုဘုရားကြီးရွာဟု ခေါ်၍ နွားထိုးကြီး မြို့ အရှေ့တောင် လေးမိုင်ကွာ၌ ရှိပါသည်။

အနိရုဒ္ဓနှင့် ကျန်စစ်သား မသင့်မတင့်ရှိခဲ့သည်မှာ ကြီးကျယ်ကြောင်း ထင်ရှားလှပါသည်။ ကျန်စစ်သား၏ ကျောက်စာတို့၌ အမျိုးသမီးနှင့် ပတ်သက်လျှင် စိတ်လိုလိုက် တတ်သည့် သဘောကိုညွှန်းသည့် အထောက်အထားများစွာပင်ရှိပါသည်။ သို့သော် အဆက် အသဖြစ်သော သမီးကညာကို အနိရုဒ္ဓမင်းကြီး မမြင်မတွေ့ရဖူးမီကပင် ကျန်စစ်သား နှင့် ချစ်ကြိုက်မိကြသောအကြောင်း တစ်ခုတည်းကြောင့် ဖြေဖျောက်၍ မရနိုင်လောက်အောင် တစ်ဦးအပေါ် တစ်ဦး အငြိုးကြီးကြရသည်မှာ လုံလောက်သည့်အကြောင်းဟု မထင်မိပါ။ မင်းနှစ်ပါး မသင့်မြတ်သည်မှာ ကျောက်ဆည်နှင့် ပုဂံအားပြိုင်ခြင်းက အရင်းအမြစ်ဖြစ် သလော။ (ဖန်ချော ပြောစကားအရ) ကျောက်ဆည်နယ်ကို သိမ်းယူသည့် မြန်မာအကြီးအကဲ များမှာ မင်းတပ်၍ အခေါ်ခံသည်။ သူတို့လည်း မင်းဖြစ်မှု ပုဂံမင်းက လွှမ်းမိုးလာသည်ကို အလွယ်နှင့် အညံ့ခံလိုက်ကြမည် မဟုတ်ချေ။ ကျောက်ဆည်နယ်၏ မင်းတို့တွင် ပုဂံမင်းကို အညံ့မခံဘဲ မင်းဘွဲ့ဖြင့် ဆက်လက်တည်ရှိသည့်မင်းမှာ နောက်ဆုံး ကျန်စစ်သား တစ်ဦး တည်းပင် ဖြစ်ပါသလော။ ယင်းသို့ဖြစ်ပါမူ အငြိုးတကြီး တစ်ဦးကို တစ်ဦး ရန်ပြုရန် အကြောင်းလုံလောက်၏။ **ထိလိုင်**သည် **ခရိုန်**ကြီး အတွင်းမှ မင်းငယ်မျှသာ ဖြစ်ဘိမူ ယင်းသို့ပြိုင်ဆိုင်ရဲသဖြင့် အထူးပို၍ ချီးမွမ်းဖွယ်ပင် ဖြစ်တော့သည်။ ထို့ပြင် ကျန်စစ်သားသည် နန်ကျောင်နှင့် ဖက်ပြိုင်သည့်စစ်မှ (ကရာ) ကုန်းကျဉ်းအထိ တိုက်ပွဲခိုက်ပွဲ များစွာ၌ စွမ်းစွမ်းတမံ အနိရုဒ္ဓ၏အမှုတော်ကိုထမ်းခဲ့သည့် ကျေးဇူးတရားကိုမျှ မထောက်ဟု စဉ်းစား ပါလျှင် ကျန်စစ်သားဘက်က မလိုက်လျှောခြင်း၊ ခွင့်မလွှတ်ခြင်းကို နားလည်နိုင်ပါသည်။ သို့စဉ်လျက် အနိရုဒ္ဓလွန်သည့်အထိ ကျန်စစ်သားသည် အနိရုဒ္ဓ အပေါ်တွင် သစ္စာစောင့် ထိမ်း၏။ အနိရုဒ္ဓ၏ သားတော်ကိုပင် စွန့်စား၍ ကယ်ဆယ်ရန် လုံ့လပြု၏။ သို့သော် ရိုးရာအခွင့်အရေးကိုကား အနည်းငယ်မျှ မလျှော့လိုကြောင်း ထင်ရှားလှသည်။ ထို့ပြင် ကျန်စစ်သား၏ ကျောက်စာတို့၌ မြန်မာနိုင်ငံကို လက်ရုံးရည်ထက် နှလုံးရည်ဖြင့် သိမ်းရုံး အုပ်ချုပ်လိုကြောင်း သံန္နိဋ္ဌာန် စွဲမြဲပြီးဖြစ်ကြောင်းတွေ့ရလျက် အဘယ့်ကြောင့် ထိုသို့ လုပ်သင့်ကြောင်းကိုလည်း နားလည်လောက်ပါသည်။

အထက်ဖော်ပြပါ ခန့်မှန်းချက်သဘောတို့တွင် အထောက်အထား အခိုင်အမာ ရှိသည်တို့လည်း များပါသည်။ သို့သော် ထည့်သွင်း စဉ်းစားသင့်သော အကြောင်းအချက်များ ဖြစ်ပါသည်ဟူ၍ကား တင်ပြလိုပါသည်။

အခု မြန်မာလိုပြန်ပြီး ဖော်ပြလိုက်တဲ့ စာတန်းတွေထဲမှာ ဆရာလုစ်က မြန်မာတွေ မြန်မာမြေပြန့်ထဲ ဝင်လာပုံကို သူ့ဆုံးဖြတ်ချက်နဲ့အတူ အပြည့်အစုံ ပြောသွားပါပြီ။ သူ့ကို ထောက်ခံမယ်၊ ကန့်ကွက်မယ်ဆိုရင် သူ့စာကို ဂရုစိုက်ဖတ်ရမယ်။ ငြင်းစရာ မတွေ့သေးရင် သူပြောတာကိုပဲ ယူရမယ်။ သူကလည်း ငါပြောတာပဲ မှန်ရမယ်လို့ မဆိုပါဘူး။ သူ့အပြောကို လက်ခံလိုက်ရင် အင်္ဂလိပ်တပည့်၊ အင်္ဂလိပ်မွေးတဲ့လူ၊ ကျွန်စော်နံတယ်လို့ ဆိုရင်လည်း တရားနည်းလမ်းကျမယ် မဟုတ်ဘူး။ ကျွန်တော်တို့တတွေ ဆရာလုစ်နဲ့ ကျောက်ဆည်နယ်ကို လှည့်ဖူးပါတယ်။ သူပြောတာ မှတ်တယ်။ သူပြတဲ့ သက်သေယုတ္တိရှိ မရှိ ကိုယ့်အမြင်နဲ့ အကဲခတ်တယ်။ သူ့စကားတွေဟာ အခုရတဲ့ အထောက်အထားနဲ့ ဆက်ကြည့်ရင် ဖြစ်နိုင်ကောင်းတယ်။ ကျိန်းသေဖြစ်ခဲ့တယ်လို့ သူကလည်း မပြောနိုင်ဘူး။ ဒါပေမယ့် သူ့စာတန်းရဲ့ နောက်ဆုံး စကားမှာပါတဲ့အတိုင်း ဒီလိုများဖြစ်သွားလေမလားလို့ ထည့်ပြီး စဉ်းစားရမယ့်အချက်တွေဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့ ကျောက်ဆည် နယ်လှည့် မျက်မြင်နဲ့ စာတွေ့ပေါင်းပြီး သူ့စကားတွေကို ဝေဖန်ကြည့်ကြရအောင်။

## တကောင်းက

ဒီစကားကို ဆရာလုစ်က အကျယ်တဝင့် ပြောစရာမလိုတော့ဘူး။ ယုတ္တိမရှိမှန်း လူတိုင်းသိတယ်လို့ဆိုတယ်။ ဒါပေမဲ့ ဒီစကားဟာ စာတတ်တဲ့ မြန်မာတိုင်းရွတ်နေတဲ့ စကားဖြစ်တယ်။ ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့ ဒို့ဗမာအစည်းအရုံးဆိုတာ ပေါ်လာတုန်းက ဒီစကားကို တွင်တွင်ပြော၊ သီချင်းထဲထည့်ဆိုပြီး အင်္ဂလိပ်ကို မောင်းထုတ်ဖို့ ဝါဒဖြန့်ကြတယ်။ ဒီတော့ ဒီစကားကို အခု ဆန့်ကျင်ရင် အခု"တိုင်းပြည်ရန်သူ"လို့ ထင်လာကြပါတယ်။ ဒီနေရာမှာ ဆရာလုစ်ဟာ အင်္ဂလိပ် ဖြစ်နေလို့ အင်္ဂလိပ်ဆန့်ကျင်ရေးအတွက် အကောင်းဆုံး ရွေးထားတဲ့ လက်နက်ကို သူမဖြိုခွင်းနိုင်သလိုရှိနေတယ်။ ဒါပေမဲ့ ခေါင်းအေးအေးထားပြီး စဉ်းစားကြရင်–

(၁) "ငတပါးမင်း"(မင်းရိုးမဟုတ်ဘဲ အခြားတစ်ပါးက မင်းတက်လုပ်တဲ့မင်း)ဟာ "ငါက ဘုရားဗျာဒိတ်ရတဲ့ သာသနာပြုမင်းပေါ့။ မျိုးရိုးကလည်း အင်မတန်ကြီးတယ်၊ ဂေါတမနဲ့ တိုက်ရိုက်ဆက်တဲ့ အမျိုးပဲ။ ကုလားပြည်က သာကီဝင်ကွဲ။ 'သာကီဝင်ဆိုတာလည်း ကမ္ဘာမှာပထမဆုံးပေါ်တဲ့ မဟာသမတမင်းရဲ့အဆက်ပေါ့' ဆိုတာမျိုးကို တမင် ထွင်ပြီး ပြောခဲ့တယ်လို့ပဲ ဆိုရမယ်။ ဒီစကားကို အလောင်းမင်းတရားအတွက် သူ့ကို အင်မတန် လိုလားတဲ့ လူတွေက ထွင်ပြောတာလို့ ပြောနိုင်ပါတယ်။ အရင်က ရေးခဲ့တဲ့ ရှင်မဟာသီလဝံသရဲ့ **ရာဇဝင်ကျော်**၊ ဦးကုလားရဲ့ **မဟာရာဇဝင်သစ်နဲ့** စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက်ပြုစုတဲ့ **မှန်နန်း** ရေးတဲ့အခါမှ ဒီစကားတွေ ပါလာပါတယ်။ နောက်မှ"ဖြည့်ကွက်"သက်သက်ဖြစ်တယ်။

(၂) ကျန်စစ်သားဆိုတဲ့ပုဂ္ဂိုလ်ဟာ မြန်မာရာဇဝင်မှာ ဒီလို "ငါသည်ကားလို့ဆိုလျှင်" ဆိုပြီး လုပ်ဇာတ်ကိုပြောတဲ့ "ငတပါးမင်း" ထဲမှာ အစောဆုံးမင်း တစ်ပါးပါပဲ။ သူက သူ့ကိုယ်သူ အနိရုဒ္ဓရဲ့သားလို့ မပြောဘူး။ သူဟာ အဖေဘက်က နေနတ်သား၊ အမေဘက်က အသီးတွေအပွင့်တွေထဲမှာ ဖြစ်တဲ့ သန္ဓေတဇ အမျိုးသမီးဖြစ်တယ်။ ဘုရားဗျာဒိတ်လည်း ရပြီးဖြစ်တယ်လို့ ဆိုတယ်။ ဒီတော့ "ငတပါးမင်း"ထဲမှာ ကျန်စစ်သားအစ မင်းကြီးစွာစော်ကဲနဲ့ ဟံသာဝတီ ဆင်ဖြူရှင်အလယ်၊ အလောင်းမင်းတရားအဆုံး ဒီမင်းတွေဟာ မင်းရဲ့ သား မဟုတ်ဘဲ မင်းတက်ဖြစ်တော့ ငါ့အမျိုးလည်း "ပြာမေ့းမီးခဲ"လို ခဏပဲ တိမ်မြုပ်နေတာ၊ အရင်းစစ်တော့ ဘုရားမျိုးကွလို့ ကောင်းသထက်ကောင်းအောင် ရှာကြံပြီး ပြောတာပဲ ဖြစ်တယ်။ ယုတ္တိမရှိဘူး။ မြန်မာဟာ ကုလားနဲ့တူတဲ့ လူတွေမဟုတ်တာတာလည်း သိကြသားပဲ။

(၃) အခု တကောင်းမှာ ရှေးဟောင်းသုသေသနက တူးနေပြီ၊ ပုဂံခေတ်(၁၁–၁၂ ရာစု)ထက်စောတဲ့ သက်သေအထောက်အထား အရင်ကတော့ မတွေ့ရဖူးဘူး။ အခုတွေ့ရမှ ဘာတွေဖြစ်မလဲလို့ ကျွန်တော်တို့အားလုံး နားစွင့်နေပါတယ်။ ဒါပေမဲ့ "တကောင်းက" ဆိုတဲ့ စကားကို လုပ်ဇာတ်ဖြစ်တယ် လို့ သိထားတာကြောင့် ဒီစကားကို ထောက်ခံမည့် အချက်ကတော့တွေ့မှာ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။

(၄) ဒီလိုဆိုရင် တပိန်မြစ်ဖျား **မဝ်**မြစ်ဝှမ်းမှာနေခဲ့တဲ့ "မင်း"လူမျိုးဟာ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ကိုလာဖို့ ပထဝီဝင် အနေအထားအရ နီးတဲ့ လွယ်တဲ့ ဧရာဝတီမြစ်ရိုးကနေပြီး မဝင်ဘဲနဲ့ ဝေ့ဝိုက်ပြီး ခရီးလမ်းပန်းခက်တဲ့ သံလွင်မြစ်ရိုးကနေ သိန္နီ–ရပ်ဆောက်လမ်း၊ ပြီးတော့မှ နတ်ထိပ်လမ်းကြားက ကျောက်ဆည်နယ်ကို ဝင်တယ်လို့ ဘာပြုလို့ထင်ပါသလဲ မေးစရာပေါ်တယ်၊ ဒီနေရာမှာ ၉ ရာစုဦးတုန်းက **မဝ်**မြစ်ဝှမ်းက "မင်း"တွေဟာ မြန်မာအလယ်ပိုင်း မြေပြန့်ကို ၉ ရာစုလယ်မှာရောက်နေတယ်၊ ဘယ်လမ်း လာသလဲလို့ အရင် မေးရမယ်။ သံလွင်မြစ်ရိုးလျှောက်ပြီး လောက်ဆောက် (ရပ်ဆောက်) လမ်းပေါ့လို့ ဖြေတာက"အတွေး"ပဲဖြစ်တယ်။ ဒီအတွေးကို ပို့တဲ့အချက်လေးချက် ရှိတယ်။

(က) "မင်း"လို့ခေါ်တဲ့"မူလဗမာ" (ဗမာလို့ အခေါ်မခံရသေးမီက လူတွေကို မူလဗမာလို့ ဖော်ပြလေ့ရှိတယ်)တွေဟာ နန်ကျောင်နဲ့ အတူတူ မနေနိုင်လို့၊ နန်ကျောင် နှိပ်စက်တာကို လွတ်ချင်လို့၊ ရှောင်ရှားတယ်ဆိုရင် ရွှေလီမြစ်ပေါ်က ဧရာဝတီရွှေလီမြစ်ဆုံနဲ့ မကွာလှတဲ့ ငအိုး အနီး နွားတလည် ရွာဆိုးက နန်ကျောင်တွေရဲ့ နယ်စွန်းခံတပ်ရှိရာတစ်ဝိုက်၊ တစ်နည်းပြောရရင် သွားလမ်းသင့်ပေမဲ့ ဧရာဝတီမြစ်ရိုးတစ်လျှောက် ရွှေလီမြစ်နဲ့ပေါင်းဆုံတဲ့ နေရာအထိ ဒေသတစ်လျှောက်မှာ အကြီးဆုံးရန်သူရှိနေလို့ ဒီလမ်းကို ရှောင်ရမယ်။

(ခ) ဧရာဝတီ ရွှေလီမြစ်ဆုံကို လွန်ခဲ့ပြန်တော့လည်း အခု မန္တလေး နေရာလောက် အထိ ဧရာဝတီတစ်ရိုးမှာ ကဒူးရှိတယ်။ ဟိုတုန်းက **ကန်တူ**လို့ ရေးတယ်၊ **သဝ်၊ သက်** လို့လည်း တချို့အပိုင်းမှာ ဒီလူမျိုးကိုပဲ ခေါ်တယ်။ သူတို့ရဲ့ ဗဟိုဌာနက တကောင်းဖြစ်တယ်။ ဒီတကောင်းကို ရှေးက **သင်တွယ်** လို့ရေးတယ်။ (အသံထွက် သံတွဲဖြစ်နိုင်တယ်။) ဒီ **ကန်တူ**ဟာ မူလ မြန်မာတွေအဖို့ ဒုတိယအနှောင့်အယှက်ပဲ ဖြစ်တယ်။ စောစောကပြောတဲ့ ရွှေလီပေါ်က နန်ကျောင်ခံတပ်ကို အနိရုဒ္ဓ လက်ထက်(၁၁) ရာစုလယ်ရောက်မှ မြန်မာတွေ သွားတိုက်ပြီးနိုင်သလို ဒီတကောင်းကိုလည်း မြန်မာတွေဟာ ၁၃ ရာစုဦး (အေဒီ ၁၂၂၈) ရောက်မှ အပြီးတိုင်ချေမှုန်းလို့ပြီးတယ်။ စောစောက မတို့ဝံ့ဘူးဆိုပါတော့။

(ဂ) ဒီလိုရန်သူနှစ်မျိုးရှိလို့ ပထဝီဝင်အရ သွားလမ်းကောင်းရာက မလာဘဲ ခက်ခဲတဲ့လမ်းက လှည့်ပြီးဝင်လာနေကြရရှာတယ်လို့ ယူဆဖို့ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမြေပုံကို ဖြန့်ကြည့်ပြီး အလယ်ပိုင်းမြေပြန့်ရောက်အောင် ဧရာဝတီကြောင်း ခလိုက်နိုင်လျှင် မြန်မာမရောက်ခင် မြန်မာနိုင်ငံထဲကို ရောက်နေပြီးဖြစ်တယ်လို့ ယူဆတဲ့ ကရင်တွေဝင်တဲ့လမ်းနဲ့ နီးစပ်မှာပဲ။ သူတို့ဝင်တဲ့လမ်းက အခုရှမ်းပြည်ကနေပြီး တောင်ငူ အထိ ဆင်းတဲ့လမ်းပေါ့။ မြန်မာက တောင်ငူအထိမဆင်းဘဲ ကျောက်ဆည်နယ်ကို ဖောက် ဆင်းမယ်၊ ဘာပြုလို့ ကျောက်ဆည်နယ်လို့ ပြောရသလဲဆိုလျှင် ကျောက်ဆည်နယ်မှာ ရှေးအကျဆုံး မြန်မာကျောက်စာတွေ တွေ့ရလို့ပါပဲ။

(ဃ) ဒီလိုကျောက်ဆည်နယ်လို့ ပြောတဲ့အခါမှာလည်း အဲဒီနယ်ကို အရှေ့တောင် ဘက်စွန်းကဝင်ပြီး ဧရာဝတီမြစ်ငယ်ဆုံတဲ့ မြောက်ဘက်ကို တက်သိမ်းတယ်လို့ ထင်ပြန်တယ်။ ဘာပြုလို့လည်းဆိုတော့ ဗမာတွေ အစဦးဆုံး ရွာတစ်ဆယ့်တစ်ရွာ(ရှေးအခေါ်နဲ့ ဆယ်တစ် **ခရိုန်**ကို) အုပ်စီးတဲ့အခါ ရွာအမည်ကို ရှေးထုံးစံအတိုင်း စဉ်ပြီးဖော်ပြထားပုံက တောင်က မြောက်ကို တက်သွားတာ တွေ့ပါတယ်။ ဒါကြောင့် အရှေ့တောင်ထောင့်က မြောက်ကို တက်သွားတယ်လို့ ယူဆတာဖြစ်တယ်။

ဒီနေရာမှာ တက်သိမ်းတယ်ဆိုတဲ့စကားကို ဘာပြုလို့သုံးသလဲလို့ မေးရပြန်တယ်။ ၁။ ကျောက်ဆည်နယ်ထဲမှာ မွန်တွေ ဆည်မြောင်းနဲ့စိုက်ပျိုးရေးလုပ်နေတယ်။ ၂။ **ကန်တူ** တွေ ဆည်မြောင်းနဲ့ စိုက်ပျိုးရေးလုပ်နေတယ်။ (**မှန်နန်း**ရာဇဝင်က ပုဂံပျက်လို့ တရုပ်က မြင်စိုင်းလာတိုက်တဲ့အခါ ရွှေငွေရတာနဲ့ ပြန်ကာနီး မြောင်းတစ်ခုကူးပေးခဲ့တယ်ဆိုတဲ့ သင်းတွယ်မြောင်းဟာ တကယ်က **သင်တွယ်မြောင်** ကို ပုဂံမပျက်ခင်က ရေးထိုးပြီးတဲ့ ကျောက်စာတွေမှာ တွေ့ရပါပြီ။ **ကန်တူ**နဲ့ဆိုင်မယ်၊ မြန်မာမရောက်ခင်ကပဲ ရှိနေနိုင်တယ်၊ ရှိနေမယ်၊ ဒီလိုယူသင့်တယ်)။ ၃။ ရိက္ခာပေါတဲ့နေရာတွေက ကျောက်ဆည်နယ်နဲ့ မင်းဘူး နယ်ဖြစ်တယ်၊ ဒီနှစ်နေရာဟာ အကောင်းဆုံးလို့ မူလမြန်မာက သိထားတယ်၊ ဒါ့ကြောင့် မြန်းကနဲဝင်လာပြီး ဒီနေရာတွေကို သိမ်းလိုက်တာပဲ။ မြန်မာက ဒီနေရာတွေမှာ တစ်စတစ်စ ကျိုးခဲ့ပြောင်းရွှေ့နေထိုင်တာ မဟုတ်ဘူး၊ "ချီတက်တိုက်ခိုက်သိမ်းယူခြင်း"ဖြစ်တယ်။

ဒီနေရာတွေ သိမ်းရမယ်၊ ဒီလိုလှည့်ဝင်ပြီး သိမ်းရင် လွယ်ကူမယ်၊ အောင်မြင် မယ်လို့ ဘယ်လိုသိသလဲမေးရင် ၁။ နန်ကျောင်က အေဒီ ၈၃၂မှာ ပျူမြို့တော်ကိုဖျက်လို့ ပျူတွေလည်း အားမရှိတော့ဘူး။ ၂။ နန်ကျောင်က အေဒီ ၈၃၅ မှ မွန်မြို့ကြီးတစ်မြို့လို့ သင်ရတဲ့ မြို့တစ်မြို့ကို ဖျက်စီးပစ်လို့ မွန်တွေလည်း ပြောပလောက်အောင် အင်အားမရှိ တော့ဘူး။ ၃။ ဒီနေရာကို နန်ကျောင်လာပြီး ဖျက်ဆီးလုယက်တုန်းက မူလမြန်မာဖြစ်တဲ့ "မင်း"လူမျိုးဟာ ရှေ့တန်းတပ်အဖြစ်ပါလာရဖူးလို့ ချီတက်တိုက်ခိုက်ရေးနဲ့ ဘယ်နေရာကို အရင် လုယက်သိမ်းပိုက်ရမယ်လို့ သိပြီးသားဖြစ်နေပါတယ်။ သူတို့မှာ စောစောက ပြီးသားဖြစ်တဲ့ အသိနဲ့ မြန်မာမြေပြန့်ကို အုပ်စီးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီ မြန်မာနိုင်ငံ အလယ်ပိုင်းမြေပြန့်ဟာ ပူပြင်းခြောက်သွေ့ပါတယ်။ ပူပြင်း စွတ်စိုတဲ့အောက်ပိုင်းကိုလည်း မူလမြန်မာတွေ ရောက်ဖူးပြီးပြီလို့ ယူဆနိုင်ပါတယ်။ ဒီနှစ်နေရာကိုလာနေရင် စောစောက နေခဲ့သလို့ ပူးပေါင်းရပေမယ့် နိုပ်စက်ဖိစီးလွန်းလို့ မြန်မာက ရန်သူလို့ သဘောထားပြီး

ဖြစ်တဲ့ နန်ကျောင်ဟာ ယာယီပဲလာပြီး နိုပ်စက်နိုင်မယ်၊ ပူပြင်းတဲ့နေရာကို သူတို့ ဆောင်း အခါလောက်ပဲ လာမှာပေါ့။ ဒါ့ကြောင့် ဒီနှစ်နေရာကို နေသင့်တယ်လို့ အစကပဲ သတ်မှတ် ကြမယ်၊ ပြီးတော့မှ ပူပြင်းခြောက်သွေ့တဲ့နေရာနဲ့ ပူပြင်းစွတ်စိုတဲ့နေရာ နှစ်ခုမှာ ဘယ်နေရာ သာသလဲ ရွေးကြရအုံးမယ်။ ပူပြင်းတာခြင်းတူရင် စွတ်စိုတဲ့နေရာက ငှက်ဖျားနဲ့ အိုင်းနာ ရှိတယ်။ ခြောက်သွေ့တဲ့နေရာက ဆည်မြောင်းနဲ့ စပါးလည်း စိုက်နိုင်တယ်။ သိပ်ကြောက် စရာကောင်းတဲ့ ရောဂါလည်း မရှိဘူး။ ဒါ့ကြောင့် အလယ်ပိုင်းမြေပြန့်ကို ရွေးတယ်။ သိမ်းယူတဲ့အခါ စစ်ရေးစစ်ရာအတိုင်း သိမ်းယူမယ်၊ ပြီးတော့ ဆည်မြောင်း ဖွံ့ဖြိုးပြီးသား နေရာမှာ ရှေးအတိုင်း ဆက်ပြီးလယ်ယာလုပ်မယ်၊ ဆည်မြောင်း မဖွံ့ဖြိုးသေးတဲ့နေရာကို ဖွံ့ဖြိုးစေခဲ့တယ်။ ဒီနေရာမှာ ဆည်မြောင်း ဖွံ့ဖြိုးပြီးသားနေရာကို မြန်မာကရတော့ **ခရိုန်** ဆိုတဲ့ ဝေါဟာရကို သုံးပြီးခေါ်ဝေါ်တယ်။ သူတို့ကိုယ်တိုင် "လယ်တီ" ရတဲ့နေရာကိုတော့ **တိုက်** လို့ ခေါ်ပါတယ်။ ဥပမာ မူးရိုးတစ်လျှောက် **မုဆိုဝ်ခြုမ်တိုက်၊ မုဆိုဖိုဝ်တိုက်၊** ချင်းတွင်း အနောက်ဘက်ကမ်းက **ပင်ကွီဆယ်တိုက်** (ဗန့်ကျီဆယ်တိုက်)၊ မင်းဘူးနယ်က **ပုစဝ်တိုက်၊ မုန်တောင်တိုက်** ဆိုတာတွေပါပဲ။ ဒီလို ရွေးချယ်ပြီးနေလိုက်တဲ့ နယ်ပယ်မှာ ပုဂံမှာ အချက်အချာ ဗဟိုလုပ်ကောင်းလို့ ပုဂံကိုမြို့တော်အဖြစ် အေဒီ ၈၄၉ မှာ ရွေးချယ် တယ်လို့ ယူဆပါတယ်။

ပြောပြီးတဲ့စကားတွေ များသွားလို့ နည်းနည်းပြန်ခြုံပြီး ရှင်းပါရစေအုံး။

၁။ "မြန်မာအစ တကောင်းက"ဆိုတဲ့ စကားကတော့ လုပ်ဇာတ် ဖြစ်တယ်။

၂။ "တေပါးမင်း"တွေ ထုံးစံအတိုင်း သူတို့အမျိုး ကြီးကျယ်တယ်လို့ ကြဲဖန် ပြောလေ့ရှိတယ်။

၃။ ဒါတောင် ကုန်းဘောင်ဆက် မတိုင်မီက ကုလားနိုင်ငံက မဟာသမတနဲ့ ဆက်တဲ့ ဝတ္ထုမပေါ်သေးဘူး။

၄။ အခု မြန်မာဟာ ရှေးက **မဝ်** မြစ်ဝှမ်းမှာ နေတယ်၊ တရုပ်က မင်းလူမျိုးလို့ ခေါ်တယ်။

၅။ နန်ကျောင်နဲ့တွဲပြီး အရှေ့တောင်အာရှ အနှံ့"မင်း"လူမျိုးဟာ စစ်တိုက် လိုက်ဖူးပါတယ်။

၆။ နန်ကျောင်နဲ့ဆက်ပြီး တွဲနေရတာ ပင်ပန်းတယ်၊ နန်ကျောင် အားကလည်း လျော့နည်းလိုက်ပြီ၊ ဒီတော့ မြန်မာနိုင်ငံ အလယ်ပိုင်းမြေပြန့်၊ ပူအိုက်ခြောက် သွေ့တဲ့ နေရာကို တမင်ရွေးပြီး ဝင်လာတယ်၊ တိုက်ယူတယ်။

၇။ ဒီအလယ်ပိုင်းကို လာဖို့ ဧရာဝတီမြစ်ရိုးအတိုင်း လိုက်လာခဲ့ရင် ဘယ့်လောက် ကောင်းသလဲ။

၈။ ကောင်းတဲ့လမ်းအတိုင်း မလိုက်တာက (က) နန်ကျောင်ဟာ ဧရာဝတီ ရွှေလီမြစ်ဆုံအထိ စိုးမိုးနေသေးတယ်၊ (ခ) ရွှေလီ မြစ်ဆုံအောက်မှာကတော့ ကဒူးက အားကောင်းနေသေးတယ်။ ဒါ့ကြောင့် သံလွင်ကြောင်း ဝင်သင့်တယ်။

၉။ "မင်း"တွေက မြန်မာမြေပြန့်ဒေသကို ရှေးရှေးက ရောက်ဖူးပြီးသားမို့ ကျောက်ဆည်နယ်ကို အရင် တိုက်ခိုက် သိမ်းယူမယ်လို့ တွေးပြီးသား၊ စီမံပြီးသားဖြစ်တယ်။

၁၀။ ကျောက်ဆည်နယ်ကို အရှေ့တောင်ဘက်ကဝင်မယ်၊ ဒီလို ဆိုရင် နတ်ထိပ်တောင်ကြားလမ်းက ဆင်းရမယ်။

၁၁။ မူလရှိပြီး မွန်၊ ကဒူး၊ ကရင်၊ ပျူတွေ လက်ထဲက တိုက်ခိုက်သိမ်းယူတယ်။

၁၂။ မူလရှိပြီး ဆည်မြောင်းလုပ်ငန်းကို ဆက်လက်ပြီး စိုက်ပျိုးရေးသမားတွေ ဖြစ်လာတယ်။ ရှိရင်းစွဲ ဆည်မြောင်းနယ်ကို **ခရိုင်** လို့ ခေါ်ကြတယ်။

၁၃။ နောက်မှ တိုးချဲ့တဲ့ ဆည်မြောင်းဒေသကို **တိုက်** ခေါ်တယ်။

၁၄။ အင်မတန် အားကောင်းလာလို့ အနိရုဒ္ဓလက်ထက် အထက်အောက်နေရာ အများကြီးကို တိုက်ယူတော့မှ "နိုင်ငံ" ရယ်လို့ ဖြစ်ပါတယ်။

၁၅။ ဒါတောင် ကဒူးဆိုတဲ့ အစုကို နောက်ဆုံးအောင်နိုင်တာဟာ အေဒီ ၁၂၂၈ ရောက်မှဖြစ်တယ်။

၁၆။ **ဒီခရိုင်** နဲ့ **တိုက်** အတွက် ဗဟိုကျလို့ ပုဂံကို မြို့တော်အဖြစ် ရွေးတယ်။ ရွေးတဲ့အချိန်ဟာ အစဉ်အလာ မှတ်ထားခဲ့တဲ့အတိုင်း အေဒီ ၈၅၀လောက်ကပဲဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ တစ်နည်း ကျောက်ဆည်နယ်ထဲက မြို့တော် မဖြစ်ပေမယ့် ဖြစ်အောင် ကြိုးစားတယ်လို့ ထင်ပါသေးတယ်။ ကျန်စစ်သားဟာ ကျောက်ဆည်ဘက်က ခေါင်းဆောင်တစ်ယောက်လို့ ထင်တယ်။

ဒါတွေဟာ တစ်ခုကို တစ်ခု ဆက်ပြီး ဖော်ယူတဲ့ သဘောရှိလို့ မုချပဲဟော့ လို့ ပြောမရပါဘူး။ အထောက်အထား တင်းတင်းမာမာ မပေါ်ခင်တော့ သူ့ကိုပဲ ယာယီ လက်ခံထားရတယ်။

ဆရာလု့စ် ပြောဟောသွားတဲ့အထဲမှာ အသေးစိတ် တချို့ကို အခု သုတေသန တိုးတက်လာလို့ ဖြည့်စွက်စရာ ရှိပါတယ်။ ဒါပေမယ့် ဇာတ်လမ်းသစ် တစ်ပုဒ်ဖြစ်လောက်အောင် ပြင်ရတာမျိုး မရှိသေးပါဘူး။ ဆိုလိုတာက မြန်မာအစ တကောင်းက ပြန်မဖြစ်ပါဘူး။ သူ့စာတန်းတွေမှာ တရုတ်ဘာသာ မှတ်တမ်းကို အားကိုးတဲ့ အချက်တိုင်းမှာ သံသယရှိနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အခုခေတ် မျက်မြင်ပါပဲဆိုပြီး မြန်မာအကြောင်းရေးတဲ့ အင်္ဂလိပ် စာအုပ်တွေကို ယထာဘူတကျအောင် မရေးနိုင်တာ တွေ့နေကြတယ်မဟုတ်လား။ ရှေးအခါက ရေးသားထားခဲ့တဲ့ မှတ်တမ်းဟာ သာပြီး ညံ့နိုင်သေးတယ်။ မန်ချော အေဒီ ၈၆၃ ကရေးတဲ့ **မည်ရှု** (တောင်ပိုင်း အရိုင်းတွေ အကြောင်း စာအုပ်) ဟာ ဒီလိုပဲ ယုတ္တိမတန်တာ မပါဘူး မပြောနိုင်ပါဘူး။ ရှေးတရုတ်စာနဲ့မို့ ဖတ်ပြီး အဓိပ္ပာယ်ယူတဲ့နေရာမှာ မှားနိုင်သေးတယ်။ အကုန်မှားတယ်ထား၊ သူက မူလမြန်မာတွေ မြန်မာနိုင်ငံ အလယ်ပိုင်း မြေပြန့်ကို မရောက်ခင်က အကြောင်းပဲပြောပြနိုင်တယ်။ ကျန်တာက မှန်းခြေဖြစ်တယ်။ ဒါပေမဲ့ အတော်တိကျတဲ့မှန်းခြေလို့ဆိုနိုင်လို့ သူ့ထက်ကောင်းအောင် ရှာဖွေပြီး တင်ပြနိုင်ခင် သူ့ဇာတ်လမ်းကိုပဲ လက်ခံထားကြရပါတယ်။

နောက်တစ်ချက်ရှိသေးတာက မြန်မာတွေ ယဉ်ကျေးမှုအစုစုမှာ မွန်ဩဇာခံဖြစ်တယ်ဆိုတဲ့ သဘောဟာလည်း နည်းနည်းများလွန်းတယ်။ မြန်မာမြေပြန့်ကို ရောက်တော့ မွန်နဲ့တွေ့သလို အများကြီး ယဉ်ကျေးပြီးသားဖြစ်တဲ့ ပျူနဲ့လည်းတွေ့မှာပဲ။ ပျူဆီကလည်း ယဉ်ကျေးမှုတွေ ရမှာပါပဲ။

လူမှုဆက်ဆံရေးကို ပြောတဲ့အခါ ကျောက်ဆည်နယ်မှာလည်း ကျွန်စနစ်နဲ့ ပဒေသရာဇ်စနစ်ပဲလို့ ပြောရမယ်။ ကျောက်ဆည်ဘက်က လူက ပဒေသရာဇ် သိပ်မဆန်ဘူး။ သက်ဦးဆံပိုင်မင်းကို မလိုလားဘူး၊ ပုဂံကသာ သက်ဦးဆံပိုင်မင်းကို ထူထောင်တယ်လို့ ပြောတာတော့ မမှန်ဘူးထင်ပါတယ်။ ကျောက်ဆည်နယ်က ပဒေသရာဇ်လည်း ပဒေသရာဇ်ပါပဲ။

အခုအထိ ကျောက်ဆည်နယ်ဟာ မြန်မာတွေရဲ့နိုင်ငံတွင်း ပထမဆုံးရောက်လာပြီး နေရာအရပ် ဖြစ်တယ်ဆိုတဲ့ အချက်ကို အကျယ်တဝင့် ရှင်းလင်း တင်ပြချက်တွေဖြစ်ပြီး ဒီတင်ပြချက်ကို တစ်မျိုးတစ်မည်ဖြစ်သွားအောင် ပြုပြင်စရာ အခုအထိ မတွေ့သေးဘူးလို့ ကျွန်တော်ဆုံးဖြတ်ပါတယ်။ ကျောက်စာဝန်ဟောင်း ဦးမြက "မြန်မာအစ ပုဂံက" လို့ နည်းနည်းပြင်ဆင်တယ်။ ပြင်တယ်ဆိုပေမယ့် ပြင်ရာမရောက်ပါဘူး၊ ဖြည့်စွက်ချက်ပါပဲ။ မြန်မာတွေရဲ့ယဉ်ကျေးမှုလက်ရာ ပုဂံမှာ အကြွင်းအကျန်ပိုများလို့ ဒီစကားပြောရတာပါပဲ။

ဆရာလုစ်ရဲ့ အယူအဆတွေကို စစ်ဆေးပြီး ယုံသင့်မှ ယုံမယ်ဆိုတဲ့ သဘောနဲ့ သတင်းစာဆရာ ဦးသိမ်းမောင်က စစ်ဆေးဝေဖန်ဖူးပါတယ်။ အဲဒီနေရာမှာ ဆရာလုစ်ကို မှီပြီး **စွယ်စုံကျမ်း**ထဲမှာ ကျန်စစ်သားအကြောင်း ရေးထားတာကို သူက စစ်ဆေးတာပဲဖြစ်တယ်လို့ ဆရာလုစ်ရဲ့ စာတန်းစစ်စစ်ကို ဝေဖန်တာမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ဝေဖန်ချက်ကိုလည်း ထည့်ပြီးစဉ်းစားသင့်တယ်။ (သူ့ဝေဖန်ချက်တွေကို ရန်ကုန် ဖွဲ့ပုံနှိပ်တိုက်က ၁၉၆၆ ခုနှစ်ဦးမှာ **ပင်တိုင်စံနှင့်သူရဲကောင်း** အမည်နဲ့ပေါင်းပြီး စာတစ်အုပ်ပုံနှိပ်ဖြန့်ချိခဲ့တယ်)။

ဆရာလုစ်ဟာ မြန်မာကျောက်စာတွေ အားကိုးနဲ့ မြန်မာရာဇဝင်ကို အသစ်ပြန်ပြီး ဖော်ထုတ်ဖို့ လမ်းပြတဲ့လူပါ။ သူ့လိုပဲ ရာဇဝင်ကို ကျောက်စာနဲ့ညှိပြီး အပိုတွေ တွေ့ရင် ပယ်ရမယ်ဆိုတဲ့ အယူအဆဟာ ၁၈ ရာစုနှောင်းမှာ တွင်းသင်းတိုက်ဝန် ဦးထွန်းညို ရှိခဲ့ဖူးပါပြီ။ ဒါပေမဲ့ ကျောက်စာ စကားအတိုင်းယုံဖို့ခက်တယ်၊ ကျောက်စာထဲ မပါရင် မရှိဘူး ပြောဖို့ ခက်တယ်။ ထင်ရှားအောင် ပြောရရင် ကျောက်စာထဲမှာ ခေတ်ပြိုင်အကြောင်း ရေးထားရင် ယုံသင့်ပေတယ်လို့ ဆိုရပေမယ့် စောစောက အနှစ်နှစ်ရာ သုံးရာကဟာတွေ ရေးထားရင် သူလည်း တစ်ဆင့်စကားမို့ ယုံရခက်တယ်။ ပဲခူး ကလျာဏီသိမ် ကျောက်စာမှာ အေဒီ ၁၄၈၀ က အကြောင်းကိုယူမယ်၊ အေဒီ ၁၀၅၇က အကြောင်း (ပုဂံက သထုံကို တိုက်သိမ်းပုံ)ကို မယူနိုင်ဘူး။ ဒီလိုပဲ ကျောက်စာတွေ ထောင်သောင်းဖတ်ရပေမယ့် ဘယ်အထဲမှာမှ ပြည့်တန်ဆာအကြောင်း မပါဘူး။ ဒါနဲ့ ဒီလိုမိန်းမမျိုး မရှိဘူးလို့ ပြောလို့ မဖြစ်ပါဘူး။ ပြီးတော့ ကျောက်စာအဟောင်းကို ဖတ်ပြီး အသင့်ပြန်ထိုးတာလည်း ရှိတယ်၊ ကျောက်စာဟောင်းတွေ သဘောတူရာပေါင်းပြီး တစ်ခုတည်းဖြစ်အောင် လုပ်သွားတာလည်း ရှိတယ်။ ဒါတွေကို "ဆင့်ထိုး၊ စပ်ထိုး"လို့ခေါ်ကြပါတယ်။ ဆင့်ထိုးဖြစ်တိုင်း အသုံးမကျဘူးလို့ ယူလို့ မဖြစ်ပါဘူး ဒါပေမဲ့ "မူလထိုး"ပဲဖြစ်ဖြစ် "ဆင့်ထိုး၊ စပ်ထိုး"ပဲဖြစ်ဖြစ် အကြောင်းအရာတိုင်းကို စစ်ဆေးဝေဖန်ပြီးမှ လက်ခံကြရမယ်ပေါ့။ အခု ဦးသိမ်းမောင်

ဆစ်ဆေးတာက "ဆင့်ထိုး" တစ်ခုမှာပါတာကို အမိပွာယ်ကောက်ပုံပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီကျောက်စာကို အပြည့်အစုံထည့်ပြဖို့ လိုလာတယ်။

နမောသဗ္ဗညာယ ။ ။ သခုံမ်မင်းကြီး သားတော် သုဓမ္မရစ်။ သုဒမ္မရစ် သားတော် အသဝတ်ဓမ္မာမင်းသည်။ သီရိ တြိဘဝနာဒိတျပဝရ ဓမ္မ ရာဇာဓိရာဇာ မည်တော်ဟိသော။ နရပတိ စည်သူမင်းကြီး ရွှေလောင်းတော်ကိုဝ်။ ပုပ္ပါးရပ် သိုဝ်ဝှက်ပေ၏။ နရပတိစည်သူမင်းကြီးမိန့်၏။ အသဝတ်ဓမ္မာ ရွှေလောင်း ကိုဝ်ချေ၊ ကိုဝ်ကိုဝ် ထမင်းဝအောင် ကျွေးမည်ဟူရွေ့မိန့်၏။ အသဝတ်မင်းလည်း ရွှေလောင်းတော်ကို ယူချေ၏။ ရွှေလောင်းတော် ရောက်ပြီ ဟူ၍ လျှောက်သော်။ သမီးတော်ရွှေအိမ်သည်နှင့်လည်း အသဝတ်ဓမ္မသား နာဂသမန်းနှင့် ပေးစားတော် မူ၏။ စားကျေးကျွန်ရွာလည်း များစွာ ပေးတော်မူ၏။ ထမင်းအိုဝ်းသုံမ်းဆယ်နှင့် နွားသင်းနု တဆယ့်ငါးခုကိုဝ်၊ ဟင်းပြုရွေ့ ကျွေးတော်မူ၏။ ဤသိုဝ် လျှေင်မင်း ပေးတော်မူသော ထမင်းကိုဝ်၊ နိဗ္ဗာန်သို့မရောက်သရွေ့ မင့်နှင်နှင်ဖြစ်ရွေ့။ ငါ၏ စွမ်းပကားခွန်အားနှင့် ပြည့်စုံမ်လျက် ရန်သူ မနိမ်နင်းနိုင်သည်ဖြစ်ရွေ့။ အဆုံမ်း စွန်သော နိဗ္ဗာန်သို့ ရောက်ချင်သောကြောင့်။ ကုတ်ခန်းကြီး မြင်ထင် အရှေ့ တောင်စောင်းနှိုက်။ တောမည်လယ် အပယ်ငါးဆယ်ကို ငါ၏ ဖိုးတော် သခုံမ် မင်းကြီးကောင်းမှု ဖုရားကြီးစွာ မနုဟာကိုဝ်၊ သင်ပုတ်ဝတ်။ ဆီမီးဝတ် ဖြစ်စိမ့် သောငှာ။ ။ သက္ကရာဇ် ၆၃၆ အာသာဠ်နှစ် နမြုန်လဆန်း ၃ ရက် သောကြာနေ့ လှူ၏။ ။ ဤသိဝ်ငါလှူသော အကျိုဝ်းကို။ ငါ၏ အမျိုဝ်းစဉ် ဖြစ်သော သခုံမ် ပြည်ကိုဝ် အစိုးရသော သျှစ်ကျိပ်လေးယောက်သော မင်းတို့ဝ်ကိုဝ်လည်း ဝေ၏။ ဤသိုဝ် ငါဝေသော အကျိုဝ်းကိုဝ်၊ အထက်ကား ဘဝဂ်တိုင်သြောင် ဝေ၏။ လူနတ် ဗြဟ္မာသတ္တဝါကိုဝ် ဝေ၏။ အောက်ကား အဝီစိတိုင်သြောင် ဝေ၏။ ဤကောင်းမှုကို ခီပင်သသူကား။ လူစည်းစိမ်။ နတ်စည်းစိမ်ကိုဝ် စုန်ဆန် စုန်ဆန် ခံစံပြီးမှ။ နိဗ္ဗာန်ဆုကိုဝ် ပြည့်စေသောဝ်။ ကောင်းမှုကိုဝ် ဖျက်စီးသသူကား၊ အကမ္ဘာဘာ ဖုရားတကာချွတ်၍ မကျွတ်။ သဋ္ဌာနန္တ ရိတ် ငရဲကြီးနှိုက် ခံစေသတည်း။

ဒီကျောက်စာထဲမှာအစဉ်းဆုံး သထုံမင်းကြီး၊ ပြီးမှ သူ့သား သုဓမ္မရစ်၊ သား အသဝတ်ဓမ္မာ၊ သား နာဂသမန်းလို့ဆိုတယ်။ ဒါ့ကြောင့် သထုံမင်းကြီးကို အများသိတဲ့ မနုဟာဆိုရင် နာဂသမန်းဟာ သူ့မြစ် ဖြစ်မယ်။ အဲဒီ နာဂသမန်းနဲ့ ရွှေအိမ်သည်ဆိုတဲ့ နရပတိစည်သူမင်းရဲ့ သမီးတော်ကို ပေးစားတယ်လို့ ဆိုတယ်။ အဲဒီလို ဆိုထားပေမယ့် နရပတိစည်သူဟာ ပုဂံခေတ်က မင်းတွေကြိုက်တဲ့ ဘွဲ့ဖြစ်လို့ မင်းမှန်ရင် ဗြဟ္မဒတ်ဆိုတာ မျိုးလို ပုဂံမင်းဆိုရင် စည်သူဖြစ်နိုင်တယ်။ ဒါ့ကြောင့် ကျန်စစ်သားကိုပဲ ဆိုမယ်ထင်တယ်လို့ လုပ်လိုက်ရင် သိပ်မမှန်ဘူးလို့ ကျွန်တော်လည်း ဦးသိမ်းမောင်လိုပဲ ထင်ပါတယ်။ စည်သူ (ဇေယျသူရ) ဆိုတဲ့ဘွဲ့ဟာလည်း ကျန်စစ်သားနောက်တစ်ဆက်ရောက်မှ ခေတ်စားလာတဲ့ ဘွဲ့ဖြစ်တယ်လို့ တွေ့နေပါတယ်။ ပြီးတော့ ကျောက်စာမှာ နောက်ဆုံးပါတဲ့ ရက်စွဲကိုလည်း ထည့်ပြီး စဉ်းစားရမယ်၊ အဲဒီရက်စွဲက အေဒီ ၁၂၇၄ဖြစ်လို့ ပုဂံခေတ်နောက်ပိုင်း ဖြစ်နေ ပါပြီ။ အဲဒါကို ရှေ့ပိုင်းဘက်ဆွဲပြီး မယူသင့်ဘူးလို့ ထင်ပါတယ်။

နာဂသမန်းကို အနန္တသူရိယလို့လည်းခေါ်တယ်။ သူနဲ့ ရွှေအိမ်သည်က မင်းစောလှကို မွေးတယ်၊ မင်းစောလှဟာ ဆွာချောင်းအနီး ကမ်းဖားရွာစားဖြစ်လာတယ်၊ သူ့ကို သားသဝန်လကျာ်က ရွာစားအဖြစ်ဆက်ခံတယ်၊ သဝန် လကျာ်မှာ သဝန်ကြီး – သဝန်ငယ်လို့ သားတွေရှိတယ်၊ အဲဒီလူတွေက တောင်ငူကို တည်ကြတယ်လို့ တောင်ငူရာဇဝင်မှာ ဖတ်ရတယ်ဆိုပြီး ဦးသိမ်းမောင်က ဆက်လက် တင်ပြပါတယ်၊ အဲဒါတွေကတော့ သူ့တင်ပြချက် သက်သက်ပါပဲ၊ ကျွန်တော်တို့အနေနဲ့ မင်းဆက်မှာ ဘယ်သူ့သား ဘယ်သူ့မြေးလို့ စစ်ဆေးတာကို သိပ်ပြီး စိတ်မဝင်စားပါဘူး၊ အဲဒီခေတ်ရဲ့ လူမှုစီးပွားရေးနဲ့ ယဉ်ကျေးမှု အနေအထားကိုပဲ လေ့လာချင်ပါတယ်၊ အဲဒါကြောင့် ကျန်စစ်သား လက်ထက် မြန်မာနိုင်ငံစည်းလုံးရေးလုပ်တယ်၊ မွန်နဲ့မြန်မာ သင့်တင့်အောင် ကြိုးစားဆောင်ရွက်တယ်၊ ယဉ်ကျေးမှု အနုပညာတိုးတက်တယ်၊ အဲဒါလောက်နဲ့ပဲ ကျေနပ်ပါတယ်၊ သူ့သမီးကို မွန်မင်းသားနဲ့ ပေးစားဖြစ်တဲ့အထိ မတွေးပါဘူး၊ ဒါပေမဲ့ ကျန်စစ်သားဟာ ကျောက်ဆည်နယ်ဘက်က ဖြစ်နိုင်စရာရှိတယ် ဆိုတာကိုတော့ ကြိုက်ပါတယ်။

ဆရာလုစ်ရဲ့ ကျောက်ဆည်နဲ့ ပတ်သတ်တဲ့ အယူအဆတွေကို ပြင်းပြင်းထန်ထန် ဝေဖန်သူ နောက်တစ်ဦးက ဦးဖိုးလတ်ပါပဲ၊ သူ့စာတမ်းကို ဒဂုန်ဦးလှဘောက ၁၅–၆–၁၉၆၆ ရက်စွဲနဲ့ နိဒါန်းရေးပါတယ်။ အဲဒီနိဒါန်းမှာ

၁။ အခုလို သမိုင်းအယူအဆ ကွဲလွဲနေတာ"အမျိုးသားရေး"ဖြစ်တယ်။

၂။ "မြန်မာအစ တကောင်းက" ကို ပစ်ပယ်သူများဟာ ရန်ကုန် တက္ကသိုလ်နဲ့ ပတ်သတ်သူတွေ ဖြစ်တယ်။

၃။ အယူအဆသစ်ကို တင်ပြလာသူတွေဟာ "တဖက်သတ်ကျ၍ စိတ်ကူးယဉ်ဆန်လှ"တယ်။

၄။ ထိုသူတို့ကို"မသက်မညှာ ထိုက်သက်ရာဝေဖန်"ရမယ်။

၅။ လူမျိုးခြား ဖော်ထုတ်ပေးတဲ့ ရာဇဝင်ကို အားကိုးတာဟာ "လွန်စွာဖောက်ပြန်"တယ်။

၆။ မြန်မာတွေဟာ ကဒူးရန်ကြောင့် အဖြောင့်မလာဝံ့လို့ ကွေ့ပြီး ကျောက်ဆည်နယ်ကို ဝင်ကြတယ်ဆိုတာ လုံလောက်တဲ့သက်သေမရှိ။

၇။ အယူသစ်ဟာ တက္ကသိုလ်က နယ်လွန်ပြီး ကျောင်းသုံးစာအုပ်နဲ့ **စွယ်စုံကျမ်း** အထိ ချဉ်းနင်း ဝင်ရောက်ခဲ့ပြီ။

၈။ ဦးဖိုးလတ်ဟာ"မိုက်ဝံ့သူ"ဖြစ်လို့ မှန်တဲ့ဘက်ကရပ်ပြီး အမုန်းခံတယ်။

၉။ ဦးဖိုးလတ် သေဆုံးပြီး ခုနစ်ရက်ကြာမှ (၈–၉–၆၅) မှာ သူ့ စာတန်းကို ဖတ်ပွဲလုပ်တယ်။ နောက် စာအုပ်ရိုက်တယ်။ "တက္ကသိုလ်ကိုလိုနီ"က လူတွေ အဲဒီစာအုပ်ကို "လူတိုင်းမဖတ်ဝံ့"ဘူး။

အဲဒီလို နိဒါန်းကိုချုပ်ပြီး ကျွန်တော် နားလည်ထားပါတယ်။ ဦးဖိုးလတ်ရဲ့ စာတန်းကို ဆက်ဖတ်မိတော့ ပထမမြန်မာတွေ ဘယ်ကလာခဲ့ကြသလဲ၊ ဒုတိယ မြန်မာတွေ

မြန်မာ့မြေပေါ်က ဘယ်တုန်းကရောက်သလဲ ဆိုတာကို သူဖြေဖို့ ကြိုးစားတာ တွေ့ပါတယ်။ အကျယ်အကြမ်း ခန့်မှန်းရင် တိဗက် တရုတ်နယ်စပ်ရာ အရပ်မှာ ခရစ်မပေါ်မီ အနှစ် ၂၀၀၀ လောက်ကနေခဲ့မယ်လို့ ဆိုတာကို ကြိုက်ပါတယ်တဲ့၊ ဘာပြုလို့လဲဆိုတော့ အရပ်လေးမျက်နှာ အခေါ်အဝေါ်က ထောက်ခံနေလို့ပဲ ဖြစ်တယ်။ မြောက်အရပ်ဟာ မူလက **ဖြစ်အောက်** ဆိုတဲ့ ဝေါဟာရဖြစ်တယ်။ သူတို့နေတဲ့ မူလအရပ်မှာ တောင်ဘက်မှာ တောင်ရှိပြီး၊ မြစ်က မြောက်ဘက်ကို စီးဆင်းလို့ အဲဒီ ရေစီးဆင်းရာဘက်ကို မြစ်အောက်ခေါ်ရာက မြောက်ဖြစ်တယ်။ လွယ်လွယ်ပြောတော့ တရုပ်နိုင်ငံအတွင်း (အနောက်ဘက်) အင်မတန်ကျတဲ့ ကန်စုနယ်မှာ ဒီအနေအထား ရှိပါတယ်။ အဲဒီက လူတွေကို "ချိအန့်င်" ခေါ်တယ်။ မွေးမြူရေးသမားတွေဖြစ်လို့ ဒီလိုအခေါ်ခံရတယ်။ ခရစ်မပေါ်မီ နှစ်ပေါင်း ၁၂၀၀ ကျော် ၁၃၀၀ တွင်းက တရုပ်တွေ တိုက်ခိုက်နှောက်ယှက်လို့ မူလဒေသကို စွန့်ပြီး ကစင့်ကလျားဘိမ်းရှောင် ရွှေ့ပြောင်းသွားကြတယ်။ တောင်ဘက်ကို အများဆုံး ဆင်းမယ်ဆိုပါတော့။

ဒီအထိ ဦးဖိုးလတ်ဟာ အင်္ဂလိပ်ကြီးတွေ ပြောတဲ့အတိုင်း လိုက်ပြောပါတယ်။ ဒုတိယပြဿနာက မူလမြန်မာ (နောင်မြန်မာဖြစ်မယ့်အမျိုး)ဟာ မြန်မာနိုင်ငံထဲကို ဘယ်တော့ဝင်သလဲ၊ ဘယ်ကစပြီး မြို့ရွာနိုင်ငံ တည်သလဲ ဆိုတဲ့အခါကျတော့ ဦးဖိုးလတ်က မူလမြန်မာတွေဟာ တကောင်းမှာ ခရစ်မပေါ်မီ ၆၀၀လောက်က ရောက်နေပြီလို့ ဆိုတယ်။ ဒါက မြန်မာ့အစဉ်အလာ ပြောစကားအရပါပဲ။ အလောင်းမင်းတရားရဲ့ မင်းဆက်လက်ထက် ဘည်ထွင်ထားတဲ့ ဇာတ်လမ်းအတိုင်းပေါ့။ ဦးဖိုးလတ်က ဆက်ပြောတဲ့အခါ ကုလားနဲ့ တရုတ် ဆက်ဆံတဲ့ ကုန်သည်လမ်းဟာ မြန်မာနိုင်ငံမြောက်ပိုင်းက ဖြတ်သွားနေတာကြာပြီမို့ တရုတ်ဘက်က ဝင်တဲ့လူရော ကုလားဘက်က ဝင်တဲ့လူတွေပါ မြန်မာနိုင်ငံမြောက်ပိုင်းကို ရောက်ပြီး မြို့ရွာ မတည်နိုင်စရာအကြောင်းမရှိလို့ ယူနိုင်တယ်တဲ့၊ ဒါလည်းဖြစ်နိုင်ပါတယ်။ ဒီလိုဖြစ်နိုင်တယ်ဆိုရင် သဘာဝကျတဲ့လမ်းက လာစရာပေါ့။ ဥပမာ မေခ မေလိခ မြစ်ရိုး၊ တပိန်မြစ်ရိုးနဲ့ ရွှေလီမြစ်ရိုးတွေက ဝင်လာစရာ မကောင်းလား။ ဒီလမ်းတွေမှာလည်း တပိန်မြစ်လမ်းဟာ အကောင်းဆုံးဖြစ်တယ်။ ကျူးကျော်စစ် ရောက်တယ်ဆိုရင်လည်း ဒီလမ်းပဲ။ ဒါကြောင့် ငဆောင်ချမ်း၊ ကောင်းတုံ၊ ကောင်းစင်ဆိုတဲ့ မြန်မာ ခံမြို့တွေဟာ ဒီအပေါက်ကို ဆို့ကြရတဲ့ ခံမြို့တွေပဲ။ ဒါကြောင့် တပိန်မြစ်ရိုးကိုပဲ မူလမြန်မာဝင်လာမည့်လမ်းလို့ ဆိုချင်တယ်။ ဒီလိုသာလာရင် ဧရာဝတီ ရွှေလီမြစ် တွေ့ဆုံပြီးစ အောက်နားမှာ ရှိတဲ့ တကောင်းဟာမြို့တည်စရာ ဘယ်လောက်ကောင်းသလဲ။ အဲဒီကဖြန့်မှ အနောက်ကို ချင်းထိ၊ အောက်ကို ကျောက်ဆည် မင်းဘူးထိ ရောက်တယ်ပေါ့။ ဒီလိုပဲ မြန်မာရာဇဝင် ဆရာတွေ တွေးတယ်၊ ယူဆတယ်။ ဒါပေမဲ့ ၁၉၃၁ ခုနှစ် ရောက်တဲ့အခါ ဆရာလုစ်က အတွေးသစ်ကို တင်ပြလာတယ်။ ဒီတခါတုန်းက သူ့အယူဆကို သူ ရဲရဲ မပြောသေးဘူး။ နောက် ၁၉၄၀ ရောက်တော့ ကျောက်ဆည်နယ်ဟာပဲ မြန်မာတွေရဲ့ မူလဒေသလို့ ရဲရဲဆိုလာတယ်။ ပြီးတော့ ကျောက်ဆည်နယ်မှာ မြန်မာ မဝင်ခင်က မွန်ရှိတယ်။ အခုရှိနေတဲ့ ခံလူး၊ တလိုင်း ရွာမ၊ အဲ့ဗျ ဆိုတာတွေက သက်သေခံတယ်လို့ တင်ပြတယ်။ ဒီတုန်းက ဦးဖိုးလတ်ဟာ ကျောက်ဆည်နယ်မှာ အုပ်ချုပ်ရေး အရာရှိအဖြစ်နဲ့ အမှုထမ်းဆဲမို့ နယ်ဆင်းပြီးမေးတဲ့အခါ ပြောတဲ့အတိုင်း မွန်ဆက်ကိုတော့တွေ့တယ်၊ ဒါပေမဲ့ ခံလူးနဲ့ တလိုင်းရွာမက မွန်ဆက်တွေဟာ မြင်းခြံနယ်က ရွှေ့လာကြတယ်လို့ ဖိုးဖွားတွေ ပြောခဲ့တယ်လို့

ဆိုတယ်။ သူတို့ဟာ ပုဂံခေတ်လောက်က မြင်းခြံဘက်မှာ နေရာချထားပေးတာခံရတဲ့ မွန်သုံ့ပန်းတွေ ဖြစ်နေတယ်။ ဒီလို သူမေးလို့ သိရသမျှကို ဟိုတုန်းကပဲ မဆိုင်းမတွ၊ ဆရာလုစ်ကို စာနဲ့ရေးပြီးပြောဖူးတယ်။ စာရလို့ကျေးဇူးတင်ကြောင်း စာပြန်တယ်။ မြန်မာနိုင်ငံ သုတေသနသင်းရဲ့ဂျာနယ်မှာတော့ ဒီသတင်းကို အယ်ဒီတာ ဂျီအက်ပယ်လတန်က မထည့်လိုလို့ မပါနိုင်ဘူးလို့ ဆိုတယ်။ ကျောက်ဆည်နယ်ကို ရှေးက မွန်တွေ အတော်များများရှိမယ်လို့ ထင်ရလေအောင် ပို့ပေးတဲ့ အထောက်အထားတစ်ခုက ကျောက်ဆည်မြို့အနီးတောင်ခြေက မွန်မဟာထေရ်ရဲ့ သိမ်ကျောက်စာဖြစ်တယ်လို့ ဆရာလုစ်ဆိုတယ်။ ဒါကိုလည်း မွန်သုံ့ပန်းတွေရဲ့ လက်စပဲ ဖြစ်မယ်လို့ ယူဆနိုင်တယ်။ ပြီးတော့ "တလိုင်းမရွာ" ဆိုတဲ့ အမည်ဟာ အင်မတန် ဆက်ပြီးတွေးရမယ့် အမည်ဖြစ်တယ်။ "တလိုင်း"နယ် မဟုတ်တဲ့ နေရာမှာ"တလိုင်း"လာနေမှ ဒီအမည်နဲ့ခေါ်ကြမယ်ပေါ့။ ဥပမာ တရုတ်နိုင်ငံမှာ တရုတ်တွေပဲရှိလို့ "တရုတ်တန်း"ဆိုတဲ့အမည် ဘယ်ရှိမလဲ။ မြန်မာနိုင်ငံမှာသာ တရုတ်တန်း ကုလားတန်း ရှိနိုင်တယ်။ ဒါလည်း သိပ်ပြီးဆီလျော်တဲ့ စကားပါပဲ။

နောက် ၁၉၇၅ ခုနှစ် ရောက်တဲ့အခါ ဆရာလုစ်ဟာ မူလ မြန်မာတွေ ရပ်စောက်က ဝင်လာပြီး ကျောက်ဆည်နယ်ကိုသိမ်း၊ မင်းဘူးနယ်ကို သိမ်းတယ်လို့ တင်ပြတယ်။ ကျန်စစ်သားဟာလည်း အနော်ရထာနဲ့မဆိုင်။ ကျောက်ဆည်နယ်က မွန်အဆက်အနွယ်ဖြစ်မယ်လို့ အရိပ်အမြွက်ဆိုပြန်တယ်။ ကျောက်ဆည်နယ်မှာ ရှေးမြန်မာကျောက်စာများများတွေ့လို့ဆိုတဲ့ အကြောင်းအချက် တစ်ခုတည်းနဲ့ ဒီနေရာမှာ အရင်ဆုံး မြန်မာတွေ နေသွားတယ်လို့ပြောရင် မခိုင်လုံဘူးလို့ ဦးဖိုးလတ်က ဆိုပါတယ်။ ကျောက်ဆည်နယ်မှာ ရှေးကျောက်စာပေါရင် ကျောက်ဆည်နယ်ဟာ စည်ကားတယ်၊ စီးပွားဥစ္စာ ဖြစ်ထွန်းတယ်၊ အလှူအတန်းများတယ်၊ ကျောက်စာနဲ့ မှတ်တမ်းများများ ကျန်တယ်လို့ပဲ ယူနိုင်မယ်တဲ့။ ဒီစကားလည်း သင့်ပါတယ်။ ထည့်စဉ်းစားစရာ နောက်တစ်ချက်ရှိအုံးမယ်။ မြန်မာတွေ မြန်မာစာနဲ့ ကျောက်စာရေးတာကို အများဆုံးတွေ့ရတာက အေဒီ ၁၁၁၂ ခု ရာဇကုမာရ ကျောက်စာ (မြစေတီကျောက်စာ) ခေတ်လောက်ကမှ ဖြစ်တယ်။ ဒီတော့ ဒီကျောက်စာတွေဟာ ကျောက်ဆည်နယ်မှာ တွေ့ပေမယ့်လည်း မြန်မာတွေ မြန်မာနိုင်ငံတွင်း ဝင်လာစက မှတ်တမ်း မဟုတ်ဘူး။ ဝင်လာပြီး အနှစ် နှစ်ရာကျော်မှ ရေးထိုးတဲ့မှတ်တမ်းတွေဖြစ်လို့ ဒီစာတွေထဲမှာ ပါတာကို ၁၂ ရာစုထက်စောတဲ့ အဖြစ်အပျက်တွေမှာ သွားပြီးဟပ်ကြည့်ရင် အနည်းအပါးမှန်မယ်၊ အများကြီး မှန်ဖို့ခက်တယ်။ ဒါကြောင့် ကျောက်ဆည်နယ်မှာ ပုဂံခေတ်ကျောက်စာ လေးဆယ့်လေး တွေ့လို့ ဒီနေရာမှာ မြန်မာတွေ အများအစား နေသွားတယ်လို့ပဲ ပြောနိုင်မယ်။ ဒီနေရာဟာ မူလ၊ ဒီကမှပြန့်ပွားတယ်လို့ မပြောနိုင်ပါဘူး။

ဆရာလုစ်က တကောင်းနယ်က ကဒူးကို မြန်မာရောင်တယ်ဆိုရင် ဦးဖိုးလတ်က ကျောက်ဆည်နယ်က မွန်ကိုတော့ ပိုပြီး မကြောက်သင့်ဘူးလား လို့ မေးပါတယ်။ ဒါလည်း သင့်မြတ်တဲ့ အမေးပါပဲ။ ဒီနေရာမှာ တရုတ်မှတ်တမ်းတွေနဲ့ပတ်သတ်ပြီး ဦးဖိုးလတ်က ဒီမှတ်တမ်းတွေကို ဘယ့်လောက် အားကိုးသင့်သလဲလို့လည်း မေးခွန်းမေးပါတယ်။ တချို့က တရုတ်မှတ်တမ်းမှာ ပါတယ်ဆိုရင် ဟုတ်နိုင်တယ် မဟုတ်လားလို့ မမေးဘဲ လက်ခံချင်ပါတယ်။ ဒါလည်း မသင့်ပါဘူး။ တကောင်းကို ရှေးဟောင်းသုတေသနက တူးဖော်လိုက်ရင် တချို့ပြဿနာ ပြေလည်သွားမယ်။ ကဒူးမြို့လို့ တစ်ဖက်ကဆိုသလို တစ်ဖက်က ပျူမြို့လို့

ဆိုချင်နေပါတယ်။ နောက်ဆုံး ဦးဖိုးလတ် တင်ပြချက်မှာ အခု အချီအချပြောဆဲ၊ ငြင်းဆဲ၊ ရှာဖွေဆဲ"မြန်မာအစ"ပြဿနာကို မသေချာသေးတဲ့ အဆင့်မှာပဲထားပြီး တစ်ဖက် အယူအဆ တစ်ခုတည်းကို ကျောင်းသုံးစာအုပ်နဲ့ **စွယ်စုံကျမ်း**ထဲ မထည့်ပါနဲ့အုံးလို့ သတိပေးခြင်းပဲ ဖြစ်တဲ့အတွက် ဦးဖိုးလတ်ရဲ့ စကားဟာ သင့်မြတ်တယ်လို့ပဲ ကောက်ချက်ချလိုပါတယ်။ သူ့စာတန်းထဲက နိဂုံးစကားကို ပြန်ပြီး ဖော်ပြလိုက်ပါတယ်။

ဤမှုဖြင့်"မြန်မာအစ ကျောက်ဆည်က၊ ကျောက်ဆည်နယ်မှသာ မြန်မာများ တောင်၊ မြောက်၊ အနောက်တို့သို့ ယပ်တောင်သဖွယ် ထွက်ခွာပြန့်နှံ့သွားခဲ့သည်" ဟူသောအယူမှာ သေချာပူးကပ်စွာ လေ့လာကြည့်သောအခါ ယုတ္တိမရှိ။ ပုဂံခေတ်ထိုး ကျောက်စာများပါ မြို့မည်၊ ရွာမည်၊ နယ်မည်များနှင့်၊ တထစ်ကျ မှန်သည်ဟု ယူဆထားသော တရုတ်ရာဇဝင်လာ စကားတို့အပေါ်၌ မှီငြမ်းပြုကာ၊ စိတ်ကူး ယဉ်ချင်တိုင်းယဉ်ပြီး တွေးတောကြံဆထားသည့် ကဝိတို့၏ အိပ်မက်ပန်းချီကားမျှ ဖြစ်သည်ကို သိမြင်သဘောပေါက်လောက်ပါပြီ။ ထိုအယူအဆနှင့်စာလျှင် "မြန်မာ အစ တကောင်းက၊ ဧရာဝတီမြစ်ညာမှသာ မြစ်ကြောသို့ မြန်မာများ စုန်ဆင်းပြန့်နှံ့ သွားကြသည်" ဟူသော အယူက ပို၍သဘာဝကျသည် ယုတ္တိရှိသည် ဆိုသင့်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤ"မြန်မာအစ"ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ ယခုထက် ပိုမိုကျယ်ပြန့် ပြည့်စုံစွာ မြန်မာနန်းစော၊ တရုတ်တို့၏နောက်ကြောင်း သမိုင်းရာဇဝင် တို့ကိုပါ လေ့လာစုံစမ်းပြီးလျှင် မြေအောက်သို့လည်း တူးဆွ ရှာဖွေ၊ သုတေသနပြုပြီး နောက်မှသာ တကယ်သေချာ၊ ခိုင်မာယုံကြည် အားကိုးလောက်သော အဖြေကို ရှာနိုင်မည်ဖြစ်ကြောင်း၊ ကျွန်တော် တင်ပြအပ်ပါသည်။

ဤသို့ အဖြေမှန်ကို မရမီအတွင်း"မြန်မာအစ ကျောက်ဆည်က"ဟူသော ပါမောက္ခလုစ်၏ အယူနှင့်၊ ထိုသူ၏ အခြံအရံများဖြစ်သော သရေခေတ္တရာပြည် ကြီးကို စကောကရင်တို့ တိုက်ခိုက်ဖျက်စီးပစ်သည်၊ ကျန်စစ်သားမင်းမှာ အနော်ရထာမင်းစော၏သား၊ မြန်မာမဟုတ်၊ ကျောက်ဆည်နယ်သားမွန်ဖြစ်သည်၊ အလောင်း စည်သူမင်းသည် မြန်မာအစစ်မဟုတ်၊ မွန်–မြန်မာကပြားဖြစ်သည်ဟူသော ယုတ္တိ မပြည့်စုံ၊ မခိုင်လုံသည့် အယူအဆများကို၊ ကျောင်းသုံး၊ ပြည်သူ့လက်စွဲ စာစောင် စာအုပ်တို့တွင် မထည့်သွင်းသေးပဲ ချန်လှပ်ထားမှ သင့်လိမ့်မည်ဟု ကျွန်တော်ယူဆ သတိပေးလိုပါသတည်း။

ပြီးပြီးသား အဆိုနှစ်ပြင်ကို ပြန်ကြည့်ရင် (၁) ဆရာလုစ်ကလည်း မြန်မာတွေ အစဦးဆုံး ကျောက်ဆည်နယ်မှာနေပြီးမှ တခြားကို ဖြန့်ထွက်မယ် ထင်တယ်လို့ ဆိုတယ်။ ဦးသိမ်းမောင်က တချို့အချက်ကလေးတွေ ပြင်ဆင်တာဟာလည်း သင့်ပါတယ်။ ဒါပေမဲ့ (၂) ဦးဖိုးလတ်က ဒီလို ထင်မြင်ချက်ချဖို့ စောသေးတယ်။ ရှေးဟောင်းသုတေသနက တူးပြ တာကိုစောင့်ပါအုံး၊ တရုတ်နိုင်ငံဘက်က မြန်မာနဲ့နီးစပ်ရာ၊ ရှမ်းနဲ့နီးစပ်ရာလိုလိုနဲ့ နီးစပ်ရာ လူတွေကို အခုထက်ပိုပြီး လေ့လာပါအုံးလို့ တိုက်တွန်းတယ်။ ကျွန်တော့်အနေနဲ့ ဦးဖိုး လတ်ရဲ့ တိုက်တွန်းချက်ကို လက်ခံသင့်တယ်လို့ ထင်မိတယ်။ သမိုင်းသုတေသနဆိုတာလည်း ရှာရင်း ဖွေရင်း၊ အသစ်အသစ်တိုးပြီး သိတဲ့အခါ ဘယ်သူပြောသွားတဲ့ စကားဖြစ်ဖြစ်၊

မသင့်ရင် ပယ်ဖို့ပါပဲ။ ဒါကြောင့် ဆရာလှစ်ရဲ့ တင်ပြချက်ကို သာမညပဲ ထားသင့်ပါသေးတယ်။ ဒါပေမဲ့ သူ့တစ်သက်တာ ရှာဖွေဖော်ထုတ်ခဲ့တဲ့ စကားတွေဖြစ်နေလို့ အသေးစိတ်လေ့လာချင်ရင် ရနိုင်အောင် ဆိုင်ရာ စာတန်းကို မြန်မာဘာသာပြန်ပြီး ထည့်ပြလိုက်တာပဲ။ ကျောက်ဆည်နယ်နဲ့ ပတ်သတ်ပြီး နောက်ပိုင်းခေတ်တွေမှာ တွေ့ရပုံကို ဆက်ပြီးပြလိုပါတယ်။

ပုဂံခေတ်က ကျောက်ဆည်နယ်ကို တစ်ဆယ့်တစ်ခရိုင် ခေါ်ခဲ့ပေမယ့် ခုတော့ ကိုးခရိုင်လို့ ခေါ်နေပါတယ်။ အဲဒီကိုးခရိုင်ကို ပန်းလောင် (လေးခရိုင်) ဇော်ဂျီ (ငါးခရိုင်) ပေါင်း(ကိုးခရိုင်)လို့ သတ်မှတ်ပါတယ်။

**ပန်းလောင်မြစ် လေးခရိုင်**

၁။ စောလု (ယခုရွာခိုင်းကြီးမြောက် မြို့ဟောင်း)
၂။ ပင်လယ် (ယခုနှမ်းခင်းရွာတောင် မြို့ဟောင်း)
၃။ မြစ်သား
၄။ ပျဉ်းမနား (ယခုကြို့ပင်ခြံရွာမြောက် မြို့ဟောင်း)

**ဇော်ဂျီမြစ် ငါးခရိုင်**

၅။ မြောင်လှ (ယခု ကျားကာရွာအနောက် မြို့ဟောင်း)
၆။ မြင်းခုန်တိုင်
၇။ ပနံ
၈။ မက္ခရာ
၉။ မြင်စိုင်း (ယခု ကုလားကျောင်းရွာအနီး)

ဒီ ကိုးခရိုင်နဲ့ ပုဂံခေတ် ဆယ့်တစ်ခရိုင် ယှဉ်ကြည့်ရင် စောလု၊ မြောင်လှနဲ့ မြင်စိုင်းဟာ နောက်တိုးဖြစ်ပြီး၊ အဟောင်းထဲက ရင်(ရွာမုန်ကြီး)၊ တမုတ်၊ သင်တောင်၊ တပျက်သာနဲ့ ခံလူး ပြန်ပါမလာဘူးဆိုတာ တွေ့မယ်။ အသစ်တိုးတာ တိုးပြီး အဟောင်းထဲက လျော့တာ လျော့သွားတယ်။ ပင်လယ်၊ မြစ်သား၊ ပျဉ်းမနား၊ မြင်းခုန်တိုင်၊ ပနံနဲ့ မက္ခရာဆိုတဲ့ ခြောက်ခရိုင်ကတော့ နှစ်မျိုးစလုံး ပါနေတယ်ပေါ့။ ဟံသာဝတီ ဆင်ဖြူရှင် လက်ထက် အေဒီ ၁၅၇၉–ခုလောက်ကပဲ စောလုတို့ မြောင်လှတို့ တိုးနေပြီ။ စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက် အေဒီ ၁၈၁၉ ခုမှာ အခု အသိအမှတ်ပြုတဲ့ ကိုးခရိုင်ရှိနေပြီလို့ သိရပါတယ်။ ကုန်းဘောင်ခေတ် စစ်တမ်းကိုရှာတဲ့အခါ မက္ခရာနဲ့ မြစ်သားစစ်တမ်းတွေပဲ အေဒီ ၁၈၀၂ ခု ပဒုံမင်း (ဘိုးတော်) လက်ထက်အတွက် တွေ့ရပါတယ်။ ဒီစစ်တမ်းတွေအရ ဒီနေရာတွေမှာ အစုအမှုထမ်းတွေ နေကြတယ်လို့ သိရတယ်။ ဘယ်လိုစစ်မှုထမ်းတွေလည်း သိရအောင် စစ်တမ်းအတိုင်းဖော်ပြဖို့ လိုပါတယ်။

**မက္ခရာမြို့ စစ်တမ်းစာရင်းဘုရား**

သက္ကရာဇ် ၁၁၆၄–ခု ပြာသိုလပြည့်ကျော် ၁၅ရက်နေ့ မက္ခရာမြို့ တံဆိပ်တော်ရ မြေတိုင်းသူကြီး ငခွေး၊ နံ ၅(ကြာသပတေး)၊ အသက် ၁၅၊ မြို့စာရေး ငပု၊ နံ ၁ (တနင်္ဂနွေ)၊ အသက် ၄၂၊ သူတို့ကိုစစ်မေးသော် ထွက်ဆိုသည် ။ ။ မက္ခရာမြို့ ပုံတော်ပါ နယ်မြေသည်

**အရှေ့အလား**– ရှင်ပင်တောင်မြင့်ထီးဆင့်၊ မြလိပ်တောင်၊ တောင်ရိုးထိ တစ်ဖက် ဒုတ္တဝတီမြစ်ကမ်း သရက်ပင် စခန်းထိ၊ တစ်ဖက်ကျော် စည်တိုက်မြေနှင့်အစပ်။

**အရှေ့တောင်အလား**–သင်တောင်းအင်းနားကင်း ဘုရားထိ၊ တစ်ဖက် မြင်စိုင်းမြို့မြေနှင့်အစပ်။

**တောင်ကိုအလား**– နဂါးပတ်ချောင်း ကောက်ကောက်စင်းစင်းထိ၊ တစ်ဖက် မြင်းခုန်တိုင်မြို့မြေနှင့်အစပ်။

**အနောက်ကိုအလား**–စည်ကြီးပေါက်မ၊ ပန်းရောင်မြစ်ထိ၊ တစ်ဖက် မြင်းခုန်တိုင်မြေနှင့်အစပ်။

**အနောက်မြောက်ကိုအလား**– ပန်းရောင်မြစ်ကောက်ကောက်စင်းစင်းထိ၊ တစ်ဖက်၊ တွင်းသင်းတိုက်ကန်ချောရွာမြေ၊ ပင်းဒယမြို့မြေ နှင့်အစပ်။

**အနောက်မြောက်ထောင့်အလား**– ဒုတ္တဝတီမြစ် ကောက်ကောက်စင်းစင်းထိ၊ ပလိပ် ရွာမြေနှင့်အစပ်။

**မြောက်အလား**– ဒုတ္တဝတီ မြစ်တစ်ဖက် မြာအင်း ကျောက်တန်း လေ့တော်ချောင်းထိ၊ တစ်ဖက်ကျွန်းတော သုံးတောင်မြေ၊ မြို့သစ်မြို့ မြေနှင့်အစပ်။

**အရှေ့မြောက်အလား**– ဒုတ္တဝတီမြစ်တစ်ဖက် ပစည်းတောင်ငယ်ထိ၊ တစ်ဖက် ကျွန်းတောသုံးထောင်မြေနှင့်အစပ်။

နယ်လေးရပ် ရှစ်ရပ်သတ်မှတ်သည့်အတွင်းစို့ ၄၀၊ ဒိုင်းအစုသားတို့ကို ရှေးမင်းတို့ လက်ထက်ပေးချသည့်၊

၁။ ပန်းပုလဲအစို့
၂။ မြောင်းဆုံငယ်ဒိုင်း
၃။ သံတောင်ရွေး
၄။ နောက်မဲဇာ
၅။ မင်းရွာ
၆။ တက်ခေါင်တောင်ရွာ
၇။ မောက်စိမ်း
၈။ ဆင်ကောင်း
၉။ ကောက်ရိုးပုံ
၁၀။ ရှဲကားတောင်ဦး
၁၁။ ရှဲကားနွားထိမ်း
၁၂။ ဟင်းငူ
၁၃။ ကောင်းမြတ်ကျော်
၁၄။ ရွှေပန်းတော
၁၅။ စက္ကပါ

၁၆။ ငှက်ပျောအိုင်
၁၇။ မြောင်းဆုံကြီး
၁၈။ ဆင်ကဲခွဲအိုင်း
၁၉။ မြေဒူးအိုင်း
၂၀။ အိုင်းခေါင်အိုင်းကျွဲဆင်ရွာ
၂၁။ အိုင်းခေါင်အိုင်းမြင်းကဘက်ရွာ
၂၂။ ကြေးနီအိုင်း
၂၃။ တက်ခေါင်မြောက်ရွာ
၂၄။ အရေးမခင်းမြောက်ရွာ
၂၅။ ပန်းတောင်းခါး
၂၆။ တမုတ်ကြီး
၂၇။ အရေးမဆိုမြောက်ရွာ
၂၈။ တတ်ကြီးအိုင်ရွာ
၂၉။ ဝန်းသိုရွာ
၃၀။ စောလှသူငယ့်တော်
၃၁။ ယာမဲဇာ
၃၂။ နောင်သြအိုင်း
၃၃။ ရှဲကားလက်ဝဲကလေး
၃၄။ ဂံပလော့
၃၅။ အိုင်းကြော့အိုင်းသစိုးရွာ
ရွာပေါင်း ၃၀ ကျော် သူရဲအစုသားတို့နေသည်၊

၁။ လက်လှိုင်းရွာ
၂။ ကတဲရွာ
၃။ ရွာခေါင်းမြောက်ရွာ
၄။ ခမောက်ရွာ
၅။ အဲဗျရွာ
ပေါင်း ၅၊ လမိုင်းအစုသားတို့နေသည်။

၁။ မြောင်းဆုံကြီးရွာ
၂။ ရွာသာရွာ
၃။ ရွာခေါင်းရွာ
၄။ ပေါက်ရွာ
၅။ ညောင်ပင်လှရွာ
ပေါင်း ၅၊ ရှမ်းမြင်းအစုသားတို့နေသည်။

၁။ ကျီးအိပ်ရွာသစ်
၂။ တောမ
၃။ မိုးကောင်းရွာ
၄။ ချောင်းပတ်ရွာ
၅။ မြစ်ကွေ့ရွာ
၆။ ကျီးအိပ်ရွာမရွာ
၇။ ရွာသာရွာ
ပေါင်း ၇

၁။ ဥယျာဉ်တော်ဘုန်းရှိဥယျာဉ်ရွာ
၂။ မဲဇာဥယျာဉ်ရွာ
၃။ အုန်းတုန်းဥယျာဉ်ရွာ
၄။ စန္ဒာဒေဝီဥယျာဉ်ရွာ
၅။ နန္ဒသီဟဥယျာဉ်ရွာ
၆။ ကျီအိပ်ဥယျာဉ်ရွာ
ရွာပေါင်း ၆ နောက်ဝန်းကျင်

၁။ ဘရမ်းရွာ
ရှေ့ဝန်းကျင်
၁။ ညောင်ပင်ကြီးရွာ
ငယ်တိုးသေနတ်
၁။ ကျီးအိပ်ရွာ
ကုလားပျိုသေနတ်
၁။ ရှမ်းရွာ
၂။ ခံလူးရွာ
အမြောက်အစု

၁။ အိုးထိန်းတောင်ရွာ
၂။ စော်ရဲရွာ
မြင်းယဉ်ခံအစု

၁။ သင်တောင်းရွာ
လင်းဇင်းဝေါအစု

၁။ ကျီရွာ
၂။ ရွာနိုင်ရွာ
ယာဝင်း

၁။ ရန်ပုံနှစ်ရွာ
၂။ ရန်တင်းမေးနှီးရွာ
၃။ ရန်ပုံခွဲရွာ
၄။ ပုလဲရွာ
၅။ ဟိန်သေဉ်ရွာ
၆။ လင်းငင်းမြောက်ရွာ
၇။ ရပည်လုံးတမွတ်နှီးရွာ
၈။ အယင်းခေါင်းရွာ
၉။ ခေါ်မငန့်ရွာ

ရေ့ဝင်း

၁။ အင်တရော်ရွာ
၂။ ဘယ်လင်းရွာ
၃။ ကြက်မျှားရွာ
၄။ ကန်သစ်ရွှေဒိုင်းရွာ
၅။ ပွဲတိုင်းတင်ရွာ
၆။ ငါးဗိုးဗိုရွာ

ဝဲဝင်း

၁။ ရဲဘက်ရန်အောင်ရွာ
၂။ ကောင်းကင်စက်မီးရွာ
၃။ ရှမ်းသူငယ်ရွာ
၄။ ငါးအိုးရွာ
၅။ အမိန့်တော်ရသင်ပုတ်ရွာ
၆။ မြဝတီဒိုင်းရွာ
၇။ တက္ကလယ်ရွာ
၈။ ရှမ်းသူငယ်ရွာ
၉။ ပန့်မြို့ငင်းကျေးတလိုင်းရွာ
၁၀။ သာယာဝတီရွာ
၁၁။ ဆုံကုန်းရွာ
၁၂။ အင်းနားရွာ
၁၃။ ဒေါင်းရွေးရွာ
၁၄။ တောင်တွင်းရွာ
၁၅။ ဆုတောင်းပြည့်တဲတော်ရွာ
၁၆။ ကုန်းရိုးရွာ
၁၇။ ကျောက်ဆည်တိုက်ကင်းတုံပယ်ရွာ
၁၈။ ကျွဲနဖါးမြစ်တောင်ဘက်ရွာ

၁၉။ အုန်းလက်ကောက်ရွာ
၂၀။ ရွာလပ်
၂၁။ ဥယျာဉ်ကြီးရွာ
၂၂။ စဥ့်ကိုင်ရွာ
၂၃။ ကြက်ဆိပ်ရွာ

နောက်တိုးစု

၁။ တအုံရွာ
၂။ ရွာနန်းရွာ
၃။ မင်းတပ်ရွာ
၄။ မြို့ခရုရွာ
၅။ ဥယျာဉ်တော်ကြီးရွာ
၆။ ငှက်ပျောအိုင်တ ရပ်စုရွာ
၇။ သံရွာ

အရာတော်မြေ

၁။ ဆားလင်းလက်လှိုင်း ရွာပေါင်း အစုစု ၁၀၀ ကျော် ရှိပါသည်။ မက္ခရာမြို့နယ်အတွင်း စို့(၄၀)ဒိုင်း ရှေးမင်းတို့လက်ထက်၊ အစုများသို့ ဖြည့်သည်။ ကသည်း(၈)စို့ ရှိပါသည်။ အရာတော်မြေ၊ ကင်းဘက်ရွာမြေစွန်း၊ ပြည်ပန်းရွာ၊ ငှင်းနှစ်ရွာလည်း၊ မက္ခရာမြို့နယ်အတွင်း ကျေးရွာဖြစ်ပါသည်။ ဒိုင်းလမိုင်း ကိုယ်ရံတော် အစုအမှုထမ်းသားတို့ နေထိုင်သည့် မြို့ကျေးရွာ ဖြစ်သည်။ ရွာနေလူတို့ကို ကျွန်တော်က မင်းမှုမင်းခင်း မခန့်ထားရ။ အသီးအသီး အစုဆိုင်ရာ ခန့်ထား ထမ်းရွက်ရပါသည်။ ကျွန်တော်မှာ အပေါ်ဝန် အကောက်အစားကိုသာ စစ်ကြောစီရင်ရပါသည်။ ကောက်စားရိုးမှာ၊ သစ်ခုတ် ဝါးခုတ် ဓားမတစ်စင်းလျှင် ငွေတစ်မတ်၊ ကျွဲနွားသေလျှင် အနံတင် သားစားရိုး။ အခွန်ရေးစစ် သိမ်းခံလာလျှင် လယ်တစ်ပါယ်ငွေ(၃)မူး။ စားရိုးပွဲမှာ မက္ခရာမြို့ပွဲ (၁)ပြတ်ရိုးဆက်ခံသူ မိဖုရားကြ ပြတ်ကောက်ပါသည်။ ဆလင်းလက်လှိုင်းပွဲ (၁)၊ ကင်းလပ်ပွဲ (၁)၊ အိုးထိန်းတောင်ပွဲ (၁)၊ ရွာပိုပွဲ (၁) ပေါင်း(၅)ရှိပါသည်။ ကောက်စားရိုးမှာ လက်ဖက်တစ်တင်း ရောင်းဝယ်လျှင်၊ ရောင်းသူတစ်ကျပ်၊ ဝယ်သူ တစ်ကျပ်၊ ချိပ်ကုန်တိုက်ကုန်မှာငွေ ၁ပိဿာဖိုး ရောင်းဝယ်လျှင် ပွဲခငွေ ရောင်းသူ တစ်ကျပ်၊ ဝယ်သူ တစ်ကျပ် ကောက်ပါသည်။ ကောက်စားရိုးမှာ နွားတစ်တင်လျှင် ငွေတစ်မူး၊ ကုန်သေးကုန်နုတ်မှာ (၃)ဈေးလျှင် တစ်ပဲ ကောက်ရိုး။ ဆိပ်မှာ ထန်းပင်လေးပင် (၁)ဆိပ်၊ ရွာသစ် (၁)ဆိပ်၊ စင်းငုံး (၁)ဆိပ်၊ ကလေးဝံပတော့ (၁)ဆိပ်၊ ပေါင်း (၅)ဆိပ် ရှိပါသည်။ ကောက်စားရိုးမှာ စပါးတင်း(၁၀၀) ရောင်း ဝယ်လျှင် ရောင်းသူ(၂-၂)၊ ဝယ်သူ (၂-၂) ကောက်ရိုး၊ ပွဲ၊ ဈေး၊ ဆိပ်၊ အခွန် ဘဏ္ဍာ အရာရှိများမှာ၊ မြို့စားရှိလျှင် မြို့တွင်းကို ဆက်သွင်းရပါသည်။ မြို့စားမရှိလျှင် တိုက်တော်သို့ ဆက်သွင်းရပါသည်။

ဒီစစ်တမ်းမှာ ကိုးခရိုင်အတွင်း မြန်မာမင်းတွေ လက်ထက်က အုပ်ချုပ်ပုံစံကို စံပြအဖြစ် ကြည့်ရှုမှတ်သားနိုင်ပါတယ်။

## မြစ်သားမြို့စစ်တမ်း

> သက္ကရာဇ် ၁၁၆၄ခု ဝါခေါင်လဆန်း ၁၀ ရက်နေ့ မြစ်သားမြို့ မြေတိုင် သူကြီး ငရန်ကင်း၊ နံ ၃၊ အသက် ၃၂ သူကို မေးသော် ထွက်ဆိုချက်။ ။ မြစ်သားမြို့နယ် လေးရပ် ရှစ်ရပ် သတ်မှတ်သည့်အတွင်း အစုရင်းသားတို့ကို ပေးချရင်းပင် ၁၁၈၃ဲ၊ ၃ိ (တစ်ထောင့်တစ်ရာ့ရှစ်ဆယ့်သုံးပယ်၊ သုံးစိတ်) အနက် လမိုင်းလယ် ၄၅ ပုံခွဲ၊ ပယ်ဘွဲ့ ၅၇၇ဲ၊ ၂ိ။ ရေခွန်တော်ကြပယ် ၅၇၇ဲ၊ ၂ိ။ ရှမ်းမြင်းလယ် ၁၈၉၇ဲ၊ ဝင်းကိုယ်ရံအစုသားတို့ ပယ် ၇၂၂၂ဲ ၊ ၃ိ အနက် ထူပါရုံဘုရားဝတ်မြေ ၂၄၅၁ဲ၊ ရေခွန်လယ် ၁၆၈ဲက ရေခွန် တော်ရေးလျှင်၊ လယ်တစ်ပယ် စပါးနှစ်တင်းကြ ဆက်သွင်းရပါသည်။ ဘုရားဝတ်မြေအဆီကို မြို့သူကြီးက ရေးစစ်၍ ကသောင်းမြောင်တိုက်တော်သို့ ဆက်သွင်းရပါသည်။ အစုသားတို့မှာ လုပ်သားအတွက် ဆယ်ခိုင်တစ်ခိုင် ဆက်သွင်းရပါသည်။

ဒီစစ်တမ်းမှာ ရေခွန်တော်ဟာ လယ်တစ်ပယ်ကို စပါးနှစ်တင်း ပေးသွင်းရတယ်လို့ သိရပါတယ်။ ဒီနေရာမှာ ဆည်မြောင်း အားကိုးပြီး လယ်လုပ်ကြရတာကြောင့် ဒီဆယ်မြောင်းတွေ ဘယ်သူတွေ ကြည့်ရှုကြပ်မပြီးလုပ်သလဲဆိုတာကို အေဒီ ၁၇၈၄ (၄၆ ခု စစ်တမ်း) မဟာကင်းတားဆည်နဲ့ပတ်သတ်ပြီး ဒီလိုတွေ့ရဘူးပါတယ်။

> ဆည်ကြပ်၊ ဆည်ကဲ၊ ဆည်ကြီး မြောက်ကြီး သောက်စု မြင်းတော်သည်တို့ကို ခန့်ထားတော်မူ၍ ဆည်တော်ရေသောက် သင်းစု၊ မြင်းစု၊ ဒိုင်း၊ ဝင်း၊ ကိုယ်ရံ၊ အမြောက် သွေးသောက် အစုတော်သားတို့ကို လုပ်မြေ နေမြေ ပေးချသနားတော်မူသည့် ပယ်နယ်က ထောင်ထား၍ မိုးခါ ရေ၊ နွေခါ မီးအစောင့်နေ၍ ဆည်တော် ဥပစာ၊ ဆည်မြေဆည်ရွာလ လုံခြုံအောင် ကြီးကြပ်၍ စောင့်နေရပါသည်။ ။ တပို့တွဲတပေါင်းလ လုပ်ချိန်ကာလရောက်လျှင် သင်းစု၊ မြင်းစု၊ ဒိုင်း၊ ဝင်း၊ ကိုယ်ရံ၊ အမြောက်သွေးသောက်၊ ကောင်ဟာန်၊ သူရဲအစု အမှုထမ်းခေါင်းအကြီးအဝှန်းတို့ကို မျိုးရိက္ခာနှင့် ဆည်ဦး ဆည်ပါး ဆည်ထိပ်သို့ ဆိုက်ရောက်ပြီးလျှင်၊ သစ်စု၊ ကျောက်တိုင်၊ တိုက်ငင် ခုတ်လုပ်တူးဆွ၍ ဆည်တော်ကို နှစ်စဉ် ခင်းကျင်း ရိုက်နှက် လုပ်ဆောင်ပါရသည်။ ရေသောက်ပယ်နယ်များက ထောင်ထားသည့် လူတို့သည် ဆည်မြေဥပစာ ဆည်ရွာတွင် စောင့်နေ၍ စီးပွားတော်ကြီး လုံခြုံအောင် စောင့်နေရပါသည်။ ပယ်နယ်က ထောင်ထားသည့် ဆည်ကျွန် ပင်သားတို့ကို၊ ကိုယ်တွက်ကိုယ်တာ၊ ရပ်ရွာတာ၊ မြို့ဝှမ်းမြို့တာ မခန့်မထား၊ ထမ်းရွက်ရမြဲ အစဉ် ထုံးစံမရှိပါ။ ဆည်တော် မြောင်းတော် ခိုင်လုံမြဲမြံအောင် မပြတ်စောင့်နေ ထမ်းရွက်ပါရသည်။ ဆည်မြေ ဆည်ရွာတွင် နေထိုင်သူတို့မှာ၊ အမှုရှိလျှင်လည်း မြို့ရှင်တို့က မစီရင်ရ၊ ဆည်ဝန် ဆည်စာရေး ဆည်ကြီးတို့ကသာ အုပ်ချုပ်ပါရသည်။

အဲဒီလို စောင့်ရှောက်ပြီး ရေဝေပေးတဲ့အတွက် စပါး အင်မတန် ဖြစ်ထွန်းတယ်။ "ကန်စွန်းရွက်ကို စပါးနှင့် ဝယ်မရအောင် စပါးပေါများ၏" ဟု မှတ်တမ်းတင်ခဲ့ပါတယ်။

ပြီးတော့ "ဆည်တော်ရွှံ့နှံ့နားလျှင်" ရေသောက်လယ်တွေက လူတွေအားလုံးခေါ်ပြီး နယ်ရှားခိုင်းပါတယ်။ ဆည်စောင့်နတ်နဲ့ ဆင်တော်နံ့ဘုရားဟာလည်း အရေးကြီးတဲ့ ကိုးကွယ်ရာတွေ ဖြစ်တယ်။ ဆည်ကိစ္စတွေမှာ အနှောက်အယှက်လုပ်ရဲသူရှိလျှင်၊ ဆည်ဖျက်လျှင် ဒင်္ဂါးငွေတစ်သောင်း၊ မြောင်းဖျက်လျှင် တစ်ထောင်၊ လယ်ဖျက်လျှင် တစ်ရာလျော်စေလို့ အစဉ်အလာ ရှိတယ်လို့ပဲ သိရပါတယ်။

ကျောက်ဆည်နယ်ထဲမှာ မြန်မာ၊ ရှမ်း၊ မွန်၊ ရခိုင်၊ မဏိပူရ ကသည်း ဆိုတာတွေရောနှောနေကြပါတယ်။ ဒီလိုရောရတဲ့ အကြောင်းကတော့ တစ်ဖက်က ရှမ်းနယ်တွေနဲ့ နီးကပ်လို့လည်း တစ်ကြောင်း၊ မြန်မာမင်းတွေက အစု အမှုထမ်းလူတွေကို ဆည်လုပ်ငန်းမှာ ခိုင်းဖို့ ချထားလေ့ရှိတဲ့အတွက် တစ်ကြောင်းဖြစ်တယ်။ အစု အမှုထမ်းဆိုတာ တချို့က စစ်သုံ့ပန်းတွေပါပဲ။ ဒီလူတွေဟာ အခု ရွာတည်ပြီး ကျောက်ဆည်နယ်ထဲမှာပဲ နေလာခဲ့ကြတာ ကြာပြီဆိုပေမယ့် သူတို့အစုနံမည်၊ သူတို့အရင် ဘယ်ကနေပြီးရွှေ့လာခဲ့တယ်ဆိုတာဆိုတာ ပြောတတ်ကြသေးတယ်။ မြန်မာစကားလည်း ကောင်းကောင်းပြောနေကြပြီ၊ ကိုးကွယ်ယုံကြည်မှုကြောင့် မူဆလင်တွေပဲ မြန်မာနဲ့ သိပ်မရောပဲ ကွဲခြားသလို ရှိနေပါတယ်။ ဒီလိုနေရာအမျိုးမျိုးက လူတွေခေါ်လာပြီး ကျောက်ဆည်နယ်မှာ အလုပ်တာဝန်ပေးခဲ့တာ ပုဂံခေတ်ကပဲ ဖြစ်တယ်။ သာလွန်မင်းလက်ထက် ၁၆၃၀ပြည့်မှာ အစုအငန်းတွေ အများကြီး ရပြီး ကျောက်ဆည်မှာပဲ ရွာတယ်ဖို့ နေရာချထားပေးခဲ့ပါတယ်။ အဲဒီတုန်းက ဖွဲ့ခဲ့တာတွေဟာ ရှမ်း ရှေ့ဝင်း၊ နောက်ဝင်း၊ လက်ျာဝင်း၊ လက်ဝဲဝင်း၊ စုလေးဆယ်ဒိုင်း၊ ယွန်းစု၊ ကောင်ဟန်တွေဘဲ။ တယ်တဲ့ ရွာတွေက ဒအိုး၊ သင်းပေါက်၊ ညောင်ရွှေး၊ ကျောက်ပန်းကုံး၊ တမုတ်ကြီး၊ ပဒေါင်းခ၊ ကောင်းတင်၊ ဆင်ကုန်း၊ ဘုန်းခွင်၊ ပန်ခွ၊ ရန်ဘုံနှစ်၊ ကြက်ဆင်၊ ကျီးအိပ်၊ သိန္နီကုန်း၊ ရန်ဖက်လို၊ မှိုင်းဟင်၊ ကြောင်ပန်းတော၊ မရှက်၊ ကျွဲဆွယ်၊ ရန်ဘုံကျင်း ဆိုတဲ့ ရွာတွေပါဘဲ။ ရှမ်း မြင်သယ်ရွာတွေက လက်ပံ၊ ဒန်ဒိုင်း၊ ဗဏ္ဏား၊ သိုထမ်း၊ ဆင်ကွတ်၊ မြိုင်ဟင်၊ ယိုးဒယား၊ ကင်းစိန်ခြေ၊ ရှမ်းသူငယ်၊ ကျီးအိပ် ရွာသစ်တွေ ဖြစ်တယ်။ မွန်သူရဲတွေအတွက် ပွတ်တိုင်၊ ကတဲ၊ လေုံကုန်း၊ တလိုင်းမြောင်၊ အဲဖြ ဆိုတာတွေပါတယ်။ ဒီ သာလွန်လက်ထက်တည်တဲ့ ရွာတော်တော်များများဟာ ခုအထိ ကျန်ပါသေးတယ်။ အလောင်းမင်းတရားလက်ထပ်မှာ (အဆင့်ဆင့် မှတ်သားလာတဲ့ စကားအရ) ၁၇၅၂ ခု ဟံသာဝတီ မွန်တွေကို ရုံးစုပြီး လက်ျာကြောင်း သေနတ်စု လူ ၁၃၀၂ ကို ကျောက်ဆည်နယ်မှာ ပို့ထားပါတယ်။ နောက် ၁၇၅၆ မှာ လက်ဝဲစု လူ ၁၈၄၈ ယောက်၊ ၁၇၅၈ခု မှာ ရွှေလက်ဝဲ လက်ျာစု အစုစု ၁၅၇၀ကိုလည်း ဟံသာဝတီကနေ ကျောက်ဆည်နယ်ကို ပို့ပြီး နေမြေစား မြေပေးထားခဲ့ပါတယ်။ မြေဒူးမင်း(ဆင်ဖြူရှင်) လက်ထက် ၁၇၆၃ မှာ လင်ဇင်း ၃၀၀၀ ကို သုံ့ယူခဲ့ပြီး ၁၀၀၀နဲ့ လင်းဇင်းတည်ဖွဲ့စေတယ်။ ရှမ်းကောင်ဟန်တပ်၊ ကသည်း မြင်းတပ်ဆိုတာတွေပါ လင်းဇင်းတပ်ကို ဒီနယ်မှာပဲ ချထားတယ်။ စစ်ကိုင်းမင်း (ဘကြီးတော်)လက်ထက် ၁၈၁၉ ခု မှာလည်း ကသည်းတွေ နောက်ထပ် ပို့ပါသေးတယ်။ ဗဒုံမင်း (ဘိုးတော်) လက်ထက် ၁၇၈၄ ခု ရခိုင်သိမ်းပြီး ပါလာတဲ့ ရခိုင်ကုလားတွေလည်း ရှိတယ်။ သူတို့က ဖလံဗို၊ သစ်ခေါက်၊ ကန်လူး၊ ကုန္နီ၊ ဟိန်ငူး၊ ကန်သစ်၊ လက်ပံ၊ ချောင်းခွ၊ ညောင်ပင်သာ၊ ဆူးလေကုန်း ဆိုတဲ့ရွာတွေမှာ နေကြတယ်။ သကို့တတွေက မွေးမြူရေး သမားတွေ များတယ်။

ဆည်တွေ မြောင်းတွေ ဖြစ်လာတာကို အတွေးကောင်းကောင်းနဲ့ အိပ်မက်အရ ဖြစ်တယ်၊ နတ်သိကြားက ဇျိုင်းယောင် ကျီးယောင်ဆောင်ပြီးနေရာ အတိအကျပြတယ်လို့ အပြောရှိပေမယ့် ဒီလူတွေဟာ ဆည်မြောင်းအင်ဂျင်နီယာ အတတ်ကို ကောင်းကောင်းတတ်တယ်လို့ သိနေရပါတယ်။ ဆည်နဲ့မြောင်းတွေရဲ့ ပုံစံနဲ့ တည်ဆောက်ပုံကို ကြည့်ရင် ဒီမြန်မာတွေဟာ ဆည်မြောင်းသိပ္ပံမှာ အဆင့်မြင့်မြင့်ထိအောင် တတ်နေပြီလို့ ပြောရင်တောင် ရပါတယ်။ အင်္ဂလိပ် ဝင်လာလို့ ကျောက်ဆည်နယ်က ဆည်တွေကို အသစ်ပြင်တဲ့အခါ နေရာသစ်ကို ရွှေ့မသွားဘဲ နေရာဟောင်းတွေမှာပဲ ပြန်ပြီးဆောက်လုပ်တာက ဒီစကားကို အကြွင်းမဲ့ထောက်ခံနေတယ်။ မြောင်းတွေမှာလည်း မြောင်းဘောင်ကို ခိုင်ခံ့အောင် ပြင်ဆင်တာပဲ လုပ်သင့်တယ်။ မြောင်းလမ်းသစ်ဖောက်ပေးဖို့ မလိုဘူးလို့ပဲ အင်္ဂလိပ်တွေရေးတဲ့ အစီရင်ခံစာနဲ့ စာတမ်းတွေက ပြောပါတယ်။ ဂျေအမ်ဘီ စတုအတ် ရေးတဲ့ **ရှေးဗမာဆည်မြောင်းလုပ်ငန်း** ဆိုတဲ့ စာအုပ်မှာ ဒီအတိုင်းတွေ့ပါတယ်။ မြောင်းတွေဟာ ပထမ အစပြုပြီး သွယ်တဲ့အခါ တစ်ကြိမ်တည်းနဲ့ ကောင်းရဲ့လားလို့ မေးချင်မေး၊ ဖျက်လိုက်ပြင်လိုက်နဲ့ ဘယ်နှစ်ကြိမ် လုပ်ရသလဲလို့ မေးလိုမေး၊ မေးချင်စိတ်ပေါ်အောင် စွန့်ပစ်ထားတဲ့ ဆည်ဟောင်း မြောင်းဟောင်းနေရာ အနည်းအပါးရှိပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်ရောက်လာတော့ ထပ်ပြီး နေရာပြင်ဖို့ မလိုဘူးလို့ ရဲရဲပြောနိုင်တယ်။ အရင်က ထန်းလုံးတန်းရိုက်ပြီး ကျောက်ခဲလောင်းထည့်တဲ့ ဆည်နေရာမှာ သံတန်းနဲ့အင်္ဂတေထည့်တာပဲ လုပ်ကြဖို့လိုမယ်။ ဒီမြန်မာတွေ ဒီပညာကို ဘယ်ကရသလဲလို့ မေးစရာဖြစ်မယ်။ တခြားသူတွေ (ဆိုပါတော့၊ မွန်တွေ၊ ကဒူးတွေ၊ ပေါင်လောင်တွေ) စမ်းသပ်အောင်မြင်နေတာတွေ့မယ်၊ မြန်မာတွေက ဒီပညာကို တတ်အောင်သင်ပြီး အများကြီး တိုးချဲ့ပစ်လိုက်တယ်လို့ပဲ ဆိုသင့်ပါတယ်။ ရှမ်းကုန်းမြင့်လို နေရာမှာ တောင်နံရံ၊ တောင်စောင်းက စမ်းရေ စီးဆင်းလာတာကို ဝါးလုံးတန်းသွယ်ပြီး ယူတဲ့ အသိမျိုးကို သမိုင်းမတင်မီခေတ်ကပဲ တတ်သိနိုင်ပါတယ်။ ဒီအသိကို ချဲ့ယူကြတယ် ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။

အင်္ဂလိပ် သိမ်းယူတဲ့အချိန်က ဆည်ကို သစ်သားတန်း ဘောင်ခတ်ပြီး ကျောက်ခဲဖြည့်ထည့်ထားတာမျိုး တွေ့ရတယ်လို့ ပြောပြီးခဲ့ပါပြီ။ အဲဒါလိုရာအကျိုးကိုရလို့ လုံလောက်ပါတယ်။ ခေတ်အလိုက် သင့်တော်တဲ့ လုပ်နည်း လုပ်ဟန်လည်း မှန်တယ်။ ဒါပေမဲ့ ဒီလို တည်ဆောက်ပုံဟာ အမြဲစောင့်ကြည့်ပြီး လိုအပ်သလို ချက်ချင်းပြင်ဆင်နေရရှာတယ်။ ရေလည်း နည်းနည်းစိမ့်ထွက်တတ်လို့ လှောင်ထားသလောက် မသုံးရတတ်ဘူး။ ဆည်ထိပ်ဘက် အပေါ်ယံ ကျောက်တုံးတွေဟာ ရေစီးထဲပြုတ်ပါသွားတတ်လို့ စိုက်ထားတဲ့တိုင်ပေါ်လာမယ်။ ဒီတိုင်ကို ရေထဲမျောပါလာတဲ့ သစ်လုံးကြီးကြီး ဝင်ဆောင့်မယ်ဆိုရင် ဒုက္ခပါပဲ။ ဒါ့ကြောင့်လည်း လူနိုင်လက်နိုင် ပြင်ဆင်ဖို့ မပြတ်စောင့်နေကြရပါတယ်။ မြောင်းတူးတဲ့အခါ မြန်မာတွေဟာ "ခဲချိန်"ကို ကောင်းကောင်းသုံးတတ်လို့ လက်သွယ်မြောင်းနဲ့ ရေလိုက် မလိုက်တောင် စမ်းဖို့မလိုဘူးတဲ့။ ရေဘယ်လောက် ထုတ်ပေးပြီး ဆည်ကို ပြန်ပိတ်ထားရမယ်ဆိုတာကိုလည်း လွယ်လွယ်နဲ့ ချင့်ချိန်နိုင်ကြတယ်။ ဆည်အောက် ဆည်အလျားရဲ့ နှစ်ပြန်ကွာတဲ့နေရာမှာ ပန်းတုံးဆိုပြီး မှတ်တိုင်စိုက်မယ်။ ဒုတိယ ပန်းတုံးကို တာငါးဆယ်(၅၂၅)ပေကွာမှာ စိုက်မယ်။ ဖက်ခွက်ကလေးတစ်ခုကို ပထမ တိုင်က ဒုတိယတိုင်ရောက်အောင် မျှောလိုက်ပြီး အချိန်ဘယ်လောက်ကြာတယ် ဆိုတာ

ရေနာရီနဲ့ မှတ်သားမယ်။ တုံးနှစ်တုံး ခရီးအကွာအတွင်းက ဧရိယာကို ဖက်ခွက်မှောတဲ့နှုန်းနဲ့ မြှောက်ရင် မြန်မာတစ်နာရီမှာ ရေဘယ်လောက်များများ စီးဆင်းသွားပြီဆိုတာသိပါတယ်။ ရေတိုင်းတဲ့အကွက်နေရာမှာ တစ်တောင်ပတ်လယ်ရေထုဟာ ပယ် ၁၀၀ အတွက် လုံလောက်တယ်လို့ မှန်းဆပြီး မြောင်းအကြီးအသေးကိုလည်း ချိန်ပါတယ်။ ဒါပေမဲ့ ရေပိတ်ရေဖွင့် တံခါးမျိုး မသုံးတတ်တဲ့အထဲက ရေများတဲ့အခါ မချိန်ဆနိုင်ဘဲ ဒလဟောဆီးဆင်းမယ်။ ရေတိုးလို့ ကမ်းပြိုပျက်မယ်။ နုံးကျမယ်ဆိုတဲ့ အန္တရာယ်တွေတော့ရှိပါတယ်။ အဲဒီအန္တရာယ်ကို ကာကွယ်ဖို့အတွက် မြန်မာတွေလုပ်တတ်တဲ့နည်းက တစ်ခုပဲရှိတယ်။ ရေလွှမ်းပြီး ကောက်ပဲ စိုက်ခင်းမပျက်အောင် "လွှဲ"ကနေပြီး မစိုက်မပျိုးတဲ့အနိမ့်ထဲ ဖောက်ချတဲ့နည်းပဲ ဖြစ်ပါတယ်။ ရေဟာ မြင့်ရာမှ နိမ့်ရာကို တစ်ရှိန်ထိုး စီးဆင်းမသွားအောင် မြောင်းကို ကွေ့လိမ်ပြီး ယူသွားပုံဟာလည်း ချီးမွမ်းစရာဖြစ်တယ်လို့ဆိုပါတယ်။ အင်္ဂလိပ်တွေ အပြစ်ပြောနိုင်တဲ့ အချက်တစ်ချက်တည်းတွေ့တယ်။ အဲဒါက ဘယ်လယ်သမားဖြစ်ဖြစ် ရေလိုချင်ရင် မြောင်းမကြီးက ကြိုက်သလို မြောင်းသွယ်ဖောက်ယူခွင့် ပြုထားတာပဲဖြစ်တယ်။ ဒီလိုခွင့်ပြုထားတော့ မြောင်းတွေပျက်စီးလွယ်တယ်။ ဒီတော့ အင်္ဂလိပ်အုပ်ချုပ်တဲ့အခါ ရှေးမြန်မာဆည်ကို ခိုင်အောင် သံနဲ့အင်္ဂတေ တပ်ဆင်မယ်။ တချို့မြောင်းကို အကွေ့နည်းအောင် ဖြောင့်ပြီး မြောင်းရိုး မြောင်းဘောင်ကို သပ်ယပ်အောင်လုပ်တယ်။ ဒီတော့ တချို့နေရာမှာ ဖြုန်းကနဲ အမြင့်က အနိမ့်ဆင်းတဲ့ ရေတံခွန်လေးတွေဖြစ်လာတယ်။ ရေဖွင့် ရေပိတ် လုပ်ဖို့ ရေတံခါးတွေခိုင်ခံအောင်တပ်တယ်။ အဲဒီလို ပြင်ဆင်ချက်တွေဟာ ၁၈၉၀ နဲ့ ၁၉၀၅ ခု အတွင်းမှာ လုပ်လိုက်ပါတယ်။

ကျောက်ဆည်နယ်ကို အင်္ဂလိပ်ဝင်တဲ့အခါ လွယ်လွယ်နဲ့ ဝင်လို့မရပါဘူး။ ဒါကြောင့် အင်္ဂလိပ်ဆန့်ကျင်ရေးအပိုင်းကို မှတ်တမ်းတင်ဖို့လိုပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၂၉ နိုဝင်ဘာ ၁၈၈၅ မှာ သီပေါမင်းအဖမ်းခံရတယ်။ မင်းနဲ့မြို့တော်ကိုရပြီမို့ မြို့တော်နဲ့သိပ်မကွာတဲ့ ကျောက်ဆည်နယ်မှာ ဘာမှအနှောက်အယှက်ရှိမယ် မဟုတ်ဘူးလို့ အင်္ဂလိပ်က ထင်တယ်။ ဒီတော့ သစ်တောလုပ်ငန်းမှာလုပ်ခဲ့တဲ့ အင်္ဂလိပ်လေးယောက်ဟာ ၁၈၈၆ ဇန်နဝါရီလ ထဲမှာ ကျောက်ဆည်ကဖြတ်ပြီး သစ်တောအလုပ်ကို ဆက်လုပ်ဖို့ ခရီးထွက်ခဲ့ကြတယ်။ စဥ့်ကိုင်အလွန် တရုတ်စုမှာ လက်နက်ကိုင်မြန်မာနဲ့တွေ့ပြီး အတိုက်အခိုက်ခံကြရတယ်။ မစ္စတာဂရေးရဲ့အလောင်းကို ၁၀ ဇန်နဝါရီ ၁၈၈၆မှာ မန္တလေး အရှေ့ဆီးပင်ကြီးမှာ သွားတွေ့တယ်။ မြင်စိုင်းမင်းသားခေါင်းဆောင်တဲ့ လက်နက်ကိုင်တွေဟာ ကျောက်ဆည်နယ်မှာ လှုပ်ရှားနေတယ်လို့ သိရတယ်။

မြင်စိုင်းမင်းသားဆိုတာက မင်းတုန်းမင်းနဲ့လက်ပန်စင် မိဖုရားကမွေးတဲ့ သားတော်ဖြစ်ပြီး သီပေါမင်းနန်းတက်ချိန်က ငယ်လို့ အန္တရာယ်ကင်းလွတ်ခဲ့တယ်လို့ ဆိုပါတယ်။ အခု အင်္ဂလိပ် ဆန့်ကျင်ရေး ခေါင်းဆောင်တဲ့ အချိန်မှာ အသက် တစ်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ မင်းသားရဲ့စခန်းက ဆီးပင်ကြီးဖြစ်လို့ အင်္ဂလိပ်က လိုက်တိုက်တော့ ကျောက်ဆည်နယ်ထဲက ရွာကိုင်းကြီးကို စခန်းရွှေ့ရတယ်။ အဲဒီရွာက ဆည်စာရေး ဦးအိုအိမ်မှာ နေတယ်။ ရွာကိုင်းကြီး အရှေ့မှာပဲ မြို့ရိုး မြို့တာချပြီး မြို့သစ်တည်ဖို့ စီမံတယ်။ ရှမ်းစော်ဘွားမြို့စားတွေကိုလည်း ဆင့်ခေါ်ပြီး ဗိုလ်ဝင်ခံဖို့ကြိုးစားတယ်။ စော်ဘွားတွေ ရောက်မလာပေမယ့် တောင်ပိုင်းရှမ်းနယ်ရဲ့ မြန်မာစစ်ကဲ အနောက်ဝင်းမှူး ဦးပေါင်နဲ့သူကြီးတချို့

ဝင်လာကြလို့ ဦးပေါင်ကို ရေဝန်မှာ စခန်းချပြီးနေစေတယ်။ သူ့ဘက်မှာရှိပြီးဖြစ်တဲ့ မင်းပို ဆိုတဲ့ ပုဂ္ဂိုလ်ကို ပင်တလဲ၊ တောင်သာနဲ့ညောင်အုပ် သုံးမြို့ဝန်၊ ဗိုလ်မြတ်မှုံကို ကျောက်ဆည် ဝန်ခန့်ထားပြီး၊ ဗိုလ်စိုင်ကို ရွှေပြည်ရန်အောင် မြင်းတပ်ဗိုလ် ခန့်တယ်။ အင်္ဂလိပ်က မစ္စတာအိပ်ချ်အာရဲ ပီချာကို ကျောက်ဆည်နယ်စီး ခန့်လိုက်လို့ မတ်လ ၁၈၈၆ မှာ ကျောက်ဆည်ကို ရောက်လာပြီး မြင်စိုင်းမင်းသားကို ဖိတိုက်တာနဲ့ ဇူလိုင်(၁၈၈၆)မှာ မြင်စိုင်းမင်းသားဟာ ရွာကိုင်းကြီးက ရွာနန်ကို ရွှေ့ရတယ်။ ဒီအခါက မြင်စိုင်းမင်းသားမှာ ရှမ်းမြန်မာ အစုစု ၅၀၀၀ ရှိတယ်။ တိုက်ခိုက်ပွဲတွေဖြစ်ခဲ့လို့ ရေဝန်ရွာမှ အင်္ဂလိပ် သင်္ချိုင်း ၁၇ ခု ကျန်ရစ်တယ်။ ကူမဲ တိုက်ပွဲ (၂၃ ဇွန် ၁၈၈၆)မှာ ကပ္ပတိန် ဝိလ်ဖြဟမ် ကျဆုံး တယ်။ မြင်စိုင်း မင်းသားဟာ ဖျားပြီး ရွာနန်မှာပဲ ဩဂုတ်လ (၁၈၈၆)မှာ သေဆုံးသွားပါ တယ်။ ဒီမင်းသားဟာ မြန်မာထီးနန်းရိုးရာကို ဆက်ခံနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ "ဘက်တော်သား" များတယ်လို့ ဆိုရပါမယ်။ ဦးပေါင်နဲ့ မင်းသားရဲ့ နှမတော်နှစ်ပါးဟာ မြို့ကြီး(ဘော်နပ်)ကို ရွှေ့သွားကြတယ်။ နောက် ရေရမန်မှာ စကြာမင်းသားလို့ ပေါ်ပေါက်လာပြန်တော့ အဲဒီ မင်းသားနဲ့ သွားပြီး ပူးပေါင်းကြတယ်။ မြင်စိုင်းမင်းသားရဲ့ တခြားလူရင်း ဗိုလ်မြတ်မှုံ၊ မင်းပိုနဲ့ ဗိုလ်စိုင်တို့က အခုမိတ္ထီလာခရိုင် ပျက်ခရွှေတောင်ရဲ့ တောင်ဘက် လျှိုချောင် ကောင်းရာ မော်အိုင်ကို ရွှေ့နေကြတယ်။ ဗိုလ်မြတ်မှုံက ခေါင်းဆောင်ပြီး လူ ၃၀၀၀ လောက်နဲ့ သပြေတောင်း၊ ကူမဲနဲ့ နတ်လွဲမြောင်းတစ်လျှောက် ကျေးရွာတွေကို တိုက်ခိုက် တာနဲ့ အဲဒီဘက်မှာ လူနေအိမ်ခြေ မရှိသလောက်ဖြစ်သွားတယ်။ နောက် ၁၈၈၈ ခုမှာ ဗိုလ်စိုင် ကျဆုံးပြီးတော့ ဗိုလ်မြတ်မှုံ လက်နက်ချတယ်။ မင်းပိုက မြင်းခြံဘက်ရောက်လာ ပြီးမှ လက်နက်ချတယ်၊ ဦးပေါင်ကို တိုက်ပွဲတစ်ခုမှာ ဖမ်းမိပြီးနောက် စကြာမင်းသားနဲ့ ဗိုလ်ကျော်ဇောတို့က ကျောက်ဆည်နယ်ရဲ့ အရှေ့ဘက် ရေယမန်တောင်ရိုးမှာ ဆက်ပြီး လှုပ်ရှားနေပါသေးတယ်။ ဒါပေမဲ့ မကြာခင်ဘဲ စကြာမင်းသား အဖမ်းခံရပြီး ကျောက်ဆည် မှာ အင်္ဂလိပ်က သတ်ပစ်ပါတယ်။ ဗိုလ်ကျော်ဇောဟာ ဆက်ပြီး လှုပ်ရှားနေရာက ၁၈၈၉ ခုမှာ သူ့သတင်းကိုဆက်ပြီး မကြားရတော့ပါဘူး။

ကျောက်ဆည်နယ်ရဲ့ အနောက်ခြမ်းမှာတော့ ချောင်းဥကို ဗဟိုပြုပြီး မက္ခရာ မင်းသားရဲ့သား ချောင်းဥမင်းသားက လှုပ်ရှားနေပါတယ်။ အစမှာ လူ ၅၀၀၀ လောက် အားကောင်းတယ်။ ချောင်းဥက တိုက်ခိုက်ရေးမှာဟန်မရတာနဲ့ နွားထိုးကြီးကို ရွှေ့သွားတယ်။ ကျောက်ဆည်ကိုဆက်ပြီး မနှောက်ယှက်တော့ပါဘူး။ ရွှေရန်ဆည်တော်မင်းသား၊ သံပုရာကျန် မင်းသားဆိုတာတွေလည်း ကျောက်ဆည်နယ်မှာလာပြီး တိုက်ခိုက်ကြပါသေးတယ်။ ဒါပေမဲ့ သိပ်ပြီး မထိရောက်ပါဘူး၊ အင်္ဂလိပ်ဘက်က ဘယ်လောက်ကျဆုံးတယ်လို့ အတိအကျ မသိရပေမယ့် ရေဝန်မှာ အင်္ဂလိပ်သင်္ချိုင်း တစ်ဆယ့်ခုနစ်၊ ကျောက်ဆည်မှာ နှစ်ဆယ့်လေး ရှိနေပါတယ်။

ကျောက်ဆည်အကြောင်းကို ကိုးကွယ်ယုံကြည်နေကြတဲ့ နတ်တွေ အကြောင်းမပါ ဘဲနဲ့ အဆုံးသတ်လို့ မရနိုင်ဘူးလို့ ထင်ပါတယ်။ လူတွေကလည်း အင်မတန်ယုံတယ်။ ကျောက်ဆည်နယ်သားတွေမပြောနဲ့ သူတို့နယ်ကို အလည်သွားတဲ့ ဧည့်သည်တွေကပါ ယုံသလိုရှိတယ်။ လူကိုးယောက်လာရင် နတ်မကြိုက်ဘူးဆိုလို့ အမှတ်တမဲ့ ဧည့်သည် အရေအတွက် ကိုးယောက်ရှိနေရင် သူတို့အထဲက တစ်ယောက်က လူလယ်လုပ်ပြီး

ကျောက်ခဲတစ်လုံး ကောက်လိုက်တယ်။ ပြီးတော့ "မောင်ကျောက်နဲ့ပါဆိုရင် ဆယ်ယောက်ပါ"လို့ ပါးစပ်က ဖွင့်ပြီးပြောလိုက်တယ်။ ကျောက်ခဲတစ်လုံးကို လူအဖြစ်စာရင်း သွင်းတာကို သူတို့ အထင်ကြီးတဲ့နတ်က သိမှာပဲ ကြောက်လို့လိမ်ရင် အပြစ် လွတ်စတမ်းဆိုတာလေးကတော့ တယ်ကောင်းလှတယ်လို့ မထင်မိပါ။

အရေးကြီးတဲ့နတ်တွေက မြင်းဖြူရှင်၊ ကိုးသိန်းရှင်နဲ့ ဆည်တော်ဦး နတ်တွေပါပဲ။ ကျောက်ဆည်နယ်ထဲမှာ ဆန်ရေစပါးဖြစ်ထွန်းတာဟာ နတ်နဲ့ဘုရားတွေကြောင့်လို့ ယုံထားကြတော့ ဒီနတ်တွေဟာ သိပ်ပြီး အရေးပါနေပါတယ်။ ဒို့ကျွမ်းကျင်မှုနဲ့ လုပ်အားဟာ သာမည။ နတ်မရင် အဆမတန်ရမယ်၊ နတ်မကြိုက်ရင် ကြံဖန်ပျက်စီး ဒုက္ခရောက်မယ်လို့ အသဲစွဲယုံကြည်ထားကြပါတယ်။

**မြင်းဖြူရှင်နတ်** ကို မြန်မာတွေ နယ်အနှံ့သိကြပါရဲ့၊ ကျောက်ဆည်နယ်မှာ အထူးပဲ ကိုးကွယ်ပါတယ်။ ဒီနတ်ဖြစ်ပေါ်လာပုံကို မြန်မာအများ ကြားဖူးပြီးသားပါ။ ညီနောင်မယားလုကြတော့ အကိုဆိုးတာကို ညီရဲ့ကျွန်က သတင်းပို့ နောက်ကျလို့ဆိုပြီး ကြားက သေရရှာတယ်။ သူ့နာမည်က ငပြည့်။ မြင်းဖြူကို သူမပိုင်ပါဘူး။ ဒါပေမဲ့ သူက မြင်းဖြူရှင်လို့ နာမည်ရနေပါတယ်။

**ဆည်တော်ဦးနတ်** ကတော့ ရှမ်းနယ်ထဲမှာ မြို့ကြီးဇာတိ မိဖုရားငယ် တစ်ပါးဖြစ်ပြီး ပါးစပ်ပြောယုံနေကျဖြစ်တဲ့ ဆည်တွေအောင်မြင်ဖို့ "လူစတေး" တဲ့ အလေ့အကျင့်ရှိလို့ ဆည်အားလုံးအတွက် လုံလောက်မယ်ဆိုရင် သူပဲ အများကိုကယ်ဆယ်တဲ့အနေနဲ့ စတေးခံမယ်ဆိုပြီး ကိုယ်ကျိုးမငဲ့ဘဲ စတေးခံသွားတဲ့ အမျိုးသမီးဖြစ်တယ်လို့ အစဉ်အလာယုံကြည်ပြီး သူ့နတ်စင်ဟာ ဆည်တိုင်းမှာ ရှိခဲ့ဖူးပါတယ်။ ဒီလိုနတ်ဖြစ်သွားရရှာတဲ့ အမျိုးသမီးရဲ့ စိတ်နေသဘောထားဟာ မော်ကွန်းမှတ်တမ်းတင်တဲ့အခါ အင်မတန်ပြောင်မြောက်တယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ အထင်နဲ့အမြင်ကွာလို့ ဒီလိုဖြစ်ရတယ်လို့လည်း မှတ်တမ်းတစ်မျိုး ရှိနေပြန်တယ်။ ဘယ်လိုလဲဆိုတော့ ဆည်တွေ မြောင်းတွေ စောင့်ရှောက်မဲ့ ပုဂ္ဂိုလ်တစ်ယောက်တော့ရှိမှပဲလို့ မင်းကြီး (အနော်ရထာ)က ပြောခဲ့တဲ့အခါ ဘုရားကျွန်မသာ ရှိပါစေလို့ အဲဒီမိဖုရားက ခပ်လွယ်လွယ် ဝင်ပြီးတာဝန်ယူသတဲ့။ ဒီလိုပြောလိုက်တုန်း နတ်ဖြစ်ပြီးမှ ဆောင်ရွက်ရမဲ့ တာဝန်ရယ်လို့ သူမသိရှာဘူး။ ဒါပေမဲ့ ပေးပြီးကတိအတိုင်း ခုတိုင်အောင် တာဝန်ယူနေပါသတဲ့။ မိဖုရားမောင်တော် တစ်ယောက်လည်း တွဲဖက်အဖြစ် ပါရှာတယ်။ ဒါကြောင့် "နတ်ကွန်းတန်ဆောင်" တွေမှာ "နတ်ရုပ်ဆင်းတု"ရယ်လို့ အမျိုးသမီးတစ်ရုပ်၊ အမျိုးသားတစ်ရုပ် ရှိနေပါတယ်။ ဆည်ကြီးဆိုတဲ့ အရာရှိတွေက ဒီရုပ်တုတွေကို စောင့်ရှောက်ရမြဲဖြစ်ပြီး ဆည်ရေသောက် လယ်သမားတွေက နှစ်စဉ် ပွဲလမ်းသဘင်ခင်းကျင်းပြီး ပူဇော်ပသကြပါတယ်။

**ကိုးသိန်းနတ်** ဆိုတာက ရွာပေါင်းကိုးသိန်းကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ပုဂ္ဂိုလ်ပါပဲ။ သူလည်း ရှမ်းအမျိုးသားဖြစ်ပြီး ဇော်ဂျီမြစ်ထဲမှာ ရေနစ်သေဆုံးလို့ နတ်ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ ရေနစ်တယ်ဆိုတာလည်း အနော်ရထာနဲ့ ဆက်ဆံရေးမပြေပြစ်လို့ ကိုယ့်ဘာသာ သတ်သေတဲ့ သဘောပါပဲ။ ဒီနေရာမှာ နိုင်ငံခြားသား အင်္ဂလိပ်တွေက မြန်မာတွေရဲ့ စိတ်နေသဘောထားကို နားမလည်နိုင်တဲ့အနေနဲ့ မှတ်ချက်ရေးတယ်။ ဘယ်လို

ရေးသလဲဆိုတော့ မြန်မာတွေဟာ သူတို့ဘုရင်ရဲ့ အစီအမံကို ပြင်းပြင်းထန်ထန် ကန့်ကွက်သူ၊ သူတို့မင်းက ကွပ်ညှပ်သူတွေကိုပဲ သူတို့ကကိုးကွယ်ဖို့ဝန်မလေးဘူး။ အံ့ဩစရာ ဖြစ်တယ်ပေါ့။ နောက်တစ်မျိုးပြောရရင် မြန်မာတစ်ဦးတစ်ယောက် ဆိုးတာကို မြန်မာတစ်မျိုးလုံး ဝိုင်းပြီး ဖြေဖျောက်ပေးရာကြတယ်ပေါ့။ နတ်ကိုးတယ်ဆိုတာလည်း ဗုဒ္ဓသာသနာ မရောက်ခင်က အစွဲအလမ်းဖြစ်ပြီး အခုတိုင် မတိမ်ကောတာဟာလည်း အံ့ဩစရာပါပဲ။ ကောက်စိုက်ချိန်၊ ကောက်သိမ်းချိန်တွေမှာ ပသမြဲဖြစ်တယ်။ ကောက်ပဲသီးနှံကို ပိုးဖျက်မယ်၊ ကြွက်ကိုက်မယ် ဆိုရင် ပသမယ်။ တချို့လယ်သမားက သူတို့လယ်ထဲမှာပဲ ကိုးသိန်းနတ်ကွန်းငယ်ကလေး ဆောက်ပြီး ပူဇော်ပါတယ်။

**ဥဒိန္နနတ်** နာမည်နဲ့ ဆင်တွေပေါ်မှာ အင်မတန် တန်ခိုးသြဇာရှိတဲ့နတ်ကိုလည်း ပူဇော်ကြပါသေးတယ်။ တောဆင်ဟာလည်း လယ်ယာကို ဖျက်စီးတတ်လို့ သူတို့ကို ပိုင်ဆိုင်သူနဲ့ကပ်ပြီး ဖယ်ရှားဖို့ လိုတယ်လို့ ယုံကြည်ကြတယ်။ တကယ်တော့ ဥဒိန္နဟာ ကုလားပုံပြင်နဲ့ ပိုပြီးသက်ဆိုင်ပါတယ်။ ဆိုင်ရာပိုင်ရာကို ကိုးရတဲ့ သဘောပဲလို့ ဆိုပါတယ်။ ဥပမာ ကျားသစ်ပူရင် မြင်းဖြူရှင်ကို ကိုးမယ်။ နေမကောင်းရင် ကိုးသိန်းရှင်ကို ပသမယ်။ ငှက်ဖျားရောဂါအတွက် စကိုင်းရှင်၊ ရေမလာရင် မုံတိုင်ရှင်၊ ကောက်ပဲကို ကြွက်ကိုက်ရင် ပိုးစားရင် တောင်ကြီးရှင် အဲဒီလို သီးခြားခွဲပြီးတော့လည်း ပူဇော်ပသကြပါတယ်။ ဒီလို ကိုးကြပေမဲ့ စပါးပင်ဟာ နှစ်တိုင်း မကောင်းနိုင်ပါဘူး။ သုံးနှစ်မှာတစ်ကြိမ်တော့ အင်မတန် ကောင်းမယ်လို့ ယုံကြည်ထားကြပါတယ်။

နတ်ကို ပသကြတာဟာ ဗုဒ္ဓသာသနာမထွန်းကားမီက အစွဲဖြစ်လို့ အခုတိုင် မစွန့်နိုင်ကြတဲ့အပြင် ဗုဒ္ဓသာသနာ ထွန်းကားတော့လည်း သူ့နယ်နဲ့သူ ဆိုင်ရာဘုရားမှာ ပူဇော်ကြရပြန်သေးတယ်။ ဥပမာ ငလိုင်သေည် ဆည်ရေသောက်လယ်တွေက "ဆည်မမြဲ" မစဖို့ အလိုရှိရင် ပန်းတင်ဂူဘုရား အရှေ့တောင်ထောင့်က ရွှေသက်န်းနှင့် ဆွမ်းသင်ပုတ် တင်တယ်လို့ဆိုပါတယ်။ ဒီလိုဘဲ ပြောင်းပြာဆည်အတွက် ရွှေပွင့်လန်းဘုရားကို ပူဇော်ရတယ်။ နွားတက်ဆည်အဖို့ "ဆည်တော်နံ့ ရွှေဖြင့်မိ၊ ရွှေမြင်တင်ဘုရားနှစ်ဆူကို တစ်နှစ်တစ်ကြိမ် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့တိုင်းရောက်လျှင် ဆွမ်း သင်ပုတ်၊ ရေချမ်း၊ ရွှေသက်န်း၊ ထီး၊ တံခွန်၊ ကုက္ကား အထူးထူး အပြားပြား နှင့် လှူဒါန်းပူဇော်ရပါသည်" လို့ ဆိုပါတယ်။

# နယ်လှည့်ရာဇဝင်

## ဒုတိယတွဲ

မြန်မာ့သမိုင်းကို
အသစ်ပြန်ရေးချင်လို့
နယ်အနှံ့ထွက်ရာက တွေ့သမျှ တင်ပြချက်



Donbosco
ဒွန်ဘော့စကို



Lafon
ဖားသားလဖုန်း



ဦးခန္တီ



မြင်ကွန်း



ကနောင်



ကောလင်းမင်းသား



မကွေးမြို့စား



ဂျက်ဆင် (ယုဒသန်)



ဒေါင်ပေါက်လူ



ယောမင်းကြီး



ရွှေမြို့တော်ဝန် ဦးလှဘူး



မိန်းမစိုး



လှေသင်းအတွင်းဝန်



သီပေါ



ကင်းဝန်မင်းကြီး



မလွန်မြို့စား



မင်းတုန်း



Drmarks



အကောက်ဝန်



တောင်ခွင်သာသနာပိုင်

General D' Orgoni



Mr' Thomas Spears



မန္တလေးအကြောင်းကို နှစ်နှစ်အတွင်း ရှာရသမျှရေးမယ်၊ ဒီတော့ သိပ်ပြီး စုံဦးမယ် မဟုတ်ဘူး။ ဒါပေမဲ့ သူများတွေ ရေးဖူးပြီးတာထက်တော့ ပိုမှာပေါ့။ စိတ်ချပါ၊ နောက်ထပ် အပင်ပန်းခံပြီး ထပ်ရှာဦးမယ်ဆိုရင် သိမှတ်စရာတွေ ထပ်ပေါ်လာဦးမှာပါပဲ။ ခုရေးတာဟာ အခုသိထားသမျှ အကုန်ပါမယ်လို့ပဲ ပြောနိုင်ပါတယ်။ အားလုံးဝိုင်းဝန်းကူညီကြရင် ပြည့်စုံ သထက် ပြည့်စုံလာဖို့ရှိပါတယ်။ မန္တလေးအကြောင်းရေးဖို့ အစွမ်းကုန်ကူညီတဲ့လူတွေ အများကြီးပဲ ရှိပါတယ်။ တွေ့ကရာရေးရင် ဘာလုပ်မယ် ညာလုပ်မယ်နဲ့ တံဆိပ်ခေါင်း မကပ်ဘဲ စာတိုက်ကပို့တဲ့ စာတွေလဲရပါတယ်။ သူတို့ ခြိမ်းခြောက်ပေမဲ့လည်း ရေးသင့်တယ်ထင်တာကိုရေးမှာပါပဲ။ သူတို့တစ်တွေဟာ မန္တလေးကို ချစ်တဲ့စိတ် ပြင်းထန်လို့ မန္တလေးအကြောင်း ရေးရင် မကောင်းတာမပါစေနဲ့၊ ဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ မခံချင်ဘူးဆိုတဲ့ စိတ်ဖြစ်နေဟန်တူပါတယ်။ တရားနည်းလမ်းကျတဲ့ ဝေဖန်ချက်ဆိုတာ နားထောင်သင့်တယ်။ ဒါမှ အဖြေမှန်ရပြီး ပိုကောင်းလာမယ်။ ကျွန်တော် မှားရင်လည်း ပြင်ပေးပါ။

သမိုင်းအကြောင်းကို အရှင်းဆုံးနဲ့ အမြန်ဆုံးသိအောင် မန္တလေးရက်စဉ် မှတ်ကို အရင်ဖော်ပြမယ်။ မြို့တည်ရက်ကစပြီး ခုအထိ ရက်စဉ်ထင်ရှားတဲ့ ကိစ္စတွေကို ပြချင်ပါတယ်။ ဒီသမိုင်းစဉ်ကို ချပေးထားပြီးမှ အချက်အလက်တွေ ဝေဝေဆာဆာနဲ့ ချီးမွမ်းစရာရောကဲ့ရဲ့စရာပါ တင်ပြပါ့မယ်။ မြို့အကြောင်း ရေးတယ်ဆိုတာ တကယ်က မြို့နေလူတွေ အကြောင်းရေးတာပါပဲ။ တိုး တက်မှုအစဉ်ကို သိချင်လို့ပါပဲ။ မတိုးတက်သေးတာတွေ့ရင် ဘယ်လို တိုးတက်အောင်လုပ်မလဲလို့ ကြံဆဖို့ပဲ ရှိပါတယ်။ ဒီနည်းနဲ့ သမိုင်းကို လက်တွေ့ အသုံးချကြပါ။

## မန္တလေးရက်စဉ်သမိုင်း

၁၂၁၅ ခုနှစ် တော်သလင်းလဆန်း ၉ ရက် (11 Sept 1853) လူရဟန်း ပညာရှိတွေ မစိုးရိမ်တိုက်မှာ စည်းဝေးပြီး အမရပူရက ဘယ်မှမပြောင်းသင့်လို့ ဆုံးဖြတ်။ လဆန်း ၁၁ ရက် (13 Sept 1853) အမရပူရက မပြောင်းသင့်ကြောင်း မေတ္တာစာ ရေးပြီးသွင်း။

၁၂၁၇ ခုနှစ် တော်သလင်းလဆန်း ၃ရက် (13 Sept 1885) မင်းတုန်းမင်းနှင့် အာသာဖယ်ယာ ပထမဆုံးတွေ့။

၁၂၁၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက် (30 Oct. 1856) မြို့သစ်တည် မဲ့နေရာသွားကြည့်။ လဆန်း ၄ ရက် (31 Oct. 1856) မြို့သစ်နေရာကို ပုံစံရေးပြီးသွင်း။ ပြာသိုလဆန်း ၄ ရက် (29 Dec 1856) ရှေးစာဟောင်းတွေနဲ့ညှိပြီး မြို့သစ်စီရင်ခင်း စီရင်ဖွယ် စာတန်းရေးပြီး သွင်းစေအမိန့်တော်။ လပြည့်ကျော် ၄ ရက် (13 Jan. 1857) မန္တလေးမြို့ တည်စေအမိန့်တော်။ တပို့တွဲလဆန်း ၈ရက် (1 Feb 1857) မြို့သစ်နေရာမှာ တောခုတ်၊ ပရိတ်ရွတ်။ ၉ ရက် (2 Feb. 1857) မြို့သစ်ဝန်းကျင်ဆည်ဖို့။ ကန်ပြင်။ နှစ်လတွင်းပြီး။ လပြည့်ကျော်၅ရက် (13 Feb. 1857) မြို့၊ နန်းနဲ့ကျုံး နေရာကို ပန္နက်ချ။ တပေါင်းလဆန်း၃ရက် (25 Feb 1857) မြေညှိ၊ မြေပြင်။ ၁၂ရက် (6 Mar.1857) မြို့ရာ၊နန်းရာကို ရွှေထွန် ငွေထွန်နှင့်ထွန်။ လပြည့်ကျော် ၅ရက် (14 Mar. 1857) နန်းမြို့ရာ တွင်း အနောက်မြောက်ထောင့်မှ ယာယီစံနန်းတော် စဆောက်။

၁၂၁၉ ခုနှစ် ကဆုန်လဆန်း ၁၅ ရက် (7 May. 1857) လက်နက်တိုက် စပြီးလုပ်။

၁၂၁၉ ခုနှစ် ကဆုန်လပြည့်ကျော်၇ရက် (14 May.1857) ဘိသိက်ခံ ထောင်ကျတွေကိုလွှတ်။ သသမေဓ အခွန်တော် တိမ်မြုပ် နေတာ ပြန်ဖော်။

၁၂၁၉ ခုနှစ် ဝါဆိုလဆန်း ၅ရက် (25 June 1857) စံနန်းမှာ အပြောက်အမွမ်း တင်။

၁၂၁၉ ခုနှစ် ဝါဆိုလဆန်း ၁၂ရက် (2 July 1857) မြို့သစ် အလုပ် အဆောင်ကို မင်းကိုယ်တိုင် ကြီးကြပ်မယ်ဆိုပြီး ယာယီစံနန်းပြောင်း။

၁၂၁၉ ခုနှစ် ဝါခေါင်လဆန်း၄ရက် (24 July 1857) နန်းတော်ရာပတ်လည် သစ်တပ်စလုပ်။

၁၂၁၉ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (26 July 1857) မြို့သစ် အလုပ်အဆောင်ကို မင်းထွက်ကြည့်။

၁၂၁၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် (7 Aug.1857) နန်းတော်ဖို့ သစ် စခုတ်။

၁၂၁၉ ခုနှစ် ဝါခေါင်လတွင်း (July - August 1857) မြို့သစ် မြို့တွင်း၊ မြို့ပြင်၊ ဈေး၊ နေအိမ်ဝင်း၊ အကွက်ချပေး။

၁၂၁၉ ခုနှစ် တော်သလင်းလဆန်း၁၀ရက် (28 Aug. 1857) လွှတ်တော်ဆောက်ဖို့ တွင်းတူး။ တိုင်ထူ။

၁၂၁၉ ခုနှစ် တော်သလင်းလဆန်း ၁၃ရက် (31 Aug. 1857) ဗဟိုရ် ခေါင်းလောင်း ပြောင်းပြီး တီးသင့် မသင့်မေးစေ။

၁၂၁၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက် (4 Sept.1857) စွယ်တော်စင် ဗဟိုရ်စင်စလုပ်။

၁၂၁၉ ခုနှစ် တော်သလင်းလပြည့်ကျော်၁၅ရက် (17 Sept.1857) မြို့တော် အရှေ့မျက်နှာက သာသနာပြု ဆရာတော်ကျောင်း ပန္နက်ချ။

၁၂၁၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (6 Nov. 1857) နန်းတော်သစ် တွေ စပြီးရွေး။

၁၂၁၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ( 13. Nov. 1857) နန်းတော်သစ်တွေ တောစာပယ်၊ ဘုရား ရုပ်ပွား ပိဋကတ် နဲ့ ဆရာတော် သံဃာတော်တွေ မြို့သစ်ကိုပင့်။

၁၂၁၉ ခုနှစ် နတ်တော်လဆန်း ၈ ရက် (23 Nov. 1857) သစ်တွေခွဲဖို့ လွှတင်။

၁၂၁၉ ခုနှစ် နတ်တော်လဆန်း ၁၂ ရက် ( 27 Nov. 1857) နန်းမြို့ပန္နက်ချ၊ အုတ်တွေစလုပ်။

၁၂၁၉ ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက် (4 Dec. 1857) နန်းမြို့ အုတ်မြစ်ချ။ မှန်နန်းဆောင်ဖို့ သစ်ငင်။

၁၂၁၉ ခုနှစ် ပြာသိုလဆန်း ၇ရက် (21 Dec.1857) နန်းတော် အပြောက် အမွမ်း စလုပ်။

၁၂၁၉ ခုနှစ် ပြာသိုလဆန်း၁၁ရက် (28 Dec.1857) အင်းနံ့ရန် အင်းပြား စခတ်။

၁၂၁၉ ခုနှစ် ပြာသိုလဆန်း၁၄ရက် ( 28. Dec 1857) နန်းတော်မှာသုံးဖို့ သံစချွန်။

၁၂၁၉ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက် ( 31 Dec. 1857) နန်းတော်သစ် ဆေးကြော။

၁၂၁၉ ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက် ( 4 Jan. 1858) နန်းတော်သစ် ရွေးချော။

၁၂၁၉ ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက် ( 5 Jan. 1858) အမရပူရ နန်းတော်ဟောင်းက မင်းရုပ်ထုတွေ ပြောင်းယူ။

၁၂၁၉ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် ( 6 Jan. 1858) နံ့ထားဖို့ နတ်ရုပ်တွေ စထု။

၁၂၁၉ ခုနှစ် တပို့တွဲလဆန်း ၃ ရက် (16 Jan. 1858) မှန်နန်းဆောင်တွေမှာစပြီး ဆောင်ပုံကိုင်။

၁၂၁၉ ခုနှစ် တပို့တွဲလဆန်း ၁၂ရက် ( 25 Jan. 1858) နန်းတော်မြေရာစနစ်။

၁၂၁၉ ခုနှစ် တပို့တွဲလဆန်း ၁၄ရက် ( 2 Jan. 1858) နန်းတော်ရာမှာ ပရိတ်ရွတ်။

၁၂၁၉ ခုနှစ် တပို့တွဲလဆန်း ၁၅ရက် ( 28 Jan. 1858) နန်းတော်ရာပန္နက်စိုက်။ မြို့တော် နန်းတော်မှာ နံ့ထားရန်အင်းတွေစရေး။

၁၂၁၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် ( 29 Jan. 1858 ) နန်းတော်ငြမ်းတိုင် ပန္နက်ချ။

၁၂၁၉ ခုနှစ် တပို့လပြည့်ကျော် ၂ ရက် ( 30 Jan. 1858) နန်းတော်တွင်းဝန်။

၁၂၁၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက် ( 2 Feb. 1858) နန်းတော်ငြမ်းထူ။

၁၂၁၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် ( 16 Feb. 1858) ဗဟိုရ်စင်တိုင်မြစ်မှာ အင်းနံ့။

၁၂၁၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် ( 23 Feb.1858) ကြငှန်းသစ်ယူ။

၁၂၁၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (25 Feb. 1858) နန်းတော် အဆောင်တော်ကြီးတွေ အတွက် တိုင်ထူ၊ အကျဉ်းသမားတချို့ လွှတ်။

၁၂၁၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် ( 2 Mar. 1858) စရွေးရွေ။

၁၂၁၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် ( 4 Mar. 1858) ဆောင်ပုံစတင်။
၁၂၁၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ရက် (22 Mar 1858) တိုင်တွေမှာ ယက်မဖောက်။
၁၂၁၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ရက် ( 27 Mar 1858) အစောင့်နတ်ရုပ်တွေမှာ လိပ်ပျာသွင်း။
၁၂၁၉ ခုနှစ် နှောင်းတန်ခူးလ ပြည့်ကျော် ၁၃ရက် (10 Apr 1858) နန်းတော် ဒုရင်တွေမှာ ကပ်ဖို့ ပရိတ်တော်ကို ရွှေပြားမှာရေး။
၁၂၂၀ ပြည့်နှစ် ကဆုန်လဆန်း ၇ရက် ( 18 Apr 1858) ပြသာဒ်တော်ကြီး ထီးတင်။ ဒုရင်၊ ကြေးကွေး အမွှမ်းအပြောက်တင်။ နန်းမြင့်၊ ပန်းခုံ၊ တံခါးနီ၊ မြို့ရိုး အုတ်မြစ်ချ။
၁၂၂၀ ပြည့်နှစ် ကဆုန်လဆန်း ၉ရက် (20 Apr 1858) ကျောက်သေတ္တာနဲ့ အင်းမြှုပ်၊ တမုတ်ဆိုးကန်ပြင်။
၁၂၂၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၁ရက် (7 May 1858) နန်းတော်ပြာသာဒ် မိုးကြိုးပစ်၊ ပလ္လင်ကိုးရက်တင်။
၁၂၂၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက် ( 15 May 1858) မြို့ အရှေ့မြောက် စံကျောင်းပြီးလို့ စန္ဒိမာဘိသီရိဇေယရမဟာ ဓမ္မရာဇာဂုရုကို ကျောင်းတင်။
၁၂၂၀ ပြည့်နှစ် ပထမ ဝါဆိုလပြည့်ကျော် ၁၄ရက် (9 July 1858) ထီးဖြူ တော်တွေချုပ်။
၁၂၂၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆ရက် (16 July 1858) နန်းမြို့ကို လေးကျွန်းအောင်မြေ နန်းတော်ကို မြနန်းစံကျော် သမုတ်ပြီးနန်းသိမ်း၊ မှူးမတ်ထဲက အသက် ရှစ်ဆယ်ကျော် ကိုးဆယ် ရှိသူတွေကို ကျွေးမွေး ပေးကမ်း၊ ဗဟိုရ်စင်နှင့် စွယ်တော်ကျောင်းပြီး။ ဗဟိုရ်စည်တော်နဲ့ ခေတ်စည်တော်စတီး၊ ထီးသစ်၊ နန်းသစ်ဖြစ်လို့ သစ္စာတော်ထပ်ပေး။
၁၂၂၀ ပြည့်နှစ် တော်သလင်းလ (Sept 1858) မဒရာနယ် သားငါးဘေးမဲ့ပေး။
၁၂၂၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက် (28 Apr 1859) မန္တလေးမြို့ကြီး တည်စေ အမိန့်တော်။
၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၂ရက် ( 3 May 1859) မန္တလေးမြို့ မြို့ရိုး အုတ်မြစ်ချဖို့ မြေညှိပြင်ဆင်။
၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၄ရက် (15 MAy 1859) မြို့တော် ခုနစ်ဌာန အုတ်မြစ်ချဖို့ ကျင်းတူး၊ မြို့လေးထောင့် ဆီအိုးကြီးတွေမြှုပ်။
၁၂၂၁ ကဆုန်လပြည့်ကျော် ၆ရက် (22 May 1859)မြို့တော် ခုနစ်ဌာန အုတ်မြစ်ချ၊ နန်းမြို့ တံခါးတော်တစ်ဆယ့်နှစ်မှာ ပြအိုး ပြာသာဒ်တိုင်ထူ။ တံခါးအမည်နဲ့ မော်ကွန်းတိုင်စိုက်။
၁၂၂၁ ခုနှစ် နယုန်လဆန်း ၁၄ ရက် (14 June 1859) သီဟိုဠ် စွယ်တော်ပွားရောက်။
၁၂၂၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (26 Oct 1859) ပိဋကတ်တော် ကျောက်ထက် အက္ခရာတင်။

၁၂၂၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် (7 Mar 1860) စွယ်တော်ပွားကို လောကမာရဇိန် ဘုရားမှာ ဌာပနာ။ တောင်အရပ်မှာ မဟာဗောဓိပင်စိုက်။ မန္တလေးတောင် ဗျာဒိတ်ပေးဘုရားကြီးစထု။

၁၂၂၂ ခုနှစ် နယုန်လဆန်း ၁၁ရက် ( 30 May 1860) ဗဟိုရ်ခေါင်းလောင်းသွန်း။

၁၂၂၂ ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် ( 22 Sept 1860) ပြ တစ်ခုကို မိုးကြိုးပစ်။

၁၂၂၂ ခုနှစ် သီတင်းကျွတ်လဆန်း ၁၅ရက် (29 Sept 1860) နောက်ထပ်ပြ တစ်ခုကို မိုးကြိုးပစ်။

၁၂၂၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက် (5 Oct 1860) ဗောဓိပင် နောက်ထပ်စိုက်။

၁၂၂၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက် (26 Oct 1860) အင်္ဂလိပ်သံ ဖယ်ရာနဲ့ ဒုတိယအကြိမ် မင်းတုန်းမင်းတွေ့။

၁၂၂၂ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (8 Apr 1861) မှန်နန်းတော်ကြမ်းကို ဆေးလိပ်မီးက စပြီး မီးလောင်။

၁၂၂၃ ခုနှစ် နယုန်လဆန်း ၁၂ရက် ( 20 May 1861) ယာယီစံနန်းပြောင်း။

၁၂၂၃ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက် ( 19 July 1861) ခုနစ်ဌာနအဝင် သိမ်တော်ပြီးလို့ ရေစက်ချ။

၁၂၂၃ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက် ( 31 July 1861) တရုတ်တန်း ငရွှေလှအိမ်ကစပြီး မီးလောင်။

၁၂၂၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် ( 4 Oct 1861) ရွှေနန်းတော် ပြန်တက်။

၁၂၂၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက် (13 Oct 1861) ခုနစ်ဌာနအဝင် မြို့အရှေ့မြောက် ယွန်းစေတီဌာပနာ။

၁၂၂၃ ခုနှစ် တပေါင်းလ ( Mar 1862) ရွှေမြို့တော် ခုနစ်ဌာနအားလုံးပြီး၊ ရွှေမြို့တော် ဆင်ခြေဖုံးကျေးရွာ နယ်နိမိတ်သတ်မှတ်။

၁၂၂၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက် (19 July 1862) ခုနစ်ဌာနအဝင် လောကမာရဇိန် ဘုရား ထီးတင်။

၁၂၂၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက် (16 Oct 1862) မင်းတုန်းမင်းနဲ့ အာသာ ဖယ်ယာ တတိယအကြိမ်တွေ့။

၁၂၂၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက် (10 Nov 1862) အင်္ဂလိပ် မြန်မာ စာချုပ် လက်မှတ်ထိုး။

၁၂၂၄ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက် (7 Mar 1863) မြို့လေးပြင် လေးရပ်အဝန်းမှာ လမ်း၊ အိမ်ဝင်းတွေ အကွက်ချပေးဝေ၊ အရပ် တစ်ဆယ့်ငါးရပ်ဖွဲ့ပြီး အမည်ပေး။

၁၂၂၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက် ( 23 Mar 1863) မန္တလေးတောင် အနီး စံနန်းတော်ကို နန်းမြေဘုံသာ သမုတ်ပြီးထွက်နေ။

၁၂၂၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက် (26 Mar 1863) ရွှေလောင်းချောင်းကို ပြင်၊ ရတနာနဒီ သမုတ်။

၁၂၂၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ရက် (9 Apr 1863) ရတနာနဒီ ရေနန်းတော်ထွက်၊

ရတနာနဒီအရှေ့ကမ်း တစ်လျှောက် ဥယျာဉ်တော် နှစ်ဆယ်ကိုအမည်ပေး။

၁၂၂၅ ခုနှစ် တပို့တွဲလ (Jan 1864) အမရပူရက ပိဋကတ်တော်တွေကိုပင့်ပြီး ခုနစ်ဌာနအဝင် မန္တလေးတောင်ခြေက ပိဋကတ်တိုက်မှာသွင်း။

၁၂၂၅ ခုနှစ် နှောင်းတန်ခူးလ (Mar 1864) လူအိုရုံ ဆယ်ရုံဆောက်၊ ဂျာမန် ဆေးဆရာမာဘိကို ကြီးကြပ်ခိုင်း။

၁၂၂၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက် (19 Aug 1864) ကျောက်တော်ကြီးကို ဆွဲယူခဲ့ရာ အိကင်းရွာဆိပ်ရောက်။

၁၂၂၆ ခုနှစ် တော်သလင်းလဆန်း ၆ရက် (6 Sept 1864) ကလားကုန်သည်ကြီး ဟာလေဒီဘိုလုပ် ကုမ္ပဏီက ဆက်တဲ့သင်္ဘောကို စကြာယာဉ်မွန် အမည်ပေး။

၁၂၂၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက် ( 31 Oct 1864) ကျောက်တော်ကြီးကို ပလ္လင်ပေါ် ရောက်အောင်တင်။

၁၂၂၆ ခုနှစ် (1864) တစ်ကြိမ်ပုံနှိပ်ရင် ပါဠိတော်ဂုဏ်အင်္ဂါ (၇၂) အင်္ဂါ ပြီးစီးအောင် ပုံနှိပ်နိုင်တဲ့စက်ကရိယာကို ဘယင်ဂျီ ခင်ကြီး ဘီဂင်ဒတ် မှာပေးလို့ ပုံနှိပ်စက် မန္တလေးရောက်။

၁၂၂၆ ခုနှစ် တပေါင်းလဆန်း ၁၅ရက် (11 Mar 1865) ပိဋကတ်တော် ရေးပြီး။

၁၂၂၇ ခုနှစ် ကဆုန်လဆန်း ၁၅ရက် ( 9 May 1865) ကျောက်တော်ကြီးဝင်းအတွင်း အရှေ့မြောက်ထောင့်မှာ ဇောဓိပင်စိုက်။

၁၂၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက် (16 May 1865) မဟာသကျမာရဇိန် ကျောက်တော်ကြီး မျက်နှာတော်ဖွင့်။

၁၂၂၇ ခုနှစ် နယုန်လပြည့်ကျော် ၆ရက် (14 June 1865) လယ်ထွန်မင်္ဂလာ။

၁၂၂၇ ခုနှစ် ဝါဆိုလဆန်း ၁၄ရက် (6 July 1865) သားတော်ခြောက်ပါး အရက်လှူစေ။

၁၂၂၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက် (11 July 1865) ကျောက်တော်ကြီးဝင်းအတွင်း အနောက်တောင်ထောင့်မှာ ဇောဓိပင်စိုက်။

၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလ (November) ဒင်္ဂါးစက်ပြီး။

၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (11 November 1865) ဒေါင်းဒင်္ဂါးသွန်း။

၁၂၂၇ ခုနှစ် တပို့တွဲလဆန်း ၁၂ရက် (27 Jan 1866) သာသနာပြုဆရာတော် ဥေ ယျမ္မဘိမုနိဝရကိတ္တိ သီရိဓဇမ္မသေနာပတိ မဟာဓမ္မရာဇ ဂုရုဘဝပြောင်း၊ ခံကုန်းသင်းချိုင်းကိုပို့။

၁၂၂၈ ခုနှစ် ကဆုန်လဆန်း ၂ရက် (15 Apr 1866) အနောက်ပြင်မီးလောင်။

၁၂၂၈ ခုနှစ် ပဌမဝါဆိုလဆန်း ၁၄ရက် (25 June 1866) လယ်ထွန်မင်္ဂလာ။

၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက် (31 July 1866) မြို့တော် အရှေ့မြောက်ဒွိမီးကြီးလောင်မီးကျ။

၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက် (2 Aug 1866) မြင်ကွန်း အရေးတော်စ။

၁၂၂၈ ခုနှစ် တော်သလင်းလဆန်း ၁၁ရက် (19 Sept 1866) မြင်းခြံဆိပ်တိုက်ပွဲ မြင်ကွန်း အရေးတော်ဆုံး။

၁၂၂၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် ( 3 Oct 1866) သေနတ်၊ ဓားလှံ၊ ဓားမြှောင် ကုန်စင်အောင်သိမ်း။

၁၂၂၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (12 Nov 1866) မင်းတုန်းမင်းနဲ့ အာသာဖယ်ယာ နောက်အကြိမ်တွေ့။

၁၂၂၉ ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက် ( 23 Apr 1867) စွယ်တော်ဆင်မြောက် သေနတ်တန်း ယမ်းစည်ပေါက်လို့ မီးလောင်။

၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၅ရက် (2 Sept 1867) ဒုတိယမှန်နန်း ရာဇဝင်ကိုရေးစေ။

၁၂၂၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက် (11 Oct 1867) မင်းတုန်းနဲ့ အယ်လ်ဘတ်ဖိုက်ချ် တွေ့။

၁၂၂၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် ( 25 Oct 1867) အင်္ဂလိပ် မြန်မာ စာချုပ်လက်မှတ်ထိုး။

၁၂၂၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (1 Nov 1867) ပြည်လုံးအုံ့ လျှော်ကားတော် ထောင်ကဲကြီး ရေတော်ရှာသစ်ဆိပ့်ရွာ နှစ်ရွာစား ချမ်းသာရ ဘုရားဒါယကာ မဟာမင်းလှမင်းထင်လွန်။

၁၂၂၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက် (19 Mar 1868) ဘင်္ဂလားကို ကြေးနန်း ပညာသင် လွှတ်နိုင်တယ်လို့ အင်္ဂလိပ်ဆီက ခွင့်ပြုစာရ။

၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ရက် (4 May 1868) ပိဋကတ်တော် ကျောက်ထက်အက္ခရာ တင်ပြီး၊ ကျောက်ချပ် ၇၂၉။

၁၂၃၀ ပြည့်နှစ် ဝါဆိုလဆန်း ၆ရက် ( 24 June 1868) လယ်ထွန်မင်္ဂလာ။

၁၂၃၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက် (13 Nov 1868) မန္တလေးပန်းသေး ဗလီဝင်း ဖြစ်မဲ့နေရာကို ခုနှစ်ရွာ မိဖုရားဆီက ပန်းသေးခေါင်းဆောင် မတူတူက ငွေ စဝိနင့်ဝယ်။

၁၂၃၀ ပြည့်နှစ် တပို့တွဲလ ( Jan 1869) တယ်ကုမ္ပဏီက ရွှေတော်စက်၊ ဝန်ချီစက်၊ ပွတ်ခုံစက်၊ ဖောက်စူးစက်၊ သံပြားကြိတ်စက်၊ အားပေး မီးစက်တွေကို အဖိုးငွေ ၁၇၀၀၀၀ ပေးဝယ်။ ပညာသမာမိ သီရိက ဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု (မောင်းထောင်ဆရာတော်) ပျံလွန်။

၁၂၃၁ ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက် (4 Jun 1869) မန္တလေး သံတဲ ကျောင်းဆောက်ပြီး။

၁၂၃၁ ခုနှစ် နယုန်လပြည့်ကျော် ၈ရက် ( 26 Dec 1869) ရန်ကုန် ရွှေတိဂုံဘုရား ထီးတင် စေ အမိန့်တော် ( ၁၂၃၂ ခု ကဆုန်လဆန်း ၈ရက် (7 May 1870 ) ထီးစလုပ်၊ ၁၂၃၃ ခု သီတင်းကျွတ် လပြည့်ကျော် ၄ ရက် (2 Oct 1871) ပြီး၊ ၁၂၃၃ ခု နတ်တော်လဆန်း ၁၅ရက် ( 26 Nov 1871) ထီးတင်ပြီး။)

၁၂၃၁ ခုနှစ် (1869 ) အတွင်း မန္တလေးက မြေထဲအထိ ကြေးနန်းသွယ်တန်းပြီး။

၁၂၃၂ ခုနှစ် နယုန်လ( June 1870) ရွှေတချောင်းမြောင်းပြင်၊ ကင်းဝန်မင်းကြီးကို နယ်ခြား အုပ်ချုပ်ခိုင်း။

၁၂၃၂ ခုနှစ် တော်သလင်းလဆန်း ၁၀ရက် (4 Sept 1871) မင်းတုန်းမင်းရဲ့ မိဖုရားကြီး မယ်တော်လွန်။

၁၂၃၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက် (15 Apr 1871) ပဥ္စမသင်္ဂါယနာ တင်ပွဲစ၊ ၁၂၃၃ ခု တော်သလင်းလပြည့်ကျော် ၁၄ရက် (12 Sept 1871) ပြီး။

၁၂၃၃ ခုနှစ် တပေါင်းလဆန်း ၁ရက် (8 Feb 1872) အန္ဒမန်ကျွန်းမှာ အိန္ဒိယ ဘုရင်ခံချုပ် ရစ်ချတ်ဆော့သ်ဝေါလ်ဘောရ်ခဲမေယိုးကို အကျဉ်းသား တစ်ယောက်ကသတ်၊ ဝမ်းသာတဲ့ ကဗျာရေးလို့ အချုပ်တန်း ဆရာဖေ အချုပ်ခံရ။

၁၂၃၃ ခုနှစ် တပေါင်းလဆန်း ၁၅ရက် (22 Feb 1872) အင်္ဂလန်သွားဖို့ ကင်းဝန်မင်းကြီး ခရီးစထွက်၊ ၁၂၃၅ ခု ကဆုန်လဆန်း ၆ရက် (2 May 1873) ပြန်ရောက်။

၁၂၃၄ ခုနှစ် ကဆုန်လဆန်း ၁၂ရက် (18 Apr 1872) မိုးကြိုးလောင်မီးကျ။

၁၂၃၄ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (24 Apr 1872) မင်းတုန်းမင်းနဲ့ ဟောရေ့စ် အယ်လဗတ်ဘရောင်းတွေ့။

၁၂၃၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက် (3 May 1872) မြောက်နန်းမတော် မိဖုရား တုပ်ကွေးဖျားသေ။

၁၂၃၄ ခုနှစ် နယုန်လ (May 1872) မက္ခရာမင်းသား စက်ရုံတွေ အုပ်ချုပ်စေ။

၁၂၃၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက် (24 Jan 1873) ပြင်သစ်ဗမာစာချုပ်။

၁၂၃၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် (25 March 1873) ပြင်သစ်ကို သံလွှတ်။

၁၂၃၅ ခုနှစ် နယုန်လဆန်း ၂ ရက် (28 May 1973) မင်းတုန်းမင်းနဲ့ ဒေးဗစ်ဘရောင်း တွေ့၊ အင်္ဂလိပ်ဘက်ကကြေးနန်းနဲ့ မြန်မာဘက်က ကြေးနန်း ဆက်ဖို့ သဘောတူ။

၁၂၃၅ ခုနှစ် နယုန်လဆန်း ၁၂ရက် (7 June 1873) ပန်းသေးခေါင်းဆောင် မတူတူနဲ့ မန္တလေးသူရွှေကွယ် လက်ထပ်။

၁၂၃၅ ခုနှစ် ဝါခေါင်လဆန်း ၇ရက် (31 July 1873) မင်းတုန်းမင်းအလှူ သံတဲခရစ်ယာန် ဘုရားကျောင်းပြီး။

၁၂၃၆ ခုနှစ် ကဆုန်လဆန်း ၁ ရက် (16 Apr 1874) အင်္ဂလိပ်သံတမန် ရောက် စာတန်းရေးပြီး။

၁၂၃၆ ခုနှစ် တပို့တွဲလဆန်း ၁ရက် (6 Feb 1875) အိန္ဒိယကို သံလွှတ်။

၁၂၃၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ရက် (11 April 1875) **ရတနာပုံ နေပြည်တော်သတင်းစာ** စထွက်။

၁၂၃၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက် (21 Nov 1875) ကင်းဝန်မင်းကြီး ဝေလမင်းသားကို ကြိုဆိုနှုတ်ဆက်ရန် ရန်ကုန်ရောက်။

၁၂၃၇ ခုနှစ် နှောင်းတန်ခူးလ (Apr 1876) ရွှေတစ်ချောင်းအနောက်ဘက် လူနေအိမ်ခြေ တိုးချဲ့စေ၊ တံခါးတော် ၅၇ပြီး။

၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက် (12 Nov 1876) မင်းတုန်းမင်းရဲ့ မိဖုရားခေါင်ကြီးကွယ်လွန်။

၁၂၃၈ ခုနှစ် ပြာသိုလဆန်း ၁၄ရက် (28 Dec 1876) ဈေးချိုတော်ပြင်ရန် အုတ် ၁၄ ဖိုဖုတ်စေ။

၁၂၃၈ ခုနှစ် တပို့တွဲလဆန်း ၇ရက် ( 20 Jan 1877) ဂျာမန်ဆေးဆရာမာဘီ ( Dr Marfels) ခေါ် မင်းကျော်သိဒ္ဓိဘိသက္ကပညာ သေဆုံးကြောင်း သတင်းစာမှာပါ။

၁၂၃၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ရက် ( 20 Mar 1877) မန္တလေးက ဗန်းမော်ထိ ကြေးနန်းသွယ်တန်းပြီး။

၁၂၃၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (13 Nov 1877) အီတလီမင်းသား စပိန်ဘုရင်ဟောင်းကို စလွယ်သနား။

၁၂၃၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက် (25 Nov 1877) အလယ် နန်းမတော် ဆင်ဖြူမရှင်တွင်။

၁၂၄၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ရက် (19 Sept 1878) သီပေါမင်းသားကို အိမ်ရှေ့မင်းခန့်။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ရက် (1 Oct 1878) မင်းတုန်းမင်း နတ်ရွာစံ။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၂ရက် ( 7 Oct 1878) မင်းတုန်းမင်း အလောင်း သဂြိုဟ်။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်(18 Oct 1878)အစည်းအဝေး ရုံးဆောက်။

၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက် (11 Nov 1878) နိုင်ငံမှုကိစ္စကို တစ်ဆယ့်လေးဌာနခွဲပြီး အုပ်ချုပ်။

၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက် (14 Nov 1878) ညောင်ရမ်းမင်းသား ညောင်အုပ်မင်းသား အင်္ဂလိပ်သံတဲက သင်္ဘောတက်ပြီး အင်္ဂလိပ်နယ်ထွက်၊ သာသနာပြု ဆရာတော် တစ်ဆယ့်နှစ်ပါးခန့်။

၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက် ( 23 Nov 1878) ဝန်ကြီးလခ ၁၀၀၀ဝိ၊ အတွင်းဝန်လခ ၅၀ဝိ က ၇၀ဝိ၊ မြို့ဝန်လခ ၃၀ဝိ မှ ၅၀ဝိ၊ ဝန်ထောက်လခ ၃၀ဝိ မှ ၅၀ဝိ၊ သံတော်ဆင့်နဲ့ ဆောင်ဝန်လခ ၃၀ဝိ မှ ၄၀ဝိ သတ်မှတ်။

၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၂ရက် (25 Dec 1878)အီတလီမင်းကို မင်းပြောင်းကြောင်း ကြားစာပို့။

၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၉ရက် ( 2 Dec 1878) မြင်းခင်းသဘင်။

၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ရက် (4 Dec 1878) ကွမ်းဖိုးခိုင် ကြွေးဆပ်ရန် မလိုတော့လို့ ကြေညာ။

၁၂၄၀ ပြည့်နှစ် ပြာသိုလဆန်း ၃ရက်( 25 Dec 1878) ဓာတ်အမှုထမ်းတွေကို တောင်ဘက် ကိုးခရိုင်မှာ လယ်ပယ် ၆၄၀၀ ပေး။

၁၂၄၀ ပြည့်နှစ် ပြာသိုလဆန်း ၅ရက် ( 27 Dec 1878) ချုပ်ထားတဲ့ မင်းသားတွေကို သီးသန့်နေရာ လုပ်ပြီးထားရန် အစည်းအဝေးက ဆုံးဖြတ်။

၁၂၄၀ ပြည့်နှစ် ပြာသိုလဆန်း ၁၀ရက် (1 Jan 1879) ရွှေကြက်ယက်ခံမြို့ကိုသိမ်း။

၁၂၄၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ရက် ( 9 Jan 1879) ဗျူဟာသဘင်ကျင်း။

၁၂၄၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၃ရက် (19 Jan 1879) ဝန်ကြီးနှစ်၊ ဝန်ထောက်တစ် အရာက ရုပ်သိမ်း။

၁၂၄၀ ပြည့်နှစ် တပိုတွဲလဆန်း ၆ရက် (27 Jan 1879) အိန္ဒိယ ဘုရင်ခံကို မင်းပြောင်းကြောင်း ကြားစာပို့။

၁၂၄၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၈ရက် (13 Feb 1879) မင်းသား တချို့သတ်။

၁၂၄၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၁ရက် (17 feb 1879) မင်းသားတွေ ထောင်ကြီးချုပ် ပြောင်းမယ်ပြောပြီး သတ်။

၁၂၄၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၂ရက် (18 Feb 1879) ဆက်သတ်။

၁၂၄၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၃ရက် (19 Feb 1879) မင်းသားတွေ သတ်တာကို သီပေါမင်းက လက်သုံးတော်တွေ လက်လွန်သွားတာ သူအမိန့်မပေးလို့ငြင်း။

၁၂၄၀ ပြည့်နှစ် တပေါင်းလဆန်း ၆ရက် (25 Feb 1879) အနောက်ပြင်မီးလောင်၊ အိမ် ၂၀၀ ကျော်၊ ရွှေရေးဆောင် ကျောင်းတိုက်နဲ့ မဟာမုနိ အနောက်စောင်းတန်းပါ ပြာကျ၊ ကိုးခန်းအုတ်တိုက်ကြီးမှာ ထီးရုံဖွင့်။

၁၂၄၁ ခုနှစ် ကဆုန်လဆန်း ၄ရက် (23 Apr 1879) မာရ်အောင် ရတနာ စေတီပြီး။

၁၂၄၁ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက် (15 June 1879) အင်္ဂလိပ် သံအရာရှိ ရောဗတ် ဘာကလေရှော ရုတ်တရက်သေ။

၁၂၄၁ ခုနှစ် သီတင်းကျွတ်လ ( Oct 1879) အင်္ဂလိပ်သံအရာရှိ အပြီးပြန်။

၁၂၄၁ ခုနှစ် တန်ဆောင်မုန်းလ (Nov 1879) အီတလီဆရာ ပြင်သစ်ဆရာတွေနဲ့ စစ်ပညာသင်။

၁၂၄၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက် (14 March 1880) ပုဂံမင်း နတ်ရွာစံ။

၁၂၄၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက် (17 March 1880) သီပေါမင်းရဲ့သားကြီး ကျောက်ရောဂါနဲ့သေ။

၁၂၄၂ ခုနှစ် ကဆုန်လဆန်း ၇ရက် (14 April 1880) နှစ်သစ်ကန်တော့ လက်ဆောင်ဆက်ပွဲကို မိုးနဲ၊ ရက်စောက်၊ မိုင်းနောင်၊ မိုင်းပျည်း စော်ဘွားတွေ မလာ။

၁၂၄၂ ခုနှစ် နယုန်လပြည့်ကျော် ၁ရက် ( 23 May 1880) ဘိသိက်ခံ။

၁၂၄၂ ခုနှစ် နယုန်လ (May 1880) ညောင်အုပ်မင်းသား အောက်မြို့ရွာ မြေထဲဝန်းကျင်ကို ဝင်ရောက်တိုက်ခိုက်လာ။

၁၂၄၂ ခုနှစ် ပထမဝါဆိုလ (June 1880) အင်္ဂလိပ်နဲ့ မဟာမိတ်စာချုပ်သစ်လုပ်ဖို့ သံအဖွဲ့ လွှတ်၊ သရက်မြို့မှာ ခုနစ်လကြာအောင် စောင့် နေရပြီးမှ ပြန်လာကြ။

၁၂၄၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက် (3 July 1880) မြို့ဝင် စလေမြို့စား မင်းကြီးမဟာမင်းထင်ကို အတွင်းဝန်ခန့်။

၁၂၄၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ရက် (21 July 1880) သံတော်ဆင့်မင်းကြီး မင်းထင်မဟာစည်သူကို ဝန်ထောက်ခန့်။

၁၂၄၂ ခုနှစ် ဒုတိယဝါဆိုလ ( July 1880) တောင်တွင်းကြီးကို လက်နက် လူသူဖို့ နယ်စပ်မှာ ညောင်အုပ်မင်းသား ထိပါးလာ။

၁၂၄၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက် (23 Aug 1880) ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူကို ဝက်မစွတ်မြို့စားပေး။

၁၂၄၂ ခုနှစ် တော်သလင်းလဆန်း ၂ရက် (5 Sept 1880) မင်းမိဘုရားမှာ သမီးတော်တစ်ပါးဖွား။

၁၂၄၂ ခုနှစ် သီတင်းကျွတ်လ (Oct 1880) ရေကြောင်းဌာနချုပ် အတွင်းဝန် စလေမြို့စား အစီအမံအတိုင်း ပြင်ဆင်ပြီး ရေကြောင်းစစ်ပညာသင်၊ ကြည်းကြောင်း စစ်ပညာကို အီတလီလူမျိုး ဘာရဘေရီကသင်။

၁၂၄၂ ခုနှစ် ပြာသိုလ ( Jan 1881) ဆင်ခင်း၊ မြင်းခင်း၊ စက်သွင်းသဘင်။

၁၂၄၂ ခုနှစ် တပို့တွဲလ (Feb 1881) ရှမ်းနယ်တွေ ပုန်ကန်ကြတာကို နှိမ်နင်းဖို့ ယောမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းထင် မင်းခေါင်ကျော်ကို ဗိုလ်မှူးခန့်ပြီး လူ ၁၅၅၅၂ ပေး။

၁၂၄၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက် (18 Feb 1881) ဘိသိက်ထပ်ခံရန် အမိန့်တော်။

၁၂၄၃ ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက် (18 Apr 1881) တံဆိပ်တော်ရ ဆရာတော်ကို၊ စာချလေးဆယ်တို့ကို ရှစ်ဌာနဝေပြီး သာသနာပြုလွှတ်။

၁၂၄၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် (13 May 1881) နိုင်ငံတော် အရပ်ရပ် သားငါးငှက်ဘေးမဲ့ပေး။

၁၂၄၃ ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက် (19 May 1881) လင်ပုတ်ဖမ်းပြီး လွှတ်ချိန်မှာ တစ်မြို့တစ်ဂူရွှေဂူပုထိုး တစ်ပြိုင်တည်း ဌာပနာစေ။

၁၂၄၃ ခုနှစ် နယုန်လဆန်း ၅ရက် (1 June 1881) သီပေါမင်းမယ်တော် နတ်ရွာစံ။

၁၂၄၃ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက် (15 June 1881) မိုးနည်းကြောင်း ချီယောမြို့စား ဝန်ကြီးသေ။

၁၂၄၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက် (11 Aug 1881) မင်းမိဘုရားတွင် နောက်ထပ် သမီးတော်တစ်ပါးဖွား။

၁၂၄၃ ခုနှစ် သီတင်းကျွတ်လ (Oct 1881) မယ်ဖော်ဘုရား အိမ်ဖြူတော်ကို ဖျက်ပြီး ကျောင်းဆောက်၊ ကျောင်းအပြီးမသတ်။

၁၂၄၃ ခုနှစ် ပြာသိုလ ( Dec 1881) ထီရုံတွေပိတ်၊ ထီကြေးငွေ ၂၀၀၀၀ ကျော်ကို ရွှေတိုက်တော်က ထုတ်ပေးစေ။

၁၂၄၃ ခုနှစ် ပြာသိုလဆန်း ၅ရက် (24 Dec 1881)ဗိုလ်မှူး ယောမြို့စား သေဆုံးပြီးနောက် မိုးနည်းကြောင်း တပ်အစားလွှတ်၊ မိုးနည်း စော်ဘွား အမမိုးနည်းမိဖုရား ထွက်ပြေးရာ ကြေးနန်းနဲ့ဆင့်ဆိုပြီး လိုက်ဖမ်းလို့မိ။

၁၂၄၃ ခုနှစ် တပို့တွဲလဆန်း ၃ရက် (21 Jan 1882) မိုးနည်း ကြောင်းချီစေ။

၁၂၄၃ ခုနှစ် တပို့တွဲလ (Jan 1882) သီပေါ စော်ဘွား ရန်ကုန်ပြေး၊ အခွန်တော် ပူလို့ ပြည်သူဆင်းရဲ။

၁၂၄၃ ခုနှစ် တပေါင်းလ ( Feb 1882) အခွန်တွေကို ချုပ်ပြီး ဝယ်ယူခွင့်မပြု။

၁၂၄၃ ခုနှစ် တပေါင်းလဆန်း ၁၀ရက် (26 Feb 1882)မဟာဝိဇယပုည (မဟာစံလွှတ် ဝေယန်) ကျောင်းတင်ပွဲ။

၁၂၄၃ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက် (7 March 1882) ရွှေ မြို့တော် သိမ်း ထွက် တော်မူ၊ ပြည်သူ့ တိုင်စာကို ရွှေခွက်နဲ့ခံ၊ နောက် ရွှေသေတ္တာ ထားဖို့ အကြံ ဖြစ်။

၁၂၄၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက် (17 March 1882) လက်သုံးတော်ကိုင် မြောက်ဒဝယ်ဗိုလ် ရနောင်မြို့စားနှင့် ညီကျပင်းမြို့စားသူရဲဝန်တို့ကိုဖမ်း၊ ငဖေယ်လဲ ပါ၊ ကွပ်မျက်။

၁၂၄၃ ခုနှစ် နှောင်းတန်ခူးလ (Apr 1882) ကျောက်မြောင်း အတွင်းဝန်ကို အင်္ဂလိပ်ထံ သံစေ၊ မဖြစ်မြောက်။

၁၂၄၄ ခုနှစ် ကဆုန်လ ( May 1882) မိုးနည်း ချီတပ်လဲ။

၁၂၄၄ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက် (24 July 1882)ပဒုံမင်းရဲ့မြေး၊ ကောလင်မင်းရဲ့သား၊ သီရိသုဓမ္မရာဇာလွန်။

၁၂၄၄ ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက်က လပြည့်ကျော် ၆ရက်ထ (20 Sept - Oct 1882) မီး ပွဲအကြီးအကျယ် ဆင်ယင်။

၁၂၄၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက် (27 Oct 1882)မင်းမိဖုရားမှာ တတိယ အကြိမ် သမီးတော်တစ်ပါး ဖွားစေ။

၁၂၄၄ ခုနှစ် တပို့တွဲလ( Jan 1883) ၄၅ ခု စစ်တမ်းနှစ်တစ်ရာ ရှိပြီး၊ စစ်တမ်း ထပ်ယူ ဆက်သွင်းစေ။

၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၃ရက် (8 Feb 1883)မြို့အရှေ့တောင်ထောင့် ဇမ္ဗူမျက်ရှင်ရပ် မင်းနံ့သင့် လောကရန်နိမ်ဘုရား၊ အရှေ့မြောက်ထောင့် မိဖုရားနံသင့် ရတနာ တန်ဆောင်းဘုရား နှစ်ဆူကို ခုနှစ်ရက်နဲ့ အပြီးတည်။ မြင်ကွန်းစား၊ မြင်းခုံတိုင်စား၊ ညောင်ရမ်းစား၊ ညောင် အုပ်စားတို့ ဗာရာဏသီမှာ ရှိနေတယ်လို့ အထောက်တော် မင်းလှငရွှဲ ကြေးနန်းနဲ့ အစီရင်ခံ။

၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (15 Feb 1883)ကွမ်းဖိုး ထိမ်းမထားရ၊ ဆိုင်ရာ သူကြီးက စီရင်စားယူစေ။

၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၁၁ရက် (16 Feb 1883) နံသင့်ဘုရားနှစ်ဆူထီးတင်၊ တောင်တော်ဆရာတော်ကို သာသနာပြုအပ်နှင်း။

၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၁၃ရက် (18 Feb 1883) နန်းမြို့တော်တောင် မြတိုက်သံဆင့် မြေမြစ်အိမ်ကစပြီး မီးလောင်။

၁၂၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (22 Feb 1883) သမီးတော် ထိပ်စုမြတ်ဒေါ ငွေကရဏ မင်္ဂလာ။

၁၂၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (23 Feb 1883) မိုးနဲ့ချီအမှုတစ်ချို့ ပြန်လာစေ။

၁၂၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက် (26 Feb 1883) မိုးကောင်းဝန်ခန့်၊ လက်နက်တိုက်ဝန်ခန့်၊ သေနတ်ဗိုလ်ခန့်။

၁၂၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက် (27 Feb 1883) မိုးနဲ့ချီတပ်တချို့ ပြန်လာစေ။

၁၂၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (3 March 1883) သမီးတော်ဝန်ခန့်။

၁၂၄၄ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၁ ရက် (23 March 1883) ဘုံဘေ ဘားမားသစ်ကုမ္ပဏီကို သစ်တော်ချထား။

၁၂၄၄ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၃ ရက် (25 March 1883) မီးကြီးလောင်။

၁၂၄၄ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၁၂ ရက် (3 April 1883) မီးကြီးလောင်။

၁၂၄၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (5 April 1883) မီးကြီးလောင်။

၁၂၄၄ ခုနှစ် နှောင်းကဆုန်လဆန်း ၁ရက် (6 April 1883) တောင်ပိုင် ကျမိုင်းလက်ဆောင်ဆက်။

၁၂၄၅ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (16 April 1883) မီးကြီးလောင်။

၁၂၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက် (22 April 1883) မင်းခင်းစား မင်းသမီးနဲ့ တေုကျူးလွန်၊ လပြည့်ကျော် ၅ ရက် (25 April 1883) တေုကိုသတ်။

၁၂၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် (30 April 1883) နိုင်ငံခြား သံလွှတ်။

၁၂၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (1 May 1883) မိုးနည်းချီစေ။

၁၂၄၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက် (3 May 1883) ရှမ်းပြည်မြောက်လမ်း ချီစေ။

၁၂၄၅ ခုနှစ် နယုန်လဆန်း ၂ရက် (7 May 1883) မိုးနည်း ချီစေ။

၁၂၄၅ ခုနှစ် နယုန်လဆန်း ၃ ရက် (8 May 1883) ရိုးရာမှု တရားစကားတွေ ရပ်စေ။

၁၂၄၅ ခုနှစ် နယုန်လဆန်း ၁၃ရက် (18 May 1883) သာသနာပြု ဥပဒေ ၃၂ ချက်အတည်ပြု။

၁၂၄၅ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက် (24 May 1883) ငွေတောင်နယ် လေးဆယ့်ကိုးရွာအုပ်သေ။ သား လီဘဲကိုဆက်ခံစေ။

၁၂၄၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် (3 June 1883) မိုးနည်းချီ ရွှေလက်ယာသေနတ်ဗိုလ် နယုန်လပြည့်ကျော် ၄ ရက် (24 May 1883) က ဖျားသေကြောင်း ကြေးနန်းစာရ။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလလဆန်း ၂ရက် (6 June 1883) သံအရာရှိတွေက ပို့စာရောက်၊ ခန်းပတ်ဝန်ကြီးဟောင်း ထောင်မှာထားစေ။

၁၂၄၅ ခုနှစ် ပထမဝါဆိုလဆန်း ၃ရက် (7 June 1883) ဗန်းမော်ဝန်ကို အရာကနုတ်၊ အကျဉ်းယူစေ၊ သုံးဆယ်မြို့ဝန်ကို အရာကနုတ်။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလဆန်း ၇ရက် (11 June 1883) အိမ်ကျွန်တွေကို ငွေချေပြီး ကျွန်ကနုတ်၊ ရဟန်းခံစေ အမိန့်တော်။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလဆန်း ၁၂ရက် (16 June 1883) ခေက်ပလာ ဆင်ဝန်ကို အရာကနုတ်။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် ၈ရက် (27 June 1883) သာသနာပိုင်နဲ့ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးတို့က သာသနာ စည်ပင်အောင် ဆောင်ရွက်စေ။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် ၉ရက် (28 June 1883) ညောင်ရွှေ စော်ဘွား အခစားဝင်၊ ရှင်တစ်ထောင်ပြုစေ။

၁၂၄၅ ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် ၁၂ရက် (1 July 1883) ဆင်ကျုံးသွင်း။

၁၂၄၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၂ရက် (6 July 1883) လက်ယာဝင်းမှူး အရာကနုတ်၊ နန်းမတော်ဝန်ကို အတွင်းဝန်ခန့်။

၁၂၄၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက် (13 July 1883) ကျွန်စာရင်း စစ်သိမ်းပြီး၊ ပေးဆပ်ရန်ငွေ ၄၀၀၀၀ ထုတ်ပေး။

၁၂၄၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက် (15 July 1883) ရွေးနုတ်ရသူ လူပေါင်း ၁၃၉၄ ယောက် (ရဟန်း ၂၄၀ နဲ့ ရှင် ၁၁၅၄)

၁၂၄၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက် (26 July 1883) ငစဉ့်ကူးမြို့နယ် ရှမ်းမိုဟန် သူပုန်နှိမ်ရန် စစ်တပ်လွှတ်။

၁၂၄၅ ခုနှစ် ဝါဆိုလဆန်း ၁၄ရက် (17 Aug 1883) ပြင်သစ်စက်ဆရာ ဂုံဘီလမ်း သံလက်ရန်း သံတံခါး လုပ်ပြီး။

၁၂၄၅ ခုနှစ် ဝါခေါင်လပြည့်နေ့ (18 Aug 1883) ရွှေပြည်ဝန်မင်း သတိုးမင်းကြီး မင်းလှ မဟာမင်းခေါင်သီဟသူ (ယောအတွင်းဝန် ဦးဘိုးလှိုင်) လွန်။

၁၂၄၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက် (27 Aug 1883) ဝက်မစွတ်မြို့စား ရွှေပြည်ဝန်ကြီး ဟောင်း သတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူသေ၊ ရွှေသေတ္တာပါ စာအရ အောင်ပင်လယ် လမိုင်းဝန် မိန်းမမှုဖြစ်။

၁၂၄၅ ခုနှစ် တော်သလင်းလဆန်း ၉ရက် (10 Sept 1883) ရန်ကုန် သစ်ကုန်သည်တွေနှင့် မွန်ထော်သစ်တော စာချုပ်သစ် ချုပ်။

၁၂၄၅ ခုနှစ် တော်သလင်းလဆန်း ၁၁ရက် 12 Sept 1883) ရေသဘင် သုံးရက်၊ သဘော် ၂၂စင်းပြိုင်ပွဲ။

၁၂၄၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက် (17 Sept 1883) မွန်ထော် သစ်တော လေလံ။

၁၂၄၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက် (25 Sept 1883) မင်းလှ မြို့စောင့် အမှုထမ်းလဲ။

၁၂၄၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက် (27 Sept 1883) ပန်းဆက် တံခါးတော်ပြင်မှာ တည်ဆောက်ပြီးတဲ့ သဘော်ရေချ။

၁၂၄၅ ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက် (4 Oct 1883) မင်းမိဖုရားမှ စတုတ္ထ မြောက် သမီးတော်တစ်ပါးဖွား။

၁၂၄၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက် (13 Oct 1883) ခြေချင်းဆွဲခတ်ပြီး ချုပ်ထားတဲ့မိဖုရားဟောင်းတွေ ခြေချင်းချွတ်။

၁၂၄၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (15 Oct 1883) **မှန်နန်းရာဇဝင် ပထမတွဲ**ကို မန္တလေး နန်းတွင်း ပုံနှိပ်တိုက်မှာပုံနှိပ်ပြီး။

၁၂၄၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (17 Oct 1883) နှစ်စဉ်ခံမြဲ ဝါကျွတ်ကတော့ခံ အခမ်းအနားမလုပ်။

၁၂၄၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (24 Oct 1883) ဗိုလ်မှူး မင်းသမီးသေ။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (5 Nov 1883) သံအရာရှိတွေ အီတလီက ပြင်သစ်ရောက်ပြီး မဟာမိတ်စာချုပ် ချုပ်ပြီးပြီလို့ စာ ရောက်၊ အင်္ဂလန်ဖို့စာကို စာရေးကြီး မောင်သာထားကိုအပ်လွှတ်။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက် (6 Nov 1883) အောင်တပ်ထွက်၊ မိုးမိတ်စော်ဘွားလွှန်။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (9 Nov 1883) ရဲမက်လူ ၃၃၁၁ ကျိုင်းတုံချီ။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (15 Nov 1883) လက်ပံစဉ် မိဖုရားဟောင်း နတ်ရွာစံ။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (16 Nov 1883) ကင်းဝန် မြေဒူးမြို့စားကို တန်းမှာချုပ်။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (18 Nov 1883) မင်းတုန်းမင်းစံနန်းတော်ကို ကျောင်းရွှေ့ဆောက် လို့ပြီး၊ ဆင်ကျုံးသွင်း။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက် (20 Nov 1883) တပ် နှစ်တပ် ရှမ်းပြည်ချီ။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (21 Nov 1883) ရေကြည်ဝန်အရာကသိမ်း။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (24 Nov 1883) အောင်ပင်လယ် လမိုင်းဝန်ခန့်။

၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် (25 Nov 1883) မိုးနဲ စော်ဘွားက လူ ၄၀၀ ကျော်သတ်။

၁၂၄၅ ခုနှစ် နတ်တော်လဆန်း ၅ ရက် (4 Dec 1883) ကင်းတား သေနတ်ဗိုလ် သေကြောင်းကြေးနန်းရောက်။

၁၂၄၅ ခုနှစ် နတ်တော်လဆန်း၇ ရက် (6 Dec 1883)လူ၅၆၅ မိုးဖြဲကြောင်းချီ၊ မောက်မယ် စော်ဘွားက သမီးကညာဆက်။

၁၂၄၅ ခုနှစ် နတ်တော်လဆန်း ၁၀ ရက် (9 Dec 1883) မိုးနည်းချီ ကွပ်ရှာ ဝန်ထောက်ကို အကျဉ်းယူစေ။

၁၂၄၅ ခုနှစ် နတ်တော်လဆန်း ၁၂ ရက် (11 Dec 1883) ဆင်ကျုံးသွင်း။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက် (16 Dec 1883) ခန်းပတ် ဝန်ကြီးဟောင်း အကျဉ်းက လွှတ်ပြီး အစောင့်နဲ့ထား။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက် (18 Dec 1883) စာရေးကြီး နှစ်အရာကနုတ်။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက် (19 Dec 1883) စစ်ကိုင်းဘုရား ဖူးသဘော်နဲ့ ထွက်။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (20 Dec 1883)အကျဉ်းယူခဲ့တဲ့ ကွပ်ရှာစား လမ်းမှာသေကြောင်း ကြေးနန်းရ။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် (22 Dec 1883) လင်းပင် မင်းသားဟောင်း ရန်ကုန်က ထွက်ပြေး။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက် ( 24 Dec 1883) ဖြတိုက်သံဆင်ကို သံတော်ဆင့်ခန့်။

၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်(25 Dec 1883) ဆင်တွေကို စစ်လေ့ကျင့်ခန်း ပေး။

၁၂၄၅ ခုနှစ် ပြာသိုလဆန်း ၄ ရက် (1 Jan 1884) မြင်ကွန်းမြို့စားမင်းသမီးလွန်။

၁၂၄၅ ခုနှစ် ပြာသိုလဆန်း ၅ ရက် (2 Jan 1884) စစ်သည်သူရဲတွေ သေနတ်ကျင့်။

၁၂၄၅ ခုနှစ် ပြာသိုလပြည့်ကျော် ၃၊ ၄၊ ၅ ရက် (15 , 16, 17 Jan 1884) မြင်းခင်းစက်သွင်း သဘင်၊ ညွှံ့သူနေလှမ်းခံရ၊ သေနတ်ရေးပြ။

၁၂၄၅ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (19 Jan 1884) မှန်နန်းအပျိုတော်လေးကို မိဖုရား စိတ်ဆိုးလို့ အကျဉ်းထား။

၁၂၄၅ ခုနှစ် တပို့တွဲလဆန်း ၂ ရက် (29 Jan 1884) မြို့သာဝန်ထောက်မယားကို အပြစ် လွှတ်။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော်၄ ရက် (15 Feb 1884) မြို့ဝန်ခန့်။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက် (16 Feb 1884) ဆင်ကျုံးသွင်း။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (18 Feb 1884) စောင့်ကင်း၊ဝပ်ကင်း၊ ပတ်ကင်းထားပြီး ထိန်းသိမ်းကြစေ၊ ဓါးပြဗိုလ် ငရန်မင်း အဆုံးစီရင်စေ။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက် (20 Feb 1884) မိုးကောင်းဝန် အရာကနုတ်၊ ငရန်မင်းချမ်းသာစေ။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက် (22 Feb 1884) ကချင်သူပုန်နှိမ်ဖို့ တပ် လွှတ်ရန်စီစဉ်။

၁၂၄၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် (23 Feb 1884) အညာမြစ်စဉ် ချီတက်။

၁၂၄၅ ခုနှစ် တပေါင်းလဆန်း ၃ ရက် (28 Feb 1884) အီတလီသံမှူးနဲ့ ဒုတိယသံမှူးရောက်၊ အီတလီပညာသည် အလုပ်သမားတွေလည်း ပါလာ၊ အုပ်ချုပ်ရေးဆယ်ခရိုင်ဆွဲပြီး ခရိုင်ဝန် တစ်ယောက်စီခန့်၊ ရွှေမြို့တော် တောင်ပြင် လင်းဇင်းတန်းမီးလောင်။

၁၂၄၅ ခုနှစ် တပေါင်းလဆန်း ၉ ရက် (5 March 1884) အိမ်ရှေ့မင်းရဲ့သား ဘုန်းကြီး ဦးပညာဝဏ္ဏ သူပုန်ထရန်ကြံ၊ လူဝတ်လဲပြီး အကျဉ်းထား။

၁၂၄၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (8 March 1884) အညာမြစ်စဉ်ချီ။

၁၂၄၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (10 March 1884) ကချင်သူပုန်ဗိုလ် အကျဉ်းထား။

၁၂၄၅ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (13 March 1884) မိဖုရားမမာလို့ ရှင်ဘုရင်က ခမည်းပေး။

၁၂၄၅ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (15 March 1884) အညာမြစ်စဉ်ချီ သဘော် နှစ်စင်း ရေမြှုပ်ကြောင်း တင်စာရောက်။

၁၂၄၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် (23 March 1884) ရွှေမြို့တော် အရှေ့ပြင် မီးလောင်။

၁၂၄၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် (24 March 1884) သမီးတော် လေးပါးမှာ ဒုတိယသမီးကစပြီး ကျောက်ရောဂါဝင်၊ မသက်သာ၊ အီတလီဆေးဆရာရော၊ မြန်မာဆေးဆရာပါ ဂရုပြုကုသ၊ မြေလျှောင် လုပ်၊ တတိယသမီးတော်လွန်။

၁၂၄၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက် (29 March 1884) စတုတ္ထ သမီးတော်လွန်။

၁၂၄၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက် (1 Apr 1884) မလွန်ဈေးရပ် မီးလောင်။

၁၂၄၅ ခုနှစ် နှောင်းတံကူးလဆန်း ၇ ရက် (2 Apr 1884) အိမ်ရှေ့မင်းသားရဲ့ သား မောင်ဘုန်းနဲ့ ကြံရာပါတို့ကို စီရင်။

၁၂၄၅ ခုနှစ် နှောင်းတန်ခူး လဆန်း ၁၀ ရက် (5 Apr 1884) အနောက်ပြင် မီးလောင်၊ တစ်မီးမငြိမ်းခင် နောက်တစ်မီးစ၊ အစုစု မီးခုနစ်ကြိမ်လောင်၊ ပြင်သစ်မြန်မာစာချုပ် အတည်ပြု (ပဲရစ်တွင်)

၁၂၄၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက် (8 Apr 1884) ရွာဟိုင်းဈေးရပ် မီးလောင်၊ မဟာမုနိဘုရား ပြာသာဒ်ကြီးပါလောင်။

၁၂၄၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက် (10 Apr 1884) မီးဘေး ကယ်ဆယ်ရေး တစ်အိမ် ငွေ ၂ ကျပ်၊ ဆန်တစ်စိတ်၊ မဟာမုနိကစီးကျတဲ့ ရွှေအချိန် ၅၄၅ ဝိကျော် (ရခိုင်ကရောက်တဲ့ နှစ်တစ်ရာပြည့်နေ့မှာ မီးလောင်တယ်။)

၁၂၄၆ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် (14 Apr 1884) နန်းမြို့ အနောက်တောင်ထောင့် မီးလောင်။

၁၂၄၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (17 Apr 1884) မဟာမုနိ အုတ်ပြာသာဒ်မပြီးမီ ယာယီတန်ဆောင်းအတွက် ငွေထုတ်ပေး။

၁၂၄၆ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက် (19 Apr 1884) ကင်းဝန်မင်းကြီး ကတော်

ကသာမြို့စားသေ။

၁၂၄၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်(20 Apr 1884)ဝန်ကတော်မသာကို မိဖုရားကြီး သွား၊ ဘုရင်က ငွေ ၅၀၀၀ဝိ၊ မိဖုရားက ငွေ ၃၀၀၀ ကူ၊ ကင်းဝန်ချွေးမ ကောင်ဟန်ဝန်သမီးကို ထောင်က လွှတ်။

၁၂၄၆ ခုနှစ် ကဆုန်လဆန်း ၂ရက် (26 Apr 1884) နေရာတော်နေ ယက်ကန်းတော်အုပ် မင်းသားကြီးသေ၊ ငတုနဲ့ ကျူးလွန်တဲ့ မင်းခင်းစားဟောင်း မင်းသမီးကိုစီရင်။

၁၂၄၆ ခုနှစ် ကဆုန်လဆန်း ၉ရက် (3 May 1884) မိုးနည်းစော်ဘွားသစ်ခန့်။

၁၂၄၆ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (8 May 1884) မှန်နန်း **ရာဇဝင် ဒုတိယတွဲ** မန္တလေးနန်းတွင်း ပုံနှိပ်တိုက်မှာ ပုံနှိပ်ပြီး။

၁၂၄၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက် (15 May 1884) အခမ်းအနား ကြီးကြီး ကျယ်ကျယ် ခင်းပြီး လွှတ်တော်သိမ်း။

၁၂၄၆ ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက် (17 May 1884)မဟာမုနိ အာရုံခံ နဲ့ ပြာသာဒ် ဆောက်ပြီး။

၁၂၄၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် (19 May 1884) ဘုန်းတော်တိုး အစုတောင်ဘက် မီးလောင်။

၁၂၄၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (20 May 1884) အကောက် အခွန်တော်တွေ နယုန်လဆန်း ၁ရက် (25 May 1884) ကစပြီး နုတ်သိမ်းစေ။

၁၂၄၆ ခုနှစ် နယုန်လဆန်း ၁ရက် (25 May 1884) ချင်းအေးသာစံရပ် တရုတ်တန်း မြောက်စွန်း မီးလောင်။

၁၂၄၆ ခုနှစ် နယုန်လဆန်း ၈ရက် (1 June 1884) ပြင်သစ်နဲ့စာချုပ်။

၁၂၄၆ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက် (11 June 1884) ဆင်တော်သိမ်း မင်္ဂလာ အခမ်းအနား။

၁၂၄၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက် (18 June 1884) သာသနာရေး သာသနာမှူ ကို မင်းကိုယ်တိုင် သာသနာပိုင်ကိုလျှောက်။

၁၂၄၆ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက် (21 June 1884) မဟာမုနိ ရွှေသင်ကန်း ကပ်လှူဖို့ ရွှေပုဇွန်ခွံပို့။

၁၂၄၆ ခုနှစ် ဝါဆိုလဆန်း ၄ ရက် (26 June 1884) စိန်ပန်းလှေတော်ရေချ။

၁၂၄၆ ခုနှစ် ဝါဆိုလဆန်း ၇ရက် (29 June 1884) ဗန်းမော်ဝန်ကို အရာက နုတ်။

၁၂၄၆ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက် (5 July 1884) မဟာမုနိ မျက်နှာတော်ဖွင့်။

၁၂၄၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (11 July 1884) ဗန်းမော်မှာ တရုတ်တို့ဝင်ကြောင်း ကြေးနန်းရလို့ ရဲမက် ၁၆၇၀ လွှတ်။

၁၂၄၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်( 17 July 1884) နောက်ထပ်ရဲမက် ၁၆၅၀ ပို့၊ ရက်သုံးဆယ်ကြာမှ တရုတ်တွေလက်နက်ချ။

၁၂၄၆ ခုနှစ် တော်သလင်းလ (Sept 1884) ဆရာတော်တွေကို ဆက်ကပ်တဲ့ဘွဲ့ကို ငါးဆင့်ခွဲ။

၁။ မလာလင်္ကာရ အတုလဓိပတိ သိရိပဝရ ဓဇဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိ ရာဇာဂုရုဘွဲ့က သာသနာပိုင်အတွက် (အမြင့်ဆုံး)

၂။ ဒုတိယအဆင့်မှာ အတုလ၊ ဓိပတိ၊ ပဝရ၊ ဓဇ၊ လေးချက် ပါစေ။

၃။ တတိယအဆင့်မှာ အတုလ နုတ်ပြီး ကျန်သုံးချက်ပါစေ။

၄။ စတုတ္ထအဆင့်မှာ အတုလ၊ ဓိပတိကိုနုတ်ပြီး ကျန်နှစ်ချက် ပါစေ။

၅။ ပဥ္စမအဆင့်မှာ အတုလ၊ ဓိပတိ၊ ပဝရကိုနုတ်၍ကျန်တစ်ချက်(ဓဇ)ပါစေ။

၁၂၄၆ ခု သီတင်းကျွတ်လဆန်း ၁ ရက် (21 Sept 1884) အရှေ့ရာဇဝတ်ထောင် လှုပ်ရှားထကြွ၊ ခေါင်းဆောင်ငရန်မင်း သေနတ်မှန်သေ၊ ထောင်သား ၃၀၀ ခန့်ရှိတဲ့အထဲက ၂၀၀ သေ၊ မိုင်းပျဉ်းမင်းသားကိုကွပ်၊ သမီးတော် နားသမင်္ဂလာကို ခြောက်လကြိုး၍ အသဒိသဒါန ပေးကမ်းစွန့်ကြဲရန် မြို့တော်လူစာရင်းယူရာ လူတစ်သိန်း စာရင်းပေါက်ရတယ်။ ပုဏ္ဏား ၂၀၀၀ကျော်။

၁၂၄၆ ခုနှစ် သီတင်းကျွတ်လ (Oct 1884) ရွှေနန်းတော် တောင်စမုတ် တောင်ရှေ့တွင် အမြင့်သံတောင် ၇၀ ကျော်ရှိ ခရုပတ်လှေကားနှင့် နန်းမြင့်ဆောက်ပြီး၊ မိုင်းနောင်ကြောင်းချီ ဗိုလ်မှူးကိုးခရိုင်အုပ် ဝန်ထောက်မင်းကြီး မဟာရာဇသင်္ကြံသေ။

၁၂၄၆ ခု တန်ဆောင်မုန်းလဆန်း ၉ ရက် (27 Oct 1884) တကောင်းမင်းသမီး ဖွားသေ။

၁၂၄၆ ခုနှစ် တန်ဆောင်မုန်းလ(Nov 1884)မိုင်းနောင် ကြောင်းချီဖို့ ပုခန်းကြီး မြို့ဝန်ကိုစေ၊ လမ်းမှာဖျားသေ။

၁၂၄၆ ခုနှစ် နတ်တော်လ (Dec 1884) လူ ၁၄၀၊ ဆင် ၅၊ မြင်း ၁၀၀ ကျော်နဲ့ ဝန်ထောက်မြင်းစုကြီးဝန်ကို မိုင်းနောင်ကြောင်းချီစေ၊ ဆယ် ခရိုင်က တောင်ငူ၊ တောင်တွင်း၊ ပခန်း၊ စကိုင်းမှာ ခရိုင်ဝန်သစ်ခန့်၊ ဆောင်ကြီးရှက်ကြီးနဲ့ နောက်လိုက် လူ ၅၀ စီပေး။

၁၂၄၆ ခုနှစ် ပြာသိုလဆန်း ၁ ရက် (17 Dec 1884) အဝက စစ်ကိုင်းမင်း ကုသိုလ် မဟာသကျသီဟ ဘုရားဆင်းတုတော်ကို မလွန်ဈေးမြောက်သို့ ရွှေ့စေ၊ မြန်မာဗိသုကာ ဆရာကြီး မောင်းထောင်ရွာစား နေမျိုးသိဒ္ဓိ၊ ပြင်သစ်စက်ဆရာ ဘုံဘီလမ်း၊ လက်ထောက် ဘလမ်းတို့တာဝန်၊ ကုန်ကျစရိတ် ငွေ ၃၉၀၀၀ ဟုခန့်။

၁၂၄၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ ရက် (15 Jan 1885) ပြင်သစ်မြန်မာ ဒုတိယစာချုပ်လက်မှတ်ထိုး။

၁၂၄၆ ခုနှစ် နှောင်းတန်ခူးလ (Apr 1885) မိဖုရား ကုသိုလ်မြတောင်ကျောင်း ဆောက်လုပ်ပြီးစီး၊ ကျောင်းတင်။

၁၂၄၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ ရက် (4 Apr 1885) ဂျာမဏီမြန်မာ မဟာမိတ်စာချုပ်။

၁၂၄၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက် (10 Apr 1885) မဟာသကျ သီဟ ပင့်ဖို့ အစီအစဉ်တွေ ပြင်ဆင်ပြီး၊ လူ ၃၅၀၀ နဲ့ စဆွဲ၊ ရွှေမြို့တော်ဝန် ယင်းတော် မြို့စားမင်းကြီး သီရိမဟာ ဇေယဂါမဏိက အုပ်ချုပ်။

၁၂၄၇ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက် (30 Apr 1885) မဟာသကျသီဟ မန္တလေးရောက်၊ ကုန်ခဲ့တဲ့နှစ် အလှူတော်ငွေ ၄သန်းကျော် ကုန်သမျှကို စာရင်းလုပ်၊ ဖတ်ကြား ရေစက်ချ၊ နေရာတော်နေ တကောင်းမြို့စား မင်းသားကြီးသေ။

၁၂၄၇ ခုနှစ် နယုန်လဆန်း ၈ ရက် (21 May 1885) မဟာသကျသီဟ ပလ္လင်တော်ပေါ်ရောက်၊ ဓါးမြ ငလှဦး ညီငရွှေကုံး စစ်ကိုင်းခရိုင်မှာထကြွ၊ အလုံတိုက်ပွဲမှာ ဓါးမြကအရေးသာ၊ ဓါးမြနှိမ်ရန် မဲချ၍ လူရွေးရာ အတွင်းဝန် လေသင်းဝန် စလေမြို့စားမင်းကြီး သီရိမဟာဇေယျကျော်ထင် တာဝန်ကျ၊ ကင်းလွတ်ခွင့်ပေးပြီး ချော့ခေါ်ပြီးမှ ကုန်သမျှ ကို တိုက်ခိုက်ရန် သဘောတူ၊ လူ ၂၀၀၀ ခန့်ဝင်၊ ဥရောပသွား သံအရာရှိတွေ ပြန်ရောက်။

၁၂၄၇ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက် (1 June 1885) ပြင်သစ်ကိုယ်စလှယ် (M. Haas) ရောက်။

၁၂၄၇ ခုနှစ် ဒုတိယဝါဆိုလ ( July 1885) သံချက်ဝန်ဦးမြူကို ပြင်သစ်သံ ခန့်ပြီး လွှတ်၊ တောင်ငူမြို့နေ သစ်ခေါင်းကြီးကိုဦးနဲ့ အင်္ဂလိပ်ကုမ္ပဏီတို့ နှစ်နှစ်အတွင်း သစ်လုံးရေ ၈၀၀၀၀ ယူ၊ ၃၀၀၀၀သာ စာရင်းတင်၊ ၅၀၀၀၀ ခိုးကြောင်းတွေ့ရှိ။

၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း ၂ရက် (12 Aug 1885) သစ်ခိုးကြောင်း ထင်ရှားလို့ ဒဏ်ငွေနှစ်သန်း သုံးသိန်းပေးဆောင်စေ။

၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း ၄ရက် (14 Aug 1885) မူးကြောင်း ချင်းတွင်းကြောင်း သစ်တွေစစ်ဆေး။

၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း ၇ရက် (17 Aug 1885) မောက်မယ်စော်ဘွားက လက်ဆောင် ဆက်။

၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း ၁၅ရက် (25 Aug 1995) အနောက်တခွင် ငြိမ်းချမ်းသာယာလို့ အတွင်းဝန် လေသင်းဝန်ပြန်လာ။

၁၂၄၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက် (27 Aug 1885) မိုင်းနောင်ကြောင်းချီ တပ်လဲစေ။

၁၂၄၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက် (3 Sept 1885) မှန်စီကြောင်းအတွက် စာရင်း တင်ငွေနဲ့ အမှန်ကုန်ငွေ ၆၄၀၀ ကျော်ကွာလို့ အုတ်ဝန်ကို အရာကနုတ်။

၁၂၄၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက် (4 Sept 1885) ရန်ကုန်ကို ပစ္စည်း အထူး အဆန်း အဝယ်လွှတ်သူတွေပြန်လာ။

၁၂၄၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက် (6 Sept 1885) ရာထူး အပြောင်းအလဲ တွေဖြစ်၊ အင်္ဂလိပ်လက်ဆောင် (ငွေ ၂၀၀၀၀ ရွှေ ၅ ပိဿာ) ယူသူ တောင်ငူ ရမည်းသင်း နှစ်မြို့ဝန် အရာကနုတ်။

၁၂၄၇ ခုနှစ် တော်သလင်းလဆန်း ၂ ရက် (10 Sept 1885) လက်နက်စက်ရုံက ထွက်တဲ့ ဗထက်ချိုက်သေနတ်၊ နောက်ထိုးသေနတ်တွေကို ဘုရင်ကိုယ်တိုင်စစ်ဆေး၊ နန်းသက် ခုနှစ်နှစ်ရှိလို့ ဇာတာတော်စစ်၊ သစ်ကိစ္စ လျော်ကြေးငွေ နှစ်သန်းကိုးသိန်းကို အင်္ဂလိပ်ကုမ္ပဏီက မပေးတဲ့အပြင် ဒဏ်ရိုက်တာမတရားလို့ အိန္ဒိယကနေပြီးကန့်ကွက်၊ ဒဏ်ပျက်ကွက်လို့ မြန်မာအစိုးရက အင်္ဂလိပ်ကုမ္ပဏီပိုင် ဆင်နဲ့ သစ်တောပစ္စည်းတွေ သိမ်းယူ၊ နိုင်ငံခြားသွား သံချက်ဝန်က အင်္ဂလိပ်ဆီက ဒဏ်ငွေကိုမရ၊ တောင်းမနေသင့်လို့ သတိပေး သံကြိုးရိုက်၊ မရောက်။

၁၂၄၇ ခုနှစ် တော်သလင်းလ ( Sept 1885) ထက်မြန်မာနိုင်ငံ အကောက်နှုန်း စာရင်း စာအုပ်ကို မဟူ့လေးနန်းတွင်း ပုံနှိပ်တိုက်မှာပုံနှိပ်ပြီး။

၁၂၄၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (22 Oct 1885) အင်္ဂလိပ်က နောက်ဆုံးစာပို့။

၁၂၄၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (27 Oct 1885) မြန်မာက စာပြန်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (7 Nov 1885) ဘုရင်ကိုယ်တိုင် အင်္ဂလိပ်ကို ကွပ်ကဲတိုက်ခိုက်မည်လို့ အမိန့်တော်ပြန်၊ စစ်သုံးကြောင်းတွင် မြစ်စဉ်ကြောင်း လူ ၅၀၀၀၊ တော်တွင်းကြီးကြောင်း လူ ၅၀၀၀၊ တောင်ငူကြောင်း လူ ၅၀၀၀။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက် (11 Nov 1885) အင်္ဂလိပ် သင်္ဘောတွေ နယ်ခြားကျောက်တိုင်ကို လွန်ပြီးတက်လာ။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (16 Nov 1885) ရန်သူက မင်းလှကိုသိမ်း၊ ဌွေးကြောင်းခံမြို့ကျ၊ မကွေးရောက်၊ တပ်တော်တွေ ဆုတ်ရကြောင်း မင်းလှက ကြေးနန်းရ၊ တပ်တော်တွေ အဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့က ရပ်နေစေအမိန့်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် (18 Nov 1885) အဝခံမြို့ လူ ၃၀၀၀ ကျော်၊ သပြေတန်းခံမြို့ လူ ၁၀၀၀ ကျော်၊ စစ်ကိုင်းခံမြို့ လူ ၂၇၆၀ သွင်းထား။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (19 Nov 1885) ယင်းရဲ ကျောက်ဆောင်အနီး ဧရာဝတီရေလမ်းကို လှေသမ္ဗာန်မှ ကျောက်တင်ပြီး နှစ်မြှုပ်ပိတ်၊ အရာမရောက်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (20 Nov 1885) ရန်သူ ရေနံချောင်းဝင်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (22 Nov 1885) ရန်သူပုဂံဝင်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (23 Nov 1885) ရန်သူ ကွမ်းရှာဝင်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (25 Nov 1885) ရန်သူ မြင်းခြံဝင်၊ မင်းမိဖုရား မင်းသမီးနဲ့ ယောက္ခမကြီး မြို့တော်ကထွက်ပြီးတိမ်းရှောင် သင့် မသင့် စဉ်းစားကြ၊ မိဖုရားမမာ၊ ယောက္ခမကြီး အသက်ကြီးပြီး သမီးတော်တွေ ငယ်လွန်းတယ်။ ဒါကြောင့် မြို့တော်က မထွက်ဘဲ ရန်သူတောင်းဆိုသမျှပေးစေ။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (26 Nov 1885) စစ်ဆိုင်း အလံတင်ပြီး အတွင်းဝန် ကျောက်မြောင်းမြို့စားနဲ့ ဝန်ထောက်မြို့စား ဝက်မစွတ်မြို့စားတို့ ရန်သူနဲ့သွားတွေ့၊ ရွာသစ်ကြီးအောက် လက်ပံပင် ထမင်းဆိုင်စခန်းအနီး အင်္ဂလိပ် သင်္ဘောတွေနဲ့တွေ့လို့ မြန်မာမင်းရဲ့ စာပေး။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (27 Nov 1885) စစ်အေးအဖွဲ့ ပြန်လာ၊ လက်နက်ချပြီး စစ်ကိုရပ်သိမ်းစေလို့ လွှတ်တော်က ကြေးနန်းနဲ့ တပ်တွေရှိရာကို ဆင့်၊ ခံမြို့သုံးမြို့က လက်နက်တွေကို ရန်သူကသိမ်း။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (28 Nov 1885) ဂေါဝိန်ဆိပ်က ရန်သူ စစ်သည် တစ်သောင်းတက်ပြီး နန်းမြို့ကို ဝိုင်းရံ ရှင်ဘုရင် ယိမ်းနွဲ့ပါးနန်းစဉ်ဓားကို ဓားအိမ်က ချွတ်ပြီးကိုင်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (29 Nov 1885) မင်း၊ မိဖုရား၊ သားမယ်တော် ခုနစ်ပါး ဘီရိုလှည်းနှစ်စီးမှာတင်၊ ဝက်မစွတ် ဝန်ထောက်၊ ပင်းတလဲ ဝန်ထောက်တို့က ထီးဖြူနှစ်ချက် အုပ်မိုးပြီးလိုက်၊ ရွှေးတော်ယူတံခါးကထွက်၊ ကျောက်မိုးတံခါးကထွက်၊ ဂေါဝိန်ဆင်း။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက် (30 Nov 1885) နေပြည်တော်က သင်္ဘောထွက်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် (3 Dec 1885) ရန်ကုန်ရောက်။

၁၂၄၇ ခုနှစ် နတ်တော်လဆန်း ၄ရက် (10 Dec 1885) ရန်ကုန်ကထွက်။

၁၂၄၇ ခုနှစ် နတ်တော်လဆန်း ၈ ရက် (14 Dec 1885) မဒရပ်ရောက်။

၁၂၄၇ ခုနှစ် နတ်တော်လဆန်း ၉ ရက် (15 Dec 1885) မန္တလေးကို စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးပြောင်း အုပ်ချုပ်။

၁၂၄၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက် (1 Jan 1886) အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်ပိုင်လို့ ကြေညာ။

၁၂၄၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက် (21 Jan 1886) ရှုရား သုတေသီ အိုင်ပီမိနယ့်ဖ် မန္တလေးရောက်။

၁၂၄၇ ခုနှစ် တပို့တွဲလဆန်း ၉ ရက် (12 Feb 1886) အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင် မန္တလေးရောက်။

၁၂၄၇ ခုနှစ် တပို့တွဲလဆန်း ၁၃ရက် (16 Feb 1886) အိုင်ပီမိနယ့်ဖ် မန္တလေးကပြန်၊ (နိုင်ငံရေး လူမှုရေး သူ့ဝေဖန်ချက်တွေဟာ မှတ်သားစရာကောင်းတယ်။)

၁၂၄၈ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (15 Jan 1887) အမေရိကန် နှစ်ခြင်းသာသနာပြုစာသင်ကျောင်းကို မန္တလေး ၈၃ ကုန်သည်လမ်း သေတ္တာတန်းမှာစဖွင့်။

၁၂၄၉ ခုနှစ် ကဆုန်လဆန်း ၁၃ရက် (4 May 1887) မန္တလေးမှာ ပထမနှစ် ခြင်းသင်းထောင်။

၁၂၄၉ ခုနှစ် ဝါခေါင်လဆန်း ၃ရက် (22 July 1887) မန္တလေးမှာ မြူနီစီပယ်ကော်မတီဖွဲ့ပြီး။

၁၂၄၉ ခုနှစ် တော်သလင်းလ (Sept 1887) အမေရိကန် နှစ်ခြင်းသာသနာပြုစာသင်ကျောင်းကို ၈၂ လမ်း ရသာတန်းရွှေ့။

၁၂၅၀ ပြည့်နှစ် ကဆုန်လဆန်း ၉ရက် (18 Apr 1888) ကုလားဝန်၊ လေးမြို့ ကတို့အုပ်၊ ရေနန်းယဉ်သာ သင်္ဘောတော်အုပ်၊ မဟာမင်းလှမင်းထင် ရာဇာလွှန်။

၁၂၅၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၁၀ ရက် (17 July 1888) အမေရိကန် နှစ်ခြင်း

သာသနာပြု စာသင်ကျောင်း ကြီးပွားလာလို့ အမျိုးသမီးကျောင်း တစ်ကျောင်း သီးသန့်ခွဲပြီး မန္တလေး ညွှန့်ပေါင်း ဈေးတောင်ဘက်မှာဖွင့်။

၁၂၅၀ ပြည့်နှစ် တပေါင်းလဆန်း ၁ ရက် (1 March 1889) ရန်ကုန်မန္တလေး ရထားလမ်း (၃၈၆ မိုင်) ဖွင့်။

၁၂၅၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် (29 Apr 1890) ဝက်စလီယန် မက်သဒစ်သာသနာပြုက မန္တလေးမှာ အနာကြီးစခန်းကို ဝင်စတန် (W.R. Winston) ကဖွင့်။

၁၂၅၃ ခုနှစ် နတ်တော်လဆန်း ၁ ရက် (1 Dec 1891) မင်းတုန်းမင်းရဲ့ မိဖုရား အနောက်နန်းမတော် လွန်။

၁၂၅၄ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် (18 May 1892) မင်းတုန်းမင်းရဲ့ မင်္ဂလာအိမ်တော်ပါ နန်းဦးမိဖုရား လွန်။

၁၂၅၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (11 Nov 1892) မင်းတုန်းမင်းရဲ့ တောင်ဆောင်တော် မိဖုရား လွန်။

၁၂၅၄ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက် (5 Dec 1892) ဝန်ရှင်တော် တောင်ခွင်မြို့စားမင်းကြီး သတိုးမင်းကြီး မဟာမင်းထင်စည်သူ လွန်။

၁၂၅၅ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် (28 March 1894) ပထမရွှေကျင် ဆရာတော် ပျံလွန်။

၁၂၅၆ ခုနှစ် (1895) တောင်တော်သာသနာပိုင် လွန်။

၁၂၅၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (18 June 1895) ရွှေပြည်ဝန် ဦးဘိုးလှိုင်ကတော် ခင်ဖြူ လွန်။

၁၂၅၇ ခုနှစ် ဝါခေါင်လဆန်း ၈ ရက် (28 July 1895) ရွှေဘိုမင်း မိဖုရားဟောင်း၊ ပခန်းမင်းကြီးကတော် ထိပ်တင် လွန်။

၁၂၅၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက် (9 Oct 1895) အတွင်းဝန် မြို့သစ်မြို့စားမင်း မင်းကြီးမင်းမဟာဇေယျသင်္ကြံ လွန်။

၁၂၅၈ ခုနှစ် (1896) မလွန်ဆန်လှူသင်း တည်ထောင်။

၁၂၅၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက် (6 Apr 1897) ဈေးချို တစ်ဈေးလုံး မီးလောင်ပျက်စီး။

၁၂၅၉ ခုနှစ် ဝါဆိုလဆန်း ၃ (1 July 1897) (ပဒုံမင်းရဲ့သား) တောင်ငူမင်းရဲ့မြေး ငွေတော်ဝယ် လူအုပ် စက်ရုံတော် တစ်ဆယ့်နှစ်ရပ် အကြီး၊ ဖိနပ်တော်ခေါင်း မင်းလုကျော်ထင် (မောင်မောင်ရွှေ) လွန်။

၁၂၆၀ ပြည့်နှစ် (1898) မန္တလေးမီးသတ်ဌာန တည်ထောင်။

၁၂၆၁ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၄ ရက် (10 July 1899) ကုလားဝန် ဂျွန်ဆာကီးစ်မန်နွတ်ခ် လွန်။

၁၂၆၁ ခု တပို့တွဲလပြည့်ကျော် ၁၃ ရက် (26 Feb 1900) သီပေါမင်း မိဖုရား စုဘုရားလတ်ရဲ့ မယ်တော် ဆင်ဖြူမရှင် လွန်။

၁၂၆၃ ခုနှစ် နယုန်လဆန်း ၃ ရက် (19 May 1901) မန္တလေးရဲ့ ပထမဆုံး နော်မံ ကျောင်းဖွင့်။

၁၂၆၃ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် (2 June 1901) ကင်းဝန်မင်းကြီးအိမ်မှာ သာသနာပိုင်အသစ် တင်မြှောက်ဖို့ ပထမဆုံးအကြိမ် အစည်းအဝေးလုပ်။

၁၂၆၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် (22 Oct 1901) သာသနာပိုင် ရွေးပွဲလုပ် (မိုးတားဆရာတော် ၃၉၆ မဲ၊ တောင်ခွင်ဆရာတော် ၁၉၅ မဲ၊ တုတ်လန်းဆရာတော် ၈၆မဲ။)

၁၂၆၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (2 Dec 1901) မန္တလေး ရောက်လာတဲ့ လော့ဒ်ကာဇုန်က မန္တလေးနန်းတော်ကို မပျက်အောင် ထိန်းသိမ်းရမယ်လို့ ဆုံးဖြတ်။

၁၂၆၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက် (5 Mar 1902) မနော်ရမံ အနာကြီးစခန်းဖွင့်။

၁၂၆၃ ခုနှစ် တပေါင်းလ (March 1902) မိုးတားဆရာတော် ပျံလွန်။

၁၂၆၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက် (12 July 1902) မန္တလေး မင်းနှစ်ဆက်မှာ အမှုထမ်း ခဲ့တဲ့ တရုပ်ဗိုလ်မင်းကြီး ဆွင်တာလောရဲ လွန်။

၁၂၆၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက် (18 Aug 1903) သမားတော် ပညာသိဒ္ဓိ ကျော်ခေါင် (ဦးခဲ) လွန်။

၁၂၆၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက် (6 Sept 1903) မနော်ရမံ အနာကြီးစခန်း တည်ထောင်သူ ဂျွန်ဝေဟင်ဂါ (John Wehinger) လွန်။

၁၂၆၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၁၀ ရက် (13 Nov 1903) တောင်ခွင် ဆရာတော်ကို သာသနာပိုင်ခန့်။

၁၂၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက် (2 May 1904) ရွှေမြို့တော်ဝန် ယင်းတော် မြို့စားမင်း သီရိမဟာဇေယျဂါမဏိ (ဦးပေစိ) လွန်။

၁၂၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက် (14 July 1904) မန္တလေးမှာ ဓာတ်ရထားလမ်းစဖွင့်။

၁၂၆၇ ခုနှစ် နတ်တော်လဆန်း ၂ ရက် (27 Nov 1905) သီပေါမင်းလက်ထက် အခွန်ခန့် အကောက်ဝန်၊ လောကဗိမာန် လေ့တော်အုပ် ကျောက်ရဲမြို့စား မင်းလှစည်သူ မူလာအစ္စမာအေလ် လွန်။

၁၂၆၇ ခုနှစ် ပြာသိုလဆန်း ၃ ရက် (28 Dec 1905) **ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး** ပုံနှိပ်ပြီး။

၁၂၆၈ ခုနှစ် ပြာသိုလဆန်း ၃ ရက် (16 Dec 1906) မန္တလေး မြန်မာမင်းလက်ထက် နန်းတွင်း စာပုံနှိပ်တိုက် အကြီးအကြပ်ဖြစ်သူ ဝန်စာရေး ဦးကြွယ် လွန်။

၁၂၆၈ ခုနှစ် တပေါင်းလ (March 1907) မန္တလေးတောင်ကို ဦးခန္တီစပြီး ပြုပြင်။

၁၂၆၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက် (6 Apri 1907) လွှတ်တော် စာရေးတော်ကြီး မင်းကျော် မင်းလှစည်သူ (ဦးနှစ်) လွန်။

၁၂၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ ရက် (30 June 1908) ကင်းဝန်မင်းကြီးလွန်။

၁၂၇၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (3 Dec 1908) မဟာရာဇာ စော်ဘွားကြီး သီဝိရဋ္ဌမဟာဝံသပဝရသေဋ္ဌသုဓမ္မရာဇာ (ပထမ သိန္နီမြို့ ဒုတိယ သုံးဆယ်မြို့စား) လွန်။

၁၂၇၁ ခုနှစ် (1909) ဝိတိုရိယ စိန်ရတုသဘင် အထိမ်းအမှတ် မန္တလေးဈေး ချိန် နာရီ စင်ဆောက်။

၁၂၇၂ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက် (14 Sept 1910) ရွှေတိုက် အတွင်းဝန် ပေါက်မြိုင်မြို့စား မင်းကြီးမင်းလှ မဟာဇေယ နန္ဒသင်္ကြံ (ဦးလှဘူး)လွန်။

၁၂၇၃ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (1 Oct 1911) အတွင်းဝန် လေှသင်းဝန်၊ စလေမြို့စား မင်းကြီး သီရိမဟာယေျဇ ကျော်ထင်လွန်။

၁၂၇၃ ခုနှစ် တပေါင်းလဆန်း ၂ ရက် (18 Feb 1912) အရှင်နန်းမတော် ဘုရားကြီး အနိပ်တော်ဆရာကြူး လွန်။

၁၂၇၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (13 Mar 1912) ပုဂံမင်းရဲ့ ညောင်ရမ်းမိဖုရား လွန်။

၁၂၇၄ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (19 Oct 1912) စလေမြို့စား လေှသင်းအတွင်းဝန် လွန်။

၁၂၇၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (16 March 1913) မန္တလေး ရွှေမြို့တော်ဝန် ရွှေလုံဗိုလ် ကောလင်းမြို့စားမင်း မင်းကြီး မဟာမင်းခေါင် နော်ရထာ လွန်။

၁၂၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (22 Nov 1913) ဇာတ်မင်းသား အောင်ဗလ၊ မန္တလေး ကွမ်းခြံရပ်မှာ လွန်။

၁၂၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက် (9 April 1914) ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက် အမြောက်ဗိုလ်မင်းဦးဟာရှင် လွန်။

၁၂၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက် (10 Oct 1915) မန္တလေး သံတဲကျောင်း စတင်ဖွင့်လှစ်သူ ဒေါက်တာမတ် လန်ဒန်မှာလွန်။

၁၂၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက် (16 Dec 1916) သီပေါမင်း နတ်ရွာစံ။

၁၂၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် (12 Mar 1917) ဒုတိယရွှေအင်ပင် ကျောင်းဒကာ တရုတ်သူဌေး ဦးစက်ရှင် လွန်။

၁၂၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက် (24 Oct 1919) ဘီးလူးမြို့ စော်ဘွားဖွနော်အင် မန္တလေးမှာ လွန်။

၁၂၈၁ ခုနှစ် တပေါင်းလဆန်း ၉ ရက် (26 Feb 1920) မန္တလေး ဆိုင်းတန်းရပ် ရှေ့နေ "ပလဲသခင်" လွန်။

၁၂၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက် (21 March 1920) လွှတ်တော် စာရေးကြီး မင်းခေါင်ကျော်ထင် (ဦးဆင်) လွန်။

၁၂၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက် (2 June 1920) သံတော်ဆင့် ဦးဘိုးတုတ် လွန်။

၁၂၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက် (2 Jan 1921) မန္တလေးမှာ ဆရာဦးဘတင်

ကြီးကြပ်ပြီး အမျိုးသားကျောင်းဖွင့်။
၁၂၈၂ ခုနှစ် ပြာသိုလဆန်း ၅ရက် (13 Jan 1921) ကွယ်လွန်သူ ဦးထွန်းရှိန်ရဲ့ အမ ဆရာမ ဒေါ်စောအုံ ဦးစီးပြီး အမျိုးသား မိန်းကလေးကျောင်းဖွင့်။
၁၂၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက် (29 Aug 1921) မန္တလေး တက္ကသိုလ် ပင်မဆောင်ကြီး အုတ်မြစ်ချ။
၁၂၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက် (21 Oct 1921) ဂျီစီဘီအေ အသင်းကြီးရဲ့ နဝမကွန်ဖရင့်ကို မန္တလေးမှာ စတင်ကျင်းပ။
၁၂၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (26 Apr 1924) သံတော်ဆင့် ဦးအေး လွန်။
၁၂၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက် (22 Dec 1924) မန္တလေး တက္ကသိုလ် ပင်မဆောင်ကြီးပြီးလို့ ဖွင့်ပွဲလုပ်။
၁၂၈၇ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက် (4 July 1925) မန္တလေး ဥပစာကောလိပ် ဖွင့်ပြီး အုပ်ချုပ်ရေးအဖွဲ့ရဲ့ ပထမဆုံးအကြိမ် အစည်းအဝေးလုပ်။
၁၂၈၇ ခုနှစ် နတ်တော်လဆန်း ၁၀ ရက် (24 Nov 1925) သီပေါမင်း မိဖုရား စုဖုရားလတ် လွန်။
၁၂၈၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (30 May 1927) သီပေါမင်း လက်ထက် လက်သုံးတော်၊ အင်္ဂလိပ်လက်ထက် ရှေ့နေ၊ အိန္ဒိယ အောက်လွှတ်တော်အမတ် မောင်မောင်ဆင် လွန်။
၁၂၈၉ ခုနှစ် တော်သလင်းလဆန်း ၆ရက် (1 Sept 1927) သီပေါမင်းလက်ထက် ကွမ်းရေတော်၊ မလွန်ဆံလျှသင်း ပထမဥက္ကဋ္ဌ ဦးသာကြွယ် လွန်။
၁၂၈၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် (13 Mar 1928) မင်းတုန်းမင်းရဲ့ သံတဲ ဘုရားကျောင်းကို ထပ်ပြီးပြင်တဲ့ ကျောင်းအတွက် အုတ်မြစ်ချ။
၁၂၉၂ ခုနှစ် ဝါခေါင်လဆုတ် ၂ရက် (10 Aug 1930) ဝက်မစွတ်မြို့စား ဝန်ထောက်မင်း မင်းကြီး မင်းထင်မဟာစည်သူ (ဦးလတ်) လွန်။
၁၂၉၅ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (2 Jan 1934) အဝ တံတားကြီးပြီး။
၁၂၉၇ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၄ရက် (21 Apr 1935) မန္တလေး ရွှေရေးဆောင် ဆရာတော် ဦးအာဒိစ္စရံသီ ပျံလွန်။
၁၂၉၉ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (17 Mar 1938) တောင်ခွင် သာသနာပိုင် ပျံလွန်။
၁၃၀၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ရက် (18 July 1938) စုဖုရားလတ် အပျိုတော် ပြင်သစ် အမျိုးသမီး မီလီဒန်နေဂရီ လွန်။
၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ရက် (10 Feb 1939) မန္တလေး နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲမှာ အင်္ဂလိပ်က သေနတ်နဲ့ ပစ်ပြီး လူစုခွဲလို့ **အာဇာနည်** ၁၇ ဦး လွန်။
၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၆ရက် (19 Feb 1942) မန္တလေး နန်းတော်ထဲက အထက် မြန်မာနိုင်ငံအသင်းတိုက်ကို ဂျပန် လေယာဉ်ပျံတွေ လာပြီး ဗုံးကြဲ။

၁၃၀၃ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ရက် (3 April 1942) မန္တလေးဂျပန် လေယာဉ်တပ်ကြီး လာပြီး ဗုံးကြဲ စက်သေနတ်နဲ့ပစ်။

၁၃၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက် (30 April 1942) အဝတံတားကြီး ချိုးပစ်။

၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော် ၄ရက် (1 May 1942) မန္တလေးကို ဂျပန် ရောက်။

၁၃၀၄ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (2 Dec 1942) မီးတိုင်အုပ် ကိုယ်စားလှယ် ကန်ထရိုက် ဦးမူ လွန်။

၁၃၀၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက် (15 May 1944) ဗိုလ်မှူးကြီးဗထူး ဦးစီးပြီး မန္တလေး အနောက်မြောက်တိုင်း စစ်ရုံးဖွင့်။

၁၃၀၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (11 Mar 1945 ) မန္တလေးတောင်ကို မဟာမိတ်တွေက သိမ်း။

၁၃၀၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက် (17 Mar 1945) မန္တလေးနန်းတော် မီးလောင် ပျက်စီး။

၁၃၀၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက် (20 Mar 1945) မန္တလေးက ဂျပန်ပြေး။

၁၃၀၇ ခုနှစ် နယုန်လပြည့်ကျော် ၈ရက် (2 June 1945) ဗိုလ်မှူးကြီးဗထူး လွန်။

၁၃၀၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက် (30 Dec 1945) မန္တလေး နေသူရိန် ရုံကြီး မှာ မြို့လုံးကျွတ် အစည်းအဝေးလုပ်ပြီး မန္တလေးကို ခေတ်မီအောင် ပြန်ဆောက်ဖို့ ဆုံးဖြတ်။

၁၃၀၈ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (14 May 1946) အမေရိကန်နှစ်ခြင်း သာသနာပြု မိန်းကလေး စာသင်ကျောင်း ပြန်ဖွင့်။

၁၃၀၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက် (20 Nov 1946) ရဲဘော် ဗဟိန်း လွန်။

၁၃၀၈ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၉ရက် (25 April 1946) ပညာဝန်ထောက် ဦးကျော်ရန် (မြန်မာသမားတော်ဆေးတိုက်ရှင်) လွန်။

၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (27 Jan 1949) မန္တလေးတောင် ကို အခု အခြေအနေ မြင်ရအောင် ပြုပြင်တဲ့ ရသေ့ ဦးခန္တီ လွန်။

၁၃၁၀ ပြည့်နှစ် တပေါင်းလဆန်း ၁၃ ရက် (11 Mar 1949) မန္တလေးကို ကရင်သူပုန်ဝင်။

၁၃၁၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၉ရက် (6 April 1949) မန္တလေးက ကရင် သူပုန်ထွက်။

၁၃၁၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် (25 April 1949) နန်းတော်ရှေ့ ဆရာတင် လွန်။

၁၃၁၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်က တန်ဆောင်မုန်းလပြည့် ကျော် ၁၄ ရက်ထိ (7 Nov- 8 Dec 1950) မန္တလေးမှာ ဝန်ကြီးချုပ် ဦးနု လာနေ။

၁၃၁၂ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက် (24 Jan 1951) သံတဲကျောင်းဘုန်းကြီး ဝီလီယမ်ရှေဖ်ဂါရဒ် လွန်။

၁၃၁၃ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက် (22 Sept 1951) **ကဗျာကြေးမုံ ဝိဋကတ်ကြေးမုံ** ကျမ်းပြုဆရာတော် ဦးနိဗြောဓ လွန်။

၁၃၁၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (23 Oct 1951) မန္တလေးမှာ အထက်မြန်မာနိုင်ငံ သတင်းစာဆရာတွေနဲ့ ညီလာခံကျင်းပ။

၁၃၁၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက် (22 Oct 1954) တို့ဗမာ အစည်းအရုံး နာယက သခင်ထိပ်တင် ကိုယ်တော်ကြီး လွန်။

၁၃၁၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (27 Oct 1954) ပိတ်ထားတဲ့ အဝတံတားကြီး ပြင်ပြီးလို့ဖွင့်။

၁၃၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (11 Feb 1955) မန္တလေး မြူနီစီပယ်ရုံးကြီး ပန္နက်ချ။

၁၃၁၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက် (16 Sept 1955) မြို့မငြိမ်းလွန်။

၁၃၁၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (11 Nov 1956) မန္တလေးဘုန်းကြီး အဓိကရုဏ်းမှာ ဦးစန္ဒာသီရိနဲ့ ဦးကေသဝတို့ လွန်။

၁၃၂၀ ပြည့်နှစ် နယုန်လဆန်း ၁၅ရက် (1 June 1958) မန္တလေးတက္ကသိုလ် သီးခြားဖြစ်။

၁၃၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (27 May 1959) မန္တလေး နှစ်တစ်ရာပွဲစ။

၁၃၂၂ ခုနှစ် တော်သလင်းလဆန်း ၃ ရက် (23 Aug 1960) ဒို့ဘုရင် ဦးဘရင် လွန်။

၁၃၂၄ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (6 Aug 1962) ဦးကလျာဏာဘိဝံသ ပျံလွန်။

၁၃၂၅ ခုနှစ် နယုန်လဆန်း ၁၁ ရက် (2 June 1963) မင်းတုန်းမင်းရဲ့သမီး ထရုံကာမြို့စားမင်းသမီး လွန်။

၁၃၂၅ ခုနှစ် နယုန်လပြည့် (6 June 1963) မင်းတုန်းမင်းရဲ့သား ပျဉ်းမနား မြို့စားမင်းသား လွန်။

၁၃၂၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (4 Feb 1964) မန္တလေးအာဇာနည် ဗိမာန် ဆောက်ပြီး။

၁၃၂၆ ခုနှစ် ဝါခေါင်လဆန်း ၁၀ရက် (18 Aug 1964) မန္တလေး အနောက်ပြင် ခင်မကန် တိုက်စံကျောင်း ဆရာတော်ပျံလွန်။

၁၃၂၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (5 Dec 1964) ရွှေပြည် ဦးဘတင် လွန်။

၁၃၂၇ ခုနှစ် ဝါခေါင်လဆန်း ၈ ရက် (5 Aug 1965) ရွှေမန်းဆရာတော် ဦးကေသရ ပျံလွန်။

၁၃၂၇ ခုနှစ် နတ်တော်လဆန်း ၅ ရက် (28 Nov 1965) အထက်မြန်မာနိုင်ငံ စာရေးဆရာသင်းက 'ပြောတဲ့အတိုင်း ရေးမယ်' လို့ စာတန်းရေးတင်။

၁၃၂၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက် (30 Mar 1966) "ပြောသလိုပဲ ရေးမှ မှန်တယ်ထင် စွပ်သာလုပ်သွား၊ လိုက်လုပ်ရမယ်။ ဆင်သွားရင် လမ်းဖြစ်တယ်" လို့ ပြောသွားတဲ့ မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်ကျော်ရင် လွန် (အဲဒီရေးပုံကို မလိုလားတဲ့လူတွေက သူ့စကားလိုက်ပြီး စကားပြောရေးပုံကို **ဆင်သွားမှု** လို့ အမည်ပေးထားကြ ပါပြီ။)

၁၃၂၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက် (22 July 1966) ခရစ်ယာန် သာသနာပြု အနာကြီးစခန်းတွေကို နိုင်ငံအစိုးရက လွှဲယူ။

၁၃၂၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက် (9 Oct 1966) မန္တလေး ဗဟိုအမျိုးသား ကျောင်းအုပ်ဟောင်း ဦးဘခင် လွန်။

၁၃၂၈ ခုနှစ် တပေါင်းလဆန်း ၂ရက် (12 Mar 1967) နော်မံကျောင်း ဆရာဟောင်း ဦးပန်းရည် လွန်။

၁၃၂၉ ခုနှစ် နယုန်လပြည့်ကျော် ၃ရက် (25 June 1967) မန္တလေး မြန်မာ ပုဏ္ဏားတွေထဲမှာ ပညာရှိလို့ ထင်ရှားတဲ့ သာမ သုန္ဒရ ဦးဘကြိုင် လွန်။

၁၃၂၉ ခုနှစ် ဝါဆိုလဆန်း ၂ရက် (7 July 1967) မန္တလေးထုတ် နေ့စဉ် လူထုသတင်းစာ ရပ်စဲ။

အခုတင်ပြပြီးတဲ့ 'ရက်စဉ်သမိုင်း' ကို ကြည့်ပြီးရင် (၁) တည်ဆောက်တဲ့အပိုင်းနဲ့ (၂) ကျဆင်းတဲ့အပိုင်းလို့ပဲ မြင်ကြမယ်။ နိုင်ငံအုပ်ချုပ်ရေးအစိုးရရဲ့ ဗဟိုဌာန (ရာဇဌာနီ) ဖြစ်လို့ တစ်နိုင်ငံလုံးက မန္တလေး အဖြစ်အပျက်ကိုပဲကြည့်ပြီး ဒို့ဆီမှာ နှိုင်းချင့်ပြီး ဆီလျော်အောင် လုပ်ရမယ်လို့ နားလည်ထားကြတယ်။ အဲဒီလိုပိုင်းပြီး အမြဲကြည့်နေရတဲ့ နေရာကနေပြီး တစ်ခါတစ်ရံ မှ လာကြည့်တဲ့နေရာ ဖြစ်ခဲ့ရပါတယ်။ တစ်နည်းပြောတော့ ခေါင်းဆောင်ပိုင်းက ကျဆင်းသွားတယ်။ ဒီနေရာမှာ ရေးပစ္စည်းနဲ့ ရေးမှုကို အမွေအနှစ်သဘောနဲ့ မန္တလေးက ဆက်ထိန်းပေးတာမှန်တယ်။ ဒါပေမဲ့ ရေးမှုကို ပိုက်ထားလွန်းရင် တိုးတက်မှုရပ်တယ်။ ရှင်းရှင်းပြောတော့ ညံ့သွားတဲ့ အစိတ်အပိုင်းမျိုး တွေ့နေရတယ်။ ခေတ်နဲ့ ရင်ပေါင်တန်း မလိုက်ရင် ဆုတ်ယုတ်တယ်မပြောတောင် မတိုးတက်ဘူးဆိုတာက သေချာတယ်။ မြန်မာနိုင်ငံမှာ မန္တလေးလို အစကောင်းတဲ့မြို့ မရှိပါဘူး။ မြေမျက်နှာ အညီညွတ်ဆုံးနေရာမှာ အကွက် ရိုက်ပြီး စနစ်တကျ မြို့တည်တယ်။ ကျုံးတွေ မြောင်းတွေ ဥယျာဉ်တွေနဲ့ လိုလေသေး မရှိဘူး။ ခေတ်အလျောက် အကျော်ဆုံး ဗိသုကာတွေက ငွေကြေး ဘာကိုမှ မငဲ့ရဘဲ အကောင်းဆုံးလုပ်ပေးခဲ့တယ်။ ဒါပေမဲ့ မန္တလေးရာဇဝင်က ဆုတ်ယုတ်ပျက်ပြားတဲ့ ရာဇဝင်လို့ပဲ ဆိုရ မယ်။ တစ်နိုင်ငံလုံးကို ချောက်ခြားခဲ့တဲ့ လူတွေဟာ တဖြည်းဖြည်း သေကုန်တယ်။ အမျိုးသားစံပြ အဆောက် အအုံတွေကလဲ တစ်ခုပြီးတစ်ခု မီးလောင် ပျက်စီးကုန်တယ်။ နောက်ဖြစ်လာတဲ့ အဆောက်အအုံတွေက နည်းမမီစံမရ ဆိုတာမျိုးတွေပဲ ရေးနည်းအတိုင်း ရေးကလာလည်း မကောင်းဘူး၊ အခုတစ်မျိုးကောင်းတယ်လို့ စံတင်လို့လဲမရဘူး။ ဒီလိုဆိုရင် ခေါင်းဆောင်ပိုင်း ပြန်ရောက်ဖို့ ကြိုးစားရမယ်။ အစိုးရဗဟိုဌာန မဟုတ်လို့ နိုင်ငံရေးခေါင်းဆောင် ဖြစ်မလာနိုင်ဘူး။ လူမှုဆက်ဆံရေး ခေါင်းဆောင်၊ သာသနာယုံကြည်မှုခေါင်းဆောင်၊ ယဉ်ကျေးမှုအနုပညာခေါင်းဆောင်၊ စာပေရေးရာခေါင်းဆောင်၊ အဲဒီနည်းတွေနဲ့ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးမှာ စံပြမြို့ ဖြစ်လာနိုင်ပါတယ်။

မန္တလေးသမိုင်းကိုရေးတဲ့အခါ (၁) မန္တလေးကို ဘာကြောင့် အသစ်တည်ရသလဲ။ (၂) မြို့သစ်မှာ အကွက်ဘယ်လိုရိုက်ပြီး ဘယ်လိုဆောက်ကြသလဲ။ (၃) ဘယ်သူတွေ ပြောင်းရွှေ့နေထိုင်သလဲ။ (၄) အဲဒီလူတွေရဲ့ စီးပွားရေးပုံစံက ဘယ်လိုလဲ။ (၅) သူတို့ရဲ့

လူမှုဆက်ဆံရေးက ဘယ်ပုံလဲ။ (၆) သူတို့ တည်ဆောက်သွားတဲ့ အဆောက်အအုံနဲ့ ပန်းချီ ပန်းပု အနုပညာလက်ရာတွေက ဘယ်လိုလဲ။ (၇) သူတို့ရေးသွားတဲ့ စာပေကို ဘယ်လို အကဲဖြတ်လို့ ရသလဲ။ (၈) သူတို့ ကိုးကွယ်ယုံကြည်တဲ့ သာသနာဟာ ဘယ်လိုသဘောရှိသလဲ။ (၉) နိုင်ငံခြားဆက်ဆံရေးကြောင့် အသစ်ပေါက်ရောက် လာတဲ့အလေ့အလာ အတွေးအခေါ် တွေကို ဘယ်လိုခံယူသလဲဆိုပြီး ပိုင်းခြားရေးသားချင်ပါတယ်။

**မန္တလေးကို ဘာကြောင့်တည်သနည်း**

နေရာပြောင်းမှာ မနေချင်တော့လို့ ဆိုတဲ့အဖြေကလွဲပြီး တခြား ကျေနပ်လောက်တဲ့ အဖြေ ရှာမတွေ့ပါ။ ထုံးစံအတိုင်း လူကြားကောင်းလောက်အောင် အဖြေရှာကြကြဖို့ မင်းရော မင်းတိုင်ပင်အမတ်နဲ့ လူ့ပညာရှိ၊ ရဟန်း ပညာရှိ အခေါ်ခံသူတွေပါ ကြိုးစားရှာဖွေကြပါတယ်။ သူတို့ပေးတဲ့ အဖြေတွေ ခဏထားပြီး အမရပူရမြို့တော်မှာ မင်းတုန်းမင်းဟာ ဘာပြုလို့ ဆက်မနေချင်တော့တာလဲလို့ စဉ်းစားရပါမယ်။ ခန့်မှန်းချက်အရ (၁) အမရပူရမှာ နေတုန်း ၁၈၅၂ ခုနှစ် အင်္ဂလိပ်နဲ့စစ်ဖြစ်ပြီး စစ်ရှုံးတယ်။ (၂) စစ်ရှုံးတဲ့မင်းဟာ နန်းကျတယ်။ (၃) ဒီလို ပြည်တွင်းပြည်ပ အသရေ ညှိုးတဲ့နေရာမှာ မင်းသစ်ဟာ ဘယ်မှာနေချင်မလဲ ဆိုတဲ့အဖြေ ထွက်တယ်။ ဒါပေမဲ့မင်းလုပ်လူက ဒါ့ကြောင့် ဆက်မနေချင်တော့လို့ ပီပီသသ မပြောပါဘူး။ ဒါပေမဲ့ နေရာအသစ်မှာ အောင်မြင်မှုအသစ် ဖြစ်ပေါ်မယ်လို့တော့ အများကြီး အားထားတာ တွေ့ရတယ်။ ဒီနည်းနဲ့ လှည့်စဉ်းစားရင် မြို့သစ်တည်တာ အကျိုးရှိပါတယ်။ စိတ်ဓာတ် ကြံ့ခိုင်ရေးကို ရခဲ့ပါတယ်။ တိုင်းပြည်နိုင်ငံ တစ်ဝန်းလုံးမှာ စိတ်ဆင်းရဲနေတာ ခေတ္တခဏ ရွှင်ပြခွင့်ရတယ်။ ပြည်တွင်း ညီညွတ်မှုရအောင် နိုင်ငံခြားမှာ အကြောင်းရှာပြီး နယ်ချဲ့စစ်တိုက်ခဲ့တဲ့ ဂျပန်ဟာ ယာယီအောင်မြင်မှု စိတ် ချမ်းသာမှု ရခဲ့သလိုပဲ နိုင်ငံခြားသား နဲ့ ရင်ဆိုင်တိုက်ပွဲမှာ အရေးမသာလို့ မျက်နှာပန်းမလှတဲ့အခါ 'နန်းမြို့တော် အသစ်တည်ထောင် ဖန်ဆင်း' နိုင်တယ်လို့ မင်းကလည်း ဂုဏ်ယူပြီး တကယ့်စိတ်မချမ်းမသာ ဖြစ်စရာအချက်ကို မေ့လိုက်ချင်တယ်။ ပြည်သူကလည်း ရောယောင်ပြီး မင်းနဲ့အတူ ကျေနပ်ပြီး မင်းသစ်အပေါ်မှာ အထင်ကြီးလာမယ်။ ဒို့ဘုရင်ဟာ ဒီလို တင့်တယ်တဲ့မြို့ကို တည်ဆောက်နိုင်တဲ့ 'ဘုန်း' ရှိတယ်လို့ အားကိုးလာကြတယ်။

မြို့သစ်တည်ဖို့ အတိအလင်းဝန်ခံကြေညာတဲ့ အကြောင်းပြချက်တွေကတော့ သာသနာတော်ကို ထိပ်တန်းထားပြီး ပြပါတယ်။

၁။ မြန်မာနိုင်ငံမှာ သာသနာဟာ ပု(ပုဂံ) ပ(ပင်းယ) စ(စကိုင်း) ဝ(အဝ) မ(မန္တလေး) တ(တကောင်း) က(ကောင်းတုံ) က(ကောင်းစင်) ငဆောင်ချမ်း)ဆိုတဲ့ ဧရာဝတီမြစ်ရိုးမှာ တောင်ကနေပြီး မြောက်ဘက်ကို တစ်ဖြည်းဖြည်းရွှေ့ပြီး ကိုးနေရာမှာ ထွန်းကားမယ်လို့ သိုက်စာရှိတယ်။ သာသနာ့ ဒါယကာအခေါ်ခံချင်တဲ့ မင်းက မန္တလေးကို ပြောင်းမယ်ပေါ့။ ဒီနေရာမှာ ဘိုးတော်လို့ခေါ်တဲ့ ပဒုံမင်းကလဲ မြို့သစ်တည်ပြီး သူ့မြို့ဟာ မန္တလေးလို့ သူယူဆခဲ့တယ်။ ဒီအတိုင်းပဲ အမရပူရဟာ မန္တလေးပေါ့လို့ ဘုန်းကျော် ဆရာတော်စတဲ့ ပုဂ္ဂိုလ်တွေက မင်းတုန်းမင်းကို ထောက်ပြခဲ့တယ်။ ဒါပေမဲ့ မင်းတုန်းမင်းက

မန္တလေးလို့ ခေါ်တဲ့ နောက်ထပ်မြို့သစ်တည်ရမှ သာသနာ ထွန်းပမယ်လို့ ယုံပြီးသား ဖြစ်နေတယ်။

၂။ သာသနာ ၂၄၀၀ (သက္ကရာဇ် ၁၂၁၈ ခု၊ ခရစ်နှစ် ၁၈၅၆) ရောက်ရင် အင်္ဂါနံမင်းက မြို့သစ်တည်မယ်။ ဒီအခါ သာသနာစည်ပင်မယ်။ မင်းဆက် ၄၇ ဆက်တိုင်တိုင် ကြာမြင့်အောင် မြို့သက်ရှည်မယ်လို့ သိုက်စာရှိနေပြန်တော့ မင်းတုန်းမင်းဟာ အင်္ဂါသားလည်း ဖြစ်ပြန် သက္ကရာဇ် ၁၂၁၈ ခုဟာလည်း ရှေ့အဖို့ သုံးနှစ်ကြာရင် ရောက်မယ်ဆိုပြီး ၁၂၁၅ ခုနှစ်ကပဲ မင်းတုန်းမင်းဟာ မြို့သစ်တည်ဖို့ အများကြီး လိုလားနေပါတယ်။

တစ်နည်းပြောရရင် မန္တလေးဆိုတဲ့ မြို့သစ်တည်ရရင် မင်းလည်း ဘုန်းကြီးမယ်၊ သာသနာလည်းစည်ပင်မယ်။ မင်းဘုန်းကြီးရင် တိုင်းသားပြည်သူ ချမ်းသာမယ်။ မြို့ပြပြည်ရွာ သာယာမယ်။ ရောင်းခင်း ဝယ်ခင်း ဖွံ့ဖြိုးမယ်ဆိုတဲ့ အများပြည်သူ အကျိုးလည်းပါနေပြီး မဟုတ်လား။ ဒီနည်းနဲ့ ကြည့်ပြီးမြို့သစ်တည်ဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပါတယ်။ အဟောင်းကို အပြစ်မရှာ၊ အသစ်ရရင် အလွန့်အလွန် ကောင်းမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြောင်းတာပါပဲ။

နန်းတော်အသစ်ဆောက်တဲ့ အခါမှာတော့ ပုံစံအသစ် နည်းအသစ် ဖြစ်မယ်လို့ မှန်းထားကြရင် မှားမယ်၊ ရှေးပုံစံ ရှေးနည်းပဲ ဆောက်မှာပဲ။ အရှေ့နိုင်ငံတစ်လွှားမှာ ဒီအတိုင်းပဲဖြစ်တယ်။ နည်းနည်းပါးပါး ရှေးစနစ်နဲ့ လွဲတာတော့ ရှိမှာပေါ့။ ဒါတောင် မှတ်တမ်းတင်တဲ့အခါ ရှေးပုံစံနဲ့ 'တဆံခြည် မယွင်း'လို့ တင်လေ့ရှိပါတယ်။ အသေးစိတ် ခြယ်လှယ်ရာမှာ ရှေးကနဲ့ကွာမယ်၊ ပန္နက်ပုံစံထုတ်ပုံကတော့ ဘယ်တော့မဆို တူတယ်။

> မြို့ကို ခိုင်ခံ့မြင့်မားတဲ့ အုတ်တံတိုင်းရံရမယ်၊ မြို့ပုံသဏ္ဌာန်ဟာ စတုရန်းပဲဖြစ်မယ်။ မြို့ရိုးမှာ ပြအိုးတွေ၊ တင်ထားမယ်။ တံတိုင်း အပြင်က ကျုံးနက်နက် တူထားမယ်။ မြို့တွင်းကိုဝင်ဖို့ တံခါးတွေ ရှိမယ်၊ တစ်ခါတစ်ရံ တစ်ဆယ့်နှစ်ပေါက်ထားမယ်။ မြို့ရိုးတံတိုင်းရဲ့ အလယ်ချက်မှာ နန်းတော်ဆောက်ရတယ်။ နန်းတော်ကို ဆောက်ဖို့ အုတ်ခုံလုပ်ရတယ်။ ဒီအုတ်ခုံကျတော့ စတုရန်း မဟုတ်ပါ။ (အရှေ့ အနောက်) အလျားရှည်ပြီး (တောင်မြောက်) အနံကျဉ်းမယ်။ ဒီအုတ်ခုံ ပေါ်မှာ ပုံစံမျိုးစုံပါတဲ့ အဆောက်အအုံတွေရဲ့ အပေါင်းကို နန်းတော်လို့ ခေါ်လိုက်ကြတာပါပဲ။ ပုံစံမျိုးစုံပေမယ့် တူညီချက်နှစ်ချက် ရှိပါတယ်။ အားလုံးကို သစ်နဲ့ပဲဆောက်တယ်၊ (မန္တလေး မှာ အုတ်တိုက် အနည်းအပါး ဖြည့်စွက် ပါဝင်လာတယ်။) ပြီးတော့ အားလုံးတစ်ထပ်ပဲ ပါတယ်။ အသားပန်းပုတွေနဲ့ မှန်စီရွှေချလုပ်ထားလို့ ဝင်းဝင်းတောက် နေမယ်။ (ဒီလို နီကနဲ ရဲကနဲ လက်ရာ အလှတွေ ဘယ်ဟာ ကြည့်ရမှန်း မသိအောင် အကုန် စုပြုံပြီး ပြွတ်သိပ်ထားတာကို ဥရောပ တိုက်သားတွေက 'အရိုင်းလှ'လို့ ခေါ်ပါတယ်။) လုံခြုံရေးအတွက် အဲဒီ နန်းတော်အုတ်ခုံကို သစ်တပ်နှစ်ထပ် သုံးထပ် ရံအုံးမယ်။

အကြမ်းသဘောကတော့ နန်းမြို့ဟာ ဒီအတိုင်းပဲတွေ့ကြရပါတယ်။ အပြင်မြို့ဟာလည်း ရှေးပုံစံအတိုင်းပဲဖြစ်ရမယ်။

ပြင်မြို့ကို မြေမြို့ရိုးရံပါတယ်။ တစ်ဖြောင့်တည်း မတ်စောက်တဲ့ နံရံမဟုတ်ပါ။ အောက်ခြေ ကားပြီး အဖျား ရှူးတဲ့ (တာတမံ) သဘောရှိတယ်။ အောက်ခြေမှာ ခြေဆယ်လှမ်းလောက် ကျယ်မယ်၊ အမြင့်လည်း ခြေဆယ်လှမ်းစာလောက် မြင့်မယ်။ ထိပ်အကျယ် က တော့ ခြေသုံးလှမ်းစာလောက် ရှိပါတယ်။ ထွက်ပေါက်တွေလည်း (အများကြီး)ထားပါတယ်.....။ လမ်းတွေဟာဖြောင့်တယ်၊ ကျယ်တယ်၊ ဒါကြောင့် ဒီဘက်လမ်းထိပ်ကနေကြည့်ရင် ဟိုဘက်ကို မျက်စိတစ်ဆုံး တစ်လမ်းလုံး မြင်နေရတယ်။ မြို့လယ်မှာ အချိန်နာရီကို ကြော်ညာတဲ့ ခေါင်းလောင်းစင် (ဗဟိုစည်စင်) ရှိတယ်။ အိမ်ဆောက်ဖို့ ဝင်းတွေ ခွဲစိတ်ပြီးပေးပြန်တော့လည်း အားလုံး စတုရန်းတွေကြီးပဲ ဖြစ်တယ်။ အိမ်ထောင်ဦးစီးက ကြီးကြပ်ပြီး ဝင်းအလိုက် အိမ်တွေဖွဲ့ပြီး ဆောက်ကြရတယ်။ သီးမျိုး ပွင့်မျိုးစုံတဲ့ ဥယျာဉ်လည်း အိမ်တွေ ဝန်းကျင်မှာ စိုက်တယ်။ အိမ်ဝင်းအပြင်က ယာဉ်ရထား သွားတဲ့လမ်း ရှိတယ်။ စစ်တုရင်ကွက်လို အားလုံး အချိုးကျမြင်ရလို့ လှမျိုးစုံကို ကုန်အောင်ပြောနိုင်ဖို့ ခက်ပါတယ်။

နန်းတော်ကို သစ်နဲ့ပဲ ဆောက်တယ်ဆိုတဲ့အလေ့ဟာလည်း အာရှတိုက်မှာ အများကြိုက်ပြီး လိုက်နာတဲ့ အလေ့တစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဒီလို မှတ်ချက်မျိုးတွေ ရဖူးပါတယ်။

နန်းတော်ကို ဖော်ပြပုံက အခြေခံအုတ်မြင့်ပေါ်မှာ (ထုံးစံ အပြောက်အမွှမ်း ထုပြီးရွှေချထားတဲ့) အထက်ပါ သစ်သားအဆောက်အအုံကို တွေ့ရပါတယ်။ အဲဒါမျိုးကို မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ ဂျာဗားနိုင်ငံနဲ့ တရုတ်နိုင်ငံမှာလည်း တွေ့မယ်။ ရှေးအိန္ဒိယခေတ်တွေက အသောကတို့၊ ဝိကြမဒိတျတို့ နန်းတော် နမူနာတွေကျန်ရင်လည်း ဒီထုံးကို လိုက်နာတယ်လို့ ယူဆဖို့ပဲ ရှိတယ်။ နီနင်ဗေးက ဒီထုံးကို လိုက်ပြီး ဆောက်လုပ်ကြတယ်လို့ ဆိုရမလို ဖြစ်နေပါတယ်။

ဒီနေရာမှာ (၁)မြို့ကို ဘာကြောင့် လေးဒေါင့်စပ်စပ် ဆောက်သလဲ၊ (၂)နန်းတော်ကို ဘာကြောင့်သစ်သားနဲ့ပဲ ဆောက်သလဲလို့ မေးစရာ မေးခွန်း နှစ်မျိုး ပေါ်ပါတယ်။ မြို့ကို လေးထောင့်တည်တာကတော့ လမ်း ဖောက်ရတာ လွယ်လို့ ကောင်းလို့ဖြစ်မယ်။ ဒီနေရာမှာ နည်းနည်းဆန်းတာ တစ်ခုတော့ စကားကြုံလို့ပြောချင်ပါတယ်။ နန်းမြို့ရိုးကိုတိုင်းကြည့်ရင် အရှေ့ အနောက် အလျားဟာ တောင်မြောက်အလျားထက် နည်းနည်းတိုနေပါတယ်။ သာမည ကြည့်ရင်တူတယ်။ တကယ်တိုင်းကြည့်တော့ အရှေ့အနောက်ဟာ ၁ မိုင် ၂ ဖာလုံ ဖြစ်ပြီး တောင်မြောက်ဟာ ၁ မိုင် ၂ ဖာလုံ ၈၈ ကိုက် ဖြစ်နေပါတယ်။ ဒါက 'မန်းတောင်ရိပ်ခို' ဆိုလို့ မန္တလေးတောင်ဘက် နည်းနည်းလုထားတဲ့ သဘောလားတော့ မပြောတတ်ပါ။ ဒီလို တစ်ဖက်တိုရှည် ဖြစ်နေတာကို စကေးနဲ့ဆွဲတဲ့မြေပုံမှာပဲ ပေါ်လွင်နေပါတယ်။ လေးဒေါင့်ဖြစ်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ တိုင်းတာတဲ့ကိရိယာတွေ သိပ်မကောင်းလို့ နည်းနည်းကွာတယ်လို့ ပြောရမလား၊ တမင်ခွာထားတာ ဘာကြောင့်လဲတော့ မသိဘူးလို့ပဲ ပြောရမလား မသိပါ။ ကွာနေတာတော့ မှန်ပါတယ်။

နန်းတော်ကို ဘာပြုလို့ သစ်သားနဲ့ဆောက်သလဲဆိုတဲ့ အမေးကို ဖြေဖို့က သာပြီး ခက်သေးတယ်။ မြေအုတ်၊ ကျောက်အုတ်နဲ့ ကြီးကြီးခန့်ခန့် ဆောက်ဖို့ ဘယ့်လောက် ကောင်းသလဲလို့လဲ မေးနိုင်တယ်။ ကျွန်တော် ဖြေတတ်ထာကတော့ မြန်မာတွေဟာ ကျွန်းသစ်နဲ့ အလှအပဆောက်တဲ့ အဆောက်အအုံကို စွဲမက်နေပြီမို့ တစ်ခြားပစ္စည်းနဲ့ မဆောက်လိုတာဖြစ်မယ်။ ကျွန်းသစ်နဲ့ပန်းထုပြီး မှန်စီ၊ ရွှေချတာကို အင်မတန်ကောင်းအောင် လုပ်တတ် နေတော့ ပုဂံခေတ်ကစပြီး နန်းတော်ကို သစ်နဲ့ပဲဆောက်ခဲ့ပါတယ်။ ကင်းဝန် မင်းကြီးတို့ နိုင်ငံခြားရောက်ပြီး တခြားနန်းတော်တွေ မြင်ဖူးခဲ့တယ်။ ဘယ်လို ကောင်းတယ်လို့လဲ ပြန်ပြောတယ်။ ဒါပေမဲ့ ဒါမျိုး ဆောက်နေချင်တယ်လို့ ဘုရင်မှာအားကျစိတ် ပေါ်လာရင် ဆောက်ဖြစ်မယ်ပေါ့။ အခုတော့ ရှင်ဘုရင်ကလည်း ကိုယ်တိုင်မြင်ဖူးမဟုတ်လို့ အားမကျ တာလဲဖြစ်မယ်။ သီပေါမင်း လက်ထက်မှာ ရှေးပုံစံမဟုတ်တဲ့ နန်းမြင့်တစ်ခုတော့ တိုးလာ သားပဲ။ သီပေါ မင်းသာ နောက်ထပ် စိုးစံနေရသေးရင် ကျောက်အုတ်နဲ့ဆောက်တဲ့ နန်းတော် ကျန်ရစ်စရာရှိမှာပါ။ ခုတော့ ဘုရင်ကလည်း မမြင်ဘူး၊-မနေဘူးလို့ မတမ်းတဘူး။ ပူအိုက်တဲ့ရာသီဥတုနဲ့လည်း တယ်ပြီးမဟပ်မိဘူး။ ပြီးတော့ တစ်ဖက်ကလည်း ကျွန်းသစ်ကို သုံးပြီး အင်မတန် လှပတင့်တယ်အောင် ဆောက်တတ်တယ်။ ဒါကြောင့် သစ်သားနန်းတော်ပဲ ဆောက်တယ်လို့ သဘောရပါတယ်။ ဒီနေရာမှာ ကျိုင်းတုံစော်ဘွားဟာ ဒေလီက ပြန်ရောက် တော့ ဟိုကမြင်ခဲ့တဲ့ အိမ်ကြီးတစ်အိမ်ရဲ့ပုံစံကိုယူပြီး ဟော်ကို ၁၉၀၆ ခုမှာ ဆောက် လိုက်တယ်ဆိုတာ သွားသတိရတယ်။ သီပေါမင်းလည်း အချိန်ရရင် ဒါမျိုးလုပ်ဖြစ်မှာပါပဲ။ မင်းတုန်းမင်းလက်ထက် မြို့သစ်တည်ဆောက်တုန်းက နိုင်ငံခြား ဗဟုသုတ နည်းကြလိမ့်အုံး မယ်။ ဒီတော့ ရှေးပုံစံပဲချတယ်။ ဒါတောင် အင်မတန် တင့်တယ်လှပတယ်လို့ သူ့ခေတ် သူ့အခါက ချီးမွမ်းရတဲ့မြို့တော် ဖြစ်လာပါတယ်။ ဒီနေရာမှာ နိုင်ငံခြားပညာရှင်တချို့က အရှေ့တိုင်းသားတွေဟာ ကိုယ့်ထက် တစ်ဆင့်မြင့်သူကို သုံးစွဲပါစေဆိုပြီး တစ်ချို့ပစ္စည်း ကို ချီးခြံမြံ ဖြစ်လို့ ရှင်ဘုရင်က သစ်သားနန်းတော်နဲ့နေပြီး ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း ကို အင်မတန်ခိုင်ခံ့တဲ့ ကျောက်အုတ် မီးဖုတ်မြေအုတ်တွေနဲ့ဆောက်တာ ဖြစ်မယ်လိုလဲ တွေးကြတယ်။ တစ်နည်းကလည်း သစ်သားဟာအုတ်ထက် ပြိုပျက်လွယ်တယ်၊ ဒါ့ကြောင့် မင်းကို သင်္ခါရသဘောသိပြီး မာနမထောင်ဖို့ သတိပေးထားတာလည်း ဖြစ်မယ်လို့လဲ ဆင်ခြင်ကြတယ်။ ကျွန်တော်တော့ ဒီလို မယူဆချင်ပါဘူး။ ဘာပြုလို့လည်းဆိုတော့ ဘုရားမှာလှူတဲ့ ရွှေတွေ စိန်တွေ မျိုးကို ရှင်ဘုရင်ရော မိဖုရားပါ အပြည့်သုံးစွဲနေကြတာလဲ တွေ့ရတယ်။ ပြီးတော့ နန်းတော်ကို ကမ္ဘဋ္ဌာန်းသဘော ရှုတယ်လို့လည်း မတွေ့ဘူးပါဘူး။ မင်းစည်းစိမ်ဟာ ရေပွက်ပမာ တစ်ခဏမျှသာ ဖြစ်တယ်လို့ ဆင်ခြင်တာပဲ တွေ့ဖူးတယ်။

မြို့သစ်တည်ဖို့ အမိန့်တော်က ၁၂၁၈ ခု ပြာသိုလပြည့်ကျော် ၄ ရက် (၂၉ ဒီဇင်ဘာ ၁၈၅၆) မှာထုတ်ပြန်ပါတယ်။

မြို့နန်းတည်ထောင်မည့်အရာသည် သာသနာတော်ရေး၊ လောကရေး နှစ်ပါးဖြစ်တယ်။ သာသနာတော်မြတ် အကျိုးစီးပွား ဖြစ်ထွန်းလျက် ပြည်သူသတ္တဝါ အပေါင်းတို့ ချမ်းသာစီးပွားများခြင်းသာ အရင်းမူလ ဖြစ်သည်ကိုထောက်၍ သင့်

မသင့်များကို ဆရာတော်၊ သံဃာတော်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့နှင့် ဆွေးနွေး နိုင်းရှည့်တော်မူရာ သာသနာပြုဆရာတော်ကြီးနှင့် တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့က မန္တလေးပြည်ကြီးဖြစ်ထွန်းမည်ကို ဗုဒ္ဓကောလာဟလ၊ စက္ကဝတ္တိ ကောလာဟလ စသော ကောလဟလ ငါးပါး ကဲ့သို့ ကာလအရှည်က ကျော်စော ထင်ရှားကြောင်း။ ရှေးဘုရားရှင်တို့လက်ထက် မြို့နန်းရာဖြစ်၍ ကပ္ပိလရသေ့ သင်္ခမ်းရာမြေကဲ့သို့ ဘူမိနက်သန် မြေကြန်မင်္ဂလာရှိသော မြေးထူးမြေမြတ် ဖြစ်သည့် အတိုင်း မန္တလေးအရပ်၌ မြို့နန်းတည်ထောင် စံနေတော်မူလျှင် သာသနာစဉ်သိုက် ဗျာဒိတ်ဝင် မင်းဇေရာဇ်ဖြစ်၍ သာသနာတော်မြတ် အကျိုးစီးပွား ပြည်သူ သတ္တဝါအပေါင်းတို့ အကျိုးစီးပွားများမည့် အကြောင်းများကို သာသနာဝင်ကျမ်းလာ စကား၊ လောကီသိုက် ဓာတ်နိမိတ် အထောက်အထားများနှင့်တကွ ပညာရှိတို့နှင့် မကွဲမပြား တညီတညွတ် စာဆက်သွင်းချက်အတိုင်း မန္တလေးအရပ်၌ မြို့နန်း တည်ထောင် စံနေတော်မူမည်။ မြို့ရွာချဉ်းနင်းရန်မှစ၍ အခမ်းအနား ခန့်ထား စီရင်ရန်ရှိသည်များမှာ ၁၁၄၄ ခုနှစ်ဘေးတော် ဆဒ္ဒန်ဆင်မင်း သခင် မင်းတရားကြီး ဘုရား၊ အမရပူရမြို့တော် နန်းတော် တည်တော်မူရာ လုပ်ဆောင်ခန့်ထားသည့် အခမ်းအနား စာရင်းများနှင့် ညှိနိုင်း၍ ဝန်တို့က ပြီးပြေအောင် စီရင်၊ စာရင်း ကိုလည်းသွင်း။ မြို့တော်နန်းတော်မှ စ၍ အရပ်ရပ် အလုပ်အဆောင်များမှာ ပြည်သူ ဆင်းရဲသားတို့အား အထိအပါး အခန့်အထားမရှိစေနှင့်၊ ငွေတော်ထုတ်ပေး လုပ်ဆောင်စေ။ မန္တလေး ရေမြို့တော် တည်ထောင်တော်မူမည်မှာ မဟာထာဝရကြီး ဖြစ်သည်။ မြို့ရွာချဉ်းနင်း ကြည့်ရှုရန်အခါမှစ၍ ကောင်းမြတ်သောအခါ နေ့ရက်ကို လည်း ပညာရှိတို့ ရွေးချယ်ဆက်သွင်းစေ။ အမိန့်တော်ကို ၁၂၁၈ ခု ပြာသိုလပြည့်ကျော် ၄ ရက်နေ့ နာခံတော်ပြော့ ကြီးမှူး မင်းလှ မင်းကျော် ထုတ်ပြန်ရသည်။ (နန်းတည် ၂၂) ဒီအမိန့်တော်ကို ဆန်းစစ်ကြည့်ရင် ရှင်ဘုရင်ဟာ မြို့သစ်တည်ရင်

၁။ သာသနာစည်ပင်မယ်၊ ၂။ လူသတ္တဝါတွေချမ်းသာမယ်။ ၃။ အဲဒီလို ဖြစ်မှာပဲလို့ လူပညာရှိ ရဟန်းပညာရှိတွေကလည်း ယုံတယ်၊ သဘောတူတယ်။ ၄။ မြို့သစ်တည်ဖို့ နမူနာကိုတော့ ပဒုံမင်း(ဘိုးတော်) အမရပူရ တည်တုန်းက နည်းကိုယူပြီး စီစဉ်ကြမယ်။ ၅။ မြို့သစ်တည်ဖို့ အလုပ်အဆောင်မှာ ပြည်သူတို့ ဒုက္ခမရောက်စေနှင့်၊ ငွေတော် ထုတ်ပေးပြီး လုပ်ဆောင်ရမယ်။ ၆။ ကောင်းမြတ်တဲ့အခါရအောင် တွက်ချက်ကြရမယ်လို့ အချက်ကြီး ခြောက်ချက်ပါတယ်။ အဲဒီအထဲမှာ ပထမတစ်ချက်ကတော့ ဗျာဒိတ်စကား၊ သိုက်စကား၊ တိတ်နိမိတ်စကားတွေဖြစ်လို့ ခုခေတ်လူတွေ မယုံပေမဲ့ ဟိုတုန်းကယုံတယ်။ ဒါပေမဲ့ လိုသလို သိုက်စာရေးရင် ဖြစ်တာပဲ၊ သိပ်အားမကိုးပါနဲ့လို့ ပြောရဲတဲ့လူလဲရှိခဲ့ ပါတယ်။ (၃)အချက် ပညာရှိတွေ သဘောမတူတဲ့ ပုဂ္ဂိုလ်တွေရှိခဲ့တယ်။ ဒီပုဂ္ဂိုလ်တွေက အမရပူရဟာလည်း သိုက်တွေ တဘောင်တွေနဲ့ သာသနာ့အကျိုး၊ ပြည်သူလူထုအကျိုးကို ရည်တယ်ဆိုပြီး တည်ခဲ့လို့ မန္တလေး အဝင်အပါဖြစ်တယ်။ ဆင်းရဲသားကျွန်မျိုးတွေ

မပင်ပန်းရအောင် မြို့သစ် မတည်ပါနဲ့လို့ဆိုတယ်။ အဲဒီလို ကန့်ကွက်တဲ့ ဆရာတော်တွေရဲ့ ဘွဲ့အမည်တွေကတော့–

၁။ ဥတ္တမ/ဦး၊ ၂။ ကန်အေး/ဦး၊ ၃။ ကျော်အောင်စံထား ဆရာတော်၊ ၄။ ငါးစိုတိုက် ဆရာတော်၊ ၅။ စကုတိုက်ဆရာတော်၊ ၆။ စန္ဒ/ဦး၊ ၇။ စန္ဒိမာ/ဆရာတော်ဦး၊ ၈။ ဆင်တဲ ဆရာတော်၊ ၉။ တေဇ/ပြည်တိုက်နေဦး၊ ၁၀။ ပညာသီဟ/အသောကရာမတိုက်နေဦး၊ ၁၁။ ပြည်ဆရာတော်၊ ၁၂။ ဗားကရာ တိုက်ဆရာတော် ဦးကလျာဏ၊ ၁၃။ မိုးထိဆရာတော်၊၁၄။ မေဃဝတီ တိုက်ဆရာတော်၊ ၁၅။ မဲထီးဆရာတော်၊ ၁၆။ မြသိန်းတန်ဆရာတော် ဦးကေတု၊ ၁၇။ ရွှေမိတ်/သရက်တောတိုက်နေဦး၊ ၁၈။ ရွှေသား/မြင်းဝန် တိုက်နေဦး၊ ၁၉။ ဝဏ/ဘုံကျောင်းတိုက်နေဦး၊၂၀။ သရက်တောဆရာတော် ဦးသာစ၊ ၂၁။ သာဂရဦး၊ ၂၂။သာဂရ/ဆင်တဲတိုက်နေဦး၊ ၂၃။ သာစ/မြဝတီတိုက်နေဦး၊ ၂၄။ သကျသီဟဆရာတော်

ဒီဆရာတော်တွေရဲ့ အကြောင်းပြချက်က–

ကုသဝတီပြည်၌ ရှစ်သောင်းလေးထောင်သော မင်းတို့မပြောင်းမလွဲ အမြဲစံနေကုန်သည်။ ဓာတ်ပန်းကိန်းခန်းနှင့် မြို့ရွာအသစ်တည်ထောင် စံနေခြင်း မရှိဖြစ်၍ အမရပူရမြို့တွင် အမြဲစံနေသင့်သည်။ ထို့ပြင် ဤအမရပူရမြို့တော်မှာ ယခု စံနေတော်မူသည့်အတိုင်း မပြောင်းမလွဲစံနေတော်မူလျှင် သတ္တဝါများ ချမ်းသာကြလိမ့်မည်ထင်သည်။ (ရာပြည့် ၄၂)

အဲဒီလို ဆရာတော်တွေယူဆတာကို မင်းကအလေးအနက်ထားပြီး စဉ်းစားတာ မတွေ့ရပါဘူး။ အရာရှိထဲက ပညာရှိ အဝေးကျိဝန် ဆီမီးခုံ ရွာစားကလည်း ကန့်ကွက်တယ်။ သူ့အဆိုက–

> သိုက်စာများတွင် သာသနာတော် ၂၄၀၀၊ ၂၅၀၀၊ ၂၅၅၀ စသည်ဖြင့် မညီမညွတ် ထွက်ရှိသောကြောင့် သာသနာတော် ၂၄၀၀ တွင် မန္တလေးအရပ်၌ ပြည်ကြီးဖြစ်လတ္တံ့ ဆိုသည့်စကားသည် အမှန်မယူပါ။ ယခု စံနေတော်မူသည့် အမရပူရမြို့တော် မန္တလေးစက်ရိပ် အပါအဝင်ဖြစ်၍ ဆရာတော်တို့ သွင်းစာ၊ ကျောက်စာ၊ မော်ကွန်းများတွင် မန္တလေးပြည်ကြီး ဖြစ်ကြောင်း ပါရှိသည့်အတိုင်း ဤအမရပူရမြို့တော်ပင် မန္တလေးဖြစ်၍ မပြောင်းမရွှေ့ စံတော်မူလျှင်လည်း သင့်မြတ်ပါသည်။ အမရပူရမြို့ ပြီးသည်၊ ကုန်သည်ဆိုသည့် စကားမှာ ထာဝရ၊ ဇာ်မကိန်းသက်ဆိုသည့် အရာသည် အရပ်ရပ်မြို့တည် ခုနှစ်များကို ပြန်၍ တွက်ချက်ကြည့်ရှုရာ အမှန်အကန် မရှိသောကြောင့် မယူပါ။ (ရာပြည့် ၄၀)

လို့ တွေ့ရတယ်၊ သူတို့ပြောတဲ့ စကားတွေဟာ မှန်ပါတယ်။ သိုက်စာတွေမှာ ဒီလိုလဲရေး၊ ဟိုလိုလဲရေးဆိုတာမျိုးတွေ ပါတယ်။ သိုက်စာကိုဆီလျော်အောင် (ကိုယ့်အကြိုက် ရအောင်) ပြင်ဖူးတဲ့ သာဓကတစ်ခု မင်းတုန်းမင်းနန်းမ တက်မီနဲ့ နန်းတက်စက ကြုံဖူးပါတယ်။ အဲဒီသာဓကလေးဟာ သိုက်စာအားလုံးနဲ့လည်း သက်ဆိုင်နေပါတယ်။



မင်းတုန်းမင်း

အလောင်းမင်းတရားရဲ့ မင်းဆက်ဟာ တစ်ဆယ့်ငါးဆက်ရှိမယ်။ မင်းတွေရဲ့ မွေးနံအတိုင်း အစဉ်လိုက်စီပြီး သိုက်စာက ဒီလို ရေးထားပါတယ်။

သစ္စာ အကျင့်မှန် ကူးသည့်လသကြိန်
တမာန် အစောင့်ထား မုဆိုးတစ်ဆယ့်ငါး-

တဲ့။ ဆိုလိုတာက အလောင်းမင်းတရားကစပြီး ၆ နေ့၊ ၃ နေ့၊ ၁ နေ့၊ ၂ နေ့၊ ၅ နေ့၊ ၂ နေ့၊ ၆ နေ့၊ ၆ နေ့၊ ၄ နေ့၊ ၆ နေ့၊ ၂ နေ့၊ ၀ နေ့၊ ၅ နေ့၊ ၁ နေ့၊ ၃ နေ့၊ ၀ နေ့ သားတွေ တစ်ယောက်ပြီးတစ်ယောက် မင်းဖြစ်မယ်လို့ ဆိုလိုတယ်။ ဒါပေမယ့် အထက်က ကိုက်လာပြီးမှ 'လသကြိန်' အတွဲမှာ ၄ နေ့ သား ရွှေဘိုမင်း၊ ၆ နေ့သား ပုဂံမင်း၊ ပြီးတော့ ၂ နေ့သား မင်းဖြစ်ရမဲ့အစား ၃ နေ့သား မင်းတုန်းမင်းက နန်းလုယူတော့လွဲကုန်ရော၊ ဒီအခါမှာ ခါတော်မီ မှန်သွားအောင် "လသကြိန်" အစား "လသင်းဖံ" လို့ ပြင်ကြရတယ်တဲ့။ ဒါကြောင့် ဦးတင်က

> သိုက်စာဆိုသည်မှာ မြှောက်စာ၊ ချောက်စာဟူ၍ မှတ်ယူရမည်။ သိုက်စာရေးသားဆိုသည်မှာ လိုရာအကြောင်းတစ်ခုကို အစွဲပြုပြီး လျှင်ရှိပြီးသော အကြောင်းများကို ရေးသားတော်ပြလျှင် တွေ့မြင်သူ လူများတို့ သို့လောသို့လော တွေးတော ယုံမှားကြခြင်း လိုက်နာကြခြင်း ဖြစ်ပေါ်လာတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ သိုက်စာရေးပုံမှာ လွန်စွာ ခက်ခဲသည်မဟုတ်၊ အရစ်အပင့် အသတ်အလတ်နှင့် စာစပ်နည်းကို နားလည်သူဖြစ်ခဲ့မူ လွယ်ကူစွာသိုက်စာ ဖြစ်အောင် ရေးနိုင်သည်။ (အုပ်ချုပ်ပုံ[၃] ၂၃၈)

လို့ မှတ်ချက်ချဖူးပါတယ်။ အခုမြို့ပြောင်းတဲ့ အရေးမှာလဲ သိုက်စာကို မင်းလိုရာလိုက်ပြီး ပြောင်းရေးပါတယ်လို့ အတိအကျ မစွပ်စွဲနိုင်ပေမယ့် ဒီလိုလုပ်မယ် မထင်ပါဘူးလို့လည်း ရဲရဲဝင်မပြောရဲပါဘူး။ လုပ်ဖို့ ပိုများတယ် ဆိုမှ သင့်မယ် ထင်မယ်။ မင်းလိုလိုက်ပြီး သင့်ပါတယ်၊ ကောင်းပါတယ်ဆိုတဲ့ ရဟန်း ပုဏ္ဏား အမတ်ပညာရှိ အခေါ်ခံသူတွေကလဲ အများစု ဖြစ်လေ တော့ ကန့်ကွက်တဲ့ဘက်က ရှုံးတာဟာ မဆန်းပါဘူး။ မင်းတုန်းမင်းဟာလဲ ပညာရှိတွေနဲ့ တိုင်ပင်ပြီးမှ လုပ်တယ်လို့ မှတ်တမ်း အတင်ခံရတယ်။ ရာဇပရိယာယ် ကောင်းတယ်လို့ပဲ ဆိုရမယ်။ အခုခေတ်မှ ကျမ်းရေးတဲ့ ပုဂ္ဂိုလ်များတောင် မျက်စိလည်သွားတယ်လို့ ဆိုရမယ်။ ဘာပြုလို့လဲဆိုတော့-

> ၁၂၁၈ခု သီတင်းကျွတ်လမှ တန်ဆောင်မုန်းလအထိ ၂ လအတွင်း၌ အမိန့်တော်နှင့် ခေါ်ယူကျင်းပခဲ့သော ဆွေးနွေးပွဲများမှာ ၄ကြိမ်တိုင်တိုင်ပင် ဖြစ်လေသည်။ ထိုဆွေးနွေးပွဲများမှာ ဒီမိုကရေစီနည်းကျကျဖြင့် မိမိတို့ဆန္ဒရှိရာကို ပွင့်လင်းလွတ်လပ်စွာနှင့် ထုတ်ဖော်တင်ပြနိုင်ခဲ့ကြပေသည်။ (ရာပြည့် ၄၇)

လို့ရေးတာကို ဖတ်ဖူးလိုက်ပါတယ်။ အမှန်ကတော့ မင်းတုန်းမင်း လုပ်ချင်တာကို

လုပ်ဖြစ်အောင် ပညာရှိအခေါ်ခံသူတွေက အဖြေရှာပေးရတာဘဲ ဖြစ်တယ်။ အဖြေဆိုသာဟာလဲ မြို့သစ်နေရာဟာ ရာသီဥတု ပိုကောင်းတယ်၊ စီးပွားရေး အချက်အချာ ပိုကျတယ်၊ သွားလမ်းလာလမ်း ကောင်းတယ်၊ နိုင်ငံခြားနဲ့ ဆက်ဆံရေး လွယ်တယ်၊ အဲဒါမျိုးလူသား လူ့ဘဝနဲ့ဆိုင်တဲ့ အကြောင်းပြချက်မပါဘူး။ အိမ်မက်အရ ကောင်းမယ်၊ တိတ်နိမိတ် ကောင်းတယ်၊ ဗေဒင်ကိန်းခန်းကလည်း ညွှန်းတယ်၊ သိုက်စာ ဗျာဒိတ်စကားတွေကလည်း ညီညွတ်ပါတယ်ဆိုတဲ့ လုပ်ကြံတင်ပြတဲ့ အဖြေတွေပဲ ဖြစ်ပါတယ်။ တင်လျှောက်ကြတဲ့ အချက်ကိုစွဲပြီး နောက်ထပ်ထွက်လာတဲ့ အမိန့်တော် (၁၃ ဂျန်နဝါရီ ၁၈၅၇) က

> သာသနာတော်နှစ် နှစ်ထောင့်လေးရာ၊ ကောဇာသက္ကရာဇ် တစ်ထောင့်နှစ်ရာ တစ်ဆယ့်ရှစ်ခုနှစ်အတွင်း မန္တလေးအရပ်၌ မြို့ရာ နင်းချင်းပြီးလျှင် သက္ကရာဇ် တစ်ထောင့်နှစ်ရာ နှစ်ဆယ်ပြည့်နှစ်၊ ကောင်း မြတ်သော မင်္ဂလာအခါတော်၌ မြို့တော် နန်းတော်တည်ထောင် စံနေတော်မူလျှင်ဘုန်းတော်ကြီးခြင်း၊ သက်တော် ရှည်ခြင်း၊ ရန်အပေါင်းကို အောင်မြင်ခြင်းစသော အကျိုးထူး အပေါင်းနှင့် ပြည့်စုံ တော်မူ၍ အလုံးစုံ သင့်မြတ်ပါမည်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း မန္တလေးအရပ်၌ မြို့နန်း တည်ထောင် စံနေတော်မူမည်၊ မြို့ရာနင်းချင်း ရန်မှစ၍ အခမ်းအနားခန့်ထား စီရင်ရန် ရှိသည်များကို တစ်ထောင့် တစ်ရာ့ လေးဆယ့်ခုနှစ် ဘေးတော် အမရပူရမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား အမရပူရမြို့တော် နန်းတော် တည်ထောင်တော်မူရာ လုပ်ဆောင်ခန့်ထားသည့် အခမ်းအနား စာတမ်း စာရင်းများနှင့် ညှိနှိုင်း၍ ဝန်တို့က ပြီးပြေအောင် ခန့်ထား စီရင်။ စာရင်းကိုလည်းသွင်း။ ။ သံတော်ဆင့် ရွှေပြည်လယ်အုပ် မင်းလှသိခ်သူ ထုတ်ပြန်သည် (နန်းတည်၊ ၂၁။ ကုန်း(တ)၂၄၃)

ကောင်းကျိုး ချမ်းသာတွေ အပြည့်ရမဲ့ မန္တလေးနယ် နေရာကို မြို့သစ်ပြောင်းမယ်လို့ အားခဲပြီးတဲ့အခါ အဲဒီမြို့တော်ဖြစ်မဲ့နေရာ (ဘုရင်နေမဲ့ နန်းတော်ရာနဲ့ ဝန်းကျင်ဖြစ်တဲ့ 'ရာဇဌာနီ' ပိုင်းခြားပုံကိုကြည့်ရမယ်ပေါ့။ အမရပူရနယ်ပါပဲ။ မထူးပါဘူး၊ နယ်နိမိတ်တွေမှာ ဒာနဲ့ကျောက်တိုင် အပိုင်းအခြား စိုက်တယ်။ လေးမျက်နှာ နယ်ခြား ကျောက်တိုင်တစ်ခုကို (၁၃ ဖေဖော်ဝါရီ ၁၈၅၇) ရက်စွဲနဲ့ မတ္တရာမြောက်ဘက် ရေသဲနုတ် ချောင်းကမ်း 'ပိတ်သကာသု' သုသာန်နေရာမှာ သွားပြီးတွေ့ပါတယ်။ ခုတော့ ကမ်းပြိုတာမှာ ပါသွားမှာ စိုးလို့ ကိုက်တစ်ရာလောက် ရွှေ့ပြီးထားလို့ ရေသနုတ်ဘုန်းကြီး ကျောင်းဝင်းထဲ ရောက် နေပါတယ်။ ကျောက်စာကိုဖော်ပြလိုက်ပါ့မယ်။

**ပဌမ**

၁။ သာသနာတော် ၂၄၀၀၊ ကောဇာ သက္ကရာဇ်

၂။ ၁၂၁၈ ခု တပိုတွဲလပြည့်ကျော် ၅ရက် ၆ ကြာနေ့

၃။ နေ့ ၂ ချက်တီးကျော် ၄ နာရီ၂ ပါဒ် ၆ ဗီဇနာ ၃ ပြန်

၄။ ခရာပြည့်အချိန်တွင် မြေမှတ်ပန်းသုံးကနက်(စိုက်) မှတ်

၅။ တည်ထောင်တော်မူသည်။ မန္တလေး ရတနာပုံ

၆။ ရွှေမြို့တော်ကြီးနယ်မြေ။ အရှေ့တောင်ထောင့်
၇။ အလား (ရွှေစာရံဘုရား)။ အရှေ့သမ္ဘရာချောင်း
၈။ မြစ်ငယ်အဆုံဖြစ် (သော)။ မြော်ဘက်ကမ်းထိ
၉။ တဘက် မက္ကရာမြို့နယ်မြေနှင့်အခြား။ ၎င်းက
၁၀။ အနောက်မြစ်ငယ် ကေစံကေစံစင်းစင်း။ မြော်ဘက်
၁၁။ ကမ်းရေစကို လျှော်၍ ရွှေမြို့တော်ကြီး၏ အနော်
၁၂။ တောင်ထောင့်မြစ်ငယ် ရောဝတီအဆုံး။ မြစ်ငယ်
၁၃။ မြော်ကမ်းထိ ၎င်းကမြော်

**ဒုတိယ**

၁။ ရွှေကြက်ကျာဘုရားရော် ရောဝတီ
၂။ ကော်ကော်စင်းစင်း။ အရှေ့ဘက်ကမ်းသို့
၃။ လျှော်ပြီးလျှင် ပြည်လုံးအံ့ လော်ကားစား
၄။ ကျွန်း။ ယည်တော်ကျွန်း။ ရုံးကလေးကျွန်း
၅။ ကုန်းသာကျွန်း။ အနော်ဘက် ရေစကို
၆။ လျှော်၍။ ရောဝတီ အရှေ့ဘက်ကမ်း
၇။ သရက်မော်ထိ။ ၎င်းက မြော်ကို ရောဝတီ
၈။ အရှေ့မြစ်ကိုကူး၍ မာလကာကျွန်း
၉။ အာလောင်ကျွန်း။ အနော်ဘက် ရေစကို
၁၀။ လျှော်ပြီးလျှင်။ ရောဝတီ အရှေ့ဘက်ကမ်း
၁၁။ လိုင်ကျွန်းထိ။ ၎င်းက မြော်ကို ရောဝတီ
၁၂။ အရှေ့ဘက်ကမ်း ကော်ကော်စင်းစင်းကို
၁၃။ လျှော်၍ ရွှေမြို့တော်ကြီးက အနော်မြောက်ထောင့်

**တတိယ**

၁။ ရောဝတီမြစ် မတ္တရာမြစ် နတ်ပေါ်အဆုံ
၂။ ပိုဝ(မြောက်)ရွာတဘက် စည့်ကူးမြို့နယ်မြေ
၃။ အခြား ၎င်းက အရှေ့ကို မတ္တရာမြစ် နတ်ပေါ်
၄။ တောင်ဘက်ကမ်း ကော်ကော်စင်းစင်း
၅။ မတ္တရာကျော်စည်တိုက်နယ်မြေနှင့် စည့်ကူးမြို့
၆။ နယ်မြေအခြားကို လျှော်၍။ ရွှေမြို့တော်ကြီးက
၇။ အရှေ့မြော်တောင် မတ္တရာမြို့နတ်ကုန်း
၈။ ကညောင်ချောင်းရွာထိ။ မတ္တရာမြို့နယ်ဆုံး အခြား
၉။ ၎င်းက တောင်ကို တောင်ရိုးတန်း ကော်ကော်

၁၀။ စင်းစင်းအနောက်ဘက် တောင်ခြေကို လျှော၍
၁၁။ ပဠမနိမိတ်ရော်နယ် ၄ရပ် ၈ရပ် သတ်မှတ်သည့်
၁၂။ ဆင်ခြေဘုံး။ နယ်သမုတ် ပြဌာန်းတော်မူသည့်

**စတုတ္ထ**

၁။ အတိုင်း သားငှက် တိရိစ္ဆာန်တို့ ကြက်စား
၂။ လားလာမိခိုရာ ဘေးရန်လွတ်ကင်း၍
၃။ ချမ်းသာအထူး ဖြစ်စေလျှက်။ ဇီဝိတ
၄။ အဘယ ပရမတ္တဓမ္မဒါန ကုသိုလ်တော်
၅။ အထူးဖြစ်စေခြင်းငှာ မိဂဒါဝုန် အရပ်
၆။ ကဲ့သို့ သားငှက် တိရစ္ဆာန် အပေါင်းတို့ကို
၇။ ဘေးမဲ့ပေးတော်မူသည်။ မန္တလေး
၈။ ရတနာပုံ ရွှေမြို့တော်ကြီး ဆင်ခြေဘုံး
၉။ ရွှေကြိုးသတ်နယ်။ ၄ရပ် ၈ရပ် သတ်မှတ်
၁၀။ တော်မူသည်ကို။ အမျိုး ၄ပါးတို့
၁၁။ သိစေရန် စိုက်ထူသည့် ကျောက်တိုင်

အဲဒီ ရွှေကြိုးသတ် နယ်မြေဟာ တစ်နည်းပြောတော့ သားငါးမသတ်ရလို့ သတ်မှတ်တဲ့ ဘေးမဲ့နယ်မြေလည်း ဖြစ်တယ်။ ဘေးမဲ့ပေးတာကိုလည်း ကျောက်စာနဲ့ ထားခဲ့ပါတယ်။ မန္တလေး အရှေ့ပြင် သရက်ကုန်းရွာနားမှာ ကျောက်တစ်တိုင် (နှစ်မျက်နှာ)ရှိတယ်။

**အဘယဌာန**

၁။ နမောသဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။ ။ တမော ဘာသေန အာဒိစ္စော။ ဂစ္ဆန္တံ လောကဓာတုံပေယော
၂။ သောဂစ္ဆိဘိ ဘဝိတွာန။ သဒါပါကုနရာဓိပံ။ ပထျာဝတ္တ။ ယော အာဒိစ္စော။ အကြင်နေမင်းတည်းသူသစ် မြတ်စွာဘုရားသခင်
၃။ သည်။ ဩဘာသေန။ ဓမ္မစကြာဒေသနာ အစရှိသော ဓမ္မခန္ဓာရှစ်သောင်းလေးထောင် တည်းဟူသစ်အရောင်။ နီလပီတ အစရှိ
၄။ သစ် ရူပကာယ အရောင်ဖြင့်။ တမံမောဟံ။ မတီးမရာ မိစ္ဆာ မှောင်သိုက်ကို။ အဘိ ဘဝိတွာန။ လွှမ်းမိုးဘိစီး၍။ လောကဓာတုံသော
၅။ လောကဓာတ် ဘဝက်ရပ်ကို။ ဂစ္ဆန္တံ ဂစ္ဆန္တော။ ဒေသစာရီ ဖြန့်ချီ လှည့်ပတ်တော် မူသည်။ ဟုတ္ဂာ။ ဖြစ်၍။ အဂစ္ဆိ။ ကြွသွားတော်မူပြီး
၆။ သောဒါဒိစ္စော။ ထိုနေမင်းတည်းဟူသစ် မြတ်စွာဘုရား သိခင်သည်။ နရာဓိပံ။ ရေမြေ့သေဋ္ဌနင်း ငါတို့ပြည်ရှင်မင်းကို။ သဒ္ဒါ။
၇။ အောင်ငြိမ်းဖြင့်။ ဟာတုရက္ခတု။ စောင့်ရှော်တော်မူပါလော့။ စတုဒီပန္တ ။ လေးဌာန ကို။ ဩဘာသရောင်။ ထိန်လင်းပြောင်လျက်။ တောင်

၈။ ယုဂန္ဓရ။ မကုဋ၏။ သီခအညွန့်။ တံခိုးကွန့်လျက်။ လွှန့်လွှန့်ကြွားကြွား။ ရွှေ့ရွှေ့ သွားသည်။ နှစ်ပါးစကြာ။ ဘုံနန်းသာသည်။ ဝိဝဋ္ဋာ။ ပေါ်ဦး

၉။ စွာက။ သတ္တာဟိတ္တကူ။ ဗိုလ်လူအနန္တ။ ဝေနေယျတို့၏။ သုရဆန္ဒ။ အာသီသကြောင့်။ ဖဂ္ဂုဏမာသ။ ပြည့်သည်လတွင်း။ အရှေ့အရပ်။

၁၀။ လောကဓာတ်ချောင်။ ဥတည်တောင်မှ။ တောတောင်ရှုးရှုး ထွက်လာ မြူးက။ ကျေးဇူးထပ်ပွား။ ပေါးရယ်များသို့။ ထိုမြို့တပဲ။ သတ္တာ ခပဲတို့၏။

၁၁။ ရောင့်ရဲစနိုး။ အကျိုးစီးပွားများစေခြင်းငှါ။ ပုည်းကံသမ္ဘာ။ မင်္ဂလာရိက်ဟီး။ မြို့ကြီးသိ၍။ မဟိမန္တလာ လက်ျာအင္ဂ။ ဇမ္ဗူဒီပ။ ကျွန်းသာ စွကို။ သေ

၁၂။ တစ္ဆတ္တ။ ခါရယဋ္ဌာ။ သမာဒေဝ။ နတ်များအပေါင်း။ သောင်းသောင်း ညီညာ။ ဝန်အုံကာဘိ။ ကောင်းကြီးညို၍။ ကလိယုဂ။ တထောင့်နှစ်ရာတ

၁၃။ ဆယ်လေခု။ ပဂ္ဂုဏမာသ။ ပြည်သည့်လတွင်။ မဟာသာကီယ။ အသမ္ဘိန္ဒ။ ခတ္တိယစစ်။ နွယ်မြစ်စည်လာလျက်။ ဇေယျာဘူမိ။ ဌာနဖြစ်သဝ်။

၁၄။ ရတနာသီ။ မဟာသမတ။ တတိယမြော်။ နန်းရိုးပေါ်လျက်။ ပုည်းထော် ထွန်းပ။ နေလနှစ်ပါးတို့သည်။ ငွားငွားတော်ပလပ်ရှယ့်။ မြော်လော

၁၅။ ကခါတ်။ မြစ်အော်ရပ်က။ မန္တတ်စကြာ။ စုံရတနာနှင့်။ သပြေဒီပါ။ တောင်လက်ျာကို။ ဒေသစာလှည့်။ ရှုန်းလာတည့်သို့။ ထိုမြို့တရတည်။

၁၆။ ဖြန့်လည်စကြာ။ ရှုန်းကဲ့ညာပြီး၍။ သာသနာတော်၏ အကျိုးစီးပွား တိုင်းနေစံသူ။ ဦးဖြူဦးမဲ။ ဗိုလ်လူခပဲတို့၏အကျိုး ကိုယ်တော်၏ အ

၁၇။ ကျိုးစီးပွားများကို မြော်တင်းရည်သံတော်မူပြီးလျှင်။ သီရိပဝရ ဝိဇယာနန္တ ယသ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ် နာမံတော်ကို။

၁၈။ ခံယူတော်မူပြီးရှယ့်။ ကောင်းခြင်းငါးဖြာ။ ကြန်လက္ခဏာနှင့်ပြည့်စုံစွာ။ ပုဗ္ဗဏှာယီ။ ပဏ္ဍာနိပါတိ။ ကိကာယပဋိသထိ။ မနာပစာရီ။ ပီယ

၁၉။ ဝါဒီ။ ငါးလီစာရိတ္တ။ ပြည့်စုံလှသဝ်။ မြော်လောကဓာတ်။ မြစ်အောက်ရပ်သူ။ နှိုင်းအတူတို့။ အလွှန်စင်ဖြူသဝ်။ သီတင်း အခလေ့။ ပက

၂၀။ တေ့နှင့်။ ပြည့်စုံလျက်။ ညာတောသုဇာတဖြစ်သဝ်။ သီရိပဝရမဟာ ရာဇိန္ဒာ ဓိပတိ ရတနာဒေဝီ ဘွဲ့နာမံရှိသဝ် မိဖုရားခေါင်ကြီးနှင့်။

၂၁။ ဇေယျာဘိသေက။ ရာဇာဘိသေက။ မဒ္ဒါဘိသေက။ ပဝရအောင်ဆု။ ဇေယတုဖြင့် အရုလကျာ။ ပွဲစီးသာပြီးရှယ့်။ သာသနာတော်

၂၂။ နှစ်ထောင့်လေးရာ။ ဂေါဇာဂလိယုဂ်။ တစ်ထောင့်နှစ်ရာ တစ်ဆယ့် ရှစ်ခုနှစ်သို့ ရော်လတ်သော့အခါ။ သဗ္ဗညုဘုရား သိခင်သည်။ သက်

၂၃။ တော်ထင်ရှားရှိတော်မူစည်ဝယ်။ စုဠပုဏ် မဟာပုဏ်တို့အား။ ချေချွတ်တော်မူခြင်းငှာ။ ရံသဃ်ငါးရာနှင့်။ သုနာပရန္တတိုင်သို့

၂၄။ ဖြန့်လိုင်းစကြာ။ ကြွတော်မူလလျှင်။ ဤမန္တလေးတောင် လျည်တွင်။ စည်းငယ်ရပ် ယှည်တော်မူပြီးရှယ့်။ စန္ဒမုခိအမည်ရှိသော။

၂၅။ ဘီလူးမအား။ ဗျာဒိတ်မိန့်ကြားခဲ့သဝ်။ သိုက်ဓာတ်အဝင်။ မြေပြင် သာယာ။ စည်မျက်နှာကဲ့သို့။ လက်ျာစည်းငယ်ချီသဝ်။ ဇေယျာ

၂၆။ ဘူမိဌာန။ အရပ်နိုက်။ ရှေးရှေးမင်းတို့။ ကိန်းလက်ခွင့်လမ်းမကြိုက် သည်နှင့်။ စံခြင်းငှာမထိုက်သဝ်။ မဟာရတနာပုဏ်ရွှေပြည်

၂၇။ တော်ကြီးကို။ ရှေးရှေးပြု သာသနာမင်းတို့သည်။ မြစ်ရေ တောင်ရေတို့ကို မီတင်းရွယ့်။ မြို့နန်းဖန်ဆင်းကြသကဲ့သို့။ ဧရာဝတီ

၂၈။ ဣန္ဒဒီတို့သည်။ ရစ်ချီပတ်တိုင်းလျက်။ တောင်လျှည်တောင်ဗှမ်း ငါးမင်းနန်းစံသဝ်။ တောင်တမ်းတဝိုက်တို့ဖြင့်။ ရစ်ခိုက်လျက်။ တိုက်

၂၉။ စကြာဝဠာ။ ရန်ဝင်းကာသို့။ များစွာသဝ်တောင်တို့ဖြင့် ညီမူခြံ ရန်ခြင်းရှိသဝ်။ ဤမန္တလေးရွှေတောင်အနီး။ အဝန်းတာ တစ်ထောင့်

၃၀။ ရှစ်ရာကျော် အစေခံတစ်ဆယ်ရှစ်ထောင်နှင့်နှင်ရှိသဝ် တံတိုင်းမီးတား။ ရဇ္ဇင်ခုနှစ်ပါး။ ရွှေသားပကတိတို့ဖြင့်။ မွန်းမံခြယ်

၃၁။ လယ်ခြင်းရှိသည်ဖြစ်ရွယ့်။ အလွန်ရှုချင်ဘနန်း။ မျက်စိလျှမ်းလျက်။ သတ္တာတို့၏ မနောပန်းကို ပွင့်လမ်းပျို့စေခြင်းရှိသဝ်မြို့ကြီး

၃၂။ အတွင်းအယု ဓ္ဓပူရသခင်ဖြစ်သဝ်။ သိကြားနတ်မင်း၏စံရာ။ ဝေဇယန္တာ နန်းပြသာဒ် ကဲ့သို့။ ဖန်မှန်နဝရပ်။ ရောင်လျှံပ်စုံစီ။ သိင်္ဂိ မင်းစံ

၃၃။ ရွှေနီဘလံတို့ဖြင့် မွန်းမံခြင်းရှိသဝ်။ ရွှေနန်းတော်ကြီးနှင့် တကွ။ မဟာရာဇာဌာနီ ရတနာပုဏ်မင်းနေပြည်ကြီးကို။ ဗိုလ်လူခပင်း

၃၄။ တို့ငြိုငြင်မရှိစေရ။ ရာဇိန္ဒိဖြင့် ပကတိ ပြီးစီးအောင်မြင်တော်မူရွယ့်။ တည်ထောင် တန်ဆင်းတော်မူပြီးသော်။ မေရိယပစ္စယ

၃၅။ နာဂရာဇာဆဒ္ဒန်ဆင်မင်းသခင်။ ဆင်ဖြူများရှင် လက်နက်စကြာသခင် ရတနာဂူပ တွင်းများသခင် ဖြစ်သော်မူသော မင်းတကာ

၃၆။ မင်းဖျားမင်းတရားကြီးသည်။ ရွှေထီးရွှေနန်း။ သိမ်းမြန်းစိုးယူ။ ဇမ္ဗူ ရွှန်းစိမ့်။ ကျွန်းသာငြိမ့်တက်၊ ရွှေအိမ့်ရိပ်လယ်။ ပြော်

၃၇။ စမွယ်လည်း။ ငြိတွယ်မရှိ။ တိဝိမဂ္ဂ။ လောင်စလိသို့။ ဓာတိတော်မှံ။ အရင်းခံလျက်။ ညာဏ်ဘာဝနာ။ ယည်စကြာဖြင့်။ အခါ

၃၈။ မလစ်။ အားကျိုးသစ်ပြီးလျှင်။ ဘုံသုံးဆဲ့တစ်။ သို့စင်ဖြစ်မှ။ ကင်းလွတ်ခြင်းငှာ။ ပဋ္ဌနာတော်မူခြင်း တည်းဟူသဝ်အတ္တာ

၃၉။ .....မင်းညီမင်းသား မင်းမိဘုရားစသဝ်။ သူတို့အားလည်းလောက ဓမ္မနှစ်ဌာနဖြင့်။ သြဝါဒအနုသာသနာ။ ပြုတော်မူ

## ရွှေမြို့တော်ကြီးနယ်

၁။ နိုင်ငံတော်အတွင်း ဂူကျောင်းဘုရား ပျက်ပြားသည်များကို။ ရွှေတိုက်တော်မှ။ ငွေတော်အသပြာ ထုတ်ပေးတော်မူရွယ့်

၂။ ပြင်ဆင်တော်မူခြင်း။ ဆည်မြောင်းလယ်တာများကိုလည်း အသစ်ထပ်မံ တက်သက်
ဆည်ဖို့တော်မူခြင်း။ သားငှက်ခပင်းစသည်

၃။ တို့အားလည်း စကြာမန္တတ်မင်းကောင်းမင်းမြတ်တို့၏ အခလေ့ဖြစ်သဝ်။ ခမဋ္ဌရ
မဟာရာဇ မိဂက္ခိသုခတ္တိယစသော ဥပဒေထုံးကိုနှလုံး

၄။ ရိုးရင်းတော်မူရှယ့်။ အဘယဋ္ဌာနဇီဝိတဒါနသဒ္ဒါတော်မူခြင်း။ ။
သက္ကရာဇ်တစ်ထောင်နှစ်ရာ နှစ်ဆယ် သုံးခုနှစ်သို့ ရောက်လစ်သော် အခါဘုး

၅။ တော်မင်းတြားခမည်းတော် မင်းဖျားတို့ရည့်သံတော်မူခဲ့သည် ရွှေလောင်းမြောင်းတော်
ကိုလည်း။ ရွှေမြို့တော်ကြီး အရှေ့မျက်နှာ။ လက်ျာရစ်

၆။ ပတ်ရှယ့်။ ဣန္ဒဒီမြစ်ဖြစ်အောင် ဖန်ဆင်းတော်မူပြီးလျှင် မြစ်ကမ်း တလျှောက်ကိုလည်း။
သာတော်အစည်။ မြေးတော်အဆက်။ မြစ်တော်အညွှန့်

၇။ အခွန့်ရှည်စွာဖြစ်စေခြင်းငှာ။ တာဝတိံသာနတ်ရွာတို့နှိုက်။ စိတ္တလတာစသဝ်ဥယာဉ်
တို့ကဲ့သို့။ မဟာမင်္ဂလာဥယာန်တော်ကြီး အစရှိသဝ်။ များစွာသဝ်

၈။ ဥယာန်တော်တို့ကို တန်ဆင်းတော်မူခြင်း တည်းဟူသဝ် လောကာနုဂ္ဂဟ တို့ကို
ချီးမြှော့စံ ထေစံပန့် တော်မူရသော်လည်း။ ဤမျှတည်းဖြင့်။ ရောင့်ရဲ

၉။ တော်မမူနိုင်ရကား။ ဇာတိဝံသ။ အသမ္ဘိန္န သုဒ္ဓေါဒန မင်းမျိုးမင်းနွယ် မှဖြစ်သဝ်။
သုံးလူအထွဋ်။ သဗ္ဗည္ဍ မြတ်စွာဘုရားသိခင်၏။ သာသနာတော်

၁၀။ နှစ်ထောင့်လေးရာငါးခု။ ဂေါဇာပလိယုဂ်။ တစ်ထောင့်နှစ်ရာ နှစ်ဆယ့်သုံးခုနှစ်သို့
ရေစံလတ်သဝ်ခါ။ မန္တလေးရွှေတောင်၏အနီး ဖန်ဆင်းတော်မူအပ်

၁၁။ သဝ်။ ရတနာပုဏ် မင်းနေပြည်ကြီးကိုလည်း။ ဝန်းကြင်နယ်ပယ် သမုတ်ပြဋ္ဌာန်း
ပြီးလျှင်။ တေရသနိပါတ် ရုရုဇာတ် (နံပတ် ၄၈၂) လာ။ ဗာရာဏသီမင်းသည် အ

၁၂။ လောင်းတော်ဖြစ်သဝ် အတ်မင်းကိုအကြောင်းပြုရှယ့် ကောင်းကင် ရေကြည်တို့နှိုက်
ကျည်လည်ကြက်စားကုန်သဝ်။ သားငှက်ခပင်းတို့အား အ

၁၃။ ဘယဋ္ဌာနဇီဝိတဒါန။ မင်းတြားရွှေစည်လည်သဝ်ဆဲ။ ဧကနိပါတ် ကာကဇာတ်
(နံပါတ် ၁၄၀)လာ အလောင်းတော် ဖြစ်သဝ်ကီးမင်းကို အကြောင်းပြုရှယ့်။ ဥဒက

၁၄။ ထလအာကာတို့ နှိုက်ကြည်ကုန်သဝ်။ သားငှက်ခပင်းတို့ကို ညှည်းပမ်း မရှိစေခြင်းငှာ။
အဘယဋ္ဌာန ဇီဝိဘဒါန ပေးသဝ်ထုံးကို နှလုံးထဲးသိုရှိ

၁၅။ (သကဲ့ဟုအဆို) အလိုတော် အလျှော်သာ (ကရုဏာသတော်) နှိုးဆော် ချီးပင့်သဖြင့်
ရေကြည်း ကောင်းကင်တို့နှိုက်။ ကျည်လည်ကြက်စား ကုန်သဝ်

၁၆။ ဆင်မြင်း ကျွဲနွားသားငှက် အကောင်အဥတို့မှ စရှယ့် (ကာ) တယေစံသဝ် သူတို့
သည်။ ဘမ်းဆီးပြစ်ခတ် သတ်ဖြတ်ညှည်းဘမ်း မရှိစေနှင့်ချမ်းသာ

၁၇။ စေ၍ အဘယဋ္ဌာန ဇဝိတဒါန သဒ္ဒါတော်မူသည်။ သမုတ်ပိုင်းချားသည့်နယ်ကား
အရှေ့တောင်အလား ရွှေစာရံဘုရား အရှေ့သမ္ဘာရာ

၁၈။ ချောင်းမြစ်ငယ်အဆုံ။ မြစ်ငယ်မြောက်ဖက်ကမ်းထိ။ တဘက်မက္ခရာမြို့နယ်မြေအချား
၎င်းကအနေစံ၊ မြစ်ငယ်ကေစံကေစံ စင်းစင်းမြေခံ

၁၉။ ဘက်ကမ်းရေစကိုလျှော့်၍။ ရွှေမြို့တော်က အနောက်တောင်ထောင့် မြစ်ငယ်
ရောဝတီအဆုံ မြစ်ငယ်မြောက်ဘက်ကမ်းထိ ၎င်းက မြော်ကို

၂၀။ ရွှေကြက်ကျဘုရားရော် ရောဝတီ ကော်ကော်စင်းစင်း အရှေ့ဘက်ကမ်းကို လျှော့်ပြီး
လျှင်။ ပြည်လုံးအံ့လှော်ကားတော်စားကျွန်း။ ယည်တော်ကျွန်း။ ရုံး

၂၁။ ကလေးကျွန်း။ ကုန်းသာကျွန်း။ အနောက်ဘက်ကမ်း အစကိုလျှော့်၍။ ရောဝတီကမ်း
အရှေ့ဘက် သရက်မော်ထိ။ ၎င်းက မြော်ကို ရောဝတီ

၂၂။ မြစ်ကမ်းအရှေ့ဘက်ကို ကူး၍။ မာလကာကျွန်း။ အာဂေါင်ကျွန်း။ အနော်ဘက်ရောကို
လျှော့်ပြီးလျှင်။ ရောဝတီ အရှေ့ဘက်ကမ်းလိုင်။

၂၃။ ကျွန်းထိ။ ၎င်းကမြော်ကို ရောဝတီအရှေ့ဘက်ကမ်း ကော်ကော်စင်းစင်းကိုလျှော့်၍
ရွှေမြို့တော်အနော်မြော်ထောင့်။ ရောဝတီ

၂၄။ မြစ်နတ်ပေါ် အဆုံ ပိုဝမြေစံရွာတဘက် စေည့်ကူးမြို့နယ် မြေအခြား။ ၎င်းကအရှေ့ကို
မတ္တရာမြစ်ပေါ် တောင်ဘက်ကမ်းကော်

၂၅။ ကော်စင်း။ မတ္တရာကျော်စည်တိုက်နယ်မြေနှင့် စေည့်ကူးမြို့နယ် မြေအခြားကို
လျှော့်၍ ရွှေမြို့တော်က အရှေ့မြော်ထောင့်

၂၆။ မတ္တရာမြို့နယ်က ညောင်ချောင်း(ရွာ)အထိ။ မတ္တရာကျော်စည်တိုက် စေည့်ကူးမြို့။
မိုင်းလုံမြို့။ သုံးဆယ်မြို့။ လေးမြို့နယ်စုံအချား

၂၇။ ၎င်းကတောင်ကို တောင်ရိုးတမ်း ကော်ကော်စင်းစင်း အနော်ဘက် တောင်ခြေကို
လျှော့်ရှယ့်။ ပဌမနိမိတ်ရော်နယ် ၄ရပ် ရှစ်ရပ်

၂၈။ သတ်မှတ်တော်မူရှယ့်ထိုးသည့်အတွင်း။ သားငှက်ခပင်း ဆင်မြင်းကျွဲ နွားအစရှိသဝ်
သတ္တာတိရိစ္ဆာန်တို့အား အညှည်း

၂၉။ အပမ်း အဘမ်းအဆီး အပြစ်အခတ် အသတ်အဖြတ် မရှိစေနှင့် ချမ်းသာစေဟူ၍။
အဂယဌာန ဇီဝိဘဒါန ဘေးမဲ့ပေးသဝ်

၃၀။ အားဖြင့်သဒ္ဒါတော်မူသည်။ ဤသို့သမှတ်ပိုင်းချား ထားတော်မူတတ်သဝ် အဘယဌာန
ဇီဝိတဒါနကုသိုလ်တော်သည်

၃၁။ မိုးရေလေမီးဖျက်ချိုးမရှိသဖြင့် ပကတိမြင့်ရှည်။ တည်ရစ်စေသဝ်။ ဤကုသိုလ်တော်
၏ အာနိသင်ကြောင့်။ တွင်းပြင်

၃၂။ အစ..... တို့နှိုက် ကိလေသာတို့ ရန်သူမျိုးတို့သည် မြူမှုံတင်မတယ် သိသဖြင့်
ပကတိချမ်းသာလျက်။ သုခပဋိပဒါ

၃၃။ ဟူသောအားဖြင့်၊ နန်းနိရောဓ၊ ဥကင်သာနှိုက်။ သစ္စာထီးဖြူဆောင်းတော် မူနိုင်စေ
သဝ်။ ။ ဤကုသိုလ်တော်၏ အလျည်

၃၄။ ကိုလည်း။ ရွှေရင်ပိုက်လွယ် မယ်တော်ကမည်းတော် ဘိုးတော် ဘွားတော် ဆွေတော်
မျိုးပုံ။ ခြေစံဘုံစံနေ၊ ရတေဿာက္လမ္ဗ

၃၅။ အရင်းစရှယ့်။ သုံးဆယ့်တရွာသတ္တာတို့အား အမျှ ကြားတော်မူသည်။ ငါတို့အသျှင်
ဘဝရှင်မင်းတရားကြီးနှင့်အတူ

၃၆။ တကွအမျှရကြစေသဝ်။ ။ဤကုသိုလ်တော်၏အလျှည်ကိုလည်း ငါတို့အသျှင် ဘဝရှင်မင်းတြကြီးပင်သတိ

၃၇။ မချွတ် မတင်ဝယ် ထင်မြင်စေတော် မမူရကား။ ဤပထဝီမြေ သက်သေဖြစ်စေ သဝ်။ ။ပုဒိအာ။

ဒီကျောက်စာကို မန္တလေးတည်ပြီး သုံးနှစ်ကြာတဲ့ ၁၈၆၁ ခုနှစ်မှ စိုက်ထူတယ်။ ဘောမဲ့နယ် ပိုင်းခြားတာကတော့ ရှေးကြိုးသတ်နယ်အတိုင်းပါပဲ။ ဒီနယ်ဟာ ရှေးကတော့ မဒရာနယ်လို့ခေါ်တဲ့ နယ်ဖြစ်တယ်။

ဒါကြောင့် ဒီနယ်အကြောင်း ရှေးကဘာပြောခဲ့သလဲလို့ သိချင်ရင် ၁၇၈၃ ခု ဒီဇင်ဘာလ ၁ရက်နေ့မှာ ကောက်ယူတဲ့ စစ်တမ်းကို ကြည့်ရမယ်။

သက္ကရာဇ် ၁၁၄၅ ခု နတ်တော်လဆန်း ၈ ရက်နေ့တွင် အရှေ့ ကျောက်စည်တိုက် အဝင် တောင်ပြုံးယယ် အသည်သူကြီး ငငြိမ်း၊ နံ ၆၊ အသက် ၅၉ နှစ် သူကိုမေးသော်၊ ချက်။ ။ဥက္ကာသေနမ္မရာဇာမင်း လက်ထက် အမတ်တစ်ရာတို့ တစ်ဦးလျှင်ပယ်တစ်ရာ (၁၇၅ ဧက) ပိုင်းခြား ယူဆောင်ကြသဖြစ် မတ္တရာ ဖြစ်ပေါ်လာသည်ဟု အဆိုရှိပါသည်။

မတ္တရာနယ်၏ နယ်မြေအပိုင်းအခြားကား အရှေ့ကို ကင်းတားကင်းအဝင် အုတ်ဖို တောင်ထိ၊ တောင်ကို ထီးပေါင်ကားမြို့သစ် (အမရပူရ ရွှေမြို့တော်) အဝင် မြစ်ငယ်အထိ ဧရာဝတီမြစ်လယ်ကျောထက်ဝယ်၊ မြောက်ကို သီဟတော ဖြစ်ပါသည်။

အနော်ရထာမင်းလက်ထက် ပိဝနှင့်မြောင်းဦးဆည်များကို ပြုစုတော်မူသည်။ အလောင်း စည်သူမင်းကြီး တိုင်းခွင်လှည့်လည်ရာ၌ အနော်ရထာမင်းပြုစုခဲ့သော ဆည်မြောင်း၊ ကန်၊ ချောင်း ဘုရားသိမ်တို့ကို ပြုပြင်တော်မူသည်။

ကျွန်တော့်မယားသည် မတ္တရာသူကြီးရိုးမှန်၍ ကျွန်တော့်အသက် နှစ်ဆယ်ရှယ်ကစ၍ မတ္တရာတွင် အစဉ်နေထိုင်ခဲ့ပါသည်။ ကျွန်တော့်မယား မိးဘုန်း၏ဖွားမ မိဘုန်းတိနှင့်လင် ငရဲနိုင် လက်ထက်၊ နောက် ကျွန်တော့် မယား အမိမချင်းမနှင့် လင်ငစံခိုင် လက်ထက်မှသည် ကျွန်တော့်မယား လက်ထက်တိုင် အထက်နယ်လေးရပ် သတ်မှတ်သည့်အတွင်း မကြီးစိုး မစီရင်ရပါ။

ကြီးစိုးစီရင်ရသော နယ်မြေအပိုင်းအခြားကား အရှေ့ကို ငခေါင်ခင် တောင်ရိုးထိ၊ တောင်ကို ကျောက်ပြုတ်တော ညောင်ကြတ်ပင်ထိ၊ အနောက်ကို ကုလားတောင်ထိ၊ မြောက်ကို မြစ်လယ် ကျောဖောင်ချမ်းပင်ထိ ဖြစ်ပါသည်။

မြို့ဥပစာနယ်တွင်း နေထိုင်သူတို့ကို မြေတိုင်သူကြီးအရာနှင့် ကြီးစိုးစီရင်ပါသည်။ သက္ကရာဇ် ၁၁၃၇ ခု ကျွန်တော် မယားမရှိလျှင် လင်ဖြစ်သူ ကျွန်တော် ဆက်လက်ကြီးစိုး မစီရင်ရပါ။

ထိုမြေကို အနော်ရထာမင်း နတ်မြေအဖြစ်သတ်မှတ်၍ ကျော်စည် သမုတ်တော်မူခဲ့သည်။ နောက်မင်းများ လက်ထက်တွင်လည်း ထိုနယ်ကို မစီရင်ရပါ။ သက္ကရာဇ် ၇၂၆ ခု သတိုးမင်းဖျား အဝမြို့ကိုတည်သော အခါ မတ္တရာမြို့ဝန်းကျင်၌ အကောက်လေးရပ်နှင့် အကောက် လေးရိုးထားခဲ့သည်ဟု ဆိုရိုးရှိသည်။ သက္ကရာဇ် ၉၆၇ခု အဝညောင်ရမ်း

မင်းတရားလက်ထက် ညောင်ရမ်းပါလူစုကို မတ္တရာမြို့ဥပစာနယ်အတွင်း လုပ်မြေနေမြေ ပေးချထားပါသည်။ တဖန် ဘိုးတော်ဆင်ဖြူရှင် (သာလွန်မင်းတရားကြီး) အဝမြို့ကို တည်ထောင်ပြန်သောအခါ ခမည်းတော် ညောင်ရမ်းမင်းတရားကြီးနှင့် နောင်တော် အနောက်ဖက်လွန်မင်းတရားကြီး အမှုထမ်းများကို အစုအဝမ်းဖွဲ့၍ လုပ်မြေနေမြေ ချပေးပြန်ရာ လူတန်းစေ့ ထိုက်သက်ရာ ဝေစုရကြသည်။ သက္ကရာဇ် ၁၀၃၀၊ ၁၀၄၀ ပြည့် ပြည်မင်းနှင့် ရမည်းသင်းမင်းလက်ထက် ရွှေတိုက် စာရင်းစစ်သိမ်းရာဝယ် ကျော်စည်ဟုတွင်ခဲ့သော နယ်မြေအတွင်းရှိ ကျေးရွာများ စာရင်းပြုလုပ်၍ တိုက်စာရေး တိုက်အုပ်တို့ကို အုပ်ချုပ်စေရာ မတ္တရာမြို့ကို ရွာဟု သတ်မှတ်သဖြင့် အနော်ရထာမင်းနှင့် အလောင်းစည်သူမင်းများ သတ်မှတ်ခဲ့သော နယ်မြေအတွင်း မကြီးစိုး မစီရင်ရပါ။

(မန္တလေး ဂဇက် ၅၆–၇)

ဒီစစ်တမ်းအရ နောင်မန္တလေး ရွှေကြိုးသတ်နယ် ဖြစ်လာမဲ့ နေရာဟာ အရင်က မတ္တရာနယ်ခေါ်တယ်။ ဒီနယ်အကုန်ထဲက တစ်စိတ်တစ်ပိုင်းဟာ နယ်မြေဖြစ်တယ်။ ပုဂံခေတ်က **တောင်ပြုံခရိုင်/** ဆိုတဲ့မြေပါပဲ။ ဆည်မြောင်း တွေရှိပြီး ဆည်ရေသောက် လယ်စိုက်နေတဲ့နေရာ ဖြစ်ပါတယ်။ အစဉ်အဆက် အုပ်ချုပ်တဲ့ အရီးကတော့ 'မိန်းမရိုး' ဖြစ်ပြီး ၁၇၇၅ ခုနှစ်ကမှစ၍ သူကြီးမသေ လို့ သူ့လင်ကဆက်ပြီး အုပ်ချုပ်နေရတယ်လို့ ဆိုပါတယ်။ ဒီနယ်တွင်းမှာ အကောက်ကောက်တဲ့ ကင်းလေးကင်းလည်း ရှိတယ်။ လာရောက်နေထိုင်တဲ့ လူတွေက ၁၇ ရာစုကစပြီး အမှုထမ်းတွေဖြစ်ပြီး အစုအဝန်းဖွဲ့ပြီး နေကြ ရပါတယ်။

ဒီလို လယ်လုပ်နေတဲ့ နယ်မြေဖြစ်တဲ့အတွက် လယ်ကို ပယ်ဖွဲ့ပုံ အတိုင်းအတာဟာ အင်မတန် အရေးကြီးမယ်လို့ ထင်ပါတယ်။ နောက်ဆုံး ပဒုံမင်း (ဘိုးတော်) လက်ထက် ၁၇၉၂ ခုလို့ ထင်ရတဲ့အခါမှာ ပယ်ပုံတော် ကျောက်စာရယ်လို့ နှစ်တိုင်း ရေးထားပြီး မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နဲ့ တယ်ပြီး မဝေးလှတဲ့ ရန်ကုန် ကားလမ်းဘေး၊ ဘုံကျော်တိုက်ရဲ့ အရှေ့ဘက်မှာ စိုက်ထူပြီး ထားခဲ့ပါတယ်။ ဒီကျောက်စာတွေကိုလည်း အပြည့်အစုံ ကိုးကားဖို့ လိုပါတယ်။

**မင်ပယ်ပုံတော်** (စာရင်း ၁၂၆၁) (မျက်နှာဘက်)

(တစ်တောင်၏အတိုင်း ၁၉.၀၅ လက္ခကို ကျောက်သားမှာ ထွင်းပြထားတယ်)

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ၊ဖုန်တော် အလွန်ကြီမြတ်တော်မူလှသော သဗ္ဗညုဖုရာမြတ်စွာသည်၊ ၊ကံဘာ

၂။ ကိန်သေ ကုဋေဋေဖြင် မရေတွက်ကောင်သော ဘယ်သောင် အလွန် ဟိသောလေ သချေ်ထက်နှိုက် ဗျာဒိတ်ဆုသစ်ခဲရာ ဖြစ်သော

၃။ သုမေဓာဇာစ်မှသည် ဝေဿန္တရာအဖြစ်တိုင်အောင်သောဖြစ် ဆက်စပ်ကာ သံသရာနိုက် သတ္တလောက အကျိုးငှာ ကိုဝ်တော်၏ပင်ပန်း

၄။၁ ခြင်ကိုဝ်အငဲအကွက်မဟိ ပြည်တော်မူအပ်သော ပါရမီညာဏ်၏ အလွန်တရာမနိုင်သာသော ရင်မာခြင်သိုဝ်ရောက်တော်မူပြီရယ့်။

၅။ ကျွတ်ထိုက်ရာရာ ဝေဏေယျာကိုဝ် အခါမလပ် ကိုဝ်တာ်ကြပ်လျက် ရိပ္ပပ်ညစ်တည်စင်အောင် လှည်ရယ် တုန်ကြည်တောင် ကိုင်ပျက်မ

၆။ နိုင်သောမြိုင်မြိုင်ရိပ်သာ နိရောဓာသိုင် မကွာ နောက်တော်အပါခေါ်တည်၊ ထိုဝ်ရော်အခါပါရမီညာဏ် ချိန်မတန်ရယ် ကျန်ရစ်ကုန်သ

၇။ တမုန်မွှာမွှာလူသုံပါကိုဝ် သနာခေါက်ရက် ထိုဝ်မှာဖက်သိုဝ် ရက်ရက် စွန့်လွှတ်မစွာတတ်လျက် အကျွတ် ငါတန် ငါလျှင်လွန်

၈။ လည် နောင်ဖန်သောအခါ ငါနိုက်ရာသည် ငါရာဆယ်ပြန် အမုန်မြဲသေ တည်ရစ်စေဟုလူဆွေဖြတ်ဖျာ မှာ ခဲထာတည်၊ ဖုရာမြတ်

၉။ စွာထိုဝ်သိုဝ်မှာသသုံမ်ပါစကြာ သာသနာသည် မှောင်ဝါကင်စင် မိုဝ်တိမ်ပြင်ထက်စက်ရှင်နေလ အစုံမ်ပသိုဝ်အရာတမည်

၁၀။ အတည်တည်သ အပြည်ပြည်ထောင်သော မင်တိုဝ်၏ ဆန်ငြင်မသာဉီ ညွှတ်ရာမြင်မြေချာအထိပ် ဇမ္ဗူဒိပ်ထက်တံဆိပ်

၁၁။ တင်ရာဖြစ်သော မန်တတရေ ရွှေတောင်အရပ်နိုက် အမရပူရမည်သော ရွှေပြည်ကြီကိုင်ရွှေထီဖြန်ဝိုက် စိုက်တော်မူထသော၊ ၊ နေမင်

၁၂။ မြေဖြစ်ပျူစောစစ်မှ နွယ်မြစ်ဆက်ရှေ ဘေတော် ဟူသစေည်သူ ရင်ခွင် မင်ထက်မင်နှင့် မိုဝ်ညင်မင်တရာတိုင်၏ မပြာစဉ်ကွင်

၁၃။ အနွယ်တော်ရင်လည် ဖြစ်တော်မူထသော၊ ၊ ရတနာသိင်္ဂီ ကုန်ပေါင်ရည်ကိုင်တည်ထောင်စုံပြုတော်မူသေ ခမည်တော် မင်ဖျာ မင်တရာ

၁၄။ ၏သာတော်မြတ်လည်ဖြစ်ထသော၊ မင်တိုင်ဓမ္မတာ တံတွာသံပိုင် အစဉ်ခိုင်လျက်စကိုင်အဝ ဌာနရန်အောင် ပြည်ကြီးထောင်သ နောင်တော်

၁၅။ နှစ်ပါမင်တရာတိုဝ်၏ ညီတော်လတ်လည် ဖြစ်ထသော၊ ၊သီရိပဝရဝိဇယာနန္တ ယသတြိဘဝနာ ဒိတျာဓိပတိပဏ္ဍိမဟာဓမ္မရာဇာဓိရာဇာ

၁၆။ မည်တော်ဟိသော ဆင်ဖြူများသျှင် ဘဝသျှင်မင်တြာသည် အသမ္ဘိန္န ခတ္တိယဇစ်ဖြစ်သော သီရိပရေ မဟာရာဇိန္ဒမင်္ဂလာ ရတာနာဒေဝီမည်

၁၇။ တော်ဟိသောတောင် မိဖုရာခေါင်နှင့်တကွ အသက်ရှည်စွာ မင်တကာတိုင်ခန်ညာသဖြင့် မခံယူစဖူသော မုဒ္ဓာဘိုသေကကိုဝ်

၁၈။ မဟာသမတ အစဟိသော မင်တိုဝ်ကယ်တိုဝ် ရဲမာန်ကြုံမ်လျက် ဝန်တက်ဆူဝေရေမြေတောင်တော မြေကြောတုန်ဆက်

၁၉။ ကွဲဘိမတတ်၊ ဝတ်လွှတ်သံကြုံမ်ရွှေနှလုံမ်ဖြင်မဆုတ်မနစ် ခံတော်မူပြီရယ့်၊ ၊ ဓညဝတီရခိုင်ပြည်ကြီ၏ ဆီမီတန်ဆောင်

၂၀။ သဖွယ်ဖြစ်ရယ့် အံ့ကိုဝ်ပါနှင့် ပြည်စုံမ်သော မဟာမုနိအမည် တော်ဟိသော ရုပ်ရှင်တော်ကိုဝ် သာတော်အိမ်ရှေမင်

၂၁။ ကိုဝ်ပင်ဆောင်ခဲ့စေရယ့် ရွှေမြိုင်တော်၏ အရှေမြောက်ယွန် ဇသန်ခန့်နှိုက် တန်ဆောင် ရတနာ မဟာရံမိတာတိုင်ဖြင်

၂၂။ တန်ဆာဆင်လျက်ကိုဝ်ကွယ်တော်မူခြင် နိုင်ငံတော်အတွင် တမြိုင်တ ဆူရွှေကူတည်ခြင် မဟာဝိဟာရစသော

၂၃။ ရွှေကျောင်တော်ဆောက်လုပ်ခြင် ဤသိုဝ်သ ကုသိုဝ်ဒဗ္ဗိသမ္ဘာ ရတိုဝ် ကြောင် မင် အဆက်ဆက် မေတ္တာဆက်ကူ မရှက်

၂၄။ ဖူသော တရုပ်ဥတည်မင်က ဆွေရှင်မိတ်စစ်ဖြစ်ကျင်စွာသော နှလုံမ်ဟိသည် ဖြစ်ရယ့်။ သီရိမဟာ ဂန္ဓာရဒေဝီ၊ သီရိမင်္ဂလာပဥ္စလဒေဝီ၊

၂၅။ သီရိမဟာ ဂန္ဓာစန္ဒာဒေဝီဟူသ မြေတော်သုံမ်ယောက်တိုင်နှင် ကင်သင်မဆီ ခရီပေါက်ရောက် လွယ်ကြောင်ဖြစ်သော

**ကျောဘက်**

၁။ သုဝဏ္ဏလိပ် ရွှေတံစိပ် ဘေတော် နော်ရထာမင်စော နရပတိစေည်သူ တိုဝ်ကိုင် တော်တိုင်သွာရယ့် ပင်ဆောင်သည်ကိုင်လျက်

၂။ မရနိုင်သဖုရာစွယ်မြတ်လက်ယာ ဓာတ်တိုင်ဥတည်သနင် ပိုဝ်ဆက်နှင့်ရယ့် ကျွန်တွင် သပြေညာကြေပတ်ဝိုက် တော် သံရိုက်

၃။ သောဖုရာသျှင်မင်ဖျာမင်ကြာသည်၊ ၊ မဟာပထဝီဖြစ်သော ဤမြေကြီးသည် ယူဇနာနှစ်သိန်လေသောင် စင်တုဟိရကာ

၄။ ဆံခြည် တခြမ်းနှံတလုံမ်ရှိအရာသည် လျက်အဖိုဝ်အတိုင်မသိ ဟိသည်ဆိုဝ်သည်နှင် ဂရုမမ္ဗဓာတ် (နံပါတ် ၂၇၆)တွင် ပယ်နယ်မှုနှိုက်

၅။ အလေအမြတ် ပြကြောင်များကို မြင်တော်မူရယ့် ဆင်ရဲသာတိုဝ် ကံနှံ့သဝ်ကန်ပိုင် ပယ်စပ်နယ်စပ် အရှက်အတင်မှု

၆။ ကြောင်အညင်အခုံမ်ခိုက်ပွာ ရန်စည်ဟိကြသည်ကိုဝ် တံတိုင်စနုတ် အသေအခြာဟိမှ ခိုက်ရန်မဖြစ် ကင်လွတ်မည်ကိုဝ်

၇။ ဆင်ခြင်တော်မူရယ့် ပညာဟိတိုဝ်နှင်နီနှောတိုင်ပင်ပြီလျှင် ပကတိပယ် မင်ပယ် နှစ်ရပ်ကိုဝ် ကျမ်ဂန်လာသည်အတိုင်

၈။ ထုံမ်စံဥပဒေ အနေကျကျ သာတောင်အစည် မြေတော်အဆက် မှတ်သာရအောင် ကျောက်တိုင်ကျောက်မှတ်နှင့်ထာတော်

၉။ မူခဲသည်သည်ကာ ရှေကာလ ပကတိပယ်နှင့် သမိုက်ပြဋ္ဌာန်ရယ့် ထာဝခဲသော အရာဖြစ်လျှင် ငါသမိုက်တော်မူသည် ပကတိ

၁၀။ ပယ်နှင်တိုင်တာရယ့်ဆုံမ်ဖြတ်စေ၊ ၊ပင်ပယ်နှင် သမိုက်ပြဋ္ဌာန်သော အရာ ဖြစ်လျှင်လည် ငါသမိုက်တော်မူသည်

၁၁။ မင်ပယ်နှင်သာတိုင်ရှယ့် ဆုံမ်ဖြတ်စေဟု သဗ္ဗညုတဉာဏ် ကိုဝ်ရည် မှတ်တော်မူရှယ့်ထာတော်မူသည်ပကတိပယ်

၁၂။ မင်ပယ်နှစ်ရပ်တွင် လောကတ္တစရိယ ဖြစ်သော မင်ပယ်ကိုဝ်ကာ မင်္ဂလာဘုံမ်ကျော်ကျောင်တော် မဟာရံအရှေတောင်ထောင်

၁၃။ ကသည်နှစ်ဆယ်ငါတာတောင်သိုခွာရှယ် အရှေမျက်နှာသျှစ်တာကွာတွင် ပကတိပယ်ဟိ၏ ထိုဝ်ပကတိပယ်မှအရှေ

၁၄။ ငါတာကွာတွင် တညီတည္ဆတ် ကျောက်တိုင်လေထောင်ပတ်လျက် ထာသတည်၊ ၊တမျက်နှာသော် သုံမ်ဆယ်ငါတာနှစ်

၁၅။ တောင်တမိုက်လေသစ် စတုရန်သတ်သတ်သော် တရာလေဆယ် တဘာသုံမ်တောင်ဖြစ်၏၊ ၊လက်သစ်တောင်တာ အခြင်ကိုကာ ဆန်ဖြူ

၁၆။ ခွံမ်နက်စပါယသေခုနစ်လုံမ်သော် လက်တသစ် နှစ်ဆယ်လေသစ်သော် တတောင်ခုနစ်တောင်သော်တတာဖြစ်သည်ဟူသော ကျံမ်ဂန်နှင်

၁၇။ အညီထာသတည်၊ ၊တိုဝ်လက်သစ်တောင်တာကိုဝ် လည်ယခုစိုက် ဆောက်သည်ကျောက်ဆောင်တိုင်မတွင် ပုံမ်စံထုလုပ် ရေသာထာ သတေည်

မင်းပယ်နဲ့ကပ်နေတဲ့ နောက်တကွက်က ပကတိဆိုတဲ့ ဆင်းရဲသားမယ် ပုံစံပြမြေကွက်ဖြစ်တယ်။ ကျောက်စာ နှစ်မျက်နှာ ရှိပါသေးတယ်။ ခေါင်းစီးမှာ **ပကတိပယ်ပုံတော်** (စာရင်း ၁၂၉၂)လို့ ရေးထိုးထားတယ်။ စာသားကတော့ မင်းပယ် စာသားအတိုင်းပါဘဲ။ ဒါပေမယ့်ပကတိပယ်ကို ဖော်ပြတဲ့ စကားကျတော့ မင်းပယ်နဲ့ မတူဘူးပေါ့။ ဒါကြောင့် မတူတဲ့နေရာကဘဲဒီမှာ ရေးကူးပြလိုက်မယ်။

**ပကတိပယ်ပုံတော် ကျောက်စာ ကျောဘက်**

၁၉။ လောကတ စရိယ ဖြစ်သော ပကတိပယ်ကိုဝ်ကာ မင်္ဂလာဘုံမ်ကျော် ကျောင်တော် မဟာရံ အရှေ

၂၀။ တောင်ထောင်ကသည် နှစ်ဆယ်ငါတာတောင်သိုဝ်ခွာရှယ် အရှေမျက်နှာ ရှစ်တာကွာတွင်

၂၁။ တညီတည္ဆတ် ကျောက်တိုင်လေထောင် ပတ်လျက် ထာသတည်။ တမျက်နာသော နှစ်ဆယ်

၂၂။ ငါတာ စတုရန်သတ်သော တာတရာဖြစ်၏၊ ၊လက်သစ်တောင်တာ အခြင်ကိုဝ်ကာ......

အဲဒီကျောက်စာ နှစ်တိုင်လုံးရဲ့ ထိပ်မှာ စံထားဖို့ တစ်တောင်ရဲ့ အတိုင်းအတာဟာ ဒီလောက်ရှိရမယ်ဆိုပြီး ကျောက်သားမှာ ထွင်းပြီး ပြထားတယ်။ တိုင်းကြည့်တော့ ၁၉.၀၅ လက်မရှိနေတယ်။ အင်္ဂလိပ်ခေတ် တစ်လျှောက်လုံး နိုင်ငံခြားရော တိုင်းရင်းသား ကုန်သည်တွေကပါ တစ်တောင်ကို ၁၈ လက်မပဲပေးတယ်။ ပြည်သူလူထုဟာ ဥပမာ ဖျင်ဝယ်တယ်ဆိုရင် တစ်တောင်ဝယ်တိုင်း ၁.၀၅ လက်မ လိမ်အယူ ခံရတယ်။ ဒီကျောက်စာတွေမှာပါတဲ့အတိုင်း



အချုပ်စကားကတော့ တစ်တောင်ကို ၁၉.၀၅ လက်မ ရှိမယ်။ အဲဒီအတောင်နဲ့ ခုနစ်တောင်ကို တစ်တာထားပြီး အလျား နှစ်ဆယ့်ငါး တောင် စတုရန်းကို 'ပကတိပယ်' ခေါ်တယ်။ အဲဒါရဲ့နှစ်ဆကို 'မင်းပယ်' ခေါ်တယ်။ အဲဒီအတိုင်းအတာတွေနဲ့ပဲ အခုမန္တလေး တည်ဆောက်ချိန်မှာ လက်ကိုလည်း ပယ်တိုင်းတယ်။ အဆောက်အအုံကိုလည်း တိုင်းထွာမယ်ပေါ့။

**မြို့သစ်တည်ဆောက်ပုံ**

ပထမဦးဆုံး မြို့နေရာကို ပိုင်းခြားဖို့ ချည်းနင်းကြည့်ရှုကြတဲ့ လူတွေကတော့ အဝေးကျိဝန်/ ပညာရှိကြာ/ ပန်းချီခေါင်းငနေမျိုး ဓမ္မရာဇသင်္ကြံ/ ကျော်စည်ရွာစားပို/ ကောင်ဟန်စစ်ကဲဘိုး/ မြေတိုင်းစားရေးဘိုး/ လက်ယာထောင်မှူးင မဟာမင်းလှဇေယသူ/ ကင်းဝန်

မဟာမင်းလှမင်းခေါင်သူရိန်/ မိုင်းညောင်မြို့စား
မဟာမင်းလှသီဟသူ/ ဝန်ထောက်ခန်းပတ်မြို့စား
မဟာသီရိပဏ္ဍိတရာဇဂုရု/ ပုဏ္ဏားပညာရှိ
မဟာသီရိသင်္ခယာ/ ကန္နီမြို့ဝန်
မင်းကျော်ရာဇာ/ မြေတိုင်းအမတ်
မင်းကျော်သိခ်သူ/ စာရေးကြီး
မင်းကြီးမဟာမင်းခေါင်/ မြို့ဝန် ရင်းတော်မြို့စား
မင်းကြီးမဟာမင်းလှစည်သူ/ အတွင်းဝန် မိုးလိုင်းမြို့စား
မင်းကြီးမဟာသမိန်တောဖြတ်စ/ အမြင့်မြို့စား
မင်းလှမင်းထင်ကျော်/ အသုံးစာရေး
မင်းလှမင်းထင်ကျော်သူ/ နန်းကံကျွေးဝန်
မင်းလှမင်းထင်စည်သူ/ အသုံးစာရေး
မင်းလှမင်းထင်စည်သူ/ သစ်တောဝန်
မင်းလှမင်းထင် သင်္ခယာ/ အသုံးစာရေး
မင်းလှရာဇာ/ စာရေးကြီး
မင်းလှရဲခေါင်သူရိန်/ မြို့စာရေး
မင်းလှသီရိကျော်သူ/ အသုံးစာရေး
မင်းလှသီရိစည်သူ/ နာရီတော်မှူး ဆင်တဲရွာစား
မင်းလှသီရိရာဇာ/ အသုံးစာရေး
မင်းလှသိခ်သူ/ အမှာရေး သပြေငါးရွာစား

မင်းထင်မင်းလှရာဇာ/စာရေးကြီး
မင်းရဲဇေယကျော်/ဆင်ဝန်ကွပ်ရွာမြို့စား
မင်းသီရိဇေယသူ/သံတော်ဆင့် ရတနာလှေကားတော်မှူး
နှံ့/ မြေတိုင်းစာရေး င/ သတိုးမင်းကြီး မဟာမင်းလှကျော်သူ/ဝန်ရှင်တော်
မြေအောင်မြို့စား ဆေးနတ်ဝန်မင်းကြီး/သတိုးမင်းကြီးမဟာမင်းလှစည်သူ/
ပခန်းကြီး မြို့စားမင်းကြီး/သီရိပဏ္ဍိတမဟာဓမ္မရာဇဂုရု/ပုဏ္ဏားပညာရှိ

သောကြာ/မြေတိုင်းစာရေးင တို့နဲ့ ဝါး၊ပန္နက်၊ပန်းသုန်း၊ဓား၊တူရွင်း အစုံကိုယူပြီး လိုက်ရတဲ့ဝင်းတော် လေးမျက်နှာ အမှုထမ်းတွေရယ်၊ပန္နက်ချိန်၊ ကွန်ပါစတဲ့အတိုင်းအတာ ကိရိယာ၊ဆေးစုတ်တဲ့ ရေးဆွဲတဲ့ကိရိယာတွေယူပြီး လိုက်ရတဲ့ပန်းချီ အမှုထမ်းတွေ ဖြစ်ပါတယ်။ ဒီစာရင်းအရ တကယ် အပင်တပန်း အလုပ်လုပ်ကြရတဲ့ လူတွေကတော့ ဝင်းတော် လေးမျက်နှာ အမှုထမ်းတွေနဲ့ မြေတိုင်းစာရေး ငရွှေ၊ငသောကြာ၊ငတိုးရယ် ပန်းချီခေါင်း ငကြာနဲ့ တပည့်တွေရယ်၊သူတို့ပဲဖြစ်မယ်ဆိုတာတော့ အထူးပြောဖို့ လိုမယ်မထင်ပါ။ သူတို့ရေးဆွဲခဲ့တဲ့ ပုရပိုက်မြေပုံရှိပါတယ်။ (မြေပုံ ၂။ ရွှေကြိုးသတ်နယ်ပုံကို ကြည့်ပါ)။ နယ်နိမိတ် မှတ်တိုင်တွေကိုတော့ အသုံးစာရေးတွေက စိုက်ရတယ်။ မြေနင်းပြီး ပုံဆွဲတဲ့နေ့ကတော့ ၃၀ အောက်တိုဘာ ၁၈၅၆ ဖြစ်ပါတယ် (တည် ၆၂)။ သူတို့ လှည့်လည်ကြည့်ရှုတဲ့ နယ်မြေက အလွယ်ပြောရရင် မန္တလေးတောင်ကို အခြေပြုပြီး တောင်ဘက် အောင်းကလောကန်အထိ တာ ၁၅၀၀၊ အနောက်ဘက် ဧရာဝတီအထိ တာ ၂၆၀၀ ရှိတယ်။ အကြမ်းသဘောကတော့ ရေမျက်နှာပြင် ကျယ်ကျယ်ရှိရာကို နယ်နိမိတ် အဆုံးသတ်ပြုတယ်လို့ ဆိုရမယ်။ ဘာပြုလို့လဲဆိုတော့ သူတို့သတ်မှတ်တဲ့ မြေနေရာဟာ

၁။ အရှေ့အောင်ပင်လယ်ကန်
၂။ တောင်ဇောင်းကလောကန်နဲ့ တောင်တမန်အင်း
၃။ အနောက်တက်သေးအင်းနဲ့ ဧရာဝတီ
၄။ မြောက်မဟာနန္ဒကန် (တည် ၆၃)


တွေကို အပါ ထည့်သွင်းထားလို့ပါပဲ။ အတွင်းဇရိယာမှာရွှေလောင်းနဲ့ ရွှေတစ်ချောင်းချောင်းတွေဟာ တစ်ဆယ့်နှစ်ရာသီ ရေတသွင်သွင် စီးဆင်းနေတယ်လို့ ဆိုပါတယ်။ အဲဒီရေပြင်တွေရဲ့ အပေါ်ကမိုးပြီး မန္တလေးတောင်ရှိတယ်။ တခြားတောင်တွေကတော့ ကုလားမတောင်၊ ဂန္ဓမာတောင်၊ ဝါမွန်တောင်၊ ဇကာတောင်၊ တောင်ပုလု၊ တောင်လှုပ်၊ မြက်မွှေးတောင်၊ မြတ်စောညီနောင် တောင်၊ ရန်ကင်းတောင်နဲ့ ရွှေတောင်ဦး (တည် ၆၃) တို့ ဖြစ်ပါတယ်။ တောင်လောက်မမြင့်တဲ့ ကုန်းတွေကတော့ ကုလားပျိုကုန်း၊ ကြီးမြင်းကုန်းနဲ့ ရွှေနန်းမျှော်ကုန်း (တည် ၆၃)တွေပါပဲ။ မြေမျက်နှာပြင်က အလွန်ပြန့်ပြူး တယ်။ အဲဒီမြေပြန့်ကို တောင်တွေ ကုန်းတွေ ကန်တွေက ဝိုင်းထားတယ်။ ဒါကြောင့် သိပ်ပြီး သာယာတယ်လို့ အဲဒီတုန်းက လူတွေယူဆ ကြပါတယ်။ (တည် ၆၃) မှတ်တန်းတွေအလိုကို ပြောရရင် မြေပုံရေးဆွဲတဲ့ ပန်းချီတွေဟာ ချက်ချင်းပြီးစီးအောင် ရေးကြရရှာတယ်။ ဘာပြုလို့လဲဆိုတော့ မြေရာ နင်းကြပြီး နောက်တစ်နေ့ (၃၁ အောက်တိုဘာ ၁၈၅၆)မှာ

ဘုရင်ကို မြေပုံ ပြကြရတယ်။ ရှင်ဘုရင်က အဲဒီ ရေးထားတဲ့ မြေပုံထဲမှာ ဒီနေရာမှာ နန်း၊ ဒီနေရာမြို့ ဒီနေရာကျုံးရယ်လို့ သတ်မှတ်ပိုင်းခြားပေးတယ်တဲ့ (တည် ၆၄)။ သူ သတ်မှတ်လိုက်တဲ့ နန်းမြို့နေရာဟာ ခေတ်အခေါ်အဝေါ်နဲ့ပြောရရင် မြောက်လတ်တီတွဒ် ၂၁ ဒီဂရီ ၅၉ မိနစ်နဲ့ အရှေ့လောင်ဂီတွဒ် ၉၆ ဒီဂရီ ၆ မိနစ် ဆုံဆီးရာ နေရာပါပဲ။ မြေ အနေအထားကို ကျနအောင် မြေပုံရေးပြလို့ ရှိရင် ဘယ်သူပဲဖြစ်ဖြစ် အကောင်းဆုံး နေရာကိုထောက်ပြီး ဒီနေရာမှာ နန်းတော်ဆောက်ဖို့ ပြောတတ်မှာပဲ။ ဒါပေမဲ့ ခေတ် အခါအလျောက် ဒီလို ရွှေနိုင်တာကိုပဲ အပရာဇိတဗောဓိ မဏ္ဍလကို အလောင်းတော်မြတ် ရွေးပုံမျိုးနဲ့ နှိုင်းယှဉ်ပြီး ပြကြတယ်။ (တည် ၆၃) "ကဲလွန်စွာ ဖြည့်ကျင့် ဆည်းပူးတော် မူအပ်သော ပါရမီတော်တို့ကြောင့် (တည် ၆၄)နတ်တို့ ပြဋ္ဌန်းတယ်လို့ လဲ ယူဆကြတယ်။ အမှန်ကတော့ ဋ္ဌန်းတဲ့နတ်တွေဟာ စောစောက ပြောခဲ့တဲ့ ငရွှေတို့ ငကြောတို့ပဲ ဖြစ်ပါတယ်။ ဟိုတုန်းက ဆွဲခဲ့တဲ့ 'ရွှေကြိုး သတ်နယ် မြေပုံဘုရား' ဆိုတဲ့ အမည်နဲ့ ပုရပိုက် ပုံတစ်ပုံကို ဟစ်ဆင့်ကူးပြီး ပြလိုက်ပါတယ်။ (မြေပုံ ၂ ဒီပုံမျိုးတစ်ပုံကို မန္တလေးဝိဇ္ဇာသိပ္ပံ တက္ကသိုလ် အနုပညာ ပြတိုက်မှာ ချိတ်ဆွဲထားတာလည်း ရှိပါတယ်။ နောက်မှ တစ်ဆင့် ကူးပြီးထားတဲ့ ပုံဖြစ်မယ်လို့ ထင်ပါတယ်။)


ရှေးမြေပုံကိုကြည့်ပြီး မှတ်သားစရာ ကောင်းတဲ့ အချက်တွေကို ပြောပြချင်ပါတယ်။ ဟိုခေတ်က မြေပုံဟာ ခေတ်ပုံတွေလို မြောက်ဘက်အပေါ်ထားပြီး မဆွဲကြဘူး။ အရှေ့ကို ထိပ်ကထားပြီး ဆွဲပါတယ်။ ဒါဟာ မြန်မာနည်းလို့ ဆိုနိုင်ပါတယ်။ ပြီးတော့ ခရီးအကွာအဝေး ကို တိုင်းယူရင် သိနိုင်အောင် မြေပုံပေါ်က တစ်လက်မကို မြေပြင်မှာ ဘယ်နှစ်မိုင်ရှိတယ် လို့ ရေးပြတဲ့ (စကေး) အမျိုးမျိုးလဲပေးမထားဘူး။ တစ်ခါတည်း မြေပုံပေါ်မှာပဲ ဒီနေရာက ဟိုနေရာကိုတာ ဘယ်လောက် ရှိတယ်လို့ ရေးပြထားတယ်။ မြေ အနိမ့်အမြင့်ကို ပြဖို့ ကွန်တိုလိုင်း မပါပေမဲ့ တောင်နေရာမှာ တောင်ပုံဆွဲပြီး တောင်ထိပ်မှာ စေတီရှိရင်လဲ စေတီပုံပါမယ်။ တောနေရာမှာ သစ်ပင်လေးတွေ ရေးဆွဲထားမယ်။ ထင်ရှားတဲ့ အဆောက် အအုံနေရာမှ ပန္နက်ပုံဖြစ်ဖြစ်၊ ပြသာဒ်ပုံဖြစ်ဖြစ် ရေးထားတယ်။ အကြည့်ရ အင်မတန် လွယ်တယ်။ ရုပ်ပြ မြေပုံဆိုတာမျိုးပါပဲ။ မြစ်ချောင်း၊ အင်းအိုင်ကို အခုခေတ် မြေပုံမှာလို အပြာမခြယ်ဘူး။ အစိမ်းခြယ်တယ်။

'ရွှေကြိုးသက်နယ် မြေပုံ'မှာ နယ်နိမိတ်ကို အရင်ဆုံး သတိပြုသင့်တယ်။ အရှေ့ဘက်မှာ နယ်ထိပ်တောင်ရိုးလို့ တွေ့တယ်။ တောင်ဘက် ဒုဋ္ဌဝတီခေါ်တဲ့ မြစ်ငယ်၊ အနောက်ဘက် ဧရာဝတီ မြစ်မကြီးနှင့် မြောက်ဘက်ကတော့ ချောင်းမကြီးလို့ခေါ်တဲ့ မတ္တရာမြစ်ဖြစ်ပါတယ်။ အရှေ့အနောက်ကျဉ်းတယ်၊ တောင်မြောက် အကွာဟာ အရှေ့အနောက် အကွာထက် နှစ်ဆခွဲလောက်ရှိမယ်။ အမှန်းအဆပြောရရင် ပျမ်းမျှကြေး အရှေ့အနောက် တစ်ဆယ့် သုံးမိုင်၊ တောင်မြောက် သုံးဆယ့်နှစ်မိုင်ရှိမယ်။ သုံးဘက်ကမြစ် အရှေ့ဘက် နယ်ထိပ် တောင်ရိုးနဲ့ ပိတ်ထားတဲ့ စတုဂံနယ်မြေ ဖြစ်ပါတယ်။ ဒီနယ်မြေအတွင်းမှာ ကန်တွေချောင်းတွေ မြောင်းတွေ အင်းတွေ အင်မတန် ပေါပါတယ်။ သဘောကတော့ ကန်ရေသောက် မြောင်းရေသောက် လယ်စိုက်တဲ့ မြေအရပ် ဖြစ်တယ်လို့ ပြနေတယ်။ ပထမချောင်းနဲ့

မန္တလေးရွှေကြိုးသတ်နယ်မြေ



မူရင်းပုံရပိုက်ပုံမှ မောင်တင့်ရေးဆွဲတယ်။



မြောင်းနံမည်တွေကို အရှေ့ဘက်ကနေပြီး အနောက်ဘက်ကို အစဉ်လိုက်ထားပြီး ပြောရရင်

ရွှေလောင်းချောင်း၊ (၂၆ မတ်လ ၁၈၆၃ ကစပြီး ရတနာနန္ဒီဖြစ်လာတယ်။) ဒင်္ဂါးချောင်း၊ ရွှေတစ်ချောင်း၊ တုံ့ကြီးချောင်း၊ ပိုင်ပတိမ်ချောင်း၊ သင်္ဂဇာချောင်း၊ နားတောင်းကျချောင်း၊ လက်ကောက်ပင်ပေါက်ချောင်း၊ ရေကြို ပေါက်ချောင်း၊ မဲအိုးချောင်း၊ မချောင်ချောင်း၊ ဇင်ပြြန်ချောင်း ရယ်လို့ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယအနေနဲ့ ကန်တွေကိုပြောရရင် ကန်ငယ်တွေက ကောကနဓကန်၊ ကန်ကြီးကန်လှ၊ ကုက္ကိုတန်းကန်၊ ကြာကန်၊ ငကြိုင်ကန်၊ စည်တွင်းကန်၊ (စည်တိုင်းကန်၊ သမင်တွင်းကန်)တမုတ်ဆိုးကန်၊ တောင်ကန်၊ နိပသေကန်၊ နံ့ကြဲကန်၊ ဘယောင်းသည်ကန်၊ မြကန်၊ မြောင်တွင်းကန်၊ မြစ်ထိကန်၊ရန်ဖယ် ကန်၊ လှည်းတိုက်ကန်၊ သမန်းကန်၊ သူကြီးကန်၊ အစုရေးကန်၊ အဓိကရကန် တွေပါပဲ။ ကန်ကြီးတွေကတော့ အများသိပြီး ဖြစ်တဲ့ ဇောင်းကလောကန်တော်၊ မဟာနန္ဒကန်တော်နဲ့ အောင်ပင်လယ် ကန်တော်တွေပါပဲ။

အင်းတွေကလည်း အနောက်ဘက် ဧရာဝတီမြစ်ကျော မရောက်မီ အများကြီး တွေ့နေရပါတယ်။ အခုခေတ်တော့ မြေပို့ပြီး အင်းကောက်သွားတာ တွေ တော်တော်များ သွားပြီးလို့ ပြောရမယ်။ တချို့အင်းနံမယ်ဟာ သမိုင်း နောက်ခံရှိတဲ့အင်းလို့ ယူဆရင်ရမယ် ထင်မိပါတယ်။ အင်းအမည်တွေကတော့

၁။ ကက်ကူအင်း(တောင်နဲ့မြောက် နှစ်အင်း) ၂။ ကင်းမလွဲအင်း၊ ၃။ ကန်သစ်အင်း၊ ၄။ ကုပ်ကြီးအင်း၊ ၅။ ကျောက်မျက်အင်း၊ ၆။ ကြာအင်း၊ ၇။ ကြက်ဥရစ်အင်း၊ ၈။ ချိုးတောအင်း၊ ၉။ ချင်းရွာအင်း၊ ၁၀။ ငဘန်ငယ်အင်း၊ ၁၁။ ငရောအင်း၊ ၁၂။ ငါးပြေတော်အင်း၊ ၁၃။ ငါးဘယ်အင်း၊ ၁၄။ ငါးမြင်းရအင်း၊ ၁၅။ ငါးသမအင်း၊ ၁၆။ စစ်ဝတ်အင်း၊ ၁၇။ ဆင်အင်း၊ ၁၈။ ဆင်လမောင်းအင်း၊ ၁၉။ ဇလအင်း၊ ၂၀။ ညောင်ကုန်းအင်း၊ ၂၁။ ညောင်ချတ် အင်း၊ ၂၂။ ညောင်ပင်အင်း၊ ၂၃။ ညောင်ပင်ကန်အင်း၊ ၂၄။ တရားတွေ့အင်း၊ ၂၅။ တက်သေးအင်း၊ ၂၆။ တောင်ဘို့အင်း၊ ၂၇။ တောင်သမန်အင်း၊ ၂၈။ ဒင်ကျည်းသေအင်း၊ ၂၉။ နတ်ပြည်တံခါးအင်း၊ ၃၀။ ပုန်းရေကန်အင်း၊ ၃၁။ ပြအင်း၊ ၃၂။ ဗိုလ်မင်းအင်း၊ ၃၃။ ဘူးတောင်းအင်း၊ ၃၄။ ဘန်ခါးအင်း၊ ၃၅။ မိချောင်းအိုင်အင်း၊ ၃၆။ မင်းကလေးအင်း၊ ၃၇။ မင်းသားအင်း၊ ၃၈။ မှော် တောအင်း၊ ၃၉။ မျက်အင်း၊ ၄၀။ မျက်ခါးအင်း၊ ၄၁။ မြအင်း၊ ၄၂။ မြကန်အင်း၊ ၄၃။ မြသပ္ပူအင်း၊ ၄၄။ မြတ်ဘူအင်း၊ ၄၅။ မြစ်ချင်းတိုင်အင်း၊ ၄၆။ မွေဦးအင်း၊ ၄၇။ ရှင်ကြီးအင်း၊ ၄၈။ ရွှေအင်း၊ ၄၉။ ရွှေပေါက်ကျွန်းအင်း၊၅၀။ ရွှေပေါက်ပင်အင်း၊ ၅၁။ ရွှေပေါင်အင်း၊ ၅၂။ ရွှေလုံတော်အင်း၊ ၅၃။ လပိုင် တင်အင်း (ပထမနှင့်ဒုတိယနှစ်အင်း) ၅၄။ လူးအင်း၊ ၅၅။ လယ်ကြီးတန်းအင်း၊ ၅၆။ လယ်တွင်းကြီးအင်း၊ ၅၇။ လွတ်ရေအင်း၊ ၅၈။ ဝါဝတ်တိုင်အင်း၊ ၅၉။ ဝဲကြီးအင်း၊ ၆၀။ ဝက်ရူးအင်း၊ ၆၁။ ဝင်းမင်းအင်း၊ ၆၂။ ဝမ်းဘဲကူးအင်း၊ ၆၃။ သဲသေအင်း၊ ၆၄။ သိမ်တိုင်အင်း၊ ၆၅။ ဟသာအင်း၊ ၆၆။ အိုးသူ ကြီးအင်း၊ ၆၇။ အင်းကလေး၊ ၆၈။ အင်းဇရ၊ ၆၉။ အင်းသာယာ၊ ၇၀။အိမ် မှူးကန်အင်း-

ဆိုတာတွေပါပဲ။ အားလုံးသိကြတဲ့အတိုင်း ဒီအင်းတွေထဲမှာ တက်သေးနဲ့ တောင်သမန်က

အဓိကရေတွေပါပဲ။ ဒီနယ်မြေအတွင်းမဟာ ကွမ်းသီးပင် ဥယျာဉ်၊ ထန်းဥယျာဉ်၊ သရက်ဥယျာဉ်တွေ အများကြီးရှိနိုင်တယ်။ အရှေ့ဘက် နတ်ထိပ်တောင်ခြေမှ ဒူးရင်းဥယျာဉ်ရယ်လို့ တစ်နေရာမှာတွေ့ပါတယ်။ ဒီနယ်မြေအတွင်းက ရွာနံမည်တွေဟာလည်း မှတ်သားစရာဖြစ်ပါတယ်။

ကပိုင်ရွာ၊ ကဘဲ့ရွာ၊ ကုသရွာ၊ ကင်းဘက်ရွာ၊ ကင်းဝရွာ၊ ကန်ကောက်ရွာ၊ ကန်ကြီးရွာ၊ ကန်တွင်းရွာ၊ ကန်ပြင်ရွာ၊ ကုက္ကိုကုန်းရွာ၊ ကုန်းတန်းငါးရွာ၊ ကောင်းမွန်ရွာ၊ ကျီကြီးစုရွာ၊ ကျုံးရွာ၊ ကျောက်အိုးရွာ၊ ကျွဲကျရွာ၊ ကျွဲခြံကုန်းရွာ၊ ကျွဲနံချောင်းရွာ၊ ကျွဲနတ်ရွာ၊ ကြာနီကန်ရွာ၊ ကြူဝန်ရွာ၊ ကြပ်ကုန်းရွာ၊ ကြိမ်တောရွာ၊ ခေမာဘူမိရွာ၊ ခံကုန်းရွာ၊ ချင်းကုန်းရွာ၊ ချောင်းခွရွာ၊ ချောင်း ပေါက် ရွာ၊ ချောင်းဝန်းရွာ၊ ဂုံတောရွာ၊ ဂျိုးဖြူရွာ၊ ငစိုရွာ၊ ငပုတက်ရွာ၊ ငရှမ်းကြီးရွာ၊ ငယ်တောရွာ၊ (ငယ်တိုးရွာ) ငြိမ်းချမ်းသာစံရွာ၊ စမုံရွာ၊ စာတိုက်တကာရွာ၊ စည်ပိုင်ရွာ၊ စန္ဒပူရီရွာ၊ ဆူးခါးရွာ၊ (အရှေ့၊ မြောက်၊ အလယ်၊နဲ့တောင် လေးရွာ)ဆူးလေကုန်းရွာ၊ ဆင်ရွာ၊ (မြစ်ငယ်) ဆင်ရွာ (ရွှေလောင်းချောင်း) ဆင်ခြံ ရွာ၊ ဆင်ပွတ်ရွာ၊ ဆောက်ခြံပေါက်ရွာ၊ ဆည်ရွာ၊ ဆန်တင်ရွာ၊ ဆိပ်သာရွာ၊ ဇရစ်ရွာ၊ ဇီးကုန်းရွာ၊ ဇီးချိုကုန်းရွာ၊ ဇေယျာဘူမိရွာ (ထီးတော်မိုး)၊ ဇေယျာဘူမိရွာ (ရှားဆေးချက်ရွာမြောက်)၊ ဈေးသစ်ရွာ၊ ညောင်ကုန်း(မြောက်၊ အလယ်၊ တောင်၊ သုံးရွာ) ညောင်နီပင်ရွာ၊ ညောင်ပင်စောက်ရွာ၊ ညောင်ပင်သာရွာ၊ (တောင်ကန် မြောက်) ညောင်ပင်ရွာ၊ (ပုသိမ်ကလေးမြောက်) ညောင်ဝန်းရွာ၊ တမန်သာရွာ၊ (သမန္တာ) တမုတ်ဆိုးရွာ၊ တရုတ်စခန်းရွာ၊ တလင်းကြီးရွာ၊ တလိုင်းကန်သင်းရွာ၊ တာပင်ရွာ၊ တဲတော်ရွာ၊ တောကန်ရွာ၊ တောစုရွာ၊ တောတွင်းရွာ၊ (စန္ဒာပူရီအနီး) တောတွင်း (တောင်၊ မြောက်နှစ်ရွာ ဂုံတောအနီး။) တောပုရွာ၊ (မတ္တရာမြစ်ကမ်း) တိန်ကုန်းရွာ၊ တောင်ကိုက်ရွာ၊ တောင်ကျည်းရွာ၊ တောင်ပန်းလှေရွာ၊ တောင်ပြုံး ရွာ၊ တောင်မင်းရွာ၊ တောင်သမန်နှစ်ရွာ၊ တံခွန်တိုင်ရွာ၊ တံတိုင်းရှည်ရွာ၊ တံတားဦးရွာ၊ ထန်းခြောက်ပင်ရွာ၊ ထမ်းတပင်ရွာ၊ ထွန်တုံးရွာ၊ ဒဟတ်တောရွာ၊ နဒီရေရွာ၊ နရကန်ရွာ၊ နာဂပတ္တရွာ၊ နေရဥ္စယရွာ၊ နတ်စုရွာ၊ နတ်ရွာကုန်း၊ နန္ဒ (တောင်၊ မြောက်နှစ်ရွာ)နံကြိရွာ၊ နွားနို့စုရွာ၊ ပုခန်းစုရွာ၊ ပုသိမ်ရွာ၊ (ကပိုင်ရွာအရှေ့) ပုသိမ်ကလေးရွာ၊ ပုသိမ်ကြီးရွာ၊ ပိုပေါက်ရွာ၊ ပိုဝရွာ၊ ပေါက်ကင်ကြီးရွာ၊ ပေါက်ချိုင့်ရွာ၊ ပေါက်တောရွာ၊ ပေါက်သုံးပင်ရွာ၊ ပိတ္တကာရွာ၊ (ပိဿုကာရွာ) ပျော်ဘယ်ရွာ၊ ပြုတင်ကုန်းရွာ၊ ပြည်ကြီးပျော်ခင်းရွာ၊ ပြည်လုံးကျော်ရွာ၊ ပြည်လုံးအေးရွာ၊ ဗိုလ်ရွာ၊ ဗိုလ်တက်ရွာ၊ ဘယက်လှရွာ၊ ဘရောရွာ၊ ဘုမိန္ဒရရွာ၊ ဘုရားဖြူရွာ၊ ဘုတ်ရွာ၊ ဘုန်းပွင့်ရွာ၊ မနော်ရမရွာ၊ (ကလားမတောင်ခြေ) မနော်ရမာရွာ၊ (ရေသနုတ် အရှေ့တောင်) မရိုးကုန်းရွာ၊ (ကြာအင်းမြောက်) မဟာဂေါဝိန္ဒရွာ၊ မဟာသာဂရရွာ၊ မုံတာရွာ၊ မုံပင်ရိုးရွာ၊ မင်္ဂလာဂါမ၊ မင်္ဂလာသီရိရွာ၊ မင်းကန်ရွာ၊ မင်းတဲကုန်းရွာ၊ (ကပိုင်ရွာတောင်) မင်းတဲကုန်းရွာ (တမုတ်ဆိုးကန်မြောက်) မဏ္ဍလဘူမိရွာ၊ မဏ္ဍလဂါမ၊ မတ္တ ရာမြို့၊ မန်ကျည်းကုန်းရွာ၊ မန်းကျည်းပင်စောက်ရွာ၊ မြရွာ၊ မြောင်းစုံရွာ၊ မြောင်းဦးရွာ၊ မြို့ငယ်ကုန်းရွာ၊ မြစ်တိမ်ရွာ၊ မြစ်လောင်ရွာ၊ ယာစောင့်ရွာ၊ ရတနဂါမ၊ ရေထွက်ရွာ၊ ရေမရွာ၊ ရေလောင်းရွာ၊ ရေသနုတ်ရွာ၊ ရိုးကြီးရွာ၊ ရုံးပင်ရွာ၊ ရန်ကင်းတောင်ရွာ၊

ရှားဆေးချက်ရွာ၊ ရှော်ဖြူရွာ၊ ရှင်တော်ကျ (တောင် မြောက်နှစ်ရွာ)ရှင်လှရွာ၊ ရှမ်းကလေးကျွန်းရွာ၊ ရွှမ်းတောရွာ၊ ရှမ်းရွာကြီး၊ ရွှေးစုရွာ၊ ရွှေကြက်ယက်ရွာ၊ ရွှေစာရံရွာ၊ ရွှေပြည်ရွာ၊ ရွှေဘိုသုံးရွာ၊ ရွှေလင်ပန်းရွာ၊ ရွှေလောင်းရွာ၊ လမိုင်းကလေးရွာ၊ လောကမိမာန်ရွာ၊ (တောင်သ မန် ကျောက်တော်ကြီးအနီး) လက်ကောင်းရွာ၊ (အောင်ပင်လယ်အရှေ့တောင်) လက်ကောင်းကလေးရွာ၊ (ဒဂ်ါးချောင်းဖျား) လက်ကောင်းကြီးရွာ (ဒဂ်ါးချောင်း ဖျား) လက်ဝဲကြီးရွာ၊ လက်သစ်ရွာ၊ လိမ်ပင်ရွာ(ရန်ကင်းတောင် အရှေ့တောင်) လွန်တောင်းရွာ၊ ဝက်ခဲရွာ၊ သနပ်ကုန်းရွာ၊ သပြေကန်ရွာ၊ သပြေလှရွာ၊ သပြေသာရွာ၊ သတန်းထောင့်ရွာ၊ သမတဂါမရွာ၊ သရက်တောရွာ၊ သလွှင်ဖြူရွာ၊ သာစည်ရွာ၊ သာယာကုန်းရွာ၊ သာလဂါမ၊ သားတော်နှစ်ရွာ၊ သုစိတြဂါမ၊ သုဝဏ္ဏဘူမိရွာ၊ သေလာဂါမ၊ သင်းပန်းကုန်းရွာ (အောင်ပင်လယ်ရွာတောင်) သစ်ညိုကုန်းရွာ၊ သန်မတောရွာ၊ သန်သာရွာ၊ သိမ်ကုန်းရွာ၊ သိမ်ကြီးရွာ၊ သောက်တော်ဝနှစ်ရွာ၊ ဟလင်းနှစ်ရွာ၊ ဟေမသီရိရွာ၊ ဟသ်ာကုန်းရွာ၊ အထက်ကင်းရွာ၊ အဘယဂီရိရွာ၊ အမရပူရမြို့၊ အလယ်ဘုံရွာ၊ ဥမင်ရွာ၊ (တံတားဦး ရွာအနီး) ဥမင်ရွာ(ဟလင်းနှစ်ရွာအနီး)အင်ကျယ်ရွာ၊ အောက်ကင်းရွာ၊ အောင်ပင်လယ်ရွာ၊ အောင်မြေဘူမိရွာ၊ အင်းအိုရွာ၊ အုန်းကြောရွာ၊ အိမ်တော်ရွာ၊ အိန္ဒဂူဟာရွာ၊ အိုက်ချောင်းရွာ၊ အိုင်ကြီးရွာ၊ အဲဒီ ၂၃၅ ရွာနဲ့ မတ္တရာမြို့နှစ်မြို့ အပါအဝင်တွေဟာ ရွှေကြီးသတ်ရာဇဌာနီဖြစ်လာတယ်။ အမရပူရရွှေမြို့တော် ဖြစ်စဉ်တုန်းကလည်း ဒီနေရာတွေပဲ ရာဇဌာနီပါပဲ။ ဒီနေရာက လူတွေဟာ လက်သမားတွေဖြစ်လို့ သူတို့အားကိုးတဲ့ ဆည်မြောင်းစနစ်ကို ပြောလို ပါတယ်။

ရှမ်းကုန်းမြင့်က စီးဆင်းလာတဲ့ချောင်းတွေ ရေလျှံလာတဲ့အခါ ရတဲ့ရေကို ယူကြရပါတယ်။ ရေလျှံအောင် ချောင်းကိုဖြတ်ပြီး ဆည်ဖို့ရတယ်။ ဆည်အ ထက်က မြောင်းဖောက်ပြီး လယ်ကိုရေသွင်းပါတယ်။ ရေကိုလည်း ကန်တွေနဲ့ သိုလှောင်ထားရတယ်။ ချောင်းက နေပြီး တိုက်ရိုက်လည်း သွင်းယူရပါတယ်။ ဒီတော့ ချောင်းမကြီးလို့ခေါ်တဲ့ မတ္တရာမြစ်ရဲ့ တောင်ဘက်မှာ ရေကန်တွေ အများကြီး ရှိတဲ့အထဲက အကြီးဆုံးတွေဟာ တောင်ကန်၊ ကန်ကြီးကန်လှ၊ နန္ဒာကန်၊ အဓိကရကန်၊ အောင်ပင်လယ်ကန်၊ တမုဆိုးကန်ဆိုတာတွေပါပဲ။ နန်းမြို့ဖြစ်လာတော့ ပတ်လည်ကျုံးကို အောင်ပင်လယ်ကန်ရေပဲ သွင်းပေးပါတယ်။ မြောင်းကြီးကတော့ ရွှေလောင်း၊ ရွှေတစ်ချောင်း၊ ဒဂ်ါးနဲ့ မြောင်းမတော် ဖြစ်တယ်။ မြောင်းမတော်ဆိုတာက နားတောင်းကျချောင်းက တမုဆိုးကန်ကို ရေသွင်းတဲ့ မြောင်းဖြစ်ပါတယ်။ တောင်ကန်ဟာ ရှေးရှေးကပဲ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ မင်းတုန်းမင်းလက်ထက်မှာ ထောင်ကျ အကျဉ်းသားတွေနဲ့ထပ်ပြီး ပြင်ဆင်တယ်လို့ အဆိုရှိပါတယ်။ ကန်ကြီးကလည်း ရှေးကန်ပါပဲ။ ပဒုံမင်းလက်ထက်မှာ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီ ပဒုံမင်း(ဘိုးတော်)ပဲ နန္ဒကန်ကို ပြင်ပါသေးတယ်။ အဲဒီကန်ကိုမှီပြီး စိုက်တဲ့ လယ်တွေကို လမိုင်းခေါ်တဲ့ အရာတော်မြေလုပ်သားတွေက စိုက်ပါတယ်။ အောင်ပင်လယ်ဆိုတဲ့ ရှေးကန်ကိုလည်း ပဒုံမင်းပဲပြင်တယ်။ မင်းတုန်းမင်းလက်ထက် ပြောခဲ့ ပြီးတဲ့အတိုင်း ဒီအောင်ပင်လယ်ကန်ရေနဲ့ မြို့သစ်ကျုံးကိုဖြည့်ပြီး တစ်မြို့လုံးရဲ့ သောက်သုံးရေ ဖြစ်လာပါတယ်။ တမုဆိုးကန်

ကိုလည်း ပဒုံမင်းပဲ အမရပူရတည်တုန်းက ပြင်ဆင်ခဲ့တယ်။ မြောင်းတွေကတော့ ရွှေလောင်းကို ပဒုံမင်းကစတယ်။ ရွှေဘိုမင်းက ပြင်တယ်။ ကျောက်သားရုပ်ထုတွေအတွက် ကျောက်တုံးတွေကို အဲဒီချောင်းကပဲ မန္တလေးအရောက်သယ်တယ်။ သီပေါမင်း လက်ထက်ရောက်တော့ မပြင်မဆင်နဲ့မို့ ရွှေလောင်းကို ရေသွင်းတဲ့ ဆည်ကြီး ပျက်စီးခဲ့ပါတယ်။ ဒင်္ဂါးချောင်းက မန္တလေးတည်ပြီးစကမှ ဖောက်တယ်လို့ သိရပါတယ်။ မြောင်းမတော်ကိုလဲ ပဒုံမင်းပဲ တူးစေခဲ့တယ်။ အဲဒီဆည်မြောင်းစနစ်ကို အားကိုးပြီး လယ်လုပ်ကြရတဲ့ လယ်သမားကြီးတွေကိုပဲ မြို့သစ်တည်တဲ့ အခါ ခေါ်ခိုင်းရမှာပဲပေါ့။

တောချုံရှင်းဖို့ လူ ၂၀၀၀ ဆင့်ခေါ်ပါတယ် (တည် ၆၇)။ အလကားမခိုင်းရ၊ ရွှေတိုက်က ငွေအလုံအလောက်ထုပ်ပေးစေလို့လဲ အမိန့်တော်ထားတယ် (ရာပြည့် ၄၈)၊ ဒါပေမယ့် အလကားလုပ်ပေးရတာက များမယ်လို့ ယူဆနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ပင်ပန်းလို့ လူထုစိတ်တိုနေတာကို ပါးစပ်ရာဇဝင်အနေနဲ့ ပုံပြင်တစ်ခု ကျန်ရစ်ပါတယ်။ မြို့သစ်တည်ဖို့ ၁၈၅၆ ခုကစပြီး လုံးပမ်းလာလိုက်ကြရတာ ၁၈၆၂မှာမှ မြို့ပြီးတယ်။ ဆက်ပြီး ရတနာနဒီ တူရတယ်။ ကျောက်တော်ကြီးထုဖို့ ကျောက်သယ်ရတယ်။ အဲဒီတော့ ကျောက်တော်ကြီး(မဟာသကျမာရဇိန်) မျက်နှာတော်ဖွင့်ပွဲ(၁၀ မေ ၁၈၆၅)ရောက်တော့မှ အနားရပြီး ပွဲကြည့်ရတော့တယ်ဆိုပါတော့။ အဲဒီဘုရားပွဲကို လူတစ်ယောက် လှည်းနဲ့ ပွဲကြည့်လာနေတုန်း အိမ်ရှေ့မင်းက သာမန်အရပ်ဝတ်နဲ့ ထွက်လာပြီး လှည်းကြုံစီးလိုက်ပါရစေလို့ လှည်းဆရာကို ခွင့်တောင်းတယ်။ အခွင့်ရလို့ လှည်းပေါ်ရောက်တော့ “ဘကြီးပျော်ရဲ့လား” လို့ စကားစတယ်၊ “ပျော်တယ်လို့ ဘယ်ဟုတ်မလဲကွယ်၊ ပွဲဆိုတော့လဲကြည့် ချင်တာပ၊ မြို့ဆောက်ရ၊ ကျုံးတူးရ၊ မြောင်းသွယ်ရ၊ ကျောက်သယ်ရနဲ့ နားရတယ်မရှိဘူး”လို့ဖြေပါတယ်။ “ဒီမင်းက မြို့သစ်တည်ချင်လို့ပါဗျ၊ နောက်မင်းတက်လာရင် သက်သာမှာပါ” လို့ ဆွယ်ပြောကလေးပြောတဲ့အခါ လှည်းဆရာကြီးက ဒေါ်နဲ့ “မထင်ပါနဲ့ မောင်ရင်ရယ်၊ ဒီ x မျိုး ဒီလိုနေမှာပါပဲ” လို့ ပြောလိုက်တယ်တဲ့။ ဒီပုံပြင်ဟာ ပဒေသရာဇ်ကို ပြည်သူလူထု ဘယ်လောက် ·စိတ်ကုန်နေပြီလည်း ဆိုတာပြတယ်။ တကယ် မဟုတ်ဘဲ သက်သက်လုပ်ကြံပြီး ပြောတဲ့ဝတ္ထုပဲဖြစ်အုံးတော့၊ အဲဒီအချိန်အခါက လူတွေရဲ့ ညည်းတွားသံက ပေါ်ခဲ့တဲ့ပုံ့တင်သံပဲ ဖြစ်တယ်လို့ ယူဆရမယ်။

ရှင်ဘုရင်က အင်္ဂါသားဆိုတော့ တောရှင်းတာ၊ မှတ်တိုင်စိုက်၊ ပန္နက်ရိုက်၊ တွင်းတူး ဆိုတာတွေမှာ ရှင်ဘုရင့်ကိုယ်စား အင်္ဂါသားတွေက လုပ်ရတယ်။ ဘုရင်နဲ့ မွေးနာမ်တူသူကို **နေ့ကျော်သား (ရာပြည့် ၅၀ အောက်ခြေမှတ် ၁)** လို့ခေါ်တယ်။ နေ့ကျော်သားလို့ အမွှမ်းတင်ပြီး အခေါ်ခံရပေမယ့် အင်္ဂါသားတွေ ကပ်ဆိုက်တယ်လို့ဆိုရင် မမှားပါဘူး။

တစ်ဖက်က လောကီပညာအားကိုးတာတွေ့ရတယ်။ အခါပေ ပုဏ္ဏား၊ မန္တာန်ရွတ်ပုဏ္ဏားနဲ့ နတ်ထိန်းတွေ ဆူဖြိုးချိန်ဖြစ်တယ် (**တည်** ၇၅–၉၁)။ ဒါပေမယ့် လောကီအစီရင်မှာ လောကုတ္တရာကိုပါ တွဲဖက်ပြီး သုံးတာကို တွေ့ရတာကတော့ စိတ်ဝင်စားစရာ ကောင်းတယ်။ ဥပမာ တောရှင်း တုန်းကပဲ တစ်ဖက်က နတ်တွေကို ဗလီနတ်စာကျွေးတယ် (**တည်** ၇၅–၆) တစ်ဖက်က တံဆိပ်ရဆရာတော် ရှစ်ပါးခေါင်းဆောင်ပြီး ပရိတ်ရွတ်ရတယ်

(**တည်** ၆၉-၇၀)။ ပရိတ်တွေက

၁။ နတ်ချစ်ဖို့ မဟာသမယသုတ်

၂။ မင်္ဂလာရှိဖို့ မင်္ဂလာသုတ်

၃။ ဘေးကင်းဖို့ ရတနသုတ်

၄။ ဖုတ်ပြိတ္တာဘီလူးတွေမခြောက်လှန့်ဖို့ မေတ္တာသုတ်

၅။ မြွေဘေးကင်းဖို့ ခန္ဓသုတ်

၆။ မီးဘေးကင်းဖို့ ဝဋ္ဋသုတ် **ဖြစ်ပါတယ်** (**တည်** ၇၁)၊ ပွဲသဘင်လည်း အကြီးအကျယ် ခင်းကျင်းတယ် (**တည်** ၉၂)။ အလကားရတဲ့လုပ်သားကို အလကားရတဲ့ပွဲနဲ့ ဖျော်ဖြေတာပဲဖြစ်တယ်။ လုပ်သားကတော့ မြေညှိမြေပြင်တဲ့အခါ အရေအတွက် ၃၀၀၀ ဖြစ်လာတယ် (**တည်** ၁၀၁)။ မင်းတုန်းမင်းဟာ နေရာဟောင်းကို အမြန်ဆုံး စွန့်ခွာလိုဟန်တူတယ်။ ယာယီနန်းကို အမြန်ဆောက်ပေးကြရတယ်။ ခေါင်းဆောင်ဗိသုကာကြီးတွေက ငဖြူနဲ့ ငဆန်းပါတဲ့ (**တည်** ၁၁၆-၁၇)။ နန်းတော်ဆောက်နေတုန်းမှာပဲ လုံခြုံရေးအတွက် နန်းတော်ရာကို ဝိုင်းရံကားဆီးဖို့ သစ်တပ်လုပ်ပေးရသေးတယ်။ နန်းမြို့ကို ဝိုင်းပြီး ဆောက်ရမယ့်လူ မြို့စည်ကားဖို့ကိုလည်း လိုချင်သေးတယ်။ ဒါကြောင့် ၁၈၅၇ ခု ဩဂုတ်လကပဲ မြို့ကွက်ရိုက်ပေးပါတယ်။ အစောင့်အရှောက် အရံအတားအနေနဲ့လည်း တစ်ဖက်က လောကီပညာကို အစွမ်းကုန်သုံးပါတယ်။ မြို့ရိုးနဲ့တံခါးတွေမှာ အင်းမြှုပ်မယ်၊ နတ်အစောင့်ထားမယ်ဆိုပြီး အင်းတွေလည်းရေးရတယ်၊ နတ်ရုပ်တွေလည်း ထုရတယ် (**တည်** ၁၃၁-၃)။ ဒီနေရာမှာ လောကီအစီအရင်ဖြစ်ပေမဲ့ လောကုတ္တရာသဘော မကင်းဘူး။ ဘာပြုလို့လဲဆိုတော့ အင်းတွေရဲ့နာမည်ကို ကြည့်ရင်

၁။ သမ္ဗုဒ္ဓေအင်း

၂။ အဋ္ဌဇေယျမင်္ဂလာအင်း

၃။ သတ္တ ရတနာအင်း

၄။ ဥလ္လသိရိအဋ္ဌမုက် အင်း

၅။ သိရိဇေယျ သက်တော်ရှစ်ဆယ် အင်း

၆။ သိရိဇေယျမဏ္ဍလသက်တော်ရှည် အင်း

၇။ စမ္ပာနဝနော ကိုးသွယ် အင်း

၈။ သာသနာ ၅၀၀၀ အင်း

၉။ သိရသ္မိံ မေဂါထာအင်း (**တည်** ၁၃၉)

ဆိုတာတွေကို တွေ့ရတယ်။ နတ်ရုပ်တွေကို ၂၇ မတ် ၁၈၅၈ (**တည်** ၁၄၉) မှာ လိပ်ပြာသွင်းတယ်။ အင်းတွေကို မြို့လေးထောင့်မှာ မြှုပ်တဲ့နေ့ကတော့ ၂၀ ဧပြီ ၁၈၅၈ (**တည်** ၁၅၆) နေ့မှာ ဖြစ်ပါတယ်။ ပြီးတော့ မြို့ထောင့်တွေမှာ တစ်ရာ့နှစ်ဆယ်ဝင် စည်အိုးကြီးတွေနဲ့ ဆီထည့်ပြီး မြှုပ်ရပါသေးတယ် (**တည်** ၁၇၉-၈၂)။ မြှုပ်တဲ့နေ့က ၁၅ မေ ၁၈၅၉ (**တည်** ၁၈၁) ဖြစ်ပါတယ်။

ဒီနေရာမှာ အဆင်သင့်လို့ တင်ပြချင်တဲ့အချက်က 'လူ စတေး'တယ် ဆိုတဲ့ ပြဿနာပါပဲ။ မြို့ရိုး မြို့တံခါးမှာ ဖုတ်ပြိတ္တာဖြစ်ပြီး စောင့်ဖို့ လူ အရှင်လတ်လတ်ကို မြေတွင်းတူးမြှုပ်၊ အပေါ်က တံခါးတိုင်စိုက် ဆိုတာမျိုး လုပ်လေ့ရှိတယ်၊ နိုင်ငံခြားသားမှတ်တမ်း (C. Duroiselle: Guide to the Mandalay Palace, Raugoon, Govt. Printing, 1925, pp.25-8) တွေအရဆိုရင် ကျားမကြီးငယ် ငါးဆယ့်နှစ်ယောက် 'စတေး'ပြီး ဖြစ်သွားတယ်လို့ စွပ်စွဲထားတယ်။ မြန်မာဘက်က အထောက်အထား ရှာမတွေ့ပါဘူး။ အဆောက်အအုံကြီးကျယ်ရင် 'လူစတေး'တယ်လို့တော့ ပြောလေ့ရှိကြတာ မှန်တယ်။ ဒါကြောင့် ဟုတ်မဟုတ် ဧကန်သိရအောင် မြို့တံခါးတိုင် အောက်နဲ့ မြို့ရိုးထောင့်တွေမှာ တူးကြည့်သင့်ပါတယ်။ ဒီလို 'စတေး'တယ် ဆိုတာကို အင်္ဂလိပ်လတ်ထက် ကျောက်စာဌာန (အခု ရှေးဟောင်းသုတေသနရုံး) ကျောက်စာဝန် (အခု ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူး) ဖြစ်တဲ့ ချားလ်(စ်)ဒူရွိုင်ဆဲ ရေးတဲ့ **မန္တလေးနန်းတော်လမ်းညွှန်ကြား** စာအုပ်မှာ အတိအလင်း အကျယ်တဝင့် ထည့်ရေးထားတာဖြစ်တယ်။ ကိစ္စက ဒီမှာတွင် ပြီးပြတ်မသွားသေးဘူး။ စောစောက ပြောခဲ့တဲ့စာအုပ်ကို ရှေးဟောင်းသုတေသ နရုံးကဘဲ အမေရိကန်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အာရှဖောင်ဒေးရှင်းဆီက ငွေကြေး ထောက်ပံ့မှုကို ၁၉၆၂ခုက ယူပြီး၊ နာမည်မှာ လမ်းညွှန်ဆိုတာ ဖြုတ်ပြီး၊ **မန္တလေးနန်းတော်** (Mandalay palace) ဆိုတဲ့အမည်သစ်နဲ့ ၁၉၆၃ ခု တက္ကသိုလ်ပုံနှိပ်တိုက် တော်လှန်ရေးအစိုးရ ယဉ်ကျေးမှုဌာန အတွက် ပြန်ပြီးပုံနှိပ်တယ်၊ အခု တစ်အုပ် ကိုးကျပ်နှုန်းနဲ့ ရောင်းနေပါတယ်။ အဲဒီ စာအုပ်သစ်မှာ လည်း 'လူစတေး'တဲ့အကြောင်း အပိုဒ်တစ်ပိုဒ် ပါမြဲပါပဲ။ (စာမျက်နှာ ၁၅–၁၇)။ အင်္ဂလိပ်ဘာသာနဲ့မို့ နိုင်ငံခြားသားလာတိုင်း ဒီစာအုပ်တစ်အုပ်တော့ ပေးမြဲ၊ ဝယ်မြဲဖြစ်တယ် လို့သိရပါတယ်။ စွပ်စွဲချက်ကို ဘာသာပြန်ပြီး ထည့်လိုက်ပါတယ်။

## မြို့တံခါး၌ လူစလေးခြင်းအလေ့

မြန်မာနိုင်ငံတွင် အလွန်တရာမနှစ်မြို့ဖွယ်ဖြစ်သော အလေ့တစ်ခု ရှိနေပါသည်။ မြို့တော်အသစ်တည်သောအခါ မြို့အဝင်တံခါးတစ်ခုစီ၏ အနီးတွင်၎င်း၊ မြို့ရိုးထောင့်တစ်ခုစီ၏ အနီးတွင်၎င်း ကျွန်းတိုင်ကြီး တစ်တိုင်ကို စိုက်ထူသောအခါ အမျိုးသားတစ်ဦး သို့မဟုတ် အမျိုးသမီး တစ်ဦးကို တိုင်အောက်တွင် ဖိသတ်လိုက်ရပါသည်။ စင်စစ်အားဖြင့် မြို့တော်ကို ရန်အပေါင်းမှ ကာကွယ်စိမ့်သောငှာ မြို့တည်ချိန်ကပင် လူကိုသတ်၍ ပူဇော်ခြင်းအမှုပြုသည်ကား မြန်မာတစ်မျိုးသာ ထူးထူးခြားခြား လုပ်လေ့ရှိသည်ဟု မဆိုသာချေ။ ရှေးအခါများက ဥရောပပါမကျန် ယင်းသို့ပြုလေ့ရှိကြသည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်ပါသည်။ ဤသို့ပြုမူခြင်းလည်း ဗုဒ္ဓတရားတော်၏ ဆိုဆုံးမခြင်းနှင့် လွန်မင်းစွာ ဆန့်ကျင်သည်ဟု တစ်ဖက်၌ ပြောဖွယ် ရှိသော်လည်း ဗုဒ္ဓသာသနာ မထွန်းကားမီက မူရင်းရှေးရိုး ယုံကြည်ကိုးကွယ်မှု အလေ့အလာတို့နှင့်ကား ညီညွတ်လျက်ရှိပါသည်ဟု အခြားတစ်ဖက်၌ ပြောနိုင်သည့်

ပြင် ရှေး မိရိုးဖလာ နတ်ကိုးခြင်းအမှုသည် အိန္ဒိယဇာတိဖြစ်သော ရှင်တော်မြတ်၏ အဆုံးအမကြောင့် လူသတ္တဝါတို့ နူးညံ့ပြော့ပြောင်းသည် မှန်သော်လည်း မပြတ် စွဲမြဲလျက်ပင် ရှိသေးကြောင်း တွေ့ရပါသည်။ အလားတူ နိုင်ငံများ၌တွေ့ရသော နည်းမျိုးပင် မြန်မာနိုင်ငံ၌လည်း ဗုဒ္ဓသာသနာက နတ်ကိုးခြင်းကို လုံးဝပပျောက် တိမ်ကောအောင် မချေမှုန်းနိုင်သဖြင့် အပြန်အလှန် အန္တရာယ်မပြုစတမ်း ဝန်ခံလျက် ငြိမ်းချမ်းစွာ အတူ ပွားစည်းနေသည်ကိုပင် အံ့သြဖွယ် တွေ့ရပါသည်။

တခြား မောင်ဂိုအနွယ်ဝင် စသည်တို့နည်းတူ မြန်မာတို့ ယုံကြည်သည်မှာ အသတ်အဖြတ် ခံရခြင်းစသော အသေဆိုး သေသူတိုင်းသည် နတ်စိမ်းဖြစ်၍ သေရာအရပ်တွင် စွဲလမ်းကာ မပြတ်ရှိနေတတ်လျက် အဆိုပါ နတ်စိမ်းတို့သည် သူတို့စွဲလန်းရာအရပ်ကို မည်သူမျှ ထိပါးနှောက်ယှက်လာသည်ကို သည်းမခံ၊ နှောက်ယှက်ဝံ့သူကို လေလောက်အောင် အကြီးအကျယ် ဖမ်းစားတတ်သည်။ ယင်း အချက်ကြောင့် မြို့တော်ကို စော်ကားမည့်ရန်သူပေါ်လျှင် တွန်းလှန် ဖြိုဖျက်ရန် လုံလောက်သော နည်းမျိုးစုံတွင် ဤနည်းလည်း လက်ခံနိုင်ဖွယ်ရှိသည်ဟု စွဲမှတ်လျက် တံခါးဝနှင့် မြို့ထောင့်တွင် မြှုပ်နှံခြင်းပြုသည့် အလေ့ စပေါ်ဟန်ရှိသည်။ နှောင်အခါ ခံမြို့တို့၌သာမက ကြီးကျယ်သော ဥပမာ နန်းတော်ကဲ့သို့ အဆောက်အအုံပြုတိုင်း အခြေခံအုတ်မြစ်တွင် လူတစ်ဦး သို့မဟုတ် အများကိုပင် ထည့်သွင်းမြှုပ်နှံ လာကြမည် ဖြစ်ပါသည်။

ယင်းသို့ မြှုပ်နှံရန် အကောင်းဆုံးနေရာတို့ကား ရန်သူက အန္တရာယ်ပြုမည် ဆိုလျှင် လွယ်ကူမည့် အဝင်အထွက် တံခါးနေရာနှင့် မြို့ထောင့်နေရာများ ဖြစ်ပါ သည်။ ယဇ်ပူဇော်ခြင်းသဘော သက်ဝင်သော အဆိုပါလူသတ်မှုမျိုးကို ကျူးလွန် ကြသောအခါ၌ အထူး စက်ဆုပ်ဖွယ်ရှိသောအကြောင်းမှာ ကိုယ်ဝန် အရင့်အမာရှိသည့် အမျိုးသမီးကို အသုံးပြုရန် များစွာလိုလားခြင်းပင်ဖြစ်ပါသည်။ ကိုယ်ဝန်ရင့်လေ သဘောကျလေဖြစ်၏။ ခဲတစ်လုံးပစ်ရုံမျှဖြင့် ငှက်နှစ်ကောင် ရသည်ဟူသော ပမာစကားကို တင်စား၍ သုံးရလျှင် ကိုယ်ဝန်ဆောင်တစ်ဦးမျှကို ပူဇော်သောကြောင့် အများအကျိုးအတွက် ကာကွယ်ရေးဘို့ နတ်စိမ်းနှစ်ပါးရသည် မဟုတ်တုံလောဟု ဆင်ခြင်ရန်ရှိပါသည်။

အဆိုပါထိတ်လန့်ဖွယ်ရှိသော ပူဇော်ပွဲမျိုးကို ကြိုတင်စီမံထားလေ့ ရှိပါသည်။ အိန္ဒိယအမျိုးသား သို့မဟုတ် များသောအားဖြင့် မဏိပူရ ပုဏ္ဏားဖြစ်လေ့ရှိသော နန်းတွင်းအခါပေး ပညာရှိက ဤအမှုကို ဆောင်ရွက်ရန် အကောင်းဆုံးအခါနာရီကို တွက်ချက်၍ပေးရပါသည်။ မည်သို့သော ပုဂ္ဂိုလ်ကိုရလျှင် အသင့်ဆုံး ဖြစ်မည်ဟူ၍လည်း အညွှန်း ပေးရပါသည်။ သို့သော် အညွှန်းအရ ရှာရန်ခဲခက်လှသည်မဟုတ်ပါ။ အဘယ့်ကြောင့် ဆိုသော် လက်လုပ် လက်စား သာမန်အရပ်သားထဲမှ မည်သူနှင့်မဆို တိုက်ဆိုင်သည့် အချက်အလက် တစ်ခုခုကို ညွှန်း၍ လူရှာခိုင်းခြင်း ဖြစ်ရကား မည်သူမဆို ဖြုံးကနဲ ဆွဲငင်၍ သေမင်းနိုင်ငံသို့ အပို့ခံရနိုင်ဖွယ် ရှိပါသည်။

ဘုရားသမိုင်း၊ နတ်သမိုင်းတို့၌ ဖတ်ရမြဲ တွေ့ရမြဲဖြစ်သော အညွှန်းမှာ မည်သည့်နေ့ မည်သည့်အချိန် မည်သည့် အရပ်မှ မည်သည့်အရာကိုင်၍ ရှေ့ရှုသွားနေသူ ယောကျ်ား သို့မဟုတ် ကိုယ်ဝန်ဆောင်မိန်းမကို ဖမ်း၍စတေးပါဟု ညွှန်းကြောင်း တွေ့ရပါသည်။

မြို့သစ်တည်ခြင်း နန်းသစ်ဆောက်ခြင်း စသော အမှုတို့၌ မြန်မာတို့သည် ထုံးစံရှိသည့်အတိုင်း လိုက်နာရန် များစွာလိုလားကြောင်း အထက်က ဖော်ပြခဲ့သည့်အတိုင်း မန္တလေးကို တည်စဉ်အခါကလည်း မြို့သစ်လုံခြုံရေးအတွက် ရှေးထုံးရှိသည့်အတိုင်း လိုက်နာကျင့်သုံးမည်ဟု မုချ မျှော်လင့်ထားနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာကို အထူးလေးစားသည့် မင်း၏လက်ထက်၊ ဆရာတော်ကြီးများနှင့် ဝန်ကြီးမှူးကြီး ပညာရှိတို့က ဗုဒ္ဓအဆုံးအမနှင့် တိုက်ဆိုင်ပါလျှင် အထူးရှုံချဖွယ် ဖြစ်သဖြင့် ထိုအမှုမျိုးကို မလုပ်စေရပါဟု အပြင်းအထန် ငြင်းဆိုလင့်ကစား ရှေးထုံးစံမပျက် အဆိုပါပုဂ္ဂိုလ်ကြီးများ မသိလိုက်ဟုဆိုမှ မှန်ချေမည်။ အဘယ့်ကြောင့်ဆိုသော် ကုလားရော တရုပ်ပါ လိုက်နာသည့်ဆိုးဝါးသော ဤယုံကြည်မှုဓလေ့ကို လုပ်ဆောင်ရန် နန်းတွင်းအခါပေး ပရောဟိတ် ဖြစ်သည့် မဏိပူရီပုဏ္ဏားတို့ ရှိပါသည်။ လက်ဖတင်နင် ဂျင်နရယ်ဖိုက်ချ်သည် **ယခင်နှင့်ယခုမြန်မာနိုင်ငံ** အမည်ရှိသော စာအုပ်ကို ရေးသောအခါ မြို့တံခါး တစ်ဆယ့်နှစ်ရပ်မှာ လူ တစ်ဆယ့်နှစ်ယောက်ကို ဖမ်းပြီးကြိုးချီလျက် ဖိသတ်သည်ဟု အသေအချာ ရေးသားပါတယ်။ သို့သော် အရပ်စကားအများ မှတ်သားမိသည်ကတော့ မန္တလေးတည်စဉ်က ယဇ်ပူဇော်ခံရသူ အရေအတွက်ဟာ ထိုမျှမက များစွာပိုပါသည်။ အစုစု ကျားမကြီးငယ် ငါးဆယ့်နှစ်ယောက် ရှိ၏။

မြို့တံခါးတစ်ဆယ့်နှစ်ရပ်၌တံခါးတစ်ပေါက်လျှင်

| | |
|---|---|
| လူသုံးယောက်နှုန်း | ၃၆ |
| မြို့ရိုးထောင့်လေးထောင့်၌တစ်ထောင့်လျှင်တစ်ယောက်နှုန်း | ၄ |
| နန်းတော်သစ်တပ်ထောင့်လေး၌တစ်ထောင့်တစ်ယောက်နှုန်း | ၄ |
| နန်းတော်အဝင်ပေါက်လေး၌တစ်ပေါက်တစ်ယောက်နှုန်း | ၄ |
| သီဟာသနပလ္လင်တော်အောက်၌ | ၄ |
| ပေါင်း | ၅၂ |

ဖြစ်ပါတယ်။ မြန်မာတိုင်းရင်းသားများ ရေးသားပြုစုတဲ့ ရာဇဝင်ကျမ်းတွေမှာ ဤကြောက်မက်ဖွယ်ကောင်းသည့်ကိစ္စကို ထည့်သွင်း ရေးသား ကြမည် မဟုတ်ချေ။ လူတွေနဲ့အတူ မြို့ထောင့်တွေမှာ ဆီထည့်ထား စဉ့်အိုးကြီးတွေကို အထိအခိုက် မရှိအောင် သတိကြီးစွာထားလျက် မြှုပ်နှံကြပါသေးတယ်။ ဆီကို မြှုပ်ရတဲ့ အကြောင်းကတော့ အစောင့်(နတ်စိမ်း)သည် မပြတ်အမြဲ ဆက်လက် စောင့်ရှောက်စေရန် သေချာအောင် စီရင်ခြင်းဖြစ်သည်။ စောင့်ရှောက်လျှော့နည်းခြင်း၊ သို့မဟုတ် လုံးဝ

စောင့်ရှောက်ခြင်းမပြုဟု သေချာလျှင် လူသစ် အစားထိုးရန်လိုပါမည်။ ဆီ မခန်းခြောက်သရွေ့ စောင့်ရှောက်ခြင်း မပြတ်ဟု ယုံကြည်လက်ခံထားပါသည်၊ (စာအုပ်ဟောင်း ၂၅၊ ၈၊ စာအုပ်သစ် ၁၅ ၁၇)

အောက်ခြေမှတ်ချက်မှာ ဒီစကားတွေဟာ အများပြောဖြစ်လို့ ဘယ့်လောက်အထိ မှန်တယ်ဆိုတာ ပြောဖို့ခဲယဉ်းပါတယ်လို့တော့ ရေးထားတယ်၊ ဘာပြုလဲဆိုတော့ လူ စတေးတဲ့အလေ့ဟာ တစ်ခါတုန်းက အင်မတန်ပျံ့နှံ့တဲ့ အလေ့ဖြစ်ပြီး ငါးရာ့ငါးဆယ် ဇာတ်တော်ထဲမှာတောင် ဒီအလေ့အကြောင်းပါတယ်။ (တက္ကာရိယဇာတ်၊ နံပါတ် ၄၈၁ ကြည့်) ပါပုံပါနည်းကတော့ ဒီအလေ့ကို သရော်တဲ့နည်း၊ ရှုပ်ချတဲ့နည်းဖြစ်ပါတယ်။ မင်းဆရာပုဏ္ဏားက သူ့မယား လင်ငယ်နေတာကို ဂလဲ့စားချေချင်တော့ အကောက်ကြံတယ်။ သူဟာ အသားမည်းပြီး သွားတစ်ချောင်းမှ မရှိသလို လင်ငယ်လည်း အသားမည်းပြီး သွားမရှိဘူး။ မင်းကြီးကို ပုဏ္ဏားက မြို့တံခါးပေါက် (မြောက်ဘက်)ဟာ အစောင့် (နတ်စိမ်း) မရှိဖြစ်နေတယ်။ 'အသားမည်းသွားမဲ့' တစ်ယောက်ကို စတေးပါလို့အကြံပေးတယ်။ တွင်းတူးပြီး အားလုံးအသင့်ဖြစ်တဲ့အခါ လင်ငယ်ကို ရှာမတွေ့တော့ဘူး။ ဒီအချိန်ဟာ အကောင်းဆုံးဖြစ်တယ်။ မလုပ်ရင် မဖြစ်ဘူးလို့လည်း ပြောထားမိတယ်။ ဒါပေမဲ့ တစ်ဘက်မှာ ငါ့အကြံ အောင်တော့မယ်ဆိုပြီး မယားကို နင့်လင်ငယ်သေတော့မယ်။ အခု စတေးခံရမှာ အမှန်ပဲလို့ ပြောမိတယ်။ မယားက လင်ငယ်ကို လက်တို့လိုက်လို့ပြေးပြီ။ ဒီသတင်းဟာ ဘယ့်လောက် ပျံ့လွယ်သလဲဆိုရင် အခြား 'အသားမည်း သွားမဲ့' တွေလည်း ပြေးကြတယ်။ နောက်ဆုံးတော့ မင်းဆရာပုဏ္ဏား တစ်ယောက်ပဲ 'အသားမည်း သွားမဲ့' ကျန်နေလို့ ကောင်းမြတ်တဲ့ အချိန်ကို မလွတ်စေချင်တာနဲ့ မင်းက ဆရာပုဏ္ဏားကိုပဲ စတေးလိုက်ဖို့ ခိုင်းပါတယ်။ ဒီဝတ္ထုဟာ လူစတေးတဲ့ အလေ့ပျောက်သွားအောင် သရော်တဲ့ပုံပြင်ဖြစ်နေပေမဲ့ အချုပ်ကတော့ အရာမရောက်ဘူး ဆိုရမယ်ပေါ့။ ဘာပြုလို့လဲဆိုတော့ နောက်နှစ်ပေါင်း အရာအထောင် ကြာလာပေမဲ့ ဒီအကျင့်ဟာ ရှိနေသေးတယ်။ အင်္ဂလိပ်လက်ထက် မြန်မာဘုရင့် အမှုထမ်း ဝန်တွေမှူးတွေကို 'လူစတေး' သလားလို့မေးတဲ့အခါ ခါးခါးသီးသီး မဟုတ်ရကြောင်း ငြင်းပေမဲ့ အရပ်က မှတ်မိနေတယ်။ ရာဇဝင် စာအုပ်တွေထဲမှာ တွေ့နေတယ်။ ဥပမာ သထုံကို အနော်ရထာ တိုက်ခန်းမှာ ဗျတ်ဝိကိုသတ်ပြီး သထုံမြို့ကို သွေးစက်နဲ့ ဝိုင်းထားလို့ မြို့မပေါက်နိုင်တာ ပါနေပြီ။ **မနုကျယ်** ဓမ္မသတ် မှာတောင် မြို့ခန်းမှာ မြို့စတေးခံရမဲ့ လူဆိက ကြွေးမတောင်းရလို့ ပါနေတယ်။ ဒီကိစ္စကိုဟုတ်ရင်လည်း ဝန်ခံရအောင်၊ မဟုတ်ရင်လည်း ငြင်းနိုင်အောင် တူးကြည့်ဖို့ အချိန်တန်ပါပြီ။ မန္တလေးမှာ တူးသလို အမရပူရ၊ အဝ၊ ရွှေဘို ဆိုတာတွေမှာလည်း တူးသင့်တယ်။

ဒီလို 'စတေး' တာဟာ ကာကွယ်ရေးသဘော အများကြီးပါနေလို့ ဒီနန်းမြို့ရိုး အကြောင်းကို ဆက်ပြောဖို့လိုပါတယ်။ တကယ်တော့ အဲဒီခေတ်အခါဖြစ်တဲ့ ၁၉ ရာစု နောက်ပိုင်း ထက်ဝက်ရဲ့ အခြေအနေနဲ့ဟပ်ပြီးပြောရင် မြို့ရိုးဟာ တကယ်အသုံးမကျ ပါဘူး။

ရတနာပုံ နေပြည်တော်ကို ရံထားတဲ့ မြို့ရိုးဟာ လေးထောင့်ကျကျ ဖြစ်ပါတယ်။ ပြအိုးနဲ့ပြဿဒ် လေးဆယ့်ရှစ်ခုမှာ အကွက်ကျ၊ အကွာအဝေးညီညီ ရှိနေကြပါတယ်။ တံခါးပေါက်တိုင်းအပြင်မှ အုတ်ရိုးတင်လျက် ကာကွယ်ထားသေးတယ်။ ကျုံး ကျယ်ကျယ်နဲ့ တံတားများရှိ၏။ ယင်းတို့ကား နန်းမြို့၏အပြင်ဘက် အရံအတားများ ဖြစ်သည်။

မြို့ရိုးကို သာမန်လုပ်ရိုးဖြစ်သည့် အုတ်နှင့် ရွှံ့တို့ဖြင့်စီလျက် တည်ဆောက်ရာ တစ်မျက်နှာလျှင် တစ်မိုင်နှစ်ဖာလုံကျော်မျှ ရှိသည်။ မြို့ရိုးတစ်လျှောက်လုံးတွင် သူရဲခိုများရှိ၏။ သူရဲခိုနှစ်ခုအကြားက အနိမ့်ပိုင်း အုတ်ရိုးသည် ၂၂ ပေ ၆ လက်မ ရှိ၏။ သူရဲခိုမှာ ၄ ပေ ၆ လက်မ ရှိသောကြောင့် နံရံတစ်ခုလုံး၏အမြင့်သည် မြေပြင်မှ ထိပ်ဆုံးထိ ၂၇ ပေရှိသည်ဟု ဆိုရချေမည်။ အောက်ခံ၌ ၁၀ ပေထု၍ အဖျားနှုတ်ခမ်းရောက်သောအခါ ၄ ပေ ၁၀ လက်မမျှသာ ထုရှိပါတော့သည်။ သေနတ်ပစ်ရန် အပေါက်မှာ ၂ ပေ ၉ လက်မကျယ်။ မြို့ရိုးထိပ်သို့ အရေးကြုံလျှင် အလွယ်တကူ ရောက်နိုင်အောင် မြို့ရိုး၏ အတွင်းဖက်မှ တစ်ဖက်လျှော မြေရိုး တစ်ခု တင်ထားလျက် ထိပ်တွင် ၆ ပေကျယ်၍ အုတ်ခင်းသည်။ ယင်း(သူရဲပြေး) ကို ပြုလုပ်ရန် ကျုံးတူးသည်မှ မြေကိုယူရသည်။

ဤမျှလောက် လွယ်ကူလှသည့် ခံမြို့ အနေအထားကို ကြည့်ရှုံဖြင့်ပင် မြန်မာတို့ ရှေးဆန်လှသည်မှာ ပေါ်လွင်လျက်ရှိပေသည်။ ယင်းအုပ်ရိုးမျိုးကို မြန်မာနိုင်ငံ၌ ခရစ်နှစ်ပေါ်ဦးအစလောက်ကပင် သုံးစွဲခဲ့ဟန်ရှိ၍ ဓား၊ လှံ၊ လေးမြားမျှသာ စွဲကိုင် လျက်လာသော ရန်သူကို ဟန့်တားနိုင်စွမ်းရှိကြောင်း မှန်သော်လည်း သေနတ်စွဲလျက် အမြောက်ကြီးများပါ ပါသည့် စစ်ရေးစစ်ရာကို မြန်မာတို့ တွေ့ကြုံဖူးသည်မှာ နှစ်ပေါင်းရာပေါင်း အတန်ပင် ကြာမြင့်ခဲ့ပြီးသည့်နောက် အင်္ဂလိပ်နှင့် ပထမစစ်၊ ဒုတိယစစ်များအတွင်းက ဤသို့သော အစဥ်အလာ၊ လုပ်မြဲ ခံတပ်သည် အချည်းနှီး ပါတကားဟု တွေးတော် မြော်မြင် တတ်သူတိုင်း သိပေမည်။ သို့သော် အစဥ်အလာ ရှိမြဲကို ရှိအောင် လုပ်လိုစိတ်က အနိုင်ရခြင်း၊ အစဥ်အလာ ထုံးဓလေ့ကိုလိုက်၍ ဒုက္ခအမှန်ကြုံမှ သင်ခန်းစာယူခြင်း ကန့်ကွက်လိုသူတို့ ရှိမည်ဖြစ်သော်လည်း ပွင့်ပွင့်လင်းလင်း မပြောဘဲ မြုံနေခြင်းတို့ကြောင့် ဤသို့ လမ်းမှားရခြင်း ဖြစ်ပေမည်။ ထို့ပြင် မြို့ရိုး မြို့တံခါး၌ 'စတေး' ခံရသူတို့က အမှန်တကယ် အရာရောက်အောင် စောင့်ရှောက်နိုင်လိမ့်မည်ဟု ကိုးစားစိတ် ကြီးကျယ်လွန်း၏။ အစောင့်ဖြစ်သော အရုပ်ဆိုးဆိုး ဒွါရပါလ နတ်ရုပ်မှာ တင်းပုတ်ကိုင်လျက် တံခါးတိုင်းတွင် ဂူနှင့် ထားပြီးဖြစ်၍ လုံလောက်ပြီဟု ယူဆကြဟန် ရှိပါသည်။

မြို့အဝင်အထွက်လုပ်ဖို့ တံခါး တစ်ဆယ့်နှစ်ခုရှိတယ်။ မျက်နှာစာ တစ်ခုကို တံခါး သုံးပေါက်ဖြစ်လို့ အစုစု တစ်ဆယ့်နှစ်ခုဖြစ်တယ်။ သုံးပေါက်မှာ အလယ်ပေါက်ကအကြီး၊ သူ့ကိုဓာတ်တံခါး ခေါ်ပြီး ဝဲယာက အငယ်တွေကို မိတ်တံခါးခေါ်တယ်။ အရှေ့မြောက်ကစပြီး

နံမယ်တွေကတော့ (၁) လွန်ကဲ (၂) ဦးထိပ် (၃) သောင်းညွှတ် (၄) ကျွန်းလုံးယူ (၅) ကျော်မိုး (ခတတ်/ အခု အခေါ် မင်္ဂလာတံခါး) (၆) ရန်နည် (၇) ကြေးမုံ ( အခုအခေါ် အာဠဝီတံခါး) (၈) စည်ရှည် (ခတတ်၊ အခုအခေါ် စက်ရှင်တံခါး) (၉) ထင်ရှား (၁၀) စည်သာ (၁၁) လေးသိန်း(ခတတ်) (၁၂) မန်းဦးတံခါးတွေ ဖြစ်ပါတယ်။ တံခါးပေါက်အဝင် လက်ဝဲဖက်မှာ မော်ကွန်းတိုင်ရှိတယ်။ မော်ကွန်းစာကို သတ်စုံ စာချောက်ကြောင်း ရေးမြဲ ဖြစ်တယ်။ ရက်စွဲက ၂၃ မေ ၁၈၅၉ ဖြစ်တယ်။

၁။ သက္ကရာဇ် ၁၂၂၁ ခု ကဆုန်

၂။ လပြည့်ကျော် ၆ ရက်နေ့

၃။ ညဥ့် ၃ ချက်တီးကျော် ၇ ရက်

၄။ တနင်းလာနေ့ အဝင် ၄ နာရီ

၅။ ၂ ပါဒ် အချိန်တည် ရတနာပုံမ်

၆။ ရွှေမြို့တော်ကြီး လေးသိန်းတံခါး

ဒီလိုရေးပါတယ်။ ဒီတံခါးမော်ကွန်း တိုင်စိုက်တဲ့ ရက်စွဲမှာ မြို့တော်ရဲ့ ခုနစ်ဌာန အုတ်မြစ်ချတယ် ဆိုပါတယ်။ အဲဒီဌာနတွေကတော့

၁။ မြို့တော်

၂။ ကျုံးတော်

၃။ စေတီတော်(မန္တလေးတောင် အရှေ့ထောင့် မဟာလောက မာရဇိန်)

၄။ ပိဋကတ်တိုက်တော်

၅။ သုဓမ္မာ စရပ်တော်

၆။ ကျောင်းတော်

၇။ သိမ်တော် (ဓမ္မမဋ္ဌူ) တို့ဖြစ်ပါတယ်။

သာသနာနှစ် ၂၄၀၀ အထိမ်းအမှတ်ပြုပြီး တစ်မျက်နှာ တာ ၆၀၀နဲ့ လေးမျက်နှာ တာပေါင်း ၂၄၀၀ ရှိတယ်။ တာ ၆၀၀ ဆိုတာ (တတာ ခုနစ် တောင်၊ တတောင် ၁၉.၀၅ လက်မနဲ့ တွက်ရင်) ၁ မိုင် ၂ ဖာလုံ ၆၂ ကိုက် ၁ ပေနဲ့ ၆ လက်မ ရှိရမယ်။ ဒါပေမဲ့ အရှေ့အနောက်ဟာ ၁ မိုင် ၂ ဖာလုံ ဖြစ်ပြီး တောင်မြောက်ကျတော့ ၁ မိုင် ၂ ဖာလုံ ၈၈ ကိုက် ဖြစ်နေတယ်ဆိုတာ အထက်က ပြောပြီးခဲ့ပါပြီ၊ ဒီနယ်မြေအတွင်းမှာ တစ်ဖက်အနံကို တစ်ဆယ့်နှစ်စိတ် စိတ်တော့ စတုရန်းကွက်ပေါင်း ၁၄၄ ကွက်ရတယ်။ အလယ် ၁၆ ကွက်က နန်းတော်ရဲ့မြောက်ဘက် အနောက်ယွန်းယွန်းမှာ အိမ်ရှေ့မင်းအတွက် ၄ ကွက်။ ကျန် ၁၂၄ ကွက်မှာ မိဖုရား၊ မင်းညီမင်းသား၊ မင်းသမီး၊ အမတ်နဲ့ အမှုထမ်းတွေ၊ ဓမ္မရုံ၊ လွှတ်ရုံ၊ စက်ရုံ၊ လက်နက်တိုက် ဆိုတာတွေဖြစ်လာပါတယ်။ (**တည်** နောက်ဆက်တွဲပုံကြည့်)။

နည်းနည်း အသေးစိတ်ပြောရရင် နန်းတော်ရဲ့ အရှေ့ဘက်မှာ လူအိုရုံတွေ အများဆုံးရှိပြီး တရားရုံး၊ အရှေ့ရုံးနဲ့ထောင်။ ပြီးတော့ လွှတ်တော်ရှိပါတယ်။ နန်းတော်ရဲ့အရှေ့တောင်ဘက်မှာ ဒင်္ဂါရုံ၊ စက်ရုံဆိုတာတွေ ဖြစ်လာတယ်။ နန်းတော်နဲ့ဝေးဝေး အရှေ့တောင်ထောင့်မှာ ပုဂံမင်းအတွက် နေရာသီးခြားရှိပါတယ်။ ပြီးတော့ လက်နက်တိုက်တွေလည်း ရှိတယ်။ နန်းတော်နဲ့နီးနီး အရှေ့ထောင့်မှာ ကြေးနန်းရုံးရှိတယ်။ နန်းတော်ရဲ့မြောက်ဘက်မှာ ဆန်ကြိတ်စက်ရှိတယ်။ မြောက်ဘက်အနောက်ယွန်းယွန်းမှာ အိမ်ရှေ့မင်းနေတယ်။ နောက် အိမ်ရှေ့မင်း လုပ်ကြံခံရပြီးတော့ ဥယျာဉ်ဖြစ် သွားတာပေါ့။ အဲဒီအနားမှာပဲ ကျီတော်တွေလည်း ရှိတယ်။ အနောက်ရုံးနဲ့ ထောင်က အနောက်ဘက်မှာပါ။

နန်းတော်ခေါ်တဲ့ နေရာနဲ့ပတ်သက်ပြီး နည်းနည်းဆွေးနွေးချင်ပါတယ်။ အင်မတန် သေချာအောင် တစ်ဆောင်စီခွဲပြီးတော့ ပြောပုံမျိုးတော့ မပြောလိုပါ။ (**ရုပ်ပြည့်**စာအုပ် ထဲမှာ ပါပါတယ်)။ မြန်မာရှင်ဘုရင်ဟာ ဘာပြုလို့ သစ်သားနန်းနဲ့နေသလဲဆိုတဲ့ အမေး ကို ဘယ်လိုကြံဆပြီးဖြေဖြေ နောက်ဆုံး လက်တွေ့အဖြေက **သီပေါမင်း** လက်ထက်မှာ ရှိပြီး နန်းတော်ပေါ် သူတက်နေရပေမယ့် အမြဲနေဖို့ တောင်စမုတ်ဖက်မှာ အုတ်နန်းနဲ့ နံ့သာ နန်းဆောက်ပြီးထားတယ်လို့ သိရတယ်။ သူ့နောက်သာ ဘုရင်တွေရှိနေသေးရင် အအေးခန်းနဲ့ ကျောက်သားဆောက်နေဖို့က များပါတယ်။ နန်းတော်ဆိုတဲ့ အဆောင်ဆောင် (၁၆၆) ကို အုတ်ခုံအမြင့်ပေါ်မှာ ဆောက်ပါတယ်။ အုတ်ခုံက ၆ ပေ ၉ လက်မ ရှိတယ်။ အနားသတ် အုတ်ရိုးပါဆိုရင် ၁၀ ပေ ၉ လက်မရှိမယ်။ ဒီခုံဟာ အရှေ့ အနောက် အကျယ်ဆုံးနေရာကနေပြီး တိုင်းရင် ၁၀၀၄ ပေရှိတယ်။ တောင် မြောက် အကျယ်ဆုံး နေရာကတော့ ၅၇၄ ပေ ရှိတယ်။ ရှေ့မျက်နှာစာ မြေနန်းတော်ရဲ့ တောင်မြောက် အလျားဟာ ၂၅၃ ပေရှိတယ်။ ရွှေနန်းပြသာဒ်ရဲ့ အမြင့်က ၁၉၄ ပေ ၄ လက်မ ဖြစ်တယ်။ (**ပြည့်** ၇၁)။ ပန်းပုလက်ရာကောင်းတွေဖြစ်လို့ လုပါတယ်။ နမူနာကြည့်လိုကြရင် မန္တလေးတောင်ခြေက ရွှေကျောင်းကို သွားကြည့်နိုင်တယ်။ မင်းတုန်းမင်းရဲ့ နန်းတော် တစ်စိတ်တစ်ပိုင်းကို ဖျက်ပြီး ဆောက်ထားလို့ပါပဲ။ ရွှေတွေနဲ့လဲ ပြောင်ဝင်းနေမယ်။

> ဘန်မှန်နဝရတ်၊ မျက်မြတ်အတိ၊ ရွှန်းရွှန်းညီသော၊ ရွှေပြာသာဒ်တော်၊ လက်ဝဲလက်ျာ၊ ဘယ်ညာရှေ့နောက်၊ တောင်မြောက်ပိတ်ဆီး၊ အသီးသီး၊ ဆောင်ကြီးဆောင်ငယ်၊ ရစ်သွယ်ရက်ဖြာ၊ အရာမက၊ ကာမာဝစရ၊ နတ်ဘုံကျသို့၊ ရွှေနန်းတော်ကြီး (၁၈၅၉ ဓမ္မမဥ္ဇူသိမ်ကျောက်စာမှ)

လို့ အံ့သြနိုင်တယ်။ နှိုင်းယှဉ်ချက်ရအောင် နိုင်ငံခြားအမြင်ကိုလဲ တင်ပြရအုံးမယ်။

> ကမ္ဘာ့အမြင်နှင့် ပြောကြရပါလျှင် နန်းတော်ဟူသည် မည်သည့်အရပ်၌ ရှိသည် ဖြစ်စေ တသီးတဖုံ ထူးခြားရမည်ဟု မျှော်လင့်ထားကြပေမည်။ မြန်မာနိုင်ငံ အတွက်ကား နန်းတော်သည်ပင်လျှင် ဗဟိုအချက်အချာဖြစ်ရကား သာ၍ ထူးခြားစရာ

ရှိပေမည်။ တစ်မျိုးသားလုံး၏ တန်ခိုးသတ္တိရှိသမျှကို အမြင့်ဆုံး ပေါ်လွင်အောင် ဖော်ပြသည့် လက်ရာကို ဤနေရာ၌ လာ၍ရှာချေမည်။ ယင်းသို့ မြော်လင့်ချက် ကြီးကြီးဖြင့် ခဏမျှသာလာ၍ လည်ပတ်ခွင့်ရသူသည် ထင်ကြီးလက်စ ပျက်ပြယ် ၍ မသွားကောင်းသဖြင့် ဤနေရာကို ရှောင်ပါ (အိုကောနား၊ **မန္တလေးနှင့် ရှေးမြန်မာမြို့တော်** များ၊ ၈၂)

ဒီလိုရေးပါတယ်။ ဒါပေမဲ့ အဲဒီစာရေးဆရာက ဆက်ပြီး ဖြည်းဖြည်းကြည့်ချိန်ရမယ်၊ အတွေး ကောင်းမယ်ဆိုရင်တော့ ဒီနန်းတော်ကို ကျေနပ်မှာပါတဲ့။

နန်းတော် အဆောက်အအုံရှိသမျှ အားလုံးသည် တစ်ထပ်သာရှိ၏။ အမိုးများ တင်ထားပုံမှာလည်း သဘောလက္ခဏာတူ၍ ဘုန်းကြီးကျောင်းများမှာ မြင်ရပုံနှင့် မခြားနားချေ။ အဆောက်အဦ၏ အရေးပါပုံကိုလိုက်၍ အပေါ်မိုးတွင် ဘုံပြာသာဒ် အဆင့်ဆင့် တင်သည်ကို တွေ့နိုင်ပါသည်။ မလျောက်ပတ်ဟုထင်သဖြင့် အနောက်တိုင်း ၏ အကြိုက်နှင့် မတွေ့သော အသေးစိတ် မြင်ကွက်တခုကား အဆိုပါအဆောက်အအုံ တို့၏ အမိုးပင်ဖြစ်ပါသည်။ အုတ်ကျွတ်မိုး ဖြစ်ကောင်း၏ဟု မြော်လင့်ထား သော်လည်း အခုံးငယ်များပါသည့် သာမာန် သွပ်ပြားမိုးထားသည်ကို တွေ့နေရ ပါသည်။ ဥရောပတိုက်မှ ရယူလာသည့် အလေ့ဟူ၍ လုံးဝမယူဆနိုင်ချေ။ အိန္ဒိယနှင့် တရုတ်တို့၏ ရှေးပဝေသဏီမှစ၍ နန်းတော် အတွက် အမိုးကိုငွေပြား၊ သို့မဟုတ် ခဲပြားဖြစ်စေ လိုသောဆန္ဒ ရှိပါ သည်။ တရုတ်မှတ်တမ်းများတွင် မြန်မာမြို့တော် ၏ နန်းတော်မိုးသည် ငွေဟု ဖော်ပြဖူး၏။ ကမ္ဘောဇ နန်းတော်တို့၌လည်း ငွေမိုး ပင် တွေ့နိုင်ပါသည်။ ထို့ကြောင့် မန္တလေး(နန်းတော်)မှာ သွပ်မိုး တွေ့နေရခြင်းမှာ ရှေးထုံးကိုလိုက်၍ ငွေနှင့်ခဲ မရနိုင်လင့်ကစား ထိုသတ္တုတို့ အရောင်ရှိသော သွပ်ပြားကို သုံးခြင်းဖြင့် ရှေးထုံးပယ်ရာ မရောက်။ ထို့ပြင် မန္တလေးနေ နိုင်ငံခြားသား တို့ကို ခိုင်းလျှင် အလွယ်တကူမှာ၍ ပေးနိုင်သဖြင့် ဈေးပေါသောကြောင့် သွပ်ပြား ကို သုံးဟန် တူပါသည်။ (မန္တလေးနန်းတော် ၂၃-၄)လို့ တွေ့ရပြန်တယ်။

မြန်မာတွေအမြင်နဲ့ ကြည့်ရင်တော့ သွပ်ပြားမိုးတာ ဟိုအခါက ဆန်းသစ်တယ်။ ခိုင်ခံ့တယ်လို့မြင်ပြီး ကြိုက်လို့လုပ်တာ ဖြစ်မယ်ထင်တယ်။

အမိုးပေါ်မှာ ငှက်ခတ်တဲဖြူကလေးတွေကတော့ မြန်မာတွေ ငှက်ဆိုးလို့ သတ်မှတ်ထားတဲ့ငှက်တွေ နန်းတော်မှာ လာမနားအောင် စောင့်ရှောက်ရတာမို့ အင်မတန် အယူသည်း နေသေးတယ်ဆိုတဲ့ သက်သေခံ အထောက်အထား တစ်ခုပဲ ဖြစ်ပါတယ်။

နန်းတော်မှာ အရှေ့ကနေပြီး အနောက်ကို အစဉ်လိုက် တွေ့ရမဲ့ အဆောက်အအုံတွေ ကတော့ ဒီအတိုင်းပါပဲ။

မြေနန်း

ရွှေနန်းပြာသာဒ်
သီဟာသန/ခြင်္သေ့ပလ္လင်

မြဲတိုက်
ဂဇာသန/ဆင်ပလ္လင်

ဇေတဝန်ဆောင်
ဟံသာသန
ဟင်းသာပလ္လင်

လေသာဆောင်
သင်္ခါသန/ခရုပလ္လင်

ပန်းခုံတော်တိုက်

ညီလာခံနေ

နန်းမြင့်

ဗောင်းတော်ဆောင်

လက်ဖက်ရည်ဆောင်

ရွှေတိုက်

ရေကန်တိုက်

ရေစက်သွန်းပြာသာဒ်

မှန်နန်းတော်ကြီး
ဘမရာသန/ပျားပလ္လင်

ရေစက်သွန်းပြာသာဒ်

မြောက်စမုတ်
မယုရာသန
ဒေါင်းပလ္လင်

တောင်စမုတ်
မိဂါသန/သမင်ပလ္လင်

အုတ်နန်း

နံ့သာနန်း

အလယ်နန်းတော်

တပင်တိုင်ဆောင်

နန်းမတော်ဆောင်

တောင်နန်းတော်

ပွဲကြည့်တော်ဆောင်

## မိဖုရားအဆောင်တွေ

အနောက်ပွဲတက်ဇေတဝန်ဆောင်
ပဒုမာသန/ကြာပလင်

အဲဒီအဝန်းအဝိုင်းထဲမှာ နေရာထိုင်ခင်းနဲ့ပတ်သက်လို့ မှတ်သားစရာနှစ်ခုရှိတယ်။ မင်းခမ်းမင်းနားမှာ ရှင်ဘုရင်က အရှေ့ကို မျက်နှာပြုထိုင်မယ်။ သူ့ဘယ်ဘက်က ထိုင်ရတဲ့ လူတွေဟာ ညာဘက်ကလူတွေထက် ဂုဏ်ကြီး မြင့်တယ်။ မြောက်ဘက်ခြမ်းက လူတွေက ပိုပြီး အရေးပါတယ်ဆိုပါတော့။ နောက်တစ်ချက်က မှန်နန်းတော်ကြီးကစပြီး အရှေ့ အနောက်ပိုင်းရင် အနောက်ဘက်ဟာ မိန်းမပိုင်းဖြစ်တယ်။ ယောကျ်ားဆိုရင်ဘုရင်၊ ရဟန်း၊ ဆေးသမား၊ အပျက်ပြင်လက်သမား၊ အနောက်ဝန်နဲ့မိန်းမစိုးဆိုတဲ့ သင်းကွပ်တွေ ရှိမယ်ပေါ့။

**ဒီနန်းတော်ကို မြနန်းစံကျော်** (**နန်း**မြို့တစ်ခုလုံး **လေးကျွန်းအောင်မြေ**)လို့ သမုတ်ပြီးတော့ ၁၆ ဂျူလိုင် ၁၈၅၈ မှာ နန်းသိမ်းပွဲ လုပ်ခဲ့ပါတယ်။ ဒီ **မြနန်းစံကျော်** ကို လုံခြုံရေးအတွက် သစ်တပ်နဲ့ ဝိုင်းရံထားပါတယ်။ သစ်တပ်တွင်းမှာ ဝင်းရုံးလေးရုံး၊ စွယ်တော်စင်၊ ဗဟိုရ်စင်၊ ဒင်္ဂါးစက်ရုံ၊ သင်းချိုင်းတော်၊ မှန်စီကျောင်း၊ လွှတ်တော်၊ လက်နက်တိုက်၊ ကြေးတိုက်၊ ဆင်းမင်းနန်း၊ အိမ်ဖြူတော်၊ နွေရာသီစံနန်းဆိုတာတွေရှိတယ်။ သစ်တပ်ပြင်ဘက်မှာ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံးတွေရှိပါတယ်။ (**ပြည့်** ၁၂၉)။ သစ်တပ်ဆိုတာက သစ်လုံး လုံးပတ်တစ်တောင့်ထွာ (အချင်း ၁၀ လက်မခန့်)ရှိတဲ့ သစ်တွေကို အဖျားချွန်ပြီး၊ တစ်လုံးနဲ့တစ်လုံးကပ်ပြီး၊ ရက်ဖောက်ရိုက်ပြီး မြေမှာစိုက် ထားတဲ့ ဝင်းထရံပါပဲ။ သစ်တိုင်တွေဟာ မြေပေါ်မှာ ၁၂ ပေလောက် မြင့်မယ်လို့ မှန်းပါတယ်။

နန်းတော်အဝန်းအဝိုင်းအတွင်း သိမှတ်စရာ တခြားအဆောက်အအုံတွေရဲ့စာရင်းကတော့ (**ပြည့်** ၁၄၃ မှ)

ဘုရင်ဆိုင်ရာ–

၁။ ရွှေတိုက်
၂။ အချုပ်တိုက်
၃။ ပုဆိုးတိုက်
၄။ ဝေါတိုက်
၅။ ကွမ်းသီးတိုက်
၆။ မီးသွေးတိုက်
၇။ မင်းခမ်းတိုက်
၈။ အတွင်းပိဋကတ်တိုက်

နိုင်ငံဆိုင်ရာ။

၉။ လက်နက်တိုက်
၁၀။ ကသောင်းမြောင်တိုက်
၁၁။ စာရင်းတိုက်
၁၂။ ပြင်ပိဋကတ်တိုက်
၁၃။ သံတိုက်
၁၄။ ကြေးတိုက်
၁၅။ လက်ဆောင်ယူတိုက်
၁၆။ ဒင်္ဂါးတိုက် တွေဖြစ်ပါတယ်။

**နန်းတွင်းအလေ့အလာ**

ဒီလို တည်ဆောက်ထားတဲ့ နန်းတော်ထဲမှာ လူတွေ ဝင်ကြ၊ ထွက်ကြပြီး ဘာတွေကို ဘယ်စည်းကမ်းနဲ့လုပ်သလဲဆိုတာ သိဖို့ အင်မတန်ကောင်းပါတယ်။ မြန်မာဘုရင် အဖမ်းခံရပြီးတော့ အင်္ဂလိပ်တွေက ဒါကို မှူးဟောင်း၊ မတ်ဟောင်းတွေဆီမှာ စုံစမ်းပြီး မှတ်တမ်းထားခဲ့ပါတယ်။ **(အညာနဲ့ သျှမ်းဂေဇက်၊ ပ၊ ၉၁-၈)**

အခါကြီးရက်ကြီး သီတင်းနေ့ကလွဲလို့ နေ့တိုင်း မနက်ရှစ်နာရီ (စက်နာရီ)မှာ မင်းညီမင်းသား အမှူးအချုပ်ဝန် အကြီးအသေးအားလုံး ညီလာခံဝင်စေ။ လုံလောက်တဲ့ အကြောင်းမရှိဘဲ ပျက်ကွက်ရင် သုံးရက်ချုပ်။

ဝန်ကြီး လေး၊ မြို့ဝန် နှစ်ကလွဲလို့ မင်းသား၊ အမတ်၊ အရာရှိအားလုံး အလှည့်ကျ နန်းတော်ကို အိပ်ဖန်စောင့်ဝင်စေ။ ပျက်ကွက်ရင် အထက်နည်း အပြစ်ပေး။

ရွှေမြို့တော်တွင်း မီးရေမီးခင်းပေါ်ရင် နန်းတော်အရောက်လာပြီး လာရောက်ကြောင်း စာရင်းမှတ်သားစေ။ ပျက်ကွက်သူကို မွန်းတည့်ချိန်နေလှန်း။

မနက်၊ ည ညီလာခံမှာ အသနားခံလွှာရှိရင် သံတော်ဆင့်က ဗိုလ်ပုံအလယ် အော် ဖတ်ရတယ်။

ည ညီလာခံမှာ ညအိပ်အလှည့်ကျတဲ့ လူစာရင်းကို သံတော်ဆင့်က ကြေညာ ရတယ်။

မြို့တံခါး တစ်ဆယ့်နှစ်ရပ်ကို ညကိုးနာရီက မနက်ခြောက်နာရီအထိ ပိတ်ထားတယ်။

အကန်တော့ခံနေ့တွေမှာလည်း ဒီတံခါးတွေ ပိတ်ထားတယ်။

မြို့ထဲမှာ မီးလောင်တယ်၊ တခြားရုတ်ရုတ်သဲသဲ ဖြစ်မယ်ဆိုရင်လည်း ပိတ်ရတယ်။ မြို့ပြင်မှာ ဆူရင်လည်း ပိတ်ရတယ်။

မဟာမျိုး မဟာနွယ်နဲ့ ဝန်ကြီး၊ မှူးကြီးတစ်ဦးဦးကို ကွပ်မြက်တဲ့အခါမှာလဲ တံခါးတွေ ပိတ်။

ညနေတိုင်း လွှတ်တော်မှာ ဘာတွေလုပ်ပြီးတယ်ဆိုတဲ့ သွင်းစာကို မင်းသိရအောင် သံတော်က ယူခဲ့ရတယ်။ အသနားခံလွှာတွေ ပါလာတယ်။ အားလုံးကို မိန်းမစိုးလက်အပ်။ ညကမှတစ်ဆင့် မင်းဆီရောက်မယ်။

မင်းရဲ့အမိန့်တော်မှန်ရင် ဗြဲတိုက်က အတွင်းဝန်ဆီကမှ လွှတ်တော်ကို ပို့ရတယ်။

မင်းဆီမှာ အသနားခံလွှာ တင်ချင်ရင် ဗြဲတိုက်နဲ့ လွှတ်တော်ကမှ တစ်ဆင့်တင်ရတယ်။

မြို့ရွာကျေးလက်မှ အခွန်သိမ်းဖို့ အဝေးဝန် ဆိုတာရှိတယ်။ တစ်ခါတစ်ရံ အခွန်သိမ်းတာဝန်နဲ့ အရာရှိ သီးသန့်လွှတ်တယ်။ သိမ်းရသမျှကို ပထမလွှတ် တော်ကိုပို့၊ လွှတ်တော်က ဗြဲတိုက်၊ ဗြဲတိုက်က ရွှေတိုက်သွင်း၊ တချို့ဘုရင်ဆီ တိုက်ရိုက်ပို့စေ။

အရာရှိ အသစ်ခန့်ထားတိုင်း သစ္စာပေးစေ။

နယ်အုပ်ချုပ်ဖို့ လွှတ်တဲ့ ဘုရင်ခံနောက်ကို မယားတွေ မလိုက်ရ။ ရွှေမြို့တော်မှာ ဓားစာခံအဖြစ် ကျန်ရစ်စေ။

နယ်ဘုရင်ခံနဲ့ စော်ဘွားတွေ တစ်နှစ်တစ်ကြိမ်ကန်တော့ လက်ဆောင်ဆက် ရှေ့တော်ဝင်စေ။

မြေနန်းမှာ ကတော့ လက်ဆောင်ဆက် ဝင်တဲ့အခါ အားလုံးပရိသတ်စုံမှ အိမ်ရှေ့မင်းဝင်တယ်။ အိမ်ရှေ့မင်းရောက်ပြီးမှာ မင်းမိဖုရားကြွ။ မင်းနှစ်ပါးဝင်ပြီး အိမ်ရှေ့မင်းကြွပြီးမှ အားလုံး အရာအထူးအလိုက် ရှေ့နောက်ပြန်စေ။

နန်းတွင်း အမှုထမ်း အစောင့်အနေကျတဲ့ ပုဂ္ဂိုလ်ဟာ ညနေခြောက်နာရီကစပြီး အလုပ်ဝင်ရတယ်။ ဖြတ်ကိုက်မှာ အလုပ်ဆင်းတာကို စာရင်းမှတ်။ ညအလှည့်အစောင့်ကို သုံးချိန်ပိုင်းရာမှာ ညနေခြောက်နာရီက သန်းခေါင်ထိ တစ်ပိုင်း၊ သန်းခေါင်က မနက်သုံးနာရီထိတစ်ပိုင်း၊ သုံးနာရီကမိုးလင်း ခြောက်နာရီထိ တစ်ပိုင်း။ နေ့အလှည့်ကို အားလုံး မနက်ခြောက်နာရီက ညနေခြောက်နာရီအထိ စောင့်ပြီး နောက်တစ်သုတ်နဲ့ လူလဲရတယ်။

နန်းစောင့်တပ်ကို တစ်လတစ်ကြိမ်လူလဲ။

မင်းနန်းကထွက်ရင် အမြောက်သုံးချက်ဖောက်။ တံခါးအားလုံးပိတ်။ ပြန်လာမှဖွင့်စေ။ မင်းညီ၊ မင်းသား၊ အမှူး၊ အမတ်အားလုံး မင်းနဲ့လိုက်။အစောင့် တာဝန် ကျသူတွေသာ နေရစ်။ မလိုက်ရင် ကြိုက်သလောက် ချုပ်နှောင် ထားစေ။

နှစ်ဆန်းတစ်ရက်နေ့ အတာတက်ချိန်မှာ တံခါးတစ်ဆယ့်နှစ်ခုမှာ တစ်ခုကို အမြောက်သုံးချက်စီ ဖောက်စေ။

လက်ဖက်လက်ဆုံ လှမ်းယူစားသောက်ခြင်း မရှိသေးရင် ဘယ်အမှုမှ ပြီးပြတ်တယ်လို့ မယူနိုင်။ လွှတ်တော်ကဆုံးဖြတ်ရင် နောက်ဆုံးရုံးဖြစ်လို့ လက်ဖက်မစားလည်းပြတ်တယ်။ လဖက်စားပြီးမှ အမှုသွား အမှုလာကို တစ်မျိုးဖြစ်စေမဲ့ သက်သေပေါ်ပေမဲ့ ပြန်မစစ်ရ။

လက်ဖက်စားပြီးမှ အယူခံသေးရင် မောင်းကျော်ပြီး လမ်းဆုံလမ်းဝမှာ ရိုက်။

- မောင်းကျော်ပြီးရိုက်ရတဲ့ဒဏ်ကို
- ဘုရားမှာ ရွှေပွတ်၊ ရွှေခွာ၊ ရွှေခိုးတဲ့လူ
- ပိုက်ဆံအတုလုပ်သူ
- အပျိုတော်ကို သွေးဆောင် ဖြားယောင်းသူ
- မီးရှို့သူ
- လာဘ်ယူသူ
- အရက်သေစာချက်သူ
- ဓားပြတိုက်သူတွေကို ပေးစေ။

လောင်းကစား၊ အရက်မူး၊ နွားသတ်၊ အမဲသား စားလေ့ရှိသူကို မောင်းကျော်ပေမဲ့ မရိုက်ရ။

နှစ်စဉ် ဝါဆိုလဆန်း ငါးရက်နေ့မှာ မြို့တော်တွင်းမှာ ဝါတွင်းလေးလပတ်သုံး သားငါး မသတ်စားရ။ သီလသီတင်း ဆောက်တည်စေ အမိန့်ကို မှူးမတ်တစ်ယောက် ဆင်ကြောပေါ်က မောင်းထုပြန်။

မင်းမိဖုရားကို မြေနန်းမှာ တစ်နှစ်သုံးကြိမ် ကန်တော့ လက်ဆောင်ဆက်။ သုံးကြိမ်မှာ (၁) နှစ်ဆန်းတစ်ကြိမ်၊ (၂) ဝါဝင်တစ်ကြိမ်နဲ့ (၃) ဝါကျွတ် တစ်ကြိမ်ဖြစ်တယ်။ နှစ်သစ်နဲ့ ဝါဝင်ကန်တော့ပွဲမှာ မြို့တော်နေ တို့နဲ့သာ ဆိုင်တယ်။ ဝါကျွတ်ကျတော့ ဝေးနီး အရာရှိ စော်ဘွားတွေ ပါလာရတယ်။

မိန်းမတွေဖို့ ကန်တော့ အခမ်းအနားကို အနောက် ပွဲတက် ဇေတဝန် ဆောင်မှာ သီးသန့် လုပ်ရတယ်။

တစ်နေ့နှစ်ကြိမ် ညီလာခံကို လက်ဖက်ရေဆောင်မှာ လုပ်လေ့ရှိတယ်။ တစ်ခါတစ်လေ လည်း ဗောင်းတော်ဆောင်မှာ လုပ်တယ်။ အချိန်ကတော့ မနက်ရှစ်နာရီခွဲနဲ့ ညနေသုံးနာရီ ဖြစ်တယ်။

မနက် ညီလာခံက ပိုပြီး အရေးပါတယ်။ အရာရှိစုံတယ်။ တိုင်းရေး ပြည်မှုနဲ့ ငွေကြေးအစီအမံတွေ တင်တယ်။ ညနေ ညီလာခံကတော့ အိပ်လှည့် အိပ်ဖန်ကျသူတွေနဲ့ ဆိုင်တယ်။ နန်းတွင်းရေးနဲ့ ကိုယ်ရေးကိုယ်တာတွေ အတင်များတယ်။

မင်းတုန်းမင်းက ညခုနစ်နာရီမှာ ညပိုင်းတာဝန်ကျသူတွေကို တပ်ခေါ်ပြီး တစ်နာရီ လောက် စကား ပြောနေတတ်သေးတယ်။ အဲဒီမှာ သံတော်ဆင့်က ညအိပ်ကျသူ စာရင်း တော်တယ်။

ရှင်ဘုရင်ဟာ တစ်နေ့ လေးကြိမ် ပွဲတော်တည်တယ်။ မိဖုရားနဲ့ မင်းသမီးတွေက စောင့်ပြီး ပွဲတော်တည်ခင်းရတယ်။ အချိန်တွေက မနက် ညီလာခံမစမီ၊ နေမွန်းတည့်၊ ညနေ ညီလာခံမစမီနဲ့ ညဦးဖြစ်တယ်။

မိဖုရားခေါင်ကြီးနဲ့ အမြတ်နိုးဆုံး မိဖုရားတစ်ဦးတစ်လေကသာ မင်းကို စားစရာ ိုက်ရိုက် ကမ်းလှမ်းဆက်သွယ်ခွင့်ရှိတယ်။ တစ်ခြား မိဖုရားတွေ မင်းသမီးတွေက ပ်ခပ်၊ လက်ဆေးရေလောင်းပေး ဆိုတာလောက်ပဲ လုပ်ရတယ်။

စားစရာ အားလုံးကို မင်းရှေ့မှာ မင်းမစားခင် စားပြရတယ်။

မင်းစားပြီးရင် အဲဒီနေ့ တာဝန်ကျ မိဖုရားနဲ့ မင်းသမီးတွေက ပွဲတော်ကျကို စားရ တယ်။

ညပိုင်း စာပေ ကျွမ်းကျင်သူ အပျိုတော်က စာတော်ဖတ်ရတယ်။ ရပ်နားခွင့်ပေးမှ ရတယ်။

စာတော်ဖတ်တွေဟာ အလဲအလှယ် ဖတ်ကြရတယ်။ ဘုရင်ရဲ့အိပ်ခန်း အပြင်ဘက်က ပြီး ဖတ်ရတယ်။

နန်းရစက မင်းတုန်းမင်းဟာ မိဖုရား တစ်ပါးစီဆီကို တစ်လတစ်ကြိမ် ရောက် င် အဆောင်လှည့်တယ်။ မြင်းကွန်း အရေးတော်(၁၈၆၆)ပြီးတဲ့ နောက် ဒီလို ည်တော့ဘူး။ မမာတဲ့အခါသာ လူနာမေးသွားတော့တယ်။ ဒါပေမယ့် မိဖုရားခေါင်ကြီးနဲ့ ကြီးလေးပါး အဆောင်ကိုတော့ မကြာခဏ လှည့်တယ်။ မိဖုရားခေါင်ကြီး အဆောင်မှာ ်း မှူးကြီးမတ်ကြီးကတော်တွေ ဝင်ထွက်ခစားတာကို လက်ခံလေ့ရှိတယ်။

ဘုရင်ကို အဝတ်တန်ဆာလဲတဲ့အခါ၊ မျက်နှာသစ်တဲ့အခါ၊ ခေါင်းဖီးတဲ့အခါ၊ ရေချိုးတဲ့အခါ မိဖုရားတွေက ပြုစုရတယ်။

စားရင်းအလည့်ကျတဲ့ မိဖုရားနဲ့ မင်းသမီးတွေဟာ ရှင်ဘုရင် ဘယ်သွားသွား မပြတ်လိုက်ရတယ်။ မိဖုရားကြီး လေးပါး အဆောင်ကိုပဲသွားသွား။ ဉယျာဉ်တော်ပဲ ထွက်ထွက် သူတို့ပါရတယ်။ သူတို့က တစ်ဆင့်ခိုင်းစေဖို့ အပျိုတော်နဲ့ မိန်းမစိုးတွေရှိတယ်။

မင်းနဲ့ပတ်သက်တဲ့ စည်းကမ်းကြီးတယ်။ ကြိုတင်ခွင့်ပြုချက်၊ အမိန့်တော် ထားချက်မရဘဲ ဘယ်သူမှဘုရင်နဲ့ တွေ့ခွင့်မရှိ။ ဘုရင်ကစပြီးမမေးဘဲ ဘယ်သူမှ သူနဲ့စပြီးစကားမပြောရ။ ဘုရင်အခန်းတစ်ခန်းဝင်ရင်၊ ဉယျာဉ်ထဲထွက်ရင် နောက်ထပ်အခေါ်လွှတ်တဲ့လူကလွဲလို့ ဘယ်သူမှ အဲဒီအခန်း/ဉယျာဉ်ထဲကိုမဝင်ရ။ ပါလာတဲ့လူထဲကလည်း ဘယ်သူမှ ထွက်မသွားရ။ ထိုင်နေရာမှ မရွှေ့ပြောင်းရ။ မင်းထသွားမှ နေရာပြင်နိုင်သည်။ ဘုရင့်ရှေ့မှောက်မှာ ဆေးလိပ်သောက်မနေရ။ မိဖုရားကြီးလေးပါးကလွဲလို့ ဘယ်သူမှ ဘုရင့်ရှေ့မှာ ဖိနပ်စီးမထားရ။ ထီးဆောင်းတာမှာလည်း မိဖုရားကြီးလေးပါးသာ ဘုရင့်အနားမှာ ထီးဆောင်းလိုက်ပါခွင့်ရတယ်။ ဒီအခွင့်အရေးကို နောက်တော့ အလယ်နန်းမိဖုရားကမွေးတဲ့ စုဖုရားမင်းသမီးတွေလည်း ရတယ်။ ဘုရင်အိပ်တဲ့ မှန်နန်းတော်ထဲက အိပ်ဆောင်အနားမှာ မိဖုရားကြီးလေးပါး လည်း အိပ်ဆောင်သီးခြား ရှိတယ်။ တခြား မိဖုရားတွေ မှန်နန်းတော်မှာ အိပ်ခွင့်မရ။ ဘုရင့်လက်ထဲကို ဘာပစ္စည်းပဲပေးပေး ရှိခိုးပြီးမှပေးရတယ်။ ဘုရင်က ပြန်ပေးရင်လည်း ရှိခိုးပြီးမှ လက်ခံရတယ်။ ဘုရင်သုံးတဲ့ ပစ္စည်း အားလုံးကို တော်တပ်ပြီးခေါ်ရတယ်။ အဲဒီတော်သုံး ပစ္စည်းကို မထိမကိုင်ခင် ရှိခိုးရတယ်။ ဘုရင် အပါးရောက်လာရင် သုံးကြိမ်ဦးတိုက်ရတယ်။ ထွက်ခွာ သွားရင်လည်း သုံးကြိမ်ဦးနှိမ်ရမယ်။ ဘုရင်နဲ့ စကားပြောတဲ့အခါမှာ မရှိခိုးဘဲ လက်ပိုက်ပြီး ဝါကျဆုံးတိုင်း နဖူးမြေထိမလုပ်ဘဲ မိဖုရားခေါင်ကြီးတစ်ပါးသာ နေနိုင်တယ်။ မင်းနဲ့မိဖုရားကြီး ထွက်လာတာကိုမြင်ရင် တခြားမိဖုရားအားလုံးနဲ့ မင်းသမီးအပျိုတော်တွေဟာ မြေမှာ ပုဆစ်ဒူးတုပ်ပြီး ရှိခိုးနေရတယ်။

မိဖုရားကြီးနဲ့ မင်းသမီးတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့ အခါမှာလည်း ပုဆစ်ဒူးတုပ်ပြီး 'ဘုရား' ဆိုတဲ့ အသုံးအနှုန်းကိုသုံးပြီးမှ အပြန်အလှန် အဆင့်အတန်းအလိုက် ကိုယ့်ခန်းဆောင်မှာ ကိုယ့်အတွက်ရထားတဲ့ အပျိုတော်တွေ ပြင်ဆင်ပေးတဲ့ ထမင်းပွဲကို သီးခြား စားနေနိုင်တယ်။

မိဖုရား၊ မင်းသား၊ မင်းသမီး မဟုတ်ရင် နန်းတော်အတွင်းမှာ ဘယ်သူမှ ဘယ်တော့မှ ထီးဆောင်းခွင့်မရှိ။ နန်းတော် အုတ်ခုံပေါ်မှာလည်း သူတို့ပဲ ဘိနပ်စီးခွင့်ရှိတယ်။ နန်းတော်ဝန်းကျင်မှာ ဘယ်သူမှ မြင်းမစီးရ။ ရထားမမောင်းနှင်ရ။ စီးခွင့်ရသူတွေကလည်း ဘုရင်မမြင်သာတဲ့ နေရာတွေမှာသာ စီးရတယ်။

ဘုရင်ရှိတဲ့ဘက်ကို ဘယ်သူမှ ခြေမဆင်းရ။ ညအခါ အိပ်ရာခင်းရင် ဘုရင့်အိပ်ခန်းဘက်ကို ဦးခေါင်းပြုပြီး ခင်းရတယ်။

ညအခါ ယောက်ျားမှန်ရင် အဆင့်အတန်း ဘယ်လောက်မြင့်မြင့် မိန်းမပိုင်းမသွားရ။ မိန်းမတွေကလည်း ဘုရင်နဲ့ မိဖုရားခေါင်ကြီး ခိုင်းစေချက် မဟုတ်ရင် ယောက်ျားပိုင်းမကူးရ။

ဘယ်မင်းသား၊ ဘယ်ဝန်မှ မိန်းမစိုးကြီးကတစ်ဆင့် ခွင့်မပန်ဘဲ ဘုရင်ကို ဝင်မဖူးရ။ အင်မတန် အရေးကြီးတဲ့အခါ မိန်းမစိုးကြီးမရှိရင် မိန်းမစိုးတစ်ယောက်ယောက်ကို အခွင့်ရဖို့ လျှောက်ထားခိုင်းနိုင်တယ်။

မိဖုရား၊ မင်းသမီးနဲ့ အပျိုတော်တွေဟာ မင်းမိန့်မပါဘဲ နန်းပြင်မထွက်ရ။ အမိန့်ကို မိန်းမစိုးက အနောက်ဝန်၊ အနောက်ဝန်က ဝင်းတော်မှူးဆီကို ဘယ်သူ ဘယ်အချိန် အတွင်းအပြင်သွားခွင့် ပြုတယ်လို့ အကြောင်းကြားထားရမယ်။

နန်းမတော်ဘုရား၊ အလယ်နန်းတော်၊ မြောက်နန်းတော်နဲ့ အနောက် နန်းတော်ခေါ်တဲ့ မိဖုရားကြီး လေးပါးက မိမိဆိုင်ရာ အပျိုတော်ကို အပြင်ထွက် ခွင့်ပေးနိုင်တယ်။

မိဖုရားတွေနဲ့ အရွယ်ရောက်ပြီး မင်းသမီးတွေဟာ အဆင့်လိုက်ပြီး သီးသန့် အခန်းရတယ်။ ရှမ်းစော်ဘွား သမီးတွေဖြစ်တဲ့ သမီးကညာနဲ့ မှန်နန်းအပျိုတော်ဆိုတာတွေက ဘုရင့်အပါး ခစားရတဲ့ အပျိုတော်တွေဖြစ်လို့ သူတို့လည်းသီးခြား အခန်းရတယ်။

မိဖုရားကြီးလေးပါးနဲ့ မင်းသမီးကြီးလေးပါး(စလင်းစုဖုရား၊ စုဖုရားကြီး၊ စုဖုရားလတ်နဲ့ စုဖုရားကလေး) တို့အတွက် အပျိုတော်တွေဟာ နန်းတော်အနောက် ရေမြောင်းနဲ့ အတွင်းတံတိုင်း အတွင်းကတန်းလျား သီးခြားနဲ့ အဆောင်ရတယ်။ အဲဒီအမျိုးသမီးတွေကိုပဲ အပျိုတော်လို့ခေါ်တယ်။ တခြားမိဖုရားနဲ့ မင်းသမီး တွေရဲ့ အစေအပါး အမျိုးသမီးတွေကို အပျိုလို့ပဲခေါ်ပြီး သူတို့အတွက် နေရာသီးခြားမရှိ။

မိဖုရားကြီး လေးပါးအဖို့ အခစားဝင်ဖို့ အလှည့်စာရင်းမရှိ။ အချိန်မရွေး ခစားရမယ်လို့ ဆိုလိုတယ်။ တခြားမိဖုရားတွေကို လက်ဝဲစု၊ လက်ယာစုခွဲပြီး စာရင်းအရ အလှည့်ကျနေ့ည ထမ်းရွက်ရတယ်။ လက်ဝဲစုကို မြောက်နန်းတော်၊ လကျ်ာစုကို အနောက်နန်းတော်က ကြပ်မတ်ရတယ်။

မင်းသမီးတွေအတွက် အထူးအလှည့်မရှိ။ တစ်နေ့နှစ်ကြိမ်သုံးကြိမ် အခစားဝင်ပြီး ကျရာတာဝန်ကို ထမ်းရွက်ရတယ်။ အပျိုတော်တွေနဲ့ မိန်းမစိုးတွေကတော့ စာရင်းအလှည့်အတိုင်း မပေါ့မလျော့ ခစားထမ်းရွက်ရတယ်။

အမှူးအမတ် ဘုရင်ခံကတော် မယားတွေဟာ တစ်နေ့တစ်ခေါက် နန်းတော်ကို ဝင်ထွက်ခစားရတယ်။ အလုပ်သီးခြားမရှိ။

အိမ်ရှေ့မင်းနဲ့ လက်ရှိဘုရင်ရဲ့ သားတော်မင်းသားတွေဟာ မြေနန်း လှေခါးခုံထိ ဝေါယာဉ် စီးနင်းလာခွင့်ရတယ်။ အဲဒီနေရာအထိ အခွင့်ပြုပြီး ရွှေထီးဆောင်းခွင့်ရတယ်။ အိမ်ရှေ့မင်း လေးလက်၊ မင်းသားနှစ်လက်ရတယ်။ ဖိနပ်စီးခွင့်ကို မြဲတိုက် မာရာဘင်ထိရတယ်။ အမတ်အရာရှိအားလုံး အိမ်ရှေ့မင်းကို ဒူးတုပ်ခစားရတယ်။

အမတ်နဲ့ အရာရှိတွေဟာ သူတို့စီးနင်းဆောင်ရွက်လာတဲ့ လှည်း၊ မြင်း၊ ထီးဆိုတာတွေကို နန်းတော်တံတိုင်း အပြင်ကထားခဲ့ရတယ်။ ဖိနပ်ကိုတော့ မြေနန်းလှေခါးထစ်အထိ စီးရတယ်။ အစေအပါးတွေက ဒီနေရာထိ ခမောက်လိုက်ပြီး မိုးပေးခွင့်ရှိတယ်။ ခမောက်ဆိုပေမဲ့ သီးထက် အဝန်းအဝိုင်း ကျယ် ပြန့် နိုင်ပါသေးတယ်။

မြေနန်း အရှေ့တံခါးနီးက အိမ်ရှေ့မင်းသား၊ မင်းသားတွေနဲ့ ဝန်ကြီးလေးပါးသာ ဝင်ရတယ်။ တခြားသူတွေအားလုံး မလွယ်တံခါး(ဘေးတံခါး) ကိုသုံးကြရတယ်။

မိဖုရားငယ်တွေနဲ့ မင်းသမီးတွေဟာ မှန်နန်းတော်ပေါက်အထိ ဖိနပ်စီးခွင့် ရတယ်။ အဲဒီအပေါက်ရောက်တော့ ထိီးဖိနပ်နဲ့ အခစားတွေပါ ထားခဲ့ရတယ်။ အဲဒီကစပြီး ကိုယ့်ကွမ်းခွက်၊ လက်ဖက်ခွက်၊ ထွေးခံ၊ မှတ်တမ်း ပုရပိုက် ဆိုတာတွေကို ကိုယ့်ဘာသာ သယ်ယူသွားကြရတယ်။

အပျိုတော်တွေကတော့ တာဝန်ကျ ထမ်းဆောင်ရမည့် အဆောင်ပေါက်အထိ ဖိနပ် စီးခွင့်ရတယ်။

မှူးကြီးမတ်ကြီး ကတော်မယားတွေက သူတို့ ယောကျ်ား အမှူးအမတ်တွေလိုပဲ နန်းတော် တံတိုင်းမဝင်မီက ယာဉ်ရထားပေါ်ကဆင်းပြီး မြေနန်း လှေကားထစ်အထိ ခမောက်မိုးခံလို့ ခြေနင်းစီးနင်းလာနိုင်တယ်။



ပြောခဲ့ပြီးတဲ့ အလေ့အလာတွေဟာ ထီးနန်း အတွင်း အရေးပါတဲ့ကိစ္စတွေဖြစ်ပါတယ်။ မလိုက်နာ ရင်အပြစ်ရနိုင်ပါတယ်။ အထူးသဖြင့် အနောက်ဆောင် အတွက် စည်းကမ်း ကြီးရပါတယ်။ မင်းတုန်းမင်းမှာ စာရင်းပေါက် မိဖုရား လေးဆယ့်ငါးပါးနဲ့ သားသမီး ခုနစ်ဆယ်ရှိပါတယ်။ ဒါကြောင့် စည်းကမ်းကြီးဖို့ လိုတယ်ဆိုရင်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် မယား အနည်းအများနဲ့ တကယ်တော့ မဆိုင်လှပါဘူး။ ပဒေသရာဇ်ခေတ် ပုံစံဟာ ကမ္ဘာနဲ့အဝှမ်း ဒီအတိုင်း ပါပဲ။ မင်းတုန်းမင်းမှာ မယားများတာနဲ့ ပတ်သက်ပြီး တော့ နားထောင်ချင်စရာ ပုံပြင်ကလေးတွေ ကျန်ရစ်ပါတယ် (ချစ်စိန်လွင်၊ **ကုန်းဘောင်ခေတ် ဆောင်ကြာမြိုင်မှတ်တမ်း** ရန်ကုန်၊ ကျုံပျော်စာပေ၊ ၁၉၆၇)။ တချို့က **သာသနာ့** ဒါယကာ မင်းမြတ်ဖြစ်လို့ ဒါတွေ ဟုတ်တောင် မပြောကြပါနဲ့လို့ ပိတ်ပင်တယ်။ ဒါပေမဲ့ ပြောခွင့်ပြောထိုက် ကြုံရင် လူကိုလေ့လာတယ် ဆိုတဲ့အနေနဲ့ပြောကြရမှာပါပဲ။ မင်းတုန်းမင်း ဟာ ပုထုဇဉ်လူသားတစ်ယောက် ဖြစ်တဲ့အပြင် **မယားလေးဆယ်ကျော်** ယူခွင့်ရခဲ့တဲ့ လူဖြစ်လို့ တချို့ပုံပြင်တွေဟာ မဟုတ်ဘူးလို့ ငြင်းဖို့ခက်ပါတယ်။ မင်းတုန်းမင်းရဲ့ မိဖုရား တစ်ပါးဆီမှာ လုံခြုံအောင် သိမ်းထားတဲ့ ဆေးရေး ပုရပိုက်တစ်ခုဟာ လူယောကျ်ား လူမိန်းမနှစ်ယောက်တွဲ နှစ်ဆယ့်လေးပုံပါတယ်။ မူရင်းကို အသက်အရွယ်ကြီးလာတဲ့ မိဖုရားအမိန့်နဲ့ ဖျက်ဆီးခိုင်းလို့ အခိုင်းခံရတဲ့ လူက တိတ်တဆိတ် ဓာတ်ပုံရိုက်ပြီး ယူထားလိုက်တာ အခုအထိ ဓာတ်ပုံ မူပွား ရှိနေပါသေးတယ်။ ဒီပုရပိုက်ကို **မောင်းမလက်သုံးပုံ**လို့ အခု ခေါ်နေကြပါတယ်။ နန်းတွင်းကို ရှင်ဘုရင်အတွက် ရောက်လာစ အမျိုးသမီးငယ်ကို လေ့ကျင့်ခန်းစဖို့ ကူညီ ရမယ့် ပုရပိုက်ဖြစ်တယ်လို့ ယူဆပါတယ်။ အဲဒါမျိုးဟာလည်း ပဒေသရာဇ်နန်းတွေမှာ ထုံးစံပါပဲ။ ရှေးတရုတ်နိုင်ငံ တဆယ့်ခြောက်ရာစု ကုန်လောက်က ရေးခဲ့တဲ့ တရုတ်ဝတ္ထုရှည်ကြီး

တစ်ပုဒ် (**ကျိန်ဖင်ဂ်မေ့**၊ ဘာနဒ်မိအော ဘာသာပြန်၊ လန်ဒန် ဖိုးစကွဲယား စာအုပ်တိုက်၊ ၁၉၆၂၊ စာမျက်နှာ ၁၃၁) မှာ နန်းတွင်းသူတွေဖို့ ပိုးပုဝါပေါ်မှာ လူယောကျ်ား မိန်းမတွေ အစုံလိုက် အစုံလိုက် သံဝါသ ပြုနေပုံတွေကို လှပဆန်းကြယ်အောင် ရေးဆွဲပေးထားတယ်လို့ ဖတ်ရဖူးပါတယ်။ အဲဒါကြောင့် နန်းတွင်း အလေ့အလာထဲမှာ လိင်ပညာလည်းပါမယ်လို့ ဆိုရပါ့မယ်။ မန္တလေးခေတ် ဝက်မစွတ်ဝန်ထောက် သိမ်းဆည်းထားတဲ့ ပုရပိုက်စုထဲက နန်းတွင်း ဖြေဖျော်ရေးဆိုင်ရာ စာရင်းတစ်ခုရဖူးပါတယ်။ စကားအသွားအလာနဲ့ လူနာမည် တွေ ချင့်ထောက်ပြီး သီပေါမင်းလက်ထက်လို့ မှန်းဆရပါတယ်။

'ကာမဂုံ အခွင့်ရလျှင် **အခါမရွေး** (*)လိုကြောင်း ရေနံ့သာ ရေတွက်သည့် စာရင်း'

| | |
|---|---|
| အစ်မတော်ဘုရား (ချွန်းတောင်း/မိုင်းခိုင်မင်းသမီး) | ၁ |
| ပြင်စည်မင်းသမီး (မကွေး မိဖုရားသမီး) | ၁ |
| မိုးမိတ်မင်းသမီး (စာပွဲတောင်းမိဖုရားသမီး) | ၁ |
| လှိုင်ကျွန်းသမီးကြီး(တောင်တွင်း/မင်းကတော်မင်းသမီး) | ၁ |
| ငန်စွန်(မိဖုရား)သမီး ထရန်ကာ (မင်းသမီး) | ၁ |
| ကြေးမြှင် မိဘုရား | ၁ |
| ပေါင်း ၆ | |
| တောင်ခွင်မင်းကြီးကတော် | ၁ |
| ပင်သာ(မင်းသား)မယား | ၁ |
| ငွေတိုက်ဝန်ထော် (စွ)ရိုက်မယား | ၁ |
| ပင်းအတွင်းဝန်သမီး | ၂ |
| ပင်းကလဲ ဝန်ထော်တူမ | ၁ |
| မိုင်ခိုင်(မြို့စားခင်မမင်းဝန်)မင်းသမီးအကြီး | ၁ |
| ငင်း (အငယ်) | ၁ |
| စာရေးကြီး ဦးဘိုးရှုတ် မယား | ၁ |
| ရေန်ချောင်းမင်းကြီး မယား သီလ | ၁ |
| အခွန်ဝန်မောင်စံ မယားစဲ | ၁ |
| ညောင်ဝန် သမီး | ၁ |
| အမြော်ဝန် မယား | ၁ |
| ကွပ်ရှာဝန်ထော် မယား | ၁ |
| ခန်ပတ်ကြီး မယား | ၁ |
| (ရှေ့ဝင်းမှူး)မယား | ၁ |
| ပေါင်း | ၁၆ |

| | |
|---|---|
| ပြင်စည် | ၁ |
| ကျော်ပန်းတောင်း | ၁ |
| ပင်သာသမီး | ၂ |
| စာရေးကြီး ငအုံ သမီး အကြီး | ၁ |
| ကုလားဝန် သမီး အကြီး | ၁ |
| ဥယျာဉ်အုပ် သမီး | ၁ |
| ကုလားမ ဘီဘီ | ၁ |
| တရားမ အရေးပိုင် သမီး | ၁ |
| သီပေါဝန် သမီး | ၁ |
| ပေါင်း | ၁၀ |

၈၆၄၅

| | |
|---|---|
| ၆၇ | (၄၆)ခု ကဆုန်(လ)ပြည့် ၆ ကြာ (နေ့) နံက် |
| ၁ | တချက်တီး (၄ မေ ၁၈၈၄) |
| ၂၉ | (၄၆)ခု ဝါဆို(လ)ပြည့် ၂ လာ (နေ့) သန်ကောင် (၇ ဂျူလိုင် ၁၈၈၄) |
| ၆ | (၄၇)ခု ကဆုန်(လပြည့်)ကျော် ၁(ရက်) အာရုံတက် ၅ တေး (နေ့) (၃၀ ဧပြီ ၁၈၈၅) |
| ၄၅ | (၄၇)ခု (ဒုတိယ)ဝါဆိုလပြည့် စနေညနေဝင်စ (၂၆) (ဂျူလိုင် ၁၈၈၅) |

၈၇၉၃



အခုပြတဲ့ စာရင်းကို ရေနံ့သာစား ကိုင်ရတယ်လို့ ထင်ပါတယ်။ ဒီစာရင်းဟာ **သီပေါမင်း**ရဲ့ ကိုယ်ရေးကိုယ်တာ စာရင်းလို့လည်း ပြောနိုင်ပါတယ်။ ရက်စွဲတွေက လ၊ ရက်၊ နေ့ပဲ ပေးထားပေမယ့် ၁၂၄၆ ခု ၁၂၄၇ ခု (၁၈၈၄–၅)နှစ်များက ဖြစ်တယ်လို့ တွေ့ရပါတယ်။ စုဖုရားလတ် အင်မတန် ချုပ်ချယ်တယ်ဆိုပေမဲ့ သူမသိတာလည်း ရှိတယ်လို့ပဲ မှတ်ချက်ချရပါတော့မယ်။

နန်းတွင်းအလေ့အလာတွေထဲမှာ ပွဲလမ်းသဘင်အကြောင်းလည်း ပြောဖို့လိုပါတယ်။ မြန်မာတွေမှာ တစ်ဆယ့်နှစ်လစလုံး ပွဲရှိမြဲဖြစ်လို့ ပျော်ပွဲသဘင်လည်း များမယ်လို့ မှန်းဆနိုင်တယ်။ တချို့ပွဲဟာ တစ်မျိုးသား လုံးနဲ့ဆိုင်တယ်၊ တချို့ပွဲမှာ မန္တလေးမြို့နဲ့ဆိုင်တယ်၊ တချို့ပွဲဟာ နန်းတွင်းနဲ့သာဆိုင်တယ် ဆိုပြီး သုံးမျိုးသုံးစားခွဲရပါတယ်။

ထိပ်ဆုံးက နှစ်သစ်သကြိန်တော်ပွဲရှိတယ်။ နိုင်ငံနဲ့အဝှမ်း ဆိုင်တဲ့ပွဲဖြစ်လို့ အထူး ပြောင်းဖို့မလိုဘူး။ ဒါပေမဲ့ ရှင်ဘုရင်နဲ့ မိဖုရား မြောက်ဉယျာဉ်သကြိန် တန်ဆောင်းမှာ ခေါင်းဆေးတဲ့ပွဲကတော့ နန်းတွင်းနဲ့ပဲဆိုင်တယ်။

ကဆုန်ညောင်ရေပွဲဟာလဲ တစ်နိုင်ငံလုံးရဲ့ ပွဲပါပဲ။ ဒါပေမဲ့ နန်းတွင်းမှာ ဗုဒ္ဓဆင်းတုတော် တွေကို သန့်စင်အောင် ဆေးကြောရပါတယ်။ ပွဲသဘင်လည်း အကြီးအကျယ် ခင်းကျင်း ပါတယ်။

နယုန်လမှာ မိုးနတ်ပူဇော်ပွဲ၊ စာတော်ပြန်ပွဲ၊ နှစ်သစ်ကန်တော့ပွဲနဲ့ မင်္ဂလာလယ်တော်ပွဲ တွေ လုပ်ရပါတယ်။ မိုးနတ်ပူဇော်ပွဲဆိုတာ လဆန်းရက် ပထမသီတင်းပတ်ထဲက တစ်ရက်ရက် မှာ ဆရာတော်တွေ လွှတ်တော်ရှေ့ စည်းဝေးပြီး မိုးကောင်းဖို့ ငါးရန့်မင်း ပရိတ်ကို ရွတ်ကြ ရပါတယ်။ ပုဏ္ဏားတွေက လည်း တောင်ဖက်တံခါး (ကြေးမုံ)မှာ တန်ဆောင်း နှစ်ခုဆောက်ပြီး မိုးနတ်နဲ့အတူ မိချောင်းရုပ်၊ ဖားရုပ်၊ ငါးရုပ်တွေထားပြီး မန္တန်ရွတ်ကြပြီးမှ ဒီအရုပ်တွေကို ဧရာဝတီမှာ သွားပြီးရေထဲကို ချရတယ်။ လဆန်း ၈ရက်မှာ မန္တလေးတောင်ခြေက သုခမ္မာ နဲ့ ပဋ္ဌာန်းဇရပ်တွေမှာ စာပြန်ပွဲ ကျင်းပတယ်။ ဒါက မန္တလေးမြို့တော်နဲ့ ဆိုင်တဲ့ပွဲပါပဲ။ ဒါပေမဲ့ နန်းတွင်းကလည်း အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲတယ်။ လှူဖွယ်တွေကို နန်းတော်ထဲက အများဆုံး ပြင်ဆင်တယ်။ နှစ်သစ်ကန်တော့ပွဲကတော့ နန်းတွင်းအတွက် အင်မတန်ကြီးကျယ်တယ်။ နယ်ကစော်ဘွားတွေပါ လာရတယ်။ တစ်နည်းပြောရင် ဒီပွဲကို နယ်ကတက်မှ တက်တဲ့နယ်ဟာ သူပုန်မဟုတ်လို့ သေချာ သွားတယ်။ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပွဲပေါ့။ မင်္ဂလာလယ်တော်ပွဲ ဆိုတာကတော့ ရှင်ဘုရင်ကိုယ်တိုင် လယ်ဆင်းထွန်တဲ့ပွဲပါပဲ။ ရက်သတ်မှတ်တာက အခါပေး ပုဏ္ဏားတွေရဲ့ တာဝန်ဖြစ်တယ်။ ထွန်ဖို့ ရေမြေအသင့် ဖြစ်တဲ့အခါကို စောင့်ပြီး လယ်ထွန်မင်္ဂလာလုပ်တယ်ဆိုရင် ပိုမှန်မယ်။ မင်းဟာစစ်သူကြီး အဝတ်နဲ့ လယ်ထွန်ဆင်းတယ်။ မန္တလေးအရှေ့ဘက် တစ်မိုင်လောက် ကွာတဲ့နေရာ အရာတော်မြေမှာ လုပ်လေ့ရှိတယ်။ ရက်စွဲနဲ့ အတိအကျပြောနိုင်တဲ့ လယ်ထွန်မင်္ဂလာပွဲ တွေက ၁၄ ဇွန် ၁၈၆၅နဲ့ ၂၅ ဇွန် ၁၈၆၆ ဖြစ်တယ်။ ဆိုလိုတာက ဇွန်လနောက်ပိုင်း ဆက်ဝက်မှာ လယ်ထွန်ပွဲလုပ်ဖို့ ရေမြေအသင့် ဖြစ်တယ်။ ရှင်ဘုရင် လယ်ထွန်နေတုန်း ပုဏ္ဏားတွေက နတ်မင်းတစ်ဆယ့်ငါးပါးကို ပူဇော်ရတယ်၊ သုံးဆယ့်ခုနစ်မင်းနတ်တွေ ကိုလည်း ပသရတယ်။ ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံးမှာ လယ်ထွက်သီးနှံ အောင်မြင် စေဖို့ပါပဲ။

ဝါဆိုလမှာ ဝါဝင်ကန်တော့ပွဲနဲ့ ရဟန်းခံ ရှင်ပြုပွဲတွေရှိတယ်။ ပဋ္ဌင်း ရှင်ပြုပွဲကို လဆန်း ၈ ရက်မှာ လုပ်လေ့ရှိတယ်။ နယုန်စာဆိုပွဲမှာ အစွမ်းပြပြီးသူတွေကို ချီးမြှင့်တဲ့ ပွဲဆိုရင်လည်းရတယ်။

ဝါခေါင်လထဲမှာ စာရေးတန်ပွဲရှိတယ်။ လပြည့်ကျော် ၉ရက်မှာ လုပ်ပါတယ်။ ဘုရင်ဟာ သက်စေ့ အလှူပြုလေ့ရှိတယ်။ ရွှေဖျင်းညီနောင် နတ်ပွဲလဲရှိတယ်။ နတ်ညီနောင်ကို မင်းက ဝတ်လဲတော်ပေးပို့တဲ့အလေ့ ရှိပါတယ်။

တော်သလင်းလမှာ လှေတော်ပွဲ၊ ရေသဘင်ပွဲရှိတယ်။ လပြည့်ကျော် ၂ရက်က ၄ရက်အထိ ပိုက်ကျုံးတံခါးဆိပ်ကနေပြီး မင်းအမတ်စုံညီ အားပေး တဲ့ပွဲဖြစ်တယ်။ ပြိုင်ဆိုင်ကြလို့နိုင်ရင် ပုဝါ ပုဆိုးရကြတယ်။

သီတင်းကျွတ်လမီးပွဲကတော့ အင်မတန်ကို ကြီးကျယ်အောင် မန္တလေးမှာ လုပ်တယ်။ လဆန်း ၉ရက်က ၁၄ရက်ထိ၊ လပြည့်ကျော် ၁ရက်က ၆ရက်ထိ ကျင်းပတဲ့ ပွဲဖြစ်တယ်။ စံပြအဖြစ် ၁၈၈၂ ခုနှစ် မီးပွဲကို ကောက်နုတ်ဖော်ပြချင်ပါတယ်။

> ဆီမီးမြင့်မိုရ် ထွန်းညှိပူဇော်တော်မူရန်၊ နန်းမြို့တော်အတွင်း၊ လွှတ်တော် မြောက်တွင်၊ အရှေ့မြင့်မိုရ်နှင့် ရုပ်စုံစင်။ အနောက်စမုတ်ဆောင်တော် ရှေ့ယာဘက်တွင် အနောက်မြင့်မိုရ်နှင့် ရုပ်စုံစင်။ ဝင်းတော် လေးမျက်နှာတွင် ရွှေဆင်တော်ထားရန် တန်ဆောင်းလေးရက်နှင့် ရုပ်စုံစင်။ အထူးပူဇော်တော်မူရန် မြေနန်းတောင်ယာဘက်တွင် ယာယီနန်းတော်နှင့်တကွ အရှေ့ဝက်ပါတော်။ အနောက်စမုတ်တော် ဝဲယာတွင် လေးကျွန်းမြင့်မိုရ် ဝက်ပါတော်။ ပွဲသဘင်ခင်းကျင်းရန်၊ တောင်နန်းတော်ဦး ပွဲကြည့်ဆောင်တော်ရှေ့တွင် စက်ယန္တရားများဖြင့် လုပ်ဆောင်ရသော ပါရသီဇာတ်ရုံတော်ကြီးနှင့် ဇာတ်ရုံတော်ရှေ့တွင် ဝဲယာ ခွဲဝေဖွင့်လှစ်ထားနိုင်သော အမြောက်ဘီးတပ် လက်ရုက် ရုပ်တော်စင်တော်၊ .....မီးပဒေသာ၊ မီးဥပါစသော မီးမျိုးစုံများမှာ တရုပ်၊ ကုလား၊ ယိုးဒယား၊ လင်းဇင်း၊ မီးပန်းအရာရှိတို့က တစ်ဆယ့်ခြောက်ဌာန ဘုရားရှင် များသို့ မီးစောင်းတန်း သွယ်တန်း၍ အထူးပူဇော်ရန် မှန်မီးပေါင်း ကျောက်ဖယောင်းတိုင် .....ရွှေတိုက်အရာရှိတို့က အသီးအသီး ဆိုင်သင့်ရာရာ ပွဲတော်အခါမတိုင်မီ ပြီးစေအောင် စရိတ်ငွေတော်နှင့် လုပ်ဆောင်အသင့် ရှိစေပြီးလျှင် သတင်းကျွတ်လဆန်းကိုးရက်နေ့က ယင်းသည့် လဆန်းတဆဲ့လေးရက်နေ့ထိမှာ ညစဉ်တပြိုင်တည်း ရုပ်စုံပွဲသဘင် ခင်းကျင်းပြသရသည်။ .....တဆဲ့ခြောက်ဌာန ဘုရားရှင်တို့အား မီးစောင်တန်း သွယ်တန်း ပူဇော်တော်မူရန် အရုပ်ရုပ်မီးစောင်းတန်း လမ်းအရှည်တာ တစ်သောင်းခြောက်ထောင် တစ်တာလျှင် သုံးလုံးကျ၊ မှန်အိမ်လုံး ရေလေးသောင်းရှစ်ထောင်။ တစ်ညလျှင် လေးလဲကျ၊ ခြောက်ည သင့်ကျောက် ဖယောင်းတိုင်ပေါင်း တစ်သန်း တစ်သိန်းငါးသောင်း နှစ်ထောင်။

အရှေ့မြင့်မိုရ်၊ အနောက်မြင့်မိုရ်၊ အရှေ့ဝက်ပါ၊ အနောက်ဝက်ပါတော်များ မှာ ယင်းသည့် လပြည့်ကျော် တရက်နေ့ညက သုံးရက်နေ့ညထိ တစ်ပြိုင်တည်း ဆီမီးထွန်းညှိ ပူဇော်တော်မူသည်။ မြင့်မိုရ်နှစ်ရပ်တွင်လည်း ညနေသုံးချက်တီးခန့်အချိန်က လေးချက်တီး ကျော်အချိန်ထိမှာ ယိုးဒယားဇာတ်ကြီး အတီး အက၊ မြန်မာဇာတ်ကြီး အတီးအက၊ ကျွမ်းထိုး၊ တိုင်တက်၊ ကြိုးတန်းလျှောက်၊ တရုပ်နဂါးအတီး၊ အကစုံများကို ခင်းကျင်း ပြသရသည်။ ညလေးချက်တီးကျော် အချိန်က ညနှစ်ချက်တီးအချိန်ထိမှာ ရုပ်စုံပွဲသဘင် ခင်းကျင်းပြသရသည်။ ရွှေနန်းတော်က တစ်ဆယ့်ခြောက်ဌာန၊ မီးစောင်းတန်း လမ်း တစ်လျှောက်များသို့လည်း တစ်ညဥ့်လုံး အစဉ်မပြတ် တူရိယာသံတို့ဖြင့် မဆိတ်စေရ လမ်းလျှောက် တီးမှုတ်ကခုန်စေရန် အသင့်ရန်ထားရှိသည့် ပုံရှည်၊ ဒိုးပတ်၊ အိုးစည်စသော

တီးမှုတ်မျိုးစုံရေ ငါးဆယ်ကျော်၊ အတီးအက လူငါးရာကျော်၊ အနောက်ဝင်္ကပါတော်နှစ်ရပ်တွင် အရှင်နှစ်ပါး အထူးစီမံ ခင်းကျင်းတော်မူ သည်မှာ ယာဘက်ရှိ လေးကျွန်းမြင့်မိုရ် ဝင်္ကပါတော်အတွင်း ရှေးဦးတွေ့ရာ ပထမကျွန်းဌာနတွင် သစ်သီးနှင့်စပ်သော အဖွယ်အရာ အမျိုးမျိုး၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ကျွန်းဌာနများတွင်လည်း မုံ့၊ ယို၊ အချိုအဆိမ့် စားဘွယ် အမျိုးမျိုး၊ ပဥ္စမမြင့်မိုရ်ဌာနတွင် ပကတိသော ဆေးလိပ်သောက်ရှုသောအခါ ဗျောက်ကွဲပေါက်စေတတ်သော ဆေးလိပ်များနှင့် ဆေးကွမ်းလက်ဖက်ပွဲ အမျိုးမျိုးများကို ခင်းကျင်းထားရသည်။ ဝဲဘက်လေးကျွန်းမြင့်မိုရ် ဝင်္ကပါတော် အတွင်းမှာမူကား ပထမကျွန်းဌာနတွင် မုန့်သေတ္တာ ရေမွှေးဘူးများကို ထင်ရှားစွာ စုပုံလျက်၊ ဒုတိယကျွန်းဌာနတွင် ပိတ်အုပ် အမျိုးမျိုးများ၊ သက္ကလတ်ရောင်စုံ ခြုံထည်အမျိုးများကို ထင်ရှားစွာ စုပုံလျက်၊ တတိယကျွန်းဌာန တွင် အသွင်သဏ္ဌာန်တူ၊ စက္ကူသေတ္တာအတွင်း တချို့သေတ္တာမှာ ချည်ပုဝါအုပ်၊ တချို့ သေတ္တာမှာ ပိုးပုဝါအုပ်၊ ဖဲပုဝါအုပ်များကို ထည့်သွင်း၍ သေတ္တာချင်း ရောနှောစုပုံလျက်။ စတုတ္ထကျွန်းဌာနတွင် တချို့သေတ္တာမှာ ပိုးပုဆိုး၊ ဖဲပုဆိုး၊ တချို့သေတ္တာမှာ ချည်ကြမ်းပုဆိုး၊ စက်ပုဆိုး၊ တချို့သေတ္တာမှာ လွန်းများထဘီ၊ ဗလာထဘီ၊ တချို့သေတ္တာမှာ ချည်ကြမ်းထဘီ၊ သင်ဘောချည်ထဘီ ထည့်သွင်း ရောနှောစုပုံလျက်၊ ပဥ္စမမြင့်မိုရ်ဌာနတွင် ငွေဒင်္ဂါးတစ်ထောင်အိတ်၊ ကြေး ပိုက်ဆံတစ်ထောင်အိတ်၊ ဒင်္ဂါးပိုက်ဆံရောရာ တစ်ထောင်အိတ်များကို ကျောက်ဖယောင်းတိုင် သေတ္တာအတွင်း ထည့်သွင်းရောနှော စုပုံလျက် အသီးသီး အမှတ်မဲ့ထားစေပြီးမှ စားဖွယ်သောက်ဖွယ် ခင်းကျင်းထားသည့် ယာဘက်ဝင်္ကပါတော်သို့ ရှေးဦးစွာ အရှင်နှစ်ပါး ထွက်တော်မူ၍ ဌာနကုန် လှည့်လည်ကြည့်ရှုတော်မူသည်။ ထိုအခါ နောက်တော်ပါ မင်းသမီး၊ အပျိုတော်ကြီး၊ အတွင်းဝန်၊ သံတော်ဆင့်၊ လက်သုံးတော်ကြီး၊ ဝန်စုဗိုလ်စုတို့ကိုလည်း ရောက်ရာဌာနတိုင်း၊ အတန်ငယ် ရပ်တန့်တော်မူ၍ စားဖွယ်သောက်ဖွယ်များကို အလိုရှိသမျှ စားသောက်ယူငင် ကြစေပြီးလျှင် ဝဲဘက်ဝင်္ကပါတော်သို့ ကူးပြောင်းထွက်တော်မူ၍ မုန့်သေတ္တာ၊ ရေမွှေးဗူး စုပုံထားရာပထမဌာနသို့ ရောက်သည့်ကာလ အလိုရှိရာယူငင်ရန် အခွင့်ပေးတော်မူသည်နှင့် အလိုရှိရာ အသီးသီး ကိုင်ငင်ပိုက် ပွေ့ယူဆောင်ခဲ့ကြ သည်။ ယင်းကဲ့သို့ ဌာနရောက်တိုင်း အခွင့်ပေးတော်မူသော်လည်း အချို့မှာ ပထမ၊ ဒုတိယဌာနများကပင် အများယူဆောင်ခဲ့သည်နှင့် ယူခဲ့ရင်း အသုံးအဆောင် များကိုလည်း မစွန့်မပစ်မချ မထားရဖြစ်သောကြောင့် နောက် ဌာနများသို့ ရောက်သည့်ကာလ အိမ်မယူနိုင် ရှိသည့်အရာ၊ တချို့မှာလည်း လောကအလျောက် တွေ့တိုင်းယူငင် သိမ်းဆောင်သည်နှင့် မနိုင်မနင်း လဲပြိုအံ့သို့ ရှိသည့်အရာ၊ အလုံးစုံဌာနကုန်၍ ရပြီးယူပြီး သေတ္တာများကို အရှင်နှစ်ပါး ရှေ့တော်တွင် ထုတ်ဖွင့်ပြသစေရာ၊ အချို့မှူးတော်မတ်တော် များမှာ မိန်းမဝတ်ထဘီပုဝါကိုရလျက် ရှိသည့်အရာ၊ အချို့မင်းသမီး၊ အပျိုတော် များမှာလည်း ယောကျ်ားဝတ်ပုဆိုးများကိုရလျက် ရှိသည့်အရာ..... အရှင်နှစ်ပါး ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ရှိသောဟူ၏။ (ကုန်း၊ တ၊ ၅၇၄-၈၀)

အဲဒီလို ကြီးကျယ်တဲ့ပွဲကို ရွှေတိုက်က အကုန်အကျ စရိတ်ခံပြီး နန်းတော်မှာရော မြေပေါ်မှာပါ အားရပါးရ လုပ်ပေးတယ်။

တန်ဆောင်မုန်းလ ရောက်ပြန်တော့ တန်ဆောင်တိုင်ပွဲနဲ့ ကထိန်ပွဲတွေ ရှိပြန်ရော။ ၁၈၈၃ ခုနှစ်ကပွဲကို စံပြထားပြီး မှတ်တမ်းကောက်နုတ်ချက် ပေးချင်ပါတယ်။

စုစုပေါင်း ဘုရားဆူ သုံးဆယ့်ကိုးဆူ၊ ရွှေဂူစေတီတော်မြတ်တို့အား နှစ်စဉ် လှူဒါန်းမြဲ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းတော် မူရန်ရှိသည်ကို အနောက်စမုတ် ဆောင်တော်ရှေ့ ဝဲယာတစ်လျောက် ဆောက်လုပ်စေသည့် ရက်ကန်းတဲများတွင် ပွဲတက်နေရာတော်နေ ကတော်မယားတို့ကို သင်္ကန်းရက်လုပ်ရန်၊ ဝါကြိတ်ရစ်မှ စ၍ ရက်ကန်းဝင် ကိရိယာစုံ၊ ရက်လုပ်မည့်သူ မိန်းမလက်ကောင်း လက်တတ်တို့နှင့် တကွ အရှင်နန်းမတော်ဘုရား ဝန်စာရေးကြီးတို့နှင့် အနောက်ဝန်၊ အနောက်ဝန် စာရေး၊ ကတော်စာရေးတို့က အသီးအသီး နေရာချထားအသင့် ရှိစေပြီးလျှင် အနောက်စမုတ်တော်ဦး ပွဲကြည့်စံနန်းတော်သို့ အရှင်နှစ်ပါး ထွက်စံတော်မူ၍ ဝါကောက်ရန် ညဥ့်နှစ်ချက်တီးအချိန် မတိုင်မီအတွင်း ပွဲသဘင်စုံများကို ကျင်းပ စေပြီးလျှင် ညဥ့်နှစ်ချက်တီး ဗဟိုရ်တော်သံကြားသည်နှင့် တစ်ပြိုင်နက် မျိုး... ကြိမြောက်၊ ပင်ရောက် ပွင့်သီး၊ လုံးကြီးဝါပေါက်၊ ကောက်ယူမဆိတ်၊ အကြိတ် အဘန်၊ ပြန်လှန်တုံ့ပယ်၊ ရှယ်ခြင်း ရက်ခြင်း၊ ဆိုးခြင်းစုံလင်၊ အစီရင်တို့... ဟသ်ာကူးပြောင်း ဟောင်းခြင်းဆိုးခြင်း မရှိစေရ။ ကတော်မယားတို့ တစ်ဦး... တစ်ဦး သာအောင် ကြိုးပမ်းအားထုတ် ပြိုင်ဆိုင် ရက်လုပ်ကြသည်။ မသိုးသင်္ကန်း... ကြီးကြပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိတ်အုပ်၊ သက္က... ခြုံထည်များ သနားတော်မူ၍ ဦးစွာပြီးသူကို ရွှေဖလား သနားတော်မူသည်... မြင်းစုကြီး ဝန်မယားမှာ ချည်ခင်ကို နေအိမ်ကဆောင်ယူလာ၍ ထည့်သွ... ရက်လုပ်ရန် မှတ်ထားသည်ကို တွေ့မိသောကြောင့် ရွှေနန်းတော်ကိုလှည့်၍ ဒိုးပတ်နှင်း ကရသည်။ (ကုန်း၊ တ၊ ၆၁၀-၁၂)

ဒိုးပတ်နဲ့ကရရှာတဲ့ မြင်းစုကြီးဝန်မယားကို လှောင်ရင်း၊ ပြောင်ရင်း အင်မတန်ပျော်... ပွဲဖြစ်ပါတယ်။ အဲဒီပွဲနဲ့တစ်ဆက်ထဲ တဆောင်တိုင်မီးပွဲဟာလည်း ပျော်စရာပါပဲ။ မီးပြ... တွေ ထွန်းညှိပူဇော်ကြရတယ်။

နတ်တော်လရောက်တော့ မဟာပိန္နဲပွဲတော် ရှိပါတယ်။ လမိုင်းလယ်တော်... ဦးဦးဖျားဖျားရတဲ့စပါးကို ကဟာမုနိကိုကပ်တယ်။ မဟာပိန္နဲနတ်မင်းကိုလည်း ပူဇော်... လုပ်တယ်။

ပြာသိုဆိုတာကတော့ အများသိတဲ့အတိုင်း မြင်းခင်းပွဲအခါပါပဲ။ စံပြ တစ်ခု... ၁၅ ဇန်နဝါရီ ၁၈၈၄ နေ့ကစပြီး ၃ ရက်ဆက်ပြီး ကျင်းပတဲ့ မြင်းခင်းမှတ်တမ်း ကောက်နုတ်ချက်ကို ကြည့်ရရင် မြင်းခင်းသဘင်ရဲ့သဘောကို သိရပါလိမ့်မယ်။

ထိုနှစ်(၁၂၄၅ ခု)ပြာသိုလ ရွှေနန်းတော်အတွင်း မြင်းခင်းသဘင် ကျင်းပ... မင်းညီမင်းသား၊ မှူးတော်၊ မတ်တော် အရာရှိတို့ကိုလည်း ပယ်ဝန်း၊ ပယ်... ပယ်ခွဲ၊ စန္ဒရရုက်၊ လေးကျွန်းမှန်ကူ၊ ဘုံနန်း တန်ဆောင်၊ စွန်ဝဲ၊ ဆင့်ထုး... မြင်းစီးနည်း၊ မြင်းရေးသုံးဆယ့်ခုနစ်။ သက်တင်ရောင်၊ ခြသေ့ တန်းဆွဲ၊ ရွှေစလွယ်...

တန်ဆောင်ကိုင်ဟန်၊ ဗြဟ္မာလက်လှမ်း၊ လက်ယာကဦး၊ ဟသ်ာတောင်ယှက်စသော မြင်းပေါ်၌ ကိုင်ဆောင်သော အဲမောင်းလုံရေး သုံးဆယ့်ခုနစ်။ မြေမှအမြင့် သံတော်ခြောက်ဆယ်ရှိသော စက်တိုင်၌ အချင်းတစ်မိုက်လေးသစ် ရှိသော စက်ယင်က အောက်ကိုင်ါးတောင်စီ ခွာ၍ တစ်ဆယ့်ငါးတောင်အထိ။ စက်အမျိုးမျိုးများမှာ မြင်းကိုစိုင်းနှင်စီးနင်းလျက် လုံလျင်ဖြင့် စက်ကို စွဲအောင် သွင်းလွှတ်ခြင်းစသည်တို့ကို ကောင်းမွန်စွာ တတ် မြောက်အောင် လေ့လာသင်ကြားစေခြင်း၊ မြေနန်းတော်ရှေ့တွင် မြင်းခင်းသဘင် စံနန်းတော်ဆောက်လုပ်စေခြင်း စသော ပုဗ္ဗကိစ္စတို့ကို ပြည့်စုံစေပြီးမှ ယင်းသည့်ပြာသိုလပြည့်ကျော် သုံးရက်နေ့ နေ့တစ်ချက်တီးကျော် ခြောက်မောင်းအချိန် မြင်းခင်းစက်သွင်းသဘင် ရင်တော်မူမည်ဖြစ်၍ ထွက်တော်မမူမီ မင်းညီ၊ မင်းသား၊မှူးတော်၊ မတ်တော်၊ စုရေးစုကိုင်အရာရှိ တို့မှာ အသနားတော် မြတ်ခံရသည့် မျဉ်းမောက်တို ဆင်ယင်လျက်၊ စီးနင်းရန် လုံလျင်များနှင့် စက်သွင်း ပြီးသည်တိုင် မြင်းရေးတီးချက်များကို သာယာစွာ တီးမှုတ်စေရန် အတွင်းဆိုင်း ဝဲယာအမှုထမ်းလူတို့မှာ ဝတ်သန့်ဝတ်ကောင်းနှင့်။ စက်သွင်းပြီး လုံလျင်များကို သိမ်းယူစေရန် လက်နက်တိုက်အရာရှိ အမှုထမ်းလူတို့မှာ ဝတ်သန့်ဝတ်ကောင်းနှင့်။ စက်သွင်းသည့်အခါတွင် စက်သွင်းအရာရှိ၏ အစီးအနင်း အဝတ်အဆင် ကိရိယာ၊ မြင်းကြိုးက အဆင်တန်ဆာကိရိယာ တစ်စုံတစ်ခု ပျက်ယွင်းသည်ဖြစ်စေ၊ မြင်းနှင့်လူ လွတ်ကွာသည်ဖြစ်စေ၊ စက်တိုင်သို့ ရောက် အောင် လုံလျင်ကို မလွှတ်နိုင်သည်ဖြစ်စေ၊ စက်တိုင်အနီးရောက်မှ လုံကို မလွှတ်ခဲ့ဘဲ ဆောင်ယူပြန်သွားသည်ဖြစ်စေ တစ်စုံတစ်ရာ ချွတ်ယွင်းသူ အရာရှိမှာ ရှေ့တော်တွင် တုပ်ပျပ်ခစား နေလှန်းရာဇဝတ်ပေးစေရန် နေရာချ သွေးသောက်ကြီးမှာ ပုဆိုးအောက်ပိုးကျိုက်ကာ အင်္ကျီနီ၊ ပေါင်းထုပ်နီ ဆင်ယင်လျက်၊ မြင်းပေါ်မှ ဆွဲငင်ချရန် လက်ကိုင်ကောက်နှင့်။ စီးမြင်းလက်လွှတ် ထွက်သွားရှိလျှင် ဖမ်းဆီး သိမ်းထားစေရန် စီးတော်မြင်းဝန် မြင်းစာရေး၊ မြင်းတော်မှူး၊ မြင်းတော်ခံတို့မှာ ဝတ်သန့်ဝတ်ကောင်းနှင့် အသီးသီးဆင့်ဆို ဝင်ရောက် အသင့် ရှိစေ၍ အခါတော်နီးလျှင် မြင်းခင်းစံနန်းတော်သို့ အရှင် ဘဝရှင် မင်းတရားကြီး ဘုရားမှာ ရတနာအတိပြီးသော မျဉ်းမောက်တို ဆင်တော်မူ၍ အရှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ ထွက်စံတော်မူသည်။ (ကုန်း၊ တ၊ ၆၂၁၊ ၁)

ဒီပွဲကို သုံးရက်ဆက်ပြီး မင်းမိဖုရားထွက်ကြည့်ပြီး စက်စွဲသူတွေကို သဇင်ပန်းခိုင်နဲ့ ငွေပွင့်ထိုးပုဝါတွေ ဆုအဖြစ် ချီးမြှင့်တယ်။ ပြီးတော့ သေနတ်စွဲလူ ၅၀၀၀ ကျော် သေနတ်ရေးပြကြရတယ်လို့လည်း အဆိုရှိတယ်။

တပို့တွဲလရောက်တော့ မီးပန်းရာဂုတော်ပွဲ ဆင်ယင်ကျင်းပပြန်တယ်။

တပေါင်းလကတော့ သဲပုံစေတီပွဲတွေ ကျင်းပတဲ့လပါပဲ။ မဟာဂီရိ အောင်စွာ၊ ဒါဝေီးရှင်တို့ ပွဲရတဲ့လလည်းဖြစ်တယ်။

**မန္တလေးမြို့တည်ဆောက်ပုံ**

နန်းတော်တည်ဆောက်ပုံကို ပြောခဲ့ပြီးတဲ့နောက် နန်းတော်အပြင်က လူနေ အိမ်ခြေ ရပ်ကွက်တွေ၊ ဈေးတွေ၊ ကျောင်းတွေ၊ သင်းချိုင်းတွေအကြောင်း ပြောဖို့လိုပါတယ်။ လူသားစစ်စစ်နဲ့ ပိုနီးစပ်တဲ့အပိုင်းလို့ပဲ ဆိုကြပါစို့။ ဘာပြုလို့လည်းဆိုတော့ နန်းတော်ဟာ နတ်ဘုံနတ်နန်းလေများလားလို့ ထင်ရလောက်အောင် ကြိုးစားပြီး တည်ထောင်ဖန်ဆင်း တယ်လို့ ပြောလေ့ရှိလို့ နန်းတွင်းကလူတွေဟာ နတ်ကိုတုနေသူတွေ ဖြစ်တယ်။ အခု လူ အစစ်တွေ အကြောင်းပြောဘို့ပဲ ကျန်တော့တယ်။

မြို့တည်ဆောက်ချိန်မှာ အလုပ်သမားနဲ့ စားသောက်စရိတ်ကစပြီး ပြောချင်ပါ တယ်။ အင်္ဂလိပ်တွေ အထက်မြန်မာနိုင်ငံသိမ်းပြီးစက မင်းတုန်းမင်းလက်ထက်က လုပ်ခနဲ့ ပစ္စည်းတန်ဖိုးကို အကြမ်းစာရင်းယူထားတာ ရှိပါတယ်။ ဟိုတုန်းက ငွေကို မူးပဲနဲ့ ရေတွက် ပါတယ်။ အခု လူတွေ လွယ်လွယ်သိရအောင် ပြားနဲ့ပြင်ပြီး တွက်ပြလိုက်ပါတယ်။

| | တစ်နေ့လုပ်ခ | |
|---|---|---|
| | ကျပ် | ပြား |
| အလုပ်ကြမ်းသမား (လုပ်ငန်းကျွမ်းကျင်မှုမရှိ) | | ၂၅ |
| လက်သမား | | ၅၀ |
| ပန်းဘဲ | | ၅၀ |
| ပန်းတင်း | | ၅၀ |
| ပန်းထိမ် | ၁ | ၀၀ |
| ပိုးရက်ကန်းသည် | | ၂၅ |
| အပ်ချုပ် | | ၅၀ |
| ပန်းရံ(လက်အောက်) | | ၂၅ |
| နွားတရှဉ်းငှားခ | ၁ | ၀၀ |
| လှည်းငှားခ | | ၂၅ |
| မြင်းငှားခ | | ၇၅ |
| လှေငှားခ(လှော်လူတစ်ယောက် ၂၅ပြားနှုန်းနဲ့တွက်ပေး) | | |
| လယ်ကူလီ(တစ်နေ့ထမင်းသုံးကြိမ်ကျွေးရတယ်) | | ၂၅ |

| | တစ်လလုပ်ခ | |
|---|---|---|
| | ကျပ် | ပြား |
| အိမ်စေ | ၃ | ၀၀ |
| ကုန်တိုက်စာရေး | ၅ | ၀၀ |
| မြင်းထိန်း | ၇ | ၅၀ |

တစ်ဖက်က ဒီလုပ်သားပြည်သူတွေ ဝယ်စားရမည့်စားစရာနဲ့ ဝယ်သုံးရမည့် ပစ္စည်းကိရိယာတန်ဖိုးစာရင်း (အညာနဲ့သျှမ်းဂေဇက်၊ ပ၊ ၂၊ ၁၆၆-၇) ကတော့-

| | ကျပ် | ပြား |
|---|---|---|
| ဆန်တစ်တင်း | ၃ | ၂၅ |
| နံစားပြောင်းတစ်တင်း | ၂၂ | ၅၀ |
| နှမ်းတစ်တင်း | ၃ | ၇၅ |
| ဂျုံတစ်တင်း | ၄ | ၅၀ |
| ပဲကြားတစ်တင်း | | ၉၀ |
| ပဲကြီးတစ်တင်း | ၂ | ၅၀ |
| ဝါတစ်ပိဿာ | ၁၈ | ၀၀ |
| ဆေးတစ်ပိဿာ | ၂၅ | ၀၀ |
| လက်ဖက်ခြောက်တစ်ပိဿာ | ၅၀ | |
| ထွန်နွားတစ်ကောင် | ၄၅ | ၀၀ |
| ကျွဲတစ်ကောင် | ၃၅ | ၀၀ |
| မြင်းတစ်ကောင် | ၂၅ | ၀၀ |
| ငါးတစ်ပိဿာ | | ၉၀ |
| ဝါးတစ်ရာ | ၁ | ၈၀ |
| ကျွန်းသစ်တစ်တန် | ၃၀ | ၀၀ |
| (အုတ်တစ်ဖို) | ၆၀ | ၀၀ |

ဒီစာရင်းဟာ မင်းတုန်းမင်းခေတ်ကလို့ အင်္ဂလိပ်မှတ်တမ်းကပြောတယ်။ နှိုင်းယှဉ်ချက်လုပ်ကြည့်ရင် ၁၉၀၀ ပြည့်နှစ်လောက်မှာ အလုပ်ကြမ်းသမား တစ်နေ့လုပ်ခ ပြား ၄၀၊ အိမ်စေတစ်လ ၆ ကျပ်၊ စာရေးတစ်လ ၁၅ ကျပ်၊ ဆန်တစ်တင်း ၃ ကျပ်၊ နွားတစ်ကောင် ၁၅ ကျပ်၊ ကျွဲတစ်ကောင် ၈၅ ကျပ်၊ ဝါးတစ်ရာ ၂ ကျပ်ခွဲ၊သစ်တစ်တန် ၅၅ ကျပ် ဖြစ်လာပါတယ်။ သာမန်လူများစုအဖို့ ဘယ်တော့မဆို ဆန်ရယ်၊ ပဲရယ်၊ ဝါးရယ်၊ ပေါဖို့လိုမယ်။ အလုပ်ကြမ်းသမားတစ်ယောက် တစ်နေ့ဝင်ငွေ တစ်မတ်ဆိုတာမှာ ဒီတစ်မတ်နဲ့ သူရော သားမယား ပါ 'မသေထမင်း' စားရမယ်လို့ ဆိုလိုတယ်။ ငွေရဲ့ 'ဝယ်နိုင်တဲ့စွမ်းအား' အများကြီး မြင့်သေးတဲ့အခါဖြစ်လို့ တော်ပါသေးရဲ့လို့ ဆိုရမယ်။

ဒီလူတွေရဲ့ လုပ်အားနဲ့ စပြီးမြို့ကို တည်ဆောက်တဲ့နေ့ကပြောပြီးတဲ့ အတိုင်း ၂၃ ... ၁၈၅၉ ဖြစ်ပါတယ်။ အစကနဦး တာဝန်ကတော့ ကျုံးတူး ကြရပါမယ်။ နန်းမြို့ရိုးကို ... ပြင်က ကျုံးရံတယ်၊ နံရံနဲ့ ကျုံးကမ်းနဖူးဟာ ပေ ၆၀ လောက် ကွာတယ်။ ကျုံးဟာ ... ၂၅ ပေ ကျယ်တယ်။ အနက် ၁၁ ပေရှိတယ်။ ကျုံးဟာ မြို့ရိုးပတ်လည် ရှိပါတယ်။

ကျုံးရေက အောင်ပင်လယ်ထဲက သွင်းလာတဲ့ရေဖြစ်တယ်။ (နောက်အောင်ပင်လယ်ကို အင်္ဂလိပ်ခေတ်မှ ရေထုတ်ပြီး လယ်စိုက်တော့ ကျုံးကို မန္တလေးမြောင်းဆိုတာက ရေသွင်းပေးရပါတယ်။ ကြာနီတွေပွင့်ရင် အင်မတန်လှပါတယ်။ အင်္ဂလိပ်ခေတ်မှာ ကျန်းမာရေးအတွက် ကြာတွေရှင်းပစ်လိုက်ပါတယ်။ ကျုံးကိုကူးဖို့ တံတားငါးစင်းရှိတယ်။ 'ဓာတ်တံခါး'ခေါ်တဲ့ အလယ်တံခါးကြီးဘေးမှာ တံတားလေး။ 'မိတ်တံခါး' ခေါ်တဲ့ ကြေးမုံ (အဋ္ဌဝီ) မှာ တံတားတစ်၊ ပေါင်းငါးခု ဖြစ်သွားတယ်။ မူလက ကျုံးအလယ်မှာ လိုအပ်ရင် တံတားကို ခါးချိုးထားဖို့ နင်းကြမ်းအရှင် လုပ်ပါတယ်။

မြို့လေးပြင် လေးရပ်မှာ ရပ်ကွက် ငါးဆယ့်လေးကွက် သတ်မှတ်လိုက်တယ်။

| | |
|---|---|
| အရှေ့ပြင် | ၇ |
| တောင်ပြင် | ၁၃ |
| အနောက်ပြင် | ၂၉ |
| မြောက်ပြင် | ၅ |
| ပေါင်း | ၅၄ |

ဒီစာရင်းနဲ့ပဲ လူနေခွဲဝေပုံ အနည်းအများ ပေါ်နေပါတယ်။ အနောက်ပြင်နဲ့ တောင်ပြင်ကို လူနေများများ ချထားတယ်။ အနောက်ဘက် ဧရာဝတီမြစ်ကမ်းအထိ အခွင့်သာရင် သာသလို တိုးချဲ့မယ်ဆိုတဲ့ သဘောပါတယ်။ ၁၈၇၃ ခုကျတော့ အနောက်ကို ထပ်ချဲ့တာ တကယ်ပဲ တွေ့ပါတယ်။ ရပ်ကွက်တွေကို ခွဲဝေပေးပြီး အမည်ကောင်းကောင်း မှဲ့ပေးတဲ့နေ့က ၇ မတ် ၁၈၆၃ အရှေ့၊ တောင်၊ အနောက်၊ မြောက်ခွဲပြီးဖြစ်တယ်။ ရပ်ကွက်အားလုံး ငါးဆယ့်လေး ရှိတယ်။

၁။ ကဥ္စနမဟီ (တောင်)
၂။ ကျွန်းလုံးကြေညာ (နောက်)
၃။ ကျွန်းလုံးမော် (ရှေ့)
၄။ ကျွန်းလုံးဉသျှောင် (နောက်)
၅။ ချမ်းမြသာစည် (တောင်)
၆။ ချမ်းအေးသာစံ (နောက်)
၇။ စိတ္တရမဟီ (တောင်)
၈။ စိန်ပန်း (နောက်)
၉။ ဇေယမင်္ဂလာ (ရှေ့)
၁၀။ ဇမ္ဗူ့ကြဝှာန်း (နောက်)
၁၁။ ဇမ္ဗူ့မျက်ရှင် (တောင်)
၁၂။ ညောင်ကွဲ (နောက်)
၁၃။ တုလွတ်ရန်အောင် (နောက်)
၁၄။ တမွဝတီ (နောက်)

၁၅။ ဒေဝန်း (နောက်)
၁၆။ ပုလဲငွေရောင် (နောက်)
၁၇။ ပတ်ကုံးပျော်ဘွယ် (တောင်)
၁၈။ ပတ်ကုံးဝန်းကျင် (တောင်)
၁၉။ ပြည်ကြီးကြက်သရေ (နောက်)
၂၀။ ပြည်ကြီးပျော်ဘွယ် (နောက်)
၂၁။ ပြည်ကြီးမျက်မှန် (ရှေ့)
၂၂။ ပြည်ကြီးမျက်ရှင် (ရှေ့)
၂၃။ ပြည်ကြီးရန်လုံ (နောက်)
၂၄။ ပြည်ကြီးချမ်းသာ (နောက်)
၂၅။ ဘူမိဇေယျာ (ရှေ့)
၂၆။ ဘေးမဲ့လွတ်ရှောင် (နောက်)
၂၇။ ဘုန်းတော်ရောင် (နောက်)
၂၈။ မဟာဇေယျဘုံ (ရှေ့)
၂၉။ မဟာနွယ်စဉ် (တောင်)
၃၀။ မဟာအောင်မြေ (နောက်)
၃၁။ မေဃဂီရိ (နောက်)
၃၂။ မောရဂီဝါ (တောင်)
၃၃။ မင်းတဲအီကင်း (နောက်)
၃၄။ မြကျွန်းတန်ဆောင် (မြောက်)
၃၅။ မြကျွန်းမြေငူ (မြောက်)
၃၆။ မြနန်းစံရာ (မြောက်)
၃၇။ မြနန်းဘုံရာ (မြောက်)
၃၈။ မြနန်းအောင်မြေ (မြောက်)
၃၉။ ရတနာဘူမိ (နောက်)
၄၀။ ရန်မျိုးလုံ (တောင်)
၄၁။ ရွှေဘုန်းရှိန် (နောက်)
၄၂။ သကျနွယ်စင် (တောင်)
၄၃။ သီရိမာလာ (နောက်)
၄၄။ သီရိဟေမာ (နောက်)
၄၅။ သန်လျက်မော် (နောက်)
၄၆။ ဝိဇယမဟီ (ရှေ့)
၄၇။ ဟေမာဇလ (တောင်)

၄၈။ ဟေမမာလာ (တောင်)
၄၉။ အမရစံခေါင် (နောက်)
၅၀။ အမရဌာနီ (နောက်)
၅၁။ အောင်ချမ်းသာ (တောင်)
၅၂။ အောင်နန်းရိပ်သာ (နောက်)
၅၃။ အောင်မြေသာစံ (နောက်)
၅၄။ အောင်မြေရန်လုံ (နောက်)

နာမည်တွေဟာ ယဉ်တယ်။ ကဗျာဆန်တယ်။ ဒါပေမဲ့ နေ့စဉ်မြင်တွေ့နေရတဲ့ အဓိကရ ဝတ္ထုပစ္စည်း တစ်ခုခုကိုစွဲပြီး အများကခေါ်လို့ တွင်လာတဲ့နာမည်မျိုးကို ဘယ်တော့မှ မမီဘူးလို့ထင်တယ်။ ဥပမာ ကျောက်မြောင်း၊ စမ်းချောင်း၊ ဆင်နင်းကွက်သစ်၊ ဖို့မြေ၊ ရေကျော် ဆိုတာမျိုးတွေက လူတွေရဲ့ နေ့စဉ်ဘဝနဲ့ နီးစပ်လို့ မှတ်မိလွယ်တယ်။ ဇာစ်မြစ်ကိုလည်း သိရလို့သဘာဝကျတယ်။ ဒါကြောင့် မန္တလေးရပ်ကွက်နာမည်တွေဟာ ယဉ်တယ်။ ကောင်းတယ်ဆိုပေမယ့် မတွင်ဘူး။ စိန်ပန်း၊ ညောင်ကွဲ၊ ဒေးဝန်း၊ မင်းတဲဆိုတဲ့ နာမည်တွေလို မှတ်မကောင်းဘူး။ ပုဏ္ဏကုန်း၊ ဗောဓိကုန်း၊ လက်ဆယ်ကန်၊ အိုးဖိုဆိုတဲ့ နာမည်တွေလို မလွယ်ဘူး။ သဘာဝမကျဘူး။ လက်တွေ့မှာလည်း ရပ်ကွက်ထဲမှာနေတဲ့လူတိုင်း ကိုယ့်ရပ်ကွက်ရဲ့ လှပတဲ့နာမည်ကို မှတ်မထားပါဘူး။

အရှေ့ပြင်၊ အနောက်ပြင် စတဲ့ ခွဲဝေပုံက မညီမျှဘူး။ အနောက်ပြင်က အကြီးဆုံး၊ တောင်ပြင်က ဒုတိယ၊ အရှေ့ပြင်က တတိယ၊ မြောက်ပြင်က အငယ်ဆုံးဖြစ်ပါတယ်။ အားလုံး အကွက်ချပြီး စည်းကမ်းတကျ လုပ်ခဲ့ရာက ဒီနေရာကျမှ ပုံမကျ ဖြစ်သွားတယ်။ တစ်နည်းပြောတော့ ဒီတစ်ခုပဲ သဘာဝကျတယ်။ မြစ်နဲ့ချောင်းနဲ့ ဆိပ်နဲ့ပွဲနဲ့ ကူးတို့နဲ့ ရောင်းခင်းဝယ်ခင်းကောင်းတဲ့နေရာမှာ လူပိုနေမယ်။ ပိုစည်ကားမယ်။ ပထဝီဝင် အနေအထားက လူနေအိမ်ခြေ ကို စီမံသွားတယ်ဆိုတာ ဒီနေရာမှာ ထင်ရှားပါတယ်။ ပုံကြမ်းဆွဲ ပြရရင် ဒီလို မညီမမျှတွေ့မယ်။

လူနေစည်ကားတဲ့ မြို့ကြီးတွေမှာ စိမ်းလန်းစိုပြေတဲ့ သစ်အုပ်ဥယျာဉ် ရှိဖို့လိုတယ်။ ဒါကြောင့် ရတနာနဒီရဲ့ အရှေ့ကမ်းမှာစည်ပြီး ဥယျာဉ်တွေ ရှိပါတယ်။ အတိအကျကွဲပြီး ပြောရရင်တော့ အရှေ့ဘက်မှာ ဥယျာဉ်တစ်ဆယ့်ရှစ်ခု၊ မြောက်ဖက်မှာတစ်ခု၊ တောင်ဖက်မှာ တစ်ခု ဖြစ်တယ်။ ရပ်ကွက်နာမည်တွေလိုပဲ ဥယျာဉ်နာမည်တွေဟာ အင်မတန် ခန့်ညား ကောင်းမွန်ကြပါတယ်။ အဲဒါကြောင့် အခု မနော်ရမံလောက်ကလွဲပြီး ကျန်တာတွေကို မေ့ကုန်ကြပါပြီ။ စာထဲမှတ်တမ်းထဲမှာပဲ ကျန်တော့တယ်။ နာမည်တွေကတော့–

၁။ မဟာဟေမာဇလ၊ ၂။ မဟာ အသောက၊ ၃။ အဠနကေသီ၊ ၄။ မဟာသီရိသုမန၊ ၅။ ကဟာဘဍ္ဍရိက၊ ၆။ မဟာဂီရိမလ္လိက၊ ၇။ မဟာသီရိသိဒ္ဓိ ဗလ၊ ၈။ ကဟာဧဝယပထ၊ ၉။ မဟာသီရိမန္တာဝရ၊ ၁၀။ မင်္ဂလာ၊ ၁၁။ မဟာ သီရိဟေမဝန်၊ ၁၂။ မဟာသီရိမနော်ရထ၊ ၁၃။ မဟာပဒုမ၊ ၁၄။ မဟာမေဃဝန်၊ ၁၅။ မဟာသီရိမဟိဿရ၊ ၁၆။ မဟာသီရိမုဒ္ဒိက၊ ၁၇။ မဟာဒေဝတာ၊ ၁၈။ မဟာသီတလ၊ ၁၉။ မဟာဂီရိနန္ဒဝန် (မဟာဂီရိစိတြဝန်)၊

၂၀။ သီရိမဟာမနော် ရမ္မံတွေဖြစ်ပါတယ်။ အပန်းဖြေရာ ဥယျာဉ်ဆိုပေမယ့် ရှင်ဘုရင်ကိုယ်တိုင် လုပ်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကုန်လှောင်တဲ့ နေရာအဖြစ်လည်း သုံးပါတယ်။ ဝက်မစွတ် မြို့စားဝန်ထောက် (ဦးလတ်)ရဲ့ အတ္ထုပ္ပတ္တိစာတမ်းမှာ မနော်ရမ္မံဥယျာဉ်နဲ့ ဆိုင်တဲ့အကြောင်းကို ဒီလိုတွေ့ရဖူးပါတယ်။

> ရွှေနန်းတော် မြောက်မြို့တွင်း ဆန်ကြိတ်စက်တော်တွင် စပါးတော်၊ ဆန်တော်ကြိတ်လုပ်၍ ဆန်တော်ဖိုးရောင်းရငွေကို (၁၂၃၃ ခုကစပြီး သံတော်ဆင့်ဖြစ်တဲ့ ဦးလတ်) ခင်ပွန်း သံတော်ဆင့်ကတော် (မိုင်းခိုင်မြို့စား အသျှင်နန်းမတော်ဘုရားဝန်၏သမီး) ကို သမီးတော် စလင်းစုဘုရား အဆောင်တော်သို့ နေ့စဉ် ဝင်ရောက် ဆက်သွင်းစေရန် မင်းမှုတော်တစ်ရပ် အဝေးမြို့ရွာများက ခံဝန်ရင်းအတိုင်း ဆက်သရန် ရွှေမြို့တော်သို့ ရောက်သည့် ဆက်သွင်းပြီး နှမ်းတော်များကို မန္တလေးမြို့ တော်နောက်ပြင်၊ နဘဲကြူးရပ်တွင် ဝင်းတော်၊ ကျီတော် ဆောက်လုပ် လှောင်ထားပြီးလျှင် ဆီလှောင် စဉ့်အိုးကြီး ဝယ်ယူ၍ ဆီဆုံ ၂၄၀ မှာ ထားလုပ်ဆောင်ပြီး ပြေကာလ ဆီတော်ပွတ်လုပ် ထွက်ရှိသည့်ရောင်းရ ဆီဟော်ဖိုး နေ့စဉ်ဆက်သွင်းရန် ငွေတော် သီရိမဟာ မနောရမ္မံဥယျာဉ်တော်အတွင်း ဆီကုန်သည်တို့လက်က ဝယ်ယူသိုလှောင် ထားနေ့စဉ် ရောင်းရဆီဖိုး ငွေတော် ၂ ရပ်များမှာ သမီးတော်မြတောင် မင်းသမီး အဆောင်သို့ နေ့စဉ် ဝင်ရောက် ဆက်သွင်းစေရန် မင်းမှုတော် ရပ်များကို အလိုတော်မြတ်အတိုင်း ကုန်တွင်အောင် အားထုတ်ထမ်းရွက် ရသည်။ နောက်ဂွံးတော်၊ ဝါတော်ခံဝန်သည့် အဝေးမြို့ရွာ မြို့ဝန်မြို့အုပ် တို့က ပို့ရောက်ဆက်သွင်းသည့် ငွေတော်ဝယ် ဝါတော်၊ ဂွံးတော်များကို ရွှေမြို့တော်နောက်ပြင် သရက်မော် စံနန်းတော်ကြီး ဝင်းတော်အတွင်း မင်းမိဖုရားတို့ အိမ်တော်အသီးသီးများ၌ သွင်းလှောင်ပြီးလျှင် ဝါကြိတ်စင် ၁၀၀၀ ပြီးပြေအောင် လက်ဝဲဝင်းတော်မှူး သူရဲဝန် ကျောက်ပန်းတောင်းမြို့စားကို အကြီးအမှူးပြုစေ၍ ဝါတော်ကြိတ် လုပ်ထွက်ရှိသည့် ဂွံးတော်များကို ထီး၊ ထား၊ လက်စွဲ အဆောင်တော်မြဲ တို့သို့ မှတ်သားပေးအပ်၍ နေ့စဉ် သွားရောက် ကြီးကြပ်လုပ်ဆောင် ထမ်းရွက်ရသည့်အတွင်

လို့ တွေ့ရတဲ့အတွက် ရှင်ဘုရင်ရဲ့ စီးပွားရေး ကုန်လှောင်ကုန်ရောင်းမှာ ဦးလတ်က ဂျင်နရယ်မန်နေဂျာဖြစ်ပြီး ဥယျာဉ်တွေကလည်း အလုပ်စခန်းတွေ ဖြစ်မယ်လို့ ထင်ရပါတယ်။ လေသင်း အတွင်းဝန်မင်း အတ္ထုပ္ပတ္တိကို ဖတ်ကြည့်တဲ့ အခါမှာလည်း ဥယျာဉ်အကြောင်း နည်းနည်း တွေ့ရပါသေးတယ်။

> နန်းမြို့တော်အတွင်း မြောက်ဥယျာဉ်တော် လေ့တန်းတွင်ရပ်နေ၍ နေ့ည ၂ လှည့် မပျက်မယွင်း ထမ်းရွက်ခြင်း ဥယျာဉ်တော်အတွင်းက ပန်း သစ်သီးများကို မပြတ်ဆက်သခြင်း၊ ဥယျာဉ်တော်သို့ ဆင်းတော်မူသည့်အခါ၌ လှေတော်သမ္ဗန်တော်များကိုဆွဲငင်၍ နောက်တော်လိုက်ပါခြင်းများကြောင့် အားရနှစ်သက်တော်မူ၍

လို့ တွေ့ရပြန်ပါတယ်။ အဲဒါကြောင့် နန်းတွင်း ဥယျာဉ်ကသာ အပျင်းဖြေဖို့သက်သက် ဖြစ်တယ်လို့ ယူဆစရာ ဖြစ်လာပါတယ်။ အများသိတဲ့အတိုင်း သီရိမဟာမနော်ရမ္မံ

ဉယျာဉ်က တောင်ဘက်မှာ မဟာဂီရိနန္ဒဝန်က မြောက်ဘက်မှာ၊ ဒီနှစ်ခုက ရတနာနဒီရဲ့ အရှေ့ဘက်မှာ တန်းပြီးပြုစုထားတဲ့ ဉယျာဉ်စုတွေထဲမှာမပါဘူး။ အဲဒီလိုပဲ ဉယျာဉ်စုထဲမှာ မပါတဲ့ တခြားဉယျာဉ်တွေက အနောက်ဘက်မှာ (၁) မကွေးမင်းကြီး ဉယျာဉ်၊ (၂) ပုခန်း ဉယျာဉ်၊ (၃) ဉယျာဉ်တော်နဲ့၊ (၄) ရွှေယင်းမာ ဉယျာဉ်လို့ရှိပါသေးတယ်။ ပြီးတော့ ဒူးရင်း ဉယျာဉ်ရယ်လို့ ရွှေကြိုးသတ်နယ်မြေရဲ့ အရှေ့ဘက်နယ်စပ် နယ်ထိပ်တောင်ရိုးရဲ့ ခြေရင်း ဘက်ကကပ်ပြီး ရှိတယ်လို့ ပုရပိုက်မြေပုံထဲမှာ တွေ့ရဖူးတဲ့အပြင်

ပဌမ သင်္ဂါယနာတင် မင်းတရားကြီး လက်ထက် ရတနာ မဥ္ဇူဘုရားအနီး၌တစ်ရပ်၊ သုံးဆယ်မြို့တွင်တစ်ရပ်၊ ဒူးရင်းပင်စိုက်ပျိုး ပြုစုတော်မူ၍ ဉယျာဉ်စောင့် ခြံစောင့် အမှုထမ်း ၃၀ ထားပြီးလျှင် တလလျှင် လစာငွေ ၁၇၂ ကျပ် ၅ိုး သနားတော်မြတ် ခံရသည့် (နန်းသုံး အဘိဓာန်၊ အပိုဒ် ၁၆၄)

လို့လဲ တွေ့ရဖူးပါတယ်။ ဉယျာဉ်တွေ စီမံ အုပ်ချုပ်ဖို့ ဉယျာဉ် စာရေးလည်း ရှိတယ်။

လက်ဝဲတော်ဉယျာဉ်စာရေး မောင်ဘားနှင့် လက်ယာတော်ဉယျာဉ်စာရေး မောင်စံကူး တို့ကို ၁၂၄၀ ပြည့်နှစ် တပေါင်းလ ခန့်တော်မူသည်။ (နန်းသုံး အဘိဓာန်၊ အပိုဒ် ၃၇၀)

လို့တွေ့တဲ့အတွက် စာရေးအနည်းဆုံး နှစ်ယောက်ရှိတာ သိရတယ်။ လက်ဝဲလက်ယာ ဘာဖြစ်လို့ ခွဲသလဲတော့ မသိဘူး။

မြို့ကိုအုပ်ချုပ်ဖို့ မြို့ဝန်လေးယောက်ရှိတယ်။ သူတို့တာဝန်တွေက အခုခေတ်ရဲ့ လုပ်ငန်း ယစ်မျိုးလုပ်ငန်း၊ မီးသတ်လုပ်ငန်းနဲ့ မြူနီစပယ်လုပ်ငန်းတွေကိုတွဲပြီး ဆောင်ရွက် ကြရပါတယ်။ (နန်းသုံးအဘိဓာန် အပိုဒ် ၈ကြည့်)။ ဘာပြုလို့လည်းဆိုတော့ (၁) ခိုးသေး မီးပွားအရေးယူ၊ (၂) အလေးတင်းတောင်း မှန်ကန်ဖို့စစ်၊ (၃) လောင်းကစားနဲ့ သေအရက်ဖမ်း၊ (၄) မီးလောင်ရင် ငြိမ်းသတ်၊ (၅) ရှင်ဘုရင်ထွက်တော်မူရင် လမ်းပြ၊ (၆) တံခါး တစ်ဆယ့်နှစ်ကို ထိန်းဆိုတဲ့ တာဝန်တွေဖြစ်လို့ပါပဲ။ တကယ်က ရာဇဌာနီမှာလည်း အမျိုး အရိုးအလိုက် မြို့သူကြီး ရှိပါတယ်။ သူ့ကိုသူကြီးမခေါ်တော့ဘဲနဲ့ ရွှေပြည်ကို ကြီးစိုးရလို့ ရွှေပြည်စိုးလို့ခေါ်တယ်။ ဒါပေမဲ့ သူဟာ ဘာအုပ်ချုပ်ရေးတာဝန်ကိုမှ မလုပ်တော့ဘဲနဲ့ ဝတ်ကောင်းဝတ်သန့်ဝတ်ပြီး 'အိမ်ရှင်စည်ကြီး' တီးရတဲ့အလုပ်ပဲ လုပ်ရတော့တယ် (**နန်းသုံးအဘိဓာန်** အပိုဒ် ၈၄ ကြည့်)။

စောစောကပြောခဲ့တဲ့ ဉယျာဉ်တွေကိုတော့ လက်နက်ကိုင်တပ်စု အမှုထမ်းတွေက ပြုစုပျိုးထောင်ရတယ်။ ဉယျာဉ်နာမည်တွေနဲ့တွဲပြီး အစုအမှုထမ်း အမည်တွေ တွေ့ရပါတယ်။ အစုအမည်တွေကတော့

၁။ ကင်းတား၊ ၂။ ၁၅၀ တောင်၊ ၃။ ၁၅၀ မြောက်၊ ၄။ တံခါးနီအစု၊ ၅။ ၁၀ယ် တောင်၊ ၆။ ၁၀ယ်မြောက်၊ ၇။ ဒိုင်းအစု၊ ၈။ နယ်စုလက်ယာ၊ ၉။ နတ်ရှင်ရွှေ၊ ၁၀။ နတ်လက်ဝဲလုဝ်၊ ၁၁။ မာရဘင်တောင်၊ ၁၂။ မာရဘင်မြောက်၊ ၁၃။ ရွှေလက်ယာ၊ ၁၄။ ရွှေ လက်ဝဲအစု၊ ၁၅။ ရွှေပြည်မှန်ကင်း၊ ၁၆။ လက်ယာကြောင်း၊ ၁၇။ လက်ဝဲကြောင်း၊

၁၈။ ဝန်းကျင်၊ ၁၉။ အက္ကပတ်မြင်းတွေပဲ ဖြစ်ပါတယ်။ အနောက်ဘက် ဥယျာဉ်တွေကိုတော့ အမည် ကြည့်ရရုံနဲ့ ဝန်ကြီးတွေကိုယ်တိုင် ကြပ်မတ်ပြီး တည်ထောင်ကြရတယ်လို့ ထင်ပါတယ်။

မန္တလေးမြို့ကို မြေမြို့ရိုးနဲ့ ဝိုင်းရံပြီးတော့ မြို့တံခါး ၅၇ ခု ထားပါတယ်။ တံခါးနာမည်တွေကတော့ အရှေ့မြောက်ထောင့်ကနေပြီး လက်ယာရစ်ပတ်ရင်

၁။ လွန်းကြင်၊ ၂။ လှိုင်ကျော်၊ ၃။ လှိုင်ကျွန်း၊ ၄။ လွတ်ကင်း၊ ၅။ လှိုင်ကူ၊ ၆။ ဦးတိုက်၊ ၇။ ဥဒါန်း၊ ၈။ ဦးနှိမ်၊ ၉။ အောင်နန်း၊ ၁၀။ အောင်ထွန်း၊ ၁၁။ အောင်ထင်၊ ၁၂။ ဦးတည်၊ ၁၃။ အောင်ငြိမ်း၊ ၁၄။ သာစည်၊ ၁၅။ သိန်းစံ၊ ၁၆။ သညာ၊ ၁၇။ သာစုံ၊ ၁၈။သူစံ၊ ၁၉။ကြိုင်လှိုင်၊ ၂၀။ဖုမ်းဆူ၊ ၂၁။ကောင်းလှိုင်၊ ၂၂။ ကျော်မျှို၊ ၂၃။ ကောင်းမြိုက်၊ ၂၄။ ကဲမြင့်၊ ၂၅။ ကဲမိုး၊ ၂၆။ ရန်နှိမ်၊ ၂၇။ ရန်နိုပ်၊ ၂၈။ ရန်နိုင်၊ ၂၉။ ရန်နှင်၊ ၃၀။ ထိန်းရ၊ ၃၁။ ထုံးရှည်၊ ၃၂။ ရန်အောင်၊ ၃၃။ မြရိပ်၊ ၃၄။ အောင်ရှည်၊ ၃၅။ စံရာ၊ ၃၆။ ပန်းဆက်၊ ၃၇။ တာရိန်၊ ၃၈။ ဂေါဝိန်၊ ၃၉။ စံရှည်၊ ၄၀။ ရေစုံ၊ ၄၁။ ပိုက်ကျုံး၊ ၄၂။ ရေကြည်၊ ၄၃။ စက်ရိပ်၊ ၄၄။ စံရှား၊ ၄၅။ ရဲတင်၊ ၄၆။ ရန်ပြို၊ ၄၇။ ရဲတပ်၊ ၄၈။ ရဲထွတ်၊ ၄၉။ လှိုင်ကြူ၊ ၅၀။ လှိုင်သင်း၊ ၅၁။ သီဝ၊ ၅၂။ လေသာ၊ ၅၃။ လေသောက်၊ ၅၄။ လှိုင်သာ၊ ၅၅။ မာန်အောင်၊ ၅၆။ မြောင်းဦး၊ ၅၇။ မျှို့ဦး လို့တွေ့ရပါတယ်။ ဒီအဝန်းအဝိုင်း အတွင်းမှာ နေတဲ့လူဟာ ၁၉၀,၀၀၀ ( **အညာဂေဇက်**၊ ၃၊ ၂၊ ၁၄၅) လောက် ရှိတယ်။ ဒီလူဦးရေဟာ တဖြည်းဖြည်း ဆုတ်ယုတ်သွားတယ်လို့ပဲ သိရတယ်။ သီပေါမင်းလက်ထက် ၁၈၈၄ သမီးတော် နားတွင်းမှာ ကျွေးမွေးပေးကမ်းတော့ ရွှေမြို့တော်ကြီးနေ လူတစ်သိန်းကျော် (**ကုန်း**၊ ၈၊ ၆၆၁) ရှိတယ်လို့ဆိုတယ်။ တစ်သိန်းက ဘယ်လောက်ကျော်တယ်လို့ မဆိုဘူး။ အင်္ဂလိပ်လက်ထက် သန်းခေါင်စာရင်းတွေအရ ပြောရင်လည်း မန္တလေးလူဦးရေဟာ တဖြည်းဖြည်းရှော့လိုက်တာပဲ တွေ့ရတယ်။ မန္တလေးလူဦးရေကို

၁၈၉၁ မှာ ၁၈၈,၈၁၅

၁၉၀၁ မှာ ၁၈၃,၈၁၆

၁၉၁၁ မှာ ၁၃၈,၂၉၉

၁၉၂၁ မှာ ၁၄၈,၉၁၇

အဲဒီလို တွေ့ရလေတော့ ၁၉၁၁မှ လူအနည်းဆုံး ဖြစ်သွားပြီးမှ ပြန်ပြီး စည်းကားလာတယ်။ ဒါတောင် ရေးပုံစံမမီသေးဘူးလို့ပဲ ပြောရပါမယ်။ ဒုတိယ ကမ္ဘာစစ်ဖြစ်ချိန်လောက် ရောက်မှ လူဦးရေဟာ ၁၈၀,၀၀၀လောက် ပြန်ဖြစ်ပါတယ်၊ အခု ၁၉၆၈ ခုနှစ် ဇွန်လဝက်မှာတော့ မန္တလေးမြို့ပေါ် လူဦးရေဟာ ၃၆၈,၁၈၃ ယောက်ရှိတယ်လို့ မြို့မလုံခြုံရေးနဲ့ အုပ်ချုပ်ရေးကောင်စီရုံးက ပြောပါတယ်။ ရန်ကုန်လူဦးရေနဲ့ ယှဉ်ကြည့်ရင် ၂၈ ဖေဖော်ဝါရီ ၁၉၆၇ မှာ ရန်ကုန်လူပေါင်း ၁၆၁၆၉၄၈ ရှိတယ်လို့ သိရတယ်။ ရန်ကုန်က မန္တလေးထက် လေးဆကျော်ကျော် ရှိမယ်ပေါ့။

ဒီလူတွေ ဘာလုပ်စားသလည်းလို့ မေးရင် ဗမာလူမျိုး တစ်မျိုးလုံးအနေနဲ့ တတ်သမျှလက်မှုပညာ အားလုံးလုပ်တယ်လို့ပဲ ဖြေရမယ်။ အဲဒီအထဲက ထင်ရှားတာကို စာရင်းလုပ်ပြရရင် (**အညာဂေဇက်**၊ ၃၊ ၂၊ ၁၄၇) အမျိုးအမည် သုံးဆယ်ကျော် ထွက်လာပါတယ်။

၁။ ကမ္ဗဝါရေး၊ ၂။ ကျောက်စိမ်းဖြတ်၊ ၃။ ကျောက်ဆစ်၊ ၄။ ကျောက် သွေး၊ ၅။ ကြေးခတ်၊ ၆။ ခတ်၊ ၇။ ဂုံတန်၊ ၈။ စဥ့်အိုးအလုပ်၊ ၉။ ဆင်စွယ် ပွတ်၊ ၁၀။ တိုက်၊ ၁၁။ ထီးအလုပ်၊ ၁၂။ ဒေါင်းရွှေ၊ ၁၃။ ပေစာရေး၊ ၁၄။ ပန်းချီ၊ ၁၅။ ပန်းတမော့၊ ၁၆။ ပန်းတဉ်း၊ ၁၇။ ပန်းထိမ်၊ ၁၈။ ပန်းပု၊ ၁၉။ ပန်းဘဲ၊ ၂၀။ ပန်းရံ၊ ၂၁။ ပန်းလှီး၊ ၂၂။ ပွတ်၊ ၂၃။ ဖိနပ်လုပ်၊ ၂၄။ ဖန်ချက်၊ ၂၅။ မကိုဋ်လုပ်၊ ၂၆။ မင်စာရေး၊ ၂၇။ ယွန်း၊ ၂၈။ ရွှေခြည်ထိုး၊ ၂၉။ ရွှေစာရေး၊ ၃၀။ ရွှေပန်းချီ၊ ၃၁။ ရွှေမျက်ပါး၊ ၃၂။ ရွှေလောင်စက္ကူ၊ ၃၃။ လက်သမား၊ ၃၄။ သံဖြူအလုပ်၊ ၃၅။ အချုပ် အလုပ်၊ ၃၆။ အတီးအမှုတ် ပစ္စည်းလုပ်၊ ၃၇။ အိုးအလုပ်။

ဒီအလုပ်တွေထဲမှာ ရက်ကန်းမပါတာကတော့ မန္တလေးမှာထက် အမရပူရမှာ ပိုပြီး ရက်ကန်း ထွန်းကားလို့ ဖြစ်ပါတယ်။

ကျောက်စိမ်းလုပ်ငန်း ရာဇဝင်ဟာ အင်မတန်ပဲ စိတ်ပါဝင်စားစရာကောင်းတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံက ကျောက်စိမ်းတွေ မတွေ့ရခင် ဟိုအရင်နှစ်ပေါင်း အများကြီးကပဲ ခေါ်တန်နဲ့ ဗဟိုအာရှမှာတောက်ပပြီး အဖြူနှစ်ရောင်ရှိတဲ့ အဖိုးတန်ကျောက်မျိုးကို ရပါတယ်။ တရုတ် သူဌေးကြီး တွေက အင်မတန် အဖိုးပေးပြီး ဝယ်ယူသုံးစွဲကြတယ်။ အဲဒီကျောက်မျိုး ယ... အစိမ်းသွေးရှိတာက ပိုပြီးတောင် ရှားသေးတယ်။ ဒီတော့ တချို့လူတွေက ကျောက်ဖြူကို ကြေးသတ္တုနဲ့ပေါင်းပြီး မြေမှာအတော်ကြာအောင် မြှုပ်ထားပြီး စိမ်းအောင် လုပ်ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ကျောက်စိမ်းရတယ်ဆိုတာကို အမှတ်မထင် မတော်တဆ တွေ့တာပါ။ ယူနန်က ကုန်သည်ကလေး တစ်ယောက်ဟာ မြန်မာနိုင်ငံဘက်က အပြန် ဝန်တင်လားမှာ ကုန်ဘယ်ညာတင်တဲ့အခါ တစ်ဖက်က နည်းနည်းပေါ့နေလို့ အလေးတင်းတဲ့ သဘောနဲ့ ကျောက်ခဲတစ်လုံး ကောက်တင်လာသတဲ့။ အဲဒီကျောက်ခဲဟာပဲ အင်မတန် အဖိုးတန်တဲ့ ကျောက်စိမ်း ဖြစ်နေပါတယ်။ အဲဒီ အဖြစ်အပျက်က တစ်ဆယ့်သုံးရာစု လောက်ကပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကောက်ရတဲ့ ကျောက်စိမ်းကို အကြောင်းပြုပြီး ကျောက်စိမ်းရှာရအောင် တရုတ်တွေ အများကြီး ရောက်လာပါတယ်။ ဒါပေမဲ့ ဘာမှ နောက်ထပ် ရှာမတွေ့ဘူး။ တိုင်းရင်းသားထဲကလည်း သဲလွန်စ မပေးနိုင်ခဲ့ဘူး။ တစ်ဆယ့်လေး ရာစုမှာ ယူနန်ဘက်က နောက်တစ်ကြိမ် အရှာအဖွေ လာကြသေးတယ်။ ဒီတစ်ခါလည်း မအောင်မြင်ပါဘူး။ ငှက်ဖျားရောဂါကလည်းကြီးတယ်။ တိုင်းရင်းသားတွေကလည်း မကြည်ဖြူ ဘူး။ ဒီတော့ လာလူအားလုံးပဲ သေတယ်လို့ ဆိုပါတယ်။ အဲဒီနောက်တော့ နှစ်တွေအများကြီး ကြာလာတဲ့အထိ ဘာမှမလုပ်ကြတော့ဘူး။ တန်ဘိုးရှိတဲ့ ကျောက်တုံးငယ်ကလေးတွေတော့ ရံဖန်ရံခါ ပေါ်လာပြီး တရုတ်နိုင်ငံဘက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကျောက်တုံးမျိုး ဘယ်သူက ယူပေးနေတယ်လို့ အစအနရှာမရပါ။

တရုတ်နဲ့မြန်မာ ဆက်ဆံရေးမှာ ၁၇၈၄ ခုဟာ မှတ်သားထားရမယ့် ရက်စွဲ ဖြစ် တယ်။ အဲဒီနှစ်ကစပြီး နှစ်နိုင်ငံ ပြေပြေပြစ်ပြစ် ကူးလူးဆက်ဆံ လာကြပြန်တယ်။ နည်းနည်းစွန့်စားတဲ့ တရုတ်အမျိုးသားတစ်စုကြောင့် ကျောက်စိမ်းကို ဥရုမြစ် ညာဘက်မှာ ရနိုင်တယ်လို့ သိလာကြတယ်။ အမှန်က မြောက်လတ္တီတွဒ် ၂၅ ဒီကရီနဲ့ ၂၆ ဒီကရီကြား

အရှေ့ဥရုမြစ်ရိုး အနောက်ချင်းတွင်းမြစ်ရိုး အတွင်းဟာ ကျောက်စိမ်းနယ်ပါပဲ။ ဒီအချိန်ကစပြီး ယူနန်ဘက်ကို ကျောက်စိမ်း အပို့အထုတ်ရှိလာပါတယ်။ အရေအတွက် မများပါဘူး။ ဘာပြုလို့လဲဆိုတော့ လမ်းဆိုးပြီး ငှက်ဖျားရောဂါ ကြီးကျယ်လို့ ကျောက်စိမ်းနယ်ကို ဝင်မိတဲ့ တရုတ်ဟာ သေဖို့များတယ်။ အမရပူရမှာ ရှိတဲ့ တရုတ်ဘုရားကျောင်းမှာ ၁၉ ရာစုဦးကစပြီး ကျောက်စိမ်းရှာရင်း သေဆုံးတဲ့ တရုတ်အမျိုးသားစာရင်းရှိပါတယ်။ အရေအတွက် ၆၀၀၀ကျော်ပါတယ်။ ဒီစာရင်းဟာ အလှူပေးပြီး နှစ်စဉ်ပူဇော်ပွဲ ငွေအကုန်ခံနိုင်တဲ့ လူတွေရဲ့ နာမည်တွေဖြစ်လို့ ငွေကုန်မခံနိုင်တဲ့ အညတရ သေသွားတဲ့ လူစာရင်းဟာ အဲဒီ ၆၀၀၀ထက် လေးငါးဆ ဖြစ်နိုင်ပါတယ်။ မြန်မာဘုရင်ကလည်း ဒီကျောက်စိမ်းလုပ်ငန်းရဲ့ အရာရောက်ပုံကို သတိပြုမိပါတယ်။ မိုးကောင်းမြို့နေရာမှာ ၁၈၀၆ ခုကစပြီး တပ်သားသုံးဆယ် ပေးအပ်တဲ့ အကောက်အရာရှိတစ်ဦး ချထားပါတယ်။ ကျောက်စိမ်းတူးဖော်ရေးမှာ ကချင်တွေပဲ အများဆုံးလုပ်ပါတယ်။ တူးလို့ရတာကို မိုးကောင်းတစ်ဖက်ကမ်းရွှေတုံးခြံမှာ လာပြီး ရောင်းပါတယ်။ မြန်မာအကောက်အရာရှိက တခြားကို သွယ်ယူသွားတော့မယ်ဆိုတဲ့အခါကျမှ အရောင်းအဝယ်ဖြစ်တဲ့ တန်ဖိုးပေါ်မှာ သုံးဆယ့်သုံးရာနှုန်းတွက်ပြီး အကောက်ကောက်ပါတယ်။ ဈေးနှုန်းကို အကဲဖြတ်ဖို့ ရာဖြတ်အရာရှိလည်းရှိပါတယ်။ ဒါပေမယ့် အဲဒီရာဖြတ်ဟာ တကယ့်တန်ဖိုးထက် သုံးချိုးမှာတစ်ချိုးလောက်သာတန်တယ်လို့ လာဘ်ယူပြီး ပြောမြဲဖြစ်တယ်လို့ သိရပါတယ်။ ဟိုတုန်းက အကောက်ငွေကိုလည်း အတုံးအခဲကဖြတ်ပြီး အချိန်နဲ့ပေးအပ်ရပါတယ်။ ငွေဒင်္ဂါးကို ၁၈၇၄ ရောက်မှ တွင်တွင်သုံးလေ့ဖြစ်ပါတယ်။ ကျောက်စိမ်းတွင်းတွေဟာ ကချင်နယ်ထဲမှာဖြစ်လို့ ကချင်တွေကို ရသမျှကျောက်ရဲ့ မူလပိုင်ရှင်လို့ပဲ သဘောထားပါတယ်။ တူးဖော်ရာမှာလည်း သူတို့လို တခြားလူတွေက ခံနိုင်ရည်မရှိပါဘူး။ ကျောက်စိမ်းလုပ်ငန်း အကြီးပွားဆုံးအခါက ၁၈၃၁-၄၀ ခုနှစ်ကာလတွင်း ဖြစ်တယ်။ အဲဒီအခါတုန်းက တရုတ် ၈၀၀ ရှမ်း ၆၀၀လောက်ကျောက်စိမ်းလုပ်ငန်းမှာ ပါဝင်နေတာတွေ့ရတယ်။ ထွက်သမျှကျောက်ကို ယူနန်ပို့ပြီးရောင်းလေ့ရှိတယ်။ အဲဒီက ဗဟိုဈေးဖြစ်နေပါတယ်။ ဒီလုပ်ငန်းကို အကျွမ်းကျင်ဆုံးကလည်းကောင်းတုံ တရုတ်တွေဖြစ်လို့ သူတို့ပဲ နောက်ဆုံး ကောင်းတုံကို ဝယ်သွားပြီး ဟိုမှာ သုံးကုန်ပစ္စည်းအဖြစ် ရောက်အောင် ပြုပြင်ကြပါတယ်။ တရုတ်အင်္ဂလိပ် စစ်ပေါ်လာလို့ ၁၈၄၁ ခုမှာ ကောင်းတုံ အရောင်းအဝယ် ပျက်ဆီးတော့ ကျောက်စိမ်းလုပ်ငန်းလည်း ပျက်တယ်။ ကချင်တွေက လှုံ့ဆော်လို့ မြန်မာတွေက ၁၈၄၂ခုမှာ အရာရှိတစ်ဦးကို ယူနန်နယ်ထဲလွှတ်ပြီး တရုတ်တွေ ခါတိုင်းလို ကျောက်စိမ်းဝယ်ဘာကြောင့် မလာသလဲလို့ သွားစုံစမ်းပါတယ်။ လာမြဲလာဖို့လဲ တိုက်တွန်း သွေးဆောင်ပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းအရောင်းအဝယ်ဟာ ၁၈၄၇ ခုနှစ်ရောက်မှ နည်းနည်းပြန်ပြီး လှုပ်ရှားပါတယ်။ ဒါပေမဲ့လည်း ၁၈၅၀ ပြည့် ရောက်တဲ့အခါ တရုတ်နယ်တွေထဲမှာ တိုင်ပင် အရေးတော် ပေါ်နေပြန်လို့ အရောင်းအဝယ် ပျက်ပြန်တယ်။ နောက်တစ်ခါ ၁၈၅၇ ခုနှစ်မှာ ပန်းသေ သူပုန်ပေါ်လို့ အရောင်းအဝယ် ပျက်ပြန်တယ်။ အကောက်အခွန်အနေနဲ့ စောစောက တစ်နှစ်ကို ငွေ ၆၀၀၀ လောက်ရမယ်။ အရောင်းအဝယ် အကောင်းဆုံးအခါ ၁၈၃၆ ခုနှစ်လောက်က ငွေ

၂၁၀၀၀ လောက် ရခဲ့ပြီးတော့ ၁၈၄၀ပြည့်လောက်ကစပြီး တစ်နှစ်ကို ငွေ ၃၀၀၀ထက် မပိုတော့ပါဘူး။ အဲဒီလို နည်းရာက လုံး၀ မရတော့တဲ့အထိ ဖြစ်ပါသေးတယ်။ ပြီးတော့မှ အများကြီး ဖြစ်ထွန်းပြန်ရော၊ ဒီတစ်ခါတော့ ပင်လယ်ရေကြောင်းနဲ့ ကျောက်စိမ်းကို ကောင်းတုံအရောက် ပို့ပါတယ်။ မန္တလေးကို ၁၈၆၁ခုမှာ ကောင်းတုံက ကျောက်စိမ်းကုန်သည် ပထမဆုံးရောက်လာပါတယ်။ အရောင်းထိုင်းလို့ အနှစ်နှစ်က စုနေတဲ့ ကျောက်စိမ်းရှိသမျှကို အကုန်စုပြီး ၀ယ်ပြန်တယ်။ ဒီတစ်ခေါက်နဲ့ပဲ အင်မတန် ချမ်းသာသွားတယ်လို့ သိရပါတယ်။ တခြား ကောင်းတုံသားတွေ ကျောက်စိမ်း၀ယ်ရအောင် မန္တလေးကို ရောက်လာကြပါတယ်။ ဒါကြောင့် ကျောက်စိမ်းရောင်း၀ယ်ရေး တစ်ပတ် ပြန်ဖြစ်ထွန်းပြီး ရှာဖွေရေးအတွက် ယူနန်နယ်သားတွေ ရောက်လာကြပြန်တယ်။ အကောက်ဟာလည်း ငွေ ၂၇၀၀၀ အထိ တိုးသွားပါတယ်။ တကယ်ကတော့ ရွှေမြို့တော်ကိုပို့တဲ့ အကောက်ဟာ တကယ်ရတာရဲ့ ငါးချိုးတစ်ချိုးလောက်ပဲ ရှိမယ်။ သုံးနှစ်တွက် အခွန်ကောက်ခွင့်ကို ပထမဆုံးအကြိမ် ၁၈၆၆ခုနှစ်မှာ ငွေ ၆၀၀၀၀ နဲ့ ခွင့်ပြုလိုက်ပါတယ်။ ဒီအစီအစဉ်ဟာလည်း သိပ်မကောင်းသေးဘူးဆိုပြီး သုံးနှစ်ပြည့်တဲ့ ၁၈၆၉ ခုနှစ်မှာ ဘုရင်ကိုယ်တိုင် မိုးကောင်းမှာ ကိုယ်စားလှယ် ထားပြီး ကျောက်စိမ်း၀ယ်တယ်။ ထင်သလောက် ၀င်ငွေတိုးမလာဘူး။ ဒါနဲ့ပြန်ပြီး အကောက်စနစ်ကိုပဲ သုံးပါတယ်။ အဲဒီတော့ ၁၈၇၀ ပြည့်နှစ်ကစပြီး သုံးနှစ်လောက်မှာ တစ်နှစ်ကို ၁၂၀၀၀ အထိပဲ ရတယ်။ နောက် ၁၈၇၃ ခုနှစ်မှာ ဘုရင့်ကိုယ်စားလှယ်က ကျောက်စိမ်း ၀ယ်ပြန်တယ်။ ဒီတစ်ခါလည်း မအောင်မြင်ဘူး။ ဒါ့ကြောင့် ရှေးနည်းပြန်ပြီ ရောင်း၀ယ်ကြဖို့ လွှတ်ပေးပြီးမှ အခွန်ကောက်တဲ့အခါ ငွေ ၂၀၀၀၀ အထိ ရတယ်။ နောက် ၁၈၈၀ ပြည့်နှစ် မှာ ငွေ ၅၀၀၀၀ ဖြစ်လာတယ်။ ကချင်တွေ ၁၈၈၃ ခုနှစ်မှာ သူပုန်အပြီး မိုးကောင်းကို တိုက်ခိုက်ကြတော့ ကျောက်စိမ်းလုပ်ငန်း ပျက်ပြန်ရော။ ဟော်ဆိုင်ခေါင်းဆောင်တဲ့ သူပုန်ဖြစ်တယ် (မြစ်ကြီးနား ဂဇက် ၁၁၇၊ ၂၃)။

မန္တလေးမှာ တရုတ်ထဲက သူဌေးကြီးဖြစ်ပြီး ဒုတိယ ရွှေအင်ပင် ကျောင်းတကာအဖြစ်နဲ့ ကျော်ကြားသွားတဲ့ ဦးစက်ရှင်ဟာ ၁၇ မတ် ၁၉၁၇ ခုနှစ်မှာ သေဆုံးတော့ သူ့သင်္ချိုင်းစာမှာ

> သတိုးမင်းကြီး မဟာမင်းထင် စည်သူဟူသော အမတ်ကြီးသည် ကြံအား ဘန်အား ဉာဏ်အား လုံးလကို သိသဖြင့် သားနယ်တမျှ ထင်မှတ်၍၊ သီပေါရွှေနန်းသျှင် ဘုရားရှေ့တော် ဆက်သွင်းရာ၊ အလွန်၀မ်းမြောက်တော်မူ၍၊ ကျောက်စိမ်းအလုပ် အခွန်တော် ထမ်းဆောင်၊ ကောင်းမွန်စွာ ကုးသန်းရောင်း၀ယ်စေ၊ ဟူသော အမိန့်တော်မြတ် ခပ်အပ်တော် မူလိုက်သည်အတိုင်း၊ ကုးသန်းရောင်း၀ယ်၍၊ ဥစ္စာအင်ခွင်တို့သည် များစွာ တင့်တယ်လေသည် (သင်္ချိုင်း စာကြောင်းရေ ၂၉–၃၅)

လို့ တွေ့ရတယ်။ သာမည မှတ်ထားရရင် ကျောက်စိမ်းလုပ်ငန်းကို တရုတ်တွေ လုပ်တယ်ဆိုပေမယ့် ဒီဦးစက်ရှင်ဟာ ယူနန်နယ်သားဖြစ်တယ်။ တူးဖော်ရေးဘက်မှာ

ယှူနန်နယ်သားများတယ်။ ဝယ်ယူပြီး ပစည်းဖြစ်အောင် သွေးတဲ့အလုပ်မှာတော့ ကောင်းတုံ နယ်သားတွေ ခေါင်းဆောင်ဖြစ်ပါတယ်။

ကျောက်စိမ်းနယ်ဟာ မန္တလေးနဲ့တွဲနေသလို ပတ္တမြား ကျောက်နယ်ဟာလည်း မန္တလေးနဲ့တွဲနေပါတယ်။ မိုးကုပ်ကျပ်ပြင်က သဲဆိုတဲ့ သုံးနေရာကို ရတနာထွက်မြေလို့ ခေါ်ပါတယ်။ အရင်ကအဲဒီနယ်ဟာ မိုးမိတ်နယ် အဝင်အပါ လို့ဆိုပါတယ်။ နောက်ခရစ်နှစ် ၁၅၉၇ ခုနှစ်မှာ ဒီနယ်ကို အဝင်မြို့တော် စီရင်စုလုပ်ဖြစ်ပါတယ်။ အမိန့်တော်ကတော့

> သက္ကရာဇ် ၉၅၉ခု တော်သလင်း လပြည့်ကျော် ၁၂ရက် (၁၈ စက်တင်ဘာ ၁၅၈၇)နေ့ ရတနာပူရတွင် ရွှေဝမြို့ကြီးတည်တော်မူသည်။ မိုးကုပ်ကျက်ပြင်သည်၊ ရတနာတမည် ဖြစ်သည်။ ရွှေစမြို့ကြီး အဝင်အပါ ဖြစ်စေရမည်။ မိုးမိတ်စော်ဘွား စီရင်စုဖြစ်သည်။ မိုးကုပ်ကျပ်ပြင်ကို နုတ်ယူရမည်။ မိုးကုပ်ကျပ်ပြင်အစား တကောင်းမြို့ ကို အရံအကာနှင့်တကွ အပ်တော်မူသည်။ မိုးမိတ်မြို့က သိမ်းစေ။ မိုးကုပ်ကျပ်ပြင် မှာ ရွှေဝမြို့ကြီးတည်ရာ ရတနာ တမည်ဝင်စေ။ ကျောက် (တူး)အကြီး ငယ်သား အဝင်အပါတို့ကို ဝန်တို့က၊ စာရင်းအင်းချယူ၍ ရွှေတိုက်တော် သွင်းရမည်။ မိုးမိတ်မြို့က မခန့်ထားနှင့်၊ နုတ်တော်မူသည်။ တကောင်းမြို့ကို အစားလဲတော်မူ၍၊ အပ်တော်မူလေပြီးသည်။ ရွှေဝမြို့ကြီးတွင် ထမ်းရွက်စေ။ သက္ကရာဇ် ၉၅၉ခု၊ သီတင်းကျွတ် လပြည့်ကျော် ၅ရက် (၁၁ အောက်တိုဘာ ၁၅၈၇)နေ့ နာခံတော် ပြော့ကြီး (မှူးတွင်ပြန်) (ကျောက်တွင်းဇာက်၊ ၃၀)

ဒီရက်စွဲအရ ဟံသာဝတီမှာ ငါးဆူဒါယကာမင်း အုပ်စိုးဆဲဖြစ်တယ်။ ဒါပေမဲ့ ၉၅၉ခုနှစ် တန်ခူးလကစပြီးသူ့ကို ရန်သူတွေဝိုင်းတိုက်နေပါပြီ (မှန်၊ တ၊ ၁၀၄) ညောင်ရမ်းမင်းဟာ အဲဒီနှစ် ဝါဆိုလမှာ အဝကို ပြောင်းလာသိမ်းသွင်းပြီး မင်းသီးခြားဖြစ်နေပါပြီ။ ပြီးတော့ ၉၅၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် (၃ ဂျွန် ၁၅၈၇)မှာ မြို့သစ်နန်းသစ် စတည်တယ် (မှန်၊တ၊၁၂၃) ဒါကြောင့် ၉၅၉ ခု သီတင်းကျွတ် လပြည့်ကျော် ၅ ရက် (၁၁ အောက်တိုဘာ ၁၅၈၇) အဝကနေပြီး ထုတ်ပြန်တဲ့ အမိန့်တော်ဟာ ညောင်ရမ်းမင်းရဲ့ အမိန့်တော်ပဲ ဖြစ်ပါ တယ်။ မိုးကုပ် ကျပ်ပြင်ကသဲကို အဝမြို့အဝင်အပါ လုပ်ခဲ့လေတော့ နောက်နောင်အခါမှာလဲ မြို့တော်ရဲ့အဝင်အပါ အလိုလိုဖြစ်လာတယ်လို့ပဲ ယူဆနိုင်ပါတယ်။ မင်းတုန်းမင်းကို နှစ်စဉ်အခွန်အဖြစ်နဲ့ စိုးသူကြီး သုံးယောက် ပေါင်း ငွေတော် ၉၀၀၀၀ က ၁၀၀၀၀၀ အထိ ဆက်ရတယ်လို့ မှန်းဆရပါတယ်။ သီပေါမင်းလက်ထက်မှာ ၁၅၀၀၀၀အထိ ရဖူးတယ်လို့ ဆိုပါတယ်။ အင်္ဂလိပ် လက်ထက် ၁၈၈၉ ခုက ၁၈၉၉ ခုနှစ်အတွင်း တစ်နှစ်က ၃၁၅၀၀၀၀ ရပါတယ်။ စောစောက ကျောက်စိမ်းအရောင်းအဝယ်မှာ တရုတ်တွေ များသလို အခု ပတ္တမြားမှာ ကုလားတွေ များမယ်ထင်တယ်။ မှတ်ဆလင် သင်္ချိုင်း (မန္တလေး အုတ်ရှစ်ကုန်း) မှာ ၃ ဇူလိုင် ၁၈၉၅ နေ့ သေဆုံးလို့ ဂူသွင်းတယ်လို့ သိရတဲ့ သင်္ချိုင်းစာတစ်ခုမှာ ဒီလို ဖတ်ရဖူးပါတယ်။

> အမရပူရမြို့နိုက်၊ ပဋ္ဌမ ပတ္တမြားကုန်ကို အနေစံတိုင်းပြည်သို့စ၍ ကူးသန်း ပို့သူ ရွှန် မြို့သားသူဌေးကြီး အီဗျုံသွီး မမကြီးသည်၊ အသက် ၇၆ တွင် ခိုဒါ

အမိန့်တော်ခံသည် ၁၂၅၇ ခု ဝါဆိုလဆန်း ၁၃ ။ ၅ နေ့ ၈ နာရီအချိန်

အဲဒီသချိုင်းစာမှာ အမရပူရမြို့သက်အတွင်း(၁၇၈၂–၁၈၅၉)မှာ ရွှန်မြို့ (တာကီ မြို့တော် ဖြစ်မယ်လို့ ထင်တယ်)က ကုန်သည်ကြီးဟာ ဒီပတ္တမြားလုပ်ငန်းကို ဥရောပ အရောက် တင်ပို့ရောင်းချခဲ့တယ်။ အဲဒီအလုပ်ကို နောင် သူ့သမီး ဒေါ်မမကြီးက မန္တလေးမှာဆက်ပြီး လုပ်မယ်လို့ ယူဆစရာဖြစ်ပါတယ်။

မန္တလေး တည်ဆောက်ပြီးတော့ မန္တလေးမှာနေတဲ့ လူတွေ (ဟိုတုန်းက တစ်သိန်းကျော်) ဟာ ဘာတွေလုပ်မလဲလို့ ပြောရာက ကျောက်စိမ်းအလုပ် ပတ္တမြားအလုပ်ကို စကားဆက် သွားပါတယ်။ မန္တလေးမှာ ကုန်သည်၊ လက်မှုပ ညာသည်အပြင် မင်းမှုထမ်း (စစ်မှုထမ်း) တွေလည်း အများကြီးရှိမယ်၊ ခပ်လွယ်လွယ် နေရာခွဲကြရင် မန္တလေးအရှေ့ပြင်နဲ့ တောင်ပြင် မှာ စစ်မှုထမ်းနဲ့ မင်းနဲ့ဆက်သွယ်ပြီး လက်မှုပညာသည်အစု အမှုထမ်းတွေနေမယ်။ အနောက် ပြင်ကြီးတစ်ခုလုံးက ကုန်သည်နဲ့ပွဲစားတွေ နေကြမယ်ဆိုပါတော့ ဒီအနောက်ပြင် ဟာ မူလကတော့ ရွှေတချောင်းကို နယ်ကုန်ထားပြီး အရှေ့ဘက်က အိမ်တွေ ဆောက်မယ်၊ ပြီးမှ ရွှေတချောင်းကို ကူးပြီး အနောက်ဘက်ကို တိုးချဲ့တယ်လို့ပဲ ယူဆစရာရှိပါတယ်။ ဒီလိုတိုးချဲ့တာဟာ ၁၈၇၃ ခုနှစ်မှာဖြစ်မယ်။ မန္တလေးတည်ပြီး တစ်ဆယ့်လေးနှစ်ကျော် ကြာမှ ဖြစ်တယ်။ ဒီလိုတိုးချဲ့တယ်ဆိုတာကို စစ်ကိုင်းဘက် ဝချက်ရွာရှိတဲ့မှာ (၁ အောက်တိုဘာ ၁၉၁၁ သေဆုံးသူ)လှေသင်း အတွင်းဝန် သချိုင်းစာမှာ ဖတ်ရပါတယ်။

၃၆။ မော်လမြိုင်မြို့။ ရန်ကုန်မြို့များက ရွှေစက်တော်

၃၇။ အစုံ။ လာရေစုံ ထမ်းရွက်ကြသည့်။ သဘော် ဗိသု ကာဆရာကြီးများနှင့်။ တပည့်လက်သား။ လက်သမား။ ပန်းဘဲ။ ပရာဘတ်။ လက်တတ် လူ ၃၀၀ တို့ကိုလည်း နေအိမ်ချထား

၃၈။ လစာ ရိက္ခာပေးကမ်း ဆိုင်ရာ ပြုလုပ်။ အုပ်ထိန်းဆင့်ဆိုရသည်။ ။ နေစုံ။ အသက် ၃၁ နှစ် (၁၈၇၄)တွင်။ မန္တလေးမြို့။ နေစုံ မျက်နှာ မြေမြို့ရိုးကို။ မှူးတော်မတ်တော်တို့ကို အသီးသီးဝေပုံ

၃၉။ ချထားလုပ်ဆောင်စရာ။ အများမှူးတော် မတ်တော်တို့ အလျှင်။ အဦးအစ ပြီးပြေရှိသည်နှင့်။ အားရ နှစ်သက်တော်မူ၍။

ဒီလိုတွေ့ရတဲ့အထဲမှာ ပထမအချက်က ရန်ကုန်နဲ့ မော်လမြိုင်က လှေသဘော် ကောင်းကောင်း လုပ်တတ်တဲ့ လက်သမား ဆရာတွေ တပည့်တွေ၊ လှေထေးလှေဖာလုပ်တဲ့ သရာဘတ်သမားတွေ၊ ပန်းရံတွေ အားလုံး ၃၀၀ ကျော် မန္တလေးမှာလာပြီး အလုပ် လုပ်ပေးနေတယ်လို့ သိရတယ်။ ဒုတိယ သိရတာကတော့ မန္တလေးရဲ့ မြေမြို့ရိုးကို ၁၈၇၄ ခုနှစ်မှာမှ ပြီးစီးအောင် လုပ်စေတယ်။ အဲဒီနှစ်မှာမှ မြေမြို့ရိုးပြီးတယ်လို့ မှတ်ရမယ်ပေါ့။

မြို့တော်အားလုံး ပြီးမြောက်လို့ မြို့သိမ်းပွဲကို ၂၅ ဇွန် ၁၈၇၄ ခုနှစ်မှာ လုပ်ပါ တယ်။ မြို့သိမ်းပွဲပြီးတော့ လေးနှစ်ဆိုရင် (၁ အောက်တိုဘာ ၁၈၇၈) မင်းတုန်းမင်း နတ်ရွာစံတယ်။ ဒီလို ရက်စွဲတွေသိရလို့ မန္တလေးကို တည်ဆောက်တာ (၂၃ မေ ၁၈၅၉ ခုနှစ် ၂၅ ဇွန် ၁၈၇၄ ခုနှစ်) တစ်ဆယ့်ငါးနှစ်ကျော်ကြာတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီ

မြို့တော်အသစ်မှာ မင်းတုန်းမင်းရဲ့ဆန္ဒအတိုင်း သာသနာရေးကို အင်မတန် အလေးဂရုပြုပါတယ်။ **သာသနာ** နေလိုသလို ထွန်းကားတယ်လို့ လူတွေပြောစမှတ်ပြုတယ်။ သံဃာအရေအတွက်၊ ကျောင်းအရေအတွက်တွေ အင်မတန်များပါတယ်။ နေ့စဉ် စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရတဲ့ လူတစ်သိန်းကျော်က ရဟန်းပုဏ္ဏား တစ်သောင်းကျော်ကို ဆွမ်းကွမ်းးကိစ္စ မငြိုငြင်ရအောင် ထောက်ပံ့ကြတယ်။ သဘောက လူ ၁၀ ဦးကို ရဟန်းတစ်ပါး တာဝန်ယူတယ်ပေါ့။ သီပေါမင်းလက်ထက် (၅ နိုဝင်ဘာ ၁၈၈၁) ကထိန်ခင်းတော့ မန္တလေး လေးပြင်ရပ်မှာ ကျောင်းတိုက် ၁၅၄၊ ကျောင်းပေါင်း ၁၂၅၇ ကျောင်းရှိတယ်လို့ ဆိုပါတယ်။ အမရပူရရဲ့ ကျောင်းတိုက် ၄၄၊ ကျောင်း ၁၅၆ နဲ့ပေါင်းရင် နှစ်ခုပေါင်း ကျောင်းတိုက် ၁၉၈၊ ကျောင်း ၁၄၁၆ ဖြစ်ပါတယ်။ အဲဒီကျောင်းတွေမှာ သတင်းသုံးတဲ့ သံဃာပေါင်း ၂၅၇၇ ပါးရှိတယ်။ (**ကုန်း**၊ တ၊ ၅၆၀) အချိုးကျတွက်ကြည့်ရင် မန္တလေးမှာ သံဃာတော် ၂၂၈၀ ကျော်ရှိမယ်။ အမှန်းအဆအရ ရဟန်းနဲ့တွဲပြီး ကိုရင်(သာမဏေ)တွေက ရဟန်းထက် ပိုများမယ်။ ဒါ့ကြောင့် ရဟန်း သာမဏေဟာ 'ဥဩတွန်သံသာ' ဆိုတဲ့ ၁၁၀၆၆ ဖြစ်လာတယ်လို့ထင်ပါတယ် (**ရာပြည့်** ၁၆၆)။ အင်္ဂလိပ်လက်ထက် နှိုင်းယှဉ်ကြည့်စရာ ၁၉၂၁ ခု သန်းခေါင်စာရင်းအရ မန္တလေးမြို့မှာ ဘုန်းကြီး ကိုရင် ၄၈၄၃ ပါး၊ သီလရှင်နဲ့ တခြား မိုခိုသူ ၁၁၇၄ ဦး၊ အစုစု ၆၀၁၇ ဦးရှိတယ်လို့ သိရတယ်။ မြို့ကွက် ချပေးတဲ့ ပုရပိုက် မြေပုံထဲမှာတော့ ကျောင်းတိုက် ၂၇ တိုက်အတွက် ရာထားတဲ့နေရာနဲ့ အတူ နာမည်တွေကိုရပါတယ်။ အဲဒီနာမည်တွေကတော့

၁။ ကျောင်းတိုက် (တောင် ၁၅၀ တိုက်/၁၉၉ အနီး)
၂။ ခင်မကန်တိုက် (၄၁)
၃။ ငါးကျမ်းတိုက် (၁၀၉)
၄။ စကုတိုက် (၄၂)
၅။ စလင်းတိုက် (၄၅)
၆။ စံကျောင်းတော် (သစ်ဆိမ့်တိုက်/ ၁၃၂ အနီး)
၇။ ဆီးပနီတိုက် (၁၄၄)
၈။ ဆူးခါးတိုက် (၁၀၈)
၉။ ဆင်တဲတိုက် (၄၆)
၁၀။ တကောင်းတိုက် (၄၃)
၁၁။ တောင် ၁၅၀ တိုက် (၁၉၉)
၁၂။ တိုက်တော် (ရွှေကျင်တိုက်/၁၀၁ အနီး)
၁၃။ နန်းမတော်ဘုရားတိုက် (၄၈)
၁၄။ ပြည်တိုက် (၁၁၀)
၁၅။ ဗန်းမော်တိုက်
၁၆။ မိုးထိတိုက် (၁၁၁)
၁၇။ မတ္တရာတိုက် (၃၈ နဲ့ ၁၉၇)

၁၈။ မောင်းထောင်တိုက် (၄၀)
၁၉။ မှန်ကင်းတိုက် (၁၇၄)
၂၀။ မြင်းဝန်တိုက် (၁၅၆ နဲ့ ၂၆၇)
၂၁။ ရွှေကျင်တိုက် (၁၀၁)
၂၂။ ရွှေရေးဆောင်တိုက် (၂၉၁ နဲ့ ၃၁၀)
၂၃။ သက်ပန်းတိုက် (၃၉)
၂၄။ သစ်ဆိမ့်တိုက် (၁၃၂)
၂၅။ အနောက်ဝန်တိုက် (၄၇)
၂၆။ အင်းခန်းတိုက် (၄၄)
၂၇။ ဦးအဂ္ဂတိုက် (၃၇)

လို့ တွေ့ရတယ်။ ကျောင်းလို့ သာမည ရေးထားတာက ကိုးကွက် တွေ့ရတယ်။ အဲဒါ ပေါင်းလိုက်ရင် ကျောင်းတိုက် ၃၆ တိုက်ပဲ ရှိပါသေးတယ်။ မယ်ကင်းကျောင်း (အကွက်နံပတ် ၈၁) ဆိုတာကို ထည့်လိုက်ရင် ၃၇ တိုက်ဖြစ်မယ်။ ဗုဒ္ဓဘာသာနဲ့ မဆိုင်တဲ့ တခြား ယုံကြည်မှုတွေအတွက် ပလီဝင်း (၂၃၉) ပုဏ္ဏားစု (၂၈၀ နဲ့ ၃၁၂) နဲ့ နတ်အုပ် (၂၄၆) ဆိုတာတွေ တွေ့ပါတယ်။ ပန်းသေးဝင်းတို့ ခရစ်ယာန်ကျောင်းတို့ ဟိန္ဒူဘုရား ကျောင်းတွေကတော့ နောက်မှ နေရာယူကြဟန် ရှိပါတယ်။ ဘာပြုလို့လည်းဆိုတော့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကိုတောင် မြို့တည်စက နေရာအနံ့ အတိအကျ မပေးဝေ ရသေးတဲ့အတွက် ဖြစ်မယ်။ ပြီးတော့ တချို့ သာသနာပြု တွေက နောက်ကျမှ ရောက်လာ ကြတာအမှန်ပဲ ဖြစ်တယ်။ ဥပမာ ပန်းသေး က ၁၃ နိုဝင်ဘာ ၁၈၆၈ ခုနှစ်မှာမှ ဝင်း ရတယ်။ သံတဲကျောင်းနဲ့ ခရစ်ယာန်ကျောင်းက ၁၄ ဇွန် ၁၈၆၉ခုနှစ် ရောက်မှ စရတယ်လို့ သိပါတယ်။

ပုဏ္ဏားတွေကတော့ မြန်မာရှင်ဘုရင်နဲ့ အမြဲရှိနေတာပါပဲ။ သူတို့အတွက် အကွက် သီးခြားပေးပါတယ်။ (အကွက်နံပတ် ၂၈၀ နဲ့ ၃၁၂) ရပ်ကွက်အနေနဲ့ မင်းတဲ အိကင်းရယ်၊ အိမ်တော်ယာရယ်၊ တောင်ပြင်မှာ ပုဏ္ဏကုန်းရပ်ရယ်လို့ ရှိတာကိုလဲ သိကြပါတယ်။ သီပေါမင်းလက်ထက် ၁၈၈၂ ခုမှာ သမီးတော် နားသပွဲကို ခြောက်လလောက် အချိန်ယူပြီး အလှူကြီးပေးတဲ့အခါ ပုဏ္ဏား ၂၀၀၀ ကျော်စာရင်းပေါက်လို့ အဲဒီအတိုင်း ပေးဝေရတယ်လို့ ဆိုတယ်။ ပုဏ္ဏား ၂၀၀၀ ဆိုတာ သားမယားနဲ့ ပုဏ္ဏား လူဦးရေ ၁၀၀၀၀ လို့ယူရင် ရမယ်ထင်တယ်။ အလှူပေးပုံနဲ့ ပတ်သက်ပြီး ဒီလိုတွေ့ရပါတယ်။

> ဗြဟ္မဏာ၊ ခတ္တိ၊ သုဒ္ဒိယ၊ ဗိဿ၊ လေးရပ် ပုဏ္ဏားဦးရေ နှစ် ထောင်ကျော်တို့မှာ၊ တစ်ရက်လျှင် နှစ်ရာကျ၊ လူတစ်ကိုယ်လျှင်၊ ငွေတစ်မူး သုံးဒင်္ဂါးတစ်ရာ၊ ကြေးအိုးတစ်၊ ကြေးလင်ပန်းတစ်၊ ပတ်ပိတ်ဆင်တော်စီ သနားတော်မူပြီးလျှင်၊ ဆန်တစ်တင်းအိတ်၊ နှစ်စိတ်အိတ်၊ တစ်စိတ်အိတ် များနှင့်အုန်း၊ ကြံများကို အများ စုပုံ ထားပြီးလျှင်၊ အလိုရှိသမျှ ထမ်းဆောင်ယူငင်စေသည်။ ထိုအခါ တချို့ပုဏ္ဏားများမှာ ဆန် တစ်တင်းအိတ် နှစ်လုံး ထမ်းဆောင်သည့် အပြင်၊ လက်တစ်ဖက်မှ ဆန်နှစ်စိတ်အိတ်ကို

ဆွဲငင်ယူဆောင်သည်နှင့် မနိုင်မနင်း လဲပြိုရှိလေသည်။ တချို့ပုဏ္ဏားမှာလည်း ဆန် တစ်တင်းအိတ် နှစ်လုံးပေါ်တွင် နှစ်စိတ်အိတ်ထပ်ဆင့် ထမ်းဆောင်ရာ၊ မထနိုင်လဲ ပြိုရှိလေသည်။ (ကုန်း၊ တ၊ ၆၆၄)

အဲဒီလို အလှူပွဲမှာ ရယ်ရအောင် စီစဉ်ထားတာမျိုးကို သီပေါမင်းနဲ့ စုဖုရားလတ်တို့ လုပ်လေ့ရှိတယ်။ စောစောက နန်းတွင်းသားတွေ အပျိုတော်တွေကို ကျား၀တ်၊ မ၀တ်မခွဲဘဲ ထဘီရော ပုဆိုးပါ ရောထွေးယူခဲ့လို့ ရယ်ကြရသလို အခု ပုဏ္ဏားတွေ အလကားရရင် ဟန်မလုပ်နိုင်ဘူးဆိုတာကို သရုပ် ဖော်ပြီး ရယ်ကြတယ်။ မင်းတုန်းမင်းကတော့ ဒီပုဏ္ဏားတွေကို အခုထက် ပိုပြီး အသုံးကျတဲ့နေရာမှာ သုံးပါတယ်။ ၀က်မစွတ်ဝန်ထောက်ရဲ့ အတ္ထုပ္ပတ္တိထဲမှာ–

နောက် (၁၈၇၅ ခန့်တွင်) ဇင်းမယ် ၅၇ ခရိုင်အရပ်။ ကျိုင်းရဲ ကျိုင်းသေည်မြို့။ ယိုးဒယား ဘန်ကောက်မြို့။ ၃ ဌာန ရေးခွင့် ကြောင်းရာရှိသည်များကို အဆက်မပြတ်စေရ။ တစ်ဦးသွား တစ်ဦးပြန်၊ ရှမ်းပြည် ကြိုက်ကုန်သေးများကို ၀ယ်ယူပေးအပ်၍၊ အထောက်အလှမ်း ကုန်သည်ပြုလုပ်သွားစေရန်၊ တစ်ဌာနလျှင် လူ ၆ ယောက်ကျ၊ ကျွန်တော်မျိုးလူ ၁၈ တို့ကို အပ်တော်မူ၍ အမိန့်တော်မြတ်အရ၊ ကုန်ဝယ်ယူပေးအပ်ပြီးလျှင်၊ သွားစရိတ် ငွေတော်ထုတ်ပေး စေလွှတ်၍။ ပြန်ရောက်သူတို့တွင် ထောက်လှမ်းချက်ပါ အကြောင်းအရာများကို၊ နံ့သာဖြူ စံနန်းတော်သို့ သီးခြားဝင်ရောက် ခစားပြီးလျှင်၊ မေးချက် ထွက်ချက် အကြောင်းအရာများကို၊ ရွှေနားတော်မြတ်ကြား တင်လျှောက် ထမ်းရွက်ခွင့်များကို ထမ်းရွက်ရသည်။ ရွှေမြို့တော် မြို့တွင်းမြို့ပြင် ရပ်ကွက်များအတွင်း၊ ကြားသိသမျှ အကြောင်းအရာများကို၊ အထောက် တော် ပုဏ္ဏား ၄၀ ရွေးချယ် ပေးအပ်တော်မူပြီးလျှင်၊ စုံစမ်းထောက်လှမ်းစေ၍၊ ထောက်လှမ်းချက်ပါ အကြောင်းအရာများတွင်၊ ရွှေနားတော်မြတ် ကြားတင်လျှောက်ခွင့် ရှိပါသည်များကို၊ နေ့စဉ်ရက်စဉ် အမိန့်တော်မြတ်ခံရန် အခွင့်ကိစ္စကိုလည်း၊ နေ့စဉ် ထမ်း ရွက်ရသည်။ .....၂ လတစ်ကြိမ်၊ ၃ လတစ်ကြိမ် ငွေတော် ၄၀၀ဝိ/တန်သည်၊ ၃၀၀ဝိ/တန် သည် ထုတ်ပေး သနားတော်မူပြီးမှ၊ ငွေတော်သုံးကုန်သည့်အခါ အသုံးတော်စာရင်းနှင့် ရွှေလက်တော်ရောက်ဆက်သွင်း ထမ်းရွက်ရသည်။ (ဝက်၊ ၁၆–၁၇)

လို့ ဖတ်ရပါတယ်။ အဲဒီစကားအရ ပုဏ္ဏားတွေကို အရပ်လယ်ပြီး ဆန်တောင်းရင်း၊ ဗေဒင်ဟောရင်း စုံထောက်သူလျှိုလုပ်ခိုင်းတယ်လို့ သိရတယ်။ အဝေးစုံထောက်ကိုတော့ ကုန်သေးရောင်းတဲ့ လူပုံစံမျိုးယူပြီး လွှတ်ထားတယ်။ ကုန်ကျစရိတ်က တစ်လကို ငွေ ၂၀၀ဝိ/လောက် ရှိမယ်ဆိုပါတော့။ သူလျှို အဖွဲ့ဝင် ၅၈ ယောက်ဖြစ်ပါတယ်။ အဲဒီအထဲမှာ ပုဏ္ဏားက ၄၀ ပါဝင်တယ်။ သူလျှို အဖွဲ့ကြီးကြပ်သူက နောင်အခါ ဝက်မစွက်ဝန်ထောက်ဖြစ်မဲ့ ဦးလတ် (မင်းကြီးမဟာမင်းလှရာဇ) ပါပဲ။ ဒီလိုအဖွဲ့နဲ့ စနစ်တကျ သီပေါမင်းကဆက်ပြီး ခိုင်းသေးသလားဆိုတာ မသိပါ။

မန္တလေးမှာ လေးပြင်လေးရပ် လူနေဖို့နေရာတွေ ပေး၊ မန္တလေးကို အနောက်ပြင်ဘက် ရွှေတချောင်းကနောင်မြစ်အထိ ထပ်ချဲ့။ အဲဒါတွေပြီးတယ် ဆိုရင် မြို့ရယ်လို့ ဖြစ်စကပဲ ဈေးဖြစ်ခဲ့တဲ့ ဈေးချိုက ဆိုင်ခန်း တိုက်ခန်းတွေ ဟောင်းနွမ်းနေပြီဆိုတာ တွေ့ရမယ်ပေါ့။ ဒါ့ကြောင့် ၂၈ ဒီဇင်ဘာ ၁၈၇၆ မှာ ဈေးချိုကတိုက်တွေ အသစ်လုပ်ဖို့ အုတ်ဖုတ်ခိုင်းတယ်။ (ပုရပိုက်မူရင်း ဦးမောင်မောင်တင်မှာရှိတယ်။) ပြီးတော့ လုပ်ရမဲ့ အလုပ်နဲ့ ကုန်ကျမဲ့ငွေကို ခန့်မှန်းချက်လုပ်ခိုင်းတယ်။

**အမိန့်တော်မှတ် စာချွန်**

သက္ကရာဇ် ၁၂၃၈ ခု ပြာသိုလဆန်း ၁၄ ရက်နေ့ည ရွှေနန်းတော် တောင်ကြမ်းပြင်တွင်.... (ဘုပ်) ရန်အုတ် ၁၄ ဘို၊ ဈေးချိုတော်.... (လုပ်)ရန်....ကို အမိန့်တော်မြတ်ခံရာ ဘုန်းတော်ဖြစ် ဗိုလ်ကြီးကြပ် ဘုပ်လုပ်မည့် အုတ်တော်က ပေးစေ ဘုရားအမိန့် (တော်မြတ်)ကို ဦးထိပ်ထက်ဆင် ရွက်ရမည်ကို ရွှေတိုက် အတွင်းဝန် တောင်ခွင်မြို့စား ရွှေပြည်ဝန် ဝက်မစွပ်မြို့စားမင်းတို့ရှေ့.... ဈေးချိုတော်ကြီး အသစ်ဖြည့်သွင်းလုပ်ဆောင် ကုန်ဝင်ရန် စာရင်းချုပ်

ဈေးချိုတော်ကြီးအတွင်း၊ အလုပ်လက်စမပြီးမပြေရှိသည့် ဆိုင်တိုက်၊ အလျား ၁၆(တောင်)၊ အနံ ၄(တောင်)၊ လုံးရေ၁၆။ ဈေး ချိုတော် တောင်ပေါက်မြောက်ပေါက်က အနောက်အသစ်လုပ်ရန် ဆိုင် ၁၆ တိုက်။ ထုပ် ၉ (တောင်)၊ ၂ ဘက်သင် ခမ်းရေ ၄၀။ ဈေးချိုတော်ကြီး တောင်ဘက်မြောက်ဘက်၊ အရှေ့အနောက် အသစ်လုပ်ရန် ဆိုင် တိုက်လုံးရေ ၂၊ ထုပ် ၉ (တောင်)၊ စမြင် ၅ (တောင်)၊၂ ဘက် ၂(တိုက်)သင် ခမ်းရေ ၈၀။ အတွင်းပတ်လည် ဆိုင်တိုက်လုံးရေ ၈ (အနက်) ရိမ်းရိုင် ပျက်စီး ရှိသည်များကို ကောင်းမွန်အောင် လုပ်ဆောင်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း၊ လုပ်ဆောင်ရန်ရှိသည်များကို၊ အုတ်ဝန်သံတော် ဆင့်မင်းကျော် ပညာသိဒ္ဓိ၊ နန်းကဲကျွေးဝန် မင်းလှသီရိဇေယကျော်တို့နှင့် စုံညီ တိုင်းတာတွက်ချက်ရာ ဆိုင်တိုက်လုံးရေ ၁၆၊ ဖြည့်သွင်း

| | | |
|---|---|---|
| လုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၂၅၂၅၀ ၃။ ၁ဲ | (အနက်) |
| တော်ပေးနိမ်ငွေ | ၉၄၀၂ ၂။ ၁ဲ | |
| ကျန်ကုန်ဝင်ရန်ငွေဒင်္ဂါး | ၁၅၈၄၈ ၁။ | |
| အသစ်ရပ်ရန်တိုက်လုံးရေ | ၂၊ ခန်းရေ ၄၀၊ | |
| | | |
| လုပ်ဆောင်ကုန်ဝင်ရန်ငွေဒင်္ဂါး | ၂၉၈၉ ၉။ | (အနက်) |
| တော်ပေးနိမ်ငွေ | ၁၁၁၃ ၈။ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၁၈၇၆ ၁။ | |

တရပ်အသစ်တည်လုပ်ရန်တိုက်လုံးရေ ၂၊ ခန်းရေ ၈၀။

| | | | |
|---|---|---|---|
| လုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၁၁၇၄၃ | ၆ူ | (အနက်) |
| တော်ပေးနှိမ်ငွေ | ၅၄၂၁ | ၁ူ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၆၃၂၂ | ၅ူ | |

အတွင်းပတ်လည်တိုက် ၆ ဖျက်စီးလုပ်ဆောင်ကုန်ဝင်ရန်

| | | | |
|---|---|---|---|
| ငွေ | ၁၄၃၃၆ | ၈ူ | (အနက်) |
| တော်ပေးနှိမ်ငွေ | ၇၀၈၁ | ၆ူ | |
| ကျန်ကုန်ဝင်ရန်ငွေ | ၇၂၅၅ | ၂ူ | |

ပြင်ပတ်လည်တိုက်ခမ်းရေ ၁၄၆။ ဖျက်သိမ်းလုပ်ဆောင် ကုန်ဝင်ရန်

| | | | |
|---|---|---|---|
| ငွေ | ၁၀၅၈၃ | ၈ူ | (အနက်) |
| တော်ပေးနှိမ် ငွေ | ၉၃၃၁ | ၈ူ | |
| ကျန်ကုန်ဝင်ရန် ငွေ | ၁၂၅၂ | ၀ ဲ | |

| | | | |
|---|---|---|---|
| ငါးစုလုပ်ဆောင်ကုန်ဝင်ရန်ငွေ | ၆၄၉၀၄ | ၅ူ | (အနက်) |
| တော်ပေးအဟောင်းဖျက်ရနှိမ်ငွေ | ၃၂၃၄၉ | ၈ူ ဲ | |
| ကျန်ကုန်ဝင်ရန်ငွေဒင်္ဂါး | ၃၂၅၅၄ | ၆ူ ဲ | |

**စာရင်းဘုရား**

(အသေးစိတ် စာရင်းတွေကို ချန်လှပ်ခဲ့တယ်)

| | | |
|---|---|---|
| သစ်တော်ဘိုးနှိမ် | ၅၈၁၅ | |
| ပျည်တော်ဘိုး | ၅၈၃၈ | ၈ူ |
| အုတ်တော်ဘိုး | ၆၁၂၆ | ၈ူ |
| ထုံးတော်ဘိုး | ၅၇၅၂ | ၁ူ ဝဲ |
| ပန်းရန်လက်ခ | ၃၂၆၃ | ၅ူ |
| အင်္ဂတေထောင်းခ | ၁၇၄၉ | ၅ူ |
| လက်သမားခ | ၆၈၀၄ | |
| ပေါင်း | ၃၂၃၄၉ | ၈ူ ဝဲ |
| ကျန်လုပ်ဆောင်ရန် | ၃၂၅၅၄ | ၆ူ ဝဲ |
| | (၆၄၉၀၄ | ၅ူ ဝဲ) |

ဒီလိုဈေးချိုတော် တိုက်ခန်းတွေအတွက်အစုစုကုန်ငွေ ခြောက်သောင်းခွဲမှာ ပန်းရံနဲ့ လက်သမားတွေအတွက် အခငွေဟာ တစ်သောင်းခွဲဘဲ ရှိပါတယ်။

မန္တလေးမှာရှိတဲ့ မြို့သူမြို့သားတွေ ဆောက်နေတဲ့ အိမ်တချို့ကို ဖျက်ပြီး အိမ်တော်ရာ ဘုရားနားမှာ သကျသီဟဘုရားထားဖို့ စီမံတဲ့အခါ အိမ်တွေကို ခန်းပွင့်အလိုက် အုတ်အိမ်

ဖြစ်တယ်။ သစ်သားအိမ်ဖြစ်တယ် ဆိုတာကိုကြည့်ပြီး လျော်ကြေးပေးပါတယ်။ အဲဒီစာရင်းကနေပြီး မန္တလေးမှာ ဘယ်လိုအိမ်မျိုး ဆောက်နေကြသလဲဆိုတာ အကဲခတ်နိုင်ပါတယ်။ နိုင်ငံခြားမှတ်တမ်းတွေက မန္တလေးမှာ သစ်တိုင်ထူ၊ ထရံကာ၊ ဝါးကပ်မိုး အသားကြမ်းခင်းတဲ့ အိမ်ဟာ အလတ်တန်းက အတော်အသင့်ရှိတယ်။ အုတ်တိုက်ဆိုတဲ့ အထက်တန်းက အင်မတန်နည်းတယ်။ တရုပ် ကုလား ကုန်သည်တွေပဲ နေလေ့ရှိတယ်။ ဝါးအိမ်က ဆင်းရဲသားအိမ်မို့ များတယ်လို့ ဆိုပါတယ်။ တကယ်က ဝါးအိမ်သက်ကယ်မိုးဟာ ယာယီတဲခိုစရာလောက်ဘဲဖြစ်တယ်။ အဲဒီယာယီအိမ်မျိုးနဲ့ပဲ ဗမာတွေအနေများကြတယ် (**အညာဂေဇက်** ပ၊ ၂၊ ၁၆၁)။ စောစောကပြောခဲ့တဲ့ သကျသီဟဘုရားအတွက် အိမ်ဖယ်ပေးစေဆိုတဲ့ ပုရပိုက် (ဦးမောင်မောင်တင်ပိုင်)ကို ပြန်ပြီးစစ်ဆေးရအောင်။ စာရင်းလုပ်တဲ့ ရက်က ၁၁ နိုဝင်ဘာ ၁၈၈၁ ဖြစ်ပါတယ်။ သကျသီဟဘုရားရင်ကို ပင့်စေလို့ အမိန့်တော်ကတော့ ၁၇ ဒီဇင်ဘာ ၁၈၈၄ မှာမှ ပြန်တယ်။ အဲဒီအခါ သယ်ယူစရိတ်ငွေ ၃၉၀၀၀ ကုန်မယ်လို့ ခန့်တယ်။ ရွှေ့ပြောင်းရေးကိစ္စအ ကုန်လုံးဟာ ၂၁ မေ ၁၈၈၅ မှာ ပြီးစီးပါတယ်။

သက္ကရာဇ် ၁၂၄၂ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့ မဟာသကျသီဟဘုရား ကိန်းဝပ်တော်မူရန်၊ အုတ်ပြသာဒ်တည်လုပ်ရာ မင်္ဂလာအိမ်တော်ယာဝင်း ပတ်လည်ရှိ တိုက်အိမ်များကို ငွေတော် သနားတော်မြတ်ခံ၍၊ ပြောင်းရွှေ့စေ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း၊ ရွှေမြို့တော်ဝန် မြို့သာမြို့စားမင်းရှေ့၊ နောက်ပြင် ထောင်မှူးဟောင်း မောင်လင်း၊ အုတ်ဝန်သံတော်ဆင့်ဟောင်း၊ ဆင်ဝန်ထောက်ကျွန်တော်မျိုး ငစိန်၊ ထောင်စာချီ ငမှော်၊ အရပ်အုပ် ငငယ်။ မြို့စားမင်းထင်ကျော်ခေါင်တို့စုံညီ၊ မင်္ဂလာအိမ်တော်ယာဝင်း ပတ်လည်ရှိ တိုက်အိမ်များကို၊ အဘိုးချေပေး ဝယ်ယူဖျက်သိမ်းစေသူ စာရင်းဘုရား

(အိမ်ရှင်အမည်နဲ့ ဈေးနှုန်းငွေသင့်စာရင်းကိုချန်ခဲ့မယ်)

| | | |
|---|---|---|
| တိုက်အိမ် | ၄ ဝယ်ငွေသင့် | ၉၂၀ |
| (ဖျက်ယူပြောင်းစေ)တိုက်ငယ် | ၆ | ၇၅ |
| (ဖျက်ယူပြောင်းစေ)ဇလီသတ်အိမ် | ၅ | ၂၂၅ |
| (ဖျက်ယူပြောင်းစေ)ကွပ်ကာအိမ် | ၄၄ | ၆၀၅ |
| | —— | ———— |
| | ၅၉ | ၁၈၂၅ |

ဒီစာရင်းမှာကြည့်ရင် အပြီးဝယ်ယူလိုက်တဲ့ တိုက်အိမ် ဆိုတာဟာ လေးလုံး၊ တစ်လုံးကို ငွေ ၂၃၀ ပဲ တန်မယ်။ အဲဒီ တိုက်တွေဟာ လေးခန်းဖွင့် တိုက်ကြီးတွေဖြစ်တယ်။ မြေဘိုးလည်းပါသေးတယ် ဆိုပါတော့။ တိုက်တစ်လုံးငွေ ၂၃၀ ဟာ ဟိုတုန်းက ငွေဈေးကြီးလို့ဆိုပေမယ့် တိုက်ကလည်း ခပ်ချာချာဖြစ်ရ မယ်။ ကျန်တာတွေကတော့ ဖျက်ပြီး ကိုယ့်ပစ္စည်းကိုယ် သယ်သွားလို့ရမယ်။ ဒီတော့ တစ်အိမ်ကို လျော်ကြေးငွေ ၁၆ လောက်ပဲ ပေးတော့တယ်။ တိုက်ကြီး တစ်လုံး အပြီးဝယ်တာ ငွေ ၂၀၀ ကျော်ပဲ ပေးရရင် အိမ်ငယ်ကို ငွေ ၂၅နှင့် ၃၀ လောက်ပဲပေးရမယ် ထင်ပါတယ်။ အချုပ်ကတော့ မန္တလေးမြို့ပေါ်မှာ

စည်းကားတဲ့ ဈေးချိုနီးနီးမှာနေတဲ့ သာမန်အရပ်သား တယောက်ရဲ့ နေထိုင်ရေး အဆင့်ဟာ နိမ့်တယ်လို့ပဲပြောရမယ်။ သူနေတဲ့နေရာကို အိမ်လို့သာတင်စားပြီး ခေါ်နေရတယ်၊ လေးတိုင်စင် သာသာပဲရှိမယ်။ တစ်ဖက်က သကျသီဟဘုရားအတွက် အုတ်ပြသာဒ်ဟာ အစုစုကုန်ငွေ ၃၀၉၀၉၈ ကျပ်နဲ့ ၃ မူး ဖြစ်ပါ တယ်၊ တံတိုင်းအတွက် ငွေ ၂၀၂၇၀ ကျပ် ၂ မူး ၁ ပဲ ဖြစ်တယ်၊ ဒီတော့အစုစု ငွေ ၃၂၉၃၆၈ ကျပ် ၅ မူး ၁ ပဲ ကုန်သွားပါတယ်။

စောစောကပြောခဲ့တဲ့ မန္တလေးမြို့ကွက်ချပြီး နေရာပေးဝေတဲ့ မြေပုံမှာ ကြည့်ရင် ထပ်တွေ့နိုင်သေးတဲ့ စိတ်ပါဝင်စားစရာတွေကတော့ လက်မှုပညာသည်ဆိုတဲ့ ရွှေချည်ထိုး (၁၈၆)ရယ် မျက်ပါးရပ်(၁၉၄)ရယ် ဆိုတာတွေကို တောင်ပြင်မှာ အများဆုံး တွေ့ပါတယ်။ ဈေးအနေနဲ့ ဈေးချို(၂၅၅)၊ မင်္ဂလာဈေး(၁၅၈)နဲ့ ရဟိုင်းဈေး(၂၆၂) ဆိုတာတွေပဲ မူလ အကွက်ချတဲ့ အထဲမှာတွေ့တယ်၊ ပြီးတော့ အမည်သီးခြားမပါဘဲ ဈေးလို့ သာမည ရေး ထားတဲ့အတွက် (၃၀၇)တစ်ခုကို အိမ်တော်ရာ ဘုရားတောင်ဖက် ရွှေတချောင်းရဲ့ အရှေ့ဘက် ကမ်းပေါ်မှာ တွေ့ပါသေးတယ်။ သံတဲကို ရွှေယင်းမာ ဥယင်နဲ့ကပ်ပြီး တွေ့ပါတယ်။ အဲဒီ လိုပဲစိတ်ပါဝင်စား စရာကောင်းတဲ့ အစုအကွက်နဲ့ ဝင်းတွေက နတ်အုပ်(၂၄၆) အနိပ်တော် ဝင်း(၇၅)သမားတော်ဝင်း(၁၆၇)နဲ့ ကုလားဝင်း(၂၅၄)တွေပါဘဲ။ အခုတက္ကသိုလ်နားက ရေနီမြောင်းကိုတော့ 'သေ္တတ်ဝန်ကြီး နေစံတူးသည့် တူးမြောင်း'လို့ ရေးထားတာတွေ့ပါတယ်။ အဲဒီမြောင်းနဲ့ မြို့အရှေ့ဖက် တောင်ဖက်အကွက်ချပုံကို 'ရွှေမြို့တော်ရှေ့မျက်နှာ၊ တောင်မျက်နှာ ရေထုတ်ရန်ပုံစံ'ဆိုတဲ့ နောက် ပုရပိုက်မြေပုံမှာ ပိုပြီး ရှင်းလင်းအောင်တွေ့ရပါတယ်။ အဲဒီမြေပုံမှာ နန်းတော်ကအရှေ့တည့်တည့် ထွက်သွားတဲ့လမ်းရဲ့ မြောက်ဖက်မှာ 'တိုက်တော်' လို့နေရာကွက်ချန်ပြီး အဲဒီတိုက်တော် နေရာရဲ့ တောင်မှာ အမှုထမ်းတွေကို နေရာချထား ပါတယ်။ အဲဒီ ချထားခံရတဲ့ အမှုထမ်းငွေက မြောက်ကနေ တောင်ကိုအစဉ်အလိုက်

၁။ ရွေးကြီးလှေ၊ ၂။ ပရိက္ခရာထမ်း၊ ၃.... :မြင်း၊ ၄။ ရွှေပြည်ရန်အောင်၊ ၅။ စို့ ၄၀ ဒိုင်း၊ ၆။ အက္ကပတ်မြင်း၊ ၇။ ရှေ့ဝင်း၊ ၈။ ဝန်းကျင်၊ ၉။ ကင်းတား၊ ၁၀။ လင်ဇင်း၊ ၁၁။ ရွှေလှံ၊ ၁၂။ လက်ျာဝင်း၊ ၁၃။ နောက်ဝင်း၊ ၁၄။ လက်ဝဲဝင်းတွေ ဖြစ်ပါတယ်။ အဲဒီ အမှုထမ်းတွေ နေရာထဲမှာ ရေထုတ် မြောင်းက အစ ပထမ အရှေ့က အနောက်၊ ပြီးတော့ တောင်၊ ပြီးတော့ အနောက်၊ ပြီးတော့ တောင်၊ ပြီးတော့ အနောက်တောင်ကို ချိုးတဲ့အခါ အခုခေတ် ရေနီမြောင်းအတိုင်း ဖြစ်သွားပြီး 'သေ္တတ်ဝန်ကြီး တူးမြောင်း'နဲ့ သွားပေါင်းတယ်။ 'သေ္တတ်ဝန်ကြီး တူးမြောင်း'ဆိုတာကလည်း ဗောဓိကုန်းနဲ့ တက္ကသိုလ်ဝင်းကြားထဲက အရှေ့က အနောက်ကိုစီးဆင်းနေတဲ့ ရေဆိုးမြောင်းပဲ ဖြစ်ပါတယ်။ မြို့တော်တည်စကပဲ ရေဟောင်းထုတ်တဲ့ မြောင်းရှိပါတယ်။ အနောက်တိုင်းပညာနဲ့ ကြံစည်စမ်းသပ်ပြီး ၁၉၆၅ ခုမှာ ရေထုတ်မြောင်းစနစ် လုပ်တော့လဲ ဒီပုံစံပါဘဲ။ အခုစာရေးတဲ့ ၁၉၆၈ခုမှာ လုပ်လို့ မပြီးသေးပါဘူး။

မန္တလေးအနောက်ပြင်ကို ၁၈၇၃ ခုနှစ်က တာဝန်ယူပြီး တိုးချဲ့ခဲ့ရတဲ့ လှေသင်း အတွင်းဝန်ဟာ သူ့တာဝန်ကို နောက်ကိုးနှစ်ကြာတော့ ဆက်လုပ်တယ်။ မှတ်တမ်းအဖြစ် အခုစီလမ်းလို့ခေါ်တဲ့ လမ်းပေါ်မှာ ကျောက်စာ တစ်မျက်နှာ တစ်တိုင် ထားခဲ့ပါတယ်။

## လှေသင်းအတွင်းဝန်မင်း လမ်းကျောက်စာ

၁။ အတွင်းဝန်လှေသင်းဝန် စလေမြို့စားမင်းကြီး သီရိမဟာ ဇေယျကျော်ထင်
၂။ အတွင်းဝန်ကတော် နတ်မောက်မြို့စားတို့သည်။ ကမ္ဘာအသချေ်။ ကြာစေ
၃။ လတ်တုံ။ ကြိုက်ကြဲခဲလှ။ ဗုဒ္ဓပ္ပာဒခေတ်မြတ်ကို။ ဆတ်ဆတ် ကြုံကြိုက်
၄။ ရသည်နှင့်အညီ။ ဘဝသုံးပါး။ ရထားမလည်။ ရွှေပြည်နက်သန်။ နိဗ္ဗာန်
၅။ ထုတ်ချေစံ။ မျက်မှေစံပြုရန်။ ရည်သန် ပြဋ္ဌာန်းသဖြင့်။ မန္တလေး ရတနာပုံ
၆။ ရွှေမြို့တော်၏နေစံပြင်။ ကြေးမှုံတခါးလမ်း။ ရွှေတချောင်း မြောင်း၏
၇။ အနေစံ။ တလျှေစံခရီး။ တန်စီးညွှန်ရေတို့ဖြင့်။ သန်နွှေမိုးဆောင်း။မ
၈။ ကောင်းကျန်းခက်၊ လမ်းကုမဂ်တွင်။ ဆောင်ရွက်သင့်ရာ။ သုဘာသုဘာ
၉။ ကိစ္စခဲအင်။ အတင်တင်ကြောင့်၊ ငြိုင်ငြင်ပင်ပန်းစွာ။ သွားလာကူးသန်း
၁၀။ ကြသော။ ရဟန်းရှင်လူ။ ခပ်သိမ်းသူတို့အား ညည့်နေမဟူ။ ကြည်ဖြူရွှင်
၁၁။ ဝမ်း၊ ချမ်းချမ်းသာသာ။ သွားလာကူးသန်းနိုင်စေရန်။ ရွှေတချောင်း
၁၂။ ကူး၊ တံတားဦးဇရပ်နှင့်တကွ။ အနောက်ကို သွတ်မိုး ပျည်ခင်း ဝဲယာ
၁၃။ တံတားခန်းရေ ၁၆၄။ ၎င်းဝဲယာနှစ်သွယ်၏အလယ်။ ရွှေတချောင်း
၁၄။ မြောင်းအကူးမှ။ အနေစံကိုမြေမြို့ ကြီးရေ ကြည့်တံခါးရေစံ။၎င်က
၁၅။ တောင်ကိုလျှောက်၍ ပိုက်ကြုံးတံခါးရေစံ။ ၂ ရပ်တာပေါင်း ၆၇၇ ရှိ။
၁၆။ ကျေစံလမ်းတံတားကြီးမှစ၍။ ပုဏ္ဏားကုန်း သုသာန်တွင်။ အတွင်းဝန်
၁၇။ မင်းအဘ၏အလောင်းကို သင်္ဂြိုဟ်ရာဌာနပျည်ဇရပ် ၁။ ၎င်၏ တောင်
၁၈။ ဘက်တွင်။ အတွင်းဝန်ကတော် အမိရှေ့ဝင်းမှူး ကတော်ကြီး၏။
၁၉။ သင်္ဂြိုဟ်ရာဌာနအုတ်ဇရပ် ၁။ ၎င်းဇရပ်မှ အနေစံကိုလျှေစံ၍။ သုသာန်
၂၀။ မြေ၏အကာအရံ တံတိုင်းမီးတားများကို။ ၁၂၄၄ ခုကစ၍။ ၁၂၄၇ ခု
၂၁။ နှစ်တိုင်အဆေစံအအူနှင့် လျှော်စွာ။ ဆိုင်သင့်ရာရာ။ စုစုစရိတ်
၂၂။ ငွေ ၃၄၈၄၄ ၅ျူ ဝဲ လုပ်ဆောင်ကုန်ဝင်သည့် ကုသိုလ်၏အဘို့ကို
၂၃။ တွေ့မြင်ကြားသိ သူတို့။ ပတ္တာနုမောဒန်အဖြစ်။ သစ်သစ်ကြည်
၂၄။ ညို။ ကုသိုလ်တရားပွားများစေခြင်းငှာ။ ဤကျေစံစာ ကမ္ဗည်းကို
၂၅။ ထိုးမှတ်ရေးသား ထားပါသတည်း

ဒီမှတ်တမ်းအရ စီလမ်းကို ရွှေတချောင်းကစပြီး ချောင်းကူးတံတား၊ တံတားဦးဇရပ်၊ ဇရပ်က ဖြစ်ဆိပ်ရေကြည့်တံခါး၊ အဲဒီက ပိုက်ကြုံးတံခါးထိ၊ အစုစု ၂၄ မိုင်ခွဲလောက်ရှိတဲ့လမ်းကို ခင်းတာရယ်၊ သင်းချိုင်းဇရပ် နှစ်ဆောင်ရယ် ကုန်ကျငွေ သုံးသောင်းခွဲရှိတယ်လို့ သိရပါတယ်။ ဒီအဆောက်အဦးတွေကို ၁၈၈၂ ခုကစပြီး ၁၈၈၅ ခုမှာပြီးတယ်။ သီပေါမင်း ပါတော်မူချိန်မှာပေါ့။ အဲဒီအခါက ဒီလှေသင်းဝန်မင်းဟာ အရေးအပါဆုံး စစ်ဗိုလ်ဖြစ်ပါတယ်။

## မန္တလေးခေတ်ဦး နိုင်ငံခြားဆက်ဆံရေး

မင်းတုန်းမင်းကို မြို့ကြီးတည်တယ်၊ သင်္ဂါယနာတင်တယ်၊ ကျောက်တော်ကြီး ထုထယ်နဲ့ အားပါးတရချီးမွမ်းစရာတွေ ပြောနေကြပေမယ့် သူ့လက်ထက်မှာ အရေးအကြီးဆုံး ပြဿနာဟာ အင်္ဂလိပ်ကျူးကျော်တဲ့ရန်နဲ့ အဲဒီရန်ကို အရှည်သဖြင့် ဘယ်လိုဟန့်တားမလဲ၊ ဘယ်လိုသေးသိမ်ပြီး ပျောက်သွားအောင် ဘာလုပ်မလဲ၊ ဆုံးရှုံးသွားတဲ့နယ်မြေတွေကို ပြန်ရနိုင်ဘို့ အလားအလာရှိသလား။ တကယ်လို့ အနုနည်းနဲ့မပြေပြစ်ရင် အကြမ်းဖက်က အားကိုးစရာဘာရှိသလဲ၊ အဲဒါတွေက အခုခေတ်သုံးစကားနဲ့ပြောရင် မင်းတုန်းမင်းကို သမိုင်းကပေးတဲ့ တာဝန်ပါပဲ။ သူဘာတစ်ခုမှ ဖြစ်မြောက်အောင်လုပ်မသွားနိုင်ဘူး။ ကျရောက်မယ့် အန္တရာယ်ကို ချက်ချင်းမဖြစ်အောင် နည်းနည်းရက်ဆွဲထားနိုင်တာ တစ်ခုပဲ သူလုပ်လို့ ရပါတယ်။ ဒါပေမယ့် အဖြစ်အပျက်ကလေးတွေကို နည်းနည်း ပြည့်စုံအောင် လေ့လာရတာ ပျော်စရာကောင်းပါတယ်။ **မကွေးမင်းကြီးက** မင်းတုန်းမင်းဘက်ကနေပြီး ၁၇ ဖေဖော်ဝါရီ ၁၈၅၃ မှာ အမရပူရကိုသိမ်းလိုက်တယ်။ အဲဒီရက်ကစပြီး အင်္ဂလိပ်နဲ့ စစ်ဖြစ်နေတာဟာလဲ ရပ်စဲပြီးပြတ်သွားတယ်လို့ ဆိုရပါမယ်။ အမှန်က မင်းတုန်းမင်း နန်းရတာဟာလည်းအင်္ဂလိပ်နဲ့ ဒုတိယ စစ်ဖြစ်နေတုန်း ဖြစ်တော့ သူကပဲ စစ်ပြေငြိမ်းကြဘို့ စီစဉ်ရပါတယ်။ ကျောက်မော်မြို့စား (မကွေးမင်းကြီး) ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှ သီဟသူကို ၂၂-၃-၁၈၅၇ မှာ ပြည်မြို့နေ အင်္ဂလိပ်အရေးပိုင်နဲ့ စကားဆိုဖို့ လွှတ်တယ်။ ကွန်မိုဒိုလမ်ဘတ် (Commodore Lambert) ဂျင်နရယ်ဂေါ့ဒွင် (General Godwin) နဲ့ ကပ္ပတိန်ဖယ်ရာ (Captain Arthur Phayre) တို့နဲ့ မြန်မာဝန်ကြီး ၃၁-၃-၅၃ မှာ



တွေ့ကြတယ်။ ဝန်ကြီးမရောက်ခင်ကဘဲ မြန်မာဖက်ကကြိုတင် ပြောဟောဖို့ ခရစ်ယာန် ဘုန်းကြီး ဖာသာဒေါမိန်ကို တရော်လီ (Father Domingo Tarolly) နဲ့ ဖာသာပေါလို အဘိုနာ (Father Paulo Abbona) ဆိုတဲ့ မြန်မာခေါ် ဒေါင်ဒမိန်ကူနဲ့ ဒေါင်ပေါက်လုတို့ ရောက်ပြီး ဖြစ်တယ်။ စောစောက အင်္ဂလိပ်ဟာ ပြည်မြို့ အထိ ယူပြီးသား။ ခုတစ်ကြိမ် မြေထဲအထိ တက်ယူထားပြန်တာကိုတွေ့ရလို့ သူတို့လည်း အံ့သြနေတယ်။ ဖယ်ရာဟာ သူ့သဘောနဲ့သူ အင်္ဂလိပ်ပိုင်မြေလို့သတ်မှတ်ဖို့ အဖိုးတန်သစ်တော တစ်ခုပါအောင်အတော်ကို တိုးယူထားတာပဲ ဖြစ်တယ်။



မြေထဲခံမြို့မြောက် ခြောက်မိုင်အကွာက ရှေ့နောက်လတ်တိ ကျွတ်မျဉ်းသား၍ အနောက်ရခိုင် (ဘိုးခေါင်တောင်ဦး တောင်ထိပ်)ထိ၊ အရှေ့ကို စစ်တောင်းမြစ်နှင့် ကရင်နီနယ်ထိ (သတ်မှတ်လျှင်) အကောင်းဆုံးဟု ဆိုရမည့် နယ်သားအားလုံးကို (အင်္ဂလိပ်)တို့ ရမည့်အပြင် တောင်ငူသစ်တော၏ အဖိုးတန်ပေ့ဆိုသည့် အပိုင်းလည်း (အင်္ဂလိပ် )ဖက်တွင် ပါဝင်ကြောင်း-

ဖယ်ရာကသိလို့ ဒီလိုထိုးထားတယ်။ ပြီးတော့ ဒီနယ်သတ်မှတ်တဲ့အတိုင်း သဘောတူ စစ်အေးစာချုပ် လက်မှတ်ထိုးပါလို့ခိုင်းတော့ မြန်မာဝန်ကြီးဟာဘယ် ထိုးရဲမလဲ။ ဂေါ်ဒွင်က ဖယ်ရာမတရားဘူးလို့ ယူဆတယ်။ ဒါပေမယ့် အချင်းချင်းမို့ ပြင်းပြင်းထန်ထန် မကန့်ကွက်ဘူး။ မင်းတုန်းမင်းဟာ ဒီစာချုပ်ကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ဖူးလို့တော့ သူတို့အကဲခတ်မိကြပါတယ်။ အင်္ဂလိပ်ဟာ ငါတို့ စစ်တပ်ရောက်တဲ့အထိ နယ်မြေကိုပိုင်းပြီး ယူလိုက်ပြီလို့ဆိုရင် ရိုးသားရာရောက်မယ်။ ခုတော့ ဗမာနဲ့မွန်မတဲ့တာကို သွေးခွဲစနစ်သုံးချင်တော့ ရှေးဟံသာဝတီ မင်းတို့ပိုင် ပဂိုးနယ်ပယ်တွေကို ရက်စက်တဲ့ ဗမာ လက်ထဲက ဖဲ့ထုတ်ပြီး ကယ်တင်လိုက်ပြီလို့ တစ်ဖက်က ဝါဒဖြန့်ကောင်းအောင်ပြောပြီး လက်တွေ့က ပဂိုးနယ်ကိုလွန်ပြီး အထက်မိုင်တစ်ရာကျော် တိုးယူထားတာဖြစ်လို့ ဖယ်ယာ ကိုယ်တိုင်ပြေလည်အောင် မပြောတတ်တော့ဘူး၊ ဒါပေမယ့် လက်နက်အားကိုးရှိတော့ မာနိုင်တယ်။ မင်းတုန်းကလဲ အသိအမှတ် မပြုချင်ဘူးပေါ့။ ဒါပေမဲ့ ဆန့်ကျင်ဖက်လဲ ဘယ်လုပ်ဝံ့မလဲ။ လက်တွေ့အဖြစ်အပျက်ကို မသိချင်ယောင်ဆောင် နေလိုက်တယ်။ အင်္ဂလိပ်တပ်တွေကို အတိုက်အခိုက် မရှိစေရလို့ အမိန့်ထုတ်တယ်။ တစ်နည်းအားဖြင့် စစ်ရပ်စဲပြီး အင်္ဂလိပ်ဟာ ရောက်ရာမှာပဲနေတော့လို့ ဆိုလိုတယ်။ ပြီးတော့ ပထမမြန်မာ အင်္ဂလိပ်စစ် (၁၈၂၆) တုန်းကလို စစ်လျော်ကြေးတောင်းပြီး ငွေမရခင်သာ ရန်ကုန်မှာ တပ်စွဲနေပြီး ငွေပြေနီးနီးရတော့ ရန်ကုန်က ထွက်သွားသလို လုပ်ပါလား၊ ငွေဘယ်လောက် ပေးရမလဲလို့ အင်္ဂလိပ်ကုန်သည် **တောမတ်စပီရာ** (Thomas Spears မြန်မာအခေါ် စပြစ်ရာ)ကို မင်းတုန်းမင်းက ခေါ်မေးတယ်။ ဒါမျိုးကိုလည်း အင်္ဂလိပ်က လက်မခံဘူးပေါ့။ အိန္ဒိယမှာရှိတဲ့ ဘုရင်ခံချုပ် ဒါလဟိုဇီ (မြန်မာအခေါ် ဒါလဦးသီ) ဟာ ဖယ်ရာလုပ်သမျှ ထောက်ခံပြီးသားဖြစ်တယ်။ သူစိုးရိမ်တာက အင်္ဂလန်ကျွန်းပေါ်မှာရှိတဲ့ လူများစုရဲ့ အတွေးအခေါ်မှာ





သူများနယ်ကို လုယူကြပြန်ပလားလို့ သူခိုးခမြေတွေလို ဒါလဟိုဇီတို့အုပ်စုကို အပြင်းအထန်ကဲ့ရဲ့ပြစ်တင်လာမှာ တစ်ခုပဲ စိုးတယ်။ ဒီတော့ ကျေကျေနပ်နပ် လက်မှတ်ထိုးပြီး စစ်ပြေ ငြိမ်းတယ်ဆိုရင် ကောင်းမယ်။ မြန်မာဘုရင်သစ်က နယ်မြေကို အင်္ဂလိပ်ဟာ မြေထဲ အထက်ရောက်အောင် မယူပါနဲ့၊ ပြည်အထိပဲယူပါ၊ စာချုပ်လက်မှတ်ထိုးပါ့မယ်ဆိုရင် လက်ခံပါလို့ မှာတယ်။ မြန်မာဘုရင်ကလည်း နယ်မြေကိုလက်မှတ်ထိုးပြီး ကျေကျေနပ်နပ် ပေးပစ်တယ်လို့ ရာဇဝင်အတွင်မခံချင်တော့ စာချုပ်လက်မှတ်မထိုးဘူး။ ဒီတော့ စစ်ပြေငြိမ်း စာချုပ်လက်မှတ်မထိုးဘဲ နယ်မြေ လုယူထားတာကို အသိအမှတ်မပြုပေမဲ့ မကန့်ကွက်ဘဲ နေလိုက်တာနဲ့ပဲ စစ်အေးသွားပါတယ်။ မြန်မာတွေ ဘယ်လိုစိတ်သဘောထားနဲ့ ဘာတွေလုပ်နေ သလဲဆိုတာသိဖို့ မြန်မာမြို့တော်မှာရှိတဲ့ ကုန်သည် တောမက်စပီရာကို အထောက်အလှမ်း ခိုင်းပါတယ်။ ဒီတော့ ၁၈၅၃ ခုက ၁၈၆ဝ ခုအထိ စပီရာဟာ နာမည် မခံတဲ့ အင်္ဂလိပ် ကိုယ်စလှယ် ဖြစ်ပါတယ်။ သူက အင်္ဂလိပ်ဖက်ကို သတင်းပို့ရတယ်လို့လဲ မြန်မာတွေသိပါတယ်။ မြန်မာဖက်နဲ့ဝင်ဆံ့တဲ့ တခြား နိုင်ငံခြားသားတွေကတော့ ပေါ်တူကီ အမျိုးသား **ကမရတ္တ** (Antonio Camaretta) နဲ့ အာမီနီယန် အမျိုးသား ဂျိုဟဲနစ်ဆာကစ်မာနွတ် (Johannes Sarkies Manook) တို့ ရှိတယ်။ သူတို့ရယ်၊ ပီရာရော ဒေါင်ပေါက်လူပါ အဲဒီလူတွေက အားလုံးကို အင်္ဂလိပ်ဆက်ဆံရေးမှာ မင်းတုန်းမင်းက တိုင်ပင်ပါတယ်။ တစ်ဖက်မှာ မင်းတုန်းမင်းဟာ အင်္ဂလိပ် ပြင်သစ်မတဲ့တာကိုသိလို့ ပြင်သစ်နဲ့ အဆင်ပြေဖို့ ကြိုးစားကြည့်ပါတယ်။ ပြင်သစ်သံအဖြစ်နဲ့ ဂျင်နရယ် **ဒေါ်ဂေါရနီ** (M.D˘Orgoni)ဟာ အမရပူရကို ၇ ဩဂုတ် ၁၈၅၃မှာရောက်လာပြီး ၄ ဇန်နဝါရီ ၁၈၅၄ မှပြန်တယ်။ ဒေါ်ဂေါရနီဟာ ၄ ဂျွန် ၁၈၅၅ မှာတစ်ခါ ပြန်လာပြီး ၂၆ ဖေဖော်ဝါရီ ၁၈၅၆ မှ ပြန်တယ်။ ဒါပေမယ့် ပြင်သစ်က မြန်မာကို အရာရောက်အောင် မကူညီနိုင်ပါဘူး။ ဒီလူဟာလည်း ပြင်သစ်အစိုးရကိုယ်စလှယ် အတုပဲဖြစ်တယ်။ ဂိရောဒွန် (Girodon) လို့ ခေါ်တဲ့ လူရှုပ်ပါပဲ။ အမေရိကန်နဲ့အဆင်ပြေရင် အကူအညီတစ်မျိုးမျိုး ရကောင်းတယ် ဆိုပြီး ပေါင်းကြည့်ပါသေးတယ်။ အမေရိကန် သာသနာပြု ဆရာကင်းကိပ်(Rev, Mr Kinkaird)နဲ့ ဆေးဆရာ ဒေါ်စည်တို့က ၁၇ ဧပြီ ၁၈၈၅ "မြန်မာရေးဘာသာ ရာဇဝင်မှာ ဂဏန်းတွက်ပုံ စာအုပ်များဆက်" ဟယ်လို့ သိရတယ်။ ဒါ့ထက်ပိုပြီး ဘာမျှမတတ်နိုင်ကြပါဘူး။





အင်္ဂလိပ်ဖက်က ဖယ်ရာနဲ့ စပီရာတို့ပဲ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ် အခြေအနေမျိုးရောက်အောင် ဖန်တီးနိုင်သူတွေ ဖြစ်နေပါတယ်။ ဒီ လူနှစ်ယောက်ရဲ့အကြောင်း အခြေခံသိဖို့ လိုပါတယ်။ **ဖယ်ရာ** (Arthur Purnes Phayre) ဟာ မင်းတုန်းမင်းဘုရင်ဖြစ်တဲ့ ၁၈၅၂ ခုမှာ အသက်လေးဆယ် ရှိပြီ။ အိုင်ယာလန်လူမျိုး၊ အသက် တစ်ဆယ့်ခြောက်နှစ်သားကစပြီး ဘင်္ဂလားတပ်မှာ ဝင်အမှုထမ်းတယ်။ စစ်မှုမှာထက် အုပ်ချုပ်ရေးမှာ ပိုပြီး ဝါသနာ ပါတာကြောင့် မော်လမြိုင်မှာ ခဏ အမှုထမ်းရာက ၁၈၇၇ခုမှာ ရခိုင်ကို ဝန်ထောက်အဖြစ်နဲ့ ရောက်လာပါတယ်။ နောက် ၁၈၄၈ခုမှာ ရခိုင်အရေးပိုင် ဖြစ်လာတယ်။ ဝန်ထမ်းတစ်သက်မှာ အလုပ်ကြိုးစားပြီး တာဝန်ကျေပွန်လို့ အထက်လူကြီးရဲ့ အချီးမွမ်းကို အမြဲခံရတယ်။ ကြွားဝါခြင်းမရှိ။ လေ့လာစူးစမ်းမှုလဲရှိတယ်။ အုပ်ချုပ်ရေးသမား ဆိုပေမယ့် တစ်စိတ်တစ်ပိုင်း စာပေသမားလို့ဆိုရင် ဖြစ်တယ်။ မြန်မာစာကို လေ့လာတယ်။ မြန်မာစကား ပြောတတ်လာတယ်။ မြန်မာရာဇဝင်တစ်အုပ် ရေးခဲ့တယ်။ ဒီလူကို ဒါလဟိုဇီက ရွေးထုတ်ပြီး အသစ်သိမ်းပြီးတဲ့ အောက်ပိုင်းမြန်မာနိုင်ငံကို အုပ်ချုပ်ဖို့ ၁၈၅၂ ခုမှာ အရေးပိုင် ခန့်တယ်။ သူ့ထက်လုပ်သက်ရင့်တဲ့ အာခိဘယ်ဘော့ဂလေ (Archibald Bogle)ကို ကျော်ပြီး ခန့်ရတာမို့ ပထမအနေနဲ့ သင့်ပါ့မလားလို့ ထင်ကြတယ်။ နောက်တော့ သူ့ကို ရွေးတာမှန်တယ်လို့ပဲ အများကဆုံးဖြတ်ပါတယ်။ ပိုပြီးချီးမွမ်းကြတာက မြန်မာက အင်္ဂလိပ် အပေါ်မှာ စိတ်နာနေတုန်း ပြေပြစ်အောင် လုပ်ရတာပဲဖြစ်တယ်။

တောမတ်စပီရာက အမရပူရမှာ တစ်ဆယ့်ငါးနှစ် အထည်ကုန်သည် အဖြစ်နဲ့ နေပြီး ဗမာ အင်္ဂလိပ် ဒုတိယစစ်အတွင်းက အဖမ်းခံရသေးတယ်။ စကော့လူမျိုးဖြစ်ပြီး မချိုဆိုတဲ့ ဗမာမနဲ့ အိမ်ထောင်ကျနေတယ်။ အင်္ဂလိပ်ဆီကို သတင်းမှန်မှန် ရေးပို့နိုင်ရင် တစ်လ ၂၅၀ိ/– ပေးမယ်။ နှစ်ကုန်လို့ သူ့ကို သဘောကျရင် တလ ၄၀၀ိ/– နှုန်းနဲ့ လိုငွေကို ဖြည့်ပေးမယ်လို့ သဘောတူကြတယ်။ ဒီလို သူ့မှာတာဝန်ပါလာတယ်လို့ သူရန်ကုန်က ပြန်လာတဲ့ ၁၈၅၃ ခု ဒီဇင်ဘာလကပဲ မြန်မာတွေကသိပါတယ်။ မင်းတုန်းမင်းက သူ့ကို ခေါ်ပြီး အင်္ဂလိပ်တွေဆီ ရောက်စေချင်တဲ့ သတင်းကို ပြောလေ့ရှိတဲ့အထိ အဆင်ပြေပါတယ်။ အမှန်က ရှင်ဘုရင်က ဒီလိုရေး၊ ဟိုလိုရေးနဲ့ ဝင်ပြောလွန်းလို့ တခက်လို့သိရတယ်။ ခင်မင်မှုနဲ့ အောက်ပိုင်းဗမာနိုင်ငံကို ပြန်ရမယ်လို့ မျှော်လင့်ခဲ့တာလဲ မှန်တယ်။ စပီရာကတော့ တစ်ဖက်စီးနင်းမလုပ်ရှာဘူး။ သူကတဆင့် ရှင်ဘုရင်ဟာ အရောင်းအဝယ်လဲ လုပ်ရလို့ အကျိုးဖြစ်ထွန်းပါတယ်။ အထက်မြန်မာနိုင်ငံကထွက်တဲ့ ဂျုံနဲ့ပဲကို မင်းတုန်းမင်းက ချုပ်ဝယ်ပြီး ၁၈၅၄ ခုနှစ်မှာ စပီရာကတစ်ဆင့် ပြည်မြို့မှာရှိတဲ့ အင်္ဂလိပ်တပ်အတွက် ရိက္ခာအဖြစ်နဲ့ တင်းတစ်ရာကို ၂၀၀ိ/၂၅၀ိ/ ဈေးနဲ့ တင်းပေါင်း ၂၀၀၀၀နီးပါး သွင်းခဲ့တယ်။ မြန်မာအင်္ဂလိပ်စစ်ပြီးစ၊ မြန်မာမင်းက အင်္ဂလိပ်စစ်တပ်ကို ရိက္ခာသွင်းနေတယ်ပေါ့။

မြန်မာဖက်က ပြောစရာရှိတာတွေ အိန္ဒိယကိုသွားပြီး ကာလကတ္တားမှာ တိုက်ရိုက်ပြောပါလားဆိုတာနဲ့ မြန်မာသံအဖွဲ့ကို ၂၀ စက်တင်ဘာ ၁၈၅၄ မှာ လွှတ်ပါတယ်။ သံကြီးက မင်းကြီးမင်းမဟာမင်းခေါင်ရာဇာ(နန်းမတော်ဝန်) ဖြစ်တယ်။ စစ်ဖြစ်ကြတုန်းက နယ်မြေသိမ်းထားမိရင် စစ်အေးလို့ မဟာမိတ် ပြန်ဖြစ်ကြတဲ့အခါ သိမ်းနယ်ကို ပြန်ပေးတမ်းပဲ မဟုတ်လားဆိုတာ မေးဖို့သွားတယ်။ ဒါလဟိုဇီက ၂၆ ဇန်နဝါရီ ၁၈၈၅ မှာ ခပ်ရှင်းရှင်းပဲ "နေမင်း ထွန်းပနေသေးသရွေ့ ဒီနယ်တွေ အဝမင်းလက်ကို ပြန်ပေးလိမ့်မည် မဟုတ်" လို့ ဖြေခဲ့တယ်။ ပြီးတော့ ပြန်ပြီး မိတ်ဆွေဖြစ်ကြပြီဆိုရုံနဲ့ မပြီးသေးဘူး။ မဟာမိတ်စာချုပ်ကို လက်မှတ်ထိုးပါ။ စာချုပ်မရှိရင် ကုန်သည်တွေကစွန့်ပြီး ရောင်းဝယ်ကြမှာ မဟုတ်လို့ ရောင်းဝယ်ရေးကို ထိခိုက်တယ်။ စာချုပ်စကားပြောရအောင် အင်္ဂလိပ်သံအဖွဲ့ကို လွှတ်မယ်လို့ ပြောလိုက်ပါ သေးတယ်။ မြန်မာသံအဖွဲ့ဟာ ၁၄ ဖေဖော်ဝါရီ ၁၈၅၅ မှာ အမရပူရကို ပြန်ရောက်တယ်။ အင်္ဂလိပ်သံဟာလည်း ၂ ဩဂုတ် ၁၈၅၅ မှာ နယ်ခြားက မြန်မာနယ်ထဲဝင်ရာ ၁စက်တင်ဘာ ၁၈၅၅ မှာ မြန်မာမြို့တော် သံတဲကို ရောက်ပါတယ်။ မြန်မာနိုင်ငံရဲ့အကြောင်း သိနိုင်သမျှသိရအောင် ပညာရှိလူရည်ချွန်တွေရွေးပြီး သံအဖွဲ့မှာ ထည့်လိုက်တယ်။ ဒီတုန်းကပဲ နောက်တစ်ချီ ရန်စပြီး မြန်မာနိုင်ငံလုံးသိမ်းရင်အခု စုဆောင်းရရှိမဲ့ အချက်အလက်တွေဟာ အသုံးဝင်တယ်လို့ဆိုပြီးလွှတ်ခြင်းပဲ ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ သံအဖွဲ့ထဲမှာ–

ဒေါက်တာ ဂျွန်ဖော်ဆစ် (John Forsyth)က ရာသီဥတုနဲ့ ကျန်းမာရေး အခြေအနေရယ်၊ သဘာဝထွက်ကုန်အကြောင်းရယ် ထောက်လှမ်းရမယ်။

မေဂျာဂရန့်အာလန် (Grant Allan) က စစ်ရေးစစ်ရာမှာ အသုံးဝင်မဲ့ ကိစ္စအားလုံးကို မှတ်သားရမယ်။ ဗမာမြို့တော် အရောက် ချီတက်ရမဲ့ လမ်းစခန်းစဉ်ကို မှတ်ရမယ်။

ကက်ပတိန်ရဲန်နီ (Rennie)က မြေထဲကနေ ပြီး အညာမြစ်စဉ် စခန်းတွေနဲ့ မြစ်ကြောင်းအပြောင်းအလဲကို ၁၈၂၆ အနေအထားနဲ့ နှိုင်းယှဉ်ပြီး မှတ်သားရမယ်။

ပါမောက္ခ တီအိုဒဟမ် (T. Oldham) က ဘူမိဗေဒပညာရှင် ဖြစ်လို့ မြန်မာ သယံဇာတ တွင်းထွက်ပစ္စည်း အခု ဘာတွေရှိသလဲ၊ နောင် ဘာရနိုင်အုံးမလဲ။ အဝအနီး ကျောက်မီးသွေးတွင်းရှိတယ်၊ အမျိုးအစားနဲ့ အဖိုးဘယ်လောက်တန်မလဲ စုံစမ်းရမယ်။

ပန်းချီကို လက်စ်ဝါသီဂရန့် (Colesworthy Grant)က မြေမျက်နှာပြင် အနေအထားပေါ်အောင် ရှုမျှော်ခင်းကား ရေးရမယ်။ မြို့ကွက်မြို့ခင်း ထင်းရှားအောင် ဆွဲရမယ်။ အရာရောက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ပုံတူလဲပါစေရမယ်။

ကက်ပတိန်လင်နေယပ်စ်ထရိုက် (Linnaeus Tripe)က ဓာတ်ပုံရိုက် ဘုရင်ကျေနပ်အောင် လက်စွမ်းပြရမယ်။

ကက်ပတိန်ဟင်နရီယူလ် (Henry Yule)က ခံတပ်ကို ကျွမ်းကျင်သူဖြစ်လို့ မြန်မာခံတပ်ကို အကဲဖြတ် လေ့လာရမယ်။

အဲဒီအဖွဲ့ကို မြန်မာကလဲ အစွမ်းကုန်ဧည့်ဝတ်ကျေဖို့ စီမံတယ်။ အင်္ဂလိပ်ဘက်က မှတ်တမ်း၊ မြန်မာဘက်ကမှတ်တမ်း နှစ်မျိုးစလုံးရှိလို့ မှတ်တမ်းချင်း ယှဉ်ကြည့်တဲ့အခါ

နှစ်ဦးနှစ်ဖက်စလုံး တစ်ဖက်သားကို လှည့်စားဖို့ ကြိုးစားတယ်။ ဒါပေမဲ့ မြန်မာဘက်က ပညာသားမပါဘူးဆိုတာ တွေ့ရတယ်။

အင်္ဂလိပ်မင်းသံတို့ မလွန်မြို့ရောက် ဝန်ထောက်စာရေးကြီး အရာရှိ အောက်မြစ်စဉ် မြို့ဝန်တို့ကို အကြိုအယူသွားစေ။ လမ်းစခန်း သင့်သည့် မြို့ရွာ ဆိပ်ကမ်းများမှာလည်း ပွဲလမ်းသဘင်၊ အတီးအကများကို ပြသကြည့်ရှုစေ၍ ထင်း၊ မီး၊ မြက်၊ရေ၊အစားအစာ ပြည့်စုံလုံ လောက်အောင် ပေးကမ်းကျွေးမွေးပြီးလျှင် စခန်းစဉ်အတိုင်း ရွှေဖဝါး တော်အောက် အရောက် ဖြည်းညှင်းသာယာ ဆန်တက်စေ

လို့ ခိုင်းပါတယ်။ လာလူတွေက အရာရှိ ၁၇၊ ကုလားစစ်သား ၁၄၀၊ ဂေါ်ရာစစ်သား ၁၀၈၊ ဘင်ခရာတီး ၁၅၊ အစေအပါး ၁၇၀၊ မြင်းနဲ့မြင်းစီးစစ်သား ၁၅၊ အစုစုလူ ၄၆၅၊ မြင်း ၁၅ ဖြစ်တယ်။ ကြိုတဲ့လူတွေက ကာလကတ္တား သံအဖွဲ့ဝင်တွေပါပဲ။ လာလူနဲ့ ကြိုလူ စတွေ့ကြတော့ (၁၁ ဩဂုတ် ၁၈၅၅)

(အင်္ဂလိပ်) မီးသင်္ဘောသို့ (မြန်မာ) လှေတော်များနှင့် မိလျှင် အင်္ဂလိပ်ဝန်ကြီး မေဇာအာရတာပါရစီတွေရာ၊ အင်္ဂလိပ်ဆရာဝန်၊ မြေထဲမြို့အရေးပိုင် မေဇာအာလံ၊ ဇနပ်ဖျား မီးသင်္ဘောကပ္ပိတံယည်နီ၊ အိုတင်ဗိုလ်ကြီး၊ ဂေါ်ရာဗိုလ် ဝိလစ်ခစ်၊ ပန်းချီဆရာသရိုက်၊ ဂရံတစ်၊ အကောက်ဝန်တွေယ်တို့၊ သင်္ဘောကုန်းပတ်ပေါ်က ဆင်းလာ၍ သိုးချွတ် ဦးညွှတ်အမျိုးဘာသာ အရိုအသေ ဆလံပေး၍ လှေကားချပြီးလျှင် ဝန်ထောက်မဟာ မင်းထင်မင်းကျော်ကို၊ အင်္ဂလိပ်ဝန်ကြီး.... တွေရာ လက်ဆွဲ ခေါ်ယူသည်။ စာရေးကြီး၊ အမိန့်တော်ရေး၊ အသုံးစာရေးတို့ကို အင်္ဂလိပ်အရာရှိ ဗိုလ်ကြီးတို့တွဲမ၊ သင်္ဘောထက်သို့တင်ဆောင်၊ အထက်ဆင့် ကုန်းပတ်ပေါ်တွင် ကုလားထိုင်နေရာချပေး နေထိုင်ကြပြီးလျှင်

လို့ ဆိုပါတယ်။ အင်္ဂလိပ်ဟန်ဆောင်တာကို မြန်မာကလည်း ပေါ်အောင် ရေးနိုင်ပါတယ်။ မြန်မာတွေက စစ်ရေးစစ်ရာဖြစ်ရင်ဒို့မှာ လူတွေ၊ လက်နက်တွေ ရှိတယ် ဆိုတာ သံသင်္ဘောတွေ မကွေးမြို့ဆိုက်ရင်ပဲ ပြတော့တယ်။

မြင်း ၄၀၀ များကို၊ ၁၀ စီးခြင်း၊ ၉ စီးခြင်း မြင်းစေကိုင်လူနှင့် သင်္ဘော မနီးမဝေး အထက်ဆိပ် အောက်ဆိပ်များတွင် ရေတိုက်စေသည်။ မကွေးမြို့ တန်းအိမ်၊ လမ်းအိမ်များတွင်လည်း တစ်အိမ်လျှင် သေနတ် ၂၀၊ ၃၀၊ ခဲယမ်းမီးကျောက် အပြည့်အစုံနှင့် တစ်အိမ်ခြား နှစ်အိမ်ခြား အိမ်ခလောက်ဆွဲတွင် ခင်းကျင်း ထောင် ထားစေသည်။

ဆွဲထားတဲ့ သေနတ်တွေထဲက သုံးမရတာ အတော်များများပါမယ်လို့ အင်္ဂလိပ်က ခန့်မှန်းပါတယ်။ ဒါလောက်မြင့်ရုံနဲ့ အင်္ဂလိပ်မလန့်တာတော့ သေချာတယ်။ ရေနံချောင်းမှာ ရေနံလုပ်ငန်းကြည့်ချင်တယ်ဆိုတော့ ခွင့်ပေးရပြီ။ အဲဒီမှာ သူတို့အရေးတကြီး သိချင်တာ သိသွားရလို့ မြန်မာဘက်က နစ်နာတယ် ဆိုရင်လဲ ဖြစ်ပါတယ်။

(၁၅ ဩဂုတ် ၁၈၅၅) အင်္ဂလိပ်ဝန်ကြီး မေဇာအာရတာပါရဝီ ဘွေရာ (Phayre)၊ လက်ယာဗိုလ် (Yule)၊ ဆရာဝန် (Forsyth)၊ ကပ္ပိတံရင်နီ(Rennie)၊ မြေထဲအရေးပိုင် မေဇာအာလံ (Allan)၊ အကောက်ဝန်တွေက် (Edwards)၊ အင်္ဂလိပ် သံအရာရှိတို့ကိုမြင်းဆင့် ဆိုပေးစေ၍၊ ဝန်ထောက် ပုပ္ပား မြို့စား

မဟာမင်းထင်ကျော်၊ စာရေးကြီးမင်းလှသီရိကျော်ထင်၊ မဟာမင်းကျော်ရာဇာ တို့ကြပ်မ၊ ရေနံချောင်းမြို့ အရှေ့မြောက်ရှိ ရေနံတွင်းများကို ပြသကြည့်ရှုစေသည်။ ရေနံတွင်း အနက်၊ တွင်းဝများကိုလည်း ကြိုးချ၍ အင်္ဂလိပ်ဝန်ကြီး ကျောက်ဆရာ (T. Oldham)က ပွိတိန်ရင်နီတို့ တိုင်းမှတ်ကြသည်။ ရေနံတင်ဆောင်သည့် တွင်းသား ထမ်းသား လှည်းသမား တွင်းတူးလူတို့ကိုလည်း မေးမြန်းပါရစေ၊ အင်္ဂလိပ်ဝန်ကြီး မေဇာအာရတာပါရ စီဘွေရာက၊ ဝန်ထောက် ပုပ္ပားမြို့စား မဟာ မင်းထင်မင်းကျော်ကို ပြောဆို၍ ဆင့်ဆိုခေါ်ရောက်လျှင်၊ ရေနံတွင်းတူးသည်ကာလ၊ မည်သည့်မြေမျိုး အတောင် မည်မျှတွင်တွေ့သည်၊ ရေနံထွက်မည်ရှိလျှင် မည်သည့် မြေမျိုး ကျောက်မျိုးတွေ့သည်။ အတောင် မည်မျှနှင့် ရေနံထွက်သည်၊ မည်သည့် သစ်သားမျိုးကို ကန္နားပေါင်လုပ်ဆောင်သည်။ တစ်နေ့လျှင် ရေနံ မည်မျှထွက်ရိုး ရှိသည်၊ တွင်းတူးခ မည်မျှရသည်၊ ရေနံဝင်ခ မည်မျှရသည်၊ ဆိပ်ရောက်သယ်ယူ သည့် လှည်းတွင် မည်မျှတင်ဆောင်သည်၊ လှည်းတစ်စီးလျှင် ဆိပ်ရောက်အခ မည်မျှရသည်၊ အင်္ဂလိပ်ဝန်ကြီး ကမေးရာ၊ တွင်းစား တွင်းတူး ထမ်းသား လှည်းမားတို့က၊ တွင်းတူးသည်မှာ အမှန်မရှိ၊ ၁၀တောင်ခန့်တွင် ကျောက်မြေ တွေ့သည်၊ အတောင် ၂၀ ခန့်တွင် ကျက်မြေတွေ့သည်၊ အတောင် ၃၀ ခန့်တွင် ကျောက်စစ် ကျောက်ခဲ တွေ့သည်၊ အတောင် ၄၀ ခန့်တွင် မြေနက်မြေစေး တွေ့သည်၊ ရေနံထွက်စို့ခါနီးလျှင် မြေဝါမြေစေးတွေ့သည်၊ တွင်းလည်း တွေ့ပါသည်၊ ကံအားလျော်စွာ အတောင် ၁၈၀၊ ၁၉၀ တူးလျှင် ထွက်ယိုသည့် တွင်းလည်းထွက်ယိုပါသည်၊ သက်သက်မထွက် မယို၊ စရိတ်ကြေးငွေကုန်ကျ၍၊ လွတ်ထားရသည့် တွင်းလည်း ရှိပါသည်။ မြေလည်း အမှန်မရှိပါ၊ ရေနံထွက်ယိုသည်မှာ အတောင် ၂၅၀၊ ၂၆၀မှ ထွက်သည့်တွင်းများ ပါသည်။ ရေနံယိုသည်မှာလည်း အမှန်မရှိ တစ်နေ့လျှင် ၁၅၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀ ကံကိုလိုက်၍ ထွက်ယိုပါသည်။ ရေနံ ၃၀၀ ယိုမြဲ တွင်းပင်၊ ၅၀၊ ၁၀၀ မထွက်မယိုရှိသည့် အခါလည်း ရှိပါသည်။ ကန္နားပေါင် လုပ်ဆောင်သည်မှာ ဒဟတ်သား (အင်္ဂလိပ်က Tectona Hamiltoniana လို့ မှတ်လိုက်ပါတယ်) ကို လုပ်ဆောင်ကြပါသည်။ တွင်းတူးခမှာ နက်လျှင် နက်လျှော့က် အနက်တစ်တောင်လျှင် ၃၀၊ ၄၀ ပေးရပါသည်။ ရေနံဝင်ရသည်မှာလည်း လူတစ်ကိုယ်လျှင် တစ်နှစ် ၅၀၊ ၆၀ ကျအခနှင့်ဌားရမ်းဝင်ပါစေသည်။ လှည်း တိုက်ခမှာ တယောက်တစ်ဝက်စား တိုက်ပါစေသည်၊ လှည်းတစ်စီးလျှင် ရေနံ ၁၀၀ ပါပါသည်၊ပြောဆိုကြသည်ကို မှတ်သားကြည့်ရှု၍၊ အတန်ကြာလျှင် ပြန်လာ ကြသည်။

ဒီနေရာမှာ အင်္ဂလိပ် မှတ်တမ်းက ရေနံချောင်းရဲ့ ရေနံအထွက်ဟာ တစ်နှစ်ကို ၇၁၅၄၀၀၀ ပိဿာ (တနည်း ၁၁၆၉၀ တန်) ထွက်မယ်။ လန်ဒန်ပေါက်ဈေးက တစ်တန်ကို ပေါင် ၄၀ ကျော်က ၄၅ အထိရှိတယ်လို့ ရေးထားပါတယ်။ စလေရောက်တော့ မြို့ဝန်က အပေါ်ပိုင်း ဗလာကျင်းပြီး သူတို့ကို ဆင်းကြိုတယ်လို့ ယူလ်က မှတ်ထားပါတယ်။ ဆီးမီး ရောက်တော့ ဒီနေရာ ယမ်းစိမ်း ထွက်တယ်လို့ မှတ်တယ်။ စစ်ကိုင်းကို ၂၉ ဩဂုတ် ၁၈၅၅ ရောက်တော့ **မကွေးမင်းကြီး** ဆင်းကြိုတယ်။ ကုလားဝန် မလွန်မြို့ဝန် မဟာ မင်းခေါင်



သီဟသူ (မုက္ကတစ် T. M. Makertich) လဲပါတယ်။ သံတွေ နောက်ဆုံး နေရာချပေးတဲ့ တဲစခန်းက တောင်သမန်အင်းထဲဝင်ပြီး 'မြို့စာရေးဟောင်း ငပိန် တန်တားဦး'က တက်ရတယ်။ နှစ်မိုင်လောက် လျှောက်ရတယ်လို့ ဆိုတယ်။

> မြို့စာရေးဟောင်း ငပိန် တံတားဦးက သံတဲရောက်လမ်း လက်ဝဲလက်ယာမှာလည်း မြင်းတပ် သေနတ်တပ် နှစ်တပ် ခင်းကျင်းသည်။ သူ့ရဲ့အစု အမှုထမ်းလူ ၅၀၀ မှာ သံတို့နှင့်အတူ လက်ဝဲလက်ယာ ခင်းကျင်းလိုက်ရသည်။

ဒီလိုခင်းကျင်းပြသတဲ့ နေရာမှာ မြန်မာတွေ လက်ထဲက သေနတ်တွေဟာ ခေတ်မမီ တော့တဲ့ ပြင်သစ်ပုံစံသေနတ်ဟောင်းတွေလို့ အင်္ဂလိပ်က မှတ်ချက်ရေးခဲ့ပါတယ်။ သံတဲမှာ နေမိကြတော့

> မြင်းခုံတိုင်မြို့စား တရားသူကြီး မင်းကြီးမင်းလှ မဟာဓမ္မိကရာဇာ၊ စာရေးကြီး နေမျိုးရာဇသင်္ကြံတို့နှင့် အဝေးရောက် သံတော်ခံ လက်ဆောင်စာရေး၊ မြင်းစာရေး၊ တရားစာရေး၊ တရားနာခံတို့ကို သံတဲအရှေ့တွင် တဲနှင့်နေ့ည စောင့်နေစေ၍ အင်္ဂလိပ်သံတို့ အလိုရှိသမျှ အစားအစာ ပွဲလမ်း အတီးအကများကို ပေးကမ်းပြသ ကြပ်မ စောင့်နေစေသည်

လို့ဆိုတယ်။ အင်္ဂလိပ်ကလည်း ဒို့များ သံတဲကို အစောင့်အရှောက်ဆိုပြီး မြန်မာစစ်သား ၆၀၀ လောက်လာထားတယ်။ တကယ်ကတော့ ဒို့များဘာလုပ်သလဲဆိုတာ စောင့်ကြည့်ဖို့ဖြစ်တယ်။ ဧည့်သည်က ၄၆၅ ယောက်ဆိုတော့ အစောင့် ၆၀၀ ချပေးမယ်ပေါ့။ အင်္ဂလိပ်တွေဆီကို ပစ္စည်း အပေးအကမ်းဝင်တဲ့လူတွေဟာ

> မောင်လက်ရုံး အလုံးအရပ် ခွန်အားကြီးကျယ် သန်မြန် ရဲစွမ်းသည့် အတွင်းတော်မြဲ လူ ၅၀

ဖြစ်တယ်လို့ သိရပါတယ်။ အင်္ဂလိပ်က လူသန်သုံးဆယ်လို့ မှတ်ထားပါတယ်။ နန်းတော်ထဲကိုဝင်ခွင့်ရတဲ့ ၁၃ စက်တင်ဘာ ၁၈၅၅ နေ့မှာ မြန်မာက ရှိသမျှ လက်နက်စုံကို လမ်းမှာစီပြီး ခင်းကျင်းပြသတယ်။ ဒါတွေ ပြချင်တာနဲ့ ဒို့လည်းမြို့ပတ်လျှောက်နေရတယ်လို့ အင်္ဂလိပ်ကလည်း ရေးပါတယ်။ ပြလိုက်တာတွေကတော့

> အရပ်ရပ် တပ်အကြီးအကြပ် ဗိုလ်အရာရှိ ၈၂၊ အမှုထမ်း ၁၆၈၀၂၊ နှစ်စု ၁၆၈၈၄၊ ဆင် ၈၅၊ မြင်း ၁၅၈၂၊ ရထား ၁၂၊ အမြောက် ၆၀ များကို ခင်းကျင်းစေသည်

လို့ ဆိုပါတယ်။ အဝတ်တန်ဆာတွေကလည်း တောက်ပြောင်နေလို့ စောစောကတွေ့ရဖူးလို့ မျက်နှာသိတွေကိုတောင် ရုတ်တရက် မမှတ်မိဘူးလို့ ယူလ်က ရေးထားတယ်။ အင်္ဂလိပ်သံအဖွဲ့ နန်းတော်ထဲဝင်လုလုဆဲဆဲမှာ အိမ်ရှေ့မင်းကလည်း တပ်ခင်းပြီး နန်းတော်ထဲကို

အဝင်နဲ့ဆုံတယ်။ ဒီတော့ အင်္ဂလိပ်တွေရပ်ပြီး အိမ်ရှေ့မင်းအဖွဲ့ဝင်ကို မပြီးမချင်း စောင့်နေရတယ်။ ဒီလိုဖြစ်အောင် တမင် 'ဆိုင်ပြိုင်မိအောင် လာစေ၍' လုပ်ထားတာကို အင်္ဂလိပ်က

နန်းတော်ဝမှာ ကျွန်ုပ်တို့စောင့်နေစေရအောင် တွက်ချက်၍ တမင် စီမံထားခြင်းမှာ သံသယရှိဖွယ်မမြင်။....လက်နက်စွဲ တပ်သား တိုင်း ကျွန်ုပ်တို့မြင်ရာအရပ်မှလွန်လျှင် တပတ်ကွေ့၍ တဖန် ပြန်ဝင်လာသည်ဟု ထင်မိပါသည်။ သို့မှသာ အမှန်ရှိသည့် အင်အားထက် နှစ်ဆသုံးဆ ပို၍မြင်စေသော ပရိယာယ် ဖြစ်ရမည်။.... ထို့ကြောင့် နေ့မွန်းလွဲတိုင်ခါမှ နန်းတော်တွင်းသို့ ဝင်ရပါတော့သည်

လို့ ရေးခဲ့ပါတယ်။ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တယ်ဆိုတာ အင်္ဂလိပ်က သိသိနေလို့ခက်တယ်။ သူတို့ယူခဲ့တဲ့ လက်ဆောင်တွေထဲမှာ "မီးစက်ရထား ၁၊ တွဲရထားကြီးပါ ၁၊ လူရိပ်မြင်ရုံနဲ့ မှန်ပုံရိုက်၍ ယူနိုင်သည့် မှန် ၁"လို့ တွေ့ရတယ်။ မြန်မာက ဓာတ်ပုံရိုက်ပညာကို ပန်းဘဲဝန်ကို သင်ပေးခဲ့ပါဆိုတော့ မလွယ်ဘူး၊ ကာလကတ္တားကို ပညာတော်သင်လွှတ်မှ ဖြစ်မယ်လို့ အင်္ဂလိပ်ကဖြေတယ်။ မီးစက်ရထားဆိုတာက ဆာမက်ဒေါနယ် စတီဖင်ဆန် (Sir Macdonald Stephenson) လုပ်ပေးလိုက်တဲ့ တကယ် ခုတ်မောင်းလို့ရတဲ့ ရထားပုံစံအမှန် အငယ်စားကလေးဖြစ်တယ်။ သူတို့ယူထားတဲ့ ရာဇသံစာကတော့ မာရ်ကွိသလပ်ဒါလဦးသီး (Marquislord Dalhousie) ရဲ့ စာပါဘဲ။ ဗမာပုံစံထိုင်ကြတာကို အားလုံးဘဲ စိတ်ပျက်တယ်။ ယူလ်နဲ့ အိုဒဟမ်တို့က ၂၀ စက်တင်ဘာ ၁၈၅၅ နေ့မှာ အဝအညာမိုင် နှစ်ဆယ်ကွာက ကျောက်မီးသွေးတွင်းကို သွားကြည့်ကြတယ်။ ယူလ်က ၂၆ စက်တင်ဘာ ၁၈၅၅ ပြန်လာတဲ့အခါမှာတောင် ကျောက်ဆရာက တရက်နှစ်ရက်ဆက်နေခဲ့သေးတယ်။ မင်းတုန်းမင်းနဲ့ ဖယ်ရာတွေ ခွင့်ပြုကြလို့ စကားပြောတဲ့အခါ ရှင်ဘုရင်က မင်္ဂလာတရားတော်ထဲက လူမိုက်နဲ့မပေါင်းအပ်ကြောင်းက စပြီးပြောတယ်။ အဲဒီက စကားဆက်ပြီး

နှောင်တော် ရွှေနန်းရှင်လက်ထက် အင်္ဂလိပ်တို့နှင့် ရန်စစ်ဖြစ်ပွား တိုက်ခိုက်ကြသည်၊ အထွဋ်အမြတ်ရောက်တော်မူလျှင် ဘုရင်ဂျီခင်ကြီး **ဒေါင်ပေါက်လူ** ဒေါင်လမိန်ကူးတို့ကို၊ ရတနာသိင်္ဃမြို့က ပြည်မြို့သို့ စေလွှတ်တော်မူ၍ ရန်စစ် မဖြစ်ရအောင် ပြောစေသည်။ အင်္ဂလိပ်တို့ အလိုရှိသည်အတိုင်း ချီတက်စွဲရပ် ရှိသည်၊ တပ်ဗိုလ် ရဲမက်တော်များကို နုတ်သိမ်းတော်မူသည်။ အောက်မြို့ ကျေးရွာများတွင်၊ အစားအစာ ရှားပါးကြောင်းကို ကြားသိတော်မူ၍၊ ဆန်စပါး အရပ်ရပ်ကုန်လှေများကို အဆီးအတား အပိတ်အပင် မရှိစေရ၊ စုန်ဆင်းသွားစေသည်။ အနီးအစပ် မြို့ကျေးရွာနေ မြို့ဝန်စစ်ကဲသူကြီး အအုပ်အထိန်းတို့ကိုလည်း၊ အင်္ဂလိပ် အမျိုးသားတို့နှင့် ခိုက်ရန် မဖြစ်ပွားစေရ၊ အုတ်ထိန်းကြရမည် ဆင့်ဆိုစေသည် အမိန့်တော်မြတ် ရှိသည်။



ဒီလိုပြောနေတဲ့အထဲမှာ ဆန်စပါး ပို့စေတယ်လို့ ပြောတဲ့အချက်ကို **ဖယ်ရာ**က နည်းနည်း



ပြင်ဆင်ပြီး ပြောချင်တယ်။ ပို့တာ မှန်ပေမယ့် လိုသလောက်မရဘူး။ ဒါပေမဲ့

ဘုရင် ပြောသမျှကို "အလုံးစုံ ဟုတ်ပါကြောင်း" ပဲ ပြောသင့်တယ်၊ ငြင်းဖို့မလို၊ မသင့်လို့ဘဲ ယူဆပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရင်ဟာ တမင်တကာ ရန်လိုတဲ့ အပြုအမူကို ပြုမှာလဲမဟုတ်ဘူး၊ ပြုစေလို့ ခိုင်းမှာလဲ မဟုတ်ဘူး၊ ဆန်ပို့ပေးတာတော့ မှန်တယ်၊ ခဏပဲ၊ အရောက်မှန်မှန် သွက်သွက်လည်းရှိရော၊ ရပ်ပြစ်လိုက်ပါရော။

လို့ ဖယ်ရာက မှတ်ချက်ရေးပါတယ်။ နောက် မဟာမိတ်စာချုပ် ချုပ်လိုကြောင်း ပြောတဲ့အခါ မင်းတုန်းမင်းက

အဆွေခင်ပွန်း ဖြစ်သည့်အတိုင်း တစ်ဦးအလိုသို့ တစ်ဦးလိုက်၍ နှစ်ဦးနှစ်ဖက် အဆွေခင်ပွန်း လက္ခဏာနှင့်အညီ အကျိုးရှိအောင်ကိုသာ လိုရင်းဖြစ်သည်။ နှစ်ဦး နှစ်ဖက် အဆွေခင်ပွန်း လက္ခဏာနှင့် ပြည့်စုံအောင် ပြုကြလျှင်၊ စာချုပ်ဆိုသည်မှာ ပုရပိုက်စက္ကူတွင်သာ မဟုတ်၊ ကျောက်စာမှာဖြစ်စေ၊ သံပြားမှာဖြစ်စေ၊ ရေးသားထုလုပ်လိုလျှင်၊ ရေးသားထုလုပ် ချုပ်ဆိုရ၏။.... စာချုပ်ဆိုသည်မှာ တစ်ဦးအကျိုးရှိ၍ တစ်ဦးအကျိုးမရှိသည်ကို ချုပ်မြဲမဟုတ်၊ နှစ်ဦး အကျိုးရှိမှ ချုပ်မြဲဖြစ်သည်။ ....ဘယ်ရာလည်း နောက်ကို ရှေ့တော်သို့ ဝင်ဦးမည်ဖြစ်သည်။ အင်္ဂလိပ်မင်းက အဆွေခင်ပွန်းလက္ခဏာနှင့် ပြည့်စုံအောင် ပြုသည် မပြုသည်ကို စဉ်းစားဆင်ခြင်

ဦးတော့လို့ အဆုံးသတ် ပြောတယ်။ ဒီနေရာမှာ အင်္ဂလိပ်ကလည်း စာချုပ်လက်မှတ်ထိုးမှ ချစ်ကြည်ရေးခိုင်မယ်၊ ဒါထုံးစံပါလို့ ပြောပေမဲ့ မြန်မာက ချစ်ကြည်ရေးဟာ ပဓာန၊ စာချုပ်ဟာ သာမည။ စာချုပ်ကြောင့် ချစ်ကြည်တာမဟုတ်ဘူး။ လက်တွေ့ ချစ်ကြည်ကြရင်ပြီးတယ်။ တကယ် ချစ်ကြည်ကြပြီဆိုရင်စာချုပ်က တဆင့်တက်ပြီး သံချုပ် ချုပ်တော့လို့ မင်းတုန်းမင်း ဆိုချင်တယ်။ တစ်နည်းပြောရရင် စာချုပ်ကို နောက်ထားပြီး လက်တွေ့လုပ်ကြပါအုံးလို့ ဆိုလိုတယ်။ အဲဒီအချက်တွေကို ဖယ်ရာတို့ "စဉ်းစားဆင်ခြင်ဦးတော့" လို့ အဆုံးသတ်တဲ့အခါ ဖယ်ရာက သူ့မှတ်တမ်းမှာ

မြန်မာတို့သည် ဆုံးဖြတ်ချက်ကို အချိန်ရွှေ့လိုသည့်အခါ စဉ်းစားဆင်ခြင်ဦးတော့ (Ponder)ဆိုသည့်စကားကို ရေလဲနှင့် သုံးလေ့ အင်မတန်ရှိသည်။

ဆက်ပြောလို့ မရတော့ဘူးဆိုတာ သိတယ်။ ပြီးတော့ မင်းတုန်းမင်းက အန်တော်နီယိုကမရတ်တ (Antonio Camaretta)ကိုကြပ်မတ်စေပြီး 'မျိုးသား ဟင်းမျိုး' (အင်္ဂလိပ်အစားအသောက်)နဲ့ ဧည့်ခံပါတယ်။ စားသောက်ဆဲ မင်းတုန်းမင်းက ကောင်းကြ

သည်ဆိုရာမှာ အစ အလယ် အဆုံး သုံးပါးစလုံး ကောင်းဖို့လိုတယ်လို့ပြောပါတယ်။ ဖယ်ရာရဲ့ မှတ်တမ်းမှာ ရှင်ဘုရင် ဒီလိုပြောတဲ့အခါ သူ့ရှေ့မှာ ထောက်နဲ့တင်ထားတဲ့ လက်သုံးတော်ဓားရဲ့ ဓားသွားကိုအရင်းက အဖျားရောက် လက်နဲ့ သပ်ပြီး ပြောတယ်လို့ ရေးထားပါတယ်။ မင်းတုန်းမင်းဟာ ရာဇဝင်မှတ်တမ်းကို အမြဲထည့် စဉ်းစားပုံလဲ တွေ့ရတယ်။

မင်းဧကရာဇ် ဆိုသည့်အရာသည်၊ မိမိအကျိုးစီးပွား၊ သူတပါး အကျိုးစီးပွား နှစ်ပါးရှိအောင် ပြုကျင့်မှကောင်းသည်၊ ကိုယ်အကျိုးစီးပွား ကိုသာ ပြု၍ သူတစ်ပါးကို ပျက်အောင်ပြုလျှင် မည်သည့်မင်းလက်ထက်၊ မည်သို့ပြု၍ အကျိုးစီးပွား ပျက်စီးသည်၊ ကိုယ်ပင် ကွယ်ပျောက်သော်လည်း ပြုကျင့်သည့်အမှု မကွယ်မပျောက် ရာဇဝင်စာတမ်း အစဉ်အဆက် အရှက်ကြီးစွာရရာသည်လို့ ပြောလိုက်တယ်။ သူရာဇဝင်ကြောက်သလို အင်္ဂလိပ်ကိုလည်း ရာဇဝင်ကြောက်ခိုင်းတယ်။ စကားပြောရင်း ခရိုင်မီးယားစစ်အကြောင်း ရောက်သွားတော့ စစ်မကောင်းကြောင်း ပြောတဲ့အခါ ဖယ်ရာက

အမိန့်တော်မြတ် ရှိသည်အတိုင်း အကျိုးမရှိပါ၊ ရုရှ် (Russia)က ရှုံ (Turkey)ကို နှိပ်စက် တိုက်ခိုက်သောကြောင့်၊ အင်္ဂလိပ် ပြင်သစ်တို့ ရှုံနှင့်မိတ်ဖြစ်၍ ကူညီတိုက်ခိုက်ပါကြောင်း ရှင်းပြပါတယ်။ ပြီးတော့ စစ်ရေးစစ်ရာကို အလွယ်ဆုံး ရှင်းတဲ့အနေနဲ့

အင်္ဂလိပ်တို့ မီးသင်္ဘောများပါသည်၊ ပြင်သစ်က လူများပါသည်၊ အင်အားကြီးသူ နှစ်ပြည်ပေါင်း၍ တိုက်ခိုက်ကြရာ ရုရှ် ခံနိုင်မရှိပါ

လို့ပြောပြတယ်။ မင်းတုန်းမင်းက ငါလည်းမင်းလိုပဲ ထင်တယ်လို့ ဖြေတယ်။ နောက် မြန်မာပန်းချီဆွဲတဲ့ ဆင်မင်းပုံကို လက်ဆောင်ပေးတယ်။ အဲဒီမြန်မာပန်းချီလက်ရာကို ဖယ်ရာက နည်းနည်းကလေးမှ မကောင်းဘူးလို့ မှတ်ချက် ရေးခဲ့တယ်။ ဖယ်ရာတို့ စီးတဲ့ထမ်းစင်ကို မြန်မာက ပါလကျီ (? Palanquin) လို့ ခေါ်တယ်။ သူတို့ **မကွေးမြို့စားမင်းကြီး** ဆီကို သွားကြသေးတယ်။ ဉာဏ်ပညာ အမြော်အမြင်အကြီးဆုံး၊ သြဇာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်တယ် လို့ မှတ်ချက်ရေးတယ်။ နောက်တစ်ကြိမ် မင်းနဲ့ဖယ်ရာ ၂ အောက်တိုဘာ ၁၈၅၅ မှာ ဇေတဝန်ဆောင်မှာ တွေ့ကြပြန်တော့ အင်္ဂလိပ်နဲ့မြန်မာ ဘယ်လူမျိုးက ရာဇဝင်နောက်ခံ ယဉ်ကျေးမှုစောသလဲလို့ ပြိုင်ကြတယ်။ အင်္ဂလိပ်မင်းဆက်ဟာ အရင်အနှစ် ၈၀၀ ကျော် (ဖယ်ရာက သူပြောတာ အနှစ် ၁၅၀၀ ခန့်လို့ ပြောပါတယ်တဲ့) ကစတယ်။ ဒို့ဆီမှာတော့ ကမ္ဘာအစ မဟာသမ္မတက စတယ် လို့ မဟာရာဇဝင်ကို စကိုင်တယ်။ ဒီတော့ ဖယ်ရာက မဟာသမ္မတမင်း ဟာ ဘယ်တိုင်းပြည်မှာ စံနေပါသလဲလို့ မေးတယ်။ သူ့မှတ်တမ်းထဲ မှာတော့

သည်လိုမေးခြင်းမှာ တမင်မေးခြင်းဖြစ်၍ အဆိုပါမင်းမျိုး မြန်မာမြေပြင်၌ မစိုးစံဘူးကြောင်း သံဖြစ်သူ သိသည်ဟု ပြလို၍သာမေးသည်၊

လို့ဖတ်ရပါတယ်။ ဒီနေရာမှာ မင်းတုန်းမင်းက သူ့ကိုယ်သူ သကျသာကီဝင်အစစ်လို့ ယူဆပြီး ဒို့အမျိုးဟာ တခါက ကုလားနိုင်ငံမှာ နေတယ်၊ အဲဒီနေရာ တော်တော်များများကို အခု မင်းတို့အင်္ဂလိပ်က ယူထားပြီး မဟုတ်လားဆိုတဲ့ စကားလည်းပါတယ်။ ပြီးတော့



ဖယ်ရာ ငါ့ဆီလာ အမှုထမ်းပါလားလို့လည်း ပါတယ်။ ကျေးဆက်ရက် ဉာဏ်တွေကို တောင် ရေးက မင်းမှုထမ်းခန့်ဖူးတယ်လို့ တေသကုဏ္ဍဓာတ် (အမှတ်၅၂၁)ကို အကျယ် ပြောတယ်။ သူက ကွမ်းစားရင်း စကားပြော လို့ တစ်ခါခါ စကားလုံး မကွဲဘူး။ မနည်း နားထောင် ယူရတယ်လို့ ဖယ်ရာက ရေးခဲ့ ပါတယ်။ ဖယ်ရာဖတ်ဖို့ **၅၅၀ ဓာတ်နဲ့ မဟာရာဇဝင်** စာထုပ်ရေ ၁၉ ထုတ် လက်ဆောင်ပေးတယ်။ (အခု လန်ဒန် မန သဟာယနိုင်ငံများ ဆက်သွယ်ရေး စာကြည့် တိုက်မှာ ရှိနေသေးတာကို တွေ့ခဲ့ရပါတယ်။) ရှင်ဘုရင်စကားတွေ မျိုးစုံအောင် ပြောတာကို ဖယ်ရာက အချုပ် မှတ်ချက်အနေနဲ့

ရှင်ဘုရင် မိန့်ကြားသမျှ ရာဇဝင်စကား (အဘိဓမ္မာ) စကား (သုတ္တန်) စကားတွေ ထဲမှာ ပဲခူးနိုင်ငံတော်ကို ပြန်ပေးရန် အထူးသင့်ကြောင်း သွယ်ဝိုက်သဖြင့် ရည်ညွှန်း သည်ဟု နားလည်ရန်ရှိပါတယ်။ အဲဒီနောက် မြို့တော်တွင်းနှင့် အနီးအနားကို လှည့်လည် ကြည့်ပါတယ်။ မင်းကွန်းကို ၁၃ အောက်တိုဘာ ၁၈၅၅ ခု သွားပြီးပြန်ခါနီးမှာ ပန်းချီဆရာ ကို ဖယ်ရာကထားခဲ့တယ်။ မြန်မာမှတ်တမ်းမှာ ဘွေရာက ပန်းချီဆရာများနှင့် ဘာသာ ပြောဆိုသည်ကို စကားပြန်တို့ကိုမေးရာ ဘုရားကြီးပေါ်တတ်၍ အရပ်လေးမျက်နှာ မြင်သမျှ ပုံစံ ရေးသားရမည် ဆင့်ဆိုကြောင်းနှင့် ပြောဆိုသည်လို့ တွေ့ရပါတယ်။ အင်္ဂလိပ် ပန်းချီဆရာ ဂရန့်က ရေဆေးနဲ့ မြန်မာနိုင်ငံက ပုံပေါင်း ၁၀၆ပုံ ရေးဆွဲသွားတယ်။ အားလုံး ရှိတယ်။ အဲဒါတွေကို ဓာတ်ပုံဘလောက် လုပ်ပြီးအများ လေ့လာနိုင်အောင် စာအုပ် တစ်အုပ်လုပ်ဖို့ ကြိုးစားနေပါတယ်။ မြန်မာက စာချုပ်လက်မှတ် မထိုးတာနဲ့ ပတ်သက်ပြီး



အင်္ဂလိပ်က ဒီလို အင်မတန်ခက်ခဲနေတာ ဘာ သဘောလဲလို့ တလယ်လယ် တပတ်ပတ် မေး နေတယ်။ နောက်ဆုံး ၁၅ အောက်တိုဘာ ၁၈၅၅ နေ့မှာ မကွေးမင်းကြီးက စက္ကူစာနဲ့ ရေးပြီး သံတမန်ချင်းလဲလှယ်ကြလို့ ရှင်လန်း ဝမ်းသာရှိနေပြီပဲ၊ နောက်ထပ် အထူးတလယ် အပိုအကဲလုပ်ဖွယ် မကျန်တော့'လို့ ပြောတော့မှ လက်မှတ်ထိုးဖို့ စကားစဲပြီး ပြန်ဖို့ လုပ်ပါတယ်။ သူတို့မှာပါတဲ့ တီးဝိုင်းက ၂၀ အောက်တိုဘာ ၁၈၅၅ နေ့မှာ မြေနန်းတော်ဝင်ပြီး တီးမှုတ်တယ်။ နောက်တစ်နေ့ မြန်မာအရာရှိတွေက သံတဲသွားပြီး

နှုတ်ဆက်တယ်။ နောက်တစ်နေ့ မြန်မာမင်းရဲ့ ရာဇသံ ပြန်စာပေးအပ်တယ်။ အဲဒီနေ့ (၂၂ အောက်တိုဘာ ၁၈၅၅)မှာပြန်ကြတယ်။ မြန်မာအကြိုက် ဖြစ်မယ်ထင်ပြီး ခေတ်မှီသေနတ်တွေကို မဟာမိတ်စာချုပ် လက်မှတ်ထိုးပြီးမှရောက်မှာလို့ ပြောပေမဲ့လဲ မအောင်မြင်ဘဲ ပြန်ရတယ်။

မန္တလေးတည်ပြီး ၁၈၆၂ ခုမှာ ကာရနယ်လ အာရတာပါရစီဘွေရာ ရောက်လာပြန်တယ်။ ဒီတစ်ခါတော့ တကယ်ပဲ စာချုပ်ရအောင် ဖြစ်တယ်။ စကိုင်းဆိပ်ကို ၇ အောက်တိုဘာ ၁၈၆၂ ရောက်တယ်။ ပါလာတဲ့လူတွေက

- ယန္တရားစက် ဗိုလ်ညီမြတ်နဲ့မယား (Newmarch)
- အကောက်ဝန် ဇတွယ် (R.S.Edwards)
- စစ်ဗိုလ်ရှပ်တရေးဝ၊
- ၎င်း တလျှံတယ်၊
- ဘယ်ဂျီခင်ကြီး ဗီဂံတက် (Bishop Bigandet)
- ပန်းချီဗိုလ် ပယ်တာ၊
- စက်ဆရာ လီခက်၊
- မာလိန်မှူး ဝေလီ၊
- စက်ဆရာ လပ်ဒေရေဇရို၊
- သူဌေးဝါလစ်၊

နဲ့ 'စာရေး ခန်ခမ် ကဝါဖွတ် မြန်မာတလိုင်းကလား' ၄၇ယောက် ပါသေးတယ်။ သံကြီးဖယ်ရာက ၈ အောက်တိုဘာ ၁၈၅၅ နေ့ကစပြီး အနောက်ပြင် သူဌေး မဟာသီရိ ဓနဘောဂသူအိမ်မှာ တည်းတယ်။ ရှင်ဘုရင်နဲ့ ၁၆ အောက်တိုဘာ ၁၈၆၂ မှာ တွေ့ရပါတယ်။ ယူလာတဲ့ လက်ဆောင်တွေထဲမှာ အိမ်ရှေ့မင်းဖို့ အထူးကတော့

အိမ်ရင်းက ယမ်းထိုးရသည့် သေနတ် ၁၊<br>
သေနတ်ပြစ် တူးမီးအိပ် ၂။ အိမ်ရင်းက၊<br>
ယမ်းထိုးရသည်အကြောင်း အလျာပြသည်၊<br>
ပုံနှိပ်စက္ကူစာ ၁၊

ဖြစ်တယ်။ မကွေးမင်းကြီးဖို့ အထူးလက်ဆောင် 'အိမ်မြှောင်' ဖြစ်တယ်။ ဒီတစ်ခါ ဖယ်ရာက ဖရောင်းတိုင် သေတ္တာနဲ့ သာသနာပြု ဆရာတော်ကျောင်းကို သွားပြီး စာချုပ်သင့်ကြောင်း၊ ဆရာတော်တွေက ဘုရင်ကို မေတ္တာစာသွင်းပါလို့ ၆ နိုဝင်ဘာ ၁၈၆၂ နေ့က လျှောက်တယ်။ လက်ခံတွေ့ဆုံတဲ့ ဆရာတော်တွေက

- လယ်ကိုင်းဆရာတော် ဦးသီလ၊
- မတ္တရာဆရာတော်ဦးသုဇာတ၊
- မတဲဆရာတော် ဦးဓမ္မ၊
- စလင်းဆရာတော် ဦးကလျာဏ၊
- တိုက်တော်ဆရာတော် ဦးဇိနေ၊
- ဆရာတော် ဦးစန္ဒလင်္ကာ၊
- ဆရာတော် ဦးကတ္တိ၊

- ဆရာတော် ဦးနန္ဒ၊ နဲ့
- ဆရာတော် ဦးဝါယမ

ဖြစ်တယ်။ မြန်မာဖက်က ကြိုတင်စီစဉ်ထားတာဖြစ်လို့ အရာရှိတွေလည်း ရောက်နေတယ်။ အရာရှိတွေက

- ဝန်ရှင်တော် မကွေးမြို့စားမင်းကြီး သတိုးမင်းကြီး မဟာမင်းလှ သီဟသူ၊
- ဝန်ရှင်တော် မြတောင်မြို့စားမင်းကြီး သတိုးမင်းကြီးမဟာမင်းလှ ကျော်သူ၊
- ဝန်ရှင်တော် ပုခန်းကြီးမြို့စားမင်းကြီး သတိုးမင်းကြီး မဟာမင်း လှစည်သူ၊
- ဝန်ရှင်တော် လောင်းရှည် မြို့စားမင်းကြီး သတိုးမင်းကြီး မဟာ စည်သူ၊
- ဝန်ထောက်တော် တောင်ဝန်မြို့သစ်မြို့စားမင်းကြီး မဟာမင်းထင် စည်သူ၊
- စာရေးကြီး ရတနာသိင်္ခမြို့အုပ်မင်းလှသင်္ခယာ၊
- စာရေးကြီး မင်းလှမင်းထင်ရာဇာ၊

တို့ဖြစ်တယ်။ ဆရာတော်က

လူမှုပင် ဖြစ်သော်လည်း နှစ်တိုင်းနှစ်ပြည် ခိုက်ရန်မဖြစ်၊ စစ်မက်မပြု၊ ဆင်းရဲသား သတ္တဝါတို့ ချမ်းသာရန် အကြောင်းနှင့် စပ်သည်ကို၊ အဆုံးအမပေးလျှင် နာခံရမည်

မိန့်တော်မူ၍ မေတ္တာစာ ရေးသွင်းသည်။ ဘုရင်က ၁၀ နိုဝင်ဘာ ၁၈၆၂ နေ့မှာ မကွေးမင်းကြီးနဲ့ဖယ်ရာ စာချုပ်စေလို့ အမိန့်ပေးပါတယ်။ စာချုပ်မှာ အချက်ကိုးချက်ပါတယ်။ အကျဉ်းပြောရရင်

(၁) မဟာမိတ် အဖြစ်အခွန့်ရှည်ရမယ်၊
(၂) အင်္ဂလိပ် နယ်ပယ်ရောက် မြန်မာကျွန်တော်မျိုးကို စောင့်ရှောက် ကာကွယ်ပေးရမယ်၊
(၃) အလားတူ မြန်မာနယ်ထဲကို ရောင်းဝယ် ဖောက်ကားဖို့ ဝင်လာတဲ့ အင်္ဂလိပ် ကျွန်တော်မျိုးကို ကာကွယ်ပေးရမယ်။
(၄) ရန်ကုန်ဆိပ်ကို အထက်မြန်မာနိုင်ငံအတွက် မှတ်သားပြီးရောက်လာတဲ့ သွင်းကုန်ပေါ်မှာ တန်ဖိုးရဲ့ ၁ ရာနှုန်းယူပြီးတခြား အတားအဆီးမရှိ လွှတ်လိုက်ရမယ်။
(၅) မြန်မာဘက်ကလည်း အလားတူ ဆောင်ရွက်မယ်။
(၆) အင်္ဂလိပ်နယ်မြေထဲမှာ မြန်မာ ကျွန်တော်မျိုးကို လွတ်လွတ်လပ်လပ် ခရီးသွားခွင့် ပစ္စည်းဝယ်ခွင့် ကုန်လှောင်အိမ် ဆောက်ထားခွင့်ပေးမယ်။
(၇) မြန်မာဘက်ကလည်း အလားတူ ခွင့်ပြုမယ်။
(၈) အင်္ဂလိပ်ဖက်က အခုစာချုပ် တစ်နှစ်သားရှိချိန်မှာ အခွန်ယူမြဲကို ရစ်စဲခဲ့ရင် မြန်မာဘက်ကလည်း မလွန်နဲ့ တောင်ငူကအခွန်ယူမြဲကို ရပ်သင့်မသင့် တစ်နှစ်အတွင်းက လေးနှစ်အတွင်းမှာ စဉ်းစားမယ်။
(၉) ဘယ်နိုင်ငံသားမဆို မြန်မာနယ်က အင်္ဂလိပ်နယ်ထဲ ဝင်ချင်ရင် မတားပါနဲ့၊ အင်္ဂလိပ်ဖက်ကလဲ အလားတူ ဆန္ဒရှိသူပေါ်ရင် မတားပါနဲ့။

ဒီစာချုပ်ကိုချုပ်ပြီး ၁၄ နိုဝင်ဘာ ၁၈၆၂ မှာ ဖယ်ရာပြန်တယ်။



**တောမတ်စပီရာ** အကြောင်းနည်းနည်း ဆက်ပြီး ပြောချင်ပါသေးတယ်။ မြန်မာမြို့တော် အင်္ဂလိပ်ကိုယ်စလှယ် လုပ်ရာက ၁၈၆၁ ခုမှာ သားမယားပါခေါ်ပြီး ရန်ကုန် ဖယ်ရာလမ်းမှာ လာနေတယ်။ ဥရောပကို ပြန်တယ်။ ပြန်ရောက်လာတဲ့ ၁၈၆၇ ခုမှာ စပီရာဟာ လူမမာ ဖြစ်နေပါပြီ။ နောက်တစ်နှစ် နှစ်ဦးမှာ သေဆုံးလို့ ပုဇွန်တောင်သင်္ချိုင်းမှာ သူ့ဂူ ရှိနေပါတယ်။ မြန်မာအင်္ဂလိပ် ဆက်ဆံရေး ပြေပြစ်တာမှာ သူ့ကျေးဇူး အများကြီး ပါပါတယ်။ အင်္ဂလိပ်တွေ ကုလားနိုင်ငံမှာ တပ်တွင်းသူပုန် (၁၈၅၇) ကြောင့် ဒုက္ခရောက်ချိန်မှာ မြန်မာက အခွင့်အရေး မယူတာဟာ သူက အမြဲ မြန်မာတွေကို သတင်း အမှန်ပေးနိုင်လို့ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ သူမရှိတုန်း ဖယ်ရာဟာ ဗမာနဲ့ စာချုပ်ဖြစ်တယ်။ အဲဒါအောင်မြင်ဖို့ သူပဲ လမ်းခင်းသွားတာပေါ့။ အင်္ဂလိပ် အရေးပိုင်တစ်ယောက် မန္တလေးမှာထားဖို့ကိစ္စ ပေါ်လာတော့ ၁၈၆၂ ခု အကုန်ပိုင်းကစပြီး ဒေါက်တာဝီလီယမ် (Dr Williams) တာဝန်ယူပါတယ်။ ဆက်ဆံရေးမှာ စပီရာလို မအောင်မြင်ပါ။

ဖယ်ရာ တတိယအကြိမ်ရောက်လာသေးတယ်။ နန်းတော်ကို ၁၂ နိုဝင်ဘာ ၁၈၆၆ ဝင်တယ်။ ဝန်ကြီးတွေကို နောက်တစ်နေ့တွေ့တယ်။ ပြီးတော့ ပြန်သွားတယ်။ **မြင်ကွန်း** အရေးတော်(၂ ဩဂုတ် ၁၈၆၆) ပြီးစလာတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာအင်္ဂလိပ် ချစ်ကြည်ရေး မပျက်အောင် လာရတာပါပဲ။ မြန်မာမှတ်တမ်းမှာ အင်္ဂလိပ်ဝန်ကြီး ကာရန်နယ်လ အာရတာပါရဇီဘွေရာနှင့် **အကောက်ဝန်တွေယ်** စလေတင် စစ်ဗိုလ်နှစ် အမြောက်ဗိုလ်တို့ ရွှေမျက်နှာတော်ကို အဖူးအမြော် လက်ဆောင်တော် အဆက်အသဝင်သည်ကို ဇေတဝန်ဆောင်တွင် အဖူးအမြော် အဆက်အသ ခံတော်မူသည်။ မယ်တော်ဘုရားနှင့် အရှင်နန်းမတော်ဘုရား၊ မင်းမိဖုရားတို့ကိုလည်း လက်ဆောင်တော် ဆက်သသည်။ မြင်ကွန်းစားလက်တွင်ရသည့် ရေနန်းစကြာမီးသင်းဘောတော်နှင့် အမြောက်၊ မြင်းကွန်းစား စွဲကိုင်သည့် သံတိုင် နဝရတ်ကြိုးခေါ် လက်သုံးတော်ဒါးများကို ဆက်၏။ (ကုန်း၊ တ၊ ၃၄၇)လို့ တွေ့ရပါတယ်။



မြန်မာအင်္ဂလိပ် ဆက်ဆံရေးဟာ တစ်ဖက်က အခုထက်ပိုပြီး လိုက်လျောလိမ့်မယ် ဟိုတစ်ဖက်က အထင်ကြီးနဲ့မို့ ပြေပြစ်နေပါတယ်။ တကယ်ကတော့ အလိမ်မပေါ်ခင် နှစ်ဖက်စလုံး အစွမ်းကုန် ချီနေကြတာပါပဲ။

အင်္ဂလိပ်သံ ကာနယ် အယ်လဗတ်ဖိုက်ချ (Colonel Albert Fytche) ခေါင်းဆောင်ပြီး ၁၈၆၇ ခုမှာ စာချုပ်ပြင်ဆင်ဘို့ မန္တလေးသံအဖြစ်နဲ့ ရောက်လာပါသေးတယ်။ ဖိုက်ချ်က အသက် လေးဆယ့်လေးနှစ် ရှိပါပြီ။

အဲဒီတော့ မန္တလေးမှာ အင်္ဂလိပ်အရေးပိုင်အဖြစ်နဲ့ ကက်ပတိန်စလေဒင် ရှိနေတာ သုံးနှစ်ရှိပါပြီ။ စလေဒင်ဟာ မြင်ကွန်းအရေးနဲ့တွဲနေတဲ့ ပန်းထိမ်းစားအရေးမှာ သူက ဝင်ပြီး ကယ်ဆယ်ရေးလုပ်တာကို မြန်မာမှတ်တမ်းတွေမှာ ဒီလိုတွေ့ပါတယ်။

> လွှတ်တော်က နောင်ပန်းတိမ်းစားတို့ အမှုနှင့် တိုင်းပြည်မြို့ရွာ မငြိမ်မသက် ကျေးကျွန် သင်းပင်းမှုစ၍ မှုခင်းမှုရာပွားများလျှင် စီရင် များပြားမည်ဖြစ်သောကြောင့် (၁၅ မေ ၁၈၆၇)နေ့ အမိန့်တော်မခံ၊ သုံးတန်းပေး၍၊ ပန်းတိမ်းစားငယ်နှင့် ညီတိုင်တားစား၊ တောင်ဆင်းစား၊ တောင်ပုံစား၊ မိန်းမစိုး ငတိုးဦး၊ ငခိုင်တို့ကို၊ ထုံးစံနှင့်အညီ စီရင်မည် ထုတ်ယူသွားရာ၊ အင်္ဂလိပ်အရေးပိုင် စလေတင်က ရွှေနန်းတော်သို့ ဝင်၍ ချမ်းသာပေးတော်မူပါမည်အကြောင်းနှင့် လျှောက်တားသည်တွင်၊ ငါမသိ၊ အမိန့်တော်ရှိပြီးလျှင်၊ ချမ်းသာစေအမိန့်တော်နှင့် နုတ်ယူရာ၊ ပန်းတိန်းစားမှာ လက်လွန်ပြီးဖြစ်၍၊ ကျန်လူတို့ကိုသာ ချမ်းသာစေ အမိန့်တော်ရင်းနှင့်အညီ၊ မစီရင်ရ၊ လွှတ်ငြိမ်းချမ်းသာရ၏။ (ကုန်း၊ တ၊ ၃၅၀)

အဲဒါမျိုးကို မန္တလေးနေတဲ့ အင်္ဂလိပ်ဟာ သူ့အလုပ်လို့ အယူရှိဟန် တူတယ်။ အင်္ဂလိပ်သံတွေလာတော့ သံတော်ဆင့်ပန်တည်းဝန်မင်းလှရာဇာကျော်ထင်တို့ အဖွဲ့က ပဋ္ဌနဂိုမြို့သွားပြီးကြိုရတယ် (၂၄ စက်တင်ဘာ ၁၈၆၇)။ သူ့ကိုလာကြိုတဲ့ ပန်တည်းဝန်ဟာ လူငယ်လူသွက်၊ ကာလကတ္တားမှာစာသင်ဖူးလို့ အင်္ဂလိပ်စကားကောင်းကောင်း ပြောတတ်တယ်လို့ ဖိုက်ချ်ရဲ့ မှတ်တမ်းမှာတွေ့တယ်။ လာလူစာရင်းကတော့

- သံကာရနယ် အာလဘက်ဖိုက် သားမယားနှင့်တကွ
- ရာဇဝတ် အရေးပိုင်ဒံကင်း (Duncan)
- ဗိုလ်ကလံ၊
- ဗိုလ်နာရီ၊
- ဗိုလ်ရှာပရစ် (Surplice)
- အမြောက်ဗိုလ် လက်တင်လော်တံ (Lt. Rolland)
- ကပ္ပိတံဟာန် (Hannen)
- ဂေါ်ရာဗိုလ် (ရောင်) အစပင် (Younghusband)
- ၎င်း ရန်တား (Randolph)
- ၎င်း ဝိလင်း (Williams)
- ဆရာဝန် ဒါကလာ (Douglas)
- အင်္ဂလိပ်ဆရာ ကလော်တင် (Rev.H.W.Crofton)
- ရန်ကုန်အရေးပိုင်မယား (Mrs Llyod)

နောက်လိုက် နောက်ပါတွေနဲ့ လူအစုစု ၁၇၆ ယောက်ပါတယ်။ မန္တလေး သံတဲကို ၇ အောက်တိုဘာ ၁၈၆၇ မှာ သရက်မော်သဘော်ဆိပ်ကို ရောက်လာ ကြတယ်။ နောက်တစ်နေ့ ဝန်ရှင်တော် ရေနံချောင်းမြို့စားနဲ့မိုး ဗိုလ်မှူးမြင်းဝန် မင်းကြီး သတိုးမင်းကြီး မဟာမင်းကျော် မင်းခေါင်၊ ဝန်ထောက် ကင်းဝန်မင်းကြီး မဟာစည်သူ၊ နာခံတော် နေမျိုးရာဇကျော်ထင်၊ စာရေးကြီး မင်းထင်မင်းလှ ကျော်သူ၊ အမိန့်တော်ရေး မင်းလှမင်းထင်စည်သူ၊ အမှာရေး နေမျိုးရာဇာကျော်သူ၊ အဝေးရောက်စာရေး နေမျိုးသီရိစည်သူတို့ ရေဆိပ်ဆင်းပြီး နှုတ်ခွန်း

ဆက်ကြတယ်။ နိုင်ငံခြားဆက်ဆံရေးမှာ ကင်းဝန်မင်းကြီး နံမယ်စပြီး ပါလာပါပြီ။နောက်တစ်နေ့သံတဲကို တက်လာကြတယ်။ လက်နက်ကိုင် လူ ၁၀၀၀ ရံပြီး ခေါ်လာရတယ်။ သံအဖွဲ့ဝင်တွေကို ထုံးစံအတိုင်း သတိနဲ့ စောင့်ကြည့်ခိုင်းတယ်။

အင်္ဂလိပ်သံတို့ မြို့တွင်းမြို့ပြင် လှည့်ပတ်သွားလာ ဝင်ထွက် ကြည့်ရှုမှတ်သားသမျှနှင့် သံတဲသို့ လာရောက် ဝင်ထွက်ပြောဆိုသမျှ စကားရပ်များကို သံတဲအကြီးအကြပ် မှူးတော်မတ်တော် အရာရှိတို့က လူဘက်ထည့် ကြည့်ရှုမှတ်သားလွှတ်တော်တွင် နေ့စဉ်လျှောက်ထား တင်ပေး စေသည်လို့ တွေ့ရတယ်။ နောက်တစ်နေ့ (၁၁ အောက်တိုဘာ ၁၈၆၇)မှာ သံတွေနန်းတော် ဝင်လာကြတယ်။ သူတို့ယူလာတဲ့လက်ဆောင်ထဲမှာ ဗိလပ်တူမီး သေနတ် ၂၀၀ ပါတယ်။ အဲဒီအချိန်မှာ ကုလားဝန်က မဟာသီရိ ဇေယျာကျော်သူ (Manook) ပါပဲ။ အဲဒီအချိန်မှာ ရှင်ဘုရင်က သင်္ဘောလိုချင်နေတယ်။

အင်္ဂလိပ်ဝန်ကြီးက သံတိုင်မီးသင်္ဘော ၁၊ ကုန်သွားမီးသင်္ဘော ၁၊ ဝယ်ယူဆက်သရမည်၊ အမိန့်တော်ရှိသည်။ အင်္ဂလိပ်ဝန်ကြီးက ဆက်သပါမည် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်သည်။ တိုက်သင်္ဘော ဝယ်ယူဆက်သလျှင် ဝန်ကြီး ငကိုသာ၍ ချစ်ကြောင်း ထင်ရှားလိမ့်မည်

လို့ ရှင်ဘုရင်က ဖိုက်ချ်ကို ပြောပါတယ်။ ဒီတော့ ဖိုက်ချ်က သူလိုချင်တာ ပြောခွင့်ရသွားတယ်။ စလေဒင်တို့ အဖွဲ့ကို ဗန်းမော်ကနေပြီး တရုတ်နိုင်ငံတွင်း စေလွှတ်ခွင့်တောင်းတယ်။ အခွင့်ပေးလိုက်တယ်။ ရှင်ဘုရင်က 'ရိုင်ဖယ်' (Rifles) တစ်သောင်းလိုချင်တယ်လို့လဲ ပြောတယ်တဲ့။ ရှင်ဘုရင်နဲ့ တွေ့တဲ့အခါကလွဲလို့ ဝန်ကြီးတွေနဲ့တွေ့တဲ့အခါမှာ ဝန်ကြီးတွေက 'ကုလားထိုင် ကိုယ်စေ့'ထိုင်၍ ဧည့်ခံတယ်လို့ ရေးမှတ်ထားတာ ဖတ်ရပါတယ်။ ဝန်ရှင်တော် ရေနံချောင်းမြို့စား မိုးနဲဗိုလ်မှူး မြင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းကျော်မင်းခေါင်(ဦးစိုး)အိမ်မှာ အင်္ဂလိပ်သံတွေကို ၂၁ အောက်တိုဘာ ၁၈၆၇နေ့ ဧည့်ခံတော့ ဖိုက်ချ်က ဧည့်စားပွဲပေါ်မှာ ဘီယာပုလင်း၊ ရှယ်ရီ **ပုလင်းပါတာ**ကို သူ သတိပြုမိတယ်တဲ့။ (ဖိုက်ချ်၊ **ဗမာယခင်နဲ့ ယခုကိုယ်တွေ့**၊ ဒုတိယတွဲ၊ လန်ဒန်၊ ကီဂန်ပေါ့ စာအုပ်တိုက်၊ ၁၈၇၈၊ စာမျက်နှာ ၂၇၅)။ (အင်္ဂလိပ်နဲ့ ဒီအထိ ဆက်ဆံရေး ခေတ်ဆန်လာရင် နောက်တစ်ခါ ရှင်ဘုရင်လည်း ကုလားထိုင်နဲ့ ထိုင်ပြီး အတွေ့ခံလေမလားလို့ ထင်စရာရှိတယ်။ ရှင်ဘုရင်ကတော့ မလျော့ဘူး။ အင်္ဂလိပ်က ဖိနပ်မချွတ်လိုဘူးလို့ ၁၈၇၅ မှာ ဆိုတဲ့အခါ ရှင်ဘုရင်က လုံးဝ အတွေ့မခံတော့ဘူး)။ နောက် အဲဒီအခါက အရေးအကြီးဆုံးလို့ ယူဆရတဲ့ ဝန်ရှင်တော် ပုခန်းကြီးမြို့စား သေနတ်ဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူအိမ်ကိုသွားပြီး (အချက် ၁၃ ချက်ပါ စာချုပ်သစ် ချုပ်လိုကြောင်း စပြောပါတယ်။ မြန်မာဘက်က ကျေနပ်လို့ ၂၅ အောက်တိုဘာ ၁၈၆၇ မှာ လက်မှတ်ရေးထိုးကြပါတယ်။ စာချုပ်ပါအချက်တွေကို အကျဉ်းနိုင်ဆုံး ခြုံပြီးပြောရရင်

၁။ မြန်မာနယ်ကို သွင်းကုန်၊ မြန်မာနယ်က ထွက်ကုန် မှန်သမျှ ၁၄ ဧပြီ ၁၈၆၄ က ဆယ်နှစ်တွင်း တန်ဖိုးရဲ့ ၅ ရာနှုန်း တစ်ကြိမ်သာ ကောက်ရန်။ ရေနံ၊ သစ်၊ ပတ္တမြားစတဲ့ ရတနာကျောက်မြက်တွေကို ကုန်တော် (Royal Monopoly) မလုပ်ရန်။

၂။ ဆယ်နှစ်ပြည့်လျှင် အကောက်နှုန်းကို ချင့်ချိန်ပြီး အတိုးအဆုတ်လုပ်ရန် (၁၀ ရာနှုန်းထက် မလွန်ရ)ပြင်ဆင်လျှင် သုံးလကြိုပြီး အကြောင်းကြားရန်

၃။ အင်္ဂလိပ်က ၁၈၆၂ စာချုပ်ပါ စကားအတိုင်း ဆက်ပြီးအကောက် မယူရန်

၄။ အကောက်နှုန်းစာရင်းကို နှစ်မကူးမီ နှစ်လကြိုပြီး ပေးထားရန်

၅။ မြန်မာမြို့တော်မှာ အင်္ဂလိပ်အရေးပိုင်ထားပြီး နှစ်ဖက်ကျွန်နဲ့ စပ်သမျှ အမှုကို ဖက်စပ်ခုံက ကြားနာ စစ်ဆေးရန်၊ အင်္ဂလိပ်မြို့မှာ မြန်မာအရေးပိုင် ထားလိုက ထားရန်

၆။ မြန်မာ အကောက်ဆိပ်တွေမှာ အင်္ဂလိပ်အရာရှိထားလိုက နေရာထိုင်ခင်း ရရှိရန်

၇။ အင်္ဂလိပ် အကောက်ဆိပ်တွေမှာ မြန်မာအရာရှိ ထားလိုက ထားရန်၊ နေရာထိုင်ခင်း ရရှိရန်

၈။ ရွှေငွေ အတင်အပို့ကို မတားဆီးရန်၊ ဗုံးအမြောက် သေနတ် ခဲယမ်းတွေ၊ သင်္ဘောတွေ မြန်မာက ဝယ်လိုလျှင် အင်္ဂလိပ် ဝန်ရှင်တော်နဲ့ညှိနှိုင်း ဝယ်ယူရန်

၉။ မြန်မာဘက်က မကောင်းမှု လွန်ကြူးပြီး နယ်ကျော်ပြေးပုန်းသူကို တောင်းလျှင် အင်္ဂလိပ် ဥပဒေအရ သင့်ကဖမ်းပေးရန်

၁၀။ အင်္ဂလိပ်ဘက်က အလားတူတောင်းရင်လဲ မြန်မာဥပဒေအရ သင့်က ဖမ်းပေးရန်

၁၁။ မြန်မာကျွန်က အင်္ဂလိပ်နယ်ထဲမှာ ကျူးလွန်မှုရှိလျှင် မြန်မာထုံးစံအတိုင်း အပြစ်ဒဏ် ပေးတဲ့အခါ အင်္ဂလိပ်အရာရှိ ရှေ့မှောက်မှာစီရင်ရန်

၁၂။ အင်္ဂလိပ်ကျွန်က မြန်မာနယ်ထဲမှာဖြစ်သော အလားတူ ကိစ္စအတွက် မြန်မာအရာရှိ ရှေ့မှောက်မှာ စီရင်ရန်

၁၃။ ယခုစာချုပ်ပါ တစ်ဆယ့်သုံးချက်ဟာ ၁၈၆၂ စာချုပ်မှာ ဖြည့်စွက်တယ်လို့ ယူဆရန်

ဖြစ်ပါတယ်။ ဒီစာချုပ်မှာ ဖက်စပ်ခုံ (Mixed Court) တို့ပါတယ်။ အဲဒါ အရင်းဆုံး ပြောရင် မြန်မာဥပဒေဟာ ရိုင်းတယ်။ မြန်မာအရာရှိဟာ လာဘ်စားတယ်။ ဒါ့ကြောင့် အင်္ဂလိပ်ဥပဒေ အင်္ဂလိပ်အရာရှိကို အင်္ဂလိပ်ကျွန်တော်မျိုး ပူးတွဲပါဝင်တဲ့ အမှုမှာ သုံးရမယ် ဆိုတဲ့သူများ နိုင်ငံနယ်မြေမှာ သူတို့ဥပဒေကိုလာပြီး ကျင့်သုံးတဲ့ 'နယ်လွန်တရား ဆုံးဖြတ်ခွင့်' (Extraterritorial Right) ဖြစ်တယ်။ မြန်မာသာ မဟုတ်ဘူး။ တရုတ်ရောဂျပန်ပါ ၁၉ ရာစုက ဥရောပသားက ဒီလိုပဲ ဇော်ကားတာကို ခံခဲ့ကြရပါတယ်။ စာချုပ်ကို ဒေါင်းတံဆိပ် နှိပ်ပြီး ပုခန်းမင်းကြီးက လက်မှတ်ထိုးသလို 'ပါပချည်'နဲ့ မြင်းတံဆိပ်နှိပ်ပြီး ဖိုက်ချ်က လက်မှတ်ထိုးပါတယ်။ စာချုပ်ကို 'ကသောင်းမြောင်တိုက်စိုး ရွှေတောင်လယ်ယာ ဇေယကျော် သို့ ပေးအပ်သိမ်းထားစေ' လို့ မှတ်တမ်း ရှိတယ်။ ရေးအခါက မှတ်တမ်းစာရင်း၊ စစ်တမ်း စာရင်းသိမ်းရင် ရွှေတိုက်မှာ သိမ်းမြဲဖြစ်လို့ အခုနိုင်ငံခြားနဲ့ ချုပ်တဲ့စာချုပ်ကျမှ ကသောင်းမြောင် တိုက်စိုးကို အပ်ရင် ကသောင်းမြောင်တိုက်မှာ သိမ်းဖို့ရည်ရွယ်တာလား၊ ရွှေတိုက်မှာ ဘာပြုလို့မသိမ်းတာလဲ။ အဲဒီလို ဆက်စဉ်းစားစရာ ဖြစ်ပါတယ်။ သာမညမှတ်ဖို့ ကတော့ ၁၈၆၇ မြန်မာ အင်္ဂလိပ်စာချုပ်ကို ကသောင်းမြောင်တိုက်မှာ သိမ်းထားပါတယ်။ အခုအထိ အင်္ဂလိပ်ကို ဘုရင့်ရှေ့ တော်သွင်းတဲ့အခါ 'ဦးထုပ်ခြေနင်းများကို ချွတ်စေ၍' လို့

တွေ့နေရသေးတယ်။ တယ်မကြာဘူး ဒီကိစ္စကိုပုံကြီးချဲ့ပြီး ဆက်ဆံရေးပျက်ပြားဖို့ ဖြစ်လာတော့မယ်။ ဒီနေရာမှာ မြန်မာဝန်ကြီးတွေဟာ ရှင်ဘုရင်ရှေ့မှာ 'ဖောင်း' မချွတ်ရပါဘူး။ အင်္ဂလိပ်ကျတော့ 'ဦးထုပ်' ချွတ်ခိုင်းတယ်။ အဲဒါလဲ ထုံးစံထက်ပိုသွားတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါပေမယ့် စာချုပ်ချုပ်ဖြစ်လို့ နှစ်ဦးနှစ်ဖက် ဝမ်းသာကြတာမှာ အင်္ဂလိပ်ဖက်က ဝမ်းသာကြောင်း ဖော်ထုတ်ပုံကို ဒီလိုမှတ်တမ်းတင်ပါတယ်။

> ဘုန်းတော်ကြီးလှသောဘုရား၊ ဆင်းရဲသားသတ္တဝါတို့ကို၊ ရင်တော်ဝယ်သားကဲ့သို့၊ သနားစုံမက်တော်မူသည်နှင့်၊ ချမ်းသာစေခြင်းငှာ၊ တိုင်းတော်ပြည်တော်နှင့်၊ အင်္ဂလိပ်မင်းတိုင်းပြည်၊ ရာဇမဟာမိတ်အဖြစ်၊ စာချုပ်တော်မူပေသည်။ ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်တော်မူမည့်အကြောင်းကို အင်္ဂလိပ်ဘာသာလည်း လှုပ်ခေါင်းအိမ့်အော်၍ ကောင်းကြီးမင်္ဂလာပေးကြပြီးလျှင် (ကုလားဝန် မဟာသီရိဂုဏ္ဏာကျော်သူ ညွှန့်ခံပွဲမှ) သံတဲရောက် ပြန်သွားကြသည်။

အင်္ဂလိပ်သံတွေဟာ ၂၉ အောက်တိုဘာ ၁၈၆၇ နေ့မှာ မန္တလေးက ပြန်ကြတယ်။ အဲဒီနောက် အိန္ဒိယဘုရင်ခံချုပ် ဇံလာရင်း (John Lawre nce) က '၁၈၆၇ ခု နွယ်ရင်းပါလ ၂၈ ရက်' နေ့စွဲနဲ့ ဝမ်းသာကြောင်း စာကိုလည်း ပို့ပါတယ်။ ဘုရင်ခံချုပ်ရဲ့နာမည် အပြည့်အစုံကို ဇံလယ်မင်းလာရင်း (Jonh Laird Mair Lawrgnce) လို့ ခေါ်ပါတယ်။ သူက စာချုပ်ကို အသိအမှတ်ပြုတယ်လို့လည်း သူ့စာထဲမှာပါတယ်။ ဒါကြောင့် မြန်မာမင်းက အလားတူ ပြောဆိုမှတ်သားသင့်တယ်လို့ စလေဒင်ကပြောတော့

> ပုခန်းမင်းကြီးမြို့စားဝန်ကို သတိုးမင်းကြီး မဟာမင်းလှစည်သူ၊ အင်္ဂလိပ်ဝန်ကြီး ကာရနယ် အာလဘဖိုက်တို့စုံညီ သက္ကရာဇ် ၁၂၂၉ ခု သတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၅ အောက်တိုဘာ ၁၈၆၇) နေ့ ချုပ်ဆိုသည့်စာချုပ်အတိုင်းတည်စေ။ ။ သက္ကရာဇ် ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၁၃ ရက် (၂၁ ဇန်နဝါရီ ၁၈၆၈) နေ့ နာခံတော် ပြော့ကြီးမှူး မဟာမင်းလှမင်းကျော်ပြန် အမိန့်တော်ကိုထုတ်ပြန်ပါတယ်။ စာချုပ်ကြစဉ်က ဗန်းမော်ကနေပြီး တရုတ်နိုင်ငံထဲကို အီးဘီစလေဒင်နဲ့ အဖွဲ့ဝင် သွားခွင့်ပြု ဆိုပါတယ်။ အခွင့်ရတဲ့ အတိုင်း စလေဒင်က ၁၃ ဂျန်နဝါရီ ၁၈၆၈မှာ ခရီးစထွက်တယ်လို့ သိရပါတယ်။ ဒီကိစ္စကိုတော့ ဒီမှာ အရှည်အဝေး မဆွေးနွေးနိုင်တော့ပါ။
>
> အင်္ဂလိပ်သံ မြန်မာနိုင်ငံလာပုံနဲ့လာတဲ့ အကြောင်း ပြောသလို မြန်မာသံတွေ အိန္ဒိယနဲ့ ဥရောပသွားပုံ (အထူးသဖြင့် ကင်းဝန် အင်္ဂလန်သွားပုံ) ကို လေ့လာသင့်ပါတယ်။ ကုလားပြည်သွားတဲ့ အကြောင်းကို အထက်ကနည်းနည်း ပြောခဲ့ပြီးပါပြီ။ သွားတဲ့အကြောင်းကတော့ မြန်မာမင်းသစ်လက်ထက်ရောက်ပြီမို့ ပြီးခဲ့သမျှတွေ ပြည်ဖုံးကားချပြီး မဟာမိတ် စစ်စစ်အနေနဲ့ ဆက်ဆံရေးအသစ်စမယ်။ ဖြစ်နိုင်ရင် လျော်ကြေးယူပါ။ အောက်မြန်မာနိုင်ငံက ထွက်ပေးပါလို့ ပြောချင်တယ်။ သံအဖွဲ့ ပြန်ကာနီး ၂၃ ဒီဇင်ဘာ ၁၈၅၄ မှာ ဒီစကားကို မြန်မာသံအဖွဲ့က တည့်တည့်ပြောတော့ ဒါလဟိုဇီက "နေမင်းထွန်းပနေသေးသမျှ ဒီနယ်တွေ အဝမင်းလက်ကို ပြန်ပေးလိမ့်မယ်မဟုတ်" လို့ တင်းတင်းမာမာ ဖြေခဲ့တယ်။ အင်္ဂလိပ် မောက်မာပုံကို အပေါ်လွင်ဆုံးဖော်ပြတဲ့ စကားစုပါပဲ။ သံအဖွဲ့ကဖြစ်ခဲ့တဲ့ မင်းကတစ်ပါး၊ အခ

မင်းကတစ်ပါး၊ အခုမင်းက အင်မတန် စိတ်ကောင်းတယ်၊ ပြောတဲ့စကားလည်း တည်မယ် ဆိုတော့ ရန်စစ်ဖြစ်ခဲ့တာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းကြောင့် မဟုတ်ပါဘူး။ လူမျိုး တစ်မျိုးနဲ့တစ်မျိုးဖြစ်တဲ့ ရန်စစ်ပါလို့ဖြေတယ်။ တစ်ယောက်တည်းကောင်းရုံ နဲ့ တစ်မျိုးလုံးရဲ့ အပြစ်မကျေဘူးလို့ ဆိုလိုတယ်။ ဒီစကားတွေ ကို မြန်မာတွေဟာ ကိုးဆယ့်လေးနှစ် လုံးလုံးအောင့်ပြီး ခံနေခဲ့ကြရတယ်။ မြန်မာသံအဖွဲ့ဟာ ကိုယ့် နိုင်ငံကိုယ် ပြန်ရောက်တော့ လောကွတ်တွေ ဝေဝေဆာဆာနဲ့ ဧည့်ခံလိုက်တာကိုပဲ ရှေ့တန်းတင်ပြီး ပြောရတာပေါ့။ နေမင်းနဲ့ ခိုင်းနှိုင်းပြီး မောက်မာလိုက်ပုံကို အရဲ စွန့်ပြီး ပြောတော့လဲ မင်းတုန်းမင်းဟာ ဘယ်လိုမှ မှတ်ချက်မချပါဘူး။ ဒါပေမဲ့ အရှေ့တိုင်းရောက် အင်္ဂလိပ်သာဆိုးတယ်၊ အင်္ဂလိပ်ဘုရင်မနဲ့ အင်္ဂလိပ် မှူးမတ် သင်းပင်းဟာ ဒီလောက် မဆိုးနိုင်ဘူးလို့ သူ စဉ်းစားပုံရပါတယ်။ ဒါပေမယ့် ဒီက အင်္ဂလိပ်တွေကို ဆက်ပြီး ပြေပြေပြစ်ပြစ် ဖြစ်အောင် ကြိုးစားဆက်ဆံဖို့ သူ အားထုတ်ပါတယ်။ ဒါ့ကြောင့် စောစောက ပြောခဲ့ပြီးတဲ့ ၁၈၅၅၊ ၁၈၆၂၊ ၁၈၆၆ နဲ့ ၁၈၆၇ လာတဲ့ သံအဖွဲ့တွေကို ကောင်းကောင်းကြီး ဆက်ဆံပါတယ်။

ဒီအတောအတွင်းမှာ ပြင်သစ်နဲ့ မိတ်ဖြစ်ဖို့လည်း ကြိုးစားခဲ့တယ်။ ပြင်သစ် ကိုယ်စားလှယ်ဆိုပြီး ဒေါ်ဂေါနီ (D' Orgoni) ဟာ ၁၈၅၂ ဇူလိုင်လကပဲ မြန်မာမင်းဆီကို ရောက်ခဲ့ပြီးပါပြီ။ ပြင်သစ်စစ်တပ်မှာ သူဟာ ဗိုလ်ချုပ်အဆင့်ရှိသူဖြစ်လို့ စစ်ရေးစစ်ရာကို သူနဲ့ တိုင်ပင်ကြည့်ပါတယ်။ လက်ငင်းအခြေအနေအရ အင်္ဂလိပ်ကို ကောင်းကောင်း ခုခံ နိုင်ချင်ရင် ပြောက်ကျား စစ်ဆင်နည်းကိုသုံးပါလို့ ဆိုတယ်။ ဒုတိယအကြိမ် ၇ ဩဂုတ် ၁၈၅၃ မှာ ရောက်တယ်။ တတိယအကြိမ် ၄ ဇွန် ၁၈၅၅ မှာ ရောက်တယ်လို့ အထက်က ပြောခဲ့ပြီးပါပြီ။ သူ ဒီတစ်ခါတော့ မြန်မာသံခန့်ပြီး သူနဲ့အတူတူ ထည့်လိုက်ပါတယ်။ မြန်မာသံအဖွဲ့မှာ ကုလားဝန်ဂျေအက်စ်မနွတ်က ဦးဆောင်ပြီး ပြင်သစ်ကို ဒေါ်ဂေါနီနဲ့ အတူတူ စထွက်ရက်ဟာ ၂၆ ဖေဖော်ဝါရီ ၁၈၅၆ ဖြစ်ပါတယ်။ ဒီအခါက ပြင်သစ်နဲ့ အင်္ဂလိပ်ဟာတွဲဖက်ပြီး ကရိုင်မီယားစစ်ကိုတိုက်ဆဲမို့ မြန်မာအရေးနဲ့ ပတ်သက်ပြီး အင်္ဂလိပ် ငြိငြင်မှာကို ပြင်သစ် စိုးရိမ်ရပါတယ်။ ဒီတော့ ပြင်သစ်ကိုရောက်နေတာ ကြာပေမဲ့ ဧကရာဇ်တတိယ နပိုလီယန်ဟာ မြန်မာသံအဖွဲ့ကို ၁၆ အောက်တိုဘာ ၁၈၅၆ မှာမှ လက်ခံ တွေ့ဆုံခွင့်ပြုပါတယ်။ ပြင်သစ်မှာ မြန်မာတွေ ဘာပြောတယ်၊ ဘာလုပ်တယ်၊ ဘာဝယ်တယ်၊ ကအစ အားလုံး အင်္ဂလိပ်ကို အသိပေးနေရပါတယ်။ မြန်မာက သေနတ်လုပ်ဖို့ စက်နဲ့ လွစက် တည်ဆောက်ဖို့ စက်ကရိယာ ဝယ်ခဲ့ပါတယ်။

အမေရိကန်နဲ့လည်း အကူအညီ ရလိုရငြား ဆက်ဆံ ကြည့်သေးတယ်လို့ စောစောက ပြောခဲ့ပြီးပါပြီ။ ကင်းကိတ် (Rev. Eugenio Kincaid)တို့က အနောက်တိုင်းပညာ မြန်မာပြန် စာအုပ်တစ်ချို့ကို ဆက်ပါတယ်။ အနောက်တိုင်း အတက်နဲ့ အနောက်တိုင်းကို ပြိုင်မှ ဖြစ်မယ်လို့ အကြံဉာဏ် ပေးတဲ့သဘောပါပဲ။ နောက်တော့ ကင်းကိတ်ကိုပဲ မြန်မာသံအဖြစ်နဲ့ အမေရိကန်ကို လွှတ်ပါတယ်။ အဲဒီအချိန်က အမေရိကန်သမ္မတက ဗုချနန် (Buchanon) ဖြစ်ပါတယ်။ မြန်မာသံကင်းကိတ် ခရီးစထွက်တဲ့နေ့ကိုမသိရပေမယ့် နယူးယောက်ကိုတော့ ၁၈ ဖေဖေါ်ဝါရီ ၁၈၅၇ မှာ ရောက်တယ်လို့ သိရတယ်။ သူယူသွားတဲ့ စာကတော့

သုနာပရန္တ တိုင်း၊ တမ္ပဒီပတိုင်း အစရှိသော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော၊ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား၊ ပဒုံမာ ကြာမုံနှင့်တူသော ရွှေစက်တော်စုံကို အမြဲဦးထိပ်ရွက်၍ တိုင်းရေးပြည် မှုကို စီရင်ရသော၊ အဂ္ဂမဟာသေနာဓိ ပတိဝန့်ရှင်တော် စစ်သူကြီးမင်းများ ကြားလိုက်သည်။ ဝါရှင်တုံမြို့ နှင့်တကွ အနေစံမျက်နှာတိုင်းကြီး ပြည်ကြီးများကို အစိုးရတော်မူသော၊ အမေရိကံမင်း၊ စစ်သူကြီးမင်းတို့။ ။ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည်၊ ဘေး လောင်းတော်၊ ဘိုးလောင်းတော်တို့ အရိုက်အရာတော်ဖြစ်သော တိုင်းပြည်နိုင်ငံအလုံးကို၊ ဆက်ခံစိုးအုပ်တော်မူလျှင် ရှေးဘုရားအလောင်း၊ မင်းကောင်းမင်းမြတ်တို့ ကျင့်ထုံး ဖြစ်သော တရားများကို၊ အထူးသဖြင့် ကျင့်သုံးတော်မူ၍။ ဘေးလောင်းတော်၊ဘိုးလောင်းတော်တို့ လက်ထက်တော်က ရာဇ မဟာမိတ်ဖြစ်သော၊ ပြည်ထောင် ဘက်မင်းတို့နှင့်၊ ရာဇမဟာမိတ် ဖြစ်မြဲဖြစ်စေသည်။ အမေရိကံ ဆရာကင်းကိတ် ရွှေတဝါးတော်အော်ရော်လျှင်လည်း အဆီးအတားမရှိ အတွင်းတော်သို့ဝင်ထွက်စေပြီးလျှင် ရွှေမျက်နှာတော်ကို ဘူးမြော်စေ၍ အကြောင်းအရာများကို တင်လျှောက်စေသည်။ တိုင်းတော်ပြည်တော်နှင့် အမေရိကံမင်း တိုင်းပြည်ရာဇမဟာမိတ် ဖြစ်ကြရလျှင် ၂ တိုင်း၂ပြည် သားတော်အစည် မြေးတော်အဆက်၊ မြစ်တော်အညွန့် အခွန့်ရှည်စွာ၊ ကုန်သည်ဆင်းရဲသား ကျွန်တော်မျိုးတို့ အကျိုးများစွာ ရှိမည်ကို သဘောထား၍။ ဆရာကင်းကိတ်ကို စာပေးအပ်လိုက်သည်။ စစ်သူကြီးမင်းတို့ကလည်း ၂ တိုင်း ၂ ပြည် ရာဇမဟာမိတ် ဖြစ်ကြရလျှင်၊ သားတော်အစည် မြေးတော်အဆက်။ မြစ်တော်အညွန့် အခွန့်ရှည်စွာ ကုန် သည်ဆင်းရဲသား ကျွန်တော်မျိုးတို့ အကျိုးများစွာရှိမည်ကို သဘောထား၍ အမေရိကံမင်းထံ ရာဇမဟာမိတ်ဖြစ်ကြရအောင် တင်လျှောက်မည်အကြောင်းကို ကြားလိုက်သည် ဒီလို စာပေးပို့ပြီး ဆက်သွယ်ပြီးတဲ့နောက် မြန်မာလူငယ် တစ်ကျိပ်ကျော်ကို ပညာတော်သင် အမေရိကံလွှတ်ဖို့ စဉ်းစားပါတယ်။ နောက်တကယ် လွှတ်ဖြစ်တော့သာ ကာလကတ္တား ဒေါရေတွန်ကောလိပ် (Calcutta Doreton College)ကို လွှတ်ပါတယ်။

မြန်မာတွေ နိုင်ငံခြား ဆက်ဆံရေးမှာ ဒီလိုအမြင်ကျယ်ပြီး ခြေလှမ်း သွက်ပြီး ရှိလာတာကတော့ အင်္ဂလိပ်မောက်မာတာက အရင်းအစဖြစ်ပြီး တန်ပြန်ဖို့ နည်းလမ်းရှာတဲ့အခါမှာ ဒေါင်ပေါက်လူ (Father Paulo abbona) တို့လို ဘရင်ဂျီခင်ကြီးတွေ ညွှန်ကြားပေးလို့လည်း ဖြစ်ပါတယ်။ ဒေါင်ပေါက်လူဟာ မြန်မာမြေပေါ်မှာ ၁၈၄၆ ကတည်းက ရောက်နေတယ်လို့ ဆိုပါတယ်။ သူတို့ မြန်မာဘက်က ရှေ့နေလိုက်နေတာကတော့ မြန်မာကို ချစ်လွန်းလို့အင်္ဂလိပ်ကို မုန်းလွန်းလို့မဟုတ်ပါဘူး။ မြန်မာဘုရင်နဲ့ အဆက်အသွယ်ကောင်းရင် ခရစ်ယာန် သာသနာပြု အောင်မြင်မယ်လို့ မြော်လင့်လို့ပါပဲ။ သူတို့ကပဲ အရှေ့တိုင်းရောက် အင်္ဂလိပ်ရိုင်းပြတာကို အနောက်တိုင်းမှာ လည်တိုင်စမ်းပါ။ အင်္ဂလန်ကျွန်းပေါ်က အင်္ဂလိပ်ကို သွားပြောစမ်းပါလို့ လမ်းပြတယ်ဆိုရင်လည်း မှန်ဖို့က များပါတယ်။ အဲဒါအပြင် ပြင်သစ်ဆရာ၊ အီတလီဆရာတွေ ခေါ်ပြီး စက်ရုံဆောက်၊ စစ်တပ်ကို ပြုပြင်

ဆိုတာမျိုးဟာလည်း သူတို့ ကစပြီး သွင်းတဲ့စိတ်ကူး ဖြစ်နိုင်ပါတယ်။ ဆရာကောင်းရဖို့လည်း သူတို့ အကူအညီ ပါပါတယ်။ သူတို့ အပါအဝင် အကြံဉာဏ် ပေးကြတာတွေကို ခံယူပြီး မြန်မာဟာ ကမ္ဘာနဲ့ဆက်သွယ်ကြည့်တယ်။ အင်္ဂလန်ကျွန်းပေါ်က အင်္ဂလိပ်နဲ့ ဆက်သွယ်ကြည့်တယ်။

မြန်မာတိုင်းပြည်နိုင်ငံနှင့် အင်္ဂလိပ်တိုင်းပြည်နိုင်ငံအစဉ် ရာဇမဟာမိတ်အဖြစ် မြဲမြံခိုင်ခန့်အောင် ရည်သံတော်မူလျက် ဝန်ကြီးကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူကို သံကြီး၊ ဝန်ထောက်ပန်း တည်းဝန် မဟာမင်းလှကျော်ထင်၊ ဝန်ထောက်တန်ချက်ဝန် မဟာမင်း ကျော်ရာဇာတို့ကို သံလတ်၊ စာရေးကြီး မင်းလှဇေယျသူကို သံငယ်ခန့်၊ သံကြီး သံလတ် သံငယ်တို့ကို ရာဇသံ လက်ဆောင်တော်များနှင့်အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ မင်းမှူးမတ်တို့ရှိရာ ရောက်သွားစေ

အဲဒီအမိန့်နဲ့ လက်ဆောင်တော်တွေကို စီစဉ်တဲ့အခါ ဝိတိုရိယဘုရင်မဖို့ ပတ္တမြားစီခါးကြိုးနဲ့ လက်ကောက်ရန်စုံတွေ လုပ်ကြရပါတယ်။

မင်းချင်းပေး လက်ဆောင်တော်ဟူစ ထိုက်အောင်၊ လက်တတ် လက်ကောင်း ၉ ခေါင်း ပန်းတိမ် ဂုံတန်တော်တို့ကို လက်ကုန်ကောင်း

မွန်အောင် လုပ်ဆောင်စေပါတယ်။ ဇေဒင်အလို အခါကောင်းဖြစ်တဲ့ ၁၈ ဖေဖော်ဝါရီ ၁၈၇၂ မှာ ခရီးစထွက်တယ်။ မြန်မာပိုင် စကြာယည်မွန်သင်္ဘောနဲ့ထွက်ပါတယ်။ မန္တလေးကနေပြီး သရက်အထိ ကြေးနန်းသွယ်တန်းပြီးတာ ၁၈၆၉ ခု ၁၈၇၀ ပြည့်ကဘဲ ဖြစ်မယ်ဆိုတော့အခု သံတွေစခန်းတစ်ထောက် ရောက်တိုင်း မန္တလေးကို သံကြိုးနဲ့ ဘယ်ရောက်ပါပြီလို့ အစီရင်ခံသွားတယ်။ အင်္ဂလိပ်မြန်မာနယ်ခြားကို ၈ မတ် ၁၈၇၂မှာ ရောက်တယ်။ အင်္ဂလိပ်အရေးပိုင်သရက်ပြောင်း (Horace Albert Brown)

မှူးကြီး၊ မတ်ကြီး၊ သံကြီး၊ တမန်ကြီးများကို လာရောက်တွေ့ကြုံနှုတ်ဆက်သည်။ ထုံးစံနှင့်မညီ ပကတိ လူချင်း အမှတ်မဲ့ တွေ့ကြုံ နှုတ်ဆက်သကဲ့သို့ (၈ မတ် ၁၈၇၂)

လာရောက်တွေ့ဆုံပြီး လန်ဒန်မှာ ဘယ်လောက်ကြာမလဲ၊ ဘယ်နိုင်ငံတွေ ဝင်အုံးမလဲလို့ အထူးဂရုစိုက်ပြီး မေးတယ်။ ပြည်မြို့ရောက်တဲ့အခါ အထက်က အောက်ပြည်အောက်ရွာကို ခိုဝင်နေတဲ့ လူတစ်စုက အညာကိုပြန်ချင်စိတ်ရှိတယ်လို့ ပြောတာကို မှတ်တမ်းတင်ထားခဲ့တယ်။ အဲဒီအခါက အညာကအောက်ကို ပြောင်းသွားတဲ့လူတွေ တော်တော်များနေပြီ။ အခု မှတ်တမ်းတင်သလိုအများစုက ပြန်လိုကြမယ်လို့ မထင်ပါ။ အထက်အညာမှာလည်း တိုးတက်သင့်သလောက် တိုးတက်တယ်ဆိုရင် ရပါတယ်။ စက်ရုံတည်ထောင်ဘို့ အင်မတန် ကြိုးစားတဲ့အချိန်ပါဘဲ။ ဒါပေမယ့် စက်မှုနိုင်ငံရေးထူထောင်ရေးပန်းတိုင် မဟုတ်ပါဘူး။ အင်္ဂလိပ်ဆီက ဝယ်ယူဖို့မလွယ်တဲ့ လက်နက်ငယ်တွေလုပ်ဖို့ ပိုပြီးအာရုံစိုက်နေပါတယ်။ မြန်မာပိုင် **စကြာယ ည်မွံ** ဆိုတဲ့ သင်္ဘောကအင်္ဂလန်အထိ သွားနေပါပြီ။

မြန်မာတွေ အင်္ဂလန်က အင်္ဂလိပ်ဆီအရောက်သွားမှာကို ရန်ကုန်က အင်္ဂလိပ်က မကြိုက်တာတော့အမှန်ပါပဲ။

အင်္ဂလိပ်အရာရှိတို့က ယခုသွားမည့် အရေးကို မသက်မသာ အားကြီးစွာ ရှိကြောင်း။ ပျက်ရာပျက်ကြောင်း ကြံနိုင်သမျှ ကြံကြောင်း၊ ပျက်အောင်မကြံနိုင်လျှင် အသွားအလာ နှောင့်ယှက်ရပ်ဆိုင်း နေ့ရက်ကြန့် ကြာရုံပင်ဖြစ်သော်လည်း ပြုရန် ရှိကြောင်း (၁၂ မတ် ၁၈၇၂)

မြန်မာသံအဖွဲ့က သတင်းရပြီးဖြစ်နေပါတယ်။ ရန်ကုန်ဆိပ်ကို မြန်မာသံအဖွဲ့ ရောက်တဲ့အခါ

အင်္ဂလိပ်အရာရှိတို့ မသိမကြားသကဲ့သို့ အထူးသဖြင့် ဆင့်ဆို ထားသည့် လက္ခဏာ ဆိပ်ဆိပ်ငြိမ်ငြိမ် စာလူမစေလွှတ် ကိုယ်တိုင် မဆက်မလက် မကမ်းမလှမ်း နေကြသည်ကို အံ့သြဘွယ် ရှိလှပေသည် (၁၃ မတ် ၁၈၇၂)

လို့ မှတ်တမ်းတင် ပါတယ်။ အင်္ဂလိပ်သံ လာတယ်ဆိုရင် မြန်မာက ဆိပ်ကမ်းတိုင်း ပွဲလမ်းသဘင် ခင်းကျင်းပြီး ကြိုဆိုတာနဲ့ အင်မတန်ကွာလေတော့၊ ဒီကြိုဆိုပွဲတွေမှာ အခု သံအမတ် လုပ်သူကင်းဝန်မင်းကြီးလည်း ပါဝင်ဆောင်ရွက်ရဖူးလေတော့ အခု အင်္ဂလိပ်က မထေမဲ့မြင်လုပ်တာကို ဒီလိုပဲ ရေးပေမှာပဲပေါ့။

မြန်မာသံအဖွဲ့ဟာ မြန်မာပိုင်ပင်လယ်ကူး **စကြာယည်ပျံ** နဲ့ ဘိလပ်အရောက်သွားဖို့ စီစဉ်တယ်။ ရန်ကုန်ကို ၁၃ မတ် ၁၈၇၂ ရောက်နေတာကို ၁၈ မတ် ၁၈၇၂ မှာမှ ရန်ကုန် အရေးပိုင် အီဒင်က သူ့အိမ်ကို ဖိတ်တယ်။ လမ်းမှာ ဘယ်နိုင်ငံတွေ ဝင်မလဲ၊ ဘယ်လမ်း သွားမလဲ၊ အင်္ဂလန်ဘုရင်မကို ဘာလက်ဆောင်ပေးမလဲဆိုတာကို အရင်းထားပြီး မေးမြန်း တယ်။ တိုက်ရိုက် လန်ဒန်အရောက် အီတလီ ပြင်သစ်မီးရထား နဲ့ဖြတ်သွားမယ်။ အပြန် တော့ နိုင်ငံများများဝင်မယ်။ အင်္ဂလန်မှာ ပေးမဲ့ လက်ဆောင်တွေရဲ့ အမျိုးအမည်နဲ့ ဂုဏ်ထူးသဘောထားတွေကိုလဲ ရှင်းပြပါတယ်။ အင်္ဂလိပ်အရေးပိုင်က ကုလား နိုင်ငံမှာရှိတဲ့ အင်္ဂလိပ်ဘုရင်ခံကို ကျော်လွန်ပြီး သွားတာဖြစ်လို့ လူချင်းတွေ့ဖူးရုံပဲရှိမယ်။ ဘာမှ အရာရောက်မှာ မဟုတ်ဖူးလို့ သတိပေးစကား ပြောတယ်။

တိုင်းပြည်မှု လက်နက်ကိရိယာမှုမှစ၍ အမှုစကားကို မပြောပါလေနှင့်၊ ပြောဆိုသော်လည်း စိတ်နှလုံးပူပန်ရုံမျှသာ ဖြစ်ပါမည်၊ သိစေလို၍ အဆွေခင်ပွန်း အဖြစ်နှင့် ပြောဆိုကြောင်း (၁၈ မတ် ၁၈၇၂)

မြန်မာကလည်း မှတ်သားထားလိုက်ပါတယ်။ အဲဒါ ထပ်ပြီးတော့ **စကြာယည်ပျံ**ကို ပင်လယ်ကူးသင်္ဘော ဥပဒေအရ ချက်ချင်း မထွက်နိုင်အောင် နှောင့်ယှက်ပြန်တယ်။ ရက်ဆွဲထားတဲ့ အချိန်တွင်းမှာ အကောက်ဌာနကလူတွေ လွှတ်ပြီး 'တစ်နေကုန် တစ်နေကုန် နေ့စဉ် စောင့်နေကြည့်ရှုမှတ်သား' တယ်လို့ ဆိုတယ်။ ထွက်ဖို့ ၂၀ မတ် ၁၈၇၂ မှာ အသင့် ဖြစ်နေပေမယ့်ထွက်သွားခွင့်စာ မရလို့ မထွက်ရဘူး။ သံအဖွဲ့လည်း တမင်သက်သက် လုပ်မှန်းသိလို့ ထုံးစံခုတ်မြဲသင်္ဘော(တနင်္သာရီသင်္ဘော)ကို အခပေးပြီး ၂၃ မတ်လ ၁၇၇၂ မှာ ပြောင်းစီးကြတယ်။ အမှုရှင်းမှ **စကြာယည်ပျံ** ကို လိုက်ခဲ့တော့ မှာရတယ်။ အဲဒီ အခါမှာ ဘုရင်မပေးဖို့ ရာဇသံစာလက်ခံ ပေးခဲ့ပါလို့ တောင်းပြန်တယ်။ မြန်မာသံတွေက ပေးခွင့်မရှိဘူးလို့ စကားပြန်တော့

ရာဇသံ လက်ခံများကိုပေး၍ ဖြည်းဖြည်းသာသာ ထွက်သွားပါ။ ရန်ကုန်မြို့က သံတော်တို့ အလျင်အမြန် မထွက်သွားပါနှင့်၊ နောက် ၁၀ ရက်ခန့်ကြာလျှင်

သဘော်တော်နှင့် ကောင်းမွန်စွာ သွားရပါလိမ့်မည်။ သည်ကဲ့သို့သွားမှ လန်ဒန်မြို့သို့ ရောက်သည်ကာလ၊ အင်္ဂလိပ် ဘုရင်မက ကောင်းမွန်စွာ လက်ခံပါလိမ့်မည်။ ယခု ဆောဆောလျင်လျင် ရာဇသံလက်ခံကို မပေးဘဲသွားလျှင်၊ အင်္ဂလိပ်ဘုရင်မက ကောင်းမွန်စွာ လက်ခံမည်မဟုတ်ကြောင်း (၂၃ မတ် ၁၈၇၂)

ခြိမ်းခြောက်ပါသေးတယ်။ မရပါဘူး။ **တနင်္သာရီ** သဘော်နဲ့ ၂၄ မတ် ၁၈၇၂ မှာ ထွက်ခဲ့ကြတယ်။ အဲဒီသဘော်က မထွက်ဖြစ်အောင် သဘော်ကကပ်ပတိန်ကို တားသေးတယ်။ မရလို့သာ ထွက်ခဲ့ဖြစ်တယ်လို့ နောက်သိရတယ်။ ဒေင်မြို့ကို ၁၀ ဧပြီ ၁၈၇၂ မှာ ရောက်တယ်။ ဒေင်မြို့မှတ်တမ်းမှာ အင်္ဂလိပ်တွေရဲ့ ဇာတိရုပ်ကို ပေါ်အောင် ရေးခဲ့နိုင်ပါတယ်။

အင်္ဂလိပ်အရာရှိ....ဈေးရုံ ကျောင်း ဘုရား လက်နက်ကိုင်တို့ နေရာမှစ၍ အရပ်ရပ်မှာပင်၊ ၎င်းအေဒင်တောင်ရှိ ကျောက်ကိုအင်္ဂတေနှင့် စပ်၍ လုပ်ဆောင်သည့် တိုက်သာများသည်။ အေဒင်သားဇာတိလူတို့ နေသည့် တဲအုံများမှာ သစ်ခက်တဲ၊ ကောက်ရိုးအုံကဲ့သို့ အလွန်ဆင်းရဲလှစွာ တဲအုံငယ်နှင့် နေကြရသည် (၁၀ ဧပြီ ၁၈၇၂)

လို့မှတ်ချက်ချတဲ့အတွက် နယ်ချဲ့အရင်းရှင်အောက်မှာ နေရမဲ့ဘဝကို ကင်းဝန်မင်းကြီးက လက်တွေ့မြင်ခဲ့ပြီးလို့ အများတကာ သဘောပေါက်အောင်သတိပေးနေတာပဲ ဖြစ်တယ်လို့ ယူဆရမှာပါပဲ။ ဒီတိုင်းရင်းသားတွေဟာ တခြားကြီးပွားစရာ တက်လမ်းလည်းမရှိ၊ လက်ရှိ အခြေအနေကလည်း အလွန်ဆိုးတယ်လို့သတိ ပြုမိပါတယ်။

၎င်းလူတို့ ဝတ်ပုံစားပုံမှာ ဟိန္ဒူနှင့် ခပ်သွင်သွင်ရှိသည်။ အလွန်ညစ်နွမ်းစုတ်ပဲ့သည်။ တိုက်အိမ်တံတား အရိပ်ရှိရာကျောက်ပေါ် မြေပေါ်များမှာ ၄ ယောက်စု ၅ ယောက်စု ထိုင်လျက် အိပ်လျက် အလုပ်လုပ်ရန်အခွင့် တောင်းစားရန် အခွင့်များကို ရှာတွေ့ မြော်လင့် စောင့်နေကြသည်။ ၎င်းလူမျိုးကား သူတစ်ပါးအစေအပါးကိုခံ၍၊ တောင်းစား ရမ်းစား ကိုယ်ခစားဖြင့်သာ အသက်မွေးရသော၊ အလွန် ဉာဏ်နည်းသည်ဖြစ်၍ ဆင်းရဲလှသော အမူအရာ ပုံပန်းလက္ခဏာရှိသည်။ (၁၀ ဧပြီ ၁၈၇၂)

ဒီလိုပြောနေခြင်းဟာ မြန်မာတွေကို ကိုလိုနီနိုင်ငံသား မဖြစ်ချင်ကြနဲ့လို့ သတိပေးနေတာနဲ့ပဲ တူနေပါတော့တယ်။ ဒါပေမဲ့ ဒီနယ်မြေမှာ စူးအက်တူးမြောင်းက ဖောက်ပြီးစ (၁၈၆၉ ခု ဖောက်ပြီးလို့ သုံးနှစ်ပဲ ကြာသေးတာကြောင့်)

အလုပ်အကိုင် အလွန်ခက်ခဲသည့်အရာကိုပင် မြေတူးစက် မြေသယ်စက် မြေသယ်မီးရထား အကြီးအကျယ် အများအပြားနှင့် မဖြစ်မနေရ အားထုတ်လုပ်ဆောင်သောကြောင့် ဖြစ်ဆန်းသာမညမဟုတ် အကြီးအကျယ် အကောင်းအမွန် ဖြစ်ထွန်းပေါက်ရောက် ရှိသည်ကို အလွန်အံ့သြ ချီးမွမ်းဖွယ် ရှိလှပေသည် (၁၈ ဧပြီ ၁၈၇၂)

လို့ချီးမွမ်းပါတယ်။ ဖောက်လုပ်တဲ့ အခါတုန်းက ဦးဆောင်တဲ့လူဟာ ဖာဒီနန်ဒေလက်ဆက် (Ferdinand De Lessps)ဖြစ်လို့ ကိုင်ရို (Cairo) အသွား ဇာကွဇစ် (Zaqaziq) မြို့အရောက် ၁၉ ဧပြီ ၁၈၇၂ မှာ အဲဒီပြင်သစ် လူစွမ်းကောင်းကို ကင်းဝန်မင်းကြီးတို့ ရှာဖွေပြီး မိတ်ဆက်ခဲ့ပါတယ်။ ထူးခြားပြောင်မြောက်တဲ့ အင်ဂျင်နီယာ အောင်မြင်မှုကို

အလေးဂရု ပြုရကောင်းမှန်း မြန်မာတွေ သိနေလို့ဆိုရပါမယ်။ ဒါပေမဲ့ ပိရမစ်တွေကို ၂၇ ဧပြီ ၁၈၇၂ မှာ သွားကြည့်တော့ အရင်အနှစ် ငါးထောင်ကျော်က ဆောက်သွားတာလို့ သိပေမယ့် သိပ်အံ့ဩတယ်လို့ ရေးမှတ်မသွားပါဘူး။

ရန်ကုန်မှ အင်္ဂလိပ် နှောင့်ယှက်လို့ တစ်ပါတည်း မစီးခဲ့ရတဲ့ မြန်မာပင်လယ်ကူး သင်္ဘော စကြာယည်ပျံဟာ ၂၇ ဧပြီလ ၁၈၇၂ မှာ အလက်ဇန်းဒရီးယားကို ရောက်လာပါပြီ။ အီဂျစ်မှာလှည့်လည်ရင်း တိရစ္ဆာန်ရုံကိုရောက်လို့ ခြသေ့တွေတော့ 'ပါပချည်ခေါ်သည့်ခြသေ့ဖိုမ' လို့မှတ်သား ထားပါတယ်။ ရက္ခဗေဒဉယျာဉ်ဆိုတာမျိုးကို တွေ့တဲ့အခါ

နိုင်ငံတကာမှဖြစ်သော သစ်ပင် အမျိုးမျိုးများကိုလည်း၊ မှန်ကာ မှန်မိုးတဲ့ အတွင်း ရေတသွင်သွင် ပြုပြင် စိုက်ပျိုးသည်ကို တွေ့မြင်ရသည် (၂၈ ဧပြီ ၁၈၇၂)

လို့မှတ်သားတယ်။ မြန်မာသံအဖွဲ့ဟာ မြန်မာသင်္ဘောပေါ်ကို ၂၉ ဧပြီ ၁၈၇၂ မှာရောက်ကြတယ်။ နောက်ဆုံး အီဂျစ်က ထွက်ခါနီး အီဂျစ်တိုးတက်နေပုံကို မှတ်ချက်ရေးတဲ့အခါ မြန်မာနိုင်ငံက လိုက်နာဖို့အတွက်ပါ စိတ်ကမှန်းပြီးရေးဟန် တူတယ်။

တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ကူးသွားရန် ပကတိလမ်း မီးရထားလမ်း အလိုရှိရာ သွင်းပေးရန် ရေမြောင်းများနှင့် သင်္ဘောဆိပ်ကမ်း သင်္ဘောကျင်း တိုက်အိမ်ဓာတ်မီး သံတံတား အလုပ်ကြီးအဆောင် ကြီး အများအပြား လုပ်ဆောင် တိုးပွားဆဲရှိသည်။ ဘုရင်ခံ မင်းလည်း အကူးအသန်း အရောင်းအဝယ် အလုပ်အကိုင် အတည်အထား၊ မင်းချင်း ဆက်လက်ပုံ နိုင်ငံ တိုးတက်ရန်အကြောင်း၊ ရဲမက် ဗိုလ်ပါ စည်းကြပ်ပုံ၊ အစောင့်အနေထားပုံ၊ လက်နက်ကိရိယာ လုပ်ဆောင်ပုံ၊ စီးသင်္ဘော တိုက်သင်္ဘော လုပ်ကိုင်တည်ထားပုံ၊ ထိန်းသိမ်း စောင့်ရှောက်ပုံများမှာ သိုးဆောင်းနိုင်ငံထုံးစံ ဥပဒေရှိသည့်အတိုင်း လုပ်ဆောင်သည် (၁ မေ ၁၈၇၂)

လို့ ရေးတာမှာ မြန်မာတွေလည်း နမူနာယူလို့ ဆိုလိုနေပါတယ်။

အီတလီကိုရောက်ပြီးလို့ ၈ မေ ၁၈၇၂ မှာ ရဟန်းမင်း (Pope) ရဲ့ တိုက်နန်းကို သွားကြည့်တယ်။ အဲဒီအခါ ရေးတဲ့မှတ်ချက်ဟာ မြန်မာမင်းတွေ နန်းမြို့ မကြာခဏ ပြောင်းတာကို ဆုံးမတဲ့ သဘောပါတယ်။

ရဟန်းမင်း တိုက်နန်းကျောင်းကြီးမှာ နှစ်ပေါင်း လေးရာခန့် ရှည်ကြာ ရှိကြောင်း ပြောဆိုကြားသိရသည်။ သို့သော်လည်း ရဟန်းမင်း အဆက်ဆက် တစ်ဦးအဆောက်အဦးကို တစ်ဦးမဖျက်၊ ထပ်ကာထပ်ကာ တစ်ဦးထက် တစ်ဦး သာအောင် ထပ်မံပြင်ဆင် လုပ်ဆောင်နေထိုင်ကြသောကြောင့်၊ နှစ်လ ရှည်ကြာ သော်လည်း၊ မပျက်မစီး မဟောင်းမနွမ်း၊ တိုးတက်ကြီးကျယ် အံ့ဩဖွယ်ရှိသည်။ ၎င်းတိုက်နန်းကျောင်းကြီး အဆောက်အဦသည် သိုးဆောင်းနိုင်ငံတွင် အကြီး ကျယ်ဆုံး ဆိုစလောက်သည်ဟု သိုးဆောင်းလူမျိုးတို့ ပြောစမှတ်ရှိကြောင်း ကြားသိ ရသည်။ ၎င်းကျောင်းကြီးမှာ တိုက်ခန်းပေါင်း တစ်ထောင်ကျော် ရှိသောဟူ၏။ တိုက်ခန်းဟူသည်လည်း အနည်းအကျဉ်းမဟုတ်။ အလွန်ကြီးကျယ် ပြန့်ပြောလှ၏။ (၈ မေ ၁၈၇၂)

လို့ တွေ့ရတာကိုထောက်ရင် အမရပူရက မန္တလေးပြောင်းစဉ်က သူကိုယ်တိုင် ပါဝင်ခဲ့ရပုံ ကို ကင်းဝန်မင်းကြီး ရှက်နေဟန်တူပါတယ်။ ရှေးလက်ရာကို အမွန်တမြတ် ထားတာကို

မြင်ပြန်တော့ အပျက်ဆိုရင် တွန်းချပြီး အသစ်ဆောက်တတ်တဲ့ မြန်မာတွေကို ဆုံးမချင်ဟန်တူပါတယ်။

> ရှေးအထက် ဆောက်လုပ်သည့်တိုက်ကြီး တိုက်ဟောင်း နှစ်ကာလရှည်၍ မြေအတွင်း ပို့မြုပ်သည်များကို နောက်မှတွေ့၍ ပကတိ အတိုင်း ကျအောင် တူးဆွ ပြင်ဆင်၊ ကျန်ရှိသမျှ အဆောက်အဦ အကြီးအကျယ်များကို လူခပ်သိမ်း ကြည့်ရှုရန် ကောင်းမွန်စွာ ထားသည့် ရှည်ကြာဟောင်းခြင်း၊ ကြီးကျယ်ခိုင်ခန့် သေချာစေ့စပ်လှသော အဆောက်အဦကြီး အရပ်ရပ်များ (၈ မေ ၁၈၇၂)

လို့ ရေးတဲ့နေရာမှာ ကင်းဝန်မင်းကြီးဟာ ရှေးဟောင်းသုတေသန (Archaeology) သဘောကို ရှင်းပြနေတာဖြစ်တယ်။

ပါလီမန်နှစ်ခုနဲ့ ဥပဒေပြုပြီး တိုင်းပြည်ကို အုပ်ချုပ်တဲ့နည်းစနစ်ကိုလည်း ကြိုက်နှစ်သက်တဲ့ သဘောနဲ့ မြန်မာတွေ အလွယ်တကူ နားလယ်နိုင်အောင် အီတလီ ပါလီမန်ကို လေ့လာပြီး

> တိုင်းကျိုးပြည်ကျိုး တိုင်းရေးပြည်ရေးနှင့် စပ်သည့်မှုခင်းများကို၊ ၎င်းမှူးမတ် ၂ သင်းတို့ သဘောရှိတိုင်း သင့်မသင့်များကို အကြောင်းယုတ္တိနှင့်တကွ တစ်ဦးတစ်ယောက်စီ အလှည့်အလည် မတ်ရပ်ထလျက် ဝဲယာထက်အောက် ပရိသတ်အများ ကြားအောင်ပြောဆိုရသည်။ သည်ကဲ့သို့ အသီးသီးပြောဆို၍ အကြိုက်များရာ လုပ်သည်။ ၎င်းအရာရှိတို့ ပြောဆိုသမျှ စကားခွန်း အချက်များကိုလည်း သတင်းစာ ဆရာများက စောင့်နေနာခံ မှတ်သားပြီးလျှင် မည်သည့် အမှုမှာ မည်သည့် မှူးမတ်က မည်သို့ဆိုကြောင်း၊ သတင်းစာတွင် ထည့်၍ အနိုင်နိုင်ငံပြန့်နှံ့ ကြားသိစေသည်။ (၁၀ မေ ၁၈၇၂)

လို့ ရေးသားခဲ့ပါတယ်။ ဒါပေမဲ့ ပါလီမန်တွေရဲ့ အရင်းမူလလို့ ပြောကြတဲ့ ဘိလပ်ပါလီမန်ကို ၁ ဇူလိုင် ၁၈၇၂ မှာ ရောက်သွားတဲ့အခါ အထူး အလေးအနက်ထားပြီး မလေ့လာနိုင်တဲ့အတွက် ဝမ်းနည်းစရာ ဖြစ်ပါတယ်။

> မှူးမတ် ၂ သင်း စည်းဝေးသည့် ပါလေမင်းခေါ် တိုက်ကြီးသို့ သွားကြရာ၊ ၎င်းတိုက်အကြီး ပြုလုပ်သူတို့ ဆီးကြိုလက်ခံ၊ အရပ်ရပ် ကြည့်ရှုရန် ရှိသည်များကို လိုက်လံပြသ ကြည့်ရှုရသည်။ ပြီးလျှင် ပထမ မှူးရိုးမတ်ရိုး အသင်း စည်းဝေးသည့် နေရာသို့ဝင်၍ ကြည့်ရှုကြသည်။ ၎င်းမှူးမတ် အသင်းပါ လူတို့လည်း တိုင်းကျိုးပြည်ကျိုးနှင့် စပ်သည် စကားများကို အလှည့်ကျ တစ်ယောက်စီ မတ်ရပ် အများကြားအောင် ပြောဆိုရသည်။ ၎င်းမှူးမတ်တို့ စည်းဝေးရန် နေရာစဉ်မှာလည်း လက်ဝဲလက်ယာ တစ်ဘက် ၄ ဆင့် ၅ ဆင့်စီ ခင်းကျင်းလျက် ၎င်းနေရာစဉ်မှာ နေထိုင်ကြပြီးလျှင် အသင်းဝင် လူတို့ စကားပြောဆိုကြသည်။ ၎င်းမှူးမတ်တို့ စည်းဝေးနေရာ အထက်ဝဲယာ ၂ဘက် နာရောင်ဘက်များမှာ ပရိသတ်တို့ စည်းဝေး ကြည့်ရှုနားထောင် ရန် ၃ ဆင့် ၄ ဆင့် နေရာခင်းကျင်း ရှိသည်များမှာလည်း၊ ပရိသတ်တို့ လာရောက် နားထောင်ကြည့်ရှုကြသည်။ သံတော်တို့မှာ နိုင်ငံခြား သံကြီးတမန်ကြီး တို့ ကြည့်ရှုကြသည်။ သံတော်တို့မှာ နိုင်ငံခြား သံကြီးတမန်ကြီးတို့ ကြည့်ရှုမြဲနေရာက ကြည့်ရသည်။ ဆင်းရဲသား မှူးမတ် အသင်းစည်းဝေးသည်

အရပ်မှာလည်း ၎င်းနည်း ကြည့်ရှုရသည်။ ၎င်းအစည်းအဝေး ၂ရပ်မှာပင် အသင်းဝင် လူတို့ ပြောဆိုပြန်ကြားသမျှ စကားရပ်များကို သတင်းစာတွင် ထည့်သွင်းရန် သတင်းစာ ဆရာတို့ အသီးအသီးစောင့်နေ မှတ်သားရေးယူကြသည်။ (၁ ဇူလိုင် ၁၈၇၂)

ဒီမှတ်ချက်ဟာ အီတလီတုန်းက ရေးတဲ့ မှတ်ချက်ထက် သိပ်ပြီးမပိုလို့ မကျေနပ်စရာ ကောင်းလှတယ်။

အနောက်တိုင်းရဲ့ အရိုအသေမှုနဲ့ အရှေ့တိုင်းရဲ့ အရိုအသေမှုကွာခြားလို့ မန္တလေးမှာ စကားအချီအချ ပြောရဖူးတာတွေကို သတိထားမိဟန် တူတယ်။

"အရိုအသေ ဖြစ်စေခြင်းငှာ မတ်ရပ်နေကြရသည်" လို့ ဖော်ပြတဲ့အပြင် အီတလီ ဘုရင်ကလဲ မတ်တတ် ဧည့်ခံတဲ့အကြောင်းကို မှတ်တမ်းမှာ ..

အီတာလျံမင်း အဆင်တန်ဆာစုံနဲ့ ဆင်ယင်ဝတ်စား ထွက်လာ၍ လက်ခံသည် တိုက်ခန်းတွင် သံတော်တို့နှင့် နှုတ်ခွန်းဆက်လက်မင်းချင်း ကိုယ်တိုင် အရိုအသေဆုံး လက်ခံသည်နည်း မတ်ရပ် လက်ခံပြီးလျှင် (၁၂ မေ ၁၈၇၂)

လို့ ကွဲပြားအောင် ရေးပါတယ်။ ဘုရင်ကိုယ်တိုင် သူတို့ကို "သိုးကို ချွတ်၍ အရိုအသေ ခေါင်းညိတ် အမူအရာကို ပြသည်"လို့လဲ ရေးပါသေးတယ်။ သူတို့ဟာ သံကြီး တမန်ကြီး ဖြစ်လို့ ရောက်ရာအရပ်မှာ 'နှုတ်ဆက်အမြောက်တစ်ဆယ့်ကိုးချက်' ပစ်ဖောက်တယ် လို့လည်း မကြာခဏ ဖတ်ရတယ်။ ပွဲသွားကြည့်တဲ့အခါ

ဇာတ်ရုံရှိ မိန်းမ၊ ယောကျ်ားတို့ ဇာတ်ပွဲသို့မှ မျက်နှာ မမူပဲ သံတော်တို့ရှိရာ မျက်နှာမူလျက် အုတ်အုတ် ကျက်ကျက် ရင်သပ်အံ့မူး ကြည့်ရှုကြသည်။ (၉ မေ ၁၈၇၂)

လို့ ရေးတာကို သူတို့ရဲ့အဝတ်တန်ဆာတွေ ထူးလို့ ကြည့်တာတော့ဟုတ်ပြီ၊ ချီးမွမ်းတဲ့ အပိုင်းနဲ့ လှောင်ပြောင်ချင်တဲ့အပိုင်းက များနေမလား မသိနိုင်ပါ။

လူသေမြှုပ်တဲ့ သင်္ချိုင်းရောက်တဲ့အခါ သေသူရဲ့အကြောင်း မှတ်တမ်းတင်တာ မြန်မာတွေ ရှေးရှေးက မလုပ်ဘူး။ ဥရောပမှာ လုပ်တာတွေတော့သူတို့ သဘောကျပုံ ရတယ်။

ရှေးအစဉ်အဆက် ထင်ရှားသူတို့ သင်းချိုင်းအတွင်း သေသူ အမည်၊ ၎င်းတတ်သည့် အတတ်ပညာ၊ သေသည့် နှစ် လ ရက် သက္ကရာဇ်များကို ကျောက်တွင် ရေးသားလျက်၊ တချို့မှာ သေသူရုပ်ပုံ ကျောက်ကို ထုလုပ် သင်းချိုင်းပေါ်တွင်ထားသည်။ (၂၀ မေ ၁၈၇၂)

အီတလီမှာ စက်မှုလက်မှု ဖွံ့ဖြိုးတက်နေပုံကို အားကျတယ်။ ဒို့မြန်မာလည်း ဒီလိုပဲ ဖြစ်နိုင်ရမယ်လို့ သူ့စိတ်ထဲမှာဖြစ်မယ်။ အထူးသဖြင့် ထူးရင်းမြို့ (Turin)က လက်နက်စက်ရုံ ကို သွားကြည့်တဲ့အခါ ဒီလိုရေးခဲ့တယ်။

၎င်းအမြောက်ရုံ ဒုတိယအဆင့်သို့ လှည့်ပတ်ကြည့်ရှုရာ၊ တိုက်နံရံ တိုင် များတွင် အသေအချာ စင်နှင့်တင်ထားသည့် နောက်ထိုးရိုက်ဘတ် (Rifle) သေနတ်ထား (Bayonet) အစုံနှင့် သုံးသောင်းခြောက်ထောင် များကိုလည်း ပြသကြည့်ရှုရသည်။ အကြောင်းကိုထောက်လျှင် အထက် ကာလ ရောမ (Rome)

မြို့မှာ ဘုန်းကြီးမင်းတစ်မင်း၊ နပေါလိ (Naples)မြို့က တစ်မင်း၊ ထူရင်းမြို့က တစ်မင်း အသီးသီး ကွဲပြားရှိသည်ကို ယခုအီတာလျှမင်းတွင်မှ တစ်ဝတည်း သိမ်းပိုက်မိသည်။ ၃ နှစ်ကျော် ၄ နှစ်ခန့်သာ ရှိသေးသည်။ ၎င်းအတွင်း အလုပ်ရုံ စက်ရုံ တည်ထောင်ရသည့်ကာလ မကြာသေးဖြစ်၍ သည်မျှသာ ဖြစ်ထွန်းသေးသည်။ ယခုအနေထက် ဆုတ်ရန်မရှိ၊ တစ်စတစ်စ တိုးပွားရန်သာရှိသည် (၂၅ မေ ၁၈၇၂)

အဲဒါကို သူရေးနေတဲ့အခါမှာ ဒို့ဗမာတွေ အခုစက်ရုံဆောက်ဖို့ပစ္စည်းတွေ ဝယ်နေပြီ။ ဆောက်ပြီးသရွေ့လည်း ရှိသလောက်ရှိပြီ၊ အင်္ဂလိပ်တော့ နောက်လေး နှစ်ကြာရင် သိစေမယ်လို့ သူစိတ်ထဲက ကြုံးဝါးနေပုံ ရပါတယ်။ သူ့အမြင်မျိုး တခြားမြန်မာတွေလည်း မြင်လာအောင် ဒီလိုတမင် ရေးထည့်လိုက်တာပဲဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အီတလီက ၂၆ မေ ၁၈၇၂ မှာပြင်သစ်ကို မြန်မာသံအဖွဲ့ ကူးသွား ကြပါတယ်။ မီးရထားဟာ တောင်တွေကို ဥမင်နဲ့ ဖောက်ဝင်ထွက်ပြီး နောက်တစ်နေ့မှ ပါရစ်မြို့တော်ကို ရောက်ကြတယ်။ အဲဒီကမှတစ်ခါ ၄ ဇွန် ၁၈၇၂ မှာ ဒိုပါကို ကူးပြီး အင်္ဂလန်ကျွန်းကို ရောက်တယ်။ ဒိုပါကကောင်းကောင်း ကြိုဆိုတယ်။ ကြိုဆိုသူတွေကို ပြန်ကြား ပြောဆိုတဲ့ အခါ

ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာရှိသည်အဖြစ်ကို ကုန်စင်ထင်ရှားစွာ တုံ့ပြန်ပြောဆိုစရာစကား ရှာကြံ မပြောနိုင်အောင် ရှိပါကြောင်း (၅ ဇွန် ၁၈၇၂)

လို့ ပြောခဲ့တယ်။ ရန်ကုန် အင်္ဂလိပ်နဲ့ တကယ်ကွာခြားတာတွေလို့ မြော်လင့်ချက်အပြည့်နဲ့ ဝမ်းသာသွားတာပဲဖြစ်မယ်။ ပြီးတော့ သူတို့ ရောက်လာတာကိုဆက်ပြီး တကယ်ပဲ အလေးအမြတ်ပြုတာလည်း တွေ့ရပါတယ်။

သံတော် အရာရှိတို့ သင်္ဘောတော်ကတက်၍ ရထားပေါ်သို့ ရောက်လျှင် ရောက်ခြင်း၊ အကြီးဆုံး သံတမန်တို့ လာရောက်ရာ၊ နှုတ်ဆက်သည်နည်း အမြောက် ၁၉ ချက် ပစ်ဖောက် နှုတ်ဆက်သည် (၅ ဇွန် ၁၈၇၂)

ဒိုပါက လန်ဒန်ကို သွားတဲ့အခါမှာလည်း ဒိုပါက အမြောက်သံတစ်ဆယ့်ကိုးချက်နဲ့ နှုတ်ဆက်လိုက်ပါသေးတယ်။ လန်ဒန်ကို (၆ ဇွန် ၁၈၇၂)ရောက်ပြီး နန်းတော်အနီး ဂရိုဗနာဟော်တယ် (GrovenorHotel) မှာပဲ နေကြတယ်။ ဘုရင်မ လန်ဒန်မှာမရှိ၊ စကော့တလန်ကို အလယ်ရောက်နေခိုက်မို့ တွေ့ဖို့ စောင့်ဆိုင်းနေတုန်း 'လန်ဒန်မြို့တွင်းမှစ၍ အင်္ဂလန်နိုင်ငံရှိ အလုပ်ရုံ၊ စက်ရုံ၊ ဥယျာဉ်ရေကန် အထူးအဆန်း ကြည့်ရှုရန်များကို အလို ရှိရာကြည့်ရှုပါ' လို့ မြန်မာသံအဖွဲ့ကို အိန္ဒိယရုံးက အကြောင်းပါတယ်။ အိန္ဒိယရုံး အကြီးအအုပ်က အာဂိုင်မြို့စားမင်းသား (Duke of Argyll) ဖြစ်ပါတယ်။ အဲဒါကြောင့် ၁၀ ဇွန် ၁၈၇၂ နေ့မှာ အာဂိုင်နဲ့သံအဖွဲ့ သွားပြီးတွေ့လာတယ်။ မြန်မာနိုင်ငံမှာ အမှုထမ်းဖူးတဲ့ မိတ်ဟောင်းတွေနဲ့လည်း တွေ့ပါတယ်။ မြန်မာနိုင်ငံမှာ ၁၈၃၆ အထိ အင်္ဂလိပ် အရေးပိုင်အဖြစ်နဲ့နေသွားတဲ့ မယ်ဇယ်ပေါ်ရနီ (Major Henry Burney)ကို ဆက်ခံတဲ့ မယ်ခလောက် (Macload)ကို ပြင်သစ်မှာပဲ ၃၁ မေ ၁၈၇၂ က တွေ့ခဲ့ပြီးပြီ။ အခု လန်ဒန်မှာ ၁၀ ဇွန် ၁၈၇၂ နေ့က ဖယ်ရာလာ တွေ့တယ်။ ၁၂ ဇွန် ၁၈၇၂ မှာ ဖိုက်လာ တွေ့တယ်။ အနောက်တိုင်းကမင်းတွေဟာ အဆောင်အယောင် အခမ်းအနားမပါဘဲ ရပ်ရွာထဲမှာ သွားလာနေပုံကို မြင်ရတော့ ထူးတယ်လို့ ထင်ဟန်တူတယ်။ အီတလီဘုရင်

ရှိုးရှိုးသွားလာနေပုံကို မှတ်တမ်းတင်ခဲ့သလိုပဲ အင်္ဂလိပ် အိမ်ရှေ့မင်းသား မြင်းပွဲမှာ တွေ့ရပုံကို

> အိမ်ရှေ့မင်းမှာ ပကတိ အဝတ်အစားနှင့် ပရိသတ်တို့ကို လှည့်ပတ်စကားပြော နေထိုင်သည်။ မင်းမှုမင်းရာမဟုတ်။ ပကတိ မျိုးမတ် အရပ်သားတို့ကဲ့သို့ လူခပ်သိမ်းနှင့် ရောပြွမ်းဆက်ဆံလေသည် (၁၃ ဇွန် ၁၈၇၂)

လို့ ရေးခဲ့ပါတယ်။

သံအဖွဲ့ဟာ မြင်းပွဲကို ကြည့်သလိုပဲ၊ ပြတိုက် (Museum) တွေကိုလည်း လှည့်ပြီး ကြည့်ပါတယ်။ သူအိုတိုက်၊ သူနာတိုက်၊ ပညာသင်ကျောင်းတိုက်၊ ဥယျာဉ်နဲ့မှန်တိုက် (Crystal Palace) တွေကို သွားကြည့်ကြတယ်။ တိရစ္ဆာန်ရုံကိုလည်း ရောက်တယ်။ စိန့်ပေါလ်ကျောင်းလည်းသွားတယ်။ လန်ဒန်တာဝါကိုလည်း လေ့လာတယ်။ ဘုရင်မနဲ့ (၂၁ ဇွန် ၁၈၇၂) မှာ တွေ့ဆုံရပါတယ်။ ဘုရင်မနဲ့ ခဏတွေ့ရပုံကို သရုပ်ပေါ်အောင် ကင်းဝန်မင်းကြီးက ဒီလိုရေးပါတယ်

> ဝန်ရှင်တော် ကင်းဝန်မင်းကြီးကိုယ်တိုင် အင်္ဂလိပ်ဘုရင်မလက်သို့ ရာဇသံကျည်ကို ကမ်းလှမ်းသည်ကို၊ အင်္ဂလိပ်ဘုရင်မက ကိုယ်တိုင်လှမ်းယူသည်။ ပြီးလျှင် စာရေးကြီး မင်းလှဇေယသူ ပိုက်ပွေ့ခဲ့သည့် လက်ဆောင်တော်သေတ္တာကို ဝင်ရှင်တော်ကင်း ဝန်မင်းကြီးသို့ကမ်းလှမ်း ပြန်၍ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက အင်္ဂလိပ်ဘုရင်မလက်သို့ ကမ်းလှမ်းပြန်သည်။ အင်္ဂလိပ်ဘုရင်မကလည်း ၎င်းလက်ဆောင်တော် သေတ္တာများကို ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်လန်းလန်း ကိုယ်တိုင်လှမ်းယူသည်။ ပြီးလျှင် မင်းချင်းကိုယ်တိုင် အရိုအသေဆုံး လက်ခံသည့်နည်း မတ်ရပ်ရှိနေရင်းအတိုင်း လက်ခံပြီးလျှင်၊ သံကြီး သံလတ် သံငယ် မေဇာမက္ကမေဟန် (Major Macmahon) တို့ကို အသီးသီးကိုယ်ဦးခေါင်းညွတ်လျက် အစဉ်အတိုင်း ဘုရင်မက နှုတ်ဆက်သည်။ သံတော်တို့ကလည်း ၎င်းနည်း ပြိုင်ဆိုင် နှုတ်ဆက်ရသည်။ ပြီးလျှင် မေဇာမက္ကမေဟန်က ဘုရင်မအနီးသို့ ချဉ်းကပ် ဒူးတစ်ဖက်ထောက်၍ ဘုရင်မလက်ကို နန်းဟန်မှုပြီးမှ၊ အင်္ဂလိပ်ဘာသာ ပြန်ပြီး ရာဇသံကို မတ်ရပ် ဖတ်ပြန်တင်လျှောက်သည်၊ ပြီးလျှင် အင်္ဂလိပ်ဘုရင်မ က မြန်မာနေထွက် ဘုရင်မင်းမြတ် ကျန်းမာတော်မူပါ၏လား မေးသည်ကို ကျန်းမာတော်မူကြောင်း သံတော်တို့က တင်လျှောက်သည်။ နောက်သံတော်တို့ လမ်းခရီးတစ်လျှောက် ချမ်းသာစွာ လာခဲ့ရပါ၏လား။ အင်္ဂလိပ်ဘုရင်မက မေးသည်ကိုချမ်းသာစွာ လာခဲ့ရကြောင်းနှင့် သံတော်တို့က တင်လျှောက်သည်၊ ပြီးလျှင် ကိုယ်ဦးခေါင်း ညွတ်လျက် ကြည်လင် ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြပြီးလျှင်၊ အင်္ဂလိပ်ဘုရင်မ ရှေ့ကထွက်၍ လာရင်းလမ်းစဉ်အတိုင်း ဝတ်စားပြင်ဆင်သည့်တိုက်ခန်းသို့ ပြန်လာကြသည် (၂၁ ဇွန် ၁၈၇၂)

ဒီလို ရှိုးရှိုးလွယ်လွယ်နဲ့ လက်ခံပုံကိုရေးတဲ့အခါမှာလဲ ဒို့ဘုရင်တွေက ချဲ့လွန်းတယ်လို့ သူ့စိတ်ထဲမှာ ရှိမယ်ထင်တယ်။ အဲဒီနေ့ပဲ အိမ်ရှေ့မင်းနဲ့တွေ့တဲ့အခါ အိမ်ရှေ့မင်းက ကင်းဝန်မင်းကြီးကို 'လက်ဆွဲကိုင် နှုတ်ဆက်သည်' လို့ ပြောပါတယ်။ ညနေပိုင်းကျတော့ ကပွဲ (State Ball)ကို ဖိတ်လို့ သံအဖွဲ့ သွားကြပါတယ်။

အဲဒီလို ကျေနပ်စရာ ကောင်းလောက်အောင် ပြုစုတာကို ဖရီးမေဆင် (Freemason) သင်း ဧည့်ခံပွဲကျတော့ ကျေနပ်ကြောင်းကို ဒီလို ဖွင့်ထုတ်ပါတော့တယ်။

အင်္ဂလန်နိုင်ငံ၏ အဆောက်အဦ စည်းကမ်းဥပဒေ၊ အင်္ဂလန်နိုင်ငံ၏ ကြီးကျယ်ခမ်းနားခြင်း၊ ပြည်သူလူခပ်သိမ်းတို့ ငြိမ်းချမ်းအေးမြခြင်း အကြောင်းအရာများကို တိုးတက်တွေ့မြင်မှတ်သားမိတိုင်း သာ၍ သိလေလေ၊ အဆွေခင်ပွန်းကောင်းဖြစ်သော၊ ရန်သူမဟုတ်သော အလွန် ထွန်းလင်းကျော်စောသော၊ ငါတို့ အိမ်နီးချင်းဖြစ်သော လူမျိုးဖြစ်ပေသည်ဟု ကျနုပ်စိတ်သဘောတွင် စွဲလမ်းမှတ်သား ဝမ်းမြောက်ဝမ်းသာ နှလုံးထားရန် သင့်လှပေတော့သည် (၂၇ ဇွန် ၁၈၇၂)

ဒီနောက်တော့ စက်ရုံတွေလှည့်ကြည့်ဖို့နဲ့ လန်ဒန်ဘဏ်တိုက် ကြည့်ဖို့ စီစဉ်ပါတယ်။ အင်္ဂလန်ဘဏ်တိုက်အကြောင်းကို ဖော်ပြပုံဟာ စေ့စပ်သေချာပါတယ်။ မြန်မာဘဏ်တိုက် ရှိဖို့လိုတဲ့သဘောကို ညွှန်းတယ်လို့ ဆိုနိုင်ပါတယ်။

အင်္ဂလံခေါ် ဘန်တိုက်သို့ သွားကြသည်။ ရောက်လျှင် ဘန်တိုက် အကြီးအအုပ်လုပ်သူတို့ဆီးကြိုလက်ခံ၊ ၎င်းတိုက်တွင်းရှိ စာရေး ၅၀၀ ကျော်တို့နေထိုင် စည်းဝေးရေးမှတ်သည့် တိုက်ခန်း၊ နွတ် (Notes)စက္ကူ ပုံရိုက်သည်တိုက်ခန်း၊ ၎င်းပုံရိုက်ပြီး နွတ်ကို ဂဏန်း အမှတ်အသားထားသည့် စက်ခန်း၊ ၎င်းဂဏန်းမှတ်ပြီး နွတ်ကို တံဆိပ်လက်မှတ် ခတ်သည် စက်ခန်း၊ ရေတွက် မှတ်သားသိမ်းယူသည်တိုက်ခန်း၊ အသင်းပါ လူတို့စည်းဝေးသည့်တိုက်ခန်း၊ ငွေတုန်း ရွှေဒင်္ဂါးထားရာတိုက် ခန်း၊ ငွေတုန်းငွေဒင်္ဂါးထားရာတိုက်ခန်း ငွေဒင်္ဂါးများကို ချိန်သည်ချိန် ခွင်ထားရာတိုက်ခန်း၊ အမြို့မြို့ အနိုင်နိုင်ငံနှင့် ဆက်ဆံကမ်းလှမ်း အထုတ်အသွင်း ငွေပေးငွေယူသန့်ခြား၍၊ နိုင်ငံမည် မြို့မည် အသီးအသီး တံဆိပ် အမှတ်အသား ရွှေငွေနွတ်စက္ကူတို့ကို ပိုင်းခြားရာ တိုက်ခန်းမှစ၍ အရပ်ရပ် ကြည့်ရှုရန်ရှိသည်များကို လိုက်ပြ ကြည့်ရှုရန်ရှိသည်များကို လိုက်ပြကြည့်ရှုရသည်။ ရွှေတုံး ၁လျှင် ရှစ်ပိဿာတုံးတို့ကို ခုံနှင့် တင်ထား၍ တခုံလျှင် မြန်မာချိန် ရှစ်သောင်းရှိ ခုံပေါင်း သုံးဆယ့်တစ်၊ အချိန် နှစ်သန်းလေးသိန်းရှစ်သောင်းခန့် ရွှေတုံး၊၎င်းပြင် ကုဋေတရာမက ရွှေဒင်္ဂါး၊ ငွေတုံးအများ ငွေဒင်္ဂါး အများသိမ်းထားသည့် တိုက်များကို လည်း ကြည့်ရှုရသည်။ ၎င်းတိုက် နှစ်တိုက်ပေါင်းတရာ ခုနစ်ဆယ်ကျော် သည်ကဲ့သို့ တည်ထောင် လုပ်ဆောင်ကြောင်းကို ပြောဆိုကြားသိရသည်။ ၎င်းတိုက်တွင် လူကြီး ၁ လက်ထောက် ၁ လူငယ် ၂၄ အစည်းအဝေးသင်းတွဲ၍ စည်းဝေးလုပ်ဆောင် ကြကြောင်းကို ပြောဆိုကြားသိရသည်။ ၎င်းတိုက် အကြောင်းအရာ စာအုပ်ကိုလည်း ကြည့်ရှုမှတ်သားရန် ပေးအပ်ရယူခဲ့သည်။ (၄ ဂျူလိုင် ၁၈၇၂)

ပြီးတော့ စာရေး ၁၈၀ သာရှိတဲ့ ဘဏ်တိုက်တစ်ခုကိုလည်း သွားကြည့်ပါတယ်။ မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်း စလုပ်ရင် သေးသေး နမူနာကြည့်သွားဖို့ လိုတယ်ဆိုတဲ့ သဘောပဲနဲ့တူပါတယ်။ ပြီးတော့ ဒင်္ဂါးစက်ရုံကို သွားပြန်တယ်။ မြန်မာတွေ ဒင်္ဂါးလှလှလုပ်တတ်တာ ငါးနှစ်ရှိနေပါပြီ။ လန်ဒန်မှာ ဒင်္ဂါးအကောင်း အဆိုးကို စက်ကပဲ ခွဲပေးနေတာကတော့ အဆန်းပဲ ဖြစ်မယ်ထင်တယ်။

အင်္ဂလိပ်က ပြချင်သလို မြန်မာကလည်း ကြည့်ချင်နေတာက အင်္ဂလိပ်ရဲ့စစ်အင်အားနဲ့ အင်္ဂလိပ် စစ်ရေးပြပုံပဲဖြစ်ပါတယ်။ အဲဒီ 'စစ်ရေးကြီးခင်းကျင်း ပြသ'ဘို့ ဩလဒါရှော့ (Aldershot) မှာ စီစဉ်ပါတယ်။

> ၎င်းဩလဒါရှော့ အရပ်မှာ မြင်းစီးသူရဲ ခြေသည်သူရဲ၊ အမြောက် အမှုထမ်းတို့ စစ်ရေးအတတ် သင်ကြားရန် စစ်တလင်း အသီးအသီးနှင့် တတပ်တတပ်သန့်ခြား၍၊ နေအိမ်ချထားနေထိုင်စေပြီးလျှင် အမြဲထာဝရ လူ နှစ်သောင်းနှစ်ထောင်ငါးရာကျော် မြင်းသုံးတောင် နှစ်ရာကျော်၊ အမြောက် ခြောက်ဆယ့်ရှစ်နှင့် စစ်ရေးအတတ်ကို အမြဲ သင်ကြားရသည် အရပ်ဖြစ်သည်။ (၅ ဂျူလိုင် ၁၈၇၂)

စစ်ရေးခင်းကျင်းပုံကို စာမျက်နှာ ဆယ်မျက်နှာကျော် တွေ့ရလို့ အင်မတန်ဂရုပြုပြီး မှတ်သားခဲ့တယ်လို့ ဆိုရပေမယ်။ ဒါပေမဲ့ သူ့မှတ်ချက်ကို မတွေ့ရလို့ အခမ်းအနား ကြည့်နေတုန်း သူ့အတွေးကို မသိနိုင်ပါ။ ရန်ကုန်ရောက် အင်္ဂလိပ် ရိုင်းပြသလို ငါတို့က တုဖက်ရိုင်းပြလို့ မဖြစ်ဘူးလို့တော့ အနည်းဆုံး မှတ်ချက်ချလိမ့်မယ်ထင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရန်ကုန် အင်္ဂလိပ်က ပြောလွှတ်လိုက်တဲ့အတိုင်းပဲ လန်ဒန်ကို ကျော်သွားပေမယ့် ဆက်ဆံရေးအတွက် ဆုံးဖြတ်ချက်က ဒို့တင်ပြတဲ့အတိုင်းပဲဖြစ်မယ်။ ဟိုမှာ တိုင်းရေးပြည်မှုကို ကျနအောင် ဘာတစ်ခုမှ ပြောရမှာ မဟုတ်ဘူးလို့ ဆိုလိုက်တဲ့အတိုင်း ဖြစ်နေလို့ပါပဲ။ ကြည့်စရာတွေကို ပြတယ်ဆိုတာကလဲ မြင်ရင်းစိမ့်ကြောက်စေ့မယ်ဆိုတဲ့အတွေးအခေါ်က နောက်ဆွယ်က ပါနေမယ်ထင်တယ်။

စစ်ရေးစစ်ရာမှာ အင်္ဂလိပ်ဟာ အင်မတန်ထင်ရှားတဲ့ ပြင်သစ်စစ်ဗိုလ်ကြီး နပိုလီယန်ကို နိုင်ပြီးတာ သိပ်မကြာသေးဘူးဆိုတာ ဖယောင်းရုပ်လုပ်ပြီး ပြသထားတဲ့ မဒမ်တူဆော့ (Madame Tussaud)ရဲ့ ဖယောင်းပြတိုက်ကို ခေါ်သွားပြီးပြပါတယ်။ ဖယောင်းရုပ်တွေ ကောင်းပုံကို 'ရှောင်တခင်ကြည့်လျှင်၊ ဤကား အရုပ်၊ ဤကား လူရှင် ဖြစ်ကြောင်း ခြားနား၍မသိအောင်ရှိသည်' (၈ ဇူလိုင် ၁၈၇၂) လို့ ရေးခဲ့ပါတယ်။

နိုင်ငံခြားသား မောက်မာတာကို မြန်မာလိုခံရဆဲဖြစ်တဲ့ ဂျပန်နိုင်ငံ ရှိနေတယ်။ ဒီတော့ ဂျပန်တစ်ယောက်နဲ့ တွေ့တဲ့အခါ ကင်းဝန်မင်းကြီးရဲ့မှတ်သား ပုံဟာ အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

> ဂျာပံနိုင်ငံမင်း ပညာသင်ကြားရန် တိုင်းပြည်ဓလေ့ထုံးစံများကို သိကျွမ်းနားလည်စေရန် စေခိုင်းနေထိုင်ရသူ ဂျာပံသားနှင့်တွေ့သည်။ ၎င်းဂျာပံသားသည် သိုးဆောင်းတို့ အဝတ်အစားအတိုင်းဝတ်သည်။ ၎င်းကိုမေးရာ ဂျာပံနိုင်ငံမှာ အလုပ်ရုံ စက်ရုံမီးရထားလုပ်ဆဲ ဖြစ်ဆဲ တိုးပွားဆဲဖြစ်ကြောင်း၊ ယခုလည်း အမေရိကန်နိုင်ငံ အင်္ဂလိပ်နိုင်ငံ ပြင်သစ်နိုင်ငံ အီတာလျံနိုင်ငံ ရွှတ်နိုင်ငံပြွတ်ရှားနိုင်ငံ အောစရိယာနိုင်ငံများသို့လည်း ပညာသင် မိန်းမယောကျ်ား အသီးသီးစေလွှတ်ကြောင်း ၎င်းသိုးဆောင်းနိုင်ငံများအတွင်း ဂျာပံမင်းက ပညာသင်စေလွှတ်သူ မိန်းမ ယောကျ်ား ပေါင်း ၆၀၀ ကျော်ရှိကြောင်း။ ဂျာပံနိုင်ငံလည်း အရှေ့တိုင်းပြည်နိုင်ငံ၊ မြန်မာနိုင်ငံလည်း အရှေ့တိုင်းပြည်နိုင်ငံဖြစ်၍၊ အရှေ့တိုင်းပြည်နိုင်ငံချင်းဆက်လက် ဂမ်းလှမ်း ပေါက်ရောက်ရလျှင်၊ အကျိုးများစွာ ဖြစ်ထွန်းရန်ရှိသည့် အကြောင်းအရာများကို ပြောဆို၍၊ ကြည်လင်ရွှင်လန်းစွာ ဆက်ဆံပေါင်းသင်း

လိုသည် အခြင်းအရာများကို ပြောဆို၍ ဆက်လက်ကမ်းလှမ်း အဆွေခင်ပွန်း ပြုလုပ်သည်။ (၉ ဂျူလိုင် ၁၈၇၂)

ဒီနေရာမှာ အဲဒီအချိန်ကပဲ ဂျပန်တွေ အများကြီး တိုးတက်နေပြီဆိုတာ တွေ့နေရပါတယ်။ အမေရိကန် ရေတပ်ဗိုလ် မက်သယူစီပယ်ရီ (Matthew C. Perry) က ဂျပန်ကျွန်းကိုလာပြီး နိုင်ငံခြားသားတွေအတွက် တံခါးဖွင့်ပေးရမယ်လို့ အတင်း အမိန့်ပေးနေခိုင်းတာဟာ ၁၈၅၃ ဇူလိုင်လဖြစ်တယ်။ အဲဒီအခါက မြန်မာဟာ အင်္ဂလိပ်ကို စစ်ပွဲနှစ်ကြိမ် ရှုံးပြီးနေပြီ။ အနောက်တိုင်းသားကို အနောက်တိုင်း ပညာနဲ့ပဲ တန်ပြန်တိုက်ခိုက်ရမယ်လို့ ဂျပန်နားလည်သလို မြန်မာလည်းနားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားသားရဲ့ အစော်ကားခံရပြီး အနှစ် နှစ်ဆယ်ကြာတဲ့အခါ မြန်မာက နိုင်ငံခြားပညာတော်သင် မောင်မြှူ၊ မောင်ဖြ မောင်အောင်သူ၊ မောင်တလုပ်ဖြူ၊ မောင်ချမ်းသာနဲ့ လက်ဖက်ရေတော် နေမျိုးမင်းလှသခ်ယာတို့ပဲ ရှိသေးတယ်။ ဂျပန်က အစုစု ၆၀၀ ကျော်ရှိပြီ ဆိုတာသိရတဲ့အခါ ငါတို့ ဗမာတွေ အင်္ဂလိပ်ကို ကြောက်ရ ပြီးတော့ဂျပန်ကို ဆက်ပြီး ကြောက်ရမှာပါလား လို့ ကင်းဝန်မင်းကြီး တွေး ကောင်းတွေးမယ်၊ ဒီလိုကင်းဝန်မင်းကြီးနဲ့ ဂျပန်တွေ့ပြီး နောက်အနှစ် ခုနစ်ဆယ်မှာ ဂျပန်ဟာ မြန်မာမြေပြင်ပေါ်ကို မာစတာအဖြစ်နဲ့ ရောက်လာလို့ ပါပဲ။

လန်ဒန်မှာ ရှိနေတုန်း ကင်းဝန်မင်းကြီးဟာ သတင်းစာပုံနှိပ်ကို ၁၁ ဇူလိုင် ၁၈၇၂ မှာသွားပြီး လေ့လာတယ်။ ဒါပေမဲ့ ပုံနှိပ်ပုံထက်အရာရောက်တဲ့ သတင်းယူပုံ၊ သတင်းဖြန့်ပုံ၊ သတင်းစာတိုက် ဖွဲ့စည်းပုံနဲ့ အခွင့်အရေးနဲ့၊ သတင်းစာရဲ့ ဩဇာရှိပုံဆိုတာတွေကို နည်းနည်းကလေးမှ ဖော်ပြမသွားဘူး။

အဲဒီအခါက လန်ဒန်တချို့နေရာမှာ လျှပ်စစ်မီး သုံးနေပြီ။ ရီဂျင့်ပတ် (Regent Park) မှာ တီးဝိုင်း (Band) ကို သွားနားထောင်တဲ့အခါ



လျှပ်စစ်မီး ထွန်းညှိသည်.... လျှပ်စစ်မီးမှာ တာနှစ်ရာ သုံးရာအတွင်း ၄ မျက်နှာတစ်တိုင်စီ ထွန်းညှိသည့် အရောင်နှင့်ပင်၊နေ့ကဲ့သို့ လင်းသည် အရောင်လည်း နေရောင်ကဲ့သို့ မရှုစောက်အောင်ရှိသည် (၁၁ ဂျူလိုင် ၁၈၇၂) လို့ ရေးမှတ်ထားတယ်။

ကင်းဝန်မင်းကြီး အထူးဂရုပြု မှတ်သားတဲ့ နောက်တစ်နေရာကတော့ အကျဉ်းထောင်ပဲ ဖြစ်ပါတယ်။ ထောင်တစ်ခုကို ကြည့် (၁၃ ဇူလိုင် ၁၈၇၂) ပြီးတဲ့အခါ ထောင်ကျကို ကောင်းကောင်းထားပြီး တတ်ကျွမ်းရာအလုပ်ကို လုပ်ခိုင်းပုံ၊ တတ်ကျွမ်းပြီးပညာမရှိသေးရင် သင်ပေးပုံတွေကို မှတ်သားတယ်။ မြန်မာနိုင်ငံအတွက် နမူနာတစ်ခုလို့ ယူဆဟန် တူပါတယ်။

ဝင်တလတန် (Wimbledon) မှာ စက်ပြစ်ပွဲ (၁၆ ဂျူလိုင် ၁၈၇၂) တစ်ခုကို

ကြည့်ပြီး ၁၈ ဇူလိုင် ၁၈၇၂ မှာ နောက်ထပ် စစ်ရေးပြပွဲတစ်ခုကို ကြည့်ကြရပါသေးတယ်။ လက်နက် စက်ရုံတစ်ခုကိုလည်း သွားကြည့်ပြီး ရိုင်ဖယ်သေနတ်အတွက် ပြောင်းဖြစ်အောင် သံတုံးကို 'ထန်းဘူးရစ်ဝက်အူလိမ်'ဖောက်ပုံ အသေးစိတ်မှတ်သားပါတယ်။

မြန်မာသံအဖွဲ့ဟာ စစ်ရေးစစ်ရာနဲ့ပတ်သက်ပြီး စစ်သားတွေအကြောင်း စစ်လက်နက်တွေအကြောင်း ခံမြို့ခံတပ်လုပ်ပုံတွေအကြောင်းကို ပိုပြီးစိတ်ပါဝင်စားတာ မှန်ပေမယ့် စောစောက ပြောခဲ့တဲ့အတိုင်း နိုင်ငံတစ်ခုလုံးအတွက် တိုးတက်စရာ အချက်အလက်တွေကိုလည်း သတိထားပါတယ်။ ဘာပြုလို့လဲဆိုတော့ အကျဉ်းထောင်ကိုလဲ လေ့လာတယ်။ ဘဏ်ကိုလည်း စုံစမ်းတယ်။ နောက်ဆုံး အရူးစခန်းနဲ့ မျက်မမြင်စခန်းကိုပါ သွားပြီး လေ့လာသေးတယ်။ မျက်မမြင်တွေ စာဖတ်ဖို့ 'လက်စမ်းစာ' (Braille) ထွင်ထားပုံကို သတိပြုမိတယ်။ အရူးစခန်းမှာလည်း စိတ်သာကြည်ဖို့ ပန်းသစ်ပင် အလှအပနဲ့ကစားစရာတွေ၊ တီးမှုတ်စရာတွေ ပေးထားတာကို သတိပြုမိတယ်။ အရူးပျောက်ရင် လုပ်ကိုင်စားသောက်နိုင်အောင် အသက်မွေးမှုပညာကိုလည်းပေးတယ် လို့ မှတ်သားပါတယ်။ အဲဒီလို ပြည်သူ့အကျိုးပြု အဖွဲ့အစည်းတွေအကြောင်းလေ့လာတဲ့အပြင် ပညာစခန်း သက်သက်ဖြစ်တဲ့ နေလနက္ခတ် အသွားအလာကိုကြည့်ရှု မှတ်သားတိုင်းတာဖို့ထားတဲ့ ဂရင်းနစ် (Greewich) မျှော်စင်ကိုလည်း ၂၃ ဇူလိုင် ၁၈၇၂ မှာသွားပြီး ကြည့်ပါတယ်။ စာပို့တိုက် လုပ်ငန်းကိုလည်းကြည့်တယ်။ လေပြွန်နဲ့တိုက်တစ်တိုက်က စာပို့ပုံကိုလည်း မှတ်သားတယ်။ အငြိမ့်ဇာတ်ကပွဲ ဆိုတာတွေလည်းရောက်ပါတယ်။ ဗြိတစ်မြူစီယမ် ရောက်တဲ့အခါ ကမ္ဘာဦးကစတဲ့ သမိုင်းခေတ် အမျိုးမျိုး ပြထားပုံ စာအုပ်တွေထဲမှာလည်း မြန်မာ ကျမ်း ပါဠိကျမ်းတွေရှိပုံ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာမှာ မြန်မာ ဗုဒ္ဓ ရုပ်ပွားတော်တွေ ရှိနေပုံများကို ပြောပြပြီး 'အရင်ရပ်ကြည့်ရှုတွေ့မြင်ခဲ့သည့် မြူစီရန်များထက် ၎င်းမြူစီရန်တိုက် သာလွန်သည်ဟု မှတ်ယူရန်ရှိသည်' (၂ ဩဂုတ် ၁၈၇၂)လို့ ရေးခဲ့ပါတယ်။

ကြည့်ရှုမှတ်သားတာတွေနဲ့ တွဲဖက်ပြီး လုပ်ငန်းကြီးတစ်ခု လုပ်ရတာလည်း ရှိသေးတယ်။ အဲဒါက ရှင်ဘုရင်ဖို့၊ မိဖုရားဖို့၊ တိုင်းပြည်ဖို့ ဈေးဝယ်ရတာပါပဲ။ စက်ပစ္စည်းတွေ ရွေးယူရသလို အထူးအဆန်း အထည်အလိပ်လည်း ပါရတယ်။

ယူနန်နယ်ထဲမှာနေပြီး တရုတ်ကို ပုန်ကန်တဲ့ ပန်းသေးတွေကြောင့် အင်္ဂလိပ်က မြန်မာနယ်က တရုတ်ကို ပေါက်အောင် ကူးသန်းရောင်းဝယ်ရေး လမ်းဖွင့်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး။ အဲဒီပန်းသေးတွေဟာ တရုတ်ဘက်က တိုက်ခိုက်လိုက်လို့ မြန်မာနယ်ဘက်ကို ၁၈၆၈ လောက်မှာ ဝင်ပြီးခိုနေကြတယ်။ ပြီးမှ အင်္ဂလိပ် အကူအညီကို အရယူဖို့ လန်ဒန်ကိုရောက်နေပြီ မြန်မာသံအဖွဲ့နဲ့ ၂၆ ဇွန် ၁၈၇၂မှာ ပထမ လာတွေ့တယ်။ နောက် ၁၄ ဩဂုတ် ၁၈၇၂မှာ လာတွေ့ပြန်တဲ့အခါ ပြောပြလို့ သိရတာကတော့

> ၎င်းပန်းသေးသံလည်း လန်ဒန်မြို့သို့ ရောက်သည် တစ်လကျော် နှစ်လခန့် ရှိကြောင်း၊ ပြန်မည့်နေ့ရက်မှာ မသေချာသေး၊ အရပ်ရပ် လှည့်ပတ်ကြည့်ရှုရန် ရှိသည်များကို လှည့်ပတ် ကြည့်ရှုဦးမည် ကြံစည်ရှိကြောင်း၊ ပန်းသေးသံတို့ လာသည် လမ်းခရီးမှာ ဗန်းမော်မြို့က မြန်မာနိုင်ငံအတွင်း ဧရာဝတီ မြစ်ရိုးလမ်း လာခဲ့ကြောင်း၊ ရွှေမြို့တော်သို့ ဆိုက်ရောက်သည်ကာလ တလုတ်တန်းကြီး နေမောင်စက္ကံနှင့် ဆက်လက်ကမ်းလှမ်း၍ မြန်မာနေထွက်ဘုရင်မင်းမြတ် ရှေ့တော်သို့

ဝင်ခဲ့ကြောင်း၊ ပြန်သည့်ကာလလည်း မြန်မာနိုင်ငံတော်သို့ဖြတ်၍ လာမြဲအတိုင်း ပြန်မည် ကြံစည်ရှိကြောင်း (၁၄ ဩဂုတ် ၁၈၇၂) ဖြစ်ပါတယ်။

လန်ဒန်မှာ ကြည့်စရာ ကုန်သလောက်ရှိပြီမို့ မီးရထားနဲ့ စကော့တလန်၊ အိုင်ယာလန် စတဲ့နေရာတွေကို ခရီးစပြီး ထွက်ကြပါတယ်။ လမ်းမှာ 'လုပ်ငန်းမရှိ လွတ်လပ်သည့်မြေ မတွေ့မမြင်'လို့ ရေးမှတ်ပါတယ်။ ဗာမင်ဂမ် မြို့နားနီးတဲ့အခါ

အလုပ်အဆောင် အကြီးအကျယ် လုပ်ဆောင်သည့် အရပ်ဖြစ်၍ အလုပ်စက်ရုံ အလွန်များပြားသည်နှင့် မြို့သို့ မရောက်မီခရီး ၃ တိုင် ကျော် ၄ တိုင်ကပင်၊ မီးခိုးမီးငွေ့ ထူထပ်များပြား မှုန်မှုန်မှိုင်းမှိုင်းရှိသည် (၁၄ ဩဂုတ် ၁၈၇၂)

လို့ စပြီး ရေးပါတယ်။ တွယ်အပ်စက်ရုံက သေနတ်စက်ရုံအထိ အင်မတန် ဂရုစိုက် ကြည့်ပြီး မှတ်သားတယ်။ နောက် ဗာမင်ဂမ်က လီဗာပူကို ကူးတဲ့အခါ

အလုပ်ရုံ စက်ရုံ ဆက်ကာဆက်ကာ တစ်ရုံနှင့်တစ်ရုံ မီးခိုးချင်း စပ်လျက် အလွန် များပြားသော အလုပ်ရုံ စက်ရုံများကို တွေ့မြင်ရသည် (၁၉ ဩဂုတ် ၁၈၇၂)

ဒီစက်ရုံတွေကို လှုပ်ရှားအောင် ဆောင်ရွက်ရတဲ့ လုပ်သားတွေအကြောင်း၊ ဝင်ငွေ၊ အနေအထိုင်၊ အစားအသောက်နဲ့ အိုနာဖူလုံရေး ဘယ်သို့ဘယ်ညာမမေး။ မရေး။ ကြိုလူ တစ်ထောင်ကျော် စောင့်နေကြပြီး သံအဖွဲ့ရောက်သွားတော့ 'သိုးချွတ်လျက် လက်ခုပ် တစ်ပြိုင်နက်တီး၍ အရိုအသေ နှုတ်ခွန်းဆက်ကြသည်' လို့ပဲ ရေးတတ်တယ်။ လုပ်သား ၅၀၀၀ရှိ မီးရထားလုပ် စက်ရုံ၊ လုပ်သား ၃၀၀၀ ရှိ သင်္ဘောလုပ် စက်ရုံတွေကိုရောက်ပါတယ်။ လုပ်သားအကြောင်း မမှတ်သားပါ။

လီဗာပူမှာ မြန်မာသံအဖွဲ့ကို မိတ်ဆက်စကားပြောတဲ့ နေရာမှာ မြန်မာဘုရင်ဟာ ကျွန်တော်မျိုး ၁၀,၀၀၀,၀၀၀ ကို အုပ်စိုးသူ ဖြစ်တယ်လို့ ပြောတာတွေ့ရတယ် (၂၁ ဩဂုတ် ၁၈၇၂)။ အဲဒီအတိုင်းဆိုရင် မင်းတုန်းမင်းလက်ထက် အထက်မြန်မာနိုင်ငံ လူဦးရေဟာ တစ်ကုဋေပဲရှိတယ် ဆိုကြပါစို့။ မြန်မာမင်းဟာ အင်္ဂလိပ်နဲ့မဟာမိတ်ဖြစ်ဖို့ အင်မတန် လိုလားတယ်။ တရုတ်၊ ဂျပန်၊ ယိုးဒယားနည်းတူ မြန်မာတွေလဲ ခေတ်မီအောင် ကြိုးစား နေတယ်လို့ ဆိုပါတယ်။ ပြီးတော့ မြန်မာတွေရဲ့စိတ်ထဲမှာ မကျေနပ်ချက်ကလေးတွေ ရှိတာကိုလဲ ဟိုကလူတွေက သိနေပါတယ်။ ညှော်ခံပွဲ စကားထဲမှာ

မြန်မာမင်းသည် အင်္ဂလိပ်မင်းနှင့် တိုက်ရိုက် မဆက်ဆံရစဘူးသေး၊ ဘင်္ဂလားမြို့ရှိ အိန္ဒိယဘုရင်ခံ နှင့်သာ ဆက်ဆံနေထိုင်ရသည်။ အောက်လူ အင်္ဂလိပ် အရာရှိများကလည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့နှင့် တိုက်ရိုက် မဆက်ဆံရအောင် တားဆီး နှောင့်ယှက်လိုသည့် သဘောရှိသည် (၂၁ ဩဂုတ် ၁၈၇၂)

လို့ သူတို့ပဲ စပြီးပြောပါတယ်။ ဒါပေမဲ့ ကင်းဝန်မင်းကြီးက ပြန်ကြားပြောဆိုတဲ့အခါ သူတို့အင်္ဂလန်ကို လာခဲ့တာဟာ (၁) အင်္ဂလိပ်ဘုရင်မ အရိုအသေ ဝင်ရောက်ပြီး ရာဇသံ လက်ဆောင်ဆက်ရန်၊ (၂) မြန်မာအင်္ဂလိပ် မဟာမိတ်ဖြစ်ကြောင်း 'ကြေညာနှံ့ပြား ထင်ရှားစေရန်' ဖြစ်တယ်လို့ ပြောပါတယ်။ အခွင့်ရလျှင် အင်္ဂလန်မှာ မြန်မာကောင်စစ်ဝန် ထားပြီး အင်္ဂလိပ်ကုန်စည်တွေကို ကြီးကြပ် ဝယ်ယူလိုတယ်လို့လည်း ပြောပါတယ်။ လီဗာပူမှာ ဆပ်ကပ် (၂၃ ဩဂုတ် ၁၈၇၂) ကြည့်ခဲ့ရတာကိုလဲ အပြည့်အစုံ မှတ်တမ်း တင်ပါတယ်။

အင်္ဂလန် မြောက်ပိုင်း စက်ရုံ နယ်ပယ်ကို ကြည့်ပြီးတော့ ဝေး(Wales) နယ်ကို လှည့်ပါတယ်။ ဘရက်ဖို့ (Bradford)မှာ သူဌေးတစ်ဦးကလုပ်သား ၃၅၀၀ အတွက် နေထိုင်ရေး၊ ကျန်းမာရေးနဲ့ပညာရေးကိစ္စတွေမှာ အကူအညီ အများကြီးပေးပုံ (၂ စက်တင်ဘာ ၁၈၇၂)ကို မှတ်သားပါတယ်။ ဒီမြို့ဟာ သိုးမွေးလုပ်ငန်းနဲ့ ကြီးကျယ်တဲ့မြို့ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို သေသေချာချာ လေ့လာပါတယ်။ နောက် ရှက်ဖီး (Shaffield) မှာ ဓားနဲ့ ကတ်ကျေးလုပ်ငန်းကို ကြည့်ကြရပါတယ်။ တစ်ပေခွဲလောက်ရှိတဲ့ ဓားရိုးမှာ မောင်းချဓား ငယ်၁၈၇၀ ရှိတာကိုတွေ့ကြောင်းလဲ မှတ်ပါတယ်။ (ဒီဓားဟာ ၁၈၇၀ ပြည့်ပြပွဲအတွက် လုပ်ခဲ့ပြီး အခုအထိ ပြပွဲတွေမှာ ပြတုန်းပါဘဲ)။ ညှော်ခံပွဲမှာ

> အင်္ဂလန်နိုင်ငံအတွက် ထူးဆန်း များပြားသော အသုံးအဆောင်များကို ပေါများစွာ ထွက်ရှိသည့် မြန်မာနိုင်ငံ အသုံးအဆောင်များနှင့် ရှေ့သို့ အချင်းချင်း အကြီးအကျယ် ထပ်လဲရောင်းဝယ် ရလိမ့်မည်။ ယုံကြည် မျှော်ခေါ် ရှိပါကြောင်း (၅ စက်တင်ဘာ ၁၈၇၂)

ရှက်ဖီးကုန်သည်တွေက ပြောပါတယ်။ နောက် နယူးကတ်ဆယ် (New Castle) ညှော်ခံပွဲမှာတော့ ကင်းဝန်မင်းကြီးဟာ ခါတိုင်းထက် နည်းနည်းပိုပြီး ပြောလိုက်တယ်။ ဘာပြုလို့လည်းဆိုတော့ မြန်မာနိုင်ငံမှာ သံနဲ့ကျောက်မီးသွေး ထွက်တဲ့နေရာရယ်လို့ ကောင်းကောင်းမရှိပေမဲ့

> ကျွန်ုပ်တို့ နိုင်ငံတွင် သံ၊ ကျောက်၊ ကျောက်မီးသွေး ပေါများ ထွက်ရှိပါသည်။ အချင်းတို့နိုင်ငံတွင် သံကျောက် ကျောက်မီးသွေးများက အကျိုးခံစားရသကဲ့သို့ ကျွန်ုပ်တို့ တိုင်းနိုင်ငံမှာ ကြံစည် လုပ်ဆောင်ရန်သာ ရှိပါကြောင်း (၉ စက်တင်ဘာ ၁၈၇၂)

လို့ ပြောလိုက်တယ်။ သူပြောသလို သံနဲ့ ကျောက်မီးသွေး မထွက်တာ သူသိမှာပဲ။ အဲဒီ နယူးကတ်ဆယ်မှာပဲ

> ကပ္ပတိန်နိုးက သဘောဉာဏ်နှင့် ထိုးတွင်း ကြံစည်လုပ်ဆောင် သည့် ဂဏန်းစက်ကိုပြသည်။ ၎င်းစက်နှင့် ဂဏန်း၉လုံးကိုထည့်၍ ဂဏန်းကိုးလုံးနှင့် မြှောက်နိုင်သည်။ အလိုရှိသမျှ စားနိုင်သည်။ အလိုရှိသမျှ ပေါင်းနိုင်တည်။ အမြှောက်အနှော အစားအကုတ် အလွန်မြန်သည်။ အတိမ်းအယိမ်း အချွတ်အယွင်း မရှိ၊ အလွန်မှန်သည် များကို တွက်ချက် ပြသကြည့်ရှုရသည်၊ အလွန်ထူးဆန်း အံ့သြဘွယ် ရှိလှပေသည် (၉ စက်တင်ဘာ ၁၈၇၂)

မြန်မာသံအဖွဲ့ သတိထားမိတဲ့ နောက်တစ်ချက်က တိုင်းမြစ်ဝမှ ပင်လယ်ကူး သင်္ဘောတွေ ယှဉ်ကပ်နိုင်ဖို့ တံတားကြီးလုပ်နေတာပဲဖြစ်တယ်။

> ၎င်းတံတား လုပ်ဆောင်သည့် နေရာတွင် ပင်လယ်ရေ ၃၆ ပေ နက်ကြောင်း၊ ၎င်းရေအောက်မြေမှာ အုတ်ကျောက်အမြစ်ချရန် တချို့က ရေငုတ်အင်္ကျီတပ်၍ ငုတ်ပြီးလျှင် လုပ်ဆောင်ကြသည်။ တချို့က ခေါင်းလောင်းကြီးနှင့် ငုတ်၍ လုပ်ဆောင်ကြသည်။ ခေါင်းလောင်းကြီးအတွင်း လူ ၂ ယောက် ဝင်ပြီးလျှင် လေစက်နှင့် ခေါင်းလောင်းကြီး အတွင်း သွင်းသောကြောင့်၊ ခေါင်းလောင်းကြီးသို့ ရေမဝင်နိုင် ရေ အောက်မြေသို့ ရောက်သည်ကာလလည်း အထက်ကလေပေး၍အမြဲ

နေရသည်၊ ၎င်းအလုပ်သည်တို့ ရေထဲတွင် ငါးနာရီကြာအောင် လုပ် ဆောင်နိုင်ကြောင်း (၁၀ စက်တင်ဘာ ၁၈၇၂)

လို့ ရေးမှတ်ထားတယ်။ နောက်တစ်နေ့ကျတော့ မှန်လုပ်ငန်းကို ကြည့်ကြပြီး မှန်ကြီးတစ်ချပ်ဟာ အလျား ၁၅၄ လက်မ၊ အနံ ၉၈ လက်မ၊ ထုတစ်လက်မရှိတာကို တွေ့ကြောင်း အထူးအဆန်းအဖြစ် ရေးမှတ်ခဲ့ပါတယ်။

အီဒင်ဗာရ (Edin Burgh)မြို့ကို မြန်မာသံအဖွဲ့ဟာ ၁၂ စက်တင်ဘာ ၁၈၇၂ မှာ ရောက်သွားပါတယ်။ ခံတပ်ကို ရောက်တဲ့အခါ

ငါတို့ ရခိုင် အမြောက်ကြီးနှင့် လပ်ပုံကိုင်ပုံ စနစ်ပုံ စံတူ ရှေးအမြောက်ကြီး (ကိုတွေ့သည်)....အမြောက် ပြောင်းကြီးမှာ အလျား ၁၃ ပေ၊ လုံးပတ် ၇ ပေခွဲ အချင်းလက်မ ၂၀ ရှိသည်၊ ခရီးမြန်မာ တစ်တိုင်ခွဲ ရောက်သည်၊ ခရစ်နှစ် ၁၄၀၀ က ဘက်လဂျီယာနိုင်ငံ ဖလန်းဒါအရပ်တွင် သွန်းလုပ်သည် (၁၄ စက်တင်ဘာ ၁၈၇၂)

လို့ ရေးမှတ်ပါတယ်။ မြို့ကို လှည့်ကြည့်ပြီးတဲ့အခါ 'သိုးဆောင်းနိုင်ငံတွင် မြို့ကြီးလှမှာ ပါရစ်မြို့၊ မြို့ငယ်လှမှာ အက်ဒင်ဗာရမြို့'လို့ မှတ်ချက်ချပါတယ်။

ဂလာစကိုမြို့ (Glasgow)ကို ရောက်တဲ့ အခါမှာ ပြတိုက်တွေ၊ ဥယျာဉ်တွေ၊ စက်ရုံတွေ၊ ကြည့်ကြပြန်တယ်။ စက်ရုံတစ်ခုကို ရောက်တဲ့အခါ

ဇကန်စက်ပုဆိုး ယက်လုပ်သည် တိုက်သို့ သွားကြသည်။ ၎င်းတိုက်တွင် ချည်အမျိုးမျိုးများကို တခြားကဝယ်ပြီးလျှင် အထည် သက်သက်သာ လုပ်ဆောင်သည် တိုက်ဖြစ်၍ ချည်စက်၊ ယက်ဖောက်စက်၊ ရက်ကန်းရှယ်စက်၊ ရက်ကန်းစင်ပေါင်း ၂၄၀ ရှိကြောင်း၊ တစ်စင်လျှင် တစ်နေ့ ၂၄ ကိုက်ပြီးကြောင်း။ ယက်လူ လုပ်လူ ၃၀၀ ရှိကြောင်း၊ ၎င်းအထည် များလည်း မြန်မာနိုင်ငံသို့ ပို့ရန် ဖြစ်ကြောင်း (၁၇ စက် တင်ဘာ ၁၈၇၂)

လို့ မြန်မာနိုင်ငံပို့မဲ့ ပစ္စည်း ထုတ်လုပ်နေတာ တိုက်ရိုက်တွေ့နေရကြောင်း မှတ်သားပါတယ်။ ဘီယာချက်လုပ်တဲ့ အလုပ်ကိုလည်းအသေအချာ ပြည့်စုံအောင် ရေးမှတ်ပါတယ်။ ညှော်ခံပွဲ ပြောစကားထဲမှာ

ကုန်သွယ်မှုနှင့်စပ်လျှင် မြန်မာနိုင်ငံနှင့် ဂလာစကိုမြို့သည် အချင်းချင်း စိမ်းကြသည်မဟုတ်၊ သိကျွမ်းရင်းပင် ဖြစ်ကြသည်။ အင်္ဂလိပ်မင်းပိုင် မြန်မာနိုင်ငံ အောက်ပိုင်းတွင် ရောင်းဝယ်မှုနှင့်စပ်၍ ကြားသိရသည်မှာ တစ်နှစ်လျှင် ခုနစ်ကုဋေကျော် ရှစ်ကုဋေခန့် ငွေနှင့်ရောင်းဝယ် ကူးသန်းနေထိုင်ကြပါသည်။ ဝင်ရောက်သမျှ ကုန်ဖိုးနှင့် မြန်မာနိုင်ငံကထုတ်သည့်ကုန်ဖိုး အညီအမျှခန့် ရှိပါကြောင်း ကျွန်ုပ်တို့ မြို့ရွာက (ရက်)ထည် အမျိုးမျိုးနှင့် အခြားအသုံးအဆောင်များကို တင်ပို့ပါသည်။ မြန်မာနိုင်ငံက ဆန်စပါးသစ်ရှား ရွှန်းများကို ကျွန်ုပ်တို့ ပြန်ယူခဲ့ပါကြောင်း။ ကုန်ဖိုး တန်ခုနစ်ကုဋေကျော် ရှစ်ကုဋေခန့် ရောင်းဝယ်ရှိသည်ဆိုသည်မှာလည်း နှစ်ကုဋေခန့်သာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရောင်းဝယ်ရပါသည်။ ၎င်းငွေ နှစ်ကုဋေခန့်လည်း မြန်မာနိုင်ငံ အထက်ပိုင်းသို့ ဝင်သမျှထွက်သမျှ ကုန်ဖိုးနှင့် အညီအမျှသာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လွန်ခဲ့သည့် နှစ်များအတွင်း

ရောင်းဝယ်ကူးသန်းရေး မတိုးမတက်သည် အမှန်ပင်ဖြစ်ပါသည် (၁၇ စက်တင်ဘာ ၁၈၇၂)

လို့ ပြောတယ်။ အဲဒီစကားထဲမှာ မြန်မာတွေရဲ့ နိုင်ငံခြား ရောင်းဝယ်ရေး အချုပ်ကို တွေ့ရပါတယ်။

တစ်နည်းပြောရင် အောက်ပိုင်းဟာ အထက်ပိုင်းထက် လေးဆသာနေပြီ ဆိုတာပြနေပါတယ်။ အနှစ်နှစ်ဆယ်အတွင်း စီမံကွပ်ကဲပုံ သာတာကြောင့် အနိုင်ရသွားတာပဲ ဖြစ်တယ်လို့ဆိုရမယ်။ ကင်းဝန်မင်းကြီးက ပြန်ပြောတဲ့စကားထဲမှာ တရုတ်နဲ့ လမ်းဆက်သွယ်ဖို့ကို

တရုတ်ပန်းသေးတို့ မငြိမ်ဝပ်သမျှပတ်လုံး အထည်ကိုယ်နှင့်တကွ အကျိုးထင်ရှား ခံစားရအောင် ဖြစ်ထွန်းလိမ့်မည် ကျွန်ုပ်တို့မဆိုနိုင်လောက်အောင် ရှိပါသည်။ ၎င်းစကားကိုလည်း တရုတ်နယ်စွန် မိုးမျည်း(Momien)မြို့ ရောက်သွားလာကြည့်ရှုစေသည့် အင်္ဂလိပ်တို့ မျက်မြင်အသိအကြား ဖြစ်ပါကြောင်း။ သို့ဖြစ်၍ မငဲ့မကွက် ဟုတ်မှန်တိုင်းကို သာပြောဆိုလေ့ရှိသော သူသည် ဘုန်းတော်ကြီးလှသော မြန်မာမင်းမြတ်က ၎င်းလမ်းပေါက်မြောက်ရာပေါက် မြောက်ကြောင်း အကြံအစည်များမှာ တတ်စွမ်းသမျှ ကူညီအားပေးသည် ပြောဆိုရန် ရှိပါသည်။ ပေါက်မြောက်လျှင်လည်း တရုပ်ပန်းသေးတို့ ရန်စစ်မဖြစ်မီ နှစ်စဉ် ကောက်ခံရမြဲ အကောက်တွက်ဒင်္ဂါးပြားရေ ငါးသန်းခန့်ကိုပြန်၍ ရရန်ရှိသည် ဖြစ်၍ အလွန်ပင် ကူညီအားပေးလိုသော သဘောတော်ရှိပါကြောင်း၊ တရုတ်ပန်းသေးတို့ မငြိမ်မဝပ်ရှိသည်တစ်ကြောင်း၊ နိုင်ငံ အစွန်အဖျား ထကြွမငြိမ်ရှိသည် တောတောင် လူရိုင်းများကို ဖိစီးနှိပ်ကွပ်ရန် ကြံစည်လျက်နှင့် ရှိနေရသည်တစ်ကြောင်း။ ၎င်းတွင် အသုံးပြုရန် အလိုရှိသည် လက်နက်ကိရိယာ မပြည့်စုံသည် တစ်ကြောင်းများကြောင့်၊ မြန်မာနိုင်ငံသည် အနေအထိုင် မသက်မသာရှိနေသည်အတွင်း၊ တရုတ်နိုင်ငံရောက် ဖောက်လုပ်ရန် ကြံစည်သည် လမ်းပေါက်မှု မပေါက်မရောက်မှု ၂ ရပ်တို့မှာပင် မြန်မာနိုင်ငံကို အပြစ်တင်လိုသည် သဘောရှိကြပါသည်။ ၎င်းကဲ့ သို့ ရှိနေရသည့်အခါ မြန်မာနိုင်ငံကို အပြစ်တင်သင့် မတင်သင့်မှာ အချင်းတို့သာလျှင် ဆင်ခြင် ဆုံးဖြတ်ရန် ရှိပါတော့သည်။ အင်္ဂလန်နိုင်ငံကသာ မြန်မာနိုင်ငံ ထိုက်သင့်သည့်အားလျော်စွာ ကူညီထောက်ပံ့စရာကောင်းပါကြောင်း

လို့ ပြတ်ပြတ်သားသား ပြောလာပါတယ်။ လက်နက်ကိစ္စမပြောပါနဲ့လို့ မှာလိုက်တဲ့ ရန်ကုန်က အင်္ဂလိပ်အရေးပိုင် အီဒင်ရဲ့ စကားကို ပယ်ရှားဖို့ အားထုတ်လာခဲ့တာ ဒီတစ်ကြိမ် အကြောင်းတိုက်ဆိုင်ပြီမို့ ဒီလိုထုတ်ပြောလိုက်ရတာကို ကင်းဝန်မင်းကြီး သိပ်အားရကျေနပ်မယ်လို့ ထင်ပါတယ်။ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေး အခြေအနေအားလုံးကို သုံးသပ်နိုင်တဲ့ စကားဖြစ်လို့လဲ အင်မတန် အဖိုးတန်ပါတယ်။ အင်္ဂလိပ်ဘက်က ပြန်ကြားတဲ့အခါမှာ 'လွတ်လွတ် ကူးသန်းလိုသည်'လို့ ပါလာတယ်။ မြန်မာဘက်က အချုပ်အချယ် များလွန်းတယ်လို့ ဆိုလိုတဲ့သဘောရှိနေတယ်။

လိဒ်(Leeds)မြို့ကိုရောက်တဲ့အခါ 'မီးစက်နှင့် မြေကို ထွန်သည့် အခြင်းအရာ'ကို တွေ့ကြရပါတယ်။ တစ်နေ့ဧကေ ၄၀ (တစ်ဧကေလျှင် စတုရန်းတာ ၂၀) ပြီးတယ်လို့ဆိုတယ်။

ထွန်စက်အမျိုးမျိုးကို ရှင်းလင်းတဲ့ စာအုပ်နဲ့ပုံစံတွေ ရယူခဲ့ပါတယ်။ နောက်သူနာတိုက်ကိုသွားပြီး (၂၁ စက်တင်ဘာ ၁၈၇၁) အင်မတန် ပြည့်စုံအောင် ရေးမှတ်ပါတယ်။ ရောဂါစစ်ဆေးခန်းထားပုံ ကျားခန်း၊ မခန်း၊ သူငယ်ခန်းခွဲပုံ၊ သူငယ်နာ စောင့်နဲ့သမား အကြီးတို့နေရာ အခန်းဖွဲ့ပုံ သူရူးအတွက်နေရာခြားပုံ၊ စားသောက်စရာ ချက်ပြုတ်ပြင်ဆင်ပုံ၊ ခွဲစိတ်ဖြတ်တောက်ခန်းနဲ့ ခွဲစိတ်ဖို့ ကိရိယာစုံထားပုံ၊ ဆေးအတတ်သင် တပည့်တို့ကို ခေါ်ယူသင်ကြားပုံတို့ကို မှတ်သားပါတယ်။ မြန်မာသံအဖွဲ့ အခုလိုလှည့်လည်သွားလာပြီး အထူးအဆန်းတွေ မှတ်သား နေတာကိုလည်း မြန်မာဘုရင်ကအစ သဘောတူ ဝမ်းသာကြတယ်။

> ငွေများကို ကုန်အံ့စိုး၍ မသုံးဘဲ မနေစေနှင့် အလိုရှိသမျှ သုံးလိုရာသုံး အမိန့်တော်မြတ်ရှိကြောင်းနှင့် စာတွင်ပါသည် (၂၄ စက်တင်ဘာ ၁၈၇၂)

လို့ သိတဲ့အပြင် အင်္ဂလန်ရောက်မှ နောက်ထပ် ငွေသုံးသောင်းပို့တယ်လို့ သိရပါတယ်။

အင်္ဂလန်ကျွန်းကနေပြီး အိုင်ယာလန်ကျွန်းကို ကူးကြပြန်တယ်။ (၂၆ စက်တင်ဘာ ၁၈၇၂) ဒပ်ဗလင် (**Dublin**) မှာစခန်းချပြီး လှည့်လည်တယ်။ အရေးပိုင် ဖယ်ရာရဲ့ ဇာတိ ဗရေးရွာကိုလည်း ရောက်တယ် (၃၀ စက်တင်ဘာ ၁၈၇၂)။ အိုင်ယာလန်ကျွန်းရဲ့သမိုင်း အခြေခံကိုလည်း လေ့လာတယ်။

> အာရလန်ကျွန်းကို အင်္ဂလိပ်က သိမ်းယူသည် နှစ်ပေါင်း ၇၀၀ ရှိကြောင်း အာရလန်ကျွန်းသားတို့လည်း ယခုတိုင် အင်္ဂလိပ် အမျိုးသားတို့ စိုးအုပ်သည်ကို သဘောမကျကြောင်း။ အမေရိကန်ကျွန်းသို့ အကူးအသွား အားကြီးကြောင်း (၃ အောက်တိုဘာ ၁၈၇၂)

အဲဒီလို မှတ်သားထားပါတယ်။ အိုင်ယာလန် မျိုးချစ် ခေါင်းဆောင် အိုကောနာ (**O' Connor**) ရဲ့ သင်္ချိုင်းကိုလည်း ရောက်ကြပါတယ်။ (၆ အောက်တိုဘာ ၁၈၇၂) ဧည့်ခံပွဲမှာ အိုင်ယာလန် ကျွန်းသားတို့က

> ဝန်ရှင်တော်မင်းကြီးသည် နိုင်ငံသို့ လာရောက်၍ စက်ကိရိယာ လောကီ အတတ်ပညာများကို မျက်မြင်ကိုယ်တွေ့ သိမြင်မှတ်သား သင်ကြား ကြည့်ရှု ရသည်နှင့်အညီ၊ ၎င်းအတတ်ပညာများကို နည်းယူအသုံးပြုလျှင် မြန်မာနိုင်ငံ တိုးတက်ပွားစီး၍ အကျိုးများစွာ ဖြစ်ထွန်းခံစားရန် အကြံအစည် အလုပ်အဆောင် များမှာ နေရာကျ ကုန်တွင်ပါလိမ့်မည် (၆ အောက်တိုဘာ ၁၈၇၂)

လို့ ဆန္ဒပြုကြတယ်။ ပြီးတော့ 'လွတ်လွတ် လဲလှယ် ရောင်းဝယ်' လိုတယ်လို့လည်း ပြောကြတယ်။ အဲဒီကပြန်ခဲ့ကြလို့ လန်ဒန်ကို ၈ အောက်တိုဘာ ၁၈၇၂ မှာ ပြန်ရောက် ကြပါတယ်။

အင်္ဂလန်က အင်္ဂလိပ်နဲ့ တိုက်ရိုက်ဆက်သွယ်ဖို့ မြန်မာ ကောင်စစ် (Consul) တစ်ယောက် အင်္ဂလန်မြေပေါ်မှာ လာပြီးထားဖို့ ရည်ရွယ်ကြောင်းကို လီဗာပူမြို့ကဧည့်ခံပွဲမှာ ဒီလို ပြောခဲ့ဖူးပါတယ်။

> ကုန်ဝယ်ရောင်းမှုနှင့် စပ်သည်များကို ကြည့်ရှုအားပေးရန် အင်္ဂလန်မင်းကို တိုင်ကြား၍ သဘောမကွဲမပြားပါလျှင်၊ ခင်ဗျားတို့နိုင်ငံတွင် ကျွန်ုပ်တို့အရှင်က ကောင်စစ် ကိုယ်စားလှယ်ခန့်ထား နေထိုင်စေလိုသည် သဘောတော်ရှိပါသည် ၎င်းအကြောင်းအရာကိုလည်း လန်ဒန်မြို့ရှိ အိန္ဒိယဆိုင်ရာရုံးနှင့် ကမ်းလှမ်းပြောဆိုး

ရှိသည်ဖြစ်၍၊ အားပေး ဆောင်ရွက်ရန်ရှိသမျှကို မရှည်မကြာ နေရာကျအောင် အားထုတ် လုပ်ဆောင်လိမ့်မည် ယုံကြည်ရှိပါသည် (၂၁ ဩဂုတ် ၁၈၇၂)

လို့ အထက်က ပြောခဲ့ရင်း ရှိတယ်။ နောက် အိုင်ယာလန်က လန်ဒန်ကို ပြန်ရောက်တဲ့ အခါ

အင်္ဂလန်နိုင်ငံတွင် ကောင်စစ်ခန့်ထားရန်လည်း နေရာကျကြောင်း ကောင်စစ် နေရာကျက နောင် မည်သည်အမှုမဆို ပြောဆိုနိုင်သည် (၁၃ အောက်တိုဘာ ၁၈၇၂)

လို့ ရေးပါတယ်။ အဲဒါတင် မကသေးဘူး၊ နောက်ထပ် တိုးတက်မှုတစ်ခု ပိုလာသေး တယ်။

သံတော်အရာရှိတို့ ရွှေဖဝါးတော်အောက်သို့ မပြန်မလာဘဲ၊ လန်ဒန်မြို့တွင် အမြဲနေထိုင်၍ အမှုတော်ကို ထမ်းရွက်ရမည်အကြောင်းနှင့် ၎င်းနှစ် ဝါခေါင် လပြည့်ကျော် ၁၁ ရက် (၃၀-၈-၇၂)နေ့ မှန်နန်းတော် ရှေ့တော်တွင် ရေးသားသည့် အမိန့်တော်ကြီး ဆိုက်ရောက် လာသည် (၂၂ အောက်တိုဘာ ၁၈၇၂)

ဒီအမိန့်တော်ကို ပြင်ဆင်တဲ့ကြေးနန်းက ၆ ဇန်နဝါရီ ၁၈၇၃ မှာ ရတယ်။ ကြေးနန်းသဘောက

သံတော်တို့ လန်ဒန်မြို့တွင် နေသင့်လျှင်နေ၊

သို့မဟုတ် ပြန်သင့်လျှင်ပြန်

ဖြစ်တယ်။ ကင်းဝန်မင်းကြီးကို ယုံယုံကြည်ကြည်နဲ့ သူ့သဘောအတိုင်းဆုံး ဖြတ်ခွင့် ပေးလိုက်ခြင်းပဲပေါ့။ သူဆောင်ရွက်ပုံကို ကျေနပ်တယ်ဆိုတဲ့သဘောပါပဲ။ လန်ဒန်ကို စေလွှတ်ရကျိုး နပ်တယ်လို့လည်း ယူဆတယ်။ မြန်မာထဲက တာဝန်ကြီးကြီး ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦး အင်္ဂလန်အကြောင်း မျက်မြင် ကိုယ်တွေ့ ရှိသွားတယ်ဆိုတာလည်း အင်မတန် အဖိုးတန်ပါတယ်။ ရှင်ဘုရင်ကလည်း သူ့ဖို့ လန်ဒန်လုပ် ရွှေထွေးခံကြီး ပါလာတာကို သဘောအကျဆုံး ဖြစ်မယ်ထင်တယ်။ ထွေးခံကို ၁၇ အောက်တိုဘာ ၁၈၇၂ မှာ လုပ်ပြီးပါတယ်။ သံကို အရေကျိုပြီး လိုရာပစ္စည်း သွန်းလောင်းထုတ်လုပ်ဖို့ သံတိုဝယ်တယ်။ အဲဒီ သံရည်ကျိုစက်ကို မန္တလေး အရောက်လိုက်ပြီး တပ်ဆင်ပြသပေးမဲ့ 'ဆရာကြီး များလည်း လူတတ်လူကောင်းဖြစ်'တယ်လို့ ၂၃ အောက်တိုဘာ ၁၈၇၂ မှတ်တမ်းမှာတွေ့တယ်။

ရန်ကုန်ရောက် အင်္ဂလိပ် မကောင်းတာကို လွတ်အောင် လန်ဒန်ကို လိုက်လာပေမယ့် လန်ဒန် အိန္ဒိယရုံးက ဟိုက အကြံပေးချက်ကိုပဲ လိုက်နာတယ်။ ပြီးတော့ ရန်ကုန် အရေးပိုင်ဟောင်း ဖယ်ရာနဲ့ တိုင်ပင်ပြီးမှ မြန်မာသံနဲ့ ဆက်ဆံတယ်လို့ ၂၆ အောက်တိုဘာ ၁၈၇၂ မှတ်တမ်းမှာတွေ့နေတယ်။ ဒီတော့ ဘုရင်မနဲ့ နှုတ်ဆက်ပြီး ပြန်ကြရုံပါပဲ။ ဘုရင်မရှေ့မှောက်ကို ဝင်ဖို့ ရက်စောင့်ရင်း ပြင်သစ်ကိုသွားကြဖို့ စီစဉ်ကြတယ်။ ပို့စမောက် (Pors Mooth) ကို ၂၈ အောက်တိုဘာ ၁၈၇၂ မှာသွားကြည့်တယ်။ **စကြာယာဉ်ပျံ** သင်္ဘောနဲ့ ပြင်သစ်ဘက်ကိုကူးဖို့ စီစဉ်တယ်။ 'ကြည်ကြည်လင်လင် နေရောင် ရသောကြောင့် ရေချိုးကြသည်'လို့ ၁ နိုဝင်ဘာ ၁၈၇၂ မှတ်တမ်းက ဖော်ပြလို့ ချမ်းတာနဲ့ ရေမချိုးဘဲ အတော်ကြာနေခဲ့ကြတယ်နဲ့ တူတယ်လို့ ဆိုရမယ်။ သူတို့ရောက်နေတဲ့မြို့ဟာ

> ပင်လယ်ဝ အလံဦးကင်းပျား စစ်တံခါးလမ်းဝဖြစ်၍ ပင်လယ်အတွင်းခံမြို့ ပင်လယ်ကမ်းနဖူးတလျှောက် ခံမြို့ ခံကတုတ် ကုန်းပေါ်သင့်ရာ အရပ်များတွင် ခံမြို့ခံကတုတ် စစ်သားအမှုထမ်း လက်နက်ကိရိယာ အစုံတိုက် သင်္ဘော ကိရိယာ အစုံများနှင့်လိုလျှင် ကောက်ငင်ကာရအောင် ပြင်ဆင်အသင့် စည်းကြပ်လျက်ရှိသည် (၃ နိုဝင်ဘာ ၁၈၇၂)

လို့တွေ့ရတယ်။ ဆောက်သဆီး (South Sea)ခံတပ်တွေကိုလဲ သွားကြည့် ကြတယ်။ အဲဒီမှာ 'အထက်လူ အောက်လူ စကားပြောသည် လေပြွန်' ရှိတယ်လို့ မှတ်သားထားတယ်။ ခံတပ်ကို လေ့လာတဲ့အခါ 'ကနက်ပုံ၊ မတ် ရပ်ပုံ၊ ဖြတ်ပိုင်းပုံ၊ခွဲသားပုံ' တွေယူပြီးမှ လေ့လာတယ်လို့ သိရပါတယ်။

ပို့စမောက်က ၉ နိုဝင်ဘာ ၁၈၇၂ မှာ **စကြာယာဉ်ပျံ** သင်္ဘောနဲ့ ဒိုဗာ (Dover) ကိုသွားတယ်။ ပင်လယ်ကြမ်းလို့ ပြင်သစ်ဘက် မကူးနိုင်သေးဘူး။ ၁၅ နိုဝင်ဘာအထိ စောင့်နေရတယ်၊ ရောက်သွားတော့ ပြင်သစ်နိုင်ငံခြား ဝန်ကြီးက စာချုပ်စကား ပြောလိုတယ်။ 'ယခုရောက်လာသည့် သံတော်တို့ စာချုပ်နိုင်သည့် အခွင့်ရသည်မရသည်များကို သိလိုကြောင်း' မေးလို့ 'ရကြောင်း' ပြန်ကြားရတယ်။ မြန်မာနိုင်ငံ အကြောင်းကလေမင် ဝီလီယမ် (Clayman Williams)ရေးတဲ့ အင်္ဂလိပ်စာအုပ်တစ်အုပ်ကိုလည်း ပြင်သစ်ဝန်ကြီးကို ပေးရတယ်။ ပဲရစ်ကို ရောက်နေတဲ့အခါကျမှ မေဂျာ မက်မဟန်က စာနဲ့ရေးပြီး အလွမ်းသယ်ပါ သေးတယ်။ စာထဲမှာ

> ဝန်ရှင်တော်မင်းကြီး လန်ဒန်မြို့မှာရှိနေစဉ် ကျွန်ုပ်မပြတ်ပြောဆို ဘူးပါသည်။ ပြောဆိုဘူးသည် စကားမှာ ရွှေမြို့တော်ရှိ အင်္ဂလိပ် အ ရေးပိုင်၊ ရန်ကုန်မြို့ အင်္ဂလိပ် အရာရှိ၊ အိန္ဒိယ ဘုရင်ခံ ၄င်း ၃ဦးတို့ မြန်မာတိုင်းပြည်နိုင်ငံ အကျိုးစီးပွားများကို အထူးသဖြင့် အလိုရှိကြကြောင်း၊ သို့သော်လည်း တစ်ရံတစ်ခါ မတော်မသင့် ပြုမိကြ၍ရှိသည်၊ ယခု အိန္ဒိယ ဘုရင်ခံဆိုသူ တိုင်းရေးပြည်မှုအရာနှိုက် အလွန်လိမ္မာသူဖြစ် ၍ ရှေးခါကဲ့သို့ မဖြစ်ရအောင် အမှုခပ်သိမ်းကိုပင် ပြင်ဆင်ပြုလုပ် ဥပဒေထားသောကြောင့် အီဒင် (Ashley Eden)လည်း ရှေးခါကဲ့သို့ မဟုတ်၊ အထူးသဖြင့် ကောင်းမွန်ပါလိမ့်မည် (၂၀ နိုဝင်ဘာ ၁၈၇၂)

လို့ပါတယ်။ အခုသံအဖွဲ့ ရန်ကုန်ပြန်ရောက်ရင် အထွက်တုန်းကလို မဟုတ်ဘဲ ဆက်ဆံရေး ပြေပြစ်မယ်လို့ အာမခံတဲ့ သဘောပဲပေါ့။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့ ၂၂ နိုဝင်ဘာလ ၁၈၇၂ မှာ တွေ့ရတယ်။ ပြင်သစ် စက်ကိရိယာ ဝယ်ဖို့ရယ်၊ ပြင်သစ်ကို မြန်မာပညာတော်သင်တွေ လွှတ်မြဲကို ပို့ပြီး လွှတ်ဖို့ရယ်။ ပြင်သစ်ဆရာကို မြန်မာနိုင်ငံကို ခေါ်လိုက 'လူတတ်လူကောင်း' ရဖို့ အာမခံတယ် ဆိုတဲ့သဘော ပြင်သစ်နိုင်ငံကလဲ ဆွယ်တရားရေးဟောတယ်။ 'ပြတ်ရှား' (Prussia) ကလည်း ကိုယ်စားလှယ်လွှတ်ပြီး ဒီပုံစံဘဲ ပြောဟောတယ်။ ပြင်သစ် သမ္မတကို ၁၁ ဒီဇင်ဘာ ၁၈၇၂ မှာ တွေ့ရတယ်။ 'အရိုအသေဆုံး လက်ခံသည့်နည်းမတ်ရပ်လက်ခံသည်' လို့သိရတယ်။ ပြင်သစ်ဟာ 'အနီးအစပ်ဖြစ်သော နိုင်ငံတို့ကို တိုက်ခိုက်သိမ်းယူလိုသည့် အကြံအစည်မရှိ'လို့ သမ္မတက မြန်မာသံအဖွဲ့ကို ပြောလိုက်တယ်။ တိုက်ရိုက်အမိပွယ်ကောက်ရင် အင်္ဂလိပ်လို မဟုတ်ဘူးလို့ ဆိုလိုတာပဲဖြစ်တယ်။ ပြင်သစ်မှာ လှည့်လည်ကြည့်ရှုတဲ့အခါ

ပြတိုက်၊ စာကြည့်တိုက်၊ ဥယျာဉ်တွေကို ပိုပြီး အလေးထား ကြည့်ရှုကြတယ်။ သဘောက စက်မှုမှာ အင်္ဂလိပ်၊ ယဉ်ကျေးမှုမှာ ပြင်သစ်လို့ ခွဲခြားဟန်တူတယ်။ မေရီအန်တဝိုင်း (Marie Antoinette)တို့ ခေတ်က လှပဆန်းကျယ်တဲ့ ပစ္စည်း အဆောက်အအုံတွေကို အံ့သြဖွယ်ကြည့်ရှုကြတယ် 'ပြတ်ရှား' စစ်သည်တို့ ရမ်းကားလို့ အပျက်အစီး ရှိတာကိုလည်း ပြင်သစ်ကပြမဆုံးဘူး။ အဲဒီလို လှည့်ပတ်ရင်း မြန်မာပြင်သစ် စာချုပ် ရေးပြီးပါတယ်။ (၁၇ ဇန်နဝါရီ ၁၈၇၃) လက်မှတ်ထိုးတော့ ၂၄ ဇန်နဝါရီ ၁၈၇၃ ဖြစ်ပါတယ်။

'မြန်မာပြင်သစ် ရောင်းဝယ်ရေး သဘောတူညီချက်'ဟာ မြန်မာအင်္ဂလိပ် သဘောတူညီချက်နဲ့ ဘယ်ကိုတူမယ်၊ ဘယ်လိုကွာမယ်ဆိုတာ သိသင့်တယ်။ မြန်မာပြင်သစ် သဘောတူညီချက်မှာ (၁) တစ်ဦးနိုင်ငံ တစ်ဦး ဝင်ထွက် ရောင်းဝယ်ခွင့်ပေးတယ်။ ပေါက်ရောက်လာသူကို ကာကွယ်စောင့်ရှောက်မယ်၊ ဒါပေမဲ့ အရောင်းအဝယ် ထုံးစံတွေကတော့ အိမ်ရှင်နိုင်ငံရဲ့ ဓလေ့ထုံးစံ ဥပဒေအတိုင်း ဖြစ်ရမယ်။ လွတ်လွတ်လပ်လပ် သွားလာခွင့်ထဲမှာ သာသနာပြုတွေနဲ့ပညာရှာသိပ္ပံပညာရှင်တွေလည်းပါရမယ်။ (၂) ဝင်ကုန် ထွက်ကုန် အကောက်ဟာ တခြားနိုင်ငံတခု ခံစားနေရတဲ့ အခွင့်အရေးနဲ့တူရမယ်။ (အင်္ဂလိပ်နဲ့ ဆက်ဆံရေးမှာ ပစ္စည်းတန်ဖိုးရဲ့ ငါးရာနှုန်း ဖြစ်တဲ့ 'ဓားကိုင်ကောက်'ကိုပဲ ဆိုလိုတယ်)။ (၃) သံတမန် လဲလှယ်မယ်။ ကိုယ်စားလှယ်လွှတ်ထားမယ်။ ကိုယ်စားလှယ် ဆိုတဲ့လူလည်း သံအဖွဲ့ဝင်တွေလို အခွင့်အရေး ရှိစေရမယ်။ (၄) တရားစကား အယှက်အတင် ရှိကြရင် တွဲဖက်ခုံရုံးက ဆုံးဖြတ်မယ်။ (၅) ကိုယ်နိုင်ငံမှာ ပြင်သစ်/မြန်မာသေရင် ထုံးစံ အတိုင်း အမွေခံကို အမွေဆက်ခံခွင့်ပေးရမယ်။ (၆) သဘောတူညီချက်ရဲ့ သက်တမ်းကာလကို တစ်နှစ်ပြီးတစ်နှစ် တိုးပွားစေရမယ်။ တကယ်လို့ ရပ်စဲပစ်ချင်ရင် ရပ်စဲလိုတဲ့ဘက်က တစ်နှစ်ကြိုပြီး သတိပေးစကား ပြောထားရမယ်။ (၇) နှစ်ဖက်က တာဝန်ခံအမတ်တွေ သဘောတူထားတာကို တည်စေလို့ မင်းနဲ့သမ္မတက တစ်နှစ်အတွင်း အမိန့်ချမှတ် ရမယ်။ ချမှတ်တဲ့ ရက်ကစပြီး လိုက်နာဆောင်ရွက်တယ်။ (၈) လက်မှတ်ထိုးတဲ့ အမတ်တွေက ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးချာလ်ဒေရေမုဆ (M. Charles De Remusat) နဲ့ မြန်မာသံအမတ် ကင်းဝန်မင်းကြီး မင်းကြီး မဟာစည်သူ ဖြစ်တယ်။ (၂၄ ဇန်နဝါရီ ၁၈၇၃)

ပါရစ်က လန်ဒန်ကို ၃ ဖေဖော်ဝါရီ ၁၈၇၃ မှာ ပြန်လာကြပြန်တယ်။ မြေထဲ အရေးပိုင်ဟောင်း အာလံ (Allen) နဲ့ နောက်တစ်နေ့ တွေ့ပါတယ်။ ပို့စမောက်မှာ ရေနစ်သေတဲ့ မြန်မာသင်္ဘောသား မောင်ထွန်းအောင်ရဲ့သင်္ချိုင်းမှာ ကမ္ပည်း အမှတ်အသား စိုက်ခိုင်းပါတယ်။ ပြီးတော့ ၅ ဖေဖော်ဝါရီ ၁၈၇၃ နေ့မှာ အင်္ဂလိပ် ဘုရင်မဆီကို ဝင်ကြ ရပါတယ်။ 'မတ်ရပ်လက်ခံပြီး' 'ကိုယ်ဦးခေါင်းညွတ်လျက် ၂ ဦး ၂ ဖက် နှုတ်ဆက် ထွက်လာကြသည်' ဒီနှုတ်ဆက်ပွဲမှာ အိန္ဒိယဝန်ကြီး ခြေနာလို့ပါမလာပါ။

> ၎င်းခြေနာရောဂါဆိုသည်မှာ သိုးဆောင်း လူမျိုးတို့ အရက်ကို အမြဲသောက်သည် ဖြစ်၍ အသက်ကြီးသည့် ကာလ ၎င်းရောဂါများသော အားဖြင့် စွဲရောက်တတ်ကြောင်း (၇ ဖေဖော်ဝါရီ ၁၈၇၃)

လို့ မှတ်ချက် ရေးထားပါတယ်။ ဘုရင်မကို နှုတ်ဆက်ပြီးတော့ အိမ်ရှေ့မင်းကို နှုတ်ဆက်ဖို့ စောင့်ရပြန်တယ်။ ဒီအတောအတွင်း မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်း အသင့်အတင့် အောင်မြင်နေကြောင်းကို စုံစမ်းချက်အရ မှတ်တမ်းတင် ပြန်တယ်။

အထက်ယမန်က ငှားရန်းစေလွှတ်လိုက်သည် ရက်ကန်းစက်ဆရာတို့ မြန်မာနိုင်ငံတော်သို့ရောက်၍ ရက်ကန်းစက် ယက်လုပ်ရာ ကောင်းမွန် ဖြစ်ထွန်း ကြောင်း။ ၎င်းမြန်မာပြည်ဖြစ် အထည်အလိပ် နမူနာများကို ပေးပို့လိုက်၍ ရကြောင်း၊ မြန်မာပြည်တွင် လုပ်ဆောင်သည့် ဝါများကို လိပါပူမြို့ ဆရာကြီးထံ ပြသရာအလွန် ချီးမွမ်းကြောင်း (၈ ဖေဖော်ဝါရီ ၁၈၇၃)

လို့ တွေ့ရပါတယ်။ အိမ်ရှေ့မင်းက ၁၀ ဖေဖော်ဝါရီ ၁၈၇၃ မှာ လက်ခံပါတယ်။ မြန်မာ သံအဖွဲ့ဟာ လန်ဒန်မှာ အမြဲဆက်လက်နေဖို့ မလိုဘူးဆိုတဲ့ သဘောနဲ့ လန်ဒန်က ၁၃ ဖေဖော်ဝါရီ ၁၈၇၃ မှာ ထွက်ခဲ့တယ်။ ဒိဗာက 'သံပြန်နှုတ်ဆက် အမြောက် ၁၉ ချက် ပစ်ဖောက် နှုတ်ဆက်' လိုက်တယ်။ ဒိဗာက ကာလေကိုကူး၊ ကာလေက မီးရထားနဲ့ အီတလီဆိပ်ကမ်း ဗရန်ဒီဆီအထိ သွားဖို့ပါပဲ။ ပြင်သစ်မှာ မီးပုံးပျံစီးပွဲကို ကြည့်ခဲ့သေး တယ်။ နှုတ်ဆက်မြင်ကွင်းကတော့

ယခု ပြန်လည် သည်ကာလ သစ်ပင်တကာ ရွက်ယော်ကြွေကျ၊ ပရစ် ရွက်နု မပေါက်မရောက်သော တောင်ထိပ်တောင်ထက် ရှိုးရိုးချက် ကြား တောင်နှမောင်းတောင်ဆွယ် ကမ်းပါးရံ မြေညီမြေပြန့်မလပ်၊အထု ၂ နှစ်၊ ၄ သစ်၊ ၈ သစ်၊ ၁ မိုက်၊ ၄ သစ်၊ ၂ မိုက်ခန့် နှင်းခဲအများ ဖုံးလွှမ်း၍ ဖွေးဖွေးဖြူဖြူမှု ရှုချင်စဖွယ် အဆန်းတကြယ် ရှိသည်များကို တွေ့မြင်ရသည်။ (၁၇ ဖေဖော်ဝါရီ ၁၈၇၃)

ဖြစ်ပါတယ်။ အီတလီမှာ ကာနီဗယ် (Carnival) လှည့်ပွဲနဲ့ကြုံတယ်။

ယောကျ်ားမိန်းမ အစည်းအဝေးမှာ အသိန်းအသန်း အလွန်များလှသည်။ သည်ကဲ့သို့များပြားသည့် ပရိသတ်အတွင်း လူမှုးလူယစ် ခိုက်ရန်ဖြစ်ပွား မပေါ် မထွက်။ ငြိမ်သက် ကြည်လင် ရှိကြသည်ကို အံ့ဩဖွယ်ရှိလှသည် (၂၁ ဖေဖော်ဝါရီ ၁၈၇၃)

လို့ မှတ်သားထားပါတယ်။ အဲဒီနေ့ပဲ ရဟန်းမင်းနဲ့သွားတွေ့ပြီး နှုတ်ဆက်ကြတယ်။ ဒီပုဂ္ဂိုလ်ကို သာမည မှတ်ယူလို့ မဖြစ်ဖူး။ အဲဒါကို ထင်ရှားအောင်

သိုးဆောင်း နိုင်ငံတကာမင်းတို့ မင်းအဖြစ်သို့ ရောက်ကြလျှင်၊ ၎င်းရဟန်းမင်းထံ လာရောက်၍ ရဟန်းမင်းက မကိုင်ငွေတင်မှ မင်းအဖြစ်ကို ရကြောင်း (၂၁ ဖေဖော်ဝါရီ ၁၈၇၃)

လို့ အသေအချာ ရေးသားခဲ့ပါတယ်။ အဲဒီက ပြီးတော့ အီတလီမင်းကို နှုတ်ဆက် ဝင်ကြပြန်တယ်။ အီတလီမင်းက 'ပကတိအဝတ်အစား' နဲ့ 'လက်ဆွဲနှုတ်ဆက် မတ်ရပ် လက်ခံ'တယ်။ ဝမ်းသာစကားပြောတယ်။ သူတို့သံကို မြန်မာက ကောင်းကောင်း လက်ခံတယ်လို့ စာရေးကြောင်းပြောတယ်။ အီတလီနိုင်ငံ ဗရန်ဒီစီဆိပ်က ၂၄ ဖေဖော်ဝါရီ ၁၈၇၃ မှာ သင်္ဘောထွက်ပါတယ်။ ဧဒင်ကို ၆ မတ် ၁၈၇၃ မှာ ရောက်တယ်။ သီဟိုဠ် ဂါလီ (Galle)ဆိပ်ကို ၁၆ မတ် ၁၈၇၃ မှာ ရောက်တယ်။ ဒီရောက်မှပဲ စွယ်တော်ကို ကွမ်းနဲ့ဦးခံမဲ့လူ ပေါ်တယ်။ သီဟိုဠ်ရဟန်းတွေနဲ့ ပါဠိလို စကားပြောကြတယ်။ ကင်းဝန်မင်းကြီးတို့ကို လံဗိုကိုရောက်တော့ အမြောက်တစ်ဆယ့်ကိုးချက်နဲ့ နှုတ်ဆက်ပါတယ်။ မြို့အကြောင်းကို

ငင်းမြို့မှာ ဓာတ်မီးလည်း ထွန်းစရှိသည်။ မြို့နေ မြို့ထိုင် ဆိပ်ကမ်းလည်း အလွန်လှပ သာယာသည် (၁၈ မတ် ၁၈၇၃) လို့ ရေးပါတယ်။ နောက်စွယ်တော်ထားရာ ကန္ဒီကို သွားကြပါတယ်။ စွယ်တော်ကို ကင်းဝန်မင်းကြီး ဖော်ပြပုံက

စွယ်တော် ပမာဏမှာ အရှည်ပကတိ ၃ သစ်၊ လုံးပတ်မှာ အရင်းက လက်ညှိုးခန့် အဖျားလက်သန်းခန့် ညွတ်ယောင်ရှိသည်။

အဆင်းမှာ အရင်းအဖျား နီမောင်းရောင်၊ အလယ်တွင် ဖြူရောင်နီရောင် သည်။ အဖျားမှာ မောက်မောက် ဝန်းဝန်းရှိသည် (၂၀ မတ် ၁၈၇၃)

ဖြစ်ပါတယ်။ အင်္ဂလိပ် မှတ်တမ်းတစ်ခုမှာတော့ 'လူလုပ်ပစ္စည်း ဆက်စွယ်စစ်စစ်၊ ဟောင်းလို့ ဝါနေတယ်' လို့ ဖတ်ရဖူးပါတယ်။ ကျနော်မျက်မြင် (၂၉ မေ ၁၉၅၆) ပြောရရင်လည်း ဟောင်းလို့ ဝါနေတယ်ဆိုတဲ့စကားကို ထောက်ခံချင်တယ်။ အဲဒီက ပြီးတော့ ကာဖီစိုက်ခင်းတွေကို သွားပြီးကြည့်ကြတယ်။ ကာဖီးခင်း အလုပ်သမား တစ်နေ့ လျှင် ၃ မူးကျရတယ်လို့ သိရတယ် (၂၁ မတ် ၁၈၇၃)။ သီဟိုဠ်ကျွန်းက ၂၄ မတ် ၁၈၇၃ မှာ ထွက်ခဲ့ကြပါတယ်။ ကာလကတ္တားကို ၃၀ မတ် ၁၈၇၃ ရောက်တယ်။ 'အမြောက် ၁၉ ချက် ပစ်ဖောက်နှုတ်ဆက်' တယ်။ အင်္ဂလိပ်ဘုရင်ခံ လော့ဒ်နော့သ်ဘရွတ် (Lord North Brook)နဲ့ နောက်တစ်နေ့တွေ့ရတယ်။

ချည်ထုပ်စက်ရုံတစ်ခုကို သွားပြီး ကြည့်ကြသေးတယ်။ အဲဒီမှာ မြန်မာနိုင်ငံ ထွက် ဝါ၊ အိန္ဒိယနိုင်ငံထွက်ဝါ၊ အမေရိကန်နိုင်ငံထွက် ဝါတွေ ကွာခြားပုံကို နှိုင်းယှဉ် သိသာအောင် ပြသတာကို မှတ်သားကြပါတယ်။ လုပ်သား ၄၀၀၀ တစ်လ ဝါ ပေါင်ချိန် ၁၈၀,၀၀၀ ကုန်တယ်။ တစ်လစရိတ် ၆၀၀၀ိ၊ တစ်လ ၃၀၀၀ိ ဖြစ်တယ်လို့ဆိုတယ်။

မြန်မာနိုင်ငံထွက် ဂွမ်း အိန္ဒိယနိုင်ငံထွက် ဂွမ်း အီဂျစ်နိုင်ငံထွက် ဂွမ်းများ မှာ ပိတ်ချောပိတ်ကောင်း ယက်လောက်သည် ချည်မဖြစ်နိုင် ကြောင်း၊ အမရိကန်ဂွမ်း မှ ပိတ်ချော ပိတ်ကောင်း ဖြစ်နိုင်ကြောင်း၊ သည်ကဲ့သို့ ဖြစ်သည်မှာ ဝါမျိုးကိုလိုက်၍ ဖြစ်သည် မဟုတ်၊ မြေဥတု လိုက်၍ ဖြစ်ကြောင်း၊ သည်အရာကို သိရသည်မှာလည်း အမရိကန် ဝါမျိုးကိုယူ၍ ဘုံဘိုင်မြို့တွင် စိုက်လုပ်သည်ကာလ အိန္ဒြိယဝါမျိုးပင် ဖြစ်လာသည်၊ သို့ဖြစ်၍ သိရကြောင်း (၇ ဧပြီ၁၈၇၃)

လို့ ကွဲပြားအောင် မှတ်သားတယ်။ အဲဒီကမှတစ်ခါ စစ်ရေးပြပွဲကိုသွားတယ်။ စစ်ရေးပြပုံကို ကြည့်ပြီး မှတ်ချက်ရေးတဲ့အခါ

ငင်းစစ်သည်တို့သည် အင်္ဂလိပ်စစ်သည်မဟုတ်၊ ဘင်္ဂါလီ လူမျိုးများပင် ဖြစ်သည်။ ငင်းတို့လည်း အင်္ဂလိပ်စစ် အရာရှိတို့က သင်ကြားပြသသောကြောင့် နေရာကြတတ်မြောက်သည် (၇ ဧပြီ ၁၈၇၃)

လို့ ရေးပါတယ်။ မြန်မာစစ်တပ်လဲ 'နေရာကျ တတ်မြောက်' နိုင်တယ်လို့ ဆက်ပြီးဆိုလိုတယ်။ ဒါပေမယ့် 'သင်ရင် တတ်မယ်' ဆိုတဲ့ ဉာဏ်အဆင့်ဟာ တော်တော်မြင့်ပါတယ်။ လူတိုင်းသင်လို့ မတတ်ပါ။ နမူနာအဖြစ် အဲဒီ ကင်းဝန်မင်းကြီးတို့ ခေတ်က ပညာတော်သင်တွေ နာမည်ပျက်ပါတယ်။ အစက်အခဲ အကြောင်းမျိုးစုံရှိတာ မှန်ပေမဲ့ ပညာရအောင် မယူနိုင်တဲ့ လူ များလာတဲ့အခါ ရှက်စရာ ကောင်းလာပါတယ်။ ဒီကိစ္စကို ကင်းဝန်မင်းကြီးက အိန္ဒိယ ဘုရင်ခံနဲ့ ဆွေးနွေးတဲ့အခါ ဒီလို အပြန်အလှန် ပြောကြတာကို တွေ့ရပါတယ်။

နိုင်ငံတော်က ဘင်္ဂလားမြို့သို့ ပညာသင် စလွှတ်လျှင် နေရာကျအောင် ဘုရင်ခံမင်းက အားပေးစေလိုကြောင်း မင်းကြီးက ပြောဆိုသည်။ ဘုရင်ခံမင်းက ပြောဆိုသည်မှာ အထက်ပညာသင် လာရောက်သူတို့ သည်ကဲ့သို့ ကြည့်ရှုမည့်သူ မရှိသောကြောင့် နေရာမကျတတ်။ သည်ကဲ့သို့ အမှာအထားမရှိသောကြောင့် ကျွန်ုပ်တို့က ကြည့်ရှုမည် ကြံသော်လည်း၊ နေထွက်ဘုရင် မြန်မာမင်းမြတ် အလိုတော် ရှိမည်မရှိမည်ကို မသိနိုင်ဖြစ်၍ မကြည့်ရှုရ ရှိပါသည်။ ယခု ဝန်ရှင်တော်မင်းကြီးက မှာထားသောကြောင့် ကောင်းမွန်စွာ ကြည့်ရှုနိုင်ပါသည်။ အားထုတ်၍ ကြည့်ရှုပါမည်။ နေထွက်ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်မြတ် ကြားတင်ပါသည်။ ပညာတော်သင်စေလွှတ်လျှင် ကြည့်ရှုမည်အကြောင်း၊ ကောင်းမွန်စွာ အားထုတ်၍ မသင်ကြားသူကို နိုင်ငံတော်သို့ပြန်ပို့မည် အကြောင်းများနှင့် ကျွန်ုပ်ထံ စာပေးလျှင်၊ စေလွှတ်သည် ပညာတော်သင်တို့ အထူးသဖြင့် နေရာကျရန်ရှိကြောင်း များကို ပြောဆိုသည်။ (၈ ဧပြီ ၁၈၇၃)

သူကပြေပြစ်အောင် ပြောပေမယ့် သူပြောသလို လုပ်ပေမဲ့လဲ တကယ် အောင်မြင်ဖို့ မလွယ်ဘူး။ ဘာသာစကား အခက်အခဲရှိတယ်။ ဉာဏ်မတော်ဘဲ ခင်မင်ရာ ခင်မင်ကြောင်း ရွေးလွှတ်လို့ တပည့်ညံ့လွန်းတာလဲ ဖြစ်နိုင်တယ်။ သင်တဲ့ဆရာက မရိုးသားလို့ တတ် အောင်မသင်တဲ့ တပည့်ကို စိတ်ပျက်ပြီး ထွက်ပြေးချင်အောင် ညှဉ်းဆဲတာလဲ ဖြစ်နိုင်တယ်။ ခုခေတ်ခုအခါမှာတောင် ဒီအခက်အခဲ သုံးမျိုးရှိနေပါသေးတယ်။

ကာလကတ္တားက ၉ ဧပြီ ၁၈၇၃ မှာ သံအဖွဲ့ ထွက်လာတဲ့အခါ အမြောက် တစ်ဆယ့်ကိုးချက် ပစ်ပေါက်ပြီး နှုတ်ဆက်လိုက်ပါသေးတယ်။ ဒါပေမဲ့ ရန်ကုန်ကို ၁၃ ဧပြီ ၁၈၇၃ မှာ ရောက်တော့ ဘာအမြောက်သံမှ မကြားရပါ။ 'သံကြီး တမန်ကြီးတို့ကို လက်ခံကြိုယူ အခမ်းအနားမဟုတ်'လို့ ရေးမှတ်ပါတယ်။ အင်္ဂလိပ်က ထုံးစံအတိုင်း စည်းကမ်းနည်းလမ်းရှိသလို မကြိုရင် မြန်မာသံအဖွဲ့ကလည်း အင်္ဂလိပ်အရေးပိုင်ဆီကို နှုတ်ဆက်မဝင်တော့လို့ ဆုံးဖြတ်ပါတယ်။ စိတ်မပြေစရာ နောက်တစ်ချက် တွေ့သည်မှာ ဥရောပက ဝယ်ယူလာသမျှ ပစ္စည်းကုန်၊ သေတ္တာအားလုံး 'ဖျက်ဖွင့်၍ ပြရသည်'။ ပေးသင့်တဲ့ အကောက်ပေးမယ်။ ဘယ်လောက် ပေးရမလဲလို့ မေးတဲ့အခါကျမှ 'သံတော် အရာရှိဖြစ်၍ တစ်စုံတစ်ရာ မကောက်မယူပါ'လို့ ဖြေတယ်။ ပြီးတော့မှ

အကောက်ဝန်ဆိုသူ သင်္ဘောတော်သို့ ကိုယ်တိုင်လာရောက် ပြီးလျှင်၊ သံတော် အရာရှိတို့တွင် ပါသည့်ပစ္စည်း ဘဏ္ဍာများကို ကျွန်ုပ် ကြည့်ရှု မှတ်သားမိသည့်အရာ အလွန်မှားသည်ဖြစ်၍ ဝန်ချ လာပါသည်။ သည်ကဲ့သို့ ဖြစ်ရခြင်းလည်း အရေးပိုင်မင်းကြီးက ကျွန်ုပ်ထံ ဆင့်ဆိုသည့်စာတွင် သံတော်အရာရှိ တို့ သင်္ဘောတော်များကို မကြည့်မရှု **ချမ်းချမ်းသာသာ** နေထိုင်စေရမည် ပါရှိလျက် ၎င်းစာကို ကျွန်ုပ် အဖတ်မှား၍ ကြည့်ရှုမိပါသည်။ သည်ကဲ့သို့ ကြည့်ရှုမိသည့် အပြစ်မှာ တခြားသူတို့ အပြစ်မဟုတ်။ ကျွန်ုပ်အပြစ် ဖြစ်ပေသည်။ သည်းခံပါမည် အကြောင်းနှင့် ခွင့်တောင်း ဝန်ချလာသည် (၁၇ ဧပြီ ၁၈၇၃)

ဒီလိုပြောပေမဲ့ ရန်ကုန်အရေးပိုင် အီဒင်စော်ကားတာကို လက်လွှန်မှ အကောက်ဝန် ကို တဖက်လှည့်နဲ့ ဝန်ချတောင်းပန်ခိုင်းမှန်းကို ကင်းဝန်မင်းကြီးတို့က သိပါတယ်။

ဆင့်စာကို အဖတ်များသောကြောင့် သည်ကဲ့သို့ ပြမိကြောင်း ပြောဆိုသည့် အရာသည် သဘောမဟုတ်၊ ယုတ္တိမရှိဖြစ်၍ အံ့သြဘွယ် ရှလှသည် (၁၇ ဧပြီ ၁၈၇၃)

လို့ ကင်းဝန်မင်းကြီးက မှတ်ချက်ချတယ်။ တွေးတောပြင်ဆင်ပြီး စော်ကား တောင်းပန်တာပဲဖြစ်တယ်။ ဒါကြောင့် ရန်ကုန်မှာ အဝင်အထွက် မလုပ်ဘဲ အညာကို ဆန်ခဲ့ကြရာ ၂၃ ဧပြီ ၁၈၇၃ မှာ မြန်မာပိုင်နက်ကို ဝင်မိပါတယ်။ ပုဂံလွန်တော့ ကာလဝမ်း ရောဂါဝင်လို့ သင်္ဘောသား လူ ၃ သေဆုံးတယ်။ သံအဖွဲ့ဝင် ဂျုန် (Edmund Jones) ကတော့ သံလျက်မော်ဆိပ်ဆိုက်ပြီးမှ ၂ မေ ၁၈၇၃ မှာ သေဆုံးပါတယ်။ သံအဖွဲ့လည်း ရှင်ဘုရင် ရွှေမျှောက်ကို ချက်ချင်းဝင်တယ်။ ရှင်ဘုရင်က 'ချီးမွမ်းတော်မူသည်။'

ဗိလတ်သွား မြန်မာသံအဖွဲ့ရဲ့ ဆောင်ရွက်ချက်ကို အချုပ်ဝေဖန်ရရင် (၁) ရန်ကုန် ရောက် အင်္ဂလိပ်က စော်ကားမောက်မာလို့ အင်္ဂလန်ကျွန်းပေါ်က အင်္ဂလိပ်တွေကို သွားကြည့် တယ်။ (၂) အင်မတန် ကောင်းအောင် ကြိုဆိုဧည့်ခံတယ်။ ဒါပေမယ့် မြန်မာမြေပေါ်မှာ မြန်မာအင်္ဂလိပ်ဆက်ဆံရေးဟာ ထူးထူးထွေထွေ ဘာမှပိုပြီးကောင်းမသွားဘူး။ (၃) အင်္ဂလန် မှာ တိုင်းရေးပြည်မှု ဆွေးနွေးခွင့် မရဘူး။ ဒီလိုဆိုရင် ခရီးစရိတ်ကုန်တာပဲ အဖတ်တင် တယ်လို့ပြောရင် ဖြစ်ပါတယ်။ ပညာဗဟုသုတဖက်က တိုးတာကိုတော့ ငြင်းစရာမရှိဘူး။ ဒါပေမဲ့ မြန်မာသံအဖွဲ့ဟာ (၄) အင်္ဂလိပ်ရဲ့ အုပ်ချုပ်ရေးစနစ်ကို လေ့လာကြည့်တယ်။ ကြည့်သာကြည့်တယ် သဘောမပေါက်ဘူးလို့ ဆိုရမယ်။ (၅) အင်္ဂလိပ်ရဲ့ စီးပွားရေးစနစ်ကို စုံစမ်းတယ်။ ရှင်းရှင်းပြောတော့ နားမလည်ဘူး။ လေ့လာချိန် နည်းလွန်းတယ်။ (၆) အင်္ဂလိပ်ရဲ့ စစ်တပ်နဲ့ လက်နက်အကြောင်းကို နားလည်အောင် အများဆုံး နားမျက်စိဖွင့်ပြီး စူးစမ်းတယ်။ စိတ်ဓာတ်ကျဆင်းတာပဲ အဖတ်တင်တယ်လို့ ဆိုရမယ်။ (၇) အင်္ဂလိပ် ပညာ တွေကို တပည့်ခံယူမယ်ဆိုအုံးတော့ သူက မချွင်းမချန်ပေးမှာလည်း မဟုတ်ဘူး။ ချက်ခြင်းလည်း သီးပွင့်မှာ မဟုတ်ဘူးလို့ နားလည်သွားတယ်။ (၈) တို့ဆီမှာ သံတွေ၊ ကျောက်မီးသွေးတွေ ထွက်သားပဲလို့သာ ကြွားမိတယ်။ စက်မှုနိုင်ငံဖြစ်ဖို့ အခြေခံမရှိဘူးလို့ သူသိမယ်။ ၁၉ ရာစုက မြန်မာဟာ ၁၉ ရာစု ဂျပန်နဲ့ တူရင်တိုးတက်တယ်။ တကယ်က ၁၉ ရာစု တရုတ်နဲ့ပဲ တူတယ်။ တိုးတက်စရာ လမ်းစပိတ်နေတယ်။ (၉) အင်္ဂလိပ်ရန်ကို ဟန်တားဘို့ တခြားဥရောပနိုင်ငံတွေကို အသုံးချရင် ရကောင်းရမယ်လို့ ခရီးထွက်စက စိတ်ကူး ယဉ်ပြီးလာမယ်။ အပြန်မှာ ဒီစိတ်ကူးဟာလည်း အလကားပါပဲလို့ သိသွားမှာပါပဲ။ အချုပ်တကာ့အချုပ်ကို ပြောရရင် ကင်းဝန်မင်းကြီးကို မင်းတုန်းမင်းက 'လွတ်လပ်စွာ ပြောခွင့် 'ပေးရင်' အင်္ဂလိပ်ကိုအလိုလိုက်ပေတော့၊ ခင်ဗျားတစ်သက် နန်းပေါ်က မဆင်းပေး ရရင် ကံကောင်းပဲ'လို့ ပြောမှာပါပဲ။ ဒါပေမဲ့ ရှင်ဘုရင်ကို ဒီလိုရှင်းရှင်း သဘောပေါက် သွားအောင် သူမပြောဝံ့ဘူးဆိုတာကိုလည်း ကျွန်တော်တို့ သိပါတယ်။

# နယ်လှည့်ရာဇဝင်

သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်း

## တတိယတွဲ

မြန်မာ့သမိုင်းကို အသစ်ပြန်ရေးချင်လို့
နယ်အနှံ့ထွက်ရာက တွေ့သမျှ တင်ပြချက်

# ဒီအတွဲမှာ ပါတဲ့ အခန်းတွေ


မန္တလေး (အတွဲ-၂၊ က အဆက်) ... ၃၆၁

က) ကရင်နီအရေး ... ၃၈၈

ခ) သီပေါမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေး ... ၃၉၂

ဂ) စုရတီဗလီမှ သချိုင်းစာ ... ၃၉၉

ဃ) ဂျာမန်နိုင်ငံနှင့် မြန်မာနိုင်ငံ မဟာမိတ်စာချုပ် ... ၄၃၂

င) မတိုက်လိုက်ရတဲ့ စစ် ... ၄၃၅

## နယ်လှည့်ရာဇဝင် အမှတ် ၂ က
## မန္တလေးရက်စဉ်သမိုင်းမှာဖြည့်ဖို့

| | | |
|---|---|---|
| ၁၂၃၃ | ခု | တပေါင်းလဆန်း ၁၅ ရက် (22 Feb 1872) အင်္ဂလန်သွား သံတွေ မန္တလေးက ထွက်တယ်လို့ ကြေညာ |
| ၁၂၃၃ | ခု | တပေါင်းလပြည့်ကျော် ၉ ရက် (2 Mar 1872) အင်္ဂလန်သွား သံတွေ မန္တလေးက တကယ်ထွက် |
| ၁၂၃၄ | ခု | ကဆုန်လဆန်း ၉ ရက် (15 Apr 1872) ကာနယ်ဟော့ ရေ့စ်ဘရောင်း (သရက်ပြောင်း) အင်္ဂလိပ်သံအဖြစ်နဲ့ မန္တလေးရောက် |
| ၁၂၃၄ | ခု | ကဆုန်လပြည့်ကျော် ၉ ရက် (30 Apr 1872) ဘရောင်း မန္တလေးကပြန် |
| ၁၂၃၄ | ခု | နတ်တော်လဆန်း ၁၃ ရက် (13 Dec 1872) အီတာလျံသံ မန္တလေးရောက် |
| ၁၂၃၄ | ခု | နတ်တော်လပြည့်ကျော် ၁၃ ရက် (28 Dec 1872) အီတာလျံသံ မန္တလေးကပြန် |
| ၁၂၃၄ | ခု | တပို့တွဲလပြည့်ကျော် ၈ ရက် (20 Feb 1873) ဝိတိုရိယက မင်းတုန်းမင်းကို ပေးစာတစ်စောင်ပို့ |
| ၁၂၃၅ | ခု | ကဆုန်လဆန်း ၆ ရက် (2 May 1873) အင်္ဂလန်သွား မြန်မာသံ မန္တလေးပြန်ရောက် |
| ၁၂၃၅ | ခု | ကဆုန်လပြည့်ကျော် ၁၁ ရက် (22 May 1873) ဒေးဗစ်ဘရောင်း (တနင်္သာရီပြောင်း) အင်္ဂလိပ်သံအဖြစ်နဲ့ မန္တလေးရောက် |
| ၁၂၃၅ | ခု | နယုန်လဆန်း ၁၁ ရက် (6 Jun 1873) ဘရောင်း မန္တလေးကပြန် |
| ၁၂၃၅ | ခု | ပြာသိုလဆန်း ၁၀ရက် (28 Dec 1873) ပြင်သစ်သံ မန္တလေးရောက် |
| ၁၂၃၅ | ခု | တပို့တွဲလ (Feb 1874) ပြင်သစ်သံ မန္တလေးကပြန် |
| ၁၂၃၅ | ခု | တပေါင်းလဆန်း ၇ ရက် (22 Feb 1874) အီတာလျံသံ မန္တလေးရောက် |
| ၁၂၃၅ | ခု | တပေါင်းလပြည့်ကျော် ၅ ရက် (7 Mar 1874) ပြင်သစ်သွား မြန်မာသံ မန္တလေးကထွက် |
| ၁၂၃၅ | ခု | နှောင်းတန်ခူးဆန်း ၁၁ ရက် (28 Mar 1874) အီတာလျံသံ မန္တလေးကပြန် |
| ၁၂၃၆ | ခု | တော်သလင်းလပြည့်ကျော် ၁၃ ရက် (8 Oct 1874) ပြင်သစ်သွား မြန်မာသံ မန္တလေးပြန်ရောက် |
| ၁၂၃၆ | ခု | တန်ဆောင်မုန်းလဆန်း ၃ ရက် (11 Nov 1875) အီတာလျံသွား မြန်မာသံ မန္တလေးကထွက် |
| ၁၂၃၇ | ခု | နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (23 Mar 1876) ကင်းဝန်မင်းကြီးက အာမေနီးယား ဘုရင်ဂျီမင်းကြီး စတုတ္ထ ဂျော့ထံ မိတ်ဆက်စာပို့ |

၁၂၃၉ ခု ကဆုန်လဆန်း ၁၃ ရက် (24 Apr 1877) အီတာလျံသွား မြန်မာသံ ဂျီနဝါကထွက်

၁၂၄၀ ပြည့် သီတင်းကျွတ်လဆန်း ၁၁ ရက် (6 Oct 1878) မင်းတုန်းမင်း အရိုးပြာကို ပြဿဒ်နဲ့ထားဖို့ အမိန့်ထုတ်၊ ဗဟိုစည် ခေါ်တစ်စည်သိမ်း၊

၁၂၄၀ ပြည့် သီတင်းကျွတ်လဆန်း ၁၃ ရက် (8 Oct 1878) သီပေါမင်း မှန်နန်းတော်ထွက်ပြီး ထီးနန်းနိုင်ငံသိမ်း

၁၂၄၀ ပြည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (11 Oct 1878) မင်းညီ မင်းသား မျူးတော်မတ်တော် စော်ဘွားမြို့စား စုရေး စုကိုင် သူဌေး သူကြွယ် မြို့ရွာသူကြီးနဲ့ အမှုထမ်းအားလုံးကို သစ္စာပေး။ အစည်းအဝေးဝင် မျူးတော် မတ်တော်တို့ကို အထူးစောင့်ထိန်းဖို့ ကျင့်ဝတ်နဲ့ပတ်သက်ပြီး လက်ဖက်ရေဆောင် နန်းဦးဘုရားမှာ သစ္စာထပ်ပေး

၁၂၄၀ ပြည့် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (13 Oct 1878) အစည်းအဝေးဝင် မျူးမတ်တွေအတွက် ညှိနှိုင်း ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို စတင် လိုက်နာကြဖို့ အမိန့်တော်ထုတ်၊ တောင်ဥယာဉ် စံနန်းမှာ အစည်းအဝေး စတင်လုပ်စေ အမိန့်တော်ထုတ်၊

၁၂၄၀ ပြည့် သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (16 Oct 1878) ပိဋကတ်တော် ရေးဖို့ အမိန့်တော်ထုတ်

၁၂၄၀ ပြည့် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (19 Oct 1878) ဇောတိနဂရ မဟာဝံသ သီရိပဝရ သုဓမ္မရာဇာကို ကျိုင်းရုံးကြီးမြို့ လူးတစ်ဆယ့်နှစ် ပန္နားနဲ့ ဇောတိနဂရတိုင်း တစ်တိုင်းလုံး၏သေည် ဝီဘွားအဖြစ်ခန့်

၁၂၄၀ ပြည့် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (6 Nov 1878) မဟေသီ ဘိသိက်ခံ

၁၂၄၀ ပြည့် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (14 Nov 1878) သာသနာပြု သုဓမ္မာဆရာတော် ၁၂ ပါးခန့်

၁၂၄၀ ပြည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (18 Nov 1878) မိုင်းနောင်မြို့စား စုဖုရားကြီး သုသီရိရတနာမင်္ဂလာဒေဝီ၊ ညီမ မြတောင်မြို့စား စုဖုရား သုသီရိပဘာရတနာဒေဝီတို့ကို အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်း

၁၂၄၀ ပြည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် လက်သုံးတော်တွေကို အထူး သူကောင်းပြု

၁၂၄၀ ပြည့် ပြာသိုလပြည့်ကျော် ၇ ရက် (13 Jan 1879) မယ်တော် လောင်းရှည်မိဖုရား အတွက် အိမ်ဖြူတော်ဆောက်စေ

၁၂၄၀ ပြည့် တပို့တွဲလပြည့်ကျော် ၈ ရက် (13 Feb 1879) ဗန်းမော် အတွင်းဝန်ဟောင်း၊ ရေနံ့သာမြို့စားဟောင်း၊ ဒီပဲယင်းမြို့စားဟောင်း၊ မြင်းစုဝန်ကြီးဟောင်း၊ ရန်ကုန်ဝန်ဟောင်း တွေကိုသတ်။ မြင်းစုကြီးဝန် မောင်တက်တူကိုလည်း သတ်။

၁၂၄၀ ပြည့် တပေါင်းလ (Mar 1879) တွင်း တစ်ဆယ့်လေးဌာန အုပ်ချုပ်ရေးပျက်

၁၂၄၁ ခု သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (7 Oct 1879) မန္တလေးနေ အင်္ဂလိပ်အရေးပိုင် အပြီးပြန်

၁၂၄၂ ခု ဒုတိယဝါဆိုလ (July 1880) အတွင်း ကိုးဌာနအုပ်ချုပ်ရေး စဖို့ပြင်၊

၁၂၄၂ ခု ဝါခေါင်လ (Aug 1880) ကိုးဌာနအုပ်ချုပ်ရေးစ

၁၂၄၂ ခု တော်သလင်းလ (Sept 1880) သီပေါမင်းကိုယ်တိုင် ညီလာခံထွက်ပြီး တိုင်းရေးပြည်ရာ စီမံ

၁၂၄၂ ခု နှောင်းတန်ခူးလ (Apr 1881) ကိုးဌာန အုပ်ချုပ်ရေးပျက်၊ နှစ်သစ်ကန်တော့ လက်ဆောင်ဆက်ဖို့ အခြားစော်ဘွားတွေ လာမြဲလာပေမဲ့ မိုးနဲရပ်စောက် စော်ဘွားနဲ့ မိုင်းနောင်မိုင်းပျဉ်းမြို့စား မလာ။

၁၂၄၃ ခု (1881) သဿမေဒ ကောက်ခံတဲ့အခါ လိုက်နာရမယ့် ဥပဒေ အချက်သုံးဆယ်ကိုပြဋ္ဌာန်း၊ ပြဋ္ဌာန်းချက်ကို ဖောက်ရင်ခံရမည့်ဒဏ်ကိုလဲ ကြေညာ

၁၂၄၃ ခု တပေါင်း (March 1882) ခန်းပတ် မြို့စားဝန်ကြီး၊ အတွင်းဝန် ပုဂံမြို့စား၊ ရွှေမြို့တော်ဝန် မြို့သာမြို့စား၊ ဝန်ထောက်မြစ်ကွေ့မြို့စား ဝန်ထောက် ပတ္တနဂိုရ်မြို့စားတွေကို အရာကနုတ်ပြီး အကျဉ်းချ။

၁၂၄၄ ခု နယုန်လ (June 1882) တိုင်းပြည်ရေးရာကိစ္စတွေကို အများသဘောမပါဘဲ တစ်ဦးတစ်ယောက်ချင်း မိမိထင်မြင်ချက်အတိုင်း ဥပဒေရေးဆွဲ တင်သွင်းစေ၊ အမိန့်အတိုင်းသွင်းကြရတယ်။

၁၂၄၄ ခု တန်ဆောင်မုန်းလ (Oct 1882) မိုးနဲကြောင်းချီ ဗိုလ်ချုပ်ဝန်ထောက် ကွပ်ရှာမြို့စား မင်းကြီးမင်းခေါင်စည်သူကျော် မြေလတ်မှာသေ၊ နောက် ဝင်းတော်မှူး ပျဉ်းမနားမြို့စားမင်းကြီး မဟာမင်းလှမင်းခေါင်ကို ဗိုလ်ချုပ်ခန့်လွှတ်

၁၂၄၅ ခု နယုန်လပြည့်ကျော် ၉ ရက် (29 May 1883) မြို့ရွာသူကြီးတွေ စောင့်ထိန်းဖို့ ဥပဒေထုတ်။ သူကြီးတွေ နယ်မြေပေါင်နှံ ရောင်းချမလုပ်ရ။

၁၂၄၅ ခု ပထမဝါဆိုလဆန်း ၁၀ ရက် (14 June 1883) မြို့ရွာသူကြီးတွေ လိုက်နာဖို့ ဥပဒေကို ကျူးလွန်ရင် ပေးသင့်တဲ့ဒဏ်ဥပဒေကို စက်တင်ပုံနှိပ်

၁၂၄၅ ခု ဝါခေါင်လ (Aug 1883) ဥပဒေပြု ဥပဒေစောင့် အရာရှိတွေ လိုက်နာဖို့ ဥပဒေအတည်ပြု

၁၂၄၅ ခု (1883) ဆယ်ဌာနအုပ်ချုပ်ရေးထွင်

၁၂၄၅ ခု တပေါင်းလ (Mar 1884) ရှမ်းနယ်တွေချန်ပြီး ဆယ်ခရိုင်ခွဲ၊ အခွန်ဌာနကို တောင်ခွင်မြို့စားဝန်ကြီး၊ ရေကြောင်းစစ်ဘက်ဌာနကို အတွင်းဝန် လေသင်းဝန် စလေမြို့စား၊ လယ်ရုံဘော်ဌာနကို အတွင်းဝန်ပေါက်မြိုင်မြို့စား၊ တရားဌာနကို အတွင်းဝန် ပင်းမြို့စားတွေအပ်

| | | |
|---|---|---|
| ၁၂၄၆ | ခု | ကဆုန်လပြည့်ကျော် ၄ ရက် (13 May 1884) စာပြန်ပွဲကို ၁၂၄၆ ခု ဝါဆိုလပြည့်ကျော် ၁ ရက် (8 July 1884) စရမယ်လို့ အမိန့်ပေး၊ ၁၂၄၆ ခု ကဆုန်လပြည့်ကျော် ၆ ရက် (15 May 1884) လွှတ်တော်သိမ်း |
| ၁၂၄၆ | ခု | သီတင်းကျွတ်လဆန်း ၂ ရက် (21 Sep 1884) အရှေ့ရာဇဝတ် ထောင် လူပ်ရှားထကြွ (လဆန်း ၇ ရက် 26 Sep 1884 လို့ ယခင် စာအုပ်မှာ ပါသွားတယ်၊ ပြင်ပါ) |
| ၁၂၄၆ | ခု | နတ်တော်လ (Nov 1884) ဆယ်ခရိုင်ဝန်တွေထဲက တောင်ငူဝန်၊ တောင်တွင်းဝန်၊ ပခန်းကြီးဝန်၊ စစ်ကိုင်းဝန်တွေကို အရာကချ |
| ၁၂၄၆ | ခု | နတ်တော်လပြည့်ကျော် ၆ ရက် (8 Dec 1884) တရုတ်ငစက်ကျင် လူ ၂၀၀၀ ကျော်နဲ့ ဗန်းမော်ကိုဝင်စီး |
| ၁၂၄၆ | ခု | (1884) ဖြဟ္မဏပုဏ္ဏား ဇစ္စိန္တ၊ ကေဝိကို ပညာရှိခန့်၊ မြို့ရွာ လူနေ အိမ်ခြေ ဘာပြုလို့ဆုတ်ယုတ်ရသလဲ အစီရင်ခံစေ၊ စော်ဘွား ခြောက်ဦး ပုန်ကန်ပြီး ကျိုင်းတုံမှာ ခိုဝင် |
| ၁၂၄၆ | ခု | တပို့တွဲလဆန်း ၇ ရက် (16 Jan 1885) အရာတော်မြေ လုပ်ဆောင်ရေး ဥပဒေထုတ် |
| ၁၂၄၆ | ခု | တပို့တွဲလဆန်း ၇ ရက် (22 Jan 1885) တရားရာဇဝတ် ဥပဒေ၊ မြို့ရွာသူကြီးတွေ စောင့်ထိန်းဖို့ ဥပဒေ၊ ခရိုင်ဝန်တွေ စောင့်ထိန်းဖို့ ဥပဒေ၊ အရပ်ရပ်စောင့်ထိန်းဖို့ နှစ်ဆယ့်ငါးချက် ဥပဒေ၊ ပေါင်းဥပဒေ လေးစောင်ကို ဒုတိယအကြိမ် စာအုပ်ထဲပေါင်းပြီး ပုံနှိပ် |
| ၁၂၄၇ | ခု | ကဆုန်လ (Apr 1885) သောထွန်းအောင်ကို အနောက်ဂြိုဟ် နတ်ပူဇော်ခေါင်းခန့်၊ ငအုန်းခိုင်ကို စစ်ကိုင်းမြို့ ဖြဟ္မာဏပုဏ္ဏား ခေါင်းခန့်၊ နာရီတော်မှူး သီရိရာဇိန္ဒပဏ္ဍိတဖြဟ္မာဏက အကြံပေးလို့ နာရီမောင်း ပြောင်းတီး၊ ငတွန်ကို အမရပူရနယ်အတွက် ဖြဟ္မဏပုဏ္ဏားခေါင်းခန့်၊ ငမောင်ကြီးကို ပြက္ခဒိန်တော်ဆက် ဖြဟ္မဏပုဏ္ဏားခေါင်းခန့်၊ |
| ၁၂၄၇ | ခု | တန်ဆောင်မုန်းလ (Oct 1885) ပုန်ကန်တဲ့ ရှမ်းစော်ဘွားတွေက လင်းပင် မင်းသားကို ခေါင်းဆောင်တင် |
| ၁၂၆၃ | ခု | တပေါင်းလပြည့်ကျော် ၆ ရက် (3 Mar 1902) မိုးတားဆရာတော် ပျံလွန် |
| ၁၂၆၅ | ခု | (1903) မန္တလေးဈေးချိုတော်ပြင်ဆင်လို့ပြီး |
| ၁၂၇၈ | ခု | ကဆုန်လဆန်း ၅ ရက် (6 May 1916) မဟာမုနိ အုတ်ပြာသာဒ်က ထီးကို လေပြင်းတိုက်လို့ ပြုတ်ကျ |
| ၁၂၇၈ | ခု | ကဆုန်လပြည့်ကျော် ၁၁ ရက် (26 May 1916) အမရပူရ ပုထိုးတော်ကြီး ဒုပိကာအောက် မိုးကြိုးခ |

၁၂၇၈ ခု ဝါဆိုလဆန်း ၈ ရက် (7 July 1916) သက်တော် ၇၈ နှစ်ရှိ မဟာဝိသုဒ္ဓါရာမ ရွှေကျောင် ဝံသဂဏ္ဍကူ (ဝိသုဒ္ဓါစာရဓိပတိပဝရ မဟာ ဓမ္မရာဇာ ဓိရာဇဂုရုတံဆိပ်ရ) ဆရာတော်ကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်မှာ ပျံလွန်

၁၂၈၇ ခု နတ်တော်လဆန်း ၁၀ ရက် (24 Nov 1925) သီပေါမင်းမိဖုရား စုဖုရားလတ်လွန် (ယခင်စာအုပ်မှာ 24 Sep 1925 လို့ ပါသွားတယ်၊ ပြင်ပါ)

၁၂၉၃ ခု တန်ဆောင်မုန်းလဆန်း ၄ ရက် (13 Nov 1931) ငါးနှစ်ကြာ ဖောက်လုပ်နေတဲ့ ရန်ကုန် မန္တလေး ကားလမ်းပြီး။

မြန်မာသံအဖွဲ့က အင်္ဂလန်သွားတုန်း အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့ ၁၅ ဧပြီ ၁၈၇၂ မှာ မန္တလေးရောက်လာပါတယ်။ အင်္ဂလိပ်သံအဖွဲ့ခေါင်းဆောင်က ပြောင်းကလေးလို့လည်း ခေါ်တယ်၊ သရက်ပြောင်းလို့လည်းခေါ်တဲ့ ကာနယ်ဟော်ရေ့စ် အယ်လဗတ် ဗရောင်း (Col. Horace Albert Browne) ဖြစ်ပါတယ်။ မြန်မာက အင်မတန်ဂရုစိုက်ပြီး ကြိုယူကြပါတယ်။ မြန်မာသံကို ရန်ကုန်မှာ မလေးမခန့်လုပ်ပုံမျိုး လုံးဝမပါစေရပါဘူး။ အင်္ဂလိပ်နိုင်ငံကြီးရှင် ဘုရင်မရဲ့စာပါလို့ ထူးပြီး ဂရုပြုကြပါသေးတယ်။ မြန်မာဘုရင်က ၂၄ ဧပြီ ၁၈၇၂ မှာ လက်ခံ တွေ့ဆုံခွင့်ပြုပါတယ်။ အင်္ဂလိပ်ဘုရင်မ ဝိတိုရိယရဲ့စာက ဗာလမိုရယ် (Balmoral) နန်းတော်က ၂၃ စက်တင်ဘာ ၁၈၇၁ ရက်စွဲနဲ့ ရေးတဲ့စာ ဖြစ်တယ်။ မြန်မာလို ဘာသာပြန်ကို ပြချင်ပါတယ်။ (ဒီဘာသာပြန်ဟာ ရှေးက ပြန်ရင်းမူ ဖြစ်ပါတယ်။)

> ဗြိတိန်၊ ဣရလံနိုင်ငံ၊ ဥရောပတိုက်၊ ဧရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်၊ သြစတြေလျတိုက်၊ အတွင်းရှိ စပ်ဆိုင်သည့် နိုင်ငံများကို အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အင်္ဂလိပ် ဘုရင်မ ဝိတိုရိယာ ကြားရောက်သည်၊ သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း အစရှိသော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော၊ ဘုန်းတော် အလွန်ကြီးမြတ်တော်လှသော နေထွက်ဘုရင်။ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ဘဝရှင်မင်းတရားကြီး နေထွက်ဘုရင်မင်းမြတ်ထံက ကောင်းမြတ်သော စာကို ရယူတော်မူ၍ ၂ တိုင်း ၂ ပြည် ရာဇမဟာမိတ်ဖြစ်သည်နှင့် မိတ်တို့၏ အင်္ဂါနှင့် ညီညွတ်စွာပြုလိုသည် သဘောတော်ရှိကြောင်း။ ၂ တိုင်း ၂ ပြည်တို့၌ ကုန်သွယ်ရောင်းဝယ်ဖောက်ကားခြင်းအမှုတို့ကို စည်ပင်တိုးတက် ဖြစ်ထွန်းစေခြင်းငှာ နှိုးဆော်တော်မူကြောင်း။ ၂ တိုင်း ၂ ပြည် သင့်တင့်စွာ ရာဇမဟာမိတ် ဖြစ်၍ ရှိသည်ကို အခွန့်ရှည်စွာ ရာဇမဟာမိတ် မြဲမြဲခိုင်ခန့်အောင် ၂ဦး နှစ်ဝ အလိုရှိတော်မူသည်ကို ယုံကြည်စိတ်ချတော်မူကြောင်း။ နိုင်ငံတော်နှင့် ဆိုင်သော အရေးအကြောင်းတို့ကိုလည်း ကောင်းစွာ အုပ်စိုးတော်မူသည်နှင့် ရန်စစ် မရှိ၊ ဆင်းရဲသား ကျွန်တော်မျိုးတို့သည် ငြိမ်းချမ်းသာယာစွာ ပညာတိုးတက်စေ လိုတော်မူသည်အရေးဖြင့် ပြုပြင်တော်မူသည်များကို အခါခါ ကြားသိရသည် အကြောင်းအရာများကို အလွန် နှစ်သက်တော်မူသည်။ ဤကဲ့သို့ တိုင်းကြီး ပြည်ကြီးသခင်ဖြစ်တော်မူသော ဧကရာဇ် မင်းမြတ်တို့ တစ်ဦးနှင့်တစ်ဦး ရာဇ မဟာမိတ် သဘော အပြန်အလှန် ရှိတော်မူကြသဖြင့် ၂ ဦးသောနိုင်ငံတို့သည် စည်ပင်သာယာလိမ့်မည်။ သည့်သာမက နိုင်ငံသား ကျွန်တော်မျိုးတို့၌လည်း သုခချမ်းသာခြင်းကိုရကြ၍ စိတ်ကြည်လင်စွာ နေထိုင်လုပ်ကိုင်ကြသဖြင့် စီးပွား ချမ်းသာလည်း တိုးတက်ရန် အကြောင်းရှိသည်ဟု ထင်တော်မူသည်။ သို့ဖြစ်၍ နေထွက်ဘုရင်မင်းမြတ်မှစ၍။ နိုင်ငံသား ကျွန်တော်မျိုးတို့သည် ယခုခဲ့သို့ အရှည်သဖြင့် ကျမ်းခံ့သာယာရှိသည်ကို ကြားသိတော်မူရတိုင်း၊ ရွှင်လမ်း နှစ်သက်တော်မူမည်ဖြစ်၍ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ၍ အလုံးစုံသော အရာတို့ကို စီရင်ပြုပြင်တော်မူသော မြတ်စွာဘုရားသည်၊ နေထွက်ဘုရင် မင်းမြတ် အုပ်စိုးတော်မူရန်၊ အပ်နှံတော်မူသော

နိုင်ငံတော်ကို ကြာမြင့်စွာ အုပ်စိုးတော်မူနိုင်ခြင်းငှာ၊ သက်တော်ရှည်စေသောဟု နှစ်လိုတော်မူကြောင်း များကို ကြားရေစံသည်။

အဲဒီလို တွေ့ရပါတယ်။ ဒီစာထဲမှာ နှစ်နိုင်ငံ မဟာမိတ်အဖြစ် အကြည်အသာ ဆက်သွယ်ရေးတစ်ခုတည်းကိုပဲ အကျယ်တဝင့် ရေးထားတာ တွေ့ရပါမယ်။ အိန္ဒိယ ဘုရင်ခံရဲ့စာမှာ "ကြားရောက်ပါသည်"လို့ အစပြုထားလို့ "ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား"လို့ ပြင်ပေးရတယ်လို့ မှတ်တမ်းထဲမှာ တွေ့ပါတယ်။ အဲဒီစာထဲမှာတော့ မြန်မာတွေ ကျေနပ်တဲ့ အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းဖော်ပြထားတာကိုလည်း တွေ့ပါတယ်။

> (၈ ဖေဖော်ဝါရီ ၁၈၇၂) အန္ဒမန်ကျွန်းသို့ လှည့်လည်ကြည့်တော်မူရာ အင်္ဂလိပ်ဘုရင်မ၏ ကိုယ်စားတော်ပြု၍၊ အိန္ဒိယပြည်ကြီးများကို အုပ်စိုးတော်မူသော၊ အလွန်မြင့်မြတ်တော်မူသော၊ ရစ်ချက်ဆေစံသဝယ် ဘူရက အလယ် မေးရိုး၊ စိုင်ကောင်းမေးရိုး အာရုံနတ်(Richard Sohth wall Bourke Mayo)ကို အကျဉ်းခံနေရသူ တစ်ယောက်သည်၊ အစောင့်အရှောက်များစွာကြည့်ရှုလျက်နှင့် ညဉ့်ရှုမှောင်မိုက်သည်အခါဖြစ်၍၊ မမြင်နိုင်သည်အတွင်းဝင်၍ ထိုးသတ်သောကြောင့်....မြန်မာ နေထွက်ဘုရင်မင်းမြတ်လည်း၊ စိတ်လက်မသာ ရှိတော်မူလိမ့်မည်ကို ယုံမှတ်တော်မူသည်၊ သို့သော်လည်း အိန္ဒိယပြည်ကို အုပ်စိုးခြင်း အမှုသည် ဤကိစ္စကြောင့် မင်းပြောင်းလဲသော်လည်း....အထက်ရာဇာ မဟာမိတ်သဘောအတိုင်း အင်္ဂလိပ်အစိုးရမင်းတို့က မယိမ်းမယိုင်၊ မပြောင်းမလွဲ မြဲမြဲစေမည်(၂၃ ဖေဖော်ဝါရီ ၁၈၇၂)တွင် အိန္ဒိယတိုင်းဘုရင်မင်းမြတ်နေရာကို အလွန်မြင့်မြတ်လှသော မာရာချစ်စတုံး အာရုံနီပြီရာ (Lord Napier of Merchistoun) မင်းမြတ်သည် သိမ်းယူတော်မူသည်ဖြစ်၍။ အိန္ဒိယပြည်ကြီးကို ၎င်းမင်းမြတ် သည် အုပ်စိုးတော်မူသည်အတွင်း ရှေးကကဲ့သို့ ၂ တိုင်း ၂ ပြည် ဖြောင့်မတ်စွာ သဘောတစ်ညီတစ်ညွတ်ထည်း ရာဇမဟာမိတ်မပျက် တည်တံ့ ခိုင်ခံ့လိမ့်မည် ဟု ယုံကြည်တော်မူသည်အကြောင်း....

ဟု တွေ့ရပါသည်။ ဒီနေရာမှာ အင်္ဂလိပ်က အရှေ့ဘက်နိုင်ငံတွေမှာ မင်းပြောင်းရင် သဘောပြောင်းဖို့ အလားအလာရှိတယ်ဆိုတဲ့ထုံးကို သူတို့ မလိုက်ဘူးလို့ ထင်ရှားစေလိုတာနဲ့ပဲတူပါတယ်။ ပြီးတော့ အင်္ဂလိပ်ဝန်ကြီးချုပ် ဝီလျံရူဝတ်ဂါလက်စတုံ (William Ewart Gladstone) ရဲ့ စာထဲမှာတော့

> ယခု အင်္ဂလန် ရွှေပြည်တော်ကြီးသို့ လှည့်လည် လာရောက်သော အရှင်နေထွက်ဘုရင် ဘဝရှင်မင်းတရားကြီးဘုရား၏ အရာရှိတို့က ပြောဆို ချက်များကို ကြားသိရသည်နှင့် အလွန်ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်။

လို့ အင်္ဂလန်ရောက် မြန်မာသံအဖွဲ့ရဲ့ ဆက်ဆံရေး ပြေပြစ်ပုံကိုပဲ ရေးတယ်။ တခြား အသေးစိတ်တွေကို နိုင်ငံရေး ဆွေးနွေးတဲ့သဘော လုံးဝမပါဘူး။

အင်္ဂလိပ်သံအဖွဲ့ဟာ မန္တလေးဝန်းကျင်မှာရှိတဲ့ ဘုရားတွေ (မင်းရဲ့ ကုသိုလ်တော်တွေ)ကို လိုက်ပြလို့ ကြည့်ကြရတယ်။ သူတို့ကပြောလို့ မှတ်ရတဲ့အနေနဲ့ မှတ်တမ်းထဲမှာ

> မည်သည့် တိုင်းပြည် မြို့ရွာ၊ နိုင်ငံများတွင်းသည်ကဲ့သို့၊ အကြီးအကျယ် သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ချီးမြှောက်သည်ကို မတွေ့မမြင် မကြားမသိဘူးကြောင်းနှင့် အံ့သြပြောဆို ချီးမွမ်းကြ....

တယ်လို့ ရေးသားပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်က မြန်မာသံကို စစ်လေ့ကျင့်ခန်းတွေ လုပ်ပြနေတုန်း မြန်မာက အင်္ဂလိပ်သံကို သာသနာရေး အဆောက်အအုံတွေနဲ့ပိဋကတ် ကျောက်စာ ၇၂၉ ကို ပြနေတယ်ဆိုတဲ့ ဆန့်ကျင်ဘက်နှစ်ခုကို တွေ့နေရပါတယ်။ ဒီတော့ နှိုင်းယှဉ်ကြည့်ဖို့ပြောရရင် အရင် ၁၈၅၅ ခု အင်္ဂလိပ်သံ လာတုန်းက မြန်မာ စစ်သားတွေ မြန်မာ သန်စွမ်းတာကိုပြတယ်။ သေနတ်တွေ၊ မြင်းတွေ၊ ဆင်တွေ အများကြီး ရှိတယ်ဆိုတာကို ပြတယ်။ အခု အနှစ်နှစ်ဆယ်လောက် ကြာပြီးတဲ့အခါ ဒီလိုပြရင် တို့ဖျင်းတာကို သူတို့က ပိုပြီးအသေးစိတ် သိရုံပဲ ရှိမယ်လို့ သဘောပေါက်သွားပြီနဲ့ တူပါတယ်။ မြန်မာက စစ်မလိုလားဘူးလို့ ထင်ရှားစေချင်တယ်။ ဒါပေမဲ့ တစ်ဖက်မှာ လက်နက်ဝယ်လို့ရရင် ဝယ်ချင်တယ်။ လက်နက်ပေးပါလို့ အင်္ဂလန်ရောက် မြန်မာသံကတောင်းနေတော့ စကား ရှေ့နောက် အမြီးအမောက်မတဲ့ ဖြစ်နေရှာတယ်။

အင်္ဂလန်သံအဖွဲ့ဟာ မြန်မာဝန်ကြီးတွေကို ပြန်တော့မယ်လို့လည်ပြီး နှုတ်ဆက် တဲ့အခါ ဧည့်ခံပုံကျေနပ်ရဲ့လားလို့ အားလုံးကပဲ ဂရုစိုက်ပြီး မေးတယ်။ အများကြီး ကျေနပ်တယ်လို့ ဖြေပုံကို မှတ်တမ်းတင်ခဲ့ပါတယ်။ အင်္ဂလိပ်သံအဖွဲ့ဟာ မန္တလေးက ၁၁ ဧပြီ ၁၈၇၂ မှာ ထွက်သွားပါတယ်။

မြန်မာတွေရဲ့ နိုင်ငံခြားဆက်ဆံရေးမှာ ပြင်သစ်ကိုသာ မျှော်ကိုးတာ မဟုတ်ဘူး။ အီတလီကိုလည်း အားထားတယ်လို့ တွေ့ခဲ့ရတယ်။ အခု 'အီတာလျံ' သံအဖွဲ့ဟာ ၁၁ ဒီဇင်ဘာ ၁၈၇၂ မှာ မန္တလေးရောက်လာပါတယ်။ အီတလီ ကိုယ်စားလှယ်ဆိုပြီး အိန္ဒြိနော (Andrino)ဟာ မန္တလေးမှာ ရှိပြီဖြစ်တယ်။ အခု သံအဖွဲ့ ဆိုက်ရောက်လာတော့ အိန္ဒြိနောရဲ့ဝင်းထဲမှာ သံတဲဆောက်ပြီး ကြီးကြီးကျယ်ကျယ်ဧည့်ခံပါတယ်။ သံအရာရှိ ကတော့ "'အာရတိုက်ရိုက်ကြား (Albert Racchia)" လို့ ခေါ်ပါတယ်။ လာရင်းကိစ္စ ကတော့ သဘောတူပြီး မဟာမိတ်စာချုပ်ကို အတည်ပြုကြဖို့ ဖြစ်တယ်။ မြန်မာဘုရင်နဲ့ အီတလီသံဟာ ၁၈ ဒီဇင်ဘာ ၁၈၇၂ မှာ တွေ့ရပါတယ်။ နောက်တစ်ခါ ၂၀ ဒီဇင်ဘာ ၁၈၇၂ မှာ ဆုံကြပြန်တော့ မြန်မာမင်းက အလိုရှိတာတွေကို ဒီလိုပဲ ပြောခဲ့ပါတယ်။

> "ငါတို့က သံတိုစက်ကိရိယာ၊ သေနတ်လုပ် စက်ကိရိယာ၊ ကျောက်မီး သွေးတူး စက်ကိရိယာများကို အလိုတော်ရှိသည်။ ငွေကိုအလိုရှိလျှင် ငွေကို ပေးမည်၊ ကုန်ကိုအလိုရှိလျှင်လည်း သစ်၊ ရား၊ ဝွမ်း၊ ပတ္တမြား ကျောက်များကို ပေးမည်၊ အမိန့်တော်မြတ်ရှိရာ အီတာလျံမင်းသံက ၎င်းစက်ကိရိယာများကို လေးလနှင့် စာပြန်ပေးမှာထား၍ ရှိခိုးသံတော်ဦး တင်ပါမည်။ ကုန်တော်ကို ပေးလျှင်လည်း ငွေပေးသည်နှင့်အတူ ဖြစ်ကြောင်းကို ရှိခိုးသံတော်ဦး တင်သည်။

ဒီစကားအရ မြန်မာတွေရဲ့ စက်မှုလုပ်ငန်း စီမံကိန်းမှာ စစ်လက်နက် ထုတ်လုပ် ရေးဟာ ပထမ ဖြစ်တယ်။ ရှင်ဘုရင်ဟာလည်း ကုန်တွေကို ချုပ်ကိုင်ပြီးထားတဲ့ ကုန်သည်ကြီးတစ်ဦးပဲ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ပြီးတော့

အီတာလျံ ကျွန်တော်မျိုးတို့ မြန်မာနိုင်ငံတော်သို့ လာရောက် ကူးသန်းသည့် စစ်လက်နက်ကိရိယာ ကုန်စည်များကို မြန်မာ အစိုးရမင်းနှင့် မင်းကလွဲသည့် ကိုယ်စားလှယ်တော်တို့ကိုသာ ရောင်းချရမည်။

ဆိုတဲ့စကားဟာလည်း မြန်မာ့ထွက်ကုန်နဲ့ သေနတ် လဲလှယ်လိုတာကိုပဲ အလေးပေးပြီး ဖော်ပြနေတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ ပစ္စည်း အပို့အယူလွယ်ဖို့ မျှော်ကိုးပြီး အီတလီငွေတစ်ဝက် မြန်မာငွေတစ်ဝက်နဲ့ "အီတာလျံ မြန်မာကုမ္ပဏီ" အမည်နဲ့ ဖက်စပ်မီးသင်္ဘောတိုက် တည်ထောင်မယ်လို့လည်း စဉ်းစားကြတယ်။ အီတလီသံတွေဟာ ၂၈ ဒီဇင်ဘာ ၁၈၇၂ မှာ မန္တလေးက ပြန်သွားကြတယ်။ ဒီလို မြန်မာက ခပ်ရှင်းရှင်းပဲ အီတလီတို့ ပြင်သစ်တို့နဲ့ဆက်ဆံပြီဆိုတော့ အင်္ဂလိပ်ဟာ ချစ်ကြည်ရေးစကား ပိုပြောဖို့ လိုမယ်လို့ ထင်လာပါတယ်။ ပါးစပ်ကသာ ချစ်ကြည်ရေးပြောတာ၊ ရန်ကုန်ရောက် အင်္ဂလိပ်ဟာ မောက်မာမြဲ မောက်မာတာပဲ။ ကင်းဝန်မင်းကြီးခေါင်းဆောင်တဲ့ သံအဖွဲ့ဟာ မန္တလေးကို ၂ မေ ၁၈၇၃ မှာ ရောက်ပါတယ်။ ရန်ကုန်ရောက် အင်္ဂလိပ်အပေါ်မှာ အများကြီး စိတ်ပျက်နေမယ်ဆိုတာ သူသိပြီး ဖြစ်ပါတယ်။ ဒီတော့ ဝိတိုရိယဘုရင်မရဲ့ သာယာတဲ့ စကားသံနဲ့ တစ်မျိုး လှည့်စားဖို့လိုတယ်လို့ပဲ ဆိုပါတော့။

အင်္ဂလိပ်သံအဖွဲ့ဟာ နောက်က လိုက်လာပါတယ်။ သူတို့က မန္တလေးကို ၂၂ မေ ၁၈၇၃ မှာ ရောက်တယ်။ အင်္ဂလိပ်သံအဖွဲ့ရဲ့ ခေါင်းဆောင်နာမည်က ဒီတစ်ခါလည်း ဗရောင်း (David Brown) ပဲဖြစ်တယ်။ ဒါပေမဲ့ သူက တနင်္သာရီအရေးပိုင်ဖြစ်လို့ မြန်မာတွေက သူ့ကို "တနင်္သာရီပြောင်း"လို့ "သရက်ပြောင်း"နဲ့ မမှားရအောင် ခွဲပြီး ခေါ်ပါတယ်။ သရက်ပြောင်းက အသက် ၃၆ နှစ်၊ တနင်္သာရီပြောင်းက ၅၀ ရှိပါပြီ။ သူတို့ယူလာတဲ့ ဝိတိုရိယဘုရင်မရဲ့ရာဇသံမှာ 'အကြည်တော်' လို့ပါတာကို မြန်မာက ကန့်ကွက်တယ်။ 'မောင်တော် – နမတော်' လို့သာ ရေးသားသင့်တယ်လို့ ပြောတာကို အင်္ဂလိပ်က လက်ခံပါတယ်၊ ရာဇသံစာက ၂၀ ဖေဖော်ဝါရီ ၁၈၇၃ လို့ ရက်စွဲတပ်ပြီး ဝင်ဆာရဲနန်းကနေပြီး ရေးလိုက်တဲ့စာ ဖြစ်တယ်။ အခုဒီစာရဲ့ အင်္ဂလိပ်မူရင်းကို ရန်ကုန် အမျိုးသားပြတိုက်မှာ ပြထားပါတယ်။ ဟိုတုန်းက မြန်မာပြန်ချက်ကတော့–

ဗြိတာ၊ ဣရလံနိုင်ငံ၊ ဥရောပတိုက်၊ အာရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်၊ အော်စတရေလျတိုက်အတွင်းရှိ စပ်ဆိုင်သည့်နိုင်ငံများကို အစိုးရတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အင်္ဂလိပ်သခင် ဘုရင်ဧကရာဇ်မင်းမြတ် ဝိတိုရိယာ ကြားရော့ပါသည်။ သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း အစရှိသော အရှေ့မျက်နှာတိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရ တော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် ဆဒ္ဒါန်ဆင်မင်း သခင် ဆင်ဖြူများရှင်မင်းတရားကြီး။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် မင်းမြတ်က ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူကို၊ အရေးလွှဲအပ်၊ သံတမန်ပြုလုပ်၊ ဘိလပ်နိုင်ငံ၊ လန်တန်နေပြည်တော်သို့ ရာဇမဟာမိတ် လက္ခဏာနှင့် အညီ စေလွှတ်လာရော့ လက်ခံရသည်ကို အလွန်ဝမ်းမြောက် ဝမ်းသာရှိပါကြောင်း။ နေထွက်ဘုရင်မင်းမြတ်က မဟာမိတ်လက္ခဏာနှင့်အညီ သဘောထားသည်ကို ကြားသိရသည်အတိုင်း

ကျွန်ုပ်ကလည်း ထိုနည်းတူ မဟာမိတ်လက္ခဏာနှင့်အညီ ကြည်ညိုစွာ သဘောထားပါကြောင်း။ ၂ တိုင်း ၂ ပြည် ငြိမ်ဝပ်သာယာ အရှည်ဖြစ်အောင်ကိုသာ သဘောထားပါကြောင်း။ နေထွက်ဘုရင်မင်းမြတ်က ၂တိုင်း ၂ ပြည် ငြိမ်ဝပ်သာယာ အရှည်ဖြစ်အောင်ကိုသာ သဘောထားရင်းအတိုင်း မှူးတော်မတ်တော် ကျွန်တော်မျိုးတို့ တတိုင်းနှင့်တတိုင်း၊ တပြည်နှင့်တပြည် များသို့ သွားလာပေါ် ရော၊ ကြည်လင်ပြောဆို၊ တဦးသဘောကို တဦးသိ၍ ကျွမ်းဝင်ကြလျှင် တိုင်းနေပြည်သူ ဆင်းရဲသား ကျွန်တော်မျိုးတို့၊ ဝမ်းသာ နှစ်သက် ကြည်လင်ရွှင်လန်းကြ၍ ရာဇမဟာမိတ် မြဲမြန်ခိုင်ခန့်သည် တိုးတက် မြဲမြဲ ခိုင်ခန့်၍၊ တိုင်းပြည် ငြိမ်သက်သာယာမည်အကြောင်း၊ နေထွက်ဘုရင် မင်းမြတ်ထံတော်က သံတော်ကြီးများ နိုင်ငံတော်အတွင်း လှည့်ပတ်သွားလာ ရော်ပေါ် ရာ၊ ကျုနုပ်ကအလွန် ဝမ်းသာဝမ်းမြော်ရှိ၍၊ မြို့ရွာနေလူတို့က လုပ ကောင်းမွန် ဆီးကြိုလက်ခံကြသည် အကြောင်းများကို ကြားသိတော်မူ၍ အလွန် တရာနှစ်သက် ဝမ်းသာရှိပါကြောင်း။ ယုံကြည်သော အရာရှိမှူးမတ်ကို မိတ်ရာဇ သံစာအပို့ စေလွှတ်ပါကြောင်း။ မိတ်လက္ခဏာ သဘောတော်ရှိသည်နှင့်အညီ၊ ရုပ်ပုံတော်မြတ်ကိုလည်း ပေးအပ်ပို့သစေလွှတ်ပါကြောင်း။ နေထွက်ဘုရင် မင်းမြတ်ကိုလည်း ကျန်းခန့်သာယာ၍ အကျိုးစီးပွားတော် ကြီးကျယ် တိုးတက် စေလိုကြောင်းများကို အစဉ်မပြတ် သဘောတော်ထားကြောင်းများကို ကြားရော်ပါသည်။

ဒီမြန်မာပြန်ကို မူလ အင်္ဂလိပ်ဘာသာရေးတဲ့ စာနဲ့ တိုက်ကြည့်ရင် မြန်မာတွေ အကြိုက်ဖြစ်တဲ့ ဗြိတိန်တွေ သုနာပရန်တွေက အပိုထည့်ပေးရတာပါ။ ဝိတိုရိယက ရာဇမဟာမိတ် သဘောထားကို လက်ခံတယ်။ အင်္ဂလန်က အင်္ဂလိပ်တွေဟာ မြန်မာသံကို အင်မတန်အလေးပေးပြီး ဧည့်ခံတယ်ဆိုတာ မြန်မာမင်း သိစေချင်တဲ့သဘောပဲ ဖြစ်တယ်။ အဲဒီအချိန်က မန္တလေးမှာ လာနေတဲ့အင်္ဂလိပ် အရေးပိုင်က ကက်ပတိန် ဂျီအေစထရိုဗာ (Capt. G.A. Strover) ဖြစ်တယ်။ ဒီလူက ကရင်နီအရေးမှာ အင်္ဂလိပ်အရေးကိုရှေ့ရှုပြီး မြန်မာနဲ့အပြိုင် (စလေဒင်နဲ့အတူ) ဝင်ရောက်စွက်ဖက်ရတဲ့လူ ဖြစ်တယ်။ အရှေ့ ကရင်နီက မြန်မာလက်အောက် သဘောမျိုးရှိနေတယ်။ အနောက် ကရင်နီက အင်္ဂလိပ်ဘက်ပါမည့်သဘောရှိတယ်။ စလေဒင်က အရှေ့ကရင်နီကိုတောင် အင်္ဂလိပ်ဘက်ဝင်ဖို့ လုပ်ခဲ့ဖူးတာကို မြန်မာကသိလို့ “စတိုဝါ’ကိုပါ တယ်ပြီး မယုံဘူးပေါ့။ အင်္ဂလိပ်သံတွေက မြန်မာကြေးနန်းနဲ့ အင်္ဂလိပ်ကြေးနန်း ဆက်သွယ်ဖို့လည်း စေ့စပ်ပြောဆိုကြပါသေးတယ်။ အင်္ဂလိပ်သံအဖွဲ့ဟာ ပခန်းမင်းကြီးအိမ်ကို ၃၀ မေ ၁၈၇၃ နေ့ သွားလည်လာတဲ့အခါ ကြိုဆိုဧည့်ခံကျွေးမွေးဖို့ အီတလီအရေးပိုင် အိန္ဒြီနော က ဆောင်ရွက်တာကို အင်္ဂလိပ်တွေ တွေ့သွားပါတယ်။ မြန်မာက ဒီလို တမင် စီမံတာ ဖြစ်မယ်လို့ထင်တယ်။ မှတ်တမ်းထဲမှာ–

အီတာလျံ ကိုယ်စားလှယ်၊ အိန္ဒြီနော ကြီးကြပ်စေ၍၊ ကောင်းမွန် လုပအောင် ချက်ပြုတ်ပြင်ဆင် အသင့်ထားသည့် မုန့်ယို အချိုအဆိမ့် စမဲ ဟင်းလျာ စားဖွယ် သောက်ဖွယ်များကို စားသောက်စားပွဲထိုင်စေပြီး

လို့ တွေ့ရပါတယ်။ ပြီးတော့ ဧည့်သည်တွေကို ‘ကုလားထိုင် ကိုယ်စေ့ပေး’ တယ်လို့ ဂရုပြုပြီး ရေးလေ့ရှိတာလည်း တွေ့ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အလေ့အလာချင်း

မတူကြလို့ အခက်အခဲ တွေ့ကြရတယ်လို့လည်း ကောင်းကောင်းသိတဲ့အခါပဲဖြစ်မယ်လို့ ဆိုနိုင်ပါတယ်။ လောင်းရှည်စား လေ့သင်းဝန်နဲ့ အင်္ဂလိပ်သံအဖွဲ့ တွေ့တဲ့အခါ 'နိုင်ငံတော်ဥပဒေ၊ အင်္ဂလိပ် ထုံးစံဥပဒေ ၂ ရပ်ကို ၂ နိုင်ငံသားတို့ အသိအကျွမ်းများလျှင် သာ၍ ကောင်းပါမည်'လို့ ပြောတာ တွေ့ရတယ်။

မြန်မာဘုရင့်ရှေ့ကို ၂ ဇွန် ၁၈၇၃ နေ့ တစ်ကြိမ် ပြန်ဝင်ကြတဲ့အခါ အင်္ဂလိပ်သံကစပြီး ရန်ကုန် အင်္ဂလိပ်ရဲ့အပြုအမူကို စကားပြေစပြီး ပြောပါတယ်။

> သံတော်တို့ကို၊ အင်္ဂလန်နိုင်ငံ လန်တန်မြို့သို့ စေလွှတ်တော်မူ၍၊ ရန်ကုန်မြို့သို့ ရောက်လာစဉ်၊ ဘင်္ဂလားဘုရင်ခံကလည်း မဆင့်မဆို၊ ထုံးစံလည်း မရှိသောကြောင့်၊ အမြောက်သံမပေးရ၊ ကောင်းမွန်စွာ လက်မခံရရှိသည်မှာ၊ ရန်ကုန်မြို့ အရေးပိုင်ဝန်ကြီး အီတင် (Ashley Eden) မှာ အပြစ်ကင်းလွတ်ကြောင်းနှင့်၊ ရှိခိုးသံတော်ဦးတင်ရာ၊ အင်္ဂလိပ်မင်းနှင့် ရာဇမဟာမိတ်အစစ် ဖြစ်သည်အတိုင်း သည်မျှအပြစ်ကို၊ အပြစ်မယူ၊ အဆွေခင်ပွန်းကောင်းဆိုသည့်အရာသည်၊ ရွှေအိုးရွှေခွက်နှင့်တူသည်။ အဆွေခင်ပွန်းတို့မှာ မြေအိုးမြေခွက်နှင့်တူသည်။ ရွှေအိုးရွှေခွက်တို့သဘောသည် တစ်စုံတစ်ခုကြောင့် ကွဲပြားသော်လည်း၊ တတန် စေ့စပ်ပြန်လျှင် အလွယ်တကူနှင့် ကောင်းမွန်သည်၊ မြေအိုးမြေခွက်တို့ သဘောမှာ၊ လွဲလျှင် တတန်စေ့စပ်၍မရ၊ ထို့အတူ မဟာမိတ်အစစ် ဖြစ်သည်နှင့်အညီ ရွှေအိုးရွှေခွက်ကဲ့သို့ သဘောထားတော်မူသည်

လို့ မြန်မာမင်းက သည်းခံတယ်။ အင်္ဂလိပ်သံတွေဟာ မန္တလေးက ၆ ဇွန် ၁၈၇၃ နေ့မှာ ပြန်သွားကြတယ်။ မပြန်ခင် မော်လမြိုင်က လက်သမား ၁၀၀ ကျော်နဲ့ မြန်မာတွေ သင်္ဘောလုပ်တာ ဘယ်လောက် အောင်မြင်သလဲလို့ ကြည့်သွားကြသေးတယ်။ အပေါ်ယံ ဟန်လုပ်နေကြပေမယ့် အင်္ဂလိပ် မဟာမိတ်ဟာ 'မြေအိုးမြေခွက်' ဆက်ဆံရေး ဖြစ်နေပါပြီ။

တစ်ဖက်က ပြင်သစ်နဲ့ဆက်ဆံရေးကို ဆန်းစစ်ကြည့်ဖို့ လိုလာပြန်တယ်။ ဒုတိယမြန်မာ–အင်္ဂလိပ် စစ်ဖြစ်ချိန်ကစပြီး ပြင်သစ်ကို အားကိုးစိတ်ဝင်ခဲ့ပြီး ဖြစ်တယ်။ ကင်းဝန်မင်းကြီးတို့ အင်္ဂလန်သွားရင်း ပြင်သစ်မှာစာချုပ်ချုပ်ဖြစ်ခဲ့တယ် (၂၄ ဇန်နဝါရီ ၁၈၇၃)။ ပြင်သစ်သံအဖွဲ့ဟာ မန္တလေးကို ၂၈ ဒီဇင်ဘာ ၁၈၇၃ မှာ ဆိုက်ရောက်လာတယ်။ အရေးပိုင်သံကြီးကတော့ ကောင်ဒီရော်ရှူ (Comte De Rochechouart) ဖြစ်တယ်။ 'မဟာမိတ် လက္ခဏာနှင့်အညီ အကြီးအကျယ် တယ်ဝင်း ခင်းကျင်း ကြိုယူ'ရပါတယ်။ လာတဲ့လူတွေဟာလည်း 'အမျိုးကောင်း အမည်ကောင်းဖြစ်၍ ရာကြီး ထူးကြီးနှင့် ပြင်သစ်မင်းရဲမက်စစ်သည်တို့ကို အုပ်ထိန်းရသည့် စစ်ဗိုလ်'တွေ ဖြစ်ပါတယ်။ ပြင်သစ်က မဟာမိတ်စကား ပြောတဲ့အခါ ရောင်းဝယ်မှုမှာ တစ်ခု တိုးထားပါသေးတယ်။ သူတို့သမ္မတရဲ့စာထဲမှာ–

> မြန်မာနိုင်ငံတော်အတွင်း ရောင်းဝယ် ကူးသန်း ဝင်နေလာ ရောက်ရှိသည့် ပြင်သစ်လူမျိုး၊ ပြင်သစ်သာသနာပြု တရားဟောဆရာတို့ အကျိုးစီးပွားနှင့် စပ်လျဉ်းသည်အမှု။

အဲဒီလို နှစ်မျိုးနှစ်ဘက် ပါလာတယ်။ စာကို ၃၁ ဩဂုတ် ၁၈၇၃ လို့ ရက်စွဲတပ်ထားတယ်။ ပြင်သစ်သမ္မတကတော့ မက်မေဟန် (Macmahon) ဖြစ်တယ်။ ပြင်သစ်သံအဖွဲ့က

ယူလာတဲ့ လက်ဆောင်ထဲမှာ 'ရှပ်စဘို' ခေါ် နောက်ထိုးသေနတ်၊ မုဆိုးကိုင်သေနတ် မြင်းတင်သေနတ်ကြီးငယ် ဆိုတာတွေ ယမ်းပါအပြည့်အစုံ တစ်မျိုးတစ်ခုစီ ပါလာတယ်။ မြန်မာတွေ ခေတ်ဆန်းလက်နက်ကိုပဲ အာသီသရှိတယ်လို့ သူတို့လည်း သိထားပြီး ဖြစ်တယ်။ မြန်မာမင်းကို အဖူးအမြော် ၁ ဇန်နဝါရီ ၁၈၇၄ မှာ ဝင်ရတယ်။

ဒီအတောအတွင်းမှာ အီရန် (Iran) သံအဖွဲ့ ဆိုက်ရောက်လာပါသေးတယ်။ မန္တလေးကို ၂၂ ဖေဖော်ဝါရီ ၁၈၇၄ မှာ ရောက်တယ်။ သံအဖွဲ့ခေါင်းဆောင်က မီဇာဘွာစလိုလခံ ဖြစ်တယ်။ အဲဒီလူဟာ အိန္ဒိယမှာ အီရန်နိုင်ငံက ခန့်ထားတဲ့ ကိုယ်စားလှယ် (ကောင်ဆယ်) ဖြစ်ပါတယ်။ ဘုံဘေမြို့မှာ နေရတယ်။ မြန်မာနိုင်ငံကို လာတဲ့အခါ ကောင်းကောင်းကြိုယူရတယ်။ ကြိုဆိုရတဲ့လူတွေက မဂိုလူမျိုး မူလာ အစ္စမ်အင်၊ မီဇာမန္တလီကလေးနဲ့ အာဏာဇဝက်၊ မရှတီသာတက်တို့ ဖြစ်တယ်။ သံအဖွဲ့ထဲမှာ 'ရှတ်ရှာလူမျိုး 'မီဇာကိုဟင်' လို့လည်း တွေ့ပါတယ်။ မြန်မာဘုရင်နဲ့ မတွေ့ရခင် ဝန်ကြီးတွေနဲ့ တွေ့တဲ့အခါ အီရန်မှာ အမြောက်စိန်ပြောင်း သေနတ် လုပ် နိုင်သလား။ မဟာမိတ်ဖြစ်လာရင် မြန်မာကို ရောင်းမလားလို့ မေးပါတယ်။ လုပ်ပါတယ်၊ သိပ်ကောင်းတယ်။ ရောင်းဖို့တော့ မရပါလို့ဖြေတယ်။ ပြီးတော့ မြန်မာတွေ နားလည်တဲ့ မဟာမိတ်သဘောကို ပေါင်းရှည်မြို့စား လေသင်းဝန်ကြီးက

အဆွေခင်ပွန်း ဆက်လက်ကြသည်ဆိုသည့်အရာသည် အလွန် အကျိုး ကြီးသည်။ တရုတ်ပြည်နှင့် မြန်မာပြည်လည်း မဟာမိတ် ဆက်လက်ရွှေလမ်း ငွေလမ်းပေါက်ရောက်ကြသည်အရာသည် နှစ်ပေါင်းများစွာ ရှည်ကြာရှိပြီ၊ စာချုပ်၍ ဆက်လက်ကြသည်မဟုတ်၊ အကျိုးကိစ္စကို ဆောင်ရွက်ကြသည် ကိုသာ အရင်းပြု၍

မဟာမိတ်သဘော ခိုင်မြဲတယ်လို့ ပြောပြတာ တွေ့ရပါတယ်။ ရှင်ဘုရင်နဲ့ ၆ မတ် ၁၈၇၄ မှာ တွေ့ခွင့်ရကြတယ်။ ဒီလို တွေ့တဲ့အခါ မင်းတုန်းမင်းဟာ သူ့ယုံကြည်ချက် နှစ်ခုကို ဦးတည်ပြီး ပြောပါတော့တယ်။ ပထမအချက်က ကိုးကွယ် ယုံကြည်မှု အကြောင်းဖြစ်တယ်။

တရားမှန်သည်အရာ၊ အစစ်အမှတ် တစ်ခုတည်းရှိသည်။ နည်းကွဲမရှိ၊ အယူဝါဒ ကွဲပြားကြသောကြောင့်သာ တစ်နည်းတစ်ဖုံစီ ဖြစ်ကြသည်

လို့ ပြောပြတယ်။ ဗုဒ္ဓဘာသာ၊ ခရစ်ယန်ဘာသာ၊ မွတ်ဆလင်ဘာသာရယ်လို့ ကွဲကြပေမယ့် ကောင်းကောင်း နေထိုင်ကျင့်ကြံရမယ်။ တစ်ဦးကိုတစ်ဦး မချုပ်ချယ်ရဘူးလို့ ဘာသာ တရားတိုင်းက ဆုံးမတာပဲလို့ ဆိုလိုတယ်။ မင်းတုန်းမင်းလိုချင်တဲ့ ဒုတိယ အချက် ကတော့ အီရန်နဲ့ရုရှား မဟာမိတ်မြဲမြဲတယ်ဆိုတာ မှန်သလား။ မှန်ရင် အီရန်ကို ကြားက ဆက်သွယ်ခိုင်းပြီး မြန်မာနဲ့ရုရှား မဟာမိတ်ဖြစ်ဖို့ ဆောင်ရွက် ပေးမလားလို့ မေးပါတယ်။ အကြိုက်လိုက်ပြီး ဟုတ်ပါတယ်၊ ဖြစ်ပါတယ်၊ ပြီးတော့ အခုပါလာတဲ့ လက်ထောက်ကောင်စစ် မီဇာကိုဟင်ဟာပဲ ရုရှားအမျိုးသားပေါ့လို့ လိမ်ကြပါတယ်။ အဲဒါကို မြန်မာတွေအားလုံး ယုံလိုက်ကြတယ်။ သူတို့ပြန်တဲ့အခါ မြန်မာသံအဖွဲ့ကို အီရန်ကို ထည့်မည်။ အီရန်ကတစ်ဆင့် ရုရှားသွားဖို့ စီမံတယ်။ မြန်မာ အီရန် မဟာမိတ် စာချုပ်ချုပ်ပြီးတဲ့အထိ အီရန်အမျိုးသား ကုန်သည်တွေဟာ အင်္ဂလိပ် ကျေးတော်မျိုးအဖြစ် စာရင်းတင်သွင်းထားတာကိုလည်း မြန်မာက ခွင့်ပြုထားပါတယ်။ အခုလောလောဆယ် မြန်မာမြို့တော်မှာ အီရန်ကိုယ်စားလှယ် အဖြစ်နဲ့ အာကာမာမတ်ဇဝက်ရှီဇာကို အသိအမှတ် ပြုလိုက်တယ်။ မြန်မာသံအဖွဲ့ဝင်တွေ

ကတော့ (၁) စာရေးကြီးမင်းလှ ကျော်ထင်ရာဇာ (၂) အဝေးရောက် ရွှေတောင်ကျော်သူနော်ရထာနဲ့ (၃) ပညာတော်သင် ငရွှေအေးတို့ ဖြစ်ပါတယ်။ အီရန်မင်းနှင့် ရုရှားမင်းကို ပေးဆက်ဖို့ ရာဇသံစာတွေကို ၁၉ မတ် ၁၈၇၄ မှာ ရေးသားစီကုံး ပြီးစီးတယ်။ သံအဖွဲ့ဝင်တွေကို 'အရေးတင် မဖြစ်စေရ အရေးခံသာပြုခဲ့' လို့ မှာလိုက်တယ်။ ဆိုလိုတာက မြန်မာဘက်မှ ဘာလိုချင်တယ် ညာလိုချင်တယ်လို့ စမပြောဘဲ တစ်ဘက်နိုင်ငံက အလိုကျကို နားထောင်ပြီး လိုက်ရောနိုင်သမျှ လိုက်ရောခွင့်ပြုဖို့ 'အရေးနှင့်တကွ လွဲအပ်' လိုက်တာပါပဲ။ အမှုကိစ္စတွေ့သမျှကိုလည်း 'တိုင်းကြီးပြည်ကြီးသားဖြစ်သည်နှင့်အညီ ကောင်းမွန် ချောမော ပေါက်ရောက်အောင်' ဆောင်ရွက်ရမယ်လို့ ခိုင်းတယ်။ တကယ်တော့

> အီရန်နိုင်ငံရှိ စက်အမျိုးမျိုး၊ ဝါချည်ဖြစ် ကုန်အထည် အမျိုးမျိုး၊ ပိုးချည်ဖြစ် ကုန်အထည်အမျိုးမျိုး၊ သားမွေးချည်ဖြစ် ကုန်အထည်အမျိုးမျိုး၊ သံလုပ် အထည်အမျိုးမျိုးမှစ၍ အီရန်ဖြစ် နိုင်ငံကုန်များကို နိုင်ငံတော်သို့ သယ်ယူတင်ဆောင်ရခြင်း။ နိုင်ငံတော်ရှိ ပတ္တမြား၊ ကျောက်စိမ်း၊ ကျောက်သလင်း၊ ပယင်း စသော ရတနာမျိုး။ ခဲ၊ သံ၊ ကြေး၊ တော်စသော ဓာတ်အမျိုးမျိုး။ ရှား၊ ကြံ၊ ပဲ၊ ဝွံး၊ နှံး၊ ဆား၊ သိကြား၊ ထန်းလျက်၊ လွှက် စသော ဥတုသမယ ကာလ အလိုက် ဖြစ်ထွန်းတိုးပွားသော ကုန်အမျိုးမျိုးမှစ၍ နိုင်ငံတော်ဖြစ် ကုန်များကို အီရန်နိုင်ငံသို့ သယ်ယူတင်ဆောင်ရခြင်း။

အတွက် ဖြစ်နိုင် မဖြစ်နိုင် ထောက်လှမ်းဖို့ ဖြစ်တယ်။ ဒီလို စီးပွားရေး အမြင်သက်သက်နဲ့ ကုန်ချင်းဖလှယ်ဖို့ ကြိုးစားရမည့်အပြင် ကင်းဝန်တို့လို အမြော်အမြင်ရှိပြီး အကြီးအကဲ မဟုတ်သေးလို့ ဘာတွေကြည့်ခဲ့ဆိုပြီး အသေးစိတ်မှာသေးတယ်။ အစုစု လုပ်ဆောင်ရန်နဲ့ ရှောင်ကြဉ်ရန်အချက်တွေက အောက်မှာတွေ့ရတဲ့အတိုင်းပါပဲ။

> ရုရှားနိုင်ငံ၊ အီရန်နိုင်ငံ ၂ နိုင်ငံများတွင်
>
> (၁) ယခုဖြစ်ပျက်ဆဲ တိုင်းပြည်နိုင်ငံမှု အကြောင်းအရာ၊ တိုးတက်ဖြစ်ထွန်းဆဲဖြစ်သည်၊ ဆုတ်ယုတ်နိမ့်ကျဆဲဖြစ်သည် အကြောင်းအရာ
>
> (၂) အီရန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ၂ နိုင်ငံ မြို့ပြပြည်ရွာခရိုင် ကျေးလက် တိုင်းနိုင်ငံ အပိုင်းအခြား အကြောင်းအရာ
>
> (၃) ၎င်းတို့နှင့် မည်သည့် တိုင်းပြည်နိုင်ငံ အနီးအစပ်ရှိသည်၊ မည်သို့ ဆက်ဆံကြသည် အကြောင်းအရာ
>
> (၄) ပင်လယ်မြစ်ကန်ချောင်းဆည်မြောင်း အကြောင်းအရာ
>
> (၅) အလုပ်သည် ပညာသည်တို့ အကြောင်းအရာ
>
> (၆) မီးသင်္ဘော၊ တိုက်သင်္ဘော၊ ခံမြို့၊ ခံကတုတ်၊ အလုပ်ရုံ၊ စက်ရုံ၊ အင်အား မည်သို့ရှိသည် အကြောင်းအရာ
>
> (၇) ရေကြောင်း ကြည်းကြောင်း ရဲမက်ဗိုလ်ပါ လက်နက်ကိရိယာ အခွန်ဘဏ္ဍာ အင်အား အကြောင်းအရာ
>
> (၈) အီရန်မင်း ရုရှားမင်းတို့သား ညီ မှူးမတ် မြို့ပြ ပြည်ရွာ အင်အား အကြောင်းအရာမှစ၍ အလုံးစုံ သိသင့်မှတ်သင့်သမျှကို၊ မကြွင်းမကျန်စေရ၊ သေချာမှန်ကန်အောင် မှတ်သားပြီးလျှင်

(၉) အခြားနိုင်ငံကြီးများက အီရန်နိုင်ငံ၊ ရုရှားနိုင်ငံများမှာ ကိုယ်စားလှယ်ကြီး ခန့်ထားနေထိုင်စေသူတို့ကိုလည်း နောင် အလိုတော်မြတ်ရှိ၍ ဆက်လက် လိုလျှင် မည်သည့်နိုင်ငံမဆို အလွယ်တကူ ဆက်လက်နိုင်အောင် ဝင်ထွက်ပေါင်းသင်းခဲ့ရမည်။

(၁၀) ရွှေဖဝါးတော်အောက်က ထွက်သွားသည်မှစ၍ ပြန်ရောက်သည့်တိုင် ရောက်ရာတိုင်းပြည်နိုင်ငံ မြို့ရွာ လမ်းစခန်းများမှာ သိသင့်၊ မှတ်သင့်၊ တင်လျှောက်သင့်သည့်အရာများကို နေ့ရက်ကျ မှတ်သား၍ အဆက်မပြတ် တင်စား လျှောက်စာ ပေးအပ်လျှောက်ထားရမည်။

(၁၁) အမှုတော်ကို ထမ်းရွက်သည့်အတွင်း အလိုတော်မြတ် မရှိသည့်အရာ၊ အကျိုးတော် ယုတ်လျော့မည့်အရာများကို မပြုမကျင့်၊ မကြံမစည်၊ ကင်းလွတ်အောင် ရှောင်ကြဉ်၍ အလိုတော်မြတ်ရှိသည့်အရာ၊ အကျိုး တော်မြတ်ရှိသည့်အရာများကိုသာ ကိုယ်အသက်ကို ငဲ့ကွက်ခြင်း မရှိ၊ လူကြီး လက္ခဏာ၊ ကျွန်ကောင်း လက္ခဏာနှင့်အညီ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး၊ ကုန်တွင်အောင် ထမ်းဆောင်ရမည်။

(၁၂) မှတ်စာပေးအပ် ဆင့်ဆိုသည့်အတိုင်း နေ့ရက်ကျ မထမ်းဆောင်နိုင်လျှင် စာရေးကြီးမင်းလှကျော်ထင်ရာဇာ၊ အဝေးရောက် ရွှေတောင်ကျော်သူ နော်ရထာ၊ ပညာတော်သင်သေနှ်၊ ငရွှေအေးတို့ကို ရာဇဝတ်အပြစ် စီရင်မည်။

အီရန်သံအဖွဲ့နှင့် မြန်မာသံအဖွဲ့ဟာ မန္တလေးက ၂၈ မတ် ၁၈၇၄ မှာ ထွက်ကြ ပါတယ်။ သူတို့ထက် နှစ်ဆယ့်တစ်ရက်စောပြီး ၇ မတ် ၁၈၇၄ က တခြားမြန်မာသံ အဖွဲ့တစ်ဖွဲ့ဟာ ပါရစ် (ပြင်သစ်နိုင်ငံကို)ကို ထွက်သွားပါသေးတယ်။ ဒါပေမယ့် ဒီ အီရန် ရုရှားသွားသံအဖွဲ့ရဲ့အကြောင်းကိုပဲ ဆက်ပြီးပြောချင်ပါတယ်။ သူတို့ကို မြန်မာပိုင် **ရတနာယဉ်သာ** သင်္ဘောနဲ့ ရန်ကုန်အရောက် လိုက်ပို့တယ်။ သင်္ဘောမှာ အမှုထမ်းလူ သုံးဆယ့်ခြောက်ယောက်ပါတယ်။ မန္တလေး ရန်ကုန် အသွားအပြန် (အစုန်အဆန်) နှစ်ဆယ့်တစ်ရက်ကြာမယ်။ ဒါကြောင့် ရန်ကုန်ခရီးမှာ ထင်းဖိုး၊ ဆီဖိုး ၁၄၇ဝိ ၃ူ

အမှုထမ်း ၃၆အတွက် ၈၃ဝိ

---

ပေါင်း ၂၃ဝိ ၃ူ

ကုန်မယ်လို့ စာရင်းတင်တဲ့အတိုင်း ငွေထုတ်ပေးလိုက်ပါတယ်။ ရန်ကုန်ရောက်တဲ့အခါ မြန်မာသံအဖွဲ့မှာ ပါရသီဘာသာတတ်တဲ့ လူတစ်ယောက် မပါရင်မဖြစ်ဘူးဆိုပြီး မဂိုလူမျိုး အာပဒူဝဟတ်ကို တစ်လငွေ ၁၀ဝိ နဲ့ ဆယ်လငှားရတယ်။ သူ့အတွက် အသွားအပြန် သင်္ဘောခကလည်း ၁၀၀ဝိ အစုစု ၂၀၀ဝိ ကုန်မယ်။ အဲဒီအခါကစပြီး မြန်မာသံအဖွဲ့ဆီက အီရန်ကောင်စစ်ဆိုသူဟာ ငွေရသလောက် လိမ်ယူမယ့်သဘော ပေါ်နေတယ်။ သူကိုယ်တိုင် အီရန်အရောက် လိုက်ပို့မယ်။ စရိတ်ငွေ ၃၀၀ဝိ ကျော် ၄၀၀ဝိ ကုန်မယ်လို့ ဆိုပြန်တယ်။ ဒီလူဟာ 'သဘောအဖြောင့်အမှန် ထမ်းဆောင်သည် ဖြစ်စေ၊ သဘောနှလုံး တခြား ထားသည်ဖြစ်စေ အထိုက်အလိုက် ပေါင်းသင်း အမှုတော် ပြေကုန်ချောမောအောင်' ပြုရတော့မယ်လို့ သံအဖွဲ့က ဆုံးဖြတ်ပါတယ်။ အီရန်ကောင်စစ် နဲ့ လက်ထောက်ဟာလည်း အချင်းချင်းမတည့်မမတ် ဖြစ်လာကြလို့ တစ်ဦး မကောင်းကြောင်းကို တစ်ဦးဖော်တာနဲ့

'၂ ဦးပင် မဖြောင့်မသား' ရှိတာ ထင်ရှားခဲ့ပါတယ်။ အဲဒါထက် ပိုပြီး ကြောက်စရာကောင်းတဲ့ ကိစ္စကကော့

> မြီဇာကိုယ်ဟင်လည်း ရှရှားလူမျိုးမဟုတ်၊ ဘုံဘိုင်မြို့တွင် မွေးဖွားသည့် ရဟူဒီလူမျိုး၊ အယူဝါဒကို အရမဏီဇာတ်သို့ဝင်သည်နောက် ယခုအင်္ဂလိပ်တို့ အပြုအမူအကျင့်ကို ရောနှောနေထိုင်၊ ရှရှားစကား မတတ်မကျွမ်းသည် တစ်ရပ်။ အခွန်ဝန် မူလာကဟွန္ဒဝီ လွှဲအပ်လိုက်သည့် ငွေ ၂၆၀၀၀ ကိုလည်း ဘင်္ဂလားရောက် သယ်ယူစရိတ် ဘင်္ဂလားက လမ်းစဉ်တစ်လျှောက်သယ်ယူ၊ နိုင်ငံထုံးစံရှိရာ၊ ထပ်လဲရသောကြောင့် ၂ လ၊ ၃ လအတွင်း ငွေ ၂၀၀၀ကျော် ပျောက်ပျက်ယုတ်လျော့ ရှိသည်တစ်ရပ်။

ပဲဖြစ်တယ်။ ရှရှားလူမျိုးမဟုတ်ဘဲ ရှရှားဟန်ဆောင်တဲ့အပြင် အင်္ဂလိပ်သူလျှိုလည်း ဖြစ်နိုင်တယ်လို့ သူတို့သိလာတယ်။ ငွေကုန်တာနဲ့ ပတ်သက်လို့တော့

> စရိတ်ကျေးငွေ ပေးကမ်းဌားရမ်း စားသုံးကုန်ကျရန် မလောက်မင ရှိမည်များကို တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြရန်မရှိ

လို့ မန္တလေးက ထပ်မှာတယ်။ ဘုံဘိုင်ကလာတဲ့ အီရန် ကောင်စစ်ချုပ်က လိမ်လည်ကောက်ကျစ်လို့ ကာလကတ္တားမှာရှိတဲ့ အီရန်အရေးပိုင် မာနပ်ကြီးရပ်စတွန်ဂျီကို အားကိုးရတော့မယ့်ပုံ ပေါ်နေပါတယ်။ ဒါပေမယ့် မှတ်တမ်းပုရပိုက်ကလည်း အဲဒီမှာပဲ ရပ်ထားလို့ ရှေ့ဇာတ်လမ်းကို ဆက်ပြီးမသိရတော့ဘူး။

ရှရှားနဲ့ မဟာမိတ်ပြုပြီး သံတမန် လဲလှယ်ရေးကို မြန်မာတွေ စိတ်မလျှော့ဘူး ဆိုတာတော့ အောက်မှာ အပြည့်အစုံ ဖော်ပြမယ့်စာက ဖော်ပြနေပါတယ်။

> အဂ္ဂမဟာသေနာပတိ အရေးပိုင်ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှ စည်သူကျော်က ရှရှားနိုင်ငံ ယေရေပန်းမြို့နေ၊ အရမဏီ သာသနာပြုခင်ကြီး ဂျေဝတ်သို့ ပေးသည့်စာ နိုင်ငံတော်နှင့် ရှရှားနိုင်ငံ မဟာမိတ်အဖြစ်ကို အလိုတော်မြတ် ရှိတော်မူသည် ဖြစ်၍ နှစ်ပြည့်တစ်ပြည် မဟာမိတ်အဖြစ် ကောင်းမွန်စွာ ဆက်လက်ရန် အကြောင်းအရာများကို ကြံစည်မျှော်လင့်ရှိနေသည့်အတွင်း သက္ကရာဇ် ၁၂၃၅-ခု တန်ဆောင်မုန်းလ (Nov 1874)အတွင်း ရှရှားနိုင်ငံနေ **အူပရင်** ဆိုသူ နိုင်ငံတော်သို့ လာရောက်တွေ့ကြုံရသောကြောင့် အထက် ကြံရည်တော်မူရင်း အလိုတော်ပြည့်စုံတော့မည်၊ ဝမ်းမြောက်တော်မူ၍၊ ၎င်း **အူပရင်** ကို ကောင်းမွန်စွာ လက်ခံပြုစုကြောင်း၊ **အူပရင်** ရှရှားနိုင်ငံသို့ အပြန်တွင် သင့်ရာ ရှရှားခင်ကြီး တစ်ဦးဦးကို နိုင်ငံတော်သို့ စေလွှတ်စေလိုကြောင်းနှင့် ပေးအပ်လိုက်သည့်စာအရ ရှရှားနိုင်ငံ သာသနာပြုခင်ကြီးက သင့်ရာ ခင်ကြီးတစ်ဦး နိုင်ငံတော်သို့ စေလွှတ်မည့်အကြောင်းအရာ ပြန်စာနှင့် ရှရှားနိုင်ငံ သာသနာပြုခင်ကြီး ရုပ်ပုံများကို အရမဏီလူမျိုး **မြီနပ်** တွင် ပေးအပ်လိုက်သည်ကိုရ၍ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော နေထွက် ဘုရင် မြန်မာမင်းမြတ် ရွှေနားတော်မြတ်ကြား အမိန့်တော်မြတ်စံရာ၊ အလွန် ဝမ်းမြောက်တော်မူကြောင်း။ ။ ရှရှားနိုင်ငံ သာသနာပြုခင်ကြီး **တရီကိုရီ**။ သက္ကရာဇ် ၁၂၃၇ ခု တပေါင်းလ (Mar 1876)

အတွင်း လာရောက်ရာလည်း မဟာမိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံပြုစုပြီးလျှင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် မြန်မာမင်းမြတ်ရှေ့တော်သို့ ဝင်ထွက်စေ၍ ရွှေမျက်နှာတော်ကို ဖူးမြော်စေ ကြောင်း။ ။ သည်ကဲ့သို့ ၂ တိုင်း ၂ ပြည် မဟာမိတ်အဖြစ် ဆက်လက်ရန် အကြောင်းကို မြန်မာနိုင်ငံ မင်းမျှုးမတ်တို့က အလိုရှိသည်အဖြစ်ကို ရုရှားနိုင်ငံ မင်းမျှုးမတ်တို့က သဘောမည်သို့ရှိသည် အကြောင်းအရာများကို စာပြန်ကြားမည် အကြောင်း

> သက္ကရာဇ် ၁၂၃၇ ခု တပေါင်းလပြည့်ကျော် ၁၄ ရက် (23 Mar 1876)နေ့ရေး အဂ္ဂမဟာသေနာပတိ အရေးပိုင် ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှ စည်သူကျော်

ဒီစာကို မြန်မာဘုရင့်အမှုထမ်း အာမေးနီးယားအမျိုးသား မိုင်းနပ်စ်တာအစ်ကန်ဒါရီ ယန်က အာမေးနီးယား ဘာသာပြန်ပေးတယ်။ (အခု ဒီစာကို အာမေးနီးယားနိုင်ငံ မတီနာဒါရန် ခေါ်တဲ့ ရှေးမှတ်တမ်းရုံးမှာ သိမ်းထားတယ်။ **ဆိုဗီယက်ယူနီယန်** အတွဲ ၃၊ အုပ်ရေ ၁၀၊ အောက်တိုဘာ ၁၉၅၈၊ စာမျက်နှာ ၂၃ မှာ ဓာတ်ပုံ ရိုက်ပြီးထည့်ထား တွေ့တယ်)။ စာကို လက်ခံရရှိတဲ့ပုဂ္ဂိုလ်က အာမေနီယန် ဘုရင်ဂျီမင်းကြီး စထုတ္တရွှေ ဖြစ်ပြီး ဒီစာကို ရုရှားတာကီစစ် မဖြစ်မီကလေးမှာ ကပ်ပြီးရတယ်လို့ ဆိုရမယ်။ သဘောက ရုရှားဟာ ဒီအချိန်က မြန်မာအရေးကို စိတ်ပါဝင်စား မနေနိုင်ဘူးဆိုတဲ့ သဘောပါပဲ။ မြန်မာဟာ အင်္ဂလိပ်နဲ့မတည့်တဲ့ နိုင်ငံတွေကိုရှာပြီး ပေါင်းသင်းဖို့ နားလည်တယ်။ ဒါပေမယ့် အခါကာလအလိုကိုပြောရရင် အင်္ဂလိပ်စက်ရိပ်နဲ့ လွတ်အောင် ရုန်းထွက်နိုင်ဖို့ မလွယ်ဘူးလို့ဘဲ ဆိုရမယ်။

မြန်မာပြင်သစ် ဆက်ဆံရေးကို တစ်ပတ်ပြန်ပြီးကြည့်ကြဖို့ လိုပါသေး တယ်။ ကင်းဝန်မင်းကြီး ခေါင်းဆောင်တဲ့ သံအဖွဲ့ဟာ ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်ကို သွားဖို့ မန္တလေးက ၇ မတ် ၁၈၇၄ မှာ စပြီးထွက်ပါတယ်။ တကယ်ကတော့ ၂၈ ဒီဇင်ဘာ ၁၈၇၃ ကတည်းက မန္တလေးကိုရောက်နေတဲ့ ပြင်သစ်သံအဖွဲ့အပြန်ကို သံဖက်ထည့်တာ ဖြစ်ပါတယ်။ ဥရောပကို ရောက်တဲ့အခါ (၁) အီတာလျံမှာ အီတာလျံ အမျိုးသား တစ်ဦးကိုပဲရွေးပြီး မြန်မာကိုယ်စားလှယ်ခန့်ခဲ့ဖို့ ကိစ္စနဲ့ (၂) ပြင်သစ်နိုင်ငံရောက်သော ပြင်သစ် ကုန်သည်ကြီးတွေနဲ့ အရောင်းအဝယ်စကား ကမ်းလှမ်း ခဲ့ဖို့ကိစ္စဆိုတဲ့ အကြမ်းတာဝန် နှစ်မျိုးကို ဆောင်ရွက်ရမယ်လို့ မှာလိုက်ပါတယ်။ ဒီ တာဝန်ကြီး နှစ်ခုအပြင် တခြား ဆောင်ရွက်ရမှာတွေကတော့

(၁) လန်ဒန်မှာလုပ်ပြီး ယူခဲ့ဖူးတဲ့ ရွှေထွေးခံကြီးမျိုးကို ပဲရစ်မှာ လုပ်ခိုင်းဖို့
(၂) အချောဆုံး ပိတ်ယက်ဖို့ စက်၊ စက်ဆရာနဲ့ ချည်ရရှိအောင် ခေါ်ခဲ့ဖို့
(၃) ပြင်သစ်နိုင်ငံထွက် အနာရောဂါကု ဆေးအမျိုးမျိုး ဝယ်ခဲ့ဖို့။
(၄) မိဖုရားတွေအကြိုက် စိန်ကတ္တီပါအမျိုးမျိုး ဝယ်ခဲ့ဖို့

တွေပါပဲ။ ပြင်သစ်ကို အကြောင်းကြားစာပို့တဲ့အခါမှာတော့ ဒီအသေးအဖွဲ့တွေ ကြို မပြောပါဘူး။

မြန်မာသံတော်တို့ ဒုတိယစာချုပ်ကို လက်မှတ်တော်ချင်း လဲလှယ်ရန်။ ပြင်သစ်မင်းသို့ ရာဇသံ လက်ဆောင်တော်များကိုပို့ရန်။ စက်ဆရာပညာသည်များကို ခေါ်ယူရန်။ (၁၅ မတ် ၁၈၇၄)

လို့ သတ်မှတ်ရေးသားထားပါတယ်။

ဒီတခါ မြန်မာနိုင်ငံရောက် အင်္ဂလိပ်ဟာ ဟိုတစ်ခါတုန်းကလို သဘောထားဆိုးရွားတာကို မတွေ့ရပြန်ဘူး။ သရက်မှာ (၂၀ မတ် ၁၈၇၄)

မြန်မာသံတော် အရာရှိ ပြင်သစ်အရာရှိတို့ကို အရေးပိုင်ပြောင်းကိုယ်တိုင် ရထားနှင့်လာရောက် ကြိုယူလာ၍ အိမ်သို့ရောက်လျှင် ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး နှုတ်ဆက်ပြောဆိုကြပြီးလျှင်၊ ၎င်းအရေးပိုင်နှင့်အတူ သံအရာရှိတို့ ဂေါ်ရာစစ်သည်ထားသည့် တပ်တွင်းသို့ သွားရောက်လှည့်ပတ်ကြည့်ရှုကြသည်။ ဂေါ်ရာတပ်၊ လက်နက်တိုက်၊ မြင်းတပ်၊ အမျိုးဘာသာဘုရားကျောင်း စာသင်ကျောင်း၊ စားပွဲအိမ်၊ ကာဘီဆိုင်မှစ၍ အရပ်ရပ်အဆောက်အဦများကိုလည်း လုပ်ဆောင် ပြင်ဆင်ဆဲ၊ ခံမြို့ကိုလည်း ထပ်မံပြင်ဆင်ဆဲ၊ အဆောက်အဦ အလုပ်အဆောင် တိုးပွားဆဲရှိသည်။ ယခုလည်း အင်တန်အင်မျှ တည်ထောင် ဖြစ်ထွန်းရှိသည်။ (၂၀ မတ် ၁၈၇၄)

ဒီလိုတွေ့ရလို့ မြန်မာကလည်း အင်္ဂလိပ်တွေ ဘယ်လောက် အခြေခိုင်နေပြီဆိုတာ ကြည့်ချင်သလို အင်္ဂလိပ်ကလည်း ငါတို့အင်အားကို မြင်လှည့်စမ်းလို့ ပြတာနဲ့ ခုလို အဆင်ပြေတာပဲလို့ ဆိုချင်တယ်။ သင်္ဘောမှာလည်း အရှာမခံရဘူးလို့ ရေးခဲ့တယ်။ ဒီတစ်ခါလောက်ရောက်တော့ မြန်မာထဲက သင်္ဘောကို ဦးစီးပြီး မောင်းနေပြီလို့ထင်တယ်။ ဘာပြုလို့လဲဆိုတော့ 'ကပ္ပိတန်မောင်နိုး'နဲ့ တွေ့တယ်လို့ ၂၂ မတ် ၁၈၇၄ မှတ်တမ်းမှာ ပါတယ်။ ရန်ကုန်ရောက်တော့လည်း အဆင်ပြေပါတယ်။ ယိုးဒယားကောင်စစ်၊ ဇင်းမယ်မင်းသားဆိုတာတွေနဲ့လည်း တွေ့ရတယ်။ ရန်ကုန်က မော်လမြိုင်ကို ၃၀ မတ် ၁၈၇၅ မှာ ရောက်သွားပြီး သစ်စက် (လွှစက်)နဲ့ ဆန်စက်တွေကို လေ့လာတယ်။ ကတိုးရွာက မောင်မွန်တော် ဖိတ်လို့ ကတိုးကော့နုပ်ကိုလည်း သွားတယ်။ နောက် စင်္ကာပူကို ဆက်သွားတယ်။ မလေးကျွန်းဆွယ်မှာ အင်္ဂလိပ်နယ်ချဲ့အကြောင်းကို ဒီလိုထင်ရှားအောင် ရေးပြတယ်။

သင်္ဘောဆိပ် သင့်ရာအတွက် အရပ်ဆိပ်ကမ်းများကို အင်္ဂလိပ်လူမျိုးတို့က ထုံ့ပိုင်းထုံ့ပိုင်း ယူ၍ထားသည်။ ၎င်းပင်လယ်ကိုလည်း အင်္ဂလိပ်လူမျိုးတို့ အပိုင်ပြု၍ထားသည်။....၎င်းကျွန်းအလုံးကို အင်္ဂလိပ်လူမျိုးတို့က အပိုင် မယူသော်လည်း အခြားနိုင်ငံရှင် အမျိုးသားတို့ မယူနိုင် မဝင်နိုင်အောင်၊ အခြားနိုင်ငံရှင် အမျိုးသားတို့ကို အလိုရှိတိုင်း မပေးမအပ်နိုင်အောင် စောင့်ရှောက်လျက်ရှိသည်။ (၇ ဧပြီ ၁၈၇၄)

ဒီနေရာမှာ ကင်းဝန်မင်းကြီးက မြန်မာနိုင်ငံကို သတိပေးစကား ရေးနေတာနဲ့ပဲတူတယ်လို့ ထင်မိတယ်။ တကယ်က သူတို့ရဲ့စီးပွားရေးနယ်လို့ သတ်မှတ်ပြီးသားဖြစ်နေတဲ့ မြန်မာမြေပြင်ကို သူတို့ကလွဲလို့ အီတလီ၊ ပြင်သစ်၊ ရုရှား၊ ဂျာမန်၊ အမေရိကန်ဆိုတာတွေကို အဝင်ခံမယ် မဟုတ်ဘူးဆိုတာ ကင်းဝန်မင်းကြီး သဘောပေါက်ပြီးသား ဖြစ်မယ်လို့ပဲ ယူဆစရာရှိပါတယ်။ ကင်းဝန်မင်းကြီးတို့ စင်္ကာပူ (သိင်္ဃပူရ)ကို

၉ ဧပြီ ၁၈၇၄ မှာ ရောက်သွားပါတယ်။ စင်္ကာပူမှာ 'ရုရှားမင်းကောင်စစ် တရုပ်လူမျိုးဘန်ပူ'နဲ့ တွေ့ကြသေးတယ်။ မြန်မာက ရုရှားနဲ့မဟာမိတ် ဖြစ်လိုတယ်လို့ ပြောကြောင်း မတွေ့ရဘူး။ မြန်မာနိုင်ငံမှာ လာပြီး ကျော်ကြားနေတဲ့ **အိနောင်ဓာတ်** ဟာ ပဿျူးဓာတ်ထုပ် အရင်းအမြစ် ဖြစ်ကြောင်းကိုသာ ပိုပြီး ဂရုစိုက် ဖော်ပြတာ တွေ့ရတယ်။ တိုင်းရင်းသားတွေကို ဖော်ပြတဲ့ နေရာမှာ

> စီးပွားချမ်းသာရေး လုပ်ပုံကိုင်ပုံ အလွန်ညံ့ကြောင်း ရာကြံ ဆည်းပူး၍ အတော်အသင့်ရလျှင် တိုးပွားအောင်မလုပ်၊ စားကာသောက်ကာနေ၍ လက်ရှိ ငွေကုန်ပြန့်မှ တစ်ဖန်ရှာကြံကြောင်း ၎င်းလူမျိုးတို့ကို ဥယာဉ်လုပ်၊ ရထားထိန်း စေခိုင်းရန်သာ ကောင်းကြောင်း၊ ပသီလူမျိုးနှင့် ဓာတ်တူဘုရားတူ ဖြစ်ကြောင်း၊ ၎င်းကျွန်းက ချိပ်ကုန်၊ ကာဖီကုန်၊ ပြေပ်ကောင်းကုန်၊ သာကူ၊ စပါးအများ ထွက်ကြောင်း။ (၁၁ ဧပြီ ၁၈၇၄)

လို့ရေးခဲ့တယ်။ ငါတို့မြန်မာတွေနဲ့ တယ်တူတယ်လို့ မရေးရုံတမယ်ပဲပေါ့။ စင်ကာပူ က ၁၇ ဧပြီ ၁၈၇၄ မှာ ထွက်ခဲ့ကြတယ်။ သီဟိုဠ်ကျွန်း ဂါလုဆိပ်ကမ်းကို ၂၃ ဧပြီ ၁၈၇၄ မှာရောက်တယ်။ တစ်ရက်နားပြီး ခရီးဆက်ပြန်တယ်။ အေဒင်ကို ၁ မေ ၁၈၇၄ မှာ ရောက်ပါတယ်။ အေဒင်နဲ့ထဝယ် အရှေ့အနောက်တည့်တည့်၊ မကာနဲ့ မန္တလေးလည်း အရှေ့အနောက်တည့်တည့် နေကြတယ်လို့ မှတ်သားခဲ့တယ်။ စူအက်တူးမြောင်းကို ၇ မေ ၁၈၇၄ မှာဖြတ်တယ်။ ပို့ဆာအစ်မှာ 'အဂ္ဂိဏိကဓာတ်ဖြင့် မီးထွန်းကြောင်း' လို့ ရေးခဲ့တယ်။ ဓာတ်ငွေ့မီးတိုင် (Gas Lamp) ဖြစ်မယ်လို့ ထင်ပါတယ်။ အီတလီက နပေါလီ (Naples) ကို ၁၃ မေ ၁၈၇၄ မှာ ဆိုက်ရောက်လို့ ရေလမ်းခရီး ပြီးဆုံးတယ်။

မြန်မာသံအဖွဲ့ကို မြန်မာနိုင်ငံကို အထက်က သံအဖြစ်လာဖူးတဲ့ ကပ္ပတိန် အာရတိုက်ရိုက်ကျားကလာပြီး ကြိုဆိုပါတယ်။ မြန်မာပညာတော်သင်နဲ့ ပတ်သက်ပြီး အဲဒီ ကပ္ပတိန်ရဲ့ပြောစကားဟာ မှတ်သားလောက်ပါတယ်။

> ပညာတော်သင် မောင်တရုပ်ဖြူကို မြန်မာ နေထွက်ဘုရင်မင်းမြတ်က ပညာသင်စေရန် ကျွန်ုပ်နှင့်အတူ ထည့်အပ်လိုက်သောကြောင့်၊ ရေကြောင်း အရာရှိ ကြည်းကြောင်းအရာရှိမင်းနှင့် စပ်ဆိုင်သည့် စက်ရုံအလုပ်ရုံများကို အလိုရှိတိုင်း ဝင်ထွက်သင်ကြားနိုင်အောင် အထူးသဖြင့် အားထုတ်ပါသည်။ သို့သော်လည်း ဘာသာစကားမတတ်မကျွမ်း အင်္ဂလိပ်ဘာသာကိုမှလည်း ထမင်းစား ရေသောက်မျှသာ ပြောဆိုနိုင်သည်တစ်ကြောင်း၊ နေရာကျ ပြသ သွန်သင် ပြောဆိုသည်ကို အားထုတ်၍ မသင်မကြားသည် တစ်ကြောင်းများကြောင့် အကျိုးထူးဖြစ်ရန် မရှိကြောင်း ပြောဆိုသည်။ ပညာတော်သင် မောင်သာထားနှင့် လူငယ်များ (Don Paolo) နှင့်အတူ ထည့်အပ်တော်မူ လိုက်သည့် ကျွန်တော်မျိုး ငတိုးခြံ၊ သောထား၊ ငစီ။ ရိုက်ကျားနှင့်အတူ ထည့်အပ်တော်မူလိုက်သည့် ပညာတော်သင် မောင်တရုပ်ဖြူ (၁၈ ဇူလိုင် ၁၈၇၄)လည်း Genoa မြို့မှာ ရှိကြကြောင်း၊ ၎င်းလူငယ်တို့လည်း နိုင်ငံတော်သို့ ပြန်မှသင့်လျော်မည့်အကြောင်းနှင့် ပြောဆိုသည်။ (၁၃ မေ ၁၈၇၄)

ဒီလိုပြောတာကို စိစစ်ကြည့်ရင် သူပြောတာတွေဟာ မြန်မာနိုင်ငံက လွှတ်သမျှ ပညာတော်သင်တွေ တွေ့ရမယ့်အခက်အခဲဖြစ်ပြီး ဘာကြောင့်ဒီလူတွေ တစ်ဦးနှစ်ဦးက လွဲလို့ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာသလဲဆိုတာကို အဖြေပေးနေပါတယ်။ နောင် ပညာတော်သင်လွှတ်ရင် ဒါတွေထည့်စဉ်းစားပါလို့ သတိပေးရာလည်း ရောက်တယ်။ ပညာတော်သင်တိုင်း တွေ့ရမယ့် အခက်ခဲဟာ (၁) ဘာသာစကား အခက်အခဲဖြစ်တယ်။ ပြီးတော့ (၂) မြန်မာမိရိုးဖလာသင်ပေးလိုက်တဲ့ပညာအခြေခံဟာ စက်မှုလက်မှု အသိ ပညာကိုသင်ယူဖို့ ဘယ်လိုမှ မလုံလောက်ဘူးဆိုတာကိုလည်း သတိပြုရမယ်။ ဒီအခက် အခဲ နှစ်ခုကို ပညာသင်လူငယ်ဟာ ဉာဏ်အင်မတန်ထက်မြက်ပြီး ဖွဲ့ရှိရင် လွန်မြောက် နိုင်မယ်။ သာမန်အဆင့် ဉာဏ်နဲ့ဖွဲ့သမားဟာ မလွန်မြောက်နိုင်ဘူး။ ဒါ့ကြောင့် (၃) ဘယ်လို လူငယ်တွေရွေးသလဲဆိုတာ သိဖို့လိုပါတယ်။ အဲဒီမှာလည်း အဖြေက အဆင်သင့်ရာ မှူးသား မတ်သား လက်ဘက်ရည်တော် ဖိနပ်တော်ဆိုတဲ့ အမှုထမ်းငယ်ကလေးတွေ ထဲကပဲ အရွေးခံရတာပဲဖြစ်တော့ သူတို့အထဲမှာ တကယ်ထက်မြက်တဲ့ ကလေး အနည်းအပါး ပါနိုင်တယ်လို့ပဲ မျှော်လင့်နိုင်တယ်။ အဲဒါအပြင် နောက်ဆုံး အရေးကြီးဆုံးအချက်က (၄)ပညာပေးတဲ့ဘက်က ရက်ရောရဲ့လား။ အပေါ်ယံလောကွတ်က ကောင်းပေမယ့် အလွယ်တကူမတတ်အောင် အခက်အခဲတွေ မသိမသာရော သိသိသာသာပါ ထည့်ထားပြီး သင်ပေးမယ်။ ပြီးတော့ နည်းနည်းအပြစ်ကို များများပြောပြီး သင်လို့တတ်မှာ မဟုတ်ဘူး ဆိုတဲ့အနေနဲ့ ပြန်လွှတ်တာလည်း ဖြစ်နိုင်ပါတယ်။ ကျောင်းသားအနေနဲ့ ဆရာတွေက ဘယ်လို ကလိမ်ဉာဏ်ဆင်ပြီး အခက်အခဲတွေ လုပ် ထားပါတယ်လို့ ပြန်ပြီးချေပဖို့မလွယ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ပညာမရဘဲ အချိန်ကုန် ငွေကုန်ဖြစ်ပြီး ပြန်ခဲ့ကြရတာလည်းရှိမယ်။ ပညာသင် သောထားက ငွေရရင် အမြန် ပြန်သွားပါ့မယ်လို့ ၂၅ မေ ၁၈၇၄ မှာ အစီရင် ခံစာပို့ရှာတယ်။ အဲဒါအပြင် နောက်ထပ် အန္တရာယ်တစ်ခု ရှိပါသေးတယ်။ မြန်မာနိုင်ငံ ပြန်ရောက်ရင် ငါတို့ တတ်ခဲ့တဲ့ပညာကို အသုံးချဖို့ အပေါက်အလမ်း မမြင်ဘူးဆိုပြီး မပြန်ဘဲနေတဲ့လူလည်း ရှိအုံးမယ်။

စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး မှတ်ချက်ဟာလည်း မြန်မာနိုင်ငံအတွက် နှိုးဆော် စာလို့ ယူရင်ရပါတယ်။ အခုခေတ်မှာတောင် မြန်မာနိုင်ငံမှာ မစိုက်မပျိုးဘဲကျန်နေတဲ့ မြေတွေ ရှိသေးတယ်။ အီတလီမှာ ဟိုတုန်းကပဲ။

> လုပ်ငန်းလုပ်တာလည်း တိုက် အိမ် လမ်း ရေ မြောင်း ချောင်း မြစ် ကျောက်အတိရှိသည့် နေရာမှတစ်ပါး၊ မြေပြန့်ဖြစ်စေ၊ ကုန်းမြေဖြစ်စေ တစ်ကွက်တစ်ရပ် လစ်လပ်သည်မရှိ၊ မြေပြင်ပြည့်မျှလုပ်ငန်းလုပ်တာ စိုက်ပျိုး လုပ်ဆောင်ထားသည်များကို မြင်ရသည်။ စပါးလုပ်ဆောင်သည့် လုပ်ငန်း များလည်း ရှိသည်။ ဖုံးဆဲ လုံးဆဲ ထွက်ဆဲရှိသည်။ ဂျုံများမှာလည်း ထွက်ဆဲ ဖုံးဆဲပင် ဖြစ်သည်။ (၁၄ မေ ၁၈၇၄)။

ဒီစကားတွေထဲမှာ အီတလီမှာ စပါးစိုက်တယ်။ စိုက်လို့ရမယ့် နေရာတိုင်း အကြွင်းအကျန် မရှိ စိုက်တယ်ဆိုတဲ့နှစ်ချက်ဟာ မြန်မာတွေအတွက် အရေးကြီးတဲ့ သတင်းစကားတွေ ဖြစ်ပါတယ်။ အီတလီက ပြင်သစ်ကိုကူးပြီး မီးရထားနဲ့ ပဲရစ်မြို့တော်ကို ၁၉ မေ ၁၈၇၄ မှာ ရောက်သွားကြပါတယ်။

ပြင်သစ်မှာ အစိုးရအဖွဲ့ ဟောင်းပြုတ်ကျပြီး အဖွဲ့သစ် မဖွဲ့ရသေးတဲ့ အချိန်ဖြစ်နေလို့ မြန်မာသံတွေ အဦးအစ ဝင်တွေ့ရမယ့် နိုင်ငံခြားရေးဝန်ကြီး မရှိသေးလို့ ဆိုင်းနေရပြန်တယ်။ ဒီလိုဆန်းကြယ်တဲ့ (မြန်မာနိုင်ငံမှာ မမျှော်မှန်းနိုင်တဲ့) နိုင်ငံရေး အတွေ့အကြုံကို ကင်းဝန်မင်းကြီးဟာ သူနားလည်သလို ရှင်းလင်းပြီး ဒီလို မှတ်တမ်း တင်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ လက်တွေ့ အကွက်တစ်ကွက်ကို ထောက်ပြတယ် ဆိုပါတော့။

> ပဲရစ်မြို့တွင် မျုးမတ် ၄ သင်းတို့က အကြိုက် မညီကြသောကြောင့် ဝန်ကြီးချုပ်၊ နိုင်ငံခြားဝန်ကြီးမှစ၍ လက်ရှိအရာရှိတို့ အရာကျသည်နှင့် နိုင်ငံခြားဝန်ကြီး မရှိသေးသောကြောင့် သံတော်အရာရှိတို့မှာလည်း အကြောင်း အရာရှိသည်ကို မပြောဆိုရသေး၊ ရပ်ဆိုင်းရှိရသည်။ မျုးမတ် ၄ သင်းဆိုသည်မှာ သမ္မတ မင်းပြုသည်ကိုကြိုက်သူ **ရိပါပလစ်** (Republic) မျုးမတ်မျိုး ၁။ **အိုရလီရံနစ်စ** (Orleanist) မင်းမျိုးကို ကြိုက်သူ **အိုရလီရံနစ်စ** မျုးမတ်မျိုး ၁။ **လီဂျီတီမစ်စ** (Legitimist)မင်းမျိုးကိုကြိုက်သူ **လီဂျီတီမစ်စ** မျုးမတ်မျိုး ၁။ **ဗိုလ်နပတ်** အဆက်အနွယ် **နပိုလီရံ** မင်းမျိုးကိုကြိုက်သူ **အင်ပီရီယာလစ်စ** (Imperialist) ဟူ၍လည်းကောင်း၊ **ဗိုလ်နိပါတစ်စ** (Bonapartist) ဟူ၍ လည်းကောင်း၊ **နီပိုလီယာနစ်စ** (Napoleonist) ဟူ၍လည်းကောင်း ခေါ်သော မျုးမတ်မျိုး ၁။ ဤသို့မျုးမတ် ၄ မျိုးရှိသည်အနက် ယခု ပစ္စုပ္ပန်အခါ ဝန်ကြီးချုပ် လုပ်သူသည် **အိုရလီရံနစ်စ** မျုးမတ်မျိုးအဝင်ဖြစ်၍ ၎င်းဝန်ကြီး ချုပ်က တိုင်းမှုပြည်မှုကိုသာ ဖြောင့်ဖြောင့်ရိုးရိုးမဆောင်၊ **အိုရလီရံနစ်စ** မင်းမျိုးကို မင်းအဖြစ်သို့ ရောက်အောင် တစ်စတစ်စ အားပေးအားမြှောက် သယ်ပိုး ရွက်ဆောင်သည့်လက္ခဏာထင်မြင်ကြသောကြောင့် ကျန် ၃–မျိုး မျုးမတ်သင်းဝင် တို့က သဘောမကျသည်ရှိနှင့် ကိုယ့်အရာကို ကိုယ်ဘာသာ ယုတ်သိမ်း ရသည်ဟု ပြောဆိုကြားသိရသည်။ (၂၀ မေ ၁၈၇၄)

အဲဒီလို ပြင်သစ်နိုင်ငံရေးကို ရှင်းပြတဲ့နေရာမှာ ပြင်သစ်ဟာ ဘယ်နည်းနဲ့မှ သက်ဦးဆံပိုင်မင်းစနစ်ကို မပြန်လိုတာရယ်၊ အများမကြိုက်ရင် ဝန်ကြီးချုပ်က အစ ဝန်ကြီးတစ်ဖွဲ့လုံး 'ကိုယ်အရာကို ကိုယ့်ဘာသာ ရုတ်သိမ်းရ'တယ် ဆိုတာရယ်။ မြန်မာတွေ အထူးမှတ်ကြဖို့ပဲ ဖြစ်ပါတယ်။ ဝန်ကြီးအဖွဲ့ကို ၂၂ မေ ၁၈၇၄ တွင်မှ ဖွဲ့ပြီး ပါတယ်။ စောင့်နေရတဲ့ အတောအတွင်း လှည့်လည်ကြည့်ရှုဖို့ပဲရှိတယ်။ မြင်းပွဲ သွားတယ်၊ ခိုပစ်ပွဲ သွားတယ်၊ မီးပုံးပျံနဲ့ကောင်းကင်ကို လူပါလိုက်တက်ပုံကို သွားကြည့်ပြီး အတော်ပြည့်စုံအောင် မှတ်တမ်းရေးပါတယ်။ (၂၇ မေ ၁၈၇၄) ဒီလိုလှည့်လည် ကြည့်ရှုရင်း တိရစ္ဆာန်ရုံရောက်တော့ မြန်မာနိုင်ငံမှာ အထက်က မမြင်ဘူးလို့ ရေမြင်းကို နဂါးထင်ကြတာကို ကင်းဝန်မင်းကြီး အမှတ်ရတာနဲ့တူတယ်။

> ရေတိရစ္ဆာန်မျိုးများတွင် ရေမြင်းခေါ်သည့် တိရစ္ဆာန်ကို ငါတို့မြန်မာနိုင်ငံ ရှေ့တိုက်တွင် နဂါးသေခြောက် အမှတ်အသားနှင့် တွေ့မြင်ဖူးသည် (၃၁ မေ ၁၈၇၄)

လို့ ရှေးအမှားကို မှားမှန်းသိတဲ့အခါ ချက်ချင်းပြင်ဆင်လိုတဲ့ သဘောကို ပြတယ်။

ဒီအတောအတွင်းမှာပဲ မြန်မာနိုင်ငံမှာ စက်မှုပညာထွန်းကားရေးရဲ့လမ်းစတစ်ခု အနေနဲ့ပညာသင်လွှတ် စက်ဝယ်ဆိုတာတွေအပြင် စက်ဆရာ ငှားရမ်းဖို့ကိစ္စကိုလည်း ဆောင်ရွက်ပါသေးတယ်။ ဆရာခြောက်ဦးကို တစ်လ ဘယ်လောက်ပေးပြီး ဘယ်နှစ်နှစ်ထားမယ်ဆိုတာ စေ့စပ်ရသေးတယ်။ (၂ ဇွန် ၁၈၇၄)။

ပြင်သစ်နိုင်ငံခြားဝန်ကြီးနဲ့ ၃၁ မေ ၁၇၈၄ မှာတွေ့ပြီး ပြင်သစ်သမ္မတနဲ့ ၁၀ ဇွန် ၁၈၇၄ မှာတွေ့ကြုံရပါတယ်။ အဲဒီပွဲတွေကတော့ တစ်ဘက်က ဂုဏ်မနိမ့်အောင် ညှော်ခံရဲ့လားလို့ ဂရုစိုက်သလို တစ်ဖက်ကလည်း လောကွက်စကားများများ ပြောမိအောင် ဂရုစိုက်တဲ့ပွဲတွေပါပဲ။

ကင်းဝန်မင်းကြီးကို အရှေ့ဘက်နိုင်ငံတွေရဲ့သမိုင်းကိုရေးတဲ့ ရာရန်စီ လာတွေ့တယ်။ မြန်မာ့သမိုင်းကို ကင်းဝန်မင်းကြီးက အများကြီးနေရာကျအောင် ပြောချင်ပေမယ့် ဘာသာစကား အခက်အခဲကြောင့် မတွင်ဘူး။ ဟိုကလည်း ပုံပြင်တွေကို ခပ်ဖယ်ဖယ် လုပ်ပုံရတယ်။ နောက်ဆုံး ကင်းဝန်မင်းကြီးရဲ့မှတ်ချက်ကတော့ 'သူပြော လူပြောများကို မှတ်၍ ထင်ရာထင်မိ ရေးသားသည့်လက္ခဏာရှိသည်' လို့ (၆ ဇွန် ၁၈၇၄) မှတ်ချက်ချပါတယ်။

ပြင်သစ်နိုင်ငံမှာ ရှိနေစဉ်အတွင်း အရောင်းအဝယ်လုပ်ဖို့ လာကြတဲ့လူတွေကိုတော့ ဒီတစ်ကြိမ်ဟာ စက်ကရိယာ ကုန်အထည်အလိပ်အဝယ်အယူ လာရောက်ကြသည်မဟုတ် (၁၃ ဇွန် ၁၈၇၄)လို့ ငြင်းလွှတ်ပါတယ်။ ဒါလည်း ဟုတ်လောက်စရာရှိပါတယ်။ ပစ္စည်းအသင့်အတင့် ဝယ်မယ်ပေါ့။ ဒါပေမယ့် တခြားကိစ္စတွေကို ပိုပြီးအလေးပေး မှတ်သားတယ်။ ဥပမာ စောစောကပြောသလို တိရိစ္ဆာန်ဥယျာဉ် အကြောင်းလိုဟာမျိုးကို ပိုပြီး ဂရုထားတယ်။ ပဲရစ်မြို့တော်ရဲ့ 'ရေမကောင်းပြွန်ဗင်သွားလမ်း' တွေထားပုံ၊ ''မြေအောက်လမ်း အရပ်ရပ်'ဖောက်ထားပုံ၊ 'အင်ကြင်နရာ'တွေရဲ့ အံ့စရာလက်ရာတွေ၊''အဂ္ဂစစ်တစ်ရှင်း'ဆိုတဲ့ပြပွဲတွေကို ပိုပြီးလေ့လာတယ်။ စစ်ပညာ သင်ကြားပုံကို စိတ်ဝင်စားတယ်။ ခံကတုတ်ပုံစံတွေ ကြည့်တယ်။ စစ်သမိုင်း၊ လက်နက် သမိုင်းကိုပြတဲ့ပြတိုက်တွေကိုဝင်တယ်။ တိရိစ္ဆာန်ကပွဲ (Circus) ကို အထူး စိတ်ပါလက်ပါ ဖော်ပြရေးမှတ်တယ် (၂၇ ဇွန် ၁၈၇၄)။ စက်ရုံ အလုပ်ရုံတွေလည်း ရောက်ပါတယ်။ နောက်တစ်နေ့ (၂၈ ဇွန် ၁၈၇၄) မှာ စစ်သည်ခြောက်သောင်း ပါဝင်တဲ့ စစ်ရေး ပြပွဲကြီးကိုကြည့်ဖို့ ဘူလွန်းတောလောင်ရမ်းကိုသွားပြီး အသေအချာ ကြည့်ရှုမှတ်သားတယ်။ ဒီလိုနဲ့ပဲ ပဲရစ်က ထွက်ခွာရမယ့် ၉ ဇူလိုင် ၁၈၇၄ ကို ရောက်ပါတော့တယ်။ အပြန်လမ်းမှာ ကြုံလို့ အငယ်ဆုံးနိုင်ငံလို့ခေါ်ရတဲ့ မောင်နာကို (Monaco) ကို ၁၇ ဇူလိုင် ၁၈၇၄ မှာ ဝင်ကြည့်ကြတယ်။

> ၎င်းမင်းအုပ်စိုးသည့် နယ်မြေအလျား နှစ်တိုင်ခန့်၊ အနံ တစ်တိုင်ခန့်၊ ပင်လယ်ထောင့်ကွေး တောင်ခြေရင်းတွင် လူနေ ၂ ထောင် ၄ ရာကျော်ခန့်သာရှိကြောင်း၊ သို့သော်လည်း ပြင်သစ်နိုင်ငံ အီတာလျံနိုင်ငံများက မစိုးမအုပ်ရ၊ ရှေးအစဉ်အဆက်ပင် နိုင်ငံသီးခြား ကွဲပြားအုပ်စိုး၍ လာရကြောင်းကို ပြောဆိုကြားသိရသည်။ (၁၇ ဇူလိုင် ၁၈၇၄)။

ဒီနေရာဟာ ကက်စီနို (Casino)တွေနဲ့ လောင်းကစား အကြီးအကျယ် ရှိတယ်လို့လည်း သံအဖွဲ့က သိပါတယ်။ အပြန်ခရီးမှာ ကုလားနိုင်ငံကိုပါ ဝင်လို့ပိုပြီး ကြာပါတယ်။ ရန်ကုန်ကို ၁၇ စက်တင်ဘာ ၁၈၇၄ မှာ ရောက်တယ်။ ရန်ကုန်မှာ ရတဲ့အမြတ်ကတော့ အင်္ဂလိပ်မင်းဥပဒေကို မြန်မာပြန်ပြီး စာအုပ်တစ်ဆယ့်တစ်အုပ် ရခဲ့တာပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ပုံစံနဲ့ သင်ကြားနေတဲ့ စာသင်ကျောင်းကိုလည်း ကြည့်ရတယ်။ မန္တလေးကို ၈ အောက်တိုဘာ ၁၈၇၄ မှာ ပြန်ရောက်ကြပါတယ်။ ရှင်ဘုရင်က သံအဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ကင်းဝန်မင်းကြီးကို အထူးမချီးမွမ်းဘဲ ဒုတိယလူကို 'မောင်ရင်ခြိမ့် ငါ့အမှုတော်ကို ထမ်းရွက်သည့်အရာများလုပေပြီ။ ဝန်ထောက် ခန့်ပါဘိ တော့....၊ မဟာဘွဲ့ပေးပါဘိ' အမိန့်တော်မှတ်တယ်။ နောက်တစ်ကြိမ် နိုင်ငံခြားကို သံလွှတ်တော့ အဲဒီ 'မောင်ရင်ခြိမ့်' ဟာ ခေါင်းဆောင်ဖြစ်လာတော့မယ်လို့ ကြိုတင် မှန်းဆနိုင်ပါတယ်။

ပြင်သစ်သွား မြန်မာသံအဖွဲ့ရဲ့လုပ်ငန်းကိုပြန်ကြည့်ရင် "ဆက်သရန် အထည် အလိပ် အသုံးအဆောင် ဝန်သေတ္တာလုံးရေ ၁၃' (၈ ဇူလိုင် ၁၈၇၄)က အရေးပါဆုံးပဲလို့ ပြောပြရမလိုဖြစ်နေတယ်။ ကြေညာပြီးသွားတဲ့အကြောင်းက မဟာမိတ် စာချုပ် လက်မှတ်ထိုးပြီးကို ပေးအပ်ရန်ဖြစ်တယ်။ ဒုတိယလုပ်ငန်းကတော့ စက်ဆရာ ငှားရမ်းဖို့ ဖြစ်တယ်။ အဲဒါလည်း စကား စရုံစပြီး ဆုံးခန်းတိုင်လုပ်ဖြစ်တယ်လို့ မှတ်တမ်းမှာ မတွေ့ဘူး။ တတိယမှာတော့ ပညာတော်သင်တွေ တိုးတက်မှုမရှိဘူး။ 'လက်ဖက်ရည်တော် ပညာတော်သင် နေမျိုးသိဒ္ဓိကျော်ထင်ကို အင်္ဂလန်နိုင်ငံမှာ ထားခဲ့မည်' (၁ ဇူလိုင် ၁၈၇၄) ဆိုတဲ့ ခြွင်းချက်ကလွဲလို့ အရင်ရောက်နေပြီး လူအားလုံး (ငတိုးခြုံ၊ သောထား၊ ငစီနဲ့ငတရုပ်ဖြူ)ကို မြန်မာနိုင်ငံ ပြန်လွှတ်ဖို့ စီမံရတယ်။ အရင် ပညာသင် မောင်မြူတို့ မောင်အောင်သူတို့ကတော့ အောင်မြင်ပုံရတယ် (၆ ဇွန် ၁၈၇၄)။ အချုပ် ကတော့ အဲဒီ ၁၈၇၄ အပိုင်းက ပညာတော်သင်တွေဟာ ပြန်ခေါ်ရတာ များတယ်ပဲ ဆိုပါတော့။ ဒီကိစ္စဟာ တကယ်တမ်းတွေးကြည့်ရင် အရှုံးနဲ့အဆုံးသတ်ရလို့ တယ် မကောင်းဘူးပေါ့။ အဲဒါတွေပဲ ဆောင်ရွက်ပြီး ပြန်လာတော့ ရှင်ဘုရင်က သံအကြီး ဖြစ်တဲ့ ကင်းဝန်မင်းကြီးကို မချီးမွမ်းတော့ဘဲ နောက်တစ်ဆင့်ကျော်ပြီး ချီးမြှင့်တယ်လို့ ယူဆရမလို ဖြစ်နေပါတယ်။ တကယ်ကတော့ ဦးခြိမ့်ဟာ ရှင်ဘုရင်ဆီမှာ လက်ဖက် ရည်တော် ကစပြီး အမှုထမ်းတဲ့လူမို့ ရှင်ဘုရင်နဲ့ ပိုပြီးရင်းနှီးတယ်။

ဦးခြိမ့် ခေါင်းဆောင်တဲ့ အီတလီ၊ စပိန်နဲ့ ပေါ်တူကီသွား မြန်မာသံအဖွဲ့ဟာ ၁၁ နိုဝင်ဘာ ၁၈၇၅မှာ မန္တလေး သံလျက်မော်ဆိပ် ကစပြီး ထွက်ကြပါတယ်။ သံလျက်မော်ဆိပ် ဆိုတာ မန္တလေး အနောက်ပြင် ၄၁လမ်းနဲ့ တည့်တည့် ပန်းဆက်တံခါး ဆိပ်ကမ်းကို ဆိုလိုပါတယ်။ သံအဖွဲ့ အဝင်အထွက်ရှိတိုင်း ဒီဆိပ်ကိုပဲသုံးလို့ 'သံဆိပ်'လို့ ခေါ်နိုင်တယ်။ အဲဒီအဖွဲ့မှာ ကင်းဝန်မင်းကြီးက အိန္ဒိယကို အလယ်လာတဲ့ ဝေလမင်းသား (နောင် အက်ဒ်ဝပ် ၇ မင်း)ကို ကြိုဆိုဖို့ ကာလကတ္တား အထိ လိုက်မယ်။ သံအဖွဲ့ကိုတော့ မြောင်လှ မြို့စား ဝန်ထောက်မင်းကြီး သီရိမဟာ ဇေယျသူ (ဦးခြိမ့်)ကို ဆက်လက် ခေါင်းဆောင်ပြီး အီတလီ အရောက်သွားရ မယ်။ ပညာတော်သင် အဖြစ် လူငယ် ငါးယောက် (ငထွန်းကြီး၊ ငဘိုးလှ၊ ငဘိုးလူ၊ ငဘိုးမောင်၊ ငဘိုးဆင်) တို့လည်းပါတယ်။ ဒီ ပညာတော်သင် တွေကို စာရင်းပေးတဲ့အခါ 'စာရေးတော်'လို့ ပေးတယ်။ သံအဖွဲ့သွားမှတ်တမ်းကို လက်ာနဲ့

ရေးထားခဲ့တဲ့ အတွက် မှတ်တမ်းတန်ဖိုး နည်းနည်း လျော့တယ်။ ဂရုပြုမှတ်သားပုံ ကင်းဝန်မင်းကြီး လောက် မစေ့စပ်ဘူး။ ရှင်းရှင်းပြောတော့ ကင်းဝန်မင်းကြီးကို မမီဘူးလို့ ဆိုချင်ပါတယ်။ အင်္ဂလိပ်အပေါ်မှာ မကျေမနပ်ဖြစ်နေတာကို ဟန်လုပ် မနေနိုင်တော့ဘူး။ အောက်ပိုင်း အင်္ဂလိပ်နယ်ကိုဝင်တဲ့အခါ 'မိစ္ဆာမင်း ပိုင်နက်' ရောက်ပြီလို့ ရေးတယ်။ ကင်းဝန်မင်းကြီး မှတ်တမ်းတွေမှာလို ရက်စဉ်မရေးဘဲ ရက် တော်တော်များများအတွင်းက အဖြစ်အပျက် တွေကို စုပြီးမှ စခန်းချတဲ့ နေရာကောင်း တစ်ခုရောက်တဲ့အခါ ပြန်ပြီးရေးလေ့ရှိတယ်။ ဘယ်နေ့ ဘယ်နေရာမှာ ရေးတယ်လို့တော့ ပါတယ်။ ဒါကြောင့် ဦးခြိမ့်မှတ်တမ်း ဟာ နည်းနည်းဟာတယ်။ ရန်ကုန်က ကာလကတ္တားကို ၁၀ ဒီဇင်ဘာ ၁၈၇၅ မှာ ရောက်မယ်ထင်တယ်။ ကာလ ကတ္တားမြို့မှာ ရေပေးပုံ၊ မီးပေးပုံကို အသေးစိတ် လေ့လာမှတ်သားတယ်။ မီးပေးတယ်ဆိုတာက ဓာတ်ငွေ့ (Gas Supply) ဖြစ်တယ်။ ဝေလမင်းသားကို ၁၀ ဇန်နဝါရီ ၁၈၇၆ မှာ ကြိုရတယ်လို့ မှန်းပါတယ်။ အဲဒီနောက် ကင်းဝန်မင်းကြီးတို့နဲ့ အတူ မီးရထားစီးပြီး ဗုဒ္ဓဂါယာကို သွားကြတယ်။ အဲဒီမှာ ကင်းဝန်မင်းကြီးတို့ကို ထားခဲ့ပြီး ဦးခြိမ့်တို့က ဆက်ပြီး မီးရထားနဲ့ပဲ ဘုံဘေကို သွားရတယ်။ ဘုံဘေကို ၃၀ ဇန်နဝါရီ ၁၈၇၆ မှာ ရောက်တယ် ထင်ပါတယ်။ မြို့အနေအထား သန့်ရှင်းပြန့်ပြူး ကြီးကျယ်တာကို ချီးမွမ်းတယ်။ ကာလကတ္တားထက် သာတယ်လို့ ဆိုတယ်။ ကိုးကွယ် ယုံကြည်မှုမှာ လူတစ်ကိုယ်တည်းက တခြားယောကျ်ား၊ တခြားမိန်းမပုံနဲ့ နတ် (Hari-Hara)ကို တွေ့လို့ အံ့သြရကြောင်းကိုလည်း မှတ်တမ်းတင်တယ်။ ဘုံဘေကနေပြီး ဥရောပကို သင်္ဘောစီးကြတယ်။ ထုံးစံအတိုင်း အေဒင်မြို့အကြောင်း၊ ရူးအက် တူးမြောင်းအကြောင်း၊ ပို့ဆာအိဒ်အကြောင်းတွေဆက်ပြီး မှတ်တမ်းတင်ပါတယ်။ မြေထဲ ပင်လယ်ထဲရောက်တော့ လှိုင်းကြမ်းလို့ ဒုက္ခရောက်ပုံကိုလည်း ထိမိအောင် ရေးမှတ် တယ်။ နပေါလိ (Naples) မှာ သင်္ဘောဆိုက်ပြီး အီတလီကမ်းကို တက်တယ်။ အဲဒီ ကမှ ရောမကိုသွားတယ်။ ရောမကို ၇ မတ် ၁၈၇၆ မှာ ရောက်မယ် ထင်တယ်။ အီတလီ ဘုရင်နဲ့ ၂၃ မတ် ၁၈၇၆ မှာ တွေ့ဆုံခွင့်ရတယ်လို့ ထင်ရတယ်။ ရောမမှာနေတုန်း ၂၉ မတ် ၁၈၇၆မှာ တခြားနိုင်ငံတွေက သံအမတ်တွေနဲ့ တွေ့ခွင့် မိတ်ဖွဲ့ခွင့်ရတယ်။ အဲဒါကို ဦးခြိမ့်က ဒီလို မှတ်တမ်းတင်ပါတယ်။



ကင်းဝန်မင်းကြီး

ရှေးအခါက မဟာမိတ်ဖြစ်ဟောင်း၊ ပြင်သစ်နှင့်အင်္ဂလန်၊အီတာလျံ များကိုလည်း ထပ်မံသိလေရှောင်းလော့၊ ၎င်းနောက်ကို သစ်အသစ်၊ ခိုင်ခံ့မြဲမြဲ၊ ပေါင်းသင်း ဆက်ဆံကြသည်၊ ထပ်မံမိတ်အသစ်ကား၊ ဆွီဇာလန်ဟူ၊ နိုင်ငံ တစ်ဌာန၊ အမေရိကန်၊ ဒင်မတ်ပြည်သံများနှင့်လည်း၊ ဆက်ဆံနှီးနှောကြ၏။ **အောက်စရိယ** နှင့် **ဘက်လဂျီဟ** မည်ထင်ရှား၊ စပိန်နှင့် ဟောလန်၊ ဂျာရမန် ငွဲပြင်၊ ဂျပန်သည် အခြားတည့်၊ ရွှတ်ရှားပြည်ဟု၊ အမည်လွှန်ပျံ့မွှေး၊ ထီးတဆူနေ၊ ပူတကေသည် ဇွဲဒင်နှင့် နော်ရဝေးတည့်၊ ရှေးအထက်က မိတ်ဆက်ခဲ့ဖူးလေပြီးသူ၊ မင်းတပါးပြည်သီးခြားငယ်ကို၊ ထင်ရှားတူရကီရှင့်၊ သူ့သညီမှာ မောင်နတ်ကိုး၊ ထီးနန်းစိုက်တည်၊ ထိုသည်ပြည်လည်း၊ အမည် မှည့်ပုံတမျိုးတည့်၊ ရှေးက ခေါ်ရိုး ခေါ်မတိုင်း၊ ယခုတတည်၊ ဂရိတ်ပြည်ဟု၊ အမည်ခေါ်သမိုင်းခဲ့၊ တိုင်းတိုင်းပြည်ပြည်၊ နိုင်နိုင်ငံ အသက အသက၊ တိုင်း ရောမတွင်၊ ခန့်ထားသမျှ သံတို့နှင့်၊ ဆက်ဆံနှီးနှောကြလေရာ၊ (၁၃ ဧပြီ ၁၈၇၆)

လို့ ရေးထားပါတယ်။ ဒီစာရင်းအရ ယခင်မိတ်ဟောင်း ပြင်သစ်၊ အင်္ဂလန်နဲ့ အီတလီ အပြင် ယခုမိတ်သစ် တစ်ဆယ့်ခြောက်နိုင်ငံ တိုးလာပါတယ်။ ဒီနိုင်ငံတွေက အားလုံး မင်းတုန်းမင်းရဲ့ ဂုဏ်သတင်းကို ကြားဖူးပြီးဖြစ်လို့ မိတ်ဖြစ်ဖို့လိုလားပါသတဲ့။ အဲဒါ ရေးမှတ်ပြီးတဲ့နောက် ဦးခြိမ့်ရဲ့မှတ်တမ်းမှာ ပြည်ရေးပြည်ရာနဲ့ ပတ်သက်ပြီး အဖိုးတန် စကား မပါတော့ပါဘူး။ ထူးတာဆန်းတာ ကောင်းတာတွေပဲ ပြောသွားတော့တယ်။ တိရစ္ဆာန်ပြပွဲ (Circus) ကို သိပ်ကျေနပ်ပုံရတယ်။ မြန်မာလူငယ်တွေကို ပညာသင်ဖို့ ခေါ်ယူခဲ့တာနဲ့ပတ်သက်ပြီး

ရေလမ်းကြည်းလမ်း သေနင်္ကျမ်းများကို၊ တတ်ကျွမ်း သိလိမ္မာအောင်၊ ပညာသင်ရန် လူငယ်ငါး၊ ဆင်းရွှယ်ရူပ၊ တင့်တယ်လှသော၊ မြန်မာ အမျိုးသားတို့ကို၊ ရပ်ခြားဒေသ ရှည်ဝေးလံ၊ ပညာဆီမီး၊ ထိန်ပြောင်ညီးလှသော၊ ပြည်ကြီးအီတာလျံတွင် ....၊ တူရင် (Turin) မြို့မှာ ကျောင်းဆရာတွင်၊ ကောင်းစွာ အပ်နှံထား၍၊ သင်ကြားပြသလေစေပြီ။ (၃၀ ဒီဇင်ဘာ ၁၈၇၆)။

ဒီစကားအရ ခေါ်လာတဲ့ လူငယ်ငါးဦး နာမည်တွေက (ထွန်းကြီး၊ ဘိုးလှ၊ ဘိုးလူ၊ ဘိုးမောင်၊ ဘိုးဆင်လို့ ထင်တယ်)ကို တုရင်မှာ စစ်ပညာသင်ခိုင်းတယ်လို့ ယူဆ နိုင်ပါတယ်။ ဒီလူငယ်တွေ မြန်မာနိုင်ငံကို ပြန်မှပြန်ကြသေးရဲ့လားမသိ၊ မပြန်ဖို့က များမယ်ထင်တယ်။

ဦးခြိမ့်တို့ဟာ အီတလီမှာ ကိစ္စကုန်တော့ စပိန်ကို ကူးတယ်၊ မြို့တော် မဒရစ် (Madrid) ကို ၂၂ ဇန်နဝါရီ ၁၈၇၇ မှာ ရောက်ကြတယ်ထင်ပါတယ်။ စပါညို့(စပိန်)မင်း နဲ့ ၁ ဖေဖော်ဝါရီ ၁၈၇၇ မှာ တွေ့ပြီး နောက်တစ်နေ့ ဘုရင့်ကပွဲကို ဖိတ်လို့ သွားရတယ်။ ဒီလို ကျားမ ဖက်တွဲပြီး ကတဲ့ပွဲကို မြန်မာတွေ သိပ်ကြည့်မရဘူးထင်တယ်။ ဒါပေမဲ့ ခပ်ဖြေဖြေ ရေးပါတယ်။ ဦးရွှဲရဲ့ **ဘင်္ဂလားသွား** မှတ်တမ်းထဲမှာ

အင်္ဂလိပ် မှူးကြီးမတ်ကြီး ဖိုလ်စုတပ်စု ဆိုသူတို့နှင့် မင်းယောက်ျား မင်းမိန်းမတို့ တစ်ဦးလက်ကို တစ်ဦး ဆွဲကိုင်၍ ခြေဖျားကို ထောက်ပြီးလျှင်

ကိုယ်ကိုလှုပ်၍ ကခုန်ကြသည်။ ၎င်းကခုန်သည့်ကာလ အင်္ဂလိပ်မိန်းမတို့ ဝတ်ဆင်သည်မှာ ဂါဝံပေတီဂွတ်ကာမြစ်ခေါ်ဝေါ်သည်၊ ဂါကရာအင်္ကျီအထည်များတွင် ရွှေဇာ ငွေဇာ ရွှေပွင့်ထိုး၊ ငွေပွင့်ထိုးများနှင့် အလွန်ထူးဆန်းသော အထည်အလိပ်များကို ဝတ်ဆင်၍ စိန်ကောင်း ကျောက်ကောင်းများကို ရွှေနားကပ် ရွှေနံ့သံ လုပ်ပြီးလျှင် ဝတ်ဆင် ကခုန်ကြသောကြောင့် မြန်မာ တိုင်းပြည်တွင် အငြိမ့် အက မိန်းမတို့ ဝတ်ဆင် ကခုန်သကဲ့သို့ မီးရောင် ကျောက်ရောင် ရွှေရောင်တို့ဖြင့် အလွန်တင့်တယ်ရှုဖွယ်ရှိသည်။ (၁၁ ဒီဇင်ဘာ ၁၈၃၀)။

အဲဒီလို ဘော (Ball)ကို ကြည့်ကောင်းတယ်လို့ ၁၈၃၀ ပြည့်နှစ်က ရေးခဲ့ဖူးတယ်။ နောက် ကင်းဝန်မင်းကြီးက

လန်ဒန်မြို့တွင်းရှိ ဘတ်ကိန်းကဟန် (Buckingham Palace) ခေါ် တိုက်နန်း တွင် မင်းညီ မင်းသား မင်းသမီး မင်းဆွေမျိုး နိုင်ငံခြားသံကြီး ကိုယ်စလှယ် မှူးမတ် အရာရှိကတော် မယားတို့ စည်းဝေး၍ ဥတုရာသီလိုက် ကခုန်ပျော်ပါးမြဲဖြစ်သော စတေးထဖောလ (State Ball) ပွဲသို့..... ၎င်းပွဲတွင် အိမ်ရှေ့မင်းနှင့် မင်းသား မင်းသမီး မင်းဆွေမင်းမျိုးတို့ တစ်ဝိုင်း၊ မှူးမတ် အရာရှိ ကတော် မယားတို့ တစ်ဝိုင်းထား၍ အမျိုးဘာသာ တီးမှုတ်မျိုးတို့ကို တီးမှုတ်ပြီးလျှင်၊ အိမ်ရှေ့မင်းနှင့်တကွ မင်းသမီး မင်းသား သင့်ရာသင့်ရာ တွဲလျက် မင်းမှူးမတ်ဝိုင်းကလည်း မည်သည့် မှူးမတ်မဆို၊ မိန်းမယောက်ျား သင့်ရာတွဲလျက် ကခုန်ပျော်မြူးကြသည် (၂၁ ဇူလိုင် ၁၈၇၂)

လို့ ရေးခဲ့တယ်။ သူကလည်း အတွေ့အကြုံကို တစ်ဆင့်ပြောသက်သက်ပဲ ရေးတယ်။ ဦးခြိမ့်ကတော့ မကြိုက်တဲ့သဘောရှိပေမယ့် သူ့လူမျိုး သူ့စရိုက်မို့ သည်းခံပေတော့ ဆိုတဲ့လေနဲ့–

ကတော်မိန်းမ၊ ကညာရွယ်လှတို့မှာလည်း၊ ဒေသလိုက်ဘာသာပင်၊ သင့်ရာ မင်းယောက်ျားတို့နှင့် စုံညီတွဲဖက်၊ ပွဲလယ်ချက်တွင်၊ ကလျက်ကယ် ခုန်သဖြင့်ပင်၊ ဂုဏ်မြင့်ဂုဏ်နိမ့် ထိုက်ရာရာ၊ သွယ်ဝယ်ယိမ်းနွဲ့၊ ကပွဲကြီးဖွဲ့ သည်ကို၊ ကဲ့ရဲ့ခြင်း မပြုသာဘူး၊ မြို့ရွာထုံးစံအလိုက်ပင်၊ မင်းနှင့်တကွ၊ ဂုဏ်မောက်သူ ရှိသမျှတို့သည်၊ ခုန်ကသည် ပွဲသဘင်ဟု၊ စိတ်တွင် မှတ်ယူ ကြလေသင့်၊ ဤကဲ့သို့ ဘာသာကခုန်ခြင်းကြောင်းအရာကို၊ မြန်မာထုံးနှင့် ချင့်၍ နှိုင်းသင့်တော့ သည်မဟုတ်ရာ၊ အကြောင်းအကျိုး အကောင်းအဆိုး တို့သည်၊ မျိုးရိုးလိုက် ဘာသာပင်၊ တူရာတူ၍ လွဲရာလွဲ၊ ရပ်ခြားဝေးလံ တစ်နိုင်ငံမှာ၊ ပြည်ထုံးစံသည်လိုပဲဟု၊ စိတ်စွဲမှတ်ယူသင့်လေ၏ (၂ ဖေဖော်ဝါရီ ၁၈၇၇)

မကြိုက်ပေမယ့် အပြစ်မယူသာလို့ ရေးခဲ့ပါတယ်။ စပိန်မင်းနဲ့တွေ့ပြီး ဦးခြိမ့်တို့ ပေါ်တူကီနိုင်ငံ လစ်စဗွန်မြို့တော်ကို ပေါ်တူကီနိုင်ငံ ဘုရင်နဲ့တွေ့ဖို့ သွားကြပြန်တယ်။ ဘုရင်ကို ၁၉ ဖေဖော်ဝါရီ ၁၈၇၇ မှာ တွေ့ရတယ်လို့ ထင်ပါတယ်။ စပိန်နဲ့ ပေါ်တူကီ ရောက်ပြီးမှ နွားရိုင်းပွဲ (Bull Fight) အကြောင်း ဘာပြုလို့ မရေးသလဲ မသိပါ။ ပေါ်တူကီက စပိန်ကိုပြန်ပြီး ပြင်သစ်ပြည်နယ်ထဲ ဝင်သေးတယ်။ ပါရစ်မြို့တော်ကို ၆ မတ် ၁၈၇၇ မှာ ရောက်ဟန်တူတယ်။ ဘာလုပ်သွားတယ်လို့ မရေးဘူး၊ အံ့ဩစရာတွေပဲ ရေးတယ်။

အဲဒီအနေနဲ့ ဦးခြိမ့်ရဲ့ မှတ်တမ်းဟာ အဆင့်အတန်း နိမ့်ကျတယ်။ ပြင်သစ်က အီတလီကို ပြန်လာတော့လည်း နှင်းတောကို ဖြတ်လာပုံကိုပဲ တခမ်းတနား ရေးနေတယ်။ အီတလီနိုင်ငံ ပြန်အရောက်မှာ မြန်မာနိုင်ငံကို ပြန်ခဲ့လို့ လွှတ်တော်က ကြေးနန်းနဲ့ဆင့်စာပို့လို့ ပြန်ရ တယ် လို့ ဆိုတယ်။ ဂျီနိုဝါဆိပ် သင်္ဘော ပေါ်ကို ၂၄ ဧပြီ ၁၈၇၇ မှာ တက်တယ်။ ဦးခြိမ့် ရဲ့ ဆောင်ရွက်ချက်ကို ခြုံလိုက်ရင် နိုင်ငံပေါင်း တစ်ဆယ့်ခြောက်နိုင်ငံက သံတွေနဲ့ တွေ့ဆုံပြီး မိတ်ဆက်ရတယ်။ ပညာသင် ငါးဦးကို နေရာချထားရတယ်။ အီတလီမင်း၊ စပိန်မင်းနဲ့ ပေါ်တူကီမင်းဆီကို ဝင်ထွက်ခဲ့တယ်ဆိုတာပဲ တွေ့ရတယ်။ အလွယ်ပြောတော့ သိပ်ပြီးအရာရောက်တဲ့ ခရီး မဟုတ်ပါဘူး။ ဦးခြိမ့်တို့ဟာ မေ–ဇွန် ၁၈၇၇ မှာ မန္တလေး ပြန်ရောက်မယ်ထင်တယ်။ အဲဒီနောက် ဖန်ချက် ဝန်ကို သံခန့်ပြီး ပြင်သစ်ကို လွှတ်သေး တယ်။ မြန်မာမှတ်တမ်းထဲမှာ မတွေ့ပေမယ့် အင်္ဂလိပ်မှတ်တမ်း တွေမှာ ဖန်ချက်ဝန်ဟာ ပါရစ်ကို ၁၉ ဇူလိုင် ၁၈၇၈ မှာရောက်နေပြီလို့ သိရတယ်။ ပြင်သစ်ဟာ အင်္ဂလိပ် ပယောဂ ဝင်နေလို့ မြန်မာပေါ်မှာ တစ်ဖက်လှည့် လုပ်နေတာနဲ့ ၁၈၇၄ ခု စာချုပ်ဟာ ယခုအထိ အရာ မရောက်သေးဘူး။ မြန်မာလိုချင်တဲ့လက်နက်ကို အင်္ဂလိပ်က မရောင်းရလို့ တိတ်တဆိတ် ကန့်ကွက်ထားလို့ မရောင်းသေးဘူး။ ဒီကိစ္စတွေ မပြီးပြတ်လို့ ဖန်ချက်ဝန် လာရပြန် တယ်လို့ ထင်တယ်။ လာလည်း မပြီးပြတ်ပါဘူး။ အဲဒီနောက်တော့ ၁၃ နိုဝင်ဘာ ၁၈၇၇မှာ အီတလီမင်းသားကို စလွှယ်သနားတယ်လို့ပဲ မြန်မာမှတ်တမ်းမှာ သာမည တွေ့ရတော့ တယ်။ ဒါ့ထက်တိုးပြီး ဘာမှ နိုင်ငံခြား ဆက်ဆံရေးမှာ မထူးဘူးလို့ ယူဆရပါမယ်။ ဘာပြု လို့လဲ ဆိုတော့ မင်းတုန်းမင်းဟာ အသက်ကြီးလို့ ကျန်းမာရေး ချို့ယွင်းလာပြီမို့ တစ်နန်းတော်လုံး ထီးမွေ ဆက်ခံရေးကိုပဲ စိတ်ဝင်စားနေကြပြီလို့ ထင်ပါတယ်။ မင်းတုန်းမင်းဟာ ၁ အောက်တိုဘာ ၁၈၇၈ မှာ နတ်ရွာ စံပါတယ်။



မင်းတုန်းမင်း

မန္တလေးခေတ်ဦး နိုင်ငံခြားဆက်ဆံရေးကို ပြန်ကြည့်ရင်

၁။ အင်္ဂလိပ်နဲ့ အပြေပြစ်ဆုံး ဆက်ဆံပြီး အောက်မြန်မာနိုင်ငံကို ပြန်ပြီး ရရှိအောင်

၂။ ရောင်းရေးဝယ်မှု(မြန်မာ၊ အင်္ဂလိပ်၊ တရုတ်) အားလုံး တိုးပွားစည်ပင်လေအောင်

၃။ နိုင်ငံခြားလုပ် စစ်ပစ္စည်းတွေ ပိုမို ရရှိအောင်

၄။ နိုင်ငံခြားကို ပညာသင်လွှတ်ပြီး နိုင်ငံခြား အတတ်ပညာတွေထဲက စစ်ပညာ၊ စစ်ပစ္စည်း ထုတ်လုပ် ရေးကို ပဓာနထားပြီးတတ်မြောက်အောင်

၅။ ပညာသင်တွေ အကဲမရတဲ့အခါ နိုင်ငံခြားပညာရှင်တွေ ပင့်ဖိတ် ခေါ်ယူရအောင်

၆။ ရန်ကုန်အင်္ဂလိပ် မောက်မာလို့ အင်္ဂလန်က အင်္ဂလိပ်နဲ့ ဆက်ဆံကြည့် ဖူးအောင်

၇။ အင်္ဂလိပ်တစ်ဖက်သတ် လွှမ်းမိုးတာကို တစ်ဖက်က မဲတင်းတဲ့ အနေနဲ့ ပြင်သစ်၊ အီတလီ၊ အမေရိကန်၊ စပိန်၊ ပေါ်တူကီ၊ ဂျာမန်၊ ရုရှား ဆိုတဲ့ နိုင်ငံတွေကို မဟာမိတ်ဖွဲ့ဖို့ အခွင့်ရလေအောင် (ဒီနေရာမှာ ပြင်သစ်၊ အီတလီနဲ့ ရုရှားကို အများဆုံးကြိုးစားပြီး ဆက်သွယ်တယ်။ ပြင်သစ်နဲ့ အီတလီနိုင်ငံတွေ ဆက်ဆံတဲ့အခါ အတော်ကလေး အကျိုးရှိတယ်လို့ ဆိုနိုင်တယ်)

၈။ အပေါ်ကပြောခဲ့တဲ့နည်းတွေဟာ တစ်နည်းမကောင်း တစ်နည်း ပြောင်း ပေမယ့် အဖြေမှန်မပေါ်ဘူး။ ဒါ့ကြောင့် နောက်ဆုံး မင်းတုန်းမင်းဟာ အင်္ဂလိပ်နဲ့တိုက်ရိုက် တင်းတင်းမာမာ ရန်မဖြစ်ဖို့ကိုပဲ ကြိုးစားပြီး ရှောင်တဲ့နည်းကို သုံးရပါတော့တယ်။ ကျရောက်မယ့် အန္တရာယ်ကို တတ်နိုင်သလောက် ရက်ဆွဲနည်းပါပဲ။ ဒီနည်းမှာတော့ မင်းတုန်းမင်း အောင်မြင်တယ်လို့ ဆိုနိုင်ပါတယ်။

၉။ အခုပြောပြီးတဲ့ ၁၈၆၀ ကနေပြီး ၁၈၈၀ ပိုင်းဟာ ဥရောပနဲ့ အမေရိကန်နိုင်ငံတွေမှာ ကိုယ့်ပြည်တွင်းပြဿနာအပြည့်နဲ့မို့ မြန်မာ့အရေးကို အများကြီး ဝင်ရောက်ကူညီနိုင်မယ့် အခြေအနေ မရှိလို့လည်း မြန်မာတွေရဲ့ နိုင်ငံခြားဆက်ဆံရေးမှာ အခက်အခဲပိုပြီး တွေ့ရတယ်လို့ ဆိုနိုင်ပါတယ်။

❑

## ကရင်နီအရေး

မန္တလေးရဲ့မင်းတုန်းမင်းခေတ်မှာ ကရင်နီအရေးဟာ မြန်မာတွေ အင်္ဂလိပ်နယ်ချဲ့နဲ့ ယှဉ်ပြိုင်ပြီး မဖွံ့ဖြိုးသေးတဲ့နေရာတစ်ခုကို လွှမ်းမိုးဖို့ အားထုတ်ကြည့်တဲ့ အရေးအခင်း ဖြစ်တယ်လို့ ယူဆရင်လည်း ရပါတယ်။ တကယ်ကတော့ ကရင်နီဟာ အရှေ့ခြမ်း အနောက်ခြမ်းရယ်လို့ ရှိပြီး တစ်ခြမ်းနဲ့တစ်ခြမ်း ရန်မူကြရာက ထုံးစံ အတိုင်း မဟာမိတ်ရှာတဲ့အခါ တစ်ဦးက မြန်မာဆီရောက်လာပြီး ကျန်တစ်ဦးက အင်္ဂလိပ်ဆီ ရောက်တယ်လို့ အလွယ်ပြောနိုင်ပါတယ်။ ဒါပေမယ့် တကယ့်ဖြစ်စဉ်ကတော့ ဒီလောက် မလွယ်ဘူးပေါ့။

ဒုတိယ အင်္ဂလိပ်စစ်ရပ်စဲတဲ့အခါ စာချုပ်နဲ့ အပြေအလည် နယ်မြေပိုင်းခြားပြီး ရပ်စဲခဲ့တာ မဟုတ်ဘူးဆိုတာ အများသိပြီး ဖြစ်ပါတယ်။ အင်္ဂလိပ်က အာလံအထက် လေးမိုင်ကနေပြီး အရှေ့အနောက် မျဉ်းဖြောင့်ဖြောင့်ဆွဲပြီး အဲဒီမျဉ်းရဲ့တောင်ဘက်ကို သူတို့ယူမယ်ဆိုပြီး ယူတာပါပဲ။ ဒီတော့ သူတို့ဆွဲတဲ့မျဉ်းဟာ အရှေ့ဘက်အစွန်း ရောက်တော့ အနောက် ကရင်နီနယ်ကို တွေ့တယ်ပေါ့။ ဒီနယ်ကိုပါ ပိုင်နက်ထဲကို ထည့်ရမလားလို့ အမှန်စဉ်းစားပါတယ်။ အနောက်ကရင်နီက သူတို့ဟာ မြန်မာမင်းရဲ့ လက်အောက်ခံ မဟုတ်ဘူးလို့ အခိုင်အမာပြောတာနဲ့ အင်္ဂလိပ်က အနောက်ကရင်နီကို ဆက်လက်ပြီး လွတ်လပ်တဲ့နိုင်ငံငယ်လို့ အသိအမှတ်ပြုလိုက်တယ်။ ဒါပေမယ့် အတွင်း ဉာဏ်မှာတော့ တစ်နေ့မြန်မာက အနောက်ကရင်နီအပေါ်မှာ အထက်မင်းအနေနဲ့ လွှမ်းမိုးလာရင် လက်သင့်မခံရဘူး။ မြန်မာက သိမ်းမယ့်အရိပ်အရောင်ရှိရင် ငါတို့ အင်္ဂလိပ်ကပဲ သိမ်းလိုက်မယ်လို့ တေးထားလိုက်တယ်။ အခု အခိုက်အတန့်တော့ ကြားနိုင်ငံပဲပေါ့။ ခရစ်ယန်သာသနာပြုတွေက ကရင်နီတွေကို အယူပြောင်းအောင် ကြိုးစားတယ်။ သိပ်မအောင်မြင်ဘူးလို့ပဲ သိရပါတယ်။

ကရင်နီနယ်ထဲမှာ ကျွန်းသစ်တောကောင်းကောင်းနဲ့ သံဖြူတွင်းတွေ ရှိနေတော့ အင်္ဂလိပ်ရော မြန်မာပါ လိုချင်မျက်စိ ရှိနေကြတယ်။ အနောက်ကရင်နီက အကြီးအအုပ် ဖြစ်တဲ့ ကြယ်ဘိုကြီးဆိုတဲ့ လူဟာ ၁၈၆၈မှာ သေဆုံးတဲ့အခါ သားနှစ်ယောက် ကျန်ရစ်ပါတယ်။ ခွန်တီနဲ့ခွန်ဆာလို့ ခေါ်ကြပါတယ်။ သူတို့က အင်္ဂလိပ်နဲ့မြန်မာကို ရန်တိုက်ပေးပြီး ကြားက သူတို့အဖို့ အမြတ်ရနိုင်သလောက်ရအောင် ထုတ်ယူဖို့ နားလည်ကြပါတယ်။ အနောက်ကရင်နီနယ်ကို အုပ်ချုပ်တဲ့ အဲဒီ ခွန်တီနဲ့ခွန်ဆာဟာ အရှေ့ကရင်နီနယ်ကို အုပ်ချုပ်တဲ့ စောလပေါနဲ့လည်း မတဲ့ဘူး။ အရှေ့ကရင်နီကတော့ မြန်မာလက်အောက်ခံရယ်လို့ အတိအလင်း အသိအမှတ်ပြုပြီးသား ဖြစ်ပါတယ်။

ကရင်နီ နှစ်ခြမ်းကွဲပြီး ရန်လိုနေတယ်ဆိုတာ မလိုလားအပ်တဲ့ ကိစ္စပဲပေါ့။ စောစောက ပြောခဲ့သလို နယ်ချဲ့အင်္ဂလိပ်ကဝင်ပြီး စွက်ဖက်ဖို့ လမ်းပွင့်နေပြီလို့ ဆိုရမယ်။

ပထမတော့ မန္တလေးကိုတက်ပြီး မြန်မာဘုရင်နဲ့တွေ့ဖို့ လိုမယ်လို့ နှစ်ဖက် စလုံး သဘောပေါက်ပြီး ၁၈၆၉ ခုထဲမှာ စောလပေါ(အရှေ့) ရောက်လာသလို ခွန်တီ (အနောက်)လည်း ရောက်လာပါတယ်။ မန္တလေး ကျတော့ စောလပေါနဲ့ အင်္ဂလိပ်အရေးပိုင် စလေဒင်တို့ တွေ့ဆုံ ခွင့်ရကြတယ်။ စလေဒင်ဟာ ပရိယာယ် ကျွမ်းကျင်သူ ဖြစ်တယ်လို့ ဆိုရမယ်။ အင်္ဂလိပ်ဟာ အနောက် ကရင်နီနဲ့ နယ်နိမိတ်ယှက်နေလို့ အနောက် ကရင်နီနဲ့ ပိုပြီး အကျွမ်းတဝင်ရှိတယ်လို့ မယူဆ သင့်ဘူး။ အင်္ဂလိပ်သဘောကတော့ နယ်နိမိတ်မှာ ဆူပူမှု မရှိရင် ကြိုက်တယ်။ နောက်တစ်ဆင့်တက်ပြီး ဖြစ်နိုင်သေးရင် ကိုယ့်နယ်နိမိတ်က ကျော်ပြီး တစ်ခြား ဖက်မှာ ကုန်ကူးဖို့ သွားလမ်းလာလမ်း ပွင့်မယ်ဆိုရင် သာပြီး ကြိုက်တယ်လို့ စပြောတယ်။ ပြီးတော့ အလို ရှိရင် နှစ်ခြမ်းကွဲပြီး ရန်ဖြစ်နေတာ ငြိမ်းချမ်းဖို့ ကြား ဝင်ပေးပါဆိုရင် ပေးနိုင်တယ်လို့လည်း ဆိုတယ်။ အရှေ့နဲ့အနောက် မသင့်တင့်တဲ့ အကြောင်းရင်းကတော့ အရှေ့ဘက်က အနောက်ဘက်ပိုင် ဆင် ၆၀ နဲ့ သစ်လုံး ၃၀၀၀ အတင်းယူထားတဲ့အတွက်ပဲလို့ သိရတယ်။ ဒီကိစ္စကို ဖျန်ဖြေပေးစေချင်ရင် ရန်ကုန် ဆင်းပြီး အင်္ဂလိပ်ကော်မရှင်နာချုပ်နဲ့ တွေ့သင့်တယ်လို့လည်း အကြံဉာဏ်ပေးတယ်။ အတွင်းသဘောကတော့ ကရင်နီအပေါ်မှာ ဗမာတွေရဲ့ဩဇာ မဝင်ဖို့ပါဘဲ။ အဲဒါကို ဗမာကလည်း မကြာခင် သဘောပေါက်ပါတယ်။ အထူးသဖြင့် စလေဒင်က မန္တလေးမှာ နေတဲ့ စောစောပိုင်းက မြန်မာတွေနဲ့ ခင်မင်တာကို အခွင့်ကောင်းယူပြီး တစ်ဖက်လှည့်နဲ့ ကရင်နီအရေး၊ ကချင်အရေးတွေမှာ ဝင်ရှုပ်တယ်လို့ သိလာပါတယ်။ တစ်ဖက်က ကြည့်ရင် မော်လမြိုင်သစ်လုပ်ငန်းဟာ ကရင်နီက သစ်အထွက်ကို အများကြီး မြှော်ကိုး ရတဲ့လုပ်ငန်း ဖြစ်တယ်။ ဒီတော့ ကရင်နီနယ်မှာ သစ်ထုတ်လုပ်ရေးကို အနှောင့်အယှက် ဖြစ်မယ့်ကိစ္စဆိုရင် အင်္ဂလိပ်ကဝင်ပြီး စွက်ချင်မယ်ဆိုတာ ကြိုပြီး တွက်ဆနိုင်ပါတယ်။ အင်္ဂလိပ်စွက်တာကို မြန်မာကလည်း မခံချင်ပေဘူးပေါ့။ ဒါပေမယ့် လျှော့ပေးရမယ်လို့ သိကြပြီးသားပါပဲ။ ကရင်နီအရေးနဲ့ ပတ်သက်ပြီး ပါးစပ်ရာဇဝင်မှာ ဒီလိုတွေ့ဖူးပါတယ်။



စလေဒင်

> တစ်ခါသော် ကရင်နီတောင်ပိုင်စော်ကဲက ကရင်နီနယ်မြေကို သိမ်းယူတော်မူရန် သံတော်ဦးတင်လွှာဆက်သည်ကို ရရှိတော်မူသည့်အတိုင်း မင်းတြားကြီးက သိမ်းပိုက်တော်မူရန် အမိန့်တော်ထုတ်၍ လွှတ်တော်သို့ ပို့တော်မူသည်ကို ပခန်းမင်းကြီးက ရှင်ဘုရင်လုပ်နေပြီး တောင်နားမလည် မြောက်နားမလည်နဲ့ သည်အမိန့်ကို ထုတ်ရသလားဆိုပြီး အမိန့်တော်လွှာကို ဆုတ်ပစ်လိုက်ပြီး ညီလာခံ(မှာရှင်ဘုရင်က အမေးတော် ရှိတဲ့အခါ) ဖျက်သိမ်းလိုက်ခြင်းအကြောင်းမှာ ကရင်နီနယ်မြေကလေးဟာ ကျဉ်းကျဉ်းကလေး၊ နယ်စပ်လဲဖြစ်သောကြောင့် နယ်ခြားဖြစ်သောနေရာအဖြစ်နှင့် သူဘာသာအလျောက် နေခြင်းဖြစ်သည်။ မတရားသဖြင့် ၎င်းနယ်မြေကလေး ဘာမျှမဟုတ်သည်ကို လောဘ

ရမက်နှင့် သိမ်းယူချေသော် ကုလားတို့က ထကြွဖိစီးလာသည့်အခါ အကြီးအကျယ် စစ်ကြီးဖြစ်မည့်အရေးကို မြင်သည်တစ်ကြောင်း၊ သိမ်းယူလိုက်သော် ယိုးဒယားနှင့် နယ်စပ်ဖြစ်သွားလျှင် အချင်းစကား ဖြစ်ပွားကြမည်ကို မြင်သည် တစ်ကြောင်း၊ သို့အတွက် အမိန့်တော်ကို ဖျက်လိုက်သည်၊ ကရင်နီက ကန့်တော့လက်ဆောင်တော်ကို ခံယူပြီး ရှင်ဘုရင်ပီပီလုပ်၍ နေသည်မှာ အကောင်းသားနှင့် တောင်က ပြောယုံ မြောက်ကပြောယုံနှင့် ကောင်းနိုင်မည် မဟုတ်ဘူး၊ နိုင်ငံကို အရေးလွှဲအပ်သော လွှတ်တော်ဝန်ကြီးများ ရှိပါလျက် မေးမြန်းတိုင်ပင်ခြင်း မပြုဘဲ ရှင်ဘုရင်သဘောအတိုင်း ပြုလုပ်ပါက လွှတ်တော်ဝန်ကြီးထားသည့်အတွက် ဘာအကျိုးရှိဦးမှာလဲဟု ပြောပြသော အခါ မင်းတရားကြီးက တစ်စုံတစ်ရာ ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေတော်မူ လေ၏။ **(မော်ဘီသိန်း၊ မြန်မာ့ လွှတ်တော်ဝန်ကြီး မှူးကြီးများ၊** ၁၉၆၇ ပြန်နှိပ်၊ စာမျက်နှာ ၁၅–၁၆)

ဒီနေရာမှာ ပခန်းဝန်ကြီး ဆိုတာကို အင်္ဂလိပ်က နန်းရင်းဝန်လို့ ယူဆတဲ့ ဝန်ကြီးပါပဲ။ အင်္ဂလိပ်အရေးပိုင်ရဲ့အပြောကတော့ ပခန်းဝန်ကြီးက ကရင်နီအရေးမှာ အင်္ဂလိပ်ကြိုက်သလိုလုပ်၊ မြန်မာက ဝင်မပြောဘူးလို့အာမခံတယ်တဲ့။ ဒါလဲ ဟုတ်လောက် စရာရှိပါတယ်။ နောင် ပခန်းဝန်ကြီးသေလွန်ပြီးတဲ့အခါ ဒီလောက် အလျော့ပေးပြီး မဆက်ဆံလိုတဲ့ သဘောပြပြန်တယ်။ အင်္ဂလိပ်က အဲဒီအခါမှာ ကရင်နီ အရေးတစ်ခုတည်းနဲ့ ရန်စပြီး မဖြစ်ဖူးလို့ဆိုပြီး အတင်းအမာ ဘာမျှ မပြောတော့ဘူး။ ဒါပေမယ့် တိတ်တဆိတ် အနောက်ကရင်နီနဲ့ အပေးအယူ ကတိလုပ်ထားခဲ့ပါတယ်။ ပြီးတော့မှ ဆာဒေါက်ကလပ် ဖော်ဆစ် (Sir Duglas Forsyth)ကို ၁၈၇၅ ခုမှာ ကရင်နီအရေး ပြောဆိုဖို့ မန္တလေးကို လွှတ်ပါတယ်။ ရှင်ဘုရင်နဲ့ ၁၇ ဇွန် ၁၈၇၅ နေ့မှာ ဝင်တွေ့ ရတယ်။ နောက် ဖော်ဆစ်နဲ့ ကင်းဝန်မင်းကြီးတို့ ၂၁ ဇွန် ၁၈၇၅ နေ့မှာ လက်မှတ်ထိုးကြတဲ့ သဘောတူညီချက်ကတော့ အနောက်ကရင်နီကို မကျူးကျော် စတမ်းလို့ ကတိပြုကြတာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်ဦးကတိပြုပုံတူလို့ ဘယ်ဘက်ကမှ မသာဘူးလို့ မထင်ပါနဲ့။ အင်္ဂလိပ်က သာပါတယ်။ ဘာနဲ့အလားတူသလဲ ဆိုတော့ နောင် အနှစ်နှစ်ဆယ်လောက် ကြာတဲ့အခါ ၁၈၉၄–၉၅မှာ ကိုရီးယားအရေးနဲ့ပတ်သက်ပြီး တရုတ် ဂျပန် စစ်ဖြစ်ပြီး စစ်ကိုရပ်စဲတဲ့အခါ ကိုရီးယား လွတ်လပ်ရေးကို ဂျပန်ရော တရုတ်ပါ အသိအမှတ်ပြုမယ်ဆိုကြတော့ ကိုရီးယားပဲ အချောင် ဟန်ကျသွားသလိုလို၊ တရုတ်ရော ဂျပန်ပါ နောက်ဆုတ်ပေးရသလိုလို ထင်ရပေမယ့် တကယ်ကတော့ အရင်က ကိုရီးယားမှာ တရုတ်သြဇာ အများကြီးရှိခဲ့ရာက အခု ဂျပန်က ဝင်ပြီး တွင်ကျယ်တာပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ဟာ အခု ကရင်နီအရေးမှာလဲ ဂျပန်က တရုတ်အပေါ်မှာ အသာရသွားပုံမျိုး မြန်မာအပေါ်မှာ အသာရသွားပါတယ်။ မြန်မာနဲ့ ကရင်နီ နယ်နိမိတ်ကို အင်္ဂလိပ်ကဝင်ပြီး သတ်မှတ်တယ်။ သတ်မှတ်လို့ ၁၈၇၆ ခု မတ်လမှာပြီးတယ်။ အနောက်ကရင်နီထဲမှာ အင်္ဂလိပ်ဟာ အတားအဆီး မရှိ ကျွန်းသစ် ခုတ်ယူခွင့် ရသွားပါတယ်။ ဒါပေမယ့် အုပ်ချုပ်ရေးနဲ့ ငြိမ်ဝပ်ပိပြားရေးဆိုတဲ့ တာဝန်တွေ ကိုတော့ ဘာတစ်ခုမှ မယူဘူး။ တကယ်ကတော့လဲ ကရင်နီနယ်က လူတွေဟာ သူများ ရွာတွေနယ်တွေဝင်ပြီး ကျွန်အဖြစ်နဲ့ ရောင်းစားဖို့ လူဖမ်းတဲ့ အလေ့အထလဲ ရှိခဲ့တယ်။

ကရင်နီနယ်ထဲမှာ မင်းမဲ့တိုင်းပြည်လိုပဲ စည်းမဲ့ကမ်းမဲ့ အချင်းချင်း သတ်ဖြတ်ကြပါတယ်။ အဲဒီအခါမှာ တစ်ချို့စော်ဘွားငယ်တွေက ဗမာလာပြီး အုပ်စီးရင် ကောင်းမယ်လို့ ဆန္ဒရှိတယ်။ အဲဒါကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးလို့ အင်္ဂလိပ်က ခြိမ်းခြောက်နေပါတယ်။

❑

## သီပေါမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေး

မင်းတုန်းမင်းရဲ့ နောက်ဆုံးသုံးနှစ်ကစပြီး ဘယ်အင်္ဂလိပ်မှ မြန်မာရှင်ဘုရင်နဲ့ တိုက်ရိုက်ဝင်ပြီး ဆွေးဆွေးနွေးနွေး စကားပြောခွင့်မရတော့ဘူး။ အတိအကျပြောရ ရင် ၁၇ ဇွန် ၁၈၇၅ မှာ မင်းတုန်းမင်းနဲ့ ဝင်တွေ့တဲ့ ဆာဒေါက်ကလပ်ဖော်ဆစ် (Sir Douglas Forsyth) ဟာ မြန်မာဘုရင့်ရှေ့မှာ ဖိနပ်ချွတ်ရတဲ့ နောက်ဆုံးအင်္ဂလိပ်ပါဘဲ။ အဲဒီနောက် ဖိနပ်မချွတ်နိုင်ဘူးလို့ အင်္ဂလိပ်ကအရေးဆိုတော့ မြန်မာကလဲ မချွတ်နိုင်ရင် မလာခဲ့နဲ့လို့ စည်းကမ်းထားလိုက်တယ်။ ဒီတော့ မင်းနဲ့ပြောမှ ပြီးမယ့်ကိစ္စဟာ မပြီးတော့ဘူးပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီလို မှတ်ချက်တစ်ခုကို ဖတ်ရဖူးပါတယ်။

> 'ဖိနပ်ပြဿနာ' ကို အကြောင်းပြုလျက် သံတမန်တို့၏ **မပြေနိုင်သော အခက်**ကြုံသဖြင့် (မြန်မာ)ဘုရင်နှင့် တိုက်ရိုက်တွေ့ဆုံခွင့် ဆုံးရှုံးလျက် မန္တလေးနေ အင်္ဂလိပ်အရေးပိုင်မှာ တစ်ဦးချင်း ထီးထီးဖြစ်ခဲ့ အဆက်အသွယ် အားလုံး ပြတ်စဲသွားရခြင်းကား အထူးကံဆိုးသည်ဟုပင် ဆိုရချေမည်။ ဤသို့သော အရေးမျိုးတွင် တောမတ်စပီရာလိုလူမျိုး အနီးအပါး၌ မရှိသည်မှာလည်း နစ်နာလှသည်။ ဆိုလိုသည်မှာ ချက်ခြင်း အရေးယူဆောင်ရွက်ရမည့် ပြဿနာများ အားလုံးပင် လျစ်လျူပြုခြင်း ခံရပါသည်။ တနည်းအားဖြင့် အင်္ဂလိပ် ကျွန်တော်မျိုးဟု အခေါ်ခံသူတို့ ယခင်ကထက်ပို၍ အစော်ကားခံရသည်ဟု ဆိုရချေမည်။ (ယခင်ကလို မကြေနပ်ချက်ကို တိုင်တန်းလာလျှင် ချက်ခြင်း ဖြေရှင်းပေးခြင်း မရသည့်အခါ တမင်သက်သက် အကြောင်းရှာလျက် စော်ကား နေကြသည်ဟု အထင်ရောက်လာကြသည်ကို ဆိုလိုဟန် ရှိပါသည်)။ (အင်္ဂလိပ် အများစိုင်း၍) နာကြည်းကြသော ကိစ္စနှစ်ခု ၁၈၇၈ ခုနှစ်တွင် ကြုံကြရ၏။ အင်္ဂလိပ် ကျွန်တော်မျိုးအခေါ်ခံ ကုလားခဝါသည် နှစ်ဦးကို မြန်မာတို့က ဖမ်းဆီးလျက် အချုပ်တွင်း၌ ညှင်းပမ်းခြင်း၊ ဧရာဝတီသင်္ဘောကုမ္ပဏီ၏ **ချင်းတွင်း** အမည်ရှိ သင်္ဘော ကက်ပတိန် ဒွိုင်လ် (Doyle)ကိုလည်း အလားတူ ဖမ်းယူညှင်းပမ်းခြင်း တို့ဖြစ်ပါသည်။ ထိုအချိန်က (စက်တင်ဘာ ၁၈၇၈) မင်းတုန်းမင်းမှာ နာမကျန်းသဖြင့် သေအံ့မူးမူးရှိသောကြောင့် အဆိုပါ ကြူးလွန် ချက်များမှာ စင်စစ် မြန်မာတို့၏ဆက်ဆံရေးဝါဒ ပုံစံ ပြောင်းတော့အံ့ဟု နိမိတ် ပြခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိပါသည်။ (ဒီဂျီအီးဟော။ **ဥရောပ မြန်မာ** ၁၆၅-၆)

ဒီကောက်နုတ်ချက်ကို သာမညကြည့်ရင် 'ဖိနပ်ပြဿနာ' ပေါ်လို့ မပြေလည်ရတယ်လို့ ထင်ရတယ်။ တကယ်ကတော့ မပြေလည်ချင်လို့ ဖိနပ်ကို ဆွဲထည့်လာတာပဲ ဖြစ်ပါ တယ်။ ကမ္ဘာ့သမိုင်းတစ်လျှောက်မှာကြည့်ရင် တစ်ဦးဦးက ဇွတ်သက်သက်လုပ်မှသာ **မပြေနိုင်တဲ့အခက်** ကြုံပါတယ်။ ဖိနပ်မချွတ်ပါနဲ့၊ ဓားရှည်ကြီးလဲ မဖြုတ်ခဲ့နဲ့၊ ဒီ

အတိုင်းဝင်ခဲ့ပါလို့ အိမ်ရှင်က ခွင့်ပြုတဲ့တိုင်အောင် လာကတည်းက စော်ကားရအောင် လာတယ်ဆိုရင် အဲဒီလောကွတ်လဲ အလကားဖြစ်မှာပဲ။ နောက်တစ်နည်း ပြောရရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် တွေ့ခွင့်ရလို့ တွေ့ကြပြီဆိုပါတော့။ မပေးနိုင်တာကိုပဲ ရှာပြီး ဇွတ်တောင်းရင် ဘယ်မှာပြေလည်နိုင်ပါ့မလဲ။ (၁) သူ့အိမ်သူ့ယာကိုဝင်ပြီး သူ့ဓလေ့ သူ့အကြိုက် ကန့်လန့်မလုပ်သင့်ပါဘူး။ (၂) ဒို့ကလဲ သွားကတည်းက ရှောမွေးတစ်ကောင်နဲ့ ဗာရာဏသီ ချဲ့မလို့သွားတာပါ။ (၃) ပြီးတော့ ဒို့က အထက်စီးက ရနေပြီဆိုတော့ မာမာပဲ။ အခြေအနေကတော့ အဲဒီအတိုင်းပဲလို့ ဘယ်အင်္ဂလိပ်ကမှ ရေးမသွားဘူး။ ကင်းဝန်မင်းကြီးဟာ သူတို့ဘုရင်ခံ၊ သူတို့ဘုရင်မရှေ့မှာ ဖိနပ်စီးခွင့် ရတယ်လို့ပဲ ကပ်ကိုးပြီး ပြောနေတယ်။ ရှင်းရှင်းပြောရရင် ငါတို့က အထက်စီးပဲလို့ သူတို့အားလုံး ခေါင်းထဲမှာရောက်နေတာကို ဟန်လုပ်ပြီးတောင် မပြောဘဲ မနေနိုင်တဲ့ အဆင့်မှာ သူတို့ ရောက်နေပါတယ်။ အဲဒီအချိန်မှာ မင်းတုန်းမင်းဟာ အသည်းအသန် မမာနေချိန်ဖြစ်တော့ တစ်နန်းတော်လုံး ပူဆွေးနေကြမယ်။ ထီးမွေ ဆက်ခံရေးကို ကြံစည်နေကြမယ်။ ဒီလိုအခါမျိုးမှာ အသေးအဖွဲကို မစဉ်းစားနိုင်ပါဘူး။ ဒါပေမယ့် မင်းတုန်းမင်း (၁ အောက်တိုဘာ ၁၈၇၈) လွန်ပြီးနောက် အင်္ဂလိပ် ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို ရန်အန္တရာယ်အပေါင်းမှ ကာကွယ်ပေးရမယ်ဆိုတဲ့ မဟာမိတ် စာချုပ်ပါ စကားကို ဖောက်ဖျက်တယ်လို့ ဇရာမပုဒ်မနဲ့ စွပ်စွဲပြီး ဆူဆူညံညံ လုပ်ပြန်တယ်။ ဒီလို စာချုပ်ကြီးကိုင်ပြီး ကြီးကြီးကျယ်ကျယ်က စပြောဖို့ မန္တလေးနေ အင်္ဂလိပ် အရေးပိုင်ကို အထက်က သွန်သင်ထားပြီးဖြစ်ပါတယ်။ မြန်မာတွေဟာ မင်းပြောင်းမင်းလဲ အင်မတန်အရေးကြီးနေတဲ့ အခါမှာတောင် ဂရုစိုက်ပြီး သူတို့ခိုင်းတာကို လုပ်ပေးလိုက်ကြတဲ့ အပြစ်ရှိသူတွေကို ဒဏ်ပေးတာ ကျေနပ်လောက်တယ်ဆိုပြီး ၅ နိုဝင်ဘာ ၁၈၇၈ မှာ မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။ အဲဒီလို လောက်စပီကာနဲ့ ငိုချင်းချတာမျိုး အင်္ဂလိပ်ဟာ ဆက်လုပ်ပါတယ်။

ပြဿနာအများဆုံးပေါ်တာက ဧရာဝတီမီးသင်္ဘောကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဖြစ်ဖူးသလောက်ကို ပြန်ပြီးစိစစ်ကြည့်ဘို့ လိုပါတယ်။ မင်းတုန်းမင်း မလွန်မီက **ချင်းတွင်း** သင်္ဘောကပ္ပတိန် ဒွိုင်လ် (Doyle)ကိစ္စ (၂ စက်တင် ဘာ ၁၈၇၈)မှာ ပေါ်တယ်။ ပြီးတော့ ၃၁ အောက်တိုဘာ ၁၈၇၈ မှာ **ရန်ကင်းတောင်** သင်္ဘောစီး လူသုံးဆယ်ကို မြင်းခြံဆိပ်က ဗမာအမှုထမ်းတွေ သင်္ဘောပေါ်တက်ဖမ်းလို့ ကက်ပတိန် ပက်တာဆင် (Paterson) က တိုင်ကြားတဲ့ ကိစ္စပေါ်တယ်။ နောက်တစ်ခါ ၈ ဧပြီ ၁၈၇၉ ဆင်ဖြူကျွန်းအရောက် ရှင်စောပု သင်္ဘောပေါ်က ငပိချရာမှာ အလုပ်သမားတွေက သတိထားပြီး မသယ်ယူလို့ ခရီးသည်တွေရဲ့ပစ္စည်းတွေ ပေကျံနံစော်ကုန်ပြီး စကားများရာက သင်္ဘောသားနဲ့ ဆိပ်ကမ်းအလုပ်သမား အချင်းများရတယ်။ သင်္ဘောကပ္ပတိန်မော်ဂင် (Morgan)လဲ အမှုထဲမှာ ပါလာရတယ်။ ပြီးတော့ နိုဝင်ဘာ ၁၈၇၉ မှာ **ရွှေမြို့** သင်္ဘော မြင်းခြံဆိပ်အရောက် ကုလားကုန်သည် မိုဟာမက်အစ်စမေဟာ ဆေးသစ်သုတ်ထားတဲ့ သင်္ဘောဦးပိုင်းကို မသွားပါနဲ့ဆိုတာ မရလို့ ကက်ပတိန်ဗင့် (Vince)နဲ့ စကားများတယ်။ ရိုက်ပွဲဖြစ်ကြတယ်။ နောက်တစ်ခါ စလေကို ၂၆ မေ ၁၈၈၀ မှာ **ယွန်နန်** သင်္ဘောဖြတ်တဲ့အခါ မြန်မာက ကမ်းကနေပြီး သင်္ဘောကို ကမ်းမှာကပ်ခိုင်းပြီးမှ ဆင်ပေါင်ဝဲမှာ သူပုန် သောင်အုပ်မင်းသားဝင်ပြီး တိုက်ခိုက်နေတယ်။ ဆက်မသွားရလို့ တားထားတယ်။ အဲဒါ ဘုရင်မရဲ့ စာပို့သင်္ဘောကို

ဟန့်တားနှောင့်ယှက်တဲ့ ဇာတ်ကောက်ကြီး ဖြစ်သွားပါတယ်။ မြန်မာမှာ 'ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်' ဆိုတဲ့ သဘောရှိပါတယ်။ အင်္ဂလိပ်ကတော့ အဲဒါရဲ့ ပြောင်းပြန်လုပ်ပါတယ်။ ငယ်တဲ့အမှု ကြီးပြီး၊ ကြီးတဲ့အမှု အကျိုးနည်းဖို့ပဲရှိတယ်။ ဘာဖြစ်ဖြစ် ဘုရင်မကို စော်ကားတဲ့ အမှုတွေချည်းပဲ ဖြစ်ကုန်တယ်။ **ချင်းတွင်း ရန်ကင်းတောင်၊ ရှင်စောပု၊ ရွှေမြို့** နဲ့ **ယွန်းနန်** အမှုတွေဟာ မင်းတုန်းမင်း မလွန်မီ တစ်လကနေပြီး သီပေါမင်း ဘုရင်ဖြစ်လို့ နှစ်နှစ်မပြည့်မီ ဖြစ်တဲ့ကိစ္စတွေပါ။ ဘုရင်မကို စော်ကားတဲ့အမှု၊ ရာဇမဟာမိတ်ကို ချိုးဖျက်တဲ့အမှု ဟုတ်မဟုတ်ပြန်ပြီး စစ်ဆေးကြည့်ကြ ရအောင်။

**ချင်းတွင်း** သင်္ဘောက ဒွိုင်လ်ဟာ မန္တလေးဆိပ်မှာ ရှိနေတုန်း ကုန်းပေါ်ကို တက်ပြီးအသွားမှာ ဖွက်လွှတ်အောင်လို့ ရေကာတာ ကုန်းရိုးတစ်ခုပေါ်ကို တက်လျှောက်မိတယ်။ သင်္ဘောပြန်ရောက်တော့ မြန်မာအမှုထမ်းတွေက လာခေါ်ပြီး နှစ်နာရီကြာလောက် ထိပ်တုံးခတ်ပြီး ချုပ်ထားတယ်။ ဒီအတွင်း မိုးရွာလို့ မိုးရေထဲမှာ နေရတယ်။ နောက် ဇာဝတီကိုယ်စားလှယ် အမ္ဗြိနော လိုက်လာလို့ အချုပ်က လွှတ်ပါတယ်။ သူတက်လျှောက် မိတဲ့တာရိုးဟာ လူမတက်ရလို့ တားမြစ်တဲ့စာမရှိဘူးလို့ ပြောပြပေမယ့်လဲ မရတဲ့အပြင် အစစ်အဆေးမရှိဘဲ ချုပ်နှောင်တာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ဒီအမှုကို မြန်မာဘက်က ကြားနာစစ်ဆေးပြီး ဒွိုင်လ်ကို ချုပ်နှောင်မိတဲ့အရာရှိကို အရာကချပြီး အကျဉ်းထားလိုက်တဲ့အပြင် မြန်မာအမှုထမ်းတွေကိုလဲ မဟာမိတ်နိုင်ငံသားကို ဒီလိုလုပ်တဲ့ အတွက် တရားသူကြီးက ပရိသတ်အလယ်မှာ အပြစ်တင် ဆုံးမပါတယ်လို့ မန္တလေးက အင်္ဂလိပ်အစိုးရပိုင်းက အိန္ဒိယနိုင်ငံခြားဌာနကို ၅ နိုဝင်ဘာ ၁၈၇၈ နေ့မှာ သံကြိုးနဲ့ အကြောင်းကြားလို့ ဆင်မလားက ၇ နိုဝင်ဘာ ၁၈၇၈ နေ့မှာ အပြစ်ပေးပုံကို ကျေနပ် တယ်လို့ သံကြိုး ပြန်လာပါတယ်။ ဒီနေရာမှာ (၁) မတက်မသွားရလို့ တားမြစ်တဲ့ သတိပေးစာမရှိ၊ လူစောင့်မရှိလို့ မှားယွင်းပြုမိတဲ့ အမှုကို (၂) အသေအချာ စစ်ဆေးပြီး အပြစ်ပေးပုံမျိုး မဟုတ်ဘဲ ချုပ်နှောင်တာကို အင်္ဂလိပ်လူမျိုးအမြင်မှာ ငါတို့ကို တမင် သက်သက် နှောင့်ယှက်စော်ကားတာပဲလို့ မြင်တယ်။ တကယ်ကတော့ တစ်ခါတစ်ရံ ဖြစ်တတ်တဲ့ မှားယွင်းမှုပဲဖြစ်တယ်။ မှားမိတဲ့အတွက် အလုပ်ပြုတ် အကျဉ်းခံရတယ် ဆိုတော့ အင်္ဂလိပ်က ကျေနပ်လောက်လို့ ကျေနပ်သွားပါတယ်။ ဒီနေရာမှာ တစ်ခါသတိပြု စရာကတော့ အမှုဖြစ်တော့ မင်းတုန်းမင်းလက်ထက်၊ အမှုစီရင်တော့ သီပေါမင်း လက်ထက်ပါပဲ။ အင်္ဂလိပ်က မင်းသစ်လက်ထက်မှာ ဘယ်လိုလဲလို့ အကဲစမ်းနေတဲ့အချိန် ဖြစ်တယ်။ သီပေါမင်း နန်းရပြီးစ ၃ အောက်တိုဘာ ၁၈၇၈ မှာ မန္တလေးအင်္ဂလိပ် အရေးပိုင်ဆီက ဆင်မလား အိန္ဒိယအစိုးရ နိုင်ငံခြားရေးရုံးက ဒီလို သံကြိုးစာ လာပါတယ်။

> ယခု ထီးမွေဆက်ခံသူကို အိန္ဒိယအစိုးရက အကြမ်းသဘောအားဖြင့် အသိ အမှတ်ပြုခြင်းနှင့် ထောက်ပံ့ကူညီခြင်းပြုရန်မှာ ဘုရင့်ထံပါးသို့ အင်္ဂလိပ် အရေးပိုင်အား လွတ်လပ်စွာ ဝင်ထွက်တွေ့ဆုံခွင့် ပြုလျက် အရေးပေးလေးစားခြင်း၊ အတိုင်ပင်ကို ခံယူလိုက်နာခြင်း၊ ပိုလျှင် ပိုသည့်အလျောက်၊ လျော့လျှင် လျော့သည့်အတိုင်း ဗြိတိသျှအစိုးရ အပေါ် တွင် ထားရှိသည့်ဝါဒ၏ အတိုင်းအဆကို လိုက်ကာ ဆုံးဖြတ်မည်ဖြစ်ကြောင်း (မြန်မာ) မှူးမတ်တို့ကို ပြောပြရန် သင့်အား အရေး လွှဲအပ်လိုက်သည်လို့ သံကြိုးစာမှာ ပါတယ်။ ဆိုလိုတာက မင်းတုန်းမင်းလက်ထက်



သီပေါမင်း

တုန်းကလို စကားလုပ်ပြောပြီး ဘာမျှ မပြတ်အောင် မပြောဘဲ အချိန်ဆွဲတာမျိုး၊ စာချုပ်ပါကတိကို လက်တွေ့ဆောင်ရွက်တဲ့အခါ လျော့ရဲရဲနိုင်တာမျိုးတွေ သည်းမခံတော့ အင်္ဂလိပ်ဩဇာခံ ပီသရမယ်၊ မပီသရင် နန်းပေါ်မှာ ကြာကြာမထား ဘူးလို့ ဖြောင်ဖွင့်ပြောထားခြင်း ဖြစ်တယ်လို့ပဲ ဒီသံကြိုးတစ်စောင်ထဲနဲ့ပဲ နားလည်နိုင်ပါတယ်။ ဒီတော့ စောစောက ပြောတဲ့ မှားယွင်းမှုမျိုးကို အကြောင်းပြုပြီး အင်္ဂလိပ်အရေးပိုင်အဖို့ သူ့ကို ဘယ်လောက် လေးစားပြီး အခွင့်အရေး ပေးတယ်ဆိုတာ စမ်းသပ်ဖို့ အရေးအခွင့်ကြုံတယ်။ ဘုရင့်ရှေ့ကိုတော့ ဖိနပ်စီး ဝင်ခွင့် မပေးသေးလို့ သူတို့လိုချင်တဲ့ အဆင့်မရောက်သေးဘူး။ ဒါပေမယ့် သူ တောင်းတဲ့ အခွင့်အရေးဆိုရင် မြန်မာဘက်ကမပေးဘဲ မနေရဲဘူးဆိုတာကို သူသိပြီးဖြစ်မှာပါပဲ။ နောက်တစ်မှုဖြစ်တဲ့ **ရန်ကင်းတောင်**ကိစ္စကို ကြည့်ကြစို့။

**ရန်ကင်းတောင်** သင်္ဘော မြင်းခြံဆိပ်ကို ရောက်တဲ့အခါ (၃၁ အောက် တိုဘာ ၁၈၇၈) မန္တလေးက သံကြိုးနဲ့ အမိန့်ပေးတယ်ဆိုပြီး သင်္ဘောစီးခရီး ယောကျ်ား တစ်ဆယ့်တစ်၊ မိန်းမနဲ့ကလေး တစ်ဆယ့်ရှစ်ကို ဖမ်းယူဖို့ တလုပ်မြို့ဝန်က လွှတ်တဲ့ အကြောင်း မြန်မာအမှုထမ်းတွေက ည ၉ နာရီလောက်မှာလာပြီး ကပ္ပတိန် ပက်တာဆင်ကို ပြောကြပါတယ်။ အမှုထမ်းလူဟာ တစ်ရာကျော်ရှိတယ်လို့ ဆိုပါတယ်။ ပက်တာဆင်က ခွင့်မပြုတော့ မြန်မာအမှုထမ်းတွေက သင်္ဘောပေါ်ကို အတင်းတက်ဖို့ အလုပ်မှာ ပက်တာဆင်က သင်္ဘောကုန်းဘောင်ပေါ်ကနေပြီး တွန်းထိုးလုပ်တာနဲ့ ရန်းရင်းဆန်ခတ် ဖြစ်ကြရတယ်။ ဒီလိုအဖြစ်မှာ ပက်တာဆင်ဟာ ခြေမှာ ဒဏ်ရာရတယ်၊ လက်စွပ်တစ်ကွင်း ပျောက်တယ်လို့ ဆိုတယ်။ ပြီးတော့ မနက်လင်းအားကြီး ၃ နာရီလောက်မှာ တလုပ်မြို့ဝန်ရဲ့လူတွေ ပြန်လာကြပြီး သူတို့လိုချင်တဲ့ လူတွေကို မရရင် ကပ္ပတိန်ကိုပါ ဖမ်းမယ်လို့ပြောတော့ ကပ္ပတိန်က ဖမ်းမိန့်စာနဲ့ရေးပြီး ပါရဲ့လား၊ ပြပါလို့ ပြောပြန်တယ်။ မလိုဘူး၊ မြို့ဝန်အမိန့်လို့ပဲပြောပြီး သူတို့လိုချင်တဲ့ လူတွေကို အရဖမ်းယူသွားတယ်။ ဒီအထိ ဖြစ်ပျက်ပုံကိုပြောတော့ မြန်မာကပဲ ရိုင်းပြစော်ကား တယ်လို့ တစ်ခါထဲ မှတ်ချက်ချဖို့ ဖြစ်နေပါတယ်။ ဒါပေမယ့် အခြေအနေမှန်ကို သိဖို့ နောက်ကြောင်း ပြန်ကောက်ရမယ်။ အခုဖမ်းတဲ့ လူတွေက အင်္ဂလိပ်သင်္ဘောကို စီးပြီး ထွက်ပြေးနိုင်ရင် လိုက်မဖမ်းနိုင်ဘူးလို့ ယုံကြည်ပြီး မန္တလေးက အောက်ပြည်အောက်ရွာကို မိသားဖသား အစုအအုပ်လိုက် ထွက်ပြေးကြဖို့ ကြိုးစားတဲ့ မြန်မာတွေရဲ့ ငွေဝယ် ကျွန်တွေဖြစ်တယ်။ အင်္ဂလိပ်ပိုင်နက်မှာတော့ ၁၈၃၀ ပြည့်လောက်ကစပြီး ငွေဝယ်ကျွန် ဆိုတာ မရှိတော့ဘူး မှန်တယ်။ ဒါပေမယ့် မြန်မာပိုင်နက်ထဲမှာ

ဒါမျိုးကို ရှိသေးတယ်လို့ အသိအမှတ်ပြုဆဲပဲ ဖြစ်သေးတယ်။ **ရန်ကင်းတောင်** သင်္ဘော မန္တလေး ဂေါဝိန်ဆိပ်က မထွက်ခင်ဘဲ ဒီလူတွေချခဲ့ပါလို့ မြန်မာဘက်က သင်္ဘောကိုယ်စားလှယ် အမြွှေနောကိုပါ ခေါ်သွားပြီး တောင်းဆိုခဲ့တာကို ကပ္ပတိန်ပက်တာဆင်ဟာ မထေမဲ့မြင် လုပ်ပြီး ဇွတ်မပေးဘဲ သင်္ဘောထွက်သွားတာကြောင့် မြင်းခြံဆိပ်က ဆီးဖမ်းဖို့ တရုတ်မြို့ဝန်ကို သံကြိုးနဲ့ ခိုင်းထားတာဖြစ်တယ်။ ဒီနေရာမှာ ကျွန်စနစ် ရှိသင့် မရှိသင့် အချီအချ ပြောနေစရာလဲ မလိုဘူး။ အင်္ဂလိပ်တွေ နားလည်တဲ့ လူကိုဖမ်းရင် ဘယ် ပုဒ်မနဲ့ ရာဇဝတ်မှု ကျူးလွန်တယ်ထင်လို့ ဘယ်တရားသူကြီးက လက်မှတ်ရေးထိုးပြီး ဖမ်းစေ အမိန့်ပေးတဲ့ 'ဝါးရမ်း'ပါရမယ်လို့လဲ မြန်မာက မယူဆဘူး။ ထွက်ပြေးတဲ့ ကျွန်ကို အရ ပြန်ခေါ်ဖို့ပဲ သိတယ်။ အင်္ဂလိပ် ကပ္ပတိန် ပက်တာဆင်က အင်္ဂလိပ် အလံလွှင့်ထားတဲ့ ငါ့သင်္ဘောဟာ ဘုရင်မ စာပို့ဖြစ်တယ်။ ဒီအလံပါပြီး ဒီလိုစာပို့ မီးသင်္ဘောပေါ်တက်ပြီး ဖမ်းလားဆီးလားလုပ်ရင် ဧရာမကိစ္စ ဖြစ်သွားနိုင်တယ်။ အင်္ဂလိပ်အလံပါတဲ့ **အဲရိုး** သင်္ဘောကို ပင်လယ်ဓားပြ လူဆိုးတစ်ယောက် ခိုအောင်း နေတယ်ဆိုပြီး တက်ရှာမိတာကစပြီး ၁၈၅၆ ခုတုန်းက တရုပ် အင်္ဂလိပ် စစ်ဖြစ်ခဲ့ဖူးပြီး အင်္ဂလိပ်တွေ အနိုင်ရတဲ့ အကျိုးခံစားခွင့်တွေ အများကြီးရခဲ့ဖူးတဲ့ ထုံးလဲရှိတယ် ဆိုပြီး သူတမင်ညစ်တာလို့ ယူဆရင် သိပ်မမှားနိုင်ပါဘူး။ ရန်းရင်းဆန်ခတ်ဖြစ်တဲ့ ညက သူ့မှာ ခြေနာရတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လက်စွပ်တစ်ကွင်းလဲ ပျောက်သေးတယ်ဆိုတာကတော့ အမှုဆင်တာ များလွန်းသွားတယ် ထင်တယ်။ တကယ်က သူ သယ်ဆောင်သွားတဲ့ လူတွေကို ဖမ်းစေလို့ လွှတ်တော်ရဲ့ သံကြိုးနဲ့ အမိန့်ရလို့ဆိုပြီး တရုတ်မြို့ဝန်ဟာ ဒီသံကြိုးစာပြပြီး မဖမ်းတာကြောင့် သူ့အလွန်ဖြစ်နေတယ်။ တစ်ဖက်ကကြည့်ပြန်ရင် ပက်တာဆင်ဟာ နိုင်ငံနဲ့ချီပြီး စစ်ဖြစ် လောက်အောင် မီးမွှေးတဲ့ အပြစ် ရှိတယ်။ တရုတ်မြို့ဝန်က တာဝန်ထမ်း ဆောင်တဲ့နေရာမှာ ပေါ့လျော့မှုလောက်ပဲ ရှိတယ်။ အဲဒီလိုပဲ ယူဆပါတယ်။ ဒီသဘောအတိုင်းပဲ မြန်မာဘက်က အင်္ဂလိပ်ကို ၂၅ နိုဝင်ဘာ ၁၈၇၈ နေ့စွဲနဲ့ စာပြန်လိုက်ပါတယ်။ နောက်တစ်မှုဖြစ်တဲ့ **ရှင်စောပု** အရေးကို လေ့လာကြအုံးစို့။

မန္တလေး အဆန်သင်္ဘော **ရှင်စောပု** ဟာ ဆင်ဖြူကျွန်းကို ကုန်ချဖို့ ၈ ဧပြီ ၁၈၇၉ မှာ ဆိုက်ပါတယ်။ ချတဲ့ကုန်က ငပိဖြစ်တယ်။ ကုန်သယ်တဲ့ အလုပ်သမားတွေက ဂရုပြုပြီး မသယ်ယူကြလို့ ငပိတွေဖိတ်စဉ်ပြီး သင်္ဘောစီး ခရီးသယ်တွေရဲ့ ပစ္စည်းတွေကို ပေကျံနံစော်ကုန်တာနဲ့ အလုပ်သမားနဲ့ခရီးသွား ရန်ပွဲစတယ်။ ရန်ပွဲကို ရပ်စဲအောင် ကပ္ပတိန်မော်ဂင် (Morgan)က ခြောက်လုံးပြူးနဲ့ ခြိမ်းခြောက်ပြီး အလုပ်သမား နှစ်ယောက်ကို ဖမ်းပါတယ်။ ဒီအခါမှာ ကုန်းပေါ်က စစ်ကူတွေ အများကြီး အုံဆင်း လာရင် ခက်တယ်ဆိုပြီး သင်္ဘော အတင်းထွက်ရတယ်။ ကုန်းမှာဆိုင်းထားတဲ့ကြိုးကို ဖြုတ်မနေအားဘူး၊ ဖြတ်ပြီး ထွက်ခဲ့တယ်။ ဒီအတောအတွင်း ဖမ်းထားတဲ့ အလုပ်သမား နှစ်ယောက်ကိုလည်း လက်ထိတ်ခတ်ထားပါတယ်။ ဒီနေရာမှာ ဘယ်တရားသူကြီးရဲ့ အမိန့်ဝါးရမ်းမှမပါဘဲ ဒီအင်္ဂလိပ်ဟာ မြန်မာနှစ်ယောက်ကို ဖမ်းထားပါတယ်။ တစ်နာရီကျော် နှစ်နာရီနီးပါးကြာမှ သူမှားမှန်းသိလို့ ဒီလူနှစ်ယောက်ကို လွှတ်လိုက်တယ်။ ဒီလိုဖြစ်ရလို့ ချစရာကုန်ကို ပြီးအောင်မချရဘဲ မန္တလေးအထိ သယ်ခဲ့ရတယ်။ တင်စရာကုန်လဲ မတင်ခဲ့ရဘူး။ နစ်နာလုပါတယ်။ လျော်ကြေး ရသင့်တယ်လို့ တိုင်ပါတယ်။ ဒီလိုသာ မငြိမ်မသက်နဲ့

မြန်မာတွေက အင်္ဂလိပ် ကုန်သည်တွေ၊ အင်္ဂလိပ်မီးသင်္ဘောတွေကို နှောင့်ယှက်နေရင် အရောင်းအဝယ်တွေ ဆွံ့အပြီး နောက်ထပ် အများကြီး အကျိုးပျက် နစ်နာစရာတွေ ရှိသေးတယ်လို့ ဆိုပါတယ်။ ဒီလိုဖြစ်ပျက်တုန်းက မြင်းစီး လူ တစ်ယောက်က စီမံခန့်ခွဲနေတာ မြင်တယ်ဆိုပြီး မြန်မာအရာရှိတစ်ဦးက ခိုင်းလို့ ဒီအခြေအထိ ဖြစ်ရတယ်ဆိုတဲ့ သဘောနဲ့ စွပ်စွဲချက်လဲ ပါသေးတယ်။ ဒီလို တိုင်တန်းချက်ကို မြန်မာဖက်က စုံစမ်းအရေးယူပါ့မယ်၊ အချင်းဖြစ်ပွားတဲ့နေရာဟာ ဆင်ဖြူကျွန်း မဟုတ်ဖူး၊ တောင်ပလူဆုံရွာဖြစ်တယ်လို့ ၁၆ ဧပြီ ၁၈၇၉ မှာ ပြန်ကြားပါတယ်။ ဒီအကြောင်းတွေကို မန္တလေး အင်္ဂလိပ်အရေးပိုင်ရုံးက လက်ထောက်အရေးပိုင် အက်ဖ်ရစ်ဒလေ (F. Ridley) က ၁၉ ဧပြီ ၁၈၇၉ မှာ ရန်ကုန်ကို သတင်းပို့တယ်။ ဒီသတင်းမှတ်တမ်းလွှာဟာ ရန်ကုန်က အိန္ဒိယမှာရှိတဲ့ ဆင်းမလား၊ အဲဒီက လန်ဒန် အထိ ရောက်သွားတယ်။ ဒီမှတ်တမ်းထဲမှာ **ရှင်စောပု** အမှုသတင်းနဲ့ တစ်ပါတည်း မြန်မာ့စစ်အင်အားကို တွက်ချက်ပြတဲ့ သတင်းလဲပါသွားတယ်။ ဆိုလိုဒါက စစ်အင်အား ဒါလောက်ပဲရှိတဲ့ အထက်မြန်မာနိုင်ငံကို တိုက်ခိုက် သိမ်းယူဖို့ပဲ ဖြစ်ဖြစ်၊ သီပေါမင်းကို ဖယ်ပြီး နောက်တစ်ယောက် တင်ဖို့ပဲဖြစ်ဖြစ် စစ်အင်အား အင်္ဂလိပ်ဖက်က ဘယ်လောက် သုံးမလဲဆိုတာ ချင့်ချိန်ဖို့ သတင်းပေးခြင်းပဲ ဖြစ်တယ်။ ဒီလိုလုပ်မယ်လို့ မြန်မာက တွက်ပြီးဖြစ်မယ်။ ဒါကြောင့် မန္တလေးမှာလာထားတဲ့ အင်္ဂလိပ်အရေးပိုင်ရုံးကို မြန်မာက ကြည့်မရတာ ဖြစ်မယ်။ ဒါကို အင်္ဂလိပ်ကတော့ သံတမန် လဲလှယ်တဲ့ထုံးကို မြန်မာတွေ မယဉ်ကျေးလို့ မသိဘူးလို့ အသားယူပြီး မှတ်တမ်းတွေမှာ ရေးပါတယ်။ သူတို့စုံစမ်းပြီး မြန်မာစစ်အင်အားကို (၁၉ ဧပြီ ၁၈၇၉ စာအရ) သိရတာက မန္တလေး ဝန်းကျင် မှာ လက်နက်ကိုင်လူအနေနဲ့ ၁၅၀၀၀ပဲရှိမယ်။ စွဲတဲ့သေနတ်ကတော့ လူစေ့ မရှိနိုင်ဘူး။ ၁၀၀၀၀ ကျော်တော့ ရှိနိုင်တယ်။ ဒါပေမယ့် အဲဒီ သေနတ်အားလုံး သုံးလို့ ရချင်မှ ရမယ်လို့ဆိုတယ်။ အသေးစိတ် စာရင်းကတော့ တစ်ဖက်မှာ ဖော်ပြတဲ့အတိုင်း ပါပဲ။

မန္တလေးမြို့တွင်းနှင့် ဝန်းကျင်ရှိ မြန်မာလက်နက်ကိုင်တပ် ခန့်မှန်းခြေစာရင်း
(၁၉ ဧပြီ ၁၈၇၉)

| | ခြေလျင် | မြောက် | တောင် | ပေါင်း |
|---|---|---|---|---|
| | မာရတင် | ၈၅၀ + ၃၅၀ | = ၁၂၀၀ | |
| | အဝယ် | ၆၀၀ + ၅၀၀ | = ၁၁၀၀ | |
| အတွင်း | တရာ့ငါးဆယ် | ၇၀၀ + ၅၀၀ | = ၁၂၀၀ | |
| | ရွှေပြည်မှန်ကင်း | | ၈၀၀ | |
| | နတ်ရှင်ရွှေး | | ၈၀၀ | ၅၁၀၀ |

လက်ျာ လက်ဝဲ

| | | | | |
|---|---|---|---|---|
| | ကြောင်း | ၆၀၀ + ၇၀၀ = | ၁၃၀၀ | |
| အပြင် | ရွှေး | ၅၀၀ + ၆၅၀ = | ၁၂၀၀ | |
| | နတ်စု | ၇၅၀ + ၅၅၀ = | ၁၃၀၀ | ၃၈၀၀ |
| | ရွှေလုံ | | ၃၅၀ | |
| | ကင်းထား | | ၃၅၀ | |
| | ရွှေပြည် | | ၄၀၀ | |
| | သူရဲ | | ၆၀၀ | |
| | လင်းဇင်း | | ၃၅၀ | |
| | ကုလားပျို | | ၄၀၀ ခန့် | |
| အတွေ့တွေ့ | ဒိုင်း | | ၄၀၀ ခန့် | |
| | ဝင်း | | ၄၀၀ ခန့် | |
| | တံခါးနီ | | ၄၀၀ ခန့် | |
| | လှေ | စာရင်းပေါက်များသော | ၇၀၀ ခန့် | ၄၃၅၀ |
| | ရေကြည် | လည်းလှေခင်းသဘင်မှာ မကြာခင်ကတွေ့ရချက် | | |
| | **မြင်းတပ်** | | | |
| | ရွှေပြည်တံခွန် | | ၅၀၀ ခန့် | |
| | ရွှေပြည်ရန်အောင် | | ၅၀၀ ခန့် | |
| | ရဲဘက် | | ၅၀၀ ခန့် | |
| | ကသည်း | | ၅၀၀ ခန့် | |
| | အခြားတပ်ငယ်များ | | ၅၀၀ ခန့် | ၂၅၀၀ |
| | အမြောက် | | | |
| | မင်္ဂလာ | | ၅၀၀ ခန့် | ၅၀၀ |
| | စုစုပေါင်း | | | ၁၆၂၅၀ |

၁၅၀၀၀ ရှိသည်ဟု ယူဆရန်ဖြစ်သည်။

ဒီစာရင်းကြည့်ပြီး လူတစ်သောင်းငါးထောင် ကိုင်စွဲတဲ့လက်နက်စစ်ပညာ၊ စစ်စည်းကမ်းက လေးစားလောက်စရာမရှိ။ အဲဒါကိုမှန်းပြီး ပြင်ဆင်ထားပေတော့လို့ နှိုးဆော်ထားတာပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ **အဲရိုး** စစ်ဖြစ်သလို မြန်မာနိုင်ငံမှာလဲ **ရှင်စောပု** စစ်ဖြစ်လုတည်းတည်းပါပဲ။ နောက်တစ်မှုက **ရွှေမြို့** အရေးအခင်းပါပဲ။ မန္တလေးက အင်္ဂလိပ်အရေးပိုင်ရုံးဟာ ၇ အောက်တိုဘာ ၁၈၇၉ မှာ ရုပ်သိမ်းသွားပြီဖြစ်လို့ **ရွှေမြို့**ကိစ္စပေါ်တော့ ၁၃ နိုဝင်ဘာ ၁၈၇၉ ဖြစ်လို့ မြန်မာအင်္ဂလိပ် ဆက်ဆံရေး အင်မတန် မပြေလည်တဲ့အခါဖြစ်ပါတယ်။

**ရွှေမြို့** သင်္ဘောပေါ်မှာ ဖြစ်တဲ့ ရန်ပွဲကို အစီရင်ခံတဲ့အခါ အင်္ဂလိပ်က သင်္ဘောကပ္ပတိန် ဗင့် (Vince) ဟာ အင်မတန် အေးတဲ့လူကောင်း ဖြစ်ပါတယ်။ စူရတီ အမျိုးသားမဟာမက်အစ်စမေဟာ မြင်းခြံဆိပ်မှာ သင်္ဘောပေါ် တက်လာပြီး တောင်းပန်လို့ မရ၊ ဆေးမခြောက်သေးတဲ့ သင်္ဘောဦးပိုင်းကို အတင်းသွားတယ်။ ဗင့်ကတားတော့ ဆဲတယ်။ ဗင့်က ပထမဖမ်းတယ်။ နောက် ချက်ချင်းလွှတ်တယ်။ ဒီအခါမှာ အစ်စမေဟာ သူ့ကို မတရား ဆက်ဆံပါတယ်လို့ ကုန်းပေါ်က လူတွေကို အော်ခေါ်ပြီး အကူညီ တောင်းတယ်။ လက်နက်ကိုင် လူတွေ ဆင်းလာတော့ ဗင့်က အစ်စမေကို ပြန်ဖမ်းဖို့ လုပ်တဲ့အခါ လက်ကျဉ်းတစ်ဖက်ပဲ ခတ်ရသေးတယ်၊ ရုံးရင်းဆန်ခတ် ဖြစ်ပါတော့တယ်။ သင်္ဘောသားတွေလည်း သူ့တို့ကပ္ပတိန်ကိုကူဖို့ ဝိုင်းလာတယ်။ ကုလားသင်္ဘောသားတစ်ယောက် ဒဏ်ရာနဲ့ လဲတယ်။ တစ်ယောက်ရေထဲကျတယ်။ ဗင့်ကအစ်စမေကို အမိအရ ဖမ်းမနေနိုင်ဘဲ ရေနစ်သူကို လိုက်ဆယ်ရတယ်။ အစ်စမေလဲလက်ထိတ် တစ်ဖက်ခတ်လျက် လွတ်သွားတယ်။ ဒါပေမယ့် မြန်မာတစ်ယောက်ကိုတော့ ဖမ်းမိလိုက်ပါတယ်။ နောက်တစ်နေ့မှ မြို့ဝန်ကဖမ်းထားသူကို အပ်ပါဆိုလို့ အပ်လိုက်တယ်။ ဗင့်ကမြို့ဝန်ကို အမှုတိုင်တော့ အစ်စမေကလဲ တိုင်ထားတယ်လို့ ဆိုတယ်။ ပြီးတော့ ချက်ချင်း စစ်ဆေးပုံမပေါ်လို့ ရွှေမြို့သင်္ဘောဟာ မန္တလေးကို ဆက်ဆန်တက်လာပြီး မန္တလေးကျတော့ ကိုယ်စားလှယ် အိန္ဒြိနောကတစ်ဆင့် တိုင်ပြန်တယ်။ အခု ရန်မဖြစ် ဖြစ်အောင်စတဲ့ အစ်စမေဟာ မန္တလေးမှာ ရှင်ဘုရင်နဲ့ အကျွမ်းတဝင်ရှိတဲ့ မူလာအီဗရာဟင်နဲ့ အဆက်အသွယ်ရှိလို့ အထက်ထက်ကလဲ အီဗရာဟင်ရဲ့လူတွေဟာ ဒီလိုပဲ ရန်စဖူးတယ်လို့ အင်္ဂလိပ် မှတ်တမ်းမှာ တွေ့ရပါတယ်။ မြန်မာဘုရင်ရယ်၊ အစ်စမေရယ်၊ အီဗရာဟင်ရယ်၊ အဆက်အသွယ် ဘယ်လိုရှိသလဲ ဆိုတာတော့ မန္တလေး ဈေးချိုမြောက်ဘက် ကပ်ရက်ရှိတဲ့ စူရတီဗလီထဲက သင်းချိုင်းစာက ရှင်းလင်းပြနိုင်ပါတယ်။

**မန္တလေးဈေးချိုအနီး စူရတီဗလီမှ သင်းချိုင်းစာ**

၁။ မူလာအီဗရာဟင်၏သား၊ မူလာအစ္စ

၂။ မာအေလ်သည်၊ အဘာရှိစည်ကပင် မင်းတရားကြီးလက်ထက်

၃။ တော်၌၊ သူဌေးကြီးတို့အစည်းအနင်း အဆောင်အရွက် မဟာဘော်း

၄။ ဂမနရာဇာဘွဲ့နှင့်တူကွ၊ သူကောင်းပြုတော်မူသည်၊ နေစံသား မာန်အောင်

၅။ ရတနာစေတီတော် ဒါရကာ၊ သီတောဘုရင်လွှက်တော်တွင်၊ အခွန်ဝန် အ

၆။ ကေစံဝန်၊ လောကပိမှန် လေ့တော်အုပ် ကျေစံရဲမြို့စား မင်းလှစည်သူ ဘွဲ့အမည်

၇။ အရည်နှင့် သူကောင်းပြုတော်မူသည်။ နေစံမြမ္မာနိုင်ငံတော်ကို၊ အသျှင်အင်္ဂလိတ်

၈၊ အစိုးရမင်းတို့ သိမ်းပိုက်အုပ်စိုးတော်မူရာ လူကြီးလူကောင်း မှန်သည့် အတိုင်း

၉၊ ခံဘာဟာဒူ၊ ဟူသောဘွဲ့ကို ပေးသနားတော်မူ၍၊ မင်း ၃ဆက်တိုင်၊ရာထူး ဌာနန္တရ

၁၀၊ အမြိုးမြိုး သူကောင်းပြုတော်မူချင်းများကို၊ ခံစံရသော၊ မူလာအစ္စမာ အေလ်သဉ်

၁၁၊ သက္ကရာဇ် ၁၂၀၁ ခု ဒုတိယဝါဆိုလ္ဆန်း ၁၁ ရက် တနင်္ဂနွေနေ့ဘွား၊ အသက် ၆၆

၁၂၊ နှစ်၊ သက္ကရာဇ် ၁၂၆၇ ခု နတ္တော်လ္ဆန်း ၂ ရက် တနင်္လာနေ့ (၂၇ နိုဝင်ဘာ ၁၉၀၅)၊ နံနက် ၅ နာရီ အ

၁၃၊ ချိန်တွင်၊ တသွာအေလာဟီရှိသည်အတိုင်း၊ အရှင်မြတ်

၁၄၊ အမိန့်တော်ကို ခံရလေသည်။ ။

ဒီလို အဆက်အသွယ်တွေကို တွေ့တဲ့အခါ အစ်စမေဟာ တမင်ပြဿနာ မဖြစ် ဖြစ်အောင် လုပ်တယ်လို့ပဲ ယူဆနိုင်ပါတယ်။ အမှုကို ကင်းဝန်မင်းကြီး စစ်ဆေးပြီး ၁၈၈၀ မှာ ရန်ကုန် အင်္ဂလိပ်မင်းကြီးဆီကို အမှုပြီးစီးနေပြီလို့ စာရေး အကြောင်း ကြားပါတယ်။ ဆိုလိုတာက တလုပ်မြို့ဝန်က ဒီတရားမှု (ဟိုတုန်းက ဒီအမှုမျိုးကို အခုအခါမှာလို ရာဇဝတ်မှုမခေါ်ဘူး) မှာ မြင်းခြံနေ သင်္ဘောကိုယ်စာလယ် မူနီနဲ့ အစ်စမေ၊ ငကူး၊ ငပါကြီး၊ ငမြတ်စံ တို့ကို စစ်မေးပြီး နှစ်ဘက်ကြေအေးကြလို့ အမှုကို ပလပ်ပြီး ဖြစ်သည်။ ကြေအေးတယ် ဆိုတာကလည်း လျော်ကြေးငွေ တစ်ရာပေးပြီး တောင်းပန်တယ်လို့ ဖြစ်တယ်။ မြန်မာထုံးစံအတိုင်းဆိုရင် ဒါဟာလုံလောက်နေပါပြီလို့ ကင်းဝန်မင်းကြီးက အပြတ်ပဲပြောလိုက်ပါတယ်။ ဒီနေရာမှာ အစ်စမေဟာ နောင်အခါ အင်္ဂလိပ်က 'ခံဘဟာဒူ' အဖြစ်နဲ့ မြှောက်စားခံရတဲ့လူဖြစ်လို့ အင်္ဂလိပ်မှာ အချက်တစ်ချက် ရသွား အောင် တမင်ဝင်ပြီး ရန်လုပ်တယ်လို့ယူရင် ဖြစ်မလားမသိဘူး။ ဒါပေမယ့် အမှုဖြစ်တဲ့ အချိန်က အစ်စမေဟာ မြန်မာဘက်သားဖြစ်လို့ မြန်မာဘက်က ပြစ်ချက်တစ်ချက် တိုး သွားရတယ်။ အင်္ဂလိပ်အစိုးရက ငွေ ၁၀၀ ဒဏ်ဟာ အများကြီးနည်းတယ်လို့ ယူဆပြီး၊ ဒါ့ထက်ပိုပြီး အပြစ်ဒဏ်ပေးဖို့ တောင်းဆိုတယ်။ ပြီးတော့ မဟာမိတ် စာချုပ်ဖောက်ဖျက်ရာ ရောက်တဲ့အထိ လေးနက်တဲ့အကြောင်းကို မြန်မာမင်းဆီ အရောက် အကြောင်းကြားပါတယ်။ အဲဒီနောက် စလေမှာ ၂၆-၇ မေ ၁၈၈၀ ဖြစ်ပွားတဲ့ **ယူနန်** သင်္ဘောကိစ္စပါပဲ။

ယူနန် သင်္ဘောဟာ မန္တလေးက စုန်လာတော့ စလေက ကမ်းနဖူးမှာ ထန်းလျက် တောင်းလွတ်တွေကို ပုံထားပြီး ကုန်တင်ချင်လို့ ကပ်ပါအုံးလို့ အချက်ပြတယ်။ ကပ်တော့မှ သင်္ဘောဆက်မသွားရလို့ စလေမြို့ဝန်ကတားတာကို သိရတယ်။ ကပ္ပတိန်ကို မြို့ဝန်ဆီ လိုက်ခဲ့ရမယ် ခေါ်တယ်။ သင်္ဘောစက် နှိုးမရအောင် နှိုးစက် ဂီရာကို ဖြုတ်ယူတယ်။ အဲဒီလို ၂၆ မေ ၁၈၈၀ မနက်မှာ ဖြစ်တယ်။ သင်္ဘောကို ထိန်းတဲ့သဘောကတော့ အောက်ဖက်နယ်စပ်မှာ အင်္ဂလိပ်ဖက်က စစ်တပ်တစ်တပ်ဝင်ပြီး တိုက်ခိုက်နေလို့ ဖြစ်တယ်။ နောက်တော့ အဲဒါမှားယွင်းချက် ဖြစ်သွားတယ်။ အင်္ဂလိပ်ဆီကို ခိုဝင်သွားတဲ့ ညောင်အုပ် မင်းသားဟာ အင်္ဂလိပ်အစောင့်တွေ လက်ထဲက လွတ်အောင် ထွက်လာခဲ့ပြီး လူစုလို့ ဆင်ပေါက်ဝဲကို ဝင်တိုက်တယ်။ တိုက်စဉ်အချိန်က သတင်းစုံ မသိရသေးတော့ ရန်သူဟာ အင်္ဂလိပ်ပေလား၊ အင်္ဂလိပ်မြှောက်ပေးတဲ့ သီပေါမင်းကို နန်းချမယ့်လူလားလို့ ချက်ချင်းခွဲပြီး မသိနိုင်ပါဘူး။ ဒါ့ကြောင့် မြစ်ပေါ်မှာ ရှိနေတဲ့ အင်္ဂလိပ် သင်္ဘောတစ်စင်းကို အမိအရ အဆိုက်ခိုင်းပြီး သိမ်းတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူပုန်ကိုလည်းနိုင်ပြီ၊ အင်္ဂလိပ်

နဲ့လည်း တိုက်ရိုက် မပတ်သက်ဘူးဆိုတာ သိတော့ နောက်တစ်နေ့ ၂၇ မေ ၁၈၈၀ ညနေမှာ ထွက်သွားခွင့်ပေးလိုက်ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်အဖို့တော့ ရာဇမဟာမိတ်ကို ဖောက်ဖျက်ပြီး ဘုရင်မ စာပို့သင်္ဘောကို နှောင့်ယှက်တဲ့အတွက် အပြစ်ကြီးထိုက်တဲ့ ကိစ္စ ဖြစ်သွားပါတယ်။ အကျိုးအကြောင်းကို ၃၀ ဂျွန် ၁၈၈၀ မှာမှ ပြေလည်အောင် ဖြေရှင်းမပြနိုင်ရင် (၁) စလေမြို့ဝန်ကို အရာက ဖြုတ်ပြီး နောင်ဘယ်တော့မှ ပြန်မခန့်ရလို့ တောင်းမယ်။ (၂) စာပို့ယာဉ်ကို အသွား ဖင့်နွှဲအောင် ဟန့်တားသဖြင့် အဆက်အသွယ် ပျက်ပြားရလို့ ငွေလုံလုံလောက်လောက်ရအောင် တွက်ပြီး လျော်ကြေးတောင်းမယ်။ (၃) ပြီးတော့ ဗြိတိသျှစာပို့သင်္ဘောကို စော်ကားရိုင်းပြလို့ ကျေနပ်လောက်အောင် တောင်းပန်ရမယ် ဆိုတဲ့ အချက်သုံးချက်ကို တောင်းမယ်လို့ အင်္ဂလိပ်က အကြောင်းကြားပါတယ်။ ဒါပေမဲ့ အခုလိုဖြစ်ရတာဟာ အင်္ဂလိပ်နယ်မှာခိုပြီး မြန်မာနယ်ကို ဝင်တိုက်တဲ့ ညောင်အုပ်မင်းသား သူပုန်ကြောင့် ဖြစ်ရလို့ အခုလို ပြင်းပြင်းထန်ထန် အရေးယူဖို့ မတောင်းသင့်ဘူးလို့ ရန်ကုန် အင်္ဂလိပ် မင်းကြီးက ယူဆပါတယ်။ (ဆင်မလားက လန်ဒန်ကိုပို့တဲ့ ၉ နိုဝင်ဘာ ၁၈၈၀ နေ့စွဲနဲ့ စာထဲမှာ ဒီအတိုင်းပဲပါတယ်)။ မြန်မာဖက်ကတော့ စလေမြို့ဝန်ကို ပြန်ခေါ်တယ်။ ပြီးတော့ အင်္ဂလိပ်သင်္ဘောကို နောက်ထပ် အလားတူ မနှောင့်ယှက်ရ၊ သင်္ဘောပေါ်ကို လက်နက်ကိုင်တပ် မလွှတ်ရလို့ အမိန့်ထုတ်ပါတယ်။ (ရန်ကုန်မှ ဆင်မလားသို့ ၁၃ ဩဂုတ် ၁၈၈၀ နေ့စွဲ ပါစာ)။ ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာအစိုးရရဲ့ (၂၄ ဇူလိုင် ၁၈၈၀) စာထဲမှာတော့ မိမိတို့အစိုးရဟာ ဧရာဝတီသင်္ဘောကုမ္ပဏီနဲ့ အမြဲချစ်ခင်ရင်းနှီး တယ်။ ကူညီမှုစောင့်ရှောက်မှုပြုတယ်။ နယ်ခြားမှာ အန္တရာယ်မြင်လို့ ဆက်မသွားနဲ့ဦးလို့ ခေတ္တတားထားတာဖြစ်တယ်။ လူဆိုး ကင်းရှင်းပြီလို့ သတင်းရတဲ့အခါ ဆက်သွားစေ ပါတယ်။ ဒီလိုကူညီတဲ့အတွက် ရန်ကုန် ဧရာဝတီကိုယ်စားလှယ်က မန္တလေးဧရာဝတီ ကိုယ်စားလှယ်ကို ဝမ်းသာကျေးဇူးတင်ကြောင်း မြန်မာအစိုးရကို ပြောပြဖို့ စာရတယ်လို့ သိရပါတယ်လို့လဲ စာထဲမှာ ထည့်ရေးလိုက်တယ်။ ဒီစာ အသွားအပြန်တွေ ဖတ်မိတဲ့အခါ ဆက်စပ်ပြီး တွေးလို့ရတာကတော့ စလေမြို့ဝန်ဟာ အင်္ဂလိပ်သင်္ဘောကို ဆက်မစုန်နဲ့၊ အန္တရာယ်ရှိတယ်လို့ သဘောပေါက်အောင်မပြောဘဲ မသွားရလို့ အမိန့်ပေးပြီး စက်ကိုဖြုတ်၊ အစောင့်တပ်ချ လုပ်မိတယ်ဆိုတာတော့ ထင်ရှားတယ်။ မန္တလေးက ခိုင်းတဲ့အမိန့်ကို သူနားမလည်တာပဲဖြစ်တယ်။ ဒါကို ရှင်းပြရင် အင်္ဂလိပ်က ကျေနပ်သင့်တယ်။ အခုတော့ ဒါကိုလဲ ကျူးလွန်မှုတစ်ရပ်အနေနဲ့ တေးထားလိုက်တယ်။

ဒီလိုသင်္ဘောနဲ့ပတ်သက်ပြီး မပြေလည်တာတွေကို ပေါင်းစပ်ပြီးကြည့်တဲ့အခါ အစ ဦးဆုံး **ချင်းတွင်း** ကိစ္စမှာ မှားယွင်းမှုဆိုရမယ်။ ကပ္ပတိန်ဒွိုင်လ်ကို ချုပ်တဲ့အရာရှိ အလုပ်ပြုတ်ပါ တယ်။ ဒုတိယ **ရန်ကင်းတောင်** ကိစ္စမှာ ကပ္ပတိန်ပက်တာဆင်က တမင် ညစ်တီးညစ်ပတ် လုပ်ပြီး ကြီးကျယ်တဲ့ ကိစ္စတစ်ခုဖြစ်အောင် ဖန်တီးတယ်။ တလုပ်မြို့ဝန်က အမှုဆောင်ရွက်ပုံ နည်းစနစ် နည်းနည်းလိုသွားလို့ မြန်မာဘက်ကိုလဲ အပြစ်တင်စရာ ဖြစ်ရတယ်။ **ရှင်စောပု** ကိစ္စမှာတော့ ဆိပ်ကမ်းအလုပ်သမားနဲ့ ခရီးသွားသင်္ဘောစီးတွေ တစ်ခါတစ်ရံဖြစ်တတ်တဲ့ ရန်ပွဲပါပဲ။ ဒါပေမယ့် မြန်မာအင်္ဂလိပ် ဆက်ဆံရေး မပြေပြစ်တဲ့အခါမို့ ငါတို့ကို တမင် လုပ်တာလို့ အပြန်အလှန် အထင်လွဲမှုဖြစ်တာလောက်ပဲ ရှိပါတယ်။ **ရွှေမြို့** ကိစ္စကတော့ စုရတီတစ်ဦးကဝင်ပြီး တမင်ပြဿနာ မပေါ်ပေါ်အောင် လုပ်တာဖြစ်တယ်။ **ရန်ကင်းတောင်**

ကိစ္စတုန်းကလိုပဲ တမင် လုပ်ကြံဖော်ထုတ်တဲ့ အရေးအခင်းဖြစ်လို့ အဲဒီ တမင်လုပ်သူတွေကို ရှုတ်ချအပြစ်တင်ရဖို့ ရှိပါတယ်။ နောက်ဆုံးသိရတဲ့ **ယူနန်** အရေးဟာတော့ မြန်မာဘက်က စေတနာနဲ့ ဆောင်ရွက်တာဖြစ်လို့ အထစ်အငေါ့မရှိ အောင်မြင်သွားရင် အများကြီး ချီးမွမ်းစရာ ဖြစ်သွားနိုင်ပါတယ်။ အင်္ဂလိပ်ဘက်က ပြဿနာပေါ်တိုင်း ဒါလောက် ပြဿနာနဲ့ဆိုရင် မင်းကိုဖမ်းပြီး ပြည်ကိုသိမ်းရတော့မလားလို့ ချိန်ကြည့်တယ်။ မြန်မာဘက်ကသဲ အဲဒီလို အဆုံးစွန်အခြေအနေ ရောက်မသွားအောင် အပြေပြစ်ဆုံး ရှင်းလင်းတဲ့သဘော ရှိပါတယ်။

သီပေါမင်း နန်းတက်စက ဖမ်းထားတဲ့မင်းသားတွေ သတ် (၁၃၊ ၁၇၊ ၁၈ ဖေဖော်ဝါရီ ၁၈၇၉)တာနဲ့ ပတ်သက်ပြီး အင်္ဂလိပ်ဝင်ရောက်စွက်ဖက်ပုံကိုလည်း အသေးစိတ် ဆွေးနွေး ကြည့်သင့်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အင်္ဂလိပ်ဟာ ဒီကိစ္စကို သိပ်ပြီး ကြီးကျယ်အောင် ဝါဒဖြန့်ခဲ့လို့ဖြစ်ပါတယ်။ သီပေါမင်းဟာ ရှင်ဘုရင်ဖြစ်ပြီး လေးလအလွန် မှာဖြစ်တဲ့ အကြောင်းအရာဆိုပေမယ့် ရှင်ဘုရင် မဖြစ်မီက အခြေခံတဲ့ကိစ္စဖြစ်တယ်။ စာရေးဆရာ တော်တော်များများဟာ ဒါကို အသေးစိတ် ဖော်ပြကြဖူးပြီဖြစ်လို့ အကျယ်တဝင့် မရေးလိုပါ။ ဒါပေမဲ့ သမိုင်းသဘောနဲ့ အကျိုးဆက်စပ်ပြီး တွေးတာမျိုးတော့ လုပ်ချင် ပါတယ်။ မင်းသစ်ကို အန္တရာယ်လုပ်မယ့် ရန်ဆူးရန်ငြောင့်ကို သုတ်သင်တာဟာ မဆန်း ပါဘူး။ သီပေါမင်းကို ရက်စက်တယ်ဆိုရင် ထုံးစံပါပဲလို့ ပြန်ဖြေနိုင်တယ်။ ကျုပ်မသိရပါဘူး လို့ သူဖြေပေမယ့် မယုံပါဘူး။ ဘာပြုလို့လဲဆိုတော့ သူမပါဘဲ (သို့မဟုတ် ခိုင်းပြီး မသိချင်ပြုမနေဘဲ)လုပ်လို့ရတဲ့ ကိစ္စမျိုးမဟုတ်တာ သေချာတယ်။ ဒါပေမယ့် အစပထမက စိတ်မချရတဲ့ မင်းသားအားလုံး သတ်ဖို့ဆိုတဲ့သဘော မရှိသေးပါဘူး။ သီပေါမင်းကို ဥပဒေမင်း (Constitutional Monarch) ဖြစ်အောင် ဝန်ကြီးတချို့က သိမ်းသွင်းကြလို့ ပထမရတော့မယ် အရိပ်အရောင်ရှိတယ်။ နန်းတက်ပြီး သီတင်း သုံးပတ်အတွင်းမှာ အခုခေတ် ဥပဒေပြုလွှတ်တော်ခေါ်တာမျိုးလုပ်ဖို့ သဘောတူတယ်။ မှူးမတ်သင်းတွေ့ဆုံပြီး စည်းဝေးတိုင်ပင်ဖို့ အစည်းအဝေးရုံကို ၁၈ အောက်တိုဘာ ၁၈၇၈ မှာစပြီး ဆောက်တယ်လို့ ဆိုပါတယ်။ ဒီလို ဆုံးဖြတ်ပြီး တယ်မကြာဘူး၊ ၁၁ နိုဝင်ဘာ ၁၈၇၈ မှာ နိုင်ငံမှုကိစ္စကို တစ်ဆယ့် လေးဌာနခွဲပြီး အုပ်ချုပ်ဖို့ ဆုံးဖြတ်တယ်။ ဒီလိုအရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို စောစောကပြောတဲ့ မှူးမတ်သင်းအစည်းအဝေးက တိုင်ပင်ဆုံးဖြတ်တာဖြစ်မယ်လို့ ယုံကြည်နိုင်တယ်။ အဲဒီမှူးမတ်သင်း စည်းဝေးပွဲကို ဖမ်းတဲ့မင်းသားတွေ တစ်သက်တာ စိတ်ချရလေအောင် သီးသန့် နေရာလုပ်ပြီး ထားမယ်လို့ ၂၇ ဒီဇင်ဘာ ၁၈၇၈ မှာ အစည်းအဝေးက ဆုံးဖြတ်တယ်လို့ မှတ်တမ်း ကျန်ရစ်ပါတယ်။ ဒီအထိ သီပေါမင်းဟာ 'ဥပဒေမင်း' အဖြစ်နဲ့ ရပ်တည် နေသေးတယ်ဆိုရင် ရမယ် ထင်တယ်။ တကယ်ကတော့ ဒီဥပဒေမင်း' သဘောနဲ့ လက်တွေ့ကို တွင်ကျယ်သွားဖို့ တစ်ဖက်က ကြိုးစားနေတုန်း တစ်ဖက်ကလဲ ရှေးဟောင်းပဒေသရာဇ် ဓကရာဇ်ပုံစံ ပြန် သွားဖို့ အစွမ်းကုန် ကြိုးစားမယ်လို့ ဆို နိုင်တယ်။ အဲဒီလို အားပြိုင်နေတုန်း ၁၉ ဇန်နဝါရီ ၁၈၇၉မှာ ဝန်ကြီးနှစ်၊ ဝန်ထောက် တစ် အရာကဖြုတ်ချခံရတယ်လို့ သွားတွေ့တယ်။ အဲဒီရက်ဟာ 'ဥပဒေမင်း' ရွဲလုံးကြီး ကျကွဲတဲ့ရက်ပဲလို့ မှတ်နိုင်ပါတယ်။ ဝန်ကြီးနှစ်ပါးက ရေနံချောင်း မြို့စားဝန်ကြီးနဲ့ မကွေး မြို့စားဝန်ကြီးဖြစ်တယ်။ ဝန်ထောက်တစ်ဆိုတာက မြို့သစ်မြို့စားဝန်ဖြစ်တယ်။ ဒီအထဲမှာ

မကွေးမြို့စားဝန်ကြီးဆိုတာ မင်းတုန်းမင်းလက်ထက်က အရာအရောက်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီလိုလူတွေ ပယ်လိုက်တယ်ဆိုရင် ဘယ်လိုလူတွေ ဝင်လာသလဲလို့ ကြည့်ရမယ်။



မကွေးမြို့စား

၁၂၄၀ ပြည့်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၂ ဇန်နဝါရီ ၁၈၇၉ နေ့ ကျေစံရဲမြို့စား တောင်ဝန်မင်းကြီး မဟာမင်းထင်ကို မြို့ဝန်မင်းကြီး မဟာမင်းလှသူရိန်၊ မင်းကြီး ဧယဂါမဏိတို့နှင့် တကျ၍ ရွှေမြို့တော်ဝန် ခန့်တော်မူသည်။ ယင်းသည့် လဆန်း နှစ်ရက် (၂၃ ဇန်နဝါရီ ၁၈၇၉) နေ့ မြင်းစုကြီးဝန်မင်းကြီး မဟာမင်းလှမင်းခေါင် သီဟသူ၊ သူ့ရဲဝန် မင်းကြီးမင်းခေါင် မဟာကျော်ထင် အတွင်းဝန်၊ စိုးလေးဆယ်ဒိုင်းဝန် ပုဂံမြို့ဝန် မဟာမင်းထင်သင်္ခယာကို ဝန်ထောက် ခန့်တော်မူပြီးလျှင် အတွင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင်သီဟသူကို ရေနံချောင်းမြို့ အတွင်းဝန် မင်းကြီးမင်းခေါင် မဟာ ကျော်ထင်ကို တိုင်တားမြို့၊ မြို့ဝန်ကျောက်ရဲမြို့စားကို သနားတော်မူရင်း ကျောက်ရဲမြို့နှင့် လဲ၍ စလေမြို့စား ပေးတော်မူသည်။ (ကုန်း၊ တ၊ ၄၉၈)။

အဲဒီ ၂၂ နဲ့ ၂၃ ဇန်နဝါရီ ၁၈၇၉ မှာ ရာထူးသစ် မြို့စားသစ်ရတဲ့လူတွေဟာ 'ဥပဒေမင်း'ဘက်သားတွေ မဟုတ်ဘူးလို့ ယုံမှတ်နိုင်တယ်။ သူတို့ တွင်ကျယ်လာပြီးတယ်မကြာဘူး၊ ၁၃ ဖေဖော်ဝါရီ ၁၈၇၉ မှာ ချုပ်ထားတဲ့ မင်းသားတွေကို စပြီးသတ်ပါတော့တယ်။ ဒီအခါမှာ စောစောက ပြောခဲ့တဲ့ မှူးမတ်သင်း အစည်းအဝေးဆိုတာ ဘယ်ပျောက်သွားသလဲလို့ မပြောတတ်အောင် ရှိတော့တယ်။ အင်္ဂလိပ်မှတ်တမ်း(၂၁ ဖေဖော်ဝါရီ ၁၈၇၉)အရ ပြောရရင် ရှင်ဘုရင့်အမိန့်နဲ့ သတ်တယ်။ ဝန်ကြီးတွေက သဘောမတူဘူး။ ပြည်သူအများ ထိတ်လန့်တယ်။ အင်္ဂလိပ် အရေးပိုင်ရုံးကို မန္တလေး မှာ ဆက်ထားသင့် မသင့် စဉ်းစားတယ်လို့ သိရတယ်။ ပြည်ရေးရွာမှု စီမံကွပ်ကဲတဲ့ နေရာမှာ ဝန်ကြီးအစား လက်သုံးတော်တွေပဲ တွေ့ရမယ်။ (၂၀ မတ် ၁၈၇၉)ဒီလူတွေဟာလဲ လူရမ်းကားတွေပဲ ဖြစ်တယ်လို့ ဆက်ပြောပြန်တယ်။ ဒီလို မင်းသားတွေ သတ်တာကို ပထမ ဆက်မသတ်ဖို့၊ နောက် အသတ်ခံရတဲ့ မင်းသား ထွက်ပြေးတဲ့မင်းသားတွေရဲ့ အမိ၊ နှမ၊ မယားနဲ့ကလေးတွေကို မသတ်ဖို့ ဆက်ပြောကြည့်တယ်။ ပြောမရတဲ့အခါ သိက္ခာကျတယ်။ ရှက်စရာ ကောင်းတယ်။ ဘာလုပ်ရမလဲလို့ စဉ်းစားလာရတယ်။ (၁) ပြင်းပြင်းထန်ထန်အပြစ်တင် (၂) အရေးပိုင်ရုံးကို ရုပ်သိမ်း၊ (၇ အောက်တိုဘာ ၁၈၇၉ မှာ ရုပ်သိမ်းဖြစ်တယ်) (၃) ဆက်ပြီးပြေပြေလည်လည် မရှိနိုင်ဘူး။ (၄) သီပေါမင်းကို နန်းချရမယ်။ (၅) ပြီးတော့ နိုင်ငံကို သိမ်းမလား၊ ဩဇာခံမင်းသားတစ်ပါးပါးကို နန်းအပ်မလား။

လုပ်စရာ အဲဒီငါးချက်ပဲရှိတယ်။ ရှိတဲ့အတိုင်းဘဲ ဖြည်းဖြည်း အချိန်ယူပြီး လုပ်သွားတာ ပါပဲ။

အဲဒီလို အရေးပိုင်ရုံး ရုပ်သိမ်းသင့်မသင့် စဉ်းစားတဲ့အခါ မြန်မာအင်္ဂလိပ် ဆက်ဆံရေးကို အင်္ဂလိပ်အစိုးရက (၇ မတ် ၁၈၇၉) ပြန်ပြီး သုံးသပ်ကြည့်ပါတယ်။ အဲဒီနေရာမှာလည်း တစ်ကမ္ဘာလုံးမှာ အသာရနေကျ အကျင့်ပါနေလို့ သူတို့စဉ်းစားပုံဟာ (၁) အင်္ဂလိပ် အန္တိယအစိုးရက ပိုပြီး တင်းတင်းမာမာ ဖြစ်စေချင်တာတွေကို မြန်မာ လိုက်နာဖို့ပြောမယ်။ (၂) မြန်မာဘုရင်က ငြင်းပယ်ခွင့်မရှိ၊ ပြောသမျှ လိုက်နာ ဆောင်ရွက်ရမယ်။ ဒီပုံစံနဲ့ စဉ်းစားပါတယ်။ ဖြစ်ပြီးသမျှ သမိုင်းကြောင်းကိုလဲ စိစစ်တယ်။ ရန္တပိုစာချုပ်နဲ့ ၁၈၂၅ ခု မြန်မာအင်္ဂလိပ်စစ်ကို ရပ်စဲတဲ့အခါ အင်္ဂလိပ်အရေးပိုင်တစ်ယောက် အစောင့်တပ်နှင့် တကွ တိုက်တန်တဲ့ နေအိမ်နဲ့ နေခွင့်ပေးရတယ်။ နောက်ကူးသန်းရောင်းဝယ်ရေး စာချုပ် ကြတယ်။ မြန်မာဟာ သံတမန်ကတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးကို ပဓာနထားတဲ့ ဆက်ဆံရေး ကောင်းသထက် ကောင်းလာအောင် လုပ်လိုတဲ့စိတ်မရှိဘူးလို့ စွပ်စွဲတယ်။ တစ်နည်းအားဖြင့် ယဉ်ကျေးတဲ့ ဆက်ဆံရေးမျိုးစေ့ကို အချမခံဘူးလို့ ဆိုတယ်။ မြန်မာ ဖက်ကနေ ကြည့်ရင် စစ်ရှုံးလို့ အင်္ဂလိပ်အရာရှိ တစ်ယောက်ကို မြို့တော်မှာ လက်ခံထား ရတယ်။ သူရှိနေတာကို အမင်္ဂလာလို့မှတ်တယ်။ သူက ဒါလုပ်ပေးပါ၊ ဒါမလုပ်ပါနဲ့လို့ မပြောသေးတော့ မကျေနပ်တဲ့ အရင်းအငုတ်မှာ ဒေါသထွက်စရာ တိုးလာတယ်လို့ပဲ ယူဆ ကြတယ်။ ဒါ့ကြောင့် ရင်ကြားမစေ့နိုင်ဖြစ်ပြီး ၁၈၃၉ ခုမှာ အရေးပိုင်ရုံးပိတ်ပြီး အင်္ဂလိပ် အရေးပိုင် ပြန်သွားပါတယ်။ ဒုတိယ မြန်မာအင်္ဂလိပ်စစ်ရယ်လို့ ၁၈၅၂ မှာ ဖြစ်ပြန်တော့ ဘာစာချုပ်မှ မချုပ်ဘဲ မြန်မာတွေမှာ မင်းပြောင်းမင်းလွဲဖြစ်ပြီး မင်းသစ်က စစ်ကိုဆက်မတိုက်လို့ စစ်ရပ်စဲသွားတယ်။ အင်္ဂလိပ်ကလဲ သူ့သဘောနဲ့သူ မြန်မာ ပိုင်နက်ထဲက ယူချင်သလောက် ပိုင်းဖြတ်ယူလိုက်တယ်။ ပထမ မြန်မာလက်အောက်က အနိုပ်စက်ခံနေရတဲ့ တလိုင်းနယ်ကို ဖဲ့ထုတ်ပြီး တလိုင်းနိုင်ငံ ထူထောင်ပေးရင် ဝါဒ ဖြန့်ရတာ ပိုကောင်းမယ်လို့ စဉ်းစားသေးတယ်။ နောက်မှ ပရိယာယ်မပါဘဲ လိုချင်လို့ ယူတယ်လို့ဆိုတဲ့ သဘောနဲ့ လက်ယာနဲ့သစ်တော ကောင်းတဲ့အပိုင်းတွေပါအောင်သွင်းပြီး ယူလိုက်တယ်။ မြန်မာမင်းဆီကို ၁၈၅၅ ခုမှာ သံအဖွဲ့ လွှတ်တဲ့အခါ အင်မတန် လောကွတ်ကောင်းကောင်းနဲ့ ညှိခံလိုက်တယ်။ ဒါပေမဲ့ ဘာစာချုပ်မှ မချုပ်ဖူး။ မြန်မာသဘောက ချစ်ကြည်ရေးဆိုတာ လက်တွေ့ချစ်ကြည်မှ အဖိုးတန်တယ်။ စက္ကူပေါ်ရေးတဲ့စာချုပ်ကို မဆိုထားနဲ့ ကျောက်နဲ့ချုပ်တဲ့ ကျောက်ချုပ်၊ သံနဲ့ချုပ်တဲ့သံချုပ် ဖြစ်ပါစေ လက်တွေ့မလိုက်နာရင် အလကားပဲလို့ ယူဆတယ်။ ပြောလို့မရဘူး။ စာချုပ်ပါလို့ပဲ ခိုင်းတယ်။ မြန်မာကလည်း အင်္ဂလိပ်ဟာ နိုင်ငံတကာ ဆက်ဆံရေးမှာ စာချုပ်ကိုသာ လေးစားတယ်။ လူကိုမလေးစားတတ်ဖူးဆိုပြီး အထင် သေးတယ်။ အင်္ဂလိပ်ကလည်း မြန်မာကို ယဉ်ကျေးတဲ့နှစ်နိုင်ငံဆက်ဆံရေး အလေ့အလာကို မြန်မာတွေ နားမလည်နိုင်လို့ အထင်သေးတယ်။ ဒီနေရာမှာ မြန်မာက နည်းနည်း လက်စွမ်းပြတယ်။ စာချုပ်ကို အင်မတန်လိုလားတော့ ၁၈၆၂ မှာ ချုပ်ခွင့်ပြုတယ်။ ဒါပေမဲ့ စာချုပ်ပါ အချက်အလက်တွေကို လိုက်နာကြရခါနီးတဲ့အခါ အဓိပ္ပာယ်အယူအဆကို မြန်မာက အများကြီး စိတ်ညစ်စရာကောင်းအောင် ငြင်းတယ်။ အင်္ဂလိပ်က အဲဒါကို အင်မတန် ခံပြင်းတယ်။ မြန်မာတွေဟာ စာချုပ်ပါအချက်ကို ဘယ်တော့မဆို ရှုပ်ထွေး

ကုန်အောင်လုပ်ပြီး သူတို့ဖက်က အမြတ်ထွက်အောင် လုပ်လေ့ရှိတယ်လို့ အယူရှိတယ်။ အဲဒီအခါက မြန်မာနိုင်ငံမြောက်ပိုင်းကတစ်ဆင့် တရုပ်နိုင်ငံနဲ့ ရောင်းဝယ်ရေးလမ်း ဖွင့်ရရင် သိပ်ပြီးအကျိုးအမြတ်ရှိမယ်ထင်ပြီး ဒီအခွင့်အရေးရဖို့ မြန်မာကို အနာခံပြီး ပေါင်းဖို့ သဘောထားလဲ အသင့်အတင့်ပါတယ်။ ဒါကြောင့် 'တိုင်းရင်းသားမြန်မာနိုင်ငံ' အဖို့ 'အင်္ဂလိပ်မြန်မာနိုင်ငံ'ကိုဖြတ်ပြီး ဥရောပတိုက်ထွက် ပစ္စည်းတစ်ချို့ကို တင်သွင်းတဲ့ အခါ တန်ဖိုးရဲ့တစ်ရာခိုင်နှုန်းသာကောက်ပြီး ဆန်စပါး ငပိငါးခြောက် တင်သွင်းတဲ့အခါ အခွန်အကောက် လွတ်ငြိမ်းခွင့်ပေးတယ်။ သူတို့ဖက်က 'တိုင်းရင်းသားမြန်မာနိုင်ငံ'တွင် အဆီးအတားမရှိ၊ သွားလာရောင်းဝယ်ခွင့် တောင်းတယ်။ မြန်မာကိုလဲ သူတို့ပိုင်နက်မှာ အဆီးအတားမရှိ သွားလာရောင်းဝယ်ခွင့် ပေးတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် မြန်မာက နိုင်ငံခြားဖြစ်ဆိုလို့ သေနတ်နဲ့ယမ်းတောင့်ပဲ ပဓာနထားပြီး လိုချင်နေတယ်။ အင်္ဂလိပ် ပစ္စည်းမရရင် ပြင်သစ်ပစ္စည်း၊ အီတလီပစ္စည်း၊ ယုတ်စွအဆုံး အီရန်နိုင်ငံက သေနတ် ကိုတောင် ဝယ်ရင်ရောင်းမလား မေးဖူးပါတယ်။ အဲဒါကို သူတို့ကလဲ သူတို့ကို ပြန်ပြီး အန္တရာယ်လုပ်ဖို့ ဝယ်တဲ့သေနတ်လို့ သိတာပေါ့။ ဒီတော့ လုံးဝခွင့်မပြုဘူး။ မြန်မာကလဲ တန်ပြန်သဘော စာချုပ် သဘောဟူညီချက်တွေကိုပဲ ခပ်ကတ်တတ်တတ် ဆောင်ရွက်တယ်။ ဒီနေရာမှာ အင်္ဂလိပ်ဟာ လူသားသဘာဝနဲ့ ကင်းလွတ်နေတဲ့ အယူအဆတွေ များလွန်းနေတယ်။ စစ်ရှုံးလို့ကြောက်တာနဲ့ သဘောတူရတဲ့ ကတိ ဝန်ခံချက်ကို ဘယ်မှာ ကြည်ဖြူနိုင်ပါ့မလဲ ဆိုတာဟာ လူ့သဘာဝ ဖြစ်မယ်ပေါ့။ တစ်ဖက်က မင်းတုန်းမင်းဟာ အဝယ်တော် ကိုယ်စားလှယ်တော်တွေနဲ့ အရောင်းအဝယ်ကို ချုပ်ကိုင်စီမံနေသေးတယ်။ အဲဒါကိုလည်း အင်္ဂလိပ်က မကြိုက်ဘူး။ အချုပ်ကတော့ ၁၈၆၂ ခု ရောင်းဝယ်ရေးစာချုပ်ဟာ မအောင်မြင်ဘူး။ နောက်ထပ် ၁၈၆၇ ခုမှာ စာချုပ် တစ်ခု ထပ်တိုးပြီး ချုပ်ကြသေးတယ်။ ဒီစာချုပ်မှာ စကားလုလုတွေနဲ့ ဝေ့လည်ကြောင်ပတ် ရေးထားပေမယ့် နယ်လွန်တရားဆုံးဖြတ်ခွင့် (Extralty) မျက်နှာသာပေး နိုင်ငံအခွင့်အရေး (Most Favoured Nation Clause) သီးသန့်စီးပွားရှာခွင့် (Sphere of Interest) ဆိုတဲ့သဘောတွေ ဝင်လာတယ်။ ခေတ်ပြိုင် တရုပ်နိုင်ငံမှာ မန်ချူ ဧကရာဇ်ကို ပီကင်းနန်းပေါ်က ဆွဲမချပေမယ့် ဥရောပတိုက်သားတွေ နယ်ဝေပြီး ချယ်လှယ်ကြသလို အခု 'အမျိုးသားမြန်မာနိုင်ငံ'ကို အင်္ဂလိပ်က သူတို့ရဲ့ သီးသန့် စီးပွားရှာခွင့် နယ်ဖြစ်တယ်လို့ပဲ သတ်မှတ်လာပြီး သူတို့ကျေးတော်မျိုးတစ်ဦးနဲ့ မြန်မာတစ်ဦး အမှုအခင်းဖြစ်ရင် အင်္ဂလိပ်လည်းပါတဲ့ သီးသန့်ခုံရုံး (Mixed Court) လုပ်ပေးပါဆိုတာမျိုးတွေဟာ တရုတ်နိုင်ငံမှာ လုပ်တဲ့ လုပ်နည်းလုပ်ဟန်တွေပါပဲ။ အင်္ဂလိပ် အရေးပိုင်တစ်ဦးလဲ ၁၈၆၂ ကစပြီး မန္တလေးမှာ လာနေပါတယ်။ နိုင်ငံရေး ကိုယ်စားလှယ် (Political Agent) တစ်ယောက်ကို ဗန်းမော်မှာထားပါတယ်။ အဲဒီအဆင့်ကနေပြီး 'အမျိုးသားမြန်မာနိုင်ငံ'ကို ဩဇာခံနယ် (Sphere of Influence) ဆိုတဲ့ နိုင်ငံခြား ဆက်ဆံရေးမှာ ငါတို့ကလွဲလို့ ဘယ်နိုင်ငံခြားသားနဲ့မှ မဆက်ဆံနဲ့လို့ လုပ်ချင်တယ်။ အဲဒါကို မြန်မာက ထိုးဖောက်တိုက်ခိုက်တဲ့အခါ အင်္ဂလိပ်အတွေးနဲ့ တစ်ခုတည်းသော အဖြေပဲ ရှိတော့တယ်။ မင်းကိုနန်းချပြီး ပြည်ကိုသိမ်းဖို့ပါပဲ။ အဲဒီလို သူတို့လိုချင်တဲ့ ပုံစံသွင်းမရတဲ့အခါ မြန်မာတွေ ရိုင်းတယ်။ ယဉ်ကျေးတဲ့ သံတမန်ဆက်ဆံရေး မူလ စည်းမျဉ်းတွေ နားမလည်ဘူး (Ignorance of the Rudiments of Civilized Diplomacy)

လို့ဆိုပါတယ်။ သဘောတူညီချက် ရှိပေမဲ့ လိုက်နာဆောင်ရွက်တဲ့အခါ အမြဲ နှေးဖင့်အောင်လုပ်တာကို မြန်မာဟာ လက်နက်သဖွယ် သုံးလာတယ်လို့ သူတို့လည်း မြင်လာတယ်။ ဘာပြဿနာပေါ်ပေါ် ဆုံးဖြတ်ချက် မချနိုင်တဲ့အခါ နောက်တော့ ပြင်တာပေါ့။ အခုခဏ ဒီလိုလုပ်ထားပါဆိုတာမျိုးတွေ များတာကို သူတို့သိပ်ပြီး မခံချိမခံသာ ဖြစ်တယ်။ ပြီးတော့ မြန်မာအရာရှိကို 'အရေးပိုင်'လို့ အမည်တပ်ပြီး လွှတ်လိုက်ပေမယ့် တကယ် အရေးမပိုင်ဘူး။ ဘုရင်ဆီရောက်မှပဲ ပြတ်တယ်။ ဒီတော့ ဘုရင်ဆီကို မကြခဏဝင်ဖို့လိုမယ်။ ဒီအခါမှာ ဖိနပ်ချွတ်ပါဆိုတဲ့ အခက်အခဲနဲ့ တွေ့ပြန်ရော။ ဖိနပ်မချွတ်ရင် မြန်မာက ရိုင်းတယ်လို့ယူဆမယ်။ ဖိနပ်အတင်း ချွတ်ခိုင်းနေတာကိုလဲ အင်္ဂလိပ်က ရိုင်းလို့ ကဲ့ရဲ့ပြန်တယ်။ ဒီနေရာမှာလဲ ရင်ကြားစေ့ဖို့ ခက်ပြန်တယ်။ သူတို့ကလဲ မောက်မာတဲ့ နေရာမှာ အခေါင်အထွင့်မို့ လျှော့မပေးဘူး။ ပြီးတော့ သူတို့က မရှက်တတ်လို့ ပြောပေမယ့် ရယ်စရာကောင်းတာ တစ်ခုရှိသေးတယ်။ အဲဒါက မြန်မာမြေကို သူတို့က လိုချင်သမျှ ပိုင်းဖြတ်လုယူပြီးမှ မြန်မာက သူတို့နယ်ထဲ ကျူးကျော်တယ်လို့ ခဏခဏ ကန့်ကွက်နေပြန်တယ်။ လက်ထိလက်ရောက် သူတို့ယူထားပြီဆိုတာကို မငြင်းနိုင်ပေမယ့် စာချုပ်နဲ့ပိုင်းပြီး ပေးထားတာ မဟုတ်ဘူးလို့လည်း မြန်မာက နားလည်နေပါတယ်။ အဲဒီလိုနဲ့ ၁၈၇၃ ခုမှာ အနောက်ကရင်နီ ပြဿနာ ပေါ်လာပါတယ်။

မြန်မာက အင်္ဂလိပ်သဘောကျ လိုက်နာလိုက်ပါတယ်။ ကရင်နီက သစ်ဟာ မော်လမြိုင်ရဲ့ စီးပွားရေးဖွံ့ဖြိုးဘို့ အင်္ဂလိပ်အတွက် အရေးပါလှပါတယ်။ ကရင်နီကို အင်္ဂလိပ် ဩဇာခံနယ် လုပ်လိုက်တယ် ဆိုပါတော့။ အရှေ့ကရင်နီမှာ မြန်မာ ဩဇာရှိလက်စဖြစ်တာတောင် ၁၈၇၅ ကစပြီး လက်လွှတ်လိုက်ရတဲ့ သဘောရှိပါတယ်။ မြန်မာရဲ့ နိုင်ငံခြားဆက်ဆံရေးကို အင်္ဂလိပ်က မင်းတုန်းမင်းလက်ထက်မှာ ဘယ်သူနဲ့ဆက်ဆက် သူတို့ကို သိပ်မထိခိုက်နိုင်ဘူးလို့ ယူဆခဲ့ရိုး မှန်ပါတယ်။ ဟုတ်လဲ ဟုတ်ပါတယ်။ တခြားနိုင်ငံတွေက သူ့စားခွက်' ကို ဝင်လုနိုင်လောက်အောင် အင်အား မရှိပါဘူး။ ဝင်ကုန်ထွက်ကုန်မှာ အကောက်နည်းရင် ရောင်းဝယ်ရေး တိုးတက်မယ်လို့ သူတို့က ယုံတယ်။ ဥရောပက 'အမျိုးသား မြန်မာနိုင်ငံ' အတွက် ရန်ကုန်ဆိပ်ကမ်းက ပစ္စည်းသွင်းရင် တန်ဖိုးရဲ့ တစ်ရာနှုန်းပဲ ကောက်တယ်။ ဒီတော့ တစ်နှစ်ကို အကောက်အနေနဲ့ ငွေသုံးသိန်း နစ်နာတယ်။ ဆန်ကို အကောက်မယူဘူး။ ဒါကြောင့် နောက်ထပ် ငွေသုံးသိန်း နာပြန်တယ်လို့ တွက်ပြတယ်။ ဗြိတိသျှကျေးတော်မျိုး ကျွန်တော်မျိုးတွေကို မြန်မာက နှိပ်စက်တယ်လို့ ဆိုပြန်တယ်။ အဲဒါတော့ **ရန်ကင်းတောင်** တို့ **ရွှေမြို့** တို့ ကိစ္စနဲ့ပဲ ဘယ်သူက ဘယ်ပုံစံ လုပ်နေတယ်ဆိုတာ သိလောက်ပါတယ်။ သူတို့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့ကိစ္စဟာ အရေးအကြီးဆုံးထားပြီး ဆောင်ရွက်ရမဲ့ မန္တလေး အင်္ဂလိပ် အရေးပိုင်ရဲ့တာဝန်ဖြစ်တယ်လို့ သတ်မှတ်ထားတယ်။ မြန်မာဘုရင်ရှေ့ကို ခဏခဏဝင်ဖို့လိုတယ်။ ဖိနပ်မချွတ်နိုင်ဘူး။ မြန်မာတွေ အင်္ဂလိပ် ဘုရင်မရှေ့ ရောက်တော့လဲ မချွတ်ရပါဘူးလို့ သူတို့ကပြောတယ်။ မင်းတို့ဆီ ရောက်တော့လဲ မင်းတို့ဓလေ့ပေါ့ကွယ်။ ဒီဆီမှာလဲ တို့ဓလေ့ပဲဟေ့လို့ မြန်မာက ပြောဆိုရင် သူတို့မကြိုက်ဘူး။ အဲဒီဆင်ခြေပေးတာကိုပဲ မြန်မာတွေရိုင်းတယ်လို့ သူတို့က ဆိုပါတယ်။ နှစ်ဘက်စလုံး ဘယ်ဘက်ကမှ မလျှော့တာနဲ့ မင်းတုန်းမင်းမလွန်မီ လေးနှစ်ကစပြီး မြန်မာဘုရင်ရှေ့ကို

အင်္ဂလိပ်မရောက်တော့ဘူး။ ဒီလို ခင်မင်ရင်းနှီးမှုနဲ့ စေ့စပ်လို့ မရတဲ့အခါ အကြမ်းကိုင်ဖို့ပဲကျန်တယ်။ ရက်ချိန်းပဲ လိုတော့တယ်လို့ အင်္ဂလိပ်ဖက်က နားလည်ထားပါတယ်။ အခုနန်းတက်နေတဲ့ သီပေါမင်းကို သူတို့ အနေနဲ့ လေ့လာကြည့်ပါသေးတယ်။ ဒီပုဂ္ဂိုလ်ထက် ညောင်ရမ်းမင်းသားဟာ ရှင်ဘုရင် ဖြစ်ထိုက်တယ်လို့ တွက်ပါတယ်။ ထီးမွေခံ အဖြစ်နဲ့ သီပေါမင်းဟာ မင်းတုန်းမင်းရဲ့ သားအစစ်မှ ဟုတ်ပါလေရဲ့လားလို့ သံသယရှိတာကိုလဲ သူတို့ ကြားဖူးပြီးဖြစ်တယ်။ **စလေဒင်**က မြင်ကွန်းမင်းသားကိုလည်း ထည့်စဉ်းစားသင့်ပါတယ်လို့ ပြောဖူးကြောင်း။ ၁၈ အောက်တိုဘာ ၁၈၈၄ စာတစ်စောင်မှာ ဖတ်ရဖူးတယ်။ အခု သီးပေါမင်း သတ်လို့သေတဲ့ မင်းသားဟာ သုံးဆယ့်နှစ်ယောက်ရှိတယ်လို့ အင်္ဂလိပ်က စာရင်းပေးပါတယ်။ ထွက်ပြေးနေတဲ့ ညောင်ရမ်းမင်းသားတို့ကိုတောင် လိုက်သတ်ဖို့ တိတ်တဆိတ် လူလွှတ်တယ်လို့ သူတို့ယုံထားတယ်။ သီပေါမင်းဟာ ပြဿနာအတိမ်အနက်ကို မဆင်ခြင်ဘဲ သူကစပြီး အင်္ဂလိပ်ကို စစ်မကြေညာဘူးလို့ မဆိုနိုင်ဘူး။ သူနန်းတက်စက အင်္ဂလိပ်က ဒီအတိုင်း တွေးထားပါတယ်။



စလေဒင်

ဒါကြောင့် ဆက်နေလို့ အန္တရာယ်ကြီးမယ်ထင်ရင် ရုံးသိမ်းခဲ့နိုင်တယ်လို့ မန္တလေးနေ အင်္ဂလိပ်အရေးပိုင်ရောဗတ်ဘာကလေးရှော (Robert Barkley Shaw) ကို ၈ မတ် ၁၈၇၉ ကတည်းက ခွင့်ပြုထားပါတယ်။ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားတွေ အင်္ဂလိပ် သံရုံးကို ခိုဝင်တဲ့အခါ ရှောကပဲ လက်သင့်ခံပြီး (၁၄ နိုဝင်ဘာ ၁၈၇၈) ရန်ကုန်ကို ပို့ပေးလိုက်လို့ ဘုရင်အသစ်က ရှောရဲ့အသက်ကိုတောင် ရန်ရှာမှာစိုးနေရသေးတယ်။ ဒါပေမယ့် ရှောဟာ ဖြန်းကနဲ သူ့ ဖာသာဖျားပြီး ၁၅ ဇွန် ၁၈၇၉ မှာ မန္တလေးမှာပဲ သေရှာတယ်။ သေတော့ အသက် ၃၉ နှစ်သာ ရှိသေးတယ်။ သီပေါမင်းလက်ထက် ပခန်းမင်းကြီးနဲ့ ရေနံချောင်းမင်းကြီးဖြစ်တဲ့ ဝန်ကြီးနှစ်ပါးကို ပယ်ရှားပြီးတဲ့အခါ လုပ်သက်အရင့်ဆုံး ဝန်ကြီးဟာ ကင်းဝန်မင်းကြီးပဲ ရှိတော့တယ်။ အဲဒါကြောင့် ကင်းဝန်ဟာပဲ အင်္ဂလိပ်တွေ နားလည်တဲ့ နန်းရင်းဝန်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဖြစ်နေပါတယ်။ နန်းရင်းဝန်ဆိုပေမဲ့ သူ့မှာ တကယ်အာဏာ ဘာမျှမရှိဘူးဆိုတာ သိကြပါတယ်။ အင်္ဂလိပ် အရေးပိုင်ရှောက မင်းသားတွေ မသတ်ပါနဲ့လို့ ကန့်ကွက်တဲ့အခါ (၂၀ ဖေဖော်ဝါရီ ၁၈၇၉) ကင်းဝန်ကပဲ ထုံးစံမို့ သတ်ရပါတယ်လို့ စာပြန်ရရှာတယ်။ နောက်တစ်ခါ မသတ်ဘဲ ကျန်သေးတဲ့ မင်းသားငယ်၊ မိဖုရားမင်းသမီးရှိသမျှ ထိန်းသိမ်းရမှာ တာဝန်ကြီးတယ်ထင်ရင် ကျုပ်တို့ လက်ကိုအပ်ပါ။ မြန်မာမြေနဲ့လွတ်လွတ်မှာ အစောင့်အရှောက်နဲ့ ပေးမယ်လို့ အီတလီကောင်စစ်နဲ့ အင်္ဂလိပ် အရေးပိုင်က ပြောပါတယ်။ ဒါကိုတော့ ကင်းဝန်က ဘယ်လို ပြန်ကြားတယ်လို့ မှတ်တမ်း ရှာမတွေ့ပါဘူး။ ဒါပေမယ့် သူတို့အာမခံချက်ကို ယုံကြည်မယ် မထင်ဘူး။ မယုံကြည်ဘို့ကလဲ ယုတ္တိရှိတယ်။ **မြင်းကွန်းမင်းသားရှော**၊ ညောင်အုပ်မင်းသားပါ နောင်အခါ အင်္ဂလိပ် ထိန်းသိမ်းထားတဲ့အထဲက လွတ်ထွက်လာပြီး မြန်မာမြေပြင်မှာ လာရောက်နှောက်ယှက်တာကို တွေ့ရပါတယ်။ ဟိုတုန်းက တစ်ခါတည်း သတ်တဲ့အထဲ မပါသွားသူတွေရဲ့ အကြောင်းကို နောင်ရတနာဂီရိရောက်ပြီးမှ အပါးတော်မြ



မြင်ကွန်းမင်းသား

အတွင်းဝန် ဦးစံရွှေမေးလို့ သီပေါမင်း ကိုယ်တော်ပြောတဲ့အနေနဲ့ မှတ်သားထားတာကို တွေ့ရပါတယ်။ ကျန်ရစ်သော မင်းသားများ စာရင်းပေးပါတောင်းမ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား၊ မြင်စိုင်းမင်းသား၊ လယ်ကြားမင်းသားတို့ကို ရှိရှိ ခေါ်ဆောင် သင်္ကန်းဝတ်စေပြီးလျှင် ဆရာတော်များထံ အပ်ထားရသည်။ ၎င်းမင်းသားများ ငါ့ကြောင့်သာ အသက်ရှင်သည်။ ယခုတိုင် အချို့ ရှိကြပါသေးသည်။ မေးလျှင်ပြောလိမ့်မည်။ ရနောင်မင်းသား၏ အခါလည်းကျော် သမီးတော်ကလေး ကျန်ရစ်ကြောင်းသိရ၍ အသက် မသေရန်၊ မိန်းမစိုးမောင်းမှဲ့အား ခေါ်ဆောင်ယူစေခဲ့ပြီး တောင်တွင်းစစ်ကဲ မောင်မြစ်မယားမိပုံ့ အထိန်းထားပြီး မွေးတော်မူလာလို့ အသက်ချမ်းသာရာရတယ်။ ယခုထက်တိုင် ကြည့်မြင်တိုင် စမ်းချောင်းမှာ အသက်ရှင်လျက် ရှိသေးတယ်။ ထို ၂ ပါးမှာ ၎င်းအကြောင်းများ သိသည်ကစ၍ စိတ်နှလုံးထိတ်လန့် တုန်လှုပ်ခြင်းဖြစ်ပြီး စိတ်ပြေစေရန် နေ့စဉ် တောင်စမုဒ်ကထွက်၍ သံဃာတော်များကို ဆွမ်းကြီးလောင်းတော်မူသည်။ ငါလည်း အလွန်စိတ်မကောင်း၊ တစ္ဆေလည်းကြောက်၊ နန်းတော်တွင်းမှာ နေ့ညမပြတ် ဆူဆူညံညံ ရှိစေခြင်းငှာ ပွဲခံစေသည်။ ဟိုအခါမှာ ငါကလည်းငယ်၊ အသက် ၂၀ ရွယ်၊ မင်းကြီးများ စီမံကြရသောအခါမှာဖြစ်သည်။ နောင်မိုးခေါင်လို့ မဟာဆီ မဟာသွေး မြေ၌မကျရာဟု ပညာရှိများ၊ ဘုန်းတော်ကြီးများကပြောလျှင်၊ ညတိတ်တစ်ဆိတ် အလောင်းများကို တူးတော်ပြီး အိုးထုပ်နှင့်ထည့်၊ လှည်းမှာတင်၊ မြစ်ဆိပ်ယူပြီး ရေလည် မြစ်ထဲချကြတယ်။ (**ဂီရိရတနာ** ၈-၉)



မိန်းမစိုး

ဒီစကားမှာ သီပေါမင်းက ၁၉၁၁ ခုမှာ ပြန်ပြီး ပြောပြပုံ ဖြစ်တယ်။ ကိုယ့်အပြစ်လွတ်အောင် ရုန်းထွက်တဲ့ စကားပဲ ဖြစ်တယ်။ ဒါပေမဲ့ မသေလို့ အသင့် ကျန်သမျှကိုတော့ အင်္ဂလိပ်တွေ အကြံဉာဏ်ပေးသလို အင်္ဂလိပ်လက် အီတလီလက်မအပ်ဘဲ ယောကျ်ားလေးတွေကို ဘုန်းကြီးကျောင်းပို့၊ မိန်းကလေးကို မိန်းမစိုးအပ် လုပ်တယ်ဆိုတာ သိရပါတယ်။ သတ်တဲ့သဘောကို အလွယ်ဆုံးရှင်းရရင်

ဘုရင့်သားသည် ရွှေထီးရွှေနန်းကို အမှန် ကြံစည်စမြဲဖြစ်၍၊ ကျွန်တော်မျိုးများ၏ စောင့်ရှောက်ရသော တာဝန်သည် အလွန်မှုကြီးသည် ဖြစ်သောကြောင့် အချုပ်မှ လွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသားသတ္တဝါများ အများအပြား သေကျေပျက်စီးကြမှာမြင်၍ သုတ်သင်ရှင်းလင်းရပါသည် ဘုရား။ (**ဂီရိရတနာ** ၇)

ဆိုတဲ့ စကားကိုပဲ အမှန်ယူရလိမ့်မယ်။ ကင်းဝန်က နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ ၂၂ ဖေဖော်ဝါရီ ၁၈၇၉ မှာ မန္တလေး အင်္ဂလိပ်အရေးပိုင်ဆီကို ရေးသားပြန်ကြားတဲ့ စာထဲမှာလဲ ဒီသဘောကိုပဲ ဖော်ပြပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်ကဝင်ပြီး မသတ်မဖြတ်ဘဲ ပြောတာဟာကြင်နာသနားခြင်းကို အခြေခံပြီး မေတ္တာရပ်ခံတာမျိုးထက် ပြည်ရွာ ချောက်ချားရင် ရောင်းခင်းဝယ်ခင်းပျက်မယ်။ အဲဒါဟာ မလိုလားအပ်ဘူးဆိုတဲ့ အမြင်ကို ရှေ့တန်းက ထားပြီး ခုလိုတားမြစ် စကားပြောရင် နာမည်ကောင်းလည်းရမယ်၊ ရောင်းဝယ်ရေးလည်း မပျက်ဘူးလို့ ယုံကြည်တယ်။ မလုပ်ပါနဲ့ဆိုလို့ ရရင်သိပ်ကောင်းသွားမယ်။ မရရင် သိက္ခာ ကျမယ်။ ဒီအခါမှာ အကြမ်းသဘောအရေးယူရင် စစ်တပ်လွှတ်ဖို့ပဲ ရှိတယ်။ အနုသဘော အရေးယူရင် အရေးပိုင်ရုံးကို ရုတ်သိမ်းရမယ်။ မြန်မာဖက်က စစ်အင်အား ဘယ်လောက်ရှိသလဲ ဆိုတာကိုလည်း အကြောင်းကြားစာ (၁၉ ဧပြီ ၁၈၇၉) မှာ ပို့ပြီးဖြစ်ပါတယ်။ အဲဒီစာအရ မြန်မာမှာ လက်ငင်းစစ်သား ၁၅၀၀၀ လောက်ပဲ ရှိမယ်လို့ဆိုတယ်။ လိုရင် ချက်ချင်း ရအောင် 'ကျူးကျော်စစ်' အတွက် ပြင်ဆင်ပြီးသား ဖြစ်တယ်။ အဲဒီလိုပြင်ဆင်ပြီးထားရတာ စရိတ်မသေးဘူး၊ ဒါကြောင့် ပြင်ဆင်မှုကို နည်းနည်းလျှော့ချင်တယ်လို့ ရန်ကုန်က ဆင်းမလားကိုလှမ်းပြီး ၇ မေ ၁၈၇၉ မှာ တိုင်ပင်တဲ့စာ ရှိပါတယ်။ အဲဒီစာအရ သိရတာက တစ်ချိန်လုံး မန္တလေးဆိပ်မှာ အင်္ဂလိပ်အရေးပိုင်ကို တင်ပြီး လုံခြုံရာပို့ပေးဖို့ သင်္ဘောတစ်စင်း အသင့်ထားတယ်။ ပြီးတော့ သင်္ဘောသုံးစင်းနဲ့ တွဲသင်္ဘောကြီးခြောက်စင်းဟာ နယ်စပ်ကနေ စစ်သားသယ်ပြီး အညာဆန်ဖို့လည်း အသင့်ရှိတယ်ဆိုတာ သိရတယ်။ တစ်နည်းပြောရင် စစ်တိုက်ဖို့ အသင့်ပြင်နေပြီလို့ သတင်း စကားဖြစ်ရင် မြန်မာဟာလန့်ပြီး ပြောစကား ဆိုစကားကို နာယူလာမယ်လို့လဲ တွေးပါတယ်။ ဒါကြောင့် စားရိတ်ကြီးလို့ ပြင်ဆင်မှု လျှော့မယ်သာဆိုတာ မလျှော့ဝံ့ဘူးလို့ဘဲ စောစောကပြောခဲ့တဲ့စာမှာ အဆုံးသတ်ထား ပါတယ်။

ရောင်းခင်းဝယ်ခင်း ပျက်တယ်ဆိုတဲ့စကားကိုလည်း ဆန်းစစ်ကြည့်ဖို့ လိုပါ တယ်။ ရန်ကုန်မျက်နှာဖြူကုန်သည်ကြီးသင်း (Rangoon Chamber of Commerce) ကတော့ ဒီအတိုင်းပဲပြောပြီး သူတို့ကုန်သည်တွေ ရှုံးပါးပျက်စီးကုန်တော့မယ်၊ စစ်တိုက်ရင် မြန်မြန်တိုက်ပါတော့လားလို့ နှိုးဆော်တယ် (၁၆ မေ ၁၈၇၉)။ တကယ်ကလည်း စစ်ဖြစ် မယ်ဆိုရင် ကုန်သည်တွေဟာ ကုန်အတင်အပို့မလုပ်ဘဲ ခဏတော့ ရပ်ထားမယ်ပေါ့။ စစ်ကြေညာလိုက်ရင် ဒို့ကုန်တွေကို ရန်သူပစ္စည်းဆိုပြီး အသိမ်းခံရ၊ အလုခံ ရဖို့ရှိတယ်ဆိုပြီး လန့်တာဟာ နည်းလမ်းကျပါတယ်။ ဒါပေမဲ့ စစ်မတိုက်ဖြစ်ဘဲ ရက်ရွှေ့လာတာတော့ သူတို့မကြိုက်ပြန်ဘူး။ သူတို့က တိုက်ခိုက်ပြီး သိမ်းယူလိုက်စေချင်တယ်။ မြန်မာ မင်းပြောင်း မင်းလဲဟာ ၁ အောက်တိုဘာ ၁၈၇၉ မှာ ဖြစ်လို့ အဲဒီ အောက်တိုဘာကစပြီး ပြီးခဲ့တဲ့နှစ်နဲ့ တစ်နှစ်ချင်း နှိုင်းယှဉ်ကြည့်ဖို့ ဇယားအင်းစောက် လုပ်ပြီးပြတယ်။ အဲဒီမှာ ပထမ မင်းတုန်းမင်း လွန်စမှာ ကုန်အပို့ ဆုတ်ယုတ်တယ်။ နောက် ကင်းဝန်မင်းကြီးကအုပ်စိုးပြီး ရှေ့အဖို့ သာယာတော့မယ်လို့ မျှော်လင့်ချက် ပေးထားတဲ့အခါ တိုးပွားလာတယ်။ နောက် သတ်တယ်။ ဖြတ်တယ်။ အင်္ဂလိပ်က စစ်များတိုက်လေမလား။ နယ်စပ်ကို စစ်သားတွေ ပို့နေတယ်ဆိုတော့ ပြန်ပြီး ရောင်းဝယ် ရေး ဆုတ်ယုတ်ပြန်တယ်။ ဇယားက တစ်ဖက်မှာ ပြထားတဲ့အတိုင်းပါပဲ။

အမျိုးသားမြန်မာနိုင်ငံကို အင်္ဂလိပ်မြန်မာနိုင်ငံက ကုန်ပို့တဲ့ခါ ကုန်ဘိုး ၁၀ဝ/– မှာ ၁/– ကောက်လို့ရတဲ့ငွေကို တူရာလချင်းယှဉ်ပြီး အတိုးအဆုတ် ချိန်ထိုးရန်ပြသည့်ဇယား

| | ၁၈၇၇ | | | ၁၈၇၈ | | | အတိုး | | | အဆုတ် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကျပ် | ပဲ | ပိုင် | ကျပ် | ပဲ | ပိုင် | ကျပ် | ပဲ | ပိုင် | ကျပ် | ပဲ | ပိုင် | |
| အောက်တိုဘာ | ၆၄၅,၉၉၆ | ၀ | ၀ | ၃၁၅,၉၇၂ | ၁၅ | ၀ | | | | ၃၃၀,၀၂၃ | ၁ | ၀ | (လဆန်း ၁ရက် |
| နိုဝင်ဘာ | ၄၅၈,၁၀၉ | ၀ | ၀ | ၆၅၄,၆၆၇ | ၁၄ | ၀ | ၁၉၆,၅၅၈ | ၇ | ၀ | | | | မင်းတုန်းမင်း |
| ဒီဇင်ဘာ | ၅၅၂,၁၉၉ | ၆ | ၀ | ၆၂၆,၇၂၈ | ၂ | ၀ | ၇၄,၅၂၈ | ၁၂ | ၀ | | | | နတ်ရွာစံ) |
| | ၁၈၇၈ | | | ၁၈၇၉ | | | | | | | | | |
| ဇန်နဝါရီ | ၅၇၀,၃၇၉ | ၁၂ | ၀ | ၈၆၆,၃၆၅ | ၅ | ၀ | ၂၉၅,၉၈၅ | ၉ | ၀ | | | | |
| ဖေဖော်ဝါရီ | ၅၅၅,၀၇၂ | ၂ | ၀ | ၅၈၇,၂၇၀ | ၆ | ၀ | ၃၂,၁၉၉ | ၄ | ၀ | | | | (ဖေဖော်ဝါရီ ၁၃ |
| မတ် | ၆၂၁,၃၅၆ | ၇ | ၀ | ၂၉၈,၃၂၉ | ၉ | ၀ | | | | ၃၂၃,၀၂၆ | ၁၄ | ၀ | ကစပြီး မင်းသား |
| ဧပြီ | ၄၁၅,၈၄၆ | ၂ | ၀ | ၃၂၁,၇၀၀ | ၁၂ | ၀ | | | | ၉၄,၁၄၅ | ၆ | ၀ | တွေ သတ်) |
| | | | | | | | | | | | | | စစ်တပ်အင်အား |
| | | | | | | | | | | | | | ဖြည့်) |

ဒီဇယားကြည့်ရင် နိုင်ငံရေးအပြောင်းအလဲကို မှီပြီး အရောင်းအဝယ် အတိုးအဆုတ်ကိုပြတာတော့ မှန်တယ်။ စကားကြုံလို့ ပြောချင်တာက ဇန်နဝါရီ ၁၈၇၉ မှာ ငွေ ၈၆၆၃၆၅ ကျပ် အကောက်ရတယ်ဆိုရင် ငွေရှစ်ကုဋေ ခြောက်သန်းကျော်ဖိုး ပစ္စည်းရောင်းရတယ်လို့ ဆိုနိုင်တယ်။ အထက်အညာက ငွေအဲဒီလောက် အင်္ဂလိပ် လက်ထဲရောက်တာပေါ့။ တစ်လတည်းနဲ့ ငွေရှစ်ကုဋေဖိုးဝယ်တဲ့နေရာကို အရင်းရှင်နယ်ချဲ့ဟာ မက်မောထိုက်တယ်လို့လဲ မြင်နိုင်ပါတယ်။ ရန်ကုန်က အင်္ဂလိပ်ဟာ လိုရင်ရအောင်ဆိုပြီး စစ်တပ်တွေ ထပ်ဖြည့်မယ် ပို့ပါလို့ အိန္ဒိယကို ၆ မတ် ၁၈၇၉ မှာတောင်းတယ်။ ရန်ကုန်ကို ၁၂ မတ် ၁၈၇၉ မှာ ရောက်တယ်။ နယ်ခြားကို ၂၁ မတ် ၁၈၇၉ မှာ ရောက်တယ်။ ဒါကိုကြည့်ရင် သီတင်းနှစ်ပတ်ပြင်ဆင်ရင် အမျိုးသားမြန်မာနိုင်ငံကို သိမ်းယူဖို့ အသင့်ဖြစ်တယ်ဆိုတာကို ပြပါတယ်။ ဒါပေမဲ့ ပြည်တွင်းရေးအကြောင်းကိစ္စကို ပြပြီး ဝင်စွက်တဲ့အနေနဲ့ စစ်တိုက်ဖို့ကို အုပ်ချုပ်ရေးပိုင်းကလူတွေက မလုပ်ရဲဘူး။ ဒီအတောအတွင်း အရေးပိုင်ရှော မန္တလေးမှာ သေတယ်။ (၁၅ ဇွန် ၁၈၇၉)။ အိပ်ချ်အေဗရောင်း (H.A Browne) သွားကြည့်ပြီး အခြေအနေအရ အရေးပိုင် ရုံးပိတ်ဖို့ ထောက်ခံတယ်။ ရုံးကို ၇ အောက်တိုဘာ ၁၈၇၉ မှာ ရုပ်သိမ်းသွားပါတယ်။ မင်းတုန်းမင်းလွန်ပြီး တစ်နှစ်အကြာမှာ အင်္ဂလိပ်ဟာ အမျိုးသား မြန်မာနိုင်ငံကို အပြီး ထွက်သွားတယ်။ ဒီလိုထွက်မလာခင်ကရော ထွက်လာပြီးမှပါ သူတို့တတွေ မြန်မာအကြောင်းကို အများကြီးပဲရေးတယ်။ အမျိုးမျိုးကဲ့ရဲ့ရှုတ်ချတယ်။ ဒါပေမဲ့ မလိုလားသူတွေမို့ သူတို့ပြောတိုင်း မယုံရဘူးပေါ့။ အင်္ဂလိပ်တစ်ယောက်ကပဲ သီပေါမင်းအကြောင်းကို ပြန်ရေးတဲ့အခါ ဒီလိုရေးဖူးပါတယ်။

(အမျိုးသားမြန်မာ) အစိုးရနဲ့ (အင်္ဂလိပ်) အိန္ဒိယအစိုးရဟာ ဘယ်မှာ ခင်မင်ရင်းနှီးနိုင်ပါ့မလဲ။ တစ်ဦးကိုတစ်ဦး မယုံမကြည် အမြဲဖြစ်နေကြတယ်။ မြန်မာကလည်း အရေးရှုံးနိမ့်ပြီး အကောင်းဆုံးနယ်မြေတွေကို လက်လွှတ်ရတဲ့ ၁၈၂၅ နဲ့၁၈၅၂ ဖြစ်ရတဲ့ စစ်နှစ်စစ်ကို ဘယ်မေ့မလဲ။ ရှုံးလို့ ခံပြင်းတဲ့စိတ်က ရှိနေမယ်။ အဲဒါအပြင် ကျွန်တော်တို့ အင်္ဂလိပ်ဟာ ဒါလောက်နဲ့ မကျေနပ်သေးဘူး။ တစ်နိုင်ငံလုံး မသိမ်းဖြစ်သေးတာက အခုတလော ပါးစပ်ထဲမှာ ပြည့်နေသေးလို့ ဖြစ်တယ်။ ရှေ့ပိုင်းက စစ်နဲ့စထားတဲ့အလုပ်ကို နောက်ပိုင်းအပြီးတိုင် လက်စသတ်ဖို့ အချိန်ကောင်းစောင့်နေတာသာ ဖြစ်တယ်။

ဒါတွေကြောင့် အရှေ့တိုင်းသားအစိုးရရဲ့ သဘောအတိုင်း သိုသိပ်ပြီး ပွင့်ပွင့်လင်းလင်း ဘာမှမပြောတော့ဘူး။ ကျွန်တော်တို့ကို ရန်သူလို့ အမြင်ပေါက်သွားပြီးတဲ့နောက် သူတို့ ဘာကို ဘာပြုလို့ ဒီလိုလုပ်သင့်တယ်၊ လုပ်မယ်လို့လဲ ရှင်းမနေတော့ဘူး။ ငါတို့အပေါ်မှာ အထင်လွဲချင်တိုင်း လွဲပါစေ၊ မကောင်းထင် ချင်တိုင်းထင်ပါစေ၊ ရှင်းနေလို့ကော ဘာထူးအုံးမှာလဲလို့ မြန်မာအစိုးရရော လူမျိုးတစ်မျိုးလုံးကပါ ထင်ပြီး ဒီလိုမျိုးလုပ်တာ တို့အမြင်နဲ့ မှန်တယ်လို့မှ ဂရုစိုက်ပြီး မပြောတော့ဘူး။ ရှင်းနေတယ်ဆိုတာကပဲ ကိုယ့်အညံ့ကိုဖော်နေတာ။ အပြစ်ပဲ ရှေ့ရှုနေတဲ့ ရန်သူကို ရှင်းပြနေလဲ ပိုပါတယ်။

ဒါ့ကြောင့် အကြောင်းကိစ္စတစ်ခုကို ဆိုင်ရာအာဏာပိုင်က ဖော်ပြရှင်းလင်းချက်ရယ်လို့ ကျွန်တော်တို့လက်ထဲ ရောက်မလာဘူး။ မကောင်းသတင်းလောက်ဘဲ ရာပြီးပို့နေတယ်။ သူလျှိုတွေရဲ့ပုံပြင်တွေသာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေနဲ့ သတင်းစာတိုက်တွေကို ရောက်လာပါတယ်။

သက်ဦးဆံပိုင်မင်းစနစ်ဆိုတာ ရန်သူပေါ်မြဲပဲ။ သီပေါမင်းနဲ့ စုဖုရားလတ်တို့မှာလည်း ရန်သူဝိုင်းဝိုင်းလယ်နေပါတယ်။ အဲဒီဘုရင်နဲ့ အစိုးရလုပ်ပုံကိုသူတို့ရဲ့ ရန်သူတွေက ပို့တဲ့သတင်းပဲ ကျနော်တို့ဆီကို ရောက်တယ်။ မင်းနဲ့ပြည်သူ့ မိတ်ဆွေတွေက နိုင်ငံခြားသားနဲ့ လွတ်တဲ့နေရာကို ရွှေ့နေတယ်။ လာပြီး အဆက်အဆံလုပ်လို့ ဆွေးနွေးမယ်မထင်နဲ့။ မလိုမုန်းထားတဲ့လူတွေကသာ သူတို့ခံပြင်းနေတဲ့အချက်၊ သူတို့ ဂလဲ့စားချေရမယ့် အကွက်တွေထည့်ပြီး အတင်းအဖျင်းပြောမယ်၊ ဒီလိုပြောလာရင် ကျွန်တော်တို့ကပြောတဲ့လူကို သနားပြီး ကူညီမယ်လို့ တွေးပြီးသားပါ။ သူတို့ပြောလာသမျှကိုလဲ ကျွန်တော်တို့က ယုံကြည်မြဲပဲ မဟုတ်လား။

> ကျွန်တော်တို့လူမျိုးဟာ အင်မတန် အကြင်နာတရားကင်းတယ်။ သူများ ဒုက္ခရောက်တာကိုကြားရရင် ကျွန်တော်တို့ ပျော်တယ်၊ ယုံတယ်။ ကျွန်တော်တို့ အမြဲတစေ တွေးတတ်တဲ့ သူများလူမျိုး၊ သူများအစိုးရဟာ ယုတ်မာတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့လဲ အမြဲတိုက်ဆိုင်တယ်။ ကျွန်တော်တို့အပေါ်မှာ ခါးခါးသီးသီး မုန်းတယ်ဆိုတဲ့လူမျိုးဟာ သာပြီး ယုတ်မာသေးတယ်လို့ ကျွန်တော်တို့ထင်တယ်။
> ဒီတော့ ကျွန်တော်တို့ရဲ့ အမှားနဲ့ မြန်မာရဲ့အမှား ပေါင်းလိုက်တဲ့အခါ ဒီလူမျိုးနဲ့ ဒီဘုရင်အကြောင်းကို ကမ္ဘာအနှံ့ကျော်ကြားတဲ့ သတင်းကတော့ မကောင်း သတင်းပဲ ဖြစ်ပါတော့တယ်။ ဒီနည်းအတိုင်းပဲ ဘုရင်ဟာ အမြဲ အရက်မူးနေတယ်။ မိဖုရားက သွေးသောက်ဘီလူးမ ဖြစ်တယ်။ နန်းတွင်း မြင်မြင်သမျှ ယုတ်ကာ ခြင်းအတိပဲဆိုတဲ့ ပုံပြင်တွေ ပေါ်လာရတယ်။ မီးဖွား ကလေးငယ်ငယ်ရှိရင် ဝိုင်းပြီး ယပ်လေပေးလို့ မီး တဟုန်းဟုန်း တောက်လာတယ်။ အဲဒီနှစ်ပိုင်းတွေက သမိုင်းလည်း ယပ်လေနဲ့ ရဲရဲတောက်နေတယ်။ ဒီနန်းတော်အကြောင်းကို ချိုးချိုးဖွဲ့ဖွဲ့ ပြောသူတွေဟာ ပြိုင်ပွဲကျင်းပနေသလိုဘဲ တစ်ဦးကိုတစ်ဦး မသာ သာအောင် ပြောကြတော့ တချို့လည်း ယုတ္တိကင်းလွတ်တဲ့ အဆင့်ကို ရောက်သွားတယ်။ (အိပ်ချ်ဖီလဒင်၊ သီပေါမင်း**မယား**၊ ၆–၈)။

ဒီစကားတွေထဲမှာလည်း မှန်တဲ့အချက်တွေ အများကြီးပါပါတယ်။ ပဒေသရာဇ်နဲ့ အရင်းရှင်ဟာ တစ်ဦးကိုတစ်ဦး အကောင်းမြင်ဖို့လဲခက်တယ်။ အခုလို အရောင်းအဝယ် ညံ့သွားပုံနဲ့ ပတ်သက်ပြီးတော့ အင်္ဂလိပ် အိန္ဒိယအစိုးရရဲ့ သဘောထားကတော့ ဒီလို ရှိပါတယ်။

> မန္တလေးမှာ ဆက်ဆံရေးမပြေလည်သဖြင့် ပေါ်ပေါက်ရသော အခြေအနေဆိုး အတွက် အတိုင်ပင်ခံများနှင့်တကွ ဘုရင်ခံချုပ်တို့က အထူးဝမ်းနည်းကြောင်း ကို ကုန်သည်ကြီးသင်းသို့ ပြန်စာရေးသောအခါ (မင်းကြီးချုပ်)က ဖော်ပြပါရန် ညွှန်ကြားသည်။ ပြည်နယ်၏ မင်းကြီးချုပ်ဖြစ်သူသည် မိမိ၏ဗဟိုရုံးစိုက်ရာ ဒေသရှိ လူအပေါင်း တို့၏ စိတ်ပျက်ဝမ်းနည်းခြင်းနှင်တကွ ယင်းတို့ခံစားရသော ဒုက္ခအထွေထွေအတွက် ကြင်နာသနားခြင်း အမှန်ရှိမည်ကိုလည်းကောင်း၊ ကြုံတွေ့ ရမည့် အခက်အခဲတို့ကို လည်းကောင်း(အထက်)အစိုးရအနေဖြင့် ကောင်းစွာ သဘောပေါက်သည်။ သို့ပါသော်လည်း ကုန်သည်ကြီးသင်းကို သတိပေးစကား ပြောလိုသည်မှာ ယခုပေါ်ပေါက်သည့် အရှုပ်အထွေးပြဿနာ အရပ်ရပ် စတင်

သည့်အခါ ကာလကပင် အိန္ဒိယအစိုးရအနေဖြင့် သတိကြီးစွာထားလျက် ခံစစ်သဘောသွားကိုသာ ကျင့်သုံးမည်ဟု အခါခါအထပ်ထပ် ကြေညာပြီးဖြစ်သည်။ အရှည်အကျိုး တစ်စုံတစ်ရာကို မြော်ကိုးလျက် ထိုအမှုကိစ္စတို့ကို ဆောင်ရွက်လေသည်ဟု ယူဆဖွယ် အခြေအမြစ် လုံးဝမရှိချေ။ ကုန်သည်ကြီးသင်း၏စာတွင် ရောင်းခင်းဝယ်မှု ဆုတ်ယုတ်ရခြင်းသည် အစိုးရ၏ လက်တွင်းအစီအမံဖြင့် တစ်လုံးတစ်ဝတည်း အကျုံးဝင်နေသည်ဟူသော စကားနှင်ပတ်သက်၍ ဖြေရှင်းလိုသည်မှာ ယခုအခါ တွေ့ကြုံလျက်ရှိရသော မငြိမ်မသက်ရှိသည့် အခြေအနေအတွက် ယူသင့်သော တာဝန်မှန်သမျှကို အပြည့်အဝ တာဝန်ယူမည် မှန်သော်လည်း ထိုအခြေအနေတို့ ဖြစ်ပေါ်အောင် ဖန်တီးသူမှာ ဘဝရှင်မင်းမြတ်သာ လျှင် ဖြစ်ပါသည်။ (ဆင်းမလား ၁၄ ဇူလိုင် ၁၈၇၉)

အခုလိုအစိုးရက မြန်မာရှင်ဘုရင်ကစပြီး စစ်တိုက်ရင်သာ တို့က ခုခံစစ်ပဲ လုပ်မယ်လို့ တိတိလင်းလင်း ဖွင့်ပြောတော့ အင်္ဂလိပ်ကုန်သည်တွေ သိပ်ပြီး မကျေမနပ် ဖြစ်တယ်။ ဒီစကားဟာလည်း တာသွားတဲ့ စကားဖြစ်တယ်။ ဆိုလိုတာက အခုအတိုင်းဆိုရင် အရှက်ကွဲခံပြီး အင်္ဂလိပ်အရေးပိုင်ရုံးဟာ မန္တလေးမှာဆက်ထားလို့ ရတော့မှာ မဟုတ် ဘူး။ ဒီလိုမနေနိုင်လို့ ရုပ်သိမ်းရရင် ရောင်းရေးဝယ်မှုမှာ ဘာတွေဖြစ်လာနိုင်မလဲဆိုပြီး စိုးရိမ်ကြမှာ ပါပဲ။ လုံးဝအဆက်ပြတ်သွားရင် မပြေလည်တာတွေ ပိုလာမှာဖြစ်လို့ နောက်ဆုံးစစ် ဖြစ်မှာပဲ။ ဒီလိုသာ သဘောပေါက်ကြရင် အင်္ဂလိပ်အရေးပိုင်ရုံး အပြီး ရုပ်သိမ်းတာကို ကြည့်မနေသင့်ဘူး။ မနေနိုင်အောင်လည်း အစက မလုပ်သင့်ဘူး။ ဒါပေမဲ့ တစ်ဖက်က ကြည့်ပြန်တော့ အင်္ဂလိပ်က သိပ်ပြီးမောက်မာနေတယ်။ အတူ တွဲနေဖို့ ခက်လောက်အောင် သူက ကိစ္စတိုင်းမှာ အသာယူချင်တယ်။ အိမ်ရှင်ကို ဧည့်သည်မစော်ကားရ ဆိုတဲ့ထုံးကို ဖြောင့်ဖြောင့် ဆန့်ကျင်နေတယ်။ ရှေ့ရေးနောင်ရေးတွေ ခဏထားပြီး နန်းတွင်းရေးကို ပြန်ကြည့်တဲ့အခါ အင်္ဂလိပ်မုန်းတီးရေးက အနိုင်ရနေတာ တွေ့ရတယ်။ အာရ်ဘီရှော ကွယ်လွန်ပြီးနောက် အခြေအနေအားလုံးကို လေ့လာဖို့ အရင်က သံတမန်အဖြစ်နဲ့ မြန်မာ မြို့တော်ကို လာသွားဖူးတဲ့ အိပ်ချ်အေဗရောင်းကို လွှတ်လိုက်တယ်။ ဗရောင်းရဲ့ ၁၇ ဇူလိုင် ၁၈၇၉ ပေးစာထဲမှာ

အိန္ဒိယအစိုးရသည် ရှေ့တစ်လှမ်းတိုးမည်ဟူသော လျာထားချက်မရှိဘဲ အင်္ဂလိပ် အရေးပိုင်ရုံးကို မန္တလေး) မှ အပြီးအပိုင် ရုပ်သိမ်းသွားမည် ဆိုပါလျှင် (ဤသို့ စီမံသည့်အတွက် အစပထမ၌ ထိတ်လန့်ခြင်းဖြစ်၍ ကျန်ခဲ့မည် ဖြစ်သော် လည်း၊ ဘုရင်သည် ကြံဖန်လျက် အထိတ်တလန့် ကြာရှည်မဖြစ်အောင် ထိန်းလိုက်ပြီးနောက်) ယခုလို ရုပ်သိမ်းသွားခြင်းသည် သီပေါမင်း အနေဖြင့် ပြည့်စုံသော အောင်ပွဲတစ်ရပ်ဟု ယူဆချေမည်။ အဘယ့်ကြောင့်ဆိုသော် (မန္တလေး)မြို့တော်၌ (အရေးပိုင်ရုံး)ကို ဆက်လက်၍ မထားလိုကြောင်း မည်သည့်ပရိယာယ်ကိုမျှ သုံး၍ ဖုံးဖိထားခြင်း မရှိခဲ့ဘူးချေ။ လက်တွေ့အားဖြင့် မနေနိုင်အောင် အဘယ့်ကြောင့် ပြင်းပြင်းထန်ထန် မလုပ်သနည်းဟုမေးလျှင် စည်းကမ်းထိန်းသိမ်းရေး ဂိုဏ်းဝင်တို့က များစွာ တောင်းပန်ထားခြင်းကြောင့်သာ ဖြစ်ပါသည်။ သူတို့အမြင်၌ (အရေးပိုင်ရုံး မနေနိုင်လွန်းသဖြင့် ထွက်သွားရလျှင်) မြန်မာ မင်းဆက်လည်း အချိန်များစွာစောလျက်

ပျက်စီးမည်ဟု ယုံကြည်သောကြောင့်ပင်တည်း။

တစ်ဖက်အုပ်စုမှာ လက်သုံးတော်ဂိုဏ်းဖြစ်၍ မိုက်မဲလျက် အမြော်အမြင် ကင်းမဲ့သည့်အပြင် မောက်မာကြသေးသည်။ ထိုသူတို့ပင်လျှင် ယခုအခါ အင်အားသာလျက် ရှိချေ၏။ အကယ်၍သာ စီမံ ခန့်ခွဲခြင်းအာဏာရှိသမျှကို သူတို့၏အကောက်ဉာဏ်ဖြင့် အရေးယူပြီးသောအခါတွင် (အရေးပိုင်ရုံး)ကို ဘယ်နည်းနှင့်မျှဆက်၍ မနေနိုင်အောင်လုပ်မည်။ များစွာဆိုးဝါးသည့်နည်းတို့ကို မသုံးသည့်တိုင်အောင် နှင်ပစ်မည်မှာ မုချဖြစ်ပါကြောင်း။ အဲဒီလို အယူအဆကို မြန်မာအကြောင်းနားလည်တယ်လို့ ယူဆခံရတဲ့ ဗရောင်းကပြောတော့ နားထောင်လိုက်ပါတယ်။ ကင်းဝန်မင်းကြီးကို ပထမ အမတ်ကြီးလို့ အင်္ဂလိပ်က ခေါ်ပါတယ်။ ဝန်ကြီးချုပ်ဆိုပါတော့၊ ဒါပေမယ့် မြန်မာမှာ ဝန်ကြီးချုပ် သဘောမရှိဘူး၊ သြဇာ အရှိဆုံးပုဂ္ဂိုလ်ကို တော်ရာမှာထားပြီး နောက်တစ်ယောက် တက်လာနိုင်တယ်။ ဒါကိုရည်ညွှန်းပြီး ဗရောင်းကပဲ စစ်သဘင် ခင်းကျင်းသည့် ဆူဆူညံညံများကို မြို့တော်၌သာ တွေ့ရပါသည်။ ပထမအမတ်ကြီး (ကင်းဝန်မင်းကြီး) သည် လက်နက်ကိုင်တပ်တို့ကို စီမံအုပ်ချုပ်နေရသေးသရွေ့ မည်သို့မျှ စိုးရိမ်ဖွယ်မရှိဟု ယူဆသည်။ သို့သော် လက်သုံးတော်ဂိုဏ်းက ပထမ အမတ်ကြီးကို လွှမ်းမိုးသွားနိုင်မည့် အလားအလာရှိ၍ လွှမ်းမိုးဖြစ်ပါလျှင် အန္တရာယ်ကြီးမည်။ (၂၆ ဇွန် ၁၈၇၉)




လို့ ပြောခဲ့ပါတယ်။ ဒီတော့ ချက်ချင်း အရေးပိုင်ရုံးကို မရုပ်သိမ်းပေမယ့် ဆက်ထားရင် (၁) အန္တရာယ်ကြီးမယ်။ (၂) ဘာမှလဲ အခု အသုံးမကျဘူး ဆိုတာ ထင်ရှားနေပါတယ်။ ဒါကြောင့် သေသွားတဲ့ ရှောနေရာမှာ လူသစ်မလွှတ်၊ လက်ထောက် အိပ်ချ်အယ်အေစိန်ဗာဗေ (H.L.St. Barbe) ကိုပဲ လွှဲထားတယ်။ အင်္ဂလိပ် အရေးပိုင်ရုံးနဲ့ ဘယ်သူမှ အဆက်အသွယ် မလုပ်ဝံ့ကြဘူး။ အဲဒီလို ဖြစ်တာက ရှောသေပြီး ဗရောင်း ခဏအလာကပဲ စတယ်။ ဗရောင်းဟာ မြို့သာဝန်ထောက်နဲ့တွေ့ပြီး အကျိုးအကြောင်း ပြောရတယ်။ ချက်ချင်းဆိုသလိုဘဲ အဲဒီဝန်ထောက် အရာကျတယ်။ နောက်ထပ် ဘယ်အရာရှိမှ အင်္ဂလိပ် အရေးပိုင်ဆီကိုလည်း မလာဘူး။ အရေးပိုင် လာတာကိုလည်း လက်မခံချင်ဘူး။ ကြောက်ကြတယ်။

ယခုလိုပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ အရေးပိုင်ကို ယခင် သာယာဝတီ မင်းလက်ထက်က ကျွန်းငယ်တစ်ခုတွင် တင်ထားသဖြင့် မည်သူနှင့်မျှ အဆက်အသွယ် လုပ်၍မရအောင် ပိတ်လှောင်ခြင်းတစ်မျိုးကို ခံရဘိသကဲ့သို့ ဖြစ်ကြောင်း ထင်ရှားလှပါသည်။ (၇ ဇူလိုင် ၁၈၇၉)

ကင်းဝန်မင်းကြီး

ဒီစာထဲမှာ အဖြေပါနေပြီ။ သာယာဝတီမင်းလက်ထက်က အရေးပိုင်ရုံးကို အပြီးပိတ်ပြီး ပြန်ရဖူးတယ်။ အခုလည်း အခြေအနေက ပိတ်ပြီးပြန်ရဘို့ ဖြစ်နေပြီပေါ့။ စောစောက (၂၆ မေ ၁၈၇၉) လက်ထောက်အရေးပိုင်ဖယ်ရာ မြင်းနဲ့အပြင်က ပြန်အလာမှာ အပြောင်အလှောင် ခံရတယ်။ အဲဒါကို အင်္ဂလိပ်ကလဲ အကြီးအကျယ် ကိစ္စလုပ်တယ်။ သူတို့အပြောကတော့ အဲဒါမျိုး အရင်ကမဖြစ်ခဲ့ဘူး။ ဒါပေမဲ့ ရှေ့ဆက်ပြီး ခဏ ခဏဖြစ်တယ်လို့ ဆိုတယ်။ အဲဒါမျိုးဖြစ်တာတွေကလည်း အင်္ဂလိပ်အရေးပိုင် ရုံးသားတွေကို စိတ်ချောက်ချားစေမယ်ပေါ့။ တစ်နေ့ဝင်ပြီး အားလုံးကိုသတ်သွားရင် မခက်ပါလားလို့တွေးတယ်။ အာဖဂန်မှာ မြို့တော် ကဘူလ် (Kabul) မှာ အင်္ဂလိပ် အရေးပိုင် သွားထားတာ မကြာသေးဘူး။ အဲဒီအရေးပိုင် နဲ့ တစ်ရုံးလုံး ၃ စက်တင်ဘာ ၁၈၇၉ မှာ အသတ်ခံရတယ်။ အခြေအနေကို ခြုံပြီး ကြည့်လိုက်ရင်

> **ရှင်စောပု** သဘော်ကိစ္စဖြစ်ပြီး နောက်တစ်လတွင် မန္တလေးနေ လက်ထောက် အရေးပိုင် နံနက် မြင်းစီးလေ့ကျင့်ခန်းယူပြီး ပြန်အလာမှာ မြန်မာ လူငယ် လူကြမ်းများက ပြောင်လှောင်ရန်စသည်ကို ခံရသည်။ အသေးအဖွဲ့ကိစ္စမျှသာဟု ဆိုနိုင်သော်လည်း လေမည်သည့်အရပ်က တိုက်နေသည်ဟု ဖော်ပြသည့် လက္ခဏာ အမှတ်အသားဟု ယူဆရပါမည်။ ကာလကတ္တား(ရှိ အာဏာပိုင်တို့က)အရေးပိုင်ရုံး၏ လုံခြုံရေးကို ပို၍ပို၍ စိတ်မချဖြစ်လာပါသည်။ မန္တလေးတွင် ဇွန်လ (လယ်)က အရေးပိုင် မစ္စတာရှော ကွယ်လွန်ပြီးနောက် ဆက်ခံသူ ဟူ၍ မခန့်ထားတော့ချေ။ အဝနန်းနှင့် ဆက်သွယ်ရေးကို ယာယီအားဖြင့် ပဂိုးမင်းကြီးကိုယ်တိုင် စီမံလျက် အမှုဆောင် (Charce D.Affaires) အဖြစ်ဖြင့် မစ္စတာအိပ်ချ်အယ်လ်စိန့်ဗာဗေ (Mr st.H.L. Barbe) ကို မန္တလေးတွင် တာဝန် ယူစေသည်။ ထိုအရာရှိမှာ အစဉ်အမြဲ ဝန်းပိုင်းပိတ်လှောင်ခြင်းကို ခံနေရသည့် သဘော ရှိပါသည်။ အရေးပိုင်ရုံးအတွင်း သို့လည်းကောင်း၊ အရေးပိုင်ရုံး အပြင်သို့ လည်းကောင်း မည်သည့် မြန်မာအမျိုးသားမျှ ဝင်လာခြင်း သို့မဟုတ် ထွက်သွားခြင်း မပြုဝံ့။ ထို့ပြင် ရုံးတွင်းသားအားလုံးကို သီပေါမင်းက သတ်စေ ရန် ကြံစည်ခြင်းကိုပင် ပြုသည်ဟု အပြောများလှသည်။ ထိုသို့ပြုဖြစ်စေရန် အစီအစဉ်များကိုပင် ၁၈၇၉ ခုနှစ်က ကြိမ်ဖန်များစွာ ပြုသည်ဟု သိရ၏။ စက်တင်ဘာလအတွင်း၌ ကဘူလ် (Kabul)နေ အင်္ဂလိပ်အရေးပိုင် ဆာလွီကဗဂ်နရီ (Sir Louis Cavagnari)ကို အာဖဂန် (Afgan) တို့က သတ်ပစ် လိုက်ကြ၏။ ထိုအခါမှ မန္တလေးအရေးပိုင်ရုံးအတွက် ဆုံးဖြတ်ချက် ကျပါတော့သည်။ ရုံးကို အလျင်အမြန် ရုပ်သိမ်းခဲ့စေဟု အမိန့်ကို ချက်ချင်းချ၍ ပေးပါသည်။ အနှောင့် အယှက် တစ်စုံတစ်ရာ မကြုံရဘဲ မစ္စတာဗာဗေနှင့် ရုံးသားတို့သည် ၇ အောက်တိုဘာ (၁၈၇၉)တွင် မန္တလေးမှ ထွက်ခွာခဲ့ကြသည်။ (ဟောလ်၊ **ဥရောပ မြန်မာ**၊ ၁၆၈၉)။

အင်္ဂလိပ်ရုံးပိတ်သွားပြီဆိုတော့လည်း ဒါဟာ စိုးရိမ်သင့်တဲ့ ကိစ္စကြီးတစ်ခုပဲလို့ မြန်မာ တွေသိကြပါတယ်။ စစ်တော့ဖြစ်ပြီလို့ ပူပန်တဲ့အစိတ်ပိုင်းက စစ်ပြင်ဆင်မှုတွေလုပ်ဖို့ နှိုးဆော်တယ်။ အီတလီဆရာ၊ ပြင်သစ်ဆရာတွေနဲ့ စစ်ပညာပေး လေ့ကျင့်ခန်းတွေ လုပ်ကြပါတယ်။ အဲဒီလိုပြင်ဆင်တယ်ဆိုတာလဲ တကယ်တော့ ကျကျနန သဘောမပါဘူး။

နိုင်ငံခြားသားအမြင်နဲ့ ဝေဖန်ချက်တွေဖူးတာက

> စစ်တပ်ကို ခေတ်ဆန်အောင် ဖွဲ့စည်းလျက် စစ်ပညာလေ့ကျင့်ရန် ပြင်သစ်နှင့် အီတလီအမျိုးသားများရှိ၏။ (သို့သော် သူတို့လက်ဝယ် ပေးအပ်ထားသည့် တပ်သားတို့မှာ) ပေါ့ပေါ့ဆဆသာ လိုက်နာလျက် စစ်မှုထမ်းနှင့် လုံးဝမတူသော စစ်သည်များသာဖြစ်၏။ (ထို့ပြင်)ဆရာလုပ်သူတို့ လခမှန်မှန်ရအောင် ဆိုင်ရာ ကောင်စစ်ဝန်ကနေ၍ ကြိုးစားယူရပေါင်း များသဖြင့် (ဆရာများလည်း ပေါ့ ဆချေမည်)။ အက်ဖ်တဲနီဆင်ဂျက်စီ၊ ယွန်း**ထိုးရုပ်အမျိုးသမီး** ၁၂၁)

အဲဒီလို မှတ်ချက်ဟာ အရာရောက်တဲ့ မှတ်ချက်ဖြစ်တယ်။ စစ်တပ်ကို တကယ်တမ်း ပြန်ပြီး ခေတ်ဆန်အောင် ဖွဲ့ဖို့လိုတယ်ဆိုတာ အသိအမှတ်ပြုပြီးဖြစ်တဲ့ ဆုံးဖြတ်ချက် ဖြစ်တယ်။ ဒါပေမယ့် ခိုင်းစေချက်ကို စစ်တပ်တို့ ထုံးစံအတိုင်း အတိအကျ လိုက်နာပြီး ဖြစ်မြောက်အောင် လုပ်တယ်ဆိုတာ လုံးဝမတွေ့ရပါဘူး။ ဆရာက လခမှန်မှန်မရလို့ ပေါ့ဆတယ်။ တပည့်တွေက ခိုင်းလို့လာလုပ်ရတယ်။ တန်ဖိုးမရှိပါဘူး။ ဒို့များ သတ္တိ ကောင်းပြီးဖြစ်တယ်။ လက်နက်ကောင်းဘည်း လူစေ့ပေးပါလို့ ယူဆကြမယ်။ စစ်ပညာ စစ်စည်းကမ်း အဆုတ်အတက်တွေနဲ့ ဘယ်ခြေညာခြေ ဆိုတာတွေ လုပ်မနေချင်ကြဘူး ဆိုတာလဲ မှန်တယ်။ နောက်မှတ်ချက်တစ်ခုကပိုပြီး အခြေအနေမှန်ကို ဖော်ပြနိုင်ပါတယ်။

> နန်းတော်နှင့် သစ်တပ်အကြားတွင် မြင်းများ၊ စစ်ဆင်များကို တိုက်ပွဲ ကြုံလျှင် အကြောက်အလန့်မရှိရအောင် ကျင့်ပေးခြင်း၊ စစ်သည်တို့ကိုလေ့ကျင့် ခန်းပေးခြင်း တို့ကို အမြဲ မြင်တွေ့နေရပါသည်။ ဥရောပတိုက်သား စစ်ပညာပေး ဆရာတို့ကို စစ်သည်တို့က လေးစားလိုက်နာခြင်း အလွန်နည်း၍ ဆေးလိပ် သောက်ရင်း တံတွေးထွေးရင်း အချင်းချင်းရယ်မောလျက် စကားပြောရင်းသာ အချိန် ဖြုန်း သည်။ (စစ်ဝတ်စုံသစ်တို့ဖြင့်) တောက်တောက်ပြောင်ပြောင် မြင်ရသည်။ ပျော်ကြေသည်။ (အက်ဖ်တဲနီဆင်ဂျက်စီ **ယွန်းထိုးရုပ် အမျိုးသမီး၊** ၂၄၁)

ဒီလို တစ်ဖက်က ပြင်ဆင်ပြီး တစ်ဖက်ကလည်း အင်္ဂလိပ်ဗဟိုအစိုးရရှိရာကို လိုက်ပြီး သံတမန်စကားနဲ့ အပြေအပြစ်လုပ်ဖို့ လိုအုံးမယ်လို့ ဆုံးဖြတ်ပြီး သံအဖွဲ့ကိုလည်း ရန်ကုန် နဲ့ ကလကတ္တားကို သွားဖို့လွှတ်ပါတယ်။

'ရာဇလက်ဆောင်များနှင့်' လွှတ်လိုက်တဲ့ ပုဂ္ဂိုလ်တွေကတော့ ၁။ မြောင်လုမြို့စား မင်းကြီး သီရိမဟာဇေယျသူ၊ ၂။ စာရေးကြီး မင်းထင်သိဒ္ဓိရာဇာ၊ ၃။ အမှာရေး နေမျိုး မင်းထင်ရာဇာတို့ပဲ ဖြစ်ပါတယ်။

> အင်္ဂလိပ်အစိုးရမင်းတို့က စေလွှတ်တော်မူသည့် သံတော်တို့ကို သရက်မြို့တွင် ရပ်ဆိုင်းရန်အခွင့်ပေး၍ ခုနစ်လကျော် ဆိုင်းငံ့ရှိနေသော်လည်း မြန်မာအစိုးရမင်း တို့ ချုပ်လို့သည့် စာချုပ်သဘောနှင့် အင်္ဂလိပ်အစိုးရမင်းတို့ ချုပ်ဆိုလိုသည့် စာချုပ်သဘောဆန္ဒ မညီညွတ်ကြသောကြောင့် မြန်မာသံတော်အရာရှိတို့မှာ သရက်မြို့ကပြန်လာရ၏။ (ကုန်း တ၊ ၅၃၀)။

မြန်မာမှတ်တမ်းမှာ ဒါလောက်ပဲ သာမညရေးပြီး ထားပါတယ်။ ဒါပေမဲ့ ကိစ္စကြီးတဲ့ ကိစ္စဖြစ်ပြီး ဆက်မသွားရပဲ ပြန်ခဲ့ရတာဟာ ဘယ်လောက်အထိ ဖြစ်နိုင်တယ်လို့ မြန်မာမင်းနဲ့ အတိုင်ပင်ခံတွေ သဘောပေါက်ပါရဲ့လားလို့ သံသယဖြစ်စရာ ရှိနေပါတယ်။ သံအဖွဲ့ဟာ

မန္တလေးက ၂၁ အောက်တိုဘာ ၁၈၇၉ မှာ ထွက်ခဲ့ပါတယ်။ အင်္ဂလိပ် အရေးပိုင်ရုံး ရုပ်သိမ်းသွားပြီး သီတင်းနှစ်ပတ်တိတိ ကြာတဲ့အခါ မြန်မာဘက်က စိမ့်ကြောက်လာပြီး လေပြေထိုးဖို့ လွှတ်တယ်ဆိုရင်လည်း ရပါတယ်။ သရက်အရေးပိုင် 'ပြောင်း'ကို မြန်မာသံတွေလာနေပြီ။ သရက်မှာပဲ ရပ်ဆိုင်းထားပြီး (၁) စေလွှတ်ရင်း အကြောင်းအရာနဲ့ (၂) သံအမတ်ကို အာဏာလွှဲအပ်ပေးလိုက်ပုံတွေမေးပြီး စာနဲ့ ရေးသား အစီရင်ခံပါ။ (၃) ထုံးစံပြမြဲဝတ်ကိုပြုပြီး ယဉ်ယဉ်ကျေးကျေး ဆက်ဆံပြီး တည်းခိုဖို့ ဗိုလ်တဲတစ်လုံးပေးထားပါလို့ ခိုင်းလိုက်တယ်။ 'ပြောင်း'ရဲ့ ၂၇ အောက်တိုဘာ ၁၈၇၉ ပြန်ကြားစာမှာ သံအဖွဲ့ ရောက်လာပါပြီ။ သူတို့လာတဲ့စာတွေဟာ ထုံးစံနဲ့အညီ 'ရာဇသံစာနဲ့လက်ဆောင်'ပို့ လွှတ်တယ်လို့ပဲပါတယ်။ ဒီသံအမတ်ဟာ နိုင်ငံရဲ့ကိုယ်စား စကားပြောဖို့ စာချုပ်ဖို့ အာဏာပေးအပ်ပြီး လွှတ်တယ်လို့မပါဘူးတဲ့။ မဟာမိတ် သဘောထားနဲ့ ဆက်ဆံရေး အားလုံးပျက်အောင် ဖျက်စီးလိုက်ပြီးနောက် အခြေအနေကို ဘယ်လိုမှ တိုးတက်အောင် မလုပ်နိုင်တဲ့ သံအဖွဲ့ဖြစ်လို့ လက်ခံတွေ့ဆုံဖို့မလို။ လက်ခံ မိရင် အထင်အမြင် လွဲကုန်ကြမဲ့ အန္တရာယ်ရှိတယ်။ မန္တလေးမှာ ထားခဲ့တဲ့ အရေးပိုင် ညံ့ဖျင်းလို့ အခြေအနေ ဆိုးသွားတယ်ဆိုတဲ့သဘော ဖြစ်လာနိုင်တယ်။ လုံလောက်တဲ့ အကြောင်းအချက်မရှိဘဲ အရေးပိုင်ရုံး ရုပ်သိမ်းသွားတယ်လို့ အပြစ်ထားပြီး ပြောဆို လိုတယ်။ မြန်မာဖက်က တရားလွန်တာတွေ ကို ဖုံးပြီး ပြောချင်တယ်။ ဒါကြောင့် ဒီ သံအဖွဲ့ကိုလက်ခံလိုက်ရင် မြန်မာကိုအသာပေးလိုက် တာနဲ့ အတူတူပဲ။ လက်မခံဘဲ နေမှဖြစ်မယ်လို့ အကြံဉာဏ်ပေးပါတယ်။ 'ချစ်ကြည်ရေး' စကားတွေ ထပ်မပြောကြခင် မန္တလေးက ဘာကြောင့် အရေးပိုင်ရုံးကို ရုပ်သိမ်းရတယ် ဆိုတာ အချက်အလက်တွေနဲ့ ထင်ရှားအောင်ပြပြီး အဲဒီလိုအစော်ကားခံခဲ့ရတာတွေကို အရင်ဖြေရှင်းပါ။ အဲဒါတွေ ပြေလည်မှ ရှေ့အဖို့ ဆက်ဆံရေးကို ပြောမယ်လို့ တင်းတင်း မာမာပြောဖို့ ဆုံးဖြတ်ပြီး ဖြစ်တယ်။ အဲဒီလို ပြောဆိုနေကြတဲ့အချိန်မှာ မြန်မာသံအဖွဲ့ဟာ လာရင်းဖြစ်တဲ့ မြန်မာပိုင်သင်္ဘောပေါ်မှာပဲ နေကြတယ်။

ဒီလို မြန်မာသံအဖွဲ့ကို ရန်ကုန်ထိအောင်တောင် မသွားပါနဲ့အုံးလို့ တားထားတဲ့ အချိန်အတွင်းမှာ ၁၃ နိုဝင်ဘာ ၁၈၇၉ က မဟာမက်အစ်စမေ ဆိုတဲ့ စူရတီဟာ မြင်းခြံ ဆိပ်ကမ်းမှာ ရွှေမြို့သင်္ဘောပေါ်တက်ပြီး သင်္ဘောကပ္ပတိန် ဗင့်နဲ့ ရန်မဖြစ်ဖြစ်အောင် ရန်စပြီး ဆဲဆိုတယ်။ ရန်းရင်းဆန်ခတ်ဖြစ်အောင် လုပ်တယ်။ အဲဒီ အစ်စမေဟာ မြန်မာမင်းရဲ့ အဝယ်တော်ဖြစ်နေတော့ အခြေအနေကို ရင်ကြားမစေ့အောင် တမင် ဝင် လုပ်တဲ့သဘောဖြစ်နေတယ်။ ဒီလို စော်ကားတာကို ကျေနပ်အောင် တောင်းပန်ရမယ်။ လျော်ကြေးပေးရမယ်။ သက်ဆိုင်တဲ့တာဝန်ခံအရာရှိတွေကို ကြီးကြီးကျယ်ကျယ် အပြစ် ပေးရမယ်။ ဒီလို စီးပွားရေး အကျပ်ကိုင်ချင်တယ်။ ခွင့်ပြုမလားလို့ အိန္ဒိယအစိုးရက အင်္ဂလန်အစိုးရမှာ ၉ ဒီဇင်ဘာ ၁၈၇၉နေ့က သံကြိုးနဲ့ ခွင့်တောင်းပါတယ်။ စီးပွားရေး အကျပ်ကိုင်နိုင်ပုံကိုလည်း ၁၄ ဇန်နဝါရီ ၁၈၈၀ နေ့စွဲနဲ့ စာတစ်စောင်ရေးပြီး ရှင်းပြ ပါတယ်။ အဲဒီစာပါ စီးပွားရေးအခြေအနေကို လေ့လာကြဖို့ လိုမယ်ထင်ပါတယ်။

အင်္ဂလိပ်ကျေးတော်မျိုး ကျွန်တော်မျိုးတွေကို မြန်မာရေပြင်မှာ ရိုက်နှက်ညှဉ်းပန်း တာဟာ ၁၈၆၂ နဲ့ ၁၈၆၇ စာချုပ်တွေထဲမှာ ပါတဲ့စကားကို မထေမဲ့မြင် ပြုရာရောက်တယ်။ အဲဒါကို အမျိုးသားမြန်မာအစိုးရကို တိုင်ပါတယ်၊ အရေးမယူဘူးဆိုရင် စာချုပ်စကား တွေ

အားလုံးပျက်တယ်။ ဒါ့ကြောင့် အမျိုးသားမြန်မာနိုင်ငံနဲ့ အင်္ဂလိပ် မြန်မာနိုင်ငံ ရောင်းဝယ်မှု ဆက်သွယ်ရေး ဖြတ်ကြစို့ဆိုရင် ဘယ်သူကပိုပြီး နစ်နာမလဲလို့ ကြည့်တဲ့အခါမှာ အမျိုးသား မြန်မာကပိုပြီး နစ်နာမယ်လို့ တွက်ခြေကပြတယ်။ အကြမ်းသဘောကြည့်ရင် အမျိုးသား မြန်မာနိုင်ငံကို ဆန်နဲ့ဆား ငါးခြောက် ငပိ ငန်ပြာရည်တွေကို အကောက်မယူဘဲ တင်သွင်း ခွင့်ပြုတယ်။ အဲဒါကို (၁) လုံးဝမတင်သွင်းတော့ဘူး ဆိုရင် အညာမှာ အငတ်ပြဿနာ ပေါ်မယ်။ အဲဒီလို မလုပ်သေးဘဲ (၂) အကောက် ယူ မယ်ဆိုရင် ဆန်ဈေး ဆားဈေးတက်လို့ မငတ်ပေမဲ့ အခက်အခဲရှိမယ်။ အဲဒါအပြင် (၃) ဥရောပတိုက်က အမျိုးသား မြန်မာ နိုင်ငံအတွက်ဆိုပြီး ရန်ကုန်ကို ရောက်လာတဲ့ ကုန်ကိုတန်ဖိုးရဲ့ တစ်ရာနှုန်းပဲ အကောက်ကောက်ခဲ့ရာက ထုံးစံအတိုင်း ငါးရာနှုန်းမှ တစ်ဆယ်ရာနှုန်းအထိ အမျိုးအစား အလိုက် ခွဲကောက်ရရင် အစုငွေ ၅၈၄၇၀ ရနေရာက ငွေ ၃၄၀၂၅၂ ရမယ်။ ငွေ ၂၈၁၇၈၂ ပိုလာမယ်။ ဒီလိုဆိုရင်လဲ အညာက မြန်မာတွေပဲ နစ်နာမယ်။ အမျိုးသားမြန်မာနိုင်ငံမှာ အဲဒီအခါက လူသုံးသန်းရှိမယ်လို့ ခန့်မှန်းတယ်။ ဒီသုံးသန်း ဒုက္ခရောက်မယ်။ အထူးသဖြင့် ဆန်နဲ့ဆား ဈေးတက်ရင် ဒုက္ခပိုမယ်။ အထက်ပိုင်းအတွက် တစ်နှစ်ကို အခွန်အကောက် မယူဘဲ ပိုရတဲ့ဆန်ဟာ တန်ချိန် ၆၇,၅၀၀ ရှိတယ်။ (မောင်း ၁၈၉၀,၈၃၁ ဖြစ်ပါတယ်။ တစ်မောင်းကို သုံးပဲနှုန်းသာ) ထုံးစံရှိတဲ့အတိုင်း ကောက်ရရင် အကောက်ငွေ ၃၅၄,၅၃၀ ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ တစ်နှစ်ကို ဆားအချိန် ၉၆၆,၇၆၀ ပိဿာ သွင်းရတယ် (မောင်း ၄၂၂၈၇၇ ဖြစ်ပါ တယ်။ တစ်မောင်းကို ငွေ ၂ ကျပ်ခွဲသာကောက်ရင်) ငွေ ၁၀၅၇,၄၄၂ ရနိုင်တယ်။ ဒါပေမယ့် အခုတစ်မောင်းကို ၁ ³/₂ ပိုင်သာ စတိသဘောမျိုး ကောက်လို့ အကောက်ငွေ ၂၆၄,၈၀၀ ပဲ ရတော့တယ်။ ငွေ ၁၀၅၄,၇၉၄ လျော့နည်းနေတယ်လို့ဆိုတယ်။ ငါးပိ ငါခြောက်ကို ကုန်ခဲ့တဲ့ ၁၈၇၈ ခုနှစ်က အညာက ငွေ ၁၅၇၃,၄၅၅ ဘိုးဝယ်ပါတယ်လို့ဆိုတယ်။ ကောင်းပြီ၊ ဒီလိုအခြေအနေကို တစ်ဖက်အမြင်နဲ့ ကြည့်ပေမဲ့ တခြားတစ်ဖက်က ကြည့်ရင် တို့မှာရော မရောင်းရလို့ မနာပေဘူးလား၊ သူတို့မှာရော သိပ်ပြီးခေါင်းပါးလို့ သေမကုန်ဘူးလားဆိုတဲ့ သဘောမျိုးနဲ့ ရန်ကုန်အင်္ဂလိပ်ကို ကုလား နိုင်ငံ အက်ဒ်မီယာ စခန်း အင်္ဂလိပ်က ၄ ဒီဇင်ဘာ ၁၈၇၉ မှာ သံကြိုးနဲ့မေးပါတယ်။ အဖြေကတော့ ယာယီထိခိုက်မယ်။ ပြန်ပြီးကောင်းနိုင်တယ်။ မြန်မာမင်းဟာ အဆမတန်ပိုပြီး ထိခိုက် မယ်။ ငါးပိငါးခြောက်အသွင်းကို ပိတ်ပစ်ရင်ကိုပဲ မြန်မာတွေ ဒုက္ခရောက်ပြီး အညံ့ခံလာစရာရှိတယ်။ ဆန်အသွင်းကိုရပ်ရင် တယ်မထိခိုက်နိုင်ဘူး။ ဆန်ဈေးကြီးလို့ လူတိုင်း ဆန်မစားနိုင်ပေမဲ့ အစားထိုးစားစရာ ပြောင်းတို့ ဂျုံတို့ရှိပါတယ်။ အညာမှာ တစ်နှစ်ကို ဂျုံ ၁၂၈၀ တန်နဲ့ အခြားစားစရာ ကောက်ပဲသီးနှံ ၁၂၆၈၀ တန် ထွက်ပါ သေးတယ်။ အဲဒါတွေ စားရရင် မငတ်နိုင်ပါဘူးလို့ဖြေတယ်။ ပြီးတော့ အပြန်ကုန်အနေနဲ့ အညာက ဝယ်ယူနေရတဲ့ ပစ္စည်းတွေ အောက်ပြည်အောက်ရွာမှာမရရင် မခက်ဘူးလား ဆိုတဲ့ အမေးကိုတော့ မခက်ပါ၊ တခြားက ပို့ပေးနိုင်တယ်လို့ သိရတယ်။ အောက်က ဝယ် တယ်ဆိုတဲ့ ပစ္စည်းတွေက ချိပ်၊ ပိုး၊ ရေနံ၊ ကျောက်မျက်ရတနာစတဲ့ ပစ္စည်းတွေပါပဲ။ အညာကသာ ဆားမရရင် ခက်မယ်။ ဒီတော့ဆားကို ပိတ်ကြည့်စမ်းပါလားလို့ အဲဒီ အချိန်က အင်္ဂလိပ်မြန်မာနိုင်ငံက မင်းကြီးချုပ် စီယူအစ်ချီဆန် (C.U.Aitchison) ၆ ဒီဇင်ဘာ ၁၈၇၉ မှာ ပြန်ကြားပါတယ်။ စီးပွားရေးပိတ်ဆို့ခြင်းကို ဒီတုန်းက

လုပ်ရင်ကောင်းမယ်လို့ အင်္ဂလိပ်က စဉ်းစားဖူးပါတယ်။

> ဆန်အထောက်အပံ့ကို ရပ်စဲလျှင် ယာယီ အငတ်ပြဿနာ ပေါ်နိုင်သည်။ သိသာထင်ရှားလောက်အောင် ခံစားနစ်နာမည် (လူသေမည်)၊ သို့သော် ဆား ကို ပိတ်ပင်သည်လောက် အကျပ်ကိုင်သော လက်နက်အဖြစ်ဖြင့် စွမ်းမည် မထင်ချေ။ (စီယူအစ်ချီဆန်၊ ၆ ဒီဇင်ဘာ ၁၈၇၉)။

တိုင်းပြည်မှာ သူပုန်ခေါင်းဆောင်အနေနဲ့ လူအပေါင်းကို ဒုက္ခပေးတော့မယ် ဆိုတာသိလို့ မင်းသား သုံးဆယ့်နှစ်ယောက်ကို သတ်တာနဲ့ သီပေါမင်းကို အင်မတိ အင်မတန်ရက်စက်တဲ့ ဘီလူးမင်းလို့ ပုတ်ခတ်ပြီးသူတို့က 'ကြင်နာမှုနှိုးရည်' ချောင်းစီး တဲ့ လူမျိုးအဖြစ်နဲ့ အသားယူခဲ့တယ်။ အခု အရင်းရှင် နယ်ချဲ့ဟာ သုံးဆယ့်နှစ်ရဲ့ အပြန်တစ်ရာ ကျော်ရင်သာ ကျော်မယ် မလျော့နိုင်တဲ့ ဒုဗ္ဘိက္ခန္တရကပ်ကို ဖန်တီးဖို့ ကြံစည်ပါတယ်။ မြန်မာအမှုထမ်း စုရတီကုန်သည် အစ်စမေက အင်္ဂလိပ်သင်္ဘော ကက်ပတိန် ဗင့်ကိုဆဲတာ အင်မတန် စော်ကားတယ်လို့ တိုင်တန်းတယ်။ မြန်မာတွေ ဟိုတုန်းက မသိလိုက်ပေမယ့် မြန်မာ ထောင်သောင်းချီပြီး သေဖို့ကြံစည်တာကော စော်ကားရာ ဘီလပ်ကနေပြီး ၁ မတ် ၁၈၈၀ မှာ ဒီအကြံအစည်ကို ရပ်ထားပါအုံး၊ ဒါ့ထက် ပြည့်စုံအောင် အစီရင်ခံအုံးဆိုလို့ပါပဲ။ ခဏရပ်ထားဆိုတာမှာလဲ 'ကြင်နာမှု နှိုးရည်' ယဉ် ပြန်ပြီး စီးဆင်းတာ မဟုတ်ပါဘူး။ ဒို့မှာ ဘယ်ပုံပြန်ပြီး ထိခိုက်နိုင်မလဲလို့ ဖယားချ ကြည့်ချင်သေးလို့ပါပဲ။

ဒီအတွင်းမှာ သရက်လာပြီး သောင်တင်နေတဲ့ မြန်မာသံအဖွဲ့ကလဲ မတိုးသာ မဆုတ်သာ ဖြစ်နေပါတယ်။ အင်္ဂလိပ်က ဒီအဖွဲ့ကို အလုပြသံအဖွဲ့လို့ ခေါ်ပါတယ်။ 'ရာဇမိတ်သဟာ'ဆိုတဲ့ စကားလုံးကလွဲပြီး ဘာမှနောက်ထပ် မပြောတတ်တဲ့အဖွဲ့ဘဲလို့ မှတ်ယူပြီး အထင်သေးထားပါတယ်။ ဒါ့ကြောင့် အဲဒါထက်တိုးပြီး ပြောနိုင်ဆိုနိုင် ရှိ ပါပြီဆိုတဲ့ သဘောနဲ့ တစ်ဆယ့်ကိုးချက် စာချုပ်မူကြမ်းကို ဖေဖော်ဝါရီလဆန်းစကပဲ တင်ပြလာတယ်။ အဲဒီစာချုပ်ကို သူတို့ဝေဖန်ပုံက (၁) အရင်စာချုပ်တွေထဲမှာ ပါပြီး သားအချက်တွေပဲထပ်ပြီး တင်ပြတာဖြစ်တယ်၊ အသစ်မပါဘူး။ (၂) ဟိုတုန်းက ပါပြီး သား၊ ဟိုတုန်းကစပြီး ခုအထိ မထေမဲ့မြင်ပြုပြီးသားမို့ အခုထပ်ပြီး အာမခံနေလဲ မယုံ နိုင်ဘူး။ (၃) အရင်စာချုပ်တွေအရ နေခွင့်ရပြီးဖြစ်တဲ့ အင်္ဂလိပ်အရေးပိုင်ကို မနေနိုင်အောင် စော်ကားတာကို ဘယ်လိုပြေလည်အောင် လုပ်မလဲဆိုတဲ့စကား တစ်ခွန်းမှ မပါလို့ ဒီစာချုပ်ကို လက်သင့်မခံနိုင်ဘူးတဲ့။ အရေးပိုင်နေနိုင်ရေးက (၁) ထိုက်တန်တဲ့ အဆင့်အတန်း မီအောင် နေရာပေးပြီး ကြိုဆိုဧည့်ခံပြီး အရေးပေးရမယ်။ (၂) ဘုရင့်ရှေ့ကို အချိန်မရွေး ဖိနပ်မချွတ်ဘဲဝင်ပြီး ဩဇာပေးခွင့်ရှိရမယ်။ (၃) ပြီးတော့ အရက်ပြေ မျက်နှာထား တတ်အောင် မသတ်ရသေးလို့ ကျန်နေတဲ့ မိဖုရားမင်းသမီးဆိုတဲ့ အကျဉ်းသားတွေ လွှတ်ပေးပါလို့ တောင်းတယ်။ ဒါတွေ ပေးနိုင်မပေးနိုင် ချင့်ချိန်နေမယ့် အတောအတွင်း မှာ မြန်မာသံအဖွဲ့ဟာ သရက်မှာ ဆက်မနေပါနဲ့၊ ပြန်ပါလို့နှင်တယ်။ ဖြောင်တင်းတင်း ပြောရမယ်ဆိုရင်အမျိုးသား မြန်မာနိုင်ငံဟာ အင်္ဂလိပ် ဩဇာခံနယ် (Sphere of Influence) သက်သက်ဖြစ်လာရမယ်။ အဲဒါထက်လျော့လို့ လက်မခံဘူး။ သဘောမတူနိုင်ရင်လဲ ဘာမှ ဆက်ပြောစရာမရှိ။ ပြန်မှာသာပြန်လို့ ထပ်နှင်ပြန်တယ်။ မြန်မာသံအမတ်က သူ့မှာ နှစ်နိုင်ငံစာချုပ်သစ် ဖြစ်မြောက်ရေးနဲ့ပတ်သက်ပြီး လိုရာကို ဆွေးနွေးနိုင်ကြောင်း လွှဲအပ်တဲ့

သံအမတ်ခန့် အမိန့်တော်ရှိတယ်လို့ တင်ပြပါတယ်။ သံအမတ်ခန့်စာက အင်္ဂလိပ်ဘာသာပြန်ပဲ ကျန်ရစ်တယ်။ နောက်ခြောက်နှစ်အကြာ ပြင်သစ်လွှတ်တဲ့ သံချက်ဝန်ကို သံအမတ်ခန့် အမိန့်တော်နဲ့ညှိပြီး မြန်မာလို ရေးကြည့်ရင် ဒီလိုတွေ့ရမယ် ထင်ပါတယ်။

သီရိပဝရ အာခိတျ လောကာခိပတိ ပဏ္ဍိတ မဟာဓမ္မရာဇခိ ရာဇာမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော

မြန်မာနိုင်ငံကို အစိုးရတော်မူသော

နေထွက်ဘုရင်မင်းမြတ်

ဝန်ထောက်မြောင်လှမြို့စားမင်းကြီး သီရိမဟာကျော်ထင်ရာဇာကို အရေးပိုင်သံကြီး ခန့်ထားလျက် အရေးလွှဲအပ်စေ လွှတ်သည်မှာ မြန်မာမင်းနိုင်ငံနှင့် အင်္ဂလိပ်မင်းနိုင်ငံတို့ နှစ်တိုင်းနှစ်ပြည် အဓွန့်ရှည်စွာ ရာဇမဟာမိတ် ခိုင်ခံ့ဖြစ်ထွန်းအောင် သင့်ရာ ဆွေးနွေးလျက် မြန်မာမင်းနှင့် အင်္ဂလိပ်မင်းနိုင်ငံတို့၏ အကြား ရာဇမဟာမိတ်စာချုပ်သစ် ချုပ်ဆိုဖြစ်အောင် ဈေးစပ်ပြောဆိုရန် ဖြစ်သည်။ သာသနာတော် ၂၄၂၃၊ မြန်မာကောဇာသက္ကရာဇ် ၁၂၄၁ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၃ ရက်၊ ၁၈၇၉ ခု နိုဝင်ဘာလ ၁၀ ရက်နေ့ အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော

မြန်မာနိုင်ငံကိုအစိုးရတော်မူသော

နေထွက်ဘုရင် မြန်မာမင်းမြတ် (လက်မှတ်)တော် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး မင်းသတိုးသုဓမ္မ မဟာသက်တော်ရှည် မြန်မာနိုင်ငံခြားဝန်ကြီး(လက်မှတ်)

ဒီသံအမတ်ခန့်အပ်လွှာမှာ စာချုပ်သစ်ဖြစ်မြောက်ရေး ဆွေးနွေးနိုင်တယ်။ ဒါပေမဲ့ အင်္ဂလိပ်အရေးပိုင် မန္တလေးမှာပြန်လာပြီး နေနိုင်ရေးအတွက် ဘာမျှမပါဘူး။ ဒါ့ကြောင့် ပြန်ပါလို့ပဲ ထပ်ပြီးနှင်ပြန်တယ်။ ဘာပဲဖြစ်ဖြစ် ဆွေးနွေးလို့ရပါတယ်လို့ နောက်ထပ် အမိန့်တော်တစ်ခုကို ၂၀ မတ် ၁၈၈၀ မှာ ထုတ်ပေးပါသေးတယ်။ ဒါလဲ မကျေနပ်ဖူး။ နောက်ဆုံး အရှက်ပြေသဘောနဲ့ပဲ တူပါတယ်။ မြန်မာ သံအမတ်က ၁၆ ဧပြီ ၁၈၈၀ မှာ ရန်ကုန်မင်းကြီးချုပ်နဲ့ သွားတွေ့ပါရစေလို့ ခွင့်တောင်းတယ်။ မပေးဘူး။ ပြန်ပါလို့ပဲ နှင်တယ်။ ဒီအတွင်းမှာ တစ်ဖက်က အင်္ဂလိပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါတယ်ဆိုတဲ့ ညောင်အုပ်မင်းသားက ဆင်ပေါင်ဝဲကို ဝင်စီးတာနဲ့ပတ်သက်ပြီး အစုန်သဘော်**ယူနန်** ကို စလေဆိပ် ကနေပြီး ၂၆ မေ ၁၈၈၀ မှာ ခဏခေါ်ယူထားတဲ့အတွက် ဘုရင်မစာပို့သင်္ဘောကို နှောင့်ယှက်တယ်ဆိုပြီး ကြီးကြီးကျယ်ကျယ် ပြစ်တင်ပြောဆိုပြီး လျော်ကြေးတောင်းပါတယ်။ မြန်မာသံအဖွဲ့ဟာ ဆက်နေလို့ ဘယ်လိုမှထူးမှာ မဟုတ်တာနဲ့ ၃၀ မေ ၁၈၈၀ မှာ သရက်က ထွက်ခဲ့ပါတယ်။ ၂၆ အောက်တိုဘာ ၁၈၇၉ မှာ သရက် ရောက်တယ် ထင်တယ်။ အခု ၃၀ မေ ၁၈၈၀ မှာ ပြန်လာခဲ့တော့ သရက်မှာပဲ ခုနစ်လကျော် နေသွားရပါတယ်။ အင်္ဂလိပ်ဟာ မန္တလေး အင်္ဂလိပ်အရေးပိုင်ကို မြန်မာက အဆက်အဆံမလုပ်ဘဲ ဝိုင်းပယ်လိုက်သလို မြန်မာသံအမတ်ကိုလဲ ဘာကိစ္စမှ ဆောင်ရွက်မရအောင် ခုနစ်လတိုင်တိုင် အောင်အောင်မြင်မြင် နှိပ်စက်လွှတ်လိုက်တာပဲဖြစ်တယ်လို့ နားလည်နိုင်ပါတယ်။ မြန်မာဟာ အခုအခြေအနေကို သဘောပေါက်ပြီး ဆက်ဆံရေးပြင်ဖို့ ကြိုးစားတယ်။ ဒါပေမယ့်

အင်္ဂလိပ်ထားတဲ့ သဘောက သူတို့ ချထားရာမှာ နေရမယ်၊ နေပါရစေလို့လဲ တောင်းပန်ရမယ်။ ဒီလိုမဟုတ်ရင် နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနိုင်တယ်။ ပေးလဲပေးမယ်ဆိုတဲ့ပုံစံဘဲ။ အဲဒီ နေရာမှာ မြန်မာက အခိုက်အတန့် ဖြစ်ပေါ်တဲ့ ဒုက္ခပဲလို့ အောင့်ပြီးလိုက်ရောရမယ်။ ဘာပြုလို့လဲဆိုတော့ အပြန်အလှန်တင်းမာကြရင် ကိုယ့်အဖို့ အရှုံးချည်းပဲ ဖြစ်လို့ပါပဲ။ အဲဒီလို ပြောရပေမယ့် လက်တွေ့ကြတော့ မာနကိုလျှော့ဖို့ခက်တယ်။ ပြီးတော့ အခုခေတ် နားလယ်တဲ့ မျိုးချစ်စိတ်ဆိုတာမျိုးကို ဘယ်ပဒေသရာဇ်မှ ဟိုခေတ်က နားမလည်ဘူးလို့ ဆိုချင်တယ်။ ငါ့အပေါ်မှာ ငါ့ကျေးငါ့ကျွန်က သစ္စာရှိရမယ် ဆိုတာပဲ သူတို့ကိစ္စဖြစ်တယ်။ သစ္စာရှိတဲ့ကျွန်ကို ချီးမြှောက်မယ်။ ဒါပေမယ့် ငါတို့ကလဲ တိုင်းပြည်နိုင်ငံ လူထုအပေါ်မှာ ထားရှိသင့်တဲ့ သစ္စာရယ်လို့သူတို့ လုံးဝနားမလည်ပါဘူး။ မင်းပြောင်းသွားရင် လက်အောက် တွေကလဲ 'အသက် စည်းစိမ်မပျက် ဆက်လက်အမှုထမ်းခွင့်'ပဲ လိုချင်တယ်။ ဘယ်လို မင်းဖြစ်ဖြစ် ကြည်ဖြူမှာပဲ။ ဒီလိုပဲ မင်းကလဲ မင်းထက်မင်း ပေါ်လာရင် မကြိုက်နိုင်ပေမဲ့ မတတ်သာရင် သူလဲ 'အသက်စည်းစိမ်မပျက်' ဧကရာဇ်ဘဝက ပဒေသရာဇ်ဘဝကို အရောက်ခံနိုင်တယ်။ အတွင်းဝန် ဦးစံရွှေရဲ့ ပြန်ပြောတဲ့ သီပေါမင်းအကြောင်းထဲမှာ ရတနာဂီရိရောက်နေတဲ့ သီပေါမင်းက "ငါတို့မှာ ဘာကိစ္စမျှ မရှိ။ အင်္ဂလိပ်က တစ်နှစ်တစ်သိန်း ပေးထားသည်။ ဆင်းရဲဒုက္ခမရောက်"ဟု ပြောဖူးကြောင်း သိရသည် (**ဂီရိရတနာ** ၁၅)။ ဒါ့ကြောင့်အခု နားလည်တဲ့ စံနှုန်းဖြစ်တဲ့ မျိုးချစ်စိတ်နဲ့ မတိုင်းတာဘဲ ပဒေသရာဇ်ခေတ်ရဲ့ 'အသက်စည်းစိမ်မပျက်' စံနှုန်းနဲ့ကြည့်ရင် မင်းနဲ့အတူတူ အမတ်အရာရှိအားလုံးဟာ အင်္ဂလိပ်ကိုမုန်းပေမဲ့ နယ်ချဲ့အနေနဲ့မမုန်းတတ်ဘူး။ ဒါ့ကြောင့်လဲ ကျရောက်မယ့် အန္တရာယ် ဟာလဲ သားစဉ်မြေးဆက် ပြည်သူလူထုဟာ လိုမ့်ပြီးခံရမယ့် အန္တရာယ်လို့မမြင်ဘူး။ အဲဒါကြောင့်နယ်ချဲ့ကို တွန်းလှန်တဲ့ အခါမှာ ထိရောက်အောင် မတွန်းလှန်နိုင်ဘဲ ဖြစ် နေတယ်လို့ ဆိုရမယ်။ နယ်ချဲ့ဘက်ကတော့ ပြတ်သားတယ်။ သူတို့ကြိုက်သလို မလိုက် လျှောရင် မင်းကို ဖြုတ်ချမယ်။ နိုင်ငံကို သိမ်းမယ်။ သူတို့ခိုင်းတိုင်းလုပ်မယ့် မင်းတစ်ပါး 'ရုပ်သေး ရှင်ဘုရင်'တစ်ပါး ခန့်ချင် ခန့်မယ်။ မခန့်ဘဲလဲ ထားချင်ထားမယ်။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ စီးပွားရေးနယ်ချဲ့တဲ့ နေရာမှာ လုံးဝအဟန့်အတား မရှိရေးသာ ပဓာနပန်းတိုင် ဖြစ်တယ်။

အဲဒီအခါမှာ မြန်မာမင်းဟာ ငါ့အပေါ်မှာ သစ္စာအရှိဆုံးနဲ့ နောက်ဆုံးအထိ 'အသက်ကို အသက်မမှတ်' ကာကွယ်ပေးမယ့်လူရှိမှဆိုပြီး ရှာပါတယ်။ မြန်မာ မှတ်တမ်း တွေမှာ ပြန်ကြည့်ရင် အဲဒီ ၁၈၈၀ ပြည့်နှစ်က ရာထူးတိုးပေးတာ ခံရတဲ့လူတွေဟာ သူ အယုံဆုံး အားအကိုးဆုံး ဖြစ်တဲ့လူတွေပဲလို့ ပေါ်လွင်နေပါတယ်။

ယင်းသည့် (ပထမဝါဆို)လပြည့်ကျော် တစ်ဆယ့်တစ်ရက်နေ့ (၂ ဇူလိုင် ၁၈၈၀) မြို့ဝန်စလေမြို့စားမင်းကြီးမင်းထင်ကို အတွင်းဝန်ပင်းမြို့စား မင်းကြီး မင်းခေါင် မဟာမင်းကျော်သူရိန်၊ အတွင်းဝန် ရေနံချောင်းမြို့စားမင်းကြီး မဟာမင်းလှနန္ဒစည်သူ၊ အတွင်းဝန် တိုင်တားမြို့စားမင်းကြီး မဟာမင်းခေါင် အဘယတို့နှင့် တက်၍၊ အတွင်းဝန် ခန့်တော်မူသည်။ ထိုနှစ် (၁၂၄၂ ခု) ဒုတိယဝါဆိုလဆန်း တစ်ဆယ့်ငါးရက် နေ့၊ (၂၁ ဇူလိုင် ၁၈၈၀) သံတော်ဆင့် မင်းကြီးမဟာမင်းလှနန္ဒစည်သူကို မင်းကြီး မဟာမင်းကျော်ရာဇာ၊ မင်းကြီး သီရိမဟာဇေယသူ၊ မင်းကြီး မင်းလှမဟာနန္ဒသင်္ကြံ၊

> မင်းကြီး မဟာဇေယျသင်္ကြံ၊ မင်းကြီးမင်းခေါင် မဟာကျော်ထင်၊ မင်းကြီးမဟာမင်းခေါင်သစ်ယာတို့နှင့် တက်၍ ဝန်ထောက်ခန့်တော်မူသည်။ ။
> ဝန်ထောက်ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှ မဟာဇေယနန္ဒသင်္ကြံကို အတွင်းဝန်ခန့်တော်မူ၍ သံတော်ဆင့် ကွပ်ရှာ မြို့စားမင်းကြီး မင်းခေါင်စည်သူကျော်ကို ဝန်ထောက်ခန့်တော်မူသည်။ ယင်း သည့်နေ့ (၂၁ ဇူလိုင် ၁၈၈ဝ)သံတော်ဆင့် ကွပ်ရှာမြို့စားမင်းခေါင်စည်သူ ကျော်ကို မြို့ဝန်ခန့်တော်မူသည်။ ယင်းသည့်လ အတွင်းဝန်ပင်းမြို့စားမင်းကြီး မင်းခေါင်မဟာ မင်းကျော်သူရိန်၊ အတွင်းဝန် လေ့သင်းဝန်စလေမြို့စားမင်းကြီး သီရိမဟာဇေယကျော်ထင်တို့၊ အထက် အမိန့်တော်မြတ် အတိုင်း၊ လက်နက်ကိုင် လူသူအပြည့်အစုံနှင့် တောင်တွင်းကြီးကြောင်း အောက်မြစ်စဉ်ကြောင်းဆိုင်ရာ မြို့ရွာများသို့ သွားရောက်ရပ်နေရ၏။ ။
> ထိုအရာရှိ မှူးတော်မတ်တော်တို့ မြို့ရွာများသို့မရောက်မီ ညောင်အုပ်မင်းသားသည် ဒုတိယကျောက်တိုင်စပ်၊ ဒဂုံမော်ကြေးနန်းရုံတော်များကို နှောင့်ယှက်ဖျက်ဆီး ပြုလုပ်ပြန်သည်နှင့်၊ အောက်မြစ်စဉ် ဝန်အမိန့်နှင့် မြေထဲမြို့သူကြီး နေမျိုးသမန္တာ ရာဇာက လူသူလက်နက် စည်းကြပ်ပြီးလျှင် သွားရောက်တိုက်ခိုက်ဖမ်းဆီးရာ ညောင်အုပ်မင်းသားနှင့် အပေါင်းပါလူတို့ ကျောက်တိုင် တောင်ဘက်သို့ ထွက်ပြေး တိမ်းရှောင် ရှိကြောင်းနှင့် မြေထဲမြို့သူကြီး အောက်မြစ်စဉ်ဝန်တို့က တင်လျှောက် ရှိ၍ အထက်မြို့ရွာများက ထွက်ပြေးသူဆီပ်ကို မြေထဲမြို့ဝန်အရာကနုတ်၍ အကျဉ်းယူစေ အမိန့်တော်မြတ်အရ၊ ရွှေဖဝါးတော်အောက်သို့ အကျဉ်းယူရသည်။ ညောင်အုပ်မင်းသားနှင့် အပေါင်းပါလူတို့ကို တိုက်သူမြေထဲမြို့သူကြီး နေမျိုးသမန္တရာဇာကို မြေထဲဝန်ခန့်တော်မူသည်။ ။ ထိုနှစ် ဝါခေါင် လပြည့်ကျော် သုံးရက်နေ့ (၂၃ ဩဂုတ် ၁၈၈ဝ) ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူကို ဝက်မစွတ် မြို့စား သနားတော်မူ၍ (အစီးအဆောင်အရွက်များ)ပေးတော်မူသည်။ (ကုန်း၊ တ၊ ၅၃ဝ-၂)။

ဒီစာရင်းမှာကြည့်ရင် မြို့ဝန်စလေမြို့စားဟာ အတွင်းဝန် လေ့သင်းဝန် ဖြစ်ပြီး ရေကြောင်း စစ်တာဝန်ခံဖြစ်လာတယ်။ သံတော်ဆင့်ကနေပြီး ဝန်ထောက်ဖြစ်ပြီး ဝက်မစွတ် မြို့စားဖြစ်လာတဲ့ ဦးလတ်လည်း အားကိုးခံရတဲ့ ကျွန်ယုံဖြစ်လာတယ်။ ဝန်ထောက် ပေါက်မြိုင်မြို့စား ဦးလှဘူးလည်း အတွင်းဝန်ဖြစ်လာတယ်။ မြို့သူကြီးတစ်ယောက်လည်း မြေထဲမြို့ဝန် ဖြစ်လာတယ်။ အဲဒီလို တစ်ဖက်က ပြောင်းလဲ တိုးတက်ခန့်ထားနေတဲ့ အတောအတွင်းမှာ မသတ်လိုက်ရတဲ့မင်းသားဟာ သူပုန်အဖြစ်နဲ့ နှောင့်ယှက်လာတယ်။ အရင် အင်္ဂလိပ်က ကြောက်တဲ့လူရှိရင် လွှဲပေးပါ၊ မသတ်ပါနဲ့။ ကျုပ်တို့နိုင်အောင် ထိန်းသိမ်းပေးပါ့မယ်လို့ ပြောဖူးတယ်။ မြန်မာက သူပုန်ဖြစ်မယ့်သူတွေမို့ သတ်ပစ်တာက ပိုပြီး စာရင်းရှင်းမယ်လို့ ယူဆပြီး မပေးမအပ်နေခဲ့တယ်။ သတ်ရာမပါဘဲ လွတ်သွားတဲ့ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားဆိုတဲ့ ညီနောင်နှစ်ပါးကို အင်္ဂလိပ်က ထိန်းသိမ်းထားတယ်ဆိုပေမယ့် အခုဘယ်လိုလွတ်ထွက်လာပြီး ညောင်အုပ်မင်းသားဟာ 'ကျောက်တိုင်'စိုက်ပြီး နယ်နိမိတ်သတ်မှတ်ထားတဲ့ အင်္ဂလိပ်ပိုင်နယ်မြေ ကနေပြီး မြန်မာပိုင်နယ်မြေထဲကို ဝင်ရောက်ထိပါးတိုက်ခိုက်တာ နှစ်ခါတွေ့ရပါပြီ။ တိုက်ပြီးတဲ့နောက်

အင်္ဂလိပ်နယ်ထဲကိုပဲ ပြန်ဝင်ခိုအောင်းသွားတာကို တွေ့ရပါတယ်။ ဒီလိုအခါမျိုးမှာ အမျိုးသားမြန်မာနိုင်ငံအစိုးရအနေနဲ့ အင်္ဂလိပ်ဟာ ကောက်ကျစ်စဉ်းလဲတဲ့ အကြီးဆုံး ရန်သူလို့ ပိုပိုပြီး ထင်မြင်ရှုရလာမှာပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်အရေးပိုင်သာ မန္တလေးမှာရှိနေရင် သူဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လို ညာမလဲ မပြောတတ်ပါ။ အမျိုးသားမြန်မာနိုင်ငံ အစိုးရ အနေနဲ့ကတော့ ဒီအဆင့်မှာ စွမ်းသမျှအားထုတ်ပြီး စစ်မှုရေးရာကိုပဲ ဆက်လက် ပြင်ဆင် ရမှာပါပဲ။ တခြားနည်း လုပ်စရာ မကျန်တော့ဘူး။

ထိုနှစ် (၁၂၄၂)သီတင်းကျွတ်လ (အောက်တိုဘာ ၁၈၈၀) ရေကြောင်း ဌာနချုပ် အတွင်းဝန် စလေမြို့စားမင်းကြီး သီရိမဟာဇေယျကျော်ထင်က၊ ရေကြောင်း သက်ဝင်ရာပါ၊ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်မှစ၍၊ အဝေးအနီး လက်ရှိလှေတော် အမှုထမ်းလူ ၄၀၀၀ကျော်တို့မှာ မင်းအဆက်ဆက် လှေတော်နှင့် သာ တက်စွဲ၍ အမှုတော်ကို ထမ်းရွက်ပါရသည်၊ ဘုရားရွှေလက်ထက်တော်မှာ တိုင်းပြည်နိုင်ငံမှုများ ကိုးဌာနခွဲဝေရာ ရေကြောင်းစစ်မှု တစ်ဌာန ပါရှိသည့် အတိုင်း၊ ထိုလှေတော် အမှုထမ်း လူတို့ကို သေနတ်အမှုထမ်း လူတို့ကဲ့သို့ လစာငွေတော် သနားတော်မြတ်ခံစေ၍ သေနတ်ပေးအပ် စွဲကိုင်စေပြီးလျှင် လှေကားတော်ကြီးလေးစင်းကို အရင်းပြု၍ သင့်ရာ လှေတော်ချင်း ဖက်တွဲ ပေါင်းစပ်ပြီးလျှင် အထက်ခန့်ထားရှိသည့် တောင်ဝန်နှင့်၊ ပြည်လုံးအုံ လှေသင်းမိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ ထို့ပြင် လှေသင်းမိုလ် သုံး၊ လှေသင်းစာ ရေးကြီးတစ်၊ တောင်စာရေး တစ်၊ လှေသင်းစာရေး ရှစ်၊ သင်းတောစာရေး တစ် ခန့်ထား ထမ်းရွက်စေလျှင် ရေကြောင်းနှင့်စပ်၍ တစ်စုံတစ်ရာ ရေးကြောင်းရှိ သည့်အခါ အခြားသေနတ် အခုအမှုထမ်းတို့က ကူပံ့ခြင်းမရှိစေရ၊ တစ်ကြောင်းတဝ အမှုတော် ကို သီးခြားထမ်းရွက်နိုင်ရန် ရှိကြောင်းနှင့် လျှောက်ထားသည့်အတိုင်း ခန့်တော်မူ၊ လှေအစုအမှုထမ်းတို့ကို သေနတ်ပေးအပ် စွဲကိုင်စေပြီးလျှင် အီတာလျံ ကျွန်တော်မျိုး ရေကြောင်းဗိုလ် ကောင်မိုတို ပြင်သစ်ကျွန်တော်မျိုးတန်တပ်ပေါ်တို့ ကြီးကြပ် စေ၍ စစ်အတတ်ပညာများကို သင်ကြားထမ်းရွက်စေရသည်။ (ကုန်း၊ တ၊ ၅၃၅-၆)

ရေတပ်မှာ လူတိုးတယ်။ ရေကြောင်းစစ်ပညာကို အီတလီဆရာ၊ ပြင်သစ်ဆရာနဲ့ သင် စေတယ်။ ဒီလိုပဲ ကြည်းတပ်တွေ (သေနတ်စွဲတယ်။ မြင်းတပ်၊ ဆင်တပ်၊ အမြောက်တပ်) လဲ တိုးချဲ့ပါတယ်။ 'စစ်အတတ်ပညာများကို အီတာလျံကျွန်တော်မျိုး ဘာရဘောရီကို ကြီးကြပ်ပြုသ သင်ကြား ထမ်းရွက်စေရသည်' ကုန်း၊ တ၊ ၅၃၆-၇) လို့ တွေ့ရသေးတယ်။ နောက်ထပ် ယုံကြည်တဲ့ လူသုံးယောက်လည်း ရာထူးတိုးပေးသေးတယ်။ လယ်ယာဌာနချုပ် ဝန်ထောက် မြို့သစ်မြို့စားမင်းကြီး မဟာရာဇသင်္ကြံကို အတွင်းဝန်၊ သံတော်ဆင့် ပင်းတလဲမြို့ဝန် မဟာမင်းထင်ကျော်ကို ဝန်ထောက်၊ ရွှေလုံဗိုလ် ကောလင်းမြို့စား မဟာမင်းခေါင်နော်ရထာကို ရွှေမြို့တော်ဝန်ခန့်တယ် (ကုန်း၊ တ၊ ၅၃၇-၈)။

ဆင်တွေကိုလည်း စစ်လေ့ကျင့်ခန်းပေးရသေးတယ်။

အာဝင်မှန်သောက် ပေါက်ပြောင်မာတင် ဖြစ်သေ။ ထူးစီးတော်၊ ရွှေး၊ ဝင်း ဟူသော ဆင်တော်စီးရေ တရာကျော်များကို၊ လွှတ်တော်အရာရှိ မှူးတော်

> မတ်တော်တို့နှင့် ဆင်ဝန်၊ ဆင်ဝန်ထေစံ၊ ဆင်စာချီတို့ ကြီးကြပ်စေပြီးလျှင် လုံးရပ်အင်အားမျှလောက်သည့် ဆင်တော်ချင်းတွဲဖက်ရန်ထား၍၊ စွဲချင်းရှက်ကာ တိုးဖေ့စမ်းသပ်စေခြင်း၊ ဒိုင်း၊ ကာ၊ မီးဗျောက်တို့ဖြင့်၊ ခြောက်လှန့်စမ်းသပ်စေခြင်း၊ လှုပ်ရှား၍ ကိုက်ဆွဲဟန်အမူအရာဖြင့် ဖြစ်စေနိုင်သော စက်ယန္တရားတပ်ထားသော ကျားရုပ်ကို ရင်ဆိုင်ပြသချောက်လှန့်ခြင်း (ကုန်း၊ တ၊ ၅၃၈–၉)

တို့ကို ပြုလုပ်ရတယ်လို့ သိရပါတယ်။

အင်္ဂလိပ်အရေးပိုင်ရုံးကို ရုပ်သိမ်းသွားပြီးတော့ အင်္ဂလိပ်ကုန်သည်တွေဟာ ရောင်းဝယ်ရေးကျဆင်းမယ်ဆိုပြီး ပူပန်ကြပြန်တယ်။ အမျိုးသားမြန်မာနိုင်ငံအတွက် ဆိုပြီး အင်္ဂလန်ကကုန်တွေမှာထားတာ လမ်းမှာပဲ ရှိသေးတယ် (ရန်ကုန်မင်းကြီးချုပ်၏ တင်ပြစာ ၆ ဒီဇင်ဘာ ၁၈၇၉)လွှဲပြောင်းပြီး ရောင်းရမှာလဲ မလွယ်ဘူး။ ဆိုင်ရာ ကုမ္ပဏီတွေ ခဏတော့ ဒုက္ခတွေ့မယ်လို့ဆိုပါတယ်။ ဒါပေမဲ့ မန္တလေးနဲ့ ကုန် ဆက်သွယ်တဲ့ကိစ္စဟာ အတိုးအဆုတ်မြန်တတ်တယ်။ ဖြုန်းကနဲ လန့်ပြီး အရောင်းအဝယ် ပျက်တာမှန်ပေမယ့် သိပ်မကြာခင် ပြန်ကောင်းလာတာပါပဲလို့ ဆိုတယ်။ အရောင်းအဝယ် ဆုတ်ယုတ်ရင် သယ်ယူပို့ဆောင်ရေးသမားဖြစ်တဲ့ ဧရာဝတီ မီးသင်္ဘောကုမ္ပဏီကလည်း အင်မတန် စိုးရိမ်တယ်။ ကုန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တွင်းမှာ ကုမ္ပဏီဟာ ငွေ ပေါင်စတာလင် ငါးသိန်းကျော် အရင်းအနှီး ထည့်ထားပြီးဖြစ်လို့ အင်မတန် စိုးရိမ်မယ်ဆိုတာ သိလောက် ပါတယ်။ (ရန်ကုန် ၂၄ စက်တင်ဘာ ၁၈၈၅)။ အဲဒါကြောင့် လန်ဒန်က အိန္ဒိယ ဘုရင်ခံချုပ်နှင့် အတိုင်ပင်ခံအဖွဲ့ဆီကို ၁၃ ဇန်နဝါရီ ၁၈၈၁ ရက်စွဲနဲ့ ပို့တဲ့စာထဲမှာ

> မြန်မာ အာဏာပိုင်တို့ဖက်မှ စိတ်ညစ်ညျူးစရာ တစ်ဖက်စီးနင်း ပြုမူဆောင်ရွက်ချက် များလွန်းသဖြင့် တစ်ချိန်တစ်ခါတွင် အိန္ဒိယအစိုးရသည် ယခုတင်ပြသည့် (စီးပွားရေး အကျပ်ကိုင်ခြင်း) နည်းကို လက်သင့်ခံလျက် စီးပွားရေးဆိုင်ရာ ကန့်သတ်ဆောင်ရွက်ချက် တို့ကို မြန်မာဘက်၏ အခွင့်အရေးတွင် ငဲ့ကွက်ခြင်း လုံးဝမပြုဘဲလျက် လုပ်ဆောင်ဖွယ် ရှိသမျှတွင် ယခုတည်ဆဲ စာချုပ်များကို ရုပ်သိမ်းခြင်း အဝင်အပါကိစ္စကို ပြုမူခဲ့ပါလျှင် ယင်းသို့ ပြုထိုက်တော့သည်သာဟု သဘောပေါက်လျက် အရှင်ဧကရီဘုရင်မ အစိုးရက အသိအမှတ် ပြုသည်ဟု မှတ်ယူနိုင်ခြင်းရှိသော်လည်း ယခုလောလောဆယ်မှာကား အင်္ဂလိပ်မြန်မာနိုင်ငံ၏ ယာယီမင်းကြီးချုပ်၏ အယူအဆကိုလိုက်၍ မန္တလေးထီးနန်းနှင့် ရောင်းဝယ်မှု ဆက်ဆံရေး ရပ်ဆိုင်းခြင်း ပြုရန်လည်းမလိုသေး၊ ပြုရန်လည်းမသင့်သေးဟု ထင်ပါသည်။ (အမျိုးသား) မြန်မာအစိုးရ၏ မည်သည့် အပြုအမူကြောင့်မျှ ကုန်ကူးသန်းရေးတွင် ဝတ္ထုသားအနေဖြင့် နစ်နာလေအောင် မထိခိုက်သေး ဟူ၍ ၎င်း၊ အရေးတကြီး ပြီးပြတ်အောင် လုပ်ရန်လိုသည့် နိုင်ငံရေးပြဿနာကို မန္တလေး၌ မပြီးမပြတ် ရှိနေသေးသည်ဟူသော အကြောင်းအချက်လည်း မရှိဟူ၍၎င်း သိရ၏။ ယင်းသည့်အခြေအနေများကြောင့် အရှင်ဧကရီဘုရင်မ အစိုးရသည်(မြန်မာ) မင်းအပေါ်ဝယ် ယခင်မကြာသေးမီက ထားရှိခဲ့သော သည်းခံခြင်း သဘောကိုပင် ယခုဆက်၍ မပြုမပြင်ထားသင့်သေးသည်ဟု ယူဆလျက် အိန္ဒိယအစိုးရမှာလည်း

နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေး အရလည်းကောင်း အဖိုးတန် အရာရောက်ခြင်း မည်သို့ရှိမည်ဟု အသေအချာ အကဲဖြတ်ရန် မလွယ်သော လုပ်ဆောင်နည်းတို့ဖြင့် ကျဉ်းကြပ်မည့် အခြေအနေကို မြင့်မားကြီးပွားအောင် လုပ်ရာ၌ နေးနေးဖြည်းဖြည်း စဉ်းစဉ်းစားစား ပြုရာသည်ဟု ယူဆပါကြောင်း။ (၁၃ ဇန်နဝါရီ ၁၈၈၁)

ဒီစာအဆုံးသတ်သွားပုံကို ဝေဖန်ကြည့်ရင် အင်္ဂလိပ်အိန္ဒိယအစိုးရနဲ့ အင်္ဂလိပ်မြန်မာအစိုးရတွေဟာ မြန်မာနဲ့ ပြဿနာကို တမင်ဖန်တီးတဲ့ အစိတ်အပိုင်းလည်း ရှိနေတယ်။ မြန်မာဘက်ကလွန်တာလည်း သိတယ်။ ဒါပေမဲ့ မင်းတို့ကလည်း လိုက်ပြီး တမင်ဆွနေတာပဲ မဟုတ်လား။ ဒါမျိုး မကောင်းပါဘူးကွယ်လို့ အမေအစိုးရက ဆုံးမတာလို့လည်း ကျွန်တော် နားလည်ပါတယ်။ နောက်တစ်နည်း ပြောရရင် အင်္ဂလန်ကသာ လှမ်းပြီးမဆုံးမရင် အမျိုးသားမြန်မာနိုင်ငံမှာ ၁၈၈၁ ခုက ဆန် ဆား ပြဿနာပေါ်ကြမလား။ ဘုရင်ကလည်း အင်္ဂလိပ်လခစား ဖြစ်မလား။ နန်းကျပြီးတော်မလား။ မြန်မာတွေ လေးနှစ်စောပြီး လွတ်လပ်ရေးဆုံးရှုံးမလားဆိုတဲ့ ပြဿနာတွေကို တွေ့ဖြစ်မယ်လို့ ထင်ပါတယ်။ အဲဒီလိုဆက်လက်သည်းခံအုံးမယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါ အမျိုးသားမြန်မာအစိုးရနဲ့ ပြောစရာကုန်တော် **(Royal Monopolies)** ကိစ္စပဲ ရှိတယ်။ အရင်က ရေနံ၊ သစ်နဲ့ ရတနာကျောက်မျက်တွေကို မင်းရဲ့အဝယ်တော်တွေကလွဲပြီး တခြားကုန်သည်တွေရောင်းဝယ်ခွင့် မရှိဘူး။ ဒီကုန်မျိုးကို ကုန်တော်လို့ခေါ်တယ်။ အဲဒီကုန်တော်ရဲ့ အမျိုးအမည် အရေအတွက်များလာရင် ရိုးရိုးကုန်သည်တွေမှာ စားပေါက်စားလမ်း ပိတ်တယ်ပေါ့။ ဒီတော့ သီပေါမင်းလက်ထက်မှာ ချည်၊ သားရေနဲ့ ရှားစေးလည်း ကုန်တော်ဖြစ်လာလို့ မကျေနပ်ကြဘူး။

ကုန်တော်စာရင်း အရေအတွက် တိုးချဲ့ဖို့ တိုက်တွန်းစီမံတဲ့ ပုဂ္ဂိုလ်တွေက တိုင်တားအတွင်းဝန်၊ ရွှေတိုက်ဝန်၊ ရနောင်မင်းသား၊ ကျပင်းမင်းသားတွေ ဖြစ်တယ်။ ကုန်တော်ဆိုတာမှာလဲ တကယ်ကတော့ ရောင်းဝယ်ခွင့်ကို တစ်ယောက်တည်း တစ်ဦးတည်း ချုပ်ပြီး ပေးလိုက်တဲ့သဘော **(Concession)** ပါပဲ။ အခုလေ့လာဆဲ ၁၈၈၁ ခုနှစ်မှာ တရုပ်ကိုဆက်ကြီးက တစ်နှစ်လုံး ဝါဂွမ်း ရောင်းဝယ်ခွင့်ကို ငွေ ၁၂၀,၀၀၀ နဲ့ ပေးပါရန်၊ ရှားစေးအတွက် ငွေ ၆၀,၀၀၀ သားရေ ငွေ ၁၂,၀၀၀ နှုန်း သတ်မှတ်ပြီး သူ့ကိုပဲ အဝယ်တော်ကြီးအဖြစ် ပေးသနားရန် လျှောက်တယ်လို့ သိရတယ်။ အဲဒီအခါမှာ ကုလားမူလာအစ်စမေက ရှားစေး အဝယ်တော်ရရင် ငွေ ၉၀၀၀၀ ပေးမယ်ဆိုပြီး အတိုက်အခံပေါ်လာတယ်။ ဒီအခါမျိုးမှာ ဘုရင်ကပိုပြီးပေးသူကို အဝယ်တော်ခန့်မယ်ပေါ့။ အဝယ်တော်ခန့်တယ်ဆိုရင် ခန့်ထားတဲ့လူကလွဲလို့ တခြားလူတွေ ဒီကုန်ကို မရောင်းမဝယ်ရတော့ဘူး။ အဲဒါကို အင်္ဂလိပ်မြန်မာနိုင်ငံက ကုန်သည်တွေ (အထူးသဖြင့် အင်္ဂလိပ်ကုမ္ပဏီတွေက မကြိုက်ဘူး။ သူတို့လှုံ့ဆော်တာနဲ့ အင်္ဂလိပ်မင်းကြီးချုပ်က မြန်မာနိုင်ငံခြားရေးဝန်ကြီးဆီက အဝယ်တော်စနစ်ရှိနေရင် ရန်ကုန်မန္တလေး အရောင်းအဝယ် ပျက်စီးသွားနိုင်တယ်လို့ သတိပေးစာ ရေးတယ်။ ဒီလိုကန့်ကွက်လိုက်လို့ ထင်ပါတယ်။ ၁၆ ဖေဖော်ဝါရီ ၁၈၈၂ မှာ အဝယ်တော်စနစ်ကို ခဏ ရုပ်စဲလိုက်တယ်။ အင်္ဂလိပ်က မကျေနပ်ချက်ကို စာရေးပြီး အကြောင်းကြားဖို့ ဝန်မလေးပေမဲ့ အရင်ကလို အင်္ဂလိပ်အရေးပိုင် မြို့တော်မှာလာထားပြီး

သံတမန်ဆက်ဆံရေး မျိုးကို ပြန်စချင်ရင် မြန်မာဘက်က ကမ်းလှမ်းလာရမယ်။ ဒီအခါ သူတို့က လိုလားချက်တွေပြောမယ်၊ လိုက်လျောမယ်ဆိုမှ အရေးပိုင်ရုံး ပြန်ထားမယ်ဆိုတဲ့ သဘောထားနဲ့နေတယ်။ ဒါကို မြန်မာကလဲ သိပါတယ်။ မြောင်လှမြို့စား သရက်မှာ ခုနစ်လနေရပြီးတော့ သိသွားပြီဆိုပါတော့။ အဲဒါကြောင့် နောက်တစ်ကြိမ် အတွင်းဝန် မဟာမင်းထင်ကျော်သူ ရန်ကုန်ကို ၁၈၈၁ ခုအကုန်မှာ သွားပါတယ်။ သွားတုန်းကတော့ ရန်ကုန်ကို အလယ်လာတဲ့ အန္တိယဘုရင်ခံချုပ်ကို ကြိုဆိုမယ်လို့ အကြောင်းပြတယ်။ အရောက်နောက်ကျလို့ ဧည့်သည်ကို မတွေ့လိုက်ရ။ ဒါပေမယ့် မင်းကြီးချုပ်နဲ့ စကား အေးအေး ပြောရတယ်။ သူမန္တလေးပြန်ရောက်ပြီး အရေးပိုင်အာဏာ လွှဲအပ်ထားတဲ့ မြန်မာသံအဖွဲ့တစ်ဖွဲ့ အိန္ဒိယကို စေလွှတ်မယ်လို့ မြန်မာက အကြောင်းကြားတဲ့အခါ အင်္ဂလိပ်က လက်ခံတယ်။ အတွင်းဝန်ကျောက်မြောင်းမြို့စားမင်းကြီး သီရိမဟာ ဇေယျနန္ဒကျော်ထင်၊ ဝန်ထောက် ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ၊ ဝန်ထောက် သံချက်ဝန် မင်းလှစည်သူကျော်၊ စာရေးကြီးမဟာမင်းကျော်ရာဇာ၊ စာရေးကြီး မဟာမင်းလှ သင်္ခယာ၊ လက်သုံးတော် မြင်စိုင်းမြို့စား မဟာမင်းလှမင်းခေါင်သီဟသူတို့ပါ အစုစု လူသုံးဆယ့်တစ်ယောက်ဟာ ဆင်းမလားကို ဧပြီ ၁၈၈၂ မှာ ရောက်နေပြီ လို့ သိရတယ်။ (ကုန်း၊တ၊၅၇၂-၃) စာချုပ်သစ်ချုပ်ဖို့ ပြောကြတဲ့အခါ မြန်မာက လိုချင်တာသုံးခုကို စာချုပ်ထဲမှာ ထည့်ချင်တယ်။ အဲဒီ သုံးခုကတော့ (၁) ကုန်ကို အကောက်ကောက်တဲ့အခါ ပစ္စည်းတန်ဖိုးရဲ့ ငါးရာနှုန်းသာ အခုကောက်နေရတာကို တချို့ပစ္စည်းမှာ တစ်ဆယ်ရာနှုန်း ကောက်ချင်တယ်။ (၂) ပြီးတော့ လက်နက်ခဲယမ်းမီးကျောက် လွတ်လွတ်လပ်လပ် တင်သွင်းချင်တယ်။ (၃) ပြီးတော့ အင်္ဂလန်က အင်္ဂလိပ်နဲ့မှ တိုက်ရိုက်ဆက်သွယ်လိုတယ်။ အဲဒါတွေကို ခွင့်ပြုရဲတဲ့ အင်္ဂလိပ်ကို တွေ့ဖို့ နောက်ခြောက်ဆယ့်ခြောက်နှစ် စောင့်ဖို့လိုပါမယ်။ ဟိုတုန်းက အင်္ဂလိပ်ကတော့ မပေးဝံ့ဘူး။ မြန်မာဝယ်ချင်တဲ့လက်နက်ဟာ သူတို့ကို ပစ်ဖို့ ဆိုတာလည်း ကောင်းကောင်း သိနေပါတယ်။ ဆွေးနွေးပွဲကိုတော့ ၄ မေ ၁၈၈၂ မှာ စပါတယ်။ ဒါပေမဲ့ အရာမရောက်ဘူးပေါ့။ ဒီတော့ မန္တလေးကပြန်လာခဲ့လို့ အမိန့်တော် ရောက်တဲ့အခါ (၃၁ ဩဂုတ် ၁၈၈၂) ချက်ချင်းထပြန်လာကြတယ်။ ပြီးတော့ ၂၀ ဒီဇင်ဘာ ၁၈၈၂ မှာ ဒီလိုပဲ စေ့စပ်ရေးအတွက်ဆိုပြီး အဖွဲ့တစ်ခု ရန်ကုန်သွားပါတယ်။ ထုံးစံအတိုင်း တစ်ဦးအလိုကို တစ်ဦးမလိုက်နိုင်ရှိပါတယ်။ နောက်တစ်နှစ်ဖြစ်တဲ့ ၁၈၈၃ ခုမှာလည်း ဘာတစ်ခုမှ စေ့စပ်လို့မရပါဘူး။ မြန်မာတွေဟာ ဒီလိုပဲ နိုင်ငံခြားဆက်ဆံရေးမှာ အင်္ဂလိပ် လုပ်ချင်တိုင်း ခံရရောလားလို့ တွေးမှာ အမှန်ပါပဲ။ ဒါကြောင့် ၂၆ ဧပြီ ၁၈၈၃ မှာ ဥရောပကို မြန်မာသံအဖွဲ့တစ်ဖွဲ့ သွားမယ်လို့ အမျိုးသားမြန်မာအစိုးရက ရန်ကုန် အင်္ဂလိပ် မင်းကြီးချုပ် အကြောင်းကြားပြီး မြန်မာသံအဖွဲ့ဟာ တကယ်ပဲ ၃၀ ဧပြီမှာ မန္တလေးက ထွက်ပါတယ်။

> ဥရောပတိုက် အနောက်တိုင်းပြည်များသို့ အရပ်ရပ် စက်ကိရိယာများမှစ၍ အလုပ်အဆောင်ကြီးများကို ကြည့်ရှုနားလည်စေရန် အနိုင် နိုင်ငံအစိုးရမင်းနှင့် တွေ့ဆုံသောအခါလည်း မဟာမိတ်အဖြစ် ဆက်လိုလျှင် ဆက်နိုင်စေရန် အတွင်းဝန် မြို့သစ်မြို့စားမင်းကြီး မဟာဇေယသင်္ခကို အရေးလွှဲအပ်၍ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာများကို ကောင်းမွန်စွာ နားလည်သူ ဝန်ထောက် သံချက်ဝန်

> မင်းကြီး မင်းလှမဟာစည်သူကျော်၊ အင်္ဂလိပ်ဘာသာ နားလည်သူ စာရေးကြီး မဟာမင်းလှသခ်ယာ၊ အီတာလျံဘာသာနားလည်သူ စာရေးကြီး မဟာမင်းလှရာဇာ၊ ဖြတိုက်သံဆင့် နေမျိုးမင်းလှရာဇာ၊ လဘက်ရည်တော် မောင်ဘိုးအုံ (ကုန်း၊တ၊၅၉၇)

ကို လွှတ်လိုက်ပါတယ်။ သူတို့ဟာ သရက်ကို ၈ မေ ၁၈၈၃၊ ရန်ကုန်ကို ၁၃ မေ ၁၈၈၃ အသီးသီးရောက်တယ်။ ရန်ကုန်က ၁၈ မေ ၁၈၈၃ မှာ ထွက်ပြီး ပဲရစ်ကို ၁၃ ဩဂုတ် ၁၈၈၃ မှာ ရောက်တယ်။ သူတို့နဲ့အတူတူ ပြင်သစ်အမျိုးသား အမ်ဒေထရေဗလဲ (M.DeTrevelec) ပါသွားတယ်။ အဲဒီလို ထွက်သွားတဲ့ သံအဖွဲ့ဟာ (နှစ်နှစ်နဲ့ နှစ်ဆယ့်တစ်ရက်ကြာပြီးမှ) ၂၁ မေ ၁၈၈၅ မှာ မန္တလေး ပြန်ရောက်တယ်။ (ကုန်း၊ တ၊ ၆၉၆)။ ပြင်သစ်ရောက် မြန်မာသံအဖွဲ့ အောင်မြင်သမျှ အင်္ဂလိပ်ကြီး ကလဲ့စားချေတယ်။ စောစောက အမျိုးသားမြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဆက်လက် သည်းခံရမယ်လို့ လန်ဒန် အင်္ဂလိပ် ယူဆခဲ့တဲ့အယူဟာ ဒီသံအဖွဲ့ရဲ့ အောင်မြင်မှုကြောင့် ပျက်စီးသွားပြီ။ နိုင်ငံရေးနဲ့ စီးပွားရေးမှာ အကျိုးထူးမရှိနိုင်လို့ အမျိုးသားမြန်မာနိုင်ငံကို အခုအတိုင်း လွှတ်ထားပါလို့ ပြောခဲ့တာဆိုတော့ အခု ပြင်သစ်နဲ့ဆက်ဆံရေး အောင်မြင်ရင် အင်္ဂလိပ်ရဲ့ မြန်မာဆိုင်ရာ နိုင်ငံရေးနဲ့ စီးပွားရေးအကျိုးမဲ့တွေ တသီကြီးဖြစ်တော့မယ်လို့ သူတို့မြင်တယ်။ ဒါ့ကြောင့် မြန်မာသံအဖွဲ့ လုပ်သမျှကို အင်မတန် ပြည့်ပြည့်စုံစုံ သိရအောင် အမျိုးမျိုး စုံထောက်ပါတယ်။ ပြင်သစ်ကနေပြီး အက်ဖ်အာရ် ပလန်ကက် (F.R. Plunkett)ဆိုတဲ့လူက သူထောက်လှမ်းရသမျှကို လန်ဒန်ကို သတင်းပို့ရတယ်။ ပြင်သစ်နေ အင်္ဂလိပ်သံအမတ် လောဒ်လိုင်ယွန်း (Lord Lyons) ကလဲ သတင်းပို့ရတယ်။

မြန်မာသံအဖွဲ့ဟာ ပထမပြင်သစ်နိုင်ငံခြားရေးရုံး ရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူး အမ်ကလာဗရီ (M.Clavery) နဲ့တွေ့ပြီး အရင် ၁၈၇၃ ခု ရောင်းဝယ်ရေးစာချုပ်ကို အတည်ပြုဖို့ စပြောပါတယ်။ တစ်ဖက်က မသင်္ကာစိတ်နဲ့ အင်္ဂလိပ် ချောင်းမြောင်းနေမယ် ဆိုတာသိလို့ နိုင်ငံရေး၊ လက်နက်ဝယ်ယူ ရေးဆိုတာတွေ ထည့်မပြောပါဘူး။ ယုတ်စွအဆုံး ပြင်သစ်နယ်ဖြစ်တဲ့ ချန်ဒါနဂိုရ် (Chan Der Nagore) မှာ အဲဒီအချိန်က ရောက်နေတဲ့ မြင်ကွန်းမင်းသားကြီးအကြောင်းကိုတောင် နည်းနည်းပါးပါးမှ မေးလားစမ်းလား မလုပ်ကြဘူး။ အင်္ဂလိပ်က ချောင်းမြောင်းနေတယ်ဆိုပေမယ့် တိတ်တဆိတ် ချောင်းမြောင်းတာမျိုး မဟုတ်ဘူး။ သူလျှိုသဘောထားတဲ့အပြင် အင်္ဂလိပ်သံအမတ်က ပြင်သစ်နိုင်ငံခြားရေးရုံးမှာ မြန်မာနိုင်ငံဟာ အင်္ဂလိပ် အင်ပိုင်ယာနဲ့ နယ်နိမိတ် အယှက်အတင်ရှိနေလို့ အင်္ဂလိပ်ရဲ့ သီးသန့်စီးပွားရာ နယ်မြေအဖြစ် သဘောထားတယ်။ အဲဒါကို သတိမမေ့သင့်လို့ ပြောလိုကြောင်း သွားပြော သေးတယ်။ အဲဒီလိုပြောတဲ့နေ့ဟာ ၁၄ နိုဝင်ဘာ ၁၈၈၃ ဖြစ်ပါတယ်။ ပြောတဲ့ အင်္ဂလိပ် သံအမတ်က လော့ဒ်လိုင်ယွန် (Lyons) ဖြစ်ပြီး အပြောခံရတဲ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး က ယူလ်ဖေရီ (Yules Ferry) ဖြစ်ပါတယ်။ ဝန်ကြီးက အင်္ဂလိပ်သဘောထားကိုလဲ နားလည်ပါတယ်။ မြန်မာကလဲ ရောင်းဝယ်ရေး စာချုပ်ချုပ်ဖို့ပဲ အာသီသရှိတယ်။ ဒါတောင် မြန်မာက လက်နက်လိုချင်ရင်မပေးဖို့ နားလည်ပါတယ်လို့ ဖြေတယ်။ မြန်မာနဲ့ သဘောတူချက်ရလို့ရှိရင်လဲဘာတွေ သဘောတူကြတယ်ဆိုတာ အမြန်ဆုံး (သက်ဆိုင်ရာက ထုတ်ပြီး မကြေညာခင်)သိဖို့ အင်္ဂလိပ်ဟာ ဆက်ပြီးကြိုးစားပါတယ်။ အင်္ဂလိပ်သံအမတ်

က ၂၆ ဒီဇင်ဘာ ၁၈၈၃ နေ့မှာ မြန်မာသံအမတ်ဟာ စာချုပ်ချုပ်နိုင်တဲ့ အာဏာလွှဲစာ ပါမလာလို့ စာချုပ်ချုပ် ဖြစ်မယ်မဟုတ်ဘူးဆိုတဲ့ သတင်းကို လန်ဒန်နိုင်ငံခြားရေးရုံးကို ပို့သေးတယ်။

ဒီလိုဆိုပေမယ့် တဖြည်းဖြည်း မြန်မာသံအမတ်ဟာ အာဏာလွှဲစာ အရယူပြီး ပြင်သစ်နဲ့မိတ်ဆက်ရေးကိုလည်း ပေါက်မြောက်အောင်လုပ်နိုင်တဲ့ သဘောကို တွေ့လာရတယ်။ အရင် ၂၄ ဇန်နဝါရီ ၁၈၇၃ ကချုပ်ဆိုခဲ့တဲ့ စာချုပ်ကို ၅ ဧပြီ ၁၈၈၄ မှာ အသိအမှတ် ပြုလိုက်ကြပါပြီ။ ဒါဟာ ရှေ့ဆက်ပြီး သဘောတူညီချက်တွေ ရဖို့အတွက် အခြေခံ ဖြစ်တယ်လို့ အင်္ဂလိပ်ကလဲ ချက်ချင်း သဘောပေါက်ပါတယ်။ တကယ်ကတော့လည်း အဲဒီလို ၁၈၇၃ စာချုပ်ကို အတည်ပြုပြီးနောက် မြန်မာသံအမတ်ဟာ တစ်နှစ်နီးပါး ဆက်နေပြီး ဆက်လက် သဘောတူကြတာတွေဟာ အင်္ဂလိပ်အဖို့ ဆွေ့ဆွေ့ခုန်လာအောင် မကျေနပ်နိုင်တဲ့ အကြောင်းအရာတွေပဲ ဖြစ်တယ်။

ဒီအတောအတွင်းမှာ မြန်မာမဏိပူရနယ်စပ်ကျောက်တိုင်နဲ့ ပတ်သက်ပြီး အချင်းများ စရာကိစ္စ ပေါ်လာသေးတယ်။ အင်္ဂလိပ်တွေက ယခင် ၁၈၃၄ ခုက စပြီး ကဘိုတောင်ကြား ဒေသနဲ့ ပတ်သက်ပြီး သဘောတူချက်အရ နိုဝင်ဘာ ၁၈၈၁ မှာ ကာနယ် ဂျွန်စတုန် (Col. Johnstone) ကို လွှတ်ပြီး နယ်ခြား ကျောက်တိုင်စိုက်စေတယ်။ ဒါကို မြန်မာက မထေမဲ့မြင်လုပ်လို့ ၂၁ ဩဂုတ် ၁၈၈၂ က ဆင်းမလားရောက်နေတဲ့ မြန်မာသံကို ဒီလို မလေးမစားမလုပ်ဖို့ သတိပေးခဲ့တယ်။ အခု ပြင်သစ်နဲ့ မဟာမိတ်နေရာကျလို့ နည်းနည်း တင်းမာလာတယ်လို့ ထင်စရာ။ မြန်မာက ဒီနယ်နိမိတ် ကျောက်တိုင်တွေကို နုတ်ပစ် မလိုလို ကြားရတာနဲ့ မြန်မာဘက်က အကြမ်းဖက်ရင် အကြမ်းဖက်နည်းပဲ ပြန်လှန် ချေပဖို့ အမိန့်ပေးခဲ့တယ် (၁၉ ဇွန် ၁၈၈၄)။ မြန်မာဖက်ကလည်း ဘာမှ ပြင်းပြင်းထန်ထန် ဆက်မလုပ်ပါဘူး။

မြန်မာပြင်သစ်စာချုပ်အရ မြန်မာမြို့တော်မှာ ပြင်သစ်အရေးပိုင်ခန့်ထားတော့ မယ်လို့ ယူဆရတယ်။ ဒါပေမဲ့ အင်္ဂလိပ်က နိုင်ငံရေး အခွင့်အရေးရှိတဲ့ အရေးပိုင် ထားလို့မဖြစ်ဘူး။ ရောင်းဝယ်ရေးကိုယ်စားလှယ် (ကောင်ဆယ်) ပဲထားမှ ဖြစ်မယ်လို့ တင်ပြလာတယ်။ (၂၈ ဇွန် ၁၈၈၄) ရောင်းဝယ်ရေးနဲ့ပဲပတ်သက်တဲ့ ကိုယ်စားလှယ်ပဲ ခန့်ထားပါ့မယ်လို့ ပြင်သစ်အစိုးရဆီက ကတိတောင်းဖို့ ကြိုးစားတယ်။ ဒီအခါမှာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယူလ်ဖေရီ (Jules Ferry) က စာနဲ့ရေးပြီး ရုံးထုံးစံမရေးဘဲ နှုတ်နဲ့ (၁၁ ဇူလိုင် ၁၈၈၄) ပြန်ပြောတာတွေက ၁။ နိုင်ငံတစ်နိုင်ငံမှာ တခြားနိုင်ငံက အရာရှိတစ်ဦး အမှုသွားထမ်းတဲ့အခါ နိုင်ငံရေးနဲ့ ရောင်းဝယ်ရေးရယ်လို့ စည်းကမ်း ကြီးကြီးထားပြီး ခွဲဝေဆောင်ရွက်ဘို့ အင်မတန်ခက်တယ်၊ ၂။ မြန်မာနိုင်ငံမှာ သွားပြီး အမှုထမ်းရမယ့်လူဟာ ပြင်သစ်နိုင်ငံရဲ့အကျိုးနဲ့ စပ်သမျှ ဘာကိစ္စပဲ ဖြစ်ဖြစ် ယေဘုယျ ဆောင်ရွက်ရမယ့်လူ ဖြစ်ပါတယ်၊ ၃။ ပြီးတော့ (အင်္ဂလိပ်က အင်္ဂလိပ်ပိုင်နက်နဲ့ အမျိုးသားမြန်မာနိုင်ငံဟာ နယ်နိမိတ်အယှက်အတင်မို့ အင်္ဂလိပ်က မြန်မာရဲ့ အဆက် အသွယ်တွေကို လိုက်ပြီး စွက်ဖက်ချင်တယ်ဆိုထားတာကို သတိထားမိပါတယ်)။ ပြင်သစ်နဲ့ မြန်မာလဲ နယ်နိမိတ်အယှက်အတင် အိမ်နီးဖြစ်လာစရာ ရှိပါသေးတယ်၊ ၄။ ဒါ့ထက်

အမျိုးသားမြန်မာအစိုးရဟာ သူ့ဖာသာရွေးပြီး ဘယ်နိုင်ငံနဲ့မဆို ဆက်ဆံခွင့်မပြုဘူးလို့များ အင်္ဂလိပ်ကို ကတိပြုဖူးထားလို့လားလို့ မေးပါတော့တယ်။ ဒီစကားတွေ နားထောင်နေရတဲ့ အင်္ဂလိပ်ဟာ စိုးရိမ်ပူပန်စိတ်နဲ့ အပြီးအပိုင်မဟုတ်တောင် ခဏတော့ နှလုံးသွေး ရပ်သွားမယ် ထင်တယ်။ ပြင်သစ်ဝန်ကြီးရဲ့စကားတွေကို လူပြိန်း နားလည်အောင် ပြောရရင် ၁။ စီးပွားရေးနဲ့ နိုင်ငံရေး ခွဲမရဘူး။ ၂။ မြန်မာနိုင်ငံသွားနေရမယ့် ပြင်သစ်ကိုယ်စားလှယ်ဟာ နှစ်မျိုးစလုံး လုပ်မိဖို့များတယ်။ ၃။ မြန်မာနယ်စပ်ထိအောင်လည်း ပြင်သစ်ကနယ်ချဲ့ဖို့ အလားအလာရှိတယ်။ ၄။ မြန်မာပြင်သစ်စာချုပ်တာဟာ အင်္ဂလိပ်နဲ့ဘာဆိုင်သလဲ။ ဒီအတိုင်း အဖြေထွက်ပါတယ်။ ဒါပေမဲ့ ပြင်သစ်ဝန်ကြီးက ဖြေသာအောင်ဆက်ပြီး ၁။ မြန်မာသံအမတ်ဟာ ပြင်သစ်ကို အခုရောက်နေတာ (တစ်နှစ်ပြည့်ဖို့ ရက်ပဲလိုတော့တယ်)။ ဒါပေမဲ့ နောက်ဆက်တွဲစာချုပ်သစ် ဘာမျှ မချုပ်ရသေးဘူး။ ၂။ အဲဒီလို ချုပ်ဖြစ်ဖို့က မြန်မာဘုရင့်ရှေ့တော်ဝင်ရင် ပြင်သစ် ကိုယ်စားလှယ်ကို ဘယ်လိုဝင်စေရမလဲ။ ဖိနပ်ချွတ်ခိုင်းတာကို မကြိုက်နိုင်လို့ အချီအချ ပြောကြတုန်းပဲ။ အခုထိ အရာရောက်တဲ့ဆုံးဖြတ်ချက် မရသေးပါဘူးလို့ ပြောလိုက်တယ်။ ပြီးတော့ အမျိုးသား မြန်မာအစိုးရဟာ ပြင်သစ်ကို လုံးဝအားကိုးအားထားပြုဖို့ ကြံရွယ်တာကို ပြင်သစ်က လက်သင့်မခံသေးပါဘူးဆိုတဲ့လေမျိုး ပါနေပါသေးတယ်။ တစ်နည်းပြောတော့ စစ်ရေးကြုံရင် ကာကွယ်ရေးစစ်ဖြစ်ဖြစ်၊ ကျူးကျော်စစ်ဖြစ်ဖြစ် တစ်နိုင်ငံကတိုက်ရင် မဟာမိတ်နိုင်ငံကပါ လိုက်တိုက်မယ်ဆိုတဲ့ မဟာမိတ်ကြီးအဆင့်ကို မရောက်သေးပါဘူးလို့ ဆိုလိုတယ်။ မြန်မာကလက်နက်ပေးပါလို့ ဖိတောင်းနေတယ်။ ဒါကို တိတ်တဆိတ် သဘောတူလိုက်တဲ့ လက္ခဏာမရသေးဘူးလို့တော့ အင်္ဂလိပ်က ဆက်လက် ယူဆထားပါသေးတယ်။ နိုင်ငံရေးအရချုပ်ဆိုတဲ့ အထူးစာချုပ်ကိုတော့ မချုပ်ပါဘူးလို့ ပြင်သစ်က အာမခံတယ်။ (၁၆ ဇူလိုင် ၁၈၈၄)။

ဒီနေရာမှာ မြင်ကွန်းမင်းသားအရေးကို နည်းနည်းထည့်ပြီးပြောဖို့ တိုက်ဆိုင်နေပါတယ်။ မြင်ကွန်းမင်းသားဟာ သူ့သဘောအတိုင်း ပြုမူဆောင်ရွက်ခွင့်ရရင် လူစုပြီး သီပေါမင်းကို တိုက်ခိုက်မှာပဲ။ (ညောင်ရမ်းမင်းသား ညောင်အုပ်မင်းသားတွေလည်း ဒီလိုပဲ စိတ်ကူးတယ်။ ညောင်အုပ်မင်းသားက မထိရောက်လှပေမယ့် ဒီအတိုင်း လုပ်ဖြစ်သေးတယ်။) အဲဒီလို စိတ်ရှိတဲ့မင်းသားတွေကို အင်္ဂလိပ်က အစောင့်အရှောက် နဲ့ ထိန်းသိမ်းထားတယ်။ ဒီလို ထိန်းထားတယ်ဆိုတာ ၁။ သီပေါမင်းအပေါ်မှာ မေတ္တာထားတာလည်း မဟုတ်ဘူး။ ၂။ မြန်မာတွေ အချင်းချင်း သတ်ပြီး ဒုက္ခရောက်ကြမှာကို သနားလို့လည်း မဟုတ်ဘူး။ ၃။ သူတို့အသုံးချချင်တဲ့အခါ ထုတ်သုံးမယ်။ ၄။ မသုံးချင်သေးတဲ့အခါမှာ စိတ်ညစ်စရာကောင်းလောက်အောင် အနှောင့်အယှက် မဖြစ်စေဖို့ လုံခြုံအောင် စောင့်ရှောက်ထားတယ်။ ၅။ ဒီအခါမှာ စောင့်ရှောက်ထားတာကိုပဲ အမျိုးသား မြန်မာအစိုးရရဲ့ သူလျှိုတွေက ဒီမင်းသားတွေကို ချောင်းမြောင်း သတ်ဖြတ်ဖို့ အတန်တန် ကြိုးစားကြလို့ အဲဒါကို ကာကွယ်ပေးနေရတယ်လို့ အကြောင်းပြတယ်။ နားထောင်လို့ ကောင်းတယ်။ မယုံကြပါ။ အထူးသဖြင့် ခံရတဲ့မင်းသားတွေက အင်္ဂလိပ် အစောင့်အရှောက်တွေလက်ထဲက လွတ်အောင် ကြံစည်ပြီး ထွက်ပြေးဖို့ အမြဲကြိုးစားမယ်ပေါ့။ ဒါပေမယ့် လွတ်သွားတယ်။ ၁။ ဘယ်အချိန်လဲ။ ၂။ ဘယ်နယ်ထဲကိုလည်းဆိုတာပြန်ကြည့်ရင် မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးတုံ့တုံ့နဲ့ နောက်ခိုင်းထိုင်နေလို့ လွတ်သွားကြတာ ထင်ရှားနေတယ်။ ညောင်အုပ်မင်းသားက မြန်မာ

သံအမတ် သရက်မှာနေပြီး ခုနစ်လကြာအောင် ဖွဲ့နဲ့ အင်္ဂလိပ်မင်းကြီးချုပ်ကို ရန်ကုန်မှာ တွေ့ဖို့ ခွင့်တောင်းဆဲအခါ (၂၆ မေ ၁၈၈၀) မှာ အင်္ဂလိပ်နယ်ထဲက လူစုပြီး မြန်မာနယ်ထဲ ဝင်တိုက်တယ်။ နောက်အင်္ဂလိပ်နယ်ထဲ ပြန်ဝင်သွားတယ်။ ဒီလိုဖြစ်ထိုက်လို့ မြန်မာသံအမတ်ဟာ ဖွဲ့လျှော့ပြီး မန္တလေး ပြန်တယ်။ မြန်မာ အင်္ဂလိပ်ဆက်ဆံရေးဟာလည်း စေ့စပ်လို့ မရနိုင်တော့အောင် ပျက်စီးသွားတယ်။ အဲဒီတုန်းက ညောင်အုပ်မင်းသားဟာ အင်္ဂလိပ်အစောင့်တွေကို လွတ်အောင်လုပ်ပြီး ထွက်သွားပေမယ့် ပြင်သစ်ပိုင်နက်ထဲ ဝင်သွားတဲ့အထိ မလွတ်သွားဘူးပေါ့။ အခုတော့ မြန်မာနဲ့ပြင်သစ် မဟာမိတ်ဖြစ်ဖို့ အလားအလာတွေ ရှိနေတဲ့အခါ မြန်မာက ပြင်သစ်ကို မယုံသင်္ကာဖြစ်ဖို့လိုတယ်။ ဒီအခါ မြန်မာမင်းကို သတ်ချင်တဲ့ဖွဲ့ကြီးတဲ့ လူကြမ်းလို့ အများလက်ခံယုံကြည်ထားတဲ့ မြင်ကွန်းမင်းသားကို 'ဟောတော့ တစ်ယောက် လွတ်ပြန်ပြီ' လုပ်လိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် မြင်ကွန်းမင်းသားကြီးဟာ (၁၆ ဧပြီ ၁၈၈၃ မတိုင်မီက) ဗာရာဏသီမှာ အထပ်ထပ် စောင့်ရှောက်ထားရာက (မြေလျှိုးသလား၊ မိုးပျံ သလားမသိ) လွတ်သွားပြီး ပြင်သစ်ပိုင် ချန္ဒာနဂိုရ် (Chandanagore) ကို ရောက်နေပါတယ်။ အဲဒီကမှ ပွန်ဒီချာလီ (Pondicherry) ကိုရောက်ပြီး နေပါတယ်။ မြန်မာပြင်သစ် ဆက်ဆံရေးမှာ မြန်မာဟာ စိုးရိမ်စိတ်နဲ့ ပြင်သစ်အပေါ်ကို တင်းမာသွားအောင် တမင်လုပ်တဲ့ မတော်တဆ အဖြစ်အပျက် (Carefully Considered Negligence) ဖြစ်ပါတယ်။ အဲဒါမှမဟုတ်လည်း သီပေါမင်းထက် မင်းဖြစ်ထိုက်တဲ့ အရည်အချင်းပိုတယ်လို့ ခုအထိ မြန်မာတွေ ထင်ထားတဲ့ မြင်ကွန်းမင်းသားကို ပြင်သစ်လက်ထဲကို ထည့်ပေးထားတဲ့အခါ ပြင်သစ်ဟာ မြင်ကွန်းမင်းသားကို မြန်မာမြေပေါ်ပြန်ပို့ပေးရင် ဒုက္ခလှလှဝေမယ်လို့ကြောက်ပြီး သီပေါမင်းဟာ ပြင်သစ်တွေ တောင်းသမျှ အခွင့်အရေး ပေးရမယ်။ ဒီလို ပြင်သစ်စီမံသမျှ လုပ်ပြီဆိုတော့မှ အင်္ဂလိပ်က ကျုပ်တို့စီးပွားရေးကို သိပ်ထိခိုက်တယ်ဆိုပြီး အမျိုးသားမြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူဖြစ်မယ်။ အဲဒီလို နှစ်ဆင့်ကျော်သုံးဆင့်လောက် ကြိုပြီးအကွက်ဆင်တာလည်း ဖြစ်နိုင်ပါတယ်။ ပြင်သစ်လက်ထဲမှာ မြင်ကွန်းမင်းသား ရောက်သွားတာကိုပဲ လိုလားတယ်။ ပြင်သစ်တွေနဲ့ သူဘာလုပ်လုပ် အရေးမကြီးလို့ အင်္ဂလိပ်က သဘောထားလိုက်တယ်။ (ဒီအတိုင်းပဲ အိန္ဒိယက အင်္ဂလန်ကို ၂၉ ဩဂုတ် ၁၈၈၄ မှာ ရေးတဲ့ အစီရင်ခံစာထဲမှာ ပါတယ်)။ အချုပ်ကတော့ သူတို့လိုသလို မြင်ကွန်းမင်းသားကို အသုံးချပြီးပြီလို့ ဝန်ခံရာ ရောက်ပါတယ်။ အသုံးချလိုက်ပုံဟာလည်း တကယ်အရာရောက်တယ်လို့ ထင်ပါတယ်။ မြန်မာက ပြင်သစ်ကို အများကြီး အသာပေးပြီး စာချုပ်တွေကို လက်ခံနေပါပြီ။ ဒီနေရာမှာ မေးစရာ မေးခွန်းတစ်ခု ရှိနိုင်ပါတယ်။ မန္တလေးတည်ပြီး သိပ်မကြာဘူး၊ မြင်ကွန်းမင်းသားဟာ အိမ်ရှေ့မင်းကိုသတ် (၂ ဩဂုတ် ၁၈၆၆) တယ်။ ပြီးတော့ အင်္ဂလိပ်နယ်ကို ခိုဝင်သွားလို့ အင်္ဂလိပ်ဟာ သူ့ကို တစ်ဆယ့်ခုနစ်နှစ်လုံးလုံး လက်ထဲမှာထားပြီး လိုတဲ့အခါမှာ အသုံးချဖို့ အကွက်စောင့်တာတော့မှန်တယ်။ ဒါပေမယ့် သူ့ကိုပြပြီး အရေးမဆိုခဲ့ဘူးပါဘူး။ စလေဒင်ကသာ သူ့ကိုလဲ သုံးကြည့်ရင် ဖြစ်မယ်လို့ အကြံဉာဏ် ပေးဖူးတယ်လို့ သိရပါတယ်။ အခု တစ်ဆယ့်ခုနစ်ကြာမှ သွယ်ဝိုက်တဲ့နည်းနဲ့ အသုံးချ ဖြစ်တော့တယ်။ အမျိုးသားမြန်မာ အစိုးရကလည်း အင်္ဂလိပ် ရိုင်းပြလွန်းလို့ ပြင်သစ်ကို အားလုံးပုံပြီး ယုံလိုက်တယ်လို့ယူရင် ဖြစ်နိုင်ပါတယ်။ ပြင်သစ်လည်း နယ်ချဲ့ပဲဆိုတာ မျက်ခြည်ပြတ်

သွားပါတယ်။ စကားကြုံလို့ ဒီလိုအင်္ဂလိပ်က တစ်နေ့ အသုံးချမယ်ဆိုပြီး စောင့်ရှောက် ထိန်းသိမ်းထားတဲ့ လင်းပင်မင်းသားဆိုတာ ရှိပါသေးတယ်။ အိမ်ရှေ့မင်း (မင်းတုန်းမင်း ညီ)ရဲ့သား ဖြစ်ပါတယ်။ ဒီမင်းသားကို သူတို့က ရန်ကုန်မှာ ထားတာကနေပြီး ၂၂ ဒီဇင်ဘာ ၁၈၈၃ မှာ လွတ်မြောက်သွားတယ်လို့ ဆိုပါတယ်။ သူကတော့ သီပေါမင်းကို တိတိလင်းလင်း ပုန်ကန်နေတဲ့ သံလွင်မြစ် အရှေ့ပိုင်းက လူတွေဆီရောက်သွားပြီး ပုန်ကန်မှုအောင်မြင်ရင် သီပေါမင်းနေရာကို အရံသင့် ယူဖို့ ပြင်ဆင်နေတဲ့လူ ဖြစ်သွား ပါတယ်။ ဒါဟာလည်း အင်္ဂလိပ်က 'ဟောတော့ တာ်ယောက်လွတ်ပြန်ပြီ'ဆိုတဲ့ စီမံကိန်း ပါပဲ။ စောစောက မင်းသားတွေကို မသတ် ပါနဲ့၊ ကြောက်လို့ရှိရင် ကျုပ်တို့စောင့်ထိန်းပြီး ဝေးရာလွှတ်ထားပါ့မယ်၊ ပေးပါလို့ဆိုတာကို တကယ်ယုံမိလို့ မင်းသားသုံးဆယ့်နှစ်ပါး ကို မသတ်ဘဲ အင်္ဂလိပ်ကို ပေးလိုက်ရင် ၁၈၈၃ ခုနှစ်မှာ အမျိုးသားမြန်မာနိုင်ငံကို နယ်ချဲ့ ခိုင်းတဲ့ ဝေစုခံ ပဒေသရာဇ်တွေဟာ နေရာသုံးဆယ့်နှစ်နေရာက ဝင်တိုက်ကြလိမ့်မယ်လို့ မှန်းဆနိုင်ပါတယ်။ လူသုံးသန်းကို နှိပ်စက်ဖို့ လူသုံးဆယ်ကို လက်သပ်မွေးမယ့် စီမံကိန်း ပဲ ဖြစ်တယ်။

မြန်မာပြင်သစ် သဘောတူညီချက်တွေကို လေ့လာကြည့်တဲ့အခါ တကယ်ပဲ မြန်မာက ပြင်သစ်ကို လိုက်လျောတာတွေ့နိုင်ပါတယ်။ မြန်မာပြင်သစ် စာချုပ်သစ်ကို ၁၅ ဇန်နဝါရီ ၁၈၈၅ မှာ လက်မှတ်ထိုးကြပါတယ်။ ဒီစာချုပ်ရဲ့ သဘောကို ပြင်သစ်ဘက်က ပြောတဲ့အခါ

> ထုံးစံစာချုပ်များအတိုင်း သံတမန် လဲလှယ်ခွင့်၊ ကူးလူးဆက်ဆံခွင့်၊ ရောင်းဝယ် ခွင့်၊ မျက်နှာသာပေး နိုင်ငံအခွင့်အရေး ရပိုင်ခွင့်ယူသော အချက်များပင် ပါဝင်ပါကြောင်း (ပဲရစ် ၁၆ ဇန်နဝါရီ ၁၈၈၅)။ အဲဒါအပြင် စစ်ရေးစစ်ရာနဲ့ပတ်သက်တဲ့အချက်လည်း မပါဘူးလို့ဆိုပါတယ်။

မြန်မာသံအဖွဲ့ဟာ ပဲရစ်မှာရှိတဲ့ အင်္ဂလိပ်သံအမတ်ကို ၄ ဖေဖော်ဝါရီ ၁၈၈၅ မှာ သွားနှုတ်ဆက်တယ်။ တစ်နည်းပြောရင် တို့လုပ်ချင်တာလုပ်ပြီးလို့ ပြန်တော့မယ်။ အပြန်မှာ အီတလီဝင်သွားအုံးမယ်။ နှုတ်ဆက်ပါတယ်ဆိုတဲ့ သဘောပါပဲ။ အီတလီမှာ မဟာမိတ် စာချုပ်သစ် ချုပ်လိမ့်အုံးမယ်လို့ အင်္ဂလိပ်က ယူဆတယ်။ နောက် မတ်လဆန်းမှာ ရောမကို ထွက်သွားကြပြီး အီတလီမင်းနဲ့ ၁၀ မတ် ၁၈၈၅ မှာ ဝင်ရောက် တွေ့ဆုံကြပါတယ်။ ဆက်လက်နေချိန် များများမရလို့ စာချုပ်သစ် မရေးဆွဲဖြစ်ပါဘူး။ အင်္ဂလိပ်ကရတဲ့ သတင်းကတော့ မြန်မာကလိုချင်လို့ အမျိုးသားမြန်မာနိုင်ငံကို လွတ်ပေးထားတဲ့ အီတလီ အမျိုးသား ပညာရှင်တွေဟာ နှစ်နှစ်ရှိပြီ။ လခမှန်မှန်မရဘဲ ဖြစ်နေလို့ အကြွေးပေးမှ စာ အသစ်ချုပ်မယ်ပြောလို့ မချုပ်ဖြစ်ဘူးလို့ ဆိုပါတယ်။ (၂၄ မတ် ၁၈၈၅) ဒါပေမဲ့ ပြင်တာတွေကိုတော့ ပြောသွားပါတယ်။ တကယ်အံ့သြစရာ ကောင်းတာကတော့ အဲဒီလို ရောမမှာ ခဏဝင်နေတဲ့အချိန်မှာ အီတလီနေ ဂျာမနီ သံအမတ် ဘဲရွန်ကူဒဲလ် (Baron Keudell)နဲ့ ဆက်သွယ်ပြီး မဟာမိတ်စာချုပ်ကို ၄ ဧပြီ ၁၈၈၅ မှာ လက်မှတ်ရေးထိုးကြ ပါတယ်။ အဲဒီစာချုပ်ကို အပြည့်အစုံ အောက်မှာ ဖော်ပြလိုက်ပါတယ်။

## ဂျာရမံနိုင်ငံနှင့် မြန်မာနိုင်ငံ ချုပ်ဆိုသည့် မဟာမိတ်စာချုပ်

၁။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဂျာရမံ
၂။ အံ့ပရေးဖြစ်သော ပရွတ်ရှာမင်းမြတ်နှင့်
၃။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော
၄။ နေထွက်ဘုရင် မြန်မာမင်းမြတ်တို့၊ ဂျာရမံနိုင်ငံနှင့်
၅။ မြန်မာနိုင်ငံ ဆက်ဆံလျက်ရှိသည့် မိတ်အဖြစ်
၆။ မြဲမြဲခိုင်ခံ့သည်ထက်၊ အထူးသဖြင့် မြဲမြဲခိုင်ခံ့ခြင်း
၇။ ၂နိုင်ငံအတွင်း ကုန်အရောင်းအဝယ် ကြီးကျယ်တိုးတက်ခြင်း
၈။ ၂နိုင်ငံနေ ပြည်သူကျွန်တော်မျိုးတို့ ရသင့်ရထိုက်သည့်
၉။ အခွင့်များကို အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြား
၁၀။ အမျိုးသားတို့နည်း ခွင့်ပေးရယူရစေ၍။ ကောင်းမွန်
၁၁။ ချမ်းသာစွာနေထိုင်နိုင်အောင် စောင်မကြည့်ရှု
၁၂။ စောင့်ရှောက်ခြင်းများကို အလိုရှိတော်မူကြသည်နှင့်အညီ
၁၃။ ၂ နိုင်ငံပေါင်းသင်းဆက်ဆံ ကုန်အရောင်းအဝယ်ပြုလုပ်ရန်
၁၄။ သဘောတူညီတော်မူကြသည်ဖြစ်၍ မဟာမိတ်ဖွဲ့ဘက်
၁၅။ ကုန်အရောင်းအဝယ်စာချုပ်၊ ချုပ်ဆိုနိုင်အောင်
၁၆။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဂျရမံ
၁၇။ အံ့ပရေးဖြစ်သော ပရွတ်ရှာမင်းမြတ်က အရေးလွှဲအပ်သူ
၁၈။ ဤတာလျံမင်းထံ အထူးသီးခြား ခန့်ထားအမြဲ နေထိုင်ရသော
၁၉။ အရေးပိုင်သံကြီး ကိုယ်စားလှယ်တော် မစ်ရှီရောပတ်
၂၀။ မက်ကစစ်ဖယ်လစ်လီရော ပေါ်ရတဖွံ့ကျိုဒက်လ
(Robert Max Felixleopold Von Keudell)
၂၁။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော
၂၂။ နေထွက်ဘုရင် မြန်မာမင်းမြတ်က အရေးလွှဲအပ်သူ
၂၃။ ပြင်သစ်သမတမင်းထံ အထူးသီးခြားခန့်ထားသော
၂၄။ မင်းတိုင်ပင် အသင်းဝင် သံကြီးကိုယ်စားလှယ်တော်အရေးပိုင်
၂၅။ အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမင်းမဟာ ဇေယသင်္ကြံ
၂၆။ တို့ကို၊ အရေးပိုင်အရာလွှဲအပ် ခန့်ထားရှိသည့်အတိုင်း
၂၇။ အရေးပိုင်မင်း ၂ ဦးတွင်ပါဝင်သော လွှဲအပ်ခန့်ထားရင်း
၂၈။ အမိန့်တော် ပြန်တမ်းများကို၊ အသီးအသီး တင်ပြ
၂၉။ ကြည့်ရှုကြသည့်ကာလ၊ တိုင်းကြီးပြည်ကြီး ဓလေ့
၃၀။ ထုံးစံနှင့်အညီ၊ ကောင်းမွန် ခိုင်ခန့်သေချာသည့် အဖြစ်ကို
၃၁။ ယုံကြည်ကြသည်ဖြစ်၍၊ အောက်တွင်ပါသည့် စာချုပ်
၃၂။ အချက်များကို သဘောတူချုပ်ဆိုကြသည်။

၁ မှတ်။ ။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဂျာရမံအံပရောဖြစ်သော ပရွတ်ရှာမင်းမြတ်နှင့် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင်မင်းမြတ်တို့ ခိုက်ရန်မဖြစ် စစ်ဘက်မပြု၊ သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့် အခွန့်ရှည်စွာ ရာဇမဟာမိတ် ဖြစ်စေရမည်။ ။ ၂ နိုင်ငံအတွင်းနေ ကျွန်တော်မျိုးတို့သည်၊ နိုင်ငံရှင် အသျှင်ဧရာဇ်မင်းမြတ် ၂ ပါးတို့ ရာဇမဟာမိတ်ဖြစ်သည်နှင့်အညီ။ မျိုးတူမျိုးခြား ကွဲပြားခြင်းမရှိ၊ တဦးနှင့်တဦး မိတ်လက္ခဏာ မပျက်မယွင်းဆက်ဆံပေါင်းသင်းနေထိုင် ကြစေရမည်။

၂ မှတ်။ ။ ဂျာရမံနိုင်ငံနှင့်၊ မြန်မာနိုင်ငံအတွင်း တစ်နိုင်ငံမှ၊ တစ်နိုင်ငံသို့ လာရောက်နေထိုင်သည် တိုင်းရေးပြည်မှုနှင့် စပ်ဆိုင်သည့် ဒီပလောမတ်ဖြစ်သော အရေးပိုင်အရာရှိ၊ ကုန်မှုနှင့်စပ်ဆိုင်သည့် ကောင်စစ် အရာရှိ၊ သင်္ဘောကိုယ်စားလှယ်အရာရှိတို့ကို လက်ခံနေထိုင်စေရန်အမှု၊ ပြည်သူကျွန်တော်မျိုးတို့ ပိုင်ထိုက်သည့် ဥစ္စာပစ္စည်းရပ်များနှင့်တကွ စောင့်ရှောက် စောင်မကြည့်ရှုရန်အမှု၊ အရပ်ရပ် ကုန်မျိုးအရောင်းအဝယ် ပြုလုပ်ရန် သင်္ဘော ဝင်ထွက်ဆိုက်ရပ်ရန်အမှု၊ အရပ်ရပ်ဝင်ကုန် ထွက်ကုန်၊ နိုင်ငံဖြစ်ကုန်များကို ကောက်ခံရန် အမှုမှစ၍၊ မည်သည့်အမှု၊ အရေးအခွင့် အခြီးအမြင့် အစောင့်အရှောက်မဆို၊ နိုင်ငံထုံးစံတရားဥပဒေနှင့်အညီ အခြားနိုင်ငံများနှင့် ချုပ်ဆိုသည့်စာချုပ်တွင် ပါဝင်ခွင့်ပေး ပြုလုပ်သည့်အတိုင်း၊ အထူးသဖြင့် အခွင့်ပေးပြီး ပေးလတန့်သော နိုင်ငံခြား အမျိုးသားတို့နည်း၊ အစိုးရမင်း ၂ ဦး ၂ ဘက်က အပြန်အလှန် ခွင့်ပေးပြုလုပ်ရမည်။

၃ မှတ်။ ။ ယခုချုပ်ဆိုသည် မဟာမိတ်စာချုပ်ကို မင်း ၂ ဦး လက်မှတ်တော်တင်ပြီးနောက်၊ ထုံးစံရှိရာ စာချုပ်ခြင်းလဲလှယ်ရန်မှာ၊ လရက်မကြာ ရန်ကုန်မြို့ရှိ ဂျာရမံကောင်စစ်ထံသို့၊ ၂ ဦး ၂ ဘက်က ပို့သလဲလှယ် ကြရမည်။ စာချုပ်ပါ သဘောအဓိပ္ပာယ်များကို အခိုင်အခန့်တည်စေရန်မှာ၊ မင်းလက်မှတ်တင်ပြီး

၆၉။ စာချုပ်ခြင်းလဲလှယ်သည့် နေ့ကစ၍ အစည်ဌာဝရ
၇၀။ မြဲမြံခိုင်ခန့် အတည်အငြိမ် ဖြစ်စေရမည်။ စာချုပ်
၇၁။ ရေးသားရန်မှာ၊ ဂျာရမံဘာသာ၊ မြန်မာဘာသာ
၇၂။ အင်္ဂလိပ်ဘာသာ၊ ၃ မျိုးအဓိပ္ပာယ် မကွဲမပြားရေးသားရမည်။
၇၃။ နောင် တစ်စုံတစ်ရာ စာချုပ်ပါအဓိပ္ပာယ်
၇၄။ အယူအဆ ကွဲပြား စကားငြင်းပွားရှိလျှင် အင်္ဂလိပ်
၇၅။ ဘာသာတွင်ပါသည့် အဓိပ္ပာယ်ကိုသာ ပဋ္ဌာနထား၍
၇၆။ အခိုင်အမာ ပြုလုပ်ရမည်အကြောင်းနှင့် ဘုန်းတော်အလွန်
၇၇။ ကြီးမြတ်တော်မူလှသော ဂျာရမံအံပရောဖြစ်သော
၇၈။ ပရွတ်ရှာမင်းမြတ်က အရေးလွှဲအပ်သူ ဤတာလျံမင်းထံ
၇၉။ အထူးသီးခြားခန့်ထား အမြဲနေထိုင်ရသော အရေးပိုင်
၈၀။ သံကြီးကိုယ်စားလှယ်တော် မစ်ရှိရောပတ်မက်ကစစ်
၈၁။ ဖယ်လစ်လီရေးပေါ်တဖွံကျိုဒက်လ
၈၂။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော
၈၃။ နေထွက်ဘုရင် မြန်မာမင်းမြတ်က အရေးလွှဲအပ်သူ
၈၄။ ပြင်သစ်သမတမင်းထံ အထူးသီးခြား ခန့်ထားသော
၈၅။ မင်းတိုင်ပင် အသင်းဝင် သံကြီး ကိုယ်စားလှယ်တော်အရေးပိုင်
၈၆။ အတွင်းဝန်မြို့သစ်မြို့စား မင်းကြီးမင်းမဟာဇေယသင်္ကြံတို့
၈၇။ သဘောတူလက်မှတ် ရေးထိုးကြသည်။
၈၈။ မြန်မာသာသနာတော် ၂၄၂၈၊ ကောဇာသက္ကရာဇ် ၁၂၄၆ ခု
၈၉။ နှောင်းတန်းခူးလပြည့်ကျော် ၃ ရက်၊ ခရစ် သက္ကရာဇ်
၉၀။ ၁၈၈၅ ခု၊ ဧပရက်လ ၂ ရက်နေ့၊ ဤတာလျံမင်းနေ
၉၁။ ယောမမြို့တွင် စာချုပ် ၂ စောင်ရေး၍ အရေးပိုင်မင်း
၉၂။ ၂ ဦးတို့တံဆိပ်တင်ခပ် လက်မှတ်ရေးထိုးကြသည်
၉၃။ အတွင်းဝန်မြို့သစ် မြို့စားမင်းကြီးမင်းမဟာ ဇေယသင်္ကြံ

**စုံညီထပ်ပြည့် ဆက်သွယ်သည့် စကားချက်**

၉၄။ ယခုချုပ်ဆိုသည့် မဟာမိတ်စာချုပ် ၂ မှတ်အချက်တွင်
၉၅။ သင်္ဘောဝင်ထွက်ဆိုက်ရပ်ရန် အခွင့်ပေးရန်အမှုမှာ
၉၆။ ၂ နိုင်ငံနေ ကျွန်တော်မျိုးတို့ပိုင် ကုန်တင်သင်္ဘော
၉၇။ ဝင်ထွက်ဆိုက်ရပ်ရန်ကို ဆိုသောစကားဖြစ်၍
၉၈။ တိုက်သင်္ဘောဝင်ထွက်ရန် အခွင့်မပါသည့်အဖြစ်
၉၉။ သိသာထင်ရှားစေရန်၊ ၂ နိုင်ငံမင်း ၂ ပါးတို့၏ ကိုယ်စား
၁၀၀။ အောက်နှိုက် လက်မှတ်ရေးထိုးသော အရေးပိုင်မင်း ၂ ဦးတို့
၁၀၁။ အတည်အလင်း ပြောဆို၊ သက်သေခံ ပြုလုပ်ပြီးလျှင်

၁၀၂။ ဆက်သွယ်သည့် စကားချက်ကို လက်မှတ်ရေးထိုး
၁၀၃။ တံဆိပ်ခပ်နှိပ်ကြသည်။
၁၀၄။ မြန်မာ သာသနာတော် ၂၄၂၈၊ ကောဇာသက္ကရာဇ် ၁၂၄၆ ခု
၁၀၅။ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် ခရစ်နှစ်
၁၀၆။ ၁၈၈၅ ခု ဧပရက်လ ၂ ရက်နေ့ ဤတာလျံမင်းနေ
၁၀၇။ ယေားမမြို့တွင် စာချုပ် ၂ စောင်ရေးသား၍၊ အရေးပိုင်မင်း
၁၀၈။ ၂ ဦးတို့ လက်မှတ်ရေးထိုး တံဆိပ်ခပ်နှိပ်ကြသည်။
၁၀၉။ အတွင်းဝန်မြို့သစ်မြို့စား မင်းကြီးမင်းမဟာဇေယသင်္ကြံ


မြန်မာဂျာမနီ ကူးသန်းရောင်းဝယ်ရေး စာချုပ် (၂ မေ ၁၈၈၅)ကို ကြည့်ရင် အထူးမျက်နှာသာပေး နိုင်ငံအခွင့်အရေး စာပိုဒ် (Most Favoured Nation Clause) ပါတယ်။ အရေးပိုင် ကိုယ်စားလှယ် လဲလှယ်မယ်ဆိုတဲ့အချက်နှစ်ခုပဲ အရေးပါတာ တွေ့ပါတယ်။ ဒါကိုပဲ ပြင်သစ်က ထုံးစံရောင်းဝယ်ရေး စာချုပ်လို့ ခေါ်တာ ဖြစ်မယ် ထင်ပါတယ်။ ဒီစာချုပ်ထဲမှာ သံတမန်လဲလှယ်တာတော့ ဟုတ်ပြီ။ ရှင်ဘုရင့်ရှေ့ဝင်ရင် ဖိနပ်ချွတ်ရမလားဆိုတဲ့ ပြဿနာနဲ့ မိတ်ပျက်မခံတာကို တွေ့ရပါတယ်။

ဒီလို မိတ်ဖြစ်စီးပွားဖြစ် စာချုပ်တွေ ချုပ်ပြီးတော့ ပြင်သစ်က မန္တလေး မှာ အမြဲနေဖို့ ကောင်စစ် ဟာ့စ် (Hass)က မန္တလေးကို ၁ ဇွန် ၁၈၈၅ မှာ ရောက်လာ ပါတယ်။ မြန်မာကတော့ သံအမတ်အဖြစ် မင်းကြီးမင်းလှ မဟာစည်သူကျော်လို့ခေါ်တဲ့ ဦးမြူကို ၃၀ ဇွန် ၁၈၈၅ မှာ ခန့်ပြီး ပါရစ်ကို လွှတ်လိုက်တယ်။ ဒါပေမဲ့ ရန်ကုန်က ၅ စက်တင်ဘာ ၁၈၈၅ မှ ထွက်ဖြစ်ပါတယ်။ အင်္ဂလိပ်ကုမ္ပဏီနဲ့ သစ်ကိစ္စ စကား စများတဲ့အခါမို့ မြန်မာနိုင်ငံက အထွက်ကြန့်ကြာတယ်ထင်တယ်။ ဦးမြူဟာ ရန်ကုန်က ထွက်သွားပြီး လမ်းမှာပဲ အင်္ဂလိပ်က အပြီးအပိုင် စစ်တိုက်ပြီး အမျိုးသားမြန်မာနိုင်ငံကို သိမ်းယူတော့မယ်လို့ သူသိတာနဲ့တူတယ်။ သစ်အတွက် ဒဏ်ငွေ နှစ်သန်း သုံးသိန်းကို ရအောင် အတင်း မတောင်းပါနဲ့လို့ သံကြိုးပို့တယ်။ ဒါပေမယ့် ၁၀ စက်တင်ဘာ ၁၈၈၅ မှာ ဒဏ်မဆောင် ကောင်းလားလို့ အင်္ဂလိပ်ကုမ္ပဏီပိုင် ဆင်နဲ့သစ်တောပစ္စည်းတွေ သိမ်းလို့ အင်္ဂလိပ်က နောက်ဆုံးစာကို ၂၂ အောက်တိုဘာ ၁၈၈၅ မှာပို့တယ်။ နယ်ခြားကို လွန်ပြီး ၁၁ နိုဝင်ဘာ ၁၈၈၅ မှာ တပ်တွေအညာကို တက်လာတယ်။ "ပါတော်မူကတော့ အများသိတဲ့ ၂၉ နိုဝင်ဘာ ၁၈၈၅ ဖြစ်ပါတယ်။ နိုင်ငံခြားမှာ အမြဲနေဖို့ မြန်မာဘုရင်က ပထမဆုံးနဲ့ နောက်ဆုံးလွှတ်တဲ့ သံအမတ် ဦးမြူရဲ့ သံအမတ်ခန့်ပုံ အမိန့်တော်တွေကို ဖော်ပြပါ့မယ်။ တစ်ကြိမ်တစ်ခါပဲ ရေးရဖူးတဲ့ စာဖြစ်လို့ လေ့လာသင့်ပါတယ်။

၁။ သီရိပဝရဝိဇယာ နန္တယ သတိလောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ
၂။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကို အစိုးရတော် မူသော
၃။ နေထွက်ဘုရင် မြန်မာမင်းမြတ်
၄။ အမိန့်တော်
၅။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား

၆။ ဝန်ထောက်သံချက်ဝန်မင်းကြီး မင်းလှမဟာစည်သူကျော်ကို ပြင်သစ် နိုင်ငံ ပါရစ်မြို့တွင် အမြဲနေထိုင်၍ တိုင်ရေးပြည်မှုများကို
၇။ ပြောဆို ဆောင်ရွက်နိုင်စေရန် သံကြီး ခန့်တော်မူသည်။ သာသနာတော် ၂၄၂၉ မြန်မာ ဂေါဇာသက္ကရာဇ် ၁၂၄၇ ခု၊ ပဉ္စမဝါဆို
၈။ လပြည့်ကျော် ၄ ရက်၊ ခရစ်သက္ကရာဇ် ၁၈၈၅ ခု ဇွန်လ ၃၀ ရက်နေ့၊ အမိန့်တော်
၉။ သီရိပဝရဝိဇယာ နန္တ ယ သတိလောကာ ဓိပတိ ပဏ္ဍိတ မဟာ ဓမ္မရာဇာဓိရာဇာ
၁၀။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကိုအစိုးရတော်မူသော
၁၁။ နေထွက်ဘုရင် မြန်မာမင်းမြတ်
၁၂။ တော်
၁၃။ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီး
၁၄။ မင်းသတိုးသုဓမ္မ မဟာသက်တော်ရှည်
၁၅။ မြန်မာနိုင်ငံခြားဝန်ကြီး

အဲဒီ အမတ်ခန့်အမိန့်တော်မှာ စာကြောင်းက ဆယ့်နှစ်က 'တော်'ဆိုတဲ့ စကားလုံးဟာ သီပေါမင်းကိုယ်တိုင် ရေးတာဖြစ်တယ်။ သူ့လက်မှတ်လို့ ယူဆရမယ်။ အောက်မှာ သီပေါမင်းကိုယ်တိုင် 'မြမ္မာဘုရင် သီပေါမင်းမြတ်တော်'လို့ သူ ရတနာဂီရိ အရောက်မှာ ရေးထိုးဖူးတဲ့ လက်မှတ်ရဲ့ မူလအရွယ်အတိုင်း (ဂီရိရတနာ ၄၉) ဖော်ပြလိုက်ပါတယ်။




(သီပေါမင်းကိုယ်တော်တိုင်၏ လက်မှတ်တော်ပုံ။ မူလအရွယ်အတိုင်း)

ဒီလို သံအမတ်ခန့်ပြီးတဲ့အခါ သံအမတ်ရဲ့တာဝန်ဟာ ဘယ်လို၊ ဘယ်လောက် အာဏာ လွှဲတယ်ဆိုတာကို အသေးစိတ်ရေးပြီးထားတဲ့ အမိန့်တော်စာစောင် ပူးတွဲပြီး ပေးလိုက်ပါ သေးတယ်။ ဘာပြုလို့လဲဆိုတော့ သံအမတ်ဆိုပေမယ့် ရာဇသံလက်ဆောင် ယူလာပြီး ဆက်သတဲ့ 'အလုပ်' သံအမတ်လားလို့ ဆီးအမေးခံရတာများပြီမို့ နည်းနည်း လူရည် လယ်လာပြီလို့ပဲ ဆိုချင်ပါတယ်။ ဟုတ်ပါတယ်။ 'သံကြီး ကိုယ်စားလှယ် အရေးပိုင်' **(Ambassador Plenipotentiary)** ဖြစ်ဖို့လိုပါတယ်။ 'အရေးပိုင်' ဆိုတာကို နားလည်ဖို့ အမိန့်တော်ကို ဖတ်ကြည့်ဖို့လိုပါတယ်။

၁။ သီရိပဝရဝိဇယာ နန္တ ယ သတိလောကာ ဓိပတိပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇ
၂။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကို အစိုးရတော် မူသော
၃။ နေထွက်ဘုရင် မြန်မာမင်းမြတ်

၄။ အမိန့်တော်

၅။ ဤဆိုလတ္တံ့သော အရေးလွှဲအပ်ခြင်းတို့နှင့် တိုက်ဆိုင်တွေ့ကြုံမည်သူ လူခပ်သိမ်းတို့ ကြားသိမှတ်သားစေရန်

၆။ ပြင်သစ်သမတမင်းအနီး အမြဲနေထိုင်ရန် စေခန့်တော်မူသော အရေးပိုင် သံကြီးကိုယ်စလှယ်တော် ဝန်ထောက်သံချက်ဝန် မင်းကြီး မင်းလှ မဟာ စည်သူကျော်၏

၇။ အစွမ်းသတ္တိ အရည်အချင်း သတိပညာ မချို့တဲ့သည့်အရာ အကျင့် အာစာရတို့နှိုက် အထူးသဖြင့် ယုံကြည်ခြင်းများကိုလူခပ်သိမ်းတို့ မှတ်နာ ကြကုန်

၈။ ကျနုပ် အထူးသီးခြား စေခန့်တော်မူသော အရေးပိုင်ကဲ့သို့၊ နိုင်ငံ သီးခြား စိုးအုပ်တော်မူသော၊ မကိုဋ်ဆောင်း မင်းတပါးဘက်က အရေး ပေးအပ် အလွှဲ

၉။ ခံရသူ၊ တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ၊ တွေ့ကြုံပြိုင် ဆိုင်ရန်၊ ပြောဆိုဆွေးနွေး မေးမြန်း စေ့စပ်ညှိနှိုင်းတိုင်ပင်ရန်အမှု၊ ဆိုခဲ့သည့် အရေးပိုင် ခံရသူ၊ တဦး

၁၀။ တစ်ယောက်နှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ၊ အခိုက်အတန့်တည်စေရန်၊ စာချုပ် တခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ချုပ်ဆိုနိုင်ရန်အမှု၊

၁၁။ ယခုအခါ ၂ တိုင်း ၂ ပြည် တစ်စုံတစ်ခု ယှက်တင် ဖြစ်ပျက်ဆဲအမှု၊ နောင် ဖြစ်ပျက် ရက်တင်ရန်အမှု၊ မည်သည့်မှုခင်းကြီးငယ် အရေးအရာ အကြံ အစည်မဆို၊

၁၂။ အလိုရှိအပ် တောင့်တအပ်သည့်အမှုများကို ပြီးပြတ်အောင် နီးနှော၍ပြောဆို စေ့စပ်ညှိနှိုင်း ထမ်းဆောင်စေရန် ကျနုပ်တို့အကျိုး စီးပွား အမည်နာမအလို့ငှာ

၁၃။ အရေးလွှဲအပ်ရန်ရှိသမျှကို အထူးသဖြင့် ယုံယုံကြည်ကြည် တဝတည်း လွှဲအပ်ခြင်းနှင့်တကွ ပြင်သစ်သမတမင်းအနီး အမြဲနေထိုင်ရန် စေခန့် တော်မူသော

၁၄။ အရေးပိုင် သံကြီးကိုယ်စားလှယ်တော်၊ ဝန်ထောက်သံချက်ဝန်မင်းကြီးမင်း လှမဟာစည်သူကျော်ကို ကျနုပ်တို့ အရေးယုံပုံလွှဲအပ်လိုက်ပါသည်။ သည် ကဲ့သို့

၁၅။ မျှခွင့်ရေးရာအကြံအစည်များနှင့် စပ်သည့်အရာခပ်သိမ်းကို စုံညီညှိနှိုင်း ထောက်ချင့်၍ ဆိုခဲ့သည့် အရေးလွှဲအပ်ခြင်းများကို အရင်းမူလထားပြီး လျှင် အခိုက်

၁၆။ အတန့်တည်စေရန်၊ အခိုင်အခန့်တည်စေရန်၊ စာချုပ်တခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အမြဲအရှည်တည်စေရန် ဆုံးခမ်းရောက် လက်စသိမ်းရန်၊ လက်မှတ်

၁၇။ ထိုးရန် အမှုများမှာ၊ မြန်မာတိုင်းပြည်နိုင်ငံ မှူးမတ်တို့ သဘော အကြိုက်ညီ ပြောဆိုဆုံးဖြတ်ရာ လက်မှတ်ထိုးရန်၊ ကျနုပ်ကိုအရာ ချန်ထားမည့်အကြောင်း။

၁၈။ ဆိုခဲ့သည့်အရေးလွှဲရာပါ မှုခင်းများမှာ၊ သက်သေခံထား၍၊ ကျနုပ်က တံဆိပ်လို့ အဆုံးတွင် ခတ်နှိပ်စေသည်။ သာသနာတော် ၂၄၂၉၊ မြန်မာ ကောဇာသက္ကရာဇ်

၁၉။ ၁၂၄၇ ကု ပဌနဝါဆိုလပြည့်ကျော် ၄ ရက်၊ ခရစ်သက္ကရာဇ် ၁၈၈၅ ခု ဇွန်လ ၃၀ ရက်နေ့၊ မြန်မာနိုင်ငံ ရတနာပုံနေပြည်တော် ရွှေနန်းတော်တွင် ကျနုပ်လက်မှတ်တိုးသည်။

၂၀။ သီရိပဝရဝိဇယာ နန္တယ သတိလောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ

၂၁။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကို အစိုးရတော် မူသော

၂၂။ နေထွက်ဘုရင်မြန်မာမင်းမြတ်

၂၃။ တော်

၂၄။ အဂ္ဂမဟာသေနာပတိဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီး

၂၅။ မင်းသတိုးသုဓမ္မမဟာသက်တော်ရှည်

၂၆။ မြန်မာနိုင်ငံခြားဝန်ကြီး

ဒီမှာ လွှဲအပ်တယ်ဆိုတာက အမျိုးသားမြန်မာနိုင်ငံအစိုးရရဲ့အကျိုး၊ မြန်မာဘုရင်နဲ့ သားစဉ်မြေးဆက်ရဲ့ အကျိုးကို ဆောင်ရွက်ဖို့လွှဲတာပါပဲ။ ဒါပေမဲ့ အကျိုးဆောင်တယ် ဆိုရာမှာလည်း တခြားနိုင်ငံနဲ့ဆက်သွယ်ပြီး စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးကို ညှိနှိုင်းပြီး ဆုံးခန်းတိုင် ဆွေးနွေးစေ့စပ်ပြီး စာချုပ်တာကို ဆိုလိုတယ်။ စာချုပ်ဟာ ယာယီလည်း ဖြစ်နိုင်တယ်။ အခိုင်အမြဲလည်း ဖြစ်နိုင်တယ်။ ဒီလို အရေးလွှဲလိုက်ရပေမယ့် ဦးမြူဟာ ကြီးကြီးကျယ်ကျယ် ဘာမှ မလုပ်လိုက်ရဘူး။ သစ်ကုမ္ပဏီကို ဒဏ်ရိုက်ထားတာ အတင်း ရအောင် တောင်းမနေနဲ့ဆိုတဲ့ သတိပေးသံကြီးဟာ ဦးမြူရဲ့ အကြီးဆုံး ဆောင်ရွက်ချက်ပါပဲ။

အဲဒီလို မြန်မာတွေဟာ ပြင်သစ်နဲ့စာချုပ်၊ ဂျာမနီနဲ့စာချုပ်၊ သံတွေလည်း လုပ် လာတော့ အင်္ဂလိပ်အဖို့ သူတို့လိုချင်တဲ့ အခြေအနေကို ရောက်ပြီလို့ဆိုရမယ်။ စောစောက လန်ဒန်အင်္ဂလိပ်က ဆင်းမလားအင်္ဂလိပ်နဲ့ ရန်ကုန်အင်္ဂလိပ်ကို နိုင်ငံရေးအရ၊ စီးပွားရေးအရ သိသိသာသာ အကျိုးဖြစ်ဖို့ မမြင်သေးလို့ မြန်မာကို သည်းခံမြဲ ဆက်ပြီးသည်းခံစေလို့ အမိန့်ပေးခဲ့တယ်။ အခု နိုင်ငံရေး၊ စီးပွားရေးမှာ အကျိုးဖြစ်ဖို့ မြင်လာပြီဆိုပါတော့။ သူတို့ စစ်တိုက်တဲ့အထိ ဝင်ရောက်စွက်ဖက်တော့မယ်။ တကယ် ကတော့ အင်္ဂလိပ်ကုန်သယ်ပိုင်းက ဆူပူကန့်ကွက်တာတွေ၊ အရှုံးအမြတ်တွက် ပြတာတွေကိုဆက်ပြီး စစ်ဆေးရင် အခြေအနေ မှန်ဟာ ပိုပြီးပေါ်လာပါလိမ့်မယ်။

အင်္ဂလိပ်ကုန်သည်တွေက အမျိုးသားမြန်မာနိုင်ငံကို သိမ်းယူဖို့ တိုက်တွန်း ကြတယ်။ သူတို့အကြောင်းပြချက်က နှစ်မျိုးရှိပါတယ်။ ၁။ မြန်မာအစိုးရညံ့လို့ ပြည်တွင်း မငြိမ်မသက်ဖြစ်ပြီး ရောင်းဝယ်ရေးဆုတ်ယုတ်တယ်။ ။ ၂။ အခု ပြင်သစ် ဝင်လာပြီဖြစ်လို့ အင်္ဂလိပ်မှာ တစ်ဦးတည်းချုပ်ကိုင်ပြီး စီးပွားရှာခွင့် ဆုံးပါးတယ်။ မြန်မာ ပြင်သစ်စာချုပ် ကြောင့် လန့်ကုန်ကြတယ်။ (၂၄ မတ် ၁၈၈၅)။ ဒါပေမဲ့ အုပ်ချုပ်ရေးပိုင်းက အင်္ဂလိပ်က

စစ်ကြေညာပြီး သီပေါမင်းကို ဖမ်းယူဖို့အထိ အခြေအနေ မပေး သေးဘူးလို့ ယူဆတယ်။ ပြင်သစ်နဲ့အကျွမ်း သိပ်မဝင်ရလေအောင် ပထမဟန့်တယ်။ မရတဲ့အခါ အဲဒါလောက်နဲ့ စစ်တိုက်ဖို့ မလုံလောက်သေးဘူးဆိုတာ သိပါတယ်။ မန္တလေးမှာ အင်္ဂလိပ်ကိုယ်စားလှယ် (အရေးပိုင်)မရှိပေမယ့်လဲ ရောင်းဝယ်ရေးကို ဘယ်လိုမှ မထိခိုက်ဘူးလို့ဆိုတယ်။ အရင်က ချုပ်ထားတဲ့ ကူးသန်းရောင်းဝယ်ရေးစာချုပ်တွေကိုလည်း မြန်မာက ဖြောင်သိသိသာသာ ဘယ်နေရာ ဘယ်အချက်မှာမှ မချိုးဖောက်သေးဘူးဆိုတာလည်း ထင်ရှားတယ်။ အင်္ဂလိပ် ကျေးတော်မျိုး ကျွန်တော်မျိုးတွေကိုလည်း ကောင်းကောင်းဆက်ဆံပါတယ်။ (တစ်ဦး တစ်လေကို စော်ကားသလိုဖြစ်သွားတဲ့အခါ ကျိုးကန်းတွေလိုဝိုင်းအာလို့ မြန်မာဘက်က ကျေနပ်လောက်အောင် အရေးယူပါတယ်။ နည်းနည်းကြာတာပဲ အပြစ်ပြောနိုင်တယ်)။ နယ်စပ်မှာလာနေတဲ့ မြန်မာအရာရှိတွေဟာ အင်္ဂလိပ်နယ်စပ်အရာရှိတွေနဲ့ အင်မတန် သင့်တင့်ညီညွတ်အောင် ပေါင်းတာလဲ အမှန်ဖြစ်တယ်။ ဒါပေမဲ့ အခုလို မဟာမိတ်သစ် အားကိုး ရလာတဲ့အခါ ဆက်ဆံရေးပုံစံ ပြောင်းသွားနိုင်တယ်လို့တော့ ထင်မိတယ်လို့ ဆိုတယ်။ ပြောင်းတယ်ဆိုတဲ့ နေရာမှာလဲ စိုးရိမ်ဆင့်အထိ ပြောင်းနိုင်တာတော့မှန်တယ်။ မန္တလေးမှာ ပြင်သစ်ကိုယ်စားလှယ်ရှိနေရင် အင်္ဂလိပ်တွေအပေါ်မှာ တစ်မျိုးမဟုတ်တစ်မျိုး အကွက်ဆင်ပြီး အခက်အခဲတွေ ပေါ်အောင်လုပ်ဖို့ အလားအလာ ရှိနေတယ်ဆိုပါတော့။ အဲဒါကြောင့် မန္တလေးမှာ အင်္ဂလိပ်သြဇာ ပြန်တက်အောင် တစ်နည်းနည်း ရှာကြံ ဆောင်ရွက်သင့်တယ်လို့တော့ သဘောတူပါ တယ်။ သဘောက မန္တလေးမှာ အင်္ဂလိပ် အရေးပိုင် ပြန်ထားရမယ်လို့ အဖြေထွက်တယ်။ ဒါပေမဲ့ ဒီကိစ္စကို ဂုဏ်မငယ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့အခါ ဆက်မဖြေတတ်တော့ဘူး။ အင်္ဂလိပ်အရေးပိုင်ရုံးကို ရုပ်သိမ်း တုန်းက ပြန်ဖွင့်စေချင်ရင် အမျိုးသား မြန်မာအစိုးရကစပြီး ပြောဆိုတောင်းပန်လာရမယ် ဆိုတဲ့ သဘောမျိုးပါတဲ့စာကို ပေးပို့ခဲ့ပြီ။ အဲဒီစကားက အဖတ်တင်နေပြီ။ ခုမှ အင်္ဂလိပ်က စပြီး ကမ်းလှမ်းရင် မြန်မာက ဈေးကိုင်တော့မှာပဲလို့ သူတို့တွက်မိတယ်။ စစ်အင်္ဂါ ခင်းကျင်းပြီး ခြိမ်းခြောက်နိုင်မှ ပြန်လက်ခံမယ့် သဘောရှိတယ်။ အဲဒီလို စစ်အင်္ဂါခင်းဖို့ အချိန်မကျသေးဘူး။ (စစ်ခင်းဖို့ စဉ်းစားထားတယ်၊ အခါကို စောင့်နေတယ်လို့ နားလည် ရမယ်)။ နောက်တစ်မျိုး သူတို့စဉ်းစားမိတာက ပြင်သစ်နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပေါင်းပြီး အင်္ဂလိပ် အရေးပိုင်ကို အင်မတန် ပျူပျူငှာငှာ ဖိတ်ခေါ်ဆက်ဆံပေမယ့်လဲ အဲဒါကိုလုပ်ရုံနဲ့ အင်္ဂလိပ်သြဇာ ပြန်တက်လာပြီလို့ ဘယ်နည်းနဲ့မှ မပြောနိုင်ပါ။ ပြီးတော့ အဝင် အထွက်လွယ်ရင် အချေအတင်ပြောစရာအချက် ပိုပေါ်တဲ့အခါ သာပြီး စိတ်ညစ်စရာ ကောင်းအုံးမယ်၊ အဲဒီလိုနဲ့ မြန်မာပြဿနာဟာ ရတ်တရက် အဖြေမပေါ်ဘဲ ဖြစ်နေ ပါတယ်။

မြန်မာဘုရင် ဆိုးယုတ်တယ်လို့ ဝါဒဖြန့်စရာ အကြောင်းအရာတစ်ခု ၂၁ စက်တင်ဘာ ၁၈၈၄ မှာ ပေါ်ပါတယ်။ (မြန်မာမှတ်တမ်းထဲမှာ ၂၆ စက်တင်ဘာ ၁၈၈၄၊ ၁၂၄၆ သီတင်းကျွတ်လဆန်း ၇ ရက်လို့ တွေ့တယ်။ ဒါပေမဲ့ ၂၁ ရက်က ပိုမှန်မယ်လို့ ယူဆတယ်)။ အကျဉ်းထောင်က ထောင်သားတွေ ထောင်ကို ဖောက်ပြေးဖို့လုပ်တာကို အချိန်မီသိလို့ ပစ်ခတ်ဖမ်းဆီးရာက ထောင်သား ၃၀၀ လောက်မှာ ၂၀၀ လောက် သေ သွားတယ်။ ဖြစ်တဲ့အချိန်ကတော့ တနင်္ဂနွေနေ့ညနေ ဖြစ်ပါတယ်။ အဲဒီအထဲမှာ

အင်္ဂလိပ်ကျွန်တော်မျိုး စစ်တကောင်းကုလား နှစ်ယောက်လဲ ပါတယ်လို့ ပြောတယ်။ ဒါကို ကန့်ကွက်တဲ့အခါ အင်္ဂလိပ်က သီပေါမင်း နန်းတော်ပေါ်မှာ အခုလောက် ရှင်ဘုရင် ကြာကြာ ဖြစ်နေနိုင်တာဟာ သူတို့က အစွမ်းထက်ပြီး ထီးနန်းကို ဖက်ပြိုင်လုခွင့်ရှင် သီပေါမင်းထက်သာနိုင်တဲ့ မင်းသားတွေကို ထိန်းသိမ်းပေးထား လို့ဖြစ်တယ်။ ဒီလိုကြည့်ရင် သီပေါမင်း ရက်စက်သရွေ့ သူတို့တာဝန် မကင်းဖြစ်ရတယ်။ ဒါ့ကြောင့် သီပေါမင်းကို ပယ်ရှားသင့်ပြီဆိုတဲ့ အကြောင်းပြချက်ပဲဖြစ်တယ်။ ဒီလို သူတို့ပြောတဲ့အချိန်မှာ သူတို့ ရည်ရွယ်ပြီးပြောနေတဲ့ မြင်ကွန်းမင်းသားကို သူတို့လက်ထဲက (၁၆ ဧပြီ ၁၈၈၃ မတိုင်မီ) လွှတ်ပေးလိုက်ပြီမို့ အမျိုးသားမြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ဖို့ ကြိုးစားနေတယ်လို့ သိရတယ်။ အမျိုးသားမြန်မာနိုင်ငံအစိုးရမှာ သူပုန်တွေ ဓားပြတွေ နှိပ်စက်လွန်းလို့ ဒုက္ခများရတဲ့အထဲ နောက်ထပ် ထီးနန်းလုမယ့် အန္တရာယ်ပေါ်လာရင် ထောင်ထဲမှာ အခု ထည့်ထားတဲ့ ဓားပြတွေက ရန်သူအားပေး လုပ်ကြမှာကိုလန့်လို့ အကွက်ဆင်ပြီး သုတ်သင် တယ်လို့ အင်္ဂလိပ်က စွပ်စွဲပြန်တယ်။ တိုင်တားမင်းကြီးနဲ့ ရွှေလှံမြို့ဝန်တို့ရဲ့လက်ချက် ဖြစ်တယ်။ နာမည်ကြီး ဓားပြဗိုလ် ငရန်မင်းရဲ့ ကြံစည်ကြိုးစားခြင်း ဖြစ်တယ်လို့ မြန်မာ မှတ်တမ်းက ဆိုပါတယ်။ (ကုန်း၊ တ၊ ၆၅၉)။ အင်္ဂလိပ် ဝါဒဖြန့်တာရဲ့နိဂုံးက 'တရား မျှတပြီး ကြင်နာခြင်းရှိတဲ့ အင်္ဂလိပ် မြန်မြန်လာပါ' လို့ မြန်မာတွေကပဲ တမ်းတနေပြီလို့ ဖြစ်ပါတယ်။ အဲဒီလို သဘောသက်ရောက်အောင်လည်း ရန်ကုန်မှာ ၁၁ အောက်တိုဘာ ၁၈၈၄ က လူအများ ပါဝင်တဲ့ ကန့်ကွက်ပွဲတစ်ခု ကျင်းပပါတယ်။ ဒီကန့်ကွက်ပွဲကို ရန်ကုန်မြူနီစီပယ် အခွန်ထမ်း ၈၃၅ ယောက်က လက်မှတ်ရေးထိုး တောင်းဆိုလို့ မြူနီစီပယ်ဥက္ကဋ္ဌ စီအိပ်ချ်အီး အဒမ်ဆင် (C.H.E. Adamson) က ခေါ်ပေးပါတယ်။ ဂျေ သော်မဆင် (J.Thompson) က အစည်းအဝေး သဘာပတိ လုပ်ပါတယ်။ လူမျိုးပေါင်းစုံ ပါဝင်တဲ့ အစည်းအဝေးကြီးလို့ ဆော်သြတဲ့လူတွေ ဂုဏ်ခံချင်ပေမယ့် အင်္ဂလိပ် ကုလားနဲ့ ငှားထားတဲ့ မြန်မာတွေဖြစ်တယ်။ မြန်မာ'လူကြီး'တွေက သူတို့နဲ့ လူမှုရေးပဲဆိုင်တယ်၊ နိုင်ငံရေးမဆိုင်ဘူးဆိုပြီး အစည်းအဝေးကို မတက်ကြပါဘူး။ ဟိုတုန်းက ရန်ကုန်မှာလုပ်တဲ့ လူအများတက်တဲ့ အစည်းအဝေး ဆိုပေမယ့် အင်္ဂလိပ်လို ပြောကြပါတယ်။ အစည်းအဝေး တက်လာတဲ့ လူများစုက ဘာတွေပြော၊ ဘာတွေ ဆုံးဖြတ်တယ်လို့ မသိကြပါဘူး။ ရောပြီး လက်ခုပ်တီးမှာတော့ သေချာတယ်။ အစည်းအဝေးက တစ်ညီတစ်ညွှတ်ထဲ ဆုံးဖြတ် တာက

၁။ အခု မြန်မာမင်းရဲ့ မတရားအုပ်စိုးမှုကြောင့် မြန်မာတွေရဲ့ အညာဒေသမှာ လူအများ ဆင်းရဲပင်ပန်းနေကြပါတယ်။

၂။ အင်္ဂလိပ် မြန်မာနိုင်ငံနဲ့ အမျိုးသားမြန်မာနိုင်ငံဟာ အပြန်အလှန် မှီတွဲနေကြ လို့ တစ်ဒေသမှာ သာယာဝပြောရင် ကျန်ဒေသကိုလည်း သာယာ ဝပြော စေတယ်။

၃။ (ဒီလိုပဲ အပြန်နည်းကြည့်ရင် တစ်ဒေသရဲ့ ဒုက္ခဟာလည်း တစ်ဒေသကို ထိခိုက်လာတာဖြစ်လို့) အင်္ဂလိပ်အစိုးရက အညာဒေသရဲ့ အရေးအခင်း တွေမှာ ချက်ချင်းဝင်ရောက်စွက်ဖက်ဖို့ ခိုင်ခိုင်မာမာ လိုပါတယ်။

၄။ အင်္ဂလိပ် စွက်ဖက်တယ်ဆိုတာဟာ အိန္ဒိယလက်နက်နိုင်ငံထဲကို အဝနိုင်ငံ တစ်ခုလုံး သိမ်းယူပြီး ထည့်သွင်းလိုက်ဖို့ မသင့်သေးဘူးဆိုရင်လဲ သီပေါမင်းကို ဖယ်ပြီး တခြားသင့်တော်မယ့် လူတစ်ဦးကို နန်းတင်ပြီး စောင့်ထိန်းခံနိုင်ငံ (Protectorate) လုပ်ဖြစ်တာပဲဖြစ်ဖြစ် တစ်ခုခုကို လုပ်ဖို့ဖြစ်တယ်။

ဒီလေးချက်ကို ရန်ကုန်မှာရှိတဲ့ မင်းကြီးချုပ်က ထောက်ခံခါက်ရေးပြီး ဘုရင်ခံချုပ်နဲ့ အတိုင်ပင်ခံအဖွဲ့ကို တင်ပြပေးပါရန် မေတ္တာရပ်တယ်။ အဲဒီလို ဆုံးဖြတ်ထားတာကို ကိုယ်တိုင်ကိုယ်ကျ မင်းကြီးချုပ်နဲ့တွေ့ပြီး ပြောပြဖို့ ကော်မတီဖွဲ့သေးတယ်။ မင်းကြီးချုပ်အနေနဲ့ (၁) ဒီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ကို ရန်ကုန်မှာရှိနေတဲ့ အင်္ဂလိပ် လူများစုရဲ့ လိုလားချက်မျှသာ ဖြစ်တယ်လို့ ယူဆတယ်။ (၂) အမျိုးသားမြန်မာနိုင်ငံကို သိမ်းယူဖို့ မလွယ်သေးဘူး။ (၃) အစိုးရရဲ့ နိုင်ငံခြားဆက်ဆံရေးကို လူအများတက်တဲ့ အစည်းအဝေးကနေပြီး သဘောနဲ့လက်တွေ့ကို သဘောနဲ့လက်တွေ့ကို ဆုံးဖြတ်ပြီး ဒီအတိုင်း အစိုးရက လိုက်လုပ်ပါလို့ဆိုတဲ့ ပုံစံကို မကြိုက်ဖူး။ လွတ်လပ်စွာ စည်းဝေးခွင့်ကို မပိတ်ချင်ဘူး။ ဒါပေမဲ့ ဒါမျိုး အစဉ်အလာဖြစ်ပြီး အုပ်ချုပ်ရေးမှာအနှောင့်အယှက် ဖြစ်နိုင်တယ်။ ပြည်သူအများလဲ ထိတ်လန့်ချောက်ချားပြီး ရောင်းဝယ်မှု ပျက်နိုင်တယ်။ လူသတ်တဲ့ပွဲကို ရှုတ်ချတာက မှန်မြတ်တယ်ဆိုရင် ဒါ့ကြောင့် ဟို့နိုင်ငံကို သိမ်းယူပါဆိုတဲ့အခါကျတော့ သိမ်းယူဖို့ စစ်ကြေညာရမယ်။ တစ်ဖက်က ခံတိုက်ရင် ၂၁ စက်တင်ဘာ ၁၈၈၄ က 'ထောင်ထပွဲ'မှာ လူ ၂၀၀ ကျော် သေခဲ့ရင် စစ်ဖြစ်တဲ့ အခါ ၂၀၀ ရဲ့ အဆအဆ ထပ်သေအုံးမယ်။ ရန်ကုန်အင်္ဂလိပ် အယူအဆကို တစ်မျိုးပြောရရင် လူ ၂၀၀ သတ်ပွဲကို အကြောင်းပြပြီး နယ်ချဲ့စစ်ကို ကြေညာခိုင်းတယ်။ အဲဒါကိုတော့ နည်းနည်းများတယ်လို့ မင်းကြီးချုပ် ကိုယ်တိုင် ယူဆတယ်။ အမျိုးသား မြန်မာနိုင်ငံတွင်းမှာ ဆူပူမှု များတယ်။ ရှမ်းနယ်၊ ကချင်နယ်တွေမှာ သူပုန်၊ ကျန်တဲ့နယ်တွေမှာ ဓားပြ၊ ဒါကြောင့် ပြည်ရွာ မငြိမ်မသက်ဖြစ်နေတာ မှန်တယ်။ မြန်မာ အရာရှိငယ်တွေက တိုင်းသူပြည်သားကို ညှဉ်းတယ်ဆိုတာလဲ ဟုတ်သင့်သလောက် ဟုတ်တယ်။ ဒါ့ကြောင့်လဲ နည်းနည်းလုံခြုံမှု ပိုကောင်းတဲ့ အင်္ဂလိပ်မြန်မာနယ်ထဲကို ပြောင်းရွှေ့လာကြတယ်ဆိုတာလဲ မှန်တယ်။

ဒီလို အခြေအနေဆိုးတယ်ဆိုတာတွေကို စာရင်းအင်းနဲ့ ထောက်ကြည့်ဖို့လိုမယ်။ ဒါပေမဲ့ အမျိုးသားမြန်မာအစိုးရဘက်က စာရင်းအင်းရလို့ မလွယ်ဘူး။ အကြေအညာ ရောင်းဝယ်ရေးစာရင်းတော့ ရှိပါတယ်။ ဒါပေမဲ့ စာရင်းတစ်ခုထဲနဲ့ နိုင်ငံတစ်နိုင်ငံလုံးရဲ့ အခြေအနေကို သိဖို့မဖြစ်နိုင်ဘူး။ တစ်စိတ်တစ်ပိုင်းသိမယ်။ အဲဒီ သွင်းကုန် ထွက်ကုန်ပစ္စည်း တန်ဘိုးကို ကြည့်ရင်တော့ လူတွေဆင်းရဲကုန်လို့၊ သေကုန်လို့၊ မြို့တွေရွာတွေ ပျက်ကုန်လို့ အရောင်းအဝယ် ကျဆင်းတယ်ဆိုတဲ့စကားဟာ အလကားစကားဖြစ်သွားပါတယ်။ အရောင်းအဝယ် ပွားများလာတာကိုပဲ တွေ့ရတယ်။ ဒီစာရင်းမှာကြည့်ရင် မင်းတုန်းမင်းလက်ထက်က တစ်နှစ်ကို ပေါင်ပေါင်း သုံးသန်းဖိုး ရောင်းဝယ်ရင် သီပေါမင်းလက်ထက်မှာ သုံးသန်းနှစ်သိန်းဖြစ်လာတယ်။ အင်္ဂလိပ်ကုန်သည်တွေ အရောင်းအဝယ် ပျက်တယ်လို့ စွပ်စွဲတဲ့ ၁၈၈၃-၄ မှာ သုံးသန်း ငါးသိန်းဖိုး ရောင်းဝယ်ဖြစ်တယ်။ အဲဒီလောက် တစ်ခါမှ မရောင်းမဝယ်ဖူးသေးဘူးလို့လည်း ဆိုနိုင်တယ်။ အညာကရောင်းတဲ့ငွေနဲ့ အညာက ဝယ်တဲ့ငွေကို ယှဉ်ကြည့်ရင် ဝယ်ငွေက အမြဲ တစ်သိန်းများနေတာ တွေ့ရတယ်။ ဝင်ငွေက

သိပေါမင်း နန်းမတက်မီ လေးနှစ်နှင့် နန်းတက်ပြီးလေးနှစ် အကြေအညာ
ရောင်းမှုဝယ်ခင်း လုပ်ငန်းစာရင်း (အင်္ဂလိပ်သုံး ပေါင်ဒင်္ဂါးနဲ့ ငွေကို ပြတယ်)

| | အင်္ဂလိပ်မြန်မာနိုင်ငံက အမျိုးသားမြန်မာနိုင်ငံကို သွင်း | အင်္ဂလိပ်မြန်မာနိုင်ငံက အမျိုးသားမြန်မာနိုင်ငံမှ ယူ | အင်္ဂလိပ်မြန်မာနိုင်ငံနဲ့ အမျိုးသား မြန်မာနိုင်ငံမှာ ဖြစ်ထွန်းတဲ့ လုပ်ငန်းတန်ဘိုး |
|---|---|---|---|
| ၁၈၇၄ • ၅ | ၁၄၇၀၂၆၁ | ၁၄၅၇၅၇၂ | ၂၉၂၇၈၃၃ |
| ၁၈၇၅ • ၆ | ၁၃၅၅၉၁၉ | ၁၅၁၄၆၁၃ | ၂၈၇၀၅၃၂ |
| ၁၈၇၆ • ၇ | ၁၄၆၈၅၅၄ | ၁၅၅၁၈၅၀ | ၃၀၂၀၄၀၄ |
| ၁၈၇၇ • ၈ | ၁၇၆၁၅၄၁ | ၁၆၆၄၃၈၅ | ၃၄၂၅၉၂၆ |
| လေးနှစ်ကြိတ်နှုန်း | ၁၅၁၄၀၆၉ | ၁၅၄၇၁၀၅ | ၃၀၆၁၁၇၄ |
| ၁၈၈၀ • ၁ | ၁၇၁၂၃၀၂ | ၁၆၁၃၉၇၂ | ၃၃၂၆၂၇၄ |
| ၁၈၈၁ • ၂ | ၁၄၈၅၈၈၆ | ၁၃၀၃၃၇၅ | ၂၇၈၉၂၆၁ |
| ၁၈၈၂ • ၃ | ၁၅၈၁၀၇၉ | ၁၆၇၀၆၈၂ | ၃၂၅၁၇၆၁ |
| ၁၈၈၃ • ၄ | ၁၈၂၆၁၁၄ | ၁၇၀၅၈၄၈ | ၃၅၃၁၉၆၂ |
| လေးနှစ်ကြိတ်နှုန်း | ၁၆၅၁၃၄၅ | ၁၅၇၃၄၆၉ | ၃၂၂၄၈၁၄ |

သုံးငွေလောက် မများဘူးဆိုတာ သိပ် မကောင်းပါ။ အဖြေရှာတော့ ၁၈၈၄ ခုမှာ ရာသီဥတု ဖောက်ပြန်လို့ လယ်တွေပျက်ပြီး ဆန်အထွက်နဲလို့ အကြေကို အားကိုးနေရတဲ့အတွက်လို့ ဆိုနိုင်ပါတယ်။ ဆန်ဝယ် နေရတာနဲ့ တခြားကုန်မှာ ဝယ်အားကျတယ်။ ဥပမာ အထည်နဲ့ စက်ပစ္စည်းရောင်းတဲ့ ကုမ္ပဏီတွေမှာ အရောင်းရ အမှန်နည်းသွားမယ်။ ဒါ့ကြောင့်လဲ အင်္ဂလိပ်ကုန်သည်တွေက အရောင်းအဝယ်ပျက်စီးတယ်လို့ ထအော်ကြတာပဲလို့ နားလည် နိုင်ပါတယ်။ နောက်တစ်ခါ အထက်က လူဆိုးတွေဟာ အောက်ကိုဆင်းပြီး လုယက် ဖျက်စီးတယ်ဆိုတဲ့စကား ဟုတ်မဟုတ် စစ်ဆေးတဲ့အခါ ဓားပြပူတာ နယ်စပ်မဟုတ်ဘဲ ဟံသာဝတီခရိုင်၊ ပရိုးခရိုင် နဲ့ သာယာဝတီခရိုင်တွေ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးဘက် က ကြည့်ပြန်ရင် ဧရာဝတီ မီးသင်္ဘောကုမ္ပဏီဟာ အာရှမြစ်ကြောင်း သင်္ဘောလမ်းတွေ ထဲမှာ အချမ်းသာဆုံးနဲ့ အကြီးဆုံး ဖြစ်လာပါတယ်။ ဒါပေမဲ့ အင်္ဂလန်ဖြစ် စက်ထွက်ပစ္စည်း သယ်ရလို့ ကြီးပွားတာ မဟုတ်ဘူး။ ဆန်နဲ့ ငါးပိငါးခြောက်သယ်ရလို့ တိုးတက်တယ် ဆိုပြန်တယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဝင်ငွေအနေနဲ့ အင်္ဂလိပ်မြန်မာနိုင်ငံဘက်က တိုးနေရလို့ အရောင်းအဝယ် ကျဆင်းတယ်လို့ မပြောနိုင်ဘူးပေါ့။

လက်နက်ကိုင်တွေနဲ့ မစွက်ဖက်ဘဲ အမျိုးသား မြန်မာနိုင်ငံအစိုးရက ဂရုပြုမှာ မဟုတ်ဘူး။ တကယ်လို့ စွက်ဖက်ဖို့ကောင်းမယ်လို့ အင်္ဂလိပ်ကုန်သည်တွေရဲ့ အယူအဆ နဲ့ တိုက်တွန်းချက်ကို လက်ခံမယ်ဆိုရင် အခုရှိပြီးသား စစ်အင်အားမှာ အင်္ဂလိပ် လက်နက်ကိုင် စစ်သား ၅၀၀၀ ထပ်လိုမယ်။ ခုနစ်ရက်အတွင်း မင်းကို ဖမ်းယူနိုင်တယ်။ ဒါပေမယ့် ဒီလိုလုပ်စရာအကြောင်း မခိုင်လုံသေးဘူးလို့ ရန်ကုန်မင်းကြီးချုပ်က အိန္ဒိယ ဘုရင်ခံချုပ်ဆီက ၂၄မတ် ၁၈၈၅ မှာ အစီရင်ခံပါတယ်။

မြန်မာဘုရင်ကို နန်းချဖြစ်အောင် ချပါလို့ ရန်ကုန်အစည်းအဝေးက ၁၁ အောက်တိုဘာ ၁၈၈၄ မှာ ထက်ထက်သန်သန် တိုက်တွန်းတဲ့အခါက ဒီတိုက်တွန်းချက်ကို ကော်မီတီတစ်ခုက မင်းကြီးချုပ်ကို ဝင်တွေ့ပြီး ပါးစပ်နဲ့လည်း ဒီအတိုင်းလုပ်သင့်ကြောင်း ပြောကြပါတယ်။ ဒီလူတွေရဲ့ နာမည်ကို မှတ်ထားသင့်ပါတယ်။ သူတို့တစ်တွေဟာ မြန်မာကို နယ်ချဲ့လက်ထဲ လုံးလုံးလျားလျားရောက်အောင် အင်မတန် လှုံ့ဆော်တဲ့လူတွေ ပါပဲ။

| | |
|---|---|
| ဂျေ သော်မဆင် | (J.Thompson) |
| တီ အက်ဖ် ပက်စလေ | (T.F.Pedley) |
| ဒဗလျူအိပ်ချ် ဝတ်တွန် | (W.H.Wootton) |
| ဂျေအီး မှတ် | (J.E.Marks) |
| ဒီအမ် ဂရေး | (D.M.Gray) |
| ဒဗလျူကျူရောက် | (W.Q.Rowett) |

ဒီအစည်းအဝေးအကြောင်း ၁၆ အောက်တိုဘာ ၁၈၈၄ ထုတ် **ဗြိတိသျှ ဗမာသတင်းစဉ်** ထဲမှာ ဖော်ပြပုံ တစ်စိတ်တစ်ပိုင်းကို ဖော်ပြချင်ပါတယ်။

ဤအစည်းအဝေး၌ များစွာ ထူးဆန်းသည့်အချက်မှာ အစည်းအဝေးသို့ တက်ရောက်သည့် အင်္ဂလိပ်အမျိုးသားတို့မှတစ်ပါး မြန်မာ တရုတ် ကုလား စသော အမျိုးသားတို့အနက် ထင်ရှားလျက် လူသိများသော လူကြီးဟူ၍

ငါးယောက်မျှပြည့်အောင် မလာချေ။ အင်္ဂလိပ်အမျိုးသားတို့က အစည်းအဝေးတွင် အဆိုများ တင်သွင်း အတည်ပြုသောအခါ လူမျိုးပေါင်းစုံပင် ကျယ်ကျယ်လောင်လောင် လက်ခုပ်လက်ဝါးတီး၍ ထောက်ခံသည်ဟု ဆိုသော်လည်း ထိုအစည်းအဝေးကို ဆော်သြခေါ်ယူလျက် အစအဆုံး ပြောဟောနေသူတို့၏ အလေ့အလာကို ထိုသူများအတိအကျ နားမလည်ဟုသာ (မလွဲသာသဖြင့်) ပြောရချေမည်။ အင်္ဂလိပ် အမျိုးသားတို့မှလွဲ၍ မြန်မာအဝင်အပါ ထိုအစည်းအဝေးသို့ ရောက်လာသူများသည် အောက်တန်းစားများသာဖြစ်ရကား အင်္ဂလိပ် ဘာသာစကားဖြင့် ဟောပြောနေကြသည်ကို တစ်လုံးတစ်ပါဒမျှ နားမလည်ကြချေ။ အင်္ဂလိပ်များ လက်ထောင်လျှင် သူတို့လည်း ပျော်ကြသဖြင့် အော်ဟစ်လျက် လက်ထောင်သည်။ သဘောအဓိပ္ပာယ်ကို တကယ်သိသူ အလွန်နည်းပါသည်။ ရန်ကုန်တွင် လင်မယားရန်ဖြစ်သည်ကိုပင် လူနှစ်ရာကျော် သုံးရာ ဝိုင်းအုံ၍ ကြည့်တတ်ရကား လူစုရန် အလွန်လွယ်သည်ဖြစ်ခြင်းကြောင့် ကုန်ခဲ့သည့် စနေနေ့က ခေါ်ယူသည့် ဆန်းကြယ်သော အစည်းအဝေးသို့ ရောက်လာသူတို့သည် သက်ဆိုင်ရာ လူမျိုးအုပ်စုများမှ ဆန္ဒကိုဖော်ထုတ်ရန် တက်ရောက်လာကြသော ကိုယ်စားလှယ် အစစ်များဟု မဆိုနိုင်။ အင်္ဂလိပ် သတင်းစာများက ဂုဏ်သရေရှိ မြန်မာ၊ ကုလားနှင့် တရုတ်လူကြီးများ အစည်းအဝေးသို့ မလာရောက်ခြင်းမှာ မြန်မာဘုရင်၏ ဂလဲ့စားချေမည့် အန္တရာယ်ကို ကွင်းရှောင်လို၍ ဖြစ်သည်ဟု ဆိုခြင်းမှာလည်း မိမိတို့ဆောင်ရွက်ချက်ကို မိမိတို့ပင် အထင်ကြီးလေ့ရှိသည် ကိုသာပြလျက် အတွေးသက်သက်ဖြစ်ပါသည်။ အမှန်ဖြစ်ပျက်သည့် အကြောင်းမှာ (အမျိုးသားမြန်မာအစိုးရ)ကို ရန်စစ်မှုသင့်လောက်အောင် အကြောင်းပြချက် မခိုင်လုံသေးဟု ထိုလူကြီးတို့ ယူဆသောကြောင့်သာဖြစ်သည်။ မြန်မာကျေးတော်မျိုး ကျွန်တော်မျိုးတို့သည် မြန်မာအစိုးရအပေါ်၌ မကျေနပ်ချက်ရှိမည် မှန်သော်လည်း အုပ်ချုပ်သူကို လဲလှယ်လိုသည့်အထိ ဖြစ်မည်ဟု ယုံကြည်ရန်မရှိ။ ဥရောပ ရာဇဝင်များ၌လည်း နိုင်ငံခြားသားက လာ၍မင်းမူသည်ကို ကျေနပ်ကြောင်း မှတ်သားရဖူးသည် မရှိ။ ပြင်သစ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းကို အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်က ကြုံဖူးသည့် အဖြစ်အပျက်များကို သတိရကြစေလိုသည်။ မြန်မာတို့သည် မိမိတို့မင်းကို မကြိုက်သဖြင့် ပယ်ရှားလိုလျှင် နိုင်ငံခြားသား၏ အကူအညီမပါဘဲ ဆောင်ရွက်နိုင်၏။ ယင်းသို့ ဆောင်ရွက်ခဲ့ဘူးသည်ကိုလည်း သူတို့ရာဇဝင်တွင် ကြိမ်ဖန်များစွာ တွေ့ရဖူးပါပြီ။ (**ဗြိတိသျှဗမာသတင်းစဉ်**၊ ၁၆ အောက်တိုဘာ ၁၈၈၄)။

ဒါလောက်သတိပေးရုံနဲ့ နယ်ချဲ့ဟာ လိမ္မာသွားမည်မဟုတ်ပါဘူး။ အညာကိုသိမ်းယူဖို့ ဆက်ပြီး လှုံ့ဆော်ကြတယ်။ ရုတ်တရက် စစ်ဖြစ်ရင် ကုန်သည်တွေဟာ ပစ္စည်းဆုံးမှာစိုးလို့ အရောင်းအဝယ် အတင်အပို့ မလုပ်ဘူး။ ဒီတော့ အရောင်းအဝယ် ပျက်အောင် သူတို့ပဲလုပ်ပြီး အရောင်းအဝယ်ပျက်လို့ အရေးယူပါလို့ သူတို့ပဲ လှုံ့ဆော်တယ်။ သီပေါမင်းနေရာမှာ အစားထိုးပါဆိုရင် အင်္ဂလိပ်ကုန်သည်တွေက ညောင်ရမ်းမင်းသားကို သဘောကျပါတယ်။ စလေဒင်က မြင်ကွန်းမင်းသားကို စမ်းကြည့်ဖို့ကောင်းတယ်လို့

အကြံဉာဏ်ပေးဖူးတယ်တဲ့။ ဒါ့ကြောင့် သီပေါမင်းကို ဖယ်ပြီး တခြား မင်းသားတစ်ပါးပါးကို အစားနန်းတင်မယ်ဆိုရင် အင်္ဂလိပ်ဟာ ဒီမင်းသားနှစ်ပါးကို ရွေးမယ်လို့ အလားအလာရှိပါတယ်။ သူတို့ဝါဒဖြန့်တာနဲ့ အရောင်းအဝယ် နည်းသွားလိုက်တာ တချို့ကုန်သည်က အရင်ထက် ငါးချိုးတစ်ချိုးသာ ရောင်းရတော့တယ်လို့ပြောပါတယ်။ ပြီးတော့ ရွှေ အရောင်းရသွက်တယ်။ အဲဒါ တိုင်းပြည် အခြေအနေဆိုးတဲ့အခါ ဖြစ်တယ်ပေါ့။ ရွှေက ဗရုတ်ဗရက်ဖြစ်ရင် အဝှက်ရလွယ်တယ်။ သယ်ပြေးရလွယ်တယ်။ ဒါ့ကြောင့် လူတွေရဲ့ စိတ်ထဲမှာ လုံခြုံမှုမရှိလို့ စိုးရိမ်နေတာကို ပြတယ်။ ဒီလို အားလုံးစိုးရိမ်နေကြပြီဆိုတော့ စောစောက သယ်ယူပို့ဆောင်ရေး ဟန်ကျ နေတဲ့ ဧရာဝတီကုမ္ပဏီလည်း ထိခိုက်လာပြန်တယ်။ ဧရာဝတီကုမ္ပဏီရဲ့ ရန်ကုန်မန်နေဂျာ ဖြစ်တဲ့ အက်(ဖ)စီ ကဲနေဒီ **(F.C.Kennedy)** က ၁၉ နိုဝင်ဘာ ၁၈၈၄ မှာ သူတို့ သင်္ဘောတွေ ကြုံတွေ့နေရတဲ့ဒုက္ခကို မင်းကြီးချုပ်ကို စာရေးပြီး တိုင်ပါတယ်။ ၁။ ဓားပြတွေ ဆူလွန်းလို့ သင်္ဘောအစုန်အဆန်မှာ လက်နက်ကိုင် ထည့်ပေးရမယ့်ပုံ ပေါ်နေတယ်။ ၂။ ညအိပ်တဲ့အခါ ဆိပ်မှာကပ်ပြီး မအိပ်ဝံ့ဘူး။ ရေလယ်မှာ ကျောက်ချထားပြီး မီးကို ဆက်ထိုးမြဲထိုးလို့ မောင်းပြေးဖို့ အသင့်အနေအထားနဲ့ အိပ်နေရတယ်။ အဲဒီလို ပြောလို့ ချဲ့လွန်းတယ်မထင်ပါနဲ့။ မန္တလေးနဲ့ သိပ်မကွာတဲ့ မြင်းမူမှာ ဓားပြဂိုဏ်းဝင် ၇၀၀ ဟာ အစိုးရတပ်ကို မထေမဲ့မြင်လုပ်ပြီး ရပ်ရွာထဲမှာ ဖြောင်နေတယ်။ စလေမြို့ဝန်ဟာ ဓားပြရန်က အသတ်ဘေးလွတ်အောင် အနိုင်နိုင်ပြေးခဲ့ရတယ်။ မကွေးမှာ မြို့သူကြီး အသတ်ခံရတယ်။ ဒါလောက်ပြောရင် မြစ်စဉ်တစ်လျှောက်ရဲ့ဒုက္ခကို သိနိုင်တယ်။ အညာမြစ်စဉ်လည်း မကောင်းပါဘူး။ ဗန်းမော်ကို (၁၁ ဇူလိုင် ၁၈၈၄) တရုတ်ဝင်ပြီးလို့ ဆူပြီးရုံပဲ ရှိသေးတယ်။ ဒီတော့ ဗန်းမော်ကနေပြီး နတ်သွားမဲ့ကုန်လည်း မနတ်တော့ဘူး။ သင်္ဘောတွေဆက်ပြီး မသွားရဲတဲ့အခါ ဘယ်လိုဒုက္ခမျိုးကို ကြုံမလဲလို့ မန်နေဂျာက အုပ်ချုပ်ရေးပိုင်းကို စဉ်းစားခိုင်းပါတယ်။

အဲဒီအခါ တစ်မျိုး အဖြေထွက်လာပါသေးတယ်။ သီပေါမင်းဟာ အင်္ဂလိပ်ရဲ့ မဟာမိတ်ပဲဖြစ်တယ်။ ကောင်းတဲ့ မဟာမိတ် မဟုတ်ပေမယ့် စာချုပ်မပျက်သေးသရွေ့ သူ့ကိုကူညီနိုင်တယ်။ သူ့ကိုနှောင့်ယှက်နေတဲ့ သူပုန်တွေ ဓားပြတွေကို နှိမ်နင်းပေးရင် ထီးနန်းလက်ပြောင်းဖို့မလိုဘည်း လက်ဟောင်းဖြစ်တဲ့ သီပေါမင်းကိုယ်တိုင် အင်္ဂလိပ် သြဇာခံဖြစ်လာပြီး။ ၁။ ရက်စက်မှု လျော့နည်းသွားမယ်။ ၂။ ပြည်ရွာ ငြိမ်းချမ်း သာယာမယ်။ ၃။ အင်္ဂလိပ်အပေါ်မှာလည်း အများကြီးပိုပြီး ဆက်ဆံမှုပြေပြစ်လာမယ်။ ရှင်းရှင်း ပြောတော့ အဲဒီအခါမှာ မြန်မာမင်းကို အင်္ဂလိပ်ကခိုင်းတိုင်း လုပ်ရမယ့်အဆင့်ကို ရောက်သွားမယ်ပေါ့။ ဒီနေရာမှာ သီပေါမင်းက အင်္ဂလိပ်အလိုကျ လိုက်နာပါ့မယ်လို့ အရင်စပြီး အာမခံဖို့လိုမယ်။ အရင်စပြီး စကားကမ်းဖို့ လိုတယ်။ အခြေအနေကို ပြန်ပြီးသုံးသပ်ရင် (၁၅ ဇန်နဝါရီ ၁၈၈၅) ဒီလိုတွေ့ပါတယ်။

၁။ အခုအခြေအနေအရ သီပေါမင်းဟာ ဆက်ပြီး ဘုရင်အဖြစ် ကြာကြာ နေရမည်မဟုတ်ဘူး။

၂။ ပြည်ရွာချောက်ချားလွန်းလို့ ရောင်းဝယ်မှုတွေလည်း အားလုံးပျက်စီးမတတ် ကြုံနေပြီ။

၃။ (အခြေအနေမှန်ကိုသာ သီပေါမင်းမြင်ရင် အင်္ဂလိပ်တောင်းဆိုသမျှ ပေးပြီး သူတို့အကူအညီကို တောင်းယူသင့်တယ်။ ခုတော့) အင်္ဂလိပ်ကလည်း သီပေါမင်းကိုကူညီဖို့ ခက်နေတယ်။

၄။ (စကိုင်းမင်းလက်ထက် သာယာဝတီမင်း သူပုန်ထသလို ပုဂံမင်း လက်ထက် မင်းတုန်းမင်းသူပုန်ထသလို) အခုလည်း သူပုန်ထရင် အင်္ဂလိပ်က သူပုန် မင်းသားဘက်က ထိရောက်အောင်ဝင်ပြီး ကူညီနိုင်မယ်။ အဲဒီအခါမျိုးမှ အင်္ဂလိပ်ဟာ သူများပြည်တွင်းရေးမှာ စစ်တပ်နဲ့ ဝင်ရောက် စွက်ဖက် နိုင်မယ်။

အင်္ဂလိပ် မြန်မာနိုင်ငံအစိုးရဟာ ဘယ်လိုလုပ်ရမလဲလို့ အင်္ဂလိပ်အိန္ဒိယ အစိုးရကို လှမ်းပြီး အကြံဉာဏ်တောင်းမယ်။ ဟိုအမိန့်ကို နာယူရမယ်ပေါ့။ ဒီအခါမှာ အိန္ဒိယက နေပြီး မြန်မာအခြေအနေနဲ့ မြန်မာမြေပေါ်ရောက် အင်္ဂလိပ်ခံစားရပုံကို သူတို့ အသေ အချာမသိဘဲနဲ့ ဆုံးဖြတ်ချက် ပေးနိုင်ပါ့မလားလို့ သံသယ ရှိလာကြတယ်။ ဓားပြ အန္တရာယ်ကြောင့် ဧရာဝတီမြစ်ရိုးမှာ အင်္ဂလိပ်ကုမ္ပဏီ သင်္ဘောတွေ ဆက်ပြီးမသွားဝံ့ဘူး ဆိုရင် အညာမှာ လက်လွှန်ထားတဲ့ ကုန်ကျွေးတွေအားလုံး ဆုံးမယ်။ ဒါကိုလည်း အင်္ဂလိပ် ကုန်သည်တွေ အများကြီးကြောက်တယ်။ တိုက်ရိုက်မဟုတ်လည်း တစ်ဆင့်ခံ ထိခိုက်ပုံက ဥရောပ ဗန်းမော်ကို ကုန်ပို့နေတဲ့ ရန်ကုန်တရုတ်ဟာ အခုပျက်စီးပြီ။ ဒီတော့ သူ့ကို ဥရောပ စက်ထွက်ပစ္စည်းပေးနေတဲ့ အင်္ဂလိပ်ကုမ္ပဏီလည်း ပျက်စီးမတတ် ထိခိုက်ပါတယ်။ နောက်တစ်ခု ပြောစရာ ရှိသေးတယ်။ အညာမှာ ကောက်ပဲပျက်လို့ အကြေက ဆန် ပို့ပြီး ဝယ်တယ်။ အဲဒါက အကောက်တောင်းလို့မရဘူး။ တကယ်လို့သာ အညာပို့မယ့် ဆန်ကို အိန္ဒိယနဲ့ဥရောပကိုပို့ရရင် အကောက်ရမယ်။ ဒါကြောင့် အညာကို ပစ္စည်း ရောင်းရတဲ့ငွေကို သက်လားပြီး ယှဉ်ကြည့်ရင် သီပေါမင်းလက်ထက် ၁၈၈၄ မှာဘဲ အရင်ကထက် တိုးတက် တယ်ဆိုရမယ်။ ဒါပေမယ့် ဆန်ပိုရောင်းရလို့ ဖြစ်တယ်။ ဒါကို သူတို့ မကြိုက်နိုင်ပါ။

စာစောက ရောင်းဝယ်ရေးပျက်ပြားတယ်ဆိုရင် ၁၈၈၅ ရောက်တဲ့အခါ ပျက်ပြားရာက ရပ်စဲတဲ့အပိုင်းကို ဝင်လာပါတယ်။ ဒီအပေါ်မှာ ပြင်သစ်ကို ရောင်းဝယ် ခွင့်တွေ ပေးပြန်တော့ သာပြီးမခံသာအောင် ဖြစ်တယ်။ မြန်မာမြေကို ရောက်နေတဲ့ အင်္ဂလိပ်ကုန်သည် ပျက်စီးပြီးတဲ့အခါ အင်္ဂလိပ်မြေပေါ်က စက်ရုံပိုင်ရှင်တွေကို ထိခိုက် တော့မယ်။ တစ်ဖက်က ဧရာဝတီမီးသင်္ဘောမှာ ဝင်ငွေတိုးတာတွေ့ရပြန်လို့ အရောင်း အဝယ် ပျက်တာကို ယုံရခက်တယ်ဆိုတော့ သင်္ဘောကုမ္ပဏီက ဆန်တင်ခနဲ့ အညာက အောက်ကိုပြေးတဲ့ လူတွေဆီကရတဲ့ သင်္ဘောမှာ တိုးခြင်းဖြစ်တယ်လို့ ဖြေပါတယ်။ ဒီလိုဝင်ငွေတိုးပုံဟာလဲ အခြေမခိုင်လို့ မနှစ်သက်နိုင်ဘူးတဲ့။ ဒီလိုအခက်အခဲတွေထဲမှာ မြန်မာဂျာမနီ ရောင်းဝယ်ရေးစာချုပ် (၄ ဧပြီ ၁၈၈၅)ကထပ်ဆင့်ပြီး အင်္ဂလိပ်ကို ခြိမ်းခြောက်လာပြန်တယ်။ တိတ်တဆိတ် လက်နက်အရောင်းအဝယ်ဖြစ်မှာကို ပိုပြီး စိုးရိမ် တယ်။ ဒါပေမယ့် ဂျာမနီက လက်နက်ကိစ္စမပါဘူးလို့ ဖြေရှင်းပါတယ်။ ဒီလို ဖြေရှင်းတိုင်း လည်း ယုံလို့မဖြစ်ဘူး။ အင်မတန် မျက်စိလျင်လျင်နဲ့ စောင့်ကြည့်ရမယ်လို့ နားလည်ပါတယ်။

မြန်မာပြင်သစ် ဆက်ဆံရေးမှာ ဒီလိုစောင့်ကြည့်နိုင်လို့ ပရိသတ်သိအောင် မကြေညာရခင်ကဘဲ ပတ္တမြားကျောက်တွင်းနဲ့ ပတ်သက်တဲ့ သဘောတူညီချက် လုပ်ကြပြီးလို့

၃ မတ်လ ၁၈၈၅ လောက်မှာ အင်္ဂလိပ်က သိသွားပါတယ်။ ဒီသတင်းကို ဘယ်လိုရတယ်လို့ ရန်ကုန်အင်္ဂလိပ်က ဖွင့်မပြောဘူး။ ဒါပေမဲ့ ခိုင်လုံတယ်လို့ ဆိုတယ်။ (၁၇ မတ် ၁၈၈၅)။ သက်ဆိုင်တဲ့ သဘောတူညီချက်ကို ဒီလိုတွေ့ရပါတယ်။

ပြင်သစ် အင်ဂျင်နီယာ ဗွန်ဗလိန်း (**Bonvillein**) နှင့် အပေါင်းပါတို့က မိုးကုတ်ကြပ်ပြင်နှင့် ကသည်း၌ ပတ္တမြားကျောက်တွင်း တူးခွင့် အသနားခံလွှာ အဆိုပါ ပြင်သစ်အင်ဂျင်နီယာ ဗွန်ဗလိန်းနှင့်အဖွဲ့သည် ဖော်ပြပါ ပတ္တမြားကျောက်တွင်းနယ်များဖြစ်သော မိုးကုတ်ကြပ်ပြင်နှင့် ကသည်းအရပ်တို့တွင် စက်ကိရိယာ လက်နက်စုံဖြင့် အသနားတော်မြတ်ခံရသော နေ့ရက်မှအစပြု၍ တစ်နှစ်တစ်နှစ်လျှင် အခွန်တော် သုံးသိန်း ပေးသွင်းလျက် ပတ္တမြားကျောက်များကို တူးဖော်လိုရာ ထိုသို့အသနားတော်မြတ် ခံရလျှင် အဆိုပါ နှစ်ကာလ အပိုင်းအခြားအတွင်း တစ်ခြားတစ်ပါးသော အဖွဲ့တို့ကို လွှဲပြောင်းခွင့်ပြု ပေးသနားခြင်းလုံးဝမပြုဘဲ ဗွန်ဗလိန်းနှင့် အဖွဲ့ကိုသာ ခွင့်ပြုတော်မူလျက် ယခုတင်သွင်းသည့် အသနားခံလွှာကို လက်ခံတော်မူပါဘုရား

၂။ ပတ္တမြား ကျောက်တွင်းများကို တူးခွင့်ပြုသည့်မြေနေရာဟု သတ်မှတ်ပေးသည့် နယ်မြေတွင်တူးဖော်ရာ၌ သုံးစွဲရမည့် စက်ပစ္စည်းလက်နက်ကိရိယာ တို့ကို အလွယ်တကူတင်ပို့နိုင်မည့် ဆိပ်ကမ်းနေရာပါဝင်အောင် အနောက်သို့ ဧရာဝတီကမ်းခြေအထိ ပိုင်းခြားပေးသနား၍ ထိုဆိပ်မှသည် တူးဖော်ရာ အရပ်သုံးခုလို့ အရောက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပျက်စီးသည်ကို ပြင်ဆင်ခြင်းများကိုပါ အခွင့်ပြုတော်မူလျက် ကျောက်တွင်းတူးသည့် အင်ဂျင်နီယာ အလုပ်ဆရာတို့ သုံးစွဲနေထိုင်ရန် အိမ်များကို ဆောက်လုပ်နေထိုင်စေခွင့် ပေးသနားသည့်အပြင် ဆင်းရဲ ချမ်းသာမရွေး ရောင်းဝယ်ဖောက်ကား ခွင့်ပြုပါရန်၊ ယင်းသို့သုံးစွဲသည် မြေအဝန်းနေရာသည် အရာတော်မြေဖြစ်က မြေလွတ်ဟု သတ်မှတ်ခါ အခွန်အခ လွှတ်ပါရန်၊ ဆင်းရဲသားပိုင်ဖြစ်မူ ပိုင်သူနှင့်စေ့စပ်လျက် ပေးမြဲအဖိုးအခပေးခွင့် ပြုပါရန် အသနားတော်မြတ်ခံပါသည်ဘုရား

၃။ အကောက်အခွန် သတ်မှတ်လျက် တစ်စုံတစ်ဦးကို သစ်တော၏ အဆီအနှစ်များ သုံးစားပိုင်ခွင့် မပြုရသေးသောသစ်တောမှ ပတ္တမြား ကျောက်တွင်းတူးခြင်းဆိုင်ရာ အင်ဂျင်နီယာနှင့် လုပ်သားတို့ နေအိမ်တဲ အိမ်ဆောက်ရန် သစ်ဝါးများ ခုတ်ယူလျှင် နယ်ရှင်သူကြီး စသည့် အမှုထမ်းခေါင်းအကြီးတို့က မည်သို့မျှ တားဆီးပိတ်ပင်ခြင်း မပြုပါရန် အသနားတော်မြတ်ခံပါသည် ဘုရား

၄။ ပတ္တမြား ကျောက်တွင်းတူးဖော်သည်နှင့် စပ်ဆိုင်သော အင်ဂျင်နီယာသို့မဟုတ် အစေအပါး တစ်စုံတစ်ယောက်က လိုအပ်သည့် လုပ်သား၊ အစားအစာ၊ ပရိဘောဂ အသုံးအဆောင် စသည်တို့ကို (နီးစပ်ရာမြို့) ရွာတို့မှ တောင်းခံလျှင် အကြီးခေါင်း စသည်တို့က ခဲခက်ပင်ပန်းလျက် လူသူစသည်တို့ကို မရရှိနိုင်အောင် ဟန့်တားနှောက်ယှက်ခြင်း မပြုပါရန် အသနားတော်မြတ်ခံပါသည်ဘုရား

၅။ ပတ္တမြားကျောက်တွင်းများကို ကုမ္ပဏီက တူးဖော်ဆဲကာလအတွင်း၌ အင်ဂျင်နီယာနှင့် အလုပ်သမားတို့ ဓားပြသူခိုး လူဆိုးတို့ အန္တရာယ်မှ ကာကွယ်နိုင်ရန် သေနတ်အလက် ၂၀၀ သုံးစွဲခွင့်ပြုပါရန် အသနားတော်မြတ်ခံပါသည်ဘုရား

၆။ ပတ္တမြားကျောက် အနည်းအများ တစ်စုံတစ်ရာကို သူခိုး ခိုးယူခြင်း လုယက်ခံရခြင်းတို့ကို စခန်းအိမ်၌ဖြစ်စေ သယ်ယူပို့ဆောင်စဉ်လမ်း၌ဖြစ်စေ ခံရပါလျှင် ဆိုင်ရာမြန်မာအရာရှိ အမှုထမ်းတို့ကို ထုံးစံရှိသည့်အတိုင်း တိုင်ကြားခွင့်ပြုပါရန် အသနားတော်မြတ်ခံပါသည် ဘုရား

၇။ ပတ္တမြား ကျောက်တွင်း တူးဖော်ရန် အလိုရှိအပ်သော စက်ကရိယာ လက်နက်တို့ကို အနောက်တိုင်းနိုင်ငံတို့မှ ပတ္တမြားမြေအရောက် တင်သွင်း လာသောအခါတွင် အနှောက်အယှက်မရှိ၊ အခွန်တောင်းခံခြင်းမရှိ၊ ကင်းလွတ်ပါရန် အသနားတော်မြတ်ခံပါသည်ဘုရား

၈။ ကုမ္ပဏီက တူးဖော်ရရှိထားသည့် ပတ္တမြားအချို့ကိုလည်းကောင်း အားလုံး ကိုလည်းကောင်း ဘုရင်မင်းမြတ် ဆန္ဒတော်ရှိ၍ သိမ်းယူပါလျှင် ထင်ရှား သည့် ကျောက်ကုန်သည်ကြီးတို့နှင့် အဖိုးဖြတ်၍ ဆက်သခွင့် ပြုပါရန်၊ အကယ်၍ ဆန္ဒတော်မရှိကြောင်း သိရပြီးလျှင် နိုင်ငံတွင်း နိုင်ငံပ ကုမ္ပဏီ နှစ်လိုသည့်အတိုင်း ရောင်းခွင့်ပြုပါရန်၊ ယင်းသို့ ရောင်းရကျောက်အပေါ်၌ အခွန်ဟူ၍ နောက်ထပ်တစ်စုံတစ်ရာ မရှိပါရန် အသနားတော်မြတ်ခံပါသည် ဘုရား

၉။ ပတ္တမြား ကျောက်တွင်း တူးဖော်ခွင့်ပေးထားခဲ့ဖူးသည့်ကာလ ကုန်ဆုံး သည့်အခါ ဘုရင်မင်းမြတ် ကိုယ်စားလှယ်တော်ဖြင့် တူးဖော်လုပ်ဆောင် လိုသည့် ဆန္ဒရှိပါလျှင် ကုမ္ပဏီက စက်ကိရိယာ လက်နက်တို့အားလုံးကို ပေါက်ဈေးဖြင့် ပေးအပ်ပါရန်၊ အကယ်၍ ကိုယ်စားလှယ်တော် ထားလျက် လုပ်ဆောင်လိုခြင်း မရှိသေးလျှင် အခြားတစ်ပါးသော အဖွဲ့အစည်းတို့ကို အခွင့်ပေးသနားတော်မူခြင်း မပြုသေးဘဲ ယခုကုမ္ပဏီ သတ်မှတ်သည့် အခွန်ကို ပေးဆောင်နိုင်သမျှ ကာလပတ်လုံး ကုမ္ပဏီကိုသာ ဆက်လက် တူးဖော်နေခွင့်ပြုရန်၊ အကယ်၍ ကုမ္ပဏီက ဆက်လက်တူးဖော်လိုခြင်း မရှိတော့သောအခါ၌မူကား အဆိုပါ စက်ပစ္စည်း ကရိယာလက်နက်တို့ကို နိုင်ငံတော်မှ ပြန်လည်ထုတ်ယူ သွားခွင့် သို့မဟုတ် ရောင်းစားခွင့်ပြုပါရန် အသနားတော်မြတ်ခံပါသည်ဘုရား။ ။အခွန်တော်လေးနှစ်စာ ၁၂ သိန်း ကို တစ်ပေါင်းတည်းပြုလျက် လက်ဆောင်တော် ၁ သိန်းနှင့်တကွ အစုစု ၁၃ သိန်းကို အသနားတော်မြတ်ခံ ယူရသည့်နေ့မှ အရက် ၂၀ အတွင်း ၄ သိန်း ပေးသွင်းလျက် တစ်လအတွင်း၌ ကျန် ၉ သိန်းကို ပေးသွင်းရန် ကုမ္ပဏီက သဘောတူပါကြောင်းဘုရား

ဒီလို သဘောတူညီချက်မျိုးကို အင်္ဂလိပ်ဟာ ဘယ်လိုမှ မရှုဆိတ်ဘူး။ ပြီးတော့ အရင်က ပတ္တမြားမြေကို မြန်မာဘုရင်အဆက်ဆက် ဘုရင်ကိုယ်တိုင် ချုပ်ကိုင်ထားတယ်။

အခုလို နိုင်ငံခြားသားကို လုပ်ကိုင်ခွင့် ပေးမယ်ဆိုတာ အမျိုးသား မြန်မာအစိုးရမှာ ငွေကြေးအကြပ်အတည်း ကြီးကြီးကျယ်ကျယ်ဖြစ်လို့ ငွေရှာတာပဲဖြစ်မယ်လို့ ယူဆရမယ်။

ဒီလို ပြင်သစ်နဲ့အစီအစဉ်တွေရှိတယ်လို့ သိရတာနဲ့တစ်ပြိုင်နက် အင်္ဂလန် မြို့ကြီး အသီးသီးမှာရှိတဲ့ ကုန်သည်သင်း (Chamber of Commerce) တွေက မြန်မာ နိုင်ငံကို ဒို့များမသိမ်းရင် ပြင်သစ်သိမ်းတော့မယ်။ ဒါ့ကြောင့် ပြတ်ပြတ်သားသား ဆောင်ရွက်ချိန်တန်ပြီလို့ အစိုးရကို နှိုးဆော်ကြတယ်။ တစ်ချို့ကတော့လည်း ဒီလို ရိုးရိုး မရေးဘူး။

ဤကဲ့သို့ ရောင်းဝယ်မှုမှာ စိုးရိမ်လောက်သည့်အထိ ကျဆင်းခဲ့ခြင်းကား ဤအသင်းအပါအဝင် ယဉ်ကျေးမှုနှင့် ကြင်နာခြင်းတရား တိုးတက်ရေးကို လိုလားသူတို့အားလုံးက ပြင်းပြင်းထန်ထန် ရှုံ့ရှာသည့် အကြောင်းခြင်းရာတို့ကြောင့် ဖြစ်ရသည်ကလည်း ပို၍များပါသည် (ဂလပ်စကို ကုန်သယ်သင်း၊ ၂၈ ဧပြီ ၁၈၈၅) လို့ သီပေါမင်းလက်ထက် သတ်ဖြတ်မှုတွေကို ရည်ညွှန်းပြီး ဝါဒဖြန့် စကားတွေကို သုံးလာပါတယ်။

ဒီလိုပြင်သစ်နဲ့မြန်မာဟာ အင်္ဂလိပ်ကို မပေးဘူးတဲ့ အခွင့်အရေးတွေ ပေးပြီး ဆက်ဆံနေပြီဆိုတာကို ကင်းဝန်မင်းကြီး လက်အောက်မှာ နိုင်ငံခြားစာကို မြန်မာ ပြန်ပေးနေရတဲ့ စာရေးကယူပြီး နိုင်ငံခြားသူ အပျိုတော်တစ်ဦးကို ပေးတယ်။ အပျိုတော်က အင်္ဂလိပ် ရောဝတီကိုယ်စားလှယ်လဲဖြစ်တဲ့ အီတလီကောင်စစ်ဆိုတဲ့ လူကို ပေးတယ်။ အဲဒီကနေပြီး ရန်ကုန်ရောက်သွားတာပဲလို့ ပါးစပ်ရာဇဝင် ပြောကျန်ရစ်ပါတယ်။ (အက်ဖ်တီဂျက်စီ ယွန်းထိုးရပ် အမျိုးသမီး၊ ၃၀၁-၇)။ အဲဒီလို ခိုးပေးတဲ့ စာချုပ် သဘောတူချက်နဲ့ ပေးစာတွေထဲမှာ (၁) မီးရထား လမ်းဖောက်ဖို့၊ (၂) ဘဏ်တစ်ခု ဖွင့်ပြီး ငွေစက္ကူထုတ်ဖို့၊ (၃) ပတ္တမြားတွင်းတူးဖို့၊ (၄) တောင်ကင်း (ဗီယက်နမ်) ဖက်က လုံ့ပြီး မြန်မာနယ်ထဲအရောက် လက်နက်သွင်းပေးဖို့နဲ့ (၅) ဘုံဘေဘားမား သစ်ကုမ္ပဏီကို ပေးထားတဲ့ သစ်ထုတ်ခွင့်ကို တစ်နည်းနည်း ဖျက်ပေးဖို့ ဆိုတာတွေ ပါတယ်လို့ အယူ ရှိကြတယ်။ ပြင်သစ်အနေနဲ့ကတော့ ဒါတွေအားလုံးကို ဝှက်ထားရမယ်၊ အင်္ဂလိပ်သိရင် ချက်ချင်း အရေးယူမှာစိုးရတယ်။ ဒီတော့ မသိအောင်ထားပြီး ပြင်သစ်၊ ဂျာမနီ၊ အီတလီ သုံးနိုင်ငံပေါင်းက မြန်မာတွေရဲ့ အညာဒေသကို ဘယ်သူဝင်ဝင်၊ ဝင်ခွင့်ပြုရမယ်လို့ (Open Door Policy) တောင်းဆိုရင် အင်္ဂလိပ် မငြင်းနိုင်ဘူး။ ဒီအခါကျမှ ဒီလိုအခွင့်အရေး တွေပြင်သစ်က ရပြီး ဖြစ်တယ်လို့ အင်္ဂလိပ်သိလည်း အရေးမယူနိုင်တော့ဘူးပေါ့။ ဒါပေမဲ့ အင်္ဂလိပ်ဆီကို စောစောကပြောသလို သတင်း ပေါက်ကြားသွားတယ်လို့ ယူဆရပါတယ်။ ဘာပြုလို့လဲဆိုတော့ စောစောကပြခဲ့တဲ့ ပတ္တမြားကျောက်တွင်းခွင့်ပြုရန် အသနားခံလွှာ ပါတယ်လို့ ရန်ကုန်မင်းကြီးချုပ်က မပြောပေမယ့် ယုံကြည်လောက်တယ်လို့တော့ ပြောတယ်။ အဲဒီလို ပြင်သစ် အသာရနေတာ ဟုတ်မဟုတ် ပဲရစ်မှာ စုံထောက်ကြပြန်တယ်။ (၅ မေ ၁၈၈၅)

ကုန်သည်သင်းတွေဟာ ပထမ ရန်ကုန်မှာရှိတဲ့ အင်္ဂလိပ်မြန်မာနိုင်ငံ အစိုးရကို အညာတက်သိမ်းဖို့ လှုံ့ဆော်တယ်။ နောက် အင်္ဂလိပ် အိန္ဒိယနိုင်ငံအစိုးရရဲ့ ဩဇာ မပါဘဲ

မဖြစ်ဘူးဆိုပြီး အိန္ဒိယကို လှမ်းပြောကြပြန်တယ်။ အခု အင်္ဂလန်အစိုးရအထိ ဆက်ပြောကြတယ်။ သူတို့ လန်ဒန်ကိုရေးတဲ့ စာတစ်စောင်ကို ကောက်နှုတ်ဖော်ပြချင်တယ်။

ရန်ကုန် ကုန်သည်သင်းမှ ကင်ဘာလေမြို့စားသို့

၁ ဇွန် ၁၈၈၅

သခင်

ရန်ကုန် ကုန်သည်သင်းမှ လန်ဒန်သင်းသို့ လှမ်း၍ပို့သော စာတစ်စောင်ကို သိသာတော်မူရန် မိတ်တူပြုလျက် သခင့်ထံသို့ ပို့ရခြင်းကို ဂုဏ်ယူပါသည်။ အဆိုပါစာတွင် အင်္ဂလိပ် မြန်မာနိုင်ငံ၏ ဝင်ငွေတွင် သုံးငွေကို ခုနှိမ်လျက် အပိုအစွန်း ထွက်လာသမျှကို နိုင်ငံတွင်း တိုးတက်ဖွံ့ဖြိုးရေးကို မသုံးခြင်းသည် အမျှော်အမြင်နည်းသည်ကိုပြလျက် မတရားကျင့်သုံးရာလည်း ရောက်ကြောင်း တင်ပြကန့်ကွက်ပါသည်။

အဆိုပါ အကြောင်းခြင်းရာ ဟုတ်မဟုတ် သခင်ကိုယ်တော်တိုင် လေ့လာပြီးနောက် လက်နက်နိုင်ငံတော် အစိုးရမင်းတို့က ကျွန်တော်မျိုးတို့၏ နယ်ပယ်တွင် ယခုထက်ပို၍ ရက်ရောခြင်း၊ ယခုထက်ပို၍ တရားမျှတခြင်းရှိအောင် စွက်ပက်ပါမည့်အကြောင်း လေးစားစွာ တောင်းပန်ပါသည်သခင်

ဂျေ၊ စတုဝပ်

အတွင်းရေးမှူး

ဒီစာ (၁၈ မေ ၁၈၈၅) ဟာ အင်မတန် အရေးကြီးတဲ့ ပြဿနာတစ်ရပ်ကို အစပြုပေးတဲ့ စာပဲဖြစ်ပါတယ်။ အင်္ဂလိပ် အိန္ဒိယအစိုးရလက်အောက်မှာ မြန်မာနိုင်ငံကို ဖက်တွဲထားတော့ မြန်မာနိုင်ငံက အပိုရသမျှငွေကို ယူ ယူသွားတယ်။ နိုင်ငံတွင်းမှာ ဖွံ့ဖြိုးရေး (လမ်းဖောက်စရာ၊ ပညာပေးစရာ အလုပ်မျိုးတွေ) မလုပ်ဖြစ်ဘူး။ အဲဒါကြောင့် လူမျိုးလည်းမတူ၊ စရိုက်လည်းမတူ၊ နိုင်ငံရေးလည်းမတူတဲ့ပြည်နယ်ကို အိန္ဒိယက ခွဲထုတ်ပေးရင်ကောင်းမယ်ဆိုတဲ့ (နောင် ၁၉၃၅–၇ မှာ အင်မတန်အရေးကြီးလာရတဲ့) ပြဿနာကို အခုကစပြီး ပြောကြတာပဲဖြစ်တယ်။ ဒါပေမဲ့ ရန်ကုန်အင်္ဂလိပ်က သူတို့ပြောတာ မလုပ်လို့ အိန္ဒိယထဲက ခွဲထွက်ချင်တာကို ဖွံ့ဖြိုးရေးနဲ့လှည့်ပြီး ပြောတာပဲဖြစ်တယ်။ သူတို့တင်ပြတဲ့အချက်တွေမှာလည်း ယုတ္တိတန်တာတွေ ပါပါတယ်။ အချုပ်ရေးပြရရင် ဒီအတိုင်းပါပဲ။

၁။ ပထဝီဝင်အရ အိန္ဒိယနဲ့ မြန်မာဟာ ခွဲထားပြီးဖြစ်တယ်။

၂။ အမျိုးဘာသာ သာသနာမတူတဲ့အပြင် ဇာတ်ရဲ့ ကျဉ်းမြောင်းတဲ့ ချုတ်ချယ်မှုကင်းလို့ အနောက်တိုင်း ယဉ်ကျေးမှုကို မြန်မာက လက်ခံ လွယ်တယ်။

၃။ ကုလားအမျိုးသားတွေဟာ ကျွေးနိုင်တဲ့ အစားအစာ ထွက်ကုန်ထက် များနေလို့ ဒုက္ခဖြစ်တယ်။ မြန်မာအမျိုးသားတွေက နည်းလွန်းလို့ သယံဇာတ စီးပွားကို ဖော်ထုတ်ယူဖို့ ခက်နေတယ်။ လူနေမှု အဆင့်မြင့်တယ်။ စာတတ်များပြီး ဗဟုသုတပိုတယ်။

၄။ ဥရောပထွက်ကုန်ပစ္စည်းကို အသုံးပိုများတယ်။ ကုလားတယောက်ဟာ အင်္ဂလိပ်ကုန်ကို ၁၆ ပေါင်ဖိုး သုံးတယ်ဆိုရင် မြန်မာတစ်ယောက်ဟာ ၆၅ ပေါင်ဘိုး (လေးဆ) သုံးပါတယ်။ (အင်္ဂလိပ် မြန်မာနိုင်ငံမှာ ၁၈၈၄ ခုက လူ ၄,၃၃၄,၀၀၀ ရှိပါတယ်။ အဲဒီလူတွေက ဝယ်သုံးတဲ့ အင်္ဂလိပ်ကုန်ဟာ ၂၈၃၀၃၃၆ ပေါင်ဖိုး ဖြစ်တယ်)။ ကုလားက ပိတ်ချောတစ်ကိုက် နှစ်ကိုက်ပဲဝယ်တဲ့အချိန်မှာ မြန်မာက ဇိမ်ခံပစ္စည်း ရောက်လာသလောက် အတိုင်းအထွာမရှိ အကုန်ဝယ်တဲ့အတွက် ဒီလို ကွာခြားတာပဲလို့ **မှတ်ချက်ချတာလည်း** တွေ့ရပါတယ်။

၅။ ဒီလို အစစ ကွာခြားနေပေမယ့် နိုင်ငံရေးအရ တွဲထားတော့ မြန်မာဘက်က ရသမျှဝင်ငွေကို လိုတဲ့ဘက်မှာ ဖို့ဖိရတယ်။ ဒါကို သိပ်တရားမလွန်ရင် သည်းခံဖို့မခက်ပါဘူး။ ဆိုလိုတာက တစ်ဝက်ယူ၊ တစ်ဝက်ချန်၊ ကျန်ငွေကို ဖွံ့ဖြိုးရေးလုပ်ဖို့ပါပဲ။ ခုတော့ ပိုသမျှငွေ အကုန်ယူသွားတာဟာ အင်မတန် မသင့်တော်ဘူး။ ပိုငွေဆိုတာဟာလည်း ဝင်ငွေ ရှိသမျှရဲ့ သုံးချိုးတစ်ချိုးထက် အမြဲပိုတယ်။ တစ်နည်း စဉ်းစားရင် ပိုငွေဆိုတာလဲ သုံးသင့်တာကို မသုံးဘဲ ဖွတ်ချွေတာ နေလို့ပဲလို့ နားလည်နိုင်တယ်။

၆။ အုပ်ချုပ်ရေးအရာရှိတွေ ပို့တယ်ဆိုရင် ကုလားပြည်မှာ မလိုချင်တဲ့လူ၊ ဒါမဟုတ်လည်း အလုပ်သင် လူသစ်ကို မြန်မာဘက်ပို့လိုက်ပြီး နွံနာတဲ့အခါ၊ တတ်ကျွမ်းတဲ့အခါ ပြန်ခေါ်သွားတယ်။ မြန်မာနိုင်ငံကမွေးထုတ်တဲ့လူ၊ မြန်မာစလေ့၊ မြန်မာ့အခြေခံသမိုင်းဆိုတာတွေ သိထားတဲ့လူကို ဒီမှာပဲ ဆက်သုံးရင် ကောင်းကျိုးအများကြီးရမယ်ဆိုတာ လူပြိန်းတောင်သိပါတယ်။

၇။ ကုန်ရောင်းဝယ်ရေးနဲ့ချင့်ချိန်ရင် ရန်ကုန်ဟာ အင်္ဂလိပ် အိန္ဒိယ နိုင်ငံတော်တွင်းမှာ တတိယလိုက်တယ်။ ဒါပေမဲ့ တရားရုံးချုပ် (High Court) ဖွင့်မပေးဘူး။ မစည်ကားသေးတဲ့အခါက ရှိတဲ့အတိုင်းထားတော့ အလုပ်မနိုင်တော့ဘူး။ ပြီးတော့ တချို့အမှု ရန်ကုန်မှာပဲ ပြီးပြတ်အောင် လုပ်ပေးရမှာကို တခြားကို အမှုတွဲ ပို့နေရတော့ သက်သက် ငွေကုန်လူပန်းဖြစ်တယ်။

၈။ ပြည်သူ့လုပ်ငန်းဌာနမှာ ကြည့်ရင် သာပြီးမကျေနပ်စရာ ပေါသေးတယ်။ မြန်မာမြေမှာ အင်္ဂလိပ်ရောက်နေတာ အနှစ်သုံးဆယ်ရှိပြီ။ မြို့ကြီးတွေကလွဲရင် 'လမ်း'လို့ ခေါ်နိုင်စရာကောင်းတဲ့ လမ်းမရှိဘူး။ မီးရထားလမ်း ဖောက်တော့လည်း လိုင်းကျဉ်းသံလမ်းပဲ ပြည်အထိ ၁၆၁ မိုင် ရှိသေးတယ်။ ဒီလိုင်းကျဉ်းမျိုး တောင်ငူဖက်ဖောက်နေတာက မပြီးသေးဘူး။ ပြီးရင် နောက်ထပ် မီးရထား ၁၇၅ မိုင်ပဲ တိုးမယ်။ မြန်မာလို စည်ကားတိုးတက်နေတဲ့ နိုင်ငံအတွက် အင်မတန်မလုံလောက်ဖူးလို့ ဆိုရမယ်။ ပြီးတော့ မီးရထားက ဝင်ငွေကောင်းမှန်းလည်း သိထားတယ်။ မီးရထားအမြတ်ဟာ ၁၈၈၃ ခုက ၄.၆၃ ရာနှုန်း ရှိတယ်။ အဲဒါကို ပြည်လိုင်းမှာ ဧရာဝတီမီးသင်္ဘောကုမ္ပဏီ အပြိုင်ရှိနေတာ မမေ့ပါနဲ့။ ဟိုဘက်က တောင်ငူလိုင်းဆိုရင် ဒီလိုအပြိုင်မရှိ။ ပိုပြီးမြတ်ရမယ်။

၉။ မြန်မာဖက်က စစ်သားပို့ပြီးပို့ရတော့ စရိတ်ခံရတယ်။ အလကား မရ ဘူး။ အိန္ဒိယလက်နက်နိုင်ငံတွင်းမှာ နေခွင့်ရဖို့ (ကုန်ခဲ့တဲ့ ရှစ်နှစ်အတွင်း ဝင်ငွေ ပေါင်း ၁.၇ ကုဋေထဲက ဗဟိုအစိုးရက ပေါင် ၆ ကုဋေ ယူသွားပြီးပြီ။ တစ်ပေါင်ကို ဟိုတုန်းက ငွေ ၁၀ တန်တယ်) ငွေပေး နေရတယ်ဆိုရင် အလကားလာပြီး လိုသလို ကာကွယ်ပေးရမယ်ပေါ့။

၁၀။ နောက်ဆုံး အဆိုးဆုံးကတော့ ဒီလိုဝင်ငွေကောင်းကောင်းပေးနေတဲ့နေရာက အသက်အိုးအိမ် စည်းစိမ်ကို စိုးရိမ်ရပါတယ်လို့ တကယ့် အန္တရာယ်ကို မြင်ပြီး တိုင်တန်းတဲ့အခါ မဆိုသလို ကြည့်နေတဲ့အချက်ပဲ ဖြစ်ပါတယ်။ စီးပွားရေးအမြင်ဖက်ကပြောရင်လဲ အထက်မြန်မာ နိုင်ငံကိုသိမ်းရင် မြတ်မယ်။ မြန်မာတွေကိုယ်တိုင်ကလည်း မင်းဆိုးတစ်ရန် ငြိမ်းလို့လိုလားမယ်။ အခု အညာမှာမနေနိုင်လို့ အကြေကိုပြေးလာတဲ့ လူတွေကို သက်သေ အဖြစ်ကြည့်ပါ။ (အခု စာရေးနေတဲ့ ၁၈ မေ ၁၈၈၅ မတိုင်မီ သုံးလအတွင်းမှာ အကြေကိုပြေးလာခဲ့တဲ့လူ နှစ်သိန်းခွဲရှိတယ်။ အဲဒီအရေအတွက်ဟာ သီပေါမင်း ကလိုက်ပြီး လူမလျော့အောင် ပိတ်ပင်ရမယ်လို့ ခိုင်းထားလို့ ယိုထွက်တဲ့ လူလောက်ပဲ ရှိပါတယ်။ လွှတ်ပေးထားရင် ဒါ့ထက် အဆတွေအပုံကြီး များမယ်)။

၁၁။ သိမ်းယူရင်မြတ်မယ်လို့ အသေအချာသိတဲ့ အမျိုးသားမြန်မာနိုင်ငံကို အခု သိမ်းဖို့ လက်နှေးတဲ့အတွက် ပြင်သစ်က ယူတော့မယ်။

၁၂။ အင်္ဂလိပ် မြန်မာနိုင်ငံအစိုးရဟာ အိန္ဒိယလက်အောက်ခံမဟုတ်ရင် ဝင်ငွေ ပိုသမျှ ဖွံ့ဖြိုးရေးလုပ်နိုင်မယ်။ အညာနဲ့ဆက်ဆံရေးမှာလဲ ခြေမြန်လက်မြန် လုပ်သင့်တာမှန်သမျှ လုပ်ပြီးသွားမယ်။ ရန်ကုန်ဟာလည်း ကမ္ဘာမှာ ရောင်းဝယ်ရေး အစည်ကားဆုံးမြို့ကြီးတစ်မြို့ ဖြစ်လာနိုင်တယ်။

အဲဒီအချက်တွေကြောင့် အိန္ဒိယက'ခွဲရေး'ကို တင်ပြရပါတယ်လို့ ဆိုပါတယ်။ သူတို့ပြောတာ ဟုတ်မဟုတ် **အုပ်ချုပ်ရေးအစီရင်ခံစာနဲ့** ကြည့်တော့ ၁၈၈၃-၄ မှာလည်း ဟုတ်တယ်။ အထက်ခြောက်နှစ်မှာလည်း ဟုတ်တယ်။ နောက်ဆုံးတစ်နှစ် (၁၈၈၃-၄) ကိုကြည့်ရင်

| ဝင်ငွေ(ပေါင်) | ထွက်ငွေ(ပေါင်) | |
|---|---|---|
| ၂,၆၃၉,၆၅၇ | အုပ်ချုပ်ရေးသုံး | ၁,၁၄၄,၀၅၄ |
| | ပြည်သူ့လုပ်ငန်းသုံး | ၃၃၂,၄၆၆ |
| | ကာကွယ်ရေးသုံး | ၂၇၄,၄၇၄ |
| | ပေါင်း | ၁,၇၅၀,၉၉၄ |
| | (ဗဟိုယူ)ကျန်ငွေ | ၈၈၈,၆၆၃ |
| ၂,၆၃၉,၆၅၇ | | ၂,၆၃၉,၆၅၇ |

ဝင်ငွေရဲ့ သုံးပုံပုံပြီး တစ်ပုံထက်ကျော်တဲ့ငွေကို ဗဟိုအစိုးရက ယူသွားတယ် ဆိုတာလည်း မှန်တယ်။ ဖွံ့ဖြိုးရေးအတွက် သုံးတဲ့ငွေဟာလည်း အင်မတန်နည်းလွန်းတယ် ဆိုတာလည်း မှန်တယ်။ ဒါကြောင့် ကုလားပြည်က ခွဲထွက်သင့်နေပါတယ် ဆိုတာလည်း ယုတ္တိရှိနေပါတယ်။ ဒါပေမယ့် သူတို့က အမျိုးသားမြန်မာနိုင်ငံကို သိမ်းမယူကောင်းလား လို့ ငြူစူတဲ့အနေနဲ့ တင်ပြတာဖြစ်လို့ မှန်းထားချက် သိမ်ဖျဉ်းသွားပါတယ်။

မြန်မာပြင်သစ်စာချုပ်ကိုလည်း ဆက်လက်ပြီး အရာရောက်အောင် လုပ်တဲ့အပိုင်း ကို ရောက်လာပါပြီ။ ပြင်သစ်က ကောင်စစ်ဝယ် (Vice Consul) ရာထူးနဲ့ မန္တလေးမှာ အမြဲနေဖို့ ဟာ့စ် (M.Hass) ကို လွှတ်တယ်။ မန္တလေးကို ၁ ဇွန် ၁၈၈၅ မှာ ရောက်ပါ တယ်။ ပဲရစ်မှာ အမြဲနေဖို့ မြန်မာက သံအမတ် (Ambassador) အဖြစ်နဲ့ ဦးမြူကို ၃၀ ဇွန် ၁၈၈၅ မှာ ခန့်ပြီး လွှတ်ပါတယ်။ ဒီလိုလှုပ်ရှားမှုကို တွေ့လေ အင်္ဂလိပ် ကုန်သည်သင်းတွေ မခံမရပ်နိုင် ဖြစ်လေပါပဲ။ သူတို့က အညာကိုတက်သိမ်းပါ။ အနည်းဆုံး မင်းပြောင်းပစ်ပါလို့ ဇွတ်တောင်းဆိုကြတယ်။ လန်ဒန် ကုန်သည်သင်းက စောစောကပြောပြတဲ့ ရန်ကုန် ကုန်သည်သင်းရဲ့ 'ခွဲရေး' အဆိုကို ခြွင်းချက်နဲ့ ထောက်ခံတယ်။ (၁၆ ဇူလိုင် ၁၈၈၅)။ ဆိုလိုတဲ့သဘောက 'ခွဲရေး'ကို ဒုတိယပြဿနာလုပ်ပါ။ ဒါပေမဲ့ ဝင်ငွေကို ဖွံ့ဖြိုးရေးမှာ ပိုသုံးဖို့ အဆောအလျင် လုပ်သင့်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဒီစကားတွေဟာ စစ်တိုက်ပြီး အညာကိုသိမ်းဖို့ လိုရင်းတစ်ချက်ထဲကို ပို့ဆောင်နေတဲ့ 'ဓာတ်သယ်' လေပြေ တွေပဲ ဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ဒီရက်မှာ အရင်းရှင်နယ်ချဲ့ကို ကိုယ်စားပြုတဲ့ အင်္ဂလိပ်အစိုးရဟာ စစ်တိုက်ဖို့ ဆုံးဖြတ်ပြီးသလောက်ရှိနေတာကို အောက်မှာပြထားတဲ့ အပြန်အလှန် သံကြိုးစာတွေက ပြနေပါတယ်။

(အိန္ဒိယ)နိုင်ငံရေး အတွင်းဝန်က ဘုရင်ခံချုပ်သို့
၂၅ ဂျူလိုင် ၁၈၈၅ တွင်
ပေးပို့သည် သံကြိုးစာ

မြန်မာနိုင်ငံအရေး။ ။ အောက်ဖော်ပြပါ အချက်များကို ကျနုပ်သိရပြီ။ အစ။ မန္တလေးမှ နယ်စပ်အရောက် မီးရထားလမ်းဖောက်ရန် မြန်မာနှင့် ပြင်သစ်အစိုးရစီမံကြရာ ပြင်သစ်က ငွေတိုး ၇၁/၂ ရာနှုန်းဖြင့် ပေါင်နှစ်သန်း စိုက်ထုတ်လျက် ခုနစ်နှစ်နှင့် အပြီးလုပ်မည်။ မန္တလေး၌ ငွေဒင်္ဂါးနှစ်ကုဋေခွဲ မတည်လျက်ဘဏ်တည်မည်။ မြန်မာတို့ ငွေချေးယူလိုလျှင် ၁၂၁/၂ ရာနှုန်း အတိုးဖြင့်ရမည်။ အပေါင်ခံ သဘောဖြင့် ပတ္တမြားကျောက်တွင်းနှင့် လက်ဘက် ခွန်များကို ပေးရမည်။ ငွေတိုးအတွက် အာမခံချက် အဖြစ်ဖြင့် ရေနံ၊အမြတ်ဝေစု နှင့် ဧရာဝတီဆိပ်များကရသည့် အကောက်များအားလုံး စု၍ပေးရမည်။ဤအချက် များကို အတည်ပြုရန် သံအဖွဲ့ ပြင်သစ်ကို ချက်ချင်းထွက်လာပြီ။ အဆုံး။ ဤသတင်းများ မှန်၊ မမှန်နှင့် ရှေ့အဖို့လုပ်ရန် လုပ်ငန်းအကြံပေးများပါ ထည့်လျက် အစီရင်ခံ။

ဘုရင်ခံချုပ်မှ အတွင်းဝန်သို့ ၂၆ ဇူလိုင် ၁၈၈၅
နေ့စွဲဖြင့် သံကြိုးပြန်စာ

၂၅ ရက် သံကြိုးရသည်။ ၄ ဂျူလိုင် ရက်စွဲပါ ဗားနတ် (Bernard) ၏စာတွင် ပြင်သစ်ဖရန့်ဒဂ်ါး နှစ်ကုဋေခွဲ ငွေရင်းမြှုပ်လျက် ပြင်သစ်ဘဏ် တီရန်၊ ဧရာဝတီမှာ မီးသင်္ဘောပြေးရန်စသော စီးပွားရေးလုပ်ငန်းများကို ပြင်သစ်အစိုးရ၏ အမအစဖြင့် ဆောင်ရွက်ရန် သတင်းစကားရှိကြောင်းပါသည်။ သည်စကားစုတွင် ထက်ဝက်မှာ အကြွား၊ ကျန်ထက်ဝက်မှာလည်း ယခုလော လောဆယ် ဖြစ်ထွန်းဦးမည်ဟုမထင်။ ပြင်သစ် ကောင်စစ်သည် အင်္ဂလိပ်နှင့် (မြန်မာအစိုးရ)တို့ အပြင်းအထန် မကျေမနပ်ဖြစ်ရန် အမှုကိစ္စပေါ်ရှိလာမည်ကို အလွန်စိုးရိမ်ဟန်တူသည်။ ဤမျှထက်ပြောရန်မရှိ၊ သို့သော် အထက်သံကြိုးကို ဗားနတ်အား အသိပေးလျက် ချက်ချင်း အစီရင်ခံရန် ညွှန်ကြားထားသည်။

ဘုရင်ခံချုပ်မှ အတွင်းဝန်သို့ ၂၉ ဂျူလိုင် ၁၈၈၅
နေ့စွဲဖြင့် ပေးပို့သည့် သံကြိုးစာ

ဗားနတ်ထံမှ သံကြိုးကိုဆင့်၍။ အစ။ မြန်မာဘာသာရေး စာရွက်စာတမ်း များရပြီ။ ယင်းတို့က မြန်မာပြင်သစ် စကားကမ်းလှမ်းချက်များ မှန်ကန်ကြောင်း သက်သေခံ အတည်ပြုသည်။ အမှုကိစ္စများ အပြီးအစီးတိုင်ပြီဟု မဆိုသာ သေး။ လျာထားသည့် စီမံချက်များ အပြီးသတ်လျှင် ရောင်းဝယ်မှုအားလုံးနှင့် အမျိုးသား မြန်မာအစိုးရ၏ အကောက်အခွန် ဝင်ငွေမှန်သမျှကို ပြင်သစ်ကိုယ် စားလှယ်ကသာ အုပ်စီးသွားတော့မည်။ အင်္ဂလိပ် ရောင်းဝယ်မှုနှင့်တကွ အခွင့် အလမ်းရှိရာရာ အားလုံးပျက်စီးရချေမည်။ စာရွက်စာတမ်းများ၏ ဘာသာပြန်နှင့် စာတစောင်ကို မနက်ဖန်သင်္ဘောဖြင့် ပို့ပါမည်။ တခြားတပါးသော လက်နက် နိုင်ငံတစ်ခုကို ယင်းသို့အခွင့်အရေးများပေးခြင်းသည် မိတ်သဟာတို့ အမူအကျင့် မဟုတ်။ မဟာမိတ်စာချုပ်များနှင့် မတူ၍ (အမျိုးသားမြန်မာအစိုးရ) ကို ပြောသင့်ကြောင်း။ ထို့ပြင် အဆိုပါအခွင့်အရေးများ မပေးပါဟု အာမဝန်တာ ခံစေရမယ်။ဤသို့ တောင်းပန်ချက်ကို ငြင်းလျှင် တိုင်းပြည်ကို သိမ်းယူခြင်းအထိ ဖြစ်ထွန်း နိုင်ပါကြောင်း။ အဆုံး။

ဒီသံကြိုးစာ အပြန်အလှန်တွေထဲမှာ တိုင်းပြည်ကိုသိမ်းယူခြင်းဟာ အဖြေပဲလို့ အင်္ဂလိပ်အိန္ဒိယအစိုးရက ယူဆပြီဆိုတဲ့အကြောင်း တွေ့ကြရပါတယ်။ နောင်လဲ ဒီအတိုင်းပဲ ဖြစ်ပွားတယ်။ ဒီလိုဖြစ်အောင် စပြီးလှုံ့ဆော်တာက ရန်ကုန် အင်္ဂလိပ် ဖြစ်ပါတယ်။ မြန်မာ နိုင်ငံရဲ့အရေးကို ထိပ်တန်းထားပြီး မလုပ်ပေးရင် အိန္ဒိယက ခွဲထွက်မယ်အထိ ခြိမ်း ခြောက်ခဲ့ပါတယ်။ ဒီလိုအင်္ဂလိပ် အိန္ဒိယအစိုးရက သိမ်းပိုက် စစ်ကြေညာချိန် ရောက်ပြီလို့ ထင်တာကို အင်္ဂလိပ် အင်္ဂလန်အစိုးရကလဲ ထောက်ခံပါတယ်။ အချိန်အပိုင်းအခြားကသာ ကန့်လန့်ခံနေလို့ စောင့်ရမယ်။ မြန်မာမြေပြင်မှာ စစ်တိုက် ရင် မိုးရာသီကိုရှောင်ရပါတယ်။

အခု ဇူလိုင်၊ ဩဂုတ်လတွေဖြစ်လို့ မိုးကုန်တဲ့ နိုဝင်ဘာထိ နှစ်လကျော် သုံးလဆိုင်းရပါအုံးမယ်။ အဲဒီနောက်မှာ ဘုံဘေဘားမား ကုမ္ပဏီကိစ္စ(သစ်ခိုးမှု) ပေါ်တယ်။ ဒီအမှုကြောင့် မြန်မြန်စစ်တိုက်ဖြစ်သွားတယ်လို့ ယူဆကြတာများတယ်။ အဲဒီယူဆချက်ဟာ အကုန်မမှန်ဘူး။ သစ်ကိစ္စမပေါ်လည်း စစ်တိုက်ဖြစ်မှာပဲ၊ ယုံပါ။

အဲဒီလို အမျိုးသားမြန်မာနိုင်ငံကို သိမ်းယူတော့မယ်လို့ ဇူလိုင် ၁၈၈၅ အကုန်လောက်မှာ စဉ်းစားပြီးတဲ့အခါ မြန်မာကိုတရုတ်က အမြဲလက်အောက်ခံ ပြည်နယ်ကလို့ ယူဆတယ်။ ဒါကြောင့် တရုတ်က ကန့်ကွက်မှာလားလို့ စဉ်းစားပြန်တယ်။ တကယ်ကန့်ကွက်အုံးတော့၊ မမှုလောက်ဘူးဆိုတာ သူတို့သိပြီးပါပဲ။ ဒီအတွင်းမှာ 'သစ်ခိုးမှုကြီး' ပေါ်လာပါတယ်။ ခိုးကြောင်းထင်ရှားတယ်ဆိုပြီး အင်္ဂလိပ်သစ်ကုမ္ပဏီကို မြန်မာက ဒဏ်ငွေ နှစ်သန်းသုံးသိန်းတပ်တယ်။ (၁၂ ဩဂုတ် ၁၈၈၅)။ အလွယ်ပြောရရင် သုံးနှစ်အတွင်း သစ်လုံးရေ သုံးသောင်း စာရင်းပြပေမဲ့ တကယ်ထုတ်ယူတာက ရှစ်သောင်းဖြစ်လို့ ငါးသောင်းခိုးတယ်။ တန်ဖိုးသက်လာရင် ငွေတစ်သန်းတသိန်းခွဲဖြစ်တယ်။ နှစ်ဆဒဏ်ဖြစ်လို့ ဒဏ်ငွေဟာ နှစ်သန်းသုံးသိန်း ဖြစ်ပါတယ်။ (ကုန်း၊ တ၊ ၆၇၈)။

ဒီသစ်ကိစ္စဟာ တောင်ငူ ရမည်းသင်းနှစ်မြို့ဝန်ဟောင်းက ရာထူးပြန်ရလိုရငြား မြို့ဝန်သစ်ကို အင်္ဂလိပ်ဆီက လုပ်ယူပြီး မတရားလုပ်နေတယ်လို့ တိုင်တန်းရာက စပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်က ဒီလိုနားမလည်ဘူး။ ပြင်သစ်ကို သစ်လုပ်ငန်းပေးချင်လို့ ရှေးဦးလုပ်ငန်းစထားတဲ့ အင်္ဂလိပ်ကို အပြစ်ရှာတယ်။ သစ်ခိုးတယ်ဆိုတာမှာလည်း သက်သေဆင်ထားလို့ မတရားသက်သက် ဖန်တီးပြီးပေါ်လာတဲ့ 'ခိုးမှု'ဖြစ်တယ်။ မတရားသက်သက် 'တစ်ဖက်နား' စီရင်တယ်။ မတန်တဆ 'ကုမ္ပဏီပျက်လောက်အောင်' ဒဏ်ရိုက်တယ်။ ဒဏ်မဆောင်ရင် 'မြန်မာ့ထုံးစံ' နှိပ်စက်မယ်ဆိုပြီး အင်္ဂလန်က အရေးယူပါတယ်။ အင်္ဂလန်က အိန္ဒိယဘုရင်ခံချုပ်ဆီကိုပို့တဲ့ သံကြိုးစာသုံးစောင်အရ ဒါတွေ ကို သိရပါတယ်။

(အိန္ဒိယရေးရာ)အတွင်းဝန်မှ အိန္ဒိယ ဘုရင်ခံချုပ်သို့
၂၁ ဩဂုတ် ၁၈၈၅ ကြေးနန်း

ကုမ္ပဏီကိုယ်စားလှယ်သို့ နောက်ထပ်ပို့သည့်ကြေးနန်း၌ ဒဏ်ငွေ ကစ်သန်း (အမှန်ကနှစ်သန်းသုံးသိန်း)ပေးလျှင် ခွင့်ပေးချက်ကို မဖျက်ဟု ဆိုသည်။ ငွေတောင်းရလောက်အောင် အထောက်အထားခိုင်လုံခြင်း လုံးဝမရှိဟု ကုမ္ပဏီက ဖော်ပြသည်။

(အိန္ဒိယရေးရာ)အတွင်းဝန်မှ အိန္ဒိယ ဘုရင်ခံချုပ်သို့
၂၅ ဩဂုတ် ၁၈၈၅ ကြေးနန်း

ရန်ကုန်မှ ကုမ္ပဏီသို့ သံကြိုးဖြင့် ဒဏ်ငွေတစ်သန်းပေးစေဟု စီရင်ချက်ချပြီးပြီဟု အကြောင်းကြားသည်။ ခွင့်ပေးချက်ကို ချက်ချင်းရုပ်သိမ်းလျက် ပြင်သစ်ကောင်စစ်ကို လွှဲပြောင်းပေးတော့မည်ဟု ကုမ္ပဏီက စိုးရိမ်သည်။ ဗားနတ်၏ အကြံအတိုင်း မြန်မာစိုးရက အရေးယူခြင်း လျှင်မြန်ကြီးမွားရ၍ မလာအောင် ခြိမ်းခြောက်သည့် အသုံးအနှုန်း လုံးဝမပါစေသော်လည်း ခိုင်ခိုင်မာမာ ဖော်ပြလျက် မြန်မာအစိုးရနှင့် ချက်ချင်းဆက်သွယ်ရန်လိုပြီ။

(အိန္ဒိယရေးရာ)အတွင်းဝန်မှ အိန္ဒိယ ဘုရင်ခံချုပ်သို့

၂၉ ဩဂုတ် ၁၈၈၅ ကြေးနန်း

၂၅ ရက်ကပို့ပြီး။ ။ ကုမ္ပဏီ၏ လန်ဒန်ကိုယ်စားလှယ်က ဒဏ်ကို ချက်ချင်းဆောင်ရန်(မြန်မာ)ဘုရင်က အတင်းအကြပ် တောင်းလျက်ရှိနေပါပြီ။ (ပေးပါမည်ဟု)အာမခံချက်မရလျှင် (လူကို)ဖမ်းလျက် ပစ္စည်းအားလုံး သိမ်းမြဲ ဖြစ်သော မြန်မာထုံးစံအတိုင်း လုပ်မည်ဟု ခြိမ်းခြောက်လျက် ရှိပါသည်။

ဒီသံကြိုးတွေမှာ ပါတဲ့သဘော အယူအဆက အမျိုးသားမြန်မာအစိုးရကို ပြန်ပြီးစွပ်စွဲထားတယ်။ ပြီးတော့ အင်္ဂလိပ် မြန်မာအစိုးရကလည်း တင်းတင်းမာမာ စာရေးပြီလို့လည်း မှန်းဆရတယ်။ ဒီနေရာမှာ ဒီသစ်ကိစ္စကို စီရင်ချက်စာ လေ့လာရရင် စွပ်စွဲချက်(အပြန်အလှန်)ကို ပြန်ပြီးနားလည်နိုင်မယ်။ စီရင်ချက်ကို မြန်မာလို ရှာ မတွေ့ပေမဲ့ အင်္ဂလိပ်ဘာသာ ပြန်ထားတာ ရှိပါတယ်။ အဲဒါကို တစ်ခါ မြန်မာလို ပြန်မယ်။

**စီရင်ချက်**

တောင်ငူနေ သစ်ခေါင်းကျောက်မော်မြို့ စာရေး ငပို၊ လယ်မားမြို့အုပ် ငရွှေမောင်၊ လယ်မားမြို့သူကြီး ငပေါက်၊ ကြောမျိုး၊ ဝါးနွယ်ကုန်းမြို့သူကြီး လူငစ၊ သောမြို့သူကြီးလူငနှင်း၊ ငတော၊ မင်းတို့နှင့် အပေါင်းပါ သစ်ခေါင်းတို့ကတဖက်၊ အင်္ဂလိပ်ကုန်သည် ဘုံဘေဘားမားကုမ္ပဏီ (ဂျေအေ) ဗြိုက်စစ် (J.A.Bryce)၊ (အိပ်ချ်)မက်စဝယ် (H.Maxwell)နှင့် ကိုယ်စား လှယ်(ဂျီ)အန္ဒြေနော (G.Andreion) တို့က တစ်ဖက်ပြိုင်ဆိုကြသည့် သစ်မှုတွင်

ငပို၊ ငရွှေမောင်၊ ငပေါက်နှင့် တခြားသစ်ခေါင်းတို့ ထွက်ဆိုသည်မှာ တောင်ငူရမည်းသင်းခရိုင် သစ်ကြိုတ်ကြီး သစ်တောများ၌ မိမိတို့သစ်ခေါင်း ပြုလျက် ဘုံဘေဘားမားကုမ္ပဏီ ကိုယ်စားလှယ် ဗြိုက်စစ်နှင့် မက္ကဝယ်လက်သို့ အောက်ပါအတိုင်း သစ်များပေးအပ်ခဲ့ရပြီး ဖြစ်ပါသည်

| | |
|---|---|
| ၁၂၄၅ ခု သစ်လုံးရေ | ၄၂၂၃ |
| ၁၂၄၆ ခု သစ်လုံးရေ | ၄၇၅၆၇ |
| ပေါင်း | ၈၉၈၀၀ |

(လက်ခံသူ) ကိုယ်စားလှယ်တို့က(သစ်)စာရင်းစုံကိုလည်း မပေးအပ်။ ပေးချေရန်ရှိသောငွေကိုလည်းချေသော် အပြည်မချေ။ တင်ပြသော စာရင်းနှင့်ငွေမှာ

| | |
|---|---|
| ၁၂၄၅ ခု သစ်လုံးရေ | ၁၈,၂၅၉ |
| ၁၂၄၆ ခု သစ်လုံးရေ | ၁၃,၈၆၉ |
| ပေါင်း | ၃၂,၁၂၈ |

မျှသာ ဖြစ်ပါသည်။

သစ်ခေါင်းကြီးငယ်တို့က နှစ်နာသူများအနေဖြင့် စာရင်းအင်းများ ပြုလုပ် ၍ တင်ပြကြပါသည်။ ဘုံဘေဘားမားကုမ္ပဏီ၏ မြို့ကစ်စစ်၊ မက်စဝယ်နှင့် ကိုယ်စားလှယ် အမြွှေနောတို့ကို စစ်မေးသောအခါ ၁၂၄၅ ခု ၁၂၄၆ ခု နှစ်နှစ်အတွက် ဘုံဘေဘားမားကုမ္ပဏီ ကိုယ်စားလှယ်တို့က တစ်နှစ်စီအတွက် သစ်တိုခွန်သေနှင့် မပတ်သက်သည့် သစ်ရှည်ခွန်ရှင် ကတိ စာချုပ်အတိုင်း စာရင်းပြုလုပ်ပေးအပ်သည်။ အကောက်ရုံးတွင် တင်ပြသည့် စာရင်းထက်ပို၍ လက်ခံရရှိခြင်းသော်လည်းကောင်း၊ ထုတ်ယူခြင်းသော်လည်းကောင်း မပြုလုပ်ပါဟု ဆို၏။

အဆိုနှစ်ပြင်ကို ရှင်းလင်းသိသာအောင် စစ်ဆေးလျှင် အချိန်ကာလများစွာ ကြာရှိမည်ကို ထောက်ထားလျက် သစ်ခေါင်းကြီးငယ်တို့လည်း စားရိတ်ကြေးငွေ ထပ်မံကုန်ကျရမည်ကို ညှာတာသဖြင့် အချင်းအရာတို့ကို ရှင်းလင်း ပိုင်းခြား ပြီးနောက် တရားသဖြင့် ဆုံးဖြတ်သာအောင် အင်္ဂလိပ်မြန်မာနိုင်ငံ မင်းကြီးချုပ် အား ပန်ကြားကာ တောင်ငူ သစ်တောရုံးသို့ မျှောချရောက်ရှိလာသောစာရင်း များကို ကုမ္ပဏီက ကတိစာချုပ်ဖြင့် အစပြုလျက် လုပ်ဆောင်သော ပထမနှစ် ၁၂၄၄ မှအစပြု၍ ၁၂၄၅၊ ၁၂၄၆ ခုစာရင်းများကို ကူးယူရန် နှစ်ဖက်သဘောတူ စေလွှတ်ကူးယူရရှိပါသည်။

ကူးယူရရှိခဲ့သော သစ်တော်ရုံးစာရင်းများမှာ အင်္ဂလိပ်မြန်မာနှစ်ဘာသာ ရေးသားပါရှိသည့်အပြင် သစ်တောရုံးတံဆိပ်ဖြင့် မှန်ကန်ကြောင်း မှတ်သားပါရှိ သည်။ ထိုစာရင်းတို့အရ ၁၂၄၄၊၄၅နှင့်၄၆ခုနှစ်များအတွင်းက သစ်ဖောင် ၂၄၃၀ ဖောင်စုံမျှော ရောက်ရှိရာ

| | |
|---|---|
| ဒုသစ် | ၉၃၇၉၁ |
| လွှာသစ် | ၂၀၀၂၁ |
| ရပ်သစ် | ၃၂၁ |
| ပေါင်း | ၁၁၄၁၃၃ |

ဘုံဘေဘားမားကုမ္ပဏီ ကိုယ်စားလှယ်တို့က နှစ်စဉ်တင်ပြသည့် သစ်ထုတ်နှင့် ငွေချေစာရင်းများ၌

| | |
|---|---|
| ၁၂၄၄ ခု ဒုသစ် | ၂၃၃၉၁ |
| ၁၂၄၅ ခု ဒုသစ် | ၁၈၄၂၃ |
| ၁၂၄၆ ခု ဒုသစ် | ၁၄၃၆၄ |
| ပေါင်း | ၅၆၁၇၈ |

| | |
|---|---|
| ငွေချေပြီး ဒုသစ် | ၄၄၀၀၈ |
| လွှာသစ် | ၁၂၁၇၀ |
| ပေါင်း | ၅၆၁၇၈ |

ဟု တွေ့ရပါသည်။ ကျွန်ုပ်တို့စာရင်းတွင်

မူရင်းကတိစာချုပ်အရ

| |
|---|
| ၂၂၉၁၁ |
| ၁၈၄၂၄ |
| ၁၄၃၆၆ |
| ၅၅၇၀၁ |

နှစ်တိုကတိစာချုပ်အရ

| |
|---|
| ၄၁၆၄ |
| ၁၄၇၉၂ |
| ၁၃၇၀၅ |
| ၃၂၆၆၁ |

(နှုန်းသေ)ကတိစာချုပ်သစ်အရ

| | |
|---|---|
| | ၁၉၁၇၄ |
| ပေါင်း | ၁၀၇၅၃၆ |

အဆိုနှစ်ပြင်တွင် သုံးနှစ်အတွင်း ကွာခြားချက်မှာ

| | |
|---|---|
| ဒုသစ် | ၄၉၇၈၃ |
| လွှာသစ် | ၇၈၅၁ |
| ရပ်သစ် | ၃၂၁ |
| ပေါင်း | ၅၇၉၈၅ |

ဖြစ်သည်။ ဘုံဘောဘားမားကုမ္ပဏီကိုယ်စားလှယ်တို့ကို ကွာခြားရပုံကို စစ်မေးသော အခါ ၁၂၄၃ ခု ပထမကတိစာချုပ်ပြုပြီးသည့်နောက် ဒုတိယစာချုပ်ပြုလုပ်ကြပြန်သောအခါ ပထမစာချုပ်တွင် မဝင်သည့် 'ပယ်သစ်'နှင့် လုံးပတ် ၃

တောင်၊ အလျား ၁၂ တောင်ရှိ 'ပင်ရင်းငုတ်ကျန်' များအတွက် တစ်နှစ်လျှင် 'ခွန်သေ' ငွေတစ်သိန်း ပေးမည်ဟု ဆိုကြပြီးနောက် ယင်းဒုတိယ ကတိစာချုပ် အရ ထုတ်ယူလာသော သစ်တို့နှင့် အခြားသစ်တို့ ရောနှောရှုပ်ထွေးသဖြင့် ယခုလို စာရင်းမှတ်သားချက် ကွာခြားရပါသည်။ ထို့ပြင် ကူးယူခဲ့သည့် စာရင်းတို့၌ 'လွှာသစ်' ဟု ဖော်ပြထားသော သစ်မှာ လုံးပတ် လွန်စွာကြီးသည့် 'သစ်တို' များကိုသာ 'လွှာသစ်' ခေါ်နိုင်သောကြောင့် ဒုတိယ ကတိစာချုပ်ဝင် သစ်များစွာကို အမှန်အတိုင်းခေါ်ရလျှင် 'လွှာ' များသာ ဖြစ်ပါသည်ဟု ဖြေကြားကြပါသည်။

ဆက်လက်စစ်မေးသောအခါ သစ်ခေါင်းတို့က သစ်တောရုံးမှတ်တမ်း တို့၌ ထု၊ လွှာ၊ ရပ်ဟူ၍ သစ်သုံးမျိုးကိုသာပြသည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယ ကတိစာချုပ်အရ အလျား ၁၂ တောင်အောက် သစ်တိုကို ထုတ်ယူခွင့် ပေးထားသော်လည်း ခုတ်ယူခြင်း မရှိသည့်ပြင် ပထမကတိစာချုပ် အကျုံးဝင် သစ်များကိုသာ ဒုတိယ ကတိစာချုပ်အရ သစ်များဟု လိမ်လည်ဖော်ပြလျက် ထုတ်ယူသဖြင့် သစ်တောရုံးစာရင်း မှတ်တမ်း ယူသည့်အခါ သစ်အမျိုးအစား အမှန်အတိုင်း ရေးမှတ်သဖြင့် မည်သည့်သစ်ဖောင်တွင်မျှ 'သစ်တို' ပါသည်ဟု ဖော်ပြခြင်းမရှိသောကြောင့် ဖြစ်ပါသည်ဟု ထွက်ဆိုကြပါသည်။ နှစ်ဦး နှစ်ဖက်တို့၏အဆို၊ အချေတို့နှင့် စစ်မေးထွက်ရှိချက်တို့ကို ထောက်ထားလျှင် ယခုကိစ္စသည် ထုံးတမ်းစဉ်လာအရ အလုပ်အဆောင်ဖြစ်ရန် ခွင့်ပေးသနားတော် မူရင်းဖြစ်၍ သစ်ထွက်ရာဒေသနှင့်တကွ နိုင်ငံအစိုးရမင်းတို့၏ အကျိုးစီးပွား အတိုး အဆုတ်နှင့် ဆိုင်ရာသစ်ခေါင်းအပါအဝင် ကုန်သည်တို့၏ အကျိုးစီးပွား အတိုးအဆုတ်များ ပါဝင်လျက်ရှိသည့် လုပ်ငန်းကြီးဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပထမ၊ ဒုတိယ၊ တတိယစာချုပ်ပါ သတ်မှတ်ချက်များကို လုံးဝ အခြေပြုလျက် တောင်ငူသစ်တောရုံးမှ တံဆိပ်ခပ်နှိပ်ရယူခဲ့သော စာရင်း မှတ်တမ်းများကို အသုံးပြုကာ ယခုကိစ္စကို ဆုံးဖြတ်ရချေမည်။

သစ်တောရုံးစာရင်းပါ ဒုနှင့် လွှာသစ်များကို ဒုတိယကတိစာချုပ်၌ ဖော်ပြပါရှိသော သစ်တို့နှင့် မရောမနှော မရှုပ်ထွေးစေရ။ ပထမကတိစာချုပ်အရ လှဲယူ ထုတ်သွားသော သစ်များဖြစ်သည်ဟုသာ သတ်မှတ်ရချေမည်။ ထို့ကြောင့် သစ်တောရုံးမှတ်တမ်း စာရင်းပါ သစ်လုံးရေ အစုစု ၁၁၄၁၁၃ မှ ဂျွန်ဒါဝုတ် (John Darwood) အမည်ဖြင့် သစ် ၁၄၅၇၊ ဒုတိယ ကတိစာချုပ်အရဟု ဖော်ပြထားသော ရပ်သစ် ၃၂၀ နှင့် ကုမ္ပဏီ ကိုယ်စားလှယ်တို့ သုံးနှစ်အတွင်း ထုတ်ယူပါသည်ဟု ဝန်ခံသည့် သစ် ၅၆၁၇၈၊ အစုစု ၅၇၉၅၆ ကို နုတ်လျှင် ၅၆၁၇၇ ရပါသည်။ (ယင်းတို့မှာ)

| | |
|---|---|
| ဒုသစ် | ၄၈၃၂၆ |
| လွှာသစ် | ၇၈၅၁ |
| ပေါင်း | ၅၆၁၇၇ |

ဖြစ်၍ ဘုံဘေဘားမားကုမ္ပဏီ ကိုယ်စားလှယ် ဖြုက်စစ်နှင့် မက်စဝယ်တို့က (ထို အရေအတွက်ရှိသော သစ်လုံးရေတို့ကို) အပိုထုတ်ယူကြောင်း ထင်ရှားသည်။

ထိုကြောင့် သစ်ခေါင်းတို့က အပိုထုတ်ယူသွားသော သစ် ၅၆၀၇၇ အတွက် စရိတ်စသည့် အခငွေများကို သက်လား၍ (ကြိတ်နှုန်းငွေ ၁၀ ထားလျှင် ၅၆၀၇၇ အတွက် ငွေ ၅၆၀၇၇၀ ဖြစ်သည်) တင်ပြစေ။ ဘုံဘေဘားမား ကိုယ်စားလှယ် ဖြုက်စစ်နှင့် မက်စဝယ်တို့က တင်ပြသည့်စာရင်းကို စစ်ဆေးပြီးနောက် အကြေပေးဆပ်စေ။

ဘုံဘေဘားမားကုမ္ပဏီကိုယ်စားလှယ် ဖြုက်စစ်နှင့် မက်စဝယ်တို့၏ သစ် ခုတ်လှဲခြင်း၊ ထုတ်ယူခြင်းနှင့် ပတ်သက်၍ ကုန်ကျစားရိတ် ရလိုကြောင်း သစ်ခေါင်းတို့က အမှုဖွင့်၍စွဲဆိုတောင်းယူလျှင် ကြားနာ၊ စုံစမ်းစစ်မေးလျက် အဆုံးအဖြတ်ပေးမည်။ ပထမ၊ ဒုတိယနှင့်တတိယ ကတိစာချုပ်တို့ကို ဖောက်ဖျက်လျက် ဒုသစ် ၄၈၃၂၆၊ လွှာသစ် ၇၈၅၁ အစုစု ၅၆၀၇၇ တို့ကို ၁၂၄၄၊ ၄၅နှင့် ၄၆ ခုနှစ်များက လိမ်လည်၍ အခွန်မပေးဘဲ အပိုထုတ်ယူ ကြောင်း ထင်ရှားသည်။ သစ်ခွန်တော်အရ အပြစ်အနာအဆာလွတ် အလုံးအရပ်မှီ ဒုကြီး ၄၈၃၂၆ ကို သစ်တစ်လုံးလျှင် ၂၂ ကျပ်နှုန်း၊ လွှာခ ၇၈၅၁ ကို သစ်တစ်လုံးလျှင် ၁၁ ကျပ်နှုန်းဖြင့်

ငွေ ၁,၀၆၃,၁၇၂
၈၆,၃၆၁

———————

၁,၁၄၉,၅၃၃

ဖြစ်ပါသည်။ ကိုယ်ပိုင်ပစ္စည်းဖြစ်စေ၊ ပန်သစ်(?)ဖြစ်စေ အပိုထုတ်ယူလျှင် ဘုရင်ပိုင် သိမ်းယူမြဲဖြစ်သဖြင့် အဆိုပါ ဒုသစ် ၄၈၃၂၆ နှင့် လွှာသစ် ၇၈၅၁ အစုစု ၅၆၂၇၇ တို့ကို ပထမကတိစာချုပ်အရ အမျိုးကောင်းသစ်ကိုထားသည့် အဖိုးအတိုင်း သက်လားပြီးနောက် အဆိုပါသစ်တို့ကို လိမ်လည်ထုတ်ယူထား သည့်အနေဖြင့် ဘုံဘေဘားမားကုမ္ပဏီ ကိုယ်စားလှယ် ဖြုက်စစ်နှင့် မက်စဝယ်တို့က တွက်ချက် ရယူသည့် အခွန်တော်၏နှစ်ဆ ပေးဆောင်စေ။ ကောဇာ ၁၂၄၇ ခု ဝါခေါင်လပြည့်ကျော် ၂ ရက်(ခရစ် ၁၂ ဩဂုတ် ၁၈၈၅)နေ့တွင် ဝန်ကြီး သုံး၊ အတွင်းဝန် ငါး၊ ဝန်ထောက်နှစ်၊ (စာရေးကြီး)နှစ်တို့ စုံညီ ဆုံးဖြတ်သည်။

မြန်မာနိုင်ငံတံဆိပ်
(ခပ်နှိပ်လျက်
ပါရှိသည်)

ဒီမှာ အမျိုးသားအစိုးရက တောင်ငူသစ်ရုံးစာရင်းကို အခိုင်အမာထားပြီး ဆုပ်ကိုင်လိုက်တယ်။ အင်္ဂလိပ်အစိုးရဘက်က ရုံးစာရင်းကို သုံးပါတယ်လို့ဆိုရင် နောင် အင်္ဂလိပ်က မတရားဘူးလို့ ပြောဖို့ခက်မယ်။ အင်္ဂလိပ်က ဒီစာရင်းမမှန်ဘူးလို့ ၃၁ ဩဂုတ်

၁၈၈၅ မှာ ပြောလာတယ်။ ဆိုလိုတာက ကတိစာချုပ်အလိုက်ခွဲပြီး မှတ်သားထားတာ မဟုတ်လို့ ဒီစာရင်းကို မသုံးထိုက်ဖူးတဲ့။ ပြီးတော့ နောက်တစ်မျိုးပြောတာက သစ်ကို တန်ဘိုးထားတဲ့အခါ ထုံးစံထက် တစ်ဆပိုတယ်။ ဒီတော့ တစ်ရာတန်ရင်နှစ်ရာဖြစ်တယ်။ ပြီးတော့မှ ဒဏ်တပ်တာမို့လို့ နှစ်ဆ လုပ်ပြန်တယ်။ ဒါ့ကြောင့် မူလ တစ်ရာတန်ဟာ လေးရာဖြစ်သွားပြီ။ ဘယ်ပေးနိုင်ပါ့မလဲတဲ့။ ထားပါတော့။ သူတို့ဖက်က အပြောက စွပ်စွဲချက် မမှန်ဘူးဆိုတာကို အခြေခံထားပြီး ပြော တယ်။ သက်သေလိုက်တဲ့ သစ်ခေါင်းတွေဟာ မတရား သက်သေတွေ ဖြစ်တယ်လို့ ဆိုတယ်။ သစ်ဘယ်လောက် ထုတ်ယူပါတယ်လို့ စာရင်းအပီအသပေးပြီး အကြေကို မြစ်ရိုးက မျှောတယ်။ ဒီမျှောသစ်ကို အင်္ဂလိပ်နယ်အဝင်မှာ အင်္ဂလိပ်သစ်တောရုံးက ဘယ်လောက်ရောက်လာတယ်လို့ စာရင်းယူတယ်။ ဒီလို အင်္ဂလိပ်ရုံးက ယူတဲ့စာရင်းနဲ့ သူတို့ မူလ အပီအသ ကြေညာထားတဲ့စာရင်း မကိုက်တာကို မြန်မာကပြပြီး မတရား ဘူး၊ ညာတယ်လို့ စွပ်စွဲတာတောင် မြန်မာကလည်း ဆိုးရွားပြီး မတရားလုပ်ပါတယ်လို့ ပြန်ပြောနေတယ်။ ရန်ကုန် အင်္ဂလိပ်ရဲ့ သဘောထားက

> သည်ကိစ္စသည် နင်းကြမ်းနှင့် တောင်ငူသို့ သွားလျက်အပြည့်အစုံ သိရှိရန် စေ့စပ်သေချာစွာ မစုံစမ်းဘဲ ဆုံးဖြတ်၍ မရနိုင်ချေ။ သတင်းစုံမယူ။ စာရင်းများကို မူတည်လျက် စီရင်ချက်ချသည်မှာ ထင်ရှား၏။ ယခုတောင်းသည့်ငွေမှာလည်း ဘယ်နည်းတွက်တွက် တောင်းသင့်သည်ထက် အလွန်အမင်း ပိုသည်။ ကော်ပိုရေးရှင်း (ကုမ္ပဏီ)က ပေးနိုင်စွမ်းရှိသည်ထက်လည်း ပိုသည်။ (၃၁ ဩဂုတ် ၁၈၈၅)။

ဒီစကားထဲမှာ ‘တောင်းသင့်သည်ထက်’ (What can Really Due) ဆိုတဲ့ စကားဟာ ‘ခိုးတော့ ခိုးတယ်။ ဒါလောက် မများပါဘူး’ လို့ ဝန်ခံရာ ရောက်ပါတယ်။ မပေးနိုင်လောက်အောင် ဒဏ်ကိုတောင်းတာကတော့ မူလ ကတိစာချုပ်ကို ရုပ်ဆိုင်းပြီး ပြင်သစ်ကို ပေးချင်လို့ဖြစ်တယ်လို့ အင်္ဂလိပ်က ယူဆပါတယ်။ ဒါ့ကြောင့် ရန်ကုန် အင်္ဂလိပ်က မြန်မာကို အချက်သုံးချက် တောင်းပါတယ်။ (၂၈ ဩဂုတ် ၁၈၈၅)။

၁။ ဘုံဘေဘားမား ကော်ပိုရေးရှင်းအပေါ်တွင် ချမှတ်ထားသည့် စီရင်ချက်ကို ရုပ်ဆိုင်းထားရန်

၂။ ဒီကိစ္စကို ဘုရင်ခံချုပ် ခန့်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးက စစ်ဆေးသည်ကို လက်ခံရန်

၃။ လက်ခံခဲ့လျှင် ထိုပုဂ္ဂိုလ်ရဲ့ အဆုံးအဖြတ်အတိုင်း လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အမျိုးသားမြန်မာအစိုးရက ဒီတောင်းဆိုချက်သုံးချက်ကို အသိအမှတ်မပြုဘဲ တပ်တဲ့ဒဏ်ကိုဆောင်ဖို့ အခွန်တော်ဌာန တာဝန်ခံ ပေါက်မြိုင်မြို့စား အတွင်းဝန်က ဆော်ဩပါတယ်။ ဒဏ်ငွေကို လေးကြိမ် အညီခွဲပေးခွင့်ပြုတယ်။ ဒီအမိန့်ကို ၂၃ ဩဂုတ် ၁၈၈၅ကပဲ ထုတ်ထားပါတယ်။ အမိန့်ထုတ်တဲ့နေ့ကစပြီး တစ်လတစ်ကြိမ် သွင်းခွင့်ရှိလို့ လေးလအတွင်း အပြေပေးဖို့ဖြစ်တယ်လို့ အမိန့်ထဲမှာပါတယ်။ ဒီအမိန့်ကို မထေမဲ့မြင်ပြုလို့ ကုမ္ပဏီပိုင် ဆင်နဲ့ သစ်တောပစ္စည်းတွေ သိမ်းစေလို့ ၁၀ စက်တင်ဘာ ၁၈၈၅ မှာ အမိန့်ကျပြန်တယ်။ ကုမ္ပဏီလုပ်ငန်းနဲ့ ပစ္စည်းဟာ သူတို့မှတ်တမ်း (၁၅ စက်တင်ဘာ ၁၈၈၅)အရ

(၁) လုပ်သားထောင်ပေါင်း အများကြီးရှိတဲ့အထဲမှာ အင်္ဂလိပ် ကျေးတော်မျိုး ကျွန်တော်မျိုး ၂၀၀၀နဲ့ မျက်နှာဖြူ ၂၀ လောက် ရှိပါတယ်။
(၂) ဆင် ၉၀၀
(၃) ကျွဲ ၁၀၀၀၀ ခန့်
(၄) ၄ နိုင်ငံခြားကိုထုတ်ဖို့ ပြင်ဆင်ရာမှာ အဆင့်ဆင့်ပြီးစီးပြီးရှိနေတဲ့ သစ်လုံး ၁၅၀၀၀၀ ရှိတယ်။ ဒီသစ်ရဲ့တန်ဘိုးဟာပဲ ငွေငါးသန်းက ခုနစ်သန်း အထိတန်တယ်။ မြစ်ရိုးမှာမျှောလာတဲ့ သစ်ဖောင်တွေကို ၂၄ စက်တင်ဘာ ၁၈၈၅ ကစပြီး အားလုံးသိမ်းတယ်။ ဖောင်စီးလုပ်သားတွေလည်း ဖမ်းတယ်။ အဲဒီ ၂၄ စက်တင်ဘာ ၁၈၈၅ မှာပဲ ရန်ကုန်အင်္ဂလိပ်တွေက ပြင်သစ်အန္တရာယ်ကို ထိထိရောက်ရောက် တားဆီးဖို့အချိန်တန်ပြီ။ ထိရောက်အောင် လုပ်ဖို့ကတော့ သီပေါမင်းကို နန်းချဖို့ပဲ ရှိတယ်။ အဲဒါကို ရန်ကုန်ကုန်သည်သင်းက အဖွဲ့ငယ်ဖွဲ့ပြီး မင်းကြီးချုပ်ကို သွားပြောကြတယ်။ အဖွဲ့ဝင်တွေက
 ၁။ ဂျေ သွန်မဆင် (J.Thompson) ကုန်သည်သင်း ဥက္ကဋ္ဌ
 ၂။ အာရ် ရိုဝက် (R.Rowett)
 ၃။ အက်စဂျီ ဂျုံး (S.G.Jones)
 ၄။ အက်ဖ်စီ ကနေဒီ (F.C.Kennedy)

ဒီအထဲမှာ ဂျုံးက ဘုံဘေဘားမား ကော်ပိုရေးရှင်းက လူ။ ကနေဒီက ဧရာဝတီ သင်္ဘောကုမ္ပဏီက လူဖြစ်တယ်။ သူတို့အကြိုက်ကတော့ သီပေါမင်းကို နန်းချပါ။ တခြား မင်းသားတစ်ပါးကို မင်းမြှောက်ပါ။ ဒါပေမဲ့ မင်းသစ်ဟာ အင်္ဂလိပ်ဩဇာခံ သက်သက်ဖြစ်ရမယ်။ အဲဒါမလုပ်နိုင်ရင် အမျိုးသားမြန်မာနိုင်ငံကို အပိုင်သိမ်းယူဖို့ပဲရှိတယ်။ အပေါ်က အင်္ဂလိပ် နာမည်လေးခုဟာ နယ်ချဲ့အရင်းရှင်ကိုယ်စား မှတ်ရမဲ့နာမည်တွေပါပဲ။ ဂျုံးကတော့ လက်ငင်း မကျေနပ်တဲ့လူ။ ကနေဒီကတော့ ငါ့အလှည့် လာမှာပဲ။ ခုကပဲ အရေးဆိုထားမှလို့ ပါလာတာပါပဲ။ သူတို့သင်္ဘောကုမ္ပဏီက ပြီးခဲ့တဲ့ အနှစ် နှစ်ဆယ်တွင်းမှာ ငွေရင်းပေါင်း ငါးသိန်းမြှုပ်ပြီးဖြစ်နေလို့ ပြင်သစ်ဧရာဝတီ သင်္ဘောကုမ္ပဏီ ဝင်လာတာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးလို့ ဆိုပါတယ်။ တစ်နည်းပြောကြရရင် ပြင်သစ် မီးရထား၊ ပြင်သစ်ဘဏ်၊ ပြင်သစ်ကျောက်တွင်း၊ ပြင်သစ်မီးသင်္ဘောတွေ လုံးဝမရှိဘို့လိုတယ်။ ဒီအဖြေထွက်ဖို့က ချက်ချင်းနိုင်ငံကို သိမ်းဖို့ပြင်ပေတော့။ မိုးကုန်လို့ သီတင်းဝါလကျွတ်ရင် သီပေါမင်း နန်းကျပြီးသား ဖြစ်ရမယ်။ အဲဒီ ၂၄ စက်တင်ဘာ ၁၈၈၅ မှာပဲ အမြောက် ၁၂၊ လူ ၂၆၀ ပါတဲ့ စစ်သင်္ဘော **တာကွိုက်** (H,M.S.Turquoise) ရန်ကုန်ဆိပ်ကို ရောက်လာပါတယ်။ **ဧရာဝတီ** နာမည်နဲ့ သေနတ်သင်္ဘောက နယ်ခြားမှာ အသင့်ထားပါတယ်။ စစ်သားသယ်ပြီး အညာကို ဆန်တဲ့အခါ ရေတပ်မတော်က အရာရှိတွေကိုယ်တိုင် ကြပ်မပြီး စေလွှတ်ဖို့ပါပဲ။

အဖြစ်အပျက်တွေဟာ အင်မတန်လျင်မြန်နေပြီ။ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး (M.DE Freycinet) က မြန်မာပြင်သစ်ဆက်ဆံရေးဟာ သတင်းထွက်သလို ပီပီသသ မဟုတ်သေးပါဘူးလို့ ၂၄ စက်တင်ဘာ ၁၈၈၅ က တစ်ခါ၊ ၁၂ အောက်တိုဘာ ၁၈၈၅ မှာ တစ်ခါ ငြင်းပါတယ်။ ဒါပေမဲ့ ဒီအတွင်းမှာပဲ ပြင်သစ်ဘဏ်ကို မြန်မာနိုင်ငံမှာ လာထူထောင်ရင် ဘယ်လိုသဘောတူညီချက်နဲ့ ထူထောင်မယ်ဆိုပြီး ၁၃ ဧပြီ ၁၈၈၅ က

ဘောဒိုနေ (Comte A. Matie Dela Bourdonnais) နဲ့ မြန်မာသံအမတ် လက်မှတ်ထိုးတဲ့ စာချုပ်ကို အင်္ဂလိပ်က ထပ်ရလာသေးတယ်။ ပါရစ်မှာအမြဲနေဖို့ သံအမတ်ဦးမြူကလည်း ပဲရစ်ကို ၁၆ အောက်တိုဘာ ၁၈၈၅ မှာ ရောက်ပါပြီ။ ဒီတော့ဘယ်လိုပဲ ကြိုးစားပေမဲ့ အခြေအနေဟာ ပြောင်းမသွားနိုင်တော့ပါ။

ကုလားပြည်ရောက် အင်္ဂလိပ်က မြန်မာမင်းကို တောင်းဖို့အချက်ငါးချက် သတ်မှတ်ပြီး ဒီအတိုင်းသဘောတူပါလို့ လန်ဒန်မှာ အမိန့်ခံတယ်။ (၁၆ အောက်တိုဘာ ၁၈၈၅)။ အချက်တွေကတော့

၁။ အခုအငြင်းပွားနေတဲ့ကိစ္စကို အပြီးအပိုင်ဆုံးဖြတ်ဖို့ အိန္ဒိယအစိုးရက လွှတ်တဲ့ သံအဖွဲ့ကို မန္တလေးမှာ လက်ခံရမယ်။ အခြားနန်းတွေကို ဝင်ထွက်တဲ့အခါ အလွန့်အလွန်နှိမ်ချခြင်း သဘောမပါဘဲ ဝင်ထွက် နိုင်သလို ဘုရင့်ရှေ့မှောက်ကို အလွယ်တကူ ဝင်ထွက်နိုင်ရမယ်။

၂။ ဒီအတောအတွင်း ကုမ္ပဏီကို ထိခိုက်အောင် ဘာဘဲလုပ်လုပ် နောက်ထပ် မြန်မာအစိုးရကို အဆက်အသွယ် မလုပ်တော့ဘဲ ကျုပ်တို့လုပ်လိုတဲ့ အတိုင်း လုပ်မယ်။

၃။ မကြာခင်ကနဲ့ အခုအဖြစ်အပျက်တွေက မြန်မာမြို့တော်မှာ ဂုဏ်အလိုက် ရှိသင့်တဲ့ ကိုယ်ရံတော်တပ်နဲ့ စောင့်ရှောက်ရေး သင်္ဘောတစ်စင်းပါ ထားပြီး အင်္ဂလိပ် ကိုယ်စားလှယ်တစ်ယောက် အမြဲထားဖို့ လိုတယ်လို့ ညွှန်ပြနေတယ်။

၄။ မြန်မာအစိုးရဟာ အဖဂန်နီစတန် ဘုရင်(အေမာရ်)အခုလိုက်နာ ဆောင်ရွက်နေပုံအတိုင်း တခြားနိုင်ငံနဲ့ ဆက်သွယ်ချင်ရင် ကျွန်ုပ်တို့နဲ့ တိုင်ပင်ပြီးမှ ဆောင်ရွက်မယ်လို့ မြော်လင့်ထားမယ်။

၅။ ဗန်းမော်ကတစ်ဆင့် တရုတ်နိုင်ငံထဲကို အင်္ဂလိပ် ကုန်စည်ကူးသန်းရေးလမ်း ဖွင့်နိုင်အောင် လုံလောက်တဲ့ ကူညီအားပေးခြင်းရှိရမယ်။

ဒီအတိုင်း တောင်းပေတော့လို့ အင်္ဂလန်က ၁၇ အောက်တိုဘာ ၁၈၈၅မှာ သဘောတူလိုက်ပါတယ်။ ပြီးတော့ ဒီအချက်တွေကို နောက်ဆုံးစာ (Ultimatum) အဖြစ်နဲ့ ပို့တဲ့အချိန်မှာ ရန်ကုန်ကတပ်တွေ၊ သင်္ဘောတွေ အသင့်ရှိပစေ။ ဒါမှ ဒီစာပါ အချက်တွေ မလိုက်ရောဘူးဆိုတာနဲ့ တစ်ပြိုင်နက် တပ်တွေလွှတ်နိုင်မယ်။ အဖြေကိုလည်း ရက်ကန့်သတ်ပြီး ဒီအတွင်းပေးလို့တောင်း။ ပြင်ဆင်မှုအတွက် ငွေကုန်ကျမှာကို မစိုးရိမ်နဲ့လို့ အသေအချာ မှာပါတယ်။ နောက်ဆုံးစာကို ယူလာတဲ့ **ရွဝံ** သင်္ဘောဟာ ဂေါ်ဝိန်ဆိပ်တည့်တည့် မြစ်ထဲ မှာပဲ ကမ်းမကပ်ဘဲ မီးမပြတ်ထိုးပြီးနေတယ်။ မြန်မာက အဖြေကို ၂၇ အောက်တိုဘာ ၁၈၈၅ မှာ ပေးတော့ ပြန်သွားတယ်။

ပဲရစ်ရောက်နေတဲ့ မြန်မာသံအမတ် ဦးမြူကလည်း စေ့စပ်ရေး အင်မတန် ကြိုးစားပါတယ်။ မြန်မာနိုင်ငံကိုလုမ်းပြီး သစ်ခိုးမှု ဒဏ်ငွေ အတင်းမတောင်းနဲ့လို့ (၁၀ စက်တင်ဘာ ၁၈၈၅) သံကြိုးပို့တယ်။ မရောက်ဖူးလို့ဆိုတယ်။ ပဲရစ်မှာနေတဲ့ အင်္ဂလိပ် သံအမတ်ကို ၂၂ အောက်တိုဘာ ၁၈၈၅ မှာသွားတွေ့ပြီး အခြေအနေကို ရှင်းဖို့ ကြိုးစား

ပါတယ်။ အင်္ဂလိပ်သံအမတ်က သူဘာမှမပြောလို့။ သူ့မှာ ခွင့်မပိုင်လို့ ပြောလိုက်တယ်။ ပြောကြရလည်း မထူးပါဘူး။ အဲဒီ ၂၂ အောက်တိုဘာ ၁၈၈၅ မှာရန်ကုန် အင်္ဂလိပ်က အမျိုးသား မြန်မာအစိုးရကို နောက်ဆုံးစာ ပို့တဲ့နေ့ ဖြစ်ပါတယ်။ ဒါပေမဲ့ သံအမတ် ဦးမြူဟာ အားမလျှော့သေးဘူး။ လန်ဒန်သွားပြီး စေ့စပ်ပါရစေအုံးလို့ ပဲရစ်ရှိ အင်္ဂလိပ် သံအမတ်တစ်ဆင့် ၃ နိုဝင်ဘာ ၁၈၈၅ မှာ ခွင့်တောင်းပါသေးတယ်။ ဒီကိစ္စကို အိန္ဒိယ အစိုးရနဲ့သာ ဆွေးနွေးပါလို့ ၉ နိုဝင်ဘာ ၁၈၈၅ မှာ ပြန်ကြားတယ်။ တကယ်ပြောကြစို့ ဆိုတော့ စစ်တိုက်ဖို့ပဲ ကျန်ပါတော့တယ်။ သီပေါမင်းက ၇ နိုဝင်ဘာ ၁၈၈၅ မှာ နယ်ခြားကို စစ်တပ်သွားဖို့ အမိန့်တော်ပြန်တယ်။ အင်္ဂလိပ်သင်္ဘောတွေကလည်း ၁၁ နိုဝင်ဘာ ၁၈၈၅ မှာ နယ်ခြားကိုကျော်ပြီး တက်လာကြပါပြီ။

အခြေအနေ (မြန်မာအင်္ဂလိပ်ဆက်ဆံရေး)အားလုံးကို ပြန်ပြီးသုံးသပ်ကြည့်ရင် ပထမဦးဆုံး ထင်ရှားတာက အင်္ဂလိပ်ဖက်က လိုတာထက်ပိုပြီး တင်းမာတယ်။ မြန်မာဖက်က အခြေအနေမှန်ကို ကောင်းကောင်းနားမလည်ဘူး။ (နားလည်တဲ့ လူနည်းစုရှိပေမယ့် ဘုရင့် နားပေါက်အောင် မပြောနိုင်ဘူး) ဆိုတာ တွေ့ရပါတယ်။ အဦးအစ မအေကွဲ မင်းသားတွေ သတ်တာကို အပြင်းအထန် ရှုတ်ချတယ်။ မြန်မာဘက်က ပြည်ရွာ ငြိမ်ဝပ်အောင် သူပုန် ထမယ့်လူတွေမို့ အရေးယူရတယ်လို့ ဖြေတယ်။ မင်းသားတစ်ချို့ အင်္ဂလိပ်လက်ထဲ ခိုဝင် သွားတာ ရှိနေတယ်။ အဲဒီ မင်းသားတွေကို နောက်တော့ အင်္ဂလိပ်ဟာ သူပုန်ထဖို့ သွယ်ဝိုက်ပြီးဖန်တီးပေးတာ တွေ့ရပါတယ်။ မြန်မာဘက်က လူသုံးဆယ့်နှစ်ယောက် သတ် တာဟာ လူသုံးသောင်းနှစ်ထောင်ဆိုတာမျိုးလို ပြည်သူတွေ ဒုက္ခမရောက်ရလေအောင် ကာကွယ်တာဖြစ်တယ်လို့ ဆင်ခြေပေးရင် လက်ခံရဖို့ ရှိပါတယ်။ မြန်မာဟာ အခြေအနေ ဆိုးရွားနေတာကို သိတယ်။ ဒါပေမယ့် ကောင်းအောင်လုပ်ဖို့ အခြေအနေမပေးဘူး။ ပြီးတော့ ပဒေသရာဇ်စနစ်နဲ့ ပုံစံအတိုင်း သူတို့ရဲ့အသက် အိုးအိမ် စည်းစိမ်တည်မြဲဖို့လဲ ထိပ်ကထားပြီး စဉ်းစားလေတော့ နယ်ချဲ့ကို ပဒေသရာဇ်ဟာ ဘယ်လိုနည်းနဲ့မှ နိုင်အောင် မတိုက်နိုင်ပါဘူး။ နယ်ချဲ့ကသာ သူတို့အဖို့ အဆင်ပြေမယ်ဆိုရင် ပဒေသရာဇ်ကို နန်းမချဘဲ ကျွေးမွေးပေးကမ်းပြီး လက်သပ်မွေးလို့ ရပါတယ်။ သီပေါမင်းအဖို့ ပေးကမ်း ကျွေးမွေးတာကို မခံရရှာဘူးလို့ဘဲ ပြောရမယ်။ အမျိုးသားစည်းရုံးရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကို တွဲပြီးမလှုပ်ရှားရင် မအောင်မြင်နိုင်ပါဘူး။ အင်္ဂလိပ် အလိုလိုက်ပြီး အပျော်စား နေလိုက်ရင် ထိန်းသိမ်းခံနယ် (Protectorate) ဖြစ်သွားဖို့ ရှိပါတယ်။ ဒါ့ထက်တိုးပြီး အင်္ဂလိပ်ကို လုံးဝလွှင့်သွားအောင် ခါထုတ်နိုင်ဖို့မရှိပါဘူး။ ဒီအခြေအနေကို ကင်းဝန်မင်းကြီးတို့ သိတယ်လို့ ယုံနိုင်ပါတယ်။

## မတိုက်လိုက်ရတဲ့စစ်

ဒီစစ်ဖြစ်တော့မယ်လို့ ကင်းဝန်မင်းကြီးကသိတယ်။ စစ်ဖြစ်ရင် ရှင်ဘုရင် နန်းကျဖို့ သေချာတယ်လို့လဲ သိမယ်။ ဒါကြောင့် အင်္ဂလိပ်မကြိုက်မယ့်အလုပ်ကို ရှောင်ဖို့ ကင်းဝန်မင်းကြီး ကြိုးစားတယ်။ သစ်ကိစ္စမှာ အမှုကို ရက်ဆွဲထားတယ်။ ဒီလိုလုပ်လို့ 'ဘဝရှင်မင်းတရားကြီး ဘုရား အကြိမ်ကြိမ် နှုတ်ပြစ် တင်တော်မူသည်' လို့ဆိုပါတယ်။ သစ်မှုစီရင်ချက်မှာလည်း ကင်းဝန်မင်းကြီး ပြန်ပြောချက်အရ သိရှိသည်မှာ ၁၂ ဩဂုတ် ၁၈၈၅ နေ့က

ရွှေတိုက်ဝန်ပေါက်မြိုင် မြို့စား မင်းကြီးမင်းလှမဟာဇေယနန္ဒသင်္ကြံကို အမိန့်တော်နဲ့ စီရင်ချက် ရေးခိုင်းပြီးမှ ကင်းဝန်မင်းကြီး၊ တောင်ခွင် မင်းကြီး၊ တိုင်တာမင်းကြီးတို့ကိုဩဝါဒ ဝင်လာစေပြီး သံတော်ဆင့် ရွှေတိုက်စိုးမဟာ မင်းထင်ကျော်ရာဇာ (ဦးရော)က ဖတ်တယ်တဲ့။ အင်္ဂလိပ်ဘက်က နားထောင်တဲ့လူတွေက အန္ဒြေနောနဲ့ ပွဲစား မောင်အောင်ဘတို့ ဖြစ်တယ်။ (**ကင်းသမိုင်း**၊ ၁၀)။ အဲဒီနောက် ဒဏ်ကိုမပေးလို့ သစ်နဲ့ဆင်တွေ သိမ်းယူတဲ့အထိ လုပ်မိပြီးတဲ့အခါ စစ်ပြင်ဆင်ဖို့ပဲ ရှိတယ်လို့ သိကြပါတယ်။ စစ်ပြင်ဆင်တယ်ဆိုတာ ဘာမှအသင့်မရှိလို့ ခုမှလုပ်ရတာပဲ ဖြစ်တယ်။

> လက်နက်တိုက်တော်တွင်၊ ဓား လှံ ခဲ ယမ်း တူဆံ အမြောက်ဆံများ မပြည့်စုံ သည် ဖြစ်သောကြောင့် အဆောတလျင်ပင် လွှတ်တော်၏အရှေ့မြောက် ပဟိုရ်စင်အနီးတွင် ကန္တားဖျင်းဆောင်လုပ်။ မြေပုံ၊ ညှပ်ပုံတို့နှင့် အမြောက်ဆံ သေနတ်ဆံများကို သွန်းလုပ်ရသည်။
>
> သက္ကရာဇ် ၁၂၄၇ ခု ဝါခေါင်လဆန်း ၂ ရက် (၁၂ ဩဂုတ် ၁၈၈၅) နေ့ ယမ်းတော်လုပ်ရန် ငွေတော်(၇၀၀၀) ခုနစ်ထောင်၊ တူဆံဝယ်ရန်ငွေတော် (၃၀၀၀) သုံးထောင်၊ ၎င်းလဆန်း ၉ ရက် (၁၉ ဩဂုတ် ၁၈၈၅)နေ့ ယမ်းတော်လုပ်ရန် ငွေတော်(၃၀၀၀)သုံးထောင်၊ တူဆံဝယ်ရန် ငွေတော်(၃၀၀၀)သုံးထောင်၊ ၎င်းလပြည့်ကျော် ၁၁ ရက် (၅ စက်တင်ဘာ ၁၈၈၅)နေ့ ယမ်းတော်လုပ်ရန် ငွေတော် (၇၀၀၀)ခုနစ်ထောင်၊ တူဆံဝယ်ရန် ငွေတော်(၃၀၀၀)သုံးထောင် ထုတ်ပေး တော်မူသည်။
>
> တောင်ငူ တောင်တွင်းကြီး အောက်မြစ်စဉ်ကြောင်းဖြင့် အရေးရှိက ချီမည့် အစု အမှုထမ်းတို့ကို ပေးအပ်ရန် သေနတ်၊ ဓားလွယ်နှင့် စက်ကရိယာများ ပြင်ဆင် လုပ်ဆောင်ဖို့ ကုန်ဝင်ရန် စာရင်းဆက်သွင်းရာပါ ငွေ(၄၀၅၉၆)အနက်၊ သက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်းလဆန်း ၂ ရက် (၈ နိုဝင်ဘာ ၁၈၈၅) နေ့ ထုတ်ပေးတော် မူသည့်ငွေ(၁၀၀၀၀)တသောင်း။
>
> အမြောက်လုံးရေ(၈၀)ပြင်ဆင်ကုန်ဝင်ရန်၊ စက်ဝန်သို့ထုတ်ပေး သနားတော်မြတ် ခံရသည့်ငွေပြင်၊ သင်းဘောတင်အမြောက် (၅၀)ကို ခုံလုပ် ဆောင်ရန် ကုန်ဝင်ရန်ငွေ(၂၀၄)။ စိန်ခုံ(၅၀)နှင့်၊ အမြီး၊ ခါးပတ် မပြည့်စုံသည့် စိန်လုံးရေ (၅၀)ပြင်ဆင် ကုန်ဝင်ရန် ငွေ(၃၇၅)များကို၊ ၁၂၄၇ ခု တန်ဆောင်မုန်း လဆန်း ၈ ရက် (၁၄ နိုဝင်ဘာ ၁၈၈၅) နေ့ ထုတ်ပေးတော်မူသည်။
>
> တရပ်၊ အမြောက်လုံးရေ(၅၆)တွင် မပြည့်စုံသည့်၊ ထိုးတံ၊ မီးစာကောက်၊ ကျည်ချူ၊ နားစူး၊ ယမ်းပုံး၊ ရေပုံး၊ သံခွ၊ သံညှပ်၊ သံတူ၊ တဇင်း(၅၆)စီ လုပ်ဆောင်ကုန်ဝင်ရန်ငွေ (၄၂၅-၁)၊ စိန်လုံးရေ (၁၉)တွင် မပြည့်မစုံသည့် ကိရိယာ လုပ်ဆောင်ကုန်ဝင်ရန်ငွေ (၆၆ ၇ ၁)ကို ၁၂၄၇ ခု တန်ဆောင်မုန်းလ ဆန်း ၈ ရက် (၁၄ နိုဝင်ဘာ ၁၈၈၅) နေ့မှာပင် ထုတ်ပေးတော်မူသည်။ **ကင်းသမိုင်း**၊ ၁၀၁-၃)။

ဒီကောက်နုတ်ချက်ကိုကြည့်ရင် အမျိုးသား မြန်မာနိုင်ငံအစိုးရဟာ စစ်ဖြစ်မဲ့ အခြေအနေကို သိပေမယ့် ဘာမှ ပြင်ဆင်ပြီးမရှိဘူး။ ပြင်သစ်ကို အားကိုးတယ်ဆိုရအောင် ပြင်သစ်တွေဆီက လက်နက်တွေ ရောက်လာတာလဲ မရှိဘူး။ အဲဒါနဲ့တောင် ဘာပြုလို့ သူတို့က အခုလို တင်းမာတယ်ဆိုတာ စဉ်းစားရခက်တယ်။

ပြောစရာစကားတစ်လုံးပဲ ကျန်တယ်။ အခြေအနေရဲ့ အတိမ်အနက်ကို အကဲခတ်နိုင်တဲ့ အသိဉာဏ်မရှိဘူး။ ဘာနဲ့အလားတူသလဲဆိုတော့ ဂျပန်ရန်လိုမှန်းသိလို့ စစ်ပြင်ဆင်နေပေမယ့် စင်ကာပူကျသွားတဲ့အထိ ဟန်ပြပဲရှိလို့ မြန်မာမြေပြင်က ထွက်ပြေးဖို့ပဲ အဖြေရှိတယ်ဆိုတာကို အင်မတန်နောက်ကျမှ သဘောပေါက်တဲ့ ၁၉၄၁ ခု အင်္ဂလိပ်နဲ့ သိပ်တူတာပဲ။ သူတို့ထွက်ပြေးတာကို 'အောင်မြင်စွာဆုတ်ခွာခြင်း' (Glorious Retreat) ခေါ်ရင် သီပေါမင်း ငုတ်တုတ်အဖမ်းခံတာက 'လောကဓံကို ကြံ့ကြံ့ခံခြင်း' (Nonplused Adversity) ပဲဖြစ်တယ်။ အခြေအနေကို ပြန်သုံးသပ်တဲ့အနေနဲ့ ကင်းဝန် အတ္ထုပ္ပတ္တိဆရာ ဦးမောင်မောင်တင်က

> ဤအခါ မြန်မာနိုင်ငံတော်မှ အခြားနိုင်ငံကြီးများသို့ ခြေတလှမ်းမျှ မရောက်မပေါက်ဘူးသူ မှူးတော်မတ်တော် အချို့တို့က၊ စစ်တိုက်သူသည့် ဆန္ဒရှိကြသော်လည်း၊ အင်္ဂလိပ်နိုင်ငံ၊ ပြင်သစ်နိုင်ငံကြီးများကို ရောက်ပေါက်ဖူး၍ လက်နက်လူသူ အင်အားကြီးမားကြောင်း ကိုယ်တိုင်သိမြင် မှတ်သားခဲ့ရသူ ကင်းဝန်မင်းကြီး၊ ကျောက်မြောင်း အတွင်းဝန်မင်း၊ စာရေးကြီး ဦးမြတို့နှင့် သဘောတူ မှူးတော်မတ်တော်တို့က စစ်ဖြစ်ပွားမည့်အရာကို အလွန်ပူပန် စိုးရိမ်ကြသည်ဖြစ်သဖြင့် စစ်တိုက်ဆိုသည်မှာ လူချင်း လက်ဝှေ့သတ်ဘိသကဲ့သို့ ကိုယ့်ဘက်က အနိုင်ရမှ ကောင်းပါကြောင်း။ သက္ကရာဇ် ၁၂၄၂ ခုနှစ်အတွင်းက စ၍ မိုးနဲစော်ဘွားနှင့် အပေါင်းပါစော်ဘွားတို့ ရိုင်းပြခြားနားသောကြောင့် ယခုတိုင် စစ်သည်ရဲမက်ချီတက်စေ၍ နှိပ်ကွပ်နေရသည့်အရေး၊ နိုင်ငံတော် အနောက်မျက်နှာတွင် ဓားပြလူဆိုးတို့ မငြိမ်မသက် ထကြွခြင်းကြောင့်နှိပ်ကွပ် ရသည့်အရေး၊ အညာမြစ်စဉ်တွင် ကချင်များနှင့် ဗိုလ်ပြုသူ ငခေါထကြွသဖြင့် နှိပ်ကွပ်ရသည့်အရေး၊ ဗန်းမော်မြို့တွင် တရုပ်စေက်ကျင် ဝင်ရောက်စီးနင်း၍ မင်းမူသောကြောင့် နှိပ်ကွပ်ရသည့် အရေးများရှိခဲ့သည်ဖြစ်၍ မြန်မာနိုင်ငံတော်မှာ လူမမာကဲ့သို့ အင်အားနည်းပါးနေခဲ့ရာ ယခုအခါ စစ်တိုက်ရမည်ဆိုသော် ငွေကြေးလည်း မပြည့်စုံသေး၊ လက်နက်ကိရိယာလည်း မပြည့်စုံသေး၊ ရဲမက်စစ်သည်လည်းတဖက်သို့ နှိမ်နင်းနိုင်လောက်အောင် မပြည့်စုံသေး ဖြစ်ပါသောကြောင့် သည်တကြိမ် သည်းခံတော်မူပြီးလျှင် သူတို့အလိုရှိရာ ခွင့်ပြုတော်မူပြီးကာလ နောင်ကို ငွေကြေးလက်နက်လူသူ အင်အားနှင့် ပြည့်စုံသည့်အခါမှာ စစ်မက် ချီတက် တိုက်ခိုက်ရန် သင့်ကြောင်းနှင့် ကင်းဝန်မင်းကြီးက တင်လျှောက်ရာ ဘဝရှင်မင်းတရားကြီးဘုရားလည်းသဘောတူတော်မူ၍ တောင်းဆိုသည့် အခွင့်အရေးကို ပေးမလိုလို အမိန့်တော်ရှိပြီးလျှင် ညီလာခံကွဲသဖြင့် ဝင်တော်မူသည်။

တိုင်တားမင်းကြီး၊ လေသင်းအတွင်းဝန်မင်း၊ စက်ဝန်မင်း၊ အက္ကပတ် မြို့ဝန်မင်း၊ တောင်ဝန်မင်း၊ ရွှေလှံမြို့ဝန်မင်း၊ တောင်ဒဝယ်ဗိုလ်မင်း၊ အမြောက် ဝန်မင်းတို့ကား အသျှင်နန်းမတော်ဘုရားက အထူးသဖြင့် သဒ္ဓာ ယုံကြည်တော်မူသော မှူးတော်မတ်တော်ကြီးများ ဖြစ်ကြသည်။ ထိုစဉ်ကာလ အရှင်နန်းမတော်ဘုရား၏ ဆန္ဒတော်မှာ အင်္ဂလိပ်ကို လျှော့၍မပေးလိုဘဲ စစ်တိုက်ဖို့ရာကိုသာ သဘောတော်မြတ်သည်ဖြစ်သောကြောင့် အလိုတော်ရိ မှူးတော်မတ်တော်တို့က ဘုရားရွှေဘုန်းတော်မြတ်

ကြောင့် စစ်မက်တိုက်ခိုက်ရလျှင် အောင်တော်မူပါလိမ့်မည်အကြောင်း၊ ကျွန်တော်မျိုးများလည်း အမှုတော်ကို ဦးလည်မသုန် ထမ်းရွက်မည့်သူချည်းဖြစ်ကြကြောင်းနှင့် သဘောတော်ကျ လိုက်လျောကာဖြင့် တင်လျှောက်ကြသည့်ပြင် မင်းကြီးတပါးကလည်း မနေပြူ၊ ညောင်တုန်းမှစ၍ ရန်ကုန်မြို့ပေါ်နှင့်တကွ ကျောက်တိုင်တောင်ဘက် မြစ်စဉ်တလျှောက်မှာပင် အကြောင်းရှိလျှင် အင်္ဂလိပ်တွေကို ခုတ်သတ်ပစ်ရန် ထားသော ကျွန်တော်မျိုး၏ အတွင်းလူတွေ အခန့်သင့်ရှိကြောင်းကို မင်းလိုလိုက် မင်းကြိုက်ဖြင့် တင်လျှောက်သည်။ ထိုနောက် အင်္ဂလိပ်ကို ကြောက်ရွံ့သော မှူးမတ်တို့အား သနတ်ခါး ကျောက်ပြင်နှင့် ထဘီကိုပေးမည်ဟု အရှင်နန်းမတော် ဘုရားက အမိန့်တော်ရှိကြောင်းနှင့် စကားပျံ့နှံ့လာသည်တွင် စစ်တိုက်ရန်မသင့် ဟူသော စကားကို မည်သူမျှမပြောဝံ့ကြသည်သာမက လေှသင်းအတွင်းဝန်မင်းက ကျွန်တော်မျိုး၌ လေှသင်း ၄တပ်က လူလေးထောင်ကျော်၊ ထို့ပြင် ‘နောင်မဆိုးနှင့်သတိထား’ဟူ၍ လက်မောင်းတွင် စာတမ်းထိုးမှတ်ထားသည့် ဓားပြလုပ်ဘူးသူ လူသုံးထောင်ကျော်၊ ပေါင်းလူ(၇၀၀၀)ကျော်တို့ အမှုတော်ထမ်းရန် အသင့်ရှိကြောင်း တင်လျှောက်သည်။ တချို့သော မှူးတော်မတ်တော် တို့ကလည်း ဆွေသားမျိုးသား လူပေါင်း(၅၀၀)၊ လူပေါင်း (၄၀၀)၊ လူပေါင်း (၃၀၀) နှင့် အမှုတော်ကို ထမ်းနိုင်ပါကြောင်း အသီးသီး တင်လျှောက်ကြသည်။

လက်သုံးတော်ကြီး၊ လက်သုံးတော်ကလေး၊ ကွမ်းရေတော်၊ လက်ဖက်ရည်တော်၊ ဖိနပ်တော်၊ ရွှေဓားစွဲဗိုလ်၊ အဆောင်မြဲ၊ လက်စွဲကြီး၊ ဘာုန်းတိုက် လက်စွဲ၊ ပလိုင်းလက်စွဲ၊ မြောက်စမှတ်လက်စွဲ၊ လက်စွဲကလေး၊ မင်္ဂလာ လက်စွဲကလေးမကျန်၊ နန်းတော်သားဟူသမျှတို့ကလည်း၊ ဆွေသားမျိုးသား မည်မျှနှင့် အမှုတော်ကို ထမ်းရွက်ကြရန် အသင့်ရှိကြောင်းကို ဗြိတိုက်တော်မှာ စာရင်းချ ပေးကြသည်။ (ကင်းသမိုင်း ၁၀၄-၇)

ဒီမှတ်ချက်ကိုဖတ်ရတော့ စစ်တိုက်တာ စုဘုရားလတ်ကတိုက်တာ။ အနားကနေပြီး အများဆုံးအားပေးနေတာက လေှသင်းအတွင်းဝန်ဖြစ်နေပါတယ်။ နောက်ပြီး လူမိုက်တွေများရင် စစ်နိုင်မယ့်ပုံမျိုးပြောနေတယ်။ ‘ဆွေသား မျိုးသား’ဆိုတဲ့စကားဟာ အသေခံဝံ့သူလို့ အဓိပ္ပာယ်ပါတယ်။ အလောင်းမင်းတရား(၁၈ ရာစုဝက်)လက်ထက်က တကယ်တန်ဖိုးရှိတဲ့ အင်အားဖြစ်တယ်။ အခုအလကားပဲ။ ဂျပန်တွေ ဒုတိယကမ္ဘာစစ်စချိန်က ဟာရာကီရိ ဆိုတဲ့ အသေခံတပ်ကို အင်မတန်အားကိုးတယ်။ ဗုံးပိုက်ပြီး ရန်သူသင်္ဘောပေါ်ကို ခုန်ဆင်းရင် ဒို့ကတစ်ယောက်၊ ရန်သူမှာ ထောင်သောင်းသေမယ်ဆိုတဲ့ တွက်ခြေနဲ့ အင်မတန် စိတ်ကြွနေတယ်။ စစ်လက်စသက်မှဲ့ နှစ်ပိုင်းရောက်လာတဲ့အခါ အင်္ဂလိပ်အမေရိကန်မှာ လက်နက်ကောင်းတွေ ထပ်တိုးလာတဲ့အခါ ရန်သူဆီရောက်အောင် အသေခံတွေ သွားနိုင်ခွင့်မရ။ လမ်းမှာပဲ အဖျက်အဆီးခံရတယ်။ သေပေမယ့် လုံးဝ အရာမရောက်တော့ဘူး။ ဒီလိုပဲ ၁၈၈၅ ခုက မြန်မာက အသေခံရဲတယ်ထား။ အသက်ချင်းလဲခွင့်မရဘူး။ သက်သက် အသေခံရုံပဲရှိတယ်။ ‘ဆွေသားမျိုးသား’ တွေ စွန့်ရဲရင် တစ်ဆွေလုံး တစ်မျိုးလုံးပြုတ်ဖို့ပဲ ရှိတယ်။ ရန်သူကတော့ တန့်မသွားပေဘူး။ လေှသင်အတွင်းဝန် အာမခံတဲ့ လူမိုက် ၇၀၀၀ ဟာလဲ ရန်သူတစ်ယောက်မှ မသတ်လိုက်ရပဲ အားလုံးသေသွားနိုင်တယ်။ ဒါပေမဲ့ မူလကပဲ

ခါးပြတွေမို့ မဟန်ပုံပေါ်တာနဲ့ တစ်ခါတည်း လက်ထဲမှာကိုင်ထားတဲ့ သေနတ်ပါ အပါ ယူပြီး အကုန်ထွက်ပြေးဖို့ပဲလို့ မျှော်လင့်ထားရမယ်။ မျှော်လင့်တဲ့အတိုင်းလဲ ဖြစ်တာပဲပေါ့။ ဒီလိုအခြေအနေမှာ သီပေါမင်းရဲ့ ပြည်သူကို ပန်ကြားတဲ့စာကို ဖတ်ကြည့်ပါအုံး။

မြန်မာနိုင်ငံတံဆိပ်တော် နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီးဒိုင်းခေါင်း၊ အဝှန်း၊ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြေတိုင်း၊ တောကဲတို့နှင့် မြို့ရွာနေ ပြည်သူကျွန်တော်မျိုးအပေါင်းတို့။

မိစ္ဆာအယူရှိသော အင်္ဂလိပ် ကုလားမျိုးတို့သည် သာသနာတော်မြတ် အစီးအပွား ပျက်ပြားဆုတ်ယုတ်ရန်အကြောင်း၊ နိုင်ငံတော်အစဉ်အလာ ဓလေ့ထုံးစံများကို လွန်ကျူးရန်အကြောင်း၊ မြန်မာအမျိုးသားတို့ ဂုဏ်အသရေ ယုတ်ညံ့ရန် အကြောင်းများနှင့် စပ်သည့်စကားများကို တင်းမာစွာပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည် ကဲ့သို့ ဟိတ်ဟန်ပြသ အကြံအစည် ပြုလုပ်ရှိသည်ကို တိုင်းကြီးပြည်ကြီး ဓလေ့ ထုံးစံနှင့်အညီ တရားသဖြင့် လမ်းဖြောင့်လမ်းမှန်ကျသည့် စကားရပ်များနှင့် ပြန်ကြားပြောဆိုရှိသည်။

သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည်ဖြစ်လျက် မိစ္ဆာကလားတို့ နိုင်ငံတော်ကို တစုံတရာ စတင်ထိပါး လုပ်ချောက်လာလျှင် သာသနာတော်ကျိုး တိုင်းကျိုးပြည်ကျိုး မဆုတ်ယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ စစ်ကြပ်တို့နှင့်တကွ၊ များစွာသောခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းတက်၊ ရေတက်၊ ရဲမက်စစ်သည်တော် အပေါင်းတို့ဖြင့် စစ်အင် ကျင်းပတော်မူလျက်၊ ကိုယ်တော်တိုင် ရွှေစက်တော် ဖြန့်ချီတော်မူ၍ မိစ္ဆာအင်္ဂလိပ် ကုလားလူမျိုး တို့ကို သုတ်သင်ရှင်းလင်း နှိမ်နင်း သိမ်းယူတော်မူမည် ဖြစ်သည်။

ပြည်သူ ကျွန်တော်မျိုးအပေါင်းတို့မှာ မိစ္ဆာကုလားတို့ရန်ကိုစွဲ၍ စိုးရိမ် ကြောက်ရွံ့ ထိပ်လန့်တုန်လှုပ်မရှိ၊ နိုင်ငံတော်မှအပ ထွက်သွားရှောင်ရှားခြင်းကို မပြု မလုပ် ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ်စားသောက် နေထိုင်မြဲ နေထိုင်ကြရမည်။ မြို့ရွာရှင် အကြီးအအုပ်တို့ကလည်း ကိုယ့်မြို့ကိုယ့်ရွာတွင် သူခိုး ဓားပြ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးသီး အုပ်ထိန်းစည်းကြပ် စောင့်ရှောက်ကြရမည်။

တပ်တော်အများ ချီတက်မည်မှာလည်း ရှေးအခါကာလ စည်းကြပ် ချီတပ် သကဲ့သို့ရရာ ရမိလူတို့ကို လက်နိုင်သိမ်းခေါ်စုရုံး စည်းကြပ် ချီတက်ကြမည် မဟုတ်၊ နေပြည်တော်တွင် အသင့်ဖွဲ့စည်းရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက်သိမ်းယူတော်မူမည်ဖြစ်၍ မြို့ရွာနယ်ရှင် အကြီးအအုပ် ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကြပ်အတည်း ဆင့်ဆိုသိမ်းခေါ် မရှိစေနှင့်။

သာသနာတော်မြတ် စောင့်ရှောက်ရခြင်း၊ အမျိုးသားတို့၏ဂုဏ်သရေကို စောင့်ရှောက် ရခြင်း၊ ပြည်သူတို့ အလုပ်အဆောင် အစီးအပွားကို စောင့်ရှောက် ရခြင်းများသည် သာသနာတော်အကျိုး၊ အသျှင်ကျိုး ကိုယ်ကျိုး သုံးပါးစုံပြီး စီး၍ နတ်ရွာနိဗ္ဗာန် လမ်းကြောင်း ကောင်းမြတ်သောအကျိုးထူးကို ရရာသည်နှင့်အညီ၊ မည်သူမဆို အမှုတော်ကို ညီညာကြိုးပမ်း ထမ်းရွက်လိုသူဖြစ်လျှင် ဆုတော်ငွေတော် အထိုက် အလျောက် သနားချီးမြှင့်တော်မူ၍ ထမ်းသင့်ရာရာ လိုက်ပါထမ်းရွက်စေမည်

ဖြစ်သည်။ မြို့ရွာသူကြီး၊ နယ်ရှင် အကြီးအကဲ ပြုလုပ်သူတို့က ပျောထမ်း၊ သူကောင်ထမ်း၊ လိုက်ပါထမ်းရွက်လိုသူတို့ကို မေးမြန်းစီစစ်၍ ဆိုင်ရာမြို့ရုံး ခရိုင်ရုံးများမှာ အသီးသီး စာရင်းတင်ပေးကြရမည်။

သက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်းလဆန်း ၁ ရက် (၇ နိုဝင်ဘာ ၁၈၈၅)နေ့ နံနက်ညီလာခံတွင် ဝန်ရှင်တော်သေနတ်ဝန် လယ်ကိုင်းမြို့စားမင်း ကြီး၊ ဝန်ရှင်တော် တောင်ခွင်မြို့စားမင်း၊ အတွင်းဝန်မြို့သစ်မြို့စားမင်း၊ အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားမင်း၊ အတွင်းဝန် ကျောက်မြောင်း မြို့စားမင်း၊ အတွင်းဝန် အရှင်နန်းမတော် မိဖုရားခေါင်ကြီး ဘုရားဝန်၊ မိုင်းခိုင်မြို့စား မင်းတို့ အစုံအညီဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက် ရသည့်အတိုင်း ၎င်းနေ့ လွှတ်တော်တွင် ဝန်ရှင်တော်မင်းကြီး ၃ ပါး မိန့်ချက်အရ၊ ဝန်ထောက် ဝက်မစွတ် မြို့စားမင်း မှတ်၍ စာရေးမဟာမင်းလှမင်းထင် စည်သူ ဆင့်သည့်စာ။ (**ကုန်း**၊ တ၊ ၇၀၆-၇ ကြည့်ပါ)

ဒီစစ်ကြေညာချက်လို့ ယူဆတဲ့ဆင့်စာကိုကြည့်ရင် ၁။ သာသနာတော်ကို စော်ကားတဲ့အင်္ဂလိပ်၊ ၂။ လူမျိုးခလေ့ထုံးစံကို မထေမဲ့မြင်ပြုတဲ့ အင်္ဂလိပ်၊ ၃။ ရန်စစ်ပြုမယ်လို့ အကြံအစည်ရှိပြီးဖြစ်တဲ့ အင်္ဂလိပ်ရယ်လို့ ရန်သူကို အချက်သုံးချက် ခွဲချက်တင်တယ်။ ဒီနေရာမှာ သာသနာရဲ့ အစီးအပွားကို ထိမ်းရမယ်။ အမျိုးခလေ့ စော်ကားတာကို ခံမနေရဘူး။ စစ်ဖြစ်ဖို့စတင်တဲ့သူက အင်္ဂလိပ်ပဲဖြစ်တယ်လို့ ဆိုလိုပါတယ်။ စတင်ရန်လိုသူ (Aggressor) ဟာ မြန်မာမဟုတ်ဘူးလို့ အတိအလင်း ဆိုလိုတယ်။ နောက်တစ်ချက်က ဒီလိုယုံကြည်မှုနဲ့ လူမျိုးကိုစော်ကားလာတဲ့'မိစ္ဆာကလား'ကို ရှင်းလင်း သုတ်သင်ဘို့ ရှင်ဘုရင်က သူကိုယ်တိုင် တာဝန်ယူတယ်။ အဲဒါကြောင့် မစိုးရိမ်ကြနဲ့။ နေထိုင်ရောင်းဝယ် စားသောက်မြဲ (Business as usual) နေကြလို့ ပြည်သူကို သတိပေး တယ်။ အရေးကြီးတဲ့နောက်တစ်ချက်က စစ်သားစုတဲ့အခါ 'လက်နိုင်'မစုရုံးရလို့ အသေအချာ မှာတယ်။ အခုစစ်ကိုတိုက်ရင် သာသနာ့အကျိုးပါလို့ 'နတ်ရွာ နိဗ္ဗာန် လမ်းကြောင်း' လို့လည်း ယူဆတယ်။ ရှင်ဘုရင့်အကျိုးစီးပွားလည်း ပါတယ်။ ဒါပေမယ့် ကိုယ့်ရွာကိုယ့်အိမ် အထိ လာပြီးစော်ကားတာဖြစ်လို့ ကိုယ့်အကျိုးစီးပွားကို ကာကွယ်ရာလဲ ရောက်တယ်။ ဒါ့ကြောင့် လိုလိုလားလား စစ်ထဲဝင်ကြပါလို့ လှုံ့ဆော်တယ်။ ဒီစာကို ဆင့်စာလို့ပဲ သမုတ်ပါတယ်။ တကယ်က စစ်ကြေညာချက် မဟုတ်ပါဘူး။ အင်္ဂလိပ်မှတ်တမ်းတွေမှာသာ သရော်လှောင်ပြောင်တဲ့စကားတွေနဲ့ ရှင်ဘုရင်က စစ်ကြေညာတယ်။ သူကိုယ်တိုင် တိုက်မယ်တဲ့။ ဒီစစ်မှာသေရင် နိဗ္ဗာန်ရောက်မယ်တောင် ပြောတယ်လို့ ရေးလေ့ရှိကြပါတယ်။ ဒီလို ပြည်သူ့ရဲ့စိတ်ကို လှုပ်ရှားစေလာပြီး 'မိစ္ဆာဆန့်ကျင်ရေးစစ် (An ti-Heretical War) ပုံစံဖော်ဖို့ ကြိုးစားတာကို တွေ့ရတယ်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားသွေးစည်းရေး အသွင်ကိုတော့ ဘယ်မှာ ဖော်နိုင်လိမ့်မလဲ။ အဲဒါ ပဒေသရာဇ်ရဲ့ အကြီးဆုံးအားနည်းချက်ပဲ ဖြစ်တယ်။ ပဒေသရာဇ်ကိုယ်တိုင်က နောက်ဆုံး ငါ့အဖို့ 'အသက်စည်းစိမ်မပျက်' နေရရင် ပြီးတယ်လို့ စဉ်းစားလာတာပါပဲ။

မြန်မာဟာ စတင်ရန်လိုသူ (Aggressor) မဟုတ်ဘူးဆိုပေမဲ့ ရန်ရှောင်တဲ့ လူတော့ မဟုတ်ဘူး။ စစ်တိုက်ဖို့ ဝန်လေးပါတယ်လို့ ပြောဖို့ခက်တယ်။ အင်္ဂလိပ်က

'စကားများကို တင်းမာစွာ ပြောဆို'တဲ့အတွက် စစ်ဖြစ်ရလည်း ဖြစ်တာပေါ့။ အားကိုးရမဲ့လူတွေ ရှိသားပဲဆိုပြီး အခြေအနေမှန်ကို မသိလို့ 'စိန်ခေါ်'တာကို လက်ခံတာဖြစ်တယ်လို့လဲ ယူဆရမယ်။ သီပေါမင်းနဲ့ စုဖုရားလတ်ဟာ 'အစီရင်ခံစာ အလိမ်' (False Report) တွေကို အားကိုးမိလို့ ဆိုကြပါစို့။ သူတို့စီမံအုပ်ချုပ်နေတဲ့နိုင်ငံမှာ တနှစ်ဝင်ငွေ ဘယ်လောက်ရှိပြီး အဲဒီဝင်ငွေကို ဘယ်လိုသုံးတယ်။ (ဥပမာ အုပ်ချုပ်ရေးမှာ ဘယ်လောက်၊ ကာကွယ်ရေးမှာ ဘယ်လောက်) ဆိုတာ သိရရင် သူတို့ရဲ့ စွမ်းအားကို ခန့်မှန်းလို့ ရနိုင်ပါတယ်။ သီပေါမင်းလက်ထက် အမျိုးသားမြန်မာ အစိုးရရဲ့ တစ်နှစ် ရသုံးခန့်မှန်းခြေစာရင်း (Budget) တစ်ခုကို ဝက်မစွတ်ဝန်ထောက်မင်း သိမ်းထားလို့ ရှိပါတယ်။ (အိပ်ချ် အက်ဖ် ဆာလ်၊ **မန္တလေးခရိုင် ဂေဇက်တီးယား၊** နောက်ဆက်တွဲ ခ၊ ၂၅၄–၇ နှင့် ကုန်း၊ တ၊ ၇၂၉–၃၃ ကြည့်)။ ဒီစာရင်းဟာ သီပေါမင်းပါတော်မမူမီ တစ်နှစ် (၁၂၄၆ ခု)က စာရင်းလို့ ယူဆရင် ရနိုင်မယ်ထင်ပါတယ်။

## အမျိုးသားဗမာအစိုးရ (၁၂၄၆ ခု) ရသုံးစာရင်း

**ဝင်ငွေ**

| | | |
|---|---|---|
| ၁။ | အရပ်ရပ် ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့အကောက်အခွန်တော်ငွေ၊ လစဉ်သွင်း၊ သုံးလတစ်ကြိမ်သွင်း၊ လေးလတစ်ကြိမ်သွင်း၊ ခြောက်လတစ်ကြိမ်သွင်း၊ တစ်နှစ်တစ်ကြိမ်သွင်း၊ အခွန်တော် ဦးရေပေါင်း ခုနစ်ဆယ့်ခြောက်တစ်နှစ်သင် အခွန်တော်ငွေ | ၄,၆၇၉,၈၀၂ |
| ၂။ | နိုင်ငံတော်အတွင်း ရွှေမြို့တော်ဆင်ခြေဖုံး၊ ရှမ်းပြည် မြေလပ်မြို့ ကျေးရွာများ အပြင်၊ ကျန်မြို့ကျေးရွာများက စစ်ဆေးရအိမ် ၄၇၄,၁၃၀ အနက်၊ အိုနာ ကျိုးကန်း အတိဒုက္ခိတ၊ ပထမစာတော်ပြန်မှစ၍၊ လွှတ်တော်စာချွန်ရပါ စုစုကြေးလွှတ်အိမ် ၆၈၃၀၅ ပြင် ကျန်ကြေးခံအိမ် ၄၀၅၉၂၅ မှာ သဘောတူသမာဓိရန်သားစေ၍ ဆူကြံ့နိမ့်မြင့် တစ်အိမ်လျှင် ငွေ ၁၀/ကျ၊ တစ်နှစ်တစ်ကြိမ် သဿမေအခွန်တော် ကောက်ခံရငွေ ၄၀၅၉၂၅၀ အနက်၊ သူကြီးရွာအုပ်တို့သို့ ဆယ်ခိုင်နုတ်ပေးငွေ ၄၀၅၉၂၅ ပြင်၊ ကျန်ဆက်သွင်းရန်ငွေအနက်၊ ကျောင်းဘုရား ကျွန်သီးတော်တွက် ကောက်ခံရငွေ ၂၉၇၆၄ ကို အတွင်းတော်သို့ မဆက်မသွင်းစေရ၊ လွှတ်တော်က ကျောင်းဘုရား အရံစောင့်ထောင် လက်မထောက် အမှုထမ်းလူတို့ကို လစာပေးကမ်းစေ၍၊ ကျန်ဆက်သွင်းရ အခွန်တော် ငွေ ၃၆၂၃၅၆၁ ပါ စုစုရငွေ | ၃၆၅၃၃၂၅ |
| ၃။ | ရှမ်းပြည်မြို့ရွာနယ်မြေများက စော်ဘွားမြို့စားတို့ အချင်းချင်း ညှိနှိုင်း ကောက်ခံ ဆက်သွင်းရသော ရှမ်းပြည်ထောင်စုအတွက် သဿမေအခွန် တော်ငွေ | ၆၀၀၀၀၀ |

| | | |
|---|---|---|
| ၄။ | ကျောက်ဆည်ကိုးခရိုင်မှစ၍ အရပ်ရပ် အရာတော်လယ်မြေစု ကောက်ကြီး မုရင်းစပါးတော် ၈၃၁၃၁၉ တင်း စပါးတရာ လျှင် ၈၀ နှုန်း သင့်ငွေ | ၆၆၅၀၅၅ ၂။ |
| | တစ်နှစ်သင့် အခွန်တော်ငွေပေါင်း | ၉၅၉၈၁၈၂ ၂။ |

**သုံးငွေ**

| | | |
|---|---|---|
| ၁။ | ဆွေတော်မျိုးတော် မင်းသားကြီး၊ မင်းသားလတ်၊ မြင်းမှူးမင်းသား၊ နေရာတော်ရ၊ မရ၊ ရန်ပုံတော်ပါ ၄၅ တစ်နှစ်သင့် လစာငွေ | ၂၉၃၄၀ |
| ၂။ | လွှတ်တော်အရာရှိ ၉၉ တစ်နှစ်သင့် လစာငွေ | ၁၅၀၀၀၀ |
| ၃။ | မြို့တိုက်အရာရှိ ၆၀ တစ်နှစ်သင့် လစာငွေ | ၁၀၀၆၈၀ |
| ၄။ | ရှေ့ရုံးအရာရှိ ၁၁၃ တစ်နှစ်သင့် လစာငွေ | ၃၃၁၈၀ |
| ၅။ | နောက်ရုံးအရာရှိ ၂၄ တစ်နှစ်သင့် လစာငွေ | ၁၆၄၄၀ |
| ၆။ | တရားရုံးအရာရှိ ၃၉ တစ်နှစ်သင့် လစာငွေ | ၁၅၈၄၀ |
| ၇။ | ဝန်စု၊ မှူးစု၊ ဗိုလ်စု၊ လက်သုံးတော်ကြီး၊ ပညာရှိတို့ပါ ၈၉ တစ်နှစ်သင့် လစာငွေ | ၂၀၂၄၆၄ |
| ၈။ | ရွှေတိုက်၊ အချုပ်တိုက်၊ မင်းခန်းတိုက်အရာရှိ၊ စုရေး၊ စုကိုင်၊ စာမေးဆရာ၊ စာဆိုတော်ပါ ၈၅ တစ်နှစ်သင့် လစာငွေ | ၄၄၁၀၀ |
| ၉။ | လက်သုံးတော်ကလေး၊ လက်ဖက်ရည်၊ စားတော်၊ ကွမ်း၊ ရေ၊ ထီး၊ ထားလက်စွဲ၊ အဆောင်တော်မြေ၊ ရဲညွှန့်၊ နတ်ရှင့်ရန်နိုင်၊ သမားတော်၊ အနှိပ်တော်၊ မွေ့သမားတော်၊ မင်္ဂလာအိမ်တော်ပါ ကျွန်တော်မျိုးပါ ၁၁၁၃ တစ်နှစ်သင့် လစာငွေ | ၃၀၈၁၆၀ |
| ၁၀။ | မဟာလေးဆယ်တော်အရာရှိဟောင်း၊ ကွမ်းခမ်း ကျွန်တော်မျိုး၊ ကပ္ပလီ ကျွန်တော်မျိုးပါ၊ ၁၉၆ တစ်နှစ်သင့် လစာငွေ | ၃၇၆၈၀ |
| ၁၁။ | စော်ဘွား ၃၊ အဝေးမြို့ဝန် ၃၈၊ စစ်ကဲ ၁၆၊ နာခံ ၁၂၊ မြို့စာရေး ၆၇၊ ရာဇဝတ်အုပ် ၆ပါ၊ ၁၄၂ တစ်နှစ်သင့် လစာငွေ | ၁၉၆၇၆၄ |
| ၁၂။ | မြောက်ဒဝယ်၊ တောင်ဒဝယ်၊ မြောက်တစ်ရာ့ငါးဆယ်၊ တောင်တစ်ရာ့ငါးဆယ်၊ မြောက်မာရဘင်၊ ရွှေပြည့်မှန်ကင်း၊ အတွင်း ခြောက်စု သေနတ်အမှုထမ်းလူ ၄၀၄၁ တစ်နှစ်သင့် လစာငွေ | ၅၆၅၈၇၂ |
| ၁၃။ | နတ်စုလက်ဝဲ၊ နတ်စုလက်ယာ၊ ရွှေးလက်ဝဲ၊ ရွှေးလက်ယာ၊ လက်ဝဲကြောင်း၊ လက်ယာကြောင်း၊ ပြင်ခြောက်စု သေနတ် အမှုထမ်းလူ ၃၃၂၇ တစ်နှစ်သင့် လစာငွေ | ၄၆၅၈၇၆ |

၁၄။ တောင်မာရဘင်၊ ရွှေလုံ၊ နတ်ရှင်ရွေး၊ နောက်ဝန်းကျင်၊ လင်းဇင်း၊ ကင်းတား၊ သူရဲ၊ တံခါးနီ၊ ဘုန်းတော်မြစ်၊ ဘုန်းတော်တိုး၊ တရာ့ငါးဆဲ့ရှစ်၊ စုသေး သေနတ်အမှုထမ်း လူ ၄၅၃၈ တစ်နှစ်သင့် လစာ ၆၃၅၄၇၂

၁၅။ အမြောက်စု အမှုထမ်းလူ ၇၉၅ တစ်နှစ်သင့် လစာငွေ ၁၁၀၂၂၀

၁၆။ ကသည်းမြင်း၊ အက္ကပတ်မင်း၊ ရဲဘက်မြင်း၊ ရွှေပြည့် ရန်အောင်မြင်း၊ မြင်းစုကြီးမြင်း၊ မြန်မာမြင်း၊ ရှမ်းမြင်း၊ ဇင်းမယ်ပါမြင်း၊ သွေးသောက် အစု နောက်တော်ပါမြင်း၊ လမိုင်းမြင်း၊ နန်းဦး မဂ်လာမြင်း၊ မဂ်လာရဲညွန့်မြင်း၊ စီးတော်မြင်း၊ မြင်းအမှုထမ်း တစ်ဆယ့်သုံးရပ် လူ ၅၁၁၈ တစ်နှစ်သင့် လစာငွေ ၈၆၂၄၄၀

၁၇။ ရှေ့ဝင်း၊ လက်ဝဲဝင်း၊ လက်ယာဝင်း၊ နောက်ဝင်း၊ စို့လေးဆယ်ဒိုင်း၊ ကောင်ဟန်၊ ယွန်းစု၊ ခုနစ်စု အမှုထမ်း လူ ၁၅၈၂ တစ်နှစ်သင့် လစာငွေ ၂၅၁၃၈၂

၁၈။ လှေ၊ တောင်၊ သဘော်၊ သမ္ဗာန်၊ ပရပတ်၊ လှေခုတ် လက်သမား၊ အစုအမှုထမ်း လူ ၆၂၃၈ တစ်နှစ်သင့် လစာငွေ ၂၅၁၃၈၂

၁၉။ မျိုးခြား ကျွန်တော်မျိုးဦးရေ ၂၆ တစ်နှစ်သင့် လစာငွေ ၁၀၀၉၂၀

၂၀။ မင်္ဂလာအိမ်တော်ပါ ဆင်တော်ဦးစီးနောက်ပဲ့၊ ပဟိုရ်တီး၊ ဗိုလ်တရာ၊ စာပုံနှိပ်၊ ဆင်မင်းမြက်ထိုး၊ အောက်ရောက် လက်သမား၊ ဘဏ္ဍာတော်လက်သမား၊ ဘွားဘက်ကျော်၊ ဒိုင်းတော်၊ ဆေးရေးပန်းချီ၊ ရွှေပန်းချီ၊ ဆင်ကာ၊ ရွှေတိုက် လက်သမား၊ စုသေးအမှုထမ်း လူ ၆၀၃ တစ်နှစ်သင့် လစာငွေ ၉၂၁၀၀

၂၁။ ပွဲတော်ကြီး၊ စွမ်းတော်၊ ရေကြည်၊ ရုပ်စုံမဟာစင်တော်ကြီး၊ မြန်မာအချုပ်၊ ရှမ်းအချုပ်၊ ကုလားအချုပ်၊ စုသေးအမှုထမ်း လူ ၂၂၉ တစ်နှစ်သင့် လစာ ၃၄၉၈၀

၂၂။ ခြေကျင်တော် နတ်ကြီးတစယ်ဆယ့်ငါးတန်ဆောင်းစောင့် ပုဏ္ဏား၊ ကုလားပန်းရန်၊ ရွှေပန်းတိမ်၊ ရွှေတိုက်ဝန်ဝန်စု၊ အတွင်း ခိုင်းပန်းတိမ်၊ ပိဋကတ်ပေလုပ်၊ မျဉ်းကိုင်၊ မရမ်ဆင်စွယ်ပွတ်၊ ပန်းပု၊ ဒူးရင်းဥယျာဉ်တော်စောင့်ပါ စုသေးအမှုတော်ထမ်း လူ ၃၉၆ တစ်နှစ်သင့် လစာငွေ ၅၆၃၆၄

၂၃။ နွားနို့တော်ဆက်၊ ရှေ့တော်ပြေး၊ စမြောင်တုရင်၊ ကောင်ဟန်တန်၊ လက်နက်တိုက်၊ တင်းတိမ်ရုံ၊ ဆင်မင်းပျော်ဘွယ်၊ ဝင်စည်၊ မြန်မာဇာတ်ကြီး၊ ယိုးဒယားဇာတ်ကြီး၊ အတွင်းဆိုင်း၊ ကျွမ်းခရာ၊ ပုံတောင်၊ ဆင်တော်လက်ရှိ ဦးစီးနောက်ပဲ့ပါ၊ စုသေးအမှုထမ်း လူ ၁၃၂၇ တစ်နှစ်သင့် လစာငွေ ၂၀၂၆၉၂

၂၄။ နာရီတော်စောင့်ပုဏ္ဏား၊ ကြေးပန်းတည်း၊ ဇဝါပန်းတည်း၊
ဆတ်တာ၊ ရွှေတာ၊ ကန်သာယာ၊ ဟန်လင်းစည်သုံးရပ်၊
မင်္ဂလာရွှေမောင်း၊ ခင်ဦးတည်း၊ တောစည်ပုတ္တရာမြို့သစ်
လွှတ်စေလေးရပ်၊ ဆီမီးထွန်းလက်ဆောင်ယူ၊ နေရာတော်၊
လှေကားတော်၊ ငှက်တော်၊ သူငယ်တော်၊ နောက်ရုံးစေ၊
အနောက်တောင်၊ ရွှေချည်ထိုး၊ ဂူန္တန်ထိုး၊ ကြယ်ခတ်၊
ယင်းမာ၊ ထီးဖြူတော်စောင့်၊ အဆောင်နီ၊ ရွှေတိုက်၊
အချုပ်တိုက်၊ ခါရင်တိုက်၊ မင်းခမ်းတိုက်၊ မိုးသွေးတိုက်၊
ငါးရပ်တိုက်စောင့်၊ အင်တိုင်းပြော့နေရာချ၊ နန်းကံကျွေး
ပြတ်လွှ၊ ယမ်းပြန်ယမ်းထောင်း၊ ဒေါနပန်းတော်စိုက်၊
မောင်းခတ်၊ သစ်ပွတ်၊ ဆင်မှူး၊ သွေးသောက်ကြီး၊ ဆင်ဆေးသမား၊
ဆင်တော်ပါ၊ ကျုံးမှူး၊ ဥယျာဉ်မှူး၊ ကျုံးစောင့်၊ ရွှေလွန်း၊
မြင်းတိုင်၊ မြင်းမွေး၊ ကျီတော်၊ ဝင့်သီး၊ ရွှေဇယက်၊
သန့်စင်တော်စက်၊ မင်္ဂလာရထား၊ ရွှေတိုက်ပန်းရန်၊ ချပ်ယက်၊
ဆေးသုတ်ကုလား၊ ကွမ်းသီးတိုက်စောင့်၊ ဖြီးတော်လုပ်၊
ပုရပိုက်ဖြူလုပ်၊ အမြောက်စက်ရုံ၊ သင်္ဘောစက်ရုံ၊
စက်အမျိုးမျိုးရုံ၊ ယက်ကန်းစက်ရုံ၊ တံဆိပ်စက်ရုံ၊
ရေစက်ရုံ၊ သကြားစက်ရုံ၊ ဂွမ်းကြိတ်စက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊
မီးစက်ကိုင်၊ စစ်ကိုင်းသံဖိုတော်၊ ပန်းပဲအမှုထမ်း၊ လျှပ်စစ်ခဲမီး
စက်ရုံ၊ အရပ်ရပ် ဌာနဦးရေ ၇၂၊ အစောင့်အရှောက်ပါ စုသေး
အမှုထမ်းလူ ၁၅၁၄ တို့မှာ တစ်နှစ်သင့် လစာငွေ ၂၅၉၀၀၈


၂၅။ ထောင်လက်မထောက် အမှုထမ်းလူ ၅၂၊ အရံစောင့်
အမှုထမ်းလူ ၅၀၊ ကျောင်းအရံစောင့် အမှုထမ်းလူ ၁၇၀၊
သုံးစုအမှုထမ်း လူ ၂၇၂ တစ်နှစ်သင့် လစာငွေ ၃၄၉၈၀


သုံးငွေအစုစု ၅၄၇၄၅၅၆

မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ အထိန်းတော်၊
အယတော်၊ အချီတော်၊ အပျိုတော်၊ မြို့စားရွာစားတို့သို့
ချီးမြှင့်ငွေမှတပါး အသုံးတော်ရှိရာ သုံးကုန်ငွေများပြင်
ကျောင်းဘုရား စာပေပိဋကတ်မှစ၍ ရဟန်း၊ သာမဏေ၊
သူတော်၊ သီလသည်တို့ကို လစဉ် နှစ်စဉ်မပြတ်အောင်
လှူဒါန်း ပြုစုချီးမြှင့်သနားတော်မူရန် (မိဖုရားလိုရာသုံးရန်) ၄၁၂၃၆၂၆ ၂။

မူလဝင်ငွေ အစုစု ၉၅၉၈၁၈၂ ၂။

အဲဒီစာရင်းကို ဝေဖန်ပိုင်းခြားပြီး ကြည့်ဖို့လိုပါတယ်။ ပြီးတော့ ဒီစာရင်းထဲမှာ အမျိုးသားမြန်မာအစိုးရ လခစား (ပြည်ရေးပြည်ရာ အမှုထမ်းရော စစ်မှုထမ်းပါ) စာရင်းပါနေလို့ လျှော့ဖြတ်ကြည့်ရတာနဲ့ပဲ အုပ်ချုပ်ရေးနဲ့ ကာကွယ်ရေးပုံစံကို သဘောပေါက်သလောက် ရှိနိုင်ပါတယ်။ အကြမ်းဆုံးနဲ့ အလွယ်နည်းပြောကြရင် အစိုးရအနေနဲ့ ဝင်ငွေလေးမျိုးရှိတယ်။ အစုစုငွေ ကိုးသန်းခွဲဝင်တယ်။ အဲဒီအထဲက လေးသန်းခွဲဟာ အကောက်အခွန်က ရတယ်။ ၄၉ ရာနှုန်း ဆိုကြပါစို့။ သဿမေဓရငွေက လေးသန်းရတယ်။ ၄၃ ရာနှုန်းပေါ့။ လယ်တော်က ခြောက်သိန်းခွဲရမယ်။ ၈ ရာနှုန်းပါပဲ။ သဿမေဓကို ပြည်မနဲ့ရှမ်းကိုခွဲပြီး စာရင်းပြတယ်။ ပြည်မက ၈၀ ရာနှုန်း၊ ရှမ်းက ၂၀ ရာနှုန်းဖြစ်ပါတယ်။ ဒီဝင်ငွေကို ကြည့်ရင် အကောက်အခွန်ဆိုတဲ့ ရောင်းဝယ်ရေးက ဖြစ်ပေါ်လာတဲ့ဝင်ငွေဟာ အစုစုဝင်ငွေရဲ့ ထက်ဝက်ရှိတယ်လို့ ဆိုနိုင်ပါတယ်။ အရောင်းအဝယ်ဟာလည်း အထက်မြန်မာနိုင်ငံအနေနဲ့ အောက်မြန်မာနိုင်ငံကို ဆက်သွယ်ပြီးမှ ဖြစ်ပေါ်တဲ့ မြန်မာအချင်းချင်း (အညာအကြေ) ဆက်ဆံရေး၊ မြန်မာကုလားဆက်ဆံရေး၊ မြန်မာဥရောပဆက်ဆံရေး၊ မြန်မာတရုတ်ဆက်ဆံရေး တွေကို ဆိုလိုပါတယ်။ အဲဒီအထဲမှာ အမျိုးသားမြန်မာနိုင်ငံဖက်က သွင်းယူတဲ့ ဆန်စပါးက အကောက်လွတ်တယ်။ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငန်ပြာရေက လျှော့နှုန်းကောက်ရတယ်။ ဒီလို အခြေခံစားကုန်ထဲမှာ ဆန်ကိုယူရတာဟာ အညာမှာ သီပေါမင်း နန်းစွန့်ရခါနီးနှစ် တွေမှာ အင်မတန်ပျက်စီးလို့ဆိုပါတယ်။ ဒါတောင် ဆန်မရရင် ပြောင်းနဲ့ ဂျုံကို အညာမှာပဲ ရလို့ တကယ်တော့ အစားထိုးနိုင်သေးတယ်။ ဆားနဲ့ငါးပိက အစားထိုးစရာ မရှိဘူး။ အင်္ဂလိပ်ဟာ အညာကို အစားအစာမသွင်းဘဲ ဆားငပိမပေးဘဲ အငတ်ထားဘို့ စဉ်းစား ဖူးတယ်ဆိုတာလည်း သူတို့မှတ်တမ်းအရပဲ သိရပါတယ်။ အချုပ်ကတော့ ဝင်ငွေအနေနဲ့






အမျိုးသားမြန်မာအစိုးရဟာ အင်္ဂလိပ်မြန်မာနိုင်ငံကို လုံးလုံးမဟုတ်တဲ့တိုင်အောင် ထက်ဝက်လောက် အားကိုးနေတယ်လို့ ဆိုရပါမယ်။ သုံးငွေကိုကြည့်ကြရင် အုပ်ချုပ်ရေးမှာ နှစ်သန်းနီးပါးသုံးတယ်။ ၁၉ ရာနှုန်းလို့ပဲ ဆိုကြပါစို့။ ကာကွယ်ရေးမှာ သုံးသန်းခွဲ သုံးတယ်။ ၃၈ ရာနှုန်းပါပဲ။ ဒီတော့ကျန်တဲ့ ငွေလေးသန်း (၄၃ ရာနှုန်း)ဟာ မင်းမိဖုရား လိုရာသုံးနိုင်တဲ့ ငွေလို့ပဲ ယူဆပါတယ်။ ဒါပေမဲ့ လှူတဲ့အခါ ဒီငွေပဲ။ မင်းက ချွေရံသင်းပင်းကို ဆုပေးတဲ့အခါ ဒီငွေပဲ။ ဒါကြောင့် ပြည့်သူ့လက်ထဲကို တစ်စိတ်တစ်ပိုင်း ရောက်ပါသေးတယ်။ ဒါပေမဲ့ အခုလိုအရေးကြီးတဲ့အခါ ဝင်ငွေရဲ့ ၃၈ ရာနှုန်းသာ ကာကွယ်ရေးမှာ သုံးတယ် ဆိုတဲ့အချက်ရယ်၊ ကာကွယ်ရေးကို ကြည်း၊ ရေ နှစ်ပိုင်းခွဲပြန်တော့ ရေဘက်မှာ ငါးချိုးတစ်ချိုး၊ ကြည်းဘက်မှာ ငါးချိုးလေးချိုး ဖြစ်နေတာကို တွေ့တယ်။ ရန်သူအင်္ဂလိပ်ဟာ ဧရာဝတီမြစ်ရိုးကနေပြီး သင်္ဘောတွေနဲ့တပ်တွေကို ပို့မယ်ဆိုတာ သိနေရက်သားနဲ့ ရေဘက်မှာ ငွေသုံးနည်းတာကို ရက်ရက်စက်စက် အပြစ်တင်ပေတော့လို့ပဲ ပြောချင်တယ်။ အထူးသဖြင့် မင်းမိဖုရား ယုံကြည်တဲ့လူဟာ လေသင်းအတွင်းဝန်ဖြစ်တယ်။ ခေတ်အခေါ်နဲ့ပြောရင် ဒီလူဟာ ရေတပ်ဗိုလ်ချုပ်ပဲဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်က ရေတပ်အတွက် ငွေခြောက်သိန်းခြောက်သောင်းပဲ သုံးတယ်ဆိုတာ ခွင့်လွှတ်ဖို့ခက်တယ်။ တကယ်လို့ မင်းမိဖုရား လိုရာသုံးဖို့ ဒီငွေခြောက်သိန်းခြောက်သောင်းပေးပြီး မင်းမိဖုရား သုံးဖို့ဖယ်ထားတဲ့ ငွေလေးသန်းကို ရေတပ် တိုးချဲ့ဖို့သုံးတယ်ဆိုရင် အင်မတန် ဆီလျော်တယ်လို့ ဆိုနိုင်တယ်။ ဒါပေမဲ့ ခဏချင်း စိတ်လိုက်မန်ပါ ပြောတဲ့အခါသာ ဒီစကား ဟုတ်သလို ရှိတယ်။ တကယ်ကတော့ ရန်စစ်ကို အများဆုံးရက်ရွေ့ပြီး ပေးရချင်းတူအုံးတော့။ နည်းနည်းချင်းရွှေ့ပေးတဲ့ပုံစံနဲ့ မင်းသက်ရှည်အောင် မွေးဖို့ပဲ အဖြေရှာရပါတယ်။

စစ်ကိုမရှောင်ဘဲ ပြိုင်ဆိုင်ဖို့ဆုံးဖြတ်တဲ့အခါ သုံးတဲ့လက်နက်တွေကို ဆန်းစစ်ဖို့ လိုပါတယ်။ ရန်သူကလူဦးရေအတွက် အများကြီးမသာပေမဲ့ (၁) စည်းကမ်းမှာ အများကြီး သာတယ်။ (၂) စစ်ပညာမှာလည်းသာတယ်။ ပြီးတော့ (၃) လက်နက်ကလည်း ပိုပြီး ပြင်းထန်ထိရောက်တယ်။ မားချင်းယှဉ်ခုတ်ရင် မြန်မာက နိုင်ချင်နိုင်မယ်။ အခုတော့ အကာအကွယ်က ထွက်လိုက်တာနဲ့တစ်ပြိုင်နက် ကျည်သင့်ပြီး သေရရှာတယ်။ လက်နက် နှိုင်းယှဉ်ချက်ကို အခု ၁၈၈၅ ခု စစ်အတွက် ဒီလိုတွေ့ရဖူးပါတယ်။

အင်္ဂလိပ်မင်းဘက်က၊ ကုလားလူမျိုး ရဲမက်စစ်သည်တို့မှာ ကိုက်ပေါင်း (၁၂၀၀) ခန့်ခရီးကို ပစ်ရောက်နိုင်သည့်၊ ဘေးဖွင့်ခေါ် (ဟင်နလီမာတင်တင်နီ) နောက်ထိုး သေနတ်ကို စွဲကိုင်၍၊ ဂေါ်ရာခေါ် ဝေလပြည်သား စကော့တလန် ပြည်သားရဲမက် စစ်သည်တို့မှာ ကိုက်ပေါင်း (၁၅၀၀) ခန့်ခရီးကို ပစ်ရောက် နိုင်သည့် ဗထက်ချိုင့် ခေါ် (ရိုင်ဘတ်) နောက်ထိုး သေနတ်ကိုစွဲကိုင်သည်။ ၎င်းသေနတ်နှစ်မျိုးလုံးပင် တမိနစ်အတွင်း အချက်ပေါင်း ၂၀ ပြီးအောင် ပစ်ခတ်နိုင်သည်။ အမြောက်မှာလည်း နောက်ထိုး အမြောက်များစက် အမြောက် များဖြစ်၍ တမိနစ်လျှင်၊ အချက်ပေါင်းများစွာ ပစ်ခတ်နိုင်သည့်ပြင် ခရီး ၆ မိုင်ထက်မနည်းအောင် အမြောက်ဆံများ ရောက်ရှိနိုင်သည်။ အမြောက်ဆံမှာ လည်း မြန်မာအမြောက်ဆံကဲ့သို့အလုံး အဝိုင်းရိုးရိုးမဟုတ်။ ၉ လက်မခွဲ၊ တပေခန့် အရှည်ရှိသည့်ပြင် အတွင်းက တူဆံစနက်နှင့် ယမ်းအပြည့်အနှက် ပါသည်ဖြစ်၍ ကျရာအရပ်တွင် အစိတ်အစိတ်ပေါက်ပြီးလျှင်၊ ကြောက်မက်ဘွယ် လူအများကို သေကြေအောင် ထိမှန်နိုင်လေသည်။

မြန်မာမင်းဘက်က စစ်သည်သူရဲတို့မှာ သုံးခွေစွပ်ခေါ်(တူမီး) ရှေ့ထိုးသေနတ် နှင့် ယခုတိုင် သင်္ဘောဆိပ်၊ နန်းတွင်းမြို့တွင်း နန်းပေါက် မြို့ပေါက်များမှာ၊ ဒူးတိုင်၊ ၄တ်တိုင် အဖြစ်ဖြင့် အင်္ဂလိပ်မင်းက စိုက်ထားသည့် မီးစာကောက် အမြောက်များကို စွဲကိုင်ပစ်ခတ်ကြရသည်။

(တူမီး)သေနတ်မှာ(၈၇၅)ကိုက်လောက်ခရီးကိုသာလျှင် ကျည်ဆံရောက်နိုင်သည့်ပြင်၊ မီးစာကောက်အမြောက်ဆံမှာလည်း အလွန်ဆုံးခရီးတမိုင်ခန့်မျှ ထက်ပို၍ မရောက် နိုင်ဖြစ်၍ တတိယစစ်ပွဲတွင် စွဲကိုင်ကြသည့် လက်နက်ချင်းမှာ မတုဘက်နိုင်လောက် အောင်၊ အင်္ဂလိပ်မင်းလက်နက်က သာလွန်၍ကောင်းလှပေ၏။

ဤစဉ်အခါက မြန်မာမင်းမြတ် စံတော်မူသော ရွှေနန်းတော်အတွင်းတွင်ရှိသည့် ကိရိယာအစုံအလင်နှင့် မီးစကောက်စကြာတင် အမြောက်ကြီး ၁၂၀ အနက်၊ သပြေတန်းခံမြို့ ဗိုလ်ဦးကြယ်သို့ ၄ လက်၊ အဝခံမြို့ဗိုလ်ဦးရှူသို့ ၃ လက်၊ စစ်ကိုင်းခံမြို့ ဗိုလ်ဦးသွယ်သို့ ၃ လက်၊ အမြောက်တပ်အမြောက်စာရေး ဦးကွန်းသို့ ၁၀ လက်ပေးအပ်ရသောကြောင့် အမြောက်လက်ရေ ၁၀၀ ကျန်သည်။ (ကင်းသမိုင်း၊ ၁၀၈–၁၀)

ဒီနေရာမှာ စစ်စည်းကမ်း စစ်ပညာဆိုတာတွေကို ခဏထားပြီး မြန်မာသေနတ်က ကိုက် ၉၀၀ မရောက်ဘူး။ အမြောက်ကတစ်မိုင်ကို အနိုင်နိုင် ပစ်လွှတ်ရတဲ့အခါက အင်္ဂလိပ် သေနတ်က ကိုက် ၁၂၀၀၊ ၁၅၀၀ သွားတယ်။ အမြောက်က ၆ မိုင်ခရီးကို လှမ်းပြီး ဖျက်ဆီးနိုင်တယ်ဆိုတော့ ဂျပန် ကာမီကာဇေတွေ အသေခံရဲလို့ သေကြရှာတယ်၊ အရာ

မရောက်ဘူးဆိုတဲ့အချိုးပဲ တွက်ယူရင်ရမယ်။ လှေသင်းအတွင်းဝန်ရဲ့ 'နောင်မဆိုးနဲ့ 'လူစု၊ မှူးမတ်တွေရဲ့ 'ဆွေသားမျိုးသား' လူစုတွေလည်း ခံမြို့ထဲကနေပြီး အသေခံဖို့ပဲ ရှိတယ်။ တကယ်လို့သာ ဧရာဝတီက သင်္ဘောနဲ့ဆန်လာတဲ့တပ်တွေကို ရေကြောင်းပိတ်လို့ သင်္ဘော ဆက်ပြီးဆန်မရတာနဲ့ သဲကန္တာရတပိုင်းဖြစ်တဲ့ ချောက်၊ စလေ၊ ညောင်ဦး၊ မြင်းခြံ၊ တလုပ်ဆိုတဲ့နေရာတွေက ကုန်ကိုတင်လိုက်ရပြီး သူတို့အဖို့ ရေရှားတာ ဒေသမကျွမ်းကျင်တာ ရှိလို့ ဒုက္ခတွေ့မှာကို အခွင့်တောင်းယူပြီး ကိုယ့်ဖက်က ပြောက်ကျားစစ်နဲ့ ပြည်သူ့စစ်အသွင် ကိုယူနိုင်ရင် ၁၁ နိုဝင်ဘာ ၁၈၈၅ ကျူးကျော်လာတဲ့စစ်ဟာ ၁၈၈၆ ခု မတ်လ ဧပြီလအထိ ရက်ကြာသွားနိုင်တယ်။ ဒီလိုဆိုရင် အညာကို တက်လာတဲ့ရန်သူဟာ ဗိုလ်နေပူ၊ ဗိုလ်ဝမ်းကျ တို့ ကူပြီးနှိမ်နင်းပေးလို့ ထက်ဝက်လောက် သေကုန်နိုင်တယ်။ တကယ်တော့ ဒါဟာ စိတ်ကူးယဉ်ကြည့်တာပါ။ ပဒေသရာဇ်ဟာ ဘယ်တော့မှ ပြည်သူ့စစ်ကို ဖော်ထုတ်နိုင်မှာ မဟုတ်ပါဘူး။ အင်္ဂလိပ်တပ်ကို အုပ်ချုပ်လာတဲ့လူက 'ဂျေနရယ်ပြိန္ဒရဂတ်' (Major General H.N.D. Prendergast) ဖြစ်ပါတယ်။ စစ်ပွဲမှာ အစပါဝင်ဖို့ တစ်သောင်းချီစေ တယ်။ ရန်ကုန်မှာ အရံတစ်သောင်းငါးထောင်ထားတယ်။ ဒါပေမဲ့ ရန်ကုန်ကတပ်ကိုလည်း ခေါ်ယူလို့ အစုစု နှစ်သောင်းငါးထောင် ချီလာပါတယ်။ မြန်မာက တောင်တွင်းကြီးကြောင်း၊ တောင်ငူကြောင်း၊ အောက်မြစ်စဉ်ကြောင်းဆိုပြီး စစ်သုံးကြောင်းလွှတ်တယ်။ အစုစု 'နှစ်သောင်း တစ်ထောင်နှစ်ရာ့သုံးဆယ်' ရှိတယ်လို့သိရပါတယ်။ ဒီစစ်ကို အရေးများကြလို့ ဒီမှာ အကျယ်တဝင့် မရေးတော့ဘူး။ 'ပါတော်မူရက်' က၂၉ နိုဝင်ဘာ ၁၈၈၅ ပဲ ဖြစ်တယ်။ ရန်ကုန်ကို ၃ ဒီဇင်ဘာ ၁၈၈၅ ရောက်၊ မဒရပ်ကို ၁၄ ဒီဇင်ဘာ ၁၈၈၅ ရောက် သွားပါတယ်။

> ထို့ကြောင့် မြန်မာနိုင်ငံပျက်စီးရခြင်းသည် ဘုရင်မင်းမြတ် မလိမ္မာသည့် အဖြစ်ကြောင့်ဟူ၍ အပြစ်ဆိုကြခြင်းသည်လည်း ဆိုသူတို့သာလျှင် မလိမ္မာရာ ရောက်လေတော့သည်။ ၎င်းပြင်ကင်းဝန်မင်းကြီးမှစ၍ မှူးကြီးမတ်ငယ် အပေါင်းတို့အပေါ် အပြစ်ဆိုခြင်းမှာလည်း မိမိတို့မြန်မာနိုင်ငံ၏ အင်အား အခြေအနေ၊ အင်္ဂလိပ်မင်းပိုင်နိုင်ငံ၏ အင်အားအခြေအနေကို မသိမကျွမ်းရာ ရောက်လေတော့သည်။ မြန်မာလူမျိုးတို့ကား ရဲသွေးမာန်နှင့် သူရသတ္တိပြည့်စုံ ခြင်းရှိသောသတင်းကို ကမ္ဘာပေါ်တွင် ကျော်စောကိတ္တိ နံ့သိထင်ရှားခဲ့လေသည်။ သို့ရာတွင် စစ်တိုက် ဆိုသည်မှာ တစ်ဦးကိုတစ်ဦးက အသေသတ်ရသည့်ပွဲ ဖြစ်၍ လက်နက်ကောင်းအမှန် လိုခဲ့သည်။ ယခုတိုက်ပွဲမှာ အင်္ဂလိပ်မင်းဘက်က လက်နက်များကား မြန်မာမင်းဘက်က လက်နက်ထက် ဆယ်ဆလောက်ပို၍ကောင်းသဖြင့် ကိုယ်ကလွှတ်လိုက်သည့် လက်နက်မှာ ရန်သူရှိရာသို့ မမှီ မရောက်။ သူက လွှတ်လိုက်သည့် လက်နက်တို့သာလျှင် မီးပေါက်မိုးရွာဘိသို့ ရောက်ရှိရာသည်ဖြစ်သောကြောင့် ဧရာဝတီမြစ် အရှေ့ဘက် ကမ်းထိပ်ရှိ မြင်းခြံအရပ်တွင်တပ်တည်လုပ်၍ စွဲရပ်ခုခံသော ရေကြောင်း ဗိုလ်ချုပ်ကြီး လှေသင်း အတွင်းဝန်စလေမြို့စားမင်းကြီး သီရိမဟာဇေယကျော်ထင်၏ တပ်မကြီး သည် ၄ နာရီခန့်မျှသာလျှင် ပြန်လှန်ပစ်ခတ်၍ တိုက်ခိုက်နိုင်သည်။ ထို့နောက် ရေကြောင်းဗိုလ်ချုပ်၏ တပ်မကြီးသည် မြင်းခြံအရှေ့ကျောက်ရံ အရပ်တိုင်အောင် ဆုတ်ခွာခဲ့ရသဖြင့် အင်္ဂလိပ်တပ်သင်္ဘောများသည် ဧရာဝတီမြစ်အတိုင်း ဆန်တက်

မြဲ ဆန်တက်လာကြလေ၍ မင်းနှင့်တကွနိုင်ငံပါ သိမ်းယူကြခြင်းဖြစ်သည်။ **(ကင်းသမိုင်း ၁၄၄-၅)**။

ဒီကောက်နုတ်ချက်ကတော့ လက်နက်ကွာလို့ ရှုံးရတယ်ဆိုတယ်။ တစ်စိတ်တစ်ပိုင်း မှန်တယ်၊ အကုန်မမှန်ဘူး။ တကယ့်အဖြစ်အပျက်ကတော့ ပဒေသရာဇ် စည်းရုံးရေးဟာ နယ်ချဲ့စည်းရုံးရေးကို မနိုင်နိုင်ဘူး။ အမျိုးသားစည်းရုံးရေးသာ ဟန့်တားနိုင်တယ်။ အမျိုးသား မြန်မာနိုင်ငံ အစိုးရဖက်က အမျိုးသားစည်းရုံးရေး လုံးဝ မတွေ့ရပါ။

## အင်္ဂလိပ် လက်အောက်ရောက်စ မန္တလေး

သီပေါမင်း ရန်သူ့လက်ထဲပါပြီးစ ပူပူနွေးနွေးအချိန်မှာ အမြင်အကြားကို မှတ်သားပြီး ဝေဖန်ဆန်းစစ်တတ်တဲ့ ရုရှားပညာရှင်တစ်ဦး မန္တလေးကိုရောက်လာ ပါတယ်။ သူ့အကြောင်းကို နည်းနည်းအခြေခံသိရပြီး မန္တလေးမှာ သူ့အတွေ့အကြုံနဲ့ သဘောထားမှတ်ချက်တွေကို တင်ပြရရင် သတိပြုစရာအချက်၊ စိတ်ပါဝင်စားစရာ အချက်တွေ တကယ်ပဲရမယ်လို့ ထင်ပါတယ်။ သူ့နာမည်က အိုင်ဗင်ပဗလိုဗစ်မိဖ်နယ့် (Ivan Pavlovich Minayefe) (၁၈၄၀-၉၀) ဖြစ်ပါတယ်။ သူ့ကို ၉ အောက်တိုဘာ ၁၈၄၀ မှာမွေးပါတယ်။ (ဥရောပ တွက်ပုံ ပြက္ခဒိန်နဲ့ဆိုရင် ၂၁ အောက်တိုဘာ ၁၈၄၀ ပေါ့)။ ဇာတိအရပ်က တမ်ဗော့ဖ် (Tambov) ဖြစ်တယ်။ မျိုးရိုးကတော့ မရှိမရှား အရာရှိငယ် အရိုးအဆက်လို့ သိရတယ်။ ဒါ့ကြောင့် ပညာကောင်းကောင်းသင်ခွင့်ရလို့ ပီတာစဗက်တက္ကသိုလ်ရဲ့ အရှေ့တိုင်းဘာသာ စကား မဟာဌာနမှာ ၁၈၆၈ ခုနှစ်အထိ ပညာသင်ခဲ့ပါတယ်။ တက္ကသိုလ်မှာ နေတုန်းကပဲ ဗုဒ္ဓဘာသာကို လေ့လာခွင့်ရခဲ့လို့ ဗုဒ္ဓဘာသာဝင် နိုင်ငံတွေကိုသွားပြီး ဗုဒ္ဓဘာသာအကြောင်း ကို အရင်းအမြစ် ရောက်အောင် လေ့လာမယ်ဆိုတဲ့ စိတ်ဆန္ဒရှိခဲ့ဟန်တူပါတယ်။ ဒီတော့ သက္ကတနဲ့ပါဠိကို သူသင်ပါတယ်။ ဂျာမဏီ ပြင်သစ်နဲ့ အင်္ဂလန်စတဲ့နိုင်ငံတွေမှာ လှည့်လည် ရင်း ဟိုနိုင်ငံတွေကို ရောက်ရှိနေတဲ့ ပါဠိစာပေ ကျမ်းဂန်တွေကို မွှေနှောက်ရှာဖွေပါတယ်။ ပါတိမောက္ခကျမ်းကို ၁၈၆၉ ခုမှာ သူဘာသာပြန်လို့ ပြီးပါတယ်။ ပါဠိစာပေနဲ့ပတ်သက်တဲ့ ကျမ်းတစ်စောင် ရေးပြီး ၁၈၇၂ ခုမှာ ဒေါက်တာဘွဲ့ရတယ်။ သူ့ကို ၁၈၇၃ ခုမှာ အင်ဒို ဥရောပ ဘာသာရပ်များဆိုင်ရာ ပါမောက္ခအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရတယ်။ ဒီရာထူးမှာပဲ တာဝန်ဝတ္တရားတွေ ထမ်းဆောင်ရင်း အဆုတ်နာနဲ့ အသက်ငါးဆယ်မှာ ကွယ်လွန် သွားပါတယ်။ သူသေတဲ့နေ့ဟာ ၁ ဇွန် ၁၈၉၀ (ဥရောပပုံပြက္ခဒိန်နဲ့ဆိုရင် ၁၃ ဇွန် ၁၈၉၀) ဖြစ်တယ်။ သူအသက်ရှိစဉ်က အိန္ဒိယကို သုံးကြိမ်ရောက်ပါတယ်။ ပထမအကြိမ် ဇွန် ဒီဇင်ဘာ ၁၈၇၄၊ ဒုတိယအကြိမ် ဇန်နဝါရီ မေ ၁၈၈၀၊ တတိယအကြိမ် ဒီဇင်ဘာ ၁၈၈၅၊ ဧပြီ ၁၈၈၆ ဖြစ်တယ်။ နောက်ဆုံးအကြိမ် အိန္ဒိယအရောက်မှာ မြန်မာနိုင်ငံဖက်ကို ကူးလာခဲ့လို့ ၁၀ ဇန်နဝါရီ ၁၈၈၆ မှာ ရန်ကုန်ရောက်တယ်။ ၂၆ ဖေဖော်ဝါရီ ၁၈၈၆ မှာ ရန်ကုန်က ပြန်သွားတယ်။ မြန်မာနိုင်ငံတွင်းမှာတော့ အညာကို မန္တလေးထိ၊ အကြေမှာ မော်လမြိုင်ထိ ရောက်သွားပါတယ်။

မန္တလေးကိုတော့ ၂၁ ဇန်နဝါရီ ၁၈၈၆ မနက်ရောက်လာပြီး ၁၆ ဖေဖော်ဝါရီ ၁၈၈၆ မှာ ပြန်သွားပါတယ်။ မန္တလေးမြတောင်တိုက် ဆရာတော်နဲ့ ၆ ဖေဖော်ဝါရီ ၁၈၈၆ မှာ တွေ့ကြတဲ့အခါ ပါဠိဘာသာနဲ့ စကားအပြန်အလှန် ပြောကြတာမှာ ဆရာတော်က

"ဒကာကြီး ဘယ်ဘာသာကို ကိုးကွယ်ယုံကြည်ပါလဲ" လို့မေးတော့ မိနယ့်ဖ်က "သရဏဂုံ သုံးပါးတည်ပါရဲ့။ ရှင်သာမဏေတော့ မပြုရသေးပါ"လို့ ဖြေခဲ့ပါတယ်။ အဲဒါကိုထောက်ပြီး သူဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးလို့ ယူဆရင် ရပါတယ်။ အခု မြန်မာနိုင်ငံရေးနဲ့ပတ်သက်ပြီး မိနယ့်(ဖ) ဘယ်လိုယူဆတယ်ဆိုတာ ပြောပြပါရစေ။

မြန်မာဘုရင်ကို ရန်သူဖမ်းတဲ့နေ့ဟာ သိကြတဲ့အတိုင်း ၂၉ နိုဝင်ဘာ ၁၈၈၅ ဖြစ်တယ်။ မိနယ့်(ဖ)က ရန်ကုန်ကို ၁၀ ဇန်နဝါရီ ၁၈၈၆ မှာ ရောက်တယ်ဆိုတော့ နှစ်လ အတွင်းကိစ္စဖြစ်လို့ သူလာခဲ့တဲ့ အိန္ဒိယမှာရော အခုရောက်နေတဲ့ ရန်ကုန်မှာပါ ပြောလို့ မရိုးနိုင်သေးတဲ့ကိစ္စ ဖြစ်နေပါသေးတယ်။ ဒီတော့ မိနယ့်(ဖ)လဲ ဒီအကြောင်းကို ဝိုင်းဖွဲ့ပြီး ဆွေးနွေးကြတဲ့အခါမှာ ပါမိတယ်။ သူ့နေ့စဉ်မှတ်တမ်းကို စိစစ်ကြည့်တဲ့အခါ ဒီအချက်တွေကို မေးကြဖြေကြ စူးစမ်းကြတာတွေ့ပါတယ်။

၁။ သီပေါမင်းဟာ တကယ်ပဲ ဆိုးသွမ်းရက်စက်သလား။
၂။ စုဘုရားလတ်ဆိုတဲ့ မိဖုရားဟာ တကယ်ပဲ တိုင်းရေးပြည်မှုမှာ နားမလည်ဘဲ ဝင်ပြီးရှုပ်သလား။
၃။ တိုင်တားမင်းကြီး ဓားပြမွေးတာ မှန်သလား။
၄။ အင်္ဂလိပ်က လူဆိုးလက်ထဲက အပျိုကိုကယ်ရတဲ့ သူရဲကောင်းဟန် ပြောဆို ပြုမူနေတာ မှန်ပါ့မလား။
၅။ အင်္ဂလိပ်စစ်သားတွေ ဟော့သွမ်းရမ်းကားတာ နည်းနည်းမှ မရှိဘူးလား။
၆။ မြန်မာတွေ အကုန်လုံးက ဒီလို မင်းပြောင်း မင်းလဲဖြစ်တာ ထောက်ခံရဲ့လား။
၇။ အင်္ဂလိပ် အကုန်လုံးကကော မြန်မာမင်းကို ဖမ်းပြီး တိုင်းပြည်ကိုပါ သိမ်းတာ ကောင်းတယ်ဆိုပြီး ထောက်ခံကြသလား။
၈။ အင်္ဂလိပ်က ဓားပြလို့ဆိုပြီး ရက်ရက်စက်စက် သတ်ဖြတ်နှိပ်ကွပ်ခံရတဲ့လူတွေ ဟာ တကယ့် ဓားပြတွေပဲလား။
၉။ ဒီလူတွေဟာ မျိုးချစ်တွေကော မဖြစ်နိုင်ဘူးလား။
၁၀။ အင်္ဂလိပ်က တမင်ရန်မဖြစ်အောင် အချက်ရှာပြီး စစ်တပ်အားကိုးနဲ့ ချီတက်လာပြီး ညာခေါ်သွားတာ မဟုတ်လား။
၁၁။ သာသနာ့ ဒါယကာဖြစ်တဲ့မင်းတစ်ပါးကို ရန်သူဖမ်းသွားတာကို မြန်မာရဟန်း တွေက ဘာပြုလို့ အခုလို ငြိမ်ခံနေရသလဲ။
၁၂။ အင်္ဂလိပ်ဟာ အမြန်ဆုံး တိုင်းပြည်ငြိမ်ဝပ်အောင် လုပ်နိုင်ပေမယ့် ဘာပြုလို့ မလုပ်ဘဲ မြန်မာအချင်းချင်း သတ်ဖြတ်တာတွေကို ကြည့်နေသလဲ။
၁၃။ မြန်မာတွေစိတ်ထဲမှာ နိုင်ငံခြားသား မုန်းတီးရေးစိတ်တွေ ဘယ်လောက် ဝင်နေပြီလဲ။
၁၄။ တချို့မြန်မာက အင်္ဂလိပ်နဲ့ တခြားမျက်နှာဖြူကို ခွဲခြားပြီး သိတာတော့ မှန်တယ်။ ဒါပေမယ့် ပြင်သစ်ဟာ အင်္ဂလိပ်လို မယုတ်မာဘူးလို့ တကယ် ထင်တုန်းပဲလား။
၁၅။ မြန်မာအများစုကတော့ မျက်နှာဖြူဆိုရင် အင်္ဂလိပ်ပဲမှတ်ပြီး မျက်နှာဖြူတိုင်း ကို မုန်းလို့ ရန်ရှာမယ်ဆိုတာ ဟုတ်သလား။

၁၆။ အင်္ဂလိပ်တွေကကော ဓားပြမတိုက်ကြဖူးလား။ ဆိုလိုတာက မြန်မာ နန်းတွင်း ပစ္စည်းတွေကို သူတို့ပဲ ခိုးကြတယ် မဟုတ်လား။

၁၇။ မြန်မာထဲက သစ္စာဖောက်တွေပေါ်လို့ မြန်မာတွေ လွတ်လပ်ရေး ဆုံးရှုံး ရတာလား။

ဒီမေးခွန်းတွေကို သိလိုမယ်။ စုံစမ်းကြည့်မယ်။ အဖြေရပြီလို့ထင်တော့ သူ့မှတ်တမ်း မှာ ရေးခဲ့မယ်ပေါ့။ အင်္ဂလိပ်ဟာ အထက်အညာဖြစ်တဲ့ အမျိုးသား မြန်မာနိုင်ငံကို တက်ပြီး သိမ်းတယ်။ မင်းကိုဖမ်းပြီး ခေါ်သွားတယ်။ ဒါပေမဲ့ နိုင်ငံကို မြန်မာမင်းတစ်ပါးပါး လက်ထဲ ပြန်ထည့်ပြီး နောက်ဆွယ်က သူတို့လိုသလို ခြယ်လှယ်ရရင် ပြီးတမ်းပဲလို့ တွေးနေသလားဆိုတာ မြန်မာနိုင်ငံကို သူရောက်လာချိန်က မပြတ်သေးဘူးလို့ဆိုတယ်။ စောစောက အမေးတွေရဲ့အဖြေဟာ (သူ့စကားအတိုင်း အတိအကျ မဟုတ်ပေမဲ့) သူ့မှတ်တမ်း ထဲမှာ ပါသလောက်ကိုရွေးနုတ်ပြီး စီစဉ်လိုက်တဲ့အခါ (အခုဆက်ပြီး ရေးမယ့်အတိုင်း) တွေ့ရပါတယ်။

သီပေါမင်းဟာ အသက်ငယ်တယ်။ အတွေ့အကြုံနည်းတယ်။ ပင်ကိုစိတ်မှာ ဆိုးသွမ်းတဲ့သဘောမတွေ့နိုင်ဘူး။ အင်္ဂလိပ်ဝါဒဖြန့်တဲ့ ဝဲသြဃထဲမှနစ်ရတာပဲ ဆိုရမယ်။ ပြောသလောက် မဆိုးဘူး။ ပဒေသရာဇ်မင်းတစ်ပါးဟာ သူ့ရန်သူ သုံးဆယ်ကျော်လေးဆယ် ကို သတ်လိုက်တယ်ဆိုတာ မဆန်းပါဘူး။ ရှုတ်ချရင် ပဒေသရာဇ်စနစ်ကိုပဲ ရှုတ်ချရမယ်။ နေရာတော်တော်များများမှာ သူဟာ ကောင်းစေလိုတဲ့ ဆန္ဒနဲ့ စီမံတာကို တွေ့ပါတယ်။ သူကောင်းချင်ပေမယ့် ပတ်ဝန်းကျင် အခြေအနေက ကောင်းခွင့်မပေးဘူးလို့ ဆိုရမယ်။ ကောင်းခွင့်မပေးတဲ့လူတွေထဲမှာ အင်္ဂလိပ်ဟာ နံပါတ်တစ် ဖြစ်တယ်။ သူတို့ တင်းမာလွန်းလို့ အခြေအနေဟာ တစ်ဖက်စွန်းကို ရောက်သွားရတယ်ဆိုရင် မငြင်းနိုင်ဘူး။ တကယ်လို့သာ ၁ အောက်တိုဘာ ၁၈၇၈ မှာ ဘုရင်ဖြစ်လာတဲ့ မင်းသစ် ကို ကြည်ကြည်ဖြူဖြူ အသိအမှတ် ပြုပြီး အားပေးထောက်ခံမယ်ဆိုရင် နောက်သုံးလကျော်ကြာတဲ့ ၁၈ ဖေဖော်ဝါရီ ၁၈၇၉ မှာ မင်းသားတွေကို သတ်ပစ်တဲ့အထိ သီပေါမင်းဟာ ကြောက်လန့်မယ်မဟုတ်ဘူး။ ထီးနန်း စည်းစိမ်ကိုလုမှာ သိပ်ပြီး မစိုးရိမ် ရဘူးဆိုရင် ရန်စူးရန်ငြောင့်တွေကို အမြန်ဆုံးပယ်ရမယ်လို့ အဖြေမပေါ်နိုင်ဘူး။ မင်းလောင်းဖြစ်မယ့်လူကို အင်္ဂလိပ်က အကာအကွယ် ပေးတယ်ဆိုတဲ့ သဘောဟာ ဖြောင်မပြောပေမယ့် အဓိပ္ပာယ်ရှင်းနေတယ်။ နောင် တွေ့ရပုံကလဲ ဒီစကားကိုပဲ ထောက်ခံနေတယ်။

ဥပမာ ညောင်ရမ်းမင်းသား ညောင်အုပ်မင်းသားကို အင်္ဂလိပ်က အရေးပိုင်ရုံးထဲမှာ ခေါ်ထားပြီး အကာအကွယ်ပေးတယ်။ ဒီလိုပုန်းနေတဲ့ မင်းသားတွေကို ဝင်လုမယ် ကြံကြတယ်။ ဒီလိုလုမှာကို ကင်းဝန်မင်းကြီးက စိုးရိမ်တယ်။ ဘာပြုလို့လဲဆိုတော့ ဟိုမင်းသားတွေကို ရှင်ဘုရင် ဖြစ်စေချင်လို့မဟုတ်ဘူး။ အင်္ဂလိပ်ကို စစ်တိုက်မယ်ဆိုရင် စစ်တိုက်နိုင်လောက်အောင်ကိုယ့်ဖက်ကစပြီး ရန်စသလို ဖြစ်မှာစိုးလို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ ဒီအချိန်ကစပြီး ကင်းဝန်အပေါ်မှာ အင်္ဂလိပ်သူလျှိုသဘောမျိုး မသင်္ကာစိတ် စမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ အင်္ဂလိပ်သူလျှိုလို့ အတိအကျ မယူဆတောင် ညောင်ရမ်း မင်းသားရဲ့ ဘက်တော်သားဖြစ်ဖို့ရှိတယ်ဆိုပြီး သိပ်မယုံတော့ဘူး။ အဲဒါမျိုးတွေကြောင့် မင်းသားတွေကို အင်္ဂလိပ်က မသတ်ပါနဲ့ဆိုရင် အမြန်သတ်ရမယ်လို့ သီပေါမင်းအတွက် အဖြေထွက်နေတာ

မဆန်းပါဘူး။ အမြန်သတ်ဖြစ်အောင် အင်္ဂလိပ်က ပရိယာယ်နဲ့ လှုံ့ဆော်လိုက်တယ်လို့ ယူရမယ်။ အသတ်ခံရ လူအရေအတွက်ဟာ အကြောက် ဒီဂရီကိုလိုက်ပြီး အနည်းအများရှိမယ်။ အခု များများသတ်လိုက်တာဟာ များများကြောက်လို့ပဲ ဖြစ်ပါတယ်။ များများကြောက်အောင် ခြောက်တာက အင်္ဂလိပ် ဖြစ်နေတယ်။ နောက်တစ်ခါ သတ်ပုံသတ်နည်းကို အသေးစိတ် ဖော်ပြပြီး အင်္ဂလိပ်က သိပ်ရက်စက်တယ်လို့ ဝါဒဖြန့်ပြန်တယ်။ ဒီနေရာမှာတော့ 'လယ်မျိုးဒုတ်တိုနဲ့နှက်စေ' ဆိုတဲ့အမိန့်နဲ့ 'ကြိုးမိန့်' (အင်္ဂလိပ်နည်း)လောက်ပဲ ကွာတာပဲ။ သေတာချင်းတော့ တူပါတယ်။ 'ကြိုးမိန့်'ကိုပဲ အင်မတန် ရက်စက်တဲ့နည်းလို့ ယူဆနေကြပါတယ်။

စုဖုရားလတ်နဲ့ ပတ်သက်လို့တော့ ဒီအမျိုးသမီး မကောင်းဘူးလို့ ယုံကြည်တဲ့ အထဲမှာ မိနယ့်ဖ်လဲ ပါနေပါတယ်။ ဒါပေမဲ့ သူလဲ လူပြောသူပြော လိုက်ရေးပုံရတယ်။ မိန်းမတစ်ယောက်ဟာ သူ့ယောကျ်ားနဲ့ ပတ်သက်ပြီး သဝန်ကြောင်တာကို နားမလည်နိုင်စရာ အကြောင်းမရှိဘူး။ မယားအများကြီး ယူတဲ့ နန်းဓလေ့ကို ပြင်နိုင်သူအနေနဲ့ ချီးမွမ်းမယ် ဆိုရင် ဖြစ်နိုင်ပါသေးတယ်။ လင်ဖြစ်သူကလည်း ၁။ ပင်ကိုစိတ် ကောင်းတယ်။ ၂။ သူများ ချထားရာကို ခံနေကြဖြစ်တယ်။ ၃။ မင်းပျို့မင်းလွင်အနေနဲ့ စိတ်လိုလိုက်ချင်တဲ့သဘော နည်းတယ်။ ဒိုင်းခင်ခင်ကိစ္စမျိုး ရှိဖူးတော့ တစ်ခါတရံ မှားတာပဲလို့ ယူဆနိုင်တယ်။ တခြားအနည်းအပါး ရှိလိမ့်အုံးမယ်။ စာမဖွဲ့လောက်ဘူး ဆိုပါတော့။ တစ်ခါပဲ မှားတဲ့အတွက် တစ်ခါပဲ သတ်ပွဲဖြစ်တယ်။ ဒီသတ်ပွဲမှာ အင်မတန်ဆိုးတယ်လို့ အသိအမှတ်ပြုထားတဲ့ ရနောင်မောင်တုတ်တို့ ပါသွားတဲ့အတွက် အရှုံးအမြတ်စာရင်းချုပ် အရှုံးပဲပြတယ်လို့ မပြောနိုင်ပါဘူး။ ဒီသဝန်ကြောင်တဲ့ကိစ္စမျိုးကိုဖယ်လိုက်ပြီး စုဖုရားလတ်ဟာ ပြည်ရေးရွာမှုမှာလည်း ဝင်ပြီးစွက်ဖက်တယ်ဆိုတဲ့ စွပ်စွဲချက် ရှိပါသေးတယ်။ စွက်ဖက်တဲ့အခါမှာ နိုင်နင်းတဲ့စွက်ဖက်မှုဆိုရင် ကောင်းတာပေါ့။ ဒါပေမဲ့ အခြေအနေကို မလေ့လာဘဲ မခံချင်စိတ်တစ်ခုတည်းနဲ့ စွက်ဖက်တယ်လို့ ပြောနေကြတယ်။ ဒီနေရာမှာ စုဖုရားလတ်က အင်္ဂလိပ်ကို မတိုက်ဝံ့ရင် ထဘီဝတ်ကြ။ ဒီလူတွေဆီကို သနပ်ခါး ကျောက်ပြင်ပို့လိုက်လို့ ပြောဖူးသလိုလို၊ တကယ်ပဲပို့သလိုလို၊ ပါးစပ်ရာဇဝင်ရှိပါတယ်။ အထောက်အထား ရှာမရပါ။ နောက်ကလာနေတဲ့ မင်းသားကို အမှတ်မဲ့မို့ လမ်းဖယ်မပေးမိတာနဲ့ ကွမ်းသွေးတံတွေးနဲ့ ငါ့အင်္ကျီလက်ပေါ်ကို ထွေးသွားတယ်။ ဒီမှာကြည့်လို့ ရာဇသင်္ကြံက ပြစရာ ရှိတယ်။ စုဖုရားလတ်ပို့လိုက်တဲ့ ကျောက်ပျဉ်ဟာ ဒါပဲလို့ ဘယ်ဝန်ကြီးကမှမပြနိုင်ပါဘူး။ စုဖုရားလတ်က ကြောက်တဲ့ လူတွေဆီကို ကျောက်ပျဉ်ပို့ရမယ်လို့ ပြောတာကို 'နန်းရင်းဝန်ကြီး' (ကင်းဝန်ကိုဆိုလိုတယ်)က ရှက်ပြီး အင်္ဂလိပ်လူ လုပ်သွားတယ်ဆိုတဲ့ သဘောမျိုး ရောက်အောင် 'စတုတ္ထသမီးတော်'က ရေးဖူးပါတယ်။ ဒါလဲ ခိုင်လုံတဲ့သဘော မရှိပါဘူး။ မိနယ့်ဖ်အနေနဲ့ ဒီလောက်ထိအောင် မစုံစမ်းပါဘူး။ ဒီမိဖုရားဆိုးတယ်လို့ပဲ မဲပေးလိုက်ပါတယ်။

မြန်မာအရာရှိကြီးတွေဟာ ဓားပြမွေးတယ်လို့ မိနယ့်ဖ်လဲ ယုံတယ်။ စစ်တိုက်ရတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါ ဓားပြလူဆိုးကိုပဲ စစ်တပ်ထဲသွင်းပြီး တစ်ဖက်တစ်လမ်း အားကိုးတာမှန်တယ်။ စောစောကပဲ အရာရှိကြီးက 'လက်နက်ထုတ်ပေး၊ ဝေစုယူ၊ ဖမ်းမိရင် လွတ်အောင်ကယ်' ဆိုတဲ့ အစီအမံကိုတော့ မှန်းဆယူနိုင်တယ်လို့ပဲ ပြောရမယ်။ လူဆိုးကို မြန်မာတပ်ထဲ ထည့်ထားတော့ ကုလားအဝင် မြန်မာတပ်ပျက်တဲ့အခါ ဒီလူဆိုးဟာ

ပေးထားတဲ့လက်နက်ကို ပြန်မအပ်ဘဲ လူဆိုးပြန်ဖြစ်သွားတယ်။ အဲဒီအချက်ကိုတော့ မငြင်းနိုင်ပါဘူး။ ဒါပေမယ့် ကုလားဆီမှာ လက်နက်မချတဲ့ လူတိုင်းကတော့ ဓားပြမဟုတ်ပါဘူး။ ဒါကို အောက်တစ်နေရာမှာ ရှင်းပါ့မယ်။ ပြီးတော့ အင်္ဂလိပ်ဖက်ကို လက်နက်ချဝင်လာတဲ့ လူဆိုးကို အင်္ဂလိပ်က လက်နက်ပြန်အပ်ပြီး မြန်မာအချင်းချင်း သတ်ခိုင်းတာလည်း ငြင်းမရပါဘူး။ အင်္ဂလိပ် အဖွဲ့အစည်းထဲမှာလည်း လူဆိုးတွေ ပါ ပါတယ်။

မြန်မာမင်း ဆိုးလွန်းလို့ မြန်မာပြည်ကိုသနားတာနဲ့ အင်္ဂလိပ်က တိုင်းပြည်ကို သိမ်းယူရပါတယ်ဆိုတာကတော့ ရန်ကုန်ကို ရောက်နေတဲ့ အင်္ဂလိပ်ကုန်သည်ကြီးတွေရဲ့ ထွင်လုံးပဲ ဖြစ်ပါတယ်။ သူတို့အင်္ဂလိပ်မှတ်တမ်းတွေမှာပဲ ပြင်သစ် စီးပွားရေး နယ်ချဲ့အန္တရာယ် ကို အမြန်ဆုံးတားဆီးဖို့ စစ်တိုက်သိမ်းယူတာ ဖြစ်တယ်လို့ ပြနေပါတယ်။ သူတို့စစ်တပ် တွေ ဧရာဝတီကို ဆန်တက်လာတော့ လမ်းတစ်လျှောက်လုံးမှာ မြန်မာတွေ ခေါင်းဖြတ်ခံရ၊ ကားစင်တင်ခံရ၊ ရင်ခွဲခံရတာတွေကို မိနယ့်ဖ်ဟာ ရန်ကုန်က ပြည်ကို ရထားစီးပြီး ပြည်က မန္တလေးကိုသင်္ဘောနဲ့သွားတာဖြစ်လို့ လမ်းမှာ မြင်သွားပါတယ်။ လူဆိုးလက်က အပျိုကို ကယ်တင်တာမဟုတ်ဘူး။ အိမ်တွင်းဆူပူမှုကြောင့် အစောင့်အရှောက်ကင်းနေတဲ့အပျိုကို အခုမှ လူဆိုးက အလွယ်တကူ ဖမ်းယူပြီး စော်ကားတယ်လို့ ပြောရင်ပိုမှန်မယ်။ တိုင်းပြည် ကို သိန်းပြီးတဲ့အခါ ငြိမ်ဝပ်ပိပြားရေးကို မြန်မြန်လုပ်ပေးနိုင်ပေမယ့်၊ လုပ်ပေးသင့်ပေမယ့် အင်္ဂလိပ်က လုပ်မပေးတာကို တွေ့ရလို့ ပြည်သူမနစ်နာသင့်ဘဲ နစ်နာတယ်လို့ မိနယ့်ဖ် မြင်ပါတယ်။ သူ့သဘောကတော့ အင်္ဂလိပ်ဟာ ပထမ လမ်းပန်းအဆက်အသွယ် ကောင်း အောင်လုပ်၊ ဒုတိယ အုပ်ချုပ်ရေးစနစ် ကျအောင်လုပ်၊ ဒါမှပြည်သူမှာ အန္တရာယ်ကင်းရှင်းမယ် လို့ ယူဆတယ်။ ငြိမ်းချမ်းရေးဟာ ပဓာနဖြစ်ရမယ်။ ဒီနေရာမှာ အမျိုးသားမြန်မာအစိုးရ မရှိတဲ့နောက် ဆက်ပြီးလှုပ်ရှားနေတဲ့လူတိုင်းဟာ ဓားပြမဟုတ်ဘူး။ မျိုးချစ်တွေလည်း ပါတယ်လို့ မိနယ့်ဖ်က ပြောပါတယ်။ ဒါပေမယ့် သူလည်း နယ်ချဲ့ဆန့်ကျင်ရေးကို သိပ်ပြီး အရေးကြီးတယ်လို့ မမြင်ဘူးဆိုပါတော့။

အင်္ဂလိပ်မင်းရဲ့ နောက်လိုက်နောက်ပါ အင်္ဂလိပ်စစ်သားနဲ့ ကုလားစီပွိုင် (Sepoy) စစ်သားတွေကော အပြုအမူ ဘယ်လိုနေသလဲလို့ မိနယ့်ဖ် လေ့လာကြည့်ပါတယ်။ အောင်ပွဲနဲ့ယစ်မူးပြီး စော်ကားရိုင်းပြကြတယ်။ အလွန်အကျွံ မူးယစ်သောက်စားကြတယ်။ ဈေးထဲမှာ ပစ္စည်းကိုအရယူပေမယ့် တန်ရာတန်ဘိုး မပေးဘူး။ မြန်မာတစ်ယောက်ကို ပစ်သတ်မိလို့ ငွေသုံးဆယ်ပေးလိုက်ရတယ်။ တကယ်လို့များ ငွေငါးဆယ် ပေးနိုင်ရင် နှစ်ယောက်တောင် သတ်ခွင့်ရမယ်ထင်တယ်လို့ အင်္ဂလိပ်စစ်သား တစ်ယောက်က နောက် တစ်ယောက်ကိုပြောတော့ အဲဒီနောက်တစ်ယောက်က ငါတော့ မင်းလိုသတ်မိတာနဲ့ ငွေ သုံးရာကုန်ခဲ့တယ်လို့ သူတို့အချင်းချင်း ပြောနေကြတာကို မိနယ့်ဖ် (၁၀ ဖေဖော်ဝါရီ ၁၈၈၆မှာ) ကြားခဲ့တယ်။ မိန်းကလေးတွေကို စော်ကားတာ မတရားကျင့်တာလည်း အမှန် ပါပဲတဲ့။ ဒီနေရာမှာ သီပေါမင်းက ထီးနန်းစိတ်ချရအောင် ရန်စူးရန်ငြောင့်ပယ်တဲ့အထဲ ပါသွားတဲ့ လူရယ်၊ စုဖုရားလတ်က ဘုရင်အပေါ်မှာ သူတစ်ဦးထဲ ရယူလိုတဲ့ အခွင့်အရေးအတွက် အဟန့်အတားပေါ်သမျှကို ပယ်ရှားတဲ့အထဲပါသွားတဲ့ မိန်းမငယ်နဲ့ လူတစ်ချို့ရယ် ဘယ်လောက် ရှိသလဲ စာရင်းယူပြီး အထက်မြန်မာနိုင်ငံအသိမ်းမှာ မျိုးခြားစစ်သားတွေက မဆိုင်သူသတ်၊

ပစ္စည်းလု၊ မုဒိန်းကျင့်လို့ သေကြတဲ့ အမျိုးသား၊ အမျိုးသမီးစာရင်းကိုသာ ယှဉ်ပြီးတင်ပြမယ် ဆိုရင် ဒုတိယစာရင်းက အများကြီးသာမယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာတွေဟာ အင်္ဂလိပ်ကို မျှော်နေကြတယ်။ အင်္ဂလိပ်မြန်မာနိုင်ငံရဲ့ အနေအထိုင် ကို သတင်းစကားနဲ့အမျိုးသား မြန်မာနိုင်ငံကလူတွေက အများကြီး အားကျနေတယ် ဆိုတာလည်း မဟုတ်ပါဘူး။ ကောက်ပဲပျက်လို့ ယာယီအန္တရာယ်က ကင်းလွတ်အောင် ရောဝတီကို စုန်ပြေးတဲ့လူတွေရှိတယ်။ ဒါပေမဲ့ မိစ္ဆာဒိဋ္ဌိမင်းလက်ထက်မှာ ငါတို့ အမျိုးဘာသာ သာသနာ မှေးမှိန်တော့မယ်လို့ နားလည်တဲ့လူက လူများစုဖြစ်တယ်။ သာသနာရေးနဲ့ ဆက်သွယ်ပြီး မိစ္ဆာရန်ကိုကြောက်တယ်။ ကြောက်တဲ့လူကများတယ်။ ဒါပေမဲ့ ဒီအန္တရာယ် ကို ဘယ်လိုတွန်းလှန်ရမယ်လို့ နားမလည်ကြလို့သာ ခံနေကြရတယ်လို့ မိနယ့်ဖ် သိသွား ပါတယ်။ ဒါပေမဲ့ သူလည်းဘယ်လိုနည်းပေး ကူညီရမယ်လို့ သိဟန်မတူပါဘူး။

အင်္ဂလိပ်က မြန်မာတစ်နိုင်ငံလုံး ယူလိုက်ပြီဆိုတာကို အင်္ဂလိပ်အကုန်လုံး ဝိုင်းဝန်း ကျေနပ် ထောက်ခံတယ်လို့မထင်ကြနဲ့လို့ မိနယ့်ဖ်က ရေးပါတယ်။ အင်္ဂလန်မှာ သူများ နိုင်ငံသွားပြီး မစော်ကားသင့်ဘူးလို့ ထက်ထက်သန်သန် ယုံသူ၊ ပြောသူတွေ ရှိပါတယ်။ တချို့အင်္ဂလိပ်ကလည်း အရှုံးအမြတ်စာရင်းတွက်ပြီး တစ်နိုင်ငံလုံး သိမ်းတာဟာ မမြတ်ဘူး လို့ ယူဆတယ်တဲ့။ နိုင်ငံသိမ်းပြီး ရထားလမ်းတွေ ဖောက်ရအုံးမယ်။ ဒါမှ စစ်သား အပို့ အယူ မြန်မယ်။ ငြိမ်းချမ်းမယ်။ ရောင်းခင်းဝယ်ခင်း ပွင့်လန်းမယ်။ အဲဒါအတွက် မြှုပ်နှံ ရမယ့် ငွေရင်းကြီးမယ်။ အမြတ်ထားအုံး၊ အရင်းကျေဖို့ နှစ်တွေ အကြာကြီး စောင့်ရမယ်။ ဒါကြောင့် ခုလိုအရင်စလို နိုင်ငံကို သိမ်းယူတာ မကြိုက်တဲ့ အင်္ဂလိပ်လည်း အများကြီး ရှိတယ်။ အမှန်ကိုပြောရရင် အင်္ဂလိပ်လူနည်းစုက သူတို့တစ်စုအတွက်ကတော့ ဟန်ကြမယ်လို့ တွက်ပြီး (တစ်နည်းကလည်း ပြင်သစ်ဟာ ခြေကုတ်ရသွားရင် သူတို့မှာ သိပ်ပြီး ထိခိုက် နစ်နာမယ်လို့ကြောက်ပြီး) မြန်မာမင်းကိုဖမ်းဖြစ်အောင်၊ နိုင်ငံကို သိမ်းဖြစ်အောင် မတရား နည်းမျိုးစုံသုံးပြီး တွန်းပို့သွားတာ ထင်ရှားနေပါတယ်။

အင်္ဂလိပ်တွေက ဓားပြလို့အမည်တပ်ပြီး သတ်ဖြတ်ညှဉ်းဆဲနေတဲ့ လူတွေဟာ အားလုံးဘဲ ဓားပြမှန်ရဲ့လားလို့ဆိုတဲ့အမေးကို အဖြေရှာတဲ့အခါ ဒီလူတွေဟာ မူလက သီပေါမင်းရဲ့ တပ်သားတွေပဲဖြစ်တယ်။ သူတို့အထဲက တချို့ဟာ လက်နက်ချပြီး ကိုယ့်အိမ် ကိုယ့်ရာကို အေးအေးပြန်နေတယ်။ စားဝတ်နေရေး မပြည့်မစုံနဲ့ ငတ်နေမယ်။ တချို့က အင်္ဂလိပ်ဖက်ကိုပြောင်းပြီး အမှုထမ်းတယ်။ အင်္ဂလိပ်ခိုင်းစေတိုင်း အချင်းချင်း ပြန်ပြီး ပစ်ခတ်သတ်ဖြတ်ပေးဖို့ ဝန်မလေးဘူး။ တချို့ကတော့ ရှိထားတဲ့ လက်နက်နဲ့ပဲ လိုက်ပြီး လုယက်စားသောက်နေတယ်။ တချို့ကတော့ တကယ်ပဲ သူ့ကျွန်မခံဘူးဆိုတဲ့စိတ်နဲ့ စစ် ဆက်တိုက်တယ်လို့ သဘောထားကြတယ်။ ဒီလိုအကြမ်းဖြင့် ဝေခွဲကြည့်ရင် စစ်သားဟောင်း လေးမျိုး ရှိပါတယ်။ ဒီလေးမျိုးထဲက အင်္ဂလိပ်ဟာ သူတို့ဖက်ကို ဝင်လာပြီး သူတို့ခိုင်းသမျှ လုပ်တဲ့ လူတွေကလွဲလို့ ကျန်သုံးမျိုးကို အသိအမှတ်မပြုဘူး။ ဓားပြနဲ့မျိုးချစ် မခွဲဘဲ အားလုံးကိုပဲ ဓားပြလို့ခေါ်တယ်။ ဖမ်းလို့မိရင်လည်း ထင်သလို သတ်ဖြတ်စီရင်တယ်လို့ မိနယ့်ဖ်က ရေးခဲ့ပါတယ်။

အခုလို မြန်မာအင်္ဂလိပ် ရန်ပွဲဟာ သီပေါမင်းရက်စက်လို့ ညံ့လို့ လူရေမလယ်လို့၊ မိဖုရားဝင်ရှုပ်လို့၊ ဝန်ကြီးမှူးကြီးထဲက သစ္စာဖောက်လို့ဆိုပြီး အမျိုးမျိုး ပြောကြတာဟာ

အကုန်မမှန်နိုင်ဘူး။ အဲဒါတွေက တစ်စိတ်တစ်ပိုင်း ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်နယ်ချဲ့ဟာ အခွင့်သာတဲ့အချိန်ကိုစောင့်ပြီး ဖိစီးကျူးကျော်လာတယ်လို့ပဲ နားလည်ရမယ်။ ဒီလိုအခါမျိုးမှာ မြန်မာတွေဟာ ပြင်သစ်ကပဲ ကောင်းနိုးနိုး၊ အီတလီကပဲ ကူမလိုလို၊ ဂျာမနီကပဲ ကာကွယ်မယောင်ယောင်၊ ထင်နေတာတွေအားလုံးဟာ မှားတယ်လို့ မိနယ့်ဖ်က ပြောခဲ့ပါတယ်။

မိနယ့်ဖ်ရဲ့ နောက်အမေးတစ်ခုကို ဖြေဖို့မလွယ်ဘူး။ သူကိုယ်တိုင်လည်း အဖြေရှာမတွေ့သွားဘူးလို့ ထင်ပါတယ်။ သာသနာ့ဒါယကာ မြန်မာမင်းကို အင်္ဂလိပ်က ဖမ်းသွားပြီး ရဟန်းတွေ ဘာလုပ်နေကြသလဲတဲ့။ အမေးရှိလို့ဖြေရရင် ရဟန်းတွေဟာ သာသနာ့ဝန်ထမ်းဖြစ်တယ်။ မင်းမှုထမ်းမဟုတ်ဘူး။ ပြည်ရေးရွာမှုဟာ သူတို့နဲ့ တိုက်ရိုက်မဆိုင်ဘူး။ မင်းက သာသနာကို ချီးမြှင့်ရင်ကောင်းတယ်။ မချီးမြှင့်ရင်လည်း မတတ်နိုင်ဘူး။ ရဟန်းတရားကို အားထုတ်ဖို့ပဲ သူတို့အလုပ်လို့ ရဲရဲဝံ့ဝံ့ပဲ သဘောထားကြတယ်။ ဒီလိုပဲ အဖြေထွက်ပါတယ်။ ခရစ်ယာန်တွေ စည်ကားလာရင် ခက်မယ်လို့ တုန်လှုပ်သူလည်း ရှိမယ်ပေါ့။ ဒါပေမဲ့ ခရစ်ယန်တိုက်ခိုက်ရေးဆိုပြီး ဘယ်ရဟန်းမှ မကြိုးပမ်းဘူး။ မြန်မာနိုင်ငံမှာ သာသနာနဲ့ပတ်သက်ပြီး အကြမ်းမဖက်ဘူးဆိုတဲ့ သဘောထားဟာ ရှေးကပဲ ရှိခဲ့ပါတယ်။ မိနယ့်ဖ်အတွေ့အကြုံအရ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဟာ တိမ်ကောမလိုက်ပါဘူး။ ပါဠိဘာသာ လေ့လာရေးပဲ တိမ်ကောတယ်တဲ့။ သူဆိုလိုတာက လူရောရဟန်း အတော်များများပါ ဘုရားရှိခိုးတဲ့အခါ၊ ပုတီးစိပ်တဲ့အခါ ပါဠိဂါထာ၏ အလွတ်ရလို့သာ ဆိုနေတယ်။ ဘာအဓိပ္ပာယ်လဲလို့ သူတို့မသိဘူး ပြီးတော့ သိဖို့လည်း မကြိုးစားဘူး။ အဲဒါတော့ ရှက်စရာကောင်းတယ်လို့ မိနယ့်ဖ် ထင်သွားတယ်။ နှစ်တစ်ရာပြည့်လို့ မိနယ့်ဖ်တစ်ခေါက်ပြန်လာရင်လည်း ဒီအခြေအနေပဲ တွေ့အုံးမှာပဲ။ ပါဠိဂါထာကို အလွတ်ရအောင် ကျက်တာကို စာသင်ကျောင်းတွေမှာ သူတွေ့တယ်။ အဲဒီနည်းဟာ လူကိုစဉ်းစားဉာဏ်ဘက်က တုန်းစေတယ်ဆိုပြီး သူ မကြိုက်ဘူး။ စကားတစ်ဆက်တည်း အင်္ဂလိပ်ကျောင်းအကြောင်းကို သူပြောတဲ့အခါမှာ ကျောင်းကထွက်ရင် အစိုးရအလုပ်ရဖို့ပဲ မှန်းကြတယ်။ အဲဒါလည်း မှားတယ်လို့ သူက ထောက်ပြတယ်။ လက်နက်အားကိုးနဲ့ တိုင်းပြည်ကို သိမ်းထားတဲ့ အင်္ဂလိပ်ဟာလည်း ပညာရေးဖက်က ထူးခြားလာအောင် လုပ်ပေးနိုင်မဲ့ အလားအလာမရှိပါဘူးတဲ့။ အင်္ဂလိပ်ဘက်က ပညာရေးအရာရှိတစ်ဦးက သူ့ကိုခေါ်ပြီး ညစာကျွေးတယ်။ (J.H. Gilbert ရန်ကုန်ကောလိပ်ကျောင်းအုပ်)။ စားစရာတွေက ဖွယ်ဖွယ်ရာရာ၊ ပြောစကားက အဆီအသားမပါ။ (၁၄ ဂျန်နဝါရီ ၁၈၈၆) လို့ မှတ်ထားတယ်။ ပါဠိပါမောက္ခ (F.Forchhammer) နဲ့တွေ့။ (၁၂ ဇန်နဝါရီ ၁၈၈၆) တုန်းကလဲ 'ဘာမှ မှတ်သားစရာမပါ။ ဖျင်းတယ်' လို့ ရေးထားတယ်။ ဒေါက်တာမတ် (Dr.Marks) နဲ့ တွေ့တော့ 'ကျုပ်က သာသနာပြုဆရာ မစစ်ဘူး။ လုပ်ငန်းက မြေအောက်လုပ်ငန်းဗျ' (၁၂ ဇန်နဝါရီ ၁၈၈၆) လို့ ပြောတယ်တဲ့။ ဆိုလိုတာက ဗုဒ္ဓသာသနာကို အမြစ်ကတူးပစ်ဖို့ လုပ်နေတယ်လို့ ဆိုလိုတယ်။ အဲဒီလုပ်ငန်းမှာ အင်္ဂလိပ်အစိုးရရောက်လာဖို့က ပဓာနဖြစ်တယ်။ အဲဒါတွေသိထားရတော့ မိနယ့်ဖ်ဟာ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးတွေကို မကျေမနပ်ဖြစ်မိတယ်။ လူတွေပေးတာ ကျွေးတာလည်း စားနေတယ်။ အစားကောင်းအနေကောင်း နေရတယ်။ ဘာမှပြန်လုပ်မပေးဘူး။ သူတို့ကို ရိုသေလိုက်ရတာလည်း လွန်လွန်းတယ်။ ရှေ့လာပြီး

မြေမှာစင်းစင်းဝပ်တာတောင် ကျောက်ရုပ်ဟန်မျိုးနဲ့ လှည့်မကြည့်ဘူး။ ပြန်နှုတ်ဆက်ရ ကောင်းမှန်းမသိဘူး။ (၂၄ ဇန်နဝါရီ ၁၈၈၆)လို့ ရေးထားတယ်။ သူရောက်နေတဲ့ မန္တလေးမှာ လူကတစ်သောင်း၊ ရဟန်းက ခြောက်ထောင် ရှိတယ်။ (၂၃ ဇန်နဝါရီ ၁၈၈၆)လို့ ဆိုပါတယ်။ ဒီခြောက်ထောင်ဟာ အသက်ရှင်ရေးအတွက် လူတစ်သောင်းကို မှီခိုရတယ်။ ဒါပေမဲ့ ဆက်ဆံတော့ အထက်စီးနဲ့ဆက်ဆံတယ်လို့ သူထင်နေတယ်။ လွယ်လွယ်ပြောတော့ ခဏတစ်ဖြုတ်နဲ့ မြန်မာတွေနဲ့ 'ဆရာတကာ' ဆက်ဆံရေးကို သူနားမလည်နိုင်ဘူး။ ဒီတစ်သောင်းခြောက်ထောင်ကို အင်္ဂလိပ်စစ်သား ခြောက်ထောင်က ဝိုင်းထားတယ်။ ပြင်သစ်ကို သံအဖြစ်နဲ့သွားတဲ့ မြို့သစ်အတွင်းဝန်မင်းကျောင်းကို စီပွိုင် နှစ်ရာ ဝိုင်းထားတယ်။ ဒီအခြေအနေကြောင့် ရဟန်းတွေဟာ အင်္ဂလိပ်ကိုတော့ အမုန်းပဲ မုန်းပါတယ်လို့ သူမှတ်မိတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မိနယ့်ဖ်က အင်္ဂလိပ်ဟာ အထက်မြန်မာနိုင်ငံကို အမြန်ဆုံးငြိမ်သွားအောင် လုပ်နိုင်တယ်။ လုပ်သင့်တယ်။ ဒါပေမယ့် လုပ်မပေးလို့ အပြစ် တင်တယ်။ လမ်းတွေဖောက်၊ စစ်တပ်တွေလွှတ်၊ ဒီလိုဆိုရင် တယ်မကြာဘူး ငြိမ်သွား မယ်။ အခုတော့ သူမန္တလေးမှာရှိတုန်း သူတည်းခိုတဲ့ဟော်တယ်နဲ့ တယ်မဝေး တဲ့နေရာမှာပဲ ဓားပြဝင်တိုက်တာတွေ့ခဲ့ရတယ်။ ငြိမ်းချမ်းရေးဟာ သူပြန်သွားပြီး လေးငါးနှစ်မကြာဘဲ မရပါဘူး။ မြန်မာ မြန်မာချင်း သတ်တာကိုလည်း အင်္ဂလိပ်က ကြည့်နေရတာပဲတဲ့။ မြန်မာ တွေရဲ့စိတ်ထဲမှာ နိုင်ငံခြားသားမုန်းတီးရေးဟာ ပြင်းထန်နေတာမှန်တယ်။ မျက်နှာဖြူဆိုရင် တယ်မခွဲချင်ဘူး။ အားလုံး မုန်းတယ်။ ဒါ့ကြောင့် မိနယ့်ဖ်ကိုတောင် အချို့နေရာမှာ ကောင်းကောင်း လက်ခံစကားမပြောတာ တွေ့ရတယ်။ ဒီလိုမုန်းတာကို မြန်မာတွေဟာ ပါးစပ်က မပြောပေမယ့် မျက်နှာဖြူကိုကြည့်တဲ့အခါ မျက်လုံးထဲမှာ အမုန်းအပြည့်ပဲလို့ မိနယ့်ဖ်က မှတ်တမ်းတင်ခဲ့တယ်။ အခုလောက် ဖတ်ပြီးကြရင် မြန်မာနိုင်ငံရေးနဲ့ လူထု တုံ့ပြန်မှုကို မိနယ့်ဖ်ကတဆင့် တော်တော်ကလေး သဘောပေါက်နိုင်ပြီလို့ ထင်ပါတယ်။ မိနယ့်ဖ်ပြောပြတဲ့ မန္တလေးအကြောင်းကို တင်ပြချင်ပါသေးတယ်။ ဒီကစပြီး သူ့နေ့စဉ် မှတ်တမ်းကို (အင်္ဂလိပ်ဘာသာ)တစ်ဆင့် ဘာသာ ပြန်ထည့်မယ်။

### ၂၃ ဂျန်နဝါရီ ၁၈၈၆

မန္တလေးမှာ ပထမဆုံးအိပ်ရတဲ့ည။ ကျုပ်တို့အိမ်ကို ဓားပြလာမတိုက်။ ညစာ မစားရခင် ဟိုတယ်မန်နေဂျာက ခင်ဗျားမှာ ခြောက်လုံးပူးသေနတ် ပါသလား မေးတယ်။ ခုလိုအခါ သေနတ်မပါရင် ခက်တယ်တဲ့။ ည ၉နာရီဆိုရင် သူ ကိုယ်တိုင်လိုက်ပြီး တံခါးပေါက် အကြီးအသေးရှိသမျှ လိုက်ပိတ်ရတယ်လို့လည်း ပြောတယ်။ ညစာက တော်တော်ညံ့တယ်။ ကုန်တိုက်မျိုးစုံက ကိုယ်စားလှယ်တွေ လည်း ကျုပ်တို့နဲ့အတူ တည်းနေတယ်။ တစ်ယောက်က ဂျာမန်အမျိုးသား။ အားလုံးပဲ (အင်္ဂလိပ်မင်းကြီးချုပ်) ဘားနဒ်ကို ဆဲနေကြတယ်။ ဓားပြတွေ အကြောင်းတော့ စကားမစပ်မိဘူး။ ဘေးအိမ်က ဆိုင်းဗုံစ်ညလုံးတီးတယ်။ မန်နေဂျာ ဟာ တံခါးပိတ်ဖို့ မေ့သွားပြီး ဆိုင်းသံကြားရာဖက်ကို ထွက်သွားလေရဲ့။ ဖိနပ် မပါတဲ့အစေခံကို ကျုပ်ကိုယ်တိုင်ခေါ်ပြီး တံခါးပိတ်ခိုင်းရတယ်။ ကျုပ်အခန်းက

တကယ်တော့ ဘာတံခါးမှမရှိဘူး။ အများစုထိုင်ဖို့ ခင်းကျင်းထားတဲ့ ဝရန်တာနဲ့ ကန့်လန့်ကာ တစ်ခုချပြီး ခြားပေးထားတယ်။ ဖုံနဲ့အနံ့အသက်ကတော့ နေရာအနှံ့ သီပေါမင်းကို ရက်စက်တယ်လို့ ပြောနေကြပေမယ့် ကျုပ်တို့ စကားဝိုင်းမှာတော့ ဒီလိုအပြစ်မတင်ဘူး။ သူ့မယား သူ့ယောက္ခမ အပါအဝင် သူ့အမတ်တွေရဲ့ အပြစ်ပဲလို့ ယူဆတယ်။ ရှင်ဘုရင်က တစ်ချိန်လုံး နန်းတွင်းမှာပဲ တံခါးပိတ်ပြီးနေတယ်။ ဒီတော့ သူ့စိတ်ထဲမှာ သူ့ခွန်အားဟာ သိပ်ကြီးတယ်လို့ ထင်နေမယ်။

မောင်ဘိုးမှင့် ကိုယ်စားလှယ် ဦးကာ ခုပဲလာတယ်။ ကျုပ်လိုချင်တဲ့ စာအုပ်စာရင်းကို ယူသွားတယ်။ ရအောင်ရှာပေးမယ်တဲ့။ ဒီလိုပြောပေမယ့် သိမ်မယုံရဘူး။ ရချင်မှရမယ်။ ဒါပေမဲ့ ဦးကာဟာ သိပ်ပြီး ညာတာ ထောက်ထားတတ်ပုံ ပေါ်တယ်။ ဓားပြဆူလို့ ဘုန်းကြီးတွေ အတော်များများ ထွက်ပြေးပြီလို့ သူပဲ ပြောတယ်။

ကာလကတ္တား **စတိတ်စမင်း** သတင်းထောက် ခုပဲ လာတွေ့တယ်။ အရင် ရှစ်ရက်လောက်က ရှမ်းဘက်ကတင်တဲ့မင်းလောင်း သေနတ်မှန်ပြီး ကျတယ်။ ဘက်တော်သား ခုနစ်ရာရှိတယ်။ အင်္ဂလိပ်ဖက်ဝင်လာတဲ့ ဝန်တစ်ယောက်က ဖမ်းပေးတာလို့ပြောတယ်။ အဖမ်းမခံလို့ ပစ်ရတယ်။ အဲဒီမင်းလောင်းမှာ သမီးနှစ်ယောက် ပါလာတယ်။ သူတို့ကိုတော့ လွှတ်လိုက်ပါတယ်။

အဲဒီလူကပဲ ဓားပြဆိုတဲ့လူအတော်များများဟာ (ဘုရင့်) စစ်သား(ဟောင်း) တွေတဲ့။ ဒီအထဲမှာ ရှမ်းနည်းနည်းပါတယ်၊

ကုန်ခဲ့တဲ့ သီတင်းတစ်ပတ်အတွင်းမှာ ငြိမ်လို့။ ဒီမြို့တွင်းမှာ စိုးရိမ်စရာ မရှိ။ ဦးကာ့အပြော မန္တလေးသား တစ်သောင်းရှိတယ်။ ဘုရင့်လက်ထက်တော် အတွင်းက ရဟန်းခြောက်ထောင် ရှိတယ်။ လစဉ် ငွေတော်နှစ်သိန်း ဘုရင်က ဘုန်းကြီးတွေအတွက် သုံးတယ်။ ပရိယတ္တိတော်ရင် ဘုရင့်ထောက်ပံ့မြဲတဲ့။

ဒီလို အလှူတော်ကို မန္တလေးဘုန်းကြီးသာမက နယ်ကကျော်ကြားတဲ့ ပုဂ္ဂိုလ်ရှိတယ်လို့ ဘုရင်ကြားတော်မူရင်လည်း ရနိုင်တယ်။ အခု အခြေအနေမှာတော့ ဘုန်းကြီး တော်တော်များများဟာ မန္တလေးက စွန့်ခွာသွားကြပါပြီ။ ဆွမ်း ကွမ်း လှူဒါန်းသူ နည်းပါးသွားလို့ လို့ ပြောကြပါတယ်။

ညနေ သုံးနာရီခွဲမှာ သစ်သားပန်းပုဆရာတွေကို သွားကြည့်တယ်။ ထူးခြားတဲ့ လက်ရာရယ်လို့မတွေ့။ ထုပြီးသားတွေက ပိုပြီးညံ့သေးတယ်။

အဲဒီက ဆက်ပြီး မြို့သစ်အတွင်းဝန်မင်းကျောင်းကို သွားတယ်။ ကျောင်း ဒကာက အရင် ပြင်သစ်သွားတဲ့ သံအမတ်ပေါ့။ ဒီကျောင်းအတွက် အတော် ငွေကုန်မယ်။ နှစ်ထပ်ဆောက်ထားတဲ့ ဧရာမကျောင်းကြီးပါပဲ။ စာသင် ရဟန်းငယ် တွေနေဖို့ အခန်းကျယ်ကြီးတွေလည်းပါတယ်။ ဒါပေမယ့် တွေ့တော့ ရဟန်း နည်းနည်းပဲ တွေ့တယ်။ ရဟန်းတစ်ပါးကို သက္ကတဘာသာနဲ့ ကျုပ်က စကား ပြောကြည့်တော့ သူက အခု သူ့မှာတပည့်နည်းနည်းပဲ ကျန်တော့တယ်လို့ ဖြေတယ်။ ဦးကာ့အပြောအရ ဘုရင့်လက်ထက်တုန်းက တချို့ဆရာတော်မှာ တပည့်ငါးရာကျော်အထိ ရှိမယ်တဲ့။ အခုလို ဆုတ်ယုတ်သွားတာ ကြည့်ပြီး သာသနာတော် ညှိုးနွမ်းမှာကို စိုးရိမ်နေကြတယ်။

ဒီကျောင်းတိုက်ကို စီပ္ပိုင်နှစ်ရာ ဝိုင်းထားတယ်။

ကျောင်းကြီးက တကယ့်ကို ခန့်ညားတယ်။ ဘုရားဆင်းတုတော်က စကျင်ကျောက်သားနဲ့ ထုထားတယ်။ ကျောင်းထဲကို စပြီးဝင်တဲ့ တံခါးရဲ့ တည့်တည့် တစ်ဖက်မှာ ဗဟိုခန်းမလုပ်ပြီး ဒီကိုယ်တော်ကြီးကို ထားတယ်။ ကိုယ်စားတော်ကြီးရဲ့ ဝန်းကျင်မှာလည်းလှူဖွယ်ဝတ္ထုတွေ ခင်းကျင်းထားတယ်။ နည်းနည်း အလင်းရောင်နည်းလို့ အဲဒီပစ္စည်းတွေကို ကွဲကွဲခြားခြား မမြင်ပါ။ ဆရာတော်က **လလိတဝိတ္ထရနဲ့ ကာတန္တြ** ကျမ်းတွေကို ပြတယ်။ **လလိတဝိတ္ထရ** ဆိုတာ ဗုဒ္ဓဝင်ပဲလို့ ပြောပြတယ်။ မန္တလေးတစ်မြို့လုံး သူ့လိုသက္ကတ ပြောတတ်သူ မရှိလို့လည်း ပြောတယ်။ သူလည်းသိပ်မတတ်ပါဘူး။

နိုင်ငံကိုသိမ်းယူတဲ့ပြဿနာနဲ့ပတ်သက်ပြီး မြန်မာအမျိုးသားတွေရဲ့ သဘောထားကို အာဏာပိုင်တွေ တကယ်သိရဲ့လား မပြောတတ်ပါ။ ကျုပ်လို တစိမ်းဧည့်သည် အဖို့တော့ ကောင်းကောင်းမြင်သာတယ်။ ကျောင်းတိုက်အဝင်မှာ စီပ္ပိုင်က တားတော့ ဦးကာက ပြန်ကြည့်ပုံဟာ ရွံရှာမုန်းတီးပြီး ဒေါသအပြည့်ပဲ။ ဆရာတော်ကလည်း ရှင်ဘုရင်ကို တမ်းတစကားပြောတယ်။ လူတွေလည်း စိတ်ချမ်းသာတယ်။ ဘုန်းကြီးတပည့်တွေလည်း ကျောင်းတိုက်နဲ့တစ်လုံး။ ခုတော့ အင်္ဂလိပ်လက်ထက်မှာ အားလုံး ပုံစံတစ်မျိုးဖြစ်သွားတယ်။ လူ တပည့်၊ ရဟန်း တပည့်တွေလည်း ပြေးကုန်ပြီ။ သာသနာ မှေးမှိန်သွားမှာ စိုးရိမ်တယ်လို့ အထပ်ထပ် ပြောတယ်။ ရှေးပုံစံပျက်တယ်။ ပျောက်ကွယ်လိုက်တယ်။ အဲဒါကို ယူကျုံးမရ ဖြစ်တယ်တဲ့။ ပုံစံအသစ်ဟာ ကောင်းမှာတဲ့လား။ (အင်္ဂလိပ်ကို) ဘာမဆို မှန်ပါ့ဘုရားလိုက်မယ့် လူတန်းစားသစ်တော့ မပေါ်လာသေးဘူး။ ဒီလိုလူစားမျိုး ဘယ်နေရာက ပေါ်လာမလဲ။

ကနေ့ ညစာစားကြတော့ ဒီမြို့မှာ ကူလီတစ်ယောက်ဟာ တစ်လလုံးမှ ဝင်ငွေ ၅၊ ၃၊ ပဲရတယ်လို့ ပြောတာ ကြားရတယ်။

## ၂၄ ဂျန်နဝါရီ ၁၈၈၆

ကနေ့ ဦးကာနဲ့ သာသနာပိုင် ဆရာတော်ကြီးကျောင်းကို ရောက်ပြန်တယ်။ မာလာလင်္ကာရသ ဓမ္မဝံသ အတုလပဝရဓမ္မ သေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု သီတင်းသုံးရာကျောင်းပါပဲ။

ကျောင်းတိုက်ဟာ နန်းတော်နဲ့ နီးတယ်။ ဆရာတော်ဟာ စကြံပေါ်က ကွပ်ပျစ်ပေါ်မှာ သီတင်းသုံးနေတယ်။ မီးအုံးတစ်ခုကိုမှီပြီး ပုံနှိပ်စာအုပ်တစ်အုပ်ကို ကြည့်နေတယ်။

ဆရာတော်အနားမှာ ရံနေတဲ့ ရဟန်းထဲက တစ်ပါးဟာ ပါဠိလိုပြောတတ်တယ်။ ပြောပုံတော့ညံ့တယ်။

ပြောကြရတဲ့ စကားအကြောင်းအရာကလည်း အထွေအထူး စိတ်ပါဝင်စားစရာ မပါဘူး။ ပါတော်မူတဲ့ဘုရင်အတွက် ဝမ်းနည်းတယ်။ ပြင်သစ်နဲ့ရုရှားကို ချီးမွမ်းတယ်။ ဒီလိုပြောကြရင်း အင်္ဂလိပ်ကို ကဲ့ရဲ့ရှုတ်ချတယ်။

ကျောင်းတိုက်ဟာ ထန်းပေါတဲ့ဥယျာဉ်ထဲမှာ ဆောက်ထားတယ်။ ကျောင်းဝင်း ထဲမှာတော့ သံဃာ တော်တော်များများ တွေ့ပါတယ်။ အားလုံး ကျောင်းနေသံဃာ တွေပဲ ဖြစ်မယ်။ အကြီးအအုပ်ရဲ့ ဌာနဖြစ်လို့နဲ့ တူပါတယ်။
မြန်မာ့သဘောဟာ မြင့်မြတ်သူရဲ့ရှေ့မှာ အင်မတန် နှိမ့်ချပါတယ်။ ဒီလိုပဲ ပြုမူ ရမယ်လို့ ရဟန်းတွေကပဲ သင်ကြားပေးထားတယ် မဟုတ်လား။ ဒီလို နှိမ့်ချတာ ဟာ ဆရာတော်တွေရဲ့ရှေ့ရောက်တော့ လွန်လွန်းလှချည်ရဲ့လို့ ထင်မိတယ်။ လူဝတ်ကြောင်တစ်ယောက်ဟာ ကုန်းပြီးတွားမတတ် ဝပ်စင်းပြီး ဝင်လာပြီး ခြေတော် ကို ဦးခိုက်တယ်။ ဆရာတော်က အသိအမှတ်ပြုပုံမပေါ်။ ကျောက်ရုပ်လိုပဲ ခန့်ခန့်ကြီး ဆက်နေတယ်။ အားလုံးပဲ အမြဲကွမ်းဝါးနေကြတယ်။
အခု သွားတွေ့တဲ့ ဦးကေတုလည်း ဒီအတိုင်းပဲ။ ကွမ်းဝါးလို့။ ဓားပြကြောက်လို့ ကျောင်းကြီးကိုထားခဲ့ပြီး သိမ်သိမ်ငယ်ငယ် လာနေသတဲ့။
အခြေအနေ ဆိုးရွားပုံ၊ ဗရုန်းဗရင်းနိုင်ပုံကို ညည်းတွားနေတယ်။ စကြံမှာ အစုစု သံဃာ ဆယ်ပါးလောက်ရှိတယ်။ ပါဠိလိုပြောဖို့ ကြိုးစားကြတယ်။ မစွံဘူး။ သူတို့ အသံထွက်ကို ကျုပ်နားမလည်ဘူး။ မဆီမဆိုင် ရုရှားနိုင်ငံရဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အကြောင်းကို မေးတယ်။ ရှင်းရှင်းပြောတော့ သူတို့ အားလုံးဟာ ဗဟုသုတ အင်မတန်ခေါင်းပါးတဲ့၊ ပေါင်းလို့သင်းလို့ မရနိုင်တဲ့ ပုဂ္ဂိုလ်တွေပဲပေါ့။
မြို့အခြေအနေကတော့ တကယ့် စိတ်ပျက်စရာ။ နံလိုက်စော်လိုက်တာလည်း လွန်ရော။ ဒါပေမဲ့ မြို့ဝန်းကျင်ဟာ စိမ်းလန်းစိုပြေတယ် ဆိုတာတော့ မှန်တယ်။ ချွေးတော်တွေကလည်း ပေါပါဘိ။ လမ်းပေါ်မှာ လှည်းဆရာက အော်တော့မှ မရှောင်ချင့်ရှောင်ချင် ထရှောင်တယ်။ လှည်းကလည်း နွားဆွဲတယ်။

**၂၅ ဇန်နဝါရီ ၁၈၈၆**

အိမ်တိုင်းပဲ မကျည်းပင်ရိပ်နဲ့၊ ထန်းတွေ၊ ငှက်ပျောတွေရံလို့။ မနက်ခင်းမှာတောင် နံစော်ပုံကတော့ တရားလွန်ပဲ။
မြို့ထဲမှာ မနက်ခြောက်နာရီဆိုရင် လှုပ်လှုပ်ရွရွဖြစ်လာပြီ။ ဆီမရှိတဲ့ လှည်းဘီးတွေ ကလည်း တကျွီကျွီမြည်လို့။ နားမခံသာဘူး။ မနက်ခင်း မျက်နှာသစ် ရေချိုး လုပ်တဲ့လူတွေဟာ ကိုယ်တစ်ဝက်တုံးလုံးနဲ့ အိမ်ဝလမ်းမမှာ ထွက်ပြီး လုပ်တယ်။ နန်းတော်ဖက်ကိုသွားတဲ့ လမ်းမပေါ်မှာရှိနေတဲ့ ကျုပ်တို့ဟိုတယ်မှာလည်း ဖုံတွေ မှုန်တွေ အမှိုက်သရိုက် အပြည့်။ ဒီနေရာမှာ တိုင်းရင်းသား သာမန်အိမ်အတိုင်းပဲ။ မနက် ရှစ်နာရီကစပြီး လေလံ မောင်းသံ ကြားနေရတယ်။ ဘုရင့်မိဖုရားရဲ့ နန်းတွင်းပစ္စည်းတွေကို လေလံပစ်မယ်တဲ့။
မနေ့က ညစာစားကြတုန်းက ဂျာမန်ကောင်က သူ လေလံပွဲက မိဖုရားရဲ့ ဆုတောင်း စာအုပ်နဲ့ စိန်စီရွှေချ ဘောင်တပ် ဆရာတော်ကြီးပုံတူတစ်ချပ် ရခဲ့တယ်လို့ ကြွားနေတယ်။
ဒီလို လေလံပွဲကို မြန်မာအမျိုးသားတွေက ဘယ်လိုသဘောထားမလဲ။ သိချင် လိုက်ပါပိ။

ကာနယ်စလေဒင်ဆီမှာ ခွင့်တောင်းပြီး ကနေ့ ဘုရင့်စာကြည့်တိုက်ကို လှေ့လာပါတယ်။ ကျွန်းသေတ္တာကြီး ရှစ်လုံးနဲ့ ကျမ်းတွေအပြည့်။

တစ်နေ့ သေတ္တာတစ်လုံးကို ဖွင့်ကြည့်တော့ ကျမ်းစာထုပ် ၁၀၀ လောက် တွေ့တယ်။ ဒါပေမဲ့ ကျုပ်အရင် မွှေနှောက်သွားတဲ့လူတွေကြောင့် ဖရိုဖရဲ တွေ့နေ ရတယ်။

ထင်တဲ့အတိုင်းပဲ ဘုရင့်မှာ ပိဋကတ်သုံးပုံအပြင် နိဿျ၊ အဋ္ဌကထာ၊ ဋီကာတွေ အစုံရှိတယ်။ သစ်ကျမ်းရော အနားအစပ်တွေပါ ရွှေချထားတယ်။ အခုအနေ တော့ မဆိုင်တာတွေပါ ရောနှောပြီး ပွနေတာပဲ။ ဒါပေမဲ့ အခု သေတ္တာထဲမှာ ဒီကျမ်း တွေရှိတယ်လို့ သတိထားမိတယ်။

**သဗ္ဗနှစ်ဂ္ဂာဋီကာ**
**ဘောဒစိန္တာဒီပနီ**
**ကာရိကာဋီကာ**
**ကေတ္ကရဋီကာ**
**ဂန္ဓာဘရဏာဋီကာ**
**ဝစ္စဝါစကဋီကာ**
**သဒ္ဒဝုတ္တိဋီကာ**

ပြီးတော့ သခမ္မကိတ္တိထေရပြုတဲ့ **ဝိစိတ္တာလုံကာရ** ကျမ်းကြီးကိုလည်း တွေ့တယ်။ မြန်မာဘာသာသာကျမ်းတွေထဲက **ဃာဂဂန္ဓသစ္စာသံခေပ** ခေါ်တဲ့ ဘဒ္ဒန္တ ဓမ္မပါလ ရေး ကျမ်းတစ်စောင်တွေ့တယ်။ ကျမ်းဦးစကားမှာ ကျမ်းပြုဆရာဟာ အာနန္ဒထေရ ဖြစ်တယ်လို့ပဲ တွေ့ရတယ်။

**ဒသဝတ္ထုကထာ** ခေါ်တဲ့ **ဒသဝတ္ထုပကရဏာ**ကတော့ ဝတ္ထုသွားပြန်ပြောတဲ့ ပုံစံမျိုး နဲ့ တွေ့ရတယ်။

**ရုန္တယာမလမန္တြ** ဆိုတဲ့ သက္ကတကို မြန်မာအက္ခရာနဲ့ရေးထားတဲ့ကျမ်းရဲ့ သုံးလေးခန်း ကိုလည်း တွေ့တယ်။ ကျမ်းရဲ့နာမည်ကိုတော့ **ဓာတုပြဂ်သ နေတ္တိ အတ္ထကထာယဋီကာ** လို့ တပ်ထားတယ်။

ပထမနေ့မှာ ဘာမှမရလောက်သေးဘူးပေါ့။ ကျုပ်ကလည်း စာကြည့်တိုက်ကို မွှေချိန် နှစ်နာရီတောင် မပြည့်သေးဘူး။ ပြီးတော့ သေတ္တာထဲမှာ တစ်ဝက်လောက် က နန်းတော်နဲ့ဆိုင်တဲ့ အင်ဖယားမှတ်တမ်းတွေဖြစ်နေတယ်။

အဲဒီကထွက်ခဲ့ပြီး နန်းတော်ကို လှည့်ကြည့်မိတယ်။ မြို့အလယ် ကွက်လပ် ကျယ်ကျယ်ကြီးထဲက တိုင်ရှည်တွေနဲ့ အဆောက်အအုံတွေကို နန်းတော်လို့ ခေါ် တယ်။

အဲဒီအဆောက်အအုံတွေထဲမှာ ခုလူသစ်တွေ ဝင်နေကုန်ကြပြီပေါ့။ စလေဒင်က လွှတ်တော်နားမှာ နေတယ်။ တချို့ဝန်ကြီးက လွှတ်တော်တက်တုန်း။ စစ်သားတွေက နေရာအနှံ့။ ဘုန်းတော်ကြီးကျောင်းတွေ တိုက်တစ်ခုတည်းမှာတောင် စခန်းချ နေကြပြီ။ လေလံတင်တဲ့နေရာကိုလည်း ရောက်တယ်။ ကျုပ်လိုချင်တဲ့ပစ္စည်း မတွေ့ဘူး။

**တိုင်း** သတင်းထောက် မိုလန် (Mowlan) ဆီသွားတယ်။ ဘုရင်ခံချုပ် ကြိုဆိုဖို့ မနက်ဖန် ရန်ကုန် ဆင်းမလို့တဲ့။ ဘုရင်ခံချုပ်ဟာ မန္တလေးကို ဖေဖော်ဝါရီ ၁၀ ရက် ရောက်မယ်။ ကျုပ် နိုင်ငံရေးမပါဘဲ စကားပြောပါတယ်။ မြန်မာနိုင်ငံကို ဧကရီဘုရင်မ အလိုတော်ကျဖြစ်ဖို့ သိမ်းပေးခဲ့ပြီ။ ဓားပြတွေ အများကြီး ခုအထိ ဆူတုန်း။ စလေဒင်နဲ့ပရဲင့်ဒါဂတ်ကလည်း အာဏာအပြိုင်။ မြန်မာဝန်ကြီး တချို့လည်း အရာကျတယ်။ တချို့များ အဖမ်းတောင်ခံရသေးတယ်။

အဲဒီနောက် ဈေးချိုတော်နဲ့ သဇဈေးတော်(?)ကို ရောက်သွားတယ်။ ဒီဈေးနှစ်ဈေးဟာလည်း တွဲနေတယ်။ ဒုတိယဈေးက အခွဲချည်းပဲ။ တချို့နေရာမှာတော့ အစားအသောက် နည်းနည်းရောင်းနေပါတယ်။

ပထမဈေးဟာ ငါးနာရီပဲရှိသေးတယ် ဆိုင်တချို့ ပိတ်ထားပြီ။ အသုံးအဆောင် ပစ္စည်းတွေ များများဟာ ဥရောပတိုက် ထွက်ဖြစ်တယ်။ လင်မနစ်နဲ့ဆော်ဒါရေကို နေရာတကာမှာ ရောင်းတာတွေ့ရတယ်။

အဲဒီဈေးကို အရောက်သွားရတဲ့ လမ်းကတော့ အံ့စရာလမ်း။ ချိုင့်တွေ၊ တံတားတွေ။ ပြီးတော့ တစ်မြို့လုံး မုန်တိုင်းပြီးစလို ပိတ်မှောင်နေတယ်။ မန္တလေးမှာ ညနေပိုင်းဆိုရင် အသက်ရှူကျပ်ပြီး သေလောက်တယ်။ အပုပ်နံ့ကလည်း ရှောင်မလွတ်ဘူး။

တိုင်းရင်းသားတွေနေတဲ့ အိမ်တွေဟာ အိမ်တိုင် ခြေတံရှည်တွေနဲ့။ ဝါးထရံကလည်း အင်မတန် ကြည့်လို့လှတယ်။ သစ်ပင်စိမ်းစိမ်းစိုစိုတွေ ဝိုင်းရံနေလေ့ ရှိပါတယ်။ ဒီတော့ ရှုမျှော်ခင်းကားအနေနဲ့ စက္ကူပေါ်မှာသာ ဆွဲထားရင် အင်မတန် လှမယ်ပေါ့။ ဘယ်သွားသွား(ဘုန်းကြီး)ကျောင်းကို တွေ့မယ်။ လမ်းပေါ်မှာလည်း ရဟန်းနဲ့ဆုံမယ်။ သူတို့ကဖြင့် ဒီမြို့မှာ များကိုများလွန်းလှတယ်။

ဓားပြ ခုနစ်ရာဟာ လုံးဝလွတ်ငြိမ်းခွင့်ရလို့ ခုပဲ လက်နက်ချတယ်ဆိုတဲ့ သတင်းကြားရတယ်။ သူတို့ကို အလုပ်ပေးပါတဲ့။

(အင်္ဂလိပ်ဘုန်းကြီး) မတ် ပြောတာ မှန်မယ်။ ဓားပြအန္တရာယ်က လွတ်ချင်ရင် အစိုးရဟာ လုပ်ငန်းကြီးကြီးကျယ်ကျယ်တွေက စပြီးလုပ်ရမယ်။ လမ်းတွေက မဖောက်လို့ကို မရဘူးဘဲ။

## ၂၆ ဇန်နဝါရီ ၁၈၈၆

မနက်စာ စားအပြီး နန်းတော်ရောက်။ ဂျင်နရယ် ပရင်ဒါဂတ်နဲ့ သိက္ခမ်းခွင့်ရ။ ကြင်နာတတ်ပုံပဲ။ ဒါပေမယ့် စကားနည်းလွန်းတယ်။ စကားဖြစ်ရုံ ပြောပြီး ထွက်ခဲ့တယ်။ ကာနယ်ဘတ်ဂျင် (Budgin) ဦးစီးပြီး နန်းတွင်းပိဋကတ် တိုက်တစ်ခုကို ဖွင့်ကြည့်ကြတယ်။ ကနေ့ သေတ္တာနှစ်လုံးတစ်ပိုင်း ကြည့်ပြီးတယ်။ လုံးဝ ကျေနပ်စရာပဲလို့ ပြောရလောက်အောင် အကြိုက်မတွေ့။ ကျမ်းစာရင်း သုံးလေးခုထဲမှာ ကျမ်းအမည်အားလုံးကို အပြိုလိုက်ရေးထဲ့ထားတယ်။ တချို့ကျမ်းအမည်တွေက

**မဏိဒီပဋီကာ**

**ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ**

**ဓာတုမာလာ**

**ဝဇိရသာရ**
**အာပဒါနဋ္ဌကထာ**
ဖြစ်တယ်။ အဋ္ဌကထာ၊ ဋီကာတွေက အလွန်များတယ်။ အလင်္ကာစာပေလည်း များတယ်။ **ပါတိမောက္ခ** တွေနဲ့အလားတူ ကျမ်းတွေလည်းရှိတယ်။ သေတ္တာတစ်လုံးထဲမှာ ပိဋကတ်အမည်တူ ကျမ်းနှစ်ကျမ်း၊ သုံးကျမ်းဆိုသလိုလည်း တွေ့တယ်။ ကျုပ်က ဒီလိုကျမ်းတွေ ဝင်မွှေနေတော့ အင်္ဂလိပ်တွေ လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ သူတို့အထဲမှာ စာတတ်ပေတတ် ပညာရှင် ပါဠိနားလည်တဲ့လူ တစ်ယောက်တစ်လေမှ မပါဘူး။
ဂျင်နရယ်နေဖို့ အဆောင်ဆောင်အခန်းခန်းနဲ့ ခမ်းနားလှတယ်။ ရွှေကုလားထိုင်မှာ ထိုင်ပြီး ခိုင်းစရာ ကျေးကျွန်တစ်လှေကြီး။
ကနေ့ သူ့ဆီဝင်ခဲ့တုန်းက လက်သမားတွေ လှေစပ်နေတာတွေ့တယ်။ ဘယ်သူ့ဖို့လဲ၊ ဘုရင့်ခံချုပ် ကြိုဆိုရေးအတွက်လားမသိ။

## ၂၇ ဇန်နဝါရီ ၁၈၈၆ မနက်

ကျုပ် တည်းခိုနေရတဲ့ ဟိုတယ်ကဖြင့် စုတ်ပဲ့ညစ်ပတ်ပုံ တွေးမရနိုင်အောင်၊ ပြောမပြတတ်အောင် ရှိပါတယ်။ မနေ့ညက ဂျာမန်နှစ်ယောက်ဟာ တစ်ညလုံး အရက်သောက်ပြီး ဆူနေကြတယ်။ ခွေးအူသံတွေနဲ့ရောပြီး ကျုပ်ဘယ်မှာအိပ်ရနိုင်တော့မလဲ။ ဇမိုက်သား ဟိုတယ်ပိုင်ရှင်ကလည်း တစ်ညလုံးပျောက်နေတယ်။ တစ်အိမ်လုံးမှာ ခေါ်ခိုင်းစရာ တစ်လူမှမရှိ။ တစ်သက်နဲ့တစ်ခါ အခုလို ကိုယ့်အခန်းနဲ့ကိုယ် မအိပ်ရဘဲ အခန်းထောင့်မှာ အိပ်ရတာမျိုး မကြုံဖူးဘူး။ ညအိပ်တည်းခိုအိမ်က အခန်းထောင့်တစ်နေရာဆိုတာ အခု ကျုပ်တည်းနေရာကိုပဲ ပြောတာ အသေအချာပါပဲ။ ကန့်လန့်ကာကလေးတော့ ရှိတာပေါ့။ လမ်းပေါ်က ခွေးနှစ်ကောင် အိမ်ထဲဝင်လာပြီး အစာလုတာကို ကျုပ်ထပြီး သုံးခါမောင်းထုတ်ရတယ်။
စလေဒင် (Sladen) က အခု ကျုပ်လေ့လာဆဲ ပိဋကတ်တိုက်ဟာ ဘုရင့်ပိဋကတ်တိုက် မဟုတ်သေးဘူး။ နန်းတွင်းအဝင်အပါတစ်ခုပဲဖြစ်တယ်။ ဘုရင့် ပိဋကတ်တိုက်ကိုတော့ သိမ်းရပစ္စည်းထိန်းကော်မီတီက စောင့်ရှောက်ထားတယ်တဲ့။ ကနေ့ ရှာဖွေတာမှာလည်း သိပ်ပြီး အမြတ်အစွန်း မရှိလှပါ။ ကျမ်းနှစ်ကျမ်းတော့ မှတ်ထားမိတယ်။ **မဏိသာရဒီပနီ** နဲ့ အမည်ဆန်း **ရာဇာဓိရာဇဝေမ္မတာရဒီပနီ** တဲ့။ အဲဒီကျမ်းကို ကျုပ်နားမလည်ဘူး။ ပါဠိဘာသာရေး မြန်မာအနက်ပြန်လည်းပါတယ်။
အင်းဝနဲ့ စစ်ကိုင်းမှာ ဓားပြတွေ ဆူနေတုန်းပဲ။ အင်းဝ ဓားပြအကြောင်းကတော့ လူရှုပ် အရက်မူး ဂျာမန်ရဲ့ထွင်လုံးပဲ ဖြစ်မယ်။
ဦးကာက ဘုန်းကြီးဆွမ်းကျွေးရှိတယ်ဆိုလို့ ဘုန်းကြီးကျောင်း လိုက်သွားတာကတော့ ဆူဆူညံညံနဲ့ပဲ နိဂုံးသတ်တယ်။ ဘုန်းကြီးတွေ ဆွမ်းမစားကြ ရခင်မှာပဲ ကျုပ်စိတ်ဆိုးပြီး ပြန်လာခဲ့ပြီ။ ဒီဦးကာဆိုတာ လူလိမ်တကော့ ဘုရင်ပါပဲ။ ပါးစပ်ပြောတော့ မဖြစ်တာမရှိဘူး။ လိုချင်တာ ရစေမယ်ဆိုတယ်။ ပြီးတော့ ခုအထိ ဘာမှမယ်မယ်ရရ

လုပ်မပေးနိုင်ဘူး။ ဒါပေမယ့် သူ့ဆောင်ရွက်ပုံ ကျေနပ်စရာ သိပ်ကောင်းတယ်လို့ ရန်ကုန်က သူ့အကြီးအကဲဆီ စာရေးပေးပါ တောင်းတယ်။
ညနေ နန်းတော်ဘက် လှည်းနဲ့သွားပြီး အပြင်က တစ်ပတ်လမ်းလျှောက် ကြည့်ခဲ့တယ်။

**၂၈ ဇန်နဝါရီ ၁၈၈၆**

လွှတ်တော်မှာစုပြီးရှိနေတဲ့ ကျမ်းတွေကို ကနေ့ စစ်ဆေးပြီးတယ်။ စောစောက ပြောဖူးသလို အရင်အထက်ထက်က ဝန်ကြီးတွေပိုင်တဲ့ ကျမ်းတွေလည်း တွေ့ရတယ်။
သဒ္ဒမ္မကိတ္တိရေးတဲ့ **ဝိစိတ္တာလံကာရ** ဟာ(ကလျာဏသာရပြုစုတဲ့) **သုစိတ္တာလံကာရ** နဲ့ မတူပါဘူး။ ပထမကျမ်းက အလင်္ကာရနဲ့ဆိုင်တယ်။ ဒုတိယကျမ်းက ဗုဒ္ဓဟောကြားတဲ့ တရားတော်ကို သုံးသပ်ချက်ပဲဖြစ်တယ်။
**ဆဂတိဒီပနီ** ဆိုတဲ့ ကျမ်းကတော့ အမည်ကြားရုံနဲ့ ဘာရေးမယ်လို့ သိလောက်တယ်။ နိဒါန်းမှာ စိတ်ဝင်စားစရာ ဒီလိုတွေ့ပါတယ်။

သဒ္ဓမ္မသတိပဋ္ဌာနံ
သုတ္တတော ဇိနဝုတ္တတော၊
ပဏ္ဍိတေန သမုဿေသေန
ဒီပိတာ ဂတိဒီပနီ။
သာဟိ သကဌဘာသာဟိ
ဒီပိတတ္တာ ဒုရန္နယာ၊
သဒ္ဒသတ္တာ နဘိညာယ
ဒီပန္တ ရနိဝသိနံ။
ဣတိတံ ပရိဝတ္တေတွာ
မာဂဓာနံ နိရုတ္တိယာ၊
ဟိတာယ မန္ဒပညာနံ
ဘာသိတာနံ မယာဓုနာ။

ကနေ့ **ဝစီသာရ** ကျမ်း၊ **ဝါစီသာရတ္ထသံဂဟဏ္ဌာန** ကျမ်းဆိုတာတွေ တွေ့တယ်။ ပြီးတော့ **ဝိသုဒ္ဓိ မဂ္ဂ ကဌကထာ** ကိုလည်း တွေ့တယ်။
နေ လ စတဲ့ ဂြိုဟ်တွေဆိုင်ရာ ကျမ်းတစ်စောင်လည်း တွေ့ပါတယ်။ ကျမ်းရဲ့ အရင်းအစအကြောင်း သိရတာလည်း စိတ်ပါဝင်စားစရာ ကောင်းလှတယ်။

ဣတိ ပရမသဒ္ဓာစာရဗုဒ္ဓိ
ဝိရိယ ပရိမဏ္ဍိတေန
ဥတ္တမင်္ဂေါ တိဂုရုဟိကတ(ဖာ)
ဒဟာရနာမာတိစေယေန အတ္တနိ
စ ဝုတ္တိနာ မာပ္ပရနာမဒေသမှိ
အတိတိတ္တိနာမာနံ ဒွိန္နံ

အဂဂရာဇုန် အာစရေယဘူတေန
တိသုဗေဒေသု ကောဝိဒေန
သတ္တဟိတေသိနာ တိပိဋက
မဟာထေရေန ဝိရစိတံ စန္ဒသူ
ရိယ ဂတိဝိနိစ္ဆယံနာမပကရဏံ သုနိဋ္ဌိတံ

ယခု စလေဒင်နေတဲ့အခန်းဟာ အရင် ပိဋကတ်တိုက်ပါပဲ။ ကျမ်းတွေကို အရွယ်ချင်း မတူပေမယ့် တော်တော်ကြီးတဲ့ သေတ္တာရှစ်လုံးနဲ့ ထည့်ထားပါတယ်။

ကျမ်းတွေရဲ့ အမည်စုံ၊ အတွဲစုံကို မမှတ်မိတော့ပါ။ ဒါပေမယ့် ပါဠိကျမ်းတွေကို ဒီလိုတစ်နေရာတည်းမှာ တစ်စုတစ်ပြုံကြီးစုထားတာမျိုး ဥရောပတိုက်က ဘယ်စာကြည့်တိုက်မှာမှ မတွေ့ဖူးဘူး။ အထက်မြန်မာနိုင်ငံမှာရှိနေတဲ့ ဘုန်းကြီးကျောင်းတွေမှာတောင် ဒါလောက်များများ စုဆောင်းပြီး ရှိမယ်မထင်ပါ။ ကျမ်းတိုင်း ပါဠိဘာသာနဲ့ ရေးတာတော့ မဟုတ်ပေဘူးပေါ့။ သေတ္တာတစ်လုံးမှာဆိုရင် မြန်မာဘာသာပြန်တွေ အပြည့်ပါနေတယ်။ ဒီကျမ်းတွေအားလုံးဟာပဲ အင်မတန် သပ်သပ်ရပ်ရပ် ရှိနေပါသေးတယ်။ အနားရွှေချလို့။ ဒါပေမဲ့ တချို့ အထုပ်တွေမှာတော့ အလိုအပိုတွေ ပါဝင်နေပြီဆိုတာလည်း သတိပြုမိပါရဲ့။ ဒါတွေကို သန့်စင်အောင် ပြုလုပ်ပါဆိုရင် အချိန်အများကြီးလိုမယ်။ အခု စာကြည့်တိုက်ဟာ လွှတ်တော်နဲ့ဆိုင်တယ်ဆိုပေမယ့်လည်း မနုကျယ်ကလွဲလို့ တရားဥပဒေနဲ့ဆိုင်တဲ့ ကျမ်းရယ်လို့ မတွေ့မိဘူး။ **မနုကျယ်**တောင် တချို့စာရင်းထဲမှာမှ ပါလာတာတွေ့တယ်။ ရာဇဝင်ကြောင်းနဲ့ ဆိုင်တဲ့ကျမ်းတွေလည်း အနည်းအပါး တွေ့ရမယ်။ စာရင်းအရ **ဒီပစံသ၊ ဒလဒါ ဓာတုဝံသ၊ ရာဇဝံသ** ဆိုတာတွေကို မြန်မာဘာသာနဲ့ ရှိတယ်လို့ သိရတယ်။ သဒ္ဒာကျမ်းကတော့ အလွန်ပေါပဲ။ အခု မှတ်ချက်တွေကို သာမည အကြမ်းသဘော သိရရုံရေးတယ်။ လေးရက်အချိန်ယူပြီး မွှေနှောက်ကြည့်ပေမယ့် အစုစု အလုပ်ချိန် နာရီနှစ်ဆယ်ထက်မပိုပါ။ မြန်မာတွေရဲ့ ကျမ်းစာဆိုတာ ပေရွက်ပေါ်မှာရေး၊ သစ်သားကျမ်းညှပ်၊ အဝတ်နဲ့ ပတ်ထုပ်ထား တာဖြစ်လို့ ဖွင့်ရဖတ်ရတာ မလွယ်ဘူး။ ဒီတော့ နာရီ နှစ်ဆယ်ဆိုပေမယ့်လည်း အလုပ်တယ်ပြီးမတွင်နိုင်ဘူး။ ကိုင်တွယ်နေက မဟုတ်လို့ပါပဲ။ စာကြည့်တိုက်ရဲ့ အနေအထားကိုတောင် မပြောမိသေးဘူး။ ခပ်သွက်သွက် ဝန်ခံချင်တာကတော့ ဒီစာကြည့်တိုက်ဟာ အသိပညာ ရတနာသိုက်အနေနဲ့ ဘယ့်ကလောက်ကြွယ်ဝတယ်လို့ ကျွန်တော် မခန့်မှန်းတတ်ပါ။ ကျနော်ပြောတတ်သလောက်ကတော့ ဒီမှာပိဋကတ်သုံးပုံ အစုံရှိတယ်။ ဗုဒ္ဓဃောသပြုစုတယ်ဆိုတဲ့ ဋီကာ တစ်ဆယ့်သုံးကျမ်းရှိတယ်။ တခြားဋီကာ၊ အနုဋီကာတွေလည်း အများကြီးပါပဲ။

ဗုဒ္ဓစာပေရဲ့ အရေးအပါဆုံး ကျမ်းစုပြီး နေရာဖြစ်ပါတယ်။ အသေအချာသာ ရှာဖွေလေ့လာရရင် ဥရောပတိုက်သား ပညာရှင်တွေကြားမှ မကြားဘူးတဲ့ ကျမ်းတွေ ဒီအပုံတွေထဲက ထွက်လာနိုင်အုံးမယ်လို့ ကျွန်တော် ရဲရဲပြောနိုင်တယ်။

**၂၉ ဂျန်နဝါရီ ၁၈၈၆**
နန်းကျ သီပေါမင်းရဲ့ ကုသိုလ်ရေးကို လေ့လာမိတဲ့အခါ အထူးပဲ ဆန်းကြယ်တယ်လို့ ဆိုချင်တယ်။ အရှေ့တိုင်း ဘုရင်တွေရဲ့ ထုံးစံနဲ့အညီ စိတ်ကူးရရင်ရသလို ထွေထွေရာရာပြင်ပြီး ရက်စက်ရိုင်းပျ နှိပ်စက်စော်ကားထားတဲ့ ဖြစ်မှုတွေကို ရွှေကျောင်းကြီးတွေဆောက်၊ ရွှေစေတီကြီးတွေတည်ရင် ပြေမယ်၊ ပျောက်မယ်၊ ဘဝသံသရာဝဋ်က လွတ်မယ်ထင်တယ်များလားမသိ။ ကုသိုလ်တော် ကျောင်းကို ရောက်သွားတော့ ကျွန်တော် ဒီအတိုင်း တွေးမိပါတယ်။ တော်တော် ဆန်းကြယ်တဲ့ အဆောက်အအုံဖြစ်တယ်။ ငွေကုန်လည်း အင်မတန်ခံပြီး မွမ်းမံရမယ်ပေါ့။
ခုတော့ ဘယ်ကြည့်ကြည့် ပျက်စီးစပြုပြီ။ စစ်သားကလည်း နေရာတကာ တွေ့ရမယ်။ ဒီနေရာမှာလည်း လာပြီးမင်းမူနေကြတာပဲ။ တံခါးတွေနဲ့ စေတီတွေမှာတော့ ချထားတဲ့ရွှေကျန် ပါသေးတယ်။ ပိဋကတ်သုံးပုံကျောက်ပြားတွေ ရှိရာမှာလည်း ရွှေကျန်သေးတယ်။ ပထမဆုံး ကျွန်းတံခါးကို ရွှေချထားတဲ့ ဝင်ပေါက်ကစပြီး ဝင်လိုက်ရင် ပိဋကတ်ကျောက်ပြားတွေကို လေးတန်း တန်းပြီးထားတာ တွေ့နိုင်ပါတယ်။
ကျောက်တစ်ချပ်ကို မကရုတရုဏ မုခ်လေးဘက် ဖွင့်ထားတဲ့ စေတီငယ်နဲ့ အုပ်မိုးထားတယ်။
ပထမဝင်းထဲမှာ အစတစ်တန်းပဲ ကျနော်လျှောက်ကြည့်ပါတယ်။
နောက်တစ်ဝင်းထဲမှာတော့ ကျောက်ပြား အတန်းနှစ်တန်းရှိပါတယ်။ ပထမဝင်းထဲမှာ အပေါ်စေတီ ရွှေချထားတာတွေက **ဝိနယပိဋက** ကျောက်ပြား တွေ ထားတယ်။ ကျောက်ပြားရှစ်ပြားပေါ်မှာ **ဘိက္ခုနီပါစိတ္တိယ**၊ တစ်ဆယ့်သုံးပြားပေါ်မှာ **ဘိက္ခုပါစိတ္တိယ**၊ နောက်တစ်ပြားမှာ **ဘိက္ခုနီပါတိမောက္ခ**၊ နောက်ပြီး **ဘိက္ခုပါတိမောက္ခ၊ ပါရာဇိက(ပါဠိ)**ကို ကျောက်တစ်ဆယ့်ကိုးပြားမှာ တွေ့ပါတယ်။ ဒီအဝန်းအဝိုင်းကို အားလုံး “ကုသိုလ်တော်”လို့ ခေါ်ကြပါတယ်။
ပထမဝင်းအပြင်တန်းမှာ **မဇ္ဈိမနိကာယ**၊ စာတစ်ရွက်နဲ့ ဘယ်ကျမ်းကို ကျောက်ပြားဘယ်လောက်မှာ ကျောက်တက်အက္ခရာတင်တယ်လို့ မှတ်ပါတယ်။ တတိယ ဝင်းအလယ်မှာ ရွှေအပြည့်နဲ့ စေတီကြီးရှိပါတယ်။ ပစ္စယံသုံးဆင့်ပေါ်မှာ ခေါင်းလောင်းတင်ထားတဲ့ပုံပါပဲ။
ခပ်မြန်မြန် လှည့်ကြည့်တာ အဲဒါတွေပဲ သတိထားမိတယ်။ အေးအေးဆေးဆေးတစ်ခေါက်တော့ လာအုံးမယ်။ တည်းခိုတဲ့စခန်းကို အဲဒီကပြန်ရောက်တော့ ပွဲစားလူလိမ်က ကျွန်တော်လိုချင်တဲ့ ကျမ်းတွေကို သူရှာလို့တွေ့ပြီလို့ ပြောလာတယ်။ ကျမ်းတွေကိုတော့ ယူမလာဘူး။ လိမ်တာပဲဖြစ်မယ်။
မနက်စာက အတော့်ကိုညံ့တယ်။ အဲဒါစားပြီး စလေဒင်တွေဖို့ နန်းတော်ကို သွားရတယ်။ ဘုရင့်ပိဋကတ်တိုက်နဲ့ပတ်သက်ပြီး သူတို့မှာ စဉ်းစားပြီး အစီအစဉ်ရှိနေလို့ တယ်မပြချင်ဘူးဆိုတဲ့ သဘောပြောတယ်။ အစီအစဉ်ကိုတော့ ဒေါက်တာဖော့ရှမ်မားကို မေးပါတဲ့။ ပြီးတော့မှ ကာနယ်အိုင်ရာ (Eyre) ဆီကို စာတစ်စောင်ရေးပေးလိုက်တယ်။ ဒီစာနဲ့ ကျွန်တော် အဲဒီ ပိဋကတ်တိုက်ကို သွားပါတယ်။

ဘုရင်နန်းမကျမီက ဒီကျမ်းတွေကို ရွှေအပြည့်ချထားတဲ့ အခန်းထဲမှာ ထားသတဲ့။ ကျမ်းထည့်တဲ့စာတိုက်တွေကလဲ ရွှေဝင်းဝင်းပဲတဲ့။ ဘယ်လောက်များမယ်လို့တော့ မသိဘူး။ အခု ကျွန်တော် တွေ့ရသလောက် သေတ္တာခုနစ်လုံး ရှိတယ်။ သေတ္တာတွေကို က(ကာ၊ ကိ၊ ကီ)ဆိုပြီး စာထိုး ထားတယ်။ ဒါပေမဲ့ ခုနစ်ခုမြောက်ရောက်တော့ ခုလိုပဲ တွေ့နေရတယ်။ ဒါကြောင့် အနည်းဆုံး သေတ္တာတစ်ဆယ့်သုံးလုံးတော့ ရှိမှာပဲလို့ ကျွန်တော် ယူဆတယ်။ အဲဒီသေတ္တာတွေရှိတဲ့ အခန်းထဲမှာတော့ ပစ္စည်းတွေ မွေနှောက် ထားကြလို့ ရှုပ်ပွေနေတယ်။ ပြီးတော့ လေလံတင်ပြီး ရောင်းမယ်လို့ သတ်မှတ် ထားတဲ့ ပစ္စည်းတွေလဲ ဒီအခန်းထဲမှာပဲ ထိုးထည့်ထားတယ်။ ဥရောပတိုက်ထွက် စက်ရုံလုပ်ပစ္စည်းဆိုတာတွေလည်း အစုအပုံလိုက်ပစ်ထားတယ်။ ကျွန်တော့် စိတ်ကြိုက် ပစ္စည်းတစ်ခုပဲ တွေ့တယ်။ ဆင်စွယ်နဲ့လုပ်တဲ့ ကုလားထိုင် တစ်လုံးပါပဲ။ ပန်းပုလက်ရာဟာလည်း အင်မတန်နုတယ်။ ကုလားထိုင်ကဖြင့် သိပ်လေးတယ်။ ဗုဒ္ဓရုပ်ပွားတော် တချို့လည်းရှိတယ်။ လေ့လာစရာကောင်းတယ်။ ဒါပေမယ့် ဒီအခန်းထဲကပစ္စည်း အများစုဟာ ဥရောပတိုက်ထွက်တွေပါပဲ။

ပထမစာတိုက်ကို ဖွင့်ကြည့်တဲ့အခါ မြန်မာကျမ်းတွေပဲတွေ့တယ်။ ပိုးစနဲ့ထုပ် ထားတဲ့ **ရာဇဝင်သ** ကျမ်းတချို့ တွေ့ပြန်တယ်။ လွှတ်တော်စာကြည့်တိုက်မှာ တွေ့ခဲ့ရတဲ့ မြန်မာကျမ်းအရေအတွက်ထက် များပါတယ်။ စာတိုက်တစ်ခုထဲမှာ ကျမ်းစာရင်းတွေ့လို့ လျှောက်ကြည့်တဲ့အခါ

**ကေသဓာတုပကာသိနီ**

**စတုတ္ထသင်္ဂါယနာ**

**သုရိယသိဒ္ဓန္တဋီကာ**

**သက္ကတဘာသာဒန္တီပါလိ**

**လီလာဝတီ**

**သက္ကတာဘိဓာနပါဒ**

**သာသနာလင်္ကာရ**

**ယောဟယာတြိကလာပ**

**မဟာဝံသ**

ဆိုတဲ့ ကျမ်းတွေအပြင် **သာသနာဒီပက** ရဲ့ ဋီကာ တစ်စောင်လဲရှိတယ်လို့ သိရပါတယ်။ အဲဒီကျမ်းတွေ တကယ်ရှိမရှိ စာတိုက်တွေထဲမှာ လိုက်တော့ မရှာမိဘူး။ ဒီအခန်းထဲမှာ ကျပ်ပြွပ်နေလို့ လူအလှည့်ရတောင် ခက်တယ်။

ကိုလဗက် (Colbeck) ဆိုတဲ့ (အင်္ဂလိပ်)ဘုန်းကြီးလူညဲ့ဟာ ကျွန်တော် အလုပ် လုပ်နေတုန်းလာပြီး နှောင့်ယှက်ပါတော့တယ်။ ပါဠိလို တစ်လုံးမှမတတ်ပေမယ့် သူကဒါတွေကို အသေးစိတ် စာရင်းလုပ်မလို့တဲ့။

သူနဲ့ စကားခဏရပ်ပြောပြီး အတူတူပဲ အဲဒီအခန်းထဲက ထွက်လာခဲ့ကြပါတယ်။ လမ်းမှာ အကြီးအကျယ်မူးနေတဲ့ ကင်းစစ်သားနဲ့ဆုံမိတယ်။ မနေ့ကည်း ဒီအတိုင်းပဲ။ အဲဒီ ကင်းသားတွေဟာ အင်္ဂလိပ်လူမျိုးချည်းပဲပေါ့။ စစ်သားမှန်ရင် လူမှန်းသူမှန်း မသိအောင် သောက်ရတဲ့ သဘောရှိနေတယ်။

အပြန်မှာ နန်းကျုဘုရင် အိပ်သွားတဲ့အခန်းကို မြင်ခဲ့ရတယ်။ အခုလေဒီဒပ်ဖရင်လာရင် ဒီအခန်းကို ဧည့်ခန်းလုပ်မယ်တဲ့။ ကျွန်တော်က အပြင်က မြင်ခဲ့ရတယ်။ ဖန်အသုံး အဆောင် အပြည့်၊ ဝင်ပေါက်ထွက်ပေါက်နှစ်ခု။ ပိဋကတ်တိုက်ရှိတဲ့အခန်းက ရွှေအပြည့်။

**၃၀ ဇန်နဝါရီ ၁၈၈၆**

မမျှော်လင့်ဘဲ ဈေးထဲရောက်သွားမိတယ်။ ထွက်လာတုန်းကတော့ ကျမ်းတစ်ကျမ်းဝယ်ဖို့ပဲ။ ရောင်းမယ်ဆိုတဲ့လူကို သူ့အိမ်မှာမတွေ့တော့ ဘာမှလုပ်စရာမရှိတာနဲ့ ဈေးအထိသွားဖြစ်တယ်။ အထည်အလိပ်ရောင်းတဲ့ ဈေးတန်းမှာ ဘာမှမရှိသလောက်ဘဲ။ ဆိုင်ခန်းတွေလဲ ပိတ်လို့။ ပစ္စည်းတွေကလည်း ဥရောပတိုက်ထွက်တွေ များပါတယ်။

တိုင်းရင်းသားဖြစ်ဆိုလို့ ပိုးထည်ပဲရှိတယ်။ အဆင်အသွေးလည်း ညံ့တယ်။ အသားလည်း ဖျင်းတယ်။

ကနေ့ ဘာမှ ကျေးဇူးဖြစ်ထွန်းတာမရှိဘူး။ ညနေသုံးနာရီလောက် ဒက္ခိဏာရာမတိုက်ကို သွားရှာတယ်၊ မတွေ့ဘူး။

လွှတ်တော်ရှေ့က ရွှေတွေပြောင်ပြောင်နဲ့ ကျောင်းက ဘုရင့်ငယ်ဆရာတော်ရဲ့ကျောင်းပါပဲ။

ကက်သလစ်ဂိုဏ်းချုပ် (Bishop)ကို သွားတွေ့တယ်။ အရေးတယူ ဧည့်ခံပါတယ်။ အမျိုးကောင်း ဝိုင်ဖြူလည်း တိုက်လိုက်တယ်။ ဓားပြတွေ လှုပ်ရှားနေကြတာမှာ ဘုန်းကြီးတွေ ခေါင်းဆောင်တာ မုချပဲ။ ဒါပေမဲ့ တစ်ခု ဝမ်းနည်းစရာက ဓားပြတွေဟာ သူတို့တိုင်းရင်းသားအချင်းချင်းတွေကိုပဲ နှိပ်စက်နေတာပဲ မဟုတ်လား။ သူတို့သတ်လို့ ဥရောပတိုက်သားကဖြင့် နှစ်ဆယ်ထက်မပိုသေးဘူး။ ဒီဓားပြတွေကို နှိမ်မယ်ဆိုရင် လွယ်ပါတယ်။ ဒါပေမယ့် အင်္ဂလိပ်ဟာ မပြတ်မသားနဲ့ လုပ်နေတော့ သူတို့က ပိုပြီးတောင် ကြီးထွားလာသေးတယ်။

သီပေါမင်းဟာ လူပျော့ပဲ၊ အုပ်ချုပ်ရာမှာလည်း ပျော့တယ်။ အားလုံး သူ့မယားကပဲ စီမံတာပဲ။

အခုစစ်ဟာ ပြင်သစ်ကို ကြောက်ပြီး ဖြစ်ရတာပေါ့။ (ကြောက်မယ့်သာကြောက်ကြတယ်) မြန်မာဘုရင့်အမှုထမ်းဆိုပြီး ပြင်သစ်ဆယ်ယောက်ထက် မပိုပါဘူး။ ဘုရင်ကတော့ အင်္ဂလိပ်ကို သိပ်မုန်းတယ်။ ပါရစ်ကိုလွှတ်လိုက်တဲ့ မြန်မာသံအမတ်ဟာ မွန်ရှီယာဗောဒေါ (Bodo?) ရဲ့တပည့်၊ ကက်သလစ် သာသနာကို ဝင်ဖူးတဲ့ လူတစ်ယောက်လို့ဆိုတယ်။ သူက ဗစ်စမတ် (Bismarck) ကိုတောင် လှမ်းပြီး မြန်မာဖက်က ကူဖို့ အသနားခံသေးသတဲ့။

အုပ်ချုပ်ရေးစနစ်ကတော့ အမြစ်အခြေကစပြီး ပုပ်သိုးနေတယ်။ ရုံးတွေ ကလပ်စား၊ ဆင်းရဲသားတွေ ပေးရသလောက် အခွန်ငွေဟာ ဘုရင့်လက်ထဲ မရောက်ပါဘူး။ အချုပ်ကတော့ သက်ဦးဆံပိုင်ဘုရင်စနစ် အုပ်ချုပ်ရေးမှာ အဆိုးရွားဆုံးဖြစ်တတ်သမျှတွေ ဒီမှာဖြစ်တယ်။ ဒါပေမယ့် အဲဒါတွေကြောင့် အင်္ဂလိပ်က

ဝင်လာတာမဟုတ်ဖူး။ ဘုံဘေဘားမားသစ် ကုမ္ပဏီအရေးကြောင့်လည်း ဝင်လာတာ မဟုတ်ဘူး။ ပြင်သစ်ခြေလှမ်းလို့ ခေါ်လေ့ခေါ်ထရှိတဲ့ လှုပ်ရှားမှုကို လန့်ပြီး ဝင်လာတာပါပဲ။ အဲဒီအန္တရာယ်ကို ဆက်ပြီးလန့်ဖို့မလို (တကယ် လန့်စရာလည်း မဟုတ်)လို့ သိတာနဲ့တစ်ပြိုင်နက် အင်္ဂလိပ်တပ်အချီအတက်လည်း နှေးသွားတယ်။ အခြေအနေက အမြွတ်ထက် အရှုံးဖက်ကို ပိုနေမှာလားလို့ စိုးရိမ်လာတယ်။ သီပေါမင်းဟာ ပြင်သစ်၊ အီတလီ၊ ဂျာမနီနိုင်ငံတွေနဲ့ မဟာမိတ်စာချုပ် ချုပ် ဖြစ်မယ်သာဆိုရင် သူလည်းအင်္ဂလိပ်အပေါ်မှာ ဆက်ဆံပုံ တစ်မျိုးပြောင်းသွားနိုင် ပါတယ်။ အခု အင်္ဂလိပ်ဟာ စစ်တပ်ချီတက် ဆက်သွယ်ပုံ ကောင်းမွန် လျင်မြန်လေတော့ တစ်နိုင်ငံလုံးကို မတိုက်ခိုက်ရဘဲနဲ့ သီတင်းသုံးပတ်အတွင်း သိမ်းလို့ ပြီးမြောက်သွားတယ်။ သူတို့လုပ်ပုံမှားလို့ ဓားပြတွေ ခုလို ပေါတာပဲ ဖြစ်တယ်။ အခုတော့ သိပ်မကြောက်ရပါဘူး။ ဖျက်ဆီးနှောင့်ယှက်နိုင်တဲ့အစုလည်း လျော့လိုက်လာပြီ။ လမ်းသစ်တွေဖောက်၊ ရောင်းဝယ်ရေးဖွံ့ဖြိုးလာရင် တစ်နိုင်ငံလုံး ပြန်ပြီး ငြိမ်ဆိမ်သွားမယ်။ မြန်မာတွေလည်း အခုကျရောက်တဲ့ ကံကြမ္မာကိုပဲ လက်သင့်ခံတော့မယ်လို့ စိတ်နှလုံး ဒုံးဒုံးချသွားမှာပါပဲ။ မန္တလေးမှာ ကက်သလစ် သာသနာဝင် ငါးရာလောက်ရှိတယ်။ မြန်မာတွေဟာ အင်္ဂလိပ်ဘာသာစကားနဲ့ သင်ကြားပေးတာကို မနှစ်သက်ပါဘူး။ သီပေါမင်းဟာ စင်စစ် လူဆိုးလူယုတ် မဟုတ်ဘူး။ ဒါပေမဲ့ နန်းတွင်းကလွဲပြီး အပြင်ကို မရောက်ဖူးလေတော့ ကမ္ဘာ့ အခြေအနေကို နားလည်ဖို့ဝေးလို့ ကိုယ့်မြို့တော်ရဲ့ အခြေအနေမှန်ကိုတောင် မသိရှာဘူး။ သူ့မြို့သာဆိုတယ် မျှော်စင်ပေါ်က မြင်ဘူးသလောက်ပဲ သူသိမယ်။

**၃၁ ဂျန်နဝါရီ ၁၈၈၆**

မြို့ပေါ်မှာနေတဲ့လူတိုင်းမှာ လက်နက်ပုံးရှိမယ်။ ဒါပေမယ့် ခုအထိ ဘယ် ဥရောပတိုက်သားကို စော်ကားလာပြီလို့မှ မကြားရသေးဘူး။ ခပ်လွယ်လွယ် ပြောရရင် မန္တလေးမြို့သူမြို့သားတွေဟာ မင်းပြောင်းမင်းလည်းဖြစ်ပြီး အင်္ဂလိပ် ရောက်လာတာကို ခပ်ငြိမ်ငြိမ်ပဲ လက်ခံလိုက်ပြီပေါ့။

ကနေ့ ပထမဆုံးအကြိမ် ညနေခြောက်နာရီကျော်မှ မဟာမြို့တော်ကို ထွက် ကြည့်တယ်။ မျှော်လင့်ထားတဲ့အတိုင်းပဲ လမ်းမီးထွန်းပေးတာကို ဘယ်နေရာမှာမှ မတွေ့ဘူး။ တချို့နေရာမှာတော့ အိမ်နဲ့မလှမ်းမကမ်းမှာ မီးဖိုပြီး ပေးထားတာ တွေ့ရရဲ့။ ညစာစားနေကြပြီ။ ဆိုင်တချို့မှာ မီးတလက်လက်နဲ့ လေထုထဲမှာ ဖုန် တွေထနေတုန်းပဲ။ အပူတော့ လျော့သွားလို့ အသက်ရှူရ နည်းနည်း ချောင်သွား ပါတယ်။ ညမှောင်သန်းလာတဲ့အခါ မန္တလေးဟာပိုပြီး လှလာတယ် လို့တော့ မပြောနိုင်ပါဘူး။ မပူတော့ဘူး။ ဒါပေမယ့် ဖုန်နဲ့အပုပ်နံ့က ညနေပိုင်းမှာ သိသိ သာသာကြီး တိုးလာ တယ်။

ကနေ့ အတုမရှိကျောင်းကို ရောက်တယ်။ ကျောင်းအဝင်ဝက ကျောက်စာအတိုင်း ခေါ်ရင် မဟာအတုလဝေယျာဉ်တဲ့။ ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်းတွေထဲမှာ အင်မတန် စည်းစိမ်နဲ့နေနိုင်ဖို့ ဆောက်တဲ့နေရာလို့ပဲ ပြောရမယ်။ အပြင်က မြင်ရပုံကိုပြောရရင်

ကြမ်းပြင်အညီစီနဲ့ ခုနစ်ထပ်ရှိတဲ့ အဆောက်အဦလို့ ထင်ရတယ်။ တစ်ထပ်ထက် တစ်ထပ်ကျမ်းပြင်အကျယ်ပမာဏ ကျဉ်းလိုက်တယ်။ (သီဟိုဠ်) ပလ္လနရုအကာသတ် မဟလ်ရဲ့ပုံမျိုး ဆင်တယ်။ ဒါပေမဲ့ သူက ပိုကျယ်ဝန်းတယ်။ အတွင်းမှာ ရောမ ဘုရားရုပ်ပွားတော်ကြီး ရှိတယ်။ တံခါးတွေအားလုံး ရွှေချလို့။ အတွင်းကတိုင်တွေလည်း ရွှေနဲ့ဝင်းဝင်းပါပဲ။

နောက်တစ်ဝင်းထဲမှာ ရွှေအပြည့်ချထားတဲ့ ကျောင်းရှိတယ်(ရွှေကျောင်းပဲ။) နောက်တစ်ဝင်းက မှန်အပြည့်၊ မှန်ကျောင်းခေါ်တယ်။ မှန်ကျောင်းပေါ်မှာ အင်္ဂလိပ် စစ်ဗိုလ်တွေ၊ အင်္ဂလိပ်တပ်သားတွေက ကျောင်းဝင်းထဲမှာ တဲထိုးပြီး နေကြတယ်။ တချို့လဲ အရံထဲမှာရှိတဲ့ ဘုန်းကြီးတွေနေဖို့လုပ်ထားတဲ့ အုတ်တိုက်အခန်းငယ်တွေ ထဲမှာ နေတယ်။ ကနေ့ တနင်္ဂနွေနေ့ဆိုတော့ သူတို့ တော်တော်များများဟာ မူးနေ ကြပြီ။ လမ်းတစ်လျှောက်မှာလည်း မူးနေတဲ့ စစ်သားတွေ တွေ့သွားပါတယ်။

မှန်ကျောင်းမှာ အလွန်လှတယ်။ ကျက်သရေရှိတယ်။ အနားက စေတီကလည်း ခန့်ညားကြည်ညိုဖွယ်ဖြစ်တယ်။ ဒါပေမဲ့ အသေးစိတ် လိုက်ကြည့်တဲ့အခါ ဥရောပ တိုက်ထွက် မှန်တွေကို ဘုရားရုပ်ပွားနောက်မှာ ကပ်ထားတယ်။ ဖန်မီးအိမ် ဖန်ပဒေသာမီးဆွဲဆိုတာတွေ သွားတွေ့တယ်။ အရှေ့တိုင်းသားဟာ ဖန်နဲ့ပတ်သက်ရင် အကုန်ကြိုက်တယ်။ ဒီနေရာနဲ့ ဒီပစ္စည်းတော်မတော်မသိဘူး။ အရူးပဲ။

အဲဒီကျောင်းမှာ မြန်မာဘုရင်ရှိတုန်းက ဘုန်းကြီးနှစ်ရာလောက်ရှိမယ်။ အခုတော့ နှစ်ဆယ်ထက်မပိုဘူး။ ဆွမ်းကွမ်းပြဿနာ မလွယ်ကူလို့ မန္တလေးက ပြေးကုန် ကြပြီတဲ့။

ကျန်နေတဲ့ ဘုန်းကြီးအပါးနှစ်ဆယ်ထဲမှာ ဆတော်ကြီးလဲပါတယ်။ ပခန်း ဆတော်လို့ ခေါ်ကြတယ်။ ဆတော်အခန်းကို ဝင်ပြီး ဖူးတယ်။ စလေဒင် စာကိုယူပြီး မနက်က အကြာကြီး ကျွန်တော်လိုက်ရှာပေမဲ့ မတွေ့ဘူးဆိုတဲ့ ဆတော်ဟာ သူပါပဲ။ ဘယ်လောက် အံ့ဩစရာကောင်းသလဲ။ သူရေးတဲ့ကျမ်းတွေ ကျွန်တော်ဖတ်ကြည့် ချင်တယ်။ ဒါပေမယ့် ဆတော်က ကျောင်းတိုက်ထဲမှာ ပိဋကတ်တိုက် မရှိဘူး။ ဒီတော့ စာအုပ်စာရင်းလည်း မရနိုင်ဘူးပေါ့။ ကျွန်တော် စိတ်ဆိုးမိတယ်။ စိတ်ပျက်မိတယ်။ နှုတ်မဆက်ဘဲ ထပြန်ခဲ့တယ်။ ဒီညနေ မိတ်ဆွေသဘော တွေ့ကြပါတယ်။ သူက စလေဒင်နဲ့ ပြေပြေလည်လည် ဖြစ်အောင် ကူညီမယ် ဆိုပါတယ်။ ကျေးဇူးတင်တယ်။ ဒါပေမယ့် အကူအညီ မလိုဘူးလို့ ပြောခဲ့ပါတယ်။ ဒီဘုန်းကြီးဘဲ သူနဲ့ပထမတွေ့ခဲ့ကြတုန်းက အင်္ဂလိပ်ကို ကျိန်ဆဲပြီး ပြင်သစ်တွေ သိမ်မွေ့နူးညံ့ပုံကို ချီးမွမ်းနေတယ်။ ဒီသိမ်မွေ့တယ်ဆိုတဲ့ အကောင်တွေ တောင် ကင်းမှာ ဘာတွေလုပ်သလဲလို့ သူမသိဘူးပေါ့။ ကျွန်တော်နဲ့ပါလာတဲ့ မြန်မာက အင်္ဂလိပ်စစ်သားဟာ ဈေးထဲမှာ သိပ်ရှုံ့စရာ ကောင်းတယ်။ ပစ္စည်းယူပြီး ပိုက်ဆံ မပေးဘူး။ မိန်းကလေးတွေ လိုက်ဆွဲတယ်။ အဲဒါမျိုးတွေ အများကြီး။ အမူးအရူး တွေ များတာတော့ မျက်မြင်ပါပဲ။ ကင်းစောင့်တဲ့ကောင်တောင် မူးနေတယ်။ မျက်မြင်ပဲ။

**၁ ဖေဖော်ဝါရီ ၁၈၈၆**

ဒီနေ့မနက်ကစပြီး ပိုက်ဆံ တော်တော်များများ ထွက်တယ်။ လိုချင်တဲ့ ကျမ်းစာတွေ တွေ့လို့ဝယ်တာရယ်၊ ဆယ်ရက်တွက် ဟိုတယ်ခ ပေးရတာရယ်။

နှစ်နေရာမှာ ဓားပြတွေ ဝင်တိုက်ပြီး လွတ်သွားသတဲ့။ တစ်နေရာရဲ့နာမည်ကို ပြန်ပြီး တွေးလို့မရ။ နောက်တစ်နေရာကတော့ စစ်ကိုင်း။ အဲဒီ စစ်ကိုင်းဟာ ဓားပြတွေရဲ့ အခြေခံစခန်းပါပဲ။ ဒါကြောင့် စစ်ကိုင်းဘက်ကို မသွားဘဲ ဒီဘက်ကူး အိပ်ခဲ့တာပေါ့။

သီပေါမင်းဟာ အင်္ဂလိပ်စကားလုံး နည်းနည်းပါးပါး သိပါတယ်။ ဒါပေမဲ့ လောကုတ္တရာစာပေနဲ့ ပါဠိမှာတော့ ပညာရှင် အခေါ်ခံလောက်အောင် တတ်တယ်လို့ ဆိုပါတယ်။ ဘုရင့်ပိဋကတ်တိုက်မှာ တွေ့ကြတုန်းက (အင်္ဂလိပ်) ဘုန်းကြီးကို လဗက်က ဒီလိုပဲ ပြောသွားတယ်လို့ အမှတ်ရပါတယ်။ စာတိုက်ကြီးတွေအပြင် ပုံနှိပ်စာအုပ်သေတ္တာကြီး ခြောက်လုံးလည်း ရှိပါသေးတယ်။ ဒါပေမဲ့ အသေအချာ လေ့လာလို့ ဒီနေရာမှာ မရနိုင်ပါဘူး။ **စတုတ္ထသင်္ဂါယနာ**ကျမ်း တစ်ကျမ်း ထပ်တွေ့ ပါသေးတယ်။ မြန်မာဘာသာနဲ့ ရေးထားတယ်။ **မဟာဝင်** အပြည့်အစုံလည်း တွေ့တယ်။

**ပိဋကတ်** သုံးပုံစုံအောင် လွှတ်တော် စာကြည့်တိုက်မှာ မတွေ့ခဲ့ရပေမဲ့ အခု ဒီမှာတွေ့ပါတယ်။ သေတ္တာခြောက်လုံးစလုံး အကုန်ဖွင့်မကြည့်ပါ။ သေတ္တာ တွေထဲမှာ တခြားပစ္စည်းမျိုးစုံလည်း ရောနှောထည့်ထားတာတွေ့ရလို့ဖြစ်ပါတယ်။ နန်းကျမင်းရဲ့ စာကြည့်တိုက်မှူး (ပိဋကတ်တော်အုပ်)နဲ့လည်း ကနေ့ တွေ့ခွင့်ရ ပါတယ်။ ဗုဒ္ဓဟူးနေ့ လာတွေ့ပါရစေလို့ ချိန်းလိုက်ပါပြီ။ သူ့အပြောက **စတုတ္ထ သင်္ဂါယနာ**ဟာ ကျမ်းသီးခြား မဟုတ်ပါဘူး။ **မဟာဝင်**ထဲက တစ်ခန်းပဲလို့ဆိုတယ်။ စကားပြောရင်းက သူက **ဒလဒါဓာတုစံသဋီကာ** ဆိုတာ တွေ့ဖူးသလား။ ကြည့်ချင် ရင် ဒီစာကြည့်တိုက်မှာ မူတစ်ခုရှိတယ်လို့ သတင်းပေးတယ်။ အသက် ခုနစ်ဆယ် ရှိပေမဲ့ သန်တုန်းမြန်တုန်း၊ ဆံပင်တစ်ချောင်းမှ မဖြူသေးဘူး။

မြို့ပြအုပ်ချုပ်ရေးက စလေဒင်ကွပ်ကဲပြီး ဘုန်း (Bhuns)ရဲ့ လက်ထဲမှာ ဖြစ် တယ်။ နန်းတော်အနေအထားကို ပြည့်စုံအောင် ဖော်ပြဖို့ အင်မတန် ခက်တယ်။ မြေဧရိယာ ကျယ်ဝန်းပြီး အဆောင်ဆောင် အခန်းခန်းများတယ်။ တစ်ဆောင်နဲ့ တစ်ဆောင်ကြားမှာလည်း သစ်ပင်ပန်းပင်တွေ ရှိနေတယ်။ အဆောက်အအုံ တွေထဲမှာ အမှောင်ရိပ်သန်းပြီး အေးမြတဲ့အနေအထားကို ရအောင်ဖန်တီးထားတဲ့ သဘောရှိတယ်။ အဆောင်တွေဟာ မဏ္ဍာပ်ဆန်တယ်။ ရွှေအပြည့် မချရင် မှန်အပြည့်စီထားတယ်။ ဒါပေမဲ့ နေရာအတော်များများမှာ ရွှေရောင်လည်း မှိန်လာပြီ။ မှန်ရောင်လည်း မှိန်လာပြီ။ အင်မတန် ခမ်းနားတင့်တယ်တာကို မှန်းနိုင်တယ်။ ဒါပေမဲ့ ခုတော့ ပျက်စီးယိုယွင်းတဲ့သရုပ်ကို ဆောင်နေကြပါပြီ။ ဘုရင်ခံချုပ် လာမယ်ဆိုလို့ (အနောက်တိုင်းသားတို့အနေအထိုင်နဲ့ အံကိုက်ဖြစ်အောင် တချို့နေရာတွေမှာ) အများကြီး ပြောင်းလဲထားပြီ။ နန်းတွင်းနဲ့ မန္တလေးမှာ စစ်သားခြောက်ထောင် ရှိတယ်။ အဲဒီအထဲက အင်္ဂလိပ်လူမျိုး စစ်သားတွေကို နန်းတွင်းမှာ နေရာ ချထားပေးတယ်။

အိန္ဒိယအနောက်မြောက်နယ်စပ်မှာ ဖြစ်လာနိုင်မယ့်အရေးအခင်းတွေ ရှိနေလို့ မြန်မာနိုင်ငံရဲ့နောင်ရေးဟာ မတွေးတတ်နိုင်အောင်ရှိတယ်။ အဲဒီမှာဖြစ်နေတဲ့ ကိစ္စဟာ နိုင်ငံတကာ့ဆက်ဆံရေး အခြေအနေကို ဥရောပမှာရော အာရှမှာပါ ရှုပ်ထွေးစေနိုင်တယ်။ ပြီးတော့ အင်္ဂလိပ်လက်နက်နိုင်ငံရဲ့ရှေ့ရေးကို အပြီးအပိုင် ဆုံးဖြတ်မဲ့ အရေးဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်လည်း သူတို့ လက်နက်နိုင်ငံကို ကြီးကြီးကျယ်ကျယ် ထိခိုက်နိုင်မယ်ထင်တယ်။ အင်္ဂလိပ်က ဒါတွေကို ကြိုမြင်ထားတာကြောင့် မြန်မာနိုင်ငံကို ကမန်းကတန်း သိမ်းပစ်လိုက်တာဖြစ်မယ်။

ပြဿနာကိုတော့ ဖြေရှင်းပြီးဆိုတဲ့ ပုံမျိုးပေါ်နေပြီ။ မန္တလေးမှာတော့ အင်္ဂလိပ်က လွဲလို့ ဘယ် (ဥရောပတိုက်သား)မှ ဝင်စွက်ဖက်စရာ အပေါက်အလမ်း မကျန်တော့ဘူး။ ဓားပြတွေနှိမ်ဖို့က လွယ်ပါတယ်။ မကြာခင်မှာပဲ အထက်မြန်မာနိုင်ငံမှာ အရင်က ပုံစံတစ်မျိုး အုပ်ချုပ်ဖူးတယ်ဆိုတာ မေ့သွားပြီး ပုံစံသစ်ကို မသွေမလှန် လိုက်နာသွားကြမှာပါပဲ။ ဒါထက်ပိုပြီး မျှော်မှန်းထားစရာ မရှိဘူး။

ဒီအတောအတွင်းမှာ ဘယ်လိုအဆုံးသတ်ပြီး ဘယ်လို အကျိုးအပြစ် ထွက်မယ်လို့ ကြိုပြောဖို့ခက်တဲ့ မီးတောက်တစ်ခုကို မြန်မာနိုင်ငံမှာ မွေးရင်ရမယ်ထင်တယ်။ ကုလားပြည်မှာ ၁၈ ရာစုကုန်လောက်က (တောင်အာရှ)လွှမ်းမိုးရေးအတွင်း (အင်္ဂလိပ်ပြင်သစ်) အားပြိုင်တာကို မြင်ခဲ့ရသလို အခုလည်း (အရှေ့တောင်အာရှ) လွှမ်းမိုးရေးအတွက် အားပြိုင်တာကို တွေ့ရအုံးတော့မယ်။ သီပေါမင်းကို အင်္ဂလိပ်ကနန်းချနိုင်ရုံနဲ့ ဒီပြဿနာ တိမ်ကောမသွားနိုင်သေးဘူး။ မြန်မာနိုင်ငံတွင်းမှာတော့ မြန်မာတိုင်းရင်းသား သူပုန်အနေနဲ့ အခုနေအခါ (ဖြစ်ဖြစ်မြောက်မြောက်) ပေါ်မလာနိုင်သေးဘူး၊ မန္တလေးကို ဘယ်လိုသိမ်းတယ်၊ အဲဒီတုန်းက မြန်မာတွေ ဘယ်လိုပြုမူတယ်၊ ပြီးတော့ အခုလို အင်္ဂလိပ်တပ်သားတွေ စည်းမဲ့ကမ်းမဲ့ မင်းမူနေတာကို ဘယ်လိုခံနေတယ်ဆိုတာ မြင်ရသိရရုံနဲ့ ဒီလို ပြောနိုင်စရာဖြစ်ပါတယ်။ မြို့တော်မှာ အားလုံးငြိမ်းချမ်းအေးဆေးနေတယ်။ ဓားပြတွေကတော့ ကျေးရွာတွေကို ဖျက်ဆီးလုယက်ဆဲပဲ။ တိုင်းရင်းသား အချင်းချင်း မညှာတဲ့အပြင် ဘုန်းကြီးတွေပါ ပြေးရပုန်းရ ဖြစ်နေတယ်။ ရှေ့ တစ်နှစ် နှစ်နှစ်အတွင်းမှာပဲ ဒီလူတွေအကုန်လုံးဟာ အင်မတန် သစ္စာရှိတဲ့ အင်္ဂလိပ်ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ဖြစ်သွားကြမယ်။ . အဲဒီတော့ (အင်္ဂလိပ်အနေနဲ့) ဘာပူစရာရှိသလဲ။

မြန်မာ့မြေပြင်မှာ မြန်မာတစ်မျိုးတည်းနေကြတာ မဟုတ်ဘူး။ နယ်နိမိတ်ဆိုရင် တရုတ်နဲ့အစပ်ဖြစ်တယ်၊ ရှမ်းကတောင်ကင်းအထိ အမျိုးဆက်တွေရှိတယ်။ တောင်ဖက်မှာ ယိုးဒယားနဲ့စပ်တယ်။ ဒီ (အစပ်)နယ်တွေမှာ နိုင်ငံတကာ ဆက်ဆံရေး ထုံးစံတွေက လွတ်လွတ်ခွာပြီး အဆက်အသွယ် အသစ် မလုပ်နိုင်တော့ဘူးလား။ (ခရစ်ယန်)ဂိုဏ်းချုပ်ရဲ့ မျိုးရိုးအမည်က ဗာဒွန် **(J.S.Burdon)** လို့ ခေါ်တယ်။ စစ်သားတွေ ဘုရားတစ်ဆူကို ဝိုင်းရံနေကြပြီး အုန်းရေနဲ့ ရေချိုးနေကြတယ်လို့ စလေဒင်အိပ်မက်တယ်၊ ဘာအဓိပ္ပာယ်ယူမလဲမသိလို့ လူတွေပြောနေကြတယ်။

## ၂ ဖေဖော်ဝါရီ ၁၉၈၆

ဗုလာအင်စေးမေရဲ့အိမ်ကို ခုပဲရောက်ခဲ့တယ်။ တရုတ်တန်းက တရုတ်တစ်ဦးရဲ့ အိမ်ကို ခားပြ ဝင်စီးသွားတယ်။ ရဲက သေနတ်အချက်တစ်ရာလောက် ပစ်တယ်။ ရဲဝံ့လှတယ်။ ကျွန်တော်တည်းနေတဲ့ ဟိုတယ်နဲ့ အဲဒီတရုပ်တန်းဟာ ခရီးမိုင် နှစ်ဖာလုံကျော်လောက်ပဲ ဝေးမယ်။ ညနေကပဲ ဒီနေရာဖြတ်ပြီး ဦးသုဒခန် (?) ကို သူ့ယာယီကျောင်းမှာ သွားရှာခဲ့သေးတယ်။ မတွေ့။

မနက်ပိုင်း ကုသိုလ်တော်ကို ရောက်ပါတယ်။ ကျောက်စာတိုင်အားလုံးကို လှည့်ကြည့်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ တစ်ပတ်မလည်ခဲ့ပါဘူး။ ပိဋကတ် သုံးပုံဝင်းထဲမှာ ဖြန့်ပြီး စိုက်ထူထားတယ်။ အပြင်ဆုံးဝင်းမှာ **သုတ္တန္တပိဋက**၊ အလယ်က **အဘိဓမ္မပိဋက**၊ အတွင်းဆုံးမှာ **ဝိနယပိဋက**။ ဒါပေမဲ့ အတိအကျ ပိုင်းခြားတာမျိုး မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ဝင်းကကျော်ပြီး တစ်ဖက်ကို ကူးသွားတာလည်း တွေ့ပါတယ်။ ဆိုလိုတာက အပြင်ဝင်းထဲမှာဘည်း အဘိဓမ္မာ ကျောက်ပြားတချို့ရှိနေပြီ။ ဒီလိုပဲ အလယ်ဝင်းထဲမှာဘဲ ဝိနည်း ကျောက်ပြား တချို့ကို တွေ့ပါတယ်။ ကနေ့ လှည့်လည်ကြည့်လို့ သိခဲ့ရသမျှကတော့ စစ်ကိုင်းမှာ ခားပြတွေ ရက်ရက်စက်စက် မွှေနှောက်သွားတယ်။ မဒရပ်တပ်ကို နောက်တစ်ခါ အပြင်တင်ခံရပြန်တယ်။ အလွယ်ပြောတော့ အင်္ဂလိပ်တပ်သားတွေ နူးပြီးရုံးလွန်းလို့ ကိုင်းရှိုင်းသားတွေက အင်မတန် မခော့မနပ် ဖြစ်နေတယ်။

တိုးတိုးသတင်းထဲမှာလည်း မှန်တာပါတယ်လို့ ကျွန်တော်ထင်တယ်။ ဗြိတိသျှတွေရဲ့ စစ်သားကို ဒီနေရာမှာလောက်များများ ဘယ်မှာမှ မတွေ့ဖူးပါဘူး။

အင်္ဂလိပ်ဟာ အထက်မြန်မာနိုင်ငံကို သိမ်းပြီး အောက်မြန်မာနိုင်ငံကို ဆင်းသွားခဲ့ လူတွေကို လွှတ်ပေးလိုက်တာ ဆန်းတယ်။ ခားပြကို ဘယ်မှာ အများဆုံးတွေ့သလဲ။ ပဲခူး၊ မော်လမြိုင်ဆိုတဲ့ အင်္ဂလိပ်မြန်မာနိုင်ငံ အောက်ပြည်တစ်လွှားပါပဲ။

ပိဋကတ်ကျောက်ပြားတွေအကြောင်း ပြန်ကောက်ကြစို့ရဲ့။ ဒုတိဝင်းထဲကို ဝင်ကြည့်တဲ့အခါ အဘိဓမ္မာဆိုင်ရာကျောက်ပြားတွေ တွေ့ရသလို ဝိနည်းဆိုင်ရာတွေလည်း ရှိပြန်ရော။ ကိုးခုမြောက်က **ဘိက္ခုနိပါစိတ္တိယ**၊ နှစ်ဆယ့်ခြောက်ခု မြောက်က **ဝိနယမဟာဝဂ္ဂ** ၊ နှစ်ဆယ့်ငါးခုမြောက် စုလ္လဝဂ္ဂ၊ ပြီးတော့မှ အဘိဓမ္မာဆိုင်ရာတွေ တွေ့ရတယ်။ ပထမဝင်းထဲမှာလည်း **ဏ္ဍိယဇာတက** နဲ့ **ပဋ္ဌာန** အစုံတွေ့သေးတယ်။

နန်းကျမင်းရဲ့ ပိဋကတ်အုပ်ဆီကို ယနေ့မနက် ရောက်သွားတယ်။ တောင်ဘက်ပေါက်က လမ်းသွယ်ကလေးလိုက်ရင် သူ့အိမ်ကိုရောက်တယ်။ မြက်တိုတွေ ပေါက်နေတဲ့ ဝင်းထဲမှာအိမ်ငယ်ကလေး သုံးလေးလုံး။ ဒီအထဲက အိမ် ခြေတံရှည်ကလေးထဲမှာ ပိဋကတ်အုပ်က ကျွန်တော့်ကို ဧည့်ခံပါတယ်။ အိမ်က သိပ်မကြီးဘူး။ ကျွန်တော်တို့ ထိုင်နေကြတဲ့နေရာက ဖိနပ်ချွတ်ပါ။ ကျွန်တော့်အဖို့တော့ ထိုင်စရာဖုံတစ်လုံး ထုတ်ပေးပါတယ်။ ကျမ်းစာတွေအကြောင်း ပြောကြပါတယ်။ သူက ရာဇဝင်စာရင်း ပေးပါတယ်။ ဒါပေမဲ့ သူ့ပါးစပ်ထဲမှာ အလွတ်ရသလောက်ပဲ ချရေးပေးတာမို့ ကျန်တာ ရှိအုံးမယ်ပေါ့။ **ဓာတုကေသပကာသနီ** အကြောင်းတော့ သူဘာမှ မပြောတတ်ဘူး။ ဘုရင့်ပိဋကတ်တိုက်မှာ ကျမ်းစုံ

ပေမယ့် အခု လူခိုးခံရပြီမို့ မစုံတော့ဘူးလို့ သူက ရဲရဲပြောနေပါတယ်။ လွှတ်တော် ပိဋကတ်တိုက်က သီးသန့် နောက်တစ်ခုဖြစ်တယ်လို့ဆိုတယ်။ အမှန်က လွှတ်တော် ဆိုင်ရာ အရာရှိပေါင်းစုံက အလွယ်သုံးလိုသလို ယူလာတဲ့ကျမ်းတွေဖြစ်လို့ ပိုင်ရှင်တွေ အများကြီးရဲ့ပစ္စည်းတွေ ဖြစ်တယ်တဲ့။ သူက သီပေါမင်းဟာ ပါဠိကောင်းကောင်း တတ်တယ်။ စာအဖတ်လည်း များတယ်လို့ ပြောတယ်။ ဒါပေမဲ့ ရှင်ဘုရင်ဖတ်လေ့ ရှိတာ ဘာကျမ်းတွေလဲလို့ မေးတော့ မဖြေတတ်ဘူး။

အနေအထိုင် မဝင့်ဝါဘူးလို့ ပြောရမှာထက် ပိုတယ်။ (နုံချာတယ်လို့ဆိုချင် တယ်။) သစ်တိုင်၊ ထရံကာ၊ အိမ်ထောင်ပရိဘောဂ (စားပွဲ၊ ကလားထိုင်၊ ကုတင် စတဲ့ပစ္စည်း) ဘာမှမရှိ။ ကြမ်းမှာပဲ ထိုင်ကြတယ်။ သူက ကွမ်းဝါးလို့၊ ကြမ်းပေါက်ထဲ ကို တံတွေးထွေးလို့။ လက်ကိုင်ပဝါမပါဘဲ နှပ်ညှစ်ပြီး ကြမ်းပေါ် ပစ်ချတဲ့လူည်း ရှိတယ်။ အဲဒါမြင်တော့ အိမ်အတွင်းရဲ့ သန့်ရှင်းရေးကို ခန့်မှန်း သိလောက် တယ်။ ဝင်းခြံထဲမှာ မြက်သောသောနဲ့ အိမ်ဖြစ်ပေမယ့်လည်း ဖုံက ထူတာပါပဲ။ အဘိုးကြီးက ခုနစ်ဆယ့်တစ်နှစ်ထဲမှာ။ ဒါပေမယ့် ဆံပင်ဖြူတစ်ချောင်းမမြင် ရသေးဘူး၊ မယားနှစ်ယောက်၊ သားသမီးများတယ်။ အငယ်ဆုံးသားက ဆယ်နှစ် လောက်ပဲ ရှိအုံးမယ်။

ကျွန်တော် ထပြန်တော့ သားအကြီးဆုံးက ကျွန်တော့်ဆီမှာ သူ ပါဠိသင်ချင် တယ်လို့ ပြောတယ်။ ဒီအရပ်မှာ ကျွန်တော့်ကို တကယ့်ပညာရှင်ကြီးလို့ ကျော်ကြား နေတယ်ဆိုပဲ။ ဘုန်းကြီးတွေကအစ ကျွန်တော့်အကြောင်း ပြောနေကြတယ်လို့ ဟိုလူဆိုး(အင်္ဂလိပ်) ဘုန်းကြီးက မနေ့က ကျွန်တော့်ကို ပြောပြတယ်။ ဘုရားကြီး ကို သွားတယ်။ ဗုဒ္ဓဘာသာဝင်တွေအတွက် အမွန်အမြတ် နေရာဖြစ်တယ်။ ဘုန်းကြီး ဦးကိန္နကျောင်းနဲ့ မဝေးလှဘူး။ မျက်နှာစာ လေးဘက်က စောင်းတန်း လေးသွယ် ရှိတယ်။ အလယ်မှာ ဗုဒ္ဓရုပ်ပွားတော်ကြီးကြီး၊ အင်မတန် အရုပ်ဆိုးတယ်။ မဟာမုနိဘုရားလို့ တွင်ပါတယ်။ ခမ်းနားတင့်တယ်မှု ကို မရှိလို့ဘဲ ဆိုချင်တယ်။ သီလရှင်တွေ အများကြီး။ ဥပသကာတွေ အုပ်လိုက်ချီပြီး တွေ့ရတယ်။အနားမှာ စမ်းရေယဉ်သုံးခု တွေ့ရပါတယ်။ အံ့ဖွယ်ဖြစ်တယ်လို့ ပြောကြတယ်။ ဥပသကာ တွေဟာ ဝပ်စင်းပြီး အော်ကျယ်အော်ကျယ်နဲ့ ဣတိပိသောဘဂဝါလို့ ရွတ်ကြ တယ်။ ရှေ့မှာ အုတ်ခဲပေါ် ဖယောင်းတိုင်တင်ပြီး မီးပူဇော်ထားတယ်။ အားလုံး ခြုံပြီးပြောရရင် ဒီနေရာဟာ စိတ်ထဲမှာ လေးစားသွားလောက်အောင် ခန့်ညားတဲ့ပုံကို မဆောင်ဘူး။ ပစ်စလက်ခတ်ထားတဲ့ ပုံမျိုးပေါ်နေတယ်။ တစ်ထောင့်မှာတော့ ကျောက်စာတိုင်တွေ အများကြီး ရှိတာကို သတိပြုမိပါတယ်။ အပေါ်က အမိုးသာရှိတဲ့ တဲလိုဟာမျိုးထဲမှာ စုထားတယ်။

## ၄ ဖေဖော်ဝါရီ ၁၈၈၆

ယနေ့မနက် ကုသိုလ်တော်ကို ဆက်သွားပြီး ပိဋကတ်ကျောက်စာတိုင်တွေကို ဆက်ပြီးလေ့လာပါတယ်။ ပိဋကတ်သုံးပုံနဲ့အတူ မိလိန္ဒပဉှာ၊ ပေဋကော ပဒေသနဲ့ နေတ္တိ ကျမ်းတွေကိုပါ အပြင်ဝင်းထဲမှာ တွေ့ရတာ အံ့ဩစရာပဲ။ ဒီသုံးကျမ်းဟာ

ပိဋကတ်အဝင်အပါ ဖြစ်သွားပြီလို့ပဲ ဆိုကြပါစို့။

မနက်စောစော လေညင်းလေးတိုက်လို့ ထီးက ခေါင်းလောင်းကလေးတွေဟာ ရင်ပြင်တော်ကို ဘုရားကြည်ညိုရအောင် မရောက်ရသေးတဲ့ လူတွေကို လာလှည့်ကြလို့ အသာအယာ ခေါ်နေသလို သာသာယာယာ မြည်နေကြတယ်။ ဒီနေရာဟာ အုံ့ညြစရာနေရာ ဖြစ်တယ်၊ ပတ်ဝန်းကျင်လည်း အုံ့ညြစရာပဲ။ တောင်ဘက်မှာ မန္တလေးတောင် ရှိတယ်။ တောင်ပေါ်အတက်မှာ ကျောင်းတွေ၊ စေတီတွေ အများကြီးပေါ့။ မကျည်းပင်၊ ထန်းပင်၊ ပိန္နဲပင်ဆိုတာတွေ ဝေဝေဆာဆာ ပေါက်နေလို့ သာယာလှတယ်။ အဲဒီလို အုံ့ညြချီးမွမ်းစရာတွေကြည့်ရင်း အပူရှိန် ကိုတောင် မေ့ပျောက်သွားပါတယ်။

ဟိုတယ်အစေခံတစ်ယောက်က ပေစာကျမ်းတစ်ဆူ လာပြတယ်။ **သုမင်္ဂလဝိလာသိနီဋီကာ** ဖြစ်တယ်။ သူက မြန်မာ၊ ကျွန်တော့်ကို ဟိန္ဒီ မပြီမသနဲ့ ဒီကျမ်းကို သူ့မိတ်ဆွေတစ်ယောက်က ၁၅/ရရင် ရောင်းမယ်တဲ့။ ဈေးဆစ်ပြီး ၁၁/–နဲ့ ယူလိုက်တယ်။ တန်ပါတယ်။

ကုသိုလ်တော်ကနေပြီး လက်ာရာမတိုက်ကို သွားတယ်။ အဲဒီကျောင်းကို ရှာရတာ အချိန်တော်တော်လေး ကြာသွားတယ်။ ဒီလိုရှာရင်း ယမားအိုကျောင်း (?)ကို ရောက်သွားတယ်။ ခန့်ညားတဲ့ နှစ်ထပ်ကျောင်းကြီးရှေ့မှာ ရပ်ကြည့်မိတယ်။ ပတ်လယ်မှာ ပျက်စီးယိုယွင်းနေတာ တွေ့ရတယ်။ ဘယ်သူမှ မနေတော့တဲ့ နေရာမျိုးလိုပဲ။ မောင်နုက ကျောင်းထဲဝင်ကြည့်တော့မှ တစ်နေရာမှာ စာကျက်နေတဲ့ ကလေးတွေ တွေ့တယ်။ ကျွန်တော်လိုက်သွားပြီး ပထမအဆင့် ကို [illegible] စာသင်ခန်းကို ရောက်ပါတယ်။ ထုံးစံအတိုင်း ယောကျ်ားကလေးတချို့ဟာ ကြမ်းပေါ်မှာ တစ်ပိုင်းဝပ်စင်းပြီး သင်ခန်းစာကို ညည်းတွားသံနဲ့ အော်နေတယ်။ နောက်တစ်ခန်းထဲသွားပြန်တော့လဲ ဒီလိုပဲ စာကျက်နေတာ တွေ့ပါသေးတယ်။ အတန်းကိုင်ဆရာက ဘုန်းကြီးအိုသန္တိကပ္ပတဲ့။ ကျွန်တော် ဝင်မသွားခင်က ဘုန်းကြီးဟာ အိပ်ငိုက်နေပုံရတယ်။ ကျွန်တော်ရောက်သွားတော့ ကျွန်တော့်ကို အကြာကြီး ကြည့်နေပြီးမှ နေရာထိုင်ခင်းပေးတယ်။ ကြင်နာ သနားတတ်ပုံပေါ်တယ်။ သနားတတ်တယ်ဆိုတာက ကျွန်တော့်ကို မန္တလေးမှာ ပုံနှိပ်တဲ့ စာအုပ်နှစ်အုပ် အလကား ပေးဖော်ရလို့ပါပဲ။ ရန်ကုန်ရောက်ရင် ဘင်္ဂါလီသဒ္ဒါ စာအုပ်တစ်အုပ်ပို့ပေးပါလို့လည်း မေတ္တာရပ်တယ်။ ဘာပြုလို့ အင်္ဂါလီစာအုပ် လိုချင်ရသလဲလို့ မေးတော့ အင်္ဂလိပ်ဘာသာကို ဘင်္ဂါလီနဲ့ သင်ရင် မြန်မြန်တတ်တယ်လို့ ကြားဖူးလို့တဲ့။

စကားပြောရပ်ပြီး လာပြတဲ့ ကျမ်းတွေ ကြည့်တယ်။ **သုတ္တပဋ္ဌေယျဋီကာ**၊ ၁၅] နဲ့ ဝယ်လိုက်တယ်။

မောင်နုက သူမှာထားတဲ့ သေတ္တာအတွက်ပေးဖို့ ကျွန်တော့်ဆီက ငွေ ၁/–တောင်း ယူတယ်။

အကြမ်းသဘောပြောရရင် ဘုန်းကြီးတွေဟာ သဘောကောင်းပါတယ်။ ပြီးတော့ ဥရောပတိုက်သားနဲ့ အဆက်အဆံ မလုပ်ချင်ဘူးဆိုတာမျိုး မရှိပါဘူး။ ဒီကိုယ်တော် နေ့လည် အိပ်ပျော်နေတုန်း ကျွန်တော်ရောက်သွားတာပေါ့။ သူ့ ခေါင်းကို စီဝရံနဲ့

ဖုံးပြီး အိပ်တာ။ အနားမှာတော့ ကောင်ကလေးသုံးလေးကောင် ရှိပါတယ်။ သူတို့ ရှေ့မှာ စာအုပ်ကိုယ်စီချပြီး သံဆွဲသံရှည် စာညည်းနေကြတယ်။ အိပ်နေတဲ့ ဆရာတော်ရဲ့ ဝန်းကျင်မှာလည်း စာအုပ်တွေ။ တစ်အုပ်ကပွင့်လို့။ ဖတ်ဆဲ ထင် ပါရဲ့။ ပါဌ်အနက်ပေးထားတဲ့ **ပါဠိတွဲ့ဘယ**။

ဒီဘုန်းကြီးမျိုးအတွက် သာသနာကို လေးစားတဲ့မြန်မာတွေ ဆောက်ပြီးလှူတဲ့ ကျောင်းအဆောက်အအုံတွေကို ကြည့်စမ်းပါ။ ဘယ့်လောက် စည်းစိမ်နဲ့ နေနိုင် သလဲလို့။ အခန်းကျယ်ကြီးတွေ နေ့လည်မှာတောင် အေးလို့။ အရိပ် အာဝါသကလဲ ကောင်းပါဘိသနဲ့။ ဒီလိုကျောင်းကြီးမျိုးမှာ အလယ်ဗဟိုက ဘုရားခန်းရှိမြဲပဲ။ ဒီလို သူတော်တို့ မွေ့လျော်ရာမှာ ဆူဆူညံညံ ခွေးပိန်တွေ အုပ်လိုက်ရှိမြဲပေါ့။ ဒီခွေးတွေဟာ အတားအဆီးမရှိ ဘုရားခန်းအထိ တက်လာတာကိုလဲ တွေ့မြဲ။

ဘုန်းကြီးတွေရဲ့ ကြင်နာပုံ၊ သည်းခံပုံကို ဒါလောက် အကျယ်ရေးပြီးလို့မှ မဆုံးခင် ဒီလိုရေးမိတာ မှားလေခြင်းလို့ နောင်တရစရာကိစ္စတစ်ခု ကြုံရပုံကိုလည်း ရေးရမယ်။ ခင်မကန် ဆရာတော်ဆီကို ခုပဲရောက်သွားတယ်။ ဆရာတော်ကို ဆက်ကပ်ဖို့ မောင်ဖိုးမှင်ရဲ့ စာလည်းပါတယ်။ ကျောင်းက မြို့တံတိုင်းနဲ့သိပ်မကွာပါဘူး။ အဝန်းအဝိုင်းကဖြင့် သာယာစိုပြေလှတယ်။ ထန်း၊ မကျည်းတွေအပြင် ဘာပင်ရယ် လို့ ကျွန်တော်မသိတဲ့ အပင်တွေလည်းအပြည့်ပဲ။ ဝင်းထဲမှာ ဘုန်းကြီးတွေနေဖို့ အဆောက်အအုံတွေလည်း အများကြီး။

ဆရာတော်ရဲ့ အခန်းကို ဝင်မိကြပြီ။ ဆရာတော်ဟာ ဝရန်တာရဲ့ တစ်ဖက်စွန်းက မတ်တပ်ရပ်လျက် ကျွန်တော့်ကို ရန်သူကြည့်ကြည့်နေတယ်။ စာကိုကမ်းလိုက်တဲ့ အခါ ဆောင့်ကြောင့်ထိုင်ပြီး အသေအချာဖတ်တယ်။ စာဖတ်ရတာ တာဝန်ကြီး တစ်ခုလို ပင်ပန်းနေပုံရတယ်။ ပြီးတော့မှ ကြမ်းပြင်မှာ အခင်းမရှိဘဲ ကျွန်တော့်ကို ထိုင်ခိုင်းပါတယ်။ ကျွန်တော်လည်း ခိုင်းတဲ့အတိုင်း လိုက်နာပါတယ်။ ပြီးတော့မှ ဖျာယူခဲ့ဖို့ အမိန့်ပေးတယ်။ ဖျာခင်းပြီးတော့ ကျွန်တော်ကလဲ ဖျာပေါ်ရွှေ့ထိုင်မိ တယ်။ ဆရာတော်က ဖျာဟာကျွန်တော့်ဖို့ မဟုတ်ဘူးဆိုပြီး ချက်ချင်း အထ ခိုင်းတယ်။ ဖျာစုတ်စုတ်တစ်ချပ်ပေါ်မှာထိုင်လို့ ပြောပြန်တယ်။ ဒီအထိ ကျွန်တော် သည်းခံပြီး နေပါသေးတယ်။ သူက တစ်ခါ ကျွန်တော့်ကို ပုဆစ်ဒူးတုပ် ထိုင်ရ မယ်လို့ ခိုင်းပြန်တယ်။ ဒါကတော့ လွန်လွန်းတယ်။ ဒီနေရာမှာပဲ ခင်မကန် ဆရာတော်နဲ့ တွေ့ဆုံခြင်း ဇာတ်သိမ်းတယ်။ သူ့ကို ကျွန်တော် စိတ်ရှိသလောက် အပြစ်တင်စကား မပြောခဲ့မိတာ မှားတယ်လို့ ထင်မိတယ်။ သူက ကျွန်တော့်ကိုချုတ်ဖို့ ကြိုးစားတာ ကျွန်တော်က ခေါင်းမာမိုက်မဲလွန်းလှတယ် ဆိုပါတော့။

အဲဒီက (အင်္ဂလိပ်)ဘုန်းကြီး ကိုလဗက်ဆီ ရောက်ပြန်တယ်။ နန်းတော်မှာနေတယ်။ အဲဒီကတစ်ခါ ဗာဒွန် (Burdon)ဆီကို သွားတော့ အပြင်လမ်းလျှောက် ထွက်နေလို့ မတွေ့ခဲ့ရဘူး။

အရင် အင်္ဂလိပ်အရေးပိုင်ရုံးနေရာဟာလည်း သိပ်လှပသာယာတဲ့နေရာပါပဲ။ အဲဒီက အင်္ဂလိပ်အရေးပိုင်ဟာ ၁၈၇၉ ခုနှစ်စပြီးထွက်သွားလို့ ခုတော့ မပြုမပြင်နဲ့ ဖြစ်နေရရှာတယ်။ သံကြီးတမန်ကြီးတွေအတွက်ဆိုပြီး ဆောက်တဲ့ အဆောက်

အအုံ ဖြစ်တယ်လို့ဆိုတယ်။ ဥယျာဉ်ကြီးထဲမှာ ဆောက်ထားတယ်၊

အပြန်လမ်းမှာ ပြင်သစ်အင်ဂျင်နီယာတစ်ဦး (ဗွန်မီလိန်)ရဲ့ အိမ်ကိုတွေ့တယ်။ ဒီနေရာမှာ ဥရောပတိုက်သားတစ်ဦး ဘယ်လိုကိုယ့်နေရာကို နေပျော်အောင် လုပ်ထားတယ်ဆိုတာ အလွယ်နဲ့ကြည့်နိုင်ပါတယ်။

ဗာဒွန်ဆီကို ခုပဲရောက်ပါတယ်။ ပြင်သစ်က ဒီမှာ ဘာလုပ်ချင်တယ်ဆိုတာ တွေ့နေရပါပြီ။ သူတို့က မန္တလေးကနေပြီး (ဆန်ကွိုင်မြစ်ရိုး)အထိ မီးရထား လမ်း ဖောက်ချင်တယ်။ ဒီအတိုင်း ဖယ်ရီ (Ferry) အစိုးရလက်ထက်က စာချုပ်ချုပ်တယ်။ နောက်တက်လာတဲ့ အစိုးရကျတော့ ဖရေစိန် (Freisine) က အဲဒီဝါဒကိုရုပ်သိမ်းပြီး ပြင်သစ်ဟာ မြန်မာမြေပေါ်မှာ ဘာလိုလားမှန်းထားချက်မှ မထားဘူးလို့ အင်္ဂလိပ်ကို အသိပေးလိုက်ပါတယ်။ (ဖရေစိန်ဟာ ဟင်နရီ ဗရီဆိုး (Henri Brissou)ရဲ့ ဧပြီ ဒီဇင်ဘာ ၁၈၈၅ အစိုးရမှာ နိုင်ငံခြားရေး ဝန်ကြီးဖြစ်တယ်။) ဒါပေမဲ့ ပဲရစ်မြို့တော်မှာ မြန်မာသံအမတ် ရောက်နေတာက ဘာတွေဖြစ်လာအုံး မလဲလို့ တွေးတောပူပန်စရာ ဖြစ်နေပြီပဲ မဟုတ်လား။ ပြင်သစ်ကတော့ ရက်ရက်နဲ့ပဲ (မြန်မာစတဲ့)နယ်ပယ်က ရှောင်ထွက်သွားရပါပြီ။ နောင်လည်းပြန်လာနိုင်စရာ အလားအလာ သိပ်မရှိတော့ဘူး ထင်ပါတယ်။

(အင်္ဂလိပ်)ဘုန်းကြီးဆီကို သွားတယ်။ သူ့အတွက် ဂေဟာရှိတယ်။ (အရင်)သံတဲနဲ့ ဆက်နေတဲ့အိမ်ပဲ။ ဘုရားဝတ်ကျောင်းနဲ့ အဲဒီအိမ်ကို မြန်မာ(ရှင်ဘုရင်)က ဆောက် ပေးတယ်လို့ သိရတယ်။

ဗာဒွန် (Burdon) က ပြောပြလို့ သိရတာက မြန်မာအင်္ဂလိပ် စစ်ဖြစ်နေချိန်မှာ ဥရောပတိုက်သားတွေကို မြန်မာအစိုးရက ဘေးရန်မရှိအောင် စောင့်ရှောက် ပေး ပါတယ်။

ဓားပြတွေရဲ့ သတင်းကြားရပြန်ပြီ။ ကုန်ခဲ့တဲ့ညက မြို့ဆင်ခြေဖုံးမှာ ဝင်ပြီး တိုက်သတဲ့။ အသေးစိတ်တော့ မသိရသေးဘူး။

**၆ ဖေဖော်ဝါရီ ၁၈၈၆**

(အင်္ဂလန်မှာ မြန်မာနိုင်ငံကို သိမ်းတုန်းက အာဏာရထားတဲ့) ကွန်ဆာဗေတစ် (ရှေးရိုးပါတီ) အစိုးရပြုတ်ကျတယ်လို့ သိရတယ်။ အဝအနားမှာ ဓားပြနဲ့အင်္ဂလိပ် တိုက်ပွဲကလေးဖြစ်တယ်။ ပထမသတင်းက ထူးတယ်။ မြန်မာ့ရေးရေးမှာ ထူးထူး ခြားခြား ပြောင်းလဲသွားလေမလား၊ နိုင်ငံကိုမသိမ်းဘဲ အစောင့်ရှောက်ခံနယ်လို့ သတ်မှတ်လိုက်မလား မပြောတတ်။

ဓားပြသတင်းဟာ အင်္ဂလိပ်တွေနိုင်ငံတွင်း ငြိမ်ဝပ်ရေးကို ထိထိရောက်ရောက် ဘာမှလုပ်မပေးဘူးဆိုတာကို ထင်ရှားစေတယ်။ မနေ့က ဗာဒွန်က အင်္ဂလိပ် မရောက်ခင်ကလည်း ဓားပြအန္တရာယ်မသေးဘူး။ မြန်မာ့မြေပြင်မှာ ဓားပြနဲ့မီးဟာ မကြာခဏ ကြုံရတဲ့အန္တရာယ်တွေပဲတဲ့။ ကနေ့ လက်ာရာမမှာ ကြုံရတာကိုတွေ့ဖူးမှ မီးဟာ မြန်မာတွေအတွက် ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ နားလည် တော့တယ်။ ကျောင်းတိုက်တစ်ခုလုံး လုံးဝပျောက်ကွယ် သွားပြီ။ ပိဋကတ်တိုက်လို့ ခေါ်တဲ့ ကျောက်တိုက်ကလေးတစ်လုံးပဲ ကျန်တော့တယ်။

အဲဒီလက်ာရာမကနေပြီး ခုနကလူမိုက် (အင်္ဂလိပ်ဘုန်းကြီး)နဲ့ ကျောက်တော်ကြီး ဘုရားဘက်ရောက်သွားကြတယ်။ ဒီဘက်နားမှာတော့ ဘုန်းကြီးကျောင်း မရှိဘူး။ ပြာသာဒ်က မပြီးသေး။ ဘုရားကြီးက သိပ်ကြီးတယ်။ နှစ်ဆယ့်ခြောက်ပေ အမြင့်ရှိတယ်။ ကျောက်တစ်တုံးထဲက ထုယူတာပဲ။ အချိုးအဆက် မပြေပြစ်ဖူး။ အထူးသဖြင့် ဦးခေါင်းနဲ့လက်ပေါက်ပုံ အရုပ်ဆိုးလှတယ်။ ဝင်းထဲမှာလည်း ကျောက်သားရဟန္တာရုပ်တွေထုပြီး ဘုရားကိုဝိုင်းပြီး ဝန်းရံပူဇော်တဲ့ဟန်နဲ့ ထားသေးတယ်။ (အသီတိရှစ်ကျိပ်)။ ဒီနေရာဝန်းကျင်တစ်ခုလုံး ခြုံကြည့်ရင် အလုပ်အဆောင်လုပ်ဆဲ၊ မပြီးမစီးခင်ကဘဲ တစေတစ်ဝက် ပျက်လိုက်ပြီလို့ ဆိုရမယ်။ ပုံစံက ဘုန်းကြီးကျောင်းလိုလို။ ဒါပေမဲ့ ဘုန်းကြီးနေစရာ တိုက်ခန်းငယ်တွေ မပါဘူး။ ဘုရားဖူးတွေလာဖို့သက်သက်ပဲ ဆောက်ထားတာ ဖြစ်တယ်။ ဘုရားဖူးလည်း တစ်ယောက်မှမမြင်။ ဘယ်မြင်မလဲ ဒီအဝန်းအဝိုင်းထဲမှာ အင်္ဂလိပ်တပ်က စစ်ဆေးရုံလာထားတယ်။

အဲဒီကတစ်ခါ ကျွန်တော်တို့ စန္ဒမုနိဘုရားဘက် သွားကြပြန်တယ်။ ဒီနေရာတွေဟာ အားလုံး ကုသိုလ်တော်အတုမရှိနဲ့ မဝေးလှဘူး။

လှေလာစရာများတာက ရွှေကျီးမြင့်ပဲ။ ကမ္ဗဋ္ဌာန်းရုပ်တွေ နံရံဆေးရေးနဲ့ တွေ့ရတယ်။ လက်ရာအနေနဲ့တော့ ညံ့တယ်။ ဒါပေမဲ့ လူကိုယ်ခန္ဓာရဲ့ မခိုင်မြဲပုံကို သဘောပေါက်အောင် ပြနိုင်ပါတယ်။

နန်းကျမင်းရဲ့ လက်သုံး ပုဏ္ဏားတစ်ယောက်နဲ့ မနေ့ကတွေ့တယ်။ သက္ကတနဲ့ စကားပြောကြတယ်။ သူပြောတာ လုံးဝမရှင်းဘူး။ ဘာမှအတွေ့အကြုံမရှိ၊ ဦးနှောက်မရှိဆိုတဲ့ အစားပဲ။ ဓမ္မသတ်တွေအကြောင်းများ သိမလားလို့ မေးကြည့်ပါတယ်၊ ကြားဘူးရုံပဲရှိတယ်။

အဲဒီပုဏ္ဏား ထပ်လာပြန်တယ်။ ဟိန္ဒီကျမ်းတွေယူလာပြီး ပြတယ်။ ရှေး အင်မတန်ကျတဲ့ သက္ကတကျမ်းဟောင်းတွေလို့လည်း ပြောသေးတယ်။ သူ့သဘောကို ကျွန်တော်ချက်ချင်း သိပါတယ်။ ပြီးတော့ သူနာဂရီ မဖတ်တတ်ဘူး ဆိုတာလည်း ထင်ရှားနေတယ်။

စလေဒင်က ခုပဲ ကျမ်းနှစ်စောင် အပို့လွှတ်တယ်။ ဈေးကြီးတယ်။ ခပ်သော့သော့ရေးတဲ့ သဘောရှိပြီး ထူးခြားချက်လဲ သိပ်မရှိဘူး။

ကျောင်းတော်ကြီးသွားတယ်။ (မြတောင်တိုက်ကို ဆိုလိုတယ်)။ စုဘုရားလတ်ဆောက်တဲ့ကျောင်းပဲ။ သိပ်ခမ်းနားတယ်။ ရောဝတီနဲ့လဲ သိပ်မဝေးဘူး။ လှမ်းကြည့်လို့တော့ မမြင်ဘူး။ ကျောင်းတိုက်ဝန်းကျင်လည်း စိမ်းစိုနေတယ်။ ချမ်းသာကြွယ်ဝတဲ့ အနေအထားကို မြင်သာနေတယ်။ ပန်းပုလက်ရာ အပြည့်၊ ရွှေအပြည့်၊ ထန်းပင်အပြည့်၊ တချို့ပန်းကို အနီခံပြီး ရွှေရေးတယ်။ အဲဒါက ပိုပြီး ကြည့်လှသလိုပဲ။ အစိမ်းခံမှာ အနီတစ်စု၊ အဝါတစ်စုနဲ့ ကြည့်လို့ သိပ်လှတယ်။

ကျွန်တော့်ကို ဒီကျောင်းအရောက် ခေါ်လာတဲ့ ပုဏ္ဏားက ဆရာတော်ကြီးဆီမှာ **သာသနာဝံသ** ကျမ်းတစ်ကျမ်း ရနိုင်တယ်လို့ ပြောတယ်။ ဆရာတော်ကို တွေ့ပြီး စုံစမ်းတော့ သီဟိုဠ်မှာပုံနှိပ်တဲ့ **သာသနာဝံသဒီပ** ဖြစ်နေတယ်။ ကျွန်တော်မလိုချင်။

ဆရာတော်ဟာ ကြင်နာတတ်ပုံပဲ။ သူနဲ့ကျွန်တော် ပါဠိလို အပြန်အလှန် ပြောကြတော့ လွယ်လွယ်ပဲ တစ်ယောက်ကို တစ်ယောက် နားလည်ကြလို့ အံ့သြမိတယ်။ ရုရှားအကြောင်း မေးလိုက်တာတွေ စုံလို့။

ဒါပေမဲ့ သူမေးပုံက ပိဋကတ်အုပ်မေးပုံနဲ့ကွာတယ်။ ဟိုအဖိုးကြီးက လောကအကြောင်းမေးပြီး ဆရာတော်က လောကုတ္တရာကြောင်း မေးပါတယ်။ ရုရှားမှာ စပါးစိုက်မရဘူးဆိုတာ သိလို့ သူသိပ်အံ့သြပုံပဲ။ ဒီတော့ ဘာစားကြသလဲတဲ့။ သူမွေးကတည်းက တွေ့ဖူးမြင်ဖူးတာတွေနဲ့ မတူတဲ့နိုင်ငံရှိသေးတယ်ဆိုတာ မယုံနိုင်ဘူးပေါ့။ သူကလည်း သူ့နယ်ပယ်က တစ်လက်မမှ အပြင် မထွက်ဘူးတော့ ဘယ်နားလည်နိုင်ပေမလဲ။ မြန်မာမြေကလွဲရင် သူမသိဘူး။ မှန်းမကြည့်တတ်ဘူး။ ရုရှားနဲ့အင်္ဂလိပ် ဘာသာစကား တူသလား။ ကိုးကွယ် ယုံကြည်မှု တူသလား။ ဒီလိုလည်းမေးတယ်။ မနစ်က အင်္ဂလိပ် ရုရှားစစ် ဖြစ်ကြဆိုလားလို့လည်း မေးတယ်။ ကျွန်တော်က အဲဒီအချိန်က အင်္ဂလိပ်ကို ဒီ(မြန်မာ) ဘက်ကလည်း တိုက်ဖို့ကောင်းတယ် မဟုတ်လားလို့ ပြုံးရင်းမေးတော့ သူဟာ သူ့နှုတ်ခမ်းသူ ကိုက်ပြီး ဘာမှပြန်မပြောဘဲနေတယ်။ ဘာမှတ်ချက်မှမချဘဲ နေလိုက်တာကတော့ သူက ကျွန်တော့်ကို စလေဒင်နဲ့ရင်းတယ် ထင်လို့ပါပဲ။ ကျွန်တော့်ကို သူက ဆွေမျိုးရင်းချာလို ခင်တယ်။ သူ့အကြောင်းကိုလဲ အမွှမ်းတင်ပြီး ဇာဘုရင်ကို ပြောလိုက်ပါတဲ့။

ပြီးတော့ မေးခွန်းပုံစံ ပြောင်းလာတယ်။ ကျွန်တော့်ကို ဗုဒ္ဓဘာသာဝင်လားတဲ့။ ကျွန်တော်က ဟုတ်တယ်လို့ ဖြေလိုက်တယ်။ သရဏဂုံတည်ပြီး ပဗ္ဗဇိတ မဖြစ်သေးဘူးလို့ ပြောလိုက်တဲ့အခါ သူကပြုံးပြီး သာဓုခေါ်တယ်။ ဘေးက ဘုန်းကြီးတွေကလည်း ကျေနပ်လို့ ရယ်ကြတယ်။ ရုရှားမှာ ကျွန်တော့်လို ဗုဒ္ဓဘာသာဝင်များသလားလို့ မေးလာပြန်တယ်။ ဟိုက ဘုန်းကြီးဟာ ဒီကဘုန်းကြီးသင်္ကန်း ရုံပုံမျိုး ရုံရဲ့လားတဲ့။ အဲဒီဘုန်းကြီးတွေဖတ်တဲ့ ကျမ်းတွေက ဘာကျမ်းတွေလဲတဲ့။ ကျွန်တော့်အဖြေတွေကို ကြားတော့ အံ့သြသွားတယ်။ တောင်ပိုင်းက ဗုဒ္ဓ ဝါဒီတွေဟာ မြောက်ပိုင်းဗုဒ္ဓဝါဒီတွေရဲ့ ကျမ်းဂန်တွေနဲ့ ဓလေ့ကို ဘယ်လိုမှ နားမလည်နိုင်ဘူး။ ပြန်မယ် နှုတ်ဆက်ပြီး ထွက်ခဲ့တော့ ဘုန်းကြီးတွေ ကျောင်းဝထိ လိုက်ပို့ကြတယ်။ အဲဒီက မဟာမုနိရောက်ပြန်တယ်။ စကော့ (ရွှေရိုး)ရေးတဲ့ အထဲကဟာတွေ အကုန်မမှန်ဘူး။ ဒီနေရာကို မြင်ရရုံနဲ့ တယ်ပြီး ခမ်းနားတင့်တယ်ပါကလားလို့ စိတ်ထဲမှာ ဖြစ်မလာဘူး။ ဘေးလေးဘက်က စောင်းတန်းနဲ့ အလယ်ပြသာဒ်ကို သွယ်ထားတယ်။ အားလုံးဟောင်းနွမ်းပြီး ပြုပြင်တာ လုံးဝမတွေ့ရဘူး။ အရှေ့ဘက်က ရေကန်ဟာလဲ မှော်တွေချည်းပဲ။ ကန်တစ်ခုတည်းမှာပဲ ရေကြည်တယ်။ လိပ်တွေကူးနေတာ တွေ့ရတယ်။

အပြန်လမ်းမှာ မောင်နက ကြာသပတေးနေ့က ဓားပြတိုက်ခံရတဲ့ အိမ်ကိုပြတယ်။ အိမ်ရှင်တွေ ပြေးနေတယ်။ ကျွန်တော် တည်းတဲ့ဟိုတယ်နဲ့ သိပ်မကွာဘူး။ ပေ ၇၅၀ ထက်မပိုနိုင်ဘူးတောင် ထင်တယ်။

**၇ ဖေဖော်ဝါရီ ၁၈၈၆**

မနေ့က ကြည့်ခဲ့တဲ့နေရာတွေကို ထပ်သွားပြန်တယ်။ တောင်ခြေမှာ ပိဋကတ်တိုက်ကို တွေ့ပြန်တယ်။ မင်းအဆက်ဆက် လှူတဲ့ပေစာတွေထားတဲ့ နေရာပဲလို့ သိရတယ်။ အရင် နှစ်လလောက်က ဓားပြဝင်မွှေသွားပြီတဲ့။ ဒီတော့ ပေစာတွေ အစည်းအထုပ်ဖြည်ပြီး ပျံ့ကြဲနေတာပေါ့။ ဟိုဆွဲကြည့်၊ ဒီဆွဲကြည့်လုပ်တော့ သီဟိုဠ်ကပေစာတွေလဲ တွေ့ရတယ်။ အမှတ်တရ သိမ်းထားဖို့ နည်းနည်း ဆွဲယူခဲ့သေးတယ်။ တချို့က ရှေးလက်ရေးနဲ့ ပေပေါ်မှာ မင်နဲ့ရေးထားတယ်။ အဲဒါမျိုးကတော့ မန္တလေး မတည်ခင်နှစ်တွေ အကြာကြီးကပဲ ရေးခဲ့တဲ့ ပေစာဆိုပါတော့။ ဘုန်းကြီးနှစ်ပါးကို တွေ့ရလို့ ပိဋကတ်တိုက်အကြောင်း မေးကြည့်တယ်။ ဘာမှ မပြောတတ်ဘူး။ ရှေးမင်းအဆက်ဆက်က လှူတဲ့ကျမ်းတွေကို အပြင်ဘက် မင်းတုန်းမင်းရဲ့ကုသိုလ်ကို အတွင်းဘက် ထားပါတယ်။ သီပေါမင်းရဲ့ကုသိုလ်ကိုဟော့ အတွင်းဘက် အကျဆုံး အလယ်မှာ ထားတယ်လို့ပဲ ပြောတတ်ကြတယ်။ စာတိုက်နှစ်ဆယ်ကျော် ရှိပါတယ်။ ပိဋကတ်တွေကို သူ့အစိတ်အပိုင်းနဲ့ သူ ခွဲပြီးထည့်ထားတာဖြစ်တယ်။ စာတိုက်ထဲက လက်ရာကောင်း အဖိုးတန်ဆိုတာကိုရွေးပြီး ဓားပြယူသွားပြီတဲ့။ လက်ကျန် စာတိုက်တွေကိုကြည့်ပြီး ဆုံးရှုံးတဲ့ စာတိုက်ကို မှန်းဆကြည့်နိုင်ပါတယ်။ ရွှေရောင်တွေတော့ မှိန်ကုန်ပြီ။

ဒီနေရာက ရှုခင်းသိပ်လှတယ်။ ဘုံအဆင့်ဆင့်၊ ရွှေပြသာဒ်မှန်ရောင် ပြိုးပြိုးပြက်ပြက်နဲ့။ မန္တလေးဟာ နှစ်နည်းနည်းအတွင်းမှာ အံ့သြစရာ ကြီးကျယ်လာတယ်။ မြို့ဟာ အနှစ်သုံးဆယ် မပြည့်သေးဘူး။ မြို့တည်နှစ်က ၁၈၅၈။ အရှေ့တိုင်းရဲ့ သက်ဦးဆံပိုင်မင်းက စိတ်အလိုတော်ရှိတယ်ဆိုရင် ဇရာဝတီကနေပြီး အရှေ့ဘက်တောင်ခြေထိ ဒီမြေနိမ့် စိမ့်မြေနေရာမှာ အချွန်အတက်တွေနဲ့ အဆောက်အဦဆန်းဆန်းတွေ ပြည့်မတတ်ပေါ်လာတယ်။ အဲ တစ်ခုတော့ရှိတယ်။ လူတွေနေတဲ့အိမ်ဟာ ဘုရားကျောင်း ရဟန်းကျောင်းနဲ့ ယှဉ်ရင် သိပ်ညံ့တယ်။ ခဏအလယ်လာတဲ့လူကတော့ နန်းတော်နဲ့ ကျောင်းတိုက်ကြီးတွေမြင်ရရင် ကျေနပ်မယ်ပေါ့။ လူထဲက အိမ်ကောင်းဆောက်မနေတာတော့ အရှေ့တောင်အာရှတစ်ခုလုံးမှာ ဒီလိုပဲတွေ့မယ်။ ကုလားပြည်မှာ တောင် ရှေးဟောင်းအဆောက်အအုံအပျက်ဆိုရင် ဘုရားကျောင်းဟောင်းနဲ့ ပဒေသရာဇ်ရဲ့ နန်းတော်နဲ့ တွဲထားတဲ့ ခံမြို့ခံတပ်အပျက်ပဲ ဖြစ်မယ်။ အရပ်သား လူသာမန်ရဲ့ အိမ်ဟာလည်း ဘယ်မှာ နှစ်ရှည်လများ ခံပါ့မလဲ။

သီဟိုဠ်သားဘုန်းကြီး သရမေလောတယ်။(နန်းကျ)မင်းလက်ထက်က သူက စာအုပ်ချုပ်စားတယ်။ ဘာသာပြန်အလုပ်လည်း လုပ်ရတယ်။ သီဟိုဠ်ထွက်ကျမ်းတွေကို ကူးပေးမယ်။ ဘာသာပြန်ပေးမယ်။ မနေ့က တွေ့ခဲ့တဲ့ ဘုန်းကြီးဘွဲ့က ပန္နဝံသောဆိုပဲ။ နနဝံသောဆိုတဲ့ နောက်တစ်ပါးလည်း တွေ့သေးတယ်။ သိပ် စာတတ်တယ်လို့ ပြောတယ်။

သီပေါမင်းဟာ မရက်စက်ပါဘူး။ သူ့မိဖုရားက အခြေအနေဆိုးအောင် ဖန်တီးတာပဲ ဖြစ်တယ်တဲ့။ တိုင်းရင်းသားတိုင်း ဒီလိုပဲ တစ်သံတည်းထွက်တယ်။ သီပေါမင်းဟာ ပါဠိသဒ္ဒါကို နိုင်တယ်။ **နသ** ကို အဖတ်များတယ်။ **အဘိ ဓမ္မသင်္ဂဟ** လဲ လေ့လာလေ့ရှိတယ်။

သာသပိုင်ဆိုတာ တကယ်ကတော့ သံဃာထေရပါပဲ။ အခု သာသနာပိုင်က စာပေနဲ့မထင်ရှားပါဘူး။ သီပေါမင်းရဲ့ ငယ်ဆရာဖြစ်လို့ ခုလိုအကြီးအကဲ ခန့်တာ ခံရတာပဲဖြစ်တယ်။

ညစာစားကြတော့ ဂျာမန်လူဆိုးက အခု အလယ်ရောက်လာတဲ့ ဘုရင်ခံချုပ်ဟာ သင်္ဘောပေါ်က မဆင်းဘူးလို့ ပြောနေတယ်၊ ရောက်မယ့်ရက်လည်း ရွှေ့သွားပြီ။ ၁၂ ရက်နေ့မှရောက်လာတော့မယ်။

**၈ ဖေဖော်ဝါရီ ၁၈၈၆**

**ရူဝံ** သင်္ဘောပေါ်ရောက်ရပြန်ပြီ။ ကုန်တင်နေကြတယ်။ ဖုံတွေ၊ (ပြီးတော့ ဆိပ်ကမ်းဆင်းတဲ့) လမ်းက သိပ်ဆိုးတယ်။ မြို့တော်အဝင်အထွက် လမ်းမို့ ထင်ပါရဲ့။ မင်းတုန်းမင်းဟာ အနောက်တိုင်းသားကို မတွေ့လိုလို့ရှောင်ပေမယ့် အနောက်တိုင်းသားက သူ့ဆီကို အရောက်လာပြီး သူ့အသိုက်အဝန်းကို ဖျက်ပြစ်လို့ပြီးပါပြီ။ အဲဒါတွေအားလုံးဟာ မိနယ့်ဖ်ရဲ့ မန္တလေးအတွေ့အကြုံပါဘဲ။

ရူဝံ သင်္ဘောပေါ် ရောက်နေပြီဖြစ်တဲ့ မိနယဖ်ဟာ မန္တလေးအကြောင်းကို ပြန်တွေးကြည့်ပြီး ဒီလိုရေးပြန်တယ်။

အခုတွေ့နေရတဲ့ မြန်မာနိုင်ငံဟာ နောက် တယ်မကြာဘူး ပျောက်ကွယ်သွားမယ်။ ဗုဒ္ဓသာသနာမှာ အင်မတန် စွဲလန်းတဲ့ ဒီဗဟိုအချက်အချာ အရပ်ဟာလည်း နောက်တော့ မိစ္ဆာဒိဋ္ဌိအယူကို ဖြန့်မယ် ဗဟိုစခန်းသစ်ဖြစ်လာမယ်။ သူတို့အယူကို ကိုင်လှုပ်ဖို့၊ ချိုးဖျက်ပစ်ဖို့ တယ်လွယ်ပါကလား။ လှုပ်စရာချိုးစရာလဲ နည်းပါတယ်။ ဒီသာသနာရေး အသိဗိမာန်ရဲ့မဏ္ဍိုင်ဖြစ်တဲ့ ရဟန်းတွေဟာ ပြေးကုန်ကြပြီမဟုတ်လား။ ရှေးကလို သာသနာ့ဒါယကာမင်းနဲ့ အင်မတန် ကြည်ညိုလေးစားတတ်တဲ့လူတွေရဲ့ အထောက်အပံ့မှ မရနိုင်တော့ဘဲ။ ဆက်နေလို့ကော ဘာထူးမလဲ။ (ဘာမှ မလုပ်ရတဲ့ဘဝပေမဲ့ ဖြိုးဖြိုးဝေဝေဖြစ်ဖို့လိုတယ်)။ ဘုရင်က ရက်ရက်ရောရော လှူခဲ့ပုံမျိုး ရှေ့ဆက်ပြီး မရနိုင်တော့ဘူး။ ပြီးတော့ ခုလို သဒ္ဓါတရားကောင်းတဲ့ ဒါယကာ ဒါယိကာမနေရာမှာ မသိနားမလည်တဲ့ မိစ္ဆာဒိဋ္ဌိတွေဝင်လာပြီး နေတော့မယ်။ အနောက်တိုင်းက အနိုင်ရပြန်ပြီ။ ကောင်းဖို့ကော ဟုတ်ရဲ့လား။

ကျွန်တော့်ကိုယ်တွေ့ကို ပြောပါမယ်။ အခုလို ယဉ်ကျေးဖွယ်ရာတဲ့ အသုံးအဆောင်တွေ ကင်းမဲ့တဲ့ အရိုင်းဒေသတစ်ခုကို ကျွန်တော်ရောက်တဲ့အခါတိုင်း အစားကောင်းမစားရ၊ အအိပ်ကောင်းမအိပ်ရဘဲ လမ်းကြမ်းလို့ ခါးနာခဲ့ရတဲ့အခါ၊ ခြေပေါက်ရတဲ့အခါတွေမှာ ဒီနေရာကို ဥရောပတိုက်သားတွေက သိမ်းယူပြီး ပြင်ဆင်မွမ်းမံလိုက်ရရင် တယ်ကောင်းမှာပါကလားလို့ စိတ်ထဲမှာ အမှန် ဖြစ်မိတယ်။ ဒါပေမဲ့ တယ်ကောင်းမှာက ဘယ်သူ့အတွက်လဲ။ အနောက်တိုင်းသားတွေ အဖို့ပဲပေါ့။ သူတို့ပဲ လမ်းကောင်းလိုတယ်၊ အနေကောင်း အစားကောင်းကို မက်တယ်။ တစ်မျိုးပြောရရင် သူတို့နေဖူးစားဖူးသလို ဆက်နေချင် စားချင်တဲ့ သဘောပါပဲ။ ဒါမျိုးမသွားဘူး၊ မနေဘူး၊ မစားဘူးတဲ့လူတွေက ဒါတွေကို ဘယ်တမ်းတပါ့မလဲ။ ဒီလို အနေအထိုင် တိုးတက်အောင် လုပ်ပြီး ပါပြီတဲ့။ ဘယ်သူခံစားမလဲ။

တကယ်ဖြစ်အောင် လုပ်ပေးရတဲ့လူတွေက ခံစားရမှာကို မဟုတ်ဘူး။ မိနယဲ့ဖ်တွေ့ရသမျှမှာ ဥရောပတိုက်သားအားလုံးဟာ မြန်မာကို ဝိုင်းပြီး နှိပ်စက်တယ်။ မြန်မာကအားကိုးတဲ့ အီတလီလဲ မြန်မာကို သစ္စာဖောက်တယ်။ အဲဒါကို မိနယဲ့ဖ်က ဒီလိုရေးပါတယ်။

အီတလျံကောင်စစ် အိန္ဒြိနောကို သိရဲ့လား။ သူက (အင်္ဂလိပ်ကုမ္ပဏီတွေ ဖြစ်တဲ့) ဧရာဝတီသင်္ဘောနဲ့ ဘုံဘေဘားမားသစ် ကောင်ပိုရေးရှင်းတွေအတွက် ကိုယ်စားလှယ်လဲလုပ်တယ်။ (မြန်မာ)နန်းတော်ထဲကို လွယ်လွယ်ဝင်နိုင်၊ ထွက်နိုင်လို့ သူမသိတာ မရှိဘူး။ သီပေါမင်းရဲ့ မန္တလေးမှာ သူရှိတာဟာ အင်္ဂလိပ်အတွက် အဖိုး မဖြတ်နိုင်လောက်အောင် အထောက်အကူ ဖြစ်တယ်။ အင်္ဂလိပ်ရဲ့လျှို့ဝှက်ဝန်ထမ်းရုံပုံငွေထဲက သူ့ကို ပေါင်နှစ်သောင်း ပေးခဲ့တာဟာ အလကားပေးတာမျိုး ဘယ်ဟုတ်မလဲ။ (၁၁ ဖေဖော်ဝါရီ ၁၈၈၆)။ မိနယဲ့ဖ်ဟာ ၁၂ ဖေဖော်ဝါရီ ၁၈၈၆ မှာ ရွှေတောင်ကြီးသဲလေးထပ်ဆရာတော် (ဇိနတ္ထပကာသနီကျမ်းပြုပုဂ္ဂိုလ်)နဲ့ သွားတွေ့ပါသေးတယ်။ ရန်ကုန်ကို အဲဒီနေ့ပဲ ပြန်ရောက်သွားပြီးတော့ နောက် လေးရက်အကြာမှာ မော်လမြိုင်ဘက်ကို ခရီးဆက်ပြန်တယ်။ ဟိုမှာ သုံးရက်ပဲနေပြီး ရန်ကုန် ပြန်ရောက်တယ်။ သူရန်ကုန်က နောက်ဆုံး ၂၆ ဖေဖော်ဝါရီ ၁၈၈၆ မှာ ပြန်ပါတယ်။ သူပြန်တဲ့အခါ ရေးသွားတဲ့နောက်ဆုံးမှတ်တမ်းဟာ ဂရုထားလောက်ပါတယ်

ကျွန်တော်ရောက်ခဲ့တဲ့ မန္တလေးအကြောင်း (ရန်ကုန်မှာ အင်္ဂလိပ်မင်းကြီးချုပ်ဘားနဒ်)ကို ပြောပြတယ်။ ကျွန်တော်နဲ့တွေ့ပြီး ပါဠိဘာသာနဲ့စကားပြောခဲ့တဲ့ ဘုန်းကြီးတွေရဲ့ ဘွဲ့ကိုလဲ ပြောပြတယ်။

ဒီလို သူက ပွင့်ပွင့်လင်းလင်းစွဲချက်တင်တာထဲမှာ မြန်မာထဲက သစ္စာဖောက်တဲ့သဘော ပါမလာဘူး။ နောင် တပယင်းဝန်ထောက်ဦးမြဖြစ်မယ့်လူဟာ **ယွန်းပုံအမျိုးသမီး** ဝတ္ထုထဲက မောင်ရိုးပေါ့လို့ ဖော်ထုတ်တာ မတွေ့ရဘူး။ မောင်မြနဲ့ ဦးကောင်းဟာလည်း အတွဲပဲလို့ ဖော်ထုတ်တာလည်း မတွေ့ရဘူး။ တကယ်ကတော့ သူကြောင့် ငါ့ကြောင့် ပြောနေတာတွေဟာ အကုန်မမှန်နိုင်ပါဘူး။ ကြီးမားတဲ့ နယ်ချဲ့ဒီလှိုင်းကို တားဆီးဖို့ အသိနဲ့ လှုပ်ရှားမှုမရှိလို့ ခံရတာပါပဲ။ တစ်မျိုးပြင်ပြောရရင် မြန်မာဖက်က ကျရောက်လာမည့် အန္တရာယ်ကို တွန်းလှန်ဖို့ ပြင်ဆင်ထားတာ မတွေ့ရပါဘူး။ ဒါကြောင့် ပျက်ဆီးတာပဲလို့ ဆိုရမယ်။

စတုတ္ထတွဲကို ဆက်ဖတ်ပါ။